
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## သဗ္ဗသိဒ္ဓိဂါထာတော်ကြီး

ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဧသော ဥတ္တိ၊ သဗ္ဗ သတ္တန္တရာယော၊ သဗ္ဗ ရောဂန္တရာယော၊
သဗ္ဗ ဒုဋ္ဌိကုန္တရာယော၊ ဂစ္ဆအမုမှိ ဩကာသေ တိဋ္ဌာဟိ။

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ" ဟူ၍လည်းခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ လူ၊ နတ်၊ ဗြဟ္မာ အပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာ လွတ်ကင်းမည်။

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စု စိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

### ပြည်သူ့ဆန္ဒသဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ ဝိုင်းဝန်းဖယ်ရှား။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

1 - JUL 2014

ကုမုဒြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရဘိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

မဂ္ဂဇင်း

အမှတ် (၂၂၂)၊ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ



| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | အသက်ရှည်စေလို မန်းတောင်ရိပ်ခို | မင်းဂုဏ် | ၅ |
| ၂။ | ရေဖွေးဖွေးလှေကလေးနဲ့ ရွှေအင်းလေးခရီးသည် | တက္ကသိုလ်တင်ဟန်ကျော် | ၂၀ |
| ၃။ | တောရဘုန်းတော်ကြီးဦးသီလ ဓာတ်တော်စေတီနှင့် အံ့မခန်းဖြစ်ရပ်ဆန်းများ | မင်းဂုဏ် | ၃၄ |
| ၄။ | ဆုတောင်းပြည့် ရွှေကြက်ယက် ရွှေကြက်ကျဘုရား | တက္ကသိုလ်မျိုး | ၄၃ |
| ၅။ | မင်းကွန်းပုထိုးတော်ကြီးနှင့် အပြီးမသတ်နိုင်အောင် ဆက်နွှယ်ခဲ့သော ဖြစ်စဉ်များ | မြမှုူးဝေ(ကျုံမငေး) | ၅၆ |
| ၆။ | သကျမုနိ စေတီတော် | မင်းဆက်ပိုင် | ၆၂ |
| ၇။ | သာသနာအနှစ်ငါးထောင် ရှင်းတမ်း | အရှင်ဓမ္မာလင်္ကာရ(လယ်ယာ) | ၆၇ |
| ၈။ | မေတ္တာဟူသည် | အောင်ရဲဝင်း(ဟံသာမြေ) | ၇၀ |
| ၉။ | တစ်မြို့လုံးမှ တစ်ပြည်လုံးတိုင်အောင် | ဆင်ဖြူကျွန်းအောင်သိန်း | ၇၂ |
| ၁၀။ | သရက်ဥယျာဉ်ထဲက အလင်းရောင် | သာဓုမြေဘုန်းရှိန် | ၇၆ |
| ၁၁။ | မိုးကုတ်ဆရာတော်ဘုရားကြီး၏ ခန္ဓာခေါ်ရာ ဉာဏ်သွင်းရမည့် တရားတော် | ဓမ္မဒါန | ၇၈ |
| ၁၂။ | စစ်သူကြီးမဟာဗန္ဓုလ အရိုးအိုးစေတီနှင့် သူ့ရဲကောင်းဗိမာန် | စောင်းကောင်းမြတ် | ၈၅ |
| ၁၃။ | ဘုရားကျွန်ဆိုသည်မှာ | မောင်မောင်ချစ်ဦး(မုံရွာ) | ၉၁ |
| ၁၄။ | ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အဂ္ဂိစျာပန | ဒေါ်ကြည်ကြည်မြ(မြန်အောင်) | ၉၅ |
| ၁၅။ | ကြေးဆောင်သော ရွှေ | ခရာ(ကေတ) | ၁၀၁ |
| ၁၆။ | အကုသိုလ်ကြွေး ကျေအေးစေဖို့ | သကျနွယ်(ရွှေပင်လယ်) | ၁၀၄ |
| ၁၇။ | ဓမ္မစကြာတရားတော် | ဘဒ္ဒန္တကုဏ္ဍောဘာသမထေရ်မြတ်(အနီစ္စဆရာတော်) | ၁၀၉ |
| ၁၈။ | မော်ဘီသာသနာ့နယ်မြေမှ စမဘုန်းဘုန်း အရှင်အာစိဏ္ဏ | ကိုမောင်သန်းဝင်း | ၁၁၄ |
| ၁၉။ | ကမ္ဘာ့မြေတန်ဖိုး အမြင့်ဆုံး HK Victoria Peak သို့ | ဉာဏ်ပွင့်(စက်မှု) | ၁၁၉ |
| ၂၀။ | ပီစာမြို့က ကမ္ဘာကျော်မျှော်စင်ကြီး | ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု) | ၁၂၇ |
| ၂၀။ | ဘီလူးစောင့်တဲ့ တောင် | မင်းသန့်ကျော်(ဇီးကုန်း) | ၁၃၄ |
| ၂၂။ | နှလုံးသွေးနဲ့ ရေးတဲ့တေး | ထူးအုံဝေ(မနုဖြူ) | ၁၃၈ |
| ၂၃။ | နတ်မစား၍ နတ်စားခံရသူများ | ရဲရဲထွန်း(ဟင်္သာတ) | ၁၄၈ |
| ၂၄။ | ချစ်စရာခရီးစဉ် (၈) | ဦးညွန့်လှိုင်(ကြို့ပင်ကောက်) | ၁၅၁ |
| ၂၅။ | မေတ္တာရွှေစောင်း မန္တဲ့ပျောင်းနိုင်ပြီ | ဝင်းခင်လွှမ်း(မုဒုံမြေ) | ၁၅၆ |
| ၂၆။ | တိုက်ကြက်ကြီး ဘိုးတော | ဝင်းသီဟ(သန်လျင်) | ၁၆[illegible] |
| ၂၇။ | လက်ငင်းအကျိုးပေး | ရှင်ရဲထွန်း | ၁၇၀ |



www.burmeseclassic.com

www.burmeseclassic.com


# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၈။ | လိပ်ပြာရယ်သံ | တွင်းကြီးသားတင်ဝင်းဦး | ၁၇၆ |
| ၂၉။ | မြင်းမိုရ်ထက်မြင့်သော | သစ္စာဦး(ဖေယျာမြေ) | ၁၈၅ |
| ၃၀။ | အနုတ်အသိမ်းနှင့်အလျော်အစားများ | သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်) | ၁၉၀ |
| ၃၁။ | မနက်ဖြန်တွေ အများကြီးကျန်သေးတယ် | ငွဲနေရောင်ခြည် | ၁၉၃ |
| ၃၂။ | ဖက်ဆစ်ကာလနှင့် ကျုံကနန်ရွာသူကြီး ဦးရွှေမျိုး | နွဲ့ဦးမွန်(ကျုံအိုး) | ၁၉၆ |
| ၃၃။ | လျှို့ဝှက်သင်္ကေတ | မင်းဟန်(သန်လျင်) | ၂၀၀ |
| ၃၄။ | လက္ခဏာဆရာနှင့် တိတ်တဆိတ်လူသတ်သမား | ဆရာရွှေမင်း(တောင်သမန်) | ၂၀၆ |
| ၃၅။ | သခင်နု (သို့မဟုတ်) အမြတ်ဆုံးသုံးဆူ ကြည်ညိုသူ တာတေစနေသား | ထွန်းလင်းသူ | ၂၁၈ |
| ၃၆။ | မေတ္တာကမ္ဘာ ခြားခဲ့သူ | မိုးနှင်းဆီ | ၂၂၅ |
| ၃၇။ | သရဲမနှစ်ဦးနှင့်အတူ | သက်ပွ | ၂၃၀ |
| ၃၈။ | ပိတောက်ပုတီး ရာဇဝင် | ထိုက်သဇင် | ၂၃၅ |
| ၃၉။ | ပိုင်ရှင်မပေးတဲ့ ပစ္စည်း | မြယာငြေ | ၂၃၉ |
| ၄၀။ | ဖုတ်တို့၏မာယာ | မင်းတိုင်ပင်(မြရောင်မြေ) | ၂၄၂ |
| ၄၁။ | ရေကြည်ထဲက လရိပ်ပြာ | မပိုးမြင့် | ၂၄၆ |
| ၄၂။ | ရောင်းရန်ရှိသော မိုးသစ်တော | မြူးလစ် | ၂၅၈ |
| ၄၃။ | သုတစုံဖြာ ဤကမ္ဘာ | ဖိုးရွှေလမင်း | ၂၆၆ |
| ၄၄။ | စာရေးသူနှင့် သရဲများ | ဒေါက်တာချစ်ငယ်(အဿနှ) | ၂၇၂ |
| ၄၅။ | အကျိုးပေးမည့်လက် ရွေးချယ်လုပ်ကိုင်တတ်ကြပါစေ | မဟိဒ္ဓိကျော်ခေါင် | ၂၇၅ |
| ၄၆။ | ရောဂါပျောက်ရာ ဆေးနည်းဖြာဖြာ | သုနန္ဒာစိုး(ရွှေရင်အေး) | ၂၇၆ |
| ၄၇။ | ဆေးဖက်ဝင် ဒန်းကွဲပင် (ခေါ်) မိုးကျလက်ဖက်ပင် | သမုဒယ | ၂၇၉ |
| ၄၈။ | လက်ဖက်ရည်နှင့်ဆေးပညာ | လှုမ်းထက် | ၂၈၁ |
| ၄၉။ | အသင် ဗိုက်နာသောအခါ သတိရပါ | ဒေါက်တာနိုက်တင်ဂေးလ် | ၂၈၄ |
| ၅၀။ | ဆေးဝါးသုံးလျှင် သတိယှဉ် | တော်မြင့်(ငှက်ဖျား) | ၂၈၈ |
| ၅၁။ | ကျန်းမာရေးအတွက် နောက်ဆုံးတွေ့ရှိချက်များ | စိန်ဝင်းမော် | ၂၉၀ |
| ၅၂။ | မွေးကင်းစ ကလေးငယ်များနှင့် အသားဝါရောဂါ | ရိရိငွေ | ၂၉၂ |
| ၅၃။ | ကျန်းမာရေးအတွက် သရက်သီးဓာတ်စာ | အောင်ဘုန်းမြင့်(ကချင်မြေ) | ၂၉၅ |
| ၅၄။ | ကာတွန်းကဏ္ဍ | ကလောင်စုံ | ၂၉၈ |
| ၅၅။ | ပြုံးရယ်ရယ်ဟား ဟာသများ | စောနိုင်ထူး၊ ကပ္ပိယမောင်ပိုင်း၊ မောင်ခေတ်ထွန်း | ၃၀၂ |
| ၅၆။ | ခေတ်သစ်ဇီဝက | ကိုရွှေတောသား | ၃၀၆ |







www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၇။ | ဖူးစာရှင်က ပုလင်းကြော်ငြာရှင်ကိုး ............. | ဟန်သီဇင် | ၃၁၀ |
| ၅၈။ | ဒေါ်ပေါက်ပေါက်ရဲ့ စီးပွားရေးမဟာဗျူဟာ .. | ပန်းတနော်နောင်လတ် | ၃၁၂ |
| ၅၉။ | နောက်ဆုံးစကားတစ်ခွန်း........... | တင်အေးကျော်(အောင်လံ) | ၃၁၄ |
| ၆၀။ | လရောင်အောက်က အနက်ရောင်ဂျာကင် ........ | ဇင်ကိုသက် | ၃၁၆ |
| ၆၁။ | တတ်လည်းတတ်နိုင်ပါပေ့ ဆရာသော်တာဆွေရယ် ..... | တေးသံရှင်ဂီတာမင်းမင်းဦး(ဂီတနက်သန်) | ၃၁၈ |
| ၆၂။ | အင်းဝိဇ္ဇာ ဆရာတော်ကြီး ဦးဣန္ဒာစရိယ၏ အင်းချစီရင်နည်းနှင့် အစွမ်းထက်ဂါထာတော်များ | ကိုသက်(ဇီးကုန်း) | ၃၂၀ |
| ၆၃။ | မီးဘေးလွတ်မြောက် အခက်အခဲ လွတ်မြောက်သွားပြီ မဟုတ်လား ....... | နတ်မျက်စိဆရာအောင်စိုး | ၃၂၄ |
| ၆၄။ | ဝင်ရန်ထွက်ရန် ထိုနှစ်တန် ........ | ဆရာအောင်ကျော်ဦး(ရွှေစေတီ) | ၃၂၈ |
| ၆၅။ | လောကစကြာ အောင်ယတြာ ........ | အောင်ဘုန်းမြင့်(ကချင်မြေ) | ၃၃၁ |
| ၆၆။ | ထိတ်လန့် ငိုတတ်သည့် ကလေးများအတွက် လိပ်ပြာချုပ် ................ | အောင်ကြည်သန်း(တောင်တော်သီ) | ၃၃၄ |
| ၆၇။ | သောမနဿ ပီတိရွှန်းဖြာယတြာ ............... | အဂ္ဂမျိုး | ၃၃၆ |
| ၆၈။ | ကောင်းသောနိမိတ်နှင့် ဆိုးသောနိမိတ် ဟောကိန်းများ................. | ညွန့်လွင်(စက်မှုတက္ကသိုလ်) | ၃၃၈ |
| ၆၉။ | ပုတီးစိပ်ခြင်းနှင့် အကျိုးကျေးဇူး .......... | မောင်မောင်မိုးအောင် | ၃၄၁ |
| ၇၀။ | ကြံစည်တိုင်းအောင် ဒီအရုပ်ဆောင်........... | မန်းသိုက်ဝင် | ၃၄၃ |
| ၇၁။ | စွယ်စုံလက္ခဏာအဘိဓာန်ကျမ်း A to Z ...... | ဆရာဦးခန့်ကျော် | ၃၄၄ |
| ၇၂။ | နှောကုန်း သစ္စာမိဋ္ဌာန် မုနိဟန် ရုပ်ရှင်တော်မြတ်ကြီးသို့ အဓိဋ္ဌာန်ခရီး ...... | ဆရာကြီးဦးအောင်မြိုင် | ၃၅၀ |
| ၇၃။ | ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယတြာ.......... | ဦးညွန့်လှိုင်(ကြို့ပင်ကောက်) | ၃၅၃ |
| ၇၄။ | ၂၀၁၄ ခုနှစ်၊ ရာသီခွင်နှင့် ဩဂုတ်လ ဟောကိန်းများ .............. | ဆရာဦးခန့်ကျော် | ၃၅၆ |


○


**နာယက**

ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

**အကြံပေး**

ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း

**စီစဉ်သူ**

ညဏ်ပွင့် (စက်မှု)

**တာဝန်ခံအယ်ဒီတာ**

မောင်သာယာ

**အယ်ဒီတာအဖွဲ့**

မောင်မောင်မြတ်၊ ခင်သက်နိုင်

**မျက်နှာဖုံးဒီဇိုင်း**

ကျော်မင်းမောင်

**ကွန်ပျူတာ**

လပြည့်ဝန်းအဖွဲ့

**ပန်းချီပညာရှင်များ**

ဆန်းထွန်း၊ ဆွေမြင့်၊ လှသစ်အောင်၊ ဖိုးအောင်၊
စိုးမြင့်လေး၊ အောင်နိုင်လတ်၊ ရဲရင့်နိုင်၊

**အတွင်းပလင်**

ကိုဦး

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယု (၀၅၅၅၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၄၃၄၅]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

**မဂ္ဂဇင်းတိုက်နှင့်ဖြန့်ချိရေး**

တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈

**ကြော်ငြာနှင့်ဖြန့်ချိရေး**

နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)

**အထွေထွေ**

အောင်ဝင်းသန့်၊ အောင်အောင်

**မန္တလေး**

ထွန်းဦးစာပေ

**အုပ်ရေ**


၁၀၀၀

**စျေးနှုန်း**

၂၈၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com



# အသက်ရှည်စေလို မန်းတောင်ရိပ်ခို

မင်းဂုဏ်
ပူဇော်သည်

BURMESE CLASSIC

မန္တလေးတောင်တော်ပေါ်သို့ စာရေးသူ မရောက်ဖြစ်ခဲ့သည်မှာ ကြာပေပြီ။ ယခုတစ်ခေါက် ဘုရားဖူးခရီးသွားအစီအစဉ်တွင်မူ မန္တလေးတောင်တော်ပေါ်သို့ တက်ရောက်ဖူးမြော်ရန် အစီအစဉ် ပါဝင်သဖြင့် တောင်တော်ပေါ်သို့ တက်ရောက်ဖြစ်ခဲ့ကြသည်။

မြန်မာ့ ရေညိုသန်းသည့် မန္တလေးတောင်တော်သည် စိမ်းလန်းစိုပြည်လျက်ရှိပြီး တောင်တက် တောင်ဆင်း မော်တော်ကားလမ်းများ၊ တောင်ထိပ်စေတီတော် စကြံပတ်လမ်းများ ဖောက်လုပ်ထားကာ တောင်ထိပ်သို့ တက်ရန် ဓာတ်လှေကားနှင့် ရွေ့လျားစက်လှေကားများ တပ်ဆင်ထားသဖြင့် တောင်တော်ပေါ်သို့ ဘုရားဖူးများ မပင်မပန်းဘဲ သက်သောင့်သက်သာ တက်ရောက်နိုင်ကြပြီဖြစ်သည်။

မန္တလေးတောင်သည် မန္တလေးမြို့၏ အရှေ့မြောက်ကျုံးထိပ် အောင်မြေသာစံမြို့နယ်အတွင်း၌ တည်ရှိသည်။ ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်၊ ဆေးဒန်းတောင်၊ မြင်းသီလာတောင်၊ ဒုတ္တာတောင်၊ ရေလှည့်တောင်၊ ကြေးနီတောင်၊ ဘီလူးမတောင် ဟူသောတောင်ကိုးလုံးတို့က မန္တလေးတောင်ကို ဝန်းရံလျက်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၇၇၆ ပေမြင့်ပြီး တောင်ခြေမြေပြင်အထက် ပေ ၅၀၀ မြင့်သည်။

ဘဒ္ဒကမ္ဘာပေါ်ဦးစွာကပင် ရှိခဲ့သည်ဖြစ်၍ ကကုသန်ဘုရားလက်ထက်တော်တွင် ဝေလာမပူရတောင်၊ ကဿပဘုရားလက်ထက်တော်တွင် ပါဒသပူရတောင်ဟူ၍ ခေါ်တွင်ခဲ့ပြီး ဂေါတမဘုရားရှင်လက်ထက်တော်တွင် မဏ္ဍလတောင်ဟု ခေါ်တွင်ခဲ့သည်။ စန္ဒမုခီဘီလူးမ နေထိုင်ခဲ့သဖြင့် ဘီလူးမတောင်ဟုလည်း ခေါ်တွင်ခဲ့သည်ဟုဆိုသည်။

ဂေါတမ ဘုရားအလောင်းတော် ပါရမီနုစဉ်က ဆင်မင်းဘဝ၊ ခြသေ့်မင်းဘဝ၊ ဆတ်မင်းဘဝ၊ ဖွတ်မင်းဘဝ၊ ငုံးမင်းဘဝ၊ ကြက်မင်းဘဝ၊ မုဆိုးသားဘဝများတွင် ဤတောင်တော်ပေါ်၌ ကျင်လည် ကျက်စားခဲ့ဖူးသည်ဟုလည်း သိရသည်။

ဘုရားအလောင်းတော် နုစဉ်ဘဝများက ကျင်လည်ကျက်စားခဲ့သောတောင်တော် ဖြစ်ခဲ့သည့်အလျောက် သဘာဝပတ်ဝန်းကျင် မြင်ကွင်းများမှာ လွမ်းမောတသဖွယ်၊ ဆွတ်ပျံ့ကြည်နူးဖွယ် သာယောင်သာယာ ရှိလှသည်။

သို့ဖြစ်၍ပင် . . .

"တောင်ဂမုန်းငယ်နှင့်၊ ချောင်းပုံးပြည့်ရွှေဖီ၊ ရင်ခတ်ကယ်ချီ၊ ပန်းသီဂီရွှေ



www.burmeseclassic.com

www.burmeseclassic.com

အင်ကြင်းငယ်တို့ တောင်မင်းဂီရာဇိန်က၊ ကြိမ်ကြိမ်စောပြန်တော့တယ်လေး၊ ဒက္ခိဏငယ်၊ နန္ဒာဦးခိုက်၊ ကန်ကြီးပိုက်လို့၊ ရစ်ဝိုက်ကယ်ထူးထွေ၊ ရွှေလောင်းခွေထက်၊ ဗွေမန္တလာ၊ မြေမျက်နှာ၊ ပြုဗ္ဗာရွှေ့ရံ၊ မြောင်းရေကန်နှင့်၊ နတ်ထံရိုးဘွယ်၊ သာမျိုးကြွယ်တော့၊ ပန်းခြယ်တဲ့ တောင်မွန်၊ ရေတံခွန်သွယ်သွယ်ဆင့်လို့၊ တင့်လှတယ်လေး" ဟူ၍ ကုန်းဘောင်ခေတ်စာဆိုရှင် ဦးပုညက မန္တလေးတောင်ဖွဲ့ လွမ်းချင်းကို ဖွဲ့ဆိုခဲ့ခြင်းဖြစ်ပေမည်။

ရှေးယခင်အခါများက မန္တလေးတောင်တော်ပေါ်သို့ စာရေးသူတို့ တက်ရောက်ခဲ့ရာတွင် ယခုကဲ့သို့ တောင်ဆင်းတောင်တက် ကားလမ်းများ၊ ရွေ့လျားစက်လှေကား၊ ဓာတ်လှေကားများ မရှိသေးသဖြင့် သဘာဝပတ်ဝန်းကျင် သစ်ပင်ပန်းမန် ရေမြေတောတောင်မြင်ကွင်းအလှတို့ကို ငေးမောခံစားရင်း စောင်းတန်းတစ်လျှောက် ကုသိုလ်ရှင်များ တည်ထားခဲ့သည့် စေတီဘုရား ရုပ်ပွားတော်များကိုလည်း ဖူးမြော်ပူဇော်ရင်း စောင်းတန်းပေါ်သို့ ခြေကျင် တက်ရောက်ခဲ့ကြရသည်။

ယခုအခါတွင်မူ တောင်တက်လမ်းတစ်လျှောက် ကားနှင့်တက်ကာ တောင်ထိပ်ပေါ်သို့ ရွေ့လျားစက်လှေကားဖြင့် တက်ရောက်ခဲ့ကြရာ မပင်



အောက်ခြေတော်ရာဘုရား

မပန်းဘဲ သက်သောင့်သက်သာ ရှိခဲ့ကြသည် မှန်သော်လည်း စောင်းတန်းတစ်လျှောက်ရှိ စေတီဘုရား ရုပ်ပွားတော်များကိုမူ ဖူးမြော်ခွင့် မရကြတော့ပေ။ ဤကား အကောင်းနှင့်အဆိုး ဒွန်တွဲနေသည့် လောကတံထွာ ဓမ္မတာ ဟူ၍ပင် ဆိုရပေတော့မည်။

ယခင် ရှေးက မန္တလေးတောင်တော်ပေါ်သို့ စာရေးသူတို့ တက်ရောက်ဖြစ်ခဲ့ကြသည်များကို ယနေ့တိုင် တမ်းတမ်းတတ အမှတ်ရနေဆဲပင်။ မြန်မာမှုအနုလက်ရာ မြန်မာ့မူဟန် အားမာန်အပြည့်ဖြင့် ဟိန်းဟောက်တော့မည့် အသွင်ကို ဆောင်လျက်ရှိသည့် ကေသရာဇာ ခြင်္သေ့ရုပ်တုကြီး နှစ်ရုပ်ရှိသော အနောက်ယွန်းယွန်းတောင်ဘက်စောင်းတန်းမှ တက်ရောက်လေ့ရှိခဲ့ကြသည်။ ထိုစောင်းတန်းတွင် စောင်းတန်းအခန်းရေ ၃၅၆ ခန်းရှိကြောင်း လေ့လာမှတ်သားခဲ့ရဖူးသည်။

ထိုသို့တက်ရောက်ရာ၌ ကျ၀န်းသော တန်ဆောင်းအလယ်၌ပယ်တော်မူလျက်ရှိသော ဘုရားရှင်၏ ခြေ



ကေသရာဇာ ဝဲယာရံသည့် မန္တလေးတောင်တက်စောင်းတန်းမုခ်ဦး ပြာသာဒ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အထက်ခြေတော်ရာဘုရား



ဆုတောင်းပြည့် ပြည်လုံးချမ်းသာဘုရားရှိ
လာဘမုနိရုပ်တော်မှု ရုပ်ပွားတော်ကြီး



စိုင်တမော့ဘုရားရှိ ကြည်ညိုဖွယ်ရာ ဘူမိဖဿရုပ်ပွားတော်




ဆုတောင်းပြည့်စိုင်တမော့ဘုရား

တော်ရာဘုရားကို ဦးစွာပထမ ဖူးတွေ့ရသည်။ ထိုခြေတော်ရာကို အောက်ခြေတော်ရာဟု ခေါ်သည်။ ထိုမှဆက်၍ တက်ရောက်ခဲ့သည်တွင် နောက်ထပ်ခြေတော်ရာတစ်ဆူကို ဖူးတွေ့ရပြီး ထိုခြေတော်ရာကိုမူ အထက်ခြေတော်ရာဘုရားဟု ခေါ်သည်။

အထက်ခြေတော်ရာမှ ဆက်၍ တက်ခဲ့ကြရာ သံတန်ဆောင်းတော်ကြီးအတွင်း၌ တင့်တယ်သပ္ပာယ်စွာ စံပယ်တော်မူလျက်ရှိသော မတ်ရပ်ရုပ်ပွားတော်ကြီး တစ်ဆူကို ဖူးတွေ့ရသည်။ လက်ဖဝါးတော်ကို ရှေ့သို့ဖြန့်ထားသည်။ ထိုလာဘမုနိရုပ်တော်မှူ ရုပ်ပွားတော်ကြီး၏ ဉာဏ်တော်မှာ ၁၈ တောင်ရှိပြီး ရသေ့ကြီးဦးခန္တီက "ပြည်လုံးချမ်းသာဘုရား" ဟူသော ဘွဲ့မည်တော်ကမ္ပည်းထိုးကာ တည်တော်မူခဲ့ကြောင်း သိရသည်။

ရှေ့ဆက် တက်ရမည့် စောင်းတန်း အတက်လမ်းမှာ အတန်ငယ်မတ်



www.burmeseclassic.com

www.burmeseclassic.com




ဆုတောင်းပြည့်စိုင်တမော့ဘုရား

ရောက်ခဲ့ကြပြီးနောက် နှလုံးစိတ်ဝမ်းချမ်းမြေ့ဖွယ်ရာ မြင်တွေ့လိုက်ရသည်က ရပ်တော်မူဗျာဒိတ်ပေးဘုရား ရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဂန္ဓကုဋိ တိုက်တော်ကြီးပင်။ ရွှေရောင်ဝင်းလျက်ရှိသည့် ဂန္ဓကုဋိတိုက်တော်ကြီး၏ ဝင်ပေါက်ကို ငွေရောင်သံပန်း၊ သံတံခါးတို့ဖြင့် တန်ဆာဆင်ထားသည်။ ထိုဂန္ဓကုဋိ တိုက်တော်ကြီးမှာ ထူထဲခိုင်ခံ့စွာ တည်ဆောက်ထားသည့် ပြာသာဒ်အထွတ်တင် အုတ်တိုက်တော်ကြီး ဖြစ်သည်။

ရွှေရောင်ဝင်းလျက်ရှိသည့် ဂန္ဓကုဋိတိုက်တော်အတွင်းဝယ် လက်ယာလက်တော်ကို ဆန့်တန်းကာ လက်ညှိုးတော် ညွှန်လျက် ဗျာဒိတ်စကား မြွက်ကြားတော်မူနေဟန် ဉာဏ်တော်အမြင့် သံတောင် ၁၈ တောင်ရှိသော ဗျာဒိတ်ပေး ရပ်တော်မူရုပ်ပွားတော်ကြီးကို ဖူးတွေ့လိုက်ရသည်။ ရွှေအဆင်းဖြင့်ဝါဝင်းကာ ကြည်ညိုဖွယ်ရာ သပ္ပာယ်တော်မူလှစွာသော ထိုရုပ်ပွားတော်ကြီး၏ လက်ယာဘက်တွင် မြတ်စွာဘုရားရှင်အား လက်အုပ်ချီကာ မေးလျှောက်နေဟန် ညီတော်အာနန္ဒာရုပ်တုတော်ကိုလည်းဖူးတွေ့ရသည်။ ညီတော်အာနန္ဒာ

စောက်လာသည်ကို တွေ့ရပြီး မကြာမီပင် ဆုတောင်းပြည့်စိုင်တမော့ဘုရားဟူသော နဖူးစီးကမ္ပည်းစာတန်းနှင့်အတူ ဗောဓိပင်အောက်ရှိ ရွှေပလ္လင်တော်ထက်တွင် စံပယ်တော်မူနေပုံ ဘူမိဖဿမုဒြာ ရွှေရောင် ဝင်းလျက်ရှိသော ဆင်းတုတော်တစ်ဆူကို ကြည်ညိုဖွယ်ရာ ဖူးတွေ့လိုက်ရသည်။

ထိုရုပ်ပွားတော်အား ရှိခိုးပူဇော်ဖူးမြော်လိုက်ကြပြီးနောက် ခေတ္တခဏနားနေခြင်းဖြင့် ရှေ့ဆက်တက်ရမည့် မတ်စောက်သည့် စောင်းတန်းအတွက် အားအင်သစ်များ ရရှိစေခဲ့သည်။

အားအင်သစ်ဖြင့် ဝီရိယ လုံ့လစိုက်ထုတ်ကာ မတ်စောက်သည့် စောင်းတန်းအတက်လမ်းကို ဖြတ်သန်းတက်



ဗျာဒိတ်ပေးရပ်တော်မူ ရုပ်ပွားတော်ကြီးနှင့် ညီတော်အာနန္ဒာရုပ်တု


www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်၏
ဂုဏ်တော်
ကျေးဇူးတော်တို့ကို
ရည်မှန်းကာ
မြတ်မြတ်နိုးနိုး
ရှိခိုးပူဇော်ရသည့်
ကြည်ညိုဖွယ်ရာ
ဗျာဒိတ်ပေး
ရုပ်ပွားတော်ကြီး

ရုပ်တုတော်ကိုလည်း ရွှေပိန်းချထားပြီး ထုဆစ်ပုံဖော်ထားသည်မှာ အသက်ဝင်လှသည်။

ထိုရုပ်ပွားတော်ကြီး ရှေ့မှောက်သို့ စာရေးသူ ရောက်လေတိုင်း ဘုရားရှင်၏ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တတို့ကို ရည်စူးကာ ရှိခိုးပူဇော်ဖူးမြော်ပြီးနောက် ဝိပဿနာတရားရှုပွားဖြစ်ခဲ့သည်ချည်းပင်။


ထိုကဲ့သို့ ဝိပဿနာတရား ရှုပွားပြီးနောက် ပြုခဲ့သမျှ ကုသိုလ်ကောင်းမှုတို့ကို မြင်အပ်၊ မမြင်အပ် နှစ်ရုပ်များစွာ သတ္တဝါအပေါင်းတို့အားလည်း အမျှဝေ မေတ္တာပို့သဖြစ်ခဲ့သည်။ စိုင်တမော့စောင်းတန်းတစ်လျှောက် လှံ့လစိုက်ထုတ်ကာ တက်ရောက်ခဲ့ရသဖြင့် မောပန်း နွမ်းလျခဲ့ရသည်များလည်း ပြေပျောက်ခဲ့ပြီး ကိုယ်စိတ်နှစ်ဖြာ ပေါ့ပါးကြည်လင် လန်းဆန်းလာခဲ့သည်။

ဤနေရာတွင် စာရေးသူတို့ ဖူးမြင်နေရသည့် ဗျာဒိတ်ပေး ရပ်တော်မူရုပ်ပွားတော်ကြီးနှင့် ညီတော်အာနန္ဒာ ရုပ်တုတော်တို့မှာ မန္တလေးတောင်တော်နှင့် ရတနာပုံရွှေမြို့တော်တို့၏ သမိုင်းတစ်စွန်းတစ်စကို လှစ်ဟ၍ပြနေသကဲ့သို့ပင်။

ဂေါတမဘုရားရှင် ကိုယ်တော်မြတ်သည် မဏ္ဍလအမည်ရသည့် ဤမန္တလေးတောင်တော်မြတ်သို့ ညီတော်အာနန္ဒာနှင့်အတူ ဒေသစာရီ ကြွချီတော်မူခိုက်တွင် ထိုတောင်၌ နေထိုင်လျက်ရှိသည့် စန္ဒမုခိဘီလူးမက မိမိ၏ရင်သားမြတ်ကိုဖြတ်ကာ လှူခဲ့သဖြင့် ထိုဘီလူးမ၏ အနာဂတ်ဘဝကို သိတော်မူသော ဘုရားရှင်ကိုယ်တော်မြတ် ပြုံးတော်မူခဲ့သည်။




မြတ်စောညီနောင် ဆုတောင်းပြည့်ဘုရား



မဟာမြတ်မုနိပုံတော် ရုပ်ပွားတော်



www.burmeseclassic.com

www.burmeseclassic.com







မြတ်စောညီနောင် ဆုတောင်းပြည့်ဘုရားအတွင်းရှိ
ရုပ်ပွားဆင်းတုတော်များ



ထိုကဲ့သို့ ဘုရားရှင် ပြုံးတော်မူခြင်း အကြောင်းရင်းကို ညီတော် အာနန္ဒာက မေးလျှောက်ခဲ့ရာ "ငါ၏ရှေ့မှောက်တွင် အံ့လောက်စရာ ရင်သားလှာကို ကိုင်ကာ ယခုလျှုဒါန်းပြုနေသော စန္ဒမုခိဘီလူးမသည် ငါဘုရားရှင် ပြည်ခွင်အမတံ မြိုက်နိဗ္ဗာန်သို့ ကြွစံတော်မူပြီးနောက် ငါ၏သာသနာ နှစ်ထောင်သာ၍ လေးရာစွန်းက အဝမင်းရိုး နွယ်သတိုးလျှင် မြင့်ဖြိုးသည်ခေါင်ဤတောင်ဌာန မန်းသေလတွင် နဂရပြည်ကြီး တည်ပြီးကာလ ဘီလူးမစစ် ဖြစ်ခဲ့တသီးဘုန်းတန်းကြီးသည့် မင်းထီးတစ်ဆူ ဖြစ်လတ္တံ့။

နှစ်ထောင့်လေးရာ သာသနာတွင် ပြည်ရွာ ငြိမ်းစ ပြုလတ္တံ့။ ငါ၏ သာသနာ မှန်ကန်စွာ ကျင့်ခါ အသက်ရှည်လတ္တံ့။

နတ်အိုးစွဲသူ ဒိဋ္ဌိမှု အယူပျက်လျှော မှန်သဘောဖြင့် ဝပြော သာယာရှိလတ္တံ့။ ရတနာပုံမြို့တည်တုံ၍ ဥသုံနိုင်ဖြိုး ပြည်ကြီးဖြစ်လာ အစစွာ ကေသရာန် မင်းဖြစ်လတ္တံ့" ဟူသော ဗျာဒိတ်တော် စကားကို မြွက်ကြားတော်မူခဲ့ကြောင်း မန္တလေးတောင်တော် သမိုင်းတွင် ဖော်ပြထားသည်။

ထိုစဉ်က ဘုရားရှင်ကိုယ်တော်မြတ် မိန့်ကြားတော်မူခဲ့သည့် ဗျာဒိတ်တော်ပန်းကို ဦးထိပ်ပန်သ ဆင်မြန်းခွင့်ရခဲ့သူမှာ ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးပင်တည်း။

မင်းတုန်းမင်းသည် မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ် တပေါင်းလဆန်း ၁၀ ရက် ကြာသပတေးနေ့တွင် အမရပူရ





www.burmeseclassic.com

www.burmeseclassic.com





မြတ်စောညီနောင် ဆုတောင်းပြည့်ဘုရားအတွင်းရှိ ရှမ်းပွားဆင်းတုတော်များ



ရွှေနန်းကိုသိမ်းမြန်းအောင်မြင်ပြီးနောက် မင်းအဖြစ်ခံယူတာ သုံးနှစ်မျှစိုးစံခဲ့သည်။ နောက်ပိုင်းတွင် အင်္ဂလိပ်-မြန်မာဒုတိယ စစ်ပွဲ၌ ရှုံးနိမ့်ခဲ့သည့် နောင်တော်ပုဂံမင်း၏ အမရပူရ နန်းတော်၌ ဆက်လက်စံနေလိုစိတ် မရှိခြင်း၊ သာသနာတော်နှစ် ၂၄၀၀ ပြည့်နှစ်နှင့် တိုက်ဆိုင်လျက် မြို့တည်နန်းတည်မင်းအဖြစ် ခံယူလိုခြင်းတို့ကြောင့် သာသနာတော် ထွန်းကားရေးအတွက် ဗျာဒိတ်ညွှန်း၊ သိုက်စာညွှန်းရာ အရပ်ဖြစ်သော မန္တလေး ရွှေမြို့တော်သို့ ပြောင်းရွှေ့၍ ရတနာပုံမြို့တော်ကြီးကို တည်ထောင်ကာ မြို့တည် နန်းတည် မင်းတရားကြီးအဖြစ် ခံယူခဲ့သည်။

'အုတ်ကျစ်ကျော်အေး'မန္တလေး ဟူသော လင်္ကာမှတ်တမ်းအရ ကောဇာသက္ကရာဇ် ၁၂၂၀ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်၊ ခရစ်နှစ် ၁၈၅၉ ခုနှစ် မေလ ၂၃ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ရာ ၁၈၆၂ ခုနှစ် မတ်လတွင် ပြီးစီးခဲ့သည်။ မင်းတုန်းမင်းကြီးသည် မြို့တော်ကို 'ရတနာပုံ' ဟုအမည်ပေးခဲ့သည်။ နန်းမြို့ကို 'လေးကျွန်းအောင်မြေ' ဟုလည်းကောင်း၊ နန်းတော်ကို 'မြနန်းစံကျော်'ဟုလည်းကောင်း အမည်ပေးခဲ့သည်။ မြနန်းစံကျော် နန်းတော်အတွက် လုံခြုံရေး သစ်တပ်ရှိပြီး သစ်တပ်ဝင်းအတွင်း၌ ဝင်းရိုးလေးရိုး၊ စွယ်တော်စင်၊ ပဟိုရ်စင်၊ ဒင်္ဂါးစက်ရုံ သချိုင်းတော်၊ မှန်ကျောင်း၊ လွှတ်တော်၊ လက်နက်တိုက်၊ ကြေးတိုက်၊ ဆင်မင်းနန်း၊ အိမ်မြှုတော်တို့ ရှိသည်။

သစ်တပ်အပြင်၌ ရွှေတိုက်၊ အချုပ်တိုက်၊ ပုဆိုးတိုက်၊ ဝေါတိုက်၊ ကွမ်းသီးတိုက်၊ မီးသွေးတိုက်၊ မင်းခမ်းတိုက်၊ အတွင်းပိဋကတ်တိုက်၊ လက်နက်တိုက်၊ သံတိုက်၊ ကြေးတိုက်၊ ဒင်္ဂါးတိုက် စသည်တို့ရှိသည်။

နန်းတော်တွင် မြေနန်းဆောင်၊ ရွှေနန်းပြာသာဒ်၊ ဖြတိုက်၊ ဇေတဝန်ဆောင်၊ ညီလာခံစနု၊ ပန်းတော်ခံဆိုက်၊ တောင်စမုတ်၊ မြောက်စမုတ် အလယ်



www.burmeseclassic.com

www.burmeseclassic.com




ဆတ်မင်းဘုရား



ငုံးမင်းဘုရား



ရှင်အရဟံသိမ်ဘုရား

နန်းတော်၊ တစ်ပင်တိုင်ဆောင်၊ နန်းမတော်ဆောင် စသည်ဖြင့် အဆောင်ပေါင်း ၁၆၆ ဆောင်ရှိသည်။

နန်းမြို့ဘေး၌ ကျုံးရံ၍ တံခါးငါးခုရှိသည်။ နန်းမြို့ကို ရံ၍ မြို့လေးပြင် လေးရပ် သတ်မှတ်ကာ အရှေ့ပြင် ၇ ရပ်ကွက်၊ အနောက်ပြင် ၂၉ ရပ်ကွက်၊ တောင်ပြင် ၁၃ ရပ်ကွက်၊ မြောက်ပြင် ၅ ရပ်ကွက် သတ်မှတ်ခဲ့သည်။ ဥယျာဉ် ၂၀ ရှိပြီး မြို့ကြီးအား မြေမြို့ရိုးဖြင့် ဝန်းရံကာ တံခါး ၅၇ ခု ရှိသည်။ "အသက်ရှည်စေလို၊ မြနန္ဒာ ရွေညို သန်းတဲ့၊ မန်းတောင်ရိပ်ခို၊ ခေါင်းလောင်းသံ ချိုချိုနဲ့၊ ရွှေဗဟိုရ် စည်တော်ဟိန်းတယ်၊ ဘေးရန်ကငြိမ်း" ဟူသော တေးသီချင်းတဘောင်နှင့်အညီ -


မင်းတုန်းမင်းကြီးသည် နေပြည်တော်ကို အမရပူရမှ မန္တလေးသို့ ကောဇာ သက္ကရာဇ် ၁၂၂၀ ခုနှစ်တွင် ပြောင်းရွှေ့ခဲ့ပြီး ရတနာပုံရွှေမြို့တော်ကြီးကို တည်ထောင်တော်မူခဲ့သည်။ ရွှေနန်းတော်၊ ကျုံးတော်၊ အတုလဝေယံ (အတုမရှိ) ကျောင်းတော်၊ မဟာလောကမာရဇိန် စေတီတော်၊ သုဓမ္မာဇရပ်တော်၊ သိမ်တော်၊ ပိဋကတ်တိုက်တော်တို့ကိုလည်း တစ်ချိန်တည်း တည်တော်မူခဲ့သည်ဟု ဆိုသည်။




မုဆိုးသား ရုပ်တု


www.burmeseclassic.com

www.burmeseclassic.com




တောင်ထိပ်ဆုတောင်းပြည့် စေတီရင်ပြင်တော်မြင်ကွင်း



သာသနာသက္ကရာဇ် ၂၁၈၊ ဘီစီ ၃၀၈ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီးသည် စေတီပေါင်း ၈၄၀၀၀ တည်တော်မူရာ၌ ဘုရားရှင်၏ မေးရိုးတော်ဓာတ်ကို ဌာပနာ၍ မန္တလေးတောင်ထိပ်တွင် စေတီတော်မြတ်တစ်ဆူ တည်ထားခဲ့သည်။

သာသနာနှစ် ၁၅၈၈၊ ကောဇာ ၄၀၆ ခုနှစ်၊ ခရစ်နှစ် ၁၀၄၅ တွင် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး တရုတ်ပြည်မှ ပြန်လာခဲ့ရာ၌ ထိုစေတီတော်ကို ပြုပြင်ခဲ့သည်။ သာသနာနှစ် ၂၀၁၂၊ ကောဇာ ၈၃၀ ခုနှစ်တွင် အင်းဝဘုရင် ပြည်စုန်မင်းနှင့် မိဖုရားတို့က ထပ်မံပြုပြင်ခဲ့သည်။ သာသနာနှစ် ၂၃၄၉၊ ကောဇာ ၁၁၆၇ ခုနှစ်တွင် အမရပူရဘုရင် ဘိုးတော်မင်း၏ အိမ်ရှေ့မဟာဥပရာဇာက ပြုပြင်တော်မူခဲ့သည်။ ထို့နောက် သာသနာနှစ် ၂၃၆၃၊ ကောဇာ ၁၁၈၁ ခုနှစ်တွင် အမရပူရဘုရင် ဘကြီးတော်မင်းက ပြုပြင်ခဲ့သည်။

သာသနာနှစ် ၂၄၀၃၊ ကောဇာ ၁၂၂၁ ခုနှစ်တွင် မင်းတုန်းမင်းကြီးသည် မြတောင်မြို့စား သေနတ်ဝန်ကြီးကို တာဝန်ပေးလျက် ပန်းပုကျော်များ အပ်နှင်းကာ ဗျာဒိတ်ပေးရပ်တော်မူ ရုပ်ပွားတော်ကြီးနှင့် ညီတော် အာနန္ဒာ ရုပ်တုတော်တို့ကို ထုလုပ်စေပြီးနောက် ရွှေပိန်းချကာ ယခု တောင်တော်နေရာတွင် သစ်သားတန်ဆောင်းပြာသာဒ်နှင့်တကွ ကိုးကွယ်တော်မူခဲ့သည်။ ထို့နောက် တောင်ထိပ်စေတီတော်ကိုလည်းကောင်း၊ ကောဇာ ၁၂၂၆ ခုနှစ်တွင် မှန်စီရွှေချ အာရုံခံပြာသာဒ် တည်ဆောက်လှူဒါန်းတော်မူခဲ့သည်။



ရွှေလှုပ်းစက်လှေကား ဝင်ပေါက်မုခ်ဦး




ရွှေလှုပ်းစက်လှေကား စီးနင်းလိုက်ပါလာကြသူများ



www.burmeseclassic.com


www.burmeseclassic.com

ကောဇာသက္ကရာဇ် ၁၂၄၅ ခုနှစ် တန်ခူးလဆန်း ၁၀ ရက်နေ့ သီပေါမင်းလက်ထက်တွင် ရွှေကျီးမြင်ဘုရားအနီးမှ မီးစတင်လောင်ကျွမ်းခဲ့ရာ ဗျာဒိတ်ပေး ရုပ်ပွားတော်ကြီးနှင့်တကွ မန္တလေးတောင်တော် တစ်တောင်လုံး မီးခတော်မူခြင်း ခံရသည်ဟု ဆိုသည်။


<u>တောင်ထိပ်ဆုတောင်းပြည့်စေတီ ရင်ပြင်တော်မြင်ကွင်း</u>

ထိုကဲ့သို့ ရွှေကျီးမြင်ဘုရားအနီးမှ စတင်လောင်ကျွမ်းသော မီးကြောင့် ဗျာဒိတ်ပေး ရုပ်ပွားတော်ကြီးနှင့်တကွ မန္တလေးတောင်တော် တစ်တောင်လုံး မီးခခြင်း ခံခဲ့ရသည်ဟူသော ရှေးသမိုင်းဆရာများ၏ ရေးသားဖော်ပြချက်ကို ငြင်းဆိုချက်များ ရှိခဲ့သည်။

ရှေးအခါက မန္တလေးမြို့တော်သည် ယခုကဲ့သို့ အိမ်ခြေနှင့်ရပ်ကွက်များ မရှိသေး။ ယခု မြောက်ပြင်ရပ်ဟုခေါ်သော ထားဝယ်ရပ် ဆိုသည်မှာလည်း ဘုရင်၏ စစ်သည်တော်များ နေထိုင်ရာ စစ်တန်းလျား ခြောက်လိုင်းမျှသာရှိပြီး အရပ်သားအိမ်များ၊ ရပ်ကွက်များ မရှိသေး။ ဆေးရုံကြီးတောင်ဘက်တွင်လည်း ဘုရင်၏စစ်သားများ နေ



ကကုသန်ဘုရားရုပ်ပွားတော်

ထိုင်ရာ စစ်တန်းလျားများရှိ၍ တောင်ထားဝယ် ဟုခေါ်သည်။ ထားဝယ်ဟုခေါ်ခြင်းမှာ တနင်္သာရီ၊ ရေး၊ ဘိတ် (မြိတ်)၊ ထားဝယ်မှစစ်မှုထမ်းများ အများဆုံးပါဝင် ဖွဲ့စည်းထားသဖြင့် ခေါ်ခြင်းဖြစ်သည်။ အမြောက်အမှုထမ်း ကုလားများ နေထိုင်ရာအရပ်ကို အမြောက်တန်းရပ်၊ အမြောက်တန်းဗလီ၊ ၃၅ လမ်းဆင်တပ်အမှုထမ်း ကုလားများက ဆင်ကျုံးဗလီ၊ ဝေလီခံဗလီတို့သာ ရှိသည်။

မီးလောင်ခြင်းမှာ သီပေါမင်းနှင့် စုဖုရားလတ်တို့ ပါတော်မူပြီးနောက် အတုမရှိ ကျောင်းတော်ကြီးနှင့်တကွ မန္တလေးတောင်တော်ကိုပါ မီးရှို့ခံရခြင်းဖြစ်သည်။ အတုမရှိ ကျောင်းတော်ကြီးကို အင်္ဂလိပ်စစ်သားများ၏ စစ်တန်းလျားအဖြစ် အသုံးပြုခဲ့ကြရာ ကျောင်းတော်ကြီးရှိ အဖိုးတန်ပစ္စည်းများကို မသမာသူများက ယူခဲ့ကြပြီးနောက် တရားခံဖျောက်သည့်အနေနှင့် ဘုရားမှ မီးစတင်လောင်ကျွမ်းသည်ဟု သတင်းလွှင့်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

ဤသတင်း အချက်အလက်များမှာ အင်္ဂလိပ်တို့ထံ လက်နက်မချဘဲ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ မြင်းမူမင်းသား မင်းရဲသီဟကျော်၊ ထိပ်တင်မောင်မောင်၏ သားတော် မောင်မောင်တင် အစရှိသည့် သူကြွန်မခံ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခဲ့

www.burmeseclassic.com



ကောဏာဂုံဘုရား ရုပ်ပွားတော်

သော ဘုရင့်တပ်မတော်မှ ဗိုလ်သူရိန်၊ သားတော် ဆရာသခင်အေး၊ ဆရာသခင်အေး၏သား အသက် (၆၈)နှစ်အရွယ် ဦးကျော်ညွန့် (ရောင်နီကျော်ညွန့်)၏ ၂.၉.၉၇ ရက်နေ့က ကန့်ကွက်ငြင်းဆို ပြောကြားချက်များဖြစ်ပြီး အဘိုးဖြစ်သူ ဗိုလ်သူရိန်၏ ပြောပြချက်များဖြစ်ကြောင်းလည်း အခိုင်အမာပြောဆိုခဲ့ကြောင်း သိရသည်။

ယခု စာရေးသူတို့ ဖူးတွေ့နေရသည့် ဗျာဒိတ်ပေး ရုပ်ပွားတော်ကြီးမှာ နန်းတွင်းမှ မင်းမှုထမ်းတစ်ဦး၏ သားတော်ဖြစ်ပြီး နန်းတွင်းသူ နန်းတွင်းသားများနှင့် ရင်းနှီးမှုရှိခဲ့သော ဆရာတော်ဦးနန္ဒိယက မင်းတုန်းမင်းကြီး၏ ကုသိုလ်တော် ရုပ်ပွားတော်ကြီးပုံစံအတိုင်း ကောဇာ ၁၂၆၃ တွင် ပန်းပုအကျော်အမော်တို့ဖြင့် ထုလုပ်ပူဇော်ထားခြင်းဖြစ်ကြောင်း သိရသည်။


ရုပ်ပွားတော်ကြီး ထုလုပ်မည့် ကျွန်းသစ်တုံးကြီး မန္တလေးသို့ ရောက်ရှိချိန်မှစကာ တောင်ပေါ်ရောက်သည်အထိ စစ်ကဲကြီးတစ်ဦး၏ ဇနီးဟောင်းဖြစ်သော စန်စီခင်လေး အမည်ရှိ အမျိုးသမီးတစ်ဦးက သာသနာပြုရန် ကူညီပါရစေဟုဆိုကာ ဆရာတော်ဦးနန္ဒိယအနီးတွင် ဆည်းကပ်ကိုးကွယ်ခဲ့သည်။



ကဿပဘုရား ရုပ်ပွားတော်

ထိုကဲ့သို့ စန်စီခင်လေး ဆည်းကပ်ကိုးကွယ်ခဲ့ခြင်းမှာ နောက်ကွယ်တွင် အကြံအစည်ရှိနေကြောင်း နောင်တွင်မှ ဇာတိရုပ်က ပေါ်လာခဲ့သည်။

ဆရာတော်ဦးနန္ဒိယသည် မင်းမှုထမ်းတစ်ဦး၏သားဖြစ်သည့်အလျောက် နန်းတွင်းသူ နန်းတွင်းသား၊ မင်းသားမင်းသမီးများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိကာ ဝင်ထွက်ကိုးကွယ် ဆည်းကပ်မှုရှိနေကြသည်ကို ထောက်ပြကာ ဦးနန္ဒိယသည် အင်္ဂလိပ်ကို ပြန်တိုက်ရန် လူစုနေသည်။ သူကိုယ်သူ မင်းလောင်းဟု ကြော်နေသည်ဟူသော ကောလာဟလ သတင်း



ဂေါတမဘုရားရုပ်ပွားတော်


www.burmeseclassic.com

များကို စန်စီခင်လေးက ထုတ်လွှင့်ခဲ့ပြီး အင်္ဂလိပ်အရာရှိများအားလည်း ကိုယ်တိုင် သတင်းပေးခြင်းများ ပြုလုပ်ခဲ့သဖြင့် ဆရာတော်ဦးနန္ဒိယမှာ ထောင်နန်းစံတော်မူခဲ့ရသည်။

ထို့နောက် ကောဇာ ၁၂၆၇-၆၈ ခုနှစ်များတွင် စန်စီခင်လေးသည် မန္တလေးတောင်တော်၏ တစ်ဦးတည်းသော သာသနာပြုပုဂ္ဂိုလ်ကျော် ဖြစ်လာခဲ့ပြီး ဗျာဒိတ်ပေးရုပ်ပွားတော်ကြီး၏ တနင်္ဂနွေထောင့်တွင် အုတ်တိုက်တည်ဆောက်လျက် အမျိုးသမီး အခြွေအရံများဖြင့် အလှူခံဌာနဖွင့်ကာ အလှူခံလေတော့သည်။

ကောဇာ ၁၂၆၉ ခုနှစ် ခရစ်နှစ် ၁၉၀၈ခုနှစ်တွင် ရသေ့ကြီးဦးခန္တီ မန္တလေးတောင်သို့ ရောက်ရှိလာပြီး မီးခထားသည့် သာသနိက အဆောက်အအုံများအား ပြုပြင်ခွင့်တောင်းခံခဲ့ရာ တောင်ခွင် သာသနာပိုင်ဆရာတော် ဦးဝိသုဒ္ဓနှင့်တကွ ဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်ကြီးများက စန်စီခင်လေး ပြုလုပ်နေသော ဗျာဒိတ်ပေး ကိုယ်တော်ကြီးမှလွဲ၍ အားလုံးကို ပြုပြင်တော်မူရန် ခြင်းချက်ဖြင့် ခွင့်ပြုတော်မူခဲ့ကြသည်။

ထိုသို့ ခွင့်ပြုချက်ရသည်နှင့် ရသေ့ကြီးဦးခန္တီသည် လက်ဖဝါးတော်





မြွေကြီးနှစ်ကောင် ဘုရား

ရှေ့သို့ဖြန့်ထားသော လာဘမုနိရုပ်တော်မူ ရုပ်ပွားတော်တစ်ဆူကို အုတ်ဖြင့်တည်တော်မူပြီး ပြည်လုံးချမ်းသာဘုရားဟု ကမ္ပည်းထိုးကာ သာသနာပြုလုပ်ငန်းများကို စတင်ပြုလုပ်တော်မူခဲ့သည်။

ထိုအချိန်မှစကာ စန်စီခင်လေးသည် ရသေ့ကြီးဦးခန္တီအား ရန်သူကဲ့သို့ သဘောထားလျက် အတက်အဆင်း အသွားအပြန် ဆင်းတက်သွားလေတိုင်း မကြားဝံ့မနာသာ ဆဲဆိုပြီး ရသေ့ကြီး တောင်ပေါ်တွင် မနေနိုင်စေရန် နေ့စဉ်နှင့်အမျှ ပြုလုပ်ခဲ့လေသည်။

ထိုစဉ်အတွင်း စန်စီခင်လေးသည် အင်္ဂလိပ်အရာရှိများအား တရင်းတနှီး ပေါင်းသင်းကာ ဆရာတော်ဦးနန္ဒိယအား ထောင်ကျစေရန် ပြုလုပ်ခဲ့ကြောင်း၊ နေ့အခါ တောင်ပေါ်တွင်



မြွေကြီးနှစ်ကောင်ရုပ်တု

www.burmeseclassic.com

အလှူခံ၍ ညဥ့်အခါ တရုတ်တန်း ကြေးကြီးကစားဝိုင်းများတွင် ဖဲကစားကြောင်း၊ ဖဲကစားရာတွင် တရုတ်လို 'စန်၊ စီ' ဟုခေါ်သော ဖဲချပ် ၃၊ ၄ တို့ကို ဝှက်၍ ကစားလေ့ရှိသဖြင့် နာမည်ရင်း ဒေါ်ခင်လေးမှ 'စန်စီခင်လေး' ဖြစ်လာကြောင်း သူ့အကြောင်းသိကြသည့် ဗုဒ္ဓဘာသာ လူကြီးများက သက်ဆိုင်ရာသို့ တိုင်ကြားကြသဖြင့် သက်ဆိုင်ရာက စန်စီခင်လေးအား တားမြစ်အရေးယူခဲ့သည်။

နောက်ပိုင်းတွင် စန်စီခင်လေး စုပုံထားခဲ့သော အုတ်သုံးသောင်းခန့်ကို ရသေ့ကြီးက ဗျာဒိတ်ပေးကိုယ်တော်ကြီးအတွက် ဂန္ဓကုဋိ အုတ်တိုက်တော်ကြီး တည်လိုက်ရာ စန်စီခင်လေးက တရားစွဲဆိုခဲ့ပြန်သည်။ထိုအမှုတွင်လည်း စန်စီခင်လေး တရားရှုံးခဲ့ပြီးနောက် စိတ်ဖောက်ပြန်ကာ ထိုရောဂါဖြင့်ပင် ဘဝနိဂုံးချုပ်ခဲ့သည်ဟု ဆိုသည်။

စန်စီခင်လေး အကွက်ဆင်ချောက်တွန်းမှုဖြင့် အဖမ်းခံရသော ဆရာတော် ဦးနန္ဒိယမှာလည်း မင်းလောင်း မဟုတ်ကြောင်း သိရသဖြင့် "နောက်ထပ် စစ်ဆေးမေးမြန်းခြင်း မပြုရ" ဟူသော အမိန့်ပါဝင်သည့် "ကန့်ကွက်ရန်မလို" တံဆိပ်တော်ကို အင်္ဂလိပ်အစိုးရက ချီးမြှင့်တော်မူသည်။

ကြိုးဒဏ်ကျခံရသော တရားခံများအား ထိုတံဆိပ်ရိုက်ပြီး အသက်အလှူခံပါက ကြိုးမိန့်မှ တစ်သက်တစ်ကျွန်းသို့ ပြောင်းလဲကျခံခွင့်ရကြောင်းနှင့် ပါလီမန်ခေတ်အထိ တနင်္ဂနွေနေ့တိုင်း ထောင်တွင်း၌ တရားဟောတော်မူခဲ့ရာ ၁၉၉၇ ခုနှစ် နောက်ပိုင်းတွင်မှ ပျံလွန်တော်မူခဲ့ကြောင်း သိရသည်။

[စကားချပ် - ဗျာဒိတ်ပေး ရုပ်ပွားတော်ကြီးအား အသစ်ထုလုပ်တော်မူခဲ့သော ဆရာတော်ဦးနန္ဒိယနှင့် ပတ်သက်၍ ရဟန်းတော် ဦးနန္ဒိသူရသီဟသူ ဟုလည်းကောင်း၊ မြန်မာဘုရင် မျိုးနွယ်တော် ဘုန်းတော်ကြီး ဦးနန္ဒိယဟုလည်းကောင်း ရေးသားဖော်ပြထားသည်များလည်း ရှိသည်။]


ဗျာဒိတ်ပေး ရုပ်ပွားတော်ကြီးအား ဖူးမြော်ခဲ့ကြပြီးနောက် စောင်းတန်းအတိုင်း နားနားနေနေ တက်ရောက်ခဲ့ကြသည်တွင် မြတ်စောညီနောင်ဘုရား၊ ဆတ်မင်းစေတီ၊ ငုံးမင်းစေတီ၊ ခြင်္သေ့မင်းစေတီ၊ ဖွတ်မင်းစေတီ၊ ကြက်မင်းစေတီ၊ မုဆိုးသားစေတီ စသည်ဖြင့် အလောင်းတော် နှစ်ဥ်ဘဝများကို ရည်ညွှန်းကာ တည်ထားသည့် စေတီများအား ဖူးတွေ့ရပြီး ထိုမှဆက်၍ တက်သွားသည်တွင် ရှင်အရဟံသိမ် ဘုရား၊ ဘီလူးမစေတီ၊ ဘီလူးမဗျာဒိတ်ပေးစေတီနှင့် တောင်ထိပ်ဆုတောင်းပြည့်စေတီကို ဖူးမြော်ခဲ့သည်။ ယိုနောက်တွင်မှ မြွေကြီးနှစ်ကောင် ရုပ်တုရှိရာသို့ သွားရောက်ခဲ့ကြသည်။

ယခုတစ်ခေါက်တွင် ဆုတောင်းပြည့်စေတီတော် တောင်ပတ်လမ်းနှင့် ဆက်သွယ်လျက် တည်ဆောက်ထားသည့် ရွှေလျှားစက်လှေကားဖြင့် စာရေးသူတို့အဖွဲ့ တက်ရောက်ခဲ့ကြရာ တောင်ထိပ်ရှိ ဆုတောင်းပြည့်စေတီ ရင်ပြင်တော်ပေါ်သို့ မပင်ပန်းဘဲ ရောက်ရှိခဲ့ကြသည်။

အလှဆင်ရောင်စုံကျောက်ပြားများ ခင်းထားသည့် သန့်ရှင်းသပ်ရပ်



သစ္စာအဓိဋ္ဌာန် ကမ္ဗည်းကျောက်စာ




ဆုတောင်းပြည့် အောင်မြေပေါင်းချုပ်



www.burmeseclassic.com

www.burmeseclassic.com

လျက်ရှိသော ဆုတောင်းပြည့်စေတီ ရင်ပြင်တော်ပေါ်တွင် မှန်စီရွှေချ မြန်မာမှု အနုလက်ရာများဖြင့် ခြယ်မှုန်းတည်ဆောက်ထားသည့်ကျောင်းဆောင်တော်ကြီးများ၊ အာရုံခံတန်ဆောင်းတော်ကြီးများ စသည့် သာသနိက အဆောက်အအုံများကို ဝမ်းမြောက်ဖွယ်ရာ မြင်တွေ့ရသည်။

ဆုတောင်းပြည့်စေတီတော် မုခ်လေးမုခ်တွင် ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရားနှင့် ဂေါတမဘုရား ရုပ်ပွားတော်များ တင့်တယ်သပ္ပာယ်စွာ ကြည်ညိုဖွယ်ရာ အသီးသီးစံပယ်တော်မူလျက်ရှိရာ ထိုဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးတော်တို့ကိုရည်စူးလျက် မြတ်မြတ်နိုးနိုး ရှိခိုးပူဇော် ဖူးမြော်ဖြစ်ခဲ့သည်။

စေတီတော် အင်္ဂါထောင့်တွင် ဘုရားဖူးများ ရေသပ္ပာယ်နိုင်ရန် နေ့နံဘုရား ရုပ်ပွားတော်များ တည်ထားသည်ကို ဖူးတွေ့ရပြီး တနင်္ဂနွေထောင့်တွင် ဗုဒ္ဓဂယာအောင်မြေ၊ ရွှေတိဂုံစေတီတော်အောင်မြေ၊ ရွှေဘိုအောင်မြေ စသည့် အောင်မြေတော် (၁၁)ခုတို့ဖြင့် "ဆုတောင်းပြည့် အောင်မြေပေါင်းချုပ်" ကို ကမ္ပည်းကျောက်စာနှင့်တကွ ပြုလုပ် ထားရှိသည်ကိုလည်း တွေ့ရသည်။

မန္တလေးတောင်သို့ တက်ရောက်ဖူးမြော် လေ့လာကြသူတိုင်း တောင်ထိပ်ဆုတောင်းပြည့် စေတီတော်ကို ဖူးမြော်ကြပြီးနောက် မြွေကြီးနှစ်ကောင်ကို လေ့လာကြည့်ရှုပြီးမှသာ တောင်ထိပ်ပေါ်သို့ တက်ရကျိုးနပ်သည်ဟူသော ဆိုစကားအရ တောင်ထိပ်ဆုတောင်းပြည့်စေတီတော်မှ အတန်ငယ်ဆင်းကာ မြွေကြီးနှစ်ကောင်ရှိရာ မြောက်ဘက်စောင်းတန်းထိပ်သို့ သွားရောက်ခဲ့ကြသည်။

မြွေကြီးနှစ်ကောင် ရုပ်တုမှာ အမှတ်တမဲ့ ကြည့်လျှင် တွန့်လိမ်ကာ တွားသွားတော့မည့် မြွေအစစ်ဟုပင် ထင်ရသည်အထိ လက်ရာမြောက်သည်ကို တွေ့ရသည်။ ထိုမြွေကြီးနှစ်ကောင်နှင့် ပတ်သက်၍ အမျိုးမျိုးရေးသားပြောဆိုမှုများ ရှိသော်လည်း ဖြစ်ရပ်မှန်မှာ ရသေ့ကြီးဦးခန္တီသည် စန်းစီခင်လေးကို တရားရုံးတွင် အနိုင်ရခဲ့ပြီးနောက် ဗျာဒိတ်ပေးရုပ်ပွားတော်ကြီးနောက်ဘက်၌ ထန်းရွက်မိုးတဲကျောင်းဖြင့် သီတင်းသုံးကာ အလှူခံနေစဉ် ထိုကျောင်းအောက်သို့ ညဥ့်အချိန်တွင် မြွေကြီးနှစ်ကောင် ရောက်လာခဲ့ကြခြင်း ဖြစ်သည်ဟု ဆိုသည်။

မည်သူ့ကိုမျှ ရန်မူခြင်းမပြုကြဘဲ ကျောင်းအောက်တွင်သာ ခိုအောင်းနေသဖြင့် ထိုမြွေကြီးနှစ်ကောင်အား ရသေ့ကြီးက ထိုက်သင့်သည့် အစားအစာများ ကျွေးမွေးကာ ပြုစုစောင့်ရှောက်ထားခဲ့ရာမှ ထိုသတင်း ပျံ့နှံ့သွားပြီး "စခန်းမဝေးပေါင်၊ ရွှေမန္တလေးတောင်၊ မြွေကြီးနှစ်ကောင် သွားလို့ကြည့်ရအောင်" ဟူသော တေးသီချင်း တဘောင်ပေါ်လာကာ မန္တလေးမြို့နှင့်တကွ မြန်မာပြည်တစ်လွှား ထိုသတင်းကို စိတ်ဝင်စားကာ မန္တလေးတောင်တော်သို့ လာရောက်ကြသည့် ဘုရားဖူးများ အထူးပင် များပြားစည်ကားလာခဲ့သည်။

ဤကဲ့သို့ ဘုရားဖူးများစည်ကားလာသည့်အလျောက် အလှူခံငွေများလည်း တိုးပွားရရှိလာကာ သာသနိကအဆောက်အအုံများကို လျင်မြန်စွာဆောက်လုပ်နိုင်ခဲ့သည်။

သို့ဖြစ်၍ ဤမြွေကြီးနှစ်ကောင်သည် သွယ်ဝိုက်သောနည်းအားဖြင့် မန္တလေးတောင်တော်၏ဘုရားဒါယကာဒါယိကာမ တို့ဖြစ်ကြသည်ဟု အသိအမှတ်ပြုကာ ဂုဏ်ပြုလိုသဖြင့် ရသေ့ကြီးဦးခန္တီသည် တောင်ပြင်ကျွန်းလုံးဥသျှောင်ရပ်ကွက် အမှတ် ၂၀၀ ရှိ "ဒေါင်းတံဆိပ် သံစိမ်းအလုပ်ရုံ" ပိုင်ရှင်ရှေးခေတ်သံရည်ကျိုဖိုထောင်ဆရာကြီး ဦးဝင်းအား တောင်ပေါ်သို့ အရောက်ခေါ်ယူပြီး ကျောင်းအောက်ရှိ မြွေကြီးနှစ်ကောင်ကို ပြသကာ သံရည်ကျိုပုံတူ



ဘီလူးရုပ်တုများ



စန္ဒမုခီ ဘီလူးမ သားပြန်လှူနေပုံ

www.burmeseclassic.com

www.burmeseclassic.com



တောင်ထိပ်ပေါ်မှ လှမ်းမြင်ရသည့် သာမောဖွယ်မြင်ကွင်းများ

သွန်းလောင်းပေးရန် တာဝန်ပေးအပ်ခဲ့သည်။

ဦးဝင်းနှင့် နာမည်ကြီးတပည့်များက လက်ရာမြောက်စွာ လက်စွမ်းပြ သွန်းလောင်းခဲ့ကြခြင်းဖြစ်ပြီး ပါးပျဉ်းထောင်နေသည့်ပုံမှာ ရန်မူရန် ဟန်ပြင်နေပုံ မဟုတ်ဘဲ မြွေတို့၏ သဘာဝအလှကို ပေါ်လွင်စေရန် ရသေ့ကြီး၏ အကြံပေးချက်အရ ပုံဖော်ထားခြင်းဖြစ်သည်ဟု ဆိုသည်။

နောင်လာ နောက်သားများ မန္တလေးတောင် သမိုင်းကို သိရှိစေရန် ရသေ့ကြီးဦးခန္တီ ခိုင်းစေချက်အရ လက်ရာမြောက်စွာ သွန်းလုပ်ထားသည့် စန္ဒမုခိ ဘီလူးမ ရုပ်တုများကိုလည်း ဆုတောင်းပြည့်စေတီတော်အောက်ဘက်တွင် တွေ့ရသည်။

ထို့နောက် ရှင်းသန့်သည့်တောင်ပေါ်လေကို အားပါးတရ ရှူရှိုက်ရင်း ရင်ပြင်တော်ပေါ်တွင် လျှောက်လှမ်းကာ သဘာဝပတ်ဝန်းကျင် ရှုခင်းကို လှမ်းမျှော်ကြည့်ရှုခဲ့သည်။

တောင်ဘက်၌ ခေတ်မီတိုက်တာ အဆောက်အအုံများဖြင့် ဖြန့်ကြက်စည်ကားနေသည့် မန္တလေးမြို့ကြီး တစ်ဖက်တွင်လည်း နန်းတော်မြို့ရိုး၊ ပြအိုး၊ ပြာသာဒ်တို့ ထည်ဝါခမ်းနားစွာ ရှိနေကာ အနောက်ဘက်တွင် စစ်ကိုင်းမင်းဝံ



တောင်တန်းနှင့် မင်းကွန်းပုထိုးတော်ကြီးကို ခပ်ရေးရေး ဖူးတွေ့ရသည်။ အရှေ့တောင်ဘက်၌ ရန်ကင်းတောင်၊ တောင်ဘက်ရှိ သခင်မတောင်နှင့် ရှမ်းရိုးမတောင်တန်းကြီးများ။

လှချင်တိုင်းလှနေသည့် ဆွတ်ပျံ့ကြည်နူးဖွယ် သဘာဝပတ်ဝန်းကျင် မြင်ကွင်းကို တရှိုက်မက်မက် ငေးမောကြည့်ရှုခံစားနေဆဲမှာပင် နောက်ဆက်ရမည့် ခရီးစဉ်များ ရှိနေသဖြင့် ဆုတောင်းပြည့်စေတီတော်အပါးမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။ သို့ရာတွင် ဆွတ်ပျံ့ကြည်နူးဖွယ် ထိုပုံရိပ်များသည်ကား နှလုံးအိမ်တွင် ထင်ဟပ်နေဆဲပင်။

သို့ဖြစ်၍ စာရှုသူများလည်း "အသက်ရှည်စေလို့၊ မြနန္ဒာရေညှိသန်းတဲ့၊ မန်းတောင်ရိပ်ခို၊ ခေါင်းလောင်းသံချိုချိုနဲ့၊ ရွှေဗဟိုရ်စည်တော်ဟိန်းတယ်၊ ဘေးရန်ကငြိမ်း" ဟူသော တေးသီချင်းတဘောင်နှင့်အညီ အကျိုးထူးများ ခံစားနိုင်ကြစေရန် မန္တလေးတောင်တော်သို့ တစ်ခါတစ်ခေါက် အရောက်သွားကာ ဘဝအမောများ ပြေပျောက်နိုင်ကြပါစေကြောင်း သတင်းကောင်းပါး ရေးသားလိုက်ရပေသည်။

❐ မင်းဂုဏ်

**စာကိုး**

၁။ ရသေ့ကြီး ဦးခန္တီ အတ္ထုပ္ပတ္တိနှင့် မန္တလေးတောင်သမိုင်း၊ အရှင်ပဏ္ဍိစ္စ၊ ၁၃၁၂ ခုနှစ်၊ ပြာသိုလ။

၂။ သာသနဟိတဓဇ နာယက ရသေ့ကြီး ဦးခန္တီ၏ ထေရုပ္ပတ္တိနှင့် ရွှေမန်းတောင်သမိုင်းအကျဉ်း၊ သာသနာပြုစာရေးဆရာ ဦးအေးမောင် (အငြိမ်းစား ရဲတပ်ကြပ်ကြီး) ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ။

၃။ ယနေ့ မန္တလေး၊ နတ်မောက် ထွန်းရှိန်၊ ၁၉၉၄ ခုနှစ်၊ ဇွန်လ။





www.burmeseclassic.com

www.burmeseclassic.com



# ရေပွေးပွေးလှေကလေးနဲ့ ရွှေအင်းလေးခရီးသည်

တက္ကသိုလ်တင်ဟန်ကျော်

*နွေမှာ မပူနွေးသလို*
*မိုးမှာလည်း အေးမြ*
*ဆောင်းကျတော့ ချမ်းတုန်*
*လူမျိုးစုံ ချစ်ကြည်နှောကြ*
*ကမ္ဘောဇ ရှမ်းပြည်နယ်မဟာက*
*သာယာလှတဲ့ မြို့တော်ကြီးမှာလေ။*
*မနက်ခင်းအေးအေးကို*
*တိုဟူးနွေးလေးနဲ့ စချင်တာ*
*ထိုစဉ်ခါ အတွေးထဲ ဖျတ်ခနဲ*
*ဈေးမနည်းတဲ့ အခင်းမို့*
*ထမင်းကြမ်း တစ်လုတ်တစ်ဆုပ်*
*ပဲပုပ်လေးနဲ့ တွဲဖက်*
*ကြက်သွန်ဖြူက တစ်ကိုက်*
*အခါးရည်ပူပူက တစ်ကျိုက်*
*ဝမ်းဗိုက်ကို ဖြည့်ပြီးသကာလ*
*တစ်နေ့တာခရီး စကြစို့ရဲ့။*

[မေလတ်(တောင်ကြီး)ရဲ့ 'တောင်ကြီး ၉၃ ရုပ်ပုံလွှာ'မှ]

မဟာရန်ကုန် ရွှေမြို့တော်ကြီးကနေ ၂၅. ၄. ၂၀၁၄ ညနေခင်း ၆း၄၅ နာရီ စတင်ထွက်ခွာလာလိုက်တာ ၂၆. ၄. ၂၀၁၄ နံနက်ပိုင်း ၁၀း၂၀ နာရီမှာ ရှမ်းပြည်နယ်တောင်ပိုင်း 'ခေါင်တိုင်ရွာ'ကို ရောက်တယ်။

"Myat That Kaung Restaurant" လို့ အင်္ဂလိပ်စာနဲ့ ကမ္ပည်းထိုးထားတဲ့ အဆောက်အအုံရှေ့မှာ ခေတ္တအပန်းဖြေပြီး လူသွားလမ်းလေးအတိုင်း လျှောက်လာလိုက်တဲ့အခါ မကြာခင်မှာပဲ မြက်ရိုင်းတောကြီးတွေ၊ ရေမှော်ပင်တွေ၊ ခြေတံရှည်အိမ်ကြီးတွေနဲ့ ဖွဲ့စည်းထားတဲ့ ရေစပ်စပ် ကမ်းတစ်နေရာကို ရောက်တယ်။

'ဩော်. . . တယ်လဲ ပဉ္စလက်ဆန်လွန်းတဲ့ ကာလယန္တရားကြီးပါလား' လို့ အဲဒီမှာရပ်နေရင်း စဉ်းစားမိတယ်။ လူတစ်ကိုယ်လုံး မုန့်ကြွပ် ဖြစ်သွားလောက်အောင် ပူပြင်းတောက်လောင်နေတဲ့ ရန်ကုန်မြို့က လူတစ်ယောက်ဟာ တစ်ညအိပ်သာသာ အချိန်အတွင်းမှာပဲ အေးမြစိုစွတ်နေတဲ့ ခေါင်တိုင်ရွာ ကမ်းခြေဦးကို ရောက်ခဲ့ရပြီလေ။

ပတ်ဝန်းကျင်ဟာ စိမ်းမြမြ မှိုင်းရီနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



တေဇကွန့်မြူး တန်ခိုးထူးတဲ့ အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ် ငါးဆူ

ဆရာ တင်မောင်မြင့်ရဲ့ 'ကန်သာရေရိပ်မှာ' (In The Pond) စာအုပ်နာမည်ကိုတောင် ပြေးသတိရမိတယ်။ ကမ်းစပ်တစ်ခိုမှာ မြက်ပင်ရှည်ညို တောကြီးက လွင့်မျောယိမ်းနွဲ့နေတယ်။ ရွှံ့နုန်းမတင် ကြည်စင်နေတဲ့ ကမ်းစပ်နံဘေးမှာ သဲလုံးလေးတွေက ရွှအိနေကြတယ်။ သဲခင်းသာသာမှာ သီတာကြည်လဲ့ မြက်ခင်းနွဲ့နေလိုက်တာ တကယ့်တော်ဝင်ပန်းချီကားကြီးပမာ။

မဟာရှုခင်း (Panorama) ကို ခပ်ငေးငေးတွေးနေတုန်းမှာပဲ ပုံချိတ် စက်တပ်လှေယာဉ်လေးတွေက အသီးသီး ဆိုက်ကပ်လာကြတယ်။ ခရီးသည်တွေကို လိုရာရာ ပို့ဆောင်ပေးမယ့် လှေလောင်းနာဝါလေးတွေပေါ့။




ပုံချိတ်လေးတွေရဲ့ ဦးပိုင်းမှာ သက်ဆိုင်ရာ ခရီးသွားအဖွဲ့တွေရဲ့ အမည်နာမ ဆိုင်းဘုတ်လေးတွေ ချိတ်ဆွဲထားကြတယ်။ လှေတစ်စင်းမှာ ခရီးသည် ဆယ့်ငါးယောက် စီးခွင့်ရှိတယ်။ ခရီးသည်ဦးရေပြည့်တော့ လှေကလေးက တရွေ့ရွေ့နဲ့ ကမ်းကခွာတယ်။ စအထွက်မှာ ရေကြောင်းက ကျဉ်းနေတော့ ထိုးဝါးနဲ့ ထိုးပြီး သွားရတယ်။


ဒီလိုနဲ့ အတော်လေးသွားလိုက်တော့ ရေပြင်ကျယ်အစပ်ကို ရောက်တယ်။ ဒီတော့မှ လှေငယ်ရှင်လည်း သူ့စက်ကို အသာနှိုးလို့ တစ်ချိုးတည်း မောင်းထွက်ပါလေရော။ ခေါင်တိုင်ကမ်းကို ခွာခဲ့ပြီပေါ့။

အခုဆိုရင် ပုံချိတ်ကလေးဟာ အင်းရေပြင် တစ်မျှော်တစ်ခေါ်ကို ဖြတ်ကျော်လို့ နေပါပြီ။ ဘယ်အင်းရေပြင်ကို ဖြတ်ကျော်နေတာလဲလို့ မေးခဲ့ရင် သာမန်ခရီးသည်တစ်ဦးအနေနဲ့ကတော့ 'အင်းလေး' ရေပြင်လို့ ရုတ်ခနဲ ပြန်ဖြေလိုက်လိမ့်မယ် ထင်ပါတယ်။ ခြေခြေမြစ်မြစ် သိထားတဲ့ ခရီးသည်တစ်ဦး ဒါမှမဟုတ် ဒေသခံတစ်ဦး အနေနဲ့ကတော့ "အခုဖြတ်ကျော်နေတာ ညောင်ရွှေအင်းပါ၊ ညောင်ရွှေအင်းကို ရွှေမြင်ထင်အင်းလို့ ခေါ်ပါသေးတယ်" လို့ ဖြေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



အင်းရေပြင်တစ်မျှော်တစ်ခေါ် ဖြတ်ကျော်လို့နော်

ညောင်ရွှေအင်း (ရွှေမြင်ထင်အင်း)၊ ကျေးစားကုန်းအင်း၊ ရေသာအင်း၊ ငါးဖယ်ချောင်းအင်း ဆိုတဲ့ 'အင်း လေးအင်း' ပေါင်းစပ်ဖွဲ့စည်းထားတဲ့အင်းကြီးကို 'အင်းလေးကန်' လို့ခေါ်တာ ဖြစ်ပါတယ်။ ဆိုလိုတာက အင်း(၄)ခု အပေါင်းအစု ဖြစ်လို့ အင်း(၄)အင်း ခေါ်တာပါ။ ဂဏန်းနဲ့ (၄)လို့ မရေးဘဲ စာနဲ့ 'လေး' လို့ ရေးလိုက်တဲ့အတွက် 'အင်းလေးကန်' လို့ ဖြစ်သွားပါတယ်။ ဒီနေရာမှာ ပြောဆိုသုံးနှုန်းတဲ့ 'လေး' ဟာ 'သေးသေးလေး' 'ပေါက်စလေး' ဆိုတာမျိုး မဟုတ်ဘဲ အရေအတွက် '၄' ကို ပြောတာ ဖြစ်ပါတယ်။

ဒီလိုအမြင်ရှင်းမထားတဲ့အတွက် တချို့က "ဒီလောက်ဧရာမ ကြီးကျယ်လှတဲ့ အင်းကြီးကိုများ ဘယ်သူက အင်းလေးလို့ နာမည်ပေးခဲ့တာပါလိမ့်" လို့ မသိနိုးနားနဲ့ စောဒကတက်တတ်ကြပါတယ်။ တချို့ကလည်း "အင်းလေး မဟုတ်ဘူး၊ အင်းကြီးလို့ နာမည်ပေးရမှာ" တဲ့။ ပြောကြပြန်ရော။ သိတဲ့လူကတော့ သူတို့ပြောတာတွေ နားထောင်ပြီး ရယ်နေတာပေါ့လေ။

အဲဒီတော့ အခု ဖြတ်ကျော်နေတာ ညောင်ရွှေအင်း (ရွှေမြင်ထင်အင်း) ပေါ့။ ပြီးတော့မှ ကျေးစားကုန်းအင်း၊ ရေသာအင်း၊ ငါးဖယ်ချောင်းအင်းတွေကို အစဉ်တိုင်း ဖြတ်ကျော်မှာ ဖြစ်ပါတယ်။ ခြုံငုံပြီး ပြောရင်တော့ 'အင်းလေးကန်' ကို ဖြတ်ကျော်နေတာပေါ့။

ဆိုပါတော့။ အင်းလေးကန်ကို ဖြတ်ကျော်နေတုန်းမှာပဲ မိုးဖွဲလေးတွေက တဖွဲဖွဲကျလာပါတယ်။ ဝန်းကျင်ပတ်ချာ ရပ်ဒိသာ ရှုစ်ရပ်လုံးဟာ အုံ့မှိုင်းနေပြီးတော့ တောင်ပြာတန်းတွေကလည်း အပြာရောင်ရင့်ရင့် ခြယ်သနေကြတယ်။ ကောင်းကင်တစ်ခွင်မှာလည်း အသူရာနဲ့ သိကြားမင်းတို့ စစ်ခင်းကာပြိုင်နေကြတယ်။ မိုးလုံးပတ်လည် မှုန်မှုန်ပြာပြာဝေ။

ရွာနေတဲ့မိုးကလည်း နှင်းမှုန်ကလေးတွေ ကျနေသလောက်ပဲ ရှိတာမို့ မိုးစက်လေးတွေ လာမှန်တာက ညင်သာလွန်းလှတယ်။ တချို့က ထီးဖွင့်ဆောင်းကြပေမယ့် အများစုကတော့ ဦးထုပ်ကလေးတွေလောက်ပဲ ဆောင်းထားကြတယ်။ ပွဲချိတ်အရှိန်နဲ့ လေတဟူးဟူး တိုးနေပေမယ့် ကြမ်းကြမ်းတမ်းတမ်း မခံစားရတာကလည်း တစ်မျိုးဆန်းနေသလိုပဲ။ ရှေ့နောက်ဝဲယာ ငဲ့စောင်းကြည့်လိုက်တဲ့အခါ အခြားပွဲချိတ်လှေတွေကလည်း အင်ဂျင်သံ တညံညံပေးရင်း ပြေးလွှားနေလိုက်ကြတာ ရေပျော်ငါးကြီးတွေ မြူးပျံနေတဲ့အတိုင်းပါပဲ။ အဲဒီလှေတွေမှာ ပြည်တွင်းခရီးသည်တွေ ပါသလို နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်တွေကိုလည်း တွေ့နေရတယ်။ အဲဒီ ခရီးသည်တွေဟာ တစ်စင်းနဲ့တစ်စင်း လက်ပြနှုတ်ဆက်ရင်း ချစ်ကြည်ရင်းနှီးမှု ပြုကြရတာကလည်း ရင်ထဲမှာ နွေးသလိုလို အေးသလိုလိုနဲ့ အရသာ တစ်မျိုးပါပဲ။ အင်းလေး မှာ ရွာတဲ့မိုးကလည်း တဖွဲဖွဲကလေး မစဲသေးတာမို့ တော် တော်လေးတော့ အေးလာပါပြီ။ ရန်ကုန်မှာ ပူလာခဲ့သမျှ အင်းလေးကျမှ အရည်ပျော်တော့မယ် ထင်ပါရဲ့။

လှေပေါ်မှာ ပါလာတဲ့ အဖွဲ့တွေကတော့ တစ်ဦးနဲ့တစ်ဦး ရယ်စရာ မောစရာတွေ ပြောရင်း တဝါးဝါး တဟားဟား။ လက်ထဲမှာ ဆုပ်ကိုင်ထားတဲ့ ပေါက်ပေါက်ပွင့်တွေကို လေထဲမှာ လွှင့်ကြရင်း စင်ရော်ငှက်ကလေးတွေကို မြူဆွယ်နေကြပေမယ့် မိုးကြောင့်လားတော့ မသိဘူး၊ တစ်ကောင်မှ ပေါ်မလာကြဘူး။



သီတာကြည်လှဲ မြက်ခင်းနဲ့နေတဲ့ ခေါင်တိုင်ဆိပ်ဝယ်




လှေကလေးနဲ့ ရွှေအင်းလေးခရီးသည်



www.burmeseclassic.com

www.burmeseclassic.com



အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်ငါးဆူ ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိကျောင်းတော်ကြီး

သူတို့ရဲ့ အပျော်တွေကို ငေးကြည့်ရင်း ခေါင်းထဲမှာ ဖျတ်ခနဲ ပေါ်လာတယ်။ ခရီးသည်တွေအားလုံး ရေကြောင်းသုံး အသက်ကယ်အင်္ကျီတွေ ပါမလာကြဘူးလေ။ ခရီးသည်တွေကလည်း ဝတ်ဖို့ သတိမရသလို သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း စီစဉ်ပေးဖို့ မေ့လျော့နေကြသလား။ တကယ်ဆို ဘာပဲပြောပြော ဝတ်ဆင်သင့်၊ စီစဉ်ပေးသင့်ပါတယ်။ အန္တရာယ်ဆိုတာက ကြိုတင်ကာကွယ်တာ အကောင်းဆုံး၊ ဘာမှမဖြစ်ရင် ဘာမှမဖြစ်ပေမယ့် မတော်တဆ ဖြစ်လိုက်ရင် သက်ဆိုင်သူအားလုံးအတွက် မကောင်းပါဘူး။ ဖြစ်သွားတော့မှ သွားရောက်စစ်ဆေးရတာနဲ့ လိုအပ်သည်များကို စီစဉ်ညွှန်ကြားရတာနဲ့ မင်းကြီးတစ်ခါထွက် ပဲကြီးတစ်လှေချက်လုပ်နေမယ့်အစား ကြိုကြိုတင်တင် မြော်မြင်တွက်ချက်ပြီး လိုအပ်တာတွေကို စီစဉ်ညွှန်ကြားပေးသင့်ပါတယ်။ ကြီးကြပ်စီမံသင့်ပါတယ်။ အခုတော့ ခရီးသည်တွေခမျာ အသက်ကို ဖက်နဲ့ထုပ်ပြီး ခရီးသွားနေရသလို ဖြစ်နေပါတယ်။

ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာလို့ ဟိုတယ်ကြီးတွေကို သိန်းပေါင်းမြောက်မြားစွာ အကုန်ခံပြီး တည်ဆောက်ရမှာ ဖြစ်သလို ခရီးသွားဧည့်သည်တွေရဲ့ အသက်အန္တရာယ်နဲ့ အခြား လုံခြုံရေးကိစ္စတွေမှာလည်း ကာကွယ်စောင့်ရှောက်ရေးအတွက် အထူးဂရုပြု လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

အခုတော့ 'ပျော်ပျော်ပါးပါး မော်တော်ကားနဲ့' ဆိုသလိုပါပဲ၊ အားလုံး ပျော်ရွှင်ကြည်နူးနေကြတယ်။

ရေပေါ်မှာ ဆောက်ထားတဲ့ ခြေတံရှည်အိမ်ကလေးတွေ၊ ဟိုတယ်ကြီးတွေဟာ ရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်ခဲ့ကြသလို မျှော်ရည်စူးလို့ အမြတ်တနိုး လာရောက်ဖူးမြော်ရတဲ့ 'ဖောင်တော်ဦး' မြတ်စွာဘုရားရှင် ထံတော်ပါးရောက်ဖို့ကလည်း တစ်စ တစ်စ နီးကပ်လာပါပြီ။

အခုလို အိမ်ခြေရာခြေ ရွာကလေးတွေကို လှမ်းမြင်ရတဲ့အခါ 'အင်းလေး' အမည် ဖြစ်ပေါ်လာရတဲ့ မူကွဲတစ်ခုကို သတိရမိတယ်။ အခု 'အင်းလေးကန်' လို့ ခေါ်နေတဲ့ တန်ကြီးထဲမှာ အစဦးစွာ ရွာကြီးလေးရွာ စတင်တည်ထောင်ကြပါသတဲ့။ အဲဒီ ရွာတွေကတော့ (၁) ဝမ့်လုံ (ယခု ရွာကြီးဘန်းပုံ)၊ (၂) နမ့်ပန်၊ (၃) နောင်တောင်း (ယခု နောင်တော)၊ (၄) ဟိုင်းယ (ယခု ဟဲယာရွာမ) တို့ဖြစ်ပါတယ်။ အဲဒီ ရွာ (၄) ရွာကို အကြောင်းပြုပြီး "အင်း(၄)ရွာ = အင်းလေးရွာ' ဆိုတဲ့ အမည်တွင်ခဲ့ပါတယ်။ နောင် ကာလရွေ့လျောလာတဲ့အခါ 'ရွာ' ကိုဖြုတ်ပြီး 'အင်းလေး' လို့ ခေါ်လာကြရာက ကန်ကြီးကိုလည်း 'အင်းလေးကန်' လို့ ခေါ်လာကြတာတဲ့။

အင်းလေးကန်ဟာ ပင်လယ်ရေမျက်နှာပြင်ထက် (၂၉၇၅)ပေမှာ တည်ရှိပြီး အရှေ့ဘက်မှာ ဆင်တောင်၊ လွိုင်

www.burmeseclassic.com



ကြိုတ်ကြိုတ်တိုးတဲ့ ရွှေသက်နန်းအလှူတော်



စွင်ဦးကျောင်း၊ မဟာဦးကျောင်း ဖောင်တော်ကိန်းဝပ်ရာ

ခေါ်တောင်၊ လွိုင်ငန်းတောင်၊ သက်လွတ်တောင်နဲ့ အနောက်ဘက်မှာ လက်မောင်းကွေးတောင်၊ ရွှေမြင်တင် (ရွှေမြင်ထင်) တောင်၊ တောင်ခမောက်တောင်၊ ရွှေအင်းတိန်တောင်၊ ရွှေဥဒေါင်းတောင်တွေက ကန်ပေါင်ကြီးတွေသဖွယ် ကာဆီးပေးထားပြီး မြောက်ဘက်ကနေ တောင်ဘက်ကို စီးဆင်းနေတဲ့ ကန်ရှည်ကြီး ဖြစ်ပါတယ်။

အင်းလေးကန် ရေပြင်ဧရိယာဟာ ရှေးအခါတုန်းက (၁၀၀)စတုရန်းမိုင် ရှိခဲ့ပြီး ယနေ့အခါ (၆၀)စတုရန်းမိုင် ရှိတယ်လို့ ဆိုပေမယ့် နွေရာသီ ရေနည်းတဲ့အချိန်မျိုးမှာ (၄၀)စတုရန်းမိုင်လောက်ပဲ ရှိတော့တယ်လို့ သိရပါတယ်။ အင်းလေးကန်ထဲကို နှစ်စဉ်စီးဝင်တဲ့ ရေပမာဏဟာ ကုဗပေသန်းပေါင်း ၄၀၀၀၀ (လေးသောင်း)လောက်ရှိပြီး နုန်းအနည်ထိုင်မှုက နှစ်စဉ် ကုဗပေ သန်း ၂၂ (နှစ်ဆယ့်နှစ်) သန်းလောက်ရှိတယ်။ ဒါကြောင့်မို့ အင်းလေးကန်ကြီးကို စနစ်တကျ ပြုပြင်ထိန်းသိမ်းဖို့ အရေးတကြီး လိုအပ်နေပါတယ်။ အရေးတကြီး လိုအပ်နေတာကို အရေးမကြီးသလို တော်ရိလျော်ရိ လုပ်နေကြမယ်ဆိုရင် နောင်နှစ်ပေါင်း (၅၅၀)လောက် ကြာတဲ့အခါ 'နုန်းပို့ပြင်ကြီး' ဖြစ်ပြီး အင်းလေးကန် ထာဝရ ပျောက်ကွယ်သွားလိမ့်မယ်လို့ ပညာရှင်တွေက ခန့်မှန်းတွက်ချက် သတိပေးထားပါတယ်။

အင်းလေးကန်ဟာ အလျား ၃၆ မိုင်နဲ့ (အကျယ်ဆုံးနေရာမှာ) အနံ ၈ မိုင်လောက် ရှိခဲ့ရာကနေ အခုဆိုရင် အလျား ၁၁ မိုင်နဲ့ အနံ ၄ မိုင်လောက်ပဲ ရှိတော့တယ်။ အင်းလေးကန်ရဲ့ ပျမ်းမျှရေအနက်ဟာ ၇ ပေလောက်ရှိပြီး



www.burmeseclassic.com

ရေအများဆုံးအချိန် (အောက်တိုဘာ)မှာ ပေ ၂၀ အထိ နက်ပါတယ်။ ရေအနည်းဆုံး (မတ်၊ ဧပြီ)လတွေမှာတော့ ၁၂ပေလောက် နက်ပါတယ်။ ဒီလောက်ကြီးကျယ်ခမ်းနားတဲ့ အင်းလေးကန်ထဲကို ရေတွေ ဘယ်ကနေ ဘယ်လိုဝင်လာသလဲ ဆိုတာကလည်း စိတ်ဝင်စားစရာအချက် တစ်ချက်ပါပဲ။

အဲဒီအချက်ကို မပြောခင် 'အင်းလေးမှာ မိုးခေါင်တဲ့အကြောင်း' ပုံပြင်လေးတစ်ပုဒ် ပြောပြချင်ပါတယ်။ 'အင်းလေးမှာ ရွာတဲ့မိုး' ကိုသာ ခံစားနားလည်တတ်သူတွေအဖို့ 'အင်းလေးမှာ ခေါင်တဲ့မိုး' အကြောင်း ပြောပြမယ်ဆိုလို့ မျက်ထားတော်ညို အလိုမကျ ဖြစ်သွားလေမလား၊ ဒါမှမဟုတ် အလန့်တကြား မျက်လုံးတွေများ ပြူးကုန်မလား။ ဘာပဲပြောပြော အင်းလေးမှာ မိုးခေါင်ခဲ့တဲ့ ပုံပြင်လေးကတော့ အမှန်တကယ် ရှိခဲ့ဖူးပါတယ်။ နားထောင်ကြည့်နော်။

အင်းလေး အရှေ့ဘက်ကမ်းမှာ သလဲဦး၊ ခွဲခြမ်း ဆိုတဲ့ ရွာတွေ ရှိတယ်။ အဲဒီရွာတွေရဲ့ တောင်ဘက် နှစ်ဖာလုံသာသာမှာ တောင်တန်းမကြီးနဲ့ မခို့တရို့လေး တွဲနေတဲ့ 'တောင်ပုလု' ကလေး ရှိတယ်။ တောင်ပုလုရဲ့ ခြေရင်းမှာ နတ်စင်ကလေးတစ်ခုရှိတယ်။ အင်းလေးဒေသမှာက အဲဒီလို နတ်စင်ကလေးတွေ တစ်ခုမကပါဘူး။ တော်တော်များများ ရှိပါတယ်။ နတ်အမည် နာမတွေကလည်း သူ့ပိုင်ရာဆိုင်ရာ ယုံကြည်ရာအလိုက် မှည့်ခေါ်သတ်မှတ်ထားကြတယ်။ အဓိက ယုံကြည်ပသတဲ့ နတ်ကတော့ 'ကိုးမြို့ရှင်နဲ့ ပုလဲယဉ်' ဖြစ်တယ်လို့ သိရပါတယ်။ အင်းထဲမှာ စက်လှေမောင်းတဲ့သူတွေ၊ ခရီးသွားတဲ့သူတွေဟာ 'ကိုးမြို့ရှင်နန်း'ရှေ့ရောက်ရင် ကွမ်းတစ်ယာနဲ့ ဂါရဝပြုပြီး အင်းရေပြင်ထဲ ပစ်ချလေ့ရှိပါတယ်။

အခု တောင်ပုလုခြေရင်းက နတ်စင်မှာလည်း နတ်တစ်ပါး ရှိပါတယ်။ အဲဒီနတ်က 'အရှင်ကြီး' လို့ ခေါ်ပါသတဲ့။ အကြောင်းကြီးငယ် ပေါ်ပေါက်တဲ့အခါ အရှင်ကြီးနတ်ကို ပူဇော်ပသပြီး တိုင်တည်ကြတယ်။ ရာသီဥတု ဖောက်ပြန်တဲ့အခါတွေမှာလည်း အရှင်ကြီးကို ပူဇော်ပသပြီး တိုင်တည်တတ်ကြတယ်။ အရှင်ကြီးကို ပူဇော်ပသဖို့ ချက်ပြုတ်တဲ့အခါ သီးသန့် မီးဖိုနဲ့ ချက်ပြုတ်ရပါတယ်။ အဲဒီ သီးသန့်မီးဖိုကို 'နတ်စဖို' လို့ ခေါ်တယ်။ ချက်ပြုတ်ပြီးစီးသွားတဲ့အခါ စားသောက်ဖွယ်ရာတွေနဲ့ အရှင်ကြီးကို ပူဇော်ပသကြတယ်။ 'နတ်စဖို' က ပြာကို ယူပြီးတော့ နတ်စင်ရှေ့မှာ ညီညီညာညာ ခင်းထားရသေးတယ်။ 'အရှင်ကြီး ကြိုက်ရာနဲ့ ပူဇော်ပါ့မယ်၊ သိသာထင်ရှားအောင် ပြသတော်မူပါ' လို့လည်း တိုင်တည်ပြောဆိုရတယ်။

နောင်တစ်နေ့မှာ အင်းလေးမှာ သရောကြီးခိုင်းပါလေရော။ သရောကြီးခိုင်းတယ် ဆိုတာက မိုးခေါင်ပြီး အစာရေစာ ငတ်မွတ်ခေါင်းပါးတာကို ပြောတာပါ။ အဲဒီတော့ ထုံးစံအတိုင်း အရှင်ကြီးကို ပူဇော်ပသတိုင်တည်ကြတာပေါ့။ နောက်တစ်နေ့မှာ ခင်းထားတဲ့ ပြာတွေကို သွားကြည့်တော့ လူခြေရာကို တွေ့ရတယ်။ အဲဒီလူခြေရာကလည်း ကျွဲကျောင်းသားလေး 'အလုံး' ဆိုသူရဲ့ ခြေရာဖြစ်နေတယ်။ အဲဒီတော့ ကျွဲကျောင်းသားလေး 'အလုံး'ဟာ အင်းလေးမှာ မိုးခေါင်တဲ့ဘေးက ကင်းဝေးရအောင် သူ့အသက်နဲ့ ယဇ်ပူဇော်လိုက်ရတယ်။

ဒါကြောင့် တောင်ပုလုလေးကို 'အလုံးတောင်'၊ တောင်ပေါ်က စေတီလေးကို 'အလုံးစေတီ' လို့ ယနေ့ထက်တိုင် ခေါ်တွင်နေကြလေရဲ့။

အဲဒါကတော့ အင်းလေးဒေသမှာ သရောကြီးခိုင်းလို့ မိုးခေါင်တဲ့ဘေးကနေ လွတ်ကင်းတောင် လူ့အသက်တစ်ချောင်း စတေးခံခဲ့ရတဲ့ အကြောင်းပါပဲ။ (အကျယ်ကို အလုံးတောင်၊ အင်းလေးပုံပြင်များ၊ လူထုဦးလှ၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၆၆ ခု နိုဝင်ဘာလထုတ် စာအုပ်မှာ ဖတ်ရှုနိုင်ပါတယ်။) ပုံပြင်လို့ပဲဆိုဆို၊ ဒဏ္ဍာရီလို့ပဲပြောပြော အင်းလေးကန်ကြီးကို စနစ်တကျ အရေးတကြီး စောင့်ရှောက်ထိန်းသိမ်းဖို့ သတိပေး နှိုးဆော်နေတဲ့ အားပေးလှုံ့ဆော်မှု ကစ်ခုအဖြစ် အစဉ်သတိရနေရမယ့် 'အင်းလေးမှာ ခေါင်တဲ့မိုး' ဇာတ်လမ်းတစ်ပုဒ်ပါပဲ။

ကဲ. . . အင်းလေးကန်ထဲကို ရေတွေ ဘယ်ကနေ ဘယ်လိုဝင်လာသလဲ ဆိုတာကို ရှာဖွေကြည့်ရအောင်။

အင်းလေးကန်ရဲ့ မြောက်ဘက်မှာ ညောင်ရွှေမြို့ကို ဖြတ်ပြီး စီးဝင်လာတဲ့ မိုင်းလီချောင်း၊ ညောင်ရွှေမြို့ ဖောင်တော်ပြန် ဖောင်တော်ဆိပ် အနောက်ဘက်ချောင်းအတိုင်း နန့်သဲရွာ၊ ဆီဆုံရွာတွေကို ဖြတ်ပြီး စီးဝင်လာတဲ့ နမ့်ကပ်ချောင်း၊ အနောက်မြောက်ဘက်မှာ ရေပါယ်ရေဦးချောင်းနဲ့ ရွာသစ်ချောင်းတွေဟာ နမ့်ကပ်ချောင်းထဲကို ပေါင်းဆုံစီးဝင်ကြတယ်။ အနောက်ဘက်မှာ သဲဖြူချောင်း၊ ရေဦးမချောင်းနဲ့ သန်းတောင် ငါးမြောင်းချောင်း၊ အင်းတိန်ချောင်း၊ အရှေ့ဘက်မှာ ဆင်တောင်ရေကျချောင်း၊ နန်းသီတာရေကျချောင်း၊ ရွှေလင်ပန်းချောင်း၊ နမ့်ရင်မူချောင်း၊ ချောင်းစောက်ချောင်း၊ ဘုရားနီချောင်း၊ ပန်းတင်ချောင်း၊ နမ့်လီချောင်း၊ ရေပူချောင်း၊ ကန်တပေ့ါချောင်း၊ ဟဲခန်းချောင်း၊ နမ့်မယ်ဆင်ချောင်းတွေဟာ အင်းလေးကန်ထဲကို စီးဝင်နေကြတယ်။

အင်းလေးကန်ထဲကို အရပ်မျက်နှာ အသီးသီးကနေ ချောင်းပေါင်း (၂၀) စီးဝင်နေကြတယ် ဆိုပါတော့။ အင်းအရှေ့ဘက်က စီးဝင်တဲ့ချောင်းတွေမှာ နုန်းမြေပါဝင်မှု နည်းပါးပြီး အင်းအနောက်ဘက်က စီးဝင်တဲ့ချောင်းတွေမှာတော့ နုန်းမြေ ပို့ချမှု များပါတယ်။ အင်းလေးကန်ရဲ့ အနောက်ခြမ်းမှာ သဘာဝကျွန်းမျောတွေ၊ ဖို့မြေတွေပေါ်မှာ အိမ်ဆောက်တာတွေ ရှိနေတဲ့အတွက် 'ရေမမည်၊ ကုန်းမပီ' နေရာသစ်တွေ ဖြစ်ပေါ်နေတယ်လို့လည်း သိရပါတယ်။

ဒေသခံတစ်ဦးကတော့ အခုလို ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဆိုပါတော့ဗျာ၊ ကျွန်တော်တို့ စက်လှေသမားတွေဟာ ကိုယ့်စက်လှေ ကြံ့ခိုင်တောင့်တင်းဖို့ စက်ပိုင်းရော၊ ကိုယ်ထည်ပိုင်းရော အမြဲတမ်း စစ်ဆေးပြုပြင်ပေးရတယ်၊ ဒါမှ ကိုယ့်ကို ထမင်းကျွေးနေတဲ့ ကျေးဇူးရှင်အပေါ် သိတတ်ရာရောက်မှာပေါ့။ နောက်ပြီးတော့ စက်လှေဆိုတာကလဲ မြေကြီးပေါ် မောင်းလို့ရတာ မဟုတ်ဘူး၊ ရေထဲမှာ မောင်းရတာ၊ တကယ်တော့ ဒီအင်းလေးကန်ကြီးဟာ ကျွန်တော်တို့ အင်းလေးကန်ဒေသသားတွေရဲ့ အသက်သခင် ကျေးဇူးရှင်ပါပဲ၊ ကိုယ့်ကျေးဇူးရှင် ကျန်းကျန်းမာမာနဲ့ အသက်ရှည်ရှည် နေနိုင်အောင် ကျွန်တော်တို့အားလုံး ပြုစုစောင့်ရှောက်ရမှာပေါ့"တဲ့။

သူပြောတာ အလွန်မှတ်သားဖို့ ကောင်းတယ်။ အင်းထဲမှာ စက်လှေမောင်းနေသူတစ်ဦးရဲ့ နှုတ်ပါးစပ်က ဒီစကားလုံးတွေ ထွက်လာတာဟာ ဘဝပေးအသိကနေ ပွင့်အန်လာတာပဲ ဖြစ်မယ်။ တာဝန်ရှိသူတွေရဲ့ နှုတ်ဖျားက ဒီစကားလုံးတွေထက် အဆင့်မြင့်တဲ့ စကားလုံးတွေကိုတော့ မကြာမကြာ ကြားသိနေရပါတယ်။ ဒါပေမဲ့ အင်းလေးကန်ရဲ့ သဘာဝပတ်ဝန်းကျင် အဆင့်အတန်းက တစ်စထက်တစ်စ တိုးတက်မလာပါဘူး။ နိုင်ငံတော်ဘတ်ဂျက် (ဥပမာ) ဆယ်သိန်းချပေးတာကို သုံးသိန်းဖိုး အထွေထွေအသုံးပြုပြီး ခုနစ်သိန်းဖိုးလောက် အလုပ်လုပ်ပေးမယ်ဆိုရင်တောင် အင်းလေးကန်ရဲ့ သဘာဝအလှဟာ မျှစ်စို့ပေါက်ကြီးလို ဖြစ်လာမှာပါ။ ဒီလိုမဟုတ်ဘဲ ပြောင်းပြန်အချိုးနဲ့ ဆက်လက်ချီတက်နေကြမယ်ဆိုရင်တော့ အင်းလေးကန်ကြီးဟာ မျှစ်စို့ပေါက် ရေဆေးငါးကြီး ဖြစ်မလာဘဲ ငါးကျည်းခြောက်၊ မီးယပ်ပိန် မီးယပ်ခြောက်ဘဝ ရောက်ရှိဖို့ပဲ ရှိပါတော့တယ်။

အဲဒီအခါ အခုလို 'မိုးတအေးအေး ရေဖွေးဖွေးမှာ လှေကလေးစီးပြီး ဖောင်တော်ဦးဘုရား သွားကြတယ်' ဆိုတဲ့ အပြောအဆို အရေးအသားတွေကို နောင်လာနောက်သားတွေဟာ ဒဏ္ဍာရီပမာ တအံ့တသြ ဖြစ်နေကြတော့မှာပါ။

အခုတော့ ဒဏ္ဍာရီ မဟုတ်ပါဘူး။ တကယ် အစစ်အမှန် မိုးတအေးအေး ရေဖွေးဖွေးမှာ လှေကလေးစီးပြီး ဖောင်တော်ဦး ဘုရားဖူး သွားနေကြပါပြီ။

'ဖောင်တော်ဦး' ဘုရား ဆိုတာက ဒေသခံ အင်းသူအင်းသားတွေရော မြန်မာပြည်အရပ်ရပ်က ဗုဒ္ဓဘာသာဝင် ရဟန်း၊ ရှင်၊ လူတွေအတွက်ပါ တန်ဖိုးဖြတ်လို့မရတဲ့ ရတနာမြတ်ကြီး တစ်ပါးပါပဲ။

အင်းသူ အင်းသားတွေဟာ တစ်နှစ်တစ်ခါ ဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ပွားတော်မြတ်များ ဒေသစာရီ ကြွချီတော်မူတဲ့အခါ ထူးထူးကဲကဲ မွန်မွန်မြတ်မြတ် လှူဒါန်းပူဇော်ကြသလို ထူးခြားတဲ့ အတိတ် နိမိတ်တွေကိုလည်း ယုံယုံကြည်ကြည် လေးလေးစားစား ကောက်ယူမှတ်သားကြပါတယ်။

ဆိုပါတော့ ငါးဖယ်ချောင်း ကျောင်းကြီးမှာ ဖောင်တော်ဦး ရုပ်ပွားတော်မြတ် ဒေသစာရီ ကြွချီရင်း သီတင်းသုံးတော်မူတဲ့အခါ ပရိသတ် သောက်သုံးဖို့ တည်ထားတဲ့ ရေချမ်းစင်က သောက်ရေအိုးတွေဟာ ခဏ ခဏ ရေကုန်ပါတယ်။ အဲဒီ အတိတ်၊ နိမိတ်ကိုကြည့်ပြီး 'ဒီနှစ်တော့ အင်းလေးမှာ ရေရှားလိမ့်မယ်' လို့ ဟောကိန်းထုတ်ကြတယ်။ အမှန်ပါပဲ၊ အဲဒီနှစ်မှာ အင်းလေးကန်ဟာ သိသိသာသာ ရေနည်းသွားပါတယ်။

၁၉၆၅ ခုနှစ်မှာ ဖောင်တော်ဦး မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူရင်း ဟဲယာရွာမကနေ ကျေးတား (ကြေးစား) ကုန်းကို ကြွချီတော်မူတဲ့အခါ မြေနီကုန်းရွာ အရှေ့တောင်ထောင့်ကနေ မိုးသက်လေပြင်း တိုက်ခတ်ရွာသွန်းတဲ့အတွက် ကရဝိက်ဖောင်တော် တိမ်းမှောက်တော်မူခဲ့ရပါတယ်။ ရုပ်ပွားတော်မြတ် နှစ်ဆူ ရေထဲကျတော်မူလို့ ရှာဖွေပင့်ဆောင်ကြရတယ်။ အဲဒီနှစ်မှာ အင်းလေးဒေသဟာ ဘေးအန္တရာယ် အမျိုးမျိုး ကြုံတွေ့ခဲ့ရတာ အထင်အရှားပါပဲ။

တော်သလင်း လကွယ်နေ့ နံနက်ခင်း ခုနစ်နာရီမှာ ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ပွားတော်မြတ်တွေ ဒေသစာရီ ကြွချီဖို့ ပြာသာဒ်ဦးပလ္လင်တော်ကနေ စီးတော်လှေစံကျောင်းပေါ် ကြွချီတော်မူရာမှာလည်း တစ်နာရီလောက်ကြာအောင် မှောင်အတိကျခဲ့ဖူးတယ်။ မိုးလေကင်းစင်နေပါရက်နဲ့ ညအခါလို မှောင်မည်းနေခဲ့တာပါ။

ဖောင်တော်ဦးမြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူတဲ့အခါ ဆီမီး အလှူများတဲ့နှစ်မှာ ဆီပေါမယ်၊ ကောက်ပဲသီးနှံတွေ အလှူများတဲ့နှစ်ဆိုရင် ဆန်ရေစပါး ပေါများမယ်၊ ပိုက်ဆံပင် (ငွေပဒေသာပင်) အလှူများတဲ့ နှစ်ဆိုရင် ငွေအဖွေးသား ကိုင်ရမယ် စတဲ့ အတိတ်၊ နိမိတ်တွေ ကောက်ယူလေ့ရှိကြပြီး ကောက်ယူတိုင်းလည်း မှန်ကန်လေ့ရှိပါတယ်။

အထူးသဖြင့် အတိတ်၊ နိမိတ် ကောက်ယူတဲ့ နေရာကတော့ ဟဲယာရွာမ (ယခင်အခေါ် ဟိုင်းယ) အဝင်မှာတစ်ကြိမ်၊ ဂန္ဓကုဋိကျောင်းတော်ကြီးက ဆင်းသက်တော်မူတဲ့အချိန်မှာ တစ်ကြိမ် ကောက်ယူလေ့ရှိပါတယ်။

ဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ပွားတော်မြတ် (ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရား) ငါးဆူနဲ့ ပတ်သက်ပြီး အထူးမှတ်သားဖို့ အချက်တစ်ချက် ရှိပါတယ်။ အဲဒါက 'မြတ်စွာဘုရား ရုပ်ပွားတော်မြတ် ငါးဆူ'လို့ ပြောဆိုရေးသားမှတ်သားနေကြတဲ့ ကိစ္စပါပဲ။ တကယ်တော့ မြတ်စွာဘုရား ရုပ်ပွားတော်မြတ်က သုံးဆူဖြစ်ပြီး ရဟန္တာရုပ်ပွားတော်မြတ်က နှစ်ဆူဖြစ်တယ်လို့ သိမှတ်ရပါတယ်။

မှတ်တမ်းမှတ်ရာ စာအုပ်စာတမ်းတွေထဲမှာကတော့-

'အလောင်းစည်သူမင်းကြီးအား မလ္လာယုကျွန်း၌ သိကြားမင်းက ဆက်သအပ်နှင်းလိုက်သော ဒက္ခိဏသာခါ


www.burmeseclassic.com

www.burmeseclassic.com



အင်းလေးဖောင်တော်ဦးဘုရား ဩဝါဒါစရိယ ဆရာတော်ကြီးများ

မဟာဗောဓိသားနှင့်တကွ သရက္ခန်နံ့သာနှစ် အသားတို့ကို ရုပ်ပွားတော် ငါးဆူ ထုလုပ်စေတော်မူပြီးလျှင် ဖောင်တော်ရှေ့ဦးတွင် ပင့်တင်ကိုးကွယ် ယူဆောင်တော်မူလျက် ပုဂံမြို့သို့ ရောက်တော်မူလေသည်' လို့ ဖော်ပြထားတယ်။

အဲဒီမှတ်တမ်းထဲမှာ 'ရုပ်ပွားတော်ငါးဆူ' လို့ ဖော်ပြထားပါတယ်။ 'ဗုဒ္ဓရုပ်ပွားတော်'၊ 'ရဟန္တာရုပ်ပွားတော်' လို့ ခွဲခြားဖော်ပြမထားတာကိုလည်း သတိပြုမိပါတယ်။

'အင်းလေး ဖောင်တော်ဦးဘုရားသမိုင်း' ဆိုတဲ့ မှတ်တမ်းထဲမှာလည်း . . . 'အလောင်းစည်သူမင်းကြီးသည် ဇမ္ဗူသပြေပင်ရင်းသို့ ဆိုက်ရောက်တော်မူလေ၏။ ဇမ္ဗူသပြေပင်ရင်းသို့ ရောက်သောအခါ ဗိုလ်ရှုသဘင် ခံယူတော်မူလေ၏။ ထိုအခါ ဟိမဝန္တာ တောအရပ်မှလာသော ဘီလူးမသည် သားငယ်ကိုပိုက်၍ မြစ်ကမ်းနားကနေပြီး ကြည့်လေသည်။ ဘီလူးမသည် သားငယ်ကို လက်ကလွတ်၍ ရေသို့ကျလေ၏။ ထိုဘီလူးမသည် ပြင်းထန်စွာ ငိုကြွေးလေသည်။ ထိုသို့ ငိုကြွေးမြည်တမ်းသော အသံကို မင်းကြီး ကြားတော်မူလေသော် ယမထာကြိမ်လုံးနှင့် ရေကို ပုတ်ခတ်လိုက်ရာ ရေစောင့်နတ်ထွက်ပေါ်လာသည်။ ဘီလူးမ၏သားငယ်ကို ရေစောင့်နတ်က ဆယ်ယူပေးအပ်သဖြင့် ဘီလူးမ ဝမ်းသာလှပေ၏။ ထိုအခါ ဘီလူးမက မိမိနေရာ တောအရပ်သို့ ဝင်ရောက်ပြီး အနံ့မွှေးကြိုင်လှသော သရက္ခန်အစစ်ကို ဖြတ်၍ လာရောက် ဆက်သလေသည်' လို့ ဖော်ပြထားချက်ကို တွေ့ရတယ်။


အဲဒီတော့ အထက်တစ်နေရာမှာ 'အလောင်းစည်သူမင်းကြီးအား မလ္လာယုကျွန်း၌ သိကြားမင်းက ဆက်သအပ်နှင်းလိုက်သော ဒက္ခိဏသာခါ မဟာဗောဓိသားနှင့်တကွ သရက္ခန်နံ့သာနှစ် အသားတို့ကို. . .' လို့ ဆိုထားပြီး နောက်ထပ် မှုကွဲတစ်ခုမှာက 'ဘီလူးမက မိမိနေရာ တောအရပ်သို့ ဝင်ရောက်ပြီး အနံ့မွှေးကြိုင်လှသော သရက္ခန်အစစ်ကိုဖြတ်၍ လာရောက်ဆက်သလေသည်' လို့ ဆိုပြန်ပါတယ်။

ဒါဆိုရင် 'ဖောင်တော်ဦးရုပ်ရှင်တော်' ငါးဆူ ထုလုပ်ထားတဲ့ အသားဟာ သိကြားမင်း ဆက်သတာက အမှန်လား၊ ဘီလူးမ ဆက်သတာက အမှန်လားဆိုတာ ဝေဝေဝါးဝါး ထွေပြားစရာ ဖြစ်မယ်ဆို ဖြစ်စရာပါပဲ။

မည်သို့ပင် ဆိုစေကာမူ 'အင်းလေးဖောင်တော်ဦးဘုရားသမိုင်း' ရဲ့ အဆိုအမိန့်ကို မူထားပြီး ကြည်ညိုကြည့်တဲ့အခါ အလောင်းစည်သူမင်းကြီးဟာ မြင်းမိုရ်တောင်ကို သွားလိုတဲ့ဆန္ဒတွေ ထက်သန်ပြင်းပြနေတဲ့အချိန် သိကြားမင်းက ကိုယ်ထင်ရှားပြပြီးတော့ မြင်းမိုရ်တောင်ကို မသွားဖို့ မေတ္တာရပ်ခံတယ်လို့ ဆိုပါတယ်။

မသွားဖို့ တားမြစ်ရတဲ့ အကြောင်းရင်းကို စစ်လိုက်တော့ ဗုဒ္ဓမြတ်စွာ သာသနာတော်ရဲ့ အကျိုးစီးပွားကို ဆောင်ရွက်စေလိုတဲ့အတွက်ကြောင့် ဖြစ်တယ်လို့ သိရတယ်။ မင်းကြီးအနေနဲ့ မြင်းမိုရ်တောင်ကို သွားနေမယ်ဆိုရင် သာသနာပြုလုပ်ငန်းတွေ ဘယ်လုပ်နိုင်တော့မလဲ။

www.burmeseclassic.com



စောင်းကျကရဝိက် ဖောင်တော်ညိတ်သည် သည်းထိတ်ရင်ဖွင်း သည်ရှုခင်း

ပြီးတော့ သိကြားမင်းက သာသနာတော် တည်နေသမျှ သတ္တဝါအပေါင်းတို့ ကိုးကွယ်ပူဇော်နိုင်ရအောင် ဘုရားရုပ်တုတော်မြတ်ကို ပေးအပ်ပါ့မယ်လို့ ပြောပါတယ်။ အဲဒီလို ပြောပြီးတော့ မင်းကြီးကို ဘီလူးမဆက်သထားတဲ့ သရက္ခန်သားကို တောင်းယူပြီး ရုပ်တုတော်မြတ် ငါးဆူ ထုလုပ်တော်မူပါတယ်။ သရက္ခန်သားအစ၊ သပြေသားအစ၊ ဗောဓိသားအစ စူးစာ၊ ဆောက်စာတွေကို စုပေါင်းပြီး 'မြတ်ပေါင်းမဥ္ဇူဘုရား' တစ်ဆူကိုလည်း စီရင်တော်မူပါတယ်။

ရုပ်တုတော်မြတ်တွေမှာလည်း မြတ်စွာဘုရားရှင်ရဲ့ ဓာတ်တော်၊ မွေတော်တွေ ထည့်သွင်းဌာပနာတော်မူပါတယ်။ အားလုံး ပြီးစီးအောင်မြင်တဲ့အခါ သိကြားမင်း ပေးအပ်ဆက်သလိုက်တဲ့ ရုပ်ပွားတော်တွေဟာ သရက္ခန်ရုပ်တုတော်မြတ် ငါးဆူ၊ မြတ်ပေါင်းမဥ္ဇူဘုရား တစ်ဆူ၊ ရှင်ဖြူရုပ်တုတော် တစ်ဆူ၊ ရှင်လှရုပ်တုတော် တစ်ဆူ၊ စုစုပေါင်း ရုပ်တုတော်မြတ် ရှစ်ဆူ ဖြစ်ပါတယ်။

အဲဒီကနေပြီးတော့ အလောင်းစည်သူမင်းကြီးဟာ ဆက်လက်တိုင်းခန်းလှည့်လည်တော်မူတဲ့အခါ သောတာပန်နတ်ကြီးက အရှေ့တောင်ညိုတောင်တန်းကြီး၌ နောင်အခါ သာသနာတော် ထွန်းကားလိမ့်မယ်။ ဒီတောင်ရဲ့ အရှေ့ဘက်မှာ မဟာနဂရပြည်ကြီး ပေါ်ပေါက်လာလိမ့်မယ်။ ဒါကြောင့် သရက္ခန်ရုပ်တုတော်မြတ် ငါးဆူကို ဌာပနာတိုက် တည်ဆောက်ပြီး ဌာပနာဖို့ တိုက်တွန်းတယ်။

မင်းကြီးကလည်း သောတာပန်နတ်ကြီး တိုက်တွန်းတဲ့အတိုင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ ရုပ်ပွားတော်မြတ် လေးဆူတို့ကို ဆင်တော်မင်္ဂလာပေါ်ကို ပင့်ဆောင်တယ်။

ပဥ္စမရုပ်တုတော်ကိုတော့ ဆင်တော်မင်္ဂလာပေါ် ပင့်ဆောင်လို့ မရတာမို့ သရက္ခန်ရုပ်ပွားတော်မြတ် လေးဆူနဲ့ အတူ မြတ်ပေါင်းမဥ္ဇူဘုရားကို ဆင်တော်မင်္ဂလာပေါ် ပင့်ဆောင်ပြီး လွှတ်တော်မူတယ်။

ဆင်တော်မင်္ဂလာဟာ သန်းထောင်အရပ် ဖောင်တော်ပေါက် တောင်ခြေရင်း ရောက်တဲ့အခါ ရပ်တန့်နေတာမို့ အဲဒီအရပ်မှာ ဌာပနာတိုက် တည်ထားပြီး ရုပ်ပွားတော်မြတ်တွေကို ဌာပနာတယ်။



ရွှေဖောင်တော်ဦး ဘုန်းတော်ထူးကို ဖူးမြော်ကြည်သို ရုပ်ထိုထိုမှ



www.burmeseclassic.com

www.burmeseclassic.com

အဲဒီမှာ မြတ်ပေါင်းမဉ္ဇူဘုရား ရုပ်ပွားတော်မြတ် ပင့်ဆောင်တင်ထားတဲ့ ဆင်တော်မင်္ဂလာဟာ တောင်ဘက်အရပ်ကို ဆက်လက်ထွက်ခွာသွားတဲ့အတွက် မင်းကြီးလည်း နန်းတော်ကို ပြန်လည်ပင့်ဆောင်သွားမယ်လို့ ကြံစည်တဲ့အခါ သောတာပန်နတ်မင်းကြီးက မြတ်ပေါင်းမဉ္ဇူဘုရားကို မဟာဂါမရွာကြီးမှာ အပ်နှံထားပါ။ ဒါမှသာ နောင်အခါ သရက္ခန်ရုပ်ပွားတော်မြတ်များနဲ့ အတူတူ သီတင်းသုံးလိမ့်မယ်လို့ ပြောပါတယ်။ ဒါကြောင့် မြတ်ပေါင်းမဉ္ဇူ ရုပ်ပွားတော်မြတ်ကို မဟာဂါမရွာကျောင်း ဆရာတော် အရိယဓဇမွရာသီထံမှာ အပ်နှံပြီး ရေစက်သွန်းချ အမျှအတန်း ပေးဝေတယ်။


အဲဒီဖြစ်ရပ်ဟာ ခရစ်နှစ် ၁၁၁၃ ခုနှစ်၊ မြန်မာနှစ် (၄၇၄-၄၇၅) ခုနှစ်လောက် ဖြစ်ပေါ်ခဲ့ပြီး မြန်မာနှစ် ၇၂၁ ခုနှစ် ညောင်ရွှေစော်ဘွားကြီး စီဆိုင်ဖလက်ထက် ရောက်လာတယ်။ အဲဒီအချိန်မှာ သန်းထောင်ရပ် တစ်နေရာမှာ ရောင်ခြည်တော် ကွန့်မြူးနေတာကို လူအများ ဖူးမြင်ကြတယ်။

စော်ဘွားကြီးကို အသိပေး လျှောက်ထားတဲ့အခါ စော်ဘွားကြီးလည်း ရောင်ခြည်တော်ကွန့်မြူးရာ အရပ်ကို သွားရောက်ဖူးမြော်တယ်။ ချုံနွယ်ပိတ်ပေါင်းတွေကို ရှင်းလင်းရှာဖွေကြတဲ့အခါ ဥာပနာတိုက်အတွင်းမှာ ရုပ်ပွားတော်မြတ်လေးဆူကို ဖူးမြင်ရပါတယ်။ ရုပ်ပွားတော်မြတ် လေးဆူတို့ကို ပင့်ဆောင်လာပြီး ညောင်ရွှေမြို့မှာ ကိုးကွယ်ပူဇော်ထားတယ်။ ပထမ ပင့်လာလာချင်း ဟော်နန်းအတွင်းမှာ ကိန်းဝပ်စံပယ်ပူဇော်ထားပေမယ့် နောင်အခါမှာတော့ ပြာသာဒ်မဏ္ဍပ်အတွင်းမှာ ပင့်ဆောင်စံပယ်ပြီး အများပြည်သူတွေကိုပါ ဖူးမြော်ပူဇော်စေပါတယ်။ ရုပ်ပွားတော်မြတ်တို့ကိုလည်း ရှမ်းဘာသာနဲ့ 'စောက်ပျားလုံးမိုင်း'၊ 'စဝ်ဖရားလုံးမိုင်း' လို့ ဘွဲ့အမည် ပူဇော်တယ်။ မူလ ဘွဲ့အမည်ကတော့ ဖောင်တော်ဦးမှာ စံပယ်ပူဇော်တဲ့ ဘုရားမို့ 'ဖောင်တော်ဦးဘုရား' ဖြစ်ပါတယ်။

မြန်မာနှစ် ၉၇၇ ခုနှစ် ရောက်တဲ့အခါ ညောင်ရွှေမြို့မှာ အမျိုးသမီးစော်ဘွား 'စောနန်းဖဲ' အုပ်ချုပ်တယ်။ စောနန်းဖဲရဲ့ အမည်နာမနဲ့ပတ်သက်ပြီး 'စောက်နန်းဖဲ'၊ 'စဝ်နန်းပေး'၊ စောဝ်နန်းဖဲ' ဆိုတဲ့ အရေးအမှတ်တွေလည်း ရှိပါတယ်။

စောနန်းဖဲ လက်ထက်မှာ ညောင်ရွှေမြို့ဟာ ပြင်ပကျူးကျော်နှောင့်ယှက်မှုနဲ့ ကြုံရတယ်။ အဲဒါကြောင့် 'ဖောင်တော်ဦး ရုပ်ပွားတော်မြတ်' တွေကို ရွှေအင်းတိန်ဘုရားကြီးရဲ့ အရံစောင့် အသီးတော်များနေရာ ရပ်ကွက်မှာ ကျောင်းတော်ကြီး ဆောက်လုပ်ပြီး ပင့်ဆောင်ပူဇော်ထားတယ်။ မဟာဂါမရွာကျောင်းမှာ အလောင်းစည်သူမင်းကြီး အပ်နှံခဲ့တဲ့ မြတ်ပေါင်းမဉ္ဇူ ရုပ်ပွားတော်မြတ်လည်း အဲဒီကျောင်းတော်ကြီးမှာ ကြွရောက်စံပယ် သီတင်းသုံးတော်မူတယ်။ ဒါကြောင့် ရုပ်ပွားတော် ငါးဆူ ဖြစ်သွားပါတယ်။

အရံစောင့် အသီးတော်များ နေထိုင်ရာအရပ်ကို 'ဖောင်တော်ဦးရွာ' လို့ ခေါ်ပါတယ်။ အဲဒီအရံစောင့် အသီးတော်တွေဟာ အနော်ရထာ ဘုရင်မင်းမြတ် လက်ထက်တော်ကတည်းက တာဝန်ပေးအပ်ထားတဲ့ အမှုတော်ထမ်းအဆက်အနွယ်တွေ ဖြစ်ပါတယ်။ အခု သိကြားမင်းကိုယ်တိုင် စီမံထုလုပ်တဲ့ ရုပ်ပွားတော်မြတ် ငါးဆူဟာ 'ဖောင်တော်ဦးရွာ' ကျောင်းတော်ကြီးမှာ ကိန်းဝပ်စံပယ် သီတင်းသုံးတော်မူတဲ့ အချိန်ကစပြီး ရုပ်ပွားတော်မြတ်တွေရဲ့ မူလ ဘွဲ့အမည်တော်ဖြစ်တဲ့ 'ဖောင်တော်ဦးဘုရား' ဘွဲ့အမည်တော်ဟာ ပေါ်လွင်ထင်ရှား တည်မြဲသွားပါတော့တယ်။



အင်းလေးဖောင်တော်ဦး
ရင်ပြင်တော်ရှိ
ဗုဒ္ဓသာသနာထိန်ထိန်လင်း
ကျောင်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

'ဖောင်တော်ဦးဘုရား' ဘွဲ့အမည်တော်ဟာ တည်မြဲသွားပေမယ့် ရုပ်ပွားတော်မြတ်တို့ ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိကျောင်းတော်ကြီးကတော့ ၁၁၃၃ ခုနှစ်မှာ မီးခတော်မူခဲ့ရပါတယ်။ ဒါကြောင့် ရွာကြီးဘန်းပုံအရပ်မှာ ကျောင်းတော်အသစ် ဆောက်လုပ်ပြီး ကိန်းဝပ်စံပယ်တော်မူပါတယ်။

ရွာကြီးဘန်းပုံ ကျောင်းတော်ကြီးဟာလည်း ၁၂၄၃ ခုနှစ်မှာ မီးခတော်မူပြန်လို့ သာလေးကျေးရွာအုပ်စု နမ့်ဟူး (နန်းဟူး)ရွာမှာ ကျောင်းတော်သစ် ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ ထာဝရကျောင်းတော်ကြီးကို ၁၂၅၂ ခုနှစ်မှာ တည်ဆောက်ပြီး ဖောင်တော်ဦး ရုပ်ပွားတော်ငါးဆူ ကိန်းဝပ်စံပယ်တော်မူခဲ့ပါတယ်။

အဲဒီ ထာဝရကျောင်းတော်ကြီးဟာလည်း တစ်စတစ်စ ယိုယွင်းပျက်စီးလာတဲ့အတွက် ၁၃၁၃ ခုနှစ်မှာ ဖျက်သိမ်းပြီး ယခုလက်ရှိ ကျောင်းတော်ကြီးကို ၁၃၁၄ ခုနှစ်မှာ စတင်အုတ်မြစ်ချ တည်ဆောက်ခဲ့တယ်။ ၁၃၁၇ ခုနှစ်မှာ ဘုရားကျောင်းတော်တက်ပွဲပြီး ကျင်းပနိုင်ခဲ့ပြီး ၁၃၁၈ ခုနှစ်မှာတော့ ထီးတော်ကို အောင်မြင်စွာ တင်လှူနိုင်ခဲ့ပါတယ်။


အင်းလေး ဖောင်တော်ဦး ရုပ်ပွားတော်မြတ် လေးဆူဟာ နှစ်စဉ် သီတင်းကျွတ်လဆန်း ၁ ရက်နေ့ကစပြီး လပြည့်ကျော် ၃ ရက်အထိ အင်းလေးထဲက ရွာ ၂၀ နဲ့ ညောင်ရွှေမြို့ကို ၁၈ ရက်ကြာ ဒေသစာရီကြွချီ အပူဇော်ခံတော်မူပါတယ်။

အင်းသူ အင်းသားတွေဟာ ဖောင်တော်ဦးဘုရားပွဲတော်ရက်ဆိုရင် ဘယ်မြို့ ဘယ်ရွာ ရောက်နေပါစေ မပြန်ရမနေနိုင်ကြပါဘူး။ မြန်မာပြည်အရပ်ရပ်က ဗုဒ္ဓဘာသာဝင်တွေကလည်း ဖောင်တော်ဦးဘုရား ပွဲတော်ရက်ကိုလာရောက်ဖို့ ကြိုးစားကြသလို နိုင်ငံခြားသား ခရီးသည် တချို့ဟာလည်း ဒီနေ့ကို ချိန်ကိုက်ပြီး ကြိုးစားလာရောက်လေ့ ရှိကြပါတယ်။

ဖောင်တော်ဦးဘုရား ဒေသစာရီ ကြွချီတော်မူတဲ့ အချိန်ဟာ အင်းထဲမှာတော့ အစည်ကားဆုံးနဲ့ ပျော်စရာအကောင်းဆုံး အချိန်ပေါ့။

"အင်းလေးကန်ဆီ၊ လှိုင်းပြာရီ
ဝေစည်ပွင့်တော၊ ကြာညိုပေါ
လေ့လေ့ဟော လေ့လေ့ဟော။
တို့အင်းမှာလေ၊ ကျင်းမြဲပေ
ပြိုင်လှေသင်းဖြော၊ ပွဲခင်းသော
လေ့လေ့ဟော လေ့လေ့ဟော။
မိုးကမခေါင်၊ ရေကဖောင်
နေရောင်ဆမ်းသော၊ လှိုင်းဖွေးငေါ
လေ့လေ့ဟော လေ့လေ့ဟော။"

ဆိုတဲ့ မောင်လူခဲ (အင်းလေး)ရဲ့ 'တို့အင်းလေး လှေသဘင်' ကဗျာထဲကလိုပါပဲ။ အဲဒီအချိန်မှာ လှေပြိုင်ပွဲတွေကလည်း ခြိမ့်ခြိမ့်အုန်းအုန်း။ လက်နဲ့မလှော် ခြေနဲ့လှော်တဲ့ လှေပြိုင်ပွဲမျိုးကို ကမ္ဘာမှာ ဒီတစ်နေရာတည်းသာ မြင်ခွင့်ရတဲ့အတွက်လည်း ရွှေပွဲလာတွေ အထူးနှစ်သက်ကြပါတယ်။



အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်ငါးဆူကိုယ်စား ကိုယ်ပွားတော်မြတ်များ

ဖောင်တော်ဦး ရုပ်ပွားတော်မြတ်တွေ ဒေသစာရီ ကြွချီတော်မူတဲ့အခါ ရှေးယခင်က ရုပ်ပွားတော်မြတ် ငါးဆူ ကြွချီတော်မူတာ ဖြစ်ပေမယ့် အခုတော့ လေးဆူသာ ကြွချီတော်မူပါတယ်။

ဒေသစာရီ ကြွချီတော်မူတဲ့ အပူဇော်ခံပွဲမှာ ညောင်ရွှေမြို့ကို အကြွ၊ လင်းကင်းရွာအရှေ့ အင်းလယ်အရောက်မှာ လေရောမိုးပါ အပြင်းအထန် တိုက်ခတ်ရွာသွန်းတဲ့အတွက် ဖောင်တော်နစ်မြုပ်သွားပါတယ်။ ရုပ်ပွားတော်မြတ် ငါးဆူအနက် လေးဆူကိုသာ ရှာဖွေတွေ့ရှိခဲ့ပြီး လက်ယာတော်ရံ တစ်ဆူကို ရှာဖွေမတွေ့ခဲ့ပါဘူး။

ကျောင်းတော်ကို ပြန်ရောက်လို့ ဂန္ဓကုဋိတိုက်တော် တံခါးဖွင့်လိုက်တော့မှ ပျောက်ဆုံးနေတဲ့ လက်ယာတော်ရံ ရုပ်ပွားတော်မြတ်ကို ပလ္လင်ထက်မှာ ဖူးတွေ့ရပါတော့တယ်။ ရုပ်ပွားတော်မြတ်ရဲ့ ဦးထိပ်တော်ထက်မှာလည်း ရေမှော်ပင်ကလေးတွေ ဝေနေပါတော့တယ်။

နောက်နှစ်မှာ ရုပ်ပွားတော်မြတ် ငါးဆူကို ပင့်တော်မူပြီး ဒေသစာရီ ကြွချီတော်မူပါတယ်။ အင်းတိန်ရွာ အရောက်မှာ မိုးသက်လေပြင်းတွေ တိုက်ခတ်လာလို့ လူတွေလည်း စိုးရိမ်ထိတ်လန့်ကုန်ပါတယ်။ နောက်မှ သတိရပြီး အရင်နှစ်တုန်းက ထူးထူးဆန်းဆန်း အလိုအလျောက် ပြန်ကြွလာတဲ့ လက်ယာတော်ရံ ရုပ်ပွားတော်မြတ်ကို ကျောင်းတော်မှာ ပြန်လည်ပင့်ဆောင် သီတင်းသုံးစေတော့မှ မိုးသက်လေပြင်းတွေ ငြိမ်သက် အေးချမ်းသွားပါတယ်။

အဲဒီအချိန်ကစပြီးတော့ နောင်နှစ်တွေမှာ ရုပ်ပွားတော်မြတ် လေးဆူသာ ကြွတော်မူပြီး တနင်္ဂနွေထောင့်မှာ သီတင်းသုံးတော်မူတဲ့ လက်ယာတော်ရံ ရဟန္တာဝေစီဆူကို ဂန္ဓကုဋိ တိုက်တော်မှာပဲ အပူဇော်ခံကိန်းဝပ်တော်မူပါတယ်။

www.burmeseclassic.com

ဖောင်တော်ဦး ရုပ်ပွားတော်မြတ်တွေဟာ တိုင်းရေးပြည်ရေး ရှုပ်ထွေးနေတဲ့ ၁၃၁၁ ခုနှစ် (ခရစ်နှစ် ၁၉၄၉)နဲ့ ၁၃၅၀ ပြည့်နှစ် (ခရစ်နှစ် ၁၉၈၈) တွေမှာ ဒေသစာရီ ကြွချီတော်မမူခဲ့ပါဘူး။

ဖောင်တော်ဦး ရုပ်ပွားတော်မြတ်တွေ ဒေသစာရီ ကြွချီတော်မူရာမှာ ရှေးယခင်အခါက အင်းထဲမှာ သုံးနေကျ ရိုးရာလှေတွေကိုပဲ ဖောင်ဖွဲ့ပြီး လှည့်လည်တဲ့အခါ ဖောင်တော်အရွယ်ဟာ ငယ်နေပါတယ်။

ဒါကြောင့် ၁၉၆၆ ခုနှစ်မှာ စူဠဦးသျှောင်နဲ့ မဟာဦးသျှောင် ဖောင်တော်နှစ်စင်းကို တည်ဆောက်ခဲ့ပါတယ်။ ဒီဖောင်တော်တွေကို သစ်သားနဲ့ တည်ဆောက်ထားလို့ နှစ်သုံးဆယ်လောက် ကြာတဲ့အခါ ခိုင်ခံ့မှု အားနည်းလာတယ်။ ဒါကြောင့် ၁၉၉၆ ခုနှစ်မှာ သံထည်နဲ့ ထပ်မံတည်ဆောက်ပါတယ်။

သံထည်နဲ့ အသစ်တည်ဆောက်တဲ့ စူဠဦးသျှောင်ဟာ အလျား ၆၆ ပေ ၃ လက်မ၊ မဟာဦးသျှောင်ဟာ အလျား ၆၆ ပေ ၅ လက်မရှိပြီး နှစ်စင်းပေါင်း အနံ ၁၇ ပေ ရှိပါတယ်။ အဲဒီခေတ်ကာလတန်ဖိုး သိန်း ၅၀ ကုန်ကျပြီး အာရှဖွံ့ဖြိုးရေးဘဏ် အငြိမ်းစား ဦးတင်ဝင်းနဲ့ဇနီး ဒေါ်တင်မေဖြူ မိသားစုက လှူဒါန်းပါတယ်။ တည်ဆောက်သူ ဗိသုကာဆရာကြီးက လယ်ခြေရွာ ဦးလှကျော် ဦးဆောင်တည်ဆောက်ပါတယ်။

ဖောင်တော်ဦး ရုပ်ပွားတော်မြတ်များ ဒေသစာရီ ကြွချီတော်မူတဲ့အခါ ကြေးပေါခုံ၊ အင်းတိန်ရွာတွေဘက် ကြွချီတော်မူရာမှာ ချောင်းကျဉ်းတဲ့အတွက် စူဠဦးသျှောင်၊ မဟာဦးသျှောင် ဖောင်တော်ဟာ မဝင်သာပါဘူး။ ဒီအခါ ရိုးရာ နဂါးမောက်လှေနဲ့ ကြွချီတော်မူရပါတယ်။ နဂါးမောက်လှေဟာ ဖောင်တော်နဲ့အတူ တောက်လျှောက်ပါလာတာ ဖြစ်ပါတယ်။

အင်းလေးဖောင်တော်ဦး ရုပ်ပွားတော်မြတ်များ ဒေသစာရီ ကြွချီတော်မူတဲ့အခါ ဘုရားလူကြီး ၁၉ ဦး လိုက်ပါရပါတယ်။ ဟဲယာရွာမ ရောက်တဲ့အခါ ဘုရားလူကြီးတွေကို 'ပဲတင်' နဲ့ထည့်ပြီး ထမင်းကျွေးပါတယ်။ 'ပဲတင်' ဆိုတာက မြန်မာလို 'ဒေါင်းလန်း' ပုံစံမျိုးဖြစ်ပါတယ်။ အဲဒါကို အင်းသားတွေက 'ပဲတင်' လို့ ခေါ်ပါတယ်။

ဘုရားလူကြီးတွေဟာ အဲဒီပဲတင်ထဲမှာ လက်ရည်တစ်ပြင်တည်း ထမင်းစားကြရတယ်။ စားရတဲ့ ထမင်းက ဆန်အနီ၊ ဆန်အဝါ၊ ဆန်အဖြူကို ထမင်းချက်ထားတာပါ။ အဲဒီတော့ ထမင်းက အနီတစ်ထပ်၊ အဝါတစ်ထပ်၊ အဖြူတစ်ထပ် အထပ်သုံးထပ်ဖြစ်နေပါတယ်။ အဲဒီ ထမင်းသုံးထပ်မှာ ဟင်းနဲ့ရောနယ်ပြီး စားကြရတာပါ။

ဘုရားလူကြီးတွေ ထမင်းများများ စားကြမယ်၊ ဟိုးအောက်ဆုံးအထိ သုံးထပ်လုံးပေါက်အောင် စားကြရင် ဒီနှစ်တော့ ဆန်ရေစပါး ရှားမယ့်နှစ်လို့ အတိတ်ကောက်ကြပါတယ်။ စားလို့ မကုန်ဘူး၊ သုံးထပ် မပေါက်ဘူး ဆိုရင်တော့ ဒီနှစ် ဆန်ရေစပါး ပေါများမယ်လို့ အတိတ်ကောက်ကြပါတယ်။

ဒီအစီအစဉ်ကို ဘယ်အချိန်မှာ ဘယ်သူက တီထွင်ခဲ့သလဲတော့ မပြောတတ်ပါဘူး။ ပျော်စရာကောင်းတာတော့ အမှန်ပါပဲ။ ဘုရားလူကြီးတွေကလည်း လူတွေရဲ့ အတိတ်ကောက်ပုံကို ကြိုသိနေတော့ စားကောင်းကောင်းနဲ့ စားချင်ပေမယ့် သိပ်စားရဲမယ် မထင်ပါဘူး။

အင်းလေး ဖောင်တော်ဦးဘုရားနဲ့ ပတ်သက်ပြီး ပြောစရာတွေက ပြောလို့မကုန်နိုင်ပါဘူး။ တန်ခိုးကြီးပုံတွေကလည်း ထို့အတူပါပဲ။ အများနဲ့သက်ဆိုင်တဲ့ တန်ခိုးကြီးပုံတွေ ရှိသလို တစ်ဦးချင်းနဲ့ သက်ဆိုင်တဲ့ တန်ခိုးကြီးပုံတွေကလည်း အများအပြား ရှိပါတယ်။ အဲဒီလို တန်ခိုးကြီးပုံတွေထဲက တစ်ခုကိုတော့ ပြောပြချင်ပါတယ်။ အချိန်ကာလအားဖြင့် ၁၉၉၈-၉၉ လောက်တုန်းက ထင်ပါတယ်။

အဲဒီနှစ်က အင်းလေးကန်ထဲမှာ မကြုံစဖူး ထူးထူးကဲကဲကို ရေနည်းနေပါတယ်။ ဖောင်တော်ဦး ရုပ်ပွားတော်မြတ်တွေ ဒေသစာရီ ကြွချီတော်မူတဲ့အခါ ကားနဲ့ ကြွရမလိုတောင် ဖြစ်နေပါတယ်။ ရေကြောင်းက မရရင် ကြည်းကြောင်းက ကြွချီမှာကို ပြောတာပါ။

အဲဒီမှာ အံ့ဩဘနန်းပါပဲ။ ဖောင်တော်ဦး ရုပ်ပွားတော်မြတ်တွေ ဒေသစာရီ ကြွချီတော်မူမယ့်အချိန်မှာ မိုးလည်းမရွာပါဘဲနဲ့ အင်းလေးကန်ထဲမှာ ရေတွေပြည့်တက်လာပါတယ်။ အဲဒီလို ပြည့်လာတဲ့ ရေတွေဟာ ဘုရားလည်း ဒေသစာရီ ကြွချီပြီးရော မူလအတိုင်း ပြန်ကျသွားပါတယ်။ ရဟန်း၊ ရှင်၊ လူတွေဆိုတာ ဘုရားတန်ခိုးတော်ကို အံ့ဩလို့ မဆုံး၊ ချီးကျူးပြောကြလို့ မဆုံးတော့ပါဘူး။

မိုးတအေးအေး ရေဖွေးဖွေးမှာ လှေကလေးစီးရင်း အင်းလေးကန်အကြောင်းတွေရော၊ အင်းလေး ဖောင်တော်ဦးဘုရား အကြောင်းတွေရော စပ်မိစပ်ရာ ပေးမောတွေးတောလာလိုက်တာ နတ်ဘုံနတ်နန်းကြီးလို ထည်ဝါခံ့ညားလှတဲ့ အင်းလေးဖောင်တော်ဦး ဘုရားကျောင်းတော်ကြီးကို လှမ်းမြင်လိုက်မှပဲ အတွေးစတွေကို အစသတ်ရတော့တယ်။


မေတ္တာရည်လျက်

❒ တက္ကသိုလ်တင်ဟန်ကျော်



www.burmeseclassic.com

www.burmeseclassic.com



# တောရဘုန်းတော်ကြီး ဦးသီလ
# ဇာတ်တော်စေတီနှင့်
# အံ့မခန်းဖြစ်ရပ်ဆန်းများ

**မင်းဂုဏ်**




www.burmeseclassic.com

www.burmeseclassic.com



စေတီတော် ပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ




● ဇလွန် မာန်အောင်မြင် ပြည်တော်ပြန်ဘုရားမှ ထွက်ခွာခဲ့ကြပြီးနောက် ပြည်တော်ပြန်ဘုရားမှ သုံးဖာလုံခန့်အကွာ ဒိုက်အင်းအရပ် ဦးရွှေလမ်း၊ ဒေါ်အေးတို့ လှူဒါန်းသောမြေ၊ ဓာတ်တော်ချိုင့်အနီးတွင် တည်ရှိသည့် တောရဘုန်းတော်ကြီး ဦးသီလ၏ ဓာတ်တော်စေတီသို့ ရောက်ခဲ့ကြသည်။ ထိုစေတီတော်မှာ ဘုန်းတော်ကြီးဦးသီလ ခန္ဓာဝန်ချပြီးနောက် အန္တိမအဂ္ဂိစျာပနကျင်းပခဲ့သည့် ဓာတ်တော်ကျရာ သာသနာ့ နယ်မြေအတွင်း၌ တည်ထားခြင်းဖြစ်ကြောင်း သိရသည်။

ကျောက်စိမ်းရောင်အောက်ခံတွင် ရွှေဝါရောင် ကနုတ်ပန်းဘောင် အနားကွပ်ထားသည့် "သမိုင်းဝင်ရဟန္တာဦးသီလဓာတ်တော်စေတီ" ဟူ၍ ရေးထိုးထားသော ရွှေဝါရောင်ပန်းစာလုံးဖော် ကမ္ပည်းကျောက်တိုင်ကို ရှေးဦးစွာ တွေ့လိုက်ရသည်။

အထိုက်အလျောက် ကျယ်ဝန်းသည့် စေတီတော် ပရိဝုဏ်အတွင်းဝယ် သာသနိက အဆောက်အအုံများမှာလည်း ထိုက်သင့်သည့်အားလျော်စွာ အစီအရီ ပေါ်ထွန်းလျက်ရှိသည်။ စေတီတော်ကို လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် ငြမ်းဆင်ကာရံထားပြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် (ငွေကျပ်တစ်ရာနှစ်ဆယ့်ငါးသိန်း)၁၂၅၀၀,၀၀၀/-ကုန်ကျမည်ဖြစ်၍ ကုသိုလ်ရှင်များ ပါဝင်လှူဒါန်းကြရန်လည်း ကြော်ငြာသင်ပုန်းကြီး ထောင်ထားသည်ကို တွေ့ရသည်။




ကမ္ပည်းကျောက်စာတိုင်အား တွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com

ပြုံးရွှင်စွာ ခေါင်းလောင်းထမ်းထားသည့် နတ်ရုပ်တု နှစ်ရုပ်မှာလည်း မြင်ရသူတို့၏ ဘဝင်နှလုံးကို ရွှင်ပြုံးစေလျက် ရှိသည်။

စေတီတော်မှာ ဖိနပ်တော် ၁၈ တောင်ရှိသည့် ရှစ်မြှောင့်ပုံဖြစ်ပြီး ဉာဏ်တော် အတောင် ၃၀ ရှိသည်။ စိန်ဖူးတော်၊ ငှက်မြတ်နားတော် မှစကာ ဖောင်းရစ်ဆုံးသည်အထိ ရွှေရောင်ဝင်းလျက်ရှိပြီး ထိုမှအောက်ပိုင်း ဒုတိယ ပစ္စယာအထိသာ ငြမ်းဆင်ကာရံထားခြင်း ဖြစ်သည်။ ဘဏ္ဍာတော်ငွေပေါ်တွင် အမှီပြုကာ အကျိုးတော်ဆောင် ဂေါပကအဖွဲ့အနေဖြင့် အလေအလွင့် မရှိစေရန် ကြိုးပမ်းဆောင်ရွက်နေကြခြင်း ဖြစ်သည်ကို သိရှိခဲ့ကြသဖြင့် စာရေးသူတို့လည်း အလှူငွေ ထည့်ဝင်လှူဒါန်းဖြစ်ခဲ့ကြသည်။


သပိတ်မှောက် ပန်းဆွဲမှစကာ စေတီတော်၏ သုံးပုံတစ်ပုံမျှ ငြမ်းဆင် ကာရံထားသဖြင့် စေတီတော်ကိုအပြည့်အဝ မဖူးမြော်ရသော်လည်း ရွှေရောင်ဝင်းလျက် ရှိသည့် စေတီရံ ရှစ်ဆူ ဝန်းရံထားသော ဓာတ်တော်စေတီမှာ အချိုးအစား ပြေပြစ်တင့်တယ် သပ္ပာယ်လျက် ကြည်ညိုဖွယ် ဖြစ်ကြောင်း မှန်းဆပူဇော်မိခဲ့သည်။ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးလျှင်မူ ဆိုဖွယ်ရာ မရှိတော့ပြီ။ သို့ဖြစ်၍ သဒ္ဓါကြည်လင် ကုသိုလ်ရှင်များလည်း နည်းများမဆို ကုသိုလ်ပါဝင်တော်မူကြပါရန် သတင်းစကား ပါးလိုက်ရပါသည်။

ထိုစေတီတော်မှာ တောရ ဘုန်းတော်ကြီး ဦးသီလ၏ အရိုးအိုးဓာတ်တော်စေတီဟု ဆိုသော်လည်း ဘုရားရှင်ကိုယ်တော်မြတ်၏ ဓာတု၊ ပရိဘောဂ၊ ဓမ္မနှင့် ဥဒ္ဒိဿစေတီ လေးမျိုးစလုံး ထည့်သွင်းဌာပနာထားသောကြောင့် သာသနာတော်တည်သရွေ့ ပူဇော်ထိုက်သော စေတီဖြစ်သည်ဟု ဆိုသည်။

မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် ဒါရုစရိယမထေရ်၊ အရှင်မဟာမောဂ္ဂလ္လာန်မထေရ် မြတ်စသော ရဟန္တာအရှင်မြတ်များ၏ အရိုးဓာတ်တော်များကို




စေတီတော် ပရိုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ



ဂေါပကရုံးခန်းတွင် တွေ့ရသည့် စေတီတော်ဂေါပကအဖွဲ့စာရင်း

ဌာပနာကာ စေတီတည်စေခဲ့သည့် အစဉ်အလာ ရှိခဲ့သည်။ သို့ဖြစ်၍ ရဟန္တာဖြစ်လျှင် အရိုးဓာတ်တော်များကို စေတီတည် ပူဇော်ထိုက်သည်မှာ ထင်ရှားလျက်ရှိသည်။ ဘုန်းတော်ကြီး ဦးသီလမှာလည်း ရဟန္တာအဖြစ် ထင်ရှားတော်မူခဲ့ပြီး အများလက်ခံ ယုံကြည်ခဲ့ကြသည့်အလျောက် အရိုးအိုး ဓာတ်တော် စေတီကို တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ အံ့ဖွယ်ထူးခြားသည့် မာရ်အောင်မြင် ပြည်တော်ပြန် ဘုရား ဘူမိနက်သန် ဖြစ်သော ဇလွန်မြို့တွင် ကိန်းဝပ်စံပယ်တော်မူ ဖြစ်သကဲ့သို့ပင် ဘုန်းတော်ကြီးဦးသီလ၏ အရိုးအိုး ဓာတ်တော်စေတီ ဇလွန်မြို့တွင် ထူးထူးခြားခြား တည်ထား ဖြစ်ခဲ့သည်မှာလည်း စိတ်ဝင်စားဖွယ်ပင်။




ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် စာရေးသူတို့အမှတ်တရ

ရဟန္တာဟူ၍ အများ လက်ခံယုံကြည် ကိုးကွယ်ခဲ့ကြသည့် ဘုန်းတော်ကြီး ဦးသီလ၏ နောက်ဆုံးကာလနေဝင်ဖျိုးဖျ ဆည်းဆာဘဝကို ရှေးဦးစွာ ဆစ်ပိုင်းလေ့လာရာတွင် ဘုန်းတော်ကြီး ဦးသီလ သည်ခန္ဓာငါးပါးထင်ရှားရှိနေသမျှကာလပတ်လုံး သတ္တဝါများအတွက် မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com




ဓာတ်တော်စေတီ သမိုင်းကျောက်စာ

ဂေါ်ရွာ ဝင်းစိန်ရွာအနီး ဝန္တာမိတောင်၌ ဘာသာကွဲ ကရင်တောင်သူများကို ချီးမြှောက်သောအားဖြင့် သီတင်းသုံး တော်မူခဲ့သည်။

ထိုစဉ် ဝမ်းပတော ဦးကေသရ နှင့်ပန်းတနော်နယ်မှ မင်းခရု(မင်းတစ်စု) ဦးဝိမလတို့ ကြွရောက်လာကာ သိမ် သမုတ်ရန် ပင့်လျှောက်သဖြင့် ရှေးဦးစွာ မော်လမြိုင်သို့ ကြွရောက်တော်မူခဲ့ရ သည်။ မော်လမြိုင် ပုဂံကျောင်းတိုက် စကြီးကျောင်းတွင် ရန်ကုန်သဘော်မစီးမီ သီတင်းသုံးတော်မူနေစဉ် ကျုံဒိုးတောရ ဆရာတော် ရောက်ရှိလာပြီး ခြေသလုံး၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း၊ စာသင်တိုက်များ တည်ထောင်စေခြင်း၊ ဝိနည်းစာပြန်ပွဲ များဖြစ်မြောက်ရေးအတွက်စီစဉ်ဆောင် ရွက်ပေးခြင်း၊ ခူတင်အဓိဋ္ဌာန်ဖြင့် တရား ဘာဝနာပွားများအားထုတ်ခြင်း၊ ပင့်ဖိတ် လျှောက်ထားသူများ ရှိပါက ရပ်နီးရပ် ဝေး နေရာဒေသမရွေးသို့ ကြွရောက် ၍ သိမ်သမုတ်ပေးတော်မူခြင်း စသည့် သာသနာရေး ကိစ္စများဖြင့်သာ မိမိ၏ အသက်ခန္ဓာကို ငဲ့ကွက်တော် မမူဘဲ အချိန်ကို ကုန်လွန်စေခဲ့သည်။

ဤသို့ဖြင့် နောက်ဆုံးဝါအဖြစ် ကွမ်းသဲတောရ၌ ဝါကပ်တော်မူပြီး ဝါကျွတ်သောအခါ သထုံမြို့သို့ကြွ၍




ဘုန်းတော်ကြီးဦးသီလ၏ ဩဝါဒ




ခေါင်းလောင်းထမ်းနတ်ရုပ်တု


ခြေဖဝါးတို့ကို ဆုပ်နယ်ဝတ်ဖြည့်ပေးစဉ် ဘုန်းတော်ကြီး၏ ခြေသလုံးတို့မှာ အရိုး ပေါ် အရေတင်ရုံမျှသာ ရှိနေသည်ကို မြင်တွေ့ရသဖြင့် ကျုံဒိုးဆရာတော်မှာ များစွာ စိတ်မကောင်းဖြစ်မိခဲ့သည်။

ဘုန်းတော်ကြီးက လာရင်းကိစ္စ ကို မေးမြန်းရာ ကျုံဒိုးဆရာတော်က သိမ်သမုတ်လိုသဖြင့် ကြွရောက်ချီးမြှင့် တော်မူပါရန် ပင့်လျှောက်သည်တွင် သိမ်သမုတ်မည့် အချိန်အခါကို မေးမြန်း ရာ ကျုံဒိုးဆရာတော်က "နယုန်လပြည့် လောက်ပါဘုရား" ဟု ပြန်လည်လျှောက် ထားသောအခါ "ကောင်းပြီ၊ ပြည့်စုံ အောင်လုပ်ထား၊ နယုန်လပြည့်အတွင်း

www.burmeseclassic.com



စေတီတော်အား ငြမ်းဆင်ကာရံထားစဉ်



စေတီရံများနှင့် ပန်းတင့်လျက်ရှိသည့် ဓာတ်တော်စေတီ



မှန်ကျောင်းဆောင်အတွင်း၌ စံပယ်တော်မူလျက်ရှိသော ဘုန်းတော်ကြီးဦးသီလရုပ်တုတော်

ပြန်ရောက်နိုင်ဖို့ ရှိပါရဲ့" ဟု မိန့်တော်မူသည်။

ထိုမိန့်မြွက်ချက်ကို ကြားသိလိုက်ရသဖြင့် ကျုံဒိုးဆရာတော် ဦးဉာဏုတ္တရ ဝမ်းမြောက်ခြင်းကြီးစွာ ဖြစ်ရလေသည်။

"လောလောဆယ် သိမ်သမုတ်လာပင့်ကြလို့ မင်းခရု (မင်းတစ်စု)ကို ကြွရဦးမယ်၊ တပည့်တော်ရဲ့ အသားအသွေးတွေလဲဆွေးကုန်ပြီ၊ ရိကုန်ပြီ၊ ပင့်သူတွေကတော့ ကျန်းမာတယ်လို့ ထင်နေကြမှာပဲ၊ မကျန်းမာတော့ပါဘူး၊ သေရင်လဲ မြို့ထဲမှာ မသေချင်ဘူး၊ တောထဲမှာပဲ သေချင်တယ်" ဟုမိန့်တော်မူသည်ကို ကြားရသည်တွင်မူ ဘုန်းတော်ကြီးတစ်စုံတစ်ရာဖြစ်၍ ပျံလွန်တော်မူခဲ့လျှင် အားကိုးမဲ့တော့မည့်အပြင် လူအများကလည်း မိမိအား အပြစ်တင်ကြတော့မည်ကို တွေးတောကာပူပန်သောကရောက်လျက် ရှိလေသည်။

ဘုန်းတော်ကြီး ဦးသီလသည် မော်လမြိုင်မှ ရန်ကုန်၊ ရန်ကုန်မှ ပန်းတနော်သို့ အဆင့်ဆင့်ပြောင်းကာ သင်္ဘောခရီး စီးနင်းလိုက်ပါတော်မူခဲ့ရာ အခန်းနေရာမရသဖြင့် အပြင်ဘက်တွင်ပင် အဖော်ရဟန်းများနှင့်အတူ စီးတော်မူခဲ့ရသည်။

သက်တော် (၇၅) နှစ်အတွင်း ရောက်နေပြီဖြစ်သော ဘုန်းတော်ကြီး ဦးသီလသည် ဒူလာဝမ်းရောဂါရှိ၍ ကလော်ဒိုင်ခေါ် ဆေးကို အမြဲပင် မှီဝဲတော်မူနေရသည်။ သို့ရာတွင် ဘုန်းတော်ကြီးသည် သင်္ဘောပေါ်၌ ကျင်ကြီး ကျင်ငယ်မစွန့်၊ ဆွမ်းတစ်လုတ် ရေတစ်ပေါက်မျှပင် သုံးဆောင်တော်မမူဘဲ ကြည်လင်အေးချမ်းစွာပင် လိုက်ပါတော်မူခဲ့သည်။

ရန်ကုန်ရောက်ပြီးနောက် ပန်းတနော်သင်္ဘော ပြောင်းစီးပြီး ဝဲဒေါင့်သို့ ရောက်သည်တွင် ပန်းတနော် ဆိပ်ကြီးဆရာတော်၏ ဒါယကာ၊ ဒါယိကာမများက သိမ်သမုတ်ရန် အလှူအသက် လာပင့်ကြသည်။ သို့ရာတွင် ဘုန်းတော်

www.burmeseclassic.com


ကြီးသည် မင်းခရုသို့သာ ကြွတော်မူကာ သိမ်သမုတ်ပေးတော်မူခဲ့သည်။

ထို့နောက် ဒေါ်ဝါးရွာသိမ်၊ အင်းရွာသိမ်၊ ဆိပ်ကြီးရွာ၊ ခရွဲခပိုရွာသိမ်တို့ကို အစဉ်အတိုင်း သမုတ်တော်မူသည်။ ဘုန်းတော်ကြီးမှာ စိတ်ဆောင်နေသော်လည်း ရုပ်ခန္ဓာက များစွာညှိုးနွမ်းလျက်ရှိပေပြီ။ မော်လမြိုင်က ကြွလာစဉ်နှင့်ယခုရုပ်ခန္ဓာတို့မှာ များစွာကွာခြားသွားခဲ့ပေပြီ။


၁၂ရွာသိမ်ကုန်း၌ ခေတ္တတည်းခိုတော်မူစဉ် သိမ်ဝင် ဥပသမ္ပဒကံဆောင်လာပင့်ကြသဖြင့် ကြွရောက်တော်မူခဲ့သည်။ထို့နောက် စလေရွှေကျောင်းကျောင်းမှအဆောတလျင်လာရောက်ပင့်ဆောင်ကြပြန်သည်။ ဘုန်းတော်ကြီးသည် ညောင်တုန်းမြို့ ရွှေဟင်္သာတောရသို့ ရှေးဦးစွာ ကြွတော်မူသည်။ ညောင်တုန်းသို့ ရောက်သည်တွင် ဇလွန်၌ သိမ်သမုတ်ရန် လာရောက်တောင်းပန် ပင့်လျှောက်ကြပြန်သည်။

သို့ဖြစ်၍ ဘုန်းတော်ကြီးသည် ညောင်တုန်း ရွှေဟင်္သာတောရသိမ်ကို သမုတ်တော်မူပြီးနောက် စလေရွှေကျောင်းကျောင်းသိမ်၊ ကွမ်းသီးပင်ကျောင်းသိမ်၊ ရွာသစ်ကျောင်းသိမ်၊ ခနုဖြူသိမ် တို့ကို အစဉ်အတိုင်း ကြွရောက်သမုတ်တော်မူပြီးနောက် ဇလွန်သို့ ကြွရောက်တော်မူသည်။ ဇလွန် ဟူသည်ကား ဘုရားရှင်ကိုယ်တော်မြတ် သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် ရက္ခပူရခေဒညဝတီရခိုင်ပြည်၌ မဟာမုနိရုပ်ရှင်တော်နှင့်အတူ သွန်းလုပ်ခဲ့သည့် မာရ်အောင်မြင်ပြည်တော်ပြန် ရုပ်ပွားတော် ကိန်းဝပ်စံပယ်ရာ ဘူမိနက်သန် မြေထူးမြေမြတ်ပင်ဖြစ်သည်။ ထိုမြေထူးမြေမြတ်တွင် ဘုရားရှင်၏ သားတော်အစစ်ဖြစ်သော ဘုန်းတော်ကြီး ဦးသီလ ခန္ဓာဝန်ချရမည်ကိုမူ မည်သူမျှ တွေးထင်မိကြမည်မဟုတ်ပေ။ [စကားချပ် -"အံ့ဖွယ်ထူးခြားမာရ်အောင်မြင် ပြည်တော်ပြန်ဘုရား" ခရီးသွားဆောင်းပါးကို ၂၀၁၄ ခုနှစ် ဧပြီလ၊ ဇွန်လနှင့် ဇူလိုင်လထုတ် လပြည့်ဝန်းမဂ္ဂဇင်း အမှတ် - ၂၁၉၊ ၂၂၀ နှင့် ၂၂၁ တို့တွင် ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။]

ဘုန်းတော်ကြီးသည် ခနုဖြူမှ ဇလွန်သို့ ကြွတော်မူရာတွင် ထူးခြားသော နိမိတ်တစ်ခု ဖြစ်ပေါ်ခဲ့သည်။ ဘုန်းတော်ကြီး ကြွလာမည်ကို ကြားသိကြသဖြင့် ဇလွန်မြို့ခံများက တစ်နေကုန်ပင် စောင့်ကြိုနေကြသည်။ သို့ရာတွင် သွားနေကျ ကျွန်းပတ်သင်္ဘော စက်ပျက်နေသဖြင့် ဘုန်းတော်ကြီးကား ရောက်တော်မူလာခြင်း မရှိပေ။ည ၈ နာရီခန့်တွင် ကျွန်းပတ်အစား အခြားသင်္ဘော



ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် သိမ်တော်



ပန်းတနော်မြို့ ဒေါ်ဝါးရွာ ဓမ္မရက္ခိတရွှေကျောင်းကျောင်း သိမ်

တစ်စင်း ရောက်လာသဖြင့် ထိုသင်္ဘောဖြင့် ဇလွန်မြို့သို့ ကြွရောက်တော်မူရသည်။ ထိုသင်္ဘောအမည်ကား "နိဗ္ဗာန်" ဖြစ်သည်။ ဤသည်ပင် ဘုန်းတော်ကြီးအတွက် နိမိတ်ထူးဟု ဆိုရပေတော့မည်။ ကဆုန်လဆုတ် ၃ ရက်အဝင် သန်းခေါင်ကျော် ၂ နာရီအချိန်တွင် ဘုန်းတော်ကြီး စီးနင်းလိုက်ပါလာသည့် နိဗ္ဗာန်ရေယာဉ် ဇလွန်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်။

ထိုညက ဇလွန်မြို့တွင် ကိုပုကြီးဇာတ် ရုံပွဲကပြလျက်ရှိရာ သင်္ဘောဥသြသံကြားသောအခါ ပွဲကြည့်ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com



ခနုဖြူ ရွှေဟသ်ာမဟာဗောဓိကျောင်းတိုက် သိမ်တော်

အားလုံး ရုံထဲမှ ထွက်ခဲ့ကြကာ ဘုန်းတော်ကြီးအား ကြိုဆိုခဲ့ကြသဖြင့် အလိုအလျောက်ပင် ရုံခါပြီးဖြစ်သွားတော့သည်။ သို့ဖြစ်၍ အချိန်မတော်ဖြစ်သော်လည်း ဇလွန်ဆိပ်ကမ်းတွင် ကြိုဆိုသူ နှစ်ထောင်ကျော်ခန့် ကမ်းလုံးညွတ်မျှ ရှိနေကြသည်။

ဇလွန်သို့ကြွရန် ခနုဖြူ၌သင်္ဘောစောင့်နေစဉ် အနိုပ်သည်တစ်ဦးက ဝတ်ဖြည့်ရာ ဘုန်းတော်ကြီး၏ ခန္ဓာကိုယ်တစ်ခုလုံး အသားအသွေးများ ခန်းခြောက်ပြီး အရိုးချည်းသာ ကျန်တော့ကြောင်း ပြောကြားခဲ့သည်။ အာဟာရမှီဝဲမှု လျော့နည်းပြီး ဝမ်းဒူလာရောဂါကလည်း နှိပ်စက်၍နေသည်။

ဤကဲ့သို့သော အခြေအနေမျိုးဖြင့်ပင် မိမိ၏ခန္ဓာကို ငဲ့ကွက်ခြင်းမရှိဘဲ ဘုန်းတော်ကြီး ဦးသီလ ဇလွန်သို့ အရောက် ကြွမြန်းတော်မူခဲ့သည်မှာ ဝေဠုဝရွာ၌ ၄၅ ဝါမြောက် ဝါကပ်တော်မူစဉ် ဝမ်းဒူလာ နှိပ်စက်လျက်ရှိသော ခန္ဓာကိုယ်ကို ဘုရားရှင်ကိုယ်တော်မြတ် ဖလသမာပတ်ဖြင့် ထိန်းကွပ်တော်မူကာ ကုသိနာရုံသို့ အရောက်ကြွမြန်းတော်မူသကဲ့သို့ပင် ရှိချေတော့သည်။

ဇလွန်သို့ ရောက်သည်တွင် ဘုန်းတော်ကြီးက "ဘယ်နေ့ သိမ်သမုတ်ကြမလဲ" ဟု မေးတော်မူသည်။ သုသာန်ကျောင်း ဘုန်းတော်ကြီးက "ဆရာတော်ဘုရား နေသာထိုင်သာ နှစ်ရက်ခန့် ဆိုင်းရလျှင် ကောင်းမလား ကြံမိပါသည် ဘုရား" ဟု လျှောက်သည်။

ထိုအခါ ဘုန်းတော်ကြီးက "မိမိခန္ဓာကိုယ်ကို မိမိ အစိုးရတာမှ မဟုတ်တာ၊ မြန်မြန်သမုတ်ကြပေါ့" ဟု မိန့်တော်မူသည်။

"ယခုအချိန် သံဃာများ မြို့တွင်းသို့ ဆွမ်းစားကြွနေကြသေးသဖြင့် အရှင်ဘုရား ရေသုံးသပ်ရလျှင် လျောက်ပတ်ပါလိမ့်မယ် ဘုရား" ဟု လျှောက်ထားသည်တွင် ဘုန်းတော်ကြီးက "သိမ်သမုတ်ဖို့လာတာ ရေချိုးနေရဦးမှာလား" ဟု မိန့်တော်မူသည်။ ထိုအခိုက် သံဃာတော်များ ရောက်လာကြသဖြင့် သိမ်သမုတ်ခြင်းလုပ်ငန်း စတင်ခဲ့ကြသည်။

ကဆုန်လဆုတ် ၃ရက် တနင်္ဂနွေနေ့ နေ့ဆွမ်းစားချိန်မတိုင်မီ သိမ်သမုတ်ခြင်းကိစ္စ ပြီးစီးအောင်မြင်ခဲ့သည်။ ဘုန်းတော်ကြီးက နောက်ဆုံးတွင် ကမ္မဝါစာ တစ်ကြိမ် ဖတ်တော်မူသည်။ ခနုဖြူ ဗောဓိကျောင်း ဘုန်းကြီးဦးကဝိန္ဒလည်း ကမ္မဝါစာကိုင်၍ လိုက်ဖတ်သည်။

ထိုနေ့တွင်ပင် ဟသ်ာတမြို့မှ မြို့သူမြို့သားများက ဟသ်ာတမြို့သို့ ကြွရောက် ချီးမြှင့်တော်မူပါရန် ပင့်လျှောက်သော်လည်း "သိမ်သမုတ်ကိစ္စ ပြီးစီးပြီဖြစ်လို့ နောက်တစ်နေ့ အကြောင်းညီညွတ်ရင် ကြွရတာပေါ့" ဟုသာ မိန့်တော်မူခဲ့သည်။

ဘုန်းတော်ကြီးသည် ထိုနေ့ တစ်နေ့လုံးပင် ချမ်းသာစွာ အဖူးမြော်ခံနိုင်ခဲ့သေးသည်။ ညဘက်ရောက်သည့်တွင်မူ ဝမ်းဒူလာ အကြိမ်ကြိမ်သွားလေတော့သည်။ သောက်နေကျ ကလော်ဒိုင်ဆေးလည်း မတားနိုင်တော့ပြီ။ အခြားဆေးများ ဆက်ကပ်သော်လည်း လက်ခံတော်မမူဘဲ ငြင်းဆန်တော်မူသည်။

သက်နှင်းတွင် အညစ်အကြေးသင့်မည်ထင်၍ လဲပေးရန် သင်္ကန်းကိုယူရာ မလွှတ်ဘဲ ဆွဲထားသည်။ လဲပေးသည့်သင်္ကန်းသည်လည်းပံ့သကူသင်္ကန်းဖြစ်ပြီး ကပ္ပိယနှု ထိုးပြီးဖြစ်ကြောင်း လျှောက်တင်သည်တွင်မှသာ ကြွ၍ အလဲခံတော်မူသည်။ သန်းခေါင်ယံတွင် တစ်ကြိမ်၊ နံနက်မိုးလင်းချိန်တွင် တစ်ကြိမ် နှစ်ကြိမ်ထပ်၍ လဲပေးရသည်။ ဘုန်းတော်ကြီးကား မိန်းမောမေ့မြောခြင်း၊ ငိုက်မျဉ်းသတိလစ်ခြင်း လုံးဝမရှိဘဲ ပကတိအတိုင်း သတိသမ္ပဇဉ်ကောင်းလျက်ရှိသည်။

၁၂၆၉ ခုနှစ် ကဆုန်လဆုတ် ၄ ရက် တနင်္လာနေ့နံနက် ၇ နာရီခန့်တွင်ကား လျောင်းစက်ငြိမ်သက်သော ဣရိယာပုတ်ဖြင့် မရဏတရားသဘောကို ဟောညွှန်ပြသ ဆုံးမတော်မူသည့်ပမာ ခန္ဓာဝန်ချပ်ငြိမ်းတော်မူခဲ့သည်။

ထွန်းသစ်စ နေခြည်လင်းလျက်ရှိသော တနင်္လာနံနက်ခင်းဝယ် ရုပ်နာမ်ခန္ဓာ၏ ဇရာ၊ ဗျာဓိ၊ မရဏသဘောကို ဖူးမြင်ရသူအပေါင်း သံဝေဂပွားဖွယ် ထင်ရှားပြသတော်မူခဲ့သော ဘုန်းတော်ကြီးဦးသီလ၏ ခန္ဓာချုပ်ငြိမ်းခြင်းသတင်းစကားကို ကြားသိလိုက်ကြသဖြင့် ဇလွန်မြို့နယ် တစ်နယ်လုံးပင် ယူကျုံးမရ ဖြစ်ခဲ့ကြလေသည်။

ထိုမှတစ်ပါး တစ်ဆင့်စကားကြားကြတုန်သော တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးရှိ ဘုန်းတော်ကြီး





www.burmeseclassic.com

www.burmeseclassic.com

နှင့် ပတ်သက်ဆက်နွယ်ကြကုန်သော ရဟန်းရှင်လူ ပြည်သူများလည်း ဝမ်းနည်းပူဆွေး ငိုကြွေးကြကာ ပွက်လောရိုက်ခဲ့လေသည်။

အထူးသဖြင့် မြစ်ဝကျွန်းပေါ်သို့ ကြွရောက်တော်မမူမီ နောက်ဆုံးသီတင်းသုံးတော်မူခဲ့သည့် ကွန်သဲတောရ တည်ရှိရာ ဘီလူးကျွန်းတစ်ကျွန်းလုံးပင် အုန်းအုန်းကျက်ကျက် ကြေကွဲကြလျက် ဝမ်းနည်းပက်လက် ဖြစ်ခဲ့ကြသည်။

ထို့နောက်တွင်ကား ထိုသတင်းစကားကိုကြားကြကုန်သော ဘုန်းတော်ကြီး သီတင်းသုံးတော်မူခဲ့ဖူးသည့် မြို့ရွာဒေသ အသီးသီးမှ လူအများ ဇလွန်မြို့သို့ ရောက်ရှိလာကြကာ ဘုန်းတော်ကြီး၏ ရုပ်ကလာပ်တော်ကို တောင်းဆိုကြတော့သည်။ ဇလွန်သားများကလည်း မပေးနိုင်ဟု တင်းခံ ငြင်းဆန်နေကြသည်။ အချို့အရပ်ဒေသမှ လူများက ဆရာတော်ကြီးများ၏ အမိန့်အရဟု ဆိုကာ ဆိုင်ရာပိုင်ရာများ၏ အကူအညီဖြင့် အကျပ်ကိုင်ရန် စီစဉ်ကြလေသည်။

ပြည်တော်ပြန် မာရ်အောင်မြင်မုနိ ရုပ်ပွားတော် အရေးတွင် အခြားတစ်နေရာသို့ မှားယွင်းပို့ဆောင်ခြင်း ခံခဲ့ရသည်ကိုပင် မိမိတို့နေရာရင်းသို့ ပြန်လည် ပင့်ဆောင်စွမ်းခဲ့ကြသည့် သဒ္ဓါတရား ကြီးမားထက်သန်လှသော ဇလွန်သားများကလည်း သတ္တိပြောင်မြောက်စွာပင် ငြင်းဆန်ခဲ့ကြသည်။

နောက်ဆုံးတွင် ဇလွန်သားများက "ရုပ်ကလာပ်တော်ကို မပေးရုံမျှမက အရိုးပြာတောင် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းကို မလွှင့်စေရဘူး၊ အသက်နဲ့လဲမယ်" ဟူ၍ တင်းခံနေကြသဖြင့် ရုပ်ကလာပ်တော်ကို ရယူလိုကြသည့် အခြားဒေသများမှ ပုဂ္ဂိုလ်များ လက်လျှော့ခဲ့ကြရလေသည်။

ဇလွန်သားများသည် ဘုန်းတော်ကြီး ဦးသီလ၏ ရုပ်အလောင်းကို အခိုးမခံရစေရန် ကြေးသေတ္တာခေါင်းကြီးအတွင်း၌ထည့်ကာ လူမမီစေရန် အမြင့်၌ သံကြိုးကြီးဖြင့် ချိတ်ဆွဲထားကြသည်။ အစောင့်အကြပ်များကိုလည်း မပြတ်မလပ် ချထားခဲ့ကြသည်။

ထို့နောက် အန္တိမအဂ္ဂိရှာပနပွဲကို တပို့တွဲလဆန်းတွင် ကျင်းပရန်ဆုံးဖြတ်ကြပြီး စံကျောင်းတော်ဆောက်၍ အပူဇော်ခံရန် စီမံကြလေသည်။ ဤသို့ စီမံရာ၌ ဖယောင်းတိုင်မီးများဖြင့် နေ့မီး၊ ညမီး အဆက်မပြတ် ၂၄ နာရီပတ်လုံး ပူဇော်ထားကြရာ အရပ်လေးမျက်နှာရှိ မီးညွန့်မီးလျံတို့သည် ရုပ်အလောင်းတော်ဘက်သို့ ဦးတည် တိမ်းညွတ်ငုံ့စောင်းလျက် တစ်ပြိုင်နက်တည်းရှိနေကြသည်ကို မကြာခဏပင် မြင်တွေ့ကြရသည်ဟု ဆိုသည်။

စံကျောင်းဝန်းကျင်ရှိ သစ်ပင်များအနက် ပေါက်နှင့် ကံ့ကော်ပင်တို့သည် နှစ်စဉ် တပေါင်း၊ တန်ခူးလများတွင်သာ လေးမျက်နှာလှည့်ကာ ထောင်၍ပွင့်လေ့ရှိကြသည်။ ယခု စံကျောင်းချထားစဉ် ကိုးလအတွင်း၌မူ ယင်းတို့သည် အခါမဟုတ်ဘဲ ပွင့်ကြပြီး အပွင့်အားလုံးသည် ရုပ်အလောင်းတော်ရှိရာဘက်သို့သာ ဦးခိုက်ကာ တည်ရှိနေကြလေသည်။ နှစ်စဉ် မိုးဦးကျမှ ပွင့်ကြသည့် ပျဉ်းမနှင့် ပိတောက်ပင်တို့မှာလည်း ယခု ရုပ်အလောင်းတော်အနီးတွင် တန်ဆောင်မုန်းလ၌ ပွင့်လာကြသည်။ သရက်ပင်တို့မှာလည်း အခါမဟုတ်ဘဲ နတ်တော်လတွင် သီးလာကြသည်။ အုန်းပင်တစ်ပင်၌ တစ်ညှာတည်း၌ အသီးသုံးလုံး ထူးကဲစွာ သီးလာခဲ့သည်။

၁၂၆၉ ခု တပို့တွဲလဆုတ် ၃ ရက်တွင် အန္တိမအဂ္ဂိရှာပန ကျင်းပသောအခါ၌လည်း လိုလေသေးမရှိဘဲ လိုအပ်သောနေရာတွင် လှူဒါန်းလိုသောအလှူရှင်များ ချက်ချင်းပေါ်လာကာ အားလုံးပင် ပြည့်စုံခဲ့သည်။

လောင်တိုက်အတွင်းဘက်တွင် ဘုန်းတော်ကြီး၏ ဖြစ်တော်ပေါင်း ထေရုပ္ပတ္တိတို့ကို ပန်းချီဆရာတို့က စိတ်ကူးကောင်းကောင်းဖြင့် ရေးခြယ်တန်ဆာဆင်ထားကြသည်။

ဘုန်းတော်ကြီးဦးသီလ၏ အန္တိမအဂ္ဂိရှာပနပွဲအတွက် ဟင်္သာတ တရုတ်ပွဲစားကြီး ဦးမိန်ရှိန်၏ လောင်တိုက်တစ်ခု၊ ဇလွန်သားများ၏ စံကျောင်းကြီး တစ်ခုနှင့် နိဗ္ဗာန်ကျောင်း နှစ်ခုသာရှိသည်။ ဤကဲ့သို့ တလားလောင်တိုက် အနည်းအကျဉ်းမျှသာ ရှိသော်လည်း ပရိသတ်မှာ အထူးပင် လွန်ကဲစွာစည်ကားလှသည်။

ရှာပနပွဲတွင် လူစည်ကားများပြားလှသော်လည်း ဘေးအန္တရာယ်ကင်းပြီး နေမပူ မိုးမရွာ မိုးအုံ့လျက်ပင်ရှိကာ နံနက်ပိုင်းတွင် ဆီးနှင်းများ ထူထပ်စွာကျနေတတ်သည်။ မီးသဂြိုဟ်သည့်နေ့တွင် ထူးထူးခြားခြား မကျစဖူး ဆီးနှင်းများ အထူးပင် ထူထပ်စွာကျခဲ့သည်။

ဘုန်းတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား မီးသဂြိုဟ်ခြင်းမပြုမီ နိဗ္ဗာန်စံကျောင်းချထားစဉ် ခေါင်းတလားပေါ်တွင် ပန်းမျိုးစုံဖြင့် ပူဇော်ထားကြရာ အချို့လူများ ဒေါနပန်းကိုယူ၍ ဆေးအဖြစ် အသုံးပြုရာ ရောဂါများ သက်သာပျောက်ကင်းသွားကြကြောင်း သတင်းဖြစ်ပေါ်လာသဖြင့် ပရိသတ်များသည် ဒေါနပန်းများကို အလုအယက် ဝယ်ယူခဲ့ကြပြီး ခေါင်းတလားပေါ်တင်၍ ပြန်ယူသွားခဲ့ကြရာ ဒေါနပန်း တစ်ခက်လျှင် ၄ ပြားမှ ၈ ပြား (တစ်မူး)အထိ ဈေးတက်သွားခဲ့သည်ဟု ဆိုသည်။

ဘုန်းတော်ကြီး ရုပ်ကလာပ်တော် စံကျောင်းချထားစဉ် ကိုးလအတွင်း ဒေါနပန်းတစ်မျိုးတည်း ရောင်းခဲ့သဖြင့် ရွှေဒင်္ဂါးအပြားပေါင်း ကိုးပြားကျော် ဝယ်ယူနိုင်ခဲ့ပြီး လက်မလည်သည်အထိ ရောင်းခဲ့ရသဖြင့် ပန်းဗန်းကို ချထားပြီးနောက် "လိုသလောက်ယူ ပေးချင်သလောက်ပေး" ဟု ဝယ်သူအကြိုက် ရောင်းခဲ့ရကြောင်း ဒေါနပန်း သူရောင်း



www.burmeseclassic.com

www.burmeseclassic.com

ပေးခဲ့ဖူးသူ ဒေါ်နှင်းလှိုင် (၈၁)နှစ်၏ ပြောပြချက်အရ သိရသည်ဟုဆိုသည်။

ဒေါနပန်းဝယ်ပြီးသူများမှာ ထိုဒေါနပန်းကို ဘုန်းတော်ကြီး ရုပ်ကလာပ် ထည့်ထားသည့် ခေါင်းနှင့် ကိုယ်တိုင်ကိုယ်ကျထိပွတ်ရသည်မဟုတ်၊ အစောင့်တာဝန် ယူထားသူအား ပေးပြီး ထိုသူက ခေါင်းတလားတွင် ပွတ်ပြီး ပြန်ပေးခြင်းဖြစ်သည်။ အစောင့်လေးဦးတို့မှာ ဒေါနပန်းများကို ခေါင်းတလားနှင့် အပြေးအလွှားပင် လက်မလည်အောင် ပွတ်သပ်ပေးနေရသဖြင့် ချွေးဒီးဒီးယိုစီးကျသည်အထိပင်။

ဘုန်းတော်ကြီး၏ ရုပ်ကလာပ်တော်ကို မူလက နဝရတ်စီမှန်ခေါင်းဖြင့် အပူဇော်ခံထားခဲ့ကြသည်။ အနီးကပ်လည်း ဝင်ရောက်ဖူးမြော်နိုင်ကြသည်။ နောက်ပိုင်းတွင် စိတ်ချလက်ချ လုံခြုံမှုရရှိစေရန် ထိုနဝရတ်စီ မှန်ခေါင်းကို ကြေးသေတ္တာတွင်ထည့်ပြီး သံတိုင် သံတံခါးအတွင်း သလွန်ညောင်စောင်းထက်တွင် တင်ထားလျက် တံခါးလေးဖက်အတွင်း၌ အစောင့်လေးယောက် အလှည့်ကျမပြတ်စောင့်ကြပ်ကြရသည်။

အတွင်းသို့ လူပရိသတ်များ ဝင်ခွင့်မပြုပါ။ ရဟန်းတော်များကိုမူ အထူးအခွင့်အရေးပေးကာ ဝင်ခွင့်ပြုသည်။ ထိုကြေးခေါင်းပေါ်တွင် တစ်ခါတစ်ရံ ဘုန်းတော်ကြီး သပိတ်ပိုက်လျက် ကြွနေပုံနှင့် နောက်မှ နတ်ပြဟ္မာပုံစံပုဂ္ဂိုလ်များ ထီးတော်မိုး၍ လိုက်ပါနေပုံ အရိပ်ထင်လာသည်ကို ဖူးတွေ့ရသူများရှိကြကြောင်း သိရသည်။

ဘုန်းတော်ကြီး၏ ရုပ်အလောင်းတော်မှာ ခေါင်းလဲလှယ်စ ကာလက မူလရုပ်ပုံအတိုင်းပင် ဖြစ်သော်လည်း နောက်ပိုင်းတွင် ရွှေချသူများပြားလာသဖြင့် ရွှေတုံးကြီးသဖွယ် ဖြစ်သွားခဲ့သည်။ ရွှေတုံးအတိ ဖြစ်နေသော ရုပ်ကလာပ်တော်ကို များပြားလှစွာသော နံ့သာထင်းပုံကြီးပေါ် တင်ကာ ရွှေမွှေးများ ဖျန်းပက်၍ မီးသဂြိုဟ်ကြရာ ဇလွန်ဈေး၊ ဟသ်ာတဈေးတို့၌ ရှိရှိသမျှ ရေမွှေးများ ပြတ်လပ်သွားသည်အထိ ဖြစ်ခဲ့သည်။ နောက်ကျသူများ ရေမွှေးဝယ်၍ မရတော့ပေ။

မီးသဂြိုဟ်မည့် အစီအစဉ်ကို မူလက တပို့တွဲလဆုတ် ၂ ရက်နေ့တွင် ပြုလုပ်ရန် ကြေညာထားသော်လည်း ယိမ်းအဖွဲ့၏ ဖျော်ဖြေမှုကောင်းသဖြင့် ပရိသတ်၏ တောင်းဆိုချက်အရ နှစ်ကျော့ သုံးကျော့ထပ်ကာ ထပ်ကာ တင်ဆက်နေကြရသဖြင့် အချိန်လင့်သွားရာ နောက်တစ်ရက် တပို့တွဲလဆုတ် ၃ ရက် နံနက် ၃ နာရီတွင်မှ မီးသဂြိုဟ်ကြရသည်။ မီးသဂြိုဟ်ရာ နေရာနှင့် နီးကပ်စွာ လေညာအောက်ရှိ ဆွမ်းစားဆောင်တွင်ပင် အပုပ်နံ့ အညှော်နံ့များ လုံးဝမရှိဘဲ နံ့သာမီးရနံ့များသာ ရကြသည်။ မီးသဂြိုဟ်ပြီးသောအခါ နံ့သာသနပ်ခါးတုံး လှည်းငါးစီးတိုက်မျှ ကျန်ရစ်ခဲ့သည်ဟုဆိုသည်။ဈာပနကိစ္စ ပြီးစီးသောအခါ အရိုးဓာတ်တော်များ ကောက်ယူကြပြီး သံသေတ္တာဖြင့်ထည့်၍ သော့ခတ်ကာ စောင့်ရှောက်ထားကြသည်။ ထို့နောက် ပရိသတ်များ အလိုရှိရာ ယူနိုင်ကြောင်း ခွင့်ပြုလိုက်သည်တွင် အလှဆင်ထားသည့် ကတ္တီပါစများကို မှန်ခေါင်းတော်တွင် ပွတ်၍ယူကြသည်။ ပြာကိုလည်းကောင်း၊ မီးသွေးကိုလည်းကောင်း၊ အနီးဝန်းကျင် ရာဇမတ်တို့ကိုလည်းကောင်း ရသမျှ ချိုးဖဲ့ယူကြသည်။

အချို့လူများက မီးသဂြိုဟ်ရာ မြေကို တူးဆွ၍ အနည်းငယ်စီယူကြသည်။ ယင်းမြေကို ရေမွှေးပုလင်းတွင် ထည့်ပြီး ဘုရားစင်ပေါ်တင်ကာ ကိုးကွယ်ကြသည်ဟု ဆိုသည်။

ထိုပုလင်းတွင် ထည့်ထားသော အရာများမှာ ပုလင်းအတွင်း၌ တက်ချည် ဆင်းချည် လှုပ်ရှားသက်ဝင်လျက်ရှိနေကြသည်ကိုတွေ့ရသည်ဟုဆိုသည်။

ရုပ်ကလာပ်တော်ကို မီးသဂြိုဟ်ပြီးနောက် ၁၅ ရက်ခန့် ကြာသောအခါ ထိုမီးသဂြိုဟ်ရာ နေရာ၌ ညအခါ ဥက္ကာပျံကဲ့သို့ မီးလုံးကြီးများ ထပျံနေသည်ကို မြင်ကြရသဖြင့် ထိုနေရာမှ မြေကြီးကို လာရောက် တူးယူကြသူများ တစ်စတစ်စ တိုးမပေါက်အောင်ပင် များပြားစည်ကားနေတော့သည်။အကျွေးအမွေး အလှူအတန်း ပြုလုပ်သူများလည်း နေ့စဉ် ပေါ်ပေါက်လျက်ရှိပြီး ပို၍ပို၍ စည်ကားလာရာ နွေရာသီကုန်၍ လှည်းလမ်းပိတ်သွားသည်အထိပင် ဖြစ်သည်။ ထိုနေရာတွင်လည်း တွင်းချိုင့်ကြီး ဖြစ်သွားတော့သည်။

တပေါင်းလသို့ ရောက်သည်တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြကုန်သော ပရိသတ်များ ဖူးမြော်နိုင်ကြစေရန် ဘုန်းတော်ကြီး၏ ဓာတ်တော်များကို ဌာပနာ၍ သဲပုံစေတီတည်ထားပေးခဲ့ကြသည်။ထိုစေတီတွင် ဘုန်းတော်ကြီး၏ ဓာတ်တော်များ တွေ့ရှိရသဖြင့် သတင်းပျံ့နှံ့ကာအုတ်အော်သောင်းတင်းဖြစ်ခဲ့ရာမှ သူ့ထက်ငါဦးအောင် အလုအယက် လာရောက်ကြကာဓာတ်တော်များရှာပြီး ပုလင်းထဲထည့်၍ ကိုးကွယ်ကြပြန်သည်။ သဲပုံစေတီအနီးမှ သဲများကို ရေထဲထည့်လိုက်လျှင် သဘော်ာစေ့ခန့် အလုံးငယ် လေးများဖြစ်ကာ . . .။

(ဆက်ရန်)

❒ မင်းဂုဏ်

**စာကိုး**

၁။ တောရဘုန်းတော်ကြီးဦးသီလ၏ ခန္ဓာဝန်ချ နှစ်တစ်ရာပြည့် အထိမ်းအမှတ် ရာပြည့်ဖော်ညွှန်းမြတ်မော်ကွန်း၊ ရွှေညဝါတေဇာ။

၂။ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ၊ ဓမ္မာစရိယ ဦးဌေးလှိုင်။

၃။ ဘုန်းတော်ကြီးဦးသီလ ထေရုပ္ပတ္တိနှင့် ဖြစ်ရပ်ဆန်းများ၊ ဘိုမင်းဖြူ (ဥပဒေ)


၄။ ဇလွန်မြို့ ကျက်သရေဆောင်ပြည်တော်ပြန်ဘုရားကြီး၏ ဌာပ္ပတ္တိနှင့် ဘုန်းတော်ကြီးဦးသီလ၏ အံ့မခန်းဖြစ်ရပ်များ၊ မာမက (သုတေသီ)။

www.burmeseclassic.com

ရှေးမြန်မာမင်းများ အောင်မြေနင်းရာ

# ဆုတောင်းပြည့် ရွှေကြက်ယက် ရွှေကြက်ကျဘုရား

တက္ကသိုလ်ဝေမျိုး





ဆုတောင်းပြည့် ရွှေကြက်ကျ မြတ်စွာဘုရား

ကျောက်တော်ကြီးဘုရားကြီးမှ ထွက်ခွာလာသော မတ်တူးကားလေးသည် မန္တလေးတောင်တော်မြတ်အနီးမှ ဖြတ်သန်းမောင်းနှင်နေစဉ် သားငယ်၏မိတ်ဆွေ နန်းအွမ်ခမ်းက . . .

"အမေတို့ မန္တလေးတောင် တက်ဦးမလား၊ ကားနဲ့ တောင်ပေါ်အထိ တက်လို့ရတယ်"

အမေးစကားကို စာရေးသူက . . .

"မန္တလေးတောင်ကိုတော့ မင်းတို့အမေ ရောက်ဖူးတယ်၊ ဒီတစ်ခေါက်တော့ မန္တလေးတောင် မတက်တော့ပါဘူး၊ မြို့ထဲမှာ တစ်ခုခုစားပြီးရင် ရွှေကြက်ယက်ဘုရားကို ပို့ပေးပါလား၊ မင်းတို့အမေ မရောက်ဖူးသေးဘူး"

"မြို့ထဲမှာ တစ်ခုခုစားပြီး အဖေတို့ ဟိုတယ်မှာ ခဏ ပြန်နားတာပေါ့။ ညနေစောင်းလောက် ရွှေကြက်ယက်သွားဖို့ လာခေါ်မယ်၊ အခု တစ်ခုခု ဝင်စားရအောင်"

သားငယ်မျိုးသက်က ဝင်ရောက်၍ သူ့အစီအစဉ်ကို ပြောလေသည်။ စာရေးသူတို့သည် မနက်စောစောအစာကို Swam Hotel က ကျွေး၍ အတော်ပင်စားခဲ့သောကြောင့် သိပ်မဆာလှ၍ လက်ဖက်ရည်ဆိုင်ကောင်းကောင်းတစ်ဆိုင်၌ ပဲပလာတာ၊ နန်းကြီးသုပ်တို့ကို ဝင်စားကြသည်။ စားသောက်ပြီးနောက် သားငယ်စီစဉ်သည့်အတိုင်း ဟိုတယ်၌ ခေတ္တပြန်နားကြသည်။ သားနှင့် နန်းအွမ်ခမ်းတို့မှာ စာရေးသူတို့ ဇနီးမောင်နှံကို ဟိုတယ်၌ချထားပြီး . . .

"သားတို့ ၃ နာရီလောက် ပြန်လာခေါ်မယ်"ဟုဆိုကာ ထွက်သွားကြသည်။

နိုဝင်လာလအကုန် ဒီဇင်ဘာလအဝင် မန္တလေး၏ ရာသီဥတုမှာ မပူလွန်း မအေးလွန်း၍ ခရီးသွားရသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြက်ကျဘုရားအား ရင်ပြင်တော်အောက်ပစ္စယာမှ ဖူးမြော်ရပုံ


အဆင်ပြေလှသည်။ မနက်စောစောကာလ၌သာ အနည်းငယ်အေးပြီး နေ့လယ်ပိုင်း၌ အအေးဓာတ်မရှိတော့။ ဘုရားဖူးခရီးသွားရသည်မှာ သက်သောင့်သက်သာရှိသည်။ ဟိုတယ်သို့ပြန်ရောက်ပြီး နှစ်နာရီခန့် အအေးခန်းအတွင်း လဲလျောင်းနားနေရသောကြောင့် အသက်အရွယ်ကြီးပြီဖြစ်သည့် စာရေးသူတို့ ဇနီးမောင်နှံအဖို့ ညနေ ရွှေကြက်ယက်ဘုရား သွားရောက်ဖူးမြော်ရန် အားပြန်လည်ပြည့်ကာ လန်းဆန်းသွားခဲ့သည်။

❑

ညနေ ၃ နာရီတွင် သားနှင့် နန်းအွမ်ခမ်းတို့ ရောက်ရှိလာပြီး စာရေးသူတို့အား လာရောက်ခေါ်ဆောင်ကာ စစ်ကိုင်းတံတားနှင့် ရတနာပုံ တံတားသစ်ကြီးအနီး၌ တည်ထားသော ရွှေကြက်ယက် ရွှေကြက်ကျ ဘုရားနှစ်ဆူရှိရာသို့ ဦးတည်ထွက်ခွာလာခဲ့သည်။

ညနေ ဘုရားဖူးခရီး၌ မတ်တူး ဆလွန်းကားလေး မဟုတ်တော့။ ဆပ်ဗင်ကားလေးဖြစ်၍ ခရီး တွင်လှသည်။ အအေးဓာတ်လည်း ပိုရ၍စီးရသည်မှာ သက်သောင့်သက်သာရှိလှသည်။

မော်တော်ယာဉ်မောင်းနှင်သည့် သမီးနန်းအွမ်ခမ်းမှာလည်း ရွှေမန်းသူပီပီ ကားကို ကျွမ်းကျွမ်းကျင်ကျင်နှင့် မောင်းနှင်နေပြီး ဘေးမှထိုင်လိုက်သော သားဖြစ်သူ မောင်မျိုးသက်မှာ ကားမမောင်းတတ်သော်လည်း ဘယ်ကွေ့ ညာကွေ့ အရှိန်လျှော့ စသဖြင့် နှုတ်မှတတွတ်တွတ် ပြောဆိုကာ ညွှန်



စောင်းတန်းရှိ စေတီနှစ်ဆူကို ကြည်ညိုဖွယ် ဖူးတွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com

ကြားမှုအမျိုးမျိုး ပြော၍ လိုက်ပါလာသည်ကို ကြည့်ရင်း စာရေးသူ ပြုံးမိသည်။

ဆပ်ကားလေးသည် မန္တလေးမြို့တွင်းမှ ထွက်ခွာခဲ့ပြီး တန်တော်ကြီးအနီးမှဖြတ်ကာ ရွှေကြက်ယက် ရွှေကြက်ကျ စေတီနှစ်ဆူရှိရာသို့ ဦးတည်မောင်းနှင်ခဲ့ရာ တာပေါင်လမ်းမကြီးမှ ညာဘက်သို့ ချိုးကွေ့ဝင်ခဲ့ရာ မော်တော်များ၊ သစ်ဖောင်များ၊ သင်္ဘောငယ်များ ဆိုက်ကပ်ထားရာ ဧရာဝတီမြစ်ပြင်ကျယ်ကြီး၏ ဆိပ်ကမ်းကို လှမ်းမြင်နေရသည်။

မြစ်ဆိပ်သို့မရောက်မီ စိမ်းလန်းစိုပြည်ပြီး အရိပ်အာဝါသ ကောင်းလှသော သက်တမ်းရင့် မဟာဗောဓိပင်ခြေသို့ ရောက်လေသည်။ ဗောဓိပင်အုတ်ခုံပတ်လည်၌ နေ့နံအလိုက် တည်ထားသော ရုပ်ပွားတော်များကို ဖူးတွေ့ရသည်။ မဟာဗောဓိပင်ခြေ အရိပ်အောက်၌လည်း နားခိုနေသော ဘုရားဖူးများကို တွေ့ရသည်။ မဟာဗောဓိပင်၏ ညာဘက်၌ ကြီးမားလှသော ခံ့ညားလှသော ခြင်္သေ့ရုပ်တုကြီး နှစ်ရုပ်သည် မားမားမတ်မတ်နှင့် ဘုရားဖူးတို့ကို စောင့်ကြိုနေသည့်အလားတွေ့ရသည်။

ခြင်္သေ့ရုပ်တု နှစ်ခုကြားမှ လှမ်းမျှော်ကြည့်ရာ ရွှေရောင်ပန်းကနုတ်များဖြင့် စီခြယ်ထားသော "ရွှေကြက်ကျဆုတောင်းပြည့် မြတ်စွာဘုရား" ဟု ကမ္ပည်းမှတ်တမ်း ရေးထိုးထားသည့် အနီရောင်မုခ်ပေါက်ဝကို မြင်ရလေသည်။



အဟောင်းတော် ရွှေကြက်မင်း



ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ရပုံ

ဘုရားဖူးများအနေနှင့် ရွှေကြက်ယက် ရွှေကြက်ကျဘုရားဟူ၍သာ ကြားဖူးကြရာ မရောက်ဖူးသေးသောသူများအနေနှင့် စေတီဘုရား တစ်ဆူတည်းဟု မှတ်ထင်ထားကြသည်။ အမှန်တကယ်၌ ရွှေကြက်ယက် ရွှေကြက်ကျ ဘုရားဟု တွဲ၍အမည်တွင်သော်လည်း ဘုရားစေတီ တစ်ဆူတည်း မဟုတ်ပေ။

ဧရာဝတီမြစ်ကမ်းခြေသို့ မျက်နှာမူလိုက်သော် ညာဘက်၌ရှိသော ဘုရားစေတီသည် "ရွှေကြက်ကျဘုရား" ဖြစ်ပြီး ဘယ်ဘက် အတော်လှမ်းလှမ်း ကိုက် ၅၀၀ ကျော်၌ တည်ထားသော ဘုရားစေတီသည် "ရွှေကြက်ယက်ဘုရား" ဖြစ်သည်။ နှစ်ဆူစလုံးသည် မုခ်ပေါက်ဝ မျက်နှာချင်းဆိုင် တည်ထားကြပြီး မြေပြင်မှ ကုန်းမြင့်သို့ တက်ရောက်ကြရပြီး စောင်းတန်းတစ်ဖက်တစ်ချက်၌ စေတီငယ်များ အစီအရီတည်ထား၍ မူလစေတီတော်ကြီးမှာ စေတီငယ်များအလယ်၌ ပွယ်စွာ ဖူးတွေ့ရသည်။

စာရေးသူအနေနှင့် ရွှေကြက်ယက်ဘုရားနှင့် ရွှေကြက်ကျဘုရားနှစ်ဆူအား ၂၀၀၆ ခုနှစ် မတိုင်မီက နှစ်စဉ်နီးပါးရောက်ခဲ့သည်။ ညီဖြစ်သူသည် မိန်းမလျာတစ်ယောက် မဟုတ်သော်လည်း နှစ်စဉ် ဝါခေါင်လရောက်တိုင်း တောင်ပြုံးမင်းညီနောင် ပွဲဗေးပွဲသို့ မရောက်မနေ လာတတ်သည်။ ငှက်ပျောပွဲထိုး၍ နတ်နန်းကြီး၌ ပူဇော်သလို နတ်နန်းတခို၌



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်အာရုံခံတန်ဆောင်း၌ ဖူးတွေ့ရသော ကျောက်စိမ်းရုပ်ပွားတော်



ကျောက်သားကောင်းလှသည့် စကျင်ကျောက်ရှေးဟောင်းရုပ်ပွားတော်

နတ်ထိန်းတို့အား ငွေကြေးလှူဒါန်းပြီး ဆိုင်းဖြင့်ပူဇော်လေ့ရှိသည်။

စာရေးသူသည် မိရိုးဖလာအရ အိမ်တွင်းအုန်းဆွဲခြင်း၊ နှစ်စဉ် ဝါဝင်ဝါထွက် ရိုးရာနတ် ပူဇော်ပသခြင်းကို သားအကြီးဆုံးဖြစ်၍ ပြုလုပ်လေ့ရှိသော်လည်း မင်းကြီးမင်းလေးကိုကား ညီဖြစ်သူလို စွဲစွဲလမ်းလမ်း မပူဇော်ခဲ့။ ညီနှင့် လိုက်ပါ၍ တောင်ပြုံးပွဲရောက်သည့်အခါ၌ကား အများနည်းတူ ပွဲထိုးပူဇော်လေ့ရှိသည်မှလွဲ၍ နှစ်စဉ် မလာဖြစ်ခဲ့ပေ။

စာရေးသူ တောင်ပြုံးပွဲအကြောင်း ပြောခြင်းမှာ ညီဖြစ်သူက အမွေမှုဖြစ်နေစဉ် တောင်ပြုံးပွဲလာရင်း ရွှေကြက်ယက် ရွှေကြက်ကျဘုရား၊ ဆွမ်းဦးပုညရှင်ဘုရားများသို့ ဝင်ရောက် ဖူးမြော်တတ်ရာ စာရေးသူသည် ထိုဘုရားတို့အား ဖူးမြော်လို၍ ညီနှင့် နှစ်စဉ်လိုက်ပါခဲ့ဖူးခြင်း ဖြစ်သည်။ အထူးသဖြင့် မန္တလေးမဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ဘုရားကြီး၊ ရွှေကြက်ယက် ရွှေကြက်ကျဘုရား၊ ဆွမ်းဦးပုညရှင်ဘုရားများကို ဖူးလို၍ လိုက်ပါလာခြင်းဖြစ်သည်။

ထိုဘုရားသုံးဆူကား ဆုတောင်းအလွန်ပြည့်ဝလှပြီး ဖူးမြော်သူတို့၏ စိတ်အာရုံအား လွန်စွာပီတိဖြစ်ခြင်း၊ မုဒိတာပွားများမှုများ ဖြစ်တည်ခြင်း၊ ရင်ဆိုင်ဖြေရှင်းနေရသော အခက်အခဲ ပေါင်းစုံနှင့် ကြုံတွေ့နေရသော အမွေမှုအတွက် တရားသဖြင့် ဖြစ်စေရန် ဆုတောင်းရခြင်းများကြောင့် ညီဖြစ်သူ၏ ကိုယ်ပိုင် တိုယိုတာဗင်ကားဖြင့် လိုက်ပါခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် စာရေးသူသည် ထိုနည်းဖြင့် ၂၀၀၆ ခုနှစ် မတိုင်ခင် နှစ်စဉ်နီးပါး ရွှေကြက်ယက် ရွှေကြက်ကျဘုရား ဆွမ်းဦးပုညရှင် ဆုတောင်းပြည့်ဘုရား၊ မန္တလေးမဟာမြတ်မုနိ မြတ်စွာဘုရားကြီးတို့သို့ ၂၀၀၆ ခုနှစ် မတိုင်ခင် နှစ်စဉ်နှစ်တိုင်း ရောက်ခဲ့ခြင်း ဖြစ်သည်။

စာရေးသူသည် ရွှေကြက်ကျ ဘုရားစောင်းတန်းတစ်လျှောက် ဇနီးဖြစ်သူနှင့် ဖြည်းဖြည်းအေးအေး တက်ရောက်ခဲ့ရာ စောင်းတန်းတစ်ဖက်တစ်ချက်၌ တည်ထားသောစေတီတော်အဆူဆူကို ဇနီးဖြစ်သူ ဒေါက်တာညွန့်ညွန့်ရီအား ပြသရင်း . . .

"အခု အစ်ကိုကြီးတို့ တက်ရောက်နေတဲ့ ရွှေကြက်ကျဘုရားဟာ မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်က ဗျာဒိတ်တော်ထားရှိခဲ့သည့်အတိုင်း သာသနာပြုမင်းကြီး သီရိဓမ္မာသောကမင်းကြီးက စတင်တည်ထားတဲ့ စေတီတော်ဖြစ်တယ်၊ နောက်ပိုင်း ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးလက်ထက် ရောက်တော့ တရုတ်ပြည် ဥတည်ဘွားထံ ဗုဒ္ဓမြတ်စွာဘုရားရှင်ရဲ့ စွယ်တော်မြတ် သွားရောက်ပင့်ဆောင်ရာမှအပြန်ခရီးမှာ အသောကမင်းကြီး ကောင်းမှု စေတီတော်ကိုပြုပြင် ဉာဏ်တော်မြှင့်ကာ စေတီတော်တည်ခဲ့ရာမှ ရွှေကြက်ကျဘုရား ဖြစ်ထွန်းတည်ရှိလာခြင်းဖြစ်တယ် ညီမရေ။





www.burmeseclassic.com

www.burmeseclassic.com



ဗျာဒိတ်ပေး ရပ်တော်မူမြတ်စွာဘုရား ရုပ်ပွားတော်

ဒါကြောင့် အခုဖူးမြော်ရမယ့် ရွှေကြက်ကျဘုရားရော ကောနေ ဖူးမြော်ရမယ့် ရွှေကြက်ယက်ဘုရားတွေဟာ ရှေးဟောင်း အသောကမင်းကြီး ကောင်းမှုတော်ဖြစ်သလို၊ ပုဂံခေတ် မင်းအစဉ်အဆက်၊ စစ်ကိုင်းခေတ်မင်းတို့ တည်ထားရာ ရှေးဟောင်းစေတီတော်များ ဖြစ်သလို ဆုတောင်းအလွန်ပြည့်ဝတဲ့ စေတီတော်များဖြစ်တယ် ညီမရေ"

စာရေးသူတို့ ဇနီးမောင်နှံသည် စကားတပြောပြောဖြင့် စောင်းတန်းကို တက်ရောက်ခဲ့ရာ ရင်ပြင်တော်ပေါ်သို့ တက်ရောက်ရန် လှေကားခြေရင်းသို့ ရောက်လာခဲ့သည်။ လှေကားရင်းမှ အထက်သို့ မော့၍ကြည့်လိုက်ရာ "သမိုင်းဝင် ဆုတောင်းပြည့် ရွှေကြက်ကျ မြတ်စွာဘုရား" ဟု အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရေးထိုးထားသောဆိုင်းဘုတ်အား လှေကားတက်မည့် အဝင်ထုပ်တန်း၌ ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

လှေကားတက်ရင်း စောင်းတန်း၌ လှမ်းမြင်နေရသော အာရုံခံတန်ဆောင်းရှိ ဂန္ဓကုဋိတိုက်အတွင်း၌ ရှေးဟောင်း ကြည်ညိုဖွယ် ဗုဒ္ဓရုပ်ပွားတော်ကြီးအား ကြည်ညိုဖွယ် ဖူးတွေ့ရသည်။

ရင်ပြင်တော်ပေါ် အရောက် ဘယ်ဘက်၌ အုတ်တိုက်ဂန္ဓကုဋိအတွင်း၌လည်း သပ္ပာယ်လှသော ရှေးဟောင်းရုပ်ပွားတော်မြတ်ကြီးကို ဦးစွာဖူးတွေ့ရသည်။ ရုပ်ပွားတော်မြတ်ကြီး၏ အနောက်ဘက်၌ မှန်စီထားသည်မှာ ရုပ်ပွားတော်မြတ်ကြီး၏ ရွှေသက်န်းရောင်နှင့် လိုက်ဖက်လှသည်။

ရုပ်ပွားတော် သီတင်းသုံးရာ ဂန္ဓကုဋိတိုက်အနီး၌ ရွှေကြက်ယက် ရွှေကြက်ကျဘုရား ကျောက်စာဟု ကမ္ပည်းထိုးထားသော ကျောက်စာချပ်ကို တွေ့ရသည်။ ကျောက်စာပါ အက္ခရာများသည် ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်သုံး အက္ခရာများ မဟုတ်ဘဲ ယခုခေတ် အက္ခရာနှင့် ရေးထိုးထားသည်ကို တွေ့ရသည်။

ကျောက်စာများနှင့် မလှမ်းမကမ်း၌ နဂါးမယ်တော်ရုပ်တုကို တွေ့ရပြီး မယ်တော်နောက်ဘက်၌ ရတနာပုံတံတားအသစ်ကြီးကို မြင်တွေ့နေရသည်။ တံတားသစ်ကြီးနှင့်အတူ ဧရာဝတီမြစ် ရေပြင်ကျယ်ကြီးကိုလည်း တွေ့ရသည်။ ဧရာဝတီမြစ်ရေပြင်၌ ဥဒဟိုသွားလာနေသော လှေ၊ သမ္ဗန်၊ သင်္ဘောငယ်များကိုလည်း တွေ့ရသလို တဖြည်းဖြည်း ရေစုန်ကို စုန်ဆင်းနေသည့် သစ်ဖောင်၊ ဝါးဖောင်တို့ကိုလည်း မြင်နေရသည်။

လှေ၊ သမ္ဗန်၊ သင်္ဘောတို့ အစုန်အဆန် ခုတ်မောင်းနေသည်ကို စာရေးသူ ကြည့်နေရင်း စိတ်အစဉ်သည် ရှေးခေတ်ကာလ အနော်ရထာမင်းကြီး ဤစေတီတည်ရာ တောင်တော်မြတ်အနားမှ ဖြတ်၍ တရုတ်ပြည် ဥတည်ဘွားဘုရင်ထံမှ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရန် မှူးမတ်ဗိုလ်ခြေများ ခြံရံ




ဆုတောင်းပြည့် ရွှေကြက်ကျမြတ်စွာဘုရား ဂန္ဓကုဋိတိုက်သို့ တက်ရာလှေကားနှင့် သားသုဃယ်ချင်း နန်းအွမ်သင်း



www.burmeseclassic.com

www.burmeseclassic.com



နဂါးနှစ်ကောင် ပလ္လင်ထက်၌ စံပယ်တော်မူသော
ရှင်ဥပဂုတ္တမထေရ်မြတ်

ကာ ကြွချီတော်မူပုံကိုလည်း အတွေးအာရုံ၌ ပြန်လည်ထင်ဟပ်မိသလို အင်းဝ၊ ပင်းယမင်းများ စစ်ထွက်သောအခါ၌ ဤရွှေကြက်ယက် ရွှေကြက်ကျ ဘုရားနှစ်ဆူသို့ ရေတပ်ကြီး ဦးတိုက်ပူဇော်ကြပုံ၊ အောင်မြေနင်းကြပုံကိုလည်း စိတ်အာရုံ၌ ထင်ယောင်မြင်ယောင်လာမိလေသည်။ စာရေးသူသည် မည်မျှ အချိန်ကြာအောင် ငေးမောတွေးတောနေမိသည်မသိအောင် ဖြစ်နေစဉ် "အစ်ကိုကြီး ဘုရားသွားဖူးရအောင်လေ" ဟု အနားမှ ဇနီးဖြစ်သူ သတိပေးစကားဆိုမှ . . .

"အေး၊ ဟုတ်သားပဲ" ဟု တုံ့ပြန်စကား ဆိုမိပြီး ဆုတောင်းပြည့် ရှေးဟောင်းသမိုင်းဝင် ရွှေကြက်ကျ ရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိတိုက်ရှိရာသို့ ဝင်ရောက်ခဲ့လေသည်။

ဂန္ဓကုဋိတိုက်အတွင်း၌ ဘုရားဖူး သုံးလေးဦးသာရှိ၍ စိတ်ချမ်းချမ်းသာသာနှင့် အေးအေးဆေးဆေး ဖူးမြော်ခွင့်ရသည်။ ရုပ်ပွားတော်မြတ်သည် သပ္ပာယ်လှသည်။ ရွှေသင်္ကန်းတော် ကပ်လှူထားရုံသာမက ပိုးသင်္ကန်းပါ လွှမ်းခြုံကပ်လှူထားသည်။ ရွှေနဖူးသင်းကျစ်တော်ဖြင့် ကြည်ညိုဖွယ်အသွင်ဆောင်လျက်ရှိသည်။

မှန်စီရွှေချပလ္လင်၊ မှန်စီရွှေချတံကဲတို့ဖြင့် ရွှေကြက်ကျ ဆုတောင်းပြည့် ရုပ်ပွားတော်မြတ်သည် သပ္ပာယ်လှသည်။ ရောင်ခြည်တော် ကွန့်မြူးနေသည့်ပမာ ပူဇော်ထားသော မီးပန်းဆွဲတို့မှာလည်း ဖြူနီဝါစိမ်းပြာတို့ဖြင့် ရောင်ခြည်တော် လွှတ်နေသည်ဟုပင် ထင်မှတ်ရပေသည်။


"ညီမ အခု ဖူးမြင်နေရတဲ့ ရုပ်ပွားတော်မြတ်ကြီးဟာ ရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာဘုရားကြီးပဲ၊ ရှေးအစဉ်အဆက် မင်းမြတ်တွေ ဖူးမြော်ကြသလို မင်းဆွေမင်းမျိုးတွေ မှူးတော်မတ်တော်တွေ အမြဲလာရောက် ဖူးမြော်ကြတဲ့ ဘုရားဖြစ်တယ်၊ ဆုတောင်းလဲ အလွန်ပြည့်တယ်"

စာရေးသူ ရှင်းပြသည့် စကားကို နားထောင်ရင်း ဇနီးဖြစ်သူသည် ရွှေကြက်ကျဘုရားကြီးအား အာရုံပြု ရှိခိုးပူဇော်နေလေသည်။ ရွှေကြက်ကျဘုရားကြီး၏ ဘေး၌ မှန်စီရွှေချ သင်္ကန်းတော်ဖြင့် ရှေးဟောင်းရုပ်ပွားတော်တစ်ဆူကိုလည်း ကောင်း၊ မြတ်စွာဘုရားရှင် ဗျာဒိတ်ပေးဟန် ရွှေသင်္ကန်း ဆက်



ရွှေကြက်ကျဘုရား
စောင်းတန်းအဝင်မုခ်ဦးနှင့်
ခြင်္သေ့ကြီး

www.burmeseclassic.com



သိရိဓမ္မာသောကမင်းကြီး ဘုရားတည်ရန် သုံးဖြတ်တော်မူခန်း



မြတ်စွာဘုရား ပြုတော်မူသည်ကို အရှင်အာနန္ဒာအမေးတော်ရှိ၍ နစဉ်အခါ ကြက်မင်းဘဝဖြင့် ကျင်လည်ခဲ့ပုံကို မိန့်တော်မူပုံ

ကပ်ထားသော ရုပ်တော်မူ ရုပ်ပွားတော်မြတ်ကိုလည်းကောင်း ကြည်ညိုဖွယ် ဖူးတွေ့ရသည်။

ဗျာဒိတ်ပေးရုပ်ပွားတော်ကြီး၏ရှေ့၌ ဘုရားအလောင်းတော် ကြက်မင်းနှင့် ကြင်ရာတော် ကြက်မတို့၏ ပုံကိုလည်း တွေ့ရသည်။ ထိုနည်းတူ ရွှေကြက်ကျမြတ်စွာဘုရား ရုပ်ပွားတော်ကြီး၏ ဂန္ဓကုဋီတိုက်အတွင်း၌ပင် ရုပ်တော်မူ ဗျာဒိတ်ပေး မြတ်စွာဘုရား ရုပ်ပွားတော်မြတ် တစ်ဆူကိုလည်း ဖူးမြော်ရသည်။ ရွှေသင်္ကန်း ကိုယ်လုံးပြည့် ကပ်လှူပူဇော်ထား၍ ရွှေရောင်တောက်ပလျက် သပ္ပာယ်တော်မူလှ၏။

ထူးခြားလှသော ထိုင်တော်မူ ရုပ်ပွားတော်တစ်ဆူကို လည်း ရွှေကြက်ကျ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာ ဂန္ဓကုဋီတိုက် တန်ဆောင်းအတွင်း၌ ဖူးမြော်ရသည်။ ကိုယ်လုံး တော်ပြည့် ပတ္တမြားရောင်၊ မြရောင်၊ စိန်ရောင်၊ ပုလဲရောင် ကျောက်မျက်ရတနာစုံဖြင့် ကပ်လှူပူဇော်ထားသော ရှေးဟောင်းရုပ်ပွားတော်တစ်ဆူကိုလည်း ဖူးမြော်ရသည်။ လက်တော်၌ ပူဇော်ထားသော ပတ္တမြားရောင် တောက်ပနေသော ကျောက်တော်တစ်လုံးမှာ နီရဲလျက် ဖူးတွေ့ရသည်။



နဂါးမယ်တော် ရုပ်တု


ရွှေကြက်ကျ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရှေ့၌လည်း ဘုရားအလောင်းတော် ရွှေကြက်မင်းနှင့် ရွှေကြက်မရုပ်တု နှစ်ခုကိုလည်း တွေ့ရသည်ဟု စာရေးသူ ထင်မှတ်ခဲ့သော်လည်း ရွှေကြက်ရုပ်တုနှစ်ခု၏ အခြေရှိ စာကို ဖတ်ရသောအခါမှ အလောင်းတော် ရွှေကြက်မင်းရုပ်တု နှစ်ဆူဖြစ်မှန်း သိရလေသည်။

ရွှေကြက်ကျရုပ်ပွားတော်မြတ်ကို ဖူးမြော်ပြီး လောဘ၊ ဒေါသ၊ မောဟကင်းသောဆုကို တောင်းပြီးနောက် ဂန္ဓကုဋီတိုက် ပြင်ပရှိ အာရုံခံတန်ဆောင်းမှထွက်၍ ရွှေကြက်ကျ စေတီတော်အား လက်ယာရစ်ပတ်၍ ဖူးမြော်ရန် ထွက်ခွာလာခဲ့သည်။ ဇနီးဖြစ်သူသည် ရွှေကြက်ကျ ရွှေကြက်ယက် ဘုရားသို့ တစ်ကြိမ်မျှ ရောက်ဖူးသူမဟုတ်၍ ရွှေကြက်ကျ ဘုရားရင်ပြင်တော်မှ မြင်တွေ့နေရသော ရတနာပုံ တံတားသစ်ကိုလည်းကောင်း၊ ဧရာဝတီမြစ်ပြင်ကျယ်ကိုလည်းကောင်း၊ ဧရာဝတီဖြစ်တစ်ဖက်ကမ်းရှိ စိမ်းစိုပြီး ဧရာဝတီမြစ်ကြောင်းနှင့် အပြိုင် တည်ရှိနေသည့် စစ်ကိုင်းတောင်ရိုး တောင်တန်းကိုလည်းကောင်း ပြသရင်း . . .


"ညီမ မနှစ်က အလောင်းတော်ကဿပ ဘုရားသွားရင်း တက်ရောက်ဖူးမြော်ခဲ့တဲ့ ဆွမ်းဦးပုညရှင် စေတီတော်ကို ဖူးမြော်နိုင်သလို ညီမ မရောက်ဖြစ်ခဲ့တဲ့ ပတ္တမြားစေတီကိုလဲ ဒီကနေ လှမ်းမြင်နေရတယ်၊ တာဝါတိုင်အနီးက စေတီဟာ ပတ္တမြားစေတီတော်ပဲ၊ စစ်ကိုင်းတောင်ရိုး တောင်တန်းပေါ်မှာရှိတဲ့ ဧရာမြစ်ဘက်ခြမ်းက စေတီတွေ အတော်များများကို ဒီက လှမ်းမြင်နေရတယ်၊ ရွှေကြက်ယက် ဘုရားပေါ်ကဆိုရင် ပိုပြီးမြင်နိုင်တယ်၊ ရွှေကြက်ယက်ဘုရားက ရွှေကြက်ကျဘုရားထက် ပိုမြင့်လို့ပဲ"




www.burmeseclassic.com



ဘုရားရှင်ဗျာဒိတ်တော်အရ မန္တာသိရိတောင်ထိပ်၌ မုဋ္ဌောစေတီ တည်နေပုံ



ရွှေကြက်ကျာဘုရား အောင်မြေ



ရွှေကြက်ကျာဘုရား တံခွန်တိုင်



နတ်မင်းလေးပါး ခြံရံသော တံခွန်တိုင်

ဇနီးဖြစ်သူသည် စာရေးသူ ရှင်းပြသော စကားကို နားထောင်ရင်း စစ်ကိုင်းတောင်တန်းပေါ်ရှိ စေတီများကို လက်အုပ်ချီ ကန်တော့လေသည်။ ထိုမှ မဝေးလှသော တစ်နေရာမှာရှိသော နဂါးနှစ်ကောင်ပလ္လင်ထက်၌ သီတင်းသုံးနေတော်မူသော ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး စံပယ်ရာ တန်ဆောင်းသို့ ဝင်ရောက်ပြီး ပူဇော်လေသည်။ ဇနီးဖြစ်သူမှာ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ယုံကြည်စွာ ကိုးကွယ်ဆည်းကပ်သူဖြစ်သည်။

နေထိုင်ရာ ရန်ကုန်မြို့၌ တန်ဆောင်မုန်းလပြည့်နေ့ရောက်တိုင်း ဗိုလ်တထောင်ဆိပ်ကမ်းမှ နံနက် အရုဏ်တက်ချိန်၌ ဆွမ်း၊ သစ်သီး၊ သောက်တော်ရေ ယိုစုံများကို ဆွမ်းသပိတ် သုံးလုံး၌ထည့်ကာ စက်တပ်သမ္ဗန်တစ်စင်းကို စင်းလုံးငှား၍ ရန်ကုန်မြစ်ဝအထိ သွားရောက်ပြီး ဆွမ်းမျှောလေ့ရှိသူဖြစ်သည်။ ဗုဒ္ဓဟူးနေ့နှင့်ဆုံသော လပြည့်နေ့ ညများ၌လည်း ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး၏ ရုပ်တုကို နေအိမ်ပြင်ပသို့ ပင့်ကာ သစ်သီးဆွမ်း၊ သောက်တော်ရေ၊ ဆီမီး၊ အမွှေးတိုင်များဖြင့် သန်းခေါင်ချိန်မှစ၍ အရုဏ်တက်ချိန်အထိ ပူဇော်ပသလေ့ရှိသည်။ ဘုရားဖူးထွက်သည့် အခါတိုင်း၌လည်း ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ်ကြီး၏ ရုပ်ပွားတော်ကို ဖူးမြော်ရသော် တရိုတသေ ဖူးမြော်လေ့ရှိသူဖြစ်၍ ဤရွှေကြက်ကျာဘုရား၌ စံပယ်သော ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးကိုလည်း တရိုတသေ ပူဇော်ကန်တော့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး စံမြန်းရာတန်ဆောင်းအနီး၌ နမောတဿ အစချီပြီး ရေးထိုးထားသော ခေတ်သစ်ကျောက်စာတစ်ချပ်ကိုလည်း တွေ့ရသည်။

ထိုကျောက်စာ၌ . . .

"ရှေးဟောင်းသမိုင်းဝင် အောင်မြေ ရွှေကြက်ကျဆုတောင်းပြည့် မြတ်စွာဘုရား စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေပြားရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း ကမ္ပည်းကျောက်စာ" ဟု တွေ့ရသည်။

ထိုကျောက်စာ၌ပင် ရွှေကြက်ကျစေတီ တည်ရှိရာကုန်းမြေသည် နဂါးရစ်တောင် အောင်မြေကုန်းတော် ဖြစ်ကြောင်း တွေ့ရသည်။ ထိုစေတီတော်အား သာသနာနှစ် ၂၁၈ ခုနှစ်၌ သီရိဓမ္မာသောကမင်းကြီးက မဟာအဂ္ဂလိပုတ္တတိဿမထေရ်မြတ်၊ ကုန္ဒဂုတ္တရဟန္တာအရှင်မြတ်နှင့် တိုင်ပင်၍ သာသနာပြု စေလွှတ်ပြီး စေတီပေါင်း ရှစ်သောင်းလေးထောင် တည်ထားရာမှ ဤစေတီတော်ကြီးအား မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်တို့ကို ဌာပနာထည့်သွင်း၍ တည်ထားကြောင်းကို အကျဉ်းချုပ် တင်ပြထားသည်ကို တွေ့ရသည်။

ထိုကျောက်စာ တည်ရှိရာမှ ရွှေကြက်ကျစေတီတော်အား လက်ယာရစ် ဆက်လက်ပူဇော်ရင်း လျှောက်လှမ်းခဲ့ရာ အာရုံခံတန်ဆောင်း တစ်ခုအတွင်းသို့ ရောက်လေသည်။ အာရုံခံတန်ဆောင်းအတွင်း၌ ကျောက်သားဖြူစင်ဝင်းပပြီး ကြည်လင်နေသော စကျင်ကျောက်ဖြင့် ထုလုပ်ထားသော ရှေးဟောင်းရုပ်ပွားတော်မြတ်ကို ဖူးတွေ့ရသည်။ လက်ရာအနေအထားမှာ ကုန်းဘောင်ခေတ်လက်ရာဟုမှန်းဆမိသည်။ သင်္ကန်းအနားတွန့်များမှာ လက်ရာမြောက်လှသည်။ မျက်နှာတော်မှာလည်း ကြည်ညိုဖွယ်အသွင်ဆောင်လျက် ရှိသည်။ အထူးသဖြင့် စကျင်ကျောက်သားမှာ ဖြူစင်ပြီး အရောင်တောက်လျက်ရှိသည်။ ဘုရားရှင်၏ ဘယ်ဘက်လက်မောင်းတော် နေရာ၌ အစိမ်းရောင်ပင် တောက်နေသည်။


တန်ဆောင်းပြင်ပသို့ ထွက်ပြီးသောအခါ အညိုရောင်ကျောက်ပြားပြင်၌ ရှစ်ပေပတ်လည်ခန့် အဖြူရောင်ကြွေပြားဖြင့် စက်ဝိုင်းသဏ္ဍာန် အောင်မြေကို တွေ့ရသည်။

ဇနီးဖြစ်သူအား . . .

"ညီမ ဒီအဖြူရောင်ကြွေပြား စက်ဝိုင်းဟာ အောင်မြေပဲ၊ ရွှေကြက်ကျဘုရားမှာ မြန်မာမင်းအစဉ်အဆက် အောင်မြေ နင်းကြတာကို ရှေးဟောင်းစာတွေမှာ ဖတ်ဖူးတယ်၊ ဒီအောင်မြေမှာ နင်းတယ်လို့ ထင်တာပဲ၊ အစ်ကိုကြီးတို့ ညီအစ်ကိုတွေ အမွေ့မှုဖြစ်နေစဉ်က ဒီအောင်မြေမှာ ဆုတောင်းခဲ့ဖူးတယ်၊ ဆုတောင်းလဲ ပြည့်ဝခဲ့ပါတယ်၊ မကြာခင် တက်ရောက်ဖူးမြော်မယ့် ရွှေကြက်ယက်ဘုရား ရင်ပြင်မှာလဲ ဒီအောင်မြေအတိုင်းပဲ အောင်မြေရှိတယ်"

စာရေးသူ စကားမဆုံးခင် အောင်မြေကွက်အလယ်၌ နေရာယူပြီး ဖြစ်နေသည့် ဇနီးဖြစ်သူကိုကြည့်ရင်း စာရေးသူ ပြုံးနေမိသည်။ မြန်မာနိုင်ငံအနှံ့ ဘုရားစေတီ များစွာတို့၌ အောင်မြေများစွာ ရှိကြ၏။ အောင်မြေနင်း၍ ဆုတောင်းကြသူများမှာလည်း များပြားလှ၏။

ရှေးမြန်မာမင်းများလည်း အောင်မြေကို ယုံယုံကြည်ကြည် နင်းခဲ့ကြ၏။ တောင်ငူဘုရင် တပင်ရွှေထီးသည် မွန်တို့တိုင်းဌာနေ၌ရှိသော ရွှေမော်ဓောစေတီတော်၏ အောင်မြေကို တောင်ငူမှ လာရောက်ကာ ရန်သူစစ်သည်များအလယ်



မြွေနဂါးနှစ်ကောင် ရုပ်တုအား အသက်ပါလှစွာ တွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com

၌ အောင်မြေနင်းရင်း နားထွင်းမင်္ဂလာ ပြုလုပ်ခဲ့သည်မှာ သမိုင်း၌ အထင်အရှားပင် ဖြစ်သည်။

အောင်မြေနင်း၍ ဆုတောင်းပြီးနောက် စာရေးသူတို့နှစ်ဦးသည် အောင်မြေကျောက်စာအနီးမှ မြောက်ဘက်သို့ ကြည့်မိသောအခါ ဉာဏ်တော် အတော်ပင်မြင့်မားသော စေတီတော်နှစ်ဆူကို ဖူးမြင်ရသည်။ ဉာဏ်တော် အနည်းငယ်မြင့်သော စေတီတော်မှာ ရိုးရိုးရှင်းရှင်း ရွှေသင်္ကန်းဖြင့် သပ္ပာယ်လှသည်။ ဉာဏ်တော် အနည်းငယ်နိမ့်သော စေတီတော်မှာ ဘီလူးမပန်းဆွဲနှင့် ပန်းကုံးများနှင့် ထူးခြားလှသည်။ စာရေးသူတို့သည် ရင်ပြင်ပေါ်မှ လှေကားဖြင့်ဆင်း၍ အောက်ဘက်ရင်ပြင်မှ ရွှေကြက်ကျစေတီတော်အား ဓာတ်ပုံမှတ်တမ်း ရယူခဲ့သည်။

စာရေးသူတို့နှစ်ယောက် ရင်ပြင်ပေါ်သို့ ပြန်လည်ရောက်ရှိချိန်၌ သားနှင့် သူ့သူငယ်ချင်းတို့မှာ အောင်မြေနင်း၍ ဆုတောင်းနေသည်ကို တွေ့ရသည်။ စာရေးသူတို့ အာရုံခံတန်ဆောင်းတစ်ခုအတွင်းသို့ ဝင်ရောက်ခဲ့ရာ အထက်နံရံပတ်လည်၌ ချိတ်ဆွဲထားသော ရွှေကြက်ကျ ဘုရားသမိုင်း ပန်းချီကားများကို တွေ့ရသည်။ ပန်းချီဆရာ မြင့်ဝင်း ၁၉၉၇ ခုနှစ်က ရေးဆွဲခဲ့သည့် ရုပ်ပုံများဖြစ်သည်။ အလောင်းတော် ကြက်မင်းဘဝမှစ၍ သီရိဓမ္မာသောကမင်းကြီး စေတီတော်တည်ထားပုံ၊ ရွှေကြက်ကျ ရွှေကြက်ယက် ဘုရားကြီး တည်ထားခဲ့ပုံကို ဖော်ပြရေးဆွဲထားခြင်း ဖြစ်သည်။

ထိုမှတစ်ဖန် ရင်ပြင်တော်ပေါ်၌ နတ်မင်းကြီးလေးပါး ခြံရံထားသော မြင့်မားလှသော တံခွန်တိုင်ကြီးကိုလည်း မြင်တွေ့ရသည်။ တံခွန်တိုင်ကို မြင်ရပြီးနောက် ရွှေကြက်ကျမြတ်စွာဘုရား သီတင်းသုံး ကိန်းဝပ်တော်မူရာ ဂန္ဓကုဋိတိုက်ရှိရာ အာရုံခံတန်ဆောင်းသို့ ပြန်ရောက်ခဲ့သည်။

ရွှေကြက်ကျ ဘုရားရင်ပြင်တော်၌ ဘုရားလာရောက်ဖူးမြော်တန် မြွေနှစ်ကောင်၏ရုပ်တုကိုလည်း တွေ့ရသည်။ မန္တလေးတောင်တော်၌ မြွေကြီးနှစ်ကောင်ကို မြင်တွေ့ခဲ့ရသည်ကို ပြန်လည်အမှတ်ရမိသည်။

ရွှေကြက်ကျစေတီ ရွှေကြက်ကျမြတ်စွာဘုရား တည်ရှိရာ ကုန်းတော်သည် နဂါးရစ်တောင် အောင်မြေကုန်းတော်၌ဖြစ်၍ နဂါးအနွယ်ဝင် မြွေနှစ်ကောင် (နဂါးတို့၏ အစိမ်းရောင်ကွက် ဖော်ထား၍ နဂါးရုပ်တုနှင့်လည်း တူလေသည်)၏ ရုပ်တုကို ထုလုပ်ထားခြင်းဖြစ်မည်ဟု တွေးမြင်မိသည်။ ရွှေကြက်ကျစေတီ ဧရာဝတီမြစ်ဘက် ရင်ပြင်၌လည်း နဂါးမယ်တော်ရုပ်တုကို ရေကန်ငယ်အတွင်း၌ ထုလုပ်ထားရာ ဤကန်မြေသည် နဂါးတို့၏ စောင့်ရှောက်ရာ ကုန်းမြေဟု ခေါ်ဆိုမည်ဆိုပါက ခေါ်နိုင်ပေသည်။

စာရေးသူသည် ရွှေကြက်ယက် ရွှေကြက်ကျဘုရားနှင့် ဆက်နွယ်၍ ထူးခြားမှုတစ်ရပ်ကို တွေ့မိလေသည်။ ရွှေကြက်ကျဘုရားကို နှစ်စဉ် တော်သလင်းလဆုတ် ၈ ရက်နေ့တွင် လှေဦးတိုက်ပွဲတော် ကျင်းပပြုလုပ်ကြသည်မှာ အစဉ်အလာ တစ်ရပ် ဖြစ်လေသည်။ ထိုကဲ့သို့ လှေဦးတိုက်ပွဲတော် ကျင်းပ ပြုလုပ်လာခဲ့ရာမှ သက္ကရာဇ် ၁၃၀၀ မပြည့်မီ၌ လှေဦးတိုက်ပွဲတော်ကို မကျင်းပ မပြုလုပ်ဘဲ နေခဲ့ရာ ငါးနှစ်ဆက်တိုက် မိကျောင်းပေါ်မှု ဖြစ်ခဲ့သည်။

မိကျောင်းသည် ဝါခေါင်၊ တော်သလင်းလများ၌ ယခုတံတားကြီးဆိပ်လောက်မှစ၍ မြစ်ကမ်းခြေမှ ဝါးငါးရိုက်အကွာလောက်၌ ပေါ်ခဲ့သည်။ မိကျောင်းသည် ရေပေါ်၌ ပေါ်လျက် မြစ်ရေကို ဆန်တက်လာရာ ရွှေကြက်ကျဘုရားကို ဦးတည်လျက် ရွှေကြက်ကျဘုရားဝဲစွန်းကျောက်ဆောင် မင်းကြီးဘုရားမှ မြစ်လယ်ကျွန်းဘက်သို့ ကူး၍သွားသည်ကို တွေ့ကြရသည်။

မိကျောင်းပေါ်ချိန်၌ မြစ်ရေငြိမ်သက်နေ၍ ရွှေကြက်ယက် ကျေးရွာလူထုမှာ ဆိပ်ကမ်းတစ်လျှောက် ကလေးလူကြီးထွက်၍ ကြည့်ကြသည်မှာ တအံ့တသြနှင့် ကြက်ပျံမကျ စည်ကားလှသည်။

ရွှေကြက်ယက် ရွှေကြက်ကျဘုရားအနီးရှိ ဧရာဝတီမြစ်ပြင်၌ မည်သည့်အခါမျှ မိကျောင်းမပေါ်ခဲ့ဖူးပေ။ ဒေသခံများကလည်း မြစ်အတွင်း၌ မိကျောင်းမရှိဟု ဆိုကြသည်။ ကမ်းခြေရှိ ကြည့်ရှုနေသော လူကြီး၊ လူငယ်အပေါင်းသည် ဆူဆူညံညံ အော်ဟစ်နေကြသော်လည်း မိကျောင်းမှာ ငုပ်လျှိုးပျောက်ကွယ်ခြင်းမရှိ ရေပေါ်၌ ပေါ်မြဲတိုင်း ပေါ်လျက်ရှိခဲ့သည်။ တစ်နှစ်လည်းမဟုတ်၊ ငါးနှစ်ဆက်တိုက် ပေါ်ခဲ့ရာ လူကြီးတို့အနေဖြင့် တော်သလင်းလဆုတ် ၈ ရက်နေ့တိုင် နှစ်စဉ် ရွှေကြက်ကျဘုရားကိုလှေဦးမတိုက်ဘဲနေ၍ မိကျောင်းပေါ်ခြင်းဖြစ်သည်ဟု ဆိုလေသည်။

ရှေးလူကြီးတို့ ဆိုစကားအရ အစဉ်အလာအရပြုလုပ်နေကျ ရွှေကြက်ကျဘုရားကို တော်သလင်းလဆုတ် ၈ ရက်နေ့တွင် လှေဦးတိုက်ပွဲကို ပြန်လည်၍ ပြုလုပ်သည်မှစ၍ ငါးနှစ် ငါးကြိမ် ဆက်တိုက်ပေါ်ခဲ့သော မိကျောင်းမှာ မပေါ်တော့ပေ။ ယနေ့တိုင်အောင်ပင် ဖြစ်လေသည်။

ရွှေကြက်ကျဘုရား လှေဦးတိုက်ပွဲ ကျင်းပပုံမှာ . .

တော်သလင်းလဆုတ် ၇ ရက်နေ့ည ဘုရားဆွမ်းတော်ကြီးတင်ခြင်း၊ ဝတ်သင်းများဖိတ်၍ ဝတ်တက်ဝတ်ကပ်ပြုခြင်း၊ ဘုရားမီးပူဇော်ခြင်း၊ လဆုတ် ၈ ရက်နေ့ နံနက်တွင် ရွှေကြက်ယက် တိုက်နယ် ၁၀ မှ (၁၃၂၄ ခုနှစ် ရေးသားချက်အရ ဖြစ်ပါသည်) ဆွမ်းအုပ်ပို့များကို မဲလက်မှတ်ပေးခြင်း၊ စတုဒိသာ ကျွေးမွေးခြင်း။

၈ နာရီတွင် ပို့လာသမျှဆွမ်းအုပ်များမှ (၁) ဆွမ်းတော်ကြီးတွင် ဆွမ်းများစုပေါင်းခြင်း (၂) ရေတတ်ဗန်း (၃) အချဉ်နှင့် မျှစ်ဗန်း (၄) ပဲမျိုးစုံဗန်း (၅) အသားဗန်း (၆) အကြော်



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြက်ကျဘုရားအဝင်၌ တည်ရှိသော မဟာဗောဓိပင်

ဖြစ်သည်။ ထို့နောက် ရွာဆယ်ရွာမှ ထွက်သည့် လှေဆယ်စင်းကို ငှက်ပျော နှစ်ဖီးကျစီပေး၍ လှေဦးတိုက်ကြရသည်။ ထို့နောက် ငွေနှင့်ငှက်ပျောဆု လှေပြိုင်ပွဲများ ကျင်းပကြလေသည်။

ရွှေကြက်ကျဘုရား၏ လှေဦးတိုက်ပွဲတော် ကျင်းပပုံနှင့် ရွှေကြက်ကျဘုရားအနီး၌ မိကျောင်းပေါ်ခြင်းအကြောင်းကို စာရေးသူအနေနှင့် စာရှုသူတို့ ဗဟုသုတဖြစ်စေခြင်းငှာ အသေးစိတ် ဖော်ပြခဲ့ခြင်းဖြစ်သည်။ ရွှေကြက်ကျဘုရား၌




ရွှေကြက်ကျဘုရားပေါ်မှ တွေ့ရသော ဧရာဝတီ (ရတနာပုံ)တံတား

ဗန်း (၇) ဟင်းစုံဗန်း (၈) သီးစုံဗန်းများတွင် ဆွမ်းဟင်းများ စုပေါင်း၍ ရွှေကြက်ယက်ဝေါ်စရဂါမ်နယ်တွင်းရှိ သံဃာတော်အားလုံးတို့အား ပင့်ဖိတ်၍ ဆွမ်းလောင်းပွဲပြုခြင်း။

ဆွမ်းဟင်းဗန်းများမှ သံဃာတော်တစ်ပါးအတွက်နှင့် ညီမျှသည့် ဘုရားလှေဦးတိုက်အထွက် တစ်ပုံကို ကိုးသင်းရွာသားများက ခံယူ၍ လှေဦးတွင် ကန်တော့ပွဲတင်၊ လှေလယ်တွင် ဆွမ်းခဲဖွယ်များနှင့် လှေကို အောက်မှအထက်သို့ သုံးကြိမ်ဦးတိုက်ရသည်။ ဦးတိုက်စဉ် ကန်တော့ပွဲမြှောက်ပသခြင်း၊ ဆွမ်းဟင်းများမြှောက်၍ ပသခြင်း၊ ငှက်ပျော အုန်းဆွမ်း ဆွမ်းဟင်းများကို ရေစာကျွေးပြီးလျှင် လှေဦးတိုက်ပွဲသည် နံနက်ပိုင်း၌ ပြီးဆုံးလေသည်။

နေ့လယ်ပိုင်းတွင် ဆွမ်းအုပ်ပို့သူများကို မဲဖွင့်ခြင်း အခမ်းအနား ပြုလုပ်ကြသည်။ မဲဖွင့်ပေးသော ပစ္စည်းထဲတွင် ငွေ၊ ဆန်၊ အထည်အလိပ်များနှင့် တခြားလူသုံးပစ္စည်းမျိုးစုံ

မိကျောင်းပေါ်ခြင်းနှင့် ဆက်စပ်၍ ပုဂံခေတ် နရပတိစည်သူမင်းကြီး လက်ထက်တော်အခါ၌ ရွှေကြက်ယက် ရွှေကြက်ကျဘုရားနှစ်ဆူအား ထီးတော်တင်လှူရန် ပုဂံမှ ရွှေဖောင်တော်ဖြင့် ဧရာဝတီမြစ်ကြီးအား ဆန်တက်ကာ ရွှေကြက်ယက်ဘုရားတည်ရာသို့ ဦးတည်လာခဲ့သည်။ ရွှေကြက်ကျဘုရား


ရွှေကြက်ယက်ရွှေကြက်ကျဘုရားကျောက်စာ


ရွှေကြက်ယက် ရွှေကြက်ကျ ဘုရားကျောက်စာ



www.burmeseclassic.com

www.burmeseclassic.com

ရွှေကြက်ကျဘုရားရင်ပြင်တော်မှ စစ်ကိုင်းတောင်တော်ရှိ ဘွဲ့ဦးဘုညရှင် ပုတ္တမြန်မာစေတီနှင့်
စေတီအသွယ်သွယ်တို့အား ဖူးမြော်ရစဉ်



အနီးသို့ ရောက်သောအခါ အလွန်ကြီးမားသော မိကျောင်းကြီးတစ်ကောင်သည် နရပတိစည်သူမင်းကြီး စီးတော်မူလာသော ဖောင်တော်အား ကျောကုန်းထက်ရွက်၍ ချုပ်ကိုင်လေသည်။

မိကျောင်းကြီး ကျောကုန်းဖြင့် တားဆီးချုပ်ကိုင်မှုကြောင့် ဖောင်တော်မှာ ရှေ့ဆက်၍မဆန်နိုင်ဘဲ ရှိလေသည်။ ထိုအခါ ရန်မန်ငထွေးဟူသော သူရဲကောင်းသည် သန်လျက်ကိုင်ကာ ဧရာဝတီမြစ်အတွင်းသို့ ဆင်းပြီး ဖောင်တော်ကို တားဆီးထားသော မိကျောင်းကို လုံးထွေး၍ သန်လျက်နှင့် ထိုးနှက်တိုက်ခိုက်ရာ မိကျောင်းကြီး သေလေသည်။

မိကျောင်းရန်ကို နှိမ်နင်းခဲ့သော သူရဲကောင်း ရန်မန်ငထွေးသည် မွန်လူမျိုးဖြစ်ပြီး သထုံနန်းကျဘုရင် မနူဟာမင်းကြီး၏ မြစ်တော်လေသည်။

နရပတိစည်သူမင်းကြီးသည် သူရဲကောင်း ရန်မန်ငထွေး၏ ကျားဆင်တို့ကိုလည်း တစ်ကိုယ်တည်း တိုက်ခိုက်အောင်နိုင်သည့် ဗလအင်အားနှင့် ပြည့်စုံရုံသာမက ပုန်ကန်ခြားနားသော ရန်သူတို့ကို အောင်မြင်စွာ နှိမ်နင်းနိုင်ပြီး ခေါင်းဆောင်သူကို အသက်ရှင်လျက် ဖမ်းဆီးနိုင်သူဖြစ်၍ မင်းကြီးသည် အနန္တသူရိယဟူသော ဘွဲ့အမည်ကို ပေးသနားတော်မူသည်။

ထို့ပြင် မိဖုရားငယ်တွင် ဖွားမြင်သော ဇေယျသိခ်၏ နှမတော် မင်းသမီးနှင့် စုံဖက်တော်မူစေ၍ ကြီးစွာသော အဆောင်အယောင်ကိုလည်း ပေးတော်မူ၏။ (နရပတိစည်သူမင်းကြီး၏ သမီးတော်နှင့် စုံဖက်ပေးခြင်း ဖြစ်သည်။)

အနန္တသူရိယအမတ်သည် မဟာကဿပအမည်တွင်သော ပေါင်လောင်ရှင်မဟာထေရ်ကို ဆရာပြုကာ ဘုရား၊ သိမ်၊ ကျောင်းများ ကြီးစွာပြုလုပ် လှူဒါန်းလေသည်။ (ပုဂံနန်းဘုရားသည် အနန္တသူရိယအမတ် သူရဲကောင်း၏ ကောင်းမှုဖြစ်သည်။) အနန္တသူရိယအမတ် သူရဲကောင်းသည် လှူသော ဝတ္ထုကံကြွေးတို့ကို ကမ္ပည်းစာရင်းရေး၍ မင်းကြီးရှေ့ဝယ် ဖတ်စေပြီး မင်းကြီးကိုယ်တိုင် သာဓုခေါ်ဆိုရလေသည်။

အနန္တသူရိယ ဧရာဝတီမြစ်အတွင်း ဆင်း၍ မိကျောင်းကြီးနှင့် လုံးသတ်ရာနေရာသည် ရွှေကြက်ကျဘုရားအနီး၌ပင်ဖြစ်သည်။ နရပတိစည်သူမင်းကြီးသည် ရွှေကြက်ယက် ရွှေကြက်ကျဘုရား ဘုရားထီးတော်အသစ် တင်လှူရန် လာရောက်ချိန်၌ မိကျောင်းပေါ်ခြင်းဖြစ်ရာ ရွှေကြက်ကျဘုရားသည် ရှေးဟောင်းသမိုင်းဝင် ပုဂံခေတ်ကာလကပင် တည်ရှိနေကြောင်း မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲ၌ ဖော်ပြပါရှိသော အကြောင်းအရာအရ သိရပေသည်။

❑

စာရေးသူတို့ ဇနီးမောင်နှံသည် ရွှေကြက်ကျ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာ ဂန္ဓကုဋိတိုက်အတွင်းသို့ ဒုတိယမြောက် ဝင်ရောက်ပြီး ရွှေကြက်ကျမြတ်စွာဘုရားရှင်အား ဝင်ရောက်၍ ပူဇော်ကန်တော့ကြသည်။ ရွှေကြက်ကျမြတ်စွာဘုရားရှင်သည် ဖူးမြော်ရသူတို့၏ စိတ်အာရုံ၌ ကြည်ညိုသဒ္ဓါတရားများ ဖြစ်ပေါ်စေအောင် သပ္ပာယ်လှသည်။

စာရေးသူအနေနှင့်ကား ယခင်ကာလများစွာကပင် ဆုတောင်းပြည့်ဘုရားများ၌ တောင်းယူခဲ့ဖူးသော ဆုဖြစ်သည့်





www.burmeseclassic.com

www.burmeseclassic.com

လောဘ၊ ဒေါသ၊ မောဟကင်းသော ဝိပဿနာဉာဏ်အမြင် အမြန်ဆုံးရပါလို၏ဟူသော ဆုကို ထပ်မံ၍တောင်းနေမိတော့သည်။

အသက်အရွယ်အားဖြင့် ခုနစ်ဆယ်ကျော်ပြီးဖြစ်၍ တိုတောင်းသောဆုမှလွဲ၍ အခြားသောဆုမျိုးကို မတောင်းလိုတော့ပြီ ဖြစ်၏။ ဆုတောင်း မှားခဲ့မိလေသောကြောင့် သံသရာရှည်ခဲ့ပြီး ဘဝပေါင်းများစွာ ကျင်လည်ကာ ယနေ့အချိန်အခါ ရခဲလှသော လူ့ဘဝ ရသည့်တိုင်အောင် သံသရာဝဋ်ဆင်းရဲမှ မလွတ်ကင်းနိုင်ဘဲ ရှေ့ဆက်၍ သံသရာလည်မည့်အရေးကို တွေးတောကာ သံဝေဂတရား ရလျက်ရှိနေပေသည်။

နတ်ဘုံ၊ လူ့ဘုံ၊ ပြဟ္မာ့ဘုံ၌ နောက်ထပ်တစ်ဖန်ဖြစ်ရန် ဆုတောင်းခြင်းသည် သံသရာရှည်ပြီး အပါယ်ဘုံသို့ကျရောက်ဦးမည်ကို တွေးကြောက်ကာ ဝိပဿနာဉာဏ် အမြန်ဆုံးရ၍ ဒုက္ခအပေါင်းမှ ကင်းလွတ်ရန်အမှန် မြတ်နိဗ္ဗာန်ကို အာရုံပြု၍ ဆုတောင်းနေမိခြင်းပင် ဖြစ်ပေသည်။

စာရေးသူသည် ရွှေကြက်ကျ မြတ်စွာဘုရားရှင်အား ဦးချကန်တော့ပြီးနောက် ကုန်းတော်ပေါ်မှ ပြန်ဆင်းရန် လှေကားများရှိရာသို့ ဦးတည်လျှောက်လှမ်းခဲ့ရာ လှေကားထိပ်၌ရှိသော ကျောက်စာချပ်များထံသို့ ဒုတိယအကြိမ် သွားရောက်လေ့လာပြီး ဓာတ်ပုံမှတ်တမ်း ရိုက်ယူခဲ့သည်။ ကျောက်စာသည် မျက်မှောက်ကာလ ရေးထိုးထားသော ကျောက်စာများဖြစ်သည်။

ပထမ တွေ့ရသော ကျောက်စာသည် "ရွှေကြက်ယက် ရွှေကြက်ကျဘုရား ကျောက်စာ" ဟု ခေါင်းစီးစာတန်း ရေးထိုးထားပြီး ကျောက်စာပါ အကြောင်းအရာတို့သည် ရွှေကြက်ယက် ရွှေကြက်ကျ ဘုရားသမိုင်း ဖြစ်တော်စဉ်ကို ရေးသားထားခြင်း ဖြစ်သည်။

ဒုတိယ တွေ့ရသော ကျောက်စာမှာ"ရွှေကြက် ယက် ရွှေကြက်ကျဘုရား ကျောက်စာ" ဟူ၍ပင် ကမ္ပည်းခေါင်းစဉ် တပ်ထားသော်လည်း အကြောင်းအရာမှာ ရွှေကြက်ယက်နှင့် ရွှေကြက်ကျ ဘုရားနှစ်ဆူတို့အား ပြုပြင်တိုးချဲ့၍ သာသနိက အဆောက်အအုံများကို တိုးချဲ့ဆောက်လုပ်ခြင်းနှင့် အလှူရှင်တို့၏ အမည်များကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

သာသနာနှစ် ၂၅၀၀၊ ကောဇာသက္ကရာဇ် ၁၃၁၈ ခုနှစ် စစ်ကိုင်းငလျင်ကြောင့် ရွှေကြက်ယက်ဘုရားစေတီပြိုကျပြီး ပြန်လည်ပြုပြင် တည်ဆောက်ပုံကိုလည်း အသေးစိတ် မှတ်တမ်းတင်ထားခြင်းဖြစ်၍ ဘုရားဖူးတို့ ဗဟုသုတအဖြစ် လေ့လာနိုင်လေသည်။

ထိုခေတ် ငွေကြေးတန်ဖိုးရှိပုံကို ကျောက်စာအရ သိနိုင်သည်မှာ ငလျင်ဒဏ်ကြောင့် ရွှေကြက်ယက်ဘုရား ထီးတော်အသစ် တင်လှူနိုင်ရန် ဗမာ့ခေတ် သတင်းစာတိုက်ပိုင်ရှင် ဦးအုံးခင်+ဒေါ်ဒဂုန်ခင်ခင်လေးတို့က မတည်ငွေတစ်သောင်းတစ်ထောင်ကျပ်ဖြင့် အများထည့်ဝင်ငွေများ စုပေါင်းရရှိသော ငွေတစ်သောင်းငါးထောင်ဖြင့် ထီးတော်ကို ရွှေထပ်ချပြီး ၁၃၁၉ ခုနှစ်တွင် ထီးတော်တင်လှူနိုင်ခဲ့သည်။ ထိုစဉ်က ဝန်ကြီးချုပ်ဦးနုနှင့် သာသနာရေးဝန်ကြီးတို့ တက်ရောက်ကြောင်း ဖော်ပြချက်အရ ယခုကာလ သိန်းပေါင်းရာကျော် ကုန်ကျနိုင်မည့် ထီးတော်ရွှေချခြင်းလုပ်ငန်းကို ငွေကျပ် ၁၅၀၀၀ ဖြင့် လှူဒါန်းနိုင်ခြင်းသည် ထိုခေတ်ကာလ ငွေကြေးတန်ဖိုး မြင့်မားကြောင်း ဖော်ပြနေခြင်းပင် ဖြစ်လေသည်။

ထိုနည်းတူ ကျောက်စာ၌ အလှူရှင်တို့၏ ကုန်ကျငွေထောင်ဂဏန်း၊ သောင်းဂဏန်းဖြင့် စေတီတော်ပေါင်းများစွာကို ပြုပြင်တည်ထားနိုင်ပုံမှာလည်း ထိုခေတ်ငွေကြေး၏တန်ဖိုးကို ဖော်ပြနေခြင်းပင် ဖြစ်သည်။

စာရေးသူတို့သည် ရွှေကြက်ကျ စေတီတော်ရင်ပြင်မှ ပြန်လည်ဆင်းသက်၍ စောင်းတန်းတစ်လျှောက်၌ ကုန်းဘောင်ခေတ် မင်းဆွေမင်းမျိုး၊ မှူးတော် မတ်တော်တို့ တည်ထား လှူဒါန်းထားသောစေတီတော်များ၊ အင်းဝခေတ်လှူဒါန်းထားသော စေတီတော်များကို လက်အုပ်ချီ ဖူးမြော်ခဲ့လေသည်။ စေတီငယ် တစ်ဆူချင်းကို ဝင်ရောက်လေ့လာ ဖူးမြော်လိုသော်လည်း ရွှေကြက်ယက်စေတီတော်အား ဖူးမြော်ရန် ကျန်သေး၍ ညနေ နေမဝင်မီ ရွှေကြက်ယက်ဘုရား ဖူးမြော်နိုင်ရေးအတွက် ရွှေကြက်ကျဘုရား ရင်ပြင်တော်မှ အမြန်ဆင်းခဲ့ရသည်။

အဝင်မုခ်ဦးသို့ရောက်မှ မဟာဗောဓိပင်ကို ဓာတ်ပုံရိုက်ယူခဲ့ရသည်။ ထိုမဟာဗောဓိပင်သည် နှစ်စဉ် ကဆုန်လပြည့်နေ့၌ ကဆုန်ညောင်ရေသွန်းကြသူများဖြင့် အလွန်စည်ကားကြောင်း သိရသည်။ စာရေးသူတို့ မိသားစုသည် မဟာဗောဓိပင်အနီး၌ ရပ်ထားသော ဆပ်ကားလေးပေါ်သို့ တက်ရောက်ကြပြီး ရွှေကြက်ကျဘုရားနှင့် အလှမ်းမဝေးလှသော တောင်ကုန်း၌ တည်ထားသည့် ရွှေကြက်ယက်ဘုရား ရှိရာသို့ မော်တော်ယာဉ်ကိုမောင်း၍ တက်ခဲ့လေတော့သည်။

(ဆက်ရန်)

☐ တက္ကသိုလ်မျိုး


မှီငြမ်း

၁။ ရွှေကြက်ယက် ရွှေကြက်ကျ ဘုရားသမိုင်း၊
၁၃၅၉ ခု ကဆုန်လ၊ ရွှေကိုင်းသား။
၂။ မှန်နန်းမဟာရာဇဝင်တော်ကြီး ပထမတွဲ၊
၁၉၉၂ ခု၊ ပြန်ကြားရေးဝန်ကြီးဌာန။
၃။ ရွှေကြက်ယက် ရွှေကြက်ကျ ဘုရားကျောက်စာ။
၄။ အကြိမ်ကြိမ် ဖူးမြော်ကြည်ညိုမှု။



www.burmeseclassic.com

www.burmeseclassic.com



# မင်းကွန်းပုထိုးတော်ကြီးနှင့် အပြီးမသတ်နိုင်အောင် ဆက်နွယ်ခဲ့သော ဖြစ်စဉ်များ

မြမဥ္စူ(ကျုံမငေး)

ရှေးမင်းစဉ်မင်းဆက် အဆက်ဆက်တည်ထားကိုးကွယ်ခဲ့သော စေတီပုထိုး၊ ဘုရား ကျောင်းကန်များသည် မြန်မာနိုင်ငံ တစ်နံတစ်လျား၌ များစွာ တည်ရှိနေပါသည်။

နိုင်ငံတကာမှ အလေးထား၍ လာရောက်ကြည့်ရှု လေ့လာနေကြသည်မှာလည်း ဂုဏ်ယူစရာဖြစ်နေပါသည်။

အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းမြေသို့ နိုင်ငံရပ်ခြားတိုင်းတစ်ပါးသားများ အမြဲမပြတ် လာရောက်ပြီး တအံ့တသြ လေ့လာနေကြသည်က မပြီးပြတ် အပြီးမသတ်ဘဲ အုတ်ပုံကြီးပမာဖြစ်နေသော မင်းကွန်းပုထိုးတော်ကြီးပင် ဖြစ်ပါသည်။

နိုင်ငံရပ်ခြားမှ တိုင်းတစ်ပါးလူမျိုးခြား၊ ဘာသာခြားများကဲ့သို့ပင် မြန်မာ့မြေဖွား မြန်မာပြည်သားများလည်း အခါမလပ် လာရောက်ဖူးမြော်ကြ လေ့လာကြနှင့် အမြဲမပြတ်စည်ကားနေပါသည်ဟု ဒေသခံများက ဂုဏ်ယူသောလေသံနှင့် ပြောနေကြပါသည်။ မင်းကွန်းမြေသည် အဓိကရ ရှိလှသော သာသနာတော်အတွက် အထောက်အပံ့ကောင်း မြေမြတ်မဟာပင် ဖြစ်ပါသည်။

သာသနိက စေတီပုထိုး၊ ဘုရား၊ ကျောင်းကန်များနှင့်အတူ သာသနာ့နွယ်ဝင်သူတော်စင်များ လွန်ပေါများရာဒေသကြီးလည်း ဖြစ်ပါသည်။

အခြေခံကောင်း ရေခံ မြေခံလည်းကောင်း၊ မြတ်သောမြေမြတ်တွင် သာသနာပြု အရှင်သူမြတ်များ၏တရားရှာမှီးရာ ဆိတ်ငြိမ်အေးချမ်းသော အရပ်ဖြစ်၍ သာသနာ့အာဇာနည် မင်းကွန်းဆရာတော်ဘုရားကြီးနှင့် သာသနာ့မထေရ်ရှင်များ များစွာ ပေါ်ထွန်းရာလည်း ဖြစ်ခဲ့ရပါသည်။

စစ်ကိုင်းမြို့နှင့် နီးသော မန္တလေးမြို့နှင့် ခုနစ်မိုင်ခန့်သာ ဝေးကွာသော မင်းကွန်းမြေသည် ကြီးလေးကြီးတို့တည်ရာအဖြစ် နာမည်သတင်းကျော်ခဲ့ပါသည်။

ကျော်လည်းကျော်သင့်ပါသည်။ မင်းကွန်းပုထိုးကြီး၊ မင်းကွန်း ခြင်္သေ့ကြီးနှစ်ကောင်၊ မင်းကွန်း ခေါင်းလောင်းကြီး၊ မင်္ဂလာကန်တော်ကြီးတို့သည် ဘိုးတော်ဘုရား(ခေါ်) မုဒ္ဒုံမင်း၏ ကုသိုလ်တော်မှသည် ကမ္ဘာသို့တိုင် အထင်အရှားဖြစ်ခဲ့ရသော မြန်မာတို့၏ ရှေးဟောင်းယဉ်ကျေးမှုအမွေခံ သာသနိကများပင်ဖြစ်ပါသည်။

မင်းကွန်းမြေ၏ အဓိက အလေးထား လေ့လာစရာမှာ မင်းကွန်းပုထိုးတော်ကြီးပင် ဖြစ်ပါသည်။ စေတီတစ်ဆူအဖြစ်တည်ခဲ့သော ဤပုထိုးတော်ကြီးသည် မြင့်မား၍ ထုထည်ကြီးမားလှပါသည်။ မျက်မြင်အနေအထားကို ကြည့်ပြီး ဝမ်းနည်းခြင်းများပင် ဖြစ်ခဲ့ရသည်မှာ အပြီးမသတ်နိုင်ခြင်းဆိုသည့် အဖြစ်ဆိုးကြောင့်ပင်ဟု ဆိုရပါမည်။

လေ့လာ မှတ်သားခဲ့ရသည်မှာ မင်းကွန်းပုထိုးတော်ကြီးကို အမရပူရနန်းစံ ဘိုးတော်ဦးဝိုင်း(ခေါ်) ဗဒုံမင်း(ခေါ်)ဘိုးတော်ဘုရားမှ လွန်ကဲလွန်းသော စေတနာသဒ္ဓါ အားများဖြင့် (၁၅)နှစ်ကျော် (၂၀)နှစ်နီးပါး အချိန်ယူကာကြိုးစား အားထုတ်တည်ခဲ့သော်လည်း မပြီးပြတ်နိုင်အောင် ဖြစ်ခဲ့ရပါသည်။

www.burmeseclassic.com

ပုထိုးကြီး တည်ထားရာနှစ်မှာ သက္ကရာဇ် ၁၁၅၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက် တနင်္ဂနွေနေ့ဟု မှတ်သားရပါသည်။ ပုထိုးတော်ကြီးနှင့်အတူ ပုံစံတော်တူ နောင်တော်ကြီး စေတီငယ်ကလေးကို တည်ခြင်း၊ ခြင်္သေ့ကြီးနှစ်ကောင်အား တည်ခြင်းများကို တစ်ပြိုင်တည်း တည်လိုသောကြောင့် မင်းကွန်းမြေမှာပင် ထီးနန်းစိုက်နေတော်မူပြီး ကိုယ်တိုင်ကြပ်မတ်၍ တည်ခဲ့ခြင်း ဖြစ်ပါသည်။

ပုထိုးတော်ကြီးနှင့် ပတ်သက်၍ မုံရွေးဇေတဝန်ဆရာတော် အရိယဝံသ အာဒိစ္စရံသီ အရှင်သူမြတ်၏ စေတိယကထာ ရာဇဝင်ချုပ်တွင် "မြစ်မညာတွင် မင်းရွာကိုလည်း မင်းကွန်းဟု သမုတ်၍ သက္ကရာဇ် ၁၁၅၂ ခုနှစ်မှစ၍ ဖိနပ်တော်သံတောင် ၂၀၅၀ တောင်ကျော် ပုထိုးတော်ကြီးကိုလည်း တည်သည်။

နောင်အခါ ထပ်မံ၍ ချဲ့ပြန်ရာတွင် တစ်မျက်နှာ အတောင် ၃၀၁ တောင် ၁ မိုက် ၄ သစ်၊ လေးမျက်နှာရှိသည့် ပုထိုးတော်ကြီးဟု သမုတ်တော်လည်း အာလိန် ၅ ဆင့်၊ ၂ တောင်စီမြင့်သည်ဖြစ်၍ ၁၀ တောင် အမြင့်၊ ကုလားကျောင်း အတောင် ၆၉ တောင် ၂ မိုက် ၄ သစ်မြင့်သည်။ ပထမပစ္စယာ ၁၀တောင်ခန့်၊ ဒုတိယပစ္စယာ ၉တောင်ခန့်သာ မြင့်ချေသည်။ ကြီးမားလှ၍ အပြီးမရောက်နိုင်ချေ" ဟု ရေးသားဖော်ပြထားပါသည်။

ထို့အတူ မြန်မာ့စွယ်စုံကျမ်းတွင်လည်း ဤသို့ ဖော်ပြထားပြန်ပါသည်။

"ဘိုးတော်ဘုရားသည် မင်းကွန်းမြေတွင် ယာယီနန်းစံ၍ မင်းကွန်းပုထိုးတော်ကြီးကို (၁၅)နှစ်မှ (၂၀)နှစ်တိုင်တိုင် ကိုယ်တော်တိုင် ကြပ်မတ်၍ တည်တော်မူ၏။ သို့သော် ဘုရားလည်းပြီးပြည်ကြီးလည်း ပျက်လတ္တံ့ ဟူသော တဘောင်ပေါ်သဖြင့် ပြီးဆုံးအောင် မတည်ခဲ့သောကြောင့် ယခုတိုင် တစ်ပိုင်း တစ်စပင် ရှိချေသည်။


အကယ်၍သာ အပြီးသတ်ခဲ့သော် ဉာဏ်တော်ပေ (၅၀၀)မျှရှိမည်ဖြစ်သည်။ ယခုအခါ အပြီးမသတ်သော မင်းကွန်းပုထိုးကြီးသည် ပေ ၄၅၀ ပတ်လည်ရှိ၍ အမြင့် ၁၆၂ ပေရှိကာ ခရစ်သက္ကရာဇ် ၁၈၃၈ ခုနှစ် ငလျင်ဒဏ်ကြောင့် ယိုယွင်းပျက်စီးလျက်ရှိခဲ့ရပါသည်" ဟု ဖော်ပြထားသည်ကို မှတ်သား သိရှိရပါသည်။

အိုးဝေဦးညိုမြ၏ မင်းကွန်းတိပိဋက နိကာယ သာသနာပြုအဖွဲ့ ပထမ သုံးနှစ်ခရီးဟူသော စာအုပ်တွင် ရေးသားထားသော မင်းကွန်းရောင်ခြည်သုံး စေတီဟူသော ဆောင်းပါးတွင်. . .

"ဘိုးတော်ဘုရားအနေဖြင့် ပုထိုးတော်ကြီးကို ပေ ၅၀၀ အထိမြင့်စေရန် ရည်ရွယ်ခဲ့၏။ ရန်ကုန်မြို့မှ ရွှေတိဂုံစေတီတော်ထက် ပေ ၂၀၀ ခန့် ပိုမိုမြင့်မားသော စေတီတော်ကြီးကို တရုတ်ပြည်မှ မြင်နိုင်စေမည်ဟုလည်း မျှော်မှန်းခဲ့၏။ ပုထိုးတော်ကြီး၏ အောက်ခြေပစ္စယာကား ပေ ၄၅၀ အဝန်းရှိ၏။ ၁၀ နှစ် ကြာတည်ခဲ့ပြီးသောအခါ ၁၆၅ ပေ အမြင့်ရှိသော အောက်ပိုင်းဗိမာန် ပြီးစီး


မင်းကွန်းသာသနာ့ဂုဏ်ဆောင် လေ့ကျင့်ရေးဆရာတော်များ မင်းကွန်းပုထိုးတော်ကြီး၏ ထိန်းသိမ်းထားနိုင်မှု အခြေအနေအား ကြည့်ရှုနေစဉ်


မင်းကွန်းပုထိုးတော်ကြီး၏ အရှေ့ဘက်မျက်နှာစာ မြင်ကွင်း


မင်းကွန်းပုထိုးတော်ကြီး၏ အနောက်ဘက်မျက်နှာစာ မြင်ကွင်း


မင်းကွန်းပုထိုးတော်ကြီး၏ တောင်ဘက်မျက်နှာစာ မြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



မင်းကွန်းပုထိုးတော်ကြီးနှင့် ဝင်ပြိုင်
တည်ခဲ့သော နောင်တော်ကြီးပုံစံတူစေတီတော်



မင်းကွန်းနယ်မြေ၏ ဂုဏ်ကျက်သရေဆောင် မင်းကွန်းခေါင်းလောင်းကြီး



မင်းကွန်းပုထိုးတော်ကြီး အဝိုင်ကျသောအရပ်၌ မြုပ်နှံထားသော ဆင်ဖြူမလေး၏အုတ်ဂူ

ခဲ့လေသည်။ တိုင်းအရပ်ရပ်မှ လူထုအင်အားဖြင့် တည်ခဲ့ရာ အချိန်ကြာသော် လူများစွာ ပင်ပန်းခဲ့ကြပြီဖြစ်၏။

မင်းကွန်းပုထိုးတော်ကြီးအတွက် သုံးခဲ့ရသော အချိန်များ လူအားများကို ဖော်ပြရေးသားထားပါသည်။ နိုင်ငံရပ်ခြား ဗိသုကာ သမိုင်းကြောင်းဆိုင်ရာ ပညာရှင်ဖြစ်သော မဂူဆင် ဆိုသူက အာရှဗိသုကာသမိုင်း စာအုပ်တွင်. .


"မင်းကွန်း ပုထိုးတော်ကြီးသည် ယခုကဲ့သို့ ပျက်စီးယိုယွင်းသော အခြေအနေ၌ပင် အလွန်ထုထည်ကြီးမား လျက် ခံ့ညားသော အုတ်ဗိမာန်ကြီး တစ်ခု ဖြစ်နေပေသည်။ အီဂျစ်ပြည်၌ ရှေးဘုရင်တို့၏ ပိရမစ်(ခေါ်) ကျောက်ဂူကြီးများ ဆောက်ခဲ့ကြသည်မှစ၍ ဤမျှကြီးမားသော အဆောက်အအုံမျိုးကို မည်သည့်အရပ်တွင်မျှ တီထွင်ဆောက်လုပ်ခြင်း မပြုခဲ့ကြချေ။ ၁၉ ရာစု၌ မြန်မာဘုရင် ကောင်းမှုဖြစ်သော ဤအုတ်စေတီမျိုးကား ကမ္ဘာ၌ ရှာမှ ရှားဟု ဆိုရပါမည်။" ဟု ရေးသားထားပါသည်။ ထို့ကြောင့် ပုထိုးတော်ကြီးမှာ အပြီးသတ်ပြီးပြတ်ခဲ့မည်ဆိုပါလျှင် မိုးထိမြင့်မားနေသော ကမ္ဘာ့အံ့ဖွယ်စေတီတော်ကြီး ဖြစ်မှာဟု စိတ်ကူးနှင့် လှိုက်ဆွေးမိသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com





မင်းကွန်းခြင်္သေ့ကြီးတစ်ကောင်နှင့် ပြိုကျနေပြီးသော ကိုယ်ထည်ကြီးနှင့်မြင်ကွင်း



မင်းကွန်းပုထိုးတော်ကြီး အရှေ့မျက်နှာစာ လိုဏ်ဂူအတွင်းမှ ရုပ်ပွားတော်မြတ်

မင်းကွန်းခြင်္သေ့ကြီးတစ်ကောင်၏ ရှေ့ကိုယ်ထည်မြင်ကွင်း

ပေါ်ထွက်လာခဲ့သော တဘောင်စကားကလည်း ကြောက်စရာ ဖြစ်နေ၏။ ဘုရားလည်းပြီး ပြည်ကြီးလည်းပျက်လတ္တံ့၊ မင်းကွန်းဘုရားကြီး အပြီးသတ်မုဆိုးသုညကပ်။

ဆိုစကားသည် ဤဘုရားကြီးပြီးလျှင် ဒါယကာ ဘဝရှင်မင်းတရားကြီး၏ ကုန်းဘောင်ဆက် (မုဆိုးမင်းအဆက်)မင်းများ ပြတ်တောက်သွားမည်ဟု အယူတော်မင်္ဂလာ သံတော်ဦးတင် စကားကြောင့် ဘုရားကြီးတည်ခြင်းကို သက္ကရာဇ် ၁၁၇၄ ခုနှစ်တွင် လုံး၀ ရပ်တန့်ကာ အမရပူရရွှေနန်းသို့ ပြန်၍ ကြွသွားတော်မူခဲ့ပါသည်။

သက္ကရာဇ် ၁၈၃၈ ခုနှစ်၏ ကြောက်မက်ဖွယ် ငလျင်ဘေးကြောင့် အုတ်ပုံကြီးပမာ ပြိုပျက်ခဲ့ရခြင်းကြောင့်လည်း ယနေ့ဘုရားဖူးရောက် မြင်တွေ့နေရသော ပုံဟန်ဖြစ်ခဲ့ရခြင်းသည် ရှေးမူရှေးဟန်များ ပျက်စီးခဲ့ပြီးဖြစ်သည့် ပုထိုးတော်ကြီးဟု ယူဆရမည်ဖြစ်ပါသည်။

ရှေးရိုးစဉ်လာ စာပေများမှ စကားများအရ ပုထိုးတော်ကြီး ဤကဲ့သို့ မပြီးခဲ့ရသော အကြောင်းဖြစ်စဉ်တစ်ခုမှာ ပုထိုးတော်ကြီးနှင့် ပုံစံတော်တူသော နောင်တော်ကြီးစေတီငယ်ကို စင်ပြိုင်တည်ကာ နမူနာအဖြစ် စံထားခဲ့ခြင်းဖြစ်သည့်အတွက်ဟု ဆိုပါသည်။

ထိုစေတီကို ၄၉ ရက်နှင့် အမြင့်ဉာဏ်တော် ၁၅ ပေခန့်ဖြင့် တည်ခဲ့ပြီး စေတီတွင် စေတီပုထိုးအင်္ဂါရပ်နှင့်အညီ ဌာပနာတော်များ ထည့်သွင်းဌာပနာကာ ကြီးကျယ်သော အနေကဇာတော်ကို တင်ခဲ့၏။ ထို့ကြောင့် ပုထိုးတော်ကြီးအတွက် မပြီးပြတ်နိုင်သော အဟန့်အတားကို ဖြစ်စေခဲ့သည်ဟု ဆိုပါသည်။

နောက်ဖြစ်စဉ်တစ်ခုမှာ သက္ကရာဇ် ၁၁၅၅ ခုနှစ်တွင် အရပ်အတောင် ၆၀ ရှိသော ခြင်္သေ့ကြီးနှစ်ကောင်ကို တည်ခဲ့ခြင်းဖြစ်ပါသည်။ စေတီဘုရားများ၏ မျက်နှာရှေ့တွင် ခြင်္သေ့ကြီးများရှိနေသော အနေအထားမှာ မှန်သော အနေအထားဟု လက်ခံရမှာဖြစ်သော်လည်း အတူယှဉ်တွဲ၍ တည်ခဲ့သော အကြောင်းမှာမပြုသင့်သောအကြောင်းတစ်ရပ်ဟု သက်ရှယ် ကြီးရင့်သော ပညာရှင်များက ဆိုကြပါသည်။

ထပ်မံ၍ ထောက်ရှုရမည့်ဖြစ်စဉ်မှာ သက္ကရာဇ် ၁၁၆၆ ခုနှစ်တွင် ဟံသာဝတီ ကြေးအိုင်မြို့နယ်၊ မင်းလှအရပ်က ဆင်ဖြူမတစ်စီး ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ထိုဆင်ဖြူမလေးသည် တစ်ကိုယ်လုံးဖြူစင်နူးညံ့သော ဥပေါသထ ဖြစ်၏။ ထိုဆင်မလေး၏ အမည်ကို မနှင်းနွယ်ဟု ခေါ်ပြီး ရွှေဖောင်တော်ဖြင့် ဝဲယာပွဲသဘင်ခြံရံ၍ ဧရာဝတီမြစ်ကိုဆန်၍ တက်ခဲ့၏။

ဘိုးတော် ပဒုံမင်းကြီးကလည်း ပြည်ကြီးမွန် ဖောင်တော်နှင့် စစ်အင်္ဂါလေးပါးခြံရံလျက် စစ်ကိုင်းမြို့မှ ကြိုဆိုခဲ့၏။ စစ်ကိုင်းမှ မင်းကွန်းအလယ်ကျွန်းသို့ ဆန်တက်ခဲ့ပြီး မင်းကွန်းစံနန်းတော်ဆိပ်အထိ ဆင်ဖြူတော်ကို ဆောင်ခဲ့၏။





www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် မင်းကွန်းစံနန်းတော်ရှေ့တွင် ဘုံငါးဆင့်ရှိသော တန်ဆောင်း (ခ)ဘုံသုံးဆင့်ရှိသော ရွှေပြာသာဒ် ၂ လည်ပေါ်တောင် ၆ ရှိ ဘုံများအလယ်တွင် ဆင်ဖြူတော်ကို စံနေစေခဲ့၏။

အသုံးအဆောင်အဖြစ် တန်ဆောင်းတော်တွင် ဖန်မှန်ပတ္တမြားစီခြယ်ထားသော ဇမ္ဗူရစ် ရွှေအတိပြီးသည့် မှီတိုင်၊ မှီအုံး၊ ကတ္တီပါအုံး မွေ့ရာအစုံနှင့် ကြီးကျယ်စွာထားခဲ့ပြီး အဖိုးတန်တန်ဆာပစ္စည်းများ ဆင်မြန်း၍ ထားခဲ့ပါသည်။ မူလအမည် မနှင်းနွယ်မှ သီရိမလ္လာမဟာသုဘဒ္ဒါ ဟူသော ဘွဲ့အမည်ကိုပါ ပြောင်း၍ တွင်စေခဲ့ပါသည်။

ဆင်ဖြူမလည်း လာရောက်ကြည့်ရှုသူများ ကျွေးမွေးသောအစားအစာများကို လွန်စွာစားမိ၍ ရုတ်တရက် အစာနှင့်ကာ သေဆုံးသွားလေသည်။

မင်းကြီး အလွန်ချစ်မြတ်နိုးပြီး အရေးတယူရှိသော ဆင်ဖြူမလေးဖြစ်သောကြောင့် မင်း၏ မိဖုရားကြီးတို့ သေဆုံးသည့်အခါ မီးသင်္ဂြိုဟ်မှုအတိုင်း စန္ဒကူးနံ့သာနီ စသော ထင်းတုံးများပေါ်တင်၍ ဆင်သေပေါ်၌လည်း နံ့သာတုံးများတင်ပြီး ရွှေချထားသော ဖားဖို လေးလုံးဖြင့် မီးသင်္ဂြိုဟ်လိုက်၏။

သုံးရက်ကြာသောအခါ ကြွင်းသောပြာနှင့် အရိုးများကို ကောက်စေပြီး ရွှေချထားသော အရိုးအိုးတွင်ထည့်၍ မင်းကွန်းပုထိုးတော်ကြီး၏ ရာဟုထောင့် (အနောက်မြောက်ထောင့်)တွင် မြှုပ်နှံထားသည်ကို ယနေ့တိုင် မြင်တွေ့ခဲ့ရပါသည်။

မင်းကြီးသည် ဘုရားတည်ခြင်း သုမင်္ဂလ ပြုနေစဉ် ဆင်ဖြူမ (တိရစ္ဆာန်) သေဆုံးသော ဒုမင်္ဂလအမှုကို အတူယှဉ်တွဲပြုမိခဲ့ခြင်းသည် မင်းကွန်းပုထိုးတော်ကြီး အပြီးမသတ်နိုင်သော အဟန့်အတားဖြစ်ခဲ့သည်ဟု မဟာဇေတဝန်ကာရာမ ဆရာတော်ဘုရားကြီးက မှတ်ချက်ချခဲ့ကြောင်း မှတ်သားရပါသည်။

မင်းကွန်းပုထိုးတော်ကြီး မပြီးမီ တံတိုင်းခတ်ခဲ့ခြင်းသည်မှာလည်း အမှားဖြစ်နေပြန်ပါသည်။ ဤအယူအဆမှာလည်း လက်မလွှတ်သင့်သော ရှေးလူကြီး သူမပညာရှင်များ၏ မှန်ကန်သောအယူဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ အမှားရှိ၍သာ အမှန်ကွယ်ခဲ့ရသည့်ပမာ မဖြစ်သင့်၊ မလုပ်သင့်သော လုပ်ရပ်များကို ဦးစွာတင်ခြင်း အတူယှဉ်တွဲခြင်းများကြောင့် ပုထိုးတော်ကြီး အပြီးမသတ်ခဲ့ရဟု အတိအကျဆို၍ရပြီ ဖြစ်ပါသည်။

ပုထိုးတော်ကြီးတွင် ယခုအခါ လိုဏ်ဂူဝင်ပေါက်မှာ အရှေ့မျက်နှာစာ တစ်ခုသာရှိပြီး လိုဏ်ဂူအတွင်း၌ မတ်ရပ်တော် ရုပ်ပွားဆင်းတုတော်တစ်ဆူ ရှိပါသည်။ ထိုဆင်းတုတော်၏ မုဒြာပုံဟန်မှာလည်း ထူးခြားနေသောကြောင့် မင်းကွန်းမြေမှ ရင်းနှီးသော ဆရာတော်ဘုရားအား စုံစမ်းမေးမြန်းလိုက်သောအခါ ကြီးမားလွန်းသော ဤစေတီကြီးအတွက် ရင်လေးနေဟန်ဖြင့် ရင်ဘတ်တော်တွင် လက်ဝါးဖိကပ်၍ စိတ်နှလုံးမသာမယာပုံကို ဆိုနေဟန် ဖြစ်သည်ဟု မိန့်ဆိုပါသည်။

ဒါယကာ ဘိုးတော်ဘုရား၏ မင်းကွန်းမြေတွင် နှစ်ကာလရှည်စွာ အခြေချ၍တည်ထားသော သာသနိကအဆောက်အအုံများ တည်ထားမှုနှင့် ပတ်သက်၍ စာဆိုရှင်စလေဦးပုညက ရှစ်ဆယ်ပေါ်တေးထပ်ဖြင့် ဖော်ညွှန်းထားသည်မှာ. . .

“အမရပူရ ရွှေမြို့တော်ကြီးကို ထီးနန်းကနက်စိုက်တည်ထောင်၊ ဗျာသိုက်ဝင်တဲ့ ထွတ်မင်းခေါင်သည်၊ ကုန်းဘောင်ရွှေဘိုနေနွယ်ရင်း၊ ဇမ္ဗူညွှတ်ခရာစင်းနှိမ်တယ်၊ ဘိုးတော်အာဟိန်၊ ဘုန်းပွင့်ထိန်ထိန်ဝင်း၊ တစ်ထောင့်တစ်ရာငါးဆယ်ပေါ်မှာ၊ နှစ်စုစွန်းကျော်ဂေါဝိန်တွင်း၊ မင်းကွန်းပုထိုး ငါးဟန်ရှင်ကို ရွှေအုတ်မြစ်ခင်းတည်တော်မူ၊ ခြင်္သေ့ညီနောင် အုံ့မဆုံးတယ်၊ ကြီးမြင့်ကျောက်ကုန်း၊ တောင်ပေါ်လေးဆယ်လှူ၊ ခေါင်းလောင်းသုံးပြန်ပါ၊ စေတီတော်ခြင်္သေ့တော်ကြီး ဟိတ်ဩဘာခေါင်းလောင်းကြီး၊ ဟိတ်ဩဘာသည် ငါးထောင်သာသနာ တိမ်ဘူးဆိုစို့လေး” ဟု စပ်ဆိုခဲ့ပါသည်။

ဘိုးတော်ဘုရားအနေဖြင့်လည်း ကြီးလေးကြီးဟူသော သာသနိကစေတီပုထိုးများ တည်ခဲ့ရခြင်းမှာ တဘောင်စကားကြောင့်ပင် တည်ခဲ့ရသည်ဟု ဆိုပြန်ပါသည်။ သို့ပါ၍ တည်ရခြင်း တဘောင်ကို ရှာဖွေခဲ့သောအခါ ဤသို့တွေ့ခဲ့ရပါသည်။ အမရပူရနန်းစံချိန်တွင် ဘိုးတော်ဘုရားထံမှောက် ရှောက်ခဲ့ရသော တဘောင်မှာ ကြက်ထောင့်၊ ကြက်ဝပ်၊ ဝါကျွတ်မှ ကြီးလေးကြီး



မင်းကွန်းပုထိုးတော်ကြီး၏ ရေထွက်ပေါက် မိကျောင်းခေါင်းတစ်ခု

www.burmeseclassic.com

အပြီးမသတ် မုဆိုးသုညကပ်ဟူ၍ ပေါ်လာ၏။

ထိုတဘောင်အရှေ့ပိုင်းအရ ရွှေကြက်ထောင့်ဘုရားရှိခိုးခြင်း ဖြစ်ပေါ်လာသောစကားကို မင်းကြီးအဓိပ္ပာယ်ကောက်ယူသည်မှာ ကြက်ထောင့်အရပ်မှာ ကြောင်ဝပ်ရမည်။ ကြောင် ဆိုသည်မှာ တနင်္လာသား ဘိုးတော်ကြီးကို ဆိုလိုသည်။ ဝပ် ဆိုသည်မှာ ဣန္ဒြေရရ သွားရောက်နေထိုင်ရမည်။ အချိန်မှုဆိုသော် ဝါကျွတ်မှထ ဆိုသောကြောင့် သီတင်းဝါလ မကျွတ်မချင်း နေရမည်ဖြစ်သည်။

ကြီးလေးကြီး အပြီးမသတ် ဆိုသည်မှာ ကောင်းမှုကုသိုလ်တော်ကြီးလေးခု ပြုလုပ်ရမည် ဆိုသော်လည်း အပြီးမသတ်စေရဟု အဓိပ္ပာယ်ရှိသည်။

မုဆိုးသုညကပ် ဆိုသည်မှာ ဤသို့ အပြီးတိုင် ပြုလုပ်ခဲ့လျှင် ဘိုးတော်ဘုရား လက်ထက်၌ ထွက်ပေါ်လတ္တံ့သော မုဆိုးမင်းဆက်ဟောင်းများ ကျေအေး ပပျောက်သွားလိမ့်မည် ဟူသော အဓိပ္ပာယ်များကို ရခဲ့သည့်အတွက် မင်းတရားကြီးက ကြက်ထောင့်အရပ်ကို ရှာသော် မန္တလေးမြို့ အနောက်ဘက် ဧရာဝတီမြစ်ကမ်းထိပ်ဦးတွင် ရွှေကြက်ထောင့်မြတ်စွာဘုရားကို တွေ့ရှိခဲ့သည်မှစ၍ ကြီးလေးကြီးကို ယတြာအဖြစ် တည်ဆောက် လှူဒါန်းတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ပုထိုးတော်ကြီး၏ ဖိနပ်တော် ရွှေအုတ်၊ငွေအုတ်ဖြင့် ခင်းပြီး ဖိနပ်တော်တွင် ရေထွက်ပေါက်အဖြစ် မိကျောင်းခေါင်းပုံများဖြင့် မျက်နှာစာ တစ်ဖက်လျှင် (၂)ပေါက်နှုန်းဖြင့် အပေါက်(၈)၊ မိကျောင်းခေါင်းပုံများ (၈)ခုရှိရန် ဖြစ်သော်လည်း ယခုအခါ အရှေ့မျက်နှာစာ လက်ယာဘက်ခြမ်းတွင် မိကျောင်းခေါင်း တစ်ခေါင်းသာ ရှိတော့သည်ကို တွေ့ရမှာ ဖြစ်ပါသည်။

မင်းကွန်းပုထိုးတော်ကြီး တည်ဆောက်ရာ၌ ကုန်ကျမည့်အုတ်ချပ်များကို အုတ်ဖိုပေါင်းများစွာမှ တာဝန်ယူရသောကြောင့် အုတ်ဖိုပေါင်းမည်မျှရှိသည်ကို အဆိုရှိခဲ့သည်မှာ. . .

"ထန်းစေ့ခုတ်လို့ လက်မတို မင်းကွန်းပုထိုးတော်ကြီး အုတ်ဖိုပေါင်း" ဟုဆိုခဲ့၏။ ထိုစာအရ အုတ်ဖိုပေါင်း (၇၃၂၄၄၅၇)ရှိမည်ဖြစ်ပါသည်။ အုတ်ဖိုပေါင်း သန်းနှင့်ချီပြီး အုတ်များစွာဖုတ်၍ တည်ခဲ့သော်လည်း အပြီးအထိ မပြီးခဲ့နိုင်သည်မှာ အဖျားရှူးသော ဝါးလုံးပမာ ဖြစ်ခဲ့ရ၍ စိတ်မကောင်းဖြစ်ခဲ့မိပါသည်။

ဘေးပတ်လမ်းအုတ်လှေကားမှ ပုထိုးတော်ကြီးအပေါ်သို့တက်ပြီး မင်းကွန်းမြေနှင့် ဧရာဝတီအလှကို ခံစားနိုင်သလို အက်ကြောင်းများ ဗရပွနှင့် ပြိုကျတော့မယောင် အုတ်ပုံကြီးတွင် များစွာသောသူများ အဆင်းအတက်ပြုနေကြသည်မှာလည်း မရေတွက်နိုင်အောင် ရှိနေပါသည်။

နံနက် နေခြည်နုနုမှာ တစ်ခါ တက်၍ နေခြည်ဖြာသော အလှနှင့် ညနေဆည်းဆာ ပြာရည်မှောင်သန်းစများ၏ အလှများကို ခံစားရင်း ဤနယ်မြေ ဤဒေသသို့ အခါခါလာ၍ အလွမ်းပြေ နေချင်မိပါသည်။

မပြီးပြတ်ခဲ့သော ပုထိုးတော်ကြီး၏ အုတ်ပုံကြီးအလယ်တွင် လေးမျက်နှာအညီနှင့် အုတ်ပုံ တစ်ခုပေါ်တွင် သာသနာ့အလံ ခပ်နွမ်းနွမ်းကလေး တလူလူလွင့်နေ၍ မေးမြန်းလိုက်သော အခါ ဓာတ်တော်တိုက်၏ နေရာကို မှတ်သားထားသည်ဟု ဆိုပါသည်။

ဓာတ်တော်တိုက်မှာလည်း (၂၀) တိုက်ရှိကြောင်း ဌာပနာပစ္စည်းများ မည်ရွေ့မည်မျှကိုမူ သိရှိသူ မရှိသလောက် ကွယ်ပျောက်နေခဲ့ပါသည်။ ရှာဖွေနိုင်ရန် လက်လှမ်းမီသမျှ ပေစာ၊ ကျောက်စာများတွင်လည်း အမှတ်အသားများ မရှိခဲ့သည်မှာလည်း အံ့သြစရာဖြစ်နေပါသည်။

မည်သို့ပင်ဆိုစေ အုတ်ပုံကြီး ဘဝနှင့် အဆုံးသတ်နေခဲ့သော ပုထိုးတော်ကြီးသည် နှစ်ပေါင်းရာနှင့်ချီ၍ အကာအရံမဲ့စွာ တည်နေခဲ့သည်မှာ အမှန်ဖြစ်ပါသည်၊ နေပူမိုးရွာ နှင်းငွေ့တွေကြားမှပုထိုးတော်ကြီးသည် နောက်နောင်ဟူသော နှစ်ကာလများ မည်မျှကြာကြာ တည်နေနိုင်မှာလည်း ဆိုသည်မှာ မည်သူမျှ မသိနိုင် မခန့်မှန်းနိုင်သော်လည်း တစ်ချိန်ချိန်မှာဖြင့် မြေသားပမာ ဖြစ်တော့မှာ သေချာနေသောကြောင့် မင်းကွန်းခေါင်းလောင်းကြီးကဲ့သို့ ရုံတော်ကြီးများရှိခဲ့လျှင် ကောင်းမှာဟု တွေးမိခဲ့လိုက်ပါသည်။

ကျောက်ဆည်နယ် အတွင်း တမုတ်မြို့ဟောင်းမှ ရှေးဟောင်းအုတ်ပုံကြီးကို တူးဖော်ရာမှ ပေါ်ထွက်လာသော ရှင်ပင်ရွှေဂူကြီး မြတ်စွာဘုရားစေတီတော်ကြီးကို ယခုအခါ ဂိုးရှိုလ်ကော်ဖီမစ်မှ တာဝန်ယူ၍ ခိုင်ခံ့သောအလင်းရောင်ရသည့် အမိုးကြီးများဖြင့် ထားရှိမှာ ဖြစ်ကြောင်း ရုပ်ပုံများဖြင့် ပုံဖော်ထားပါသည်။

သို့ပါ၍ အထင်ကရမြေပေါ်မှာ ရှိနေသော မင်းကွန်းပုထိုးတော်ကြီး အတွက် ထိုကဲ့သို့ အလှူရှင်များ ပေါ်ပေါက်စေကြောင်း ဆုတောင်းရင်း မင်းကွန်းမြေကို နှုတ်ဆက်ခွဲခွာခဲ့ရပါသည်။

❒ **မြမဥ္ဇူဝေ(ကျုံမငေး)**

**မှီငြမ်းမှု**

(၁) စစ်ကိုင်းသာသနာ့ဝင် မှတ်တမ်းများ (သူငယ်ချင်းများ၏မှတ်တမ်း)
(၂) မောင်မိုးအောင် (ဆားလင်း)၏ ဆောင်းပါးများ၊
(၃) စစ်ကိုင်းအမှတ်တရ လက်ဆောင်မွန် မှတ်တမ်းများ၊
(၄) သမိုင်းဝင်မော်ကွန်း (စစ်ကိုင်းသူရ)
(၅) ကိုယ်တွေ့ ဘုရားဖူးမှတ်တမ်းများ၊
(၆) ဘုရားဖူးသွားကြမည်(ကိုကို သုဘောသန)






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


အံ့မွှယ်ထူးခြား ရန်အောင်မြင် နှီးဘုရား
သကျမိတာစာသင်တိုက်၊ နန်းဦးမြို့သစ်၊ စစ်ကိုင်းမြို့။

တောင်တွေကို ငုံထားတဲ့
စစ်ကိုင်းမြို့လေးကို
တစ်ခါသွားရပြန်ပါပြီ။

❖

Sea Game မှာ မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို ရှုံးလို့ အုပ်စုက ထွက်ရတယ်ဆိုတော့ အားလုံးရဲ့ ရင်ထဲမှာ ဒေါသက အပြည့်နဲ့ပေါ့။

လမ်းဘေးမှာ ဘောလုံးကန်လို့ ရှုံးတာ နိုင်တာဟာ တစ်ဦးချင်း တစ်ဖွဲ့ချင်းနဲ့ အရှုံးအနိုင်ပဲဖြစ်ပါတယ်။ မြန်မာနဲ့ အင်ဒိုနီးရှားတို့ရဲ့ Sea Game ဘောလုံးပြိုင်ပွဲ အရှုံးအနိုင်ကတော့ မြန်မာနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံကို ကိုယ်စားပြုနေတာပါ။

ကိုရီးယားနည်းပြကလည်း Head to Head ကို သူမသိလို့ပါတဲ့။ အမှန်တော့ ရှုးချင်ယောင်ဆောင်သွားတာပါ။ တိုက်စစ်မှူးကျော်ကိုကိုနဲ့ အဆင်မပြေတော့ ဆရာမာန် ပညာမာန်နဲ့ Line Up အောက်ပြီး ကစားလိုက်တာ မြန်မာအသင်း ရှုံးရော။ ကိုရီးယားနည်းပြ ပေးဆပ်လိုက်ရတာက သိက္ခာနဲ့ မာနပါ။ မြန်မာပြည်သူတွေ ပေးဆပ်လိုက်ရတာက ကြေကွဲခြင်းနဲ့ မျက်ရည်တွေပေါ့။

အဲဒီမှာ ပေးဆပ်မှု ဆိုရာမှာ အဓိပ္ပာယ်အမျိုးမျိုးရှိပါတယ်။ ကိုရီးယားနည်းပြရဲ့ ပေးဆပ်မှုဟာ ပညာနဲ့ မာနအပေါ် အခြေခံပါတယ်။ တချို့သူများရဲ့ ပေးဆပ်မှုကတော့ စေတနာနဲ့ သဒ္ဓါအပေါ် အခြေခံပါတယ်။

တစ်နေ့မှာ သားရေဦးမောင်မောင်က ကျွန်တော်တို့မိသားစုကို စစ်ကိုင်း သကျမုနိဘုရားပွဲတော် လိုက်ပါဖို့ အိမ်လာခေါ်ပါတယ်။ ဟိုအရင် ငါးနှစ်လောက်ကလည်း ခေါ်လို့ ကျွန်တော်တို့မိသားစု သွားခဲ့ရပါသေးတယ်။ အဲဒီ သကျမုနိစေတီကို သူ့အမိက မတည်ပြီး တည်ထားတာပါ။ ဘုရားဒါယကာပေါ့။

ကျွန်တော်တို့ မိသားစုတင် မဟုတ်ပါဘူး။ လှည်းကူးကျွန်းကလေး ကျေးရွာမှာရှိတဲ့ ရိတ်သိမ်းလွန်ရုံးက မနွဲ့နွဲ့အုန်းတို့ ရုံးအဖွဲ့ (၉)ယောက်လည်း ပါပါတယ်။ ကျွန်တော်တို့အားလုံးကို စရိတ်ငြိမ်း ဘုရားဖူးလိုက်ပို့ပေးတာပါ။

ဒီနေရာမှာ ကျွန်တော်ပြောချင်တာက ပေးဆက်မှုဆိုတာ စေတနာနဲ့ သဒ္ဓါကို အခြေခံရင်း ပျော်ရွှင်မှု၊ ငြိမ်းချမ်းမှု ဖြစ်စေတယ်လို့ ပြောချင်တာပါ။

ပေးဆပ်မှု နည်းလမ်းမှားခဲ့တဲ့ ကိုရီးယားနည်းပြကို မြန်မာဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက မြန်မာပြည်သူ သန်း (၆၀) ကို လိမ်သွားတယ်လို့ နာနာကြည်းကြည်း ပြောခဲ့ပါတယ်။

ဒါဆိုရင် ကိုရီးယားနည်းပြဟာ နိုင်ငံကြီးသားမပီသဘဲ လူကြီးလူကောင်းဟန် ဆောင်ထားတာပေါ့။

ဒီနေရာမှာ ကျွန်တော်ငယ်ငယ်က ကြည့်ဖူးခဲ့တဲ့ ဘယ်ပန်းချီရေးလို့မှ မမီ ရုပ်ရှင်ဇာတ်ကားကို သတိရမိပါတယ်။ အဲဒီဇာတ်ကားက ဆရာသိန်းသန်းထွန်း ဝတ္ထုကို ရိုက်ထားတာပါ။ ဆရာကြီးအင်းလေးမှာရှိတာ သိပေမယ့် ဘယ်မှာရှိမှန်း မသိလို့ အင်းလေးကို ကျွန်တော်ရောက်တိုင်း မတွေ့ခဲ့ရပါဘူး။

တွေ့ရင် ကန်တော့ချင်တာလည်း ပါပါတယ်။ အဲဒီဇာတ်ကားမှာ ဦးကျောက်လုံးက ရွာမျက်နှာဖုံး ရွာသူကြီး၊ ရွာထဲမှာ ရှုးနေပြီး လျှောက်သွားနေတဲ့ ဆွေဇင်ထိုက်ကို အမွေကြဲဖို့ အမြဲကြံစည်နေတာပါ။ တစ်နေ့မှာ သူ့အကြံ အောင်မြင်သွားပါတယ်။ အဲဒါကို



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားရှင်အား သစ်သီးနှင့် ပန်းများ ကပ်လှူပူဇော်ထားစဉ်

တော် စောမယ်မြ၊ စောမယ်လှတို့ စောင့်ရှောက်နေတဲ့ အကြောင်း။ ဘုရားတည်ဖို့ အင်းစိန်ရွာမ ဆရာတော်ကြီးနဲ့ ယှက်နွှယ်လာတဲ့ အကြောင်း။

ဘုရားတည်တဲ့အခါ စီးပွားရေး အခြေအနေနဲ့ ငွေရေးကြေးရေး အခြေအနေ ကောင်းမွန်လာတဲ့ အကြောင်း။

လွန်ခဲ့တဲ့ (၁၄)နှစ်က မတည်အလှူငွေ သိန်း(၄၀၀)ခန့်ဆိုတာ နည်းတဲ့ငွေ မဟုတ်ကြောင်း။ အဲဒါတွေကို တစ်စစီ တစ်စစီ တွေးနေမိပါတယ်။

အဲဒါတွေဟာ သားရေဦးမောင်မောင်နှင့် ဇနီး မမီးမီးတို့အတွက် ဘဝသူ့သား (လင်းထင်) သိတော့ သားအဖ စကားများပြီး ဇာတ်အထွတ်ကို ဆွဲတင်သွားပါတယ်။

ဇာတ်သိမ်းပိုင်းက ဘယ်လိုလဲဆိုတာ သိပြီးသားပါ။ ကျွန်တော်ပြောချင်တာက လူကြီး လူကောင်းဆိုတာ ဂုဏ်သိက္ခာနဲ့ လျော်ညီတဲ့ အလုပ်ကို လုပ်ရမယ်။ လူကြီးလူကောင်း ပီသတဲ့ အလုပ်ကို မလုပ်နိုင်ရင် ဂုဏ်သိက္ခာမဲ့ သွားလိမ့်မယ်။ ဘယ်သူမဆို လူကြီးလို့ လူကောင်း ဖြစ်ချင်မှ ဖြစ်မှာပါ။

ကိုရီးယားဆိုပြီးလည်း အထင်မကြီးနဲ့။ ဂျပန်ဆိုပြီးလည်း အထင်မကြီးနဲ့။ အမေရိကန်ဆိုပြီးလည်း အထင်မကြီးနဲ့။ ဘယ်သူ ဘယ်သူကိုမှ အထင်မကြီးနဲ့။ ကိုယ့်ကိုယ်ကိုယ် လူကြီးလူကောင်း ပီသအောင် ကြိုးစားပြီး နေထိုင်လုပ်ကိုင်ရမယ်လို့ တွေးရင်း အပြန်လမ်းတစ်လျှောက် မီနီဘတ်စ်လေးနဲ့ စစ်ကိုင်းကို လိုက်ပါလာပါတယ်။

လမ်းခရီးမှာ
ထန်းညိုပင် အခင်းအကျင်းတွေက
စေတီငယ်ဝင်းဝင်းနဲ့
သက်ငြိမ်ပန်းချီကားလေးပေါ့။

ကားပေါ်ကနေပြီး ပတ်ဝန်းကျင် သဘာဝ သက်ငြိမ်ပန်းချီကားလေးတွေကို ကြည့်ပြီး အတွေးများက ဟိုးလွန်ခဲ့တဲ့ (၁၄) နှစ်၊ သားရေဦးမောင်မောင် ဘုရားတည်ခဲ့တဲ့အကြောင်းတွေ



စာရေးဆရာမဲ ပထမဆုံး လှူဒါန်းနေစဉ်


ကို စဉ်းစားမိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်မှာ နေသူက စစ်ကိုင်းမှာ ဘုရားတည်ဖို့ မဖြစ်နိုင်ပေမယ့် ဖြစ်ခဲ့တဲ့အကြောင်း။

ဘုရားတည်ဖို့ အမည်မသိလူ အချို့က ငွေအနည်းငယ် လာလှူတဲ့အကြောင်း။ ပဋ္ဌာန်းဆက်ပါတဲ့ အစ်မမှတ်တမ်းတွေပါ။ အဲဒီလို မှတ်တမ်းတွေဖြစ်အောင်လို့ လမ်းကြောင်းမှန်ကို သူတို့ လျှောက်ခဲ့လို့ပေါ့။ အချို့က လမ်းကြောင်းမှန် မလျှောက်နိုင်ပါဘူး။ လမ်းဘေးက ဆင်းလျှောက်ခဲ့ကြပါတယ်။ အဲဒီတော့ သူတို့ဘဝမှာ ပြဿနာပေါင်းစုံနဲ့ မအောင်မမြင် ဖြစ်တာပေါ့။

www.burmeseclassic.com



ဘုရားကုန်းတော်ပေါ်ရှိ ဇေတဝန်ကျောင်းတော်



သကျမုနိ စေတီတော်ဝင်းအတွင်းရှိ စည်တော်ကြီး

ဂေါတမ မြတ်စွာဘုရား မဖြစ်မီ သိဒ္ဓတ္ထမင်းသားဘဝမှာ ဒုက္ကရစရိယာဆိုပြီး လမ်းဘေးဆင်းလျှောက်မိလို့ လိုရာခရီးမရောက်ဘဲ ခြောက်နှစ်ကြာခဲ့တယ် မဟုတ်လား။ အဲဒါ သတိဉာဏ်နဲ့ ဆင်ခြင်ပြီး မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းလျှောက်မှပဲ ဘုရားဖြစ်ခဲ့တာပါ။

မြတ်စွာဘုရားတွေ့ခဲ့တဲ့ မဇ္ဈိမပဋိပဒါလမ်းဆိုတာ မဂ္ဂင်ရှစ်ပါးပါပဲ။ အဲဒါ တကယ့်ကို မှန်ကန်တဲ့ လမ်းကြောင်းပါ။ အဲဒီလမ်းကို လျှောက်မယ်ဆိုရင် အမြော်အမြင် ကောင်းရမယ်။ အတွေးအခေါ် ကောင်းရမယ်။ အပြောအဆို ကောင်းရမယ်။ အလုပ်အကိုင် ကောင်းရမယ်။ အသက်မွေးမှု ကောင်းရမယ်။ ဝီရိယ ကောင်းရမယ်။ သတိကောင်းရမယ်။ သမာဓိ ကောင်းရမယ်။ အဲဒါဆိုရင် လောကီ လောကုတ္တရာချမ်းသာကို ဧကန်ရရှိမှာ ဖြစ်ပါတယ်။

သားရေဦးမောင်မောင် အနေနဲ့ အဲဒီလို လမ်းကြောင်းမှန်ကို လျှောက်ခဲ့လို့ သပ္ပာယ်ခံ့ညားလှတဲ့ သကျမုနိစေတီတော်ကို တည်နိုင်ခဲ့တယ်လို့ ဆိုရမှာပါ။ အတွေးတွေက များနေပါပြီ။ အမြန်လမ်းမပေါ်မှာ ခရီးတစ်ဝက်လောက် ကျိုးနေပါပြီ။ ဖြောင့်ဖြူးလှတဲ့ အမြန်လမ်းမကြီးကို ကြည့်ပြီး ကဗျာတစ်ပိုဒ် ထပ်စပ်လိုက်ပါတယ်။

ဖြူးနေတာပဲ
ကော်ဇောပမာ အမြန်လမ်းမက
သူ့ကျောပေါ်ကလူကိုစယ်
သွားပေမယ့်
ပြုံးပြုံးလေးနဲ့
လိုရာခရီးရောက်အောင် သွားတဲ့။

အမြန်လမ်းမကြီးကို ကဗျာနဲ့ အသက် သွင်းလိုက်တာပါ။ အမြန်လမ်းမကြီးက ခရီးသည်များအားလုံးကို လိုရာခရီးရောက်ဖို့ သူ့ကျောပေါ်ကနေ ဖြတ်သန်း ကူညီနေတာပါ။

ပြောရရင် ပေးဆပ်ခြင်းတစ်မျိုးပါပဲ။ အများအကျိုးအတွက် ပေးဆပ်ခြင်းကို အချို့လူများ လုပ်တယ်။ လူမှုရေးအဖွဲ့အစည်းတွေလုပ်တယ်။ နာရေးကူညီမှုအသင်းတွေလုပ်တယ်။ သားရေဦးမောင်မောင်လည်း ကျွန်တော်တို့ ဘုရားဖူးများအတွက် ပေးဆပ်ခြင်းကို လုပ်တယ်။ ကျေးဇူးတင်ရပါတယ်။ လေးစားရပါတယ်။

အဲဒီလို အများအတွက် ပေးဆပ်ခြင်းမျိုး ကမ္ဘာ့ခေါင်းဆောင်တွေထဲမှာ တစ်ဦးရှိပါတယ်။ သူ့ကို အဆင်းရဲဆုံး သမ္မတကြီးလို့ ကင်ပွန်းတပ်ပါတယ်။ အဲဒီ သမ္မတကြီး အုပ်ချုပ်တဲ့ နိုင်ငံက တောင်အမေရိကတိုက်ရဲ့ အရှေ့တောင်ဘက် အာဂျင်တီးနားနဲ့ ဘရာဇီးနိုင်ငံကြားမှာရှိတဲ့ ဥရုဂွေးနိုင်ငံပါ။ သမ္မတကြီးရဲ့ အမည်က မစ္စတာဂျိုဆေးမူဇီကာပါ။

မစ္စတာ ဂျိုဆေးမူဇီကာဟာ ၁၉၉၄ မှာ ဥပဒေပြုအမတ်၊ ၁၉၉၉မှာ အထက်လွှတ်တော်အမတ်၊ ၂၀၀၅ မှာ သမ္မတဖြစ်လာတာပါ။ သမ္မတဖြစ်လာပေမယ့်လည်း နိုင်ငံတော်က စီစဉ်ပေးတဲ့ ဇိမ်ခံ သမ္မတအိမ်တော်မှာ မနေဘဲ မြို့တော်ရဲ့ အပြင်ဘက် လယ်တောအိမ်ကလေးမှာပဲ နေပါတယ်။

ရေတွင်းက ရေကို ကိုယ်တိုင်ခပ်၊ ကိုယ်တိုင် အဝတ်လျှော်ပါတယ်။ ပန်းများကို ကိုယ်တိုင်စိုက်ပျိုးပါတယ်။ သမ္မတကြီးရဲ့ ဘဝဟာ ပြည်သူပြည်သားများရဲ့ ဘဝနဲ့ တကယ့်ကို နီးနီးစပ်စပ်ရှိလှပါတယ်။ အထူးခြားဆုံးက သမ္မတကြီးဟာ ဒေါ်လာ ၁၂၀၀၀ နဲ့



www.burmeseclassic.com

www.burmeseclassic.com

ညီမျှတဲ့ သူ့လစာ ၉၀ ရာခိုင်နှုန်းကို မယူဘဲ ပြည်သူ့အတွက် လှူဒါန်းထားတာ ဖြစ်ပါတယ်။ သမ္မတကြီးမှာ ပိုင်ဆိုင်မှုလည်း မဖြစ်စလောက်လေးပဲ ရှိပါတယ်။ အဲဒါကြောင့် အဆင်းရဲဆုံး သမ္မတကြီးလို့ နိုင်ငံတကာက ကင်ပွန်းတပ်ကြတာ ဖြစ်ပါတယ်။

သမ္မတကြီး အနေနဲ့ အဲဒီလို လှူဒါန်းတာဟာ ပြည်သူတွေကို ပေးဆပ်ခြင်းတစ်မျိုးပါပဲ။ အဲဒီလို ပေးဆပ်ခြင်းကြောင့် လွတ်လပ်မှုရှိတယ်။ ပိုင်ဆိုင်တာ များများမရှိရင် ပိုင်သမျှကို တည်တံ့အောင် အားထုတ်စရာမလိုတော့ဘူး။ ကိုယ်ပိုင်အချိန် ပိုရပြီး စိတ်ချမ်းသာမှု ရှိတယ်လို့ သမ္မတကြီးက ဆိုပါတယ်။

လှူဒါန်းတယ်။ ပေးဆပ်တယ်ဆိုတာ မိမိရဲ့ကိုယ်ပိုင်ပစ္စည်း၊ ကိုယ်ပိုင်ငွေကြေးကို စွန့်လွှတ်တာပါ။ နိဗ္ဗာန်ခရီးအတွက် အထောက်အပံ့ကောင်းပါ။ ငွေကြေးဥစ္စာ ပစ္စည်းများကို တပ်မက်နေရင် မိမိခန္ဓာကိုယ်ကိုလည်း တပ်မက်နေမှာပါ။

ဘယ်လိုလုပ် နိဗ္ဗာန်ရောက်မှာလဲ။ နိဗ္ဗာန်သွားဖို့ ပစ္စည်းဥစ္စာငွေကြေးကို စွန့်၊ မိမိခန္ဓာကိုယ်ကို မုန်းပြီး နောက်ထပ်တစ်ဖန် ဘဝအသစ် ပြန်မဖြစ်အောင် ဝိပဿနာရှုရတာ မဟုတ်လား။



ဘုရားဒါယကာ ဦးမောင်မောင်နှင့် မိသားစုတို့ ပဓာနဆရာကြီးနှင့်အတူတွေ့ရစဉ်

သားရေဦးမောင်မောင်နဲ့ မမီးမီး တို့ရဲ့ အနေနဲ့ကတော့ နိဗ္ဗာန်အတွက် အထောက်အပံ့ကောင်းတွေရနေပါပြီ။

ကျွန်တော်တို့အဖွဲ့ ညနေစောင်းမှာ စစ်ကိုင်းမြို့ သကျမုနိစေတီတော် တည်ရှိရာ သကျမီတာ စာသင်တိုက်ကို ရောက်ပါတယ်။ ဆရာလေးများက ကြိုဆိုပြီး နေရာထိုင်ခင်း စီစဉ်ပေးပါတယ်။ ခဏနား ရေမိုးချိုးပြီး ဘုရားကုန်းတော်ပေါ် တက်လာခဲ့ပါတယ်။

သကျမုနိ စေတီတော်က မီးရောင်အောက်မှာ ရွှေရောင်တဝင်းဝင်းနဲ့။ စေတီလိုဏ်ဂူအတွင်းမှာရှိတဲ့ မြတ်စွာဘုရားကို အားပါးတရ ဖူးမြော်ပြီး ရန်အောင်မြင် နှီးဘုရားကြီးကို ဆက်လက်ဖူးမြော်ပါတယ်။ နှီးဘုရားကြီးကလည်း သပ္ပာယ်လိုက်တာလွန်ပါရော။

ဘုရားကြီးဒါယကာက သားရေဦးမောင်မောင် ညီတော်သူ ဦးသိန်းချို + ဇနီးဒေါ်အေးစန္ဒာတို့ မိသားစုပါ။ ဉာဏ်တော်အမြင့် ၁၆ ပေ ၆ လက်မ ရှိပါတယ်။

ဘုရားကြီးရှေ့မှာ ဘုရားရှိခိုး တရားထိုင်နေတဲ့သူတွေ အများကြီးပါပဲ။နောက်တစ်နေ့ နတ်တော်လပြည့်နေ့ နံနက်မှာ ဘုရားပွဲတော် ကျင်းပပါတယ်။ သံဃာအပါး (၅၀၀)၊ သီလရှင် အပါး (၅၀၀)ကို စာရေးတံမဲဖောက်ပြီး လှူဖွယ်ပစ္စည်းများ လှူဒါန်းပါတယ်။

ဘုရားကုန်းတော်ပေါ်မှာ အလှူရှင်များ ဘုရားပွဲလာရောက်သူများနဲ့ စည်ကားနေတာ အုန်းအုန်းကျက်ကျက်ပါပဲ။ မနက် ၉း၃၀ မှာ စာရေးတံမဲဖောက်ပြီးသွားတော့ ကျွန်တော် ကဗျာ အဆုံးပိုဒ်လေးကို စပ်မိလိုက်ပါတယ်။

အဲဒါ. . .


သူက ပေးဆပ်လိုက်တာ
ယူခြင်းတစ်မျိုးပဲ ဒဿနနဲ့
ဘဝမှာ ဇော်က ကလိုက်ပါ
အကယ်ဒမီတွေ တသီကြီး
ရလိမ့်မယ်။

❐ မင်းဆက်ပိုင်



ဘုရားကုန်းတော်ပေါ်က ဘီလူးရုပ်

www.burmeseclassic.com




# သာသနာအနှစ်ငါးထောင် ရှင်းတမ်း

## အရှင်ဓမ္မာလင်္ကာရ (လပယ်ဖာ)

ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာ ဟူသော သာသနာ သုံးရပ်တွင် အဓိက ရေသောက်မြစ်ဖြစ်သော သာသနာမှာ ပရိယတ္တိသာသနာပင် ဖြစ်၏။

ထိုအဓိက သာသနာတော်ကို ဗုဒ္ဓဘာသာဝင်တွေအားလုံး ထိန်းသိမ်းစောင့်ရှောက်မှသာလျှင် သာသနာတော်ကြီး သုံးရပ်စလုံး အမွန်ရှည်ကြာမြင့်စွာ တည်ရှိနိုင်ပေမည်။

ပရိယတ္တိသာသနာ ဟူသည် ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ (၂)ရပ်ကိုလုပ်ကိုင်ဖော်ဆောင်ဖို့အတွက် မြတ်ဗုဒ္ဓထားတော်မူခဲ့သော စည်းကမ်းတစ်ခုပင် ဖြစ်သည်။

သာသနာတော်မှာ ဝိနည်းသည် စည်းကမ်းဖြစ်၏။ ထိုဝိနည်းစည်းကမ်းသည် အနဂါရိက ရဟန်းစည်းကမ်း။ အဂါရိက-လူစည်းကမ်းဟု (၂)ချက်ရှိသည်။ သာသနာ့ဝန်ထမ်း ရဟန်းတော်များကလည်း ရဟန်းစည်းကမ်း၊ ဒကာဒကာမများကလည်း လူ့စည်းကမ်းစနစ်တကျနဲ့ ထိန်းသိမ်းစောင့်ရှောက်သွားရန် အထူးလိုအပ်လှပေသည်။

သာသနာတော်၏ အသက်သွေးကြောသဖွယ်ဖြစ်သော ဝိနည်းစကားတစ်ရပ်မှာလည်း. . .

"ဝိနယောနာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ နာမ" ဟု မိန့်ဆိုတော်မူ၏။

မှန်ပေသည်။ ဝိနည်းစည်းကမ်းသည် သာသနာတော်ကြီး၏ အသက်သွေးကြောသဖွယ်ဖြစ်၏။ ဝိနည်း စည်းကမ်းနဲ့ နေထိုင်သမျှ ကာလပတ်လုံး သာသနာတော် တည်ရှိနေဦးမည် ဖြစ်သည်။

www.burmeseclassic.com

သာသနာဟူသည် မြတ်ဗုဒ္ဓ၏ အဆုံးအမများဟု အဓိပ္ပာယ်ရသည်။ သာသနာဟူသော စကားနှင့်စပ်လျဉ်း၍ လူအများပြောဆိုနေကြသော စကားတစ်ခွန်းမှာ သာသနာအနှစ်ငါးထောင်ပဲ တည်မည်ဟူ၏။

ယင်းစကားသည် မိမိတို့ဟာ သာသနာတော်ကြီးကို အနှစ်ငါးထောင်ပဲ စောင့်ရှောက်မည်ဟု ပြောဆိုသကဲ့သို့ ဖြစ်နေသည်။ အဘယ်ကြောင့်နည်း။

သာသနာ အနှစ်ငါးထောင်ပဲ တည်မည်ဟု မြတ်ဗုဒ္ဓက ဟောတော်မမူခဲ့သောကြောင့် ဖြစ်သည်။

သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရား မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာမှန်တဲ့ ပြည်နိဗ္ဗာန်သို့ ကြွရောက်တော်မူခါနီး သုဘဒ္ဒပရိဗိုဇ်ကြီး ရောက်လာခဲ့ပါတယ်။

နေမင်းကြီးရဲ့ တက်သစ်စ ရွှေပြေးအရောင် ထွက်ပေါ်(အရုဏ်)ချိန်မှာ ပရိနိဗ္ဗာန် စံဝင်တော့မယ်ဆိုလို့ ရဟန္တာအဖြစ်သို့ မရောက်ရှိသေးတဲ့ ညီတော်အာနန္ဒာ ငိုနေရှာတယ်။

သုဘဒ္ဒ ပရိဗိုဇ်ကြီးက အရှင်ဘုရား မြတ်စွာဘုရားကို လျှောက်ထားစရာရှိလို့ဆိုပြီး ဖူးမြော်ခွင့်တောင်းတယ်။

"ဟာ ပရိဗိုဇ်ကြီး လာရှုပ်နေပြန်ပြီ၊ မြတ်စွာဘုရား မောနေပါတယ်ဆိုမှ လာမရှုပ်နဲ့"လို့ အရှင်အာနန္ဒာက အော်ထုတ်လိုက်ပါတယ်။

မြတ်စွာဘုရား ကြားသွားတော့ "အာနန္ဒာ ဘာဖြစ်နေတာလဲ" လို့ မေးတော်မူတယ်။

"မြတ်စွာဘုရား သုဘဒ္ဒပရိဗိုဇ်ကြီး လာရှုပ်နေလို့ပါ ဘုရား"

"မရှုပ်ပါဘူး အာနန္ဒာရယ်၊ ငါဘုရားဆီကိုသာ လွှတ်လိုက်ပါ၊ သူသိချင်တဲ့ အကြောင်းတွေ မေးချင်လို့ လာတာပါ" ဟု မိန့်တော်မူပြန်တယ်။

နောက်ဆုံးဖြစ်မယ့် သာဝကမှန်း သိလေတော့ ခွင့်ပြုလိုက်ပါတယ်။

သုဘဒ္ဒပရိဗိုဇ်ကြီးဟာ ခွင့်လည်း ရရော မြတ်ဗုဒ္ဓအား အားရဝမ်းသာစွာနဲ့ သိသင့်သိထိုက်တဲ့ ပြဿနာတွေကို လျှောက်တော့တာပါပဲ။

သုဘဒ္ဒပရိဗိုဇ်ကြီး လျှောက်တဲ့ မေးခွန်းတွေထဲမှာ ဒီသာသနာနဲ့ ပတ်သက်တဲ့ မေးခွန်းပါလာတယ်။

"မြတ်စွာဘုရား မြတ်စွာဘုရား တည်ထောင်တော်မူတဲ့ သာသနာတော်မြတ်ကြီး နှစ်ပေါင်းဘယ်လောက်ခံမလဲ ဘုရား" ဆိုတော့ ဘုရားရှင်က. . .

"ဣမေ စ သုဘဒ္ဒ၊ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညောလောကော၊ အရဟန္တေဟိ အဿ"

"ချစ်သား သုဘဒ္ဒ၊ ငါတပည့် ရဟန်းတော်တွေ အနေအထိုင်ကောင်း နေသမျှ ကာလပတ်လုံး ငါဘုရားရှင်ရဲ့ သာသနာဟာ ဘယ်တော့မှ မကွယ်ဘူး၊ ရဟန္တာ ဘယ်တော့မှ မဆိတ်သုဉ်းဘူး" ဟု မိန့်တော်မူလိုက်ပါတယ်။

ဒီနေရာမှာ မိလိန္ဒမင်းနဲ့ အရှင်နာဂသိန်တို့ရဲ့ အမေး၊ အဖြေဟာ သဘောပေါက်လွယ်တာမို့ ထည့်ရေးလိုက်ပါမယ်။ မေးခွန်းပေါင်းများစွာထဲမှာ သာသနာတော် အနှစ်ငါးထောင်နဲ့ ပတ်သက်တဲ့ မေးခွန်း ပါလာတယ်။

"အရှင်ဘုရား မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီး ဘိက္ခုနီသာသနာ ခွင့်ပြုစဉ်အခါတုန်းက 'အမျိုးသမီးတွေကို ဘိက္ခုနီအဖြစ် ဝင်ခွင့်ပြုလိုက်တဲ့အတွက် သူတော်ကောင်းတရားဟာ အနှစ်ငါးရာပဲ ခံလိမ့်မယ်' ဒါက ပထမ စကားတစ်ခွန်း။

ပရိနိဗ္ဗာန် စံခါနီးတုန်းက သုဘဒ္ဒပရိဗိုဇ်ကို 'ချစ်သား သုဘဒ္ဒ ငါတပည့် ရဟန်း သာမဏေတွေ အနေအထိုင်ကောင်းသမျှကာလပတ်လုံး ငါဘုရားရဲ့ သာသနာဟာ ဘယ်တော့မှ မကွယ်ဘူး၊ ရဟန္တာ ဘယ်တော့မှ မဆိတ်သုဉ်းဘူး' ဒါက ဒုတိယ စကားတစ်ခွန်း။

ဘုရားစကားနှစ်ခွန်းမှာ နှစ်ငါးရာ တည်မယ်ဆိုတာလည်း မြတ်စွာဘုရားဟောတာ၊ အနေအထိုင်ကောင်းသမျှ ကာလပတ်လုံး ငါဘုရားသာသနာ ဘယ်တော့မှ မကွယ်ဘူးဆိုတာလည်း မြတ်စွာဘုရား ဟောတာ။

အဲဒီတော့ စကားနှစ်ခွန်းဟာ ရှေ့စကားနဲ့ နောက်စကား မညီညွတ်ဘဲ ဖြစ်နေရခြင်း၏ အကြောင်းတရားကို ဖြေရှင်းဖို့ အရှင်ဘုရားအပေါ်သို့ ကျရောက်လာပါပြီဘုရား၊ အရှင်ဘုရား ဖြေရှင်းပေးတော်မူပါ" လို့ မိလိန္ဒမင်းကြီးက လျှောက်ပါတယ်။

ရဟန္တာအရှင်မြတ်ကြီး အရှင်နာဂသေနရဲ့ ဖြေပုံက. . .

"အရှင်မင်းကြီး သဒ္ဓမ္မလို့ခေါ်တဲ့ သူတော်ကောင်းတရားဟာ ဘိက္ခုနီသာသနာ ခွင့်မပြုရင်၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ်မှာ နှစ်တစ်ထောင် ခွင့်ပြုခဲ့ရင် နှစ်ငါးရာဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် အမျိုးသမီးတွေကို ဂရုဓမ်တရားတွေနဲ့ ဘောင်ခတ်ပြီး ခွင့်ပြုခဲ့တယ်ဆိုတော့ သာသနာနှစ်ငါးရာမကဘူး၊ နှစ်တစ်ထောင်ရှည်လိမ့်မယ်၊ အရှင်မင်းကြီး" လို့ ဖြေကြားတော်မူပါတယ်

"ဒကာတော် ပထမစကားက သာသနာနှစ်ကို ပြောတာဖြစ်ပြီး ပရိနိဗ္ဗာန် စံခါနီးမှာ ပြောတဲ့ ဒုတိယစကားက ပဋိပတ်အစွမ်းကို ပြောတာ ဖြစ်တယ်၊ အဲဒီလို မှတ်ယူပါ ဒကာတော်မင်းမြတ်"

ဝိနည်း အဋ္ဌကထာနဲ့ အင်္ဂုတ္တိုရ် အဋ္ဌကထာများမှာတော့ . . .

(၁) ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် တစ်ထောင် (၂) သုက္ခဝိပဿကပ ရဟန္တာခေတ် တစ်ထောင်၊ (၃) အနာဂါမ်ခေတ် တစ်ထောင်၊ (၄) သကဒါဂါမ်ခေတ် တစ်ထောင်၊ (၅) သောတာပန်ခေတ် တစ်ထောင် စသည်ဖြင့် ဒီလို တွက်ပြထားပါတယ်။

ဘုရားဟောတာ မဟုတ်ပါဘူး။ အဋ္ဌကထာဆရာကြီးတွေရဲ့ တွက်ကိန်းမျှသာ ဖြစ်ပါတယ်။ သာသနာတော်ကြီး နှစ်ငါးထောင်လောက်တော့ တည်နိုင်

www.burmeseclassic.com

တယ်လို့ အဋ္ဌကထာ ဆရာကြီးတွေ ခန့်မှန်းတာပါ။

ဒုတိယ အမိန့်ရှိတဲ့ စကားက ပဋိပတ်စွမ်းအင်ကိုပြောတာဖြစ်ပါတယ်။ ပဋိပတ်စွမ်းအင်ဆိုတာ ရဟန်းတော်တွေ၊ လူပုဂ္ဂိုလ်တွေ ရှင်တော်ဘုရား ချမှတ်ထားတဲ့ ဩဝါဒအတိုင်း နေသမျှ ကာလပတ်လုံး ငါဘုရား သာသနာ ဘယ်တော့မှ မကွယ်ဘူးလို့ မိန့်တော်မူတာ ဖြစ်ပါတယ်။

သာသနာတော်ကြီး အနှစ်ငါး ထောင်လောက်တော့ တည်နိုင်တယ်လို့ အဋ္ဌကထာဆရာအရှင်မြတ်တွေ ခန့်မှန်းခဲ့ကြတာပါ။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဒီသာသနာတော်ကို လွယ်လွယ်နဲ့တည်ထောင်လို့ ရခဲ့တာ မဟုတ်ပါဘူး။ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေ ဖြည့်ကျင့်ပြီးမှ ရလာတဲ့ သာသနာတော်ကို အနှစ်ငါးထောင်ပဲ တည်မယ်လို့ ပောပြောနေကြသူတွေ မြတ်စွာဘုရားကို အားနာဖို့ ကောင်းပါတယ်။

ဒီတော့ အရှင်ဘုရား အဋ္ဌကထာဆရာ အရှင်မြတ်တွေဟာလည်း သာမန်ပုဂ္ဂိုလ်တွေ မဟုတ်တဲ့အတွက် သူတို့ရဲ့စကားရော မမှန်နိုင်ဘူးလားလို့ မေးခဲ့မယ်ဆိုရင်လည်း မှန်နိုင်တယ်လို့ ဖြေရပါလိမ့်မယ်။

ဘာဖြစ်လို့လဲ ဆိုတော့ ယခုခေတ် ရဟန်းသာမဏေတွေ၊ ဗုဒ္ဓဘာသာ ဒကာ၊ ဒကာမတွေ အားလုံးတို့ရဲ့ အပြုအမူ အနေအထိုင်တွေ ပျက်စီးယိုယွင်းနေလို့ပါပဲ။ ငါးထောင်တောင် ခံပါ့မလားလို့တောင် တွေးစရာ ဖြစ်နေပါပြီ။ အဋ္ဌကထာ အရှင်မြတ်တွေပြောတဲ့ အနှစ်ငါးထောင်မက တည်အောင်လို့ ဗုဒ္ဓဘာသာဝင်တွေ ဘာလုပ်ကြမလဲ။

တစ်ခုပဲ ပြောစရာ ရှိပါတယ်။ ဗုဒ္ဓ အလိုတော်ကျ ပြန်လည်ပြည့်စုံအောင် နေထိုင်စောင့်ရှောက်သွားဖို့ပါပဲ။ အထူးအားဖြင့် မိမိတို့ ကိုးကွယ်ဆည်းကပ်နေတဲ့ ပုဂ္ဂိုလ်ဟာ သာသနာ့ ဝန်ထမ်းလား၊ သာသနာ့ ဝန်ထုပ်လား ဆိုတာ ခွဲခြားတတ်ဖို့လိုပါတယ်။

သာသနာ့ဝန်ထမ်း ရဟန်း သာမဏေများအတွက် ပရိယတ္တိစာပေ သင်ကြားပို့ချမှု၊ ပဋိပတ္တိတရားဘာဝနာ အားထုတ်မှု တာဝန် နှစ်ခုပဲ ရှိပါတယ်။ ဓာတ်ရိုက်ဓာတ်ဆင်၊ ဗေဒင်ယတြာ၊ ဘိုးတော်စတဲ့ ပုဂ္ဂိုလ်များဟာ သာသနာ့ ဝန်ထုပ်ကြီးတွေနဲ့ တူပါတယ်။

ဒီလိုပုဂ္ဂိုလ်တွေ ရှိနေကြတာ သာသနာ့သစ်ပင်ကြီးကိုးပေါင်းအတက် ခံနေရသလိုပါပဲ၊ ကြာမြင့်စွာ တည်နိုင်ဖို့ မလွယ်ပါဘူး။ ဒါကြောင့်မို့ ဒီလိုပုဂ္ဂိုလ်များ ခွဲခြားသိတတ်ပြီး မိမိတို့လက်ထက်မှာ သာသနာတော်ကြီး ဆိုတဲ့ ပန်းတစ်ပွင့် ကြွေလွင့်မသွားအောင် ထိန်းသိမ်းရင်း သာသနာ ကမ္ဘာမှာ ရောင်ဝါလင်းပါစေ။

❒ **အရှင်ဓမ္မာလင်္ကာရ(လယ်ယာ)**




ဆုတောင်းပြည့်

# ဆရာကြီး အောင်ဘုန်းမြင့်

**နက္ခတ္တဗေဒ ဖလိတပညာရှင် - မဟာဂန္ဓာရီဗေဒင် လက္ခဏာသုတေသီ**

**စာရေးဆရာ - အောင်ဘုန်းမြင့် (ကချင်မြေ)**

**ကလောင်ခွဲ - ကာလီဒါရှ် (မြန်မာပြည်)**

➤ ယတြာဓါတ်ရိုက်ဓါတ်ဆင် အထူးဆောင်ရွက်ပေးသည်။

➤ ဘဝရေ့ဆောင်လမ်းညွှန်အတိုင်ပင်ခံသည်။


➤ နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

ဗေဒင် ☎ ： ၀၁-၅၄၀၇၂၀ ၊ စုံစမ်းရေး 📱： ၀၉-၃၁၀၂၂၈၁၆


www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာဟူသည်

## အောင်ရဲဝင်း(ဟံသာမြေ)

လွန်ခဲ့သော နှစ်ပေါင်း(၄၀)ခန့် က အဆိုတော်ထား၏ မေတ္တာဟူသည် သီချင်းကို လေလှိုင်းကြားမှ မကြာခဏ ကြားရပါသည်။

သိမ်မွေ့လှပသော စာသားကလေးများကို တေးသံရှင်က ကရုဏာအသံလေးဖြင့် သီဆိုထားရာ ကြားရသူတိုင်း ကြည်နူးနှစ်သက်ကြပါသည်။ မေတ္တာတရား၏ စွမ်းအားကြီးမားပုံကို စာပေပညာရှင်များ၊ အနုပညာရှင်များက ခေတ်အဆက်ဆက် သီကုံးဖွဲ့နွဲ့ခဲ့ကြသည်မှာ ယနေ့တိုင်အောင် ဖြစ်ပါသည်။

မေတ္တာဟူသည် အဘယ်နည်း။ မေတ္တာ၏သဘောမှာ သိမ်မွေ့နက်နဲလှသဖြင့် မည်သူမျှ ပြီးပြည်စုံအောင် ဖွင့်ဆိုနိုင်ကြမည် မဟုတ်ပါ။

မဟာဂန္ဓာရုံဆရာတော် ဦးဇနကာဘိဝံသက မေတ္တာ၏အဓိပ္ပာယ်ကို အမေးအဖြေပြု၍ ဤသို့ ဖွင့်ဆိုခဲ့ပါသည်။

"မေတ္တာဖြစ်ပုံ၊ စနစ်ကုန်
စုံစုံဘယ်သို့၊ ပြောမည်နည်း။"
"မိမိအပေါ် သူမတော်လည်း
သူတော်မြတ်များ လောင်းဘုရားတို့
သူများပြစ်ဆာ မယူပါဘဲ
ကိုယ်သာသူ့အကျိုး ဆောင်သယ်ပိုး
ရိုးရိုးမေတ္တာပွားသတည်း။"

မေတ္တာ ဟူသည် သူတစ်ပါးတို့ကို ကြီးပွားစေလို ချမ်းသာစေလိုသော သဘောဟု ဖွင့်ဆိုပါသည်။ မိမိအား သူတစ်ပါးက မတော်မတရားပြုစေကာမူ မိမိက အပြစ်မယူဘဲ သူ့အကျိုးကို ဆောင်ရွက်ပေးရမည် ဆိုလိုပါသည်။ မေတ္တာဓာတ်သည် အအေးဓာတ်၊ အကြည်ဓာတ် ဖြစ်ပါသည်။

အဝေးမှ ပြေးလာသူသည် ဖန်ပြာခွက်နှင့် ကျောက်စက်ရေကို သောက်လိုက်ရသည်နှင့် အမောပြေသွားသကဲ့သို့ လောဘဇော၊ ဒေါသဇော၊ မောဟဇောကြောင့် စိတ်မောလူမော ဖြစ်နေကြသူများသည် မေတ္တာတရားကို [illegible]တစ်နမ်း

www.burmeseclassic.com

ခန့်မျှ နှလုံးသွင်းတတ်လျှင် စိတ်ကြည်လင်လာနိုင်ပါသည်။ စိတ်မောလူမော ပြေသွားနိုင်ပါသည်။

ထို့ကြောင့် မြတ်ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ချွေးနှင့် သွေးနှင့်ရင်း၍ သဗ္ဗညုတဉာဏ်ကို ရယူတော်မူခဲ့ပြီး သတ္တဝါတို့အား မေတ္တာ ရေအေး တိုက်ကျွေးတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ပါရမီ(၁၀)ပါးတွင် မေတ္တာပါရမီသည် ကွစ်ပါးအပါ အဝင် ဖြစ်ပါ၏။ မြတ်ဗုဒ္ဓသည် ဘုရားအလောင်း မျောက်မင်း ဖြစ်စဉ်က မိမိ၏ရန်သူဖြစ်သော ဒေဝဒတ်လောင်းမျောက်မင်းကို အသက်ကိုပင် စတေး၍ မေတ္တာတရားဖြင့် ကယ်တင်ခဲ့သည်မှာ အထင်အရှား ဖြစ်ပါသည်။

မေတ္တာတရားသည် ပွင့်သစ်စပန်း။ ဆန်းသစ်စ ဆည်းဆည်းဝန်းနှင့် တူပါ၏။ မေတ္တာတရား ကိန်းအောင်းနေသူတို့၏ နှလုံးသားသည် အစဉ်သဖြင့် အေးချမ်း သာယာနေပါ၏။ ထိုသူများအဖို့ မေတ္တာအကျိုး (၁၁)မျိုးသည် ဆုမတောင်းဘဲ အလိုလိုပြည့်စုံပါ၏။

### မေတ္တာအကျိုး (၁၁)မျိုး

၁။ ချမ်းသာစွာ အိပ်စက်ရခြင်း

၂။ ချမ်းသာစွာ နိုးရခြင်း

၃။ မကောင်းသောအိပ်မက်များ မမြင်မက်ရခြင်း

၄။ လူတို့ ချစ်ခင်ခြင်း

၅။ နတ်တို့ ချစ်ခင်ခြင်း

၆။ နတ်တို့ စောင့်ရှောက်ခြင်း

၇။ မီးမလောင်၊ အဆိပ်မသင့်၊ လက်နက်မကပ်ရောက်ခြင်း

၈။ သမာဓိလျှင်မြန်စွာ ရရှိခြင်း

၉။ မျက်နှာအဆင်း ကြည်လင်ခြင်း

၁၀။ မတွေမဝေ သေလွန်ရခြင်း

၁၁။ မဂ်ဉာဏ်မရခဲ့သော် ဗြဟ္မာပြည်သို့ လာရခြင်း

တို့ ဖြစ်ပါသည်။

"အိပ်နိုးချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက်လူနတ်၊ စောင့်လတ်နတ်များ၊ မီးဆိပ်ဓားတို့ ရှောင်ရှားလိုက်မှာ၊ လျှင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမတွေ၊ လားလေဗြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။"

မေတ္တာ၏ ရန်သူမှာ ဒေါသ ဖြစ်ပါသည်။ မေတ္တာက ရေနှင့်တူ၍ ဒေါသက မီးနှင့်တူပါ၏။ ရေများလေ မီးငြိမ်းလေ ဖြစ်ပါသဖြင့် မေတ္တာတရားကို တိုးပွားအောင် ကြိုးစားအားထုတ်သင့်ပါသည်။ မေတ္တာ ပို့သူသည် ရှေးဦးစွာ မိမိစိတ်ကို ဖြူစင်အောင် သီလစောင့်ထိန်းရပါမည်။ ထို့နောက် မိမိပို့လိုသူတို့ကို အာရုံစိုက်ပြီးလျှင် လိုက်လိုက်လှဲလှဲ မေတ္တာပွားရပါမည်။

၁။ သဗ္ဗေသတ္တာ အဝေရာဟောန္တု

သတ္တဝါအားလုံး အတွင်းရန် အပြင်ရန် ကင်းကြပါစေ။

၂။ သဗ္ဗေသတ္တာ အဗျာပဇ္ဇာဟောန္တု

သတ္တဝါအားလုံး စိတ်ဆင်းရဲကင်းကြပါစေ။

၃။ သဗ္ဗေသတ္တာ အနီဃာဟောန္တု

သတ္တဝါအားလုံး ကိုယ်ဆင်းရဲကင်းကြပါစေ။

၄။ သဗ္ဗေသတ္တာ သုခီအတ္တာနံ ပရိဟရန္တု

သတ္တဝါအားလုံး ချမ်းသာစွာဖြင့် မိမိ၏ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

ဤနည်းအားဖြင့် မေတ္တာပွားလျှင် မေတ္တာပို့သူ၏ နှလုံးသား၌ မေတ္တာဓာတ်များ ကိန်းအောင်းလာပြီး စိတ်၏ အရှည်အသွေး တိုးတက်လာပါမည်။ မိမိကိုယ်တိုင်လည်း ငြိမ်းချမ်းသည့် အရသာကို တသိမ့်သိမ့် တငြိမ့်ငြိမ့် ခံစားရပါမည်။

ဂီတပညာရှင်ကြီး စည်သူ ဗိုလ်ကလေးဦးတင့်အောင်က 'ထား'သီဆိုထားသော 'မေတ္တာဟူသည်'သီချင်းတွင် . .

"မေတ္တာဟူသည် ××× စိမ့်စမ်းရည်သို့ ××× နံ့ထုံမဥ္ဇူ ပျံ့မွှေးကြူလျက် ×××"

စသည်ဖြင့် မေတ္တာတရားကို စမ်းရေနှင့်လည်းကောင်း၊ မဉ္ဇူသက နတ်ပန်းနှင့်လည်းကောင်း နှိုင်းယှဉ်၍ လှပစွာဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။ တစ်ဖန် . . .

"မတူပြိုင်ကင်း သည်းထိချဉ်းလိမ့် ××× ညှင်းညှင်းငြိမ့်ငြိမ့် ××× တသိမ့်သိမ့်ရှင် ××× ဖိမ့်ဖိမ့်ပျောင်းမျှ ဖျက်မရသည် ××× သာစွ မေတ္တာ ××× အရသာ ××× အရသာ"

ဟု ဆန်းသစ်သော စကားလုံးအလှများကို သုံး၍ အနုပညာမြောက်စွာ ဖွင့်ဆိုထားသည်မှာ လေးစားကြည်ညိုဖွယ် ကောင်းလှပါ၏။ နောက်တွင်လည်း စာပေပညာရှင်များ၊ အနုပညာရှင်ကြီးများက မေတ္တာ၏ အလှသစ္စာတရားကို ဆက်လက် ရေးသားကြဦးမည် ဖြစ်ပါသည်။

မြတ်ဗုဒ္ဓက မေတ္တာတရားသည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးမှတစ်ပါး လောက၌ အမြတ်ဆုံးတရားဖြစ်၏ဟု ဟောကြားတော်မူခဲ့ပါသည်။

သို့ပါ၍ ကျွန်တော်တို့သည် မေတ္တာတရား၏ အကျိုးကြီးမားပုံများကို နှလုံးသွင်း၍ မိမိတို့၏ ဘဝခရီးအတွက် မေတ္တာပွားမှု အလုပ်ကို အလေးအနက်ပြုသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

❒ အောင်ရဲဝင်း(ဟံသာမြေ)

ကျမ်းကိုး


၁။ အရှင်ဣန္ဒိဗလ (မဟာလာစ်ကျောင်း)၏ အဆုံးအမ

၂။ ရဝေနွယ် (အင်းမ)၏ မေတ္တာအတွေးများ



www.burmeseclassic.com

www.burmeseclassic.com



# တစ်မြို့လုံးမှ တစ်ပြည်လုံးတိုင်အောင်

## ဆင်ဖြူကျွန်းအောင်သိန်း

လယ်တီတိုက်တွင် ဒေါ်စိမ်းအေး ဆောက်လုပ်လှူဒါန်းသော ကျောင်းရှိ၏။ တစ်နေ့သ၌ ထိုကျောင်းတွင် ကိုယ်တော်တစ်ပါး ဝမ်းလျှောရောဂါဖြစ်တော်မူ၏။ အတူနေသီတင်းသုံးဖော်တို့ ကြောက်ရွံ့ကြသဖြင့် ထွက်ပြေးကြလေ၏။ အချို့သော ရဟန်းသံဃာများ ကျန်ရစ်နေခဲ့သော်လည်း ရောဂါဖြစ်နေသော ပုဂ္ဂိုလ်အနီးသို့ မချဉ်းကပ်ရဲကြ။



www.burmeseclassic.com

www.burmeseclassic.com

ဤအခြင်းအရာကို ဆရာတော်ကြီး ဦးဉာဏဇေ သိတော်မူလျှင် အတူနေ ရဟန်းများသို့ ဤသို့ မိန့်တော်မူ၏။

"တပည့်တို့ ကြောက်ရွံ့နေကြလျှင် အခြားကျောင်းသို့ ပြောင်းရွှေ့နေကြ၊ သူနာရဟန်းကို ငါ ပြုစုပေအံ့"

ဆရာတော်ကြီးသည် သူနာရဟန်းကို မရွံမရှာ ပြုစုတော်မူ၏။ သို့ရာတွင် ဝမ်းရောဂါရှင်ရဟန်း၏ မစင်အလူးလူး လိမ်းကပ်ပေကျံနေသော သင်္ကန်းနှင့်စောင်တို့ကို လျှော်ဖွပ်ရန် ရေတွင်းသို့ ယူဆောင်ခဲ့ရာ ဝမ်းရောဂါ မစင်နံ့များ ညီစော်ပုပ်စော်များ နံနေသဖြင့် သည်းမခံနိုင်အောင် ဖြစ်ရ၏။ ဤသို့ဆိုလျှင် မည်ကဲ့သို့ လျှော်ဖွပ်မည်နည်း။

"ဟယ်စိတ် နင်ဟာ ငါ့ကိုလှည့်စားသလား"

ဆရာတော်ကြီးမှာ ရုတ်ခြည်း သတိဝင်လာသည်။ မစင်ပေကျံနေသော စောင်များ၊ သင်္ကန်းများဖြင့် မိမိကိုယ်ကို ပွတ်တိုက်ခြင်းဖြင့် ရွံရှာစိတ် လျော့ပါးအောင် ဆုံးမသည်။

ထို့နောက် ပေကျံ နံစော်နေသော စောင်များနှင့် သင်္ကန်းများကို အားရပါးရ လျှော်ဖွပ်နေလေ၏။

ဆရာတော် ဘုရားကြီးသည် ၁၂၅၆ ခုနှစ်တွင် 'လက္ခဏာဒီပနီကျမ်း' မန္တလေးမြို့ ဂုဏ်တန်ရပ် ဒေါ်စိုးကို ဆုံးမသော 'ပုဏ္ဏောဝါဒ'ကမ္မဋ္ဌာန်းကျမ်း၊ 'ဥပေါသထသီလ ဝိနိစ္ဆယဒီပနီ' တို့ကို ပြုစုတော်မူခဲ့သည်။

နောက်တစ်နှစ် တပို့တွဲလပြည့်ကျော် ၃ ရက်နေ့တွင်ကား မဟာဗောဓိပင်သို့ ဘုရားဖူး ကြွရောက်တော်မူ၏။

ထိုစဉ်က မုံရွာနှင့် မန္တလေးမှာ မီးရထားလည်း မပေါက်သေးပေ။ မုံရွာမှ မြင်းမူသို့ နွားလှည်းဖြင့်လည်းကောင်း၊ မြင်းမူမှ မန္တလေးသို့ မီးသင်္ဘောဖြင့် လည်းကောင်း ကြွတော်မူရလေသည်။ မန္တလေးမှ ရန်ကုန်သို့ မီးရထားဖြင့် ကြွတော်မူရာ မီးရထားပေါ်၌ ပဋိစ္စသမုပ္ပါဒ် လင်္ကာ ၁၃ ပုဒ်ကို ရေးဖွဲ့တော်မူ၏။

"ဗောဓိရတနာ၊ ယာဉ်စကြာဖြင့်၊ သစ္စာလေးရပ်၊ လေးကျွန်းပတ်သည့်၊ နတ်ဝိသုဒ္ဓိ၊ တုမရှိအား၊ တြိဒွါရ ရှိဦးခလျက်၊ ဘဝသုံးပါး၊ ဟုန်းဟုန်းသွားသည်၊ ရထားသံသရာ၊ ယာဉ်စကြာ၏၊ ခြင်းရာ ထုပ္ပတ်၊ သမုပ္ပါဒ်ကို"

အထက်ပါ ထိုအစချီလင်္ကာကို ရေးဖွဲ့တော်မူလာရာ ရန်ကုန်အရောက်တွင် ပြီးစီးပေ၏။ ထို့နောက် ဆရာတော်ဘုရားကြီးနှင့် တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းသည် ပင်လယ်ကူး မီးသင်္ဘောသို့ ပြောင်းရွှေ့စီးနင်း လိုက်ပါလာကြရာ ငါးရက်ခန့်အကြာတွင် ဘင်္ဂလားမြို့သို့ ဆိုက်ရောက်လေ၏။

မြတ်စွာဘုရားတို့ မစွန့်အပ်သော အရပ်လေးမျိုးတို့မှာ ဤသို့ဖြစ်၏။ (၁) မြတ်စွာဘုရား ဖွားမြင်တော်မူရာအရပ် (၂) ဘုရားအဖြစ်သို့ရောက်ရာအရပ် (၃) တရားဦးဓမ္မစကြာဟောရာအရပ် (၄) ပရိနိဗ္ဗာန်စံလွန်တော်မူရာအရပ်၊ ယင်းကို ပါဠိဘာသာဖြင့် အဝိဇဟိတ ဌာနများဟု ခေါ်ကြ၏။

ဤ အဝိဇဟိတ ဌာနများနှင့် တကွ မဖို့မတိုက် အိန္ဒိယပြည် အနှံ့အပြား လှည့်လည်တော်မူပြီးနောက် မဟာဗောဓိပင်ရင်းတွင် တရားအားထုတ်တော်မူခဲ့၏။

ထိုအချိန်တွင် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်များကိုလည်း ရှေးကထက်ပိုပြီးသိမြင်ကြည်ညိုလာ၍ သတ္တဝါ အပေါင်းကို သံသရာမှ ကယ်ချွတ်လိုသော စိတ်ဓာတ် ပြင်းပြတော်မူ၏။ သို့ဖြစ်၍ ထိုအချိန်မှ အစပြုပြီး ကုန်းသတ္တဝါတို့၏အသားများကိုမဟာဗောဓိပင်သို့ ရာသက်ပန်လှူတော်မူလိုက်၏။

ဆရာတော်ဘုရားကြီးသည် မြတ်စွာဘုရား ပွင့်တော်မူရာ အိန္ဒိယပြည်မှ အပြန်တွင် သဒ္ဓါတရား ထက်သန်တိုးပွားလျက် တောရနေလိုသော ဆန္ဒ ဖြစ်တော်မူ၏။ သို့ဖြစ်၍ မုံရွာမြို့ လယ်တီတိုက်သို့ ပြန်လည် မကြွဘဲ ဆပဂံတောသို့ ဝင်တော်မူ၏။

ဆပဂံ ဆိုသည်မှာ ဟံသာဝတီနယ်အပါအဝင် ဒလမြို့အနီးမှ တောတန်းကြီး ဖြစ်၏။ ဒလ မြို့သူမြို့သား အပေါင်းကလည်း ဆရာတော်ကြီး၏ အကြောင်းကို ကောင်းစွာသိလာကြချိန်တွင် တောထဲ၌ ကမ္မဋ္ဌာန်းကျောင်း တစ်ကျောင်း ဆောက်လုပ်လှူဒါန်း ကိုးကွယ်ကြ၏။ ထိုအချိန်အခါမှာ ၁၂၅၈ ခုနှစ် တန်ခူးလ ဖြစ်၏။

လယ်တီတိုက်ကြီးအား တည်ဆောက်ပြီးနောက်တွင် ပြင်ပ၌ ဝါဆိုခြင်းမှာ ဤအကြိမ်သည် ပထမအကြိမ် ဖြစ်၏။

ဤဆပဂံတောရကျောင်းတွင် ရှေးဦးစွာ သမထလုပ်ငန်းကို ထူထောင်တော်မူ၏။ "သာသနာနောက်ဖျားက ပေါက်ဖွားကြဆူဆူ၊ ယောက်ျားပါ၊ ငါလိုလူ၊ ဇမ္ဗူမှာရှာစမ်း" အစချီသော တေးထပ်ကို ဆရာဦးလှတင်သို့ ရေးသားပေးခဲ့၏။

ဆရာတော်ကြီးသည် ဆပဂံတောရတွင် သီတင်းသုံးနေတော်မူခိုက် မုံရွာမှ တပည့်အပေါင်းတို့၏ ကိုယ်စားလှယ်အဖြစ် ဆရာတော်ဘုရား၏ တပည့်ရင်းဝိပဿနာဓမ္မကထိကတစ်ဦးဖြစ်သူ 'လယ်တီဆရာသဲ' ကြီးမှူးသော တပည့်တို့က ဆရာတော်ဘုရားကြီး သီတင်းသုံးရာ ဆပဂံတောရသို့ လာရောက်ပင့်ဆောင်ကြသဖြင့် ၁၂၅၈ ခုထိုနှစ် သီတင်းကျွတ်လတွင် မုံရွာလယ်တီတိုက်သို့ ပြန်လည် ရောက်ရှိတော်မူ၏။

မုံရွာမြို့တွင် ဇာတ်ဝင်ပွဲတော်ရ ဘုရားများအနက် 'ဆုတောင်းပြည့်' စေတီတော်ကြီးလည်းတစ်ဆူအပါအဝင် ဖြစ်ပေသည်။

ထိုစေတီတော်ကြီးမှာ ၁၂၅၄ ခုနှစ်တွင် ပြိုကျပျက်စီးခဲ့သည်။ သို့ရာတွင်စေတီတော်ကြီးကို ပြန်လည် ပြုပြင်တည်ဆောက်ရန် မည်သူတစ်ဦး သစ်

www.burmeseclassic.com

ယောက်ကမျှ ရှေ့ဆောင်ရှေ့ရွက် မပြုခဲ့ပေ။

သို့အတွက် လယ်တီဆရာတော်ဦးဉာဏဓဇသည် ဂေါပကအဖွဲ့ဝင်များအပါအဝင် မြို့ပေါ်မှ ဒါယကာ (၅၀)ကို ဖိတ်ကြားကာ စေတီတော်ကြီး ပြန်လည်ပြုပြင်တည်ဆောက်ရေးကို ဆောင်ရွက်တော်မူသည်။

နှိုးဆော်စာများ ရေးသား ဝေငှရာတွင် ဆရာတော်ကြီးဦးစီးဆောင်ရွက်သဖြင့် စေတီတော်ကြီး ပြီးစီးသွား၏။

စေတီတော် ပြီးစီးသောအခါ ကမ္ပည်းကျောက်စာ ရေးထိုးရန်ကိစ္စလည်း ပေါ်ပေါက်လာသည်။ ထိုအခါ အများထုက "ဦးဉာဏဓဇပဲ ရေးပါ" လို့ အပ်ကြသည်။

ထို့ကြောင့် ဆုတောင်း ပြည့်ကျောက်စာရေးသားရာတွင် ရေးသားသူ၏ ဂုဏ်ပုဒ်လည်း ပါဝင်ရာ . .

"ခေတ္တသုဒ္ဓါဒိမာပကော၊ ထေရော ပိဋကပါရဂူ" ဟု ပါရှိသည်။

အဓိပ္ပာယ်မှာ . . .

"လယ်တီတောကျောင်းဆရာ ငါသည် ပိဋကသုံးပုံမှ တစ်ဖက်ကမ်းခပ်တတ်မြောက်သည်" ဟူ၏။

ဤအရေးအသားကို ဘုရားအရှေ့ဘက်ရှိ ဦးပုလဲ၊ ဦးဥတ္တမတို့ ဦးစီးလျက် စောင်ခြမ်းပင်တိုက်၊ ခါးပန်းနီတိုက်၊ သာစံတိုက်မှ ပုဂ္ဂိုလ်များ ပေါ်ထွက်လာကာ အကြီးအကျယ် ဆန့်ကျင်ကန့်ကွက်ကြ၏။

ထေရောပိဋက ပါရဂူအရေးအသားကို ဆန့်ကျင်ကန့်ကွက်သော ဒါယကာများတွင် ဦးရွှေလုံးက ရှေ့ဆောင်သည်။ နောက်ဆုံးတွင် သူတို့သည် လယ်တီဆရာတော်၏ မေတ္တာရပ်ခံမှုကို လျစ်လျူရှုလျက် ဆုတောင်းပြည့်ဘုရား ကမ္ပည်းကျောက်စာကို ရိုက်ချိုးဖျက်ဆီးပစ်လိုက်ကြလေ၏။

ထိုကမ္ပည်းကျောက်စာကို ရိုက်ချိုးဖျက်ဆီးပစ်ပြီးနောက် လယ်တီဆရာတော်ကို အရှက်ခွဲ၍ ဆက်လက်ကြံစည်ကြ၏။

"လယ်တီတောရဘုန်းကြီးဟာ ပိဋကတ္တယပါရဂူဟု ဝန်ခံသည့်အတိုင်း ဟုတ်မှန်ခဲ့လျှင် ပိဋကသုံးပုံ ပုစ္ဆာတို့ကို မေးမြန်းစမ်းသပ်ချင်တယ်၊ တကယ်လို့ မေးတိုင်း ဖြေဆိုနိုင်ရင် 'ပိဋကတ္တယပါရဂူဘွဲ့' ကို ခံယူစေတော့၊ မဟုတ်ခဲ့ရင် အရှက်ကွဲခံစေတော့"

ထိုကဲ့သို့ ဦးပုလဲ ကြီးမှူးသော ဆန့်ကျင်ဘက်ဂိုဏ်းမှ ကြံစည်သည့် နည်းတူ ဆရာတော်ကြီး၏ အကျိုးကို များစွာလိုလားသော တပည့်ဒါယကာ ဦးလူနိုင်ကလည်း လျှောက်ထားလာပြန်၏။

"ကျေးဇူးရှင်ကြီးဘုရား၊ အဲဒီပြဿနာအတွက် ဘယ်လိုရည်ရွယ်ချက်ရှိပါသလဲ ဘုရား၊ ဆန့်ကျင်ဘက်တွေရဲ့ ရန်ကို ကယ်တင်တားမြစ်ပါဦးဘုရား"

ထိုအခါ လယ်တီဆရာတော်က ဤသို့မိန့်တော်မူ၏။

"ဆန့်ကျင်ဘက် လူတို့ကို ငါ အကြိမ်ကြိမ် တရားဟော ဆုံးမခဲ့ပြီ၊ မနာခံ မညီညွတ်လိုကြ၊ ဆင့်ကဲ၍သာ နေကြ၏၊ သည်လိုဆိုက သူတို့၏အရေးကို ခွင့်ပေးသောအားဖြင့် ငါ၏စွမ်းရည်ဂုဏ်ကိုပြချိန်ရောက်တော့မည်ပိဋကတ်သုံးပုံမှ လိုရာ မေးကြပါစေ၊ အမေးအဖြေ ပြုလုပ်ရန် တရားမဏ္ဍပ်ကြီးသာ ဆောက်ဖို့ စီမံကြပေတော့"

ဦးလူနိုင် အမှူးပြုသော လူဒါယကာများမှတစ်ဆင့် ပြန်ကြားတော်မူလိုက်၏။ ဦးပုလဲနှင့် ဦးရွှေလုံး အမှူးပြုသူများလည်း သဘောတူကြ၏။ သို့ရာတွင် မဏ္ဍပ်ဆောက်ပြီး ၁၂၅၉ ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက်နေ့တွင် လယ်တီဆရာတော်ကြွရောက်လာသော အခါ မေးမြန်း ချဉ်းကပ်မည့် ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မျှ ပေါ်မလာချေ။

"အို . . . ရဟန်း သံဃာ လူပရိသတ် အပေါင်းတို့၊ ငါသည် ပိဋကတ္တယ ပါရဂူတည်း၊ ငါ့အား ပိဋကသုံးပုံလာ မေးခွန်းပြဿနာတို့ကို မေးလိုရာမေးကြကုန်၊ တစ်ခဏချင်း ငါဖြေအံ့"

ထိုကဲ့သို့ တေ့တေ့ဆိုင်ဆိုင် မိန့်တော်မူသောအခါ စမ်းသပ်မေးမြန်းမည့် ပုဂ္ဂိုလ်များ ပေါ်ထွက်မလာချေ။

သို့စဉ်တွင် သက်ရှယ်ဝါတော်ကြီးရင့်တော်မူသော မဟာထေရ်ကြီး တစ်ပါးသည် တရားမဏ္ဍပ်အတွင်းသို့ ကြွရောက်တော်မူလာကာ လယ်တီဆရာတော်ကို အော်ဟစ်မေးမြန်းတော်မူ၏။

"ဟေ့ သံဃာ့ရှင်လူ ပရိသတ်အလယ်မှာ ရဲတင်းစွာနေသူဟာ ဘယ်ပုဂ္ဂိုလ်လဲ"

လယ်တီဆရာတော်မှာ မိမိထက် အသက်၊ သိက္ခာကြီးသော ဆရာတော်ကြီးကို နေရာမှထပြီး ရှိခိုးကြိုဆိုရ၏။ ထိုမဟာထေရ်ကြီးက တစ်ဖက်သို့ လှည့်ပြီး ဤသို့ မိန့်ကြား၏။

"ကဲ. . . ကိုယ်တော်တို့ သံဃာအလယ်ဗဟိုက ရဲမာန်အောင်လံကြီး ပြိုလဲပါပြီ၊ ပိဋကပုစ္ဆာထုတ် ဆင်မေးကြမယ့် ကိုယ်တော်တွေ ကိုယ့်ကျောင်းကိုယ်ပြန်ကြွပြီး ကိုယ့်တရားကိုယ် အားထုတ်ဆောင်ရွက်တော်မူကြပေတော့"

တစ်ဖန် လယ်တီဆရာတော်ကိုလည်း လှမ်း၍ မိန့်တော်မူပြန်၏။

"ပိဋကတ္တယပါရဂူ ကိုယ်တော်ကလဲ ပိဋကတော်ကို ကမ်းတစ်ဖက်ရောက် တတ်မြောက်သည့်အတိုင်း မိမိရဲ့ တပည့်တွေကို တတ်မြောက်အောင် သင်ကြားပို့ချတဲ့ သာသနာပြု ကိုယ်တော် ဖြစ်ပါစေ"

ထိုပုဂ္ဂိုလ်ကြီး ရောက်ရှိလာသည့်အတွက် မောင်းတင်ထားသော ပုဂ္ဂိုလ်များလည်း ဘာမှမပြောနိုင် မဆိုနိုင်ဘဲ သဝေထိုးသွားကြလေ၏။လယ်တီဆရာတော်မှာလည်း တစ်စုံတစ်ရာ ပညာစွမ်း မပြရဘဲ ပြီးငြိမ်းသွား၏။

ဒါယကာ ဦးလူနိုင် အမှူးပြုသော လူတစ်စုသည် ရိုက်ချိုးဖျက်ဆီး ခံရသော ကမ္ပည်းကျောက်စာအစား အသစ်



www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်ပြုလုပ်ကြသည်။ ယခင်စာသားတိုပင် ပြန်လည်ရေးထိုးကြရာ နယုန်လတွင် ပြီးစီးခဲ့သည်။

ဆရာတော်မှာလည်း စံကျောင်းတိုက်တွင် သီတင်းသုံးစဉ်က စီရင်ပြုစုခဲ့သော 'ပါရမီဒီပနီ' ကို စက်တင် ပုံနှိပ်နိုင်လေပြီ။

လယ်တီဆရာတော် ရှင်ဉာဏဓဇ အရှင်မြတ်သည် မန္တလေးမြို့ စံကျောင်းတိုက်တွင် ပထမစာတော်ချ အဖြစ်ဖြင့် နေခဲ့စဉ်ကပင် အဘိဓမ္မာဆိုင်ရာ ဋီကာသစ်တစ်စောင်ကိုရေးသား ပြုစုတော်မူခဲ့ပေသည်။

ထိုသို့ ရေးသား ဖြစ်ခြင်းမှာလည်း သီဟိုဠ်ကျွန်းသား ရဟန်းတော်များကြောင့် ဖြစ်ပေသည်။

"မြန်မာနိုင်ငံမှာရှိတဲ့ ရဟန်းတော်တွေဟာ အဘိဓမ္မာတတ်မြောက်သူ မရှိ၊ သဒ္ဒါတတ်သူလဲ မရှိဘူး"

ထိုသို့ ကဲ့ရဲ့ရှုတ်ချမှုကို ချေပလိုသောကြောင့် ထိုဋီကာသစ်ကို ပြုစုတော်မူခြင်းဖြစ်ပေ၏။ ဆရာတော်သည် ထိုဋီကာပြုစုရာတွင် အထောက်အကူပြုနိုင်ရန် အဘိဓမ္မာဘက်ဆိုင်ရာ မှတ်စုများ ထားရှိခဲ့၏။

သို့ရာတွင် မန္တလေး မီးကြီးတွင် ထိုမှတ်စုများ ပါကုန်တော့သည်။ သို့ရာတွင် ဆရာတော်သည် အားမလျှော့ဘဲ "ပရမတ္ထဒီပနီ" ကို ပါဠိဘာသာဖြင့် ရေးသားပြုစုတော်မူခဲ့၏။

ထိုကျမ်း၏ ဦးတည်ချက်မှာ ဤသို့ဖြစ်သည်။ မန္တလေးမြို့တော် လေးပြင်လေးရပ်ရှိ စာတတ် အကျော်အမော် ဆရာတော်အသီးသီးတို့ သင်ကြားပို့ချလေ့လာကြည့်ရှုခြင်း လုံးဝမရှိခဲ့သော သီဟိုဠ်ဖြစ် 'အဘိဓမ္မတ္ထဝိဘာဝနီ' ဋီကာကျော်၏ မှားယွင်းချွတ်ချော်မှုများကို ဖော်ထုတ်ရေးသား ပြုစုတော်မူခဲ့၏။

တစ်ဖန် ထိုဋီကာကျော်၏အဖွင့် 'အင်းဝရဟန်းအကျော် အရှင်အရိယဝံသ၏ မဏိသာရမဉ္ဇူသာ' ၏ မှားယွင်းချွတ်ချော်ချက်တို့ကို အပြစ်ဖော်ပြသည်။

ဆရာတော်သည် ပရမတ္ထဒီပနီကို ပြုစုတော်မူပြီးသောအခါ ပယ်ဖျက်သင့်ရာများကို ပယ်ဖျက်၍ ဖြည့်စွက်သင့်ရာများကို ဖြည့်စွက်ပေးပါရန် အသနားခံ စာနှင့်တကွ ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးထံ ပေးပို့၏။

ဆရာတော် ဘုရားကြီးလည်း ပေးပို့ရောက်ရှိလာသော ဋီကာသစ်ကို ဖတ်ရှုတော်မူပြီးလျှင် ဤသို့ ပြန်ကြားတော်မူသည်။

"အရှင်ဘုရား၏ ဋီကာသစ်သည် သဒ္ဒါအနက် ဝါကျအထားအသိုမှစ၍ ထပ်မံပြင်ဆင်ဖွယ် မလို၊ ပါဠိတော် အထောက်အထား စုံလင်သည့်အပြင် ဋီကာကျော်၏ ချွတ်ချော်မှားယွင်းချက်တို့ကို သုတ်သင်ရှင်းလင်းနိုင်သော ကျမ်းကောင်းတစ်ဆူ ဖြစ်သည်၊ စာသင်သားတို့၏ အကျိုးစီးပွားအလို့ငှာ အမြန်ပုံနှိပ် ဖြန့်ဝေသင့်သည်"

သို့ဖြစ်သဖြင့် ထိုစာမူသည်လည်း ထိုနှစ်မှာပင် စက်တင်ပုံနှိပ်ခဲ့လေသည်။ ပိဋကတ္တယပါရဂူဟူသည့်အသုံးအနှုန်းကြောင့် မုံရွာတစ်ခွင်ကို လှုပ်ရှားစေခဲ့သော လယ်တီဆရာတော်သည် ထပ်မံပြီး တစ်ပြည်လုံးရှိ သာသနာ့လောကကိုပါ လှုပ်ရှားချောက်ချားစေတော်မူခဲ့၏။

"လယ်တီဆရာတော်က ဋီကာကျော်ကို ပယ်သတဲ့"

လယ်တီဆရာတော်ကို မလိုမုန်းထား ပြစ်တင်သူများကြောင့် လယ်တီဆရာတော်အဖြစ်မှ "လယ်တီဆရာတော်ဘုရားကြီး" ဖြစ်လာရခြင်းဖြစ်ပေ၏။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က မြန်မာပြည်သို့ ဗုဒ္ဓသာသနာတော် ရောက်လာသည်ဟု ရာဇဝင်သမိုင်းတို့၌ အဆိုရှိသည်။

သို့သော် ပျူခေတ်တွင်ကား ပါဠိဘာသာ ထွန်းကားခြင်းမရှိသေးပေ။ ပုဂံခေတ်သို့ ရောက်ရှိမှသာလျှင် ထေရဝါဒ ဗုဒ္ဓဘာသာနှင့်အတူ ပါဠိစာပေ ထွန်းကားလာသည်ဟု ယူဆရပါသည်။

မြန်မာ့သမိုင်း အစောပိုင်းဆီက ပါဠိစာပေ အမွေအနှစ်များ မကျန်ခဲ့သော်ငြား ပုဂံခေတ်တွင်မူ ပါဠိဘာသာမှာ များစွာထွန်းကားလာသည်။ 'မနုသာရဓမ္မသတ်' စသော ပါဠိကျမ်းဟောင်းတို့မှာ ပုဂံခေတ် ရှေးဦးကာလတွင် ပေါ်ပေါက်ခဲ့သည် သတ်မှတ်ရ၏။

ပုဂံခေတ်တွင် ထင်ရှားတော်မူခဲ့သော အရှင်အဂ္ဂဝံသ၏ 'သဒ္ဒနီတိ' သဒ္ဒါကျမ်းကြီးများသည် မြန်မာလူမျိုးတို့ ဂုဏ်ယူလေးစားထိုက်သော ပါဠိကျမ်းကြီးများဖြစ်ကြသည်။

နောင်သော အခါ ပုဂံခေတ်၏ ပါဠိကျမ်းကြီးများကို မေးလာသူများ ပေါ်လာသောအခါ 'ကောင်းလှပါပေသည်'ဟု လက်ဖျားခါ ချီးကျူးရသည်အထိ ဖြစ်ခဲ့၏။

သီဟိုဠ်ကျွန်းသား ရဟန်းတော်များသည် ယခုအခါမှသာ မြန်မာတို့၏ ပါဠိစာပေကို အထင်သေးစကား ပြောကြစေကာမူ ပုဂံခေတ်ကမူ မြန်မာနိုင်ငံသို့ လာရောက်ပြီး ပါဠိသဒ္ဒါကျမ်းကို သင်ယူကြရ၏။

ပါဠိသဒ္ဒါဘက်တွင် 'သဒ္ဒ နီတိ' သုံးကျမ်း၏ ကျယ်ဝန်းခြင်းကို မီသော ကျမ်း မရှိချေ။

သဒ္ဒနီတိကျမ်းများမှာ (၁) ပဒမာလာ (၂) ဓာတုမာလာ (၃) သုတ္တမာလာ ဟူ၍ သုံးပိုင်းပိုင်းထားရာ ဤကျမ်းထက် ပိုမိုကောင်းမွန်သော၊ ဤကျမ်းထက် ပိုမိုပြည့်စုံသောကျမ်း မရှိသေးဟူ၍ သတ်မှတ် ပြောဆိုကြသည်ဟု အဆိုရှိပေ၏။


☐ ဆင်ဖြူကျွန်းအောင်သိန်း





www.burmeseclassic.com

www.burmeseclassic.com



# သရက်ဥယျာဉ်ထဲကအလင်းရောင်

## သာစုမြေဘုန်းဂိုန်

နာဠန္ဒမြို့ရှိ ပါဝါရိက သူဌေး၏ သရက်ဥယျာဉ်ကြီးသည် မြို့နှင့်မနီးလွန်း မဝေးလွန်းသော အရပ်၌ ရွက်လည်း စိပ်စိပ် ရိပ်လည်းမြိုင်မြိုင် ပင်ချင်းဆိုင်လျက် သူနိုင် ငါနိုင် ဝေစည်မှု ပြိုင်နေသကဲ့သို့ ညို့ညို့စိမ်းစိမ်း ရှိနေ၏။

ထို သရက်ဥယျာဉ်ကြီးတွင် မြတ်စွာဘုရားရှင်သည် တပည့် သံဃာတော်များနှင့်အတူ သီတင်းသုံးတော်မူနေ၏။

ဤသည်ကို ကြားသိသော အသိဗန္ဓက၏သား ရွာသူကြီးသည် နောက်လိုက်နောက်ပါများနှင့်အတူ မြတ်စွာဘုရားရှင်ထံ ပူဇော်တင်ရန် ရည်ရွယ်ချက်ဖြင့် သွားသည်။

မြတ်စွာဘုရားရှင်နှင့် တကွသော တပည့်သံဃာတော်အရှင်မြတ်တို့သည် အသီးသီးသော သရက်ပင်ရိပ်တို့၌ တိတ်ဆိတ်ငြိမ်သက်စွာထိုင်လျက် တရားရှုမှတ်နေကြလေ၏။ သရက်ဥယျာဉ်ကြီးတစ်ခုလုံးတွင် သစ်ရွက်များကို လေတိုးသံမှအပ ဘာသံမျှ မကြားရအောင် တိတ်ဆိတ်နေသည်။

သရက်ဥယျာဉ်ကြီး အတွင်းသို့ ရောက်သွားသော ရွာသူကြီးသည် အေးဆေးငြိမ်သက်စွာ တရားရှုမှတ်နေကြသည့် သံဃာတော်တို့ကို ဖူးတွေ့လိုက်ရပြီး ရင်ထဲမှာ ကျေနပ်ခြင်းကြီးစွာဖြင့် ကြည်ညို၍ လက်အုပ်ချီကန်တော့လိုက်လေ၏။ ပြီးတော့ ဖြည်းဖြည်းဖွဖွလေးလှမ်း၍ မြတ်စွာဘုရားရှင်ထံ ချဉ်းကပ်သွားသည်။ သူ့နောက်ပါလူများကလည်း သူကဲ့သို့ပင် ခြေသံမထွက်စေရန် ဖြည်းဖြည်းဖွဖွလေး လှမ်း၍ လိုက်သွားကြ၏။

မြတ်စွာဘုရားရှင်၏ ရှေ့တော်မှောက်သို့ ရောက်သောအခါ ရိုသေစွာ ရှိခိုးကန်တော့ပြီးမှ "အရှင်မြတ်ဘုရား တပည့်တော် မသိသည်ကိုမေးလျှောက်ခွင့်ပြုပါဘုရား" ဟု ယဉ်ကျေးသိမ်မွေ့စွာ ခွင့်တောင်းသည်။

"သင် မေးလိုရာ မေးလျှောက်လော့ ရွာသူကြီး"

မြတ်စွာဘုရားရှင်ထံမှ ခွင့်ပြုချက်ရသဖြင့် ရွာသူကြီးသည် ရိုသေစွာ လျှောက်ထား၏။

"အရှင်မြတ်ဘုရား၊ ပစ္ဆာဘူမိတွင်နေကြသည့် ကရားကို ကိုင်ဆောင်ကာ မှော်ပန်းကို ကိုင်ဆောင်ထားကြသော ပုဏ္ဏားတို့သည် သေလွန်သော သူအားဝိုင်းရံ၍ ရပ်ကြပြီး 'အချင်း ဗြဟ္မာ့ပြည်သွားလော့၊ ဗြဟ္မာ့ပြည်သို့ သွားလော့' ဟုဆိုကာ နတ်ပြည်၊ ဗြဟ္မာပြည်သို့ ပို့လွှတ်နိုင်ကြပါ၏၊ အရှင်မြတ်စွာဘုရားသည်ကော ထိုသေလွန်သည့် သူတို့ကို နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့ရောက်အောင် ပြုနိုင်စွမ်းပါ၏လော"

"အို . . ရွာသူကြီး၊ ဤအရာ၌ သင့်ကိုပင် ငါ ပြန်၍မေးမည်၊ သင်နှစ်သက်သလိုဖြေလော့၊ ဤလောက၌ လူတစ်ယောက်သည် သူ့အသက်ကို သတ်လေ့ရှိ၏၊ သူ့ဥစ္စာကို ခိုးလေ့ရှိ၏၊ သူတစ်ပါး သားမယားကိုလဲ ဖျက်ဆီးလေ့ရှိ၏၊ မုသားပြော၏၊ ကုန်းတိုက်၏၊ ရှုန့်ရင်းကြမ်းတမ်းစွာ ပြောလေ့ရှိ၏၊ အနှစ်မပါ အဆန်မဲ့သော စကားကို ပြောလေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

သူတစ်ပါး စည်းစိမ်ဥစ္စာ ပျက်စီးရာပျက်စီးကြောင်းကို ကြံစည်လေ့ရှိ၏၊ မှားယွင်းသောအယူရှိ၏၊ ထိုသူသေလွန်သောအခါ လူအများက ဝိုင်း၍ ဤသူကို နတ်ရွာသုဂတိသို့ ရောက်ပါစေဟု ရှိခိုး ဆုတောင်းပေးကြလျှင် ထိုသူ နတ်ရွာသုဂတိသို့ ရောက်မည်လော” ဟု မြတ်စွာဘုရားရှင်က မေးတော်မူလိုက်သည်။ ရွာသူကြီးက မဆိုင်းမတွ ချက်ချင်း ပြန်ဖြေ၏။

“အရှင်မြတ်ဘုရား၊ ထိုသို့ လူအများက ဝိုင်း၍ ဆုတောင်းပေးရုံမျှဖြင့် နတ်ရွာသုဂတိသို့ ရောက်နိုင်လိမ့်မည် မဟုတ်ပါ”

ရွာသူကြီး ဖြေဆိုပြီးသောအခါ မြတ်စွာဘုရားရှင်က မေးလိုက်ပြန်၏။

“အို. . . ရွာသူကြီး၊ ဥပမာအားဖြင့် ကျောက်တုံးကြီးတစ်ခုကို အလွန်နက်သော ရေအိုင်ထဲသို့ ပစ်ချပြီး လူပေါင်းများစွာတို့က ဝိုင်းအုံ၍ လက်အုပ်ချီကာ ကျောက်တုံးကြီး ပေါ်လာပါလော့၊ ကျောက်တုံးကြီး ကမ်းပေါ်တက်လာပါလော့ဟု ဆုတောင်းပေးလျှင် ထိုကျောက်တုံးကြီးသည် ပေါ်လာအံ့လော”

“အရှင်မြတ်ဘုရား၊ ဤသို့ကား မဖြစ်နိုင်ပါ”

“ရွာသူကြီး၊ ဤအတိုင်းပင် နားလည်လော့၊ အကြင်သူသည် သူ့အသက်ကို သတ်လေ့ရှိ၏၊ သူ့ဥစ္စာကိုလဲ ခိုးယူလေ့ ရှိ၏၊ သူတစ်ပါး သားမယားကို မှားလွန်လေ့ ရှိ၏၊ မုသားပြော၏၊ ကုန်းတိုက်၏၊ ရုန့်ရင်းကြမ်းတမ်းစွာ ပြောလေ့ရှိ၏၊ သူတစ်ပါးစည်းစိမ်ကို ပျက်စီးရာပျက်စီးကြောင်း ကြံစည်၏၊ မှားယွင်းသော အယူရှိ၏။

ထိုသူ သေလွန်သောအခါ လူအများက ဝိုင်း၍ ဤသူ နတ်ပြည်သုဂတိသို့ ရောက်ပါစေ၊ နတ်ပြည်သုဂတိသို့ ရောက်ပါစေဟု ရှိခိုးဆုတောင်းကြသော်လည်း မရောက်နိုင်၊ အပါယ်ငရဲသို့သာလျှင် ကျရောက်ရာ၏။

အို့ ရွာသူကြီး၊ သင် အဘယ်သို့ ထင်မြင်သနည်း၊ ဤလောက၌ လူတစ်ယောက်သည် သူ့အသက် သတ်ခြင်းမှ ကင်း၏၊ သူ့ဥစ္စာကို ခိုးယူခြင်းမှကင်း၏၊ သူတစ်ပါးသားမယားကို ဖျက်ဆီးခြင်းမှ ကင်း၏၊ မုသားကင်း၏၊ မုသားပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ရုန့်ရင်း ကြမ်းတမ်းစွာ ပြောကြားခြင်း၊ အနှစ်အဆန်မဲ့ စကားပြောဆိုခြင်းတို့မှ ကင်း၏၊ သူတစ်ပါးပစ္စည်းတို့လဲ မကြံစည်၊ သူတစ်ပါးပျက်စီးရာ ပျက်စီးကြောင်းကို မတွေးကြံ။ မှန်သော အယူလဲရှိ၏။

ထိုသူ သေလွန်သောအခါ လူအများက ဝိုင်း၍ ‘ဤသူ ငရဲသို့ ကျပါစေ ရောက်ပါစေ၊ ရောက်ပါစေ’ ဟု ရှိခိုး ဆုတောင်းကြလျှင် လူအများဝိုင်း၍ ဆုတောင်းသည့်အတိုင်း ထိုသူသည် ငရဲသို့ ကျအံ့လော့”

“အရှင်ဘုရား၊ ဤသို့လဲ မဖြစ်နိုင်ပါ”

ရွာသူကြီးက သွက်လက်စွာ လျှောက်ထား၏။ မြတ်စွာဘုရားရှင်ကလည်း ဆက်၍ မေးတော်မူသည်။

“အို့ ရွာသူကြီး၊ ဥပမာအားဖြင့် လူတစ်ယောက်သည် ထောပတ်အိုးကို ဖြစ်စေ၊ ဆီအိုးကိုဖြစ်စေ၊ အလွန်နက်သောရေထဲသို့နှစ်၍ ခွဲလိုက်လျှင် အိုးကွဲများသည် အောက်ဘက်သို့ ကျသွားပြီး ထောပတ်များ၊ ဆီများသည် အပေါ်သို့ တက်လာရာ၏၊ ထိုထောပတ်၊ ထိုဆီတို့ကို လူအများက ဝိုင်း၍ ‘ရေအောက်သို့ မြုပ်သွားကြပါစေ၊ မြုပ်သွားကြပါစေ’ ဟု ဆုတောင်းပေးခြင်းကြောင့် ထောပတ်များ၊ ဆီများသည် ရေအောက်သို့ နစ်မြုပ်သွားကြမည်လော့”

“အရှင်ဘုရား မဖြစ်နိုင်ပါ”

ရွာသူကြီးက သွက်သွက် ဖြေဆို၏။ မြတ်စွာဘုရားရှင်လည်း မဟာကရုဏာတော်ဖြင့် ဆက်၍ မိန့်သည်။

“အို့ ရွာသူကြီး၊ ဤဥပမာအတိုင်းပင် မှတ်ရာ၏၊ အကြင်သူသည် သူ့အသက် သတ်ခြင်း၊ ခိုးယူခြင်း၊ မမှန်မကန်ပြောခြင်း၊ သူတစ်ပါး သားမယားကို ဖြစ်မှားလွန်ကျူးခြင်း၊ ကုန်းတိုက်ခြင်း၊ ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုခြင်း၊ သူတစ်ပါး ပျက်စီးရာပျက်စီးကြောင်းကို ကြံစည်ခြင်းတို့မှ ကင်းလျက် မှန်ကန်သော အယူရှိအံ့၊ ထိုသူ သေလွန်သောအခါ လူအများက ‘အပါယ်သို့ကျပါစေ၊ အပါယ်ငရဲသို့ ရောက်ပါစေ’ ဟုဝိုင်း၍ ရှိခိုး ဆုတောင်းကြသော်လည်း ထိုသူသည် နတ်ရွာသုဂတိသို့သာလျှင် လားရောက်ရာ၏”

မြတ်စွာဘုရားရှင်၏ တရားတော်အဆုံးတွင် ရွာသူကြီးသည် အလွန်နှစ်သက်ကျေနပ်၍ လက်နှစ်ဖက်ကို ကြာငုံပူးယှက်၍ ဦးထိပ်တွင်တင်ကာ ရှိသေလေးနက်စွာ လျှောက်ထားလေ၏။

“ဘုန်းတော်ကြီးမြတ်လှပါသော အရှင်မြတ်ဘုရား၊ တပည့်တော်သည် ယနေ့မှစ၍ မြတ်စွာဘုရားရှင်နှင့်တကွ တရားတော်ကိုလည်းကောင်း၊ သံဃာတော် အရှင်မြတ်တို့ကိုလည်းကောင်း ဆည်းကပ်ကိုးကွယ်ပါ၏၊ ဘုရားတပည့်တော်အား ဥပါသကာဟူ၍ မှတ်တော်မူပါဘုရား”

သရက်ဥယျာဉ်တော် တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်စွာဖြင့် မြတ်စွာဘုရားရှင်အား ရိုသေစွာ ဦးခိုက်သကဲ့သို့ ရှိနေလေ၏။

ဖန်ဆင်းသူ မရှိ၊ ဆုပေးသူ မရှိ၊ ဒဏ်ခတ်သူ မရှိ၊ ဆုတောင်း၍လည်း မရ၊ ကိုယ်တိုင် ကျင့်ကြံအားထုတ်၍ လုပ်ဆောင်မှသာ ဖြစ်နိုင်သော ဗုဒ္ဓရှင်တော်မြတ်၏ ဓမ္မအလင်းရောင်သည် ညို့ညို့ဆိုင်းဆိုင်း ရှိနေသော သရက်ဥယျာဉ်ကြီးမှ စကြဝဠာတံတိုင်းသို့တိုင် ဝင်းလက်ရွှန်းမြစွာ တောက်ပ[illegible]ပါလေ၏။


❒ သာစုမြေဘုန်းရှိန်





www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ မင်းမောင်ဦးဝင်းမောင်-ဒေါ်စန္ဒာအေးမြို့
ဦးချစ်ဆွေ-ဒေါ်မြမှုရှင်ရှိ ဖောက်ဆွေးမတော်မူသော

# ခန္ဓာခေါ်ရာ ဉာဏ်သွင်းရမည့် တရားတော်

တရားနာပြီးသည့်နောက်ကို ခန္ဓာဉာဏ်လှည့်ပါ။ ခန္ဓာဉာဏ်လှည့်ပြီးသကာလ ခန္ဓာထဲမှာ ပြနေတဲ့တရားတွေကို ဉာဏ်နဲ့ အမှန်သိအောင် လုပ်ပါလို့ဆိုတာ တိုက်တွန်းပါတယ် နော် (မှန်ပါ့ ဘုရား)။

တရားကိုလည်း နာရမယ်၊ ခန္ဓာကိုလည်း ဉာဏ်လှည့်ရမယ်၊ ခန္ဓာထဲ ဉာဏ်နဲ့လှည့်လိုက်ပြီဆိုမှဖြင့် ခန္ဓာက ပြောပြပါလိမ့်မယ်။ ကျုပ်ဟာ အနိစ္စခန္ဓာကိုယ်ပါပဲ၊ ကျုပ်ဟာ ဒုက္ခခန္ဓာကိုယ်ပါပဲ၊ ကျုပ်ဟာ အနတ္တခန္ဓာကိုယ်ပါပဲ၊ ကျုပ်ဟာ ဒုက္ခသစ္စာပဲလို့ ခန္ဓာက ပြောပါလိမ့်မယ် (မှန်ပါ့ဘုရား)။ ဘယ်သူက ပြောတာမှ မယုံနဲ့၊ ခန္ဓာကပြောတာ ယုံပါ (မှန်ပါ့)။

အဲဒီခန္ဓာက ပြောပြီဆိုမှဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက စိုက်ပြီးကြည့်ပါ၊ သူပြောတာကို (မှန်ပါ့)။

ဒါကြောင့် ဒကာ၊ ဒကာမတွေ မမေ့ပါနဲ့။ ဇောတိပဿိကော ဆိုတဲ့ဥစ္စာ သဘောကျတယ် မဟုတ်လား (မှန်ပါ့ ဘုရား)။ ခန္ဓာက ဘယ်လိုများ ခေါ်လေ့ ပြောလေ့ ရှိပါလိမ့် (ဇောတိပဿိကောလို့ ခေါ်ပါတယ် ဘုရား)။ ကဲ လာပါ၊ ရှုပါလို့ ခန္ဓာက ခဏ ခဏခေါ်တယ် နော် (မှန်ပါ့)။ ဇောတိ - လာခဲ့ပါ၊ ပဿ - သူ့ကိုရှုပါ၊ ခန္ဓာက မခေါ်ဘူးလား (ခေါ်ပါတယ် ဘုရား)။

အဲဒီကဲ့သို့ ခန္ဓာက အမြဲတမ်းခေါ်နေတာပဲ။ အဲဒါ လက်နဲ့မသွားဘဲနဲ့၊ မျက်လုံးနဲ့မသွားဘဲနဲ့၊ ဉာဏ်ကလေးနဲ့ သွားပေးလိုက်စမ်းပါ (မှန်ပါ့ ဘုရား)။ ခန္ဓာခေါ်တာ ဘာနဲ့ သွားရမယ် (ဉာဏ်နဲ့ သွားရပါမယ် ဘုရား)။

အဲဒါကြောင့် ဘုရားကလည်း သန္ဒိဋ္ဌိကော သာမံပဿိတဗ္ဗော ကိုယ်တိုင်မြင်အောင်သွားပါ။ သန္ဒိဋ္ဌိကောနဲ့ သွားလိုက်နော် (မှန်ပါ့ ဘုရား)။

သန္ဒိဋ္ဌိကောနဲ့ ဒကာ၊ ဒကာမတွေက သွားလိုက်ပြီဆိုမှဖြင့် အခေါ်သမားနဲ့ အသွားသမားသည် အခေါ်သမားကလည်း အနီးက ခေါ်မှာပဲ၊ အသွားသမားက ဉာဏ်ဖြစ်ရမယ် (မှန်ပါ့ ဘုရား)။

အခေါ်သမားက အနိစ္စ (မှန်ပါ့ ဘုရား)။
အသွားသမားက ဉာဏ် (မှန်ပါ့ ဘုရား)။
အခေါ်သမားက (အနိစ္စပါ ဘုရား)။
အသွားသမားက (ဉာဏ်ပါ ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီခေါ်ရာကို ဉာဏ်နဲ့သွားပြီဆိုမှဖြင့် ဒကာ၊ ဒကာမတို့ ကိုယ့်ခန္ဓာအကြောင်း ကိုယ်ကောင်းကောင်းသိပါတယ် (မှန်ပါ့ ဘုရား)။ မသိပေဘူးလား (သိပါတယ် ဘုရား)။

ကိုမြရွှေတို့၊ ဒကာဦးဇံရင်တို့ မသိပေဘူးလား (သိပါတယ် ဘုရား)။ ခေါ်ရာကိုသာ အနိစ္စကခေါ်ရာကိုသာ ဉာဏ်က သွားပေးပါ (မှန်ပါ့)။ အနိစ္စခေါ်ရာကို (ဉာဏ်က သွားပေးပါ ဘုရား)။

ခန္ဓာကိုယ်တစ်ကိုယ်လုံးကဖြင့် ဝေဒနာကြည့်လိုက်ပြန်လည်း ယားတယ်လို့၊ ကြည့်လိုက်ပြန်လည်း ကြည့်သည်နဲ့ တစ်ပြိုင်နက်တည်း ပျောက်သွားလို့ အနိစ္စခေါ်တာပဲ (မှန်ပါ့ ဘုရား)။

စိတ်ကလေးတွေကလည်း ဘယ်စိတ်ပေါ်ပေါ် နောက်ကနေပြီး ကြည့်ပါဦးမယ်ဆိုပြီး သန္ဓိဋ္ဌိကောနဲ့ သာမံပဿိတဗ္ဗော ဆိုတဲ့အတိုင်း ကိုယ်တိုင်လည်း လိုက်ကြည့်လိုက်ပါရော ဒကာ၊ ဒကာမတို့ အနိစ္စက မရှိတာကပဲ ကျုပ်ဖြင့် မရှိတော့ဘူး၊ ကျုပ်ဖြင့် သေပါပေါ့၊ မပြောဘူးလား (ပြောပါတယ် ဘုရား)။ အဲဒီလို ခန္ဓာလည်း သူ့အသေကို သူပြောတဲ့အခါ ကျုပ်တို့ ဒကာ၊ ဒကာမတွေ ဉာဏ်ကလေးနဲ့လိုက်၊ လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် သူများအသေ ကိုယ်မြင်တာလား၊ မိမိအသေ မိမိမြင်တာလားဆိုတာ အကဲခတ်တာပေါ့ဗျာ။ ဘယ်လို ဆုံးဖြတ်ချက် ချကြမလဲ (မိမိအသေ မိမိမြင်တာပါဘုရား)။ မိမိအသေ မိမိမြင်တဲ့ ဉာဏ်ပဲလို့ ဆိုလို့ရှိရင် လွဲပါ့မလား (မလွဲပါဘုရား)။ အဲဒီတော့ မိမိအသေဆိုတာ ဘာပါလိမ့်မတုံးဆိုတော့ "မရဏမ္ပိ ဒုက္ခသစ္စ" ဆိုလည်း ဟုတ်တာပဲနော် (မှန်ပါ့)။ ဖြစ်ပျက်သည် ဒုက္ခသစ္စာပဲလို့ ဆိုတာလည်း ဟုတ်တာပဲ (မှန်ပါ့)။

ဘာဖြစ်လို့တုံး "သံခိတ္တော ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခ" လို့ ဟောထားသောကြောင့် ဒကာ၊ ဒကာမတွေ သိတဲ့အတိုင်းတဲ့၊ ဒီခန္ဓာကိုယ်ကြီးကဖြင့် ဒုက္ခသစ္စာကြီးပါတည်း။ ဒုက္ခသစ္စာအဖြစ်နဲ့ ခေါ်လေ့ပြောလေ့ ရှိပါတယ်။ အဲဒီ ဒုက္ခသစ္စာအဖြစ်နဲ့ ခေါ်လေ့ပြောလေ့ ရှိတာကို ဒကာ၊ ဒကာမတွေက တဏှာနဲ့မလိုက်နဲ့၊ ဉာဏ်နဲ့လိုက်ပါလို့ သတိပေးလိုက်ပါတယ် (မှန်ပါ့ ဘုရား)။ တဏှာနဲ့ (မလိုက်ရပါ ဘုရား)။ ဉာဏ်နဲ့ (လိုက်ရပါမယ်)။ ဒေါသနဲ့ (မလိုက်ရပါ ဘုရား)။

ယား ယားလွန်းလှတယ်ဆိုပြီး ခန္ဓာကိုယ်က ဝေဒနာပေါ်နေတာ၊ ယား ယားလွန်းလှတယ်ဆိုပြီး ကုတ်လိုက်တဲ့အခါကျတော့ ဒေါသနဲ့ လိုက်တယ်နော် (မှန်ပါ့)။ ယားလိုက်တာ၊ စိတ်များပျက်ပါပေါ့၊ ပခုံးကိုက ယားတာပဲ၊ ရင်ကိုက ယားတာပဲ၊ မျက်နှာကိုက ယားတာပဲဆိုရင်ဖြင့် စိတ်များပျက်ပါပေါ့၊ ဒေါသနဲ့ လိုက်တယ်နော် (မှန်ပါ့)။

အဲဒါကြောင့် ဖောဖ-လာခဲ့ပါ၊ ပဿ-ကျုပ်ကိုရှုပါလို့ ယားတဲ့နေရာကခေါ်ခေါ်၊ ဝမ်းထဲကစိတ်တွေကခေါ်ခေါ်၊ မျက်လုံးစိတ်ကခေါ်ခေါ် ဒကာ၊ ဒကာမတွေ သိန္ဒိဋ္ဌိကော ကိုယ်တိုင်မြင်အောင် လိုက်ရတယ်။ ဉာဏ်နဲ့လိုက်ကြစမ်းပါနော် (မှန်ပါ့ ဘုရား)။

ဘာနဲ့လိုက်ကြမယ် (ဉာဏ်နဲ့လိုက်ရမှာပါ)။ ဉာဏ်နဲ့လိုက်ကြစမ်းပါဆိုတော့ ခန္ဓာကလည်း မခေါ်တဲ့အချိန် ရှိပါ့မလား (မရှိပါ ဘုရား)။ ကဲ. . . ဉာဏ်က မလိုက်မိတဲ့အချိန်ဖြစ်မှာစိုးလို့ ယနေ့ ဒီတရား စပြောပါတယ် (မှန်ပါ့ ဘုရား)။

ခန္ဓာကတော့ မခေါ်မရှိဘူးဆိုတာ သေသေချာချာ မှတ်ကြပါ (မှန်ပါ့ ဘုရား)။ ဉာဏ်က မလိုက်မိမှာ အင်မတန်စိုးရိမ်ရတယ် ဒကာသစ်တို့နော် (မှန်ပါ့ ဘုရား)။ ဦးခင်မောင်တို့ ဘာစိုးရိမ်ရပါလိမ့် (ဉာဏ်က မလိုက်မိမှာ စိုးရိမ်ရပါတယ်)။

ဉာဏ်မလိုက်လို့ရှိရင် ဒေါသ၊ တဏှာ လိုက်ပါလိမ့်မယ်။ တဏှာလိုက်ရင် တဏှာဥပါဒါန်ကံ ဖြစ်ပါလိမ့်မယ် (မှန်ပါ့ ဘုရား)။ ဒေါသလိုက်လို့ရှိရင် ဒေါသ သောက ပရိဒေဝ အဝိဇ္ဇာဆိုတာ ဖြစ်ပါလိမ့်မယ် (မှန်ပါ့ ဘုရား)။ မဖြစ်ပေဘူးလား (ဖြစ်ပါတယ် ဘုရား)။ အဲဒီလိုဆိုတော့ ပဋိစ္စသမုပ္ပါဒ်ဆက်မသွားပေဘူးလား (ဆက်သွားပါတယ် ဘုရား)။

ဆက်သွားတော့ တစ်ဘဝ တစ်ခါတည်း ယားလိုက်တာနဲ့၊ တစ်ခါတည်း နာလိုက်တာနဲ့ ဟို အနာဂတ်ဘဝပါ ခန္ဓာကြီးရတယ် (မှန်ပါ့)။ ဒုက္ခသစ္စာခန္ဓာကြီးနဲ့ ခင်ဗျားတို့ အကျိုးပေးတွေ့ပြီး ဆုံနေရလိမ့်ဦးမယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။

အဲဒါကြောင့် ဖောဖပဿိကောက ခေါ်တာကို ဘာနဲ့ လိုက်ကြမယ် (သန္ဒိဋ္ဌိကောနဲ့ လိုက်ရပါမယ် ဘုရား)။

သန္ဒိဋ္ဌိကောနဲ့ လိုက်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ ဒကာ၊ ဒကာမတို့ ဥပမာ - ယားနေတဲ့ နေရာကလေး ပခုံးက ယားတယ်၊ ယားတာကလေး ဉာဏ်နဲ့လိုက်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဪ. . . ယားတာကလေးဟာလည်း ဖြစ်ပြီးပျက်သွားတာပဲလို့ ဉာဏ်ကလေးက မသိလိုက်ဘူးလား (သိလိုက်ပါတယ် ဘုရား)။

သိလိုက်တော့ ယားခြင်းကြောင့် ဒေါသ၊ သောက၊ ပရိဒေဝ နောက်က လိုက်သေးရဲ့လား (မလိုက်ပါ)။ အဲ. . . ဉာဏ်နဲ့ လိုက်လိုက်တဲ့အတွက် အကာလိကောဆိုပြီး ဒေါသ၊ သောက၊ ပရိဒေဝတွေ ချုပ်သွားတယ် (မှန်ပါ့)။ မချုပ်ဘူးလား (ချုပ်ပါတယ် ဘုရား)။

အဲ. . . အကာလိကော အခါမလင့် အကျိုးပေးပစ်လိုက်တော့ ဒကာ၊ ဒကာမတွေ အပါယ်သွားမည့် တရားတွေ ဝင်ခွင့်ရသေးရဲ့လား (မရပါ)။ အဲဒီအပါယ်သွားမည့်တရားတွေ ဝင်ခွင့်မရတာ အကာလိကောလို့ မှတ်လိုက်စမ်းပါနော် (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတွေ ဒီဥစ္စာ သုံးလေးခါရှိပြီ ဆရာက ဟောတာက ခန္ဓာ၊ ခန္ဓာက ဖောဖပဿိကော၊ ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com

က ဘာတုံး (သန္တိဋ္ဌိကောပါ)။ သန္ဒိဋ္ဌိကော၊ အဲဒီတော့ ဧဟိပဿိကော ခေါ်ရာကို ဘာနဲ့လိုက်ရမယ် (သန္ဒိဋ္ဌိကောနဲ့ လိုက်ရပါမယ်)။ သန္ဒိဋ္ဌိကောနဲ့ လိုက်ရမယ်ဆိုတာကော မသေချာဘူးလား (သေချာပါတယ် ဘုရား)။

ဒီလို လိုက်လိုက်တဲ့အခါကျတော့ ဉာဏ်နဲ့လိုက်လိုက်တော့ ဖြစ်ပျက်ဝိပဿနာမဂ် သွားမကိုက်ဘူးလား (ကိုက်ပါတယ် ဘုရား)။

လိုက်တဲ့အခါကျတော့ ဒေါသနဲ့ မလိုက်တဲ့အတွက် ယားလိုက်တာ ကျုပ်ဖြင့် စိတ်ကိုပျက်လို့ဆိုတဲ့ ဒေါသ သောက ပရိဒေဝတွေကော လာသေးရဲ့လား (မလာပါ ဘုရား)။

ဉာဏ်နဲ့ လိုက်လိုက်တော့ မလာဘူး၊ မလာတော့ ဒီတရားတွေဟာ မကောင်းတဲ့တရားတွေဟာ တစ်ခါတည်း ဒကာ၊ ဒကာမတွေသန္တာန် ချုပ်မသွားဘူးလား (ချုပ်သွားပါတယ် ဘုရား)။ အဲဒါ အကာလိကော အခါမလင့် အကျိုးပေးချလိုက်တာ (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ ဝမ်းထဲ အကုသိုလ်တရားတွေ ရှိသေးရဲ့လား (မရှိပါ)။ ဒါဘာပါလိမ့်ဗျာ (အကာလိကောပါ ဘုရား)။

အကာလိကော - အခါမလင့် အကျိုးပေးပစ်လိုက်တယ်၊ ချက်ချင်း လိုက်လိုက်လို့နော်၊ မလိုက်ရင် ဒီလိုဖြစ်မယ် မဟုတ်ဘူးဆိုတာ သေချာကြပလား (သေချာပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ၊ ဒကာမတွေ ဒါ အလုပ်တရားကို စပြီးပေးနေပါတယ်။ အလုပ်တရား ဒီအတိုင်းလိုက်ရမယ်ဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။

ဧဟိပဿိကောက (အခေါ်သမားပါ ဘုရား)။

သန္ဒိဋ္ဌိကောက (အလိုက်သမားပါ ဘုရား)။

အကာလိကော ဆိုတာလည်း အကျိုးပေး အထမြောက်တာ (မှန်ပါ့)။ အကာလိကောက (အကျိုးပေး အထမြောက်တာပါ)။ လုပ်ခြင်းကြောင့် အပါယ်တံခါးပိတ်တယ်။ အပါယ်သွားမည့်တရားတွေ အကုန်ပိတ်သွားတယ် (မှန်ပါ့)။ လုပ်လို့ရတာ၊ မလုပ်တဲ့ပုဂ္ဂိုလ် အပါယ်တံခါးပိတ်တယ်လို့ ဆိုနိုင်ပါ့မလား (မဆိုနိုင်ပါဘုရား)။

အဲဒါတွေ ဉာဏ်နဲ့လိုက်ပြီး ကြည့်တော့မှ သြော်. . . တို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် တရားဂုဏ်တော်ဟာ သွာက္ခာတော ဘဂဝတော ဓမ္မော ဘုရားက ကောင်းအောင်ဟောပါလျက်သားနဲ့ တို့က အသုံးမချတတ်လို့ ခက်နေတယ် (မှန်ပါ့ဘုရား)။ ဘုရားက ဘာတဲ့ (ကောင်းအောင် ဟောပါတယ် ဘုရား)။

"သွာက္ခာတော ဘဂဝတော ဓမ္မော" ဘဂဝတော- မြတ်စွာဘုရားသခင်သည်၊ ဓမ္မော - တရားကို၊ သွာက္ခာတော - ကောင်းအောင်ကို ဟောနေတယ်၊ နိဗ္ဗာန်ရောက်အောင်ကို ကျင့်စဉ်ဟောပါတယ်နော် (မှန်ပါ့)။ ဘယ်လိုများ ဟောလိုက်ပါလိမ့် (နိဗ္ဗာန်ရောက်အောင် ဟောပါတယ် ဘုရား)။

နိဗ္ဗာန်ရောက်တဲ့ကျင့်စဉ်ကို ဟောလိုက်ပါလျက်သားနဲ့ ဒကာ၊ ဒကာမတွေက မကျင့်တတ်ဘဲဖြစ်ပြီး၊ မသုံးတတ်ဘဲဖြစ်ပြီး သကာလ နေသောကြောင့် ဒီနေ့ ဒီဥစ္စာကို မောင်မြတို့ ဆက်ပြောမယ်နော် (မှန်လှပါ ဘုရား)။

ကဲ ဒကာ၊ ဒကာမတို့ ဧဟိပဿိကော ဆိုတာက ခန္ဓာက အနိစ္စက အခေါ်သမား (မှန်ပါ့ ဘုရား)။ သန္ဒိဋ္ဌိကောက (အလိုက်သမားပါ ဘုရား)။ အကာလိကောက (အခါမလင့် အကျိုးပေးပါတယ် ဘုရား)။

အခါမလင့် အကျိုးပေးတယ်ဆိုတာ အပါယ်တံခါးပိတ်ပေးတာ (မှန်ပါ့ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ)။ ဘာပါလိမ့် (အပါယ်တံခါး ပိတ်ပေးတာပါ ဘုရား)။

အဲဒီတော့ အပါယ်တံခါး ပိတ်ချင်ပါတယ်ဆိုတဲ့ဥစ္စာ သန္ဒိဋ္ဌိကောလိုက်မှ ပိတ်တယ် (မှန်ပါ့ ဘုရား)။ သန္ဒိဋ္ဌိကော မလိုက်လို့ရှိရင် (မပိတ်ပါ ဘုရား)။ မပိတ်နိုင်ဘူးဆိုတာ သေချာလား (သေချာပါပြီ ဘုရား)။

အဲဒါကြောင့် ဒကာ၊ ဒကာမတွေက ပေါ့ပေါ့တန်တန် မနေပါနဲ့။ အခု ဒီနေ့ပြောတာ တရားစခါရှိသေးတယ်၊ သုံးလုံးခင်ဗျားတို့ဉာဏ်ထဲမှာ ရောက်သွားပြီ (မှန်ပါ့ ဘုရား)။ မရောက်သေးဘူးလား (ရောက်ပါပြီ ဘုရား)။

ဒီဟာကလေးက ဘာတဲ့ (ဧဟိ ပဿိကောပါဘုရား)။ လာပါ ရှုပါလို့ ဒါ ခန္ဓာက ခေါ်တယ်နော် (မှန်ပါ့ ဘုရား)။ ခန္ဓာက ခေါ်တော့ ဘာနဲ့လိုက်ကြမယ် (သန္ဒိဋ္ဌိကောနဲ့ လိုက်ရပါမယ် ဘုရား)။

အဲ သန္ဒိဋ္ဌိကောဆိုတာ သာမံပဿိတဗ္ဗော။ သာမံ - ကိုယ်တိုင်၊ ပဿိတဗ္ဗော - ဘာပါလိမ့်မတုံးလို့ မြင်အောင်လိုက်ပါ (မှန်ပါ့ ဘုရား)။ ဘာပါလိမ့်မတုံးလို့ မြင်အောင် လိုက်လိုက်တဲ့အခါကျတော့ ဘာတွေ့သတုံး ဒီနေရာ (အကာလိကော တွေ့ပါတယ်)။ အနိစ္စပဲ တွေ့တယ် (မှန်ပါ့)။

ရှိတာတွေ့သလား၊ ဖြစ်ပြီး မရှိတာတွေ့သလား (မရှိတာ တွေ့ပါတယ် ဘုရား)။ ဒါဖြင့် ဉာဏ်နဲ့လိုက်လိုက်တော့ မရှိတာတွေ့တော့ မရှိတာက အနိစ္စ၊ ဉာဏ်ကလေးက (မဂ္ဂပါ ဘုရား)။ ဟော. . . ဉာဏ်က မဂ္ဂဖြစ်သွားတော့ မဂ်သည် ကိလေသာကို ဖြတ်ပါတယ်လို့ဆိုတော့ မဂ်လိုက်တဲ့အတွက် ဒီဘက်က အကာလိကော၊ အခါမလင့် အကျိုးပေးတဲ့ အပါယ်သွားတဲ့ တရားတွေ လာသေးရဲ့လား (မလာပါ ဘုရား)။ သေချာပလား (သေချာပါပြီ ဘုရား)။

ဒါဖြင့် ဒီသုံးလုံးဟာ ဒကာ၊ ဒကာမတွေက စဉ်းစားကြည့်စမ်းပါလား။ သြော်. . . တို့သည်ကားလို့ဆိုရင် နှစ်လုံးက အလုပ်လုပ်ရမယ်၊ တစ်လုံးက အလိုလိုပြီးတယ် (မှန်ပါ့ ဘုရား)။ နှစ်လုံးကတော့ အလုပ်လုပ်ရမယ် (မှန်ပါ့ ဘုရား)။

သူကတော့ ခေါ်လိမ့်မယ်။ ဉာဏ်နဲ့လိုက်ရမှာ၊ တဏှာနဲ့ မလိုက်နဲ့၊ ဒေါသနဲ့ မလိုက်နဲ့၊ မောဟနဲ့ မေ့မနေနဲ့ (မှန်ပါ့



www.burmeseclassic.com

www.burmeseclassic.com

ဘုရား)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။ တဏှာနဲ့လည်း (မလိုက်ရပါ)။ ဒေါသနဲ့လည်း (မလိုက်ရပါ)။ မောဟနဲ့လည်း မေ့မနေနဲ့ (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဤကဲ့သို့ ဒီသုံးချက်ရှောင်ပြီး ဦးခင်မောင် 'သန္ဒိဋ္ဌိကော သာမံပဿိတဗ္ဗော' ဆိုတဲ့အတိုင်း ကိုယ်တိုင်ဉာဏ်နဲ့သာလိုက်၊ ကိုယ်တိုင်မြင်အောင် လိုက်စမ်းပါ (မှန်ပါ့ ဘုရား)။

လိုက်လိုက်လို့ ရှိရင်ဖြင့် ၁ ခေါ်ရာကို ၂ က လိုက် လိုက်လို့ရှိရင်ဖြင့် ၃ ဟာ အလိုလိုကိစ္စပြီးတယ် (မှန်ပါ့ ဘုရား)။ ၃ ဟာ အပါယ်တံခါးပိတ်တာ ဘယ့်နှယ်တုံး (ကိစ္စပြီးပါပြီ ဘုရား)။ အလိုလိုကိစ္စပြီးပါတယ် ဆိုတာ ကောင်းကောင်း ကျေနပ်ပလား (ကျေနပ်ပါတယ် ဘုရား)။

အဲဒါကြောင့် ဒကာ၊ ဒကာမတို့ အခု ပြလိုက်သဖြင့် ဩော်. . . သမထပါနေသလားဆိုတာ ဒီအထဲကြည့်လိုက် (မပါပါ ဘုရား)။ မပါတော့ဘူး။

ပါသေးရဲ့လား (မပါတော့ပါ ဘုရား)။ မပါတော့ဘူး၊ သမထမပါတော့ဘူး၊ မနေ့က ဘုန်းကြီးက စကားခင်းထားခဲ့ တယ်၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပေ့ သုသိမ ငါဘုရား၏ သာသနာတော်မှာ သမထကြောင့် နိဗ္ဗာန်ရောက် တာ မဟုတ်ဘူးကွ။

သမထ၏အကျိုးကြောင့် နိဗ္ဗာန်ရောက်တာ မဟုတ် ဘူး။ ဝိပဿနာကြောင့် နိဗ္ဗာန်ရောက်တာလို့ ဆိုတာလည်း ဘုရားသခင်ကိုယ်တော်မြတ်ကြီး အလိုတော်ကျ ပြောလိုက် တဲ့ အဋ္ဌကထာ ဆရာတွေကလည်း ဤအတိုင်းပြောလို့ ဒီမှာ ရွှေပိုင်းမှာ အလုပ်ပြတာ၊ အဲဒါ သွားချင်လို့ (မှန်ပါ့)။ ရိပ်မိ လား (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် ဒါက ဘာတဲ့ (ဧဟိပဿိကောပါ ဘုရား)။ ဧဟိပဿိကော ဆိုတော့ ခန္ဓာကခေါ်တယ် (မှန်ပါ့)။ မခေါ် ဘူးလား (ခေါ်ပါတယ် ဘုရား)။

ခန္ဓာက ခေါ်တဲ့အခါကျတော့ မယုံရင် ဒကာ၊ ဒကာမ တွေက ညအခါ ကြမ်းပိုးကလေးဖြစ်ဖြစ်၊ သန်းကလေးဖြစ် ဖြစ် ကိုက်လို့ရှိရင် လက်ကလေးနဲ့ မလိုက်ဘူးလား (လိုက်ပါ တယ် ဘုရား)။ ခေါ်လို့ သွားတာ (မှန်ပါ့)။ မခေါ်ရင် သွား ကို မသွားဘူး (မှန်ပါ့ ဘုရား)။ လက်နဲ့သွားတာ ဒကာ၊ ဒကာမတို့ မသွားဘူးလား (သွားပါတယ် ဘုရား)။

အဲဒါ ဘယ်သူကခေါ်သတုံး (ခန္ဓာကပါ ဘုရား)။ ဧဟိပဿိကောဆိုတဲ့ ခန္ဓာက ခေါ်တယ်၊ ဝေဒနာက္ခန္ဓာကနေ ပြီးတော့ ခေါ်နေတယ် (မှန်ပါ့)။ ကျွပ် ယားတယ်၊ ယားတယ်၊ လာဖျောက်ပေးပါ မခေါ်ဘူးလား (ခေါ်ပါတယ် ဘုရား)။

အဲဒီတော့ ခန္ဓာအခေါ်သမားသက်သက်ဆိုတာ အဲဒါ ဘာနဲ့လိုက်တာကတော့ ပျောက်ခြင်းအလိုရှိတဲ့ တဏှာနဲ့ လိုက်တာ (မှန်ပါ့ ဘုရား)။ ယားတာပျောက်ခြင်း အလိုရှိတဲ့ တဏှာနဲ့ လိုက်တာတုံး (တဏှာနဲ့ လိုက်တာပါ ဘုရား)။

အဲ. . . တဏှာနဲ့ မလိုက်နဲ့တဲ့ကွ၊ ဘုရားက တဏှာနဲ့ လိုက်လို့ရှိရင် တဏှာ၊ ဥပါဒါန်၊ ကံ သွားလိမ့်မယ် (မှန်ပါ့ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ)။ တဏှာနဲ့လိုက်ရင် (တဏှာ၊ ဥပါဒါန်၊ ကံ သွားပါလိမ့်မယ် ဘုရား)။

"တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ကမ္မ ဘဝေါ၊ ကမ္မဘဝ ပစ္စယာ ဇာတိ" ဆိုတော့ ဇရာ၊ မရဏ မသွားပေဘူးလား (သွားပါတယ် ဘုရား)။ ဒါနဲ့ ဘာနဲ့လိုက် လိုက်လို့ပါလိမ့် (တဏှာနဲ့ လိုက်လိုက်လို့ပါ ဘုရား)။

ကဲ. . . ဒါဖြင့် ဘုရားကရော၊ ဆရာဘုန်းကြီးကရော ဘာနဲ့လိုက်ရတုံး (ဉာဏ်နဲ့လိုက်ရမှာပါ ဘုရား)။ ဘယ်ပါဠိ တော်က ဟောထားသတုံး (သန္ဒိဋ္ဌိကောပါ ဘုရား)။ သန္ဒိဋ္ဌိ ကော သာမံ၊ ကိုယ်တိုင် (ဝါ) ဉာဏ်နဲ့ကိုယ်တိုင်၊ ပဿိတဗ္ဗော မြင်အောင်လိုက်ပါ။

မင်း မြင်အောင် လိုက်ပါဆိုတာ ကိုယ်တိုင်မြင်အောင် လိုက်ပါ (မှန်ပါ့)။ ကိုယ်တိုင်ဉာဏ်နဲ့ မြင်အောင်လိုက်ပါဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။ ဉာဏ်နဲ့မြင်အောင် လိုက် လိုက်တော့ ဘာတွေ့သလဲ (အနိစ္စတွေ့ပါတယ် ဘုရား)။

ဒါဖြင့် တွေ့တာက အနိစ္စ ဟုတ်လား (မှန်ပါ့)။ လိုက်တဲ့ဉာဏ်က (မဂ္ဂပါ ဘုရား)။ ဒီဘက်က ခုနင်က အပါယ် သွားကြောင်း တရားတွေ ချုပ်တာက ဘာတဲ့တုံး (နိရောဓ)။ သမုဒယ ချုပ်တာ ဆိုချင်ဆို၊ အကာလိကော အခါမလင့် အကျိုးပေးတာလို့ ဆိုရင်ဆို၊ အတည့်ချည်းပဲ (မှန်ပါ့ ဘုရား)။ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒါက ဝိပဿနာရှုစရာ၊ ဒါက ဝိပဿနာရှုတာ၊ ဒီဘက်က ချုပ်သွားတာက ဝိပဿနာရှုခြင်း ကြောင့် အကျိုးပေးတာ (မှန်ပါ့ ဘုရား)။ ရှင်းပလား (ရှင်းပါ ပြီ ဘုရား)။

ဒီဘက်က ဝိပဿနာ ရှုစရာ (မှန်ပါ့)။ ဒကာ၊ ဒကာမ တို့ အပြတ်လည်းကြည့်။ ဒါမှ ခင်ဗျားတို့ အကုန်ရှုတတ်မယ် နော် (မှန်ပါ့ ဘုရား)။

ဒီအလုပ်ကို အခုပြောတာမှ နားမလည်တော့ပါဘူး။ ဘာများပြောနေပါလိမ့် ဆရာဘုန်းကြီးက ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ ကိုယ်ကျိုးနည်းပြီ အောက်မေ့ပါ (မှန်ပါ့ ဘုရား)။ ဦးခင်မောင် ဘယ်လို မှတ်ကြမယ် (ကိုယ်ကျိုးနည်းပါပြီ ဘုရား)။

ကိုယ်ကျိုးနည်းပြီ ဆိုတာက ခန္ဓာကခေါ်ရာကို ခန္ဓာ ဆိုတာက ခန္ဓာငါးပါးရှိပါတယ်၊ ရူပက္ခန္ဓာက ခေါ်ချင်ခေါ် လိုက်လိမ့်မယ် (မှန်ပါ့)။ ဝေဒနာက္ခန္ဓာကကော (ခေါ်ပါတယ် ဘုရား)။ သညာက္ခန္ဓာကကော (ခေါ်ပါတယ် ဘုရား)။ သင်္ခါရ က္ခန္ဓာကကော (ခေါ်ပါတယ် ဘုရား)။ ဝိညာဏက္ခန္ဓာဆိုတဲ့ စိတ်ကကော (ခေါ်ပါတယ် ဘုရား)။ ခေါ်ချင်ခေါ် ခင်ဗျား တို့က ဉာဏ်နဲ့ချည်း လိုက်ပါမယ် (မှန်ပါ ဘုရား)။





www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်နဲ့ချည်း လိုက်လိုက်လာလို့ရှိရင် ခေါ်တာဟူ သရွေ့သည် အနိစ္စချည်းပဲ (မှန်ပါ)။ လိုက်တာဟူသရွေ့သည် မဂ္ဂချည်းပဲ (မှန်ပါ)။ သဘောကျပလား (ကျပါပြီ)။

အဲဒီတော့ ခေါ်ရာကို လိုက်ခဲ့သည့်ရှိသော် အကာလိကောဆိုတဲ့ ခင်ဗျားတို့ အပါယ်သွားကြောင်း တရားတွေဟာ အလိုက်ကောင်းလို့ ချုပ်သွားတယ် (မှန်ပါ)။ အလိုက်မကောင်းရင် (မချုပ်နိုင်ပါ)။ မချုပ်နိုင်ဘူးဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒါက ရှုစရာနော် (မှန်ပါ)။ ဒါက ရှုတာ၊ ဒါက ရှုခြင်းကြောင့် အကျိုးပေးတာ (မှန်ပါ)။ သဘောကျပလား (ကျပါပြီ)။ ဒါက ဘာပါလိမ့် (ရှုစရာပါ)။ ဒီဘက်က (ရှုတာပါ)။ အင်း. . . ဟင် ဒီဘက်ကကော (ရှုခြင်းကြောင့် အကျိုးပေးတာပါ ဘုရား)။

ရှုခြင်းကြောင့် အကျိုးပေးတာ ခင်ဗျားတို့ အပါယ်တံခါး ပိတ်ပစ်လိုက်တယ် (မှန်ပါ)။ အပါယ်တံခါး ပိတ်ပြီးသကာလ ဒီမဂ်က နိဗ္ဗာန်တံခါးကို အရောက်ပို့ပေးလိုက်တယ် (မှန်ပါ)။ သဘောကျပလား (ကျပါပြီ)။

ဩော်. . . ဒါဖြင့် ခင်ဗျား စ,စခါရှိသေးတယ် တို့မှာ ဒီအတိုင်းလုပ်လို့ရှိရင်ဖြင့် နိဗ္ဗာန်ဆိုတဲ့ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်၊ တစ်ထောင့်ငါးရာ ကိလေသာ ချုပ်ငြိမ်းတဲ့နိဗ္ဗာန်၊ ဇာတိ ဇရာ မရဏာတို့၏ ကုန်ရာဆုံးရာဖြစ်တဲ့ နိဗ္ဗာန်ဟာ ဩော် . . . မရောက်မရှိတော့ဘူး၊ ဒီအတိုင်းလုပ်ရုံပဲ (မှန်ပါ ဘုရား)။ ပေါ်ကြပလား (ပေါ်ပါပြီ)။ ဒီအတိုင်း ကြိုးစားကြပါ ဆိုတာဖြင့် တိုက်တွန်းပါတယ် (မှန်ပါ)။

ကဲ. . . သန္နိဋ္ဌိကော ဆိုတာက သာမံပသိတဗ္ဗော ကိုယ်ပိုင်ဉာဏ်နဲ့ လိုက်ရမှာ (မှန်ပါ ဘုရား)။ သမထ ပါသေးရဲ့လား (မပါပါဘုရား)။ ပါတော့ ပါတယ်ထား၊ ခေါင်းမဆောင်နိုင်တော့ဘူး (မှန်ပါ)။ ခေါင်းဆောင်နိုင်သေးရဲ့လား (မဆောင်နိုင်ပါ ဘုရား)။

ခေါင်းမဆောင်တော့ဘူးတဲ့ ဒကာ၊ ဒကာမတို့ သမထ ခေါင်းမဆောင်ဘူး၊ သမထနောက်လိုက်ဖြစ်နေတယ်၊ မကင်းရာ မကင်းကြောင်း သဟဇာတအဖြစ်နဲ့ လိုက်တာ (မှန်ပါ)။

သဟဇာတအဖြစ်ဆိုတဲ့ဥစ္စာ၊ ရေယူရာမှာ ဦးခင်မောင် ရေခွက်က မကင်းလို့ ပါလာတယ် (မှန်ပါ)။ ရေယူတာဟာ ကျုပ်တို့ ရေသောက်ချင်တာလား၊ ခွက်သောက်ချင်တာလား ပြောစမ်းပါဦး (ရေသောက်ချင်တာပါ ဘုရား)။

သို့သော် မကင်းတရား အဖြစ်နဲ့တော့ ခွက်နဲ့ယူမှ သောက်ရတဲ့အတွက် ဟုတ်လား၊ သောက်ရတာကတော့ ခွက်သောက်ရတာ မဟုတ်ပါဘူး (မှန်ပါ)။ ဘာသောက်ရတာတုံး (ရေသောက်ရတာပါ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ခွက်က အမောပြေတာလား၊ ရေက အမောပြေတာလား (ရေကအမောပြေတာပါ ဘုရား)။

အဲဒီမှာလဲတဲ့ သမထဆိုတဲ့ သူနဲ့တွဲနေတဲ့ သတိကို ဝီရိယတို့၊ သမာဓိတို့က သမထတွေပါပဲတဲ့၊ မကင်းလို့ ခွက်အဖြစ်နဲ့ ပါလာတာ (မှန်ပါ)။

တကယ် ကျုပ်တို့က ကိလေသာအမောပြေအောင်တော့ ဒကာ၊ ဒကာမတွေ ဝိပဿနာပညာ တည်းဟူသော ရေကမှ ကိလေသာအမောကို ပျောက်စေနိုင်တယ် (မှန်ပါ ဘုရား)။ ပေါ်ပလား (ပေါ်ပါပြီ)။ ရှင်းပြီနော် (ရှင်းပါပြီ)။

အဲဒါ သေသေချာချာ ဝတ္ထုသက်သေသာဓကလည်း ထုတ်ပြပါဦးမယ်။ ဒကာ၊ ဒကာမတို့ သုသိမပရိဗိုဇ် ဟောတဲ့ နေရာဌာန ရှင်းပါလိမ့်မယ်နော် (မှန်ပါ ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒီအလုပ်ကို ဒကာ၊ ဒကာမတို့ ရှင်းသွားပလား (ရှင်းပါပြီ)။

ဒါက ဘာတဲ့ (ဧဟိပဿိကော)။ ဧဟိက ဘာတုံး (လာပါ)။ ပဿိက ဘာတုံး (ရှုပါ)။ ဟော သူကဖြင့် လာပါ၊ ရှုပါ၊ လာပါ ရှုပါလို့ ဦးခင်မောင် ခေါ်နေတယ် (မှန်ပါ ဘုရား)။ ဦးခင်မောင်က ကျောပေးနေရင်တော့ မတတ်နိုင်ဘူး (မှန်ပါ)။ ဒကာ၊ ဒကာမတွေ ကျောပေးနေရင် (မတတ်နိုင်ပါ)။ သူကတော့ မခေါ်ဘူးလား၊ ခေါ်သလား (ခေါ်ပါတယ် ဘုရား)။

အဲ. . . သူခေါ်တာကို ကျောပေးပြီးသကာလ မနေပါနဲ့၊ ခင်ဗျားတို့က ဥပမာ- ခေါ်ရရှာတယ်၊ ထမင်းဆာတယ်၊ ဒကာ၊ ဒကာမတို့ ထမင်းဆာတယ်ဆိုတော့ ဆာလောင်မွတ်သိပ်တဲ့ လောဘသော်လည်းကောင်း၊ ဆာလို့ သည်းမခံနိုင်တဲ့ ဒေါသသော်လည်းကောင်း ဝမ်းထဲက မခေါ်ဘူးလား (ခေါ်ပါတယ် ဘုရား)။

ဩော်. . . ဒါဖြင့် ဆာလောင်မွတ်သိပ်တဲ့ ဒေါသကလေးဟာလည်း ဖြစ်ပြီးပျက်တာပဲ၊ အနိစ္စလို့ ဉာဏ်နဲ့လိုက်ရမယ် မဟုတ်ဘူးလား (မှန်ပါ ဘုရား)။ အို. . . ကျုပ်တို့ဖြင့် ထမင်းဆာလိုက်တာ စိတ်ကိုပျက်လို့ဆိုတော့ ဒေါသနဲ့သွားလိုက်တာ (မှန်ပါ)။ အလိုက်က လွဲနေတယ် (မှန်ပါ)။ သဘောကျပလား (ကျပါပြီ)။

အဲဒီလို ဒေါသနဲ့ အလိုက်လွဲတဲ့အခါကျတော့ မယားက ထမင်းမကျက်သေး၊ ယောက်ျားကလည်း ထမင်းဆာ ရန်ဖြစ်ရုံရှိတော့တယ် (မှန်ပါ ဘုရား)။ မလိုက်တတ်လို့ပေါ့ဗျာ (မှန်ပါ ဘုရား)။ မလိုက်တတ်တော့ ကိုမြရွှေ ဘယ့်နှယ်ဖြစ်ကုန်သလဲ (ရန်ဖြစ်ပါတယ် ဘုရား)။

အဲဒါ ခင်ဗျားတို့က ရန်တော့ဖြစ်တတ်တယ်တဲ့၊ ရန်ပြေအောင်တော့ မလုပ်တတ်ဘူး (မှန်ပါ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ အခု ရန်ပြေနည်း နည်းရပါသလား (ရပါပြီ ဘုရား)။

ထမင်းဆာတယ်ဆိုတော့ လောဘကလေးဟာ ဖြစ်ပြီးပျက်တာပဲလို့ သန္ဒိဋ္ဌိကောနဲ့လိုက် (မှန်ပါ)။ မလိုက်ရဲပေဘူး



www.burmeseclassic.com

www.burmeseclassic.com

လား (လိုက်ရပါတယ် ဘုရား)။ သူက ဧဟိပဿိကောကိုး၊ ဆာမှန်းသိအောင်ကို ပြောနေတာ (မှန်ပါ့)။

ကျုပ်ဆာပြီ၊ ကျုပ်ဆာပြီ၊ ကျုပ်ဆာပြီ၊ ခင်ဗျားတို့ လာခဲ့ကြ လာခဲ့ကြ လာခဲ့ကြလို့ မခေါ်ဘူးလား (ခေါ်ပါတယ် ဘုရား)။ အဲဒါ ခင်ဗျားတို့ ဒေါသနဲ့သွားလိုက်၊ လောဘနဲ့သွားလိုက်၊ ဉာဏ်နဲ့မှ မသွားလိုက်ဘဲ (မှန်ပါ့ ဘုရား)။

ဉာဏ်နဲ့သွားလိုက်တော့ ဆာလောင်မွတ်သိပ်တာ ကလေးက ဖြစ်ပြီးပျက်တယ် (မှန်ပါ့)။ အနိစ္စက ခေါ်တယ်ဆိုတော့ ဦးစံရင် မမိဘူးလား (မိပါတယ် ဘုရား)။

ကဲ. . . ဒါဖြင့် ထမင်းဆာတဲ့အခါ ဟော သွားတတ်လာတတ်ပလား (သွားတတ် လာတတ်ပါပြီ ဘုရား)။ ဘာနဲ့ သွားကြမယ် (ဉာဏ်နဲ့ သွားပါ့မယ်)။ ဉာဏ်နဲ့သွားရမယ်၊ ဆာတာကတော့ ခေါ်တာအမှန်ပဲနော် (မှန်ပါ့ ဘုရား)။

ခြင်ကလေး ကိုက်တယ်၊ ကိုက်တဲ့နေရာ ဒုက္ခဝေဒနာ ကလေးက အယားဖျောက်ပေးပါလို့ မခေါ်ဘူးလား (ခေါ်ပါ ဘုရား)။ အဲဒါ ခင်ဗျားတို့က လက်နဲ့တော့ သွားပြီး ခြင်ကိုက်လို့ စိတ်ဆိုးတယ်ဆိုတော့ ဒေါသနဲ့ သွားလိုက်တာကိုး (မှန်ပါ့)။

ဒီခြင်ပုန်းတွေကြောင့် ခက်တာပဲ၊ တစ်ညလုံး အိပ်ရတော့မှာ မဟုတ်ဘူး၊ ကျုပ်ဖြင့် စိတ်များပျက်ပါပေါ့၊ အစရှိသည်နဲ့ ခင်ဗျားတို့ကလည်း ရှုလိုက်တဲ့ဖြစ်ခြင်း၊ ရှုတယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ်တန်းတာ (မှန်ပါ့ ဘုရား)။ ရိပ်မိပလား (ရိပ်မိပါပြီ)။

ဒါဖြင့် ဘာနဲ့သွားရမလဲ (ဉာဏ်နဲ့ သွားရပါမယ်)။ ဉာဏ်နဲ့သွားလိုက်တဲ့အခါကျတော့ ယားတဲ့နေရာကလေးဟာ တကယ်ပဲ ယားတာလား၊ သာမန်ယားတာပဲလား၊ ဒါကလေးဟာ အနိစ္စကလေးတစ်မျိုး ပေါ်လာတာပဲလို့ ကြည့်လိုက်ပါဗျ (အနိစ္စကလေး ပေါ်လာတာပါ ဘုရား)။ ဘယ့်နှယ်ဖြေကြမယ် (အနိစ္စကလေး ပေါ်လာတာပါ ဘုရား)။

ဒါဖြင့် အနိစ္စနောက်က ဉာဏ်လိုက်လိုက်တာပေါ့ (မှန်ပါ့ ဘုရား)။ ဒါဖြင့် ယားတဲ့ဝေဒနာက အနိစ္စ၊ ဉာဏ်လိုက်တာက မဂ္ဂ၊ ခုနက ဒေါသ၊ သောက၊ ပရိဒေဝတွေ သေတာက ဒကာ၊ ဒကာမတို့ သိတဲ့အတိုင်း အကာလိက၊ သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် အနိစ္စ၊ မဂ္ဂ၊ အကာလိက ဒီလိုဖြစ်ကြပါတယ် (မှန်ပါ့)။ ဒါက ဘယ့်နှယ်ဆိုကြမယ် (အနိစ္စပါ ဘုရား)။ လိုက်တာက (မဂ္ဂပါ ဘုရား)။ အင်း. . . ဟင် ဒီဘက်က ချုပ်တာက (အကာလိကပါ)၊ ပေါ်တာက (အနိစ္စပါ)၊ လိုက်တာက (မဂ္ဂပါ)၊ အကျိုးပေးတာက (အကာလိကပါ)။

ဒီလိုချည်း သွားရမှာ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဒီလိုနဲ့ ပြီးသွားတာပဲ။ အားလုံးသော အရိယာတွေဟာ ဒီလိုနဲ့ ပြီးသွားတာပဲ။ ဒီအကာလိကနဲ့ပဲ အပါယ်လေးပါး တံခါးပိတ်ပြီး နိဗ္ဗာန်တံခါး ပွင့်သွားတယ် (မှန်ပါ့)။

အပါယ်လေးပါး တံခါးပိတ်တယ် ဆိုကတည်းက ဒီတရားဟာ နိဗ္ဗာန်ပဲ သွားတော့တယ်။ ဒီပြင်သွားသေးရဲ့လား (မသွားပါ ဘုရား)။ သေချာကြပလား (သေချာပါပြီ)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ယနေ့ တရားစစချင်းပဲ ခင်ဗျားတို့ အလုပ်ပေးနေတယ်ဆိုတာ သေချာပလား (သေချာပါပြီ)။ စိတ်ရှုတဲ့ပုဂ္ဂိုလ်လည်း ဒီအတိုင်းလိုက်၊ ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်လည်း (ဒီအတိုင်း လိုက်ရပါမယ်)။ ဝေဒနာခေါ်ရာ လိုက်ပေါ့ဗျ (မှန်ပါ့ ဘုရား)။

ဒါဖြင့် ပေါ်တဲ့နေရာတွေတော့ ဘုန်းကြီး နေ့တိုင်းလိုလိုပဲ ပြောနေတယ်။ သူ့ချည်း ထပ်ပြောနေလို့လည်း ဒီပြင်ဟာတွေ မစုံဘဲနေမှာစိုးလို့နော် (မှန်ပါ့ ဘုရား)။ ကျေနပ်ပလား (ကျေနပ်ပါပြီ ဘုရား)။

အဲဒီတော့ ဒီဥစ္စာ မြန်မြန်လုပ်ရမည့် အလုပ်လား၊ နှေးနှေးလုပ်ရမည့် အလုပ်လား (မြန်မြန်လုပ်ရမည့် အလုပ်ပါ ဘုရား)။ ကျုပ်က အကျိုးပေးဆိုလို့ရှိရင် မကြိုက်ဘူးဆိုတာ လူတိုင်းပါးစပ်မှာ ရှိပါလိမ့်မယ် (မှန်ပါ့ ဘုရား)။ အဲဒီတော့ အခုလုပ်ရင် အခုအကျိုးပေးမယ်ဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။ ဒါကြောင့် အကာလိကော အခါမလင့် အကျိုးပေးတယ်ကွ (မှန်ပါ့)။ ဗေဒင်မေးတာကမှ ခင်ဗျားတို့ နောက်ခြောက်လရှိ အကျိုးပေးပါလိမ့်မယ် ပြောချင်ပြောနေဦးမယ် (မှန်ပါ့)။ မဟုတ်ဘူးလား (မှန် ပါ့)။

ဒါက ဘယ်အချိန်အကျိုးပေးမှာတုံး (အခု အကျိုးပေးမှာပါဘုရား)။ အခုလုပ် အခုအကျိုးပေးမှာ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။ ယတြာချေကြဖို့ လိုသေးသလား (မလိုပါ)။ ယတြာမချေပါနဲ့၊ ဧဟိပဿိကော ခေါ်ရာကို ဘာလုပ်ရမတုံး (သန္ဒိဋ္ဌိကော လိုက်ရပါမယ် ဘုရား)။

လိုက်ရင် ဒါ ဘာဖြစ်သွားသတုံး (အကာလိကော ဖြစ်သွားပါတယ်)။ အကာလိကော ဖြစ်နေတော့ ဒကာ၊ ဒကာမတို့ ယတြာချေတာ၊ ဒါ ယတြာချေတာအစစ်လို့ မှတ်ပေတော့ (မှန်ပါ့ ဘုရား)။ ကိလေသာရန်သူတွေ ချေမှုန်းပစ်တာ (မှန်ပါ့ ဘုရား)။

မကောင်းကျိုးပေးတာက ဘယ်သူက ပေးတာတုံး (ကိလေသာက ပေးတာပါ)။ ကိလေသာတွေက ပေးတာ မဟုတ်လား (မှန်ပါ့)။ အဲဒါတွေ ချေမှုန်းပစ်လိုက်တယ်ဆိုကတည်းက ခင်ဗျားတို့ယတြာ ယပ်ရှစ်စင်းတို့ လိုသေးလား (မလိုပါ ဘုရား)။ မလိုပါဘူး၊ စက္ကူယပ်ကလေးတွေ ခတ်လို့လည်း မဖြစ်ပါဘူး။ ခင်ဗျားတို့ လုပ်တာ (မှန်ပါ့)။ ဖြစ်ကောဖြစ်ရဲ့လား (မဖြစ်ပါ ဘုရား)။

မဖြစ်ဘူးအလကားပဲ၊ ယတြာဆိုတဲ့အတိုင်း ပရိယာယ်လုပ်နေတာနော် (မှန်ပါ့ ဘုရား)။ ကဲ. . . ဒါဖြင့် ဒကာ၊ ဒကာမတွေ ဝိပဿနာအလုပ် လုပ်တတ်ပါ့မလား (လုပ်တတ်ပါပြီ ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူခေါ်ရာ ဘယ်ဝါနဲ့လိုက်မယ် (ဇဟိပဿိကော ခေါ်ရာ သန္တိဋ္ဌိကောနဲ့ လိုက်ရပါမယ်)။ လိုက်ခြင်းကြောင့် ဘယ်လိုများ အကျိုးပေးပါလိမ့် (အကာလိကော အကျိုးပေးပါတယ် ဘုရား)။ အကာလိကောဆိုတာ အခါမလင့်ကို အကျိုးပေးချလိုက်တယ် (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်မှာ တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော ရန်သူတွေ တိုက်ဖျက်တဲ့ဉစ္စာ၊ တော်တော်ကြာကြာ တိုက်ရသလားတဲ့။ ဇဟိပဿိကော ခေါ်ရာကို သန္တိဋ္ဌိကောနဲ့ လိုက်တာနဲ့ ကစ်ထောင့်ငါးရာကိလေသာတွေငြိမ်းတဲ့ အကျိုးပေးသွားတယ် (မှန်ပါ့)။ မပေးဘူးလား (ပေးပါတယ် ဘုရား)။ သဘောပါကြလား (ပါပါပြီ ဘုရား)။

ဒါဖြင့် ဝိပဿနာမဂ်က လောကုတ္တရာမဂ် ဖြစ်သွားတယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။

အဲဒီတော့ အားလုံး တရားနာကြတဲ့ပုဂ္ဂိုလ်တွေ ပင်ပင်ပန်းပန်းနဲ့ အဝေးကြီးကလည်း လာကြရတယ်။ ဒီမှာ နေကြထိုင်ကြရတာကလည်း တိုးတိုးဝှေ့ဝှေ့ဆိုသလို နေကြရတဲ့အထဲမှာ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ယနေ့ ဒီသုံးလုံးပြောတာကို အသည်းစွဲမှတ်ပါ (မှန်ပါ့ ဘုရား)။ အရေးအကြီးဆုံးပဲ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။

ဝေဒနာက ခေါ်တယ် ဇဟိပဿိကောပဲ (မှန်ပါ့)။ စိတ်က ခေါ်ရင်ကော (ဇဟိပဿိကောပါ)။ စိတ်ပေါ်ရင် ခေါ်ပြီသာမှတ်ပေတော့၊ ဝေဒနာပေါ်ရင်ကော (ခေါ်ပါတယ် ဘုရား)။ ခေါ်တာပဲ။

သညာသင်္ခါရတွေ ဖောက်ပြန်လာရင်ကော (ခေါ်တာပါပဲ ဘုရား)။

ဒီတော့ မခေါ်တဲ့အချိန်တော့ မရှိဘူး (မှန်ပါ့)။ မလိုက်တဲ့အချိန်ရှိတယ် (မှန်ပါ့ ဘုရား)။ မခေါ်တဲ့ အချိန်တော့ (မရှိပါ ဘုရား)။ မလိုက်တဲ့အချိန်ကတော့ (ရှိပါတယ် ဘုရား)။

ဩော်. . . ဒါဖြင့် ခင်ဗျားတို့ ဘုရားအဆူဆူနဲ့ လွဲရတာက ဒီဇဟိပဿိကောနောက်က သန္တိဋ္ဌိကော မလိုက်မိလို့ လွဲတာ (မှန်ပါ့ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဇဟိပဿိကောနောက်က (သန္တိဋ္ဌိကော မလိုက်မိလို့ လွဲတာပါ ဘုရား)။ သန္တိဋ္ဌိကော မလိုက်မိတာနဲ့ ခင်ဗျားတို့ ဘုရားအဆူဆူနဲ့လွဲတော့ တရားအဖုံဖုံနဲ့လည်း လွဲရတယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ ဘုရား)။

ဘုရားနဲ့လွဲတာက ဒါလောက်အရေးမကြီးဘူး၊ ဘုရားဟောထားတဲ့ တရားနဲ့ လွဲတာက သာပြီး ကိုယ်ကျိုးနည်းတယ် (မှန်ပါ့ ဘုရား)။

ဘုရားနဲ့လွဲတာက ဒီလောက်ကိုယ်ကျိုးမနည်းသေးဘူး (မှန်ပါ့)။ တရားနဲ့လွဲတာက (ကိုယ်ကျိုးနည်းပါတယ် ဘုရား)။ ခေါ်ရာ မလိုက်မိတာကိုးကွ (မှန်ပါ့ ဘုရား)။

ဘုရားမရှိမှ ကျွတ်တမ်းဝင်တဲ့ ပုဂ္ဂိုလ်တွေဟာ ဘုရားနဲ့လွဲပြီးသားပဲ (မှန်ပါ့)။ တရားနဲ့ မလွဲတာနဲ့ ဘာဖြစ်ကုန်ကြတယ် (ကျွတ်တမ်းဝင်ကြပါတယ် ဘုရား)။ ခင်ဗျားတို့ကော အခု ကျွတ်တမ်းဝင်နိုင်ပါသေးတယ် ဆိုတာကော သေချာပလား (သေချာပါပြီ)။ ကိုင်း. . . ဒါဖြင့် ကြိုးကြိုးစားစား လုပ်ကြစမ်းပါဆိုတာ သတိပေးလိုက်ပါတယ် (မှန်ပါ့ ဘုရား)။

ဟာ. . . ဒီလိုဖြင့် မလုပ်တော့ဘူး ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ မလုပ်တဲ့အချိန်မှာ ဟိုမှာ ခင်ဗျားတို့ ပဋိသန္ဓေမှုပွဲဒ် တန်ပြီဆိုလို့ရှိရင် လောဘ၊ ဒေါသ၊ လောဘ ဆိုလို့ရှိရင် တဏှာ ဉပါဒါန်ကံ မလာသေးဘူးလား (လာပါတယ်ဘုရား)။ ဒေါသဆိုရင် ဒေါသ၊ သောက၊ ပရိဒေဝ အဝိဇ္ဇာမလာဘူးလား (လာပါတယ် ဘုရား)။ မောဟဆိုလို့ရှိရင် အဝိဇ္ဇာ သင်္ခါရ ဝိညာဉ် မလာပေဘူးလား (လာပါတယ် ဘုရား)။

အဲဒါ ခင်ဗျားတို့ ဒီကနေပြီးသကာလ ငါလာလို့ရှိရင် အဆင်သင့်ဖြစ်အောင် ဆိုပြီးသကာလ ငရဲမီးမွှေးပြီးသကာလ ငရဲအိုးတည်နေတာသာ မှတ်ပေတော့ (မှန်ပါ့)။ မလိုက်မိရင် မလိုက်မိရင် (မှန်ပါ့)။ ကိုမြရွှေ ခြောက်တယ်ထင်သလား၊ အမှန်ပဲလား (အမှန်ပါပဲဘုရား)။ ဒကာ၊ ဒကာမတွေ သေသေချာချာ ယုံရဲ့လား (ယုံပါတယ် ဘုရား)။

မယုံရင် ဝတ္ထုကလေးတစ်ခု ထုတ်ပြမယ်နော် (မှန်ပါ့)။ မယုံလို့ရှိရင် ဝတ္ထုကလေး ထုတ်ပြမယ်၊ တိုတိုကလေး ထုတ်ပြမယ်၊ ခင်ဗျားတို့ ဒီအလုပ် မဟာကြစေနဲ့ (မှန်ပါ့)။

လူ့ပြည်မှာ ဘုရားကို နန္ဒိယဆိုတဲ့ ကျောင်းဒကာဟာ ကျောင်းဆောက်လှူတယ် (မှန်ပါ့)။ နန္ဒိယဆိုတာ ဘုရားလက်ထက်ကလေ (မှန်ပါ့)။ နန္ဒိယ ကျောင်းဒကာဆိုတာ ကြားဖူးကြပါလိမ့်မယ်။ အဲဒီ လူ့ပြည်မှာ ကျောင်းဆောက်လှူတော့ နတ်ပြည်မှာ သူမသေခင်က ဉီးခင်မောင် ဘုံဗိမာန်တွေပေါက်နေတယ် (မှန်ပါ့)။ မပေါက်ဘူးလား (ပေါက်ပါတယ် ဘုရား)။

ဘယ်ထဲကနေ ဆောက်လိုက်တာတုံး မေးတော့ လူ့ပြည်က ဆောက်လိုက်တာ (မှန်ပါ့)။ ဘယ့်နှယ် ပြောကြမလဲ (လူ့ပြည်က ဆောက်လိုက်တာပါ ဘုရား)။

လူ့ပြည်က ဆောက်လိုက်တော့ နတ်ပြည်မှာ ဘာဖြစ်နေသလဲ (ဘုံပေါက်နေပါတယ် ဘုရား)။ သေပလားတဲ့ အဲဒီပုဂ္ဂိုလ်ဟာ (မသေသေးပါ ဘုရား)။ မသေခင်က ဘုံပေါက်နေတယ် (မှန်ပါ့)။ ကုသိုလ်တည်းဟူသော အကြောင်းကြောင့် ကုသိုလ်ဘုံပေါက်နေတယ် (မှန်ပါ့)။

(ဆက်ရန်)

❒ ဓမ္မဒါန




www.burmeseclassic.com

www.burmeseclassic.com

# စစ်သူကြီးမဟာဗန္ဓုလ အရိုးအိုးစေတီနှင့် သူ့ရဲ့ကောင်းပီမာန်

စောင်းကောင်းမြတ်



အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ သမိုင်းစာမျက်နှာပေါ်တွင် အကြီးကျယ်ဆုံး စွမ်းရည် အထက်ဆုံး၊ စစ်ရေးပရိယာယ်နှင့် နည်းဗျူဟာ အကျွမ်းကျင်ဆုံးနှင့် နိုင်ငံတကာ စစ်ဗိုလ်ချုပ်ကြီးများကပင် အကြည်ညိုဆုံး အလေးစားရဆုံးသော မြန်မာစစ်သူကြီးတစ်ဦးကို ပြပါဟုဆိုလျှင် မြန်မာသူရဲကောင်းစစ်သူကြီး သတိုးသုဓမ္မမဟာဗန္ဓုလကိုပင် ပြရပေလိမ့်မည်။ စစ်သူကြီးမဟာဗန္ဓုလသည် စစ်ရေးဗျူဟာ ကျွမ်းကျင်သကဲ့သို့ အုပ်ချုပ်ရေးပိုင်း ဆိုင်ရာမှာလည်း တိကျပြတ်သားသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။

မဟာဗန္ဓုလသည် ဘိုးတော်ဘုရားလက်ထက် မဏိပူရ၊ အာသံတိုက်ပွဲများနှင့် ဘကြီးတော်မင်းကြီးလက်ထက် အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် စွမ်းရည်ထက်မြက်စွာ တိုက်ပွဲဝင်နိုင်ခဲ့သဖြင့် ထင်ပေါ်ကျော်ကြားလာခဲ့သော စစ်သူကြီး ဖြစ်လေသည်။


စစ်သူကြီး မဟာဗန္ဓုလသည် သာမန် မထင်ရှားသော မိသားစုမှ မွေးဖွားလာခဲ့သူ ဖြစ်သော်လည်း ရဲစွမ်းသတ္တိရှိမှု၊ လုံ့လဝီရိယကြီးမားမှုနှင့်တကွ စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်တို့ဖြင့် ပြည့်စုံပြီး လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်သောကြောင့် မင်းညီမင်းသားများသာ ခံယူထိုက်သော သတိုးဘွဲ့နှင့် စစ်သူကြီးဘဝကို ထိုက်တန်စွာ ချီးမြှင့်မြှောက်စားခြင်း ခံရသူဖြစ်လေသည်။

စစ်သူကြီး မဟာဗန္ဓုလသည် ဘိုးတော်ဘုရား၏ သားတော်အိမ်ရှေ့မင်း အဆောင်၌ အမှုတော်ထမ်းရွက်ရာမှတစ်ဆင့် ကိုယ်ရံတော်အဖြစ် အမှုထမ်းရလေသည်။ အိမ်ရှေ့မင်း နတ်ရွာစံ၍ စစ်ကိုင်းမင်းသား အိမ်ရှေ့စံ ဆက်ခံသောအခါ အမှုတော်ကို ထမ်းရွက်သော်လည်း ချီးမြှင့် မြှောက်စားခြင်း မခံရပေ။

ထို့ကြောင့် မဟာဗန္ဓုလဖြစ်လာမည့် မောင်ရစ်သည် တစ်ခုသော ညီလာခံတွင် သူ့ဘေးမှ ခစားနေသော မင်းချင်းတစ်ဦးအား တံတောင်ဖြင့် အကြောင်းမဲ့ ထ၍ထောင်းလေသည်။ မင်းချင်းလည်း အထောင်းခံရသဖြင့် လွန်စွာ နာကျင်သောကြောင့် အော်ဟစ်လေသည်။

ထိုအခြင်းအရာကို မင်းကြီး မြင်တွေ့လေလျှင် "ဟဲ့ ငရစ် ညီလာခံတွင် အဘယ်ကြောင့် မင်းချင်းအား ထောင်းရသနည်း" ဟု မေးသည်။

www.burmeseclassic.com



မြသပိတ်စေတီတော်အား အရှေ့ဘက်စောင်းတန်းမြေမှ ရှုမြင်ရပုံ



မင်းလှခံတပ်ကြီးအား အနီးကပ်တွေ့မြင်ရစဉ်

မောင်ရစ်လည်း မင်းကြီးအား မကြောက်မလန့် ရဲဝံ့စွာဖြင့် "မှန်လှပါ ကျွန်တော်မျိုး ငရစ် အရှင်မင်းကြီးထံ အမှုတော်ထမ်းရွက်ခဲ့ပြီး တာဝန်ဝတ္တရားများ ကျေပြွန်ပါသော်လဲ အရှင်မင်းကြီး၏ ငရစ် ဟု တစ်ခါဖူးမျှ အခေါ်မခံရပါ၍ အရှင်မင်းကြီး၏ ငရစ်အခေါ်ခံလိုပါသဖြင့် ထုထောင်းရခြင်းသာ ဖြစ်ပါသည်၊ မင်းချင်းအား နာကျင်စေလို၍ မဟုတ်ပါ၊ ထားလျှင်လဲရှင်ပါမည်၊ သတ်လျှင်လဲသေပါမည်"ဟု တင်လျှောက်ခဲ့လေသည်။

ထိုအခါ မင်းကြီးလည်း မောင်ရစ်၏ သတ္တိနှင့် ရဲရင့်ပြတ်သားမှုတို့ကို နှစ်သက်ကာ သဘောတော်ကျသဖြင့် ဖြတိုက်သံတော်ဆင့်အရာ ချီးမြှင့်ခဲ့လေသည်။

ထို့နောက် သက္ကရာဇ် ၁၁၇၅ ခုနှစ်တွင် ဒီပဲယင်းမြို့ကို စားရပြီး နေမျိုးသူရရဲခေါင်ဘွဲ့ ချီးမြှင့်ပေးသနားခြင်း ခံရသည်။

၁၁၇၅ ခုနှစ် ဘိုးတော်ဘုရားလက်ထက် မဏိပူရစော်ဘွားညီအစ်ကိုတို့ မသင့်မတင့်ရှိ၍ စေ့စပ်ရန် ဘိုးတော်ဘုရားက အခေါ်လွှတ်သည်တွင် ကသည်း စော်ဘွားက မလာရောက်နေသဖြင့် ဒီပဲယင်းမြို့ဝန် နေမျိုးသူရရဲခေါင်နှင့် ဗိုလ်ချုပ်အတွင်းဝန် နေမျိုးမင်းလှမင်းခေါင် ဦးစီးသော တပ်ပေါင်း (၂၀)နှင့်အတူ တမူး၊ ပန်းသာစစ်ကြောင်းမှ ချီလေသည်။

ထိုပွဲတွင် နေမျိုးသူရရဲခေါင်၏ စစ်ရေးစွမ်းရည် ထက်မြက်မှုကြောင့် ထင်ရှားကျော်ကြားခဲ့ပြန်သည်။

ဘကြီးတော်ဘုရား လက်ထက်တွင် အင်္ဂလိပ်တို့သည် နတ်မြစ်ဝရှိ မြန်မာပိုင် ရှင်မဖြူကျွန်းကို ကျူးကျော်လာကြောင်း မင်းကြီး သိလေသော် မဟာဗန္ဓုလအား ဗိုလ်မှူးခန့်အပ်၍ ချီတက်စေသည်။ အင်္ဂလိပ်စစ်တပ်များလည်း စစ်တကောင်း ပန်းဝါတွင် အခိုင်အမာ တပ်စွဲလျက်ရှိသည်။

မဟာဗန္ဓုလ၏ တပ်များသည် ပန်းဝါသို့ ချီတက်သွားပြီး ပန်းဝါအရှေ့ဘက်တောင်ကုန်းများကို သိမ်းပိုက်နိုင်ခဲ့သည်။ ထိုအခါ မြန်မာ့တပ်မတော်နှင့် အင်္ဂလိပ်တပ်တို့သည် ပန်းဝါမြစ်သာခြားတော့သည်။ မြန်မာတပ်များသည် ပန်းဝါမြစ်ကို ခက်ခဲစွာ ဖြတ်ကူးပြီးနောက် အင်္ဂလိပ်တပ်များရှိရာ ကန်ပေါင်ဆီသို့ ချဉ်းကပ်ကြလေသည်။

ထို့နောက် ကန်ပေါင်တစ်ခုမှနေ၍ အင်္ဂလိပ်စစ်တပ်ကို စတင်တိုက်ခိုက်ကြသည်။ အင်္ဂလိပ်စစ်တပ်သည် ကန်ပေါင်ရိုး အနောက်ဘက်သို့ တပ်အချို့ ရွှေ့ပြောင်းထားပြီး မြန်မာတပ်များကို ခုခံတိုက်ခိုက်ကြလေသည်။

မြန်မာတပ်များသည် အင်္ဂလိပ်တို့ ပစ်ခတ်နေသည့်ကြားမှ ရှေ့သို့ တက်လာကြသည်။ ကတုတ်နှင့် မြေကျင်းများတူး၍ နေရာယူပြီး တိုက်ခိုက်ကြရာ အင်္ဂလိပ်တို့ဘက်၌ အကျအဆုံးများလာသည်။

နောက်ဆုံးတွင် မြန်မာတပ်များ၏ တရစပ်ထိုးဖောက်စစ်ဆင်မှုကို ခံနိုင်စွမ်းမရှိတော့သဖြင့် အင်္ဂလိပ်တပ်များ ဖရိုဖရဲ ဖြစ်ကာ ဆုတ်ခွာထွက်ပြေးရလေတော့သည်။ ပန်းဝါစစ်ပွဲတွင် စစ်သူကြီး မဟာဗန္ဓုလ၏ မြန်မာတပ်များ အောင်မြင်လိုက်သည့် သတင်းကို အင်္ဂလိပ်တပ်များ ကြားသိလိုက်သောအခါ များစွာ တုန်လှုပ် ချောက်ချားကြလေသည်။

ပန်းဝါတိုက်ပွဲသည် မြန်မာတို့၏ ရဲသွေးရဲမာန်ကို ပြသခွင့်ရလိုက်သော အောင်ပွဲတစ်ခုဖြစ်ပေသည်။ ထိုတိုက်ပွဲ





www.burmeseclassic.com

www.burmeseclassic.com



ရွှေစည်းခုံစေတီတော်

ကြောင့် စစ်သူကြီးမဟာဗန္ဓုလ၏ ဂုဏ်သတင်းသည်လည်း နိုင်ငံနှင့် တစ်ဝန်း ထင်ပေါ် ကျော်ကြားခဲ့လေသည်။

မြန်မာမှုဝလေ့တစ်ရပ်တွင် အဆိုအမိန့်တစ်ခုရှိလေသည်။ ထိုအဆိုအမိန့်မှာ သူရဲကောင်းတို့အား ချီးမြှင့်မြှောက်စားရာတွင် သတိုးဟူ၍ တစ်ဖုံ၊ နေမျိုးဟူ၍ တစ်မျိုး ချီးမြှင့် မြှောက်စားလေ့ရှိရာ တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ပြီး ရဲရဲစွာ စွန့်စားသူများအား သတိုးဟူသော ဘွဲ့ကို ချီးမြှင့်မြှောက်စားခြင်း ခံခဲ့ရလေသည်။

စစ်သူကြီးမဟာဗန္ဓုလတပ်များသည် အာသံ မဏိပူရဘက်သို့ ဆက်လက်ချီတက်သိမ်းယူပြီး စစ်ဦးကျွံနေသည်ဟု ယူဆထားသော အင်္ဂလိပ်တပ်များသည် မဏိပူရတိုင်အောင် သိမ်းပိုက်လိမ့်မည်ဟု ယူဆပြီး ထိတ်လန့်နေကြသည်။ ထိုအချိန်တွင် အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအောက်ပိုင်းအား ရေတပ်အင်အား အပြည့်ဖြင့် ချီတက်၍ စတင် တိုက်ခိုက်လေသည်။ ထိုအခါ ဘကြီးတော်မင်းတရားသည် စစ်သူကြီးမဟာဗန္ဓုလအား ပန်းဝါမှ ဒဂုံသို့ အမြန်ပြန်လည် ဆုတ်ခွာလာရန် အမိန့်တော်ရောက်ရှိလာသဖြင့် မဟာဗန္ဓုလသည် အနောက်ရိုးမတောင်တန်းမှ မိုင်(၂၀၀)ကျော်ကွာဝေးသော ခရီးကို တိုတောင်းလှသော ကာလအတွင်း အမြန်ဆုံး ဆုတ်ခွာခဲ့သော စစ်ရေးဗျူဟာအား အင်္ဂလိပ်တို့သာမက ကမ္ဘာကျော် စစ်ဗိုလ်ချုပ်ကြီးများကပင် ချီးကျူးအံ့သြခဲ့ရလေသည်။




ကျွဲချောင်းခံတပ်အား အနီးကပ်တွေ့မြင်ရပုံ

စစ်သူကြီးမဟာဗန္ဓုလနှင့်သူ၏ တပ်များတွင် ရဲမက်အမှုထမ်း တစ်သောင်းကျော် ဆင်(၅၀)၊ မြင်း (၅၀၀) ကျော် သေနတ် လက်နက်ကိရိယာ အစုံအလင်ဖြင့် ဧညဝတီမှ ဧရာဝတီမြစ်ကမ်းရှိ စလင်း ဆင်ဖြူကျွန်းအရောက် မိုးအများဆုံးကာလဟု ဆိုအပ်သော



www.burmeseclassic.com

www.burmeseclassic.com



မလွန် မြသပိတ်စေတီတော်အား အနောက်ဘက်မှ တွေ့ရသည့်မြင်ကွင်း

ထိုကာလအတွင်း ပန်းဝါမှ ဒဂုံ၊ ဒဂုံမှ မနူဖြူသို့ ဆုတ်ခွာခဲ့ပြီး ခိုင်မာသော ခံတပ်ကို တည်ဆောက်ထားနှင့်သော စစ်သူကြီးမဟာဗန္ဓုလ၏ စစ်ရေးဗျူဟာ အပေါ် မလေးစား မချီးကျူးဘဲ မနေနိုင် ဖြစ်ကြရတော့သည်။

သို့သော် ရေကြောင်းတိုက်ပွဲတွင် ခေတ်မီသော လက်နက်အင်အား တောင့်တင်းခိုင်မာသော အင်္ဂလိပ်တပ်သည် ခေတ်မီစစ်သင်္ဘောများ လက်နက်တို့သည် မြန်မာတို့ထက် များစွာသာလွန်နေသဖြင့် မြန်မာနိုင်ငံအား သိမ်းပိုက်ရန် အသင့်ဖြစ်နေလေသည်။

ဩဂုတ်လအတွင်း ရိုးမတောကြီးထဲ ချောက်များ၊ ချောင်းများကို ဖြတ်ကျော် ချီတက်ခဲ့ရာ စစ်သူကြီးမဟာဗန္ဓုလ၏ ချီတက်ရာလမ်းကြောင်းသည် အလွန်ပင် ကြမ်းတမ်းလှပေသည်။

တောင်ကျရေဖြင့် ပြည့်မောက်နေသော ချောင်းများ၊ မျှော့၊ ကျွတ်၊ မှက်၊ ခြင်၊ ယင်များ ထူထပ်လှသော မြက်တောကြီးများ၊ ချုံနွယ်ပိတ်ပေါင်းများ၊ မြင့်မောက်သည်နှင့်အမျှ အဆင်းတွင် နက်ရှိုင်းလှသော ချောက်ကမ်းပါးကြီးများကိုလည်း ရင်ဆိုင်ကျော်ဖြတ်ခဲ့ရသည်။

ထိုသို့ ကြမ်းတမ်းသော ခရီးကို စစ်သူကြီးမဟာဗန္ဓုလသည် တိုတောင်းသောကာလတစ်ခုအတွင်း ကျော်ဖြတ်လာနိုင်ခဲ့လေသည်။ ထို့နောက် ဒဂုံမြို့ ရွှေတိဂုံစေတီတော်ပေါ်တွင် ခြေကုပ်ယူထားသော အင်္ဂလိပ်တပ်အား ဝင်ရောက်တိုက်သည်။

စစ်သူကြီးမဟာ ဗန္ဓုလသည် အင်္ဂလိပ်တို့၏ စစ်ရေးဗျူဟာကို သဘောပေါက် နားလည်သွားသဖြင့် ဒဂုံမှ ဆုတ်ခွာခဲ့ပြီး အင်္ဂလိပ် ရေတပ်များ ချီတက်မည့် ဧရာဝတီမြစ်ကြောင်း ပိတ်ဆို့ရေးကို အလေးပြုကာ မနူဖြူတွင် ခံတပ်တည်ဆောက်၍ အင်္ဂလိပ်တပ်များ ချီတက်အလာကို စောင့်ဆိုင်းနေလေသည်။



စစ်သူကြီး မဟာဗန္ဓုလ၊ အိုးအိုး သုရဲကောင်းကြေးသွန်းရုပ်နှင့် သုရဲကောင်းဗိမာန်


အင်္ဂလိပ်တပ်များသည် စစ်သူကြီးမဟာဗန္ဓုလ ပန်းဝါတွင် ရောက်ရှိနေသဖြင့် မြန်မာနိုင်ငံအား အလွယ်တကူသိမ်းပိုက် ချီတက်နိုင်မည်ဟု ထင်မှတ်ထားရာ မမျှော်လင့်ဘဲ မနူဖြူမြို့တွင် တပ်စွဲ၍ အသင့်စောင့်ကြိုနေသည်ကို သိရလေသောအခါ များစွာ အံ့ဩတုန်လှုပ် ချောက်ချားသွားရလေတော့သည်။

အမှန်တကယ်မှ ဟုတ်ပါလေစဟု သံသယဝင်၍ တိကျသေချာအောင် စုံစမ်းထောက်လှမ်းသောအခါ စစ်သူကြီးမဟာဗန္ဓုလသည် ရွှေထီးဆောင်း၍ ကွပ်ကဲနေပြီး အခိုင်အမာ တပ်စွဲထားကြောင်း သိသွားကြလေသည်။

သို့သော် အင်္ဂလိပ်စစ်ဗိုလ်ချုပ်ကြီးများအတွက် အကြီးကျယ်ဆုံး အဟန့်အတားကား စစ်သူကြီးမဟာဗန္ဓုလ ဖြစ်လေသည်။ စစ်သူကြီးမဟာဗန္ဓုလ ရှိနေသမျှ ကာလပတ်လုံး မြန်မာနိုင်ငံကို အလွယ်တကူ သိမ်းပိုက်၍ ရနိုင်မည်မဟုတ်ကြောင်း အင်္ဂလိပ်စစ်ဗိုလ်ချုပ်ကြီးများ နားလည် သဘောပေါက်ခဲ့ကြသည်။

ထို့ကြောင့် မနူဖြူတွင် တပ်စွဲထားသော စစ်သူကြီးမဟာဗန္ဓုလနှင့် အတူ သူ့တပ်များပါ ကျဆုံးပါမှ သူတို့အတွက် အလွယ်တကူ သိမ်းပိုက်နိုင်မည်ကို သဘောပေါက်ထားကြသော အင်္ဂလိပ်တို့သည် စစ်သူကြီးမဟာဗန္ဓုလ

www.burmeseclassic.com



လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာကျော်က နိုင်ငံခြားသားတစ်ဦး မှုက်မြင်ရေးဆွဲခဲ့သော မလွန်မြသပိတ်စေတီတော်နှင့် သစ်သားလုံးခံတပ်

၏ မနုဖြူ ဂန္ထဝင်ခံတပ်ထက် စစ်သူကြီး မဟာဗန္ဓုလ၏ စစ်ရေးဗျူဟာ၊ စစ်ရေး အတွေးအခေါ်၊ စစ်ရေးစွမ်းဆောင်မှု တို့ကို ရိုက်ချိုးဖျက်စီးနိုင်ပါမှ သူတို့အကြံ အောင်မြင်မည် ဖြစ်ကြောင်း သတိပြု မိကာ မနုဖြူတိုက်ပွဲတွင် စစ်သူကြီး မဟာဗန္ဓုလအား ပစ်မှတ်အဖြစ် ထား ရှိလိုက်ကြလေတော့သည်။

ထို့ကြောင့် မနုဖြူတိုက်ပွဲတွင် မနုဖြူခံတပ်အား လက်နက်ကြီးများ စက်သေနတ်များဖြင့် တရစပ် ပစ်ခတ် တိုက်ခိုက်၍ အပြင်းအထန် ချေမှုန်း တိုက်ခိုက်ကြလေသည်။ စစ်သူကြီးမဟာ



သူရဲကောင်း မဟာဗန္ဓုလ၏ မြင်းစီးကျောက်ရုပ်

ဗန္ဓုလသည် ရန်သူအင်အား လက်နက် အင်အား ကွာခြားမှု အခြေအနေအရပ် ရပ်တို့ ခံတပ်တွင်းမှ နေ၍ ချင့်ချိန် တွက်ဆနေသည်။

မိမိ တည်ဆောက်ထားသော ခံတပ်နှင့် ရန်သူ၏ လက်နက်ကြီးများ အခြေအနေ အစရှိသော စစ်ရေးဗျူဟာ တို့ကို အစစအရာရာ သေချာအောင် တွက်ဆပြီးမှ အင်္ဂလိပ် စစ်တပ်အား ညက်ညက်ကြေအောင် ချေမှုန်းပစ်နိုင် သောလျှင် အင်္ဂလိပ်တို့ ခါးကြောပြတ်၍ နောက်ဆုတ်သွားပေလိမ့်မည်။

အကယ်၍ ဤခံတပ် ကျဆုံး သွားပါက မြန်မာနိုင်ငံသမိုင်းစာမျက်နှာ ပေါ်တွင် မြန်မာနိုင်ငံ၏ မြေပုံသည် နယ်ချဲ့တို့လက်ဝယ် ရောက်ရှိသွားတော့ မည့် အရေးကို တွေးဆထားခဲ့သည်။

သို့သော် အသားထဲက လောက် ထွက် ဟူသော သစ္စာဖောက်တချို့ထံမှ ရရှိသော သတင်းကြောင့် ခံတပ်အတွင်း ရွှေထီးဆောင်း၍ လှုပ်ရှားကွပ်ကဲကာ တိုက်ပွဲ အခြေအနေကို မရပ်မနား သုံးသပ်၍ အမိန့်ပေးနေသည်မှာ နယ်ချဲ့ တို့ အလိုလား အတောင့်တဆုံးသော မြန်မာနိုင်ငံ၏ စစ်သူရဲကောင်းကြီး စစ်သူကြီး မဟာဗန္ဓုလ ဖြစ်ကြောင်း နယ်ချဲ့အင်္ဂလိပ်တပ်များ သိသွားကြ လေသည်။

ခံတပ် အတွင်း၌ကား လက် အောက် မင်းချင်းတို့မှ မင်းကြီးအား ရွှေထီးတော် မဆောင်းဘဲ ခိုင်လုံသော ကတုတ်ကျင်းများအတွင်းမှ ကြီးကြပ် ကွပ်ကဲပါရန် အတန်တန် လျှောက်ထား ကြသော်လည်း သေခြင်းကို အလျှင်း မမှုသော သူရဲကောင်းတို့ထုံး နှလုံးမူ၍ နိုင်ငံနှင့် လူမျိုးအတွက် ရဲရင့်စွာ ခုခံရင်း အင်္ဂလိပ်တို့ တိကျသေချာစွာ ပစ်လိုက် သော ဗုံးကျည်သင့်၍ ကျဆုံးခဲ့ရလေ သည်။

စစ်သူကြီးမဟာဗန္ဓုလ၏ ခန္ဓာ ကိုယ်ကျဆုံးခဲ့သော်လည်း သူရဲကောင်း တို့ ဝိညာဉ်သည် နယ်ချဲ့တို့ရှိရာသို့ မမှိတ်မသုန်ကြည့်နေဆဲပင် ဖြစ်လေ သည်။ ထိုနေ့ကား (၁၂၈၅ ခု၊ ဧပြီလ ၁၇ရက်) မြန်မာသက္ကရာဇ် ၁၁၈၆ ခု၊ တန်ခူးလဆန်း ၁၃ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် ဖြစ်လေသည်။

သတိုးမဟာ မင်းကြီး မဟာ ဗန္ဓုလသည် တိုက်ပွဲအတွင်း မကျဆုံးမီ ရဲမက်အပေါင်းတို့အား အရှည်တစ်မိုင်မျှ ရှည်လျားပြီး အကျယ် ကိုက် ၅၀၀မှ ၈၀၀အထိ ကျယ်ဝန်းသော မနုဖြူခံတပ် ကြီးအတွင်း မိန့်ခွန်းတစ်ရပ် မြွက်ကြား ခဲ့သည်မှာ အလွန်ပင်ကြေကွဲဝမ်းနည်း ဖွယ်ရာ ဖြစ်လေသည်။

ထိုမိန့်ခွန်းမှာ . . .



www.burmeseclassic.com

www.burmeseclassic.com

"ငါတို့ အကြောင်း မညီညွတ်သဖြင့် အရေးတို့သည် ပျက်ယောင်တကားသို့ပင် ဖြစ်စေကာမူ ငါတို့သည် သတ္တိကိုလည်းကောင်း၊ ဝီရိယကိုလည်းကောင်း မလျှော့အပ်ချေ၊ ဤမြန်မာပြည်ဖွား လူအများတို့၏ ဂုဏ်သတင်းကို ကမ္ဘာချဉ်းအောင် ငါသည် ထင်လင်းစေအံ့။

ထိုမှတစ်ပါးလည်း မြန်မာပြည်ဖွား စစ်သူကြီးသည် သေသင့်သည့်နေရာ၌ မတွန့်မဆုတ် သေဝံ့ကြောင်းကို ငါသည် ထင်ရှားစေအံ့၊ တစ်ကြောင်းလည်း စစ်သူကြီးရှိလျက် အရေးပျက်သော် ရာဇဝင်ညှိုးရာသည်၊ စစ်သူကြီးကျဆုံး၍ အရေးပျက်သော်ကား တိုင်းပြည်ကိုလည်းကောင်း၊ အသင်စစ်သားတို့အားလည်းကောင်း အပြစ်ဆိုကြလိမ့်မည်မဟုတ်၊ အပြစ်ဆိုဖွယ်ရာလဲ မရှိချေ၊

သို့ကြောင့်သာလျှင် ငါသို့သော စစ်သူကြီးသည် မြန်မာပြည်၏ဂုဏ်ကို စင်စစ် ကယ်ဆယ်ခဲ့ပေအံ့၊ ထပ်၍လည်း အမွှန်းတင်ခဲ့အံ့၊ အို သူရဲကောင်းတို့ ယခုငါစွန့်စားဝံ့သကဲ့သို့ အသင်တို့နှင့်တကွ နောင်လာ နောက်သားတို့သည် ရဲရင့်တည်ကြည်စွာဖြင့် အရေးအရာရှိက မတွန့်မဆုတ် စွန့်စားကြရန် ငါသည် လက်ငင်းအမှန်ပုံစံ ပြခဲ့ပေတော့အံ့၊ လိုက်နာကြပါကုန်လော့"

အပြောနှင့်အလုပ် ညီညွတ်စွာ သူရဲကောင်းတို့ ထုံးကို နှလုံးမူ၍ ရဲရင့်စွာ သေပြရဲခဲ့သော စစ်သူကြီးမဟာဗန္ဓုလ ကျဆုံးသည်နှင့် ခံတပ်အတွင်းဝယ် ရွှေထီးဆောင်း၍ မင်းကြီးမဟာဗန္ဓုလ၏ အလောင်းကို ကောင်းစွာ မီးသင်္ဂြိုဟ်ကြလေသည်။

ထို့နောက် ကြွင်းကျန်ရစ်သော အရိုးတို့အား ရွှေအိုးဖြင့်ထည့်၍ မင်းကြီး၏ ဝိညာဉ်တော်အား မင်းချင်းတို့ သယ်ဆောင်၍ မနူဖြူမြို့မှ ညတွင်း ထွက်ခွာခဲ့ကြလေသည်။

ဤသို့နှင့် သတိုးမဟာမင်းကြီး ဗန္ဓုလ၏ ဝိညာဉ်နှင့် အရိုးအိုးလေးသည် မင်းလှခံတပ်၊ ကွေ့ချောင်းခံတပ်နှစ်ခုနှင့် လက်တစ်ကမ်းအကွာ ညီတော် မိုးနဲမင်းသားတပ်စွဲခဲ့သော မလွန်သစ်လုံးတပ်ရှိရာသို့ ရောက်ရှိလာခဲ့လေသည်။

ထိုနေရာ ရောက်သောအခါ တပ်မှူးများသည် မဟာဗန္ဓုလ၏ အရိုးအိုးအား မြင့်မြတ်သောနေရာ၌ ထားရှိပြီး ခေတ္တရပ်နားကာ ခရီးတစ်ထောက်နားကြလေသည်။

ထိုအချိန်တွင် နေပြည်တော်ရှိ မင်းတရားကြီးထံမှ တပ်မှူးများအားလုံး နေပြည်တော်သို့ အမြန်ဆုံး ပြန်လည်၍ လာခဲ့ရန် အမိန့်စာရောက်ရှိလာသဖြင့် မဟာဗန္ဓုလ၏ အရိုးအိုးအား မင်းလှမြို့တွင် တပ်စွဲနေသော တပ်မှူးဗလမင်းထင် ဦးဆောင်၍ မလွန်မြို့ဟောင်းရှိ မြသပိတ်စေတီတော်၏ အရှေ့မြောက်ဘက် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်လာသော ဥယျာဉ်ချောင်းတို့ ပေါင်းဆုံရာ မလွန်မြစ်ကမ်းပါးတွင် စေတီတစ်ဆူတည်၍ အရိုးအိုးအား ဌာပနာခဲ့လေသည်။

နှစ်၊လရာသီတို့ ကြာညောင်းလာသောအခါ သဘာဝဘေးဒဏ်ကြောင့် မဟာဗန္ဓုလ အရိုးအိုးစေတီသည် မြစ်ရေတိုက်စားသဖြင့် ပြိုကျရမည့် အနေအထားသို့ ရောက်ရှိလာသဖြင့် ရှေးဟောင်းသုတေသနဦးစီးဌာနမှ ရောက်ရှိလာပြီး ထိုစေတီအား ဖြိုဖျက်၍ အတွင်း၌ ဌာပနာထားသော ရွှေအိုးဖြင့်ထည့်ထားသည့် အရိုးအိုးအား တူးဖော်ပြီး မလွန်သစ်တုံးတပ်ဟောင်းအတွင်းရှိ မြသပိတ်စေတီတော်၏ အရှေ့တောင်ထောင့်နှင့် အရှေ့ဘက်စောင်းတန်း၏ တောင်ဘက်အနီး တောင်ကုန်းငယ်ပေါ်တွင် ယခင်စေတီဟောင်းသဏ္ဌာန် စေတီငယ်တစ်ဆူကို တည်ထား၍ ဌာပနာခဲ့ကြလေသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲများမှ စစ်သူကြီးမဟာဗန္ဓုလ၏ အရိုးအိုး ဟုတ်၊ မဟုတ် သေချာစွာ စစ်ဆေးပြီး အမှန်တကယ်ဖြစ်ကြောင်း သိရှိသွားသောအခါ ထိုမဟာဗန္ဓုလအရိုးအိုးစေတီအနီးတွင် စစ်သူကြီး မဟာဗန္ဓုလအား ဂုဏ်ပြုသောအားဖြင့် မြင်းစီးကြေးရုပ်ကြီးနှင့်အတူ နယ်ချဲ့ ဆန့်ကျင်ရေးတိုက်ပွဲတွင် အသက်စွန့်လွှတ်သွားသည့် သူရဲကောင်း စစ်သူကြီး မဟာဗန္ဓုလ၏ သူရဲကောင်း ဗိမာန်ကြီးကို တည်ဆောက်ပေးခဲ့ပြီး ထိုဗိမာန်အတွင်း လှပသော ပန်းခြံများကို စိုက်ပျိုးဂုဏ်ပြုထားလေသည်။

ထို့နောက် လှပခံ့ညားလှသော သူရဲကောင်းဗိမာန်အတွင်းတွင် မဟာဗန္ဓုလ၏ သမိုင်းအကျဉ်းကို ကျောက်စာကမ္ပည်းထိုးထားလေသည်။

ယခုအခါ မနူဖြူတွင် ကျဆုံးပြီး ညတွင်းချင်း မီးသင်္ဂြိုဟ်ကာ ရွှေအိုးဖြင့် ထည့်ယူဆောင်လာခဲ့သော မဟာဗန္ဓုလ၏ အရိုးအိုးစေတီလေးသည် လည်းကောင်း၊ သူရဲကောင်း ဗိမာန်ကြီးနှင့်အတူ လှပခံ့ညားသော မြင်းစီးကြေးရုပ်ကြီးသည် လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအထက် မင်းလှမြို့နယ် မလွန်မြို့ဟောင်း တောင်ဘက်ရှိ မြသပိတ်စေတီတော်ခြေရင်းဝယ် မှေးစက်အနားယူရင်း တိုးတက်ပြောင်းလဲလာသော နိုင်ငံတော်၏ ခေတ်စနစ်အမျိုးမျိုးကို မမှိတ်မသုန်ကြည့်ရှုနေလေရော့သလား ဟု စာရေးသူ အတွေးဝယ် တွေးထင်စီးမျောနေမိသည်။

<u>လမ်းညွှန်</u>

မဟာဗန္ဓုလသူရဲကောင်း ဗိမာန်နှင့် အရိုးအိုးစေတီ မြင်းစီးကြေးရုပ်အား ဂါရဝပြုလိုပါက ရန်ကုန်-သရက်ရထားဖြင့်သော်လည်းကောင်း၊ ရန်ကုန်-မလွန်ကား (အောင်မင်္ဂလာအဝေးပြေးဂိတ်မှ အောင်ဇမ္ဗူ)ဖြင့်သော်လည်းကောင်း၊ ဆောက်လုပ်ဆဲ မလွန်မြစ်ကူးတံတားမှ သော်လည်းကောင်း လာရောက်ကြည်ညို ဂါရဝပြုနိုင်ပါကြောင်း ရေးသား တင်ပြလိုက်ရပေသည်။

❒ **စောင်းကောင်းမြတ်**



www.burmeseclassic.com

www.burmeseclassic.com



# ဘုရားကျွန် ဆိုသည်မှာ

မောင်မောင်ချစ်ဦး(မုံရွာ)

ဘုရားကျွန် ဆိုသည်မှာ. .

ရှေးဘုရား ပုထိုးများ၏ အမှုကြီးငယ်များကို လုပ်ဆောင်ရန် လှူဒါန်းခြင်းခံရသူများနှင့် မိမိကိုယ်မိမိ လှူဒါန်းထားကြသူများပင် ဖြစ်ကြပါသည်။

ဘုရားကျွန်ဟု ဆိုလိုက်သည်နှင့် တော်တော်များများကပင် သူတောင်းစားများ၊ သူတောင်းစား မျိုးနွယ်များနှင့် မတောင်းလျှင် နူဝဲကြမည့်သူများဟူ၍ပင် အလွယ်တကူ မှတ်သား နားလည်ထင်ထားခဲ့ကြပါသည်။

အမှန်တော့ ဘုရားကျွန်များသည် သူတောင်းစားများ မဟုတ်ကြသလို တောင်းစားသည့် မျိုးနွယ်များလည်း မဟုတ်ကြပါပေ။ အမှန်တော့ ဘုရားကျွန်ဆိုသည်မှာ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါး ကိစ္စရပ်များ ဆောင်ရွက်ရန်ထားရှိသော ကျွန်သီးတော်များပင် ဖြစ်ကြသည်။ ကျွန်သီးတော်တွင် (၅)မျိုးရှိသည်။

၎င်းတို့မှာ. . .

(၁) မြတ်ရကျွန်-ဘုရားဝေယျာဝစ္စ ဖြစ်သော ဆွမ်းတော်တင်၊ ပန်းတော်ကပ် ဖြစ်သော အမှုကို ထမ်းရွက်ရ၍ မြတ်ရကျွန်ဟု ခေါ်ကြသည်။

(၂) ကျောင်းကျွန်- ကျောင်းတွင်း အမှိုက်လှည်း၊ ရေခပ်ပေးခြင်း စသော ဟတ္ထကမ္မအလုပ်အမှုကို ပြုလုပ်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

အမှုရကျွန်၊ မှုးရကျွန်ဟုလည်း ခေါ်ကြပါသည်။

(၃) **ပိဋကတ်ကျွန်**- ပိဋကတ်တော်များကို မပျက်စီးအောင် စောင့်ထိန်းကြရသည်။ စာတတ်မြောက်ကြသူများ ဖြစ်ကြသဖြင့် စာတတ်ကျွန်ဟုလည်း ခေါ်ကြပါသည်။

(၄) **ဖုတ်ရကျွန်**- ကျောင်းကန်များတွင် ရဟန်း သံဃာတော်များအတွက် ချက်ရ၊ ပြုတ်ရ၊ လှော်ရ၊ ဖုတ်ကြရသူများပင် ဖြစ်ကြသည်။

(၅) **သိမ်ကျွန်**- သိမ်ကိုစောင့်ရှောက်ထိန်းသိမ်းကြရသူများပင် ဖြစ်ကြသည်။

အဆိုပါ ကျွန်သီးတော်(၅)မျိုးထဲမှ မြတ်ရကျွန်များသည် ဘုရားကျွန်များပင် ဖြစ်ကြသည်။

ဘုရားကျွန်များကို ရှေးဟောင်းဘုရား ပုထိုးများရှိရာ အရပ်ဒေသများ၊ ဘုရားပွဲများတွင် အများဆုံး တွေ့မြင်ရပါသည်။

ဘုရားကျွန်များ၏ ဝတ်စားဆင်ယင်ကြပုံမှာ ဖျင်အဖြူစကို ခေါင်းတွင်ပေါင်း၊ တိုက်ပုံဖျင် အင်္ကျီနှင့် ချည်ကြမ်းလုံချည်ကို ဝတ်ဆင်ကာ ဖျင်လွယ်အိတ်(၂)လုံးကို ထမ်းပိုးဖြင့် ရှေ့နောက် လျှိုထမ်း၍ တောင်းရမ်းစားသောက်နေကြသော သူများသည် မြတ်ရကျွန်ဟု ခေါ်သော ဘုရားကျွန်များ၏ ဝတ်စား ဆင်ယင်မှုများပင် ဖြစ်ကြပါသည်။

၎င်းတို့ တောင်းစားနေကြရခြင်းမှာ. . . မတောင်းစားလျှင် နူလိမ့်မည်။ တစ်လလျှင် တစ်ရက် တောင်းရမ်းရသည်။ မတောင်းလျှင် နူလိမ့်မည်။

မည်မျှပင် ငွေကြေး ချမ်းသာစေကာမူ အရှေ့ ခုနစ်အိမ်၊ အနောက် ခုနစ်အိမ်အထိ မတောင်းစားလျှင် နူဝဲလိမ့်မည်။

စသည် စသည့် ရိုးရာအစွဲအလမ်းများကြောင့် တောင်းရမ်းနေကြရခြင်း (သို့မဟုတ်) တောင်းရမ်းစားသောက်နေကြရခြင်း ဖြစ်ကြသည်ဟု ၎င်းတို့က အကြောင်းပြဆိုကြပါသည်။

အမှန်တော့ ဘုရားကျွန် ဆိုသည်မှာ အထက်တွင်ဆိုခဲ့သည့်အတိုင်း ဘုရားဝေယျာဝစ္စဖြစ်သော ဆွမ်းတော်တင်၊ ပန်းတော်ကပ်ဖြစ်သော အမှုကို ထမ်းရွက်ရသော အင်မတန် မွန်မြတ်သည့် မြတ်ရကျွန်များသာလျှင် ဖြစ်ကြ၍ တောင်းရမ်းခြင်း မပြုပါကလည်း (၎င်းတို့အကြောင်းပြ ပြောဆိုကြသလို) နူဝဲမည်လည်း မဟုတ်သလို မည်သို့မျှလည်း ဘေးဥပဒ်ဖြစ်စရာ အကြောင်းမရှိပါပေ။ မည်သို့သော အလုပ်ကိုမျှ မလုပ်ချင်ကြဘဲ သက်သောင့်သက်သာဖြင့် တောင်းရမ်း စားသောက်ချင်ကြသောသူများ၏ ပြောစကား ဆိုစကား မမှန်သော မဟုတ်သော စကားများသာလျှင် ဖြစ်ကြပါသည်။

ဘုရားကျွန်ဟူသည်မှာ ဘုရားကျွန်ဆိုသည့်အတိုင်း မြတ်စွာဘုရား၏ နောက်လိုက်၊ သံဃာတော်များ၏ နောက်လိုက်၊ ဘုရား၏ ဝေယျာဝစ္စပြုမှုဆောင်ရွက်ရသူ၊ ဘုရား၏ အလုပ်အကျွေးပြုရသော ပုဂ္ဂိုလ်၊ ဘုရား၏ ကျေးကျွန် ဖြစ်သည်။

ထို့ကြောင့်လည်း ဘုရားကျွန်ဟူ၍ ခေါ်ကြခြင်းပင် ဖြစ်သည်။ လွန်စွာ မြင့်မြတ်လှသည့် လူတန်းစားတစ်ရပ်ပင် ဖြစ်ပါသည်။

ဘုရားကျွန်များ၏ ဘဝအစသည် ပုဂံခေတ်က ဖြစ်ပါသည်။ ပုဂံခေတ်တွင် အရည်းကြီးတို့၏ သာသနာကွယ်ပျောက်၍ ဗုဒ္ဓဘာသာ သာသနာတော်ကြီး နေလို လလို ထွန်းကားလာသည့်အချိန်တွင် ပုဂံသူ၊ ပုဂံသားများတို့သည် မြတ်စွာဘုရား၏ ဘာသာ၊ သာသနာတော်ကို သက်ဝင်ယုံကြည်လွန်း၊ သဒ္ဓါလွန်းသော စိတ်များ ပွားများလာကြပါသည်။

ထိုအခါ မြတ်စွာဘုရားအား လှူဖွယ်ဝတ္ထုများကို လှူဒါန်းပူဇော်ရသည်ထက် မိမိကိုယ်မိမိ ကျွန်အဖြစ် လှူဒါန်းပူဇော်ရသည်ကို ပို၍ မြင့်မြတ်ပို၍အကျိုးရှိသည်ဟု ယုံကြည်လွန်းသောကြောင့် ဘုရားတွင် မိမိကိုယ်မိမိ ဘုရားကျွန်အဖြစ် လှူဒါန်းလိုက်ကြပါသည်။

ထိုသို့ မိမိစိတ်ဆန္ဒများအရ မိမိကိုယ်မိမိ လှူဒါန်းကြသူများ ရှိကြသလို တိုင်းပြည်အုပ်ချုပ်သော ဘုရင်မင်းမြတ်များ၊ သူဌေးသူကြွယ်များကလည်း မိမိတို့၏ သားသမီးများ၊ တပည့်များ၊လူရင်းများအား ဘုရားပုထိုးများတွင် ဘုရားကျွန်များအဖြစ် လှူဒါန်းခြင်းများလည်း အများအပြားပင် ရှိခဲ့ကြပါသည်။

ထို့ကြောင့် ဘုရားကျွန်များသည် ပုဂံခေတ် သာသနာတော်ကြီး ထွန်းကားချိန်မှစ၍ ပေါက်ဖွားလာခြင်း ဖြစ်ပါသည်။ ဘုရားကျွန်များသည် ပုဂံခေတ်တွင် ဘုရား၏ဝေယျာဝစ္စများကို အောင်အောင်မြင်မြင်နှင့် ကိုယ်ကျိုးမဖက်ဘဲ ထမ်းဆောင်ခဲ့ကြသည့်အတွက် မြတ်ရကျွန်ဟုပင် တင်စား သမုတ်ခဲ့ကြပါသည်။

ပုဂံခေတ်ကာလတွင် ဘုရားကျောင်းကန်များတွင် မှီခိုနေကြသော ဘုရားကျွန်များသည် စားဝတ်နေရေးအတွက် မည်သည့်အလုပ်ကိုမျှ လုပ်စရာမလိုဘဲ အဆင်ပြေ၍ တစ်ဝမ်းတစ်ခါး လှပခဲ့ကြပါသည်။

တစ်နည်းအားဖြင့် ဘုရားကျွန်များသည် အစားရ အနေရ ချောင်ခဲ့ကြပါသည်။ ထို့ကြောင့်လည်း စားဝတ်နေရေးအတွက် ပူပင်စရာ လုံးဝမရှိကြသည့်အတွက် ကျောင်းကန် ဘုရားတက်ကြ၊ ဘုရား၏ ဝေယျာဝစ္စများလုပ်ကြ၊ သံဃာတော် အရှင်သူမြတ်များ၏ ဝေယျာဝစ္စများ လုပ်ကြဖြင့် ကိုယ်ဖိရင်ဖိ အချိန်ပြည့် လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းအတွက် ကုသိုလ်လည်းရ ဝမ်းလည်းဝခဲ့ကြပါသည်။

ထို့ပြင် ဘုရားကျွန်များသည် လူတန်းစားအလွှာအဆင့်တွင် အမြင့်မြတ်ဆုံး ဖြစ်ခဲ့သည်။ မြတ်ရကျွန်ဟုပင် တင်စား ခေါ်ဝေါ် သမုတ်ခဲ့ကြပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ဘုရားကျွန်ဟူသည့် လူတန်းစားများသည်ကား အဆင့်အတန်းမြင့်မားလှသည့် လူတန်းစားများပင် ဖြစ်ကြပါသည်။

ထို့ကြောင့်လည်း ပုဂံခေတ်တွင် ဘုရားကျွန်များဆိုလျှင် ပြည်သူပြည်သားများက လေးစားသမှု အရေးတယူပြုမှုမှုကို ခံခဲ့ကြရသော ဂုဏ်ယူဝင့်ကြွားနိုင်သော အဆင့်အတန်း မျိုးနွယ်များဖြစ်ခဲ့ကြပါသည်။ လူတန်းစားများ၏ ထိပ်ဆုံးတွင် ရှိခဲ့သော မြင့်မြတ်လှသည့် လူတန်းစား တစ်ရပ်ပင် ဖြစ်ခဲ့ကြပါသည်။

အုပ်ချုပ်သူ လူတန်းစားများက ပင်လျှင် . . .

"နောင်အခါ ငါ၏ သားသည်လည်းကောင်း၊ ငါ၏ မြေးသည် လည်းကောင်း၊ ငါ၏ အဆွေအမျိုးသည်လည်းကောင်း၊ အခြားသောသူတို့သည် လည်းကောင်း ဤဘုရားတွင် လှူဒါန်းထားသော ကျွန်တို့အားနှိပ်စက်ကလူပြုသည်ရှိသော် ထိုသူတို့သည် အရိမေတ္တေယျဘုရားရှင်အား မဖူးမြော်ရစေသတည်း" ဟူ၍လည်းကောင်း။

"ဤဘုရားကျွန်၊ နွား၊ လယ်၊ ဥယျာဉ်၊ ကန်၊ ငါ့ဘုရား မသိသေးစေရစ်၊ ဖျက်ရစ်သော သား မြေးတို့ကားစားသော ထမင်းဟင်း၊ သောက်သောရေ၊ နေသောအိမ် အဆိပ်ဖြစ်စေ၊ ဆင်ပေါက်ကို သူတို့ ထိုးချင်သို့ လှံအစင်း(၁၀၀)ထိုးသော ဖြစ်စေ၊ မြွေကိုမြင်၍ သူတို့ သတ်ချင်သို့ သတ်သောဖြစ်စေ ဒေဝဒတ်ကား အထက်၊ ဖျက်ရစ်သောသူကား အောက်ဖြစ်စေသတည်း"

ဟူ၍လည်းကောင်း၊ ဘုရားကျွန်များဘက်မှနေ၍ ကြောက်မက်ဖွယ်ကောင်းသော အဆိုပါ ကျိန်စာများကို ရေးထိုးထားခဲ့ကြပါသည်။ ဘုရားကျွန် လူတန်းစားများကို ရှေ့တန်းတင်ခဲ့မှုများပင်ဖြစ်ပါသည်။

သို့သော်လည်း သင်္ခါရ၏သဘောတရားအတိုင်း . . .

ပုဂံပြည်ကြီးသည် မင်းပြောင်းမင်းလဲဖြစ်ကာ သံဃာဂိုဏ်းများကွဲလာကြပါသည်။ စစ်ရိပ် စစ်ငွေ့များ သန်းလာသည်။ ထိုအခါ ပုဂံသူ ပုဂံသားများသည်လည်း စစ်ဘေးလွတ်ရာသို့ ပြေးရ လွှားရ ရှောင်ရ ပုန်းရ၍ လှူရေးတန်းရေး မလုပ်နိုင်ကြသလို ဘာသာရေးဘက်၌ အားနည်းမှုများ ဖြစ်ပေါ်လာရတော့သည်။

ထိုအခါ ပုဂံသူ ပုဂံသားတို့၏ လှူမှု တန်းမှုများနှင့် စားဝတ်နေရေး အဆင်ပြေခဲ့ကြသော ဘုရားကျွန်များသည် ယခင် အေးချမ်းစဉ်ကာလများလို စားသောက်မှု အဆင်မပြေတော့ပေ။ လာဘ်လာဘများ ခေါင်းပါး၍ လာခဲ့ပါတော့သည်။

ထို့ကြောင့် မည်သည့်အလုပ်အကိုင်ကိုမျှ လုပ်ကိုင်ခဲ့ခြင်းမရှိဘဲ (လုပ်စရာလည်း မလိုဘဲ) ဘုရား၏ ဝေယျာဝစ္စများကိုသာလျှင် တစိုက်မတ်မတ် လုပ်ကိုင်လာခဲ့ကြရင်း အချိန်ကုန်လာခဲ့ကြသော (စီးပွားရေး မလုပ်ကိုင်နိုင်ခဲ့ကြသော) ဘုရားကျွန်များသည် ပုဂံပြည်သူ ပြည်သားများ၏ လှူဒါန်းမှုများ ရှားပါးလာသည့်အခါ စားရေး သောက်ရေး လွန်စွာ ခက်ခဲလာကြပါသည်။

နောက်ဆုံးတွင် အငတ်ငတ် အပြတ်ပြတ်ဖြင့် စားရမဲ့ သောက်ရမဲ့ အခြေအနေသို့ပင် ရောက်ရှိ၍ လာကြပါသည်။

ထိုအခြေအနေသို့ ရောက်ရှိလာကြသည်တွင် အချို့သော ဘုရားကျွန်များသည် ရရာအလုပ်အကိုင်ကို လုပ်၍ စားဝတ်နေရေးကို ဖြေရှင်းလာခဲ့ကြပါသည်။

သို့သော် အချို့သော ဘုရားကျွန်များ (တော်တော်များများ)သည် အလုပ်လည်း ဟုတ်တိပတ်တိ မလုပ်ချင်ကြ၊ လုပ်လည်း မလုပ်တတ်ကြ၊ ပျင်းလည်း ပျင်းကြ၊ ရေသာခို အချောင်လိုက်သည့် စိတ်ဓာတ် ပျော့ညံ့သည့် စိတ်ဓာတ်များကြောင့် ခွက်လက်ဆွဲကာ တောင်းရမ်း စားသောက်ကြရသော ဘဝမျိုး အဆင့်မျိုးသို့ ရောက်ရှိသွားကြပါတော့သည်။

ထိုအချိန် ထိုကာလမှစ၍ အင်မတန် အဆင့်အတန်းမြင့်မားလှသော ဘုရားကျွန်များ၊ မြတ်ရကျွန်ဟုပင် တင်စားခြင်းခံခဲ့ရသော ဘုရားကျွန်များ၊ အများ၏ လေးစားသမှုကို ခံခဲ့ရသော ဘုရားကျွန်များ။

ထိုဘုရားကျွန်များတို့သည် စစ်ငွေ့ စစ်ရိပ်များကြောင့် မမျှော်လင့်ဘဲ အဆင့်များစွာ နိမ့်ကျ၍ တောင်းရမ်း စားသောက်ကြရသော သူတောင်းစား ဘဝသို့ ရောက်ရှိ၍သွားပါသည်။

ဤသို့ဖြင့် ဘုရားကျွန်များသည် ထိုအချိန် ထိုကာလမှစ၍ တစ်ရွာဝင် တစ်ရွာထွက် တစ်အိမ်ဝင် တစ်အိမ်ထွက်ဖြင့် တောင်းရမ်းစားသောက်လာခဲ့ကြသည်မှာ ယနေ့ထက်တိုင်အောင်ပင် ဖြစ်ပါသည်။

တောင်းရမ်း စားသောက်ကြရသော သူတောင်းစားအလုပ်သည် အရချောင်သည်၊ အနေချောင်သည်၊ မပင်မပန်းဘဲ စားဝတ်နေရေးကို အထိုက်အလျောက် ဖြေရှင်းနိုင်သည်။ အရင်းအနှီးမလိုဘဲ အသားတင် ဝင်ငွေရရှိသော အလုပ်အကိုင်ပင်လျှင် ဖြစ်ပါသည်။

ထို့ကြောင့်လည်း မတောင်းစားလျှင် နူဝဲလိမ့်မည်ဟူသော စကားလုံးကို ခုတုံးလုပ်ကာ သူတောင်းစား အလုပ်ဖြင့် ဘဝကို ခိုင်မြဲအောင် ပြုလုပ်လာခဲ့ကြပါသည်။

သူတောင်းစားဘဝ သူတောင်းစားအလုပ်ကို ကျေကျေနပ်နပ်ကြီးပင် ခံယူခဲ့ကြပါသည်။

သို့သော် နိုင်ငံတော် ဘစိုးရသည် ဘုရားကျွန်များကို တောင်းရမ်းစားသောက်နေရသော သူတောင်းစားဘဝမှ ကယ်တင်လိုသည်။ ဘုရားကျွန်ဘဝမှ လွတ်မြောက်စေလိုပါသည်။ မတောင်းစားလျှင် နူဝဲလိမ့်မည်ဟူသော



www.burmeseclassic.com

www.burmeseclassic.com

ယုတ္တိမတန်သော စကားလုံးများကို ပယ်ဖျက်၍ သူတောင်းစားဘဝမှ လွတ်မြောက်စေလိုသော ဆန္ဒဖြင့် ၁၃၀၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၉) ရက်၊ တနင်္ဂနွေနေ့၌ နိုင်ငံတော် တိုင်းပြည်ပြုလွှတ်တော်အစည်းအဝေးတွင် သမ္မတကြီးက ဘုရားကျွန်၊ ကျောင်းကျွန်၊ ဒွန်းစဏ္ဍား (သူတောင်းစား၊ စဏ္ဍာလ)များနှင့် ပတ်သက်၍ ဤသို့ ပြောကြားခဲ့ပါသည်။

"မြန်မာနိုင်ငံ သမ္မတကြီးသည် လွတ်လပ်သော တိုင်းပြည်ဖြစ်သည်နှင့် အညီ တစ်ဦးနှင့် တစ်ဦး နှိပ်စက်ခြင်း၊ တစ်ဦးနှင့် တစ်ဦး ကြောက်ရွံ့ရခြင်းမှ စ၍ မကောင်းသော ဓလေ့ဆိုးများကို လုံးဝ ပယ်ဖျက်ရန် ကျွန်ုပ် ရည်ရွယ်သည်။

ရာဇဝင်တွင် ရှေးအခါကစ၍ ရှေးမင်းများ အာဏာစက်ကြောင့် ဒွန်းစဏ္ဍား၊ သူတောင်းစား၊ ဘုရားကျွန်၊ ကျောင်းကျွန် စသည်တို့ကို ယနေ့မှစ၍ ရှေးမင်းတို့၏ အာဏာကို ကျွန်ုပ်ပယ်ဖျက်၍ ထိုသူတို့၏ သဘောအတိုင်း လုပ်လိုသော အလုပ်မျိုးစုံကို လွတ်လပ်စွာ လုပ်ကိုင်နိုင်ကြစေ။

ဤပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ ရှိသမျှသော နိုင်ငံသားများသည် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေတွင် ပါရှိသည့်အတိုင်း တစ်ဦးနှင့် တစ်ဦး အခွင့်အရေး တူညီစေ"

ဟူ၍ ဖြစ်ပါသည်။

ဤကဲ့သို့ ကြေညာချက် ထုတ်ပြန်ပြီးသည့် နောက်ပိုင်းတွင် အချို့လည်း တောင်းစားသော ဘုရားကျွန်ဘဝမှ လွတ်မြောက်အောင် ကြိုးပမ်းကြသလို အချို့လည်း ဘုရားကျွန်ဘဝကို စွန့်လွှတ်၍ တောင်းရမ်း စားသောက်ရာတွင် ဝတ်စားဆင်ယင်သုံးစွဲသော ခေါင်းပေါင်း၊ ထမ်းပိုး၊ လွယ်အိတ်နှင့် ခွက်များကို စုပုံ၍ မီးရှို့ဖျက်ဆီးပစ်ခဲ့ကြပါသည်။ တောင်းရမ်းစားသောက်သည့် အလုပ်ကို လုံးဝပင် စွန့်လွှတ်ခဲ့ကြပါတော့သည်။

သို့သော်လည်း ဘုရားကျွန်တိုင်းတော့ မဟုတ်ပေ။ အချို့သော ဘုရားကျွန်များသည်လည်း အခြေအနေအမျိုးမျိုးကြောင့် စွန့်လွှတ်နိုင်ကြခြင်း မရှိကြသေးဘဲ တောင်းရမ်းစားသောက်၍ နေကြသည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်ပါသည်။

မည်သို့ဖြစ်စေ ဘုရားကျွန် ဟူသည်ကား သူတောင်းစားမျိုးနွယ်များ မဟုတ်ကြဘဲ သာသနာအရောင် ထွန်းလင်း ဝင်းပစေရန် လက်ဆင့်ကမ်းစောင့်ရှောက်ခဲ့သော သာသနာ့ဝန်ထမ်းအခြေခံလူတန်းစား တစ်ရပ်၏ အမြင့်ဆုံးသောကုသိုလ်၊ အမြင့်ဆုံး စွမ်းဆောင်နိုင်သော လွန်စွာမှပင် မြင့်မြတ်လှသော အမျိုးအနွယ်သာလျှင် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါတော့သည်။

❒ မောင်မောင်ချစ်ဦး(မုံရွာ)

**MASTER**

**ကိုစိုးလင်းထက်**

- ဆေးမျိုးစုံနှင့် ပေါလစ် (POLISH)သုတ်လုပ်ငန်း၊
- တိုက်ခန်းမျိုးစုံ၊ လုံးချင်းတိုက်များ၊ ရေစင်ဂိုဒေါင်များ၊
- စတိုးဆိုင်နှင့် စားသောက်ဆိုင်များ (အမြန်)၊
- အိမ်ထောင်ပရိဘောဂ (သီးသန့်)၊ ပါကေး၊ လျှာထိုးမျိုးစုံအား အပ်နှံသူများ စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါသည်။

ဖုန်း – ၀၉–၃၁၀၄၆၅၉၉၈၊ ၀၉–၂၅၄၀၄၃၄၁၀



www.burmeseclassic.com

www.burmeseclassic.com



# ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အဂ္ဂိဈာပန

ဒေါ်ကြည်ကြည်မြ (မြန်အောင်)

မှတ်မှတ်ရရ ၁၉၉၅ ခု၊ အောက်တိုဘာလ ၉ ရက် သီတင်းကျွတ်လပြည့်ကျော် ၁ ရက် တနင်္လာနေ့ ညနေ ၅ နာရီ ၂၅ မိနစ်တွင် ကျွန်မနှင့် အတူနေ တူဖြစ်သူ မောင်သောင်းထွန်း၏ဇနီး မြမြသီ ဒုတိယသမီးကလေးကို ဖွားမြင်ပါသည်။

မြမြသီက ဒုတိယသမီးကို အိမ်မှာပင် ဖွားလိုသဖြင့် အိမ်အပေါ်ထပ်မှာပင် ဆရာဝန် ဆရာမများကို ပင့်ပြီး ဖွားစေရပါသည်။ ကလေးလေးက အသားဖြူဖြူဖွေးဖွေးလေးမို့ သူ့အဖေက ဖြူဖွေးဟု ကောက်ကာငင်ကာ နာမည်ပေးလိုက်ရာ ယခု မဖြူဖွေး တက္ကသိုလ်ကျောင်းသူ ဖြစ်နေသည့်တိုင် ထိုနာမည်ပင် စွဲမြဲသွားပါတော့သည်။

ကျွန်မတို့အိမ်မှာ ဓာတ်ပုံဆိုင် ဖြစ်ပါသည်။ မြမြသီကို သတင်းလာမေးကြသည့် ဧည့်သည်တွေ ဝင်ကြထွက်ကြနှင့်မို့ အောက်ထပ်ဆိုင်တံခါးကို ပိတ်ထားပြီး အပေါ်ထပ်မှာပင် ဝိုင်းစုကာ ဧည့်ခံစကားတွေ ပြောနေကြပါသည်။

အောက်ထပ်တွင် ထားရှိသော တီဗွီကိုလည်း မဖွင့်ဖြစ်ပါ။ အောက်ထပ်မှာ ကျွန်မတစ်ယောက်တည်း စာအုပ်ဖတ်ရင်းက လာသမျှဧည့်သည်တွေကို နှုတ်ဆက်စကား ပြောနေစဉ် မောင်သောင်းထွန်း အပေါ်ထပ်မှ အပြေးအလွှားဆင်းလာပြီး တီဗွီကို ဖွင့်လိုက်သောအခါ ည ၈ နာရီသတင်းတွင် မထင်မှတ်ဘဲ စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီး ပျံလွန်တော်မူကြောင်း သတင်းကို ထုတ်လွှင့်ကြေညာနေပါသည်။ ဆရာတော်ကြီး ပျံလွန်တော်မူချိန်မှာ ညနေ ၄ နာရီ ၅၅ မိနစ်ဖြစ်၍ ဖြူဖွေးလေး မွေးချိန်ထက် မိနစ် ၃၀ စောပါသည်။ တူလေးက "သားက အမှတ်မထင် ဘေးအိမ်က တီဗွီသတင်းကို နားစွင့်လိုက်မိပေလို့ပဲ အန်တီရယ်၊ နက်ဖြန်မနက်ကားနဲ့ စစ်ကိုင်းကို သွားပေတော့ ဟိုက မိတ်ဆွေတွေကလဲ မျှော်ကြမှာ" ဟုပြောပါသည်။

ကျွန်မက "ဖြစ်ပါ့မလား ဒီမှာ မြမြသီကလဲ မွေးဖွားပြီးခါစလေ" ဆိုတော့. . .

"ဖြစ်ပါတယ် မမွေးရသေးရင်တော့ တစ်မျိုးပေါ့၊ မွေးလဲပြီးပြီ၊ မိခင်ရော ကလေးရော ကောင်းနေတာပဲ၊ မာမီလဲ ရှိနေတယ်လေ"

တူလေးက မြမြသီ၏ အမေကို မာမီဟု ခေါ်ပါသည်။ မနက်လင်းတာနှင့် မြန်အောင်မှ ပြည်သို့ ထွက်သောကားနှင့် ကျွန်မ လိုက်ဖြစ်ပါသည်။ ပြည်သို့ ရောက်လျှင် ပြည်မှ မန္တလေးသို့ ထွက်သော ညကားနှင့် လိုက်ခဲ့ပါသည်။

ကျွန်မမှာ ပင်စင်သမားလည်း ဖြစ်သည့်အပြင် ရုတ်တရက် အစီအစဉ်မို့ ငွေကြေး အဆင်သင့်မရှိပါ။ တူလေးက အလိုက်သိစွာ ခရီးစရိတ်အပြင် လှူစရာတန်းစရာ အပိုငွေများပါ လုံလုံလောက်လောက် ထည့်ပေးလိုက်၍ အထူးပင် ကျေးဇူးတင်ရပါသည်။

စစ်ကိုင်း ရွှေဟင်္သာကျောင်းတိုက်သို့ ရောက်သွားသောအခါ မိတ်ဆွေများက . . .

"ဆရာတော်ဘုရားကြီး မကျန်းမမာဖြစ်စကတည်းက ဒေါ်ကြည်ကြည်မြ ရောက်လာမယ်ထင်တာ ဘာလို့မလာတာလဲ၊ ဦးဇင်းဝဏ္ဏတို့ကကော အကြောင်းမကြားဘူးလား"

စသည်ဖြင့် ဝိုင်းပြောကြပါသည်။ ဆရာတော်ဘုရားကြီး၏ အနီးကပ်အလုပ်အကျွေး ဦးဇင်းများဖြစ်ကြသော ဦးပညာသီရိ၊ ဦးသဒ္ဓမ္မ၊ ဦးကုသလ၊ ဦးဇင်းဝဏ္ဏတို့မှာလည်း ဆရာတော်ဘုရားကြီး၏ ကျန်းမာရေး အခြေအနေကြောင့် စိုးရိမ်ပူပန်နေကြရသည်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၍ ကျွန်မကို အကြောင်းကြားရန် သတိရနိုင်မည် မဟုတ်ပါ။

ကျွန်မသည် ရောက်လျှင် ရောက်ချင်း ဆရာတော်ကြီး၏ ရုပ်ကလာပ်တော် အပူဇော်ခံရာ ဆယ်ခန်းတွဲတိုက်ကြီးပေါ်သို့ အပြေးအလွှားသွားလိုက်ပါသည်။ ဆရာတော်ဘုရားကြီး၏ ဥပမိမှာ အလွန်တင့်တယ်တော်မူသည့် အပြင် အသားအရေတော်ကိုက ဖြူစင်ဝင်းပကျက်သရေ ရှိတော်မူလှသည် ဖြစ်၍ ဆရာတော်ဘုရား၏ ရုပ်ကလာပ်တော်မှာ ရုပ်ကလာပ်တော်ဟု မထင်ရ၊ သက်တော်ထင်ရှား ဆရာတော်ဘုရား ကျိန်းစက်တော်မူနေသည့် အလား ထင်မှားရပါသည်။

ကျွန်မသည် ဆရာတော်ဘုရားကြီးကို အားရအောင် ရှိခိုးကန်တော့ပြီးလျှင် ခါတိုင်းလာလျှင်လည်း တည်းနေကျ အာဂန္တုဆောင်ဖြစ်သော ကွယ်လူးကျောင်းသို့ သွားရောက်သောအခါ အာဂန္တုဆောင်(၂)ဆောင်စလုံး ရပ်ဝေးဧည့်သည်တွေနှင့် ပြည့်ကျပ်နေပါသည်။

၁၃ ဧကမျှကျယ်သော ကျောင်းဝင်းကြီး တစ်ဝင်းလုံး ဆရာတော်ဘုရားကြီးကို လေးမြတ်ကြည်ညိုကြကုန်သော ရပ်နီးရပ်ဝေးမှ ဒကာ၊ ဒကာမတွေနှင့် ကြက်ပျံမကျ စည်ကားလှပါသည်။

နိုင်ငံတော်မှလည်း ကျောင်းဝင်းထဲတွင် စာတိုက်နှင့်ကြေးနန်းဌာနကို လာရောက်ဖွင့်ပေးထားပါသည်။ ကျွန်မသည် စစ်ကိုင်းသို့ ကောင်းမွန်စွာရောက်ကြောင်း တူ၊ တူမများထံ ကြေးနန်းပို့လိုက်ပြီး ဦးဇင်းဝဏ္ဏတို့ ကျောင်းသို့ ရောက်သွားသောအခါ ဦးဇင်းများ အလွန်အလုပ်များနေတာကို တွေ့ရပါသည်။

ကျွန်မ ရောက်သွားသည်မှာ ဆရာတော်ဘုရား ပျံလွန်တော်မူပြီး (၃) ရက်မြောက်ဖြစ်ပါသည်။ ရွှေကျင်ဂိုဏ်းထုံးစံအရ (၇)ရက်မြောက် နေ့တွင် အဂ္ဂိစျာပန ကျင်းပရမည်မို့ နောက် (၄) ရက်အတွင်း နေ့စဉ် ပင့်သံဃာတော် (၂၈၀)အတွက် သက်န်းတွေကို ထုပ်ပိုးပြီး "ရွှေဟင်္သာဆရာတော်ဘုရားကြီးကောင်းမှု" ဟု ပုံနှိပ်ထားသော စာရွက်တွေကို သင်္ကန်းထုပ်တွေထဲတွင် ထည့်၊ ယပ်တောင်တစ်ချောင်းစီစိုက်ပြီး နံရံနားတွင် ထပ်ပုံထားရပါသည်။ (၄) ရက်စာဖြစ်၍ သင်္ကန်းအထုပ်ပေါင်း ထောင်ကျော်ပါသည်။

စစ်ကိုင်းတောင်ရိုးရှိ သီလရှင်ဆရာကြီး၊ ဆရာလေးများအတွက် ပိတ်ဖြူစများကို ဆရာကြီး နှစ်ပါးမှ ကိုက်ထိုးဖြတ်တောက်ပေးပြီး ကျွန်မနှင့်အတူ မန္တလေးဈေးချိုထဲမှ ဆရာတော်ဘုရားကြီး၏ ဒကာရင်းမိသားစု၏ သမီးလေး ဘုတ်ဘုတ်တို့က အချိုးကျအောင် ခေါက်ပြီး "ရွှေဟင်္သာဆရာတော်ဘုရားကြီးကောင်းမှု" စာရွက်ကိုထည့်၊ သေချာထုပ်ပိုးရသည်မှာ ထမင်းစားချိန်မှန်းမသိ၊ စားရမှန်းမသိ၊ မိုးချုပ်လို့ ချုပ်သွားမှန်းပင်မသိကြပါ။

ဦးဇင်းများက "ဒီနေ့အဖို့ တော်လောက်ပြီ၊ နက်ဖြန်မနက်တော့ စောစောလာခဲ့ကြနော်" ဆို၍ ကျွန်မ ကွယ်လူးကျောင်းသို့ ပြန်သွားသောအခါ ကျောင်း အပေါ်ထပ်၊ အောက်ထပ် နှစ်ထပ်စလုံး ရပ်ဝေးဧည့်သည်တွေနှင့် ပြည့်ကျပ်နေပါသည်။

ကျွန်မသည် အဝတ်အစားထည့်လာသော အိတ်ကို လက်ကဆွဲပြီး အိပ်စရာနေရာကိုရှာရာ တစ်နေရာမှမတွေ့ပါ။ ခရီးကပန်းလာ ညကလည်း ကားပေါ်မှာ မအိပ်တတ်၍ တမှေးမှပင် မအိပ်ခဲ့ရ။ ရောက်ပြန်တော့လည်း လုပ်အားပေးနေရ၍ ထမင်းတောင် မစားဖြစ်ခဲ့ပါ။

ကြံရာမရသည့်အဆုံး အပေါ်ထပ်သို့တက်သော တစ်ဆစ်ချိုး လှေကားအကွေ့လေးတွင် ကိုယ့်အဝတ်ထုပ်ကို ခေါင်းအုံးပြီး အိပ်ပစ်လိုက်ပါတော့သည်။

နောက်တစ်နေ့ နံနက်လင်းတာနှင့် ဦးဇင်းဝဏ္ဏတို့၏ ကျောင်းသို့သွားပြီး လုပ်အားပေးရပါသည်။ ဦးကုသလက အလိုက်တသိ မုန့်တွေ ချကျွေး၍ ဆာဆာနှင့် စားဖြစ်ပါတော့သည်။ ဘုတ်ဘုတ်တို့ကျောင်းမှာလည်း ဧည့်သည်တွေ များလွန်း၍ ငါးသေတ္တာထဲက ငါးလေးတွေလို ပူးကပ်ပြီး စီတန်းအိပ်ကြရကြောင်း သိရပါသည်။

လေဒရက်စလုံး ဦးဇင်းဝဏ္ဏ၊ ဦးကုသလ၊ ဆရာကြီးဆရာလေး နှစ်ပါးနှင့် ကျွန်မနှင့် ဘုတ်ဘုတ်တို့မှာ ခေါင်းမဖော်နိုင်အောင် လုပ်အားပေးကြရပါသည်။

ဆရာတော်ဘုရားကြီးအား ဆယ်ခန်းတိုက်ကြီးမှ ရာပြည့်ကွင်း စံကျောင်းတော်သို့ အခမ်းအနားနှင့် စံကျောင်းချချိန်တွင် ခဏပြေးပြီး ကန်တော့လိုက်ရပါသည်။

ဒုတိယညတွင်လည်း လှေကားကွေ့ကလေးမှာပင် အဝတ်ထုပ်ကို ခေါင်းအုံးပြီး အိပ်လိုက်ပါသည်။

သီတင်းကျွတ် လပြည့်ကျော်စအချိန် ကျောင်းဝင်းအတွင်းမှာလည်း မန်ကျည်းပင်ကြီးများ၏ အရိပ်ကြောင့် ထင့် ဥတုမှာ အေးစပြုနေပါပြီ။ တတိယမနက် ကျွန်မ အိပ်ရာမှ နိုးသောအခါ ကျွန်မ၏ ကိုယ်ပေါ်တွင် နိုင်လွန်ဇာပန်းရောင် ခြင်ထောင်တစ်လုံးကို တစ်ယောက်ယောက်က လွှမ်းခြုံပေးထားပါသည်။

လွှမ်းခြုံပေးသူကို မသိသော်လည်း အထူးပင်ကျေးဇူးတင်မိပါသည်။ မနေ့ညက ကျွန်မ အခင်းမပါ စောင်ခြင်ထောင်မပါညဲ အဝတ်အိတ်ကို ခေါင်းအုံးပြီး အိပ်နေသည်ကို သတိထားမိသူ တစ်ဦးဦး ရှိပါလိမ့်မည်။

အိပ်ရာက ထပြီး ဦးဇင်းဝဏ္ဏတို့ ကျောင်းသို့ လုပ်အားပေးသွားလျှင်လည်း ကျွန်မ၏အဝတ်ထုပ်ကို ဒီအတိုင်းပင် ထားခဲ့ပါသည်။ အိတ်ထဲမှာ ပိုက်ဆံတွေပါသော်လည်း မကြောင့်ကြပါ။ ဒီလောက် လယ်ပြြကြီးထဲ ယူနိုင်သူက ယူကြ။ အပြန်စရိတ်မရှိလျှင် ဦးဇင်း





www.burmeseclassic.com

www.burmeseclassic.com

တွေ စီမံပေးလိမ့်မည်ဟု စိတ်ကို တုံးတုံးချထားပါသည်။

ဘောဇန အဆောင်သို့လည်း မရောက်ဖြစ်လှပါ။ ထမင်းလည်း နပ်မှန်အောင် မစားဖြစ်ပါ။ နေ့စဉ် အသားငါးဟင်းများ မိုးပြဲဒယ်ကြီး(၂၅)ဒယ် ချက်ရကြောင်း သိရပါသည်။ ချက်တဲ့သူတွေက ချက်၊ ကျွေးတဲ့သူတွေက ကျွေး၊ ဆေးတဲ့သူတွေက ဆေး။ တကယ်ကို ထမင်းရည်ချောင်းစီး အလှူပွဲကြီးဖြစ်ပါသည်။

ဆရာတော်ကြီး၏ ဈာပန ခုနစ်ရက်မြောက်နေ့ နံနက်ပိုင်းတွင် ကျွန်မတို့၏ လုပ်အားပေးကိစ္စ ပြီးဆုံးပါသည်။ အလုပ်အားသွားမှပင် ဘုတ်ဘုတ်နှင့်အတူ ရာပြည့်ကွင်းထဲမှ ဆရာတော်ဘုရားကြီး၏ စံကျောင်းတော်သို့ ရောက်ဖြစ်ပါတော့သည်။ အဂ္ဂိဈာပနကျင်းပမည့်နေ့ နိုင်ငံတော်အကြီးအကဲများလည်း စုံညီစွာ ရောက်ရှိနေပါပြီ။

အခမ်းအနား တစ်ချိန်လုံး သာသနာရေးဌာန ညွှန်ကြားရေးမှူး ဦးမင်းကြည်မှ အသံချဲ့စက်ဖြင့် အစီအစဉ်အားလုံးကို အဆက်မပြတ် ကြေညာပေးနေပါသည်။

ရေစက်ချတရားကို သီတဂူဆရာတော်ဘုရားမှ ဟောကြားတော်မူပါသည်။ သီတဂူဆရာတော်ဘုရားသည် ညစဉ် မန္တလေးသို့ကြွ၍ တရားဟောရကြောင်း၊ တရားပွဲမှ ပြန်ကြွလာတိုင်း ရွှေဟင်္သာဆရာတော်ဘုရားကြီးကို ဝင်ရောက်ဖူးမြော်ကန်တော့လေ့ရှိကြောင်း။ တစ်ည သီတဂူဆရာတော် ဆရာတော်ဘုရားကြီးထံ ရောက်သောအခါ ဆရာတော်ဘုရားကြီးသည် နံရံဘက်သို့ မျက်နှာမူ၍ လဲလျောင်းတော်မူနေကြောင်း၊ သီတဂူဆရာတော်မှ . .

"ဆရာတော်ဘုရားကြီး၏ မျက်နှာတော်ကို ဖူးခွင့်ရချင်လိုက်တာ" ဟု စိတ်ဆန္ဒ ဖြစ်ပေါ်နေချိန်တွင် ဆရာတော်ဘုရားကြီးသည် သီတဂူဆရာတော်ဘက်သို့ ဖြည်းဖြည်းချင်းလှည့်လာ



တော်မူပြီး "ဦးဉာဏိဿရလား" ဟု နှုတ်ခွန်းဆက်တော်မူပြီး "ဦးဉာဏိဿရရေ ဒီအချိန်ဟာ အများကြီး အလုပ်လုပ်ရမယ့်အချိန်" ဟု မိန့်တော်မူသွားကြောင်း၊ ဆရာတော်ဘုရားကြီးအား လျှော့ပြီးမတွက်ကြစေလိုကြောင်း ထည့်သွင်း ဟောကြားတော်မူသွားပါသည်။

ရေစက်ချတရား ပြီးဆုံးသွားလျှင် ဆရာတော်ဘုရားကြီးအား အဂ္ဂိဈာပနကျင်းပတော်မူရန် ပြင်ဆင်ကြပါသည်။

ပထမဦးဆုံး တပည့်သံဃာတော်များမှ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို ပလ္လင်ပေါ်မှ ပင့်ယူပြီး နိုင်ငံတော်အကြီးအကဲများထံသို့ လက်ဆင့်ကမ်းလိုက်ကြပါသည်။

နိုင်ငံတော်အကြီးအကဲများမှ ဖြည်းညင်းရိုသေစွာ ပင့်ဆောင်ကြပြီး တပည့်သံဃာတော်များထံ လက်ဆင့်ကမ်းကာ သံဃာတော်များမှ အဂ္ဂိဈာပနကျင်းပရာ စင်မြင့်ပေါ်သို့ ပင့်ဆောင်တော်မူကြပါသည်။

ထိုအချိန်တိုင်းတွင် ဦးမင်းကြည်မှ အစီအစဉ်အားလုံးကို အသံချဲ့စက်ဖြင့် ကြေညာပေးနေပါသည်။ ဆရာတော်ဘုရားကြီး၏ ရုပ်ဝေးရုပ်နီးမှ ရောက်ရှိလာကြသော တပည့်ဒကာ ဒကာမများစွာတို့မှာ သုံးဧကမျှ ကျယ်ဝန်းသော ရာပြည့်ကွင်းထဲတွင် ခြေချစရာနေရာမရှိအောင် ပြည့်ကျပ်နေကာ တစ်ယောက်နှင့်တစ်ယောက် စကားလည်း မပြောမိကြ။ ကိုယ့်အသက်ရှူသံကိုပင် ပြန်ကြားရမတတ် တိတ်ဆိတ် ငြိမ်သက်နေကြပါသည်။

ထိုအချိန်မှာပင် ထူးဆန်းအံ့ဩဖွယ်ရာ ပျားတစ်အုပ်သည် ကောင်းကင်





www.burmeseclassic.com

www.burmeseclassic.com

မှ ပျံ့ဝဲလာကာ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်ပေါ်တွင် အချိန်ကြာမြင့်စွာ ပျံ့နေပြီးမှ လာရာလမ်းအတိုင်း အုပ်လိုက်ပျံသွားကြပါသည်။

ပျားတွေ ပြန်သွားလျှင် ငှက်မျိုးစုံပါသော ငှက်တစ်အုပ်သည် ကောင်းကင်မှ ဝဲပျံလာကာ ဆရာတော်ဘုရားကြီး၏ရုပ်ကလာပ်တော်ပေါ်တွင် အချိန်အတန်ကြာ ဝဲပျံနေပြီးမှ လာရာလမ်းအတိုင်း ပြန်သွားကြပါသည်။

ငှက်တွေအားလုံး ပြန်သွားကြပြီးလျှင် ဆရာတော်ဘုရားကြီးအား ဂက်စ်မီးဖြင့် စတင်ပူဇော်လိုက်သဖြင့် မီးညွန့်များတက်လာသောအခါ ရာပြည့်ကွင်းထဲမှ တပည့် ဒကာ၊ ဒကာမအားလုံး ယူကျုံးမရ မျက်ရည်မကျသူ မရှိ ဝမ်းနည်းကြေကွဲခြင်း ဖြစ်ကြရပါသည်။

ကျွန်မသည် ကောင်းကင်သို့ တိုးထွက်နေသော မီးတောက်မီးလျှံတွေကို မျက်တောင်မခတ် ကြည့်နေမိရင်း. . .

"သြော် ဆရာတော်ဘုရားကြီးရဲ့မျက်နှာတော်ကို ဒီတစ်သက် ဘယ်တော့မှ ပြန်လည် မဖူးတွေ့နိုင်တော့ပါလား" ဟု မျက်ရည်တွေတွေကျနေမိပါတော့သည်။

ခုနစ်ရက်မြောက်နေ့တွင် အဂ္ဂိစျာပနကျင်းပပြီး ရှစ်ရက်မြောက်နေ့တွင် အရိုးပြာကို အေးအောင် ဒီအတိုင်းထားပါသည်။

တိုင်းမှူးမှ လုံခြုံရေးရဲဘော်တွေ ချထားပေးပါသည်။ ကိုးရက်မြောက်နံနက်တွင် ဆရာတော်ဘုရားကြီး၏ အရိုးပြာများကို ဦးပညာသီရိ ဦးဆောင်တော်မူသော သံဃာတော်များမှ ကောက်ယူကြပါသည်။

ဦးပညာသီရိမှ ငွေအိုးဖြင့် ကောက်ယူပြီး အခြားသံဃာတော်များ အိတ်များနှင့် ကောက်ယူကြပါသည်။ ပြီးလျှင် အစီအစဉ်အရ အရိုးပြာအိုးများကို နတ်မြင်းပျံပေါ် ပင့်ဆောင်ကာ သံဃာတော်များ၊ သီလရှင်ဆရာကြီး ဆရာလေးများ၊ ယောဂီများ စုံညီစွာဖြင့် ခြေကျင်ဖြင့် စစ်ကိုင်းမြို့ကိုပတ်ပြီး အပူဇော်ခံပါသည်။

ပြီးလျှင် တစ်ဖက်ကမ်းရှိ ရွှေကြက်ယက်ဘုရားနှင့် တည့်တည့်နေရာတွင် တည်ဆောက်ထားသော ရွှေရောင်တဝင်းဝင်းဖြင့် နတ်ဘုံနတ်နန်းတမျှ လှပလှသော မဏ္ဍပ်ကြီးအတွင်းမှ ပလ္လင်တော်ပေါ်သို့ ဆရာတော်ဘုရားကြီး၏ အရိုးပြာများကို ပင့်ဆောင်ပူဇော်ထားကာ စစ်ကိုင်းတစ်မြို့လုံး၏ ပရိတ်အသင်းများမှ ပရိတ်တော်တို့ဖြင့် တစ်နေကုန် အလှည့်ကျပူဇော်ကြပါသည်။

ကျွန်မတို့အားလုံး ရွှေဟင်္သာကျောင်းတိုက်သို့ပြန်ပြီး အနားယူကြပါသည်။

ညနေ ၄ နာရီအချိန် ကျွန်မတို့အားလုံး ကမ်းနားမဏ္ဍပ်သို့ ပြန်ရောက်ချိန်တွင် ကမ်းနားတွင် လှပခမ်းနားထည်ဝါလှသော ရွှေကရဝိက်ဖောင်တော်ကြီးကို တွေ့ရပါသည်။

ဆရာတော်ဘုရားကြီး၏ အရိုးပြာကိုလည်း ငွေအိုးမှ ရွှေအိုးတို့ ပြောင်းပြီးနေပါပြီ။ ရွှေအိုးမှ ရွှေအလေးချိန်မှာ ၁ကျပ် ၈ပဲသားဟု သိရပါသည်။ ထိုအချိန်က ရွှေဈေးမှာ ၄၀၀၀၀ိ/-ခေတ်မို့ ၆၅၀၀၀ိ/-တန်ဖိုးရှိကြောင်း အလှူရှင်မိသားစုမှာ ဆရာတော်ဘုရားကြီး၏ ဒကာရင်းများဖြစ်ကြပြီး လွန်ခဲ့သော နှစ်များကတည်းက ဆရာတော်ဘုရားအတွက် ရွှေအိုးကို လှူခွင့်ပြုပါရန် တောင်းပန်လျှောက်ထားခဲ့ကြောင်း သိရပါသည်။

ဖောင်တော်ကြီး၏ ရှေ့တွင် သံဃာတော်များအတွက် ဖောင်တော်၊ ဖောင်တော်ကြီး၏နောက်တွင် သီလရှင်ဆရာကြီး ဆရာလေးများ၊ ကျွန်မတို့ ယောဂီများ လိုက်ပါရသော စက်လှေများ၊ ဆရာတော်ဘုရားကြီး၏ တပည့် ဒကာ၊ ဒကာမပေါင်း များစွာလိုက်ပါလာကြသော စက်လှေများ၊ စက်လှေများထဲတွင် ငှက်ပျော်တုံးကလေးများတွင် ပန်းအလှအမျိုးပေါင်းများစွာ ထိုးစိုက်ထားသော ပန်းဖောင်များ၊ ဆီမီးခွက်လေးများထဲတွင် အဆင်သင့်စိုက်ထားသော ဖယောင်းတိုင်များစွာ တို့ကိုဆောင်ယူလာကြပြီး နေဝင်ဖျိုးဖျအချိန် ဖောင်တော်ကြီး စတင်ထွက်ခွာသည်နှင့် ပန်းဖောင်များကို မျှောသူက မျှော၊ ဖယောင်းတိုင်များကို မီးတို့သူကတို့ ပေး၊ ရေမျှောသူက မျှောနှင့် ဖောင်တော်ကြီးသည် ဧရာဝတီမြစ်ပြင်ကျယ်ကြီးထဲတွင် ဖြည်းညှင်းစွာ ကွေ့ဝိုက်မောင်းနှင်ပြီး ရွှေကြက်ယက်ဘုရားကို (၃)ကြိမ်တိုင်တိုင် ဦးခိုက်ပူဇော်နေသောအခါ ဧရာဝတီမြစ်ပြင် တစ်ခုလုံး များပြားလှစွာသော ပန်းဖောင်များ၊ ဖယောင်းတိုင် မီးအလင်းများစွာတို့ဖြင့် မကြုံစဖူး လှလွန်းမက လှပနေပါတော့သည်။

ရွှေကြက်ယက်ဘုရားကို ဦးသုံးကြိမ်တိုက်ပြီးလျှင် နိုင်ငံတော် အကြီးအကဲမှ အရိုးပြာရွှေအိုးကို စတင် ရေမျှောလိုက်ပါတော့သည်။

ဖောင်တော်ကြီး၏ နောက်မှလိုက်ရသော ပထမဆုံးစက်လှေ နှစ်စင်းမှာ တစ်စင်းတွင် စစ်ကိုင်း ရွှေဟင်္သာကျောင်းတွင် အမြဲနေပြီး ဆရာတော်ဘုရားကြီး၏ ဝေယျာဝစ္စများကို သက်ဆုံးတိုင် ဆောင်ရွက်ပြုစုပေးနေသော အန်တီမြ(ဒေါ်ခင်ယဉ်မြ) လိုက်ပါလာပြီး တစ်စင်းတွင် ဆရာတော် ဘုရားကြီးနေ့ရာသီ ပြင်ဦးလွင် စံကျောင်းတွင် ကြွရောက် သီတင်းသုံးသည့်အခါတိုင်း ဝေယျာဝစ္စများကို (၁၃)နှစ်တိုင်တိုင် အနီးကပ်ဆောင်ရွက်ပြုစုရသော ကျွန်မတို့ ပါကြပါသည်။

ဆရာတော်ဘုရား၏ အရိုးပြာရွှေအိုးသည် တော်တော်နှင့် မြုပ်မသွားဘဲ ကျွန်မတို့ စက်လှေနှစ်စင်းကြား ပန်းဖောင်များ၊ ဖယောင်းတိုင်အလင်းရောင်များကြားတွင် နိမ့်တုံ မြင့်တုံနှင့် အချိန်ကြာမြင့်စွာ မျောပါလာကာ စစ်ကိုင်းတံတားနား ရောက်လုနီးမှ ရေထဲသို့ ဖြည်းဖြည်းချင်း နစ်မြုပ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အရိုးပြာ ရေမျှောပြီးနောက် တစ်နေ့ အဝေးငြှိသည်တွေ ပြန်ကုန်ကြ၊ လူရှင်းသွားတော့မှ အန်တီမြနှင့် ကျွန်မတို့ တွေ့ဖြစ်ကြပါတော့သည်။ အရိုးပြာရေမျှောသည့်နေ့က အကြောင်းတွေ စကားစပ်မိကြရင်း အန်တီမြက-

"အဲဒီအချိန်က အန်တီမြရဲ့ စိတ်ထဲမှာ ခုအချိန်ဟာ ဆရာတော်ဘုရားကြီးကို နောက်ဆုံးဖူးမြော်ရခြင်းပါဘုရား၊ တပည့်တော်တို့ကို သနားငဲ့ညှာသောအားဖြင့် အကြာကြီး ဖူးခွင့်ပြုတော်မူပါဘုရားလို့ စိတ်နဲ့လျှောက်တင်နေမိတယ်" ဟု ပြောပါတယ်။

ဈာပနကိစ္စ အဝဝ ပြီးဆုံးသွားပြီး နောက်တစ်နေ့တွင် ကျွန်မ ပြင်ဦးလွင် ရွှေဟင်္သာမှ ဦးဇင်း၊ ကိုရင်များကို အောက်မေ့၍ တစ်ကြောင်း၊ ဓမ္မမိတ်ဆွေများကိုလည်း တွေ့လို၍ ပြင်ဦးလွင်သို့ တက်ခဲ့ပါသည်။

ပြင်ဦးလွင်သို့ မတက်ခင် ဆရာတော်ဘုရား၏ အပါးတော်မြဲဖြစ်သော ဘုန်းကြီးဦးပညာသီရိအား ဆရာတော်ဘုရား၏ ဈာပနခွေကို ရလိုပါကြောင်း၊ စစ်ကိုင်းသို့ နောက်တစ်ခေါက်ကလည်း တော်တော်နှင့် မရောက်ဖြစ်မှာမို့ ပြင်ဦးလွင်မှ ပြန်လာလျှင် ရသွားလိုပါကြောင်း လျှောက်ခဲ့ပါသည်။ ပြင်ဦးလွင်မှ ပြန်လာသောအခါ ဈာပနခွေအပြင် ဆရာတော်ဘုရား အမေရိကားသို့ကြွသော ခရီးစဉ် အခွေပါ စီမံပေးထားပါ၍ ဘုန်းကြီးဦးပညာသီရိအား အထူးပင် ကျေးဇူးတင်မိပါသည်။

ထူးခြားသည်မှာ ဆရာတော်ဘုရားအား အဂ္ဂိဈာပန ကျင်းပစဉ်က ထေမဆုံး ကောင်းကင်သို့ တက်သွားသော မီးညွန့်မှာ ရဟန်းတော်တစ်ပါး သပိတ်ကို ပိုက်ပြီး ဆွမ်းခံကြွတော်မူနေ ဟန်နှင့်တူနေ၍ ဦးပညာသီရိမှ ဓာတ်ပုံရိုက်ယူလိုက်သော ဓာတ်ပုံတစ်ပုံပါ ပေးခဲ့ပါသည်။

ထိုပုံကို ဆရာတော်ဘုရား နွေရာသီ ပြင်ဦးလွင်တွင် သီတင်းသုံးတော်မူသည့်အခါတိုင်း ဆရာတော်အား ကျန်းမာရေးစောင့်ရှောက်ပြီး ကုသိုလ်ယူခဲ့သော ဒေါက်တာဦးထွန်းမြင့် အမေရိကားတွင် ဘွဲ့လွန်တက်နေချိန်မို့ ဦးထွန်းမြင့် ကြည်ညိုရန် အမေရိကားသို့ ပို့ပေးခဲ့ပါသည်။

၉. ၁၀. ၁၉၉၅ ရက်နေ့တွင် ဆရာတော်ဘုရား ပျံလွန်တော်မူခဲ့သည်ဖြစ်၍ လာမည့် ၉. ၁၀. ၂၀၁၄ နေ့တွင် (၁၉)နှစ် ပြည့်ပါတော့မည်။

ဆရာတော်ရှိစဉ်က နတ်တော်လဆန်း ၈ ရက်နေ့တိုင်း ဆရာတော်ဘုရားကြီး၏ မွေးနေ့ပွဲကို ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ပါသည်။

ဆရာတော်ဘုရား မရှိတော့သည့် နောက်ပိုင်းလည်း နတ်တော်လဆန်း ၈ ရက်နေ့တိုင်း စစ်ကိုင်းမန္တလေး ဒကာ ဒကာမများ၊ ကျောင်းတွင်းသံဃာတော်များဖြင့် အစဉ်အလာမပျက် ကျင်းပမြဲဖြစ်ပါသည်။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူပါသော ကျေးဇူးတော်ရှင် စစ်ကိုင်းရွှေဟင်္သာ ဆရာတော်ဘုရားကြီးသည် ဘုန်းတော်လည်း ကြီးတော်မူပါသည်။ သက်တော်လည်း ရှည်တော်မူပါသည်။ တပည့် အလုပ်အကျွေး အခြံအရံ အင်အားလည်း လိုသည်ထက်ပို၍ ကောင်းတော်မူပါသည်။

သက်တော် (၁၀၂)နှစ်ပြည့်ခါနီး အချိန်အထိ နေ့စဉ် သတင်းစာဖတ်မြဲ စာရေးမြဲ သတိအား သမာဓိအား ဉာဏ်အားတို့သည် သာမန်ပုဂ္ဂိုလ်တို့ လိုက်မမီအောင် အားကောင်းမြဲ။

များသောအားဖြင့် အိုမင်းလာပြီဆိုလျှင် မှန်ထဲမှ မိမိ၏ရုပ်ကို မိမိကိုယ်တိုင် ပြန်မကြည့်ချင်တော့လောက်သည်အထိ အလှတွေ ပျက်ကုန်တတ်ကြသော်လည်း ဆရာတော်ဘုရားကြီး၏ဥပမိမှာ သက်တော် (၁၀၂)နှစ်ပြည့် လုလုအချိန်တိုင် ရှု၍မငြီး ဖူး၍မဝနိုင်အောင် တင့်တယ်မြဲ ဖြစ်ပါသည်။

ဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ ရေးသားခဲ့ဖူးသော ဆောင်းပါးတစ်ပုဒ်ကို ဖတ်ခဲ့ရဖူးပါသည်။ စစ်ကိုင်းရွှေဟင်္သာ ဆရာတော်ဘုရားကြီးထံ ဆရာတော် အရှင်ဆေကိန္ဒနှင့်အတူ ဒကာ၊ ဒကာမများ သွားရောက်ဖူးမြော်ကန်တော့ကြသောအခါ ဆရာတော်ဘုရားကြီးက. . .

"မောင်စစ်ကိုင်းရေ ရဟန္တာဖြစ်ချင်လှပြီ" ဟု အမိန့်ရှိတော်မူခဲ့ဖူးကြောင်း ဖတ်ခဲ့ရပါသည်။ ဆရာတော်ကြီး လွန်တော်မူခါနီး သီတဂူဆရာတော်ဘုရား ဖူးမြော်ကန်တော့စဉ်ကလည်း "ဦးဉာဏိဿရရေ ခုအချိန်ဟာ အများကြီး အလုပ်လုပ်ရမယ့်အချိန်"ဟု မိန့်ကြားသွားတော်မူခဲ့သော ရွှေဟင်္သာဆရာတော်ဘုရားကြီး သက်တော်ရာကျော်နေသည့်တိုင် သတိအား၊ သမာဓိအား၊ ဉာဏ်တော်အား သူမတူအောင်ကောင်းတော်မူခဲ့သော ဆရာတော်ဘုရားကြီးသည် ဆန္ဒရှိတော်မူသည့်အတိုင်း ဝိပဿနာတရားများကို ဘယ်လောက်အထိ ကြိုးစားပွားများ အားထုတ်တော်မူပြီး ဘယ်အဆင့်အထိ ပေါက်ရောက် အောင်မြင်တော်မူသွားမည်ကို ဆရာတော်ဘုရားကြီး၏ ခြေမှုန်ကလေးလောက်မှ ဉာဏ်မမီပါသော ကျွန်မတို့အနေနှင့် မခန့်မှန်း မဆုံးဖြတ်နိုင်ပါသော်လည်း ကျေးဇူးတော်ရှင် ရွှေဟင်္သာ ဆရာတော်ဘုရားကြီးသည် နတ်လူဗြဟ္မာသတ္တဝါအပေါင်းတို့ထက် ပိုလွန်မြင့်မြတ်ရာ အမြင့်မြတ်ဆုံး တစ်နေရာသို့ ကြွရောက်စံမြန်းတော်မူနေပြီဟု ရည်ရော်မှန်းဆ ရှိခိုးကန်တော့လိုက်ရပါသည်ဘုရား။

❒ ဒေါ်ကြည်ကြည်မြ(မြန်အောင်)



www.burmeseclassic.com

www.burmeseclassic.com




နက္ခတ္တဗေဒ၊ ထချုပ်ဗေဒ၊ ဝါစတုဿျွတ္တရ၊ တရုတ်ဝေဒ၊ တိုင်းရင်းဆေးပညာရှင်

# ဆရာဦးခန့်ကျော်

(ပါရဂူမြောက်လက္ခဏာဖတ်ကြားခြင်းအတတ်ပညာကျမ်းပြုသူ)

**ဟောခန်း(ရုံးခန်း)နှင့် ဖြန့်ချိရေးလိပ်စာ** — ၂၇၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ (၉)ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၁၉၈၂၄၀

**နေအိမ်** — ၇၂(၇-က)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း

"သင့်ဘဝ၏ အနာဂတ်ကံကြမ္မာ အကောင်းအဆိုး အကြောင်းအကျိုးတို့အတွက် ကြိုတင်သိရှိထားနိုင်ရန် လာရောက်တွေ့ဆုံ ဆွေးနွေးမေးမြန်း တိုင်ပင်လိုပါက နေ့စဉ် နံနက် (၉း၀၀)နာရီမှ ညနေ (၄း၀၀)နာရီ အထိ အတိုင်ပင်ခံ ဟောပြောစီမံဆောင်ရွက်ပေးလျက် ရှိသည်။"



ဦးခန့်ကျော် စာပေ (၇၉၂) မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ


www.burmeseclassic.com

www.burmeseclassic.com

လေးယောက်တည်း ဖြစ်သော်လည်း သေတကေတုတို့ လူစု၏ ရယ်သံနှင့် စကားသံတို့က ကျယ်လောင်လွန်းလှသည်။ သူတို့လူစုသည် မြို့တွင်းမှနေ၍ မြို့ပြင်ရှိ သူတို့နေထိုင်ရာ ပညာသင်ကြားရာ ကျောင်းတော်ကြီးဆီသို့ ပြန်လာနေကြခြင်း ဖြစ်သည်။

သေတကေတုသည် ရှေ့တူရူဆီသို့ လှမ်းကြည့်လိုက်သည်။ ရှေ့မှာ လူတစ်ယောက်သည် သူတို့ရှိရာဘက်သို့ ဦးတည်လျှောက်လာနေသည်။ သေတကေတု ထိုလူကို သေသေချာချာ ကြည့်လိုက်သည်။

"ဟင်- စဏ္ဍာလ တစ်ယောက်ပါလား"

သေတကေတုသည် ထိုစဏ္ဍာလကို မြင်လိုက်သည်နှင့် ချက်ချင်းပင် လေညာဘက်အရပ်သို့ တက်၍ ရပ်နေလိုက်သည်။ အဘယ့်ကြောင့်ဆိုသော် သူလို အမျိုးမြတ်သည့် ပုဏ္ဏားမျိုးကို ယုတ်ညံ့သည့် စဏ္ဍာလအား တိုးဝှေ့တိုက်ခတ်လာသည့်လေနှင့် မထိစေရန်အတွက် ဖြစ်သည်။

သို့သော် အဖြစ်အပျက်တို့က သေတကေတု တွက်ဆထားသကဲ့သို့ ဖြစ်မလာခဲ့။ စဏ္ဍာလက သေတကေတု၏ လေညာအရပ်သို့ ပြေးသွားကာ ရပ်နေလိုက်သည်။

"လူယုတ်မာ ပျက်စီးစမ်းပါစေ၊ ငတ်ပြီး သေစမ်းပါစေ"

သေတကေတုက စဏ္ဍာလအား ဆဲလိုက်သည်။ စဏ္ဍာလက သေဘကေတု ဆဲနေသည်ကို ပြုံး၍ နားထောင်နေသည်။

ပြီးမှ. . .

# ကြေးဆောင်သောရွှေ

ခရာ(ကေတ)



ပန်းချီ ဆွမြင့်



www.burmeseclassic.com

www.burmeseclassic.com

"သင်ဟာ ပုဏ္ဏားမျိုးဖြစ်တယ် ဆိုရင် ကျွန်ုပ်မေးတဲ့ မေးခွန်းကို ဖြေနိုင်ပါ့မလား" ဟုမေးလိုက်သည်။

"အောင်မယ်၊ သင့်လို စဏ္ဍာလ တစ်ယောက်က မေးတဲ့ မေးခွန်းကို ပုဏ္ဏား တစ်ယောက်လဲဖြစ်၊ ဒိသာပါမောက္ခဆရာကြီးထံမှာ ပညာသင်ကြားနေတဲ့ သူလဲဖြစ်တဲ့ ငါက ဘာလို့ မဖြေနိုင်ရမှာလဲ"

သေတကေတု ဖြေသံက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုထက် အမျိုးဇာတ်အပေါ် မာန်တက်မှုအသံပေါက်နေသည်။

"ဟုတ်ပါ့မလား"

စဏ္ဍာလ၏ အမေးစကားက သေတကေတု၏ မာနကို ပွင့်ထွက်စေသည်။ ထို့ကြောင့်. . .

"သင်မေးတဲ့ မေးခွန်းကို ငါ မဖြေနိုင်ရင် ငါ့ကို သင့်ခြေထောက်ကြားမှာ ထားပြီး လှည့်လိုက်"

သေတကေတု၏ လောင်းကြေးက သူလို အမျိုးမြတ်သူတစ်ယောက်အတွက် လွန်စွာမှပင် စွန့်စားလွန်းရာကျမှန်းသိသော်လည်း အမျိုးမြတ်သူ ဟူသော မာနက စိန်ခေါ်မှုကို ဖြစ်စေခဲ့သည်။

"ကောင်းပြီ၊ ဒါဆို ကျွန်ုပ်မေးမယ်၊ သင်ဖြေပေတော့ အရပ်မျက်နှာဆိုတာ ဘာကို ခေါ်တာလဲ"

စဏ္ဍာလ မေးခွန်း ဆုံးတော့ သေတကေတုသည် အားရပါးရ ရယ်လိုက်သည်။

"ဟား ဟား ဟား ဟား .. ဘာများမေးမှာလဲလို့ တော်တော်ခက်တဲ့ မေးခွန်းပဲ၊ အင်းလေ စဏ္ဍာလဟာ စဏ္ဍာလ အသိဉာဏ်လောက်ပဲရှိတော့ ထိုက်တန်တဲ့ မေးခွန်းပဲ ထွက်မှာပေါ့ ဟား ဟား"

"ကဲပါ ကျွန်ုပ်မေးတာကိုပဲ သင်ဖြေပါ"

စဏ္ဍာလက ထပ်ပြောလိုက်ရာ သေတကေတုသည် ရယ်နေခြင်းကို ရပ်လိုက်ပြီး. . .

"အိုး ဒါများ ဟိုသစ်ပင်အောက်မှာ ကစားနေတဲ့ လူငယ်တွေကို သွားမေးရင်တောင် ဖြေနိုင်တယ်၊ အရပ်မျက်နှာဆိုတာ အရှေ့၊ အနောက်၊ တောင်၊ မြောက်ကို ခေါ်တာ စဏ္ဍာလရဲ့ မသေမချင်း မှတ်ထား"

သေတကေတုက စဏ္ဍာလမေးသော မေးခွန်း၏ အဖြေကို ရဲဝံ့စွာ ဖြေလိုက်သည်။

"ငါမေးတဲ့ အရပ်လေးမျက်နှာဆိုတာ အဲဒါမဟုတ်ဘူး၊ ဒါလေးတောင် မသိဘဲနဲ့များ အမျိုးမာန်တက်ပြီး ငါ့ကို တိုက်ခတ်ခဲ့တဲ့ လေကိုများ သင်က ရှုံ့သေးတယ်"

စဏ္ဍာလသည် သေတကေတုအားပြောပြီးနောက် လည်ကုတ်ကို ဆွဲကိုင်ကာ သူ၏ ခြေကြားတွင်ချပြီး လှည့်လိုက်ကာ ထိုနေရာမှ ထွက်သွားလေသည်။

သေတကေတုကား ရှက်စိတ်၊ ဒေါသစိတ်တို့ကြောင့် မျက်နှာကြီးနီရဲလျက် လဲကျနေရာမှ ကုန်းထပြီး ကျောင်းဆီသို့ သုတ်ခြေတင် လျှောက်သွားလေရာ သေတကေတုနှင့်ပါလာသော အဖော် သုံးယောက်မှာလည်း ကြောင်၍ ကြည့်နေပြီးနောက် အတန်ကြာမှ သေတကေတုနောက်သို့ ပြေးလိုက်သွားကြလေသည်။

သူတို့လေးယောက် ကျောင်းသို့ ပြန်ရောက်သွားကြပြီး မကြာမီမှာပင် သေတကေတု၏ အဖော်သုံးယောက်မှ တစ်ဆင့် သေတကေတု၏ အကြောင်းက တစ်ကျောင်းလုံး ပျံ့နှံ့သွားခဲ့ရာ နောက်ဆုံး ဒိသာပါမောက္ခဆရာကြီးနားသို့ပင် ထိုသတင်းက ရောက်သွားခဲ့လေသည်။

"သေတကေတု သင့်ကို ဆရာကြီး ခေါ်နေတယ်"

ကျောင်းသားတစ်ယောက် လာပြောသောကြောင့် သေတကေတုသည် ဆရာကြီးထံသို့ လာခဲ့ရသည်။ လာသာလာရသည်။ ဆရာကြီးက သူ့ကို ဆူမှာလား ဟူသော စိတ်တို့ကြောင့် မရွှံ့မရဲ ဖြစ်နေသည်။

"ဟော သေတကေတု၊ လာ လာ"

ဆရာကြီးက သူ့ကို မြင်သွားပြီး လှမ်းခေါ်လိုက်သဖြင့် သေတကေတုသည် ဆရာကြီးနှင့် မနီးမဝေးသို့ လျှောက်သွား၍ ထိုင်လိုက်ပြီးနောက် ဆရာကြီးအား ကန်တော့လိုက်သည်။

"အမောင် သင်ဟာ စဏ္ဍာလအပေါ် အမျက်ဒေါသ ထွက်နေတယ် ထင်တယ်၊ မထွက်လေနဲ့ အမောင်"

ဆရာကြီး၏ စကားကြောင့် ခေါင်းငုံ့လျက် ထိုင်နေသော သေတကေတုက ဆရာကြီးအား မော့ကြည့်လိုက်သည်။ ကိုယ့်ကို အရှက်ခွဲသည့် စဏ္ဍာလကို အမျက်မထွက်လေနှင့် ဟူသော ဆရာကြီး၏ စကားက ထူးဆန်းနေသည်။

"သူက အရပ်လေးမျက်နှာကို မေးတော့ ကျွန်တော်မျိုးက အရှေ့၊ အနောက်၊ တောင်၊ မြောက်လို့ ဖြေတယ်၊ အဲဒါ သူက ကျွန်တော်မျိုးဖြေတာ မှားတယ်လို့ ပြောတယ်"

သေတကေတု အကြောင်းစုံကို ဆရာကြီးအား ရှင်းပြလိုက်သည်။

"အမောင် စဏ္ဍာလဟာ ပညာရှိသူဖြစ်ပေတယ်၊ ဤလောကကြီးထဲမှာ အမောင်တတ်ပြီး သိပြီး၊ မြင်ပြီးသော အရာတွေထက် မတတ်သေး မသိသေး မမြင်သေးတဲ့ အရာတွေ အများကြီး ရှိသေးတယ်ကွယ့်"

ဆရာကြီး အေးဆေးတည်ကြည်စွာ ပြောနေရာ သေတကေတုလည်း ဆရာကြီး၏ မျက်နှာအား ကြည့်လျက် နားထောင်နေသည်။

"တကယ်တော့ စဏ္ဍာလ မေးတဲ့ အရပ်လေးမျက်နှာဆိုတာ သင်ပြောတဲ့ အရပ်မဟုတ်ဘူး၊ အရှေ့ရပ်က မိဘ၊ တောင်အရပ်ကတော့ ဆရာ၊ အနောက်အရပ်က ပုဏ္ဏားစသည်ဖြင့် ကျေးဇူးရှင်ပုဂ္ဂိုလ်များကို အရပ်မျက်နှာနဲ့ ကိုယ်စား





www.burmeseclassic.com

www.burmeseclassic.com

ပြု သတ်မှတ်ထားတာ ရှိတယ်၊ အဲဒီအရပ်တွေကို မေးတာကွယ်"

ဆရာကြီး၏ ရှင်းပြမှု အဆုံးမှာတော့ သေတကေတု၏ ရင်ထဲဝယ် တင်းကျပ်စွာ ဖြစ်ပေါ်နေသည့် ဒေါသတို့ လျော့ပါး ပျောက်ကွယ်ခဲ့ရသည်မို့-

"ကျွန်တော်မျိုး အခုမှပဲ အမှန်တရားကို သိရပါတယ် ဆရာသခင်၊ ဒါကြောင့် စကြ္ဝာလအပေါ်ထားတဲ့ အမျက်ဒေါသဟာ လုံးဝ မရှိတော့သလို အခုလို ရှင်းပြပေးတဲ့ ဆရာကြီးကိုလဲ လွန်စွာမှကျေးဇူးတင်လှပါတယ် ခင်ဗျာ"

သေတကေတုသည် ဆရာကြီးထံမှ မိမိနေရာသို့ ပြန်လာခဲ့လေသည်။

သုံးနှစ် သုံးမိုးပြည့်၍ ပညာစုံသောအခါ သေတကေတုသည် ဆရာကြီးအား ကန်တော့ပြီးနောက် တက္ကသိုလ်ပြည်မှ ထွက်လာခဲ့ရာ နယ်စွန်နယ်ဖျားအရပ်သို့ ရောက်ရှိလာခဲ့သည်။

ထိုအရပ်တွင် ရသေ့ငါးရာတို့ ရှိလေရာ သေတကေတုသည် မိမိ၏ အရပ်ဒေသသို့ ခရီးမဆက်တော့ဘဲ ထိုရသေ့များထံတွင် ရသေ့ဝတ်လိုက်လေသည်။ နှောင်နှစ် အနည်းငယ်ကြာသောအခါ သေတကေတုသည် ထိုရသေ့ငါးရာတို့၏ ဂိုဏ်းဆရာ ဖြစ်လာသည်။ သေတကေတုရသေ့နှင့် အဖွဲ့အား ဗြဟ္မဒတ်မင်းကြီးသည် လွန်စွာမှ ကြည်ညိုသဖြင့် နန်းတော် အတွင်းသို့ ပင့်၍ ဆွမ်းဆက်ကပ် လုပ်ကျွေးပြီးနောက် သေတကေတုရသေ့အား . . .

"ဆရာရသေ့ကို တပည့်တော် တစ်ခုလောက် လျှောက်ထားပါရစေဘုရား"ဟု လျှောက်ထားလိုက်ရာ ရသေ့ကြီးက. . .

"ဘာများ လျှောက်ထားလိုပါသလဲ ဒကာတော်မင်းကြီး" ဟု ပြန်မေးလိုက်သည်။

"မှန်လှပါ ဆရာရသေ့ဘုရား၊ တပည့်တော်နှင့်တကွ တိုင်းပြည်အတွင်းမှ ပြည်သူ ပြည်သား အပေါင်းတို့ဟာ ဆရာရသေ့တို့ကို အမြဲမပြတ် ဖူးမြော်ပြီးတော့ ပြုစုလုပ်ကျွေးနိုင်ရန်အတွက် အခြားရပ်ဒေသကို မကြွဘဲ တပည့်တော်၏ ဥယျာဉ်တော် အတွင်း၌သာ သီတင်းသုံးတော်မူကြရန် လျှောက်ထားပါရစေဘုရား"

မင်းကြီး၏ လျှောက်ထားစကား ဆုံးသောအခါ ရသေ့ကြီး သေတကေတုသည် ခေတ္တမျှ စဉ်းစားပြီးနောက်. . .

"အင်း လူတို့ အရပ်ဒေသဆိုတာ ကျွန်ုပ်တို့လို ပုဂ္ဂိုလ်တွေအတွက်ကတော့ မနေသင့် မနေအပ်တဲ့ အရပ်ပေပဲ၊ သို့သော်လဲ ဒကာတော် မင်းမြတ်ကလဲ လျှောက်နေတယ်၊ ပြီးတော့ ပြည်သူပြည်သားတွေရဲ့ ကုသိုလ်တရားပွားများရေးအတွက်ဆိုတော့ ကျွန်ုပ်လက်ခံပါတယ်" ဟုပြောလိုက်လေသည်။

"ကျေးဇူး ကြီးလှပါပေတယ် ဆရာရသေ့ဘုရား"

ဗြဟ္မဒတ်မင်းကြီးသည် သူငယ်မင်းချင်းများအားခေါ်၍ ဥယျာဉ်တော်အတွင်းဝယ် ရသေ့ငါးရာတို့ နေထိုင်ရန်အတွက် ကျောင်းသင်္ခမ်းများကို ဆောက်လုပ်ရန် စေခိုင်းလိုက်လေသည်။

ထို့နောက်မှာတော့ သေတကေတုနှင့် ရသေ့ငါးရာတို့သည် မင်းကြီး ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဝယ် နေထိုင်ကြလေတော့သည်။

တစ်ခုသော ညနေချမ်း၌ သေတကေတု ရသေ့ကြီးထံသို့ မင်းချင်း တစ်ဦးရောက်ရှိလာပြီးနောက် မကြာခင် အချိန်အတွင်း ဗြဟ္မဒတ်မင်းကြီးသည် ဤကျောင်းသင်္ခမ်းသို့ ရောက်လာပြီး ဆရာရသေ့တို့အား ဖူးမြော်မည် ဖြစ်ကြောင်း လျှောက်တင်ပြီးနောက် ပြန်သွားလေရာ သေတကေတုရသေ့ကြီးသည် ရသေ့အပေါင်းတို့အား ခေါ်၍. . .

"အို အသင်ရသေ့တို့၊ မကြာခင်မှာ ဒကာတော်မင်းကြီး ဒီနေရာကို ရောက်လာလိမ့်မယ်၊ မင်းကြီးလာလို့ သဘောကျသွားခဲ့ရင် ကျွန်ုပ်တို့ တစ်သက်လုံး ချမ်းချမ်းသာသာနဲ့ နေရမှာဖြစ်တယ်၊ ဒါကြောင့် သင်တို့ဟာ အခုချိန်ကစပြီး မင်းကြီး မပြန်မချင်း အကျင့်တွေကို ကျင့်ပြီးတော့ နေကြပါ"

"ကျွန်ုပ်တို့က ဘယ်လိုကျင့်ရမှာလဲ"

သေတကေတု ရသေ့ကြီး၏ စကားကို ရသေ့အချို့က မရှင်းသောကြောင့် မေးမြန်းကြရာ ရသေ့ကြီးက-

"တချို့က လင်းနို့အကျင့်ကို ကျင့်ကြပါ၊ တချို့ကတော့ ဆူးပေါ်မှာ သားရေပြားကို ခင်းပြီးတော့ အိပ်ကြပါ၊ အဲ- တချို့ကတော့ ပဉ္စတပအကျင့်ကို ကျင့်ကြပေါ့"

ဟုပြောဆို ညွှန်ကြားလိုက်လေသည်။ သူကတော့မူ ကျောင်းတံခါးဝ၌ ရှိသည့် နောက်မှီပါသည့် အခင်းပျဉ်ပေါ်၌ အကျအန ထိုင်နေလိုက်သည်။

သူ့ရှေ့တွင် သုံးတောင်ခန့် ရှိသည့် အဆန်းတကြယ်အရောင်အဆင်း ရှိသော အဝတ်တစ်ခုကို ဖြန့်ခင်းထားပြီးလျှင် ထိုအခင်းပေါ်၌ တစ်တောင်ခန့်ရှိသည့် ပုရပိုက်ကို ချထားလေသည်။

သူ၏ မျက်နှာချင်းဆိုင်နေရာတွင်မူ လူငယ်လေးယောက်တို့က ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်နေကြသည်။ သေတကေတုရသေ့ကြီးက ထိုလူငယ်လေးယောက်တို့အား တစ်ခုသော ပညာရပ်ကို သင်ကြားပို့ချပြီးနောက် ပြန်လည်ဆွေးနွေးနေကြသည်။ အမှန်မှာ ထိုလူငယ် လေးယောက်သည် သေတကေတု ရသေ့ကြီး၏ တပည့်များပင်ဖြစ်၍ ကောင်းစွာ သင်ကြား တတ်မြောက်ထားပြီးသော အကြောင်းအရာတစ်ခုအား ဆွေးနွေးနေကြခြင်း ဖြစ်သည်။

ထိုအချိန်တွင် မင်းကြီးသည် ဥယျာဉ်သို့ ရောက်လာပြီး ရသေ့များအား မြင်တွေ့သွားသောအခါ လွန်စွာမှ သဘောကျသွားလေသည်။

ထို့နောက် မင်းကြီးသည် သေတကေတုရသေ့ကြီးထံသို့ သွားရောက်ကာ ရသေ့ကြီးအား ရှိခိုးဝတ်ပြုလိုက်



www.burmeseclassic.com

www.burmeseclassic.com

လေသည်။ မင်းကြီး၏ စိတ်ထဲတွင်လည်း ရသေ့တို့ကျင့်နေသော အကျင့်များကို ကောင်းမြတ်သော အကျင့်များဟု ထင်မြင်နေသည်။

မင်းကြီးသည် သေတကေတုရသေ့ကြီးအား စကားတစ်ခွန်းမျှ မဆိုသေးဘဲ နောက်၌ ခစားနေသော ပုရောဟိတ်ကြီးဘက်သို့ လှည့်ကာ. . .

"ဆရာ ပုရောဟိတ် ဗေဒင်တို့ကို ရွတ်အံသရဇ္ဈာယ်နေကြသည့် ဤဆရာရသေ့တို့ဟာ အပါယ်ဘေးမှ လွတ်မြောက်နိုင်ပါသလား"

ဟု မေးလိုက်လေသည်။

သေတကေတု ရသေ့ကြီးနှင့်တကွ အားလုံးသောသူတို့သည် ပုရောဟိတ်ဆရာကြီး ဖြေမည့်အဖြေကို ငံ့လင့်နေကြသည်။

"မှန်လှပါ မြတ်သောမင်းကြီးဘုရား၊ အကြားအမြင်များသူ ဖြစ်စေကာမူ မကောင်းမှုများကို ကျူးလွန်နေမည်ဆိုလျှင် ဗေဒင်ကျမ်း သုံးကျမ်းကို မဆိုထားနှင့် ကျမ်းပေါင်းတစ်ထောင်ကို တတ်ကျွမ်းသူဖြစ်သော်လည်း သီလရှိသူများ၊ သီလနှင့် ပြည့်စုံသူများ မဟုတ်တာကြောင့် အပါယ်စတဲ့ ဆင်းရဲဘေးမှ မလွတ်နိုင်ပါဘုရား"

သေတကေတု ရသေ့ကြီးသည် ပုရောဟိတ်ဆရာကြီးအား ဆတ်ခနဲကြည့်လိုက်သည်။ သူမျှော်လင့်ထားတာက အပါယ်လေးပါးမှ လွတ်မြောက်နိုင်သည်ဟူသော အဖြေ။

ပုရောဟိတ်ကြီး ဖြေလိုက်တာက ဆန့်ကျင်ဘက်၊ ပြီးတော့ နှစ်ဦးနှစ်ယောက်တည်း ပြောဆိုခြင်းမဟုတ်၊ မင်းကြီးရှေ့မှာ သေတကေတုသည် မျက်နှာကို မဲ့လိုက်ပြီးနောက်. . .

"နေပါဦး ပုရောဟိတ်ကြီးရဲ့၊ သင်ပြောစကားအရဆိုရင် ဗေဒင်ပညာဆိုတာဟာ အကျိုးတစ်စုံတစ်ရာ မရှိဘူးလို့ ငါ သဘောရပေတယ်၊ သင်ဆိုလိုတာလဲ ဒီအတိုင်းပဲ မဟုတ်လား"

ဟု မေးလိုက်လေသည်။

ထိုအခါ ပုရောဟိတ်ကြီးသည် သေတကေတုရသေ့ကြီးအား ကြည့်လိုက်ပြီးနောက်. . .

"ကျွန်ုပ် ဆိုလိုသည်မှာ ဤသဘောမျိုး မဟုတ်ပါဘူး ရသေ့ကြီး၊ ဗေဒင်ပညာသည် လွန်စွာမှ အကျိုးရှိပေတယ်၊ ဒါပေမယ့် နိဗ္ဗာန်ရောက်သည့်သူတွေမှာ သီလ၊ သမာဓိတို့နှင့် ပြည့်စုံသောသူများသာ ဖြစ်ကြပါတယ်၊ ဗေဒင်ပညာကို သရဇ္ဈာယ်နေသူများ မဟုတ်ကြပါ"

ဟု ပြောဆိုလိုက်ရာ သေတကေတုရသေ့ကြီးမှာ စကားတစ်ခွန်းမျှ ပြန်မပြောနိုင်ဘဲ နှုတ်ဆိတ်သွားလေတော့သည်။

ထိုအခါကျမှ မင်းကြီးလည်း သေတကေတု၏ ရသေ့များကျင့်နေကြသော အကျင့်တို့သည် မိစ္ဆာအကျင့်များ ဖြစ်နေမှန်း သိသွားပြီးလျှင်. .

"အကျိုးမရှိသော အကျင့်ကို ကျင့်နေကြတဲ့ ဤရသေ့အားလုံး လူဝတ်လဲစေ၊ လူဝတ်လဲပြီးနောက် လက်နက်များ ပေးအပ်ကာ မင်းမှုထမ်းအဖြစ် ဆောင်ရွက်ကြစေ"

သေတကေတု ရသေ့ကြီးမှာတော့ ခေါင်းငိုက်စိုက်လျက် အတွေးတစ်ခုအား တွေးနေလေသည်။

ထိုအတွေးသည်ကား. . .

"ပညာရှိသော သူတို့သည် အဆန်းတကြယ် လုပ်ပြသော်လည်း အထင်မကြီးတတ်ကြပါတကား"

ဟူသည့်အတွေးပင် ဖြစ်ပါတော့သည်။

**❒ ခရာ(ကေတ)**

ကျမ်းကိုး

ငါးရာ့ငါးဆယ်နိပါတ်၊

ဆက္ကနိပါတ် ဘဝါရိယဝဂ်မှ သေတကေတုဇာတ်ကို ရေးဖွဲ့ပါသည်။

တစ်ခါတုန်းက သီဟိုဠ်ကျွန်း၊ ဒက္ခိဏာမလယနယ်မြေ၊ ဝိလရွာမှ မုဆိုးအလုပ်နဲ့ အသက်မွေးကြတဲ့ လင်မယားနှစ်ယောက် ရှိပါတယ်။

တစ်နေ့မှာ မုဆိုးထောင်ထားတဲ့ ကျော့ကွင်းမှာ လူလောက်ရှိတဲ့ မျောက်ကြီးတစ်ကောင် မိနေပါတယ်။ မုဆိုးက ခြေတစ်ဖက်မိနေတဲ့ မျောက်ကြီးကို သစ်ပင်ပေါ်တက် မဖမ်းရဲတာမို့ မျောက်ကြီးသေသွားမှ သစ်ပင်ပေါ်တက်ဖြုတ်မယ်ဆိုပြီး လေးနဲ့ ပစ်လိုက်ပါတယ်။

မြားက သေလောက်တဲ့ နေရာကို ထိတာမဟုတ်လို့ မျောက်ကြီး မသေပေမယ့် သွေးသံတရဲရဲနဲ့ ပြင်းထန်တဲ့ ဝေဒနာကို ခံစားနေရပါတယ်။

ဒီတော့ မုဆိုးက သစ်ပင်ပေါ်တက်၊ မျောက်ကြီးကို ဖမ်းယူဖို့ လှမ်းကိုင်လိုက်စဉ်မှာ ခြေချော်လက်ချော်ဖြစ်သွားပါတယ်။ မုဆိုးအားပြုကိုင်ထားတဲ့ သစ်ကိုင်းကလည်း အတွင်းက ဆွေးနေတော့အတွယ်အတာမရှိဘဲ အောက်ကို ကျသွားဖို့သာ ရှိတော့တာပါ။

ဒါပေမယ့် ကံကောင်းထောက်မစွာ လက်ကိုင်ပြုတ်သွားတာနဲ့တစ်ပြိုင်နက် ဒဏ်ရာပြင်းထန်စွာ ရရှိထားတဲ့ မျောက်ကြီးက မုဆိုးရဲ့ သျှောင်ထုံးကို ဆွဲကိုင်ထားလိုက်တာမို့ အသက်ချမ်းသာရာ ရသွားပါတယ်။

မျောက်ကြီးကြောင့် အသက်ချမ်းသာ ရသွားတာဆိုတော့ မုဆိုးက မျောက်ကြီးကို သတ်ဖို့ မချင့်မရဲ ဖြစ်သွားပါတယ်။ သိပ်မကြာပါဘူး။ မုဆိုးရဲ့ စိတ်ရိုင်းတွေ ပြန်ဝင်လာပြီး မျောက်ကြီးကို လေးနဲ့ နောက်တစ်ချက် ပစ်ချလိုက်တာ မျောက်ကြီး ငြိမ်သက်သွားတော့တာပါ။





www.burmeseclassic.com

www.burmeseclassic.com



မုဆိုးက အိမ်ပြန်ရောက်ရင် မျောက်သေကြီးကို မိန်းမရှေ့မှာ ဟန်ပါပါပစ်ချလိုက်ပြီး ခဲရာခဲဆစ် ပစ်လာပုံကို အားတက်သရော ပြောပြပါတယ်။ ဇနီးသည်ရဲ့ ချီးမွမ်းသံကို နားဆင်ဖို့ ပြင်ထားပါတယ်။ တကယ်တော့ သူ ထင်ထားသလို ဖြစ်မလာခဲ့။

"ဟင်. . ရှင်၊ ကိုယ့်အသက်ကို ကယ်ခဲ့တဲ့ ကျေးဇူးရှင်ကို ပြစ်မှား သတ်ဖြတ်လာတာပေါ့။ ကျေးဇူးရှင်ကို ပြစ်မှားတာ အင်မတန်မှ အပြစ်ကြီးလွန်းပါတယ်။ အို- မကောင်းမှု ပြုလုပ်တဲ့ ရှင်နဲ့ အတူနေရင် ကျွန်မဆီကို မကောင်းတဲ့ အပြစ်တွေက တစ်နည်းနည်းနဲ့ ကျရောက်လာတော့မယ်၊ ဒါကြောင့် ရှင့်ကို ကျွန်မ မပေါင်းနိုင်တော့ဘူး၊ ပိုင်ဆိုင်သမျှ ပစ္စည်းတွေကိုလဲ ကျွန်မ မမက်မောဘူး၊ ရှင်ပဲ ယူလိုက်တော့"

ဇနီးသည် ပြောဆိုသမျှကို မုဆိုး ဘာမှ ပြန်မပြောဖြစ်ပါဘူး။ အယုတ္တအနတ္တ ဆဲရေး တိုင်းထွာခြင်းမျိုးစုံကို မြိန်ရေရှက်ရေ ပြောဆိုလာခဲ့တဲ့ ပါးစပ်၊ အခုတော့ စကားလုံးတွေ ပျောက်ဆုံးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com

သွက်သွက်လက်လက် ပစ်ခတ်သတ်ဖြတ် လာခဲ့တဲ့ လက်တွေ တုတ်တုတ်မျှ မလှုပ်၊ ငြိမ်သက်လို့သာ နေပါတယ်။

ဇနီးသည်က အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ အိမ်ပေါ်က ဆင်းသွားပြီး သယ်မိတ္တာထေရီရဲ့ အဆက်အနွယ်ဖြစ်တဲ့ ဘိက္ခုနီကျောင်းမှာ ဘိက္ခုနီအဖြစ် ခံယူသွားပါတယ်။

မုဆိုးလည်း ဘာအလုပ်မှ လုပ်လို့မရတော့ဘဲ မှိုင်တွေငေးမောပါတော့တယ်။ ပြုခဲ့လေမိသမျှ အကုသိုလ်ကံကြောင့် ခံစားရမယ့် အပြစ်ဒဏ်တွေကို တွေးတောကာ ဆောက်တည်ရာမရ ဖြစ်နေတာပါ။

ဒီအတိုင်းနေပြီး ဒီအတိုင်းသာ သေသွားပါက အပါယ်လေးဘုံ တစ်ဘုံဘုံသို့ ကျရောက်ရမည်မှာ မလွဲပေ။

ဒါဆို အပြစ်ဒဏ်တွေ မကျရောက်အောင် ဘယ်လိုတားဆီးရမလဲ။ ဒီအကုသိုလ်ကံတွေ ပပျောက်သွားအောင် ဘာနဲ့ပယ်ဖျောက်ရမလဲ။

"ဒကာ၊ အကုသိုလ်ကံတွေဧကန် ပပျောက်ချင်တယ်ဆိုရင် လုပ်စရာနည်းလမ်းကတော့ တစ်လမ်းပဲ ရှိတော့တယ်၊ အကုသိုလ်ကံ ပပျောက်ဖို့ဆိုတာ အရိယာတို့ရဲ့ အသိဉာဏ်၊ တစ်နည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရရှိရေးသာ ဖြစ်တယ်။

မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိရေးအတွက် အချိန်ပြည့် ကြိုးစားအားထုတ်နိုင်ဖို့ ဆိုရင်တော့ သာသနာ့ဘောင်ဝင်ရောက်ဖို့သာ ရှိတော့တယ်"

ဆွမ်းခံကြွလာတဲ့ ရဟန်းတော်တစ်ပါးရဲ့ လမ်းညွှန်မိန့်ကြားတဲ့ တရားစကားကို နာကြားရပြီးတော့ သာသနာ့ဘောင်ဝင်ကာ ဆရာသမားတို့ ညွှန်ကြားတဲ့အတိုင်း ဝိပဿနာတရား အားထုတ်တယ်။ အရင်က ဇနီးသည် ရဟန်းမရော သူရော အခုဘဝမှာပဲအကုသိုလ်ကံတွေ အကြွင်းအကျန်မရှိ သန့်ရှင်းစင်ကြယ်တဲ့ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားကြပါတယ်။

❖

သူတစ်ပါးအသက်ကို. . .

(၁) သက်ရှိသတ္တဝါဖြစ်ခြင်း၊
(၂) သတ္တဝါရယ်လို့ အမှတ်သညာရှိခြင်း၊
(၃) သတ်လိုတဲ့ စိတ်စေတနာရှိခြင်း၊
(၄) သတ်ခြင်း၊
(၅) သေခြင်းဆိုတဲ့ အင်္ဂါငါးပါး အညီသတ်ရင် ပါဏာတိပါတာကံ ဖြစ်ပါတယ်။ အပြစ်တွေကတော့. . .
(၁) မျက်စိ၊ နား၊ နှာ အင်္ဂါ ခြေလက် ချွတ်ယွင်းခြင်း၊
(၂) ဖြစ်လေရာဘဝမှာ ရုပ်ရည်အသွင်မွဲပြာခြောက်ညှိုးပြီး စိုစိုပြည်ပြည် မရှိခြင်း၊
(၃) အားအင်နည်းပါးခြင်း၊
(၄) လျင်မြန်သွက်လက်မှု မရှိခြင်း၊
(၅) ဘေးရန်ဖြစ်ပေါ်လာရင် ကြောက်ရွံ့တတ်ခြင်း၊
(၆) သူတစ်ပါးတို့ရဲ့ သတ်ဖြတ်မှုကြောင့်ပဲ ဖြစ်ဖြစ်၊ မိမိကိုယ်တိုင် အဆိပ်သောက်၊ ဆွဲကြိုးချမှုကြောင့်ပဲ ဖြစ်ဖြစ် သေရတတ်ခြင်း၊
(၇) အနာရောဂါများခြင်း၊
(၈) အခြွေအရံ အသင်းအပင်း ပျက်စီးတတ်ခြင်း၊
(၉) အသက်တိုခြင်းစတဲ့ မကောင်းတဲ့ ဆိုးကျိုးများစွာကို ခံစားရမှာ ဖြစ်ပါတယ်။ ဒီအကျိုးတွေက အခုဘဝမှာလည်း အကျိုးပေးတတ်ပါတယ်။
(၁၀) သေလွန်တဲ့နောက် ငရဲပြည်သို့ ကျရောက်ရခြင်းစတဲ့ ကြီးလေးတဲ့ အပြစ်တွေကို ခံစားရမှာပါ။အပြစ်ကြီးတာ ငယ်တာကတော့ အားထုတ်မှု လုံ့လပယောဂ အားကြီးရင် အပြစ်ကြီးပါတယ်။

ဂုဏ်ကြီးတဲ့သူကို သတ်မိရင်လည်း အပြစ်ကြီးပါတယ်။ အားထုတ်မှုနည်းပါးတာရယ်၊ ဂုဏ်ငယ်တာရယ်ကတော့ အပြစ်ငယ်ပါတယ်။

ကျေးဇူးရှင်ကို ပြစ်မှားသတ်ဖြတ်လိုက်မိရင်တော့ ပိုလို့ အပြစ်ကြီးသွားပါပြီ။ ကျေးဇူးရှင်ကို ပြစ်မှားသတ်ဖြတ်တဲ့သူဟာ အိုးမဲ့ အိမ်မဲ့ ဖြစ်ရတတ်ပါတယ်။ အစားအသောက်ချို့တဲ့ပြီး သူတကာ စားကြွင်းစားကျန်ကိုတောင်းစားရတဲ့ သူများလို အမြဲတမ်း ဆာလောင်မွတ်သိပ်စွာ နေရတတ်ပါတယ်။

မိဘဘိုးဘွား အမွေကိုလည်း မရရှိနိုင်ပါဘူး။ တကယ်လို့ ရရှိခဲ့ရင်တောင်မှ ကိုယ်ပြုခဲ့တဲ့ အကုသိုလ်ကံကြောင့် လက်လွတ် ဆုံးရှုံးရတတ်ပါတယ်။

ကျေးဇူးရှင်ကို ပြစ်မှားသတ်သူရဲ့ ခေါင်းပေါ်ကို သူတစ်ပါးတို့ ပြုလေသမျှ ခိုးမှု၊ တိုက်မှုစတဲ့ အပြစ်တွေ ပုံကျလာတတ်ပါတယ်။

စိတ်တည်ငြိမ်မှုမရှိဘဲ ကြောက်ရွံ့စရာ အဖြစ်များနဲ့သာ ထပ်ကာထပ်ကာ တွေ့ကြုံရတတ်ပါတယ်။

မင်းဘေး၊ ခိုးသူဘေးစတဲ့ ဘေးအမျိုးမျိုးလည်း သင့်တတ်ပါတယ်။ ကျား၊ ခြင်္သေ့ စတဲ့ သားရဲများရဲ့ ရန်မူခြင်းကိုလည်း ခံရတတ်ပါတယ်။

ခြေ၊ လက်၊ နား၊ နှာခေါင်း ဦးခေါင်းစတဲ့ ကိုယ်အင်္ဂါကြီးငယ်ကို ဖြတ်ခံရတတ်ပါတယ်။ ရက်စက်ကြမ်းကြုတ်လွန်းတဲ့ နှိပ်စက်ညှဉ်းပန်းမှု မျိုးစုံကိုလည်း ခံရတတ်ပါတယ်။

ကိုယ်စိတ်နှစ်ပါး ချမ်းသာကိုလည်း တကယ့်လက်တွေ့မှာ မပြောနဲ့ အိပ်မက်ထဲမှာတောင် ခံစားခွင့်မရပါဘူး။

သူ့မှာ ကျက်သရေမရှိတော့ပါဘူး။ ကောင်းသတင်းလည်း မကျော်စောနိုင်တော့ပါဘူး။ အပေါင်းအသင်း လုပ်ချင်သူရယ်လို့ မရှိနိုင်တော့အတွက် တစ်ကောင်ကြွက် ဘဝကိုလည်း ကျရောက်တတ်ပါတယ်။

မဟာအဝီစိငရဲ ဒါမှမဟုတ် အခြားငရဲတစ်ဘုံဘုံ၊ ဒါမှမဟုတ် ပြိတ္တာဘုံ၊ တိရစ္ဆာန်ဘုံ၊ အသူရကာယ်ဘုံသို့ ကျရောက်ရတတ်ပါတယ်။ အပါယ်လေးပါးမှ ချမ်းသာဆိုတာ မြူမျှမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com

ဒုက္ခရဲ့ နောက်မှာ ဒုက္ခတွေကိုသာ ဆက်ကာ ဆက်ကာ ခံစားရမှာ ဖြစ်ပါတယ်။

အထက် ဝတ္ထုထဲ မုဆိုးဟာ တကယ်လို့သာ အာသဝေါကင်းကွာ ရဟန္တာဖြစ်မသွားခဲ့ဘူးဆိုရင် ဒီအပြစ်ဒဏ်တွေကို မရှုမလှခံစားရတော့မှာပါ။ ပြုသမျှကံတွေက ချုပ်ငြိမ်းသွားတဲ့အတွက် ဒီအကျိုးဆက် အပြစ်တွေကို ခံစားရတော့တာပါ။ စာလို ပြောရင်တော့ အဟောသိကံ ဖြစ်သွားခြင်းပါ။ အကျိုးပေးဖို့လည်း နောင်ဘဝဆိုတာ မရှိတော့ပါဘူး။

အဟောသိကံဆိုတာ သံသရာတစ်လျှောက်လိုက်ပါလာပေမယ့် အခွင့်မကြုံလို့ အကျိုးမပေးလိုက်ရတဲ့ ကံပဲဖြစ်ပါတယ်။ ဒီကံဟာ ဘုရားရဟန္တာတို့ပြုခဲ့တဲ့ ကံများစွာထဲက အကျိုးမပေးလိုက်ရတဲ့ ကံတွေပါ။ ရှည်လျားသောသံသရာခရီးကို ဆက်နှင်ရဦးမယ့်သတ္တဝါတွေအတွက်တော့ အဟောသိကံ ဖြစ်သွားတယ်ဆိုတာ မရှိပါဘူး။

ဘုရား ရဟန္တာ အရှင်သူမြတ်တွေသော်မှ ခန္ဓာရှိဆဲ ဘဝမှာ တချို့ကံတွေက အကျိုးပေးသေးတာပါ။

သံသရာရှည်ကို ဆက်ရဦးမယ့်သတ္တဝါကို ဟိုအရင်ဘဝက အမှတ်တမဲ့ပြုခဲ့တဲ့ ကံပင်ဖြစ်သော်လည်း အခွင့်အရေးသာသလို အကျိုးပေးပါတယ်။

ဒါပေမယ့် အလွန်တစ်ရာအပြစ်ကြီးလေးတဲ့ အဆုံးစွန်ဆုံး အကုသိုလ်ကံဖြစ်တဲ့ . . .

- အမိကိုသတ်ခြင်း၊
- အဖကို သတ်ခြင်း၊
- ရဟန္တာပုဂ္ဂိုလ်ကို သတ်ခြင်း၊
- သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ ကိုယ်တော်မှ ယုတ်မာကောက်ကျစ်တဲ့စိတ်နဲ့ သွေးထွက်သံယိုဖြစ်အောင် ပြုခြင်း၊
- ညီညွတ်နေတဲ့ သံဃာကို သင်းကွဲအောင်ပြုခြင်းဆိုတဲ့ ပဥ္စာနန္တရိယကံကြီးငါးပါး မကျူးလွန်မိသေးရင် ကျန်တဲ့အကုသိုလ်ကို အပါယ်မကျအောင် ကုစားလို့ရပါသေးတယ်၊ ပယ်လို့ ရပါသေးတယ်။

ဝိပဿနာတရားကို ပွားများအားထုတ်ရင် ဒီဘဝမှာပဲ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ပါတယ်။

အကုသိုလ်အပြစ်တွေကို ဘယ်လို ကုစားမလဲ။ ဝိပဿနာနဲ့ အမြစ်ပြတ်အောင် ကုစားရမှာ ဖြစ်ပါတယ်။

ဝိပဿနာ အားထုတ်နည်းကို ကျေးဇူးတော်ရှင် ရေဦးဆရာတော်ကြီး ညွှန်ကြားပြသတော်မူတဲ့ နည်းနဲ့ အားထုတ်ကြည့်ရအောင်ပါ။

ဝိပဿနာတရား ပွားများအားထုတ်လိုတဲ့သူဟာ ငါးပါးသီလ၊ ရှစ်ပါးသီလ စတဲ့ သီလတို့တွင် မိမိစွမ်းနိုင်တဲ့ သီလကို ဘုရားရှင်ထံမှာ ဆောက်တည်ရမှာ ဖြစ်ပါတယ်။

သီလ ဆောက်တည်ပြီးတာနဲ့ "တပည့်တော်သည် အစမထင်သော ဘဝမှစ၍ ယခုအချိန်ထိ အနန္တငါးပါးနှင့်တကွ အသက်အားဖြင့် ဂုဏ်အားဖြင့် ကြီးသောသူအပေါင်းကို ကာယကံ၊ ဝစီကံ၊ မနောကံ တစ်ပါးပါးသောကံဖြင့် ကျူးလွန်မိသည်ရှိသော် ထိုအပြစ်တို့မှ ပျောက်ပါစေခြင်း အကျိုးငှာ ဝန်ချပါ၏၊ တောင်းပန်ပါ၏လို့ တောင်းပန်ရပါမယ်။

ပြီးတော့ သတ္တဝါ အားလုံးကို မေတ္တာပို့သပြီး တရားအားထုတ်စဉ်အတွင်း မိမိရဲ့ ခန္ဓာကိုယ်ကို မြတ်စွာဘုရားရှင်ထံ အပ်နှံ လှူဒါန်းထားရမှာပါ။

ပုဗ္ဗကိစ္စတွေ ပြုလုပ်ပြီးပြီ ဆိုတော့ ကြာကြာထိုင်နိုင်မယ့် ဣရိယာပုတ်နဲ့ ထိုင်ပါ။

လက်ဖဝါးနှစ်ခုကို ရှေ့မှာ ကပ်ထား၊ အားစိုက်ပြီး ခန္ဓာကိုယ်ကို တောင့်မထားပါနဲ့။

စိတ်ကို အလိုက်သင့်လျှော့ထားဖို့လည်း လိုပါတယ်။ တရားကို တကယ်လိုချင်တဲ့စိတ်လည်း ရှိရပါမယ်။ ပြီးရင် မျက်စိမှိတ်လိုက်ပါ။

ဝင်လေ ထွက်လေ ထိရာဌာနမှာ လေအထိများတဲ့ဘက်ကို စိတ်စိုက်ပြီး ဝင်လေကပဲ ဖြစ်ဖြစ်၊ ထွက်လေကပဲ ဖြစ်ဖြစ် လေနဲ့ အသာစိုက်ပြီး ထိတာကို မိမိက ထိမှုတစ်ခုကိုသာ အာရုံစိုက် မှတ်ရမှာပါ။ ပျံ့လွင့်သွားတဲ့ သတိကပ်ပြီး ထိတာကို ပြန်ထိစေပါ။

တခြားဘာမှ တွေးကြံမနေပါနဲ့။ မိမိအလုပ်ဖြစ်တဲ့ ထိမှု သိမှုကိုသာ မလွတ်ရအောင် အားထုတ်ရမှာဖြစ်ပါတယ်။

လေနောက်ကို လိုက်မသွားဘဲ ထိမှု သိမှုကို အာရုံစိုက်ပါ။ တစ်ခါတစ်ခါ မိမိခိုင်းတဲ့ ထိ သိ ကိုလွတ်ကာ ထွက်ထွက်သွားတတ်ပါတယ်။ ထွက်သွားတဲ့ စိတ်ကလေးကို သတိကပ်ပြီး ထိ၊ သိ ဌာနရောက်အောင် ပြန်လုပ်ပါ။ ဒါကို ကမ္မဋ္ဌာန်းတရား အားထုတ်တယ်လို့ ခေါ်ပါတယ်။

သမာဓိအား ကောင်းလာတာနဲ့ အမျှ ထိ၊ သိ ကို သိတဲ့စိတ်နဲ့ သိမှုကို တစ်စတစ်စ ပိုမိုထင်ရှားစွာရှုရင်း သိမှုဟာ ရင့်သန်အားကြီးလာတော့တာပါ။

ဒီတော့ ထိမှုကား တခြား၊ သိမှုကား တခြားလို့ ဝေဖန်ပိုင်းခြားခြင်း မပြုပေမယ့် သဘောအားဖြင့် ခြားနားစွာ သိရပါတယ်။

ဒါကရုပ်၊ ဒါကနာမ်လို့ ပိုင်းခြားဝေဖန်နေရန် မလိုတော့ဘဲ ထိတာက ရုပ်၊ သိတာက နာမ်ပင်ဖြစ်တာမို့ ရုပ်နာမ် နှစ်ပါးကို တရားအားထုတ်သူဉာဏ်မှာ ပိုင်းခြားစွာ သိရပါတယ်။

ဒီပစ္စုပ္ပန်ခန္ဓာကိုယ်မှာ လက်တွေ့ကို သတိနဲ့ မပျက်မကွက် ဆက်ကာဆက်ကာ လိုက်နေရမှာပါ။ မိမိရဲ့ သတိဟာ ထိမှု ထိလျက် ထိလျက်ရှိနေတာကို အဲဒီအသိနဲ့ ထပ်တူ တစ်သိတည်း သိလျက် သိလျက် ကြိုးစားအားထုတ်ဖို့ အရေးကြီးပါတယ်။

ထိမှုတွေဟာ ခန္ဓာကိုယ်တစ်ခုလုံး နေရာအနှံ့ ကာယအကြည်ရှိသမျှ အကြောင်းတိုက်ဆိုင်တိုင်း ဖြစ်ပျက်





www.burmeseclassic.com

www.burmeseclassic.com

လျှက်ရှိနေကြတာပါ။ ဒါပေမယ့် ခန္ဓာကိုယ်တစ်ခုလုံး လိုက်သိနေစရာမလိုပါဘူး။ ထိမှုနေရာမှာသာ သတိမပြတ်အောင် ရှုရမှာ ဖြစ်ပါတယ်။

ရှုပါများလာတဲ့အခါ သမာဓိအားကောင်းလာပြီး ပင်ပန်းခြင်း၊ ပျင်းရိခြင်း၊ ငိုက်မျဉ်းခြင်း မရှိတော့ဘဲ ကိုယ်စိတ်နှစ်ပါး ပေါ့ပါးလာပါတော့တယ်။ ဒါဟာတရားအဆင့်ဆင့် တက်နေခြင်း ဖြစ်ပါတယ်။

တရားအားထုတ်ရင်း ခံစားရတတ်တဲ့ ဆင်းရဲဒုက္ခ၊ ချမ်းသာသုခ၊ ဆင်းရဲလည်းမဟုတ်၊ ချမ်းသာလည်းမဟုတ်တဲ့ ဝေဒနာတွေကို ခံစား ရတတ်တယ်။ ဒုက္ခဝေဒနာကိုပဲ များစွာ တွေ့ရတာများပါတယ်။

ဒီတစ်ခါ ဝေဒနာ နောက်ကို စိတ်က မလိုက်စေပါနဲ့။ ခံစားမှု ဝေဒနာတွေကိုသာ သတိကပ်ရှုမှတ်နေရမှာပါ။ တရား အားထုတ်တယ်ဆိုတာ ဒုက္ခသစ္စာကို ပိုင်းခြားသိဖို့ပါ။ ဒုက္ခသစ္စာကို ပိုင်းခြားသိဖို့ ဒုက္ခဝေဒနာကို စူးစူးစိုက်စိုက် သိဖို့တော့ လိုအပ်ပါတယ်။

ဖြစ်ပျက် လက်ငင်းလက်တွေ့ အားထုတ်ပါများလာလို့ အချိုးကျလာတဲ့အခါ ဆိုင်ရာဆိုင်ရာ ဉာဏ်စဉ်တွေ တက်ပြီး မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရောက်နိုင်ပါတယ်။

အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ကို ရသွားရင် နောင်ဘဝ နောင်ခန္ဓာ မရှိတော့တဲ့အတွက် ကံအားလုံးဟာလည်း ချုပ်ငြိမ်းပြီး အကျိုးပေးခွင့် မရှိတော့ပါ။

ဒီတော့ အကုသိုလ်ကြွေး ကျေအေးသွားပါတယ်။

နိဗ္ဗာန် မျက်မှောက်မပြုနိုင်သေးလို့ ဝိပဿနာတရား အခြေခံရှိတဲ့ ပုဂ္ဂိုလ်ဟာ ရှန့်ရင်းကြမ်းတမ်းတဲ့ လောဘ၊ ဒေါသ၊ မောဟအစရှိတဲ့ အကုသိုလ်တွေ ဖြစ်ခဲသွားပါတယ်။ ဒီတော့ ကြီးလေးတဲ့ အကုသိုလ်ကြွေးသစ်တွေလည်း မတင်တော့ပါဘူး။

သူတစ်ပါးဆီက ကြွေးယူထား တဲ့သူဟာ သူ့ကြွေးကို မဆပ်နိုင်သေ သမျှ သူပြုသမျှ နုနေရတော့တာ ဘာမှ မပြောသာပါဘူး။ ဒီ့အတူ အ သိုလ်ကြွေးတင်နေတဲ့သူဟာ အကုသို ကံ အကျိုးပေးသမျှ ဒုက္ခ၊ ဒေါမနဿ ဥပါယာသ၊ သောက၊ ပရိဒေဝ စ မကောင်းကျိုးအားလုံးကို ခံပေတော့

ဘဝမှာ ချမ်းမြေ့ သာယာ နေနိုင်ဖို့အတွက် အကုသိုလ်ကြွေး ကျေ အေးဖို့ လိုပါတယ်။ ဒီအကုသိုလ်ကြွေး ကျေအေးဖို့ ဆိုတာကတော့ ဝိပဿနာ တရားအားထုတ်ရုံမှ တစ်ပါး။

❒ သကျနွယ်(ရွှေပင်လယ်)

စာကိုး

၁။ မစုရရသဝါဟိနီကျမ်း
ဝါနရဝတ္ထု

၂။ ရဟန္တာကိုးကျိပ်တို့၏
အောင်တံခွန်၊ ဝဏ္ဏသီရိ

၃။ စက္ကန့်မလပ် သတိကပ်၊
ကျော်နန္ဒအောင်


# ဆရာဦးအောင်ကြည်သန်း B.Sc (Bot)

ငွေကြိုသွင်းပြီး ဖုန်းဖြင့် ဗေဒင်မေးနိုင်ပါသည်။ KBZ Bank - 0071210122318

## လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

❂ ကောင်းကျိုးလိုသူများအတွက် . . . စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားခရီးနှင့် အလုပ်အကိုင်တို့အတွက် ဟောပြောအကြံပြုခြင်း၊ ချစ်သူစုံတွဲ လက်ထပ်ရန် ဇာတာတိုက်စစ်ပေးခြင်း၊ လက်ထပ်မင်္ဂလာအခါရွေးပေးခြင်း၊ ကလေးခွဲစိတ်မွေးဖွားရန် ရက်မြတ်ချိန်ခါရွေးပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ လုပ်ငန်းနာမည်ပေးခြင်း၊ အိမ်ခြံမြေသန့် မင်္ဂလာစီရင်ပေးခြင်း၊ အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အချိန်ရွေးပေးခြင်း၊ သင့်ဘဝမှာ ရင်ဆိုင်တွေ့ကြုံနေရသော အမှုအခင်းနိုင်ရန်၊ ချစ်သူနှင့် အဆင်ပြေရန်၊ ဇနီး ခင်ပွန်းနှင့် အဆင်ပြေရန်၊ သူတစ်ပါးမကောင်းကြံ၊ ပယောဂ ရန်အတိုက်အခိုက် အစရှိသည့် ပြဿနာတွေ အဆင်ပြေရန်၊ ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ ရတနာဒီပံ စီရင်ပေးခြင်း၊ ကျောင်းစာမေးပွဲ၊ အလုပ်စာမေးပွဲများအတွက် အထူးယတြာစီရင်ပေးခြင်း၊ တစ်နှစ်စာဟောစာတမ်း၊ ထီအထူးလမ်းညွှန်ရေးပေးခြင်း၊ ကွန်ပျူတာ ဇာတာဖွဲ့ပေးခြင်း၊ ဂန္ဓာရီဝိဇ္ဇာပညာသင်ပေးခြင်း စသည်တို့ကို လိုအပ်သလို ဆောင်ရွက်ပေးနေပါသည်။

**ဟောခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ။**


**၀၉ ၄၉၂၇၅၀၁၀၊ ၀၉ ၂၅၀၄၄၇၂၅၂**

**ဟောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ း ၁၀) မှ ညနေ (၅ း ၄၅) နာရီထိ။**




www.burmeseclassic.com

www.burmeseclassic.com



# ဓမ္မစကြာ တရားတော်

**ကျေးရွာတော်ရှင် မခုဏ္ဍုဆရာတော်ဘုရားကြီး**
**ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ မထေရ်မြတ်**
**(အနိစ္စဆရာတော်)**

## တဏှာကုန်ချင် အဝိဇ္ဇာကုန် ဉာဏ်ဟုန်ဖြင့် ရောက်သတည်း တရားတော်

*၂၇. ၈. ၂၀၁၃ (နံနက်)*

သမှအဆက်)

သင်္ခါရပစ္စယာ ဝိညာဏံ ခေါ်တယ်။ ဝိညာဏံ ပြီးမှတော့ လုပ်တယ်ဆို ရှိပ်ပါတာပေါ့။ သဠာယတန ဖဿ ဝေဒနာတွေလည်း ပါတာပေါ့။ အဲဒါ နကွန္ဓာ ငါးပါး။ အဲဒါ အတိတ်တုန်းက လုပ်ခဲ့တာ။ အနာဂတ် လုပ်ဦးမှာလား။ ဘာသာကိုယ်မေး။ ဒါမှ အတီတာနာဂတ ပစ္စုပ္ပန္နံ ဟီနံ ဝါ ပဏီတံ ဝါ အယုတ်တွေ လုပ်ဦးမှာလား၊ အမြတ်တွေ လုပ်ဦးမှာလား။

အမြတ်တွေကတော့ ရူပါဝစရ အရူပါဝစရတွေပေါ့။ မဟဂ္ဂုတ် ခေါ်တယ်။ ဣဒံ မဟဂ္ဂတစိတ္တန္တိဝါနဲ့ အဲဒီလို၊ ဤဟာ မဟဂ္ဂုတ်စိတ်၊ မဟဂ္ဂုတ်စိတ်တွေရော လောကုတ္တရာထဲမှာ ပယ်တယ်။ အတ္တကိလမထထဲ ပါသွားတယ်။ အလွန် ဉာဏ်ကြီးတယ်။

တရားနဲ့ စာပေနဲ့ လိုက်စားမှ ဟိုစာဖတ် ဒီစာဖတ်နဲ့ မြတ်စွာဘုရား အာဘော်နဲ့ မြတ်စွာဘုရားအာဘော် ကျတော့။

အနေက ဇာတိ သံသာရံကို ဂရုစိုက်၊ ဂဟကာရံ ဂဝေ သန္ဓော ခန္ဓာအိမ်ဆောက်တဲ့ တဏှာကိုရှာတာ မရဘူး၊ အခုတော့ အခြင်ရနယ်တို့နဲ့ သင်္ခါရတွေကို ဖြတ်လိုက်ပြီ။

ခေါင်အုပ်တွေမြင်ပြီးမှ မိုးတာ၊ ခေါင်အုပ်က အဝိဇ္ဇာတွေ ဖျက်လိုက် ပြီ၊ ဟာလာဟင်းလင်း ဖြစ်သွားပြီ၊ အရှုပ ရောက်သွားပြီ၊ သူပြောပုံက။

ကဟကာရက ဒိဋ္ဌောသိ ပုနဂေဟံကို သိပြီတဲ့၊ အခု ပစ္စုပ္ပန်မှာ တဏှာ မရှိပါဘူး။ ပစ္စုပ္ပန်လုပ်မှ တဏှာရှိတာ၊ ပစ္စုပ္ပန်မလုပ်ဘူး။ အတိတ်တဏှာတွေ အကုန်ဖျက်ပစ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ အနုသယဖြစ်လို့ ပေါ်ပေါ်နေလို့၊ ပေါ်ပေါ်နေတယ်ဆိုတာအခုယောက်ျား မရှိပါဘူး။ နောက် တစ်ခါကျတော့ ရှိမှာ၊ ဒီလိုဟာမျိုး၊ အခုသာ မိန်းမ မရှိတာ နောက်တစ်ခါကျတော့ ရှိမှာ။ ဘာဖြစ်လို့တုံးဆိုတော့ နောက်ဖြစ်မှာကိုး။

ဂဟကာရံ ဂဝေသန္ဓော ဒုက္ခာ ဇာတိ ပုနပ္ပုနံဆိုတာ ခုနတုန်းက မနော မှာ ဇာတိတွေ ဖြစ်ဖြစ်နေတယ်။ အဲဒါ ဖော်ဖော်ပြီး ဖျက်ဖျက်ပစ်၊ အနိစ္စ ဒုက္ခ အနတ္တနဲ့ ဖျက်တာပါပဲ။ အနိစ္စမှန်းသိ၊ ဒုက္ခမှန်းသိ၊ အနတ္တမှန်းသိရတယ်။ ဟီနံ ဝါ ပဏီတံဝါ ပေါ်ပေါ်လာရင် အဲဒါ ကာလနဲ့ ပေါ်လာတယ်။ ကာလက အချိန်၊ ဌာနက ဖြစ်ရာ၊ ကြမ်းတမ်းတယ်၊





www.burmeseclassic.com

www.burmeseclassic.com

နူးညံ့တယ်၊ ယုတ်တယ်၊ မြတ်တယ် ဆိုတာ ပြုလုပ်တဲ့ပယောဂလေးပါ။ ဌာနကလည်း လေးပါး၊ အဝေး အနီး အမေရိကန်မှာလုပ်ခဲ့တာတွေရော အဝေးက လုပ်ခဲ့တာတွေ အကုန်ပါတယ်။

အဲဒါ အခု (၁၄)နဲ့ (၁၅)၊ (၁၄)ပြောပြီး (၁၅)ရောက်ကုန်ကို မကုန်နိုင်ဘူး။ ကိလေသာတွေမဖြစ်မှ၊ ကိလေသာဆိုတာ ဒိဋ္ဌိရော၊ ဝိစိကိစ္ဆာရော၊ ဣဿာမစ္ဆရိယရော၊ မာနရော၊ ဒေါသရော အတိတ်ကဟာတွေ ဖျက်ဖျက်ပစ်၊ မြင်လား၊ အဝိန္ဒတော - မသိသည်ဖြစ်၍၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ - ခဏခဏဖြစ်တယ်တဲ့၊ အခု ခဏခဏ မဖြစ်တော့ဘူးတဲ့၊ အတိတ်ကဟာတွေ သိသိပြီး ဖျက်ဖျက်ပစ်လို့။

ပြီးတော့ စုတူပပါတော နဟောတိ၊ အနိုဿိတဿ စလိတံ နတ္ထိ ဆိုတဲ့ ပါဠိထဲမှာ စုတူပပါတတွေ မဖြစ်တော့ဘူးဆိုတာ ပါတယ်မဟုတ်လား (မှန်ပါ့ ဘုရား)။ အဲဒါတွေကလည်း ဒိဗ္ဗစက္ခုတို့ ဆိုတဲ့ဟာမျိုးထဲမှာ ပါတယ်။ ရွှေ့ရွှေ့လာတယ်၊ ဖြစ်ဖြစ်လာတယ်၊ ပျက်သွားတယ်၊ ဖြစ်လာတယ်၊ ဉာဏ်ခေါ်တယ်။

အတိတ်ကဟာတွေ၊ နောက် အဲဒါတွေမဖြစ်ရင် အာသဝေါလည်း ကုန်သွားတယ်။ ဟုတ်တယ်၊ အဲဒီဟာတွေကို ဉာဏ်ကောက်ရတယ်။ ရူပ၊ အရူပ မဟုတ်ဘူး။ ပြီးတော့ ပုဗ္ဗေနိဝါသ ဆိုတာလည်း ရှေးကဟာတွေ သွားသွားပြီးသိတဲ့ ခန္ဓာ၊ အတိတ်က ဘုရားလောင်းတွေ ဇာတ်တွေ ဘာတွေဖြစ်တဲ့ ပုဗ္ဗေနိဝါသ မဟုတ်ဘူး။ အတိတ်က ခန္ဓာ၊ သူ့ကိလေသာဖြစ်တဲ့ ခန္ဓာ၊ ဒါကို ပုဗ္ဗေနိဝါသာနုဿတိတဲ့၊ ရှေးကဟာ။

သူ ပဓာန အလုပ်ကထွက်လာတော့ အတ္တကိလမထတွေ မလုပ်တော့ဘူး။ ဘာလုပ်ရမတုံးဆိုတော့ သူ လသားကဟာလေးတွေ အောက်မေ့တယ်။ လယ်ထွန်မင်္ဂလာတုန်းကဟာ အောက်မေ့တယ်။ သူနေပူပေမယ့်၊ အရိပ် ရွှေ့စောင်းပေမယ့် မငိုဘူး။ ဒါတွေကို ဘုရင်ကြီးက သူ့ကိုလာပြီး ကန်တော့တယ်။ ဒါတွေ အောက်မေ့တယ်။ ရှေးက နေခဲ့ဖူးတာ အောက်မေ့တယ်။ လေးသင်္ချေတွေ ဘာတွေ မဟုတ်သေးဘူး။ ရှေးကဖြစ်တဲ့ခန္ဓာ၊ ပုဗ္ဗေနိဝါသာနုဿတိ ဆိုတာ အဲဒီလို၊ အခု ဝိပဿနာ ပုဗ္ဗေနိဝါသာနုဿတိ၊ ဟိုဟာက အဘိညာဉ် ပုဗ္ဗေနိဝါသာနုဿတိ။

အခု ဇာတိပိဒုက္ခာ ဆိုတာ ပုဗ္ဗေနိဝါသာနုဿတိ၊ အဲဒီလို ပိုင်းခြားမှ သိမှာ။ ပုဗ္ဗေနိဝါသာနုဿတိ ဆိုတာ ဇာတိပိ ဒုက္ခာခေါ်တယ်။ ဟိုဟာကြီးကတော့ အခုရှိတဲ့လူတွေ ဘယ်သူ ဖြစ်သံကြားတုံး။ အဲဒီလိုဟာမျိုး (မကြားပါဘူး)။ ငှက်ကလေးတွေ ဖြစ်တယ်ဆိုတာလည်း ဇာတိပိဒုက္ခာကိုယူ၊ လောကီ ပြောတာ ဆိုတာတွေ မယူနဲ့။ ပညတ်တွေ မယူနဲ့။ စင်စစ်ကတော့ ကိလေသခယံ အဝေဒိဆိုတာ အရေးကြီးတယ်။ ပုနဂေဟံ န ကာဟသိ၊ သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ ဆိုတာ ဇာတိပိဒုက္ခာကို သိတာကိုခေါ်တယ်။ အဲဒီတော့မှ အာသဝကလည်း ကုန်သွားတယ်။ အဲဒီ တစ်ညဉ့်တည်းနဲ့ပဲ။ အဲဒါ ဇာတိပိဒုက္ခနဲ့ အခု (၁၅)က အဲဒီ ဟာတွေကို ပြန်ပြီး ဖော်ပေးတဲ့။

ဣဒမ္ပိ ဒုက္ခံ အရိယသစ္စန္တိမေ၊ အရိယသစ္စံ ဣတိ ဣမေ ဘိက္ခဝေ၊ ဒီနေရာကလေးက ပထမတန်းဖြစ်တဲ့ နေရာလေးကို ခေါ်တယ်။ ဣဒမ္ပိ ဇာတိပိဒုက္ခာဟူသော ဒုက္ခသည် အရိယသစ္စာ ပိုင်းခြားသိတဲ့ ဒုက္ခသစ္စာ၊ ဟိုဟာက ဇာတိပိ ဒုက္ခာဆိုတာက ဉာဏပရိညာ သစ္စာဉာဏ် ခေါ်တယ်။ အခု ဣဒံ ဒုက္ခံ အရိယသစ္စံကျတော့ ကိစ္စဉာဏ် ခေါ်တယ်။ အဲဒီလို လုပ်ရမယ် ဒကာမကြီးတို့ (မှန်ပါ့ ဘုရား)။

အတိတ်က ဖြစ်ခဲ့တဲ့ဟာတွေက ဘာမှမဟုတ်ဘူး။ အနိစ္စ ဒုက္ခ အနတ္တတွေ၊ ငါလည်းမဟုတ်၊ သူလည်းမဟုတ်၊ ဥပါဒါနက္ခန္ဓာ ကပ်ပါးတွေက ဖြစ်တဲ့ဟာ။ ငါမဟုတ်ဘူးဆိုပြီး ဆုပ်ကိုင်မထားဘဲ နေလိုက်လို့ရှိရင် တဏှာနံ ခယ မဖြစ်သွားတယ်။ အနေကဇာတိ သံသာရံ ဥဒါန်းကျူးတယ်ဆိုတာ တဏှာကုန်တာကို ဥဒါန်းကျူးတာ၊ တဏှာကုန်ဖို့ အရေးကြီးတယ်။

တဏှာဆိုတာ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတဲ့။ ကာမတဏှာမရှိရင် ကာမဘုံလွန်တာပေါ့။ ရူပတဏှာမရှိရင် ရူပဘုံလွန်တာပေါ့။ အရူပတဏှာမရှိရင် ပထမတန်း ဖြစ်ပါတယ်ဆို၊ အဲဒါ သူဖြစ်ပုံကို ပြောတာကို ဓမ္မစကြာ ခေါ်တာပေါ့။ အဲဒါသိလို့ ငါဘုရားဖြစ်ပြီ ပြောတာ။ အရင်တုန်းက ပြောဖူးသလားတဲ့။ အရဟံ သမ္မာ သမ္ဗုဒ္ဓေါ၊ ငါ့တရား နားထောင်၊ နားထောင်ရင် ဖြစ်လိမ့်မယ် ဆိုပြီးတော့မှ ဟာ ဒီလိုတော့ မပြောဖူးဘူးဆိုပြီး နားထောင်လိုက်ကြတာ။

ဒွေ မေ ဘိက္ခဝေ အန္တာ - မကပ်နဲ့ စိတ်ထဲမှာ သမ္မာဒိဋ္ဌိပဲကပ်။ သမ္မာဒိဋ္ဌိက မဇ္ဈိမပဋိပဒါ။ သမ္မာဒိဋ္ဌိ ကပ်တော့မှ စက္ခုံ ဥဒပါဒိဖြစ်တာ။ မိစ္ဆာဒိဋ္ဌိကပ်ပြီးတော့ ဟိုအတိတ်တွေ ဟိုအနာဂတ်တွေ သွားမလုပ်နဲ့၊ သမ္မာဒိဋ္ဌိ ကပ်ပြီးမှလုပ်။ ငါ သူတွေ ဝမ်းထဲရှင်းနေပေ့စေ။

စီးပွားရေး စိတ်ကူးမယ်ဆိုရင်လည်း စီးပွားရေးစိတ် အခြားထား။ ဝိပဿနာ စိတ်ကူးတော့မယ် ဆိုရင်လည်း ဝိပဿနာစိတ် အခြားထား၊ စီးပွားရေးဆိုတော့လည်း ဥပါဒါနက္ခန္ဓာတွေပါပဲ၊ ကိုယ့်နှစ်မယ့်ဟာတွေ။

ဓမ္မစကြာမှာပါတဲ့ ဇာတိပိဒုက္ခတွေက ဒုက္ခသစ္စာတဲ့၊ အဲဒီလို သစ္စာဆိုတာ ရှေးတုန်းက မကြားဖူးဘူး။ ခုမှ ကြားဖူးတယ်တဲ့။ ဘာဖြစ်လို့ ကြားဖူးတုန်းဆိုတော့ အထက်က မုတ္တိအနာလယော ဆိုတဲ့ဟာပေါ့။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ဖြစ်လာလို့ ခုမှကြားဖူးတာ ဖြစ်သွားတယ်။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပတွေ ဝမ်းထဲရောက်နေပြီ မှတ်ထား။ သမ္မာဒိဋ္ဌိနဲ့ ရှုတယ်၊ ပွားရတယ်။ နိဗ္ဗာန်ဆိုတာလည်း၊ သစ္စာလေးပါးဆိုတာလည်း သမ္မာဒိဋ္ဌိနဲ့ ပွားရ ရှုရတယ်။

www.burmeseclassic.com

သမ္မာဒိဋ္ဌိ ဆိုတာ မဇ္ဈိမပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ - ငါဘုရား သိတဲ့ဟာတဲ့။ သမ္မာဒိဋ္ဌိကိုပယ်ပြီး ရှုလို့မရဘူး။ သမ္မာသင်္ကပ္ပကိုပယ်ပြီး ရှုလို့မရဘူး။ သမ္မာဝါစာ သမ္မာကမ္မန္တတွေက သီလတွေ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတွေကမှ ကိလေသာ မဖြစ်တာ သတိထား။ ကိလေသာ ဖြစ်တာ သတိထား၊ မြင်လား။ တောထဲ တစ်ယောက်တည်းနေတော့ ဟိုကြောက်ဒီကြောက် သစ်ကိုင်းကြီးကျိုးကျသံ့နားကျလာ။ ဒကာမကြီးတို့ဆို ထပြေး၊ သူ့မှာ ထမပြေးဘူး။ အဲဒါ ဗျာပါဒ မရှိလို့၊ တောထဲမှာ နေတဲ့လူမှ သိတယ်။ အိမ်နေတဲ့လူက ဗျာပါဒ မသိဘူး။ မီးအတုပြုမှပဲ ဟိုဟာလုပ်၊ ဒီဟာလုပ် ဖြစ်တယ်။ အဲဒါ ဣဒံ ဒုက္ခံ။

ဣဒံ ဒုက္ခံ - ဤဉာတပရိညာတုန်းက သိရသော ဒုက္ခသည်၊ ဣဒံ ဒုက္ခံ - ဤဇာတိပိဟူသော အပိုင်း၌ သိရသော ဒုက္ခသည်၊ အဲဒါက သစ္စဉာဏ် ဉာတပရိညာ ခေါ်တယ်။ အရိယသစ္စံ - အရိယာသစ္စာ (ဝါ) အရိယာတို့သိအပ်သော သစ္စာမည်၏။ ဣဒမ္ပိ ဒုက္ခံ သိသွားမှ၊ သမ္မာဒိဋ္ဌိ ဖြစ်သွားမှ အရိယာသစ္စာ ဖြစ်သွားတယ်။

ဘိက္ခဝေ - ရဟန်းတို့၊ ဣတိ ဣမေ - ဤအရိယသစ္စာတို့ကို၊ ပုဗ္ဗေ - ရှေး၌၊ အနနုဿုတေသု - မကြားအပ်ဖူးကုန်သော၊ ဓမ္မေသု - တရားတို့၌။

စက္ခုံ - အမြင်၊ ရှေးတုန်းက အမြင်မျိုး မဟုတ်ဘူး။ သစ္စာသိတဲ့အမြင် ဖြစ်သွားပြီ။ နောက်ကလည်း ဉာဏံ ပါသေးတယ်။ ဒီတော့ စက္ခုံ - အမြင်သစ်သည်၊ ဥဒပါဒိ - ထင်ရှားဖြစ်၊ ဉာဏံ - စတုသစ္စဉာဏ်သည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ။

အဲဒါက အရိယသစ္စာဆိုတာက သူ့သိတဲ့သူမှ ဟန်တယ်။ သို့မို့ရင် ချော်ချော်သွားတယ်။ ပညာ - စတုသစ္စပညာသည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ၊ ဝိဇ္ဇာ - စတုသစ္စဝိဇ္ဇာသည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ၊ အာလောကော - အဝိဇ္ဇာအမှောင်ပျောက်၍ အလင်းရောက်ပြီ၊ အလင်းသည် ဥဒါပါဒိ - ထင်ရှားဖြစ်ပြီ။

တံ ခေါ ပနိဒံ ဒုက္ခံ - ထိုဇာတိပိဒုက္ခဟု ဆိုအပ်သော အရိယသစ္စာကို၊ ပရိညေယျန္တိ - ပိုင်းခြား၍သိအပ်၏ ဟူ၍၊ ဘိက္ခဝေ - ရဟန်းတို့၊ ပုဗ္ဗေ - ရှေး၌၊ အနနုဿုတေသု - မကြားအပ်ကုန်သော၊ ဓမ္မေသုဓမ္မေသု - ထိုတရားတို့နှင့် ထိုသစ္စာလေးပါး တရားတို့၌၊ စက္ခုံ - အမြင်သစ်သည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ၊ ဉာဏံ - ဉာဏ်အသစ်သည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ၊ ပညာ - ပညာအသစ်သည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ။

ဒါ စတုသစ္စသမ္မာဒိဋ္ဌိ ပညာကို ခေါ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ ဘုရား)။ ဝိဇ္ဇာ - စတုသစ္စ သမ္မာဒိဋ္ဌိ ဟူသော ဝိဇ္ဇာသည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ၊ အာလောကော - အဝိဇ္ဇာအမှောင်ပျောက်၍ အလင်းရောက်ခြင်းသည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ။

တံ ခေါ ပနိဒံ ဒုက္ခံ - ဒုက္ခဖြစ်သော ဇာတိပိဒုက္ခာ အစရှိသော၊ အရိယသစ္စံ - အရိယာသစ္စာကို၊ ပရိညာတံ - ပိုင်းခြား၍ သိအပ်ပြီ၊ ဣတိ - ဤသို့၊ ဘိက္ခဝေ - ရဟန်းတို့၊ ပုဗ္ဗေ - ရှေး၌၊ အနနုဿုတေသု - ကြားအပ်ဖူးကုန်သော၊ ဓမ္မေသု ဓမ္မေသု - ဤတရားတို့၌၊ စက္ခုံ - အမြင်သစ်သည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ၊ ဉာဏံ - စတုသစ္စဉာဏ်သည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ၊ ပညာ - ပညာအသစ်သည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ။

လေးပါးလုံးသိတာ စတုသစ္စသမ္မာဒိဋ္ဌိပညာ ခေါ်တယ်။ ဟုတ်ကဲ့လား (မှန်ပါ ဘုရား)။ ဝိပဿနာပညာက အနိစ္စ၊ ဒုက္ခ၊ အနတ္တ သိတာက ဝိပဿနာပညာခေါ်တယ်။ ယံ ကိဉ္စိ ရူပံ အတီတာ နာဂတ ပစ္စုပ္ပန္နံက ဝိပဿနာ သမ္မာဒိဋ္ဌိခေါ်တယ်။ အဲဒီလိုမှတ်ထား၊ ဝိဇ္ဇာ - စတုသစ္စဝိဇ္ဇာသည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ၊ အာလောကော - အဝိဇ္ဇာပျောက်၍ ဝိဇ္ဇာရောက်ခြင်းသည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ။

အဝိဇ္ဇာပစ္စယာ သင်္ခါရာတုန်းက အဝိဇ္ဇာမပျောက်ဘူး။ အနေကဇာတိ သံသာရံကျမှ အဝိဇ္ဇာပျောက်တော့တယ်။ အဝိဇ္ဇာ ပျောက်သွားလို့ရှိရင် သစ္စာလေးပါးပဲ ရောက်တော့တယ်။ လူတွေ ဘာတွေကို စိတ်ထဲမပေါ်စေနဲ့၊ ပေါ်ရင် ဘာဖြစ်တုံး - ဒုက္ခသစ္စာ၊ ပေါ်သိပေါ်သိ နိဗ္ဗာန်ထိ ဆိုတာလည်း အဲဒီရောက်အောင်လုပ်မှ နိဗ္ဗာန် ရောက်တယ်၊ အဲဒီလို မှတ်ထားနော်။

အဲဒါ သစ္စာလေးပါးကို ကိစ္စဉာဏ်နဲ့ ကတဉာဏ်၊ အရင်ဟာက သစ္စဉာဏ်၊ ကိစ္စဉာဏ်နဲ့ ကတဉာဏ် - သူက ဒုက္ခအရိယသစ္စာကို ပရိညေယျံက ကိစ္စဉာဏ်ဖြစ်ပြီး၊ နောက်ဆုံးက ပရိညာတံက ကတဉာဏ်ဖြစ်သွားတယ်။

အဲဒါ သစ္စာလေးပါးတို့မှာ သစ္စဉာဏ်က လေးခု၊ ကိစ္စဉာဏ်က လေးခု၊ ကတဉာဏ်က လေးခု ပေါင်းလိုက်တော့ ဆယ့်နှစ်ခုဖြစ်သွားတယ်။ အဲဒီလို မှတ်ထားဦး (မှန်ပါ့ ဘုရား)။

ဣဒံ - တဏှာသုံးပါးသည်၊ ဒုက္ခသမုဒယံ - ဒုက္ခဖြစ်ကြောင်းဖြစ်သော၊ အရိယသစ္စံ - အရိယသစ္စံမည်၏ဟူ၍၊ ဘိက္ခဝေ - ရဟန်းတို့၊ ပုဗ္ဗေ - ရှေး၌၊ အနနုဿုတေသု - မကြားအပ်ဖူးကုန်သော၊ ဓမ္မေသု ဓမ္မေသု - ဤသစ္စာလေးပါးတို့၌၊ စက္ခုံ - သစ္စာစက္ခုသည်၊ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ဟူသောစက္ခုသည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ၊ ပညာ - စတုသစ္စပညာသည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ၊ ဝိဇ္ဇာ - ပရိညာသုံးပါးသည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ၊ အာလောကော - အစက အဝိဇ္ဇာ၊ အဆုံးမှာ ဝိဇ္ဇာ၊ ဝိဇ္ဇာဉာဏ် ရောက်သဖြင့် အမှောင်ရောက်သော ဉာဏ်သည်၊ ဥဒပါဒိ - ထင်ရှားဖြစ်ပြီ။



www.burmeseclassic.com

www.burmeseclassic.com

ကံ ခေါ် ပနိဒ္ဒံ ဒုက္ခသမုဒယ် - ထိုတဏှာသုံးပါးဟူသော ဖြစ်ကြောင်းဖြစ်သော၊ အရိယသစ္စံ - အရိယသစ္စာကို၊ ပဟာတဗ္ဗန္တိ - ပယ်အပ်၏ဟူ၍၊ ဘိက္ခဝေ - ရဟန်းတို့၊ ပုဗ္ဗေ - ရှေး၌၊ အနနုဿုတေသု - မကြားအပ်ဖူးကုန်သော၊ ဓမ္မေသု - ဤတရားတို့၌၊ စက္ခုံ - ပုထုဇဉ်အမြင်မှ အရိယာအမြင်သည်၊ ဥဒပါဒိ - ထင်ရှားဖြစ်၏၊ ဉာဏံ - ပုထုဇဉ်ဉာဏ်မှ အရိယာဉာဏ်သည်၊ အရိယာဉာဏ်ဆိုတာ အဆုံးထိအောင် ဉာဏ်ဖြစ်တယ်နော်၊ သောတာပန်ဉာဏ်လေးတင် မဟုတ်ဘူး။ အဲဒီလိုကို ဖြစ်သွားတယ်။

ကိုယ့်ဝမ်းထဲကြည့် ကိလေသာ၊ ဉာဏ်ဆိုတော့ မနောကံ ကိလေသာကို မရှိဘူး။ ဒါ ရှေးဉာဏ် ရှေးတုန်းက ဉာဏ်၊ ဒါ သူတို့ သေချာမရိပ်မိတော့ နောက်ကျ နောက်ကျနေတယ်၊ သေချာရိပ်မိလိုက်ရင် သေချာပန်တဲ့တရားတွေ၊ သောတာပန်လေးတင် ဖြစ်တာမဟုတ်ဘူး။ တဏှာနံ့ ခယ မဂ္ဂေါ တဏှာကုန်တဲ့တရား၊ ဟုတ်ကဲ့လား (မှန်ပါ့ ဘုရား)။

ဒီပြင်ဟာလည်း အတူတူပါပဲ။ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်၊ ဉာဏ်သုံးပါး၊ သုံး လေးလီ (တစ်ဆယ့်နှစ်ပါ ဘုရား)။ အဲဒီအခြင်းအရာကို သူသိတယ်တဲ့၊ အဲဒါ မသိဘဲ ငါ ဘုရားလို့ ဝန်မခံဘူးတဲ့။ အဲဒါသိမှ ဘုရားလို့ ဝန်ခံတယ်တဲ့။ ဟုတ်ကဲ့လား (မှန်ပါ့ ဘုရား)။

အဲဒါ (၁၅)ကုန်ပြီးမှ (၁၆)ကျမှ အဲဒီရောက်သွားတယ်။ အဲဒါကို အနက် ကိုယ့်ဘာသာကိုယ် ပေးလည်းဖြစ်တယ်လို့ မှတ်ထား။ ဉာဏ်ရောက်ဖို့ပဲ လိုတယ်။ ဟုတ်ကဲ့လား (မှန်ပါ့ ဘုရား)။ ကဲ တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု။

## ဖြစ်သမျှတွင် ချုပ်မည်ပင်
## အစဉ်ဉာဏ်ထဲကိန်းသတည်း
## ဉာဏ်ထဲမှာသာ ကိန်းနေပါ
## ဖြစ်တာတွေမရှိသတည်း
## ဖြစ်တာတွေသာ မရှိပါ
## နိဗ္ဗာန်နှင့်နေတာ ဖြစ်သတည်း တရားတော်

၂၇. ၈. ၂၀၁၃ (ညနေ)

ပဋိစ္စသမုပ္ပာဒ်တွေကလည်း ကိုယ်က ပဋိစ္စသမုပ္ပါဒ်ထဲ မလည်ဘူး။ ပဋိစ္စသမုပ္ပာဒ်က သင်္ခါရာမဟုတ်ဘူး။ အဝိဇ္ဇာ နိရောဓာ သင်္ခါရ နိရောဓောကို ခေါ်တာ၊ သင်္ခါရ ချုပ်တယ်ဆိုတာလည်း ကိုယ်ထဲမှာချုပ်တာ။ လည်တယ်ဆိုတာလည်း ကိုယ်ကလည်တာ မဟုတ်ဘူး၊ သင်္ခါရတွေက လည်တယ်။

အခု ဘယ်က ပြန်လာတုံး၊ မြို့ထဲက ပြန်လာတယ်။ ဘယ်သူက လည်တာတုံး၊ ကိုယ်က လည်တာလား။ ပဋိစ္စသမုပ္ပာဒ်က လည်တာလား (ပဋိစ္စသမုပ္ပာဒ်က လည်တာပါ ဘုရား)။ အေး ကိုယ်ထဲမှာ ပဋိစ္စသမုပ္ပာဒ်က လည်တာ၊ မလည်ဘူးဆိုရင် ရတယ်၊ မလည်လို့ ဖြစ်တယ်၊ ကိုယ်ကတော့ မဖြစ်ဘူးဆိုရင် လည်လို့ချည်းနေရမှာ။

ကိုယ့်ကံကို ဆိုပါတော့၊ သွားတယ် လာတယ် ဝယ်တယ် ရောင်းတယ်လို့ ဆိုပါတော့။ အဲဒါတွေ ဘာတွေတုံး (ကံတွေပါ ဘုရား)။ အဲဒီကံတွေ ဘာကြောင့် ဖြစ်သတုံး (တဏှာကြောင့်ပါ ဘုရား)။ တဏှာကြောင့်ဖြစ်တယ်၊ တဏှာက ဘာတုံးဆိုတော့ မနောကံ မဟုတ်ဘူးလား (ဟုတ်ပါတယ် ဘုရား)။ မနောကံ၊ အဲဒါ ဂရုစိုက်၊ တဏှာကလည်း မနောကံ၊ ကံကလည်း ကံ။

ဝိပါက်ကလည်း သူချည်းပဲနေတော့ ဝိပါက်ဖြစ်တယ်။ သူက တစ်ခါ ကိလေသာ၏အကြောင်းဖြစ်တယ်၊ ဝိပါက်ကလည်း ကံဖြစ်သွားပြန်တယ်။ ခင်တယ် မင်တယ်ဆိုပြီး ဖြစ်သွားတာပေါ့။ မခင်ဘူး မမင်ဘူးဆိုရင် တဏှာဖြစ်သေးလား (မဖြစ်တော့ပါ ဘုရား)။ ခင်တာ မင်တာကလည်း ကံလား၊ ဘာတုံးမေးကြည့်၊ စိတ်က လုပ်လိုက်တာပဲ၊ မနောကံ သိတော့ ပယ်တယ်၊ မသိရင် ငါတွေက ဖုံးနေတော့ မပယ်ဘူး။

ပယ်တော့ တဏှာချုပ်တာဟာ ဆိုက်တာပဲ။ အဲဒါဟာ နိဗ္ဗာနံ သစ္ဆိကာတဗ္ဗန္တိမေ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရမယ်ဆိုတော့ တဏှာချုပ်တာ သိလိုက်တာဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုတာပဲ၊ အဲဒီလို မင်္ဂလသုတ်ဆိုဆိုကြည့်၊ မေးတာလေးတွေကို ဖြေဖြေပေး။

အလမရိယဉာဏဒဿနံ ဆိုစမ်း (အလမရိယ ဉာဏဒဿနံ)၊ ဉာဏဒဿနဝိသေသံ (ဉာဏဒဿနဝိသေသံ)၊ အလက ကိလေသာကို သတ်ခြင်းငှာ စွမ်းနိုင်သော၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ရတယ်၊ တစ်ပုဒ်တည်းနဲ့ အဲဒါတွေကို အာဂုံဆောင်ထားရတယ်၊ ကိလေသာဆိုတာ ရာဂတွေ ဒေါသတွေ လုပ်တာမဟုတ်လား (မှန်ပါ့ ဘုရား)။ လုပ်တာဆိုတော့ ကံရတယ်။ လုပ်တာဆိုတော့ ဘာရတုံး (ကံရပါတယ် ဘုရား)။

ဟီနော ဂမ္မော ပေါထုဇ္ဇနိကောဆိုတော့ အဲဒါက ဘာတုံးဆိုတော့ အနရိယော၊ သုခုမ၊ ဟီန၊ ပဏီတ၊ အဲဒါက ပယောဂ ခေါ်တယ်။ ပယောဂ ဆိုတော့လည်း လုပ်တာပါပဲ။ ဟုတ်ကဲ့လား (မှန်ပါတယ် ဘုရား)။ ကာယကံ ဝစီကံကို ပယောဂခေါ်တယ်။ ပယောဂ ဆိုတာက စိတ်မှာမရှိဘူး။ ရာဂ ဒေါသဝင်မှ ပူးတယ် ခေါ်တယ်။ ပယောဂ ခေါ်တယ်။

ပယောဂ ဆိုတာက ဟို စုန်းပူးတာ နတ်ပူးတာ မကြားဖူးဘူးလား (ကြားဖူးပါတယ် ဘုရား)။ ဥပမာ ထန်းရည်မူးတာ၊ ဘိန်းစွဲတာလည်း ပယောဂတွေပဲ။ အဲဒီလိုပဲ ရာဂတို့ ဘာတို့ဆိုတာ ပူးတာ ကပ်တာတွေပဲ။ ဒေါသ စိတ်ဆိုးကလည်း ပူးတာ ကပ်တာပဲ။ မောဟ ဆိုတာလည်း အဲဒီလိုပဲ ပယောဂ ခေါ်တယ်။





www.burmeseclassic.com

www.burmeseclassic.com

အတိတ် အနာဂတ် ပစ္စုပ္ပန်က ဘာတုံး (ကာလပါ ဘုရား)။ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဒူရ၊ အာသန္န ဆိုစမ်း (အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဒူရ၊ အာသန္န)။ အဲဒါ ဘာခေါ်တုံး နေရာ၊ နေရာရယ်၊ အချိန်ရယ်၊ ပယောဂရယ်။ အဲဒါက ဖြစ်ရာခေါ်တယ်။ အဲဒါနဲ့လွဲပြီး မဖြစ်ဘူး။ ဖြစ်ရင် အဲဒီလိုပဲဖြစ်တယ်။ အဲဒီ ဘာတွေကို အတိတ်တွေ၊ အနာဂတ်ဖြစ်တာတွေကို ပြန်ပြန်မေး၊ ငါလား၊ သူလား၊ ဟုတ်ကဲ့လား (မဟုတ်ပါ ဘုရား)။ ငါ မဟုတ်ဘူး၊ သူ မဟုတ်ဘူး။

ဖြစ်တာရှိတော့ ပျက်တာရှိတာပေါ့။ ဒါ အနိစ္စဆိုပြီး ပယ်ပစ်၊ ဘာဖြစ်လို့တုံးဆိုတော့ သင်္ခါရတွေကိုး၊ ကုသိုလ် အကုသိုလ်ဆိုတာ ကံပေါ့၊ ကံ သင်္ခါရ ဟုတ်ကဲ့လား (မှန်ပါ့ ဘုရား)။ အဲဒီလို ပစ်ပယ်လိုက်တော့ မရှိဘူး၊ နောင်မလာဘူး၊ မပယ်သေးရင် ဖြစ်ဖြစ်လာတယ် ဆိုတာက ဝိညာဏ်ဖြစ်ပြီးတော့။ သင်္ခါရ ဆိုတာ ကံကိုး။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ အဝိဇ္ဇာက ကိလေသာ၊ သင်္ခါရဆိုတာ ဘာတုံး (ကံပါ ဘုရား)။ သင်္ခါရပစ္စယာ (ဝိညာဏံ)။ ဝိညာဏံဆိုတာ ဘာတုံး၊ ဝိပါက်၊ အစဉ်အတိုင်းပဲ၊ ကိလေသာ ကံ ဝိပါက်၊ အဲဒါတွေ လှည့်နေတာကို သံသရာခေါ်တယ်။

အဝိဇ္ဇာက သစ္စာလေးပါးကို မသိတာ အဝိဇ္ဇာခေါ်တယ်။ သစ္စာလေးပါးကိုလည်း ဒကာမကြီးတို့က ခဲခဲယဉ်းယဉ်း လုပ်မနေနဲ့။ ဟို တဏှာနဲ့ နိရောဓကို ဂရုစိုက်၊ တဏှာက သမုဒယသစ္စာ၊ တဏှာမရှိတာက နိရောဓသစ္စာ ဆိုစမ်း (တဏှာက သမုဒယသစ္စာ၊ တဏှာမရှိတာက နိရောဓသစ္စာ)။

အရင် တဏှာဆိုတာက သက္ကာယဒိဋ္ဌိက ကောင်းတယ်ထင်တာ၊ မကောင်းတာကို ကောင်းတယ်ထင်တယ်၊ ဟုတ်ကဲ့လား (မှန်ပါ ဘုရား)။ အစောင့်အရှောက်ရှိမှ ဖြစ်ခယ်။ အဲဒီလို ဘယ၊ လာဘ၊ ကုလ ဆိုတဲ့ဟာတွေ ရှိသေးတယ်။ နောက်ဘဝကောင်းခြင်း အကျိုးငှာဆိုတော့ အဲဒါ ရည်မှန်းချက်။ နောက်ဘဝကောင်းအောင် အလုပ်လုပ်တယ်။ ကုသိုလ်လုပ်တယ်၊ အဲဒါ ရည်မှန်းချက် ခေါ်တယ်။ ရည်မှန်းချက်ကလည်း သူတကာပြောလို့ သိရတာ။ နောက်ဘဝ ရှိတယ်၊ ဘာရှိတယ်၊ ရည်မှန်းချက် လွဲတယ်ဆိုရင် နိဗ္ဗာန်နဲ့ သည်း (လွဲပါတယ် ဘုရား)။

နိဗ္ဗာန်က ဘယ်ဟာတုံးဆိုတော့ တဿာယေဝ တဏှာယ အသေသဝိရာဂ၊ ဝိရာဂဟာ နိဗ္ဗာန်ပဲ၊ ဟုတ်တယ် ဟုတ်လား (မှန်ပါ ဘုရား)။ အဲဒီဟာလေးတွေက ပြောပြော ကြားကြားနေမှ ဉာဏ်က ပေါ်တယ်။ ဉာဏ်ကပေါ်မှ သစ္စာလေး ပါး သိတယ်ဆိုမှ ဗုဒ္ဓဘာသာ မြန်မာလူမျိုးဆိုတာ အဲဒီလိုမှ ဖြစ်တယ်။ အဲဒါလေးတွေ ဖတ်ဖတ်နေနော် (မှန်ပါ ဘုရား)။

(၁၄) မြင်လား၊ (မြင်ပါတယ် ဘုရား)။ (၁၄) ဖတ် ကြည့်စမ်း (ကြွံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊ မရဏမ္ပိဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ)။ ဒုက္ခသစ္စာဆိုတာ အဲဒါပဲလို့ မှတ်ထားနော် (မှန်ပါ ဘုရား)။

ကြွံ ခေါ ပန ဘိက္ခဝေ (ကြွံ ခေါ ပန ဘိက္ခဝေ ဒုက္ခ သမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂ သဟဂတာ တတြ တတြာဘိ နန္ဒိနီ။ သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ)။

အဲဒါက သမုဒယသစ္စာကို ပြောတာ၊ တဏှာပဲလို့ ဒကာမကြီးတို့က မှတ်ထား။ သို့မို့ရှိရင် သမုဒယသစ္စာ ဘာတုံး မေးရင် မသိပါဘူး မပြောနဲ့၊ တဏှာပဲလို့ ပြော။ တဏှာဆိုတာ တတြ တတြာဘိ နန္ဒိနီ၊ ဟိုဟာလိုချင် ဒီဟာလိုချင် ဟုတ်ကဲ့လား (မှန်ပါ့ ဘုရား)။ အဲဒီလိုလေးတွေ ရရနေပေစေ။ တတြ တတြာဘိ နန္ဒိနီ၊ အဲဒါက တဏှာပဲ၊ နန္ဒီရာဂ၊ သဟဂတာကလည်း တဏှာပဲ၊ ပေါနောဗ္ဘဝိကာ - သူက ဖြစ်ဖြစ်လာလို့လည်း တဏှာခေါ်တယ်။ ဒါကြောင့် ယာယံ တဏှာလို့ ခေါ်တယ်။

ကြွံ ခေါ ပန ဘိက္ခဝေ ဆိုလိုက်စမ်း။

(ကြွံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာ ယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော)။

တော်ပြီ၊ အဲဒါ နိရောဓသစ္စာတဲ့၊ နိဗ္ဗာန်ခေါ်တယ်။ စာဂေါ - တဏှာမရှိတာ နိဗ္ဗာန်ခေါ်တယ်။ တဿ ယေဝ တဏှာယ အသေသ ဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ ဆိုတာ၊ နိရောဓော ဆိုတာ တစ်ခုလောက် မှတ်ထားလိုက်ရင် တဏှာချုပ်သွားတာ နိဗ္ဗာန်ပါပဲ။ အဲဒီလို ဂရုစိုက်၊ ဒါဆိုရင် နိရောဓသစ္စာ သိတယ်၊ အဲဒီလိုမှတ်ထား၊ အဲဒါလေး ဆိုဆိုပေး။ ကြွံ ပါလို့ရှိရင် အဲဒါ သစ္စာလေးပါး။ သစ္စဉာဏ်လို့ မှတ်ထား။

ကြွံ ခေါ ပန ဘိက္ခဝေ

(ကြွံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာ အာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ)

အကုန်လုံးမှ ရှစ်ပါးလို့ ပြောတယ်။ တစ်ပါးကလည်း နိဗ္ဗာန်မြင်တာပါပဲ။ သမ္မာဒိဋ္ဌိကလည်း သစ္စာလေးပါး သိတယ်။ သမ္မာသင်္ကပ္ပေါကလည်း သစ္စာလေးပါး သိတယ်၊ သမ္မာဝါစာကလည်း သစ္စာလေးပါး သိတယ်။ တစ်ခုတစ်ခုဆိုရင် လေးခု လေးခုသိသွားတယ်။ ဥပမာ သမ္မာဝါစာဆိုရင် စကားကောင်း ကောင်းပြောရင် ဘာသစ္စာတုံး (မဂ္ဂသစ္စာပါ ဘုရား)။ မဂ္ဂသစ္စာပေါ့။ *(ဆက်ရန်)*


❒ **ဘဒ္ဒန္တကုဏ္ဍလာဘာသမထေရ်မြတ်**
**(အနိစ္စဆရာတော်)**





www.burmeseclassic.com

www.burmeseclassic.com



# မှော်ဘီသာသနာ့နယ်မြေမှ စမဘုန်းဘုန်း အရှင်အာစိဏ္ဏ

ကိုမောင်သန်းဝင်း

ရန်ကုန်-ပြည် လမ်းမကြီး မှော်ဘီမြို့အစွန် အနီးတစ်ဝိုက်တွင် စမတစ်ထောင်ကျောင်းတော်ကြီးရှိသည်။ စမတစ်ထောင်ကျောင်းတော်ကြီးအတွင်း ဆရာတော် အရှင်အာစိဏ္ဏ (ခ) စမဘုန်းဘုန်း တည်ထားကိုးကွယ်ထားသည့် အောင်ခြင်းမင်္ဂလာဓမ္မပါလ ဆုတောင်းပြည့် စေတီတော်မှာ ခံ့ညားထည်ဝါ သပ္ပာယ်လှသည်။

အဓိလသာသနာ့ဝိသုဒ္ဓိမဟာ သိမ်တော်ကြီးသည်လည်း ခေတ်မီ အဆောက်အအုံဖြစ်သည်။ နဂါးရုံဘုရားကိုလည်း ဖူးတွေ့ရသည်။

ဝိဇ္ဇာတန်ဆောင်း အတွင်းတွင် ဗုဒ္ဓရှင်တော်မြတ်နှင့် ပုဂ္ဂိုလ်ထူးတို့၏ ရုပ်တုများ ရှိနေသည်။ အောင်ခြင်းရှစ်ပါး စေတီတော်မြတ်ကြီးသည်လည်း ကြည်ညိုဖွယ်အတိ ဖြစ်သည်။ သိုက်နန်းလည်း ရှိသည်။ ထူးခြားစွာ တည်ထားသည့် ကလေးသိုက်ဟူ၍လည်း ရှိသည်။

ဤသည်တို့မှာ ဗုဒ္ဓသာသနာပြု စမတစ်ထောင် ဆရာတော် အရှင်အာစိဏ္ဏ၏ သာသနာပြုနယ်မြေ ဖြစ်သည်။

စမတစ်ထောင် ကျောင်းတော်ကြီးသို့ နေ့စဉ်နှင့်အမျှ လူအများသည်



www.burmeseclassic.com

www.burmeseclassic.com

ဘဖွဲ့ဖွဲ့ ရောက်လာကြသည်။ ထိုစမ တစ်ထောင် ကျောင်းတော်ကြီးတွင် သီတင်းသုံးလျက်ရှိနေသော ဆရာတော် အရှင်အာစိဏ္ဏ(ဝါ) စမဘုန်းဘုန်းထံသို့ ဖူးမြော်ရန် ရောက်ရှိလာကြခြင်း ဖြစ် ပေသည်။

ဆရာတော်က ဧည့်ပရိသတ် အပေါင်းတို့အား အပတ်စဉ် တနင်္ဂနွေ ကြာသပတေး၊ စနေနေ့များတွင် တရား ရေအေးတိုက်ကျွေးပြီး ထူးမြတ်သည့် ဗြဒ္ဓဝါဒတရားများကို မိန့်ကြားလေ့ရှိ သည်။

ဆရာတော် အရှင်အာစိဏ္ဏ သည် စမဘုန်းဘုန်းဟု လူသိများခဲ့ပြီး 'စမဆန်းထူး' အမည်ဖြင့်လည်း ကျော် ကြားခဲ့ပါသည်။ ဓမ္မကျင့်စဉ်ထူးများနှင့် သာသနာပြု လုပ်ငန်းများကြောင့် ကျော် ကြားအောင်မြင်ခဲ့သည် ဟူ၏။

**ချုပ်ဌာန၊ ငယ်ဘဝ**

စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာ ခရိုင်၊ ဘုတလင်မြို့နယ်၊ သီးပင်အိုင် ကျေးရွာအုပ်စုအတွင်းရှိ အုတ်ကျင်း ရွာတွင် ခမည်းတော် ဦးအောင်ခနှင့် မယ်တော် ဒေါ်အောင်ကြည်တို့မှ စမ ဘုန်းဘုန်းလောင်းလျာ မောင်ညွှန့်မြိုင် ကို ၁၃၁၆ ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့ နံနက် ၈ နာရီ ၁၅မိနစ်တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့ သည်။ ဒုတိယ သားရတနာဖြစ်သည်။ အစ်ကို ဖြစ်သူမှာ မောင်ညွှန့်လှိုင်၊ ညီ ဖြစ်သူမှာ မောင်ညွှန့်သန်း ဖြစ်သည်။

မောင်ညွှန့်မြိုင် နှစ်ခါလည် ၂နှစ်သား အရွယ်တွင် မယ်တော်ကြီး ဒေါ်အောင်ကြည်မှာ ရင်ကျပ်ရောဂါဖြင့် ကွယ်လွန်ခဲ့လေသည်။ ခမည်းတော် ဦးအောင်ခသည် တစ်ပင်လဲမှ တစ်ပင် ထူကာ နောက်အိမ်ထောင်ပြုသည်။

မောင်ညွှန့်မြိုင်မှာ အဘိုးအဘွား အဒေါ်ဖြစ်သူတို့၏ လက်အတွင်း ကြီး ပြင်းခဲ့ရသည်။ အသက်(၁၆)နှစ်တွင် ခမည်းတော်ဦးအောင်ခနှင့် တစ်ကြိမ်၊ ဦးလေးဖြစ်သူ ဦးလာဘနှင့် တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် ရွာဦးဆရာတော် ဦးနန္ဒိယထံတွင် သာမဏေဖြစ်ခဲ့ရသည်။

မောင်ညွှန့်မြိုင်နှင့် သူငယ်ချင်း နှစ်ဦး ဆန္ဒကိုယ်စီဖြင့် ရန်ကုန်သို့ ဆင်း ကြသည်။ ကြုံရာ ရရာ အလုပ်များ ဝင်လုပ်ကြသည်။ မောင်ညွှန့်မြိုင်သည် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် အဖျော် ဆရာဘဝဖြင့် ဝင်လုပ်သည်။ အချိန်ပိုင်း ဖြင့် လုပ်ရသည့်အတွက် အားလပ်ချိန် များတွင် ရှိရင်းစွဲ သဒ္ဒါ အလျောက် ဘုရားဖူးခြင်း၊ ပုတီးစိပ်ခြင်း အမှုပြု သည်။

**သရဏဂုံပုတီးစရိုးအဓိဋ္ဌာန်**

မောင်ညွှန့်မြိုင်သည် အဓိဋ္ဌာန် ဖြင့် ပုတီးစိပ်ခဲ့မှုများ ပြုလုပ်ခဲ့သည်။ မောင်ညွှန့်မြိုင်၏ အသက်မှာ(၁၈)နှစ် တိုင်ရှိနေလေပြီ။ မောင်ညွှန့်မြိုင် အိပ် ပျော်နေစဉ် အိပ်မက်တစ်ခု မြင်မက် သည်။ အိပ်မက်အတွင်း အမည်မသိ ဝတ်ဖြူစင်ကြယ်ဝတ်ထားသည့် ပုဂ္ဂိုလ် မှ. . .

"သရဏဂုံဟာ အပါယ်လေးပါး မှ တားဆီးနိုင်စွမ်းရှိသလို သရဏဂုံ တည်ခဲ့ရင် ကိုယ်တောင်ပျောက်သဟေ့၊ တို့များက သရဏဂုံပဲကွ"

ဟူ၍ ထူးခြားစွာ ပြောသည်။ ထိုသည့်နေ့မှစ၍ မောင်ညွှန့်မြိုင်သည် ရတနာသုံးပါးအား ကြည်ညိုရင်းစွဲက လည်း ရှိနေသဖြင့် သရဏဂုံသုံးပါး ပုတီး စိပ်ပွားများခြင်းအမှုကို တစိုက်မတ်မတ် ပြုလေတော့၏။

မောင်ညွှန့်မြိုင်သည် အလုပ်မှ ခွင့်ယူ၍ ဗောင်းတော်ချုပ်ဘုရားသို့ အဓိဋ္ဌာန်ခရီး စတင်သည်။

ဗောင်းတော်ချုပ်ဘုရားတွင် တစ်နေ့လျှင် (၄)ကြိမ် အဓိဋ္ဌာန်မပျက် လုပ်သည်။ ထို့နောက် မြေနီကုန်း ဝင်ဒါ မီယာဓာတ်ပေါင်းစုံဘုရားတွင် အဓိဋ္ဌာန် (၂၇)ရက်၊ ပြည်ရွှေဆံတော်တွင် (၉) ရက်၊ ရွှေကြက်ယက်ဘုရားတွင် ရောင် တော် ဖွင့်ခဲ့သည်။ ဒေးစွန်ပါဘုရားတွင် အဓိဋ္ဌာန်(၉)ရက် ဝင်သည်။ အေဝမ်း ဦးတင်မောင်ခြံ၊ အောင်ချမ်းသာဘုရား တွင်လည်း အဓိဋ္ဌာန် (၉)ရက်ဝင်သည်။

ဗိုလ်တထောင်ဘုရား၊ ဆူးလေ ဘုရား၊ ရွှေတိဂုံဘုရား၊ ကိုးထပ်ကြီး ဘုရား၊ ဝင်ဒါမီယာဓာတ်ပေါင်းစုံ စသည့် ဘုရား ငါးဆူဆီသို့ ယာဉ်မစီး၊ ခြေကျင် ခရီးဖြင့် အစီအစဉ်မပြီးမချင်း အာဟာရ မသုံးဆောင်ဘဲ အဓိဋ္ဌာန်ခရီးပြုသည်။

အသက် (၂၄)နှစ်တွင် သာမည တောင်တော်ဆီသို့ ရောက်သည်။ သာ မညဆရာတော်ကြီး မိန့်မှာချက်အရ အသက်ထက်ဆုံး သက်သတ်လွတ်စား ဖို့ ဆုံးဖြတ်ခဲ့သည်။ လယ်ဝေး သာဝတ္ထိ စမတောင်တွင် အဓိဋ္ဌာန်(၉)ရက်ဝင် သည်။

ပုပ္ပား တောင်တော်မြတ်တွင် သရဏဂုံ(၃၀)၊ အဓိဋ္ဌာန် (၉)ရက်ဝင် သည်။ အင်းဝရှိ နန်းမတော်မယ်နုကိုး ကွယ်ခဲ့သော ဗားမဲ့ဆရာတော် သီတင်း သုံးရာ ကျောင်းတော်ဟောင်းတွင် (၅) ရက် အဓိဋ္ဌာန်ဝင်သည်။ သရဏဂုံ (၃၀) အဓိဋ္ဌာန်ဖြစ်သည်။

**တွေ့ပုံဆန်းပြား ပုဂ္ဂိုလ်ထူးများ**

ဝါသနာသဒ္ဓါအလျောက် အဓိ ဋ္ဌာန်ပုတီးစိပ်နေခဲ့သည့် မောင်ညွှန့်မြိုင် သည် အသက်(၂၁)နှစ်အရွယ်တွင် မခင် မြင့်သန်း(မအိ)ဆိုသူနှင့် အကြောင်းပါခဲ့ သည်။ ထိုစဉ်က အလုပ်မရှိ၊ စီးပွားရေး မပြေမလည် ဖြစ်နေသည့်အချိန် ဖြစ် သည်။ ဘုရားဖက်တော့ဆင်းရဲအပေါင်း မှ လွတ်မည်ဟူသော ယုံကြည်ချက်က လည်း ၎င်း၏ရင်၌ အခိုင်အမာ အမြစ် တွယ်နေခဲ့သည်။

တစ်နေ့ ဝင်ဒါမီယာဓာတ်ပေါင်း စုံဘုရားတွင် သရဏဂုံ အဓိဋ္ဌာန်ဂူ အတွင်း တရားအားထုတ်နေစဉ် အမည် မသိ လူကြီးတစ်ဦးမှ . . .

"ဒီမှာ ငါ့သား၊ ခုနစ်ရက် သား သမီးတို့ရဲ့ ကံကြမ္မာကို ဟောပြောရင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com

မင်း ဘုရားတည်ရမယ်ကွယ့်” ဟူ၍ ပီပီပြင်ပြင် လာရောက် ပြောဆိုသော အိပ်မက်ထူးကို မြင်မက်ခဲ့သည်။

တစ်နေ့ အတူနေ ယောဂီမ ဦးလှရွှေက ရှမ်းဆရာတစ်ဦးကို ခေါ်လာခဲ့သည်။ ရှမ်းဆရာက အတပ်ဟော နိုင်သူ ဖြစ်သည်။ မောင်ညွှန့်မြိုင်အား “မင်း ပုတီးစိပ် တရားထိုင်”ဟု ညွှန်ပြပေးခဲ့ပြီး၊ “တစ်နေ့ ကျော်ကြားမည့် ဆရာတစ်ဆူဖြစ်လိမ့်မယ်” ဟု နိမိတ်ဖတ် ဟောခဲ့သည်။

အဓိဋ္ဌာန်ပုတီးစိပ် တရားထိုင်စဉ် အိပ်မက်တစ်ခု မြင်မက်ပြန်သည်။

“မင်း အဓိဋ္ဌာန်အရ ပြည်မြို့ကို အရောက်သွားရမယ်” ဟူ၍ သုံးကြိမ်တိုင်တိုင် အိပ်မက်ပေးခဲ့သည်။ သို့ဖြင့် ပြည်မြို့ ရွှေဆံတော်ဘုရားသို့ ရောက်ရှိ အဓိဋ္ဌာန်ဝင်ခဲ့သည်။

ပြည်မြို့ ရွှေဆံတော်ဘုရားတွင် အဓိဋ္ဌာန်ဝင်ရင်း အပြီးတွင် ရွှေကြက်ယက်ဘုရားဆီသို့ သွားရောက်ဖူးမြော်လိုစိတ် ဖြစ်တည်ခဲ့သည်။ ရွှေကြက်ယက် ဘုရားသို့ သွားစဉ် ဘုရားအား အဝေးတစ်နေရာမှ လှမ်း၍ ဖူးမြော်စဉ် ပုဂ္ဂိုလ်ကြီးတစ်ဦးမှ. . .

“မင်းကို ငါစောင့်နေတာ ရော့ယူ” ဟူ၍ အထုပ်ကြီး တစ်ထုပ် ပေးသည်။ အထုပ်အတွင်းတွင် အင်းကျမ်း၊ ဆေးကျမ်း၊ စမနှင့် ပတ်သက်၍ စမ အင်းများကို သောက်နည်း၊ ရေးဆွဲနည်း ညွှန်ကြားချက်များ ပါဝင်ခဲ့သည်။

ရွှေကြက်ယက် ဘုရားတွင် အဓိဋ္ဌာန်ပြု ပုတီးစိပ်စဉ် “ရောင်တော်ဖွင့် ရောင်တော်ဖွင့်” ဟု အသံကြားခဲ့ရသည်။ သို့ဖြင့် ရေညှိတက်နေသော ရုပ်ပွားတော် သုံးဆူကို ရောင်တော်ဖွင့်ခဲ့ရသည်။

အဓိဋ္ဌာန် ပုတီးစိပ်ခြင်းသည် ကြာလာတော့ တွေ့မြင်ရသူအပေါင်း၏ ကံကြမ္မာကို ဟောပြောလိုစိတ် တစ်စ တစ်စ ကြီးမားလာသည်။ ဟောပြောလေရာ အဟောခံရသူများ မှန်ကန်သဖြင့် လွန်စွာ အံ့ဩခဲ့ရသည် ဟူ၏။

တစ်နေ့ လယ်ဝေး သာဝတ္ထိရှိ စမတောင်တွင် အဓိဋ္ဌာန် (၉)ရက် ဝင်ခဲ့လေရာ(၇)ရက်မြောက်နေ့တွင် ထူးဆန်း အိပ်မက် မက်ပြန်၏။ အိပ်မက်ထဲတွင် အချို့နေရာများမှာ ကြယ်ရောင်ဖြင့် မပီဝိုးတဝါး ရှိနေသော်လည်း ကျောက်ရုပ်ကြီး ပတ်ဝန်းကျင်မှာ မှောင်နေသည်။

ကြောက်စိတ်ရှိသော်ငြား မဝံ့မရဲ သွားကြည့်လေရာ ဘိုးတော်သိကြားမင်း ရုပ်တု ဖြစ်နေသည်။ သေချာစွာကြည့်ပြီး ပြန်အထွက် ကျောက်ရုပ်တုကြီးက ညာဘက်လက်မောင်းကို လှမ်းဆွဲပြီး -

“ဟိုမှာ လူနှစ်ယောက်ရှိတယ်၊ အဲဒီကို သွားရမယ်”ဟုစေခိုင်းသည်။

ထိုလူကြီး နှစ်ယောက်မှာ ပုံသဏ္ဌာန်ကို မြင်ရုံဖြင့် အဘဘိုးဘိုးအောင်နှင့် အဘအောင်မင်းခေါင် ဖြစ်မှန်း သိရသည်။

အဘ အောင်မင်းခေါင်က. . .

“သိကြားသာသနာမှာ မင်းကို လက်ရုံးအဖြစ် ရွေးလိုက်ပြီ၊ မင်း သာသနာပြုရမယ်၊ တို့တွေက မင်းကို သာသနာပြု ပုဂ္ဂိုလ်အဖြစ် မှတ်တမ်းတင်လိုက်ပြီ၊ သာသနာတော်အတွက်စွမ်းနိုင်သမျှ စွမ်းအားရှိသမျှ ကြိုးစားပေတော့” ဟု မိန့်ကြားခဲ့သည်။

တစ်နေ့ မောင်ညွှန့်မြိုင်ထံသို့ တစ်ချိန်က ဘာသာရေးနှင့် ဆက်စပ်သမျှ လမ်းညွှန်ပေးခဲ့သည့် ဦးအောင်ကြီး ဆိုသူမှ. . .

“မင်းရဲ့သတင်းတွေ ကြားခဲ့ပြီးပြီ၊ အားရတယ်ကွာ၊ မင်းအတွက် ပိုပြီး ပြည့်စုံမယ့် အစီအစဉ်တစ်ခု ပေးမလို့ လာခဲ့တာ” ဟုဆိုကာ မောင်ညွှန့်မြိုင်အား တောင်ငူမြို့ မြတ်စောညီနောင် ဘုရားအနီးရှိ ညောင်ပင်ရွှေဂူစခန်းသို့ ဝင်ခိုင်းသည်။

၎င်း၏ ဆရာဖြစ်သူ စန္ဒသူရိယနှင့် တွေ့ဆုံပေးခဲ့သည်။ ထိုဆရာက မောင်ညွှန့်မြိုင်ကို. . .

“သမာဓိစခန်းမှာတော့ မင်းက အတော်ခရီးပေါက်နေပါပေါ့လား” ဟု ချီးမွမ်း ပြောဆိုခဲ့သည်။

**မဟာဂန္ဓာရီခရီးနှင့် ထူးခြားဖြစ်စဉ်**

မောင်ညွှန့်မြိုင်နှင့်အတူ တပည့်သုံးယောက် လိုက်ပါ၍ ပုပ္ပားတောင်တော်သို့ မဟာဂန္ဓာရီခရီး ထွက်ခဲ့သည်။ ပုပ္ပါးတောင်တော်တွင် သရဏဂုံ (၃၀) ပုတီး အဓိဋ္ဌာန်(၉)ရက်ဝင်ခဲ့သည်။

ထို့နောက် ပုဂံသို့သွားရောက်ကာ သရဏဂုံ (၃၀) ပုတီးစိပ်ခြင်းကို (၅)ရက် အဓိဋ္ဌာန်ပြုလုပ်သည်။ (၃)ရက်ကိုသစ်သီးစားခြင်းဖြင့် အားထုတ်သည်။

ထို့နောက် ပုဂံမှ စစ်ကိုင်း၊ အင်းဝသို့ ခရီးဆက်သည်။ အင်းဝတွင် နန်းမတော်မယ်နု ကိုးကွယ်ခဲ့သော ဗားမဲ့ဆရာတော် သီတင်းသုံးရာ ကျောင်းတော်ဟောင်းတွင် (၅)ရက် အဓိဋ္ဌာန်ဝင်သည်။ သရဏဂုံ (၃၀)ဖြစ်သည်။ ထူးခြားဖြစ်စဉ် ကြုံခဲ့ရသည်။

မောင်ညွှန့်မြိုင် ကိုယ်ခန္ဓာ အထက်ပိုင်းတွင် စမအက္ခရာများ အထင်အရှားပေါ် ထွက်ခဲ့သည်။ တပည့်များက စိုးရိမ်စိတ် ဖြစ်ပေါ်ခဲ့သည်။ မောင်ညွှန့်မြိုင်က “စမ အောင်ပြီ၊ သိဒ္ဓိထူးကို ဝိဇ္ဇာဓိုရ်ဆရာကြီးများက ချီးမြှင့်လိုက်ပြီ” ဟုဆိုကာ အားရ ကျေနပ်ခဲ့သည်။ အဓိဋ္ဌာန်လည်း အောင်မြင်ပြီးမြောက်ခဲ့သည်။

မောင်ညွှန့်မြိုင်သည် သာမညဆရာတော်ထံ ဖူးမြော်ရန်ရောက်စဉ် ပုဂ္ဂိုလ်တစ်ဦး ရောက်ရှိလာသည်။ ဆရာတော်က ထိုပုဂ္ဂိုလ်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး “ဘယ်ကလာသလဲ” ဟုမေးရာ ထိုပုဂ္ဂိုလ်က“တပည့်တော် ဝိဇ္ဇာပါဘုရား” ဟုလျှောက်ပြီး ဝိဇ္ဇာကျင့်စဉ်တို့ကိုလည်း လျှောက်တင်ပြီး ပြန်သွားသည်။

ဆရာတော်သည် မျက်လုံး အစုံမှိတ်ပြီး အာရုံပြုပြီး မောင်ညွှန့်မြိုင်အား. . .



www.burmeseclassic.com

www.burmeseclassic.com

"ဒကာရေ ဝိဇ္ဇာအဖြစ်ကိုရောက်ဖို့ လက်တစ်ကမ်းပဲ လိုတော့တယ်၊ ကြိုးစားပါ" ဟု ဆိုပြီး မောင်ညွှန့်မြိုင်၏ ဦးခေါင်းကို လက်ဖြင့်ပုတ်၍ မေတ္တာသိဒ္ဓိကို ချီးမြှင့်ခဲ့သည်။

ဝိဇ္ဇာတို့၏ နေထိုင်ကျင့်ကြံမှုများကိုလည်း မိန့်ကြားခဲ့ရာ မောင်ညွှန့်မြိုင် အသိပညာတိုးခဲ့သည်။

မောင်ညွှန့်မြိုင်သည် မတ္တရာရှိ ယက္ကန်းစင်တောင်ဆရာတော်ဘုရားကြီး သာသနာပြုရာ မန္တလေးဘက်ဆီသို့ ခရီးထွက်သည်။ ယက္ကန်းစင်တောင်တော်သို့ ခြေချမိသည်နှင့် ဆရာတော်အောင်ခဲ့သည့် အောင်မြေတို့နှင့် ထူးခြားနေရာဌာနတို့တွင် သရဏဂုံ ပုတီးစိပ်ဖွားများခြင်း အမှုပြုသည်။

မောင်ညွှန့်မြိုင် မေ့းခနဲ အိပ်ပျော်သွားစဉ် အိပ်မက်တစ်ခုမက်သည်။ အိပ်မက်ထဲတွင် ယက္ကန်းစင်တောင်ဆရာတော်ဘုရားကြီးနှင့် တွေ့ရသည်။

ဆရာတော်ကြီးက. . .

"ခုနစ်ရက်သားသမီးတွေကို မင်းကယ်တင်ရမယ်၊ အဲဒီလို ကယ်တင်နိုင်အောင် ပေးမယ်" ဟု မိန့်ဆိုသဖြင့် မောင်ညွှန့်မြိုင်မှ ယာဘက်လက် ကမ်းပေးသည်။

ဆရာတော်ကြီးက မောင်ညွှန့်မြိုင် လက်ဖဝါးကို သူ၏ လက်ဖဝါးဖြင့် ဖိလိုက်ပြီး "အောင်စေ"ဟု ဆိုသည်။ မောင်ညွှန့်မြိုင် မာတ်လိုက်သကဲ့သို့ ခံစားရသည်။ နံနက်လင်းသော် မောင်ညွှန့်မြိုင်၏ ယာဘက်လက်ဖဝါးတွင် "မေစဝ"ဟူသော စမအက္ခရာ လေးလုံးကို ဆေးအနီဖြင့် ရေးထိုးထားသည့်နှယ် အထင်းသားပေါ်နေသည်ကို တွေ့မြင်ရသည်။

**သာသနာပြုဘုရားတည်**
**အဆည်ခဲ့ပြီ သာသနာ့မြေမဟီ**

အသက် (၂၄)နှစ်တွင် ဆရာတော် ဦးကုန္ဒာစရိယကို ဥပဇ္ဈာယ်ပြု၍ ဆီးတာဒုံတပ်ဦးကျောင်း သိမ်တော်တွင်

**သရဏဂုံဟာ**
**ဒါပါယ်လေးပါး မှ**
**တားဆီးနိုင်စွမ်းရှိသလို**
**သရဏဂုံ တည်ခဲ့ရင်**
**ကိုယ်တောင်ပျောက်သပေါ့၊**
**တို့များက သရဏဂုံပဲတွ**

ရဟန်းခံခဲ့သည်။ ဘွဲ့တော်မှာ အရှင်အာစိဏ္ဏဖြစ်သည်။

ရဟန်းဘဝဖြင့် တစ်လီ၊ လူဝတ်ကြောင်ဖြင့် တစ်ဖုံ အဓိဋ္ဌာန်ခရီးများထွက်၍ သာသနာပြုသည်။ စမတောင်တွင် အဓိဋ္ဌာန်စခန်းဝင်ပြီး ရဟန်းသိက္ခာချကာ လူဝတ်အသွင်ယူ၍ သာသနာပြုဘုရားတည်ရန် ရေကြည်အိုင် စိတ္တသုခကျောင်းဆရာတော်အား လျှောက်ထားသည်။

ဆရာတော်မှလည်း "အောင်အရပ် သိဒ္ဓိ" ဘွဲ့တော်ရှိ ကိုးတောင်ပြည့်ဘုရားကို ခြုံငုံ၍ ဘုရားတည်ရန် ခွင့်ပြုသည်။ ဘုရားတည်စဉ် ဘုန်းတော်ကြီးတစ်ပါး ကြွလာပြီး. . .

"ငါက မင်းအတွက်လာခဲ့တာ၊ မင်း ကိစ္စ အောင်မြင်ပြီးမြောက်စေရမယ်"ဟု မိန့်ကြားသည်။ ဘုန်းတော်ကြီး၏ ဘွဲ့အမည်မှာ ဦးကဝိ(ဝိဇ္ဇာ) ဖြစ်ကြောင်း သိရသည်။

ကုသိုလ်ရှင်များ လာရောက်လှူဒါန်းကြသည်။ ကုသိုလ်ပြုလှူဒါန်းသူများအထဲတွင် မြနန်းနွယ်လည်းပါသည် ဟူ၏။

မောင်ညွှန့်မြိုင်သည် ဘုရားထီးတော်တင်လှူရာတွင် စင်ကြယ်လိုသည့်စိတ်ဖြင့် သာသနာ့ဘောင်သို့ ဒုတိယအကြိမ် ပြန်ဝင်သည်။ ဘွဲ့တော်မှာ အရှင်အာစိဏ္ဏပင်ဖြစ်သည်။ အောင်သိဒ္ဓိ ကမ္ဘာကျော် ရွှေရင်အေးစေတီတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပြီးသည်နှင့် တစ်ဖန် လူဝတ်လဲသည်။

ထို့နောက် နဂါးရုံဘုရားတည်သည်။ ဘုရားတည်ရင်း ရှေ့ဖြစ်ဟောပြောမှုများကိုလည်း လုပ်သည်။ နဂါးရုံဘုရားတည်စဉ် အဘရာကျော်ဆရာတော်ကြွလာသည်ကို အိပ်မက်မြင်မက်သည်။ အဘရာကျော်က. . .

"ဘုရားတည် သာသနာပြုရာမှာ အန္တရာယ်ကင်းကြစေဖို့ မေတ္တာရေ သုတ်လိမ်းမယ်" ဆိုက လေထဲတွင် လက်ဝါးနှစ်ဖက်ကို လေတွင် ဝှေ့ယမ်းပြီး ရေခပ်သလိုပြုရာ လက်ခုပ်အတွင်း သွေးများ ပြည့်လျှံနေသည်။

တစ်ဖန် ထိုသွေးရည်များဖြင့် မောင်ညွှန့်မြိုင်တစ်ကိုယ်လုံးအား လိမ်းကျံပေးသည်။ "အားလုံး သွေးထွက်သံယိုမရှိ ဘေးကင်းပြီး ကျန်းမာပါစေ" ဟုပြောပြီး ပျောက်ကွယ်သွားသည်။

နဂါးရုံဘုရားကို ဘေးကင်းစွာ တည်ခဲ့ပြီး ဗေဒင်ဟောခြင်းအလုပ်ကို အားစိုက်လုပ်သည်။ ဟောပြောချက် တိကျမှန်ကန်သဖြင့် ဗေဒင်မေးလိုသူများ ပြည့်နှက်နေသည်။

၎င်း၏ ဗေဒင်ဟောခန်းအတွင်း မာတ်နန်းရှိ ကွမ်ယင်မယ်တော်ရုပ်တုမှ ဆေးတော်အဖြစ် ရေများကျလာသည့် သတင်းကြောင့်လည်း ဟောခန်းအတွင်း လူများ ကြိတ်ကြိတ်တိုး စည်ကားနေသည်။

ခုနစ်ရက်သားသမီးများ ရောဂါပျောက်ကင်းစေရန် ရေတော်များပွား၍ ဝေငှခဲ့သည်။ ရောဂါ ပျောက်ကင်းသည်ဟု ဆို၍ မောင်ညွှန့်မြိုင် ပီတိဖြစ်ရသည်။

တစ်ညတွင် မောင်ညွှန့်မြိုင် ထူးဆန်းအိပ်မက်တစ်ခု မြင်မက်ပြန်သည်။ အိပ်မက်ထဲတွင် အဘဘိုးမင်းခေါင် ကြွလာပြီး. . .

"သားတော်ကြီး၊ မင်းနာမည် စမဆန်းထူး အမည်နဲ့ ဗေဒင်ဟောပြီး သာသနာပြုပေတော့" ဟုပြောခဲ့သည်။

နဝင်းကျေသည့် အမည်ဖြစ်ရာ မောင်ညွှန့်မြိုင် စမဆန်းထူး အမည်တူ





www.burmeseclassic.com

www.burmeseclassic.com

ကာ ဗေဒင်ဟောသည်။ အထူးအောင်မြင်ကျော်ကြားလေတော့၏။

ဒေးစွန်ပါတောင်တော်ရှိ လေးကျွန်းတိုင် လေးကျွန်းကျောင်း ပရိဝုဏ်အတွင်း ဘုရားတည်ခွင့်ရသည်။ ဘုရားတည်စဉ်အတွင်း ငွေကြေးပြတ်လပ်၍ ခဏနားရသည်။ ထိုစဉ် အိပ်မက်တစ်ခု မက်ပြန်သည်။ အိပ်မက်ထဲတွင် . . .

"မင်းက ဘုရားတည်နေပြန်တာကိုးကွ" ဟု အသံကြားရသို့ ကြည့်ရာ အဘဘိုးတော်အောင်မင်းခေါင်ကို တွေ့ရသည်။

"မင်း စိတ်မပျက်ပါနဲ့ကွာ ဘုရားကို တစ်ဝက်ပြီးအောင် ဆက်တည်ပါ၊ ကျန်တဲ့ တစ်ဝက် အဘကူပါ့မယ်၊ ကြိုးစားပါ ငါ့သားရယ်" ဟု ပြောဆိုပြီး ပျောက်သွားသည်။

သည့်နောက် ငွေကြေးများစွာ ကုသိုလ်ပြု ထည့်ဝင်သူ ရောက်လာသဖြင့် ဘုရားတည်ခြင်းအမှု ပြီးသွားသည်။

မောင်ညွန့်မြိုင်သည် တတိယအကြိမ်မြောက် ရဟန်းဘောင် ဝင်ပြန်သည်။ ဘွဲ့အမည်မှာ အရှင်အာစိဏ္ဏပင် ဖြစ်သည်။

အများ တောင်းပန်မှုကြောင့် ရဟန်းဝတ်ဖြင့်ပင် ခုနစ်ရက်သားသမီးတို့၏ ကံကြမ္မာ အကောင်း၊ အဆိုးကို ဟောသည်။

ကွမ်းယင်မယ်တော်ရုပ်တုမှ ဆေးတော်အဖြစ် ရေများ ကျလာပြန်သည်။ ထိုအချိန်က တရုတ်နှစ်သစ်ကူးချိန် ဖြစ်ရာ တရုတ်ဘုံကျောင်းအဖွဲ့မှ ဆေးကုသခံယူလိုသူများ ပြည့်နှက်နေသည်။ ဆေးတော်ရေကျမှုကို စစ်ဆေးမှု အမျိုးမျိုး လုပ်ကြသည်။ အမှန်တကယ် အလိုအလျောက် ရေကျသည်ကို တွေ့ရသဖြင့် စစ်ဆေးသူများ လက်ခံသွားကြသည်။

တစ်နေ့ အရှင်အာစိဏ္ဏသည် လူဝတ်လဲရန်အတွက် ပုဆိုး၊ အင်္ကျီတို့နှင့်အတူ သိက္ခာချရန် ပြင်ဆင်နေခိုက် အမျိုးသမီး (၃)ဦး ရောက်လာသည်။

တစ်ဦးမှ. . .

"အရှင်ဘုရား လူဝတ်လဲရန် အစီအစဉ်ကို မတိုက်တွန်းချင်သလို ကန့်ကွက်မှုလဲ မပြုလိုပါဘူး ဘုရား၊ ဒါပေမယ်လို့ အရှင်ဘုရားရဲ့ သာသနာပြုလုပ်ငန်းက ဆောင်ရွက်စရာတွေအများကြီး ကျန်သေးတာမို့ သေချာစဉ်းစားပါဦး ဘုရား" ဟု လျှောက်ကြားပြီး ဦးခေါင်းကို ဆန်ကော ဝိုင်းသလို ဝိုင်းပြသည်။

အရှင်အာစိဏ္ဏလည်း မှင်တက်မိသလို ကြည့်နေရာမှ သူမ၏ ဦးခေါင်းမှာ နဂါးဦးခေါင်းသဏ္ဌာန် ပေါ်လာသည်။ အမျိုးသမီးတို့သည် နဂါးမများ ဖြစ်နေသည်ကို သိရလေတော့သည်။

အမျိုးသမီးတို့ ပြန်လည် ထွက်သွားသည့်အခါ အရှင်အာစိဏ္ဏ ဆုံးဖြတ်ချက်တစ်ခုချသည်။

ဆုံးဖြတ်ချက်သည်ကား ရဟန်းအဖြစ်ဖြင့်သာ အားထုတ်သွားတော့မည်ဟူ၍ပါတည်း။

အရှင်အာစိဏ္ဏသည် ရဟန်းဘဝဖြင့် အခြေချဖို့ အခိုင်အမာ စခန်းတစ်ခုလိုအပ်ကြောင်း အသိဝင်လာပြီး မော်ဘီတွင် သာသနာပြုစခန်းချရန် ဆုံးဖြတ်သည်။

မြေနေရာလည်း အလွယ်တကူ ရသည်။ အောင်ခြင်းမင်္ဂလာဓမ္မပါလ ဘွဲ့တော်စေတီကို တည်ရန် သတ်မှတ်ပြီး သာသနာ့အလံ စိုက်ထူသည်။

အိပ်မက်တစ်ခု မက်ပြန်သည်။ အိပ်မက်ထဲတွင် အဘဘိုးမင်းခေါင်က ကုန်းမြင့် တစ်နေရာသို့ လက်ညှိုးညွှန်ပြသည်။ သို့ဖြင့် စေတီတည်ရန် မူလနေရာမှ ပြောင်းရွှေ့လိုက်သည်။

စေတီတည်မည့် သတင်းကြားရသဖြင့် လူပုဂ္ဂိုလ်အတော်များများ လာရောက် ကုသိုလ်ပြု ပါဝင်ကြသည်။

၂၀၀၃ ခုနှစ်၊ ဇွန်လ (၁၀)ရက်နေ့တွင် ဘုရားပန္နက်တင် အခမ်းအနားပြုသည်။ ထိုင်းသံရုံးမှ ထိုင်းသံအမတ်ကြီးနှင့် ထိုင်းလူမျိုးများ လာရောက် ကုသိုလ်အမှု ပါဝင်ကြသည်။

၂၀၀၄ ခုနှစ်၊ ဧပြီလ (၄)ရက်နေ့တွင် အောင်ခြင်းမင်္ဂလာ ဓမ္မပါလ ဆုတောင်းပြည့်စေတီတော်ကြီးနှင့် နဂါးရုံဘုရားစေတီနှစ်ဆူကို တစ်နေ့တည်း ထီးတော်တင်လှူနိုင်ခဲ့သည်။

၂၀၀၇ ခုနှစ် မတ်လ(၃)ရက် စနေနေ့တွင်ကျောင်းတော်တိုက်အတွင်း ဘုရားရှင်တော်မြတ်နှင့်တကွ သာသနာပြု အဘဆရာတို့ သီတင်းသုံးရန် မဟာဝိဇ္ဇာတန်ဆောင်းဆောက်လုပ်ရန် ပန္နက်တင် အခမ်းအနား ပြုလုပ်ခဲ့သည်။

၂၈. ၁၀. ၂၀၀၈ အင်္ဂါနေ့တွင် အောင်ခြင်းရှစ်ပါး စေတီတော် ပန္နက်တင်ပွဲ ကျင်းပခဲ့သည်။ ခုနစ်ရက် သားသမီးတို့၏ စုပေါင်းကုသိုလ်ကြောင့် စေတီတော် အောင်မြင်စွာပြီးစီးခဲ့သည်။

ထို့ပြင်တစ်ဝ ၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့တွင် ဆံတော်ရှင် ကျိုက်ထီးရိုးပုံစံတူ စေတီတော် အုတ်မြစ်တော်စီ မင်္ဂလာ အခမ်းအနားကို စည်ကားစွာ ကျင်းပခဲ့သည်။

ယခုအခါ ဗုဒ္ဓသာသနာပြု စခ တစ်ထောင်ဆရာတော် အရှင်အာစိဏ္ဏ သီတင်းသုံးရာ မော်ဘီသာသနာ့နယ်မြေအတွင်း စေတီပုထိုး၊ ဆင်းတုတော် ရုပ်ပွားတော်များ။ သာသနာ့အကျိုး လာရောက်သယ်ပိုး ကုသိုလ်အမှုပြုသူများ ဝေစည်လျက် ရှိနေပြီတည်း။

❒ ကိုမောင်သန်းဝင်း

**ကျမ်းကိုး**

အရဟံမင်းခေါင်၏ ဗုဒ္ဓသာသနာပြု အရှင်အာစိဏ္ဏ(စမဘုန်းဘုန်း) ဓမ္မကျင့်စဉ်နှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ။



www.burmeseclassic.com

www.burmeseclassic.com



# ကမ္ဘာ့မြေတန်ဖိုး အမြင့်ဆုံး HK Victoria Peak သို့

ညက်မှုန့်(စက်မှု)

"မင်္ဂလာပါ ညီလေးရေ၊ အစ်ကိုတော့ ဒီတစ်ခေါက် ခရီးစဉ် အသစ်လေးအကြောင်း ကြားရတော့မယ် ဆိုပြီး ဝမ်းသာအားရ ပြေးလာတာ"

"ဟုတ်ကဲ့၊ မင်္ဂလာပါ"

"ဒီတစ်ခေါက် ညီလေးသွားတာ ဟောင်ကောင်နော်"

"ဟုတ်တယ်. . ဟောင်ကောင် - မကာအို ခရီးစဉ်ပါ၊ ကျွန်တော် သွားချင်နေတဲ့ ခရီးစဉ်ပေါ့၊ သွားမယ် သွားမယ် ဆိုပြီး ဒီတစ်ခေါက်မှ သွားဖြစ်တာ'

"အစ်ကိုက. . . ငါ့ညီ ခရီးမထွက်တော့ဘူးတောင် ထင်နေတာ"

"ကျွန်တော်လဲ အလုပ်တွေက ပြတ်မယ် မပြတ်မယ် သေချာတာနဲ့ ခရီးထွက်မယ့်ဘက်ကို စိတ်မကူးဖြစ်ဘူး၊ မိတ်ဆွေတစ်ယောက်က စင်ကာပူ-အင်ဒိုနီးရှား ခရီးသွားကြမလားလို့ ပြောတာကနေ စိတ်ကူးရသွားတာ၊ စုံစမ်းကြည့်တော့ စင်ကာပူ-အင်ဒိုနီးရှား ခရီးစဉ်က ၁၃ သိန်း၊ ဟောင်ကောင်-မကာအို ခရီးစဉ်က ၁၈ သိန်းတဲ့"

"အားပါးပါး နည်းတဲ့ပိုက်ဆံ မဟုတ်ဘူး၊ ငါ့ညီတို့ အရင်သွားတုန်းကကော အဲဒီလောက် ပေးရလား"

"အရင်က အဲဒီလောက် ဈေးမကြီးဘူး၊ ကမ္ဘောဒီးယား သွားတုန်းက ၅ သိန်းပဲ ပေးရတယ်၊ ဒါတောင် တစ်ယောက်တည်း တစ်ခန်းထဲနေရလို့ ငါးသောင်းပိုတောင်းတာ ပေးရသေးတယ်၊ ခုတော့ ကမ္ဘောဒီးယားတောင် ၉ သိန်း၊ ၁၀ သိန်း ဖြစ်နေပြီ"

"စင်ကာပူ-မလေးရှားတုန်းကကော ဘယ်လောက်ပေးရလဲ"

"နှစ်နိုင်ငံလုံးမှ ခြောက်သိန်းဝန်းကျင်ပဲ ကျတယ်၊ ခုတော့ စင်ကာပူတစ်နိုင်ငံတည်းကို ၁၀ သိန်းလောက် ဖြစ်နေပြီ"

"တော်သေးတာပေါ့ ငါ့ညီ၊ ခရီးတွေ သွားထားပေလို့"

"ဟုတ်တယ်၊ ကျွန်တော်လဲ အံ့ဩသွားတယ်၊ လိုက်စုံစမ်းကြည့်တော့ စင်ကာပူ-အင်ဒိုနီးရှား ခရီးစဉ်တွေက ပြည့်နေပြီ၊ ကျွန်တော်ကလဲ စင်ကာပူရောက်တာ အကြာကြီး မဟုတ်သေးတော့ မသွားချင်သေးဘူး။

ဒါနဲ့ ဟောင်ကောင် ခရီးစဉ်စုံစမ်းကြည့်တော့ ဂန္ဓဝင်ရွှေပုဂံက US$ ၁၆၅၀၊ New Motion က US$ ၁၈၅၀ ဝန်းကျင်၊ First Choice က US$ ၁၉၀၀၊ ဟောင်ကောင်-




www.burmeseclassic.com

www.burmeseclassic.com



ပိတောက်ပန်းများနှင့် ဝေဆာနေသော ရန်ကုန်လေဆိပ်



ရန်ကုန်လေဆိပ်ရှိ စားသောက်ဆိုင်


မကာအို-ကွမ်ကျိုး-ရှမ်းကျန့်-ကျူဟိုင် ခရီးစဉ်ပဲ၊ အားလုံးက အကောင်းစား စီစဉ်ထားကြတာပဲ။

ဒါပေမယ့် ခရီးစဉ်က ခြောက်ညအိပ်၊ ဒါမှမဟုတ် ခုနစ်ညအိပ်ဆိုတော့ အမေ့ကို ထားခဲ့ရမှာ စိတ်မချဘူး၊ ညီမနန္ဒာနဲ့ ထားခဲ့ရရင်တော့ သိပ်ပြဿနာမရှိဘူး၊ သူက ဆေးအကြောင်း တီးမိခေါက်မိဆိုတော့ အဆင်ပြေတယ်၊ အမေက လေဖြတ်ထားတာ ကြာပြီဆိုတော့ နည်းနည်းလေး မှားလိုက်တာနဲ့ သွေးတက်တယ်၊ တစ်ချိန်လုံးလိုလို ထိုင်နေရတာဆိုတော့ မြီးညှောင့်ရိုး အသားကလဲ ခဏခဏကြေတယ်၊ တစ်ခါခွဲတုန်းက အနာကျက်ဖို့ ကိုးလတောင် ကြာသွားတယ်၊ ကျွန်တော်လဲ လန့်နေပြီ၊ အဲဒါနဲ့ မသွားတော့ပါဘူးကွာလို့ ထားထားလိုက်တာ။

အဲဒီမှာမှ New Motion က ဟောင်ကောင်-မကာအို ခရီးစဉ်က လေးညအိပ် ငါးရက်ခရီးရှိတယ်၊ US$ ၁၅၉၀ လို့



ဟောင်ကောင်တွင် အများဆုံးမြင်တွေ့ရသော ပုံစံတူအဆောက်အအုံများ



ဟောင်ကောင် အမြင့်ဆုံးအဆောက်အအုံ

www.burmeseclassic.com

www.burmeseclassic.com



ဟောင်ကောင်လေဆိပ်မြင်ကွင်း



ပြောတယ်၊ တကယ် တွက်ကြည့်ရင် လေးညအိပ်ကို US$ ၁၅၉၀ ဆိုတော့ မတန်သလိုဘဲ၊ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်ကမှ ဒီလောက် အချိန် မပေးနိုင်တာဘဲဆိုပြီး အဲဒီခရီးစဉ် ရွေးဖြစ်တာ"

"ဒီလိုဆို သွားရတာကော အဆင်ပြေလား"

"ပြေတယ်၊ လေဆိပ်ရောက်ကတည်းက မိတ်ဆွေရနေပြီ၊ ကျွန်တော်တို့ရပ်ကွက်က မိသားစုသုံးယောက် ပါတယ်၊ ဒီတော့ အားတက်သွားပြီ၊ ကျန်တဲ့အဖွဲ့ဝင်တွေ ကြည့်လိုက်တော့လဲ အားလုံး Smart ပဲ၊ Guide လမ်းညွှန်ကလဲ သမ္မာရှိပုံပဲဆိုတော့ အဲဒီကတည်းက ပျော်နေပြီ၊ လေဆိပ်ကြီးကလဲ



ဟောင်ကောင်လေဆိပ်မြင်ကွင်း




ဟောင်ကောင်ရှိ ချစ်စဖွယ်လမ်းမကြီးများ

www.burmeseclassic.com

www.burmeseclassic.com











အမြဲတမ်းလှုပ်ရှားနေသော ဟောင်ကောင်ဆိပ်ကမ်း

ဒီနှစ်သကြံန်အတွက် ကြိုပြင်ဆင်ထားတာ ပိတောက်ပန်းတွေချည်းပဲ၊ တော်တော်လှတယ်"

"ကိုယ်တို့ မြန်မာလူမျိုးတွေအတွက်တော့ ပိတောက်ပန်းက ဘယ်အချိန်ကြည့်ကြည့် မရိုးဘူး၊ လေဆိပ်မှာကော လေယာဉ်စောင့်ရတာ အဆင်ပြေရဲ့လား"

"ကျွန်တော်တို့ ဒီတစ်ခေါက် Flight က ဂျိုးဂျောင်အချိန်ပဲ၊ ည ၁ နာရီခွဲတဲ့၊ တိုက်ရိုက် Flight မို့တဲ့၊ ဗန်ကောက် Transit ဆိုရင် ဗန်ကောက်လေဆိပ်မှာ ၅ နာရီလောက်ထိုင်စောင့်ရမယ်တဲ့၊ ကျွန်တော့်သူငယ်ချင်း သွားတုန်းက လေယာဉ် Delay ဖြစ်လို့ဆိုပြီး လေဆိပ်မှာ ၉ နာရီလောက်ထိုင်စောင့်လိုက်ရတယ်၊ ဒါနဲ့ ည ၁ နာရီခွဲ Flight ပဲ ရွေးလိုက်တာ၊ တော်တော်အိပ်ငိုက်သွားတယ်။

လေယာဉ်က ည ၁ နာရီခွဲ ထွက်တယ်၊ ရန်ကုန်-ဟောင်ကောင်က သုံးနာရီလောက် မောင်းရတယ်၊ တကယ်ဆိုရင် ၄နာရီခွဲပေါ့၊ ဒါပေမယ့် ဟောင်ကောင်က ၁နာရီခွဲစောတော့ ဟိုရောက်တော့ ၆ နာရီ ဖြစ်နေပြီ၊ Immigration ဖြတ်ပြီးတာနဲ့ တစ်ခါတည်း လှေလာရေးဆိုတော့ အဲဒီနေ့က အိပ်ချင်နေတာနဲ့ ဟောင်ကောင် Guide ရှင်းပြတာ ဘာမှ မသိကွဲဘူး"

"လေယာဉ်ပေါ်မှာ အိပ်ပေါ့ကွာ"

"အိပ်မယ်ပဲ ရှိသေး၊ အစားအသောက် ကျွေးတယ်၊ ကောင်းကောင်းကို မအိပ်လိုက်ရဘူး၊ အချို့အချက်အလက်တွေဆို Guide ကိုမင်းထွဋ်ကို ရန်ကုန်ရောက်မှ ပြန်မေးရတယ်၊ နောက် ညသန်းခေါင် Flight ဆိုရင် အတတ်နိုင်ဆုံးရှောင်ပြီ"

"ဟောင်ကောင် လေဆိပ်ကကော တော်တော်လေးလှလား"

"တော်တော်လေး ကောင်းတယ်၊ လှလဲ လှတယ်၊ ကြီးလဲ ကြီးတယ်၊ ဒါပေမယ့် စင်ကာပူ Changi လေဆိပ်လောက်တော့ ဒီဇိုင်းမဆန်းဘူး၊ ကျွန်တော်တို့အဖွဲ့က အစောကြီးရောက်တော့ လေယာဉ်ကွင်းမှာတောင် လူရှင်းနေတယ်၊ ဟောင်ကောင်က လူတွေလဲ ညဘက်လေယာဉ် သိပ်မစီးဘူးနဲ့တူတယ်၊ လေဆိပ်ထိုင်ခုံတွေမှာလဲ ပိုးလိုးပက်လက် အိပ်



www.burmeseclassic.com

www.burmeseclassic.com



ဟောင်ကောင်မြို့၏ နေဝင်ဆည်းဆာအလှ

နေတဲ့လူတွေ အများကြီးပဲ၊ ကျွန်တော်တို့လဲ လေဆိပ်ထဲမှာ တစ်နာရီလောက် ကြာတယ်၊ အပြင်ရောက်မှပဲ လန်းဆန်းသွားတယ်။


စပြီး . . သတိထားမိတာကတော့ ဟောင်ကောင်ရဲ့ လမ်းပန်းစနစ်ပဲ၊ လမ်းတွေက များပေမယ့် ရှင်းလဲရှင်းတယ်၊ ကျယ်လဲ ကျယ်တယ်၊ လမ်းတစ်လမ်းနဲ့ တစ်လမ်းကြား မြက်ခင်းလေးတွေ စိုက်ထားတာကိုက အဝေးကနေကြည့်လိုက်ရင် ပန်းခြံလေးကို ကြည့်ရသလိုပဲ၊ ကောင်းကင်ကြီးကလဲ ပြာနေတာပဲ။

အရင်ကဆို အရှေ့တောင်အာရှမှာ မြန်မာနိုင်ငံက ကောင်းကင်ပြာလို့ နာမည်ရနေတယ်၊ ခုဆိုရင် ရန်ကုန်က ကောင်းကင်ယံဟာ ညိုတိုတို ပြာတာတာပဲ၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု ဘယ်လောက်လိုသလဲဆိုတာ ပေါ်လွင်တာပဲ"

"ဒါပေါ့ ညီလေးရာ၊ သက်တမ်းရင့် သစ်ပင်ကြီးတစ်ပင်နဲ့ ခုမှစိုက်တဲ့ အပင်လေး တစ်ထောင်နဲ့ ယှဉ်လို့မှမရတာ၊ အရင်တုန်းကဆိုရင် ကမ်းနားလမ်းအတိုင်း သစ်လုံးတင်တဲ့ ကားတွေပေါ်က သစ်ပင်အလုံးတွေက လူသုံးလေးဖက်စာလောက် ကြီးတယ်၊ ခုဆိုရင် လူတစ်ဖက်စာလောက်လေးတွေပဲ အတွေ့များတယ်၊ ဂျာနယ်တွေထဲမှာ ရေးနေကြတာလဲ လေ့လူပုံနေပြီ။

ဒီလို ပတ်ဝန်းကျင်ထိန်းသိမ်းမှုတွေမလုပ်ရင် ကိုယ်တို့ ကောင်းကင်က ညိုတိုတိုပဲ တွေ့ရတော့မယ်ထင်တယ်၊ ကဲ ဟောင်ကောင်အကြောင်းလေး ဆက်ပါဦး"

"ဟောင်ကောင်လမ်းတွေက တောင်ကုန်းတွေကို ကွေ့ပတ်ပြီး ဖောက်ထားတာ၊ ထူးခြားတာကတော့ အဆောက်အအုံတွေ ဒီဇိုင်းပဲ၊ ဟောင်ကောင်က တိုက်အလုံး ၁၀၀ မှာ ၉၉ လုံးက ရိုးရိုးလေးထောင့်ပုံစံပဲ ဆောက်တယ်၊ အဝိုင်းတို့



ဟောင်ကောင် Victoria Habour နှင့် စာရေးသူ

အချွန်တို့ ဒီဇိုင်းဆန်းတွေ မဆောက်ဘူး၊ အစိုးရက လက်မခံလို့ထင်တယ်၊ ဟောင်ကောင်က ဒီလောက် ချမ်းသာတာပဲ၊ ဆောက်နိုင်ရက်သားနဲ့ ဘာကြောင့် ရိုးရိုးလေးထောင့်ဒီဇိုင်းပဲ ဆောက်တာလဲ မသိဘူး၊ ကျောက်တောင်တွေရဲ့ အပေါ်မှာ ဆောက်ရတာမို့ ဒီလိုဒီဇိုင်းပဲ ဆောက်ခွင့်ပေးသလား မသိဘူး၊ စင်ကာပူဆိုရင် တိုက်တစ်တိုက် ဒီဇိုင်းတစ်မျိုးပဲ၊ တိုက်တစ်တိုက်နဲ့တစ်တိုက် လုံးဝ ဒီဇိုင်းမတူဘူး၊ ဒီတော့ ကြည့်ရတာ ဆန်းသစ်နေတာပေါ့၊ ဟောင်ကောင်တိုက်တွေကတော့ ဘယ်တိုက်ကြည့်ကြည့် ဒီ . . ဒီဇိုင်းပဲ"

"ဒါလဲ တစ်မျိုးကောင်းတာပဲ၊ နောက် ဘာတွေလေ့လာဖြစ်သေးလဲ"

"နောက် လေ့လာဖြစ်တာကတော့ ဟောင်ကောင်ပင်လယ်ကူးသင်္ဘောကြီးတွေ ဆိပ်ကမ်းပဲ၊ အာရှမှာတော့ အကြီးဆုံးထင်တယ်၊ သင်္ဘောပေါ်က Container တွေကို ဝန်ချီစက်ကြီးတွေနဲ့ အတင်အချလုပ်တာ တော်တော်မြန်တယ်၊ သင်္ဘော အသေး အကြီးပေါ် မူတည်ပြီး စက်ကြီး သုံးလေးခုနဲ့ဆိုတော့ နာရီပိုင်းလောက်ပဲ ကြာမယ်။

ဟောင်ကောင် ဆိပ်ကမ်းကြီးကတော့ ကျွန်တော် တော်တော်အားကျတယ်၊ တစ်ချိန်တုန်းကဆိုရင် မြန်မာသင်္ဘောသားတွေကို ဟောင်ကောင် သင်္ဘောလိုင်းတွေက တော်တော်သုံးတယ်၊ ခုတော့ မြန်မာသင်္ဘောသားတွေကို ကြိုက်ပေမယ့် ပြည်ပထွက်ခွာဖို့ လိုအပ်ချက်တွေများတော့ သုံးသင့်သလောက် မသုံးတော့ဘူး"


"ခု သင်္ဘောသားရုံးက အပြောင်းအလဲတွေ လုပ်နေပြီဆို"

"ဒါပေမယ့် ခုမှဆိုတော့ နောက်ကျနေပြီ၊ ဟောင်ကောင် ရေကြောင်းပို့ဆောင်ရေးစနစ်က တိုးတက်တာ တော်တော်ကြာပြီ၊ သင်္ဘောသားရုံးက စနစ်ပြောင်းလဲတယ် ဆိုပေမယ့် စာရွက်စာတမ်းတွေ တောင်းတာကို အချို့ကုမ္ပဏီတွေ မပေးနိုင်လို့ အဆင်မပြေတာတွေ ရှိတယ်။

သင်္ဘောသားတစ်ယောက် နိုင်ငံခြားသင်္ဘောမှာ တာဝန်ထမ်းဆောင်ဖို့ဆိုရင် တာဝန်ထမ်းဆောင်မယ့်သင်္ဘော

www.burmeseclassic.com

www.burmeseclassic.com




Victoria Peak တောင်ထွတ်မှ လှမ်းမြင်ရသော ဟောင်ကောင်အလှ

ရဲ့ အာမခံစာရွက် "P&I Insurance Cover"၊ အဲဒီကုမ္ပဏီရဲ့ လိုင်စင်ကတ် "Registration" နဲ့ အဲဒီနိုင်ငံခြားကုမ္ပဏီနဲ့ မြန်မာကုမ္ပဏီတို့ စာချုပ်ချုပ်ပြီးမှ သင်္ဘောသားတွေ ပို့လို့ရမယ်တဲ့၊ ဒါတောင် တခြား အချက်အလက်တွေ ရှိသေးတယ်။

ဒီတော့ တချို့နိုင်ငံခြားကုမ္ပဏီတွေက ပေးပေမယ့် တချို့က မပေးချင်ဘူး၊ ပြီးတော့ ကျွန်တော်တို့ မြန်မာကုမ္ပဏီတွေကလဲ Owner နဲ့ တိုက်ရိုက်ဆက်တာ မဟုတ်ဘဲ နိုင်ငံခြားပွဲစားကုမ္ပဏီတွေနဲ့ တစ်ဆင့်ခံ ဆက်သွယ်တာက များတယ်။

ဒါဟာ ဝန်ကြီးဌာနက သင်္ဘောသားတွေ အလိမ်မခံရအောင်ထားတဲ့ စေတနာကောင်း၊ ရည်ရွယ်ချက်ကောင်းဖြစ်ပေမယ့် အဲဒီလို စည်းတွေ ဘောင်တွေကြောင့် မြန်မာသင်္ဘောသားတွေ အလုပ်အကိုင် ရရာရကြောင်း အခွင့်အလမ်းကောင်းတွေ လွတ်သွားတယ်လို့ ကြားနေရတယ်။

မြန်မာသင်္ဘောသားတွေ အလုပ်အကိုင်ရအောင် ဌာနဆိုင်ရာက စာရွက်စာတမ်းတောင်းတာကို လျှော့လိုက်ရင်တော့ ကောင်းမယ်လို့ပြောတဲ့ ကုမ္ပဏီတွေလဲ ရှိတယ်၊ ဥပမာ P&I Insurance Cover (အာမခံစာရွက်) ပြရမယ်၊ ဒီလောက်ပဲဆိုရင် ပိုချောသွားနိုင်တာပေါ့၊ မြန်မာကုမ္ပဏီက အစစ တာဝန်ယူပါ့မယ်ဆိုရင် ပြီးပြီပေါ့။



Victoria Peak တောင်ထိပ်မှ ဗယောင်းမြှတိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြောနေတာက ဘယ်သူသာစေ၊ ဘယ်သူနာစေ မဟုတ်ဘူး၊ဟောင်ကောင်က သင်္ဘောတွေနဲ့ ဆိပ်ကမ်းကြီးတွေကို တွေ့လိုက်ရလို့ မြန်မာသင်္ဘောသားတွေ အလုပ်အကိုင် ပိုပြီးရစေချင်လို့ပါ၊ နိုင်ငံတော်လဲ ဝင်ငွေပိုရတာပေါ့"

"ကောင်းလိုက်တဲ့ မြန်မာသင်္ဘောသားတွေ သတင်းနဲ့ ဟောင်ကောင် သင်္ဘောဆိပ်ကမ်းအကြောင်းတွေပဲ၊ ဆက်ပြောပါဦး"

"ကျွန်တော်တို့အဖွဲ့ မနက်စာစားပြီး ဟောင်ကောင်ရဲ့ အမြင့်ဆုံးတောင်ထွတ် 'Victoria Peak' ကိုသွားတယ်၊ ဟောင်ကောင်ကို စီးပြီး မြင်ရတဲ့ မြင်ကွင်းကလဲ ချစ်စရာပဲ၊ ဟောင်ကောင်ကျွန်းမကြီး 'Main Island' ရော၊ 'Victoria Habour' ဆိပ်ကမ်းပင်လယ်ကြီးရယ်၊ 'Kawloon' မြို့ရယ် အကုန်မြင်ရတယ်။

ဟောင်ကောင်ရောက်ရင် 'Victoria Peak' တောင်ထိပ်ကို ရောက်အောင်သွားကြတယ်၊ ဟောင်ကောင်ရဲ့ နိုင်ငံခြားသားတွေကို ဆွဲဆောင်ရာ နေရာတစ်ခုပဲ၊ တောင်ပေါ်မှာ ပျော်ရွှင်ဖွယ် ကစားစရာတွေ၊ စားသောက်ဆိုင်တွေ၊ ဈေးဆိုင်တွေရှိတယ်၊ ကျွန်တော်တို့ကတော့ တောင်ပေါ်မှာ ရှုခင်းကြည့်ရတာနဲ့ပဲ အချိန်ကုန်လိုက်တယ်။

ကျွန်တော်တို့အဖွဲ့က ဓာတ်ပုံရိုက်တာတော့ တော်တော်ဝါသနာပါကြပုံပဲ၊ ဓာတ်ပုံရိုက်လို့ ကောင်းအောင်လဲ ဖန်တီးပေးထားတယ်၊ လျှောက်လမ်းတစ်လျှောက် ဓာတ်ပုံရိုက်လို့ရတော့ လူတွေက တစ်နေရာတည်း စုပုံမနေဘူးပေါ့၊ တောင်ထိပ်ဆိုတော့ သိပ်လဲ မပူဘူး၊ လျှောက်လည်လို့လဲ ကောင်းတယ်။

'Victoria Peak' ဆိုတာ တောင်ထွတ်ကို ပြောတာ၊ တောင်ကြီးနာမည်ကတော့ 'Mount Austin'ပဲ၊ အဲဒီတောင်က ၁၈၁၁ ပေ မြင့်တယ်၊ အဲဒီတောင်ပေါ်မှာ လူချမ်းသာတွေက ခြံနဲ့ဝင်းနဲ့ နေကြတယ်၊ တောင်ပေါ်ကို ကားနဲ့ရော ရထားနဲ့ပါ လာလို့ရတယ်၊ နေဝင်ချိန် တအားလှတယ် ပြောကြတယ်"

"လူချမ်းသာတွေကတော့ ဒီလိုပါပဲ၊ နေလို့ ထိုင်လို့ကောင်းရင် သူတို့ ဝင်လာပြီပဲ"


"ဒါကတော့ သဘာဝပဲပေါ့၊ ဟောင်ကောင်ဟာ အင်္ဂလိပ်လက်အောက်ကျတုန်းက ခြောက်ယောက်မြောက် 'Governor Sir Richard Mac Donnel' က နွေရာသီအပန်းဖြေဖို့ တောင်ထိပ်မှာ အိပ်စဆောက်ရာကစပြီး သူဌေးတွေ တစ်ယောက်ပြီးတစ်ယောက်-ဆောက်တာကနေ လူချမ်းသာအိမ်ဝင်းတွေ ဖြစ်လာတာ၊ ခုတော့ မြို့ဖြစ်နေပြီလေ။




www.burmeseclassic.com

www.burmeseclassic.com







Victoria Peak တောင်ထိပ်ပေါ်တွင် အလှအပခံစားရင်း ဓာတ်ပုံရိုက်နေသူများ

မြေဈေးက တစ်ပေပတ်လည် (One Square feet) ကို ဒေါ်လာ ခုနစ်သောင်းဝန်းကျင်ရှိတယ်၊ ကမ္ဘာပေါ်မှာ ဈေးအကြီးဆုံးနေရာလို့တောင် ပြောကြတယ်၊ ကျွန်တော်တို့လဲ ကမ္ဘာ့ဈေးအကြီးဆုံးနေရာမှာ ဓာတ်ပုံတွေ တဝရိုက်ပြီး 'Madame Tussauds' ကို သွားကြတယ်"

"အဲဒီနေရာက နာမည်ကြီး ဖယောင်းပြတိုက်လို့ ထင်တယ်၊ ဘာတွေ ရှိလို့ ဒီလောက်ထိတောင် ကျော်ကြားနေရတာလဲ"

"ဟုတ်တာပေါ့၊ ကမ္ဘာမှာ နာမည်ကြီး ဟောင်ကောင် ဖယောင်းပြတိုက်ပဲ၊ ဟောင်ကောင် နာမည်ကြီးတွေနဲ့ ကမ္ဘာ့နာမည်ကြီး ပုဂ္ဂိုလ်တွေကို ဖယောင်းရုပ်လုပ်ထားတာ၊ အဲဒီအကြောင်းကတော့ နောက်တစ်ခေါက်မှ ပြောတော့မယ်နော်"

"ဟာ. . . ကောင်းခန်းရောက်မှ စောင့်ရပြန်ပြီ"


(ဆက်ရန်)

❒ ဉာဏ်မြင့်(စက်မှု)



www.burmeseclassic.com


www.burmeseclassic.com





# ခေါင်းခေါင်းပဲနေပါ့မယ် (သို့မဟုတ်) ပီစာမြို့က ကမ္ဘာကျော်မျှော်စင်ကြီး

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)




www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြီးရဲ့ ဘယ်ဘက်ခြမ်းမှာတော့ ကွက်လပ်မြက်ခင်း ပြင်ကျယ်ကြီးရှိကာ ယင်းနောက်တွင်တော့ Battistero, Duomo Cathedrale De St, Reparate Church စတဲ့ ဘုရားကျောင်းများစွာဟာ ဆက်တိုက်ဆိုသလို အစီအရီရှိနေလို့ အဲဒါတွေကိုပဲ အစဉ်လိုက် ဆက်လက် လေ့လာကြည့်ရှုကြရင်း ခပ်စောင်းစောင်းမျှော်စင်ကြီးအရင်းကို ရောက်သွားနိုင်ပါတယ်။ ဒါပေမယ့် မျှော်စင်ကြီးကသာ ကိုယ်တို့ ခရီးစဉ်ရဲ့ ဇာတ်လိုက်မို့ အဲဒီကိုပဲ အရင်ဆုံးဦးအောင်သွား လေ့လာ၊ ဓာတ်ပုံတွေ တစ်ဝရိုက်ပြီးမှ ကျန်တာတွေကို ဝင်ပေါက်အတိုင်း ပြန်အလှည့်မှာမှ ကြည့်တော့မယ်လို့ စိတ်ကူးလိုက်




စောင်းနေတဲ့ ပီစာမျှော်စင်ဝင်းထဲက အမှတ်တရများ

တယ်။ အဆောက်အအုံ အတော်များများကတော့ လုံးလုံးရှည်ရှည်တွေဖြစ်ပြီး စကျင်ကျောက်ပေါတဲ့ နိုင်ငံမို့ ကျောက်သားတွေနဲ့ချည်း တည်ဆောက်ထားပါတယ်။

မျှော်စင်ကြီးကတော့ နီးလာလေ ပိုကြီးပြီး ပိုစောင်းလာလေလေပါပဲ။ ခရီးသည်အတော်များများ ဓာတ်ပုံရိုက်ကြလေ့ရှိတဲ့ ပို့စ်ကတော့ စောင်းနေတဲ့မျှော်စင်ကြီးကို လက်နဲ့တွန်းထားတဲ့ပုံပါ။ တွန်းထားတဲ့ ကိုယ့်လက်ဖဝါးနဲ့ စောင်းနေတဲ့ မျှော်စင်ကြီးရဲ့ နံဘေးသားတွေ ထပ်တူဖြစ်အောင်တော့ ခရီးသည်အချင်းချင်း ယိုင်းပင်းကူညီပြီး စိတ်ရှည်ရှည် အပြန်အလှန် ရိုက်ပေးကြရဲ့။

ဒီလိုနဲ့ မျှော်စင်ကြီးအောက်ခြေကို ရောက်ခဲ့ရပါတယ်။ စောင်းနေတဲ့ မျှော်စင်ကြီးပေါ်ကို တက်ရောက်ကြည့်ရှုတဲ့ အခွင့်အရေးတော့ မရခဲ့ပါဘူး။ ဒါကလည်း မျှော်စင်ကြီးကို တာဝန်ယူထားသူတွေက တားမြစ်လို့ မဟုတ်ပါဘူး။ တက်ရောက်ကြည့်ခွင့်ကို ပေးထားလို့ မျှော်စင်ပေါ် အထပ်ထပ်ကို ရောက်နေတဲ့ ခရီးသည်တွေကတောင် လက်လှမ်းပြနေသေးရဲ့။ သူတို့ကိုအားကျမိပေါ့။

မျှော်စင်ဝင်းကြီးထဲကို ဝင်ခွင့်အတွက် အခကြေးငွေ သီးသန့်ပေးခဲ့ရသလို မျှော်စင်ပေါ်တက်ခလည်း ပေးရဦးမယ်ထင်ရဲ့။ အဲဒီအတွက်တော့ ကိုယ်တို့ရဲ့ခရီးသွားကုမ္ပဏီက ထပ်မံပေးဆောင်လိမ့်မယ် မဟုတ်ပေဘူး။ သူတို့ကတော့ တက်ရောက်ခွင့်အတွက် တန်းစီရမယ်၊ ကြိုတင်ဘွတ်ကင်





www.burmeseclassic.com

www.burmeseclassic.com


စောင်းနေတဲ့ ပီစာမျှော်စင်ဝင်းထဲက အမှတ်တရများ

ထုပ်ရမယ်၊ အချိန်ပေးရမယ်၊ မတက်လိုတဲ့ ခရီးသည်တွေနဲ့ တွဲတုန်မယ် စသဖြင့် ဆင်ခြေပေးနေကျပါပဲ။

ဘာပဲဖြစ်ဖြစ် ခပ်စောင်းစောင်းကြမ်းပြင်ပေါ်မှာ ထိန်းပြီး လမ်းလျှောက်ရတဲ့အရသာကို မှန်းဆခံစားရင်း ကိုယ်ကတော့ မျှော်စင်ကြီးရဲ့ ဗိသုကာလက်ရာကို အနီးကပ်မှတ်တမ်းတင်လိုက်မိပါတယ်။

မျှော်စင်ကြီးရဲ့ အောက်ခြေမှာရော မျှော်စင်ကြီး တစ်ခုလုံးကိုပါ ဆေးသုတ်စရာ မလိုလောက်အောင် လှပတဲ့ စကျင်ကျောက်သားရောင်စုံတွေနဲ့ တည်ဆောက်ထားတော့ ဆင်စွယ် ဖြူနုစ်နှစ်ကြီးတစ်ချောင်းကို ခပ်စောင်းစောင်းထောင်ထားသလိုပါပဲ။ မျှော်စင်အထပ်တိုင်းရဲ့ ပတ်ပတ်လည်မှာ တိုင်လုံးတွေ၊ အခုံးတွေနဲ့ တည်ဆောက်ထားတာဟာဖြင့် အတော့်ကို ခံ့ညားလှပလွန်းပါရဲ့။ မျှော်စင်ကြီးရဲ့ ဘေးပတ်လည်နဲ့ ဝင်းကြီးရဲ့ တစ်ခွင်လုံးကိုလည်း မြက်ခင်းစိမ်းတွေနဲ့ အလှဆင်ထားတော့ စကျင်ကျောက်သားနဲ့ မြသားကမ္ဗလာထိုး လှပကျက်သရေရှိလိုက်တာ။

**ပီစာမြို့က စောင်းနေတဲ့ မျှော်စင်ကြီး**

**(Leaning Tower of Pisa)**

အီတလီနိုင်ငံ ပီစာမြို့က ပီစာရှေးဟောင်းနယ်မြေရဲ့ အဓိက အဆောက်အအုံဖြစ်တဲ့ ဒီလိုစောင်းနေတဲ့မျှော်စင်ကြီး Leaning Tower of Pisa ကို အီတာလျံလို Torre Pendente di Pisa လို့လည်း ခေါ်ပါတယ်။ ဒါဟာ အလယ်ခေတ်က ခေါင်းလောင်းမျှော်စင် (the bell tower) တစ်ခုပါ။ ပီစာမြို့ရဲ့ ဘုရားကျောင်းအစုအဝေး (Cathedral complex)မှာ တတိယမြောက်နဲ့ နောက်ဆုံးသော အဆောက်အအုံအဖြစ် ၁၁၇၃ ခုနှစ်မှာ ဒီဇိုင်းထုတ်ပြီး ၁၁၇၄ ခုမှာ စတင်ဆောက်ခဲ့ကာ ၁၄ ရာစုမှာမှ အပြီးသတ်နိုင်ခဲ့ပါတယ်။ ဒါဟာ အခြားအဆောက်အအုံတွေနဲ့ အလားတူပဲ ဝိုင်းဝိုင်းကြီးဖြစ်ပြီး ၁၈၅ ပေ (၅၆မီတာ)အမြင့်နဲ့ မားမားမတ်မတ်ရပ်တည်ဖို့ တည်ဆောက်ခဲ့ကြတယ်။

ခေါင်းလောင်းမျှော်စင်ရဲ့ တည်ဆောက်မှုကာလအတွင်းမှာပဲ သူ့ရဲ့ ရှစ်ထပ်အနက် သုံးထပ်လောက် တည်ဆောက်အပြီးမှာတော့ အဆောက်အအုံကြီးရဲ့ အခြေချရာပန္နက်မြေပြင်ဟာ မညီမညာ တစ်ဖက်စောင်းနင်းနဲ့ ပျော့ပျောင်းတဲ့မြေ ဖြစ်နေတယ်ဆိုတာကို သတိထားမိစရာ ဖြစ်လာပေ့။ အောက်ခြေက အုတ်မြစ်အဆောက်အအုံဟာ ထင်ရှားစွာ ငိုက်စောင်းစောင်းဖြစ်လာလို့ပါ။ ဒီမျှော်စင်ဟာ သူ့ရဲ့ ဒီအောက်ခြေပန္နက် အခြေချမှုကြောင့်ပဲ ကျော်ကြားထင်ရှားလာခဲ့ပါတယ်။

ကြီးကြပ်သူ ဗိသုကာ ဘွန်နန်နို ပီစာနို (Bonanno Pisano)က တိမ်းစောင်းမှုအတွက် အစားထိုးတည်ဆောက်





www.burmeseclassic.com

www.burmeseclassic.com




ဖို့ ကြိုးစားရှာဖွေရင်း မနီးမဝေးမှာပဲ အနည်းငယ် ပိုမြင့်တဲ့ အဆောက်အအုံကို ဆောက်ဖို့လုပ်သေးတယ်။ ဒါပေမယ့် ထပ်ပြီး ပိုလုပ်တဲ့အင်္ဂတေတွေက အဆောက်အအုံကို ဆက်လက် နစ်မြုပ်ဖို့ပဲ ဖြစ်လာလို့ သူ့လုပ်ဆောင်ချက်ကို အကြိမ်များစွာ ရပ်ဆိုင်းခဲ့ရတယ်။ အင်ဂျင်နီယာတွေက ဖြေရှင်းချက်တွေကို အမျိုးမျိုးလှည့်ပတ်ရှာပေမယ့် မျှော်စင်ကြီးဟာ ၁၄ ရာစုမှာ အတော့်ကို စောင်းနေခဲ့ပါပြီ။

အုတ်မြစ်ကို ပိုမိုခိုင်မာလာဖို့ ဘိလပ်မြေထိုးသွင်းမှု (cement grout)နဲ့ အခြားအမျိုးမျိုးသော ပုံစံတွေနဲ့ အထိန်းအချုပ်တွေလုပ်ပြီး အားဖြည့်ခဲ့ပေမယ့် ၂၀ ရာစုအကုန်မှာ အဆောက်အအုံဟာ ကျွံဝင်နေဆဲပါ။ တစ်နှစ်ကို ၀. ၀၅ လက်မ (၁. ၂မီလီမီတာ)နှုန်းနဲ့ ပြိုလဲကျမယ့် အန္တရာယ်ဆီ သွားနေလေရဲ့။ ဒီတစ်ဖက်စောင်းနင်း ဖွဲ့စည်းပုံက သူ့ကို မြေမျက်နှာပြင်မှ ထောင့်မှန်ကျကျရှိနေရာကနေ ၂၀ ရာစုနောက်ပိုင်းမှာ ၅. ၅ ဒီဂရီ (၁၅ ပေ၊ ၄. ၅ မီတာလောက်) စောင်းသွားစေရဲ့။ အခုတော့ မျဉ်းမတ်ကနေ ၁၇ ပေ (၅. ၂ မီတာ)တောင်မှ စောင်းနေပေါ့။

အဲဒါနဲ့ ၁၉၉၀ ပြည့်နှစ်မှာ မျှော်စင်ကြီးကို ပိတ်လိုက်တယ်။ ခေါင်းလောင်းသံလည်း ဆိတ်သွားပေါ့။ အင်ဂျင်နီယာတွေက တာဝန်ယူထားတဲ့ အဓိက ဖြောင့်မတ်စွာ ရပ်တည်ဖို့ စီမံကိန်းအရ အောက်ခြေပန္နက်ရှိ မြေကြီးကို ပြွန်နဲ့စုပ်ထုတ်ဖို့ တိမ်းစောင်းမှုကို ၁၇ လက်မ (၄၄စင်တီမီတာ)ကနေ ၁၃. ၅ ပေ (၄. ၁ မီတာ)ကို လျှော့ချဖို့ အမျိုးမျိုး ကြိုးစားကြည့်ကြပါတယ်။ ၂၀၀၁ ခုနှစ် မေလမှာတော့ မျှော်စင်ကြီး ဖြောင့်မတ်လာဖို့ကို ဆက်လက်တူးဖော်မှု မလုပ်ကြတော့ဘဲ လုပ်ငန်းတွေအားလုံးရပ်လိုက်ပြီး အဆောက်အအုံကိုလည်း ဧည့်သည်တွေအတွက် တစ်ဖန်ပြန်လည်ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် မေလတိုင်တဲ့အခါမှာ အာရုံခံသိစိတ်နဲ့ပဲ ရွေ့လျားမှု[...] နောက်ဆုံးမှာတော့ ရပ်ဆိုင်းသွားတယ်။ စုစုပေါင်း တိုးတ[...] ကတော့ ၁၉ လက်မ (၄၈ စင်တီမီတာ)ပါ။ အင်ဂျင်နီ[...] တွေက မျှော်စင်ကြီးဟာ အနည်းဆုံး နှစ် ၂၀၀ လောက်[...] ဒီပုံစံအတိုင်း တည်မြဲအောင် ဆက်လက်ထိန်းထားနိုင်[...] ဦးမယ်လို့ တွက်ဆမျှော်လင့်ပေးကြတယ်။

**ပီစာမြို့က ရှေးဟောင်းအနုလက်ရာများ**

ပီစာမြို့ဟာ သူ့ရဲ့ ၆. ၅ မိုင်(၁၀. ၅ ကီလိုမီတာ) [...] တံတိုင်း ဝန်းပတ်ထားမှုကိုလည်း ထိန်းသိမ်းထားရှိခဲ့ပါတ[...] ပီစာက အလယ်ခေတ်နံရံတံတိုင်းတွေ ဝန်းပတ်ထားတဲ့ မြို့[...] အနောက်မြောက်ဘက်မှာရှိတဲ့ 'အံ့ဖွယ်ရင်ပြင်' (Square [...] Miracles)လို့လည်းခေါ်ကြတဲ့ ပီယာဇာဒဲလ်ဒူမို (the Pia[...]



တစ်ခါက ဓမ္မဟောသီတစ်ပါးစံရာ ဖလောရင့်မြို့မှာ

del Duomo)က ထူးခြားမှတ်သားဖွယ် အဆောက်အအုံ [...] အဝေးတွေဟာလည်း အားလုံးထဲမှာ ထင်ရှားနေပါတယ်။

ဒီပီယာဇာမှာ ကသီဒရယ်ဘုရားရှိခိုးကျောင်း (Duomo)၊ ရေဖျန်းမင်္ဂလာပြုရာ အဆောက်အအုံ၊ စောင်းနေ[...] ခေါင်းလောင်းမျှော်စင် (the campanile)၊ (the camposa[...] သုသာန်မြေ (cemetery)တွေ ပါဝင်နေကြရဲ့။

ကက်သီဒရယ် (the cathedral) ဘုရားကျောင်းတွေ[...] ရေဖျန်းမင်္ဂလာဆောင်တွေကို အဆင်တန်ဆာ ဆင်မြန်း [...] ဆင်ခဲ့ကြသူတွေမှာတော့ ခေတ်အဆက်ဆက် ထင်ရှားတွေ[...] ကြားမှုတွေကို လက်ဆက်ခံယူသွားကြတဲ့ ပန်းပုဆရာ ဂူ[...] ရဲလ်မိုပီစာနို (Guglielmo Pisano)၊ ဘိုနန်နို ပီစာနို၊ နီ[...] ပီစာနို (Nicola Pisano)နဲ့ နီကိုလာရဲ့သားဖြစ်သူ ဂျိုဗ[...] ပီစာနို (Giovanni Pisano)တို့ အပါအဝင်ပေါ့။

www.burmeseclassic.com

စောင်းနေတဲ့ ခေါင်းလောင်းစင်တစ်ခုလုံးကို အဖြူရောင်စကျင်ကျောက် (white marble)တွေနဲ့ တည်ဆောက်ထားတာပါ။ အပြင်ပိုင်းမှာတော့ ရောင်စုံ မာဘယ်စကျင်ကျောက်တွေနဲ့ စီခြယ်မြှုပ်နှံထားတယ်။

ဘုရားရှိခိုးကျောင်းနဲ့ ရေဖျန်းမင်္ဂလာပြုရာ အဆောက်အအုံ နှစ်မျိုးလုံးကို အမည်းရောင်အစင်းတွေပါတဲ့ စကျင်ကျောက်ဖြူတွေနဲ့ပဲ ပီစာ ရောမဟန် (the Pisan Romanesque style)နဲ့ တည်ဆောက်ခဲ့ကြတယ်။ အဲဒီမှာ အသားပေးထားတဲ့ တိုင်လုံးအစဉ် (colonnades)တွေနဲ့ တန်ဆာဆင်ယင်ဖို့ ထုဆစ်ထားတဲ့ ခပ်ချွန်ချွန်အခုံးတွေကလည်း ထူးခြားလှရဲ့။


၁၀၆၃ ခုမှာ စတင်ခဲ့တဲ့ ကက်သီဒရယ်မှာ ပရိသတ်ထိုင်တဲ့ ရှည်လျားတဲ့ အလယ်ပိုင်း(nave)ကို အမိုးခုံးထပ်ဆင့်နဲ့ မင်းလမ်း(double-valted aisles)လုပ်ထားတယ်။ လမ်းကန့်လန့်ဖြတ်လမ်း(transepts)ကိုတော့ အမိုးခုံးထပ်ဆင့်နဲ့ပေါ့။ ခန်းမရှည်ကြီး ဝင်ရိုးနှစ်ခု ဆုံရာမှာတော့ အမိုးခုံးငယ်(cupola)တပ်ထားပါတယ်။ အနောက်ဘက်ရှေ့မှာတော့ ကက်သီဒရယ်ရဲ့အခြေကို ဝန်းရံပတ်ထားတဲ့ အမိုးခုံးအဆင့်ဆင့်တွေဟာ ပွင့်နေတဲ့အမိုးခုံး(arcades) လေးခုမှာ အစီအရီရှိနေရဲ့။

တောင်ဘက်ပိုင်းမှာတော့ ပန်းပုဆရာ ဘိုနန်နိုပီစာနိုရဲ့ လက်ရာ စီ ၁၁၈၀ ခုနှစ်က အုံ့ညြဖွယ်ရာ ကြေးတံခါးကြီးအခန်းမှာ သမ္မာကျမ်းလာ မြင်ကွင်းရှုကွက်တွေကို ပုံဖော်ထားတာ မပျက်မစီးဘဲ ကျန်ရစ်နေသေးတယ်။ ကြေးတံခါးရွက်ကြီးတွေဟာ ရွှေသားနဲ့ထွင်းထားသလို ဝင်းဝါလို့ပါ။

ကသီဒရယ်အတွင်းမှာတော့ ပန်းပုကျော် ဂျီအိုဗင်နီ ပီစာနိုရဲ့ ၁၃၀၂-၁၁ ခုနှစ်က လက်ရာ စကျင်ကျောက်ဖြူမှာ ထွင်းထုထားတဲ့ ခမ်းနားထည်ဝါလှတဲ့ ထောင့်ဆယ်ထောင့်နဲ့ တရားဟောစင်မြင့် (decagonal pulpit)ဟာ ရင်သပ်ရှုမောဖွယ် ရှိနေပါတယ်။ ဒါကို ၁၉၂၆ခုမှာ ပြန်လည်ထိန်းသိမ်းထားခဲ့တာပါ။

ရေဖျန်းမင်္ဂလာပြုရာ စက်ဝိုင်းပုံ အဆောက်အအုံကတော့ ၁၁၅၂ ခုမှာ စတင်ခဲ့ပေမယ့် ၁၄ ရာစုမှာမှ ပြီးပြည့်စုံခဲ့တယ်။ အဲဒါကို အုပ်မိုးထားတဲ့ စက်ဝိုင်းခုံး(dome)ပေါ်မှာ ထုချွန် (cone) တစ်ခုနဲ့ အထွတ်တင်ထားတယ်။ ဒါက အဆောက်အအုံကို အရှေ့တိုင်း ခံစားမှုရသ ပေးနေပြန်တယ်။ အတွင်းပိုင်းက အံ့ညြဖွယ်ရာ ခြောက်ထောင့်ပုံ တရားဟောစင်မြင့် (hexagonal pulpit) တစ်ခုဟာ ၁၂၆၀ ပြည့်မှာ ပန်းပုဆရာ နီကိုလာပီစာနိုကြောင့် ပြီးပြည့်စုံသွားပါတော့တယ်။

သုသာန်မြေ (the camposanto)ရဲ့ စကျင်အဆောက်အအုံကိုတော့ ၁၂၇၈ ခုမှာ (Giovanni di Simone) က အီတာလျံဂေါ်သစ်ဟန်နဲ့ စတင်တည်ဆောက် ထူထောင်ခဲ့ပါတယ်။ ၁၄-၁၅ ရာစုက မှတ်သားလောက်ဖွယ် ထင်ရှားလှတဲ့ (Benozzo Gozzoli) လို တာ့စ်ကင်အနုပညာရှင်တွေရဲ့ အရေးပါတဲ့ အမျိုးမျိုးသောနံရံပန်းချီ (frescoes) (ဖရက်စကို) တွေလည်း အဲဒီထဲမှာရှိနေတယ်။ သူ့ရဲ့ နံရံပန်းချီတွေဟာ ဒုတိယကမ္ဘာစစ်အတွင်းမှာ ဗုံးဒဏ်ကြောင့် ပျက်စီးသွားပေမယ့် အဲဒီကစလို့ ဆက်လက်ထိန်းသိမ်းလာခဲ့ကြတယ်။





www.burmeseclassic.com

www.burmeseclassic.com



စောင်းနေတဲ့ ပီစာမျှော်စင်ဝင်းထဲက အမှတ်တရများ

ပီစာရဲ့ မှတ်သားလောက်ဖွယ် ဘုရားကျောင်းအိုတွေဟာ အများအားဖြင့် မြစ်ရဲ့မြောက်ဘက်မှာ အစီအရီရှိနေကြတယ်။ အဲဒီမှာ ပါဝင်နေတာတွေကတော့ ၁၁-၁၂ ရာစုက San Pierino၊ နှစ်ခုလုံး ၁၂ ရာစုလောက်တဖြစ်တဲ့ San Frediano နဲ့ San Sepolcro၊ ၁၂၅၀ ပြည့်နှစ်လောက်က လေးထပ်မျှော်စင် San Nicola၊ ၁၃ ရာစုက San Francesco၊ အဲဒီမှာ ၁၃၄၂ ခုနှစ်က Taddeo Gaddi ရေးဆွဲခဲ့တဲ့ နံရံဆေးရေးပန်းချီတွေ ရှိတယ်။

၁၃-၁၄ ရာစုက Santa Caterina၊ ကောင်းမွန်လှပ အနုစိတ်လှတဲ့ ၁၄ ရာစုခေတ် မျက်နှာစာ facade နဲ့ Borgo က San Michele နဲ့၊ ပီစာသားတွေရဲ့ ဂေါသစ်ဟန် (the Pisan Gothic style) စကျင်ကျောက်ဖြူတွေသုံးပြီး တည်ဆောက်ခဲ့တဲ့ Santa Maria della Spina တို့ဟာ ၁၃၂၃ ခုနှစ်မှာ ကြီးမားများပြားစွာ ပေါ်ထွက်လာခဲ့ကြပါတယ်။ ပီစာမြို့ရဲ့ သာသနိကအဆောက်အအုံတွေမှာ များစွာသော အကောင်းအတိုင်းရှိနေဆဲ အလယ်ခေတ် (medieval) နဲ့ ဥရောပ သစ်လောင်းခေတ် (Renaissance) က (palazzi)တွေလည်း ပါဝင်ပါတယ်။

## ယနေ့ခေတ် ပီစာမြို့

ပီစာဟာ ခုတော့ ဆိတ်ငြိမ်တဲ့ ပြည်နယ်တက္ကသိုလ်တွေရဲ့ မြို့ကြီးပါ။ ပီစာတက္ကသိုလ်ကို ၁၃၄၃ ခုနှစ်မှာ တည်ထောင်ခဲ့တယ်။ ၂၀ ရာစုနောက်ပိုင်းရောက်တော့ နှစ်သောင်းခွဲကျော်လောက်ရှိတဲ့ ကျောင်းသားတွေ ရှိလာနေပါပြီ။ ပီစာမြို့ဟာ ခရစ်ယာန်ဘုန်းတော်ကြီးတွေရဲ့ အုပ်ချုပ်မှုအောက်မှာပဲ ဆက်လက်ပြီးရှိနေဆဲပါ။

ယနေ့ခေတ် ပီစာမှာ ခရီးသွားတွေ အလာများတဲ့အတွက် အရေးပါတဲ့ မီးရထားလမ်းဆုံနဲ့ နိုင်ငံတကာလေဆိပ်တွေလည်း ရှိနေပါတယ်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွေ၊ အသေးစားစက်ရုံတွေနဲ့ အဲဒါတွေက ထုတ်လုပ်တဲ့ အဝတ်အထည်၊ ဖန်ထည်နဲ့ အင်ဂျင်နီယာသုံး စက်ပစ္စည်းတွေ၊ ဆေးဝါးပစ္စည်းထုတ်လုပ်မှုတွေကြောင့် စီးပွားရေးကိုလည်း အထောက်အကူ ရစေပါပြီ။ ၂၀၀၆ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေကလည်း ၈၇၇၃၇ လောက်တောင် အများဆုံးရှိနေရဲ့။

အဲဒီနောက် ပီစာမြို့လေးကနေ ဖလောရင့်မြို့ကို ... နဲ့ ဆက်လက်ထွက်ခွာခဲ့ကြပါတယ်။ ဖလောရင့် အရောက်မှာ တော့ မြို့တွင်းကို လှည့်လည်ကြည့်ရှုကြတယ်။ ဘုရားရှိခိုး

www.burmeseclassic.com

www.burmeseclassic.com






တစ်ခါက မဟေသီတစ်ပါးစံရာ ဖလောရင့်မြို့မှာ





ကျောင်းများ၊ ဈေးဆိုင်ခန်းများ၊ ရုပ်တု ဆင်းတုတွေနဲ့ အတော်လှပတဲ့ မြို့ကြီးပါ။ မြို့လယ်က Duomo Santa Maria Del Fior ကို သွားရောက်ပြီး လေ့လာကြရင်း ဓာတ်ပုံများလည်း ရိုက်ကြ တယ်။ ဖလောရင့်မြို့ကို သုံးရက်လောက် အချိန်ယူ လည်ပတ်မှ နှံ့မယ်လို့ဆိုကြရဲ့။ ပြတိုက်တွေ များစွာရှိပြီး မိုက်ကယ် အိန်ဂျလိုထုခဲ့တဲ့ ပန်းပုတွေချည်း ပြထားတဲ့ ပြတိုက်လည်း ရှိသတဲ့။ ဖလောရင့်ကိုရောက်ကတည်းက တစ်ချိန်က ကိုယ်တို့ မြန်မာနိုင်ငံရဲ့ မဟေသီတစ်ပါးဖြစ်ခဲ့တဲ့ ရတနာနတ်မယ်လည်း ဒီမြို့မှာပဲနေပြီး စားသောက်ဆိုင်နဲ့ ချက်ပြုတ်နည်း သင်တန်းကျောင်း ဖွင့်ထားတယ်ဆိုတာကို သတိရနေမိပါတယ်။ လမ်းညွှန်ကိုမေးတော့ ဘယ်နေရာလည်းဆိုတာ သူမသိပါဘူးတဲ့။ သိလည်း ပို့ပေးမှာတော့ မဟုတ်ပါဘူးလေ။

ဖလောရင့်မှာပဲ ညစာ စားသုံးပြီးနောက် (Grand Hotel Mediterraneo) ဟိုတယ်မှာ အိပ်စက်အနားယူကြပါတယ်။ ခရီးပန်းပြီး မောမောနဲ့ အိပ်ရတဲ့ အိပ်မက်ထဲမှာတော့ စောင်းနေတဲ့ မျှော်စင်ကြီးနဲ့ ခံ့ညားလှပတဲ့ မဟေသီတစ်ပါးက တစ်လှည့်စီနေရာယူနေကြရဲ့။

❒ ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု)

<u>စာကိုး</u> -

Encyclopædia Britannica, 2013.

www.burmeseclassic.com

## မင်းသန့်ကျော် (စီးကုန်း)

# ဘီလူးတောင့်တဲ့တောင်

ဗုဒ္ဓသာသနာသမိုင်းတွင် သီရိဓမ္မာ အသောကမင်းသည် ထင်ရှား၏။ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်နှင့် အခြား အလှူဒါနများစွာကို ပြုခဲ့လေသည်။ သို့သော် သာသနာ့အမွေ မခံထိုက်သေးသဖြင့် သားတော်နှင့် သမီးတော်တို့ကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့လေသည်။





www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာဝင် အမိနှင့်အဖတို့သည် မိမိတို့တွင် သားသမီးရတနာ ထွန်းကားသည်ဆိုပါက သားယောကျ်ားကလေးသာ ဖြစ်စေချင်ကြသည်။

အဘယ်ကြောင့်ဆိုသော် သားယောကျ်ားကလေးသည် တစ်နေ့တွင် သာသနာ့ဘောင်သို့ သွတ်သွင်း၍ သာသနာ့အမွေ ခံထိုက်သောကြောင့် ဖြစ်လေသည်။ထို့ကြောင့် မိဘများသည် သားယောကျ်ားကလေး မွေးဖွားသည်ဆိုလျှင် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ရမည့် အချိန်ကာလတစ်ခုကို မျှော်မှန်းကာ မိမိတို့ ချွေးနဲ့စာထဲမှ ဖဲ့၍ စုဆောင်းထားတတ်ကြသည်သာ ဖြစ်လေသည်။

ကျွန်ုပ်သည် ငယ်စဉ်က စတုတ္ထတန်းရောက်မှ ရှင်ပြုရ၏။ သို့ရာတွင် မိဘများစုဆောင်းထားသော ချွေးနှဲစာဖြင့် မဟုတ်ချေ။ မိဘများသည် ချွေးနှဲစာများကို စုဆောင်းထားသည်မှာ ရှင်ပြုလောက်သော ပမာဏသို့ ရသည်တွင် အဖေ၏အစ်ကိုကြီးဖြစ်သူသည် အိပ်ရာထဲတွင် လူကြီးရောဂါဖြင့် လဲလေတော့သည်။

တစ်နေ့တွင် အဖေ၏ အစ်ကိုကြီးသည် ကျွန်ုပ်၏ဖခင်အား . . .

"ငါလဲ သိပ်ကြာကြာ နေရတော့မယ် မထင်ပါဘူးကွာ၊ ဒီတော့ ငါ့သားလေးကို သာသနာ့ဘောင် သွတ်သွင်းခဲ့ချင်တယ်၊ ရွာထဲက မရှိဆင်းရဲသူတွေထဲမှ ရှင်ပြုနိုင်တဲ့အရွယ်တွေစုတာ သုံးယောက်ရတယ်၊ ငါ့သားနဲ့ဆိုတော့ လေးယောက်ပေါ့ကွာ၊ အဲဒါ အနန္တော အနန္တငါးပါးပြည့်အောင် ရှင်တစ်ပါး လိုနေတယ်"

အဖေ့အစ်ကိုကြီးသည် ပြောရင်း မောနေ၍ နားရသေးသည်။

နောက်မှ ဆက်ပြောလေသည်။

"အဲဒါ မင်း သားလေးကို ရှင်ပြုတော့မယ်ဆို၊ ငါ့အလှူထဲ ထည့်လိုက်ပါကွာ၊ ဟုတ်လား"

အမေက ဝင်၍ပြောလေသည်။

"အစ်ကိုကြီးရယ် ကျွန်မတို့မှာလဲ သားဦးလေးမို့ ကျွန်မတို့ပဲ ကိုယ်တိုင် ရှင်ပြုပေးချင်ပါတယ်ရှင်"

"အေးလေ ယောကျ်ားလေးဆိုတာ ဘယ်နှခါပြုပြု ရှင်ပြုလို့ရတာပဲ၊ ခုတော့ ငါ့ကို ပေးပါကွာ၊ ငါတောင်းပန်ပါတယ်၊ ဒါမှ ငါစိတ်ချမ်းသာမှာ"

မည်သို့မျှ ပြော၍မရတော့သဖြင့် အဖေနှင့်အမေသည် ကျွန်ုပ်အား ရှင်ပြုရန် အဖေ၏ အစ်ကိုကြီးထံ ပေးလိုက်ရပါတော့သည်။

"ယောကျ်ားလေးဆိုတာ ရှင်ပြုတာ ဘယ်နှစ်ခါပြုပြု ပြုလို့ရပါတယ်" ဟု အဖေ့အစ်ကိုကြီး မည်သို့ပင် ပြောခဲ့စေကာမူ ကျွန်ုပ်၏ မိဘများသည် ကျွန်ုပ်အား နောက်ထပ် သူတို့ကိုယ်တိုင် တစ်ခါမျှ ရှင်မပြုနိုင်တော့ပါ။

အဘယ်ကြောင့်ဆိုသော် စီးပွားရေးများ ကျဆင်းလာခြင်း၊ ကျွန်ုပ်မှာလည်း တက္ကသိုလ်ဝင်တန်းတက်နေစဉ် အသက် ၁၆ နှစ်တွင် အလုပ်ဝင်ရောက်လုပ်ကိုင်ရခြင်းကြောင့် ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ အသက်ကြီးလာသည့်အခါ ရဟန်းဝတ်ဖြစ်အောင် ဝတ်မည်ဟူ၍ အားခဲထားပါ၏။

ကျွန်ုပ် အသက် ၃၀ ခန့်တွင် တစ်ခုသော သင်္ကြန်တွင်း ရုံးပိတ်ရက်၌ ကျွန်ုပ်သည် ရဟန်းဝတ်ရန် အခွင့်အလမ်း ပေါ်လာခဲ့၏။

ထို့ကြောင့် ကျွန်ုပ်၏ ဦးလေးတော်စပ်သူ ဦးပဥ္စင်းတစ်ပါးထံသွားကာ ရဟန်းဝတ်ပါတော့သည်။

ဦးပဥ္စင်း၏ဘွဲ့တော်မှာ ဦးဝိသုဒ္ဓ ဖြစ်၏။ သူသည် တောကျောင်းကလေးတစ်ကျောင်း၌ သီတင်းသုံး၏။ တောကျောင်းကလေးသည် တောင်ထိပ်တွင် ရှိလေသည်။ တောင်များစွာရှိသည့်အနက် တစ်ခုသော တောင်ထိပ်တွင် ကျောင်းဆောက်ကာ တစ်ပါးတည်း သီတင်းသုံးနေလေသည်။

ကျောင်းသည် သက်ငယ်မိုး ဝါးထရံကာဖြင့် သုံးပင် နှစ်ထပ်ကျောင်းကလေး ဖြစ်လေသည်။ ပတ်ဝန်းကျင်သည် အလွန်သာယာ၏။ မည်သည့်နေရာကိုကြည့်ကြည့် သစ်ပင်တောတောင်တို့ အုပ်ဆိုင်းညို့မှိုင်းနေလေသည်။

အဝေးတစ်နေရာတွင် တောင်ထိပ်၌ ထုံးဖြူဖြူနှင့် စေတီငယ်ကလေး တစ်ဆူ ရှိလေသည်။

အချို့ တောင်ထိပ်များပေါ်တွင် ဘုန်းတော်ကြီးများသည် တောကျောင်းကလေးများဆောက်ကာ တစ်ပါးတည်း သီတင်းသုံးနေကြလေသည်။

အလွန်တိတ်ဆိတ်ပြီး အေးချမ်းသော နယ်မြေ ဖြစ်လေသည်။ ခပ်လှမ်းလှမ်းတွင် ဧရာဝတီမြစ်ကြီးသည် စီးဆင်းနေ၏။ မြစ်၏ ဟိုဘက်ကမ်းတွင် မြို့ကြီးတစ်မြို့ ရှိလေသည်။

ထိုမြို့မှ ဆံတော်ရှင် စေတီတော်မှာ အလွန်သပ္ပာယ်စွာ တည်ရှိနေလေသည်။

ဦးပဥ္စင်း ဦးဝိသုဒ္ဓက ဥပဇ္ဈာယ်ဆရာအဖြစ်ခံယူကာ ကျွန်ုပ်အား ရဟန်းဝတ်ပေးခြင်း ဖြစ်လေသည်။ ကျွန်ုပ်၏ ရဟန်းဘွဲ့မှာ ဦးကုဏ္ဍက ဖြစ်လေသည်။

ကျွန်ုပ်တို့ ဆရာတပည့်နှစ်ပါးသည် တရားထိုင်လိုက်၊ ဆွမ်းခံချိန်ရောက်လျှင် တောင်အောက်ဆင်း၍ ဆွမ်းခံလိုက်ဖြင့် အချိန်မှန် လှုပ်ရှားနေကြ၏။

ဆွမ်းခံရာတွင် တောင်ခြေ၌ တောင်ယာလုပ်ကိုင်သူ ဒကာ ဒကာမများ ရှိလေသည်။ သူတို့ လောင်းလှူသော ဆွမ်းမှာ ကျွန်ုပ်တို့နှစ်ပါး ဘုဉ်းပေးလောက်ပါသည်။ တစ်ခါတစ်ခါ ပိုလျှံမှုများပင် ရှိပါသည်။

တစ်နေ့တွင် ဆွမ်းစားပြီး ဆွမ်းကျန်များကို ဖက်တစ်ခု၌ ထည့်ကာ သပိတ်ဆွမ်းခွက် ဟင်းခွက်များကို ကျွန်ုပ်သည် သန့်ပြန့်စွာ ဆေးကြောပြီး စင်တစ်ခုပေါ်၌ မှောက်ထားလိုက်ပါသည်။

ထို့နောက် လမ်းလျှောက်ရန် တောင်အောက်သို့ ဆင်းလာခဲ့ပါသည်။ တောင်ပေါ်နှင့် တောင်အောက်မှာ မနီး


www.burmeseclassic.com

www.burmeseclassic.com

လွန်း မဝေးလွန်းသော အကွာအဝေးတွင် ရှိပါသည်။ လမ်းကလေးလည်း ဖောက်ထားပါသည်။ လမ်းကလေး၏ ဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်ကလေးများ၊ ချုံပုတ်ကလေးများ ရှိကာ လမ်းသည် တောင်အနိမ့်အမြင့်ကိုလိုက်၍ ဖောက်ထားရသဖြင့် ကွေ့ကောက်မှုတော့ ရှိပါသည်။ ကွေ့ကောက်နေမှုများ ရှိသော်လည်း ကျောင်းပေါ်မှတောင်ခြေသို့ ကြည့်လိုက်လျှင် ထိုလမ်းကလေးကို အစအဆုံးမြင်ရပါသည်။

ကျွန်ုပ်သည် တရားမှတ်ရင်း အမှတ်စိပ်စိပ်ဖြင့် လျှောက်လာခဲ့ပါသည်။ ခြေကိုကြွလျှင် ကြွသည်၊ လှမ်းလျှင် လှမ်းသည်၊ ချလျှင် ချသည်ဟူ၍ ခြေလှမ်းတိုင်း အမှတ်ဖြင့်လျှောက်လာခဲ့သည်။ ရှေ့တူရှုသို့လည်း မကြည့်ပါ။ မိမိခြေထောက်ဝန်းကျင်လောက်ကိုသာ ကြည့်ပါသည်။

ဤသို့ဖြင့် ကျွန်ုပ်သည် အမှတ်ဖြင့် လမ်းလျှောက်လာခဲ့ရာ တစ်နေရာအရောက်တွင် လူငယ်တစ်ယောက်သည် လမ်းပေါ်၌ပေါ်လာကာ ကျွန်ုပ်ချလိုက်သော ခြေပေါ်တွင် လက်အုပ်နှစ်ဖက်ချီကာ ရှိခိုးပါတော့သည်။

သူသည် ကျွန်ုပ်နှင့် အသက်မတိမ်းမယိမ်းလောက်ရှိကာ လှပချောမောသောရုပ်ရည် ရှိလေသည်။ ရှေးလူများ ဝတ်ဆင်လေ့ရှိသော အဝတ်အစားနှင့်ဖြစ်ပြီး ဆံပင်ကို သျှောင်ထုံးထားကာ ခေါင်းပေါင်း ပေါင်းထားလေသည်။

သူက. . .

"အရှင်ဘုရား လမ်းလျှောက်တာ အနှောင့်အယှက်ဖြစ်ရင် ခွင့်လွှတ်ပါဘုရား၊ တပည့်တော် ဒီနားကပါ၊ ထမင်းမစားရသေးလို့ ထမင်းဝယ်စားဖို့ ငွေနည်းနည်းလောက် စွန့်ကြဲပါဘုရား"

ထိုအခါ ကျွန်ုပ်က . . .

"ရဟန်းဆိုတာ ငွေမကိုင်ရဘူး ဒကာလေးရဲ့၊ ကျုပ်မှာ ငွေမရှိဘူး"

ထိုအခါ သူသည် ညာဘက်လက်ဖဝါးကိုဖြန့်ကာ ကျွန်ုပ်အားပြလိုက်ပါသည်။ လက်ဖဝါးထဲတွင် ပတ္တမြားဟု ကျွန်ုပ်ကြားဖူးသော ကျောက်အနီတစ်လုံး၊ ကျောက်စိမ်းဟု ကျွန်ုပ်ကြားဖူးသော ကျောက်အစိမ်းတစ်လုံး ရှိသည်။ ထိုကျောက်တို့မှထွက်သော အနီရောင်နှင့် အစိမ်းရောင်တို့သည် သူ့လက်ဖဝါးပြင်တစ်ခုလုံး လင်းလက်နေလေသည်။

"ဒီကျောက်တွေကို ယူပါဘုရား၊ တပည့်တော်ကို ငွေနည်းနည်းသာ စွန့်ကြဲပါ၊ ထမင်းဝယ်စားဖို့ပါ"

"ကျောက်ဆိုတာလဲ ရဟန်းနဲ့ မအပ်စပ်ပါဘူး ဒကာလေး၊ မယူပါရစေနဲ့၊ ငွေလဲ မကိုင်ရပါဘူး"

"ဒါဖြင့် တပည့်တော် ထမင်းမစားရတော့ဘူးပေါ့ ဘုရား"

ကျွန်ုပ်သည် ဆွမ်းစားပြီး ဆွမ်းကျန်များကို ဖက်ထဲတွင် ထည့်ထားသည်ကို သတိရကာ . . .

"နေဦး ဒကာလေး၊ ဦးပဉ္စင်း ဆွမ်းကျန်တွေရှိတယ်၊ ကျောင်းပေါ်သွားယူလိုက်ဦးမယ်၊ ဒကာလေး ဒီက စောင့်နေပါ"

ကျွန်ုပ်သည် သူ့အားထားခဲ့ကာ ကျောင်းဘက်သို့ ပြန်လှည့်လာခဲ့ပါသည်။

အပြန်တွင်တော့ ခြေလှမ်းကို အမှတ်စိပ်စိပ်ဖြင့် မလှမ်းနိုင်တော့ပါ။ အမှတ်ကျဲကျဲဖြင့် လှမ်းလာလိုက်ပါသည်။

ကျောင်းသို့ရောက်သောအခါ ကျွန်ုပ်သည် ကျောင်းပေါ်သို့ တက်လိုက်ပါသည်။ လှေကား သုံးထစ်သို့ရောက်သောအခါ ကျွန်ုပ်သည် လာရာလမ်းဆီသို့ လှမ်းကြည့်လိုက်ပါသည်။ ထိုအခါ စောစောက ထမင်းမစားရသေး၍ ငွေအလှူခံသော ဒကာလေးကို မမြင်တော့ပါ။ ပျောက်ခြင်းမလှ ပျောက်သွားပါသည်။

တောင်ခြေသို့ဆင်းသော လမ်းကလေးအတိုင်း ကြည့်လိုက်တော့လည်း လူတစ်ယောက်မဆိုထားဘိ၊ ဘာကိုမျှ မမြင်ရပါ။ လမ်းသည် ရှင်းနေ၏။

ကျွန်ုပ်လည်း ကျောင်းပေါ်တက်ကာ ဆရာတော်အား လျှောက်လိုက်ပါသည်။

"ဆရာတော်ဘုရား၊ တပည့်တော် အမှတ်နဲ့လမ်းလျှောက်နေတုန်း ဒကာလေးတစ်ယောက် ရောက်လာပြီး ထမင်းမစားရသေးလို့ဆိုပြီး ငွေအလှူခံပါတယ်ဘုရား၊ တပည့်တော်က ငွေမရှိကြောင်း၊ ဘုန်းကြီးဆိုတာ ငွေမကိုင်ရကြောင်းပြောလိုက်တော့ တပည့်တော်ကို ကျောက်နှစ်လုံး ပြပါတယ်ဘုရား၊ တော်တော်ကောင်းတဲ့ ကျောက်တွေဆိုတာ မြင်လိုက်တာနဲ့ သိပါတယ်ဘုရား၊ အဲဒါ ဘုန်းကြီးနဲ့ မအပ်စပ်တဲ့ပစ္စည်းတွေဖြစ်လို့ မယူပါရစေနဲ့ပြောပြီး ဆွမ်းကျန်လေးစွန့်မလို့ လာယူတုန်း ပျောက်သွားပါတယ်ဘုရား"

ဆရာတော်သည် အနည်းငယ်ပြုံးလိုက်ပြီး. .

"အင်း ဦးပဉ္စင်းလဲ ဘုန်းကြီးကြုံသလို ကြုံတာပါပဲလား"

"ဘယ်လိုကြုံတာလဲ အမိန့်ရှိပါဘုရား"

"အင်း. . ဒီလိုကွဲ့၊ လွန်ခဲ့တဲ့ ၅ နှစ်လောက်တုန်းက ထင်ပါရဲ့၊ ဟိုအနားက ချုံကလေးတွေ နွယ်ကလေးတွေရှိလို့ အမှိုက်ရှင်းနေတုန်း ဒကာလေးတစ်ယောက် ရောက်လာတယ်ကွဲ့၊ ခုန ဦးပဉ္စင်း ပြောသလိုပါပဲ၊ ထမင်းမစားရသေးလို့ ငွေစွန့်ကြဲဖို့ လျှောက်တာပေါ့၊ ဘုန်းကြီးလဲ ငွေမရှိကြောင်းပြောလိုက်တော့ ဟိုလိုလို ဒီလိုလိုနဲ့ ပြန်မလို့ဟန်ပြင်နေတယ်"

"ပြန်သွားရောလား ဘုရား"

"မပြန်ဘူးကွဲ့၊ ဒါနဲ့ ငွေမရတော့ သူက သူ့လက်ဖဝါးလေးကို ဖြန့်ပြလိုက်တယ်၊ အထဲမှာ လက်ကိုင်ပဝါနဲ့ ထုပ်ထားတဲ့ ကျောက်အနီရောင်တွေ စုစုပေါင်း ၃ လုံးပါလာတယ်၊ အရောင်တွေကလဲ တောက်လိုက်တာ ရဲနေတာပဲ"

"အဲဒါ သူက ရောင်းကောသွား ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေါ့ရောင်းတာပေါ့၊ ဘုန်းကြီးက ဘုန်းကြီးမှာ ငွေမရှိကြောင်း၊ ရဟန်းဆိုတာ ငွေမကိုင်ရကြောင်း ပြောလိုက်တော့ သူလဲ ပြန်သွားတာပေါ့"

"တော်တော်တော့ ထူးဆန်းတာပဲ၊ သူတို့တွေဟာ လူမဟုတ်နိုင်ဘူးလို့ တပည့်တော် ထင်တယ် ဘုရား"

ဆရာတော်သည် အနည်းငယ် စဉ်းစားပြီး. . .

"လူတော့ မဟုတ်လောက်ဘူး၊ ဦးပဉ္ဇင်းရဲ့၊ ဘာပြုလို့လဲဆိုတော့ ဘုန်းကြီး ညကျတော့ အိပ်မက်မက်တယ်လေ"

"ဘယ်လို မက်တာတဲ ဘုရား"

"ဘုန်းကြီးအိပ်နေတုန်း အိပ်မက်ထဲမှာ ဒကာလေးတစ်ယောက်က လာပင့်လို့ ပရိတ်ရွတ်ဖို့ လိုက်သွားတယ်"

"ကျောင်းရှေ့က လမ်းကလေး အတိုင်းလား ဘုရား"

"မဟုတ်ဘူးကွဲ့၊ ကျောင်းဘေးက လမ်းကလေးအတိုင်း သွားတာ၊ နောက်ဆုံး သူတို့နေတယ်လို့ပြောတဲ့ ဂူကြီးတစ်လုံးထဲရောက်သွားတယ်၊ ဂူထဲမှာတော့ အပြင်က မြင်ရတာတွေနဲ့ တခြားစီပဲ၊ တော်တော်လေး လှလှပပ ပြင်ဆင်ထားတယ်၊ အလင်းရောင်တော့ ဒီလောက်မရှိလှဘူး၊ ဘုန်းကြီးလဲ အထဲဝင်သွားရော အထဲမှာရှိနေတဲ့ ပုဂ္ဂိုလ်တွေက ဘုန်းကြီးအနားကို စုဝေးလာကြပြီး မနီးမဝေးမှာ ထိုင်ကြတယ်၊ ပြီးတော့ ဘုန်းကြီးကို ကန်တော့ကြတယ်၊ ဘုန်းကြီးလဲ ငါးပါးသီလပေးပြီး မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ်တွေ ရွတ်ပေးလိုက်တယ်။

သူတို့အထဲကနေ အကြီးအကဲဖြစ်ဟန်တူတဲ့ ပုဂ္ဂိုလ်က ဘုန်းကြီးကို လျှောက်တယ်၊ စိတ်ချမ်းသာစွာ တရားအားထုတ်ပါတဲ့၊ သီလ သမာဓိ ပညာနဲ့ ပြည့်စုံမှုရှိလို့ သူတို့ ဝမ်းသာစွာ ကိုးကွယ်ပါရစေတဲ့၊ ဒီတော ဒီတောင်မှာရှိတဲ့ အရာအားလုံးကို သူတို့စောင့်ရှောက်နေပါတယ်တဲ့"

"သူတို့မျက်နှာတွေ မြင်ခဲ့ရဲ့လား ဘုရား"

"မြင်ခဲ့ပါတယ်၊ အရပ်ဆိုးဆိုး အစွယ်ကြီးတွေနဲ့၊ ဘုန်းကြီး စိတ်ထင်တော့ ဘီလူးလို့ ထင်တာပဲ၊ ဘာပဲဖြစ်ဖြစ်လေ သူတို့စောင့်ရှောက်တယ်ဆိုတာ ဘုန်းကြီးယုံပါတယ်၊ ဘုန်းကြီးကလဲ နေ့စဉ် မေတ္တာပို့နေတာပဲ"

ကျွန်ုပ်ကလည်း. . .

"တပည့်တော်လဲ လုပ်သမျှကုသိုလ် ကောင်းမှုတွေကို ၃၁ ဘုံရှိ သတ္တဝါများ ရကြစေဖို့ နေ့စဉ်အမျှအတန်း ပေးဝေနေပါတယ် ဘုရား" ဟု လျှောက်ထားလိုက်လေတော့သတည်း။

ဤသို့ဖြင့် ကျွန်ုပ် ဗုဒ္ဓဘာရဟန်းဝတ်စဉ်က တွေ့ကြုံခဲ့ရသော အတွေ့အကြုံကလေးတစ်ခုကို "ဘီလူးစောင့်တဲ့တောင်" ဟူသော အမည်ဖြင့် စာဖတ်ပရိသတ်သို့ ရေသား တင်ပြလိုက်ရပါတော့သည်။

❒ မင်းသန့်ကျော်(ဇီးကုန်း)




အကြောပြင်ဆရာကြီး ဦးအေးထွန်း

ခါးနာ၊ ဒူးနာ၊ ကျိုးပေါင်းနှင့်လက်ကိုက်၊ လက်ကပ်ဝေဒနာများကို မနာကျင်စေဘဲ (၁၅)မိနစ်အတွင်း သက်သာစေရမည်။

လေဖြတ်ခံရပြီး ခြေလက် ပုံမှန် မလှုပ်ရှားနိုင်သူများအား ပုံမှန်လှုပ်ရှားနိုင်အောင် အမြန်ဆုံးပြုပြင်ပေးသည်။

တွေ့ချိန် ➺ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း


လိပ်စာ အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ➝




www.burmeseclassic.com

www.burmeseclassic.com



# ယုဇနဝ

(ရေဖြူ)

## ဥလုံးတွေနဲ့ ရေးတဲ့ဝေါး

ဝန်းကျင်က သာယာနေသည်။ မပိုင်းစိန်တစ်ယောက် ထင်းခုတ်ဓားကို ယူလိုက်ပြီး ခေါင်းမြီးစုတ်လုပ်ရန်နှင့် ခေါင်းလည်းပေါင်းဖို့ ပုဆိုးအဟောင်းတစ်ထည်ကိုပါ ယူလိုက်သည်။ ဒီဓားနှင့် ဒီ ပုဆိုးစုတ်က မပိုင်းစိန် ကိုင်နေကျ အရာနှစ်ခု။

"ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းမော တစ်ချက် ချ ...ိုက်ပြီး ထင်းခုတ်ထွက်ဖို့ ပြင်ဆင် ...ိုက်သည်။

အိမ်မှာ ထင်းတွေ ရှိပေမယ့် ...လုပ်အားနေ၍ ထင်းခုတ်ထွက်ခဲ့ခြင်း ...င်း၊ ရွာနှင့် အတော်အသင့်ဝေးသည့် ...ချောင်းဘေးမှာ ထင်းခုတ်ထွက်ဖို့ ...ပြင်ဆင်နေခြင်းပင်။

တစ်ရွာလုံး သူ့အလုပ်နှင့်သူ ရှုပ်နေကြသည်။ ကိုယ့်ဘဝကိုယ်လမ်းနှင့် ကိုယ်၊ ကိုယ့်အကြောင်းတရားနှင့် ကိုယ် ဆိုတော့လည်း ကိုယ့်အလုပ်ကိုယ်လုပ် နေကြသည်က အမှန်။

မပိုင်းစိန်အနေနှင့်ကတော့ အိမ်ထောင်မကျခင် အပျိုအရွယ်ကတည်းက ရုန်းကန်လှုပ်ရှားခဲ့ရသည်။

ဘဝကောက်ကြောင်းနှင့် ခက်ခဲမှု ပြယုဂ်များကို ခါးစည်းခံခဲ့ပြီးသားမို့ လောကဓံတရားဆိုတာကို လုံးဝ မမှုလို တော့ပြီ။ ခါးသီးသော အရာအားလုံး ချိုမြိန်သော အရာများဟုသာ ထင်ထားခဲ့သည်ကလည်း အမှန်။

ကိုယ့်ဝမ်းနာ ကိုယ်သာသိ ဆိုသလို ကိုယ့်အခက်အခဲကိုတော့ ကိုယ်သာလျှင် အသိဆုံးပဲလေ။ ဘယ်သူတွေ ဘာပြောပြော ဂရုမစိုက်။ ဘယ်သူတွေ ဘာလုပ်လုပ် ဘယ်လောက် ချမ်းသာ ချမ်းသာ ပိုင်းစိန်ကတော့ ကိုယ့်ဘဝနှင့်ကိုယ် ကျေကျေနပ်နပ်နှင့် ရောင့်ရဲ တင်းတိမ်နေပြီးသား။

သို့သော်. . .

မရောင့်ရဲ မတင်းတိမ်နိုင်သေးသည့် အရာတွေက မပိုင်းစိန် ရင်ထဲ အသည်းထဲမှာ တည်နေဆဲ။ ဒီအတွက်တော့ မပိုင်းစိန် မကျေနပ်နိုင်သေးတာ တော့အမှန်။ ကျေနပ်မှုလည်း မရလေး။





www.burmeseclassic.com

www.burmeseclassic.com

မတွေ့သေး။ ကျေနပ်မှု ရှိရင်တောင်မှ မပိုင်းစိန် အနေနှင့် ထိုကျေနပ်မှုကို နောင်ဘဝအထိ ယူဆောင်သွားချင်သည့် ဆန္ဒတွေ ရှိနေခဲ့သည်။

တွေးရင်းနှင့် ရင်မှာ ဖြစ်တည်လာသော ခံစားချက်များက ပူလိုက် အေးလိုက်၊ နိမ့်လိုက် မြင့်လိုက်နှင့် တည်ငြိမ်မှု မရှိသေး။ မိမိစိတ်ကို ချုပ်တည်းရင်း ဝန်းကျင်ကို ကြည့်မိသည်။

အိမ်နားနီးချင်းတွေ အချို့ တောသွားကုန်ပြီ။ ပိုင်းစိန်တို့ ရွာသည် အိမ်ခြေလေးရာကျော်သာရှိသည်။

လယ်ယာလုပ်ငန်း လုပ်သူကသာများသည်။ အချို့ အညာလိုက်ပြီး သစ်ချ ဝါးချ လုပ်သည်။ အချို့ရေနံတွင်းသွား၊ အချို့ ရွှေတူးလိုက်၊ အချို့ ကျောက်တွင်းသွား။

အချို့ကတော့ ကိုယ့်ရပ်ရွာမှာပင် လယ်ယာအလုပ် နေ့စားလုပ်ရ၊ ကောက်စိုက် ပျိုးနုတ်၊ ပဲကောက်၊ စပါးရိတ်၊ စပါးကောက်ရင်း၊ အဲ အချို့ကတော့ ထင်းခုတ်ပြီးရောင်း၊ အချို့ကတော့ ဟင်းရွက်ခူးပြီးရောင်း။

အဲ. . . ပိုင်းစိန်ဘဝကတော့ ဆင်နင်းထားသည့် ယပ်တောင်ပေမို့ ပိုပြီးပြားချပ်ခြင်း မရှိတော့။ ထင်းခုတ်ရောင်းခဲ့ရသည်။ ဟင်းရွက်ခူးရောင်းတာကတော့ ရွာဝန်းကျင်မှာ နှံ့နေပြီ။

ပြီးတော့ နေ့စားအလုပ် လုပ်ခဲ့တာလည်း ရွာထဲမှာရှိသည့် တောင်သူအိမ်တိုင်းလိုလို လုပ်ခဲ့ပြီးပြီ။ မလုပ်ဖူးတဲ့ အိမ်ဆိုတာ မရှိတော့။

ပဲကောက်ချိန်ဆို ပဲကောက်၊ စပါးစိုက်ချိန်ဆိုရင် စပါးစိုက်လိုက်၊ တောင်သူလုပ်ငန်း မရှိတော့ပါက ထင်းခုတ်၊ ဟင်းရွက်ခူး၊ အလုပ်တွေလုပ်။ ပြီးတော့ ထင်းရောင်း၊ ဟင်းရွက်ရောင်း။

ရသည့်ငွေကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း ဘဝဝမ်းရေးကို ဖြေရှင်းခဲ့သည်။ မပိုင်းစိန်ရဲ့ ဘဝမှာ သားဖြစ်သူ မျိုးဝေက အဓိက။ သားအတွက် အသက်ရှင်နေရသည်ဆိုရင်မမှားပါ။ အရာရာသည် သားအတွက် ရင်ဆိုင်ရဲသည်ဆိုသော သတ္တိတွေ မွေးပေးနေသည်ဆိုရင် ပိုပြီးမှန်ပေလိမ့်မည်။

ဒီကနေ့ သား ထွက်သွားပြီးကတည်းက ညဦးက ကျန်သည့် ထမင်းကို ကြော်၊ ကျန်သည့် ဟင်းအကတ်အသတ်နှင့် မဝတဝစား။ ကျန်တာကို သားအတွက်ချန်။ ပြီးတော့ ရှိသည့်ဆန်နှင့် ထမင်းချက်၊ ပြီးတော့ ဘုရား ဆွမ်းတော်ကပ်၊ လိုရာဆုတောင်းပြီးသည်နှင့် ထင်းခုတ်ထွက်ဖို့ ပြင်ဆင်နေသည့် မပိုင်းစိန်။ သူ့လက်ထဲမှာ ထင်းခုတ်ဓား တစ်ချောင်း၊ ပုဆိုးစကို ခေါင်းပေါင်း၊ နောက်သနပ်ခါးရည်ကျဲလိမ်း။

"သားလေး အောင်မှာပါ"

တွေးရင်း စိတ်က ချီတုံချတုံဖြစ်နေသည်။ ထင်းခုတ်သွားရကောင်းနိုးနိုး မသွားရကောင်းနိုးနိုး။

"အင်းလေ ထင်းခုတ်ပြီး ရောင်းလိုက်ရင် သားအတွက် စာအုပ်ဖိုးတော့ ရမှာ၊ လာမယ့်နှစ်ဆိုရင် ကိုးတန်းတက်ရမှာ၊ သူများနည်းတူ သုံးနိုင် ဖြုန်းနိုင်အောင်"

မပိုင်းစိန်ဆက်ပြီး မတွေးတော့။ ထင်းတစ်စည်းရဲ့ တန်ဖိုးကို တွက်ရင်း ကိုးတန်းတက်မည့် သားလေးရဲ့ မျက်နှာလေးကို မြင်ယောင်မိသေးသည်။ ဆုံးဖြတ်ချက်ချလိုက်ပြီး ထင်းခုတ်ထွက်ခဲ့သည့် မပိုင်းစိန်။

မပိုင်းစိန် ခြေလှမ်းတွေက သွက်နေသည်။ ရွာအပြင်ရောက်တော့ တစ်မိုင်ခန့်အကွာအဝေးကို ခပ်သွက်သွက်လာ၊ အရင်ရက်တွေက ခုတ်လက်စကဇာတန်းလမ်းမှာ ချုံများကို ဓားနှင့် ရှင်းပြီး အကောင်းဆုံးထင်းများကို ဖြတ်ယူသည်။ ပြီးတော့ တနင့်တပိုးသယ်ပြီး ထင်းတစ်စည်းကို ထုံးကာ ရွာကိုပြန်လာခဲ့သည့် မပိုင်းစိန်။

"အမေ ပြန်လာပြီသား၊ အမေ့ကို မြင်ရင် သားလေးရှစ်တန်းအောင်တဲ့ အကြောင်း ပြောပြနော်၊ အမေ ကြားချင်လွန်းလို့ သိလား"

ထင်းစည်းတစ်စည်းရဲ့ အလေးအပေါ်ကို မစဉ်းစား၊ ညောင်းညာနေသည့် ခြေထောက်တွေ၏ အားလျော့မှုကို မတွေး။ ကျနေသည့် ချွေးများ၏ ခါးသက်မှုကို မငဲ့ကွက်။

မျက်ဝန်း အကြည့်များထဲမှာတော့ သား၏အသံ။ သား၏ အပြုံးများကိုသာ မြင်ယောင်နေမိသည်။

သွက်လက်နေသော ခြေလှမ်းများနှင့် ပြန်ခဲ့သည်။ မပိုင်းစိန် မနားတမ်း ပြန်ခဲ့သည်။ မပိုင်းစိန် အိမ်ထဲရောက်တော့ အိမ်ရှေ့မှာ ထင်းစည်းကို ချလိုက်သည်။

"သား မောင်မျိုးဝေ"

"အမေ"

ခေါ်လိုက်သံကြောင့် အိမ်ထဲက အပြေးထွက်လာသည့်သား။

"သားလေ အမေ့ကို မျှော်နေတာ၊ ဝမ်းသာစရာ ပြောမလို့"

ပြောရင်း အနားရပ်နေသည့် သားရဲ့ ပြောစကားကို ကြိုတင်သိထား သူက မပိုင်းစိန်။

မပိုင်းစိန်က ပြုံးသည်။

"အမယ်လေး သားလေးရယ် အမေ သိပြီးသား၊ သားလေး ရှစ်တန်း အောင်တယ်၊ ဂုဏ်ထူးပါသေးတယ် ဒီစကားပဲ ပြောမှာ မဟုတ်လား၊ အမေ သိပြီးသား"

ခေါင်းပေါင်းကို ဖြေရင်း ကျနေ သည့် ချွေးများကို မသုတ်ဘဲ သားလက် ကိုဆွဲ၊ အိမ်ထဲ ဝင်လာခဲ့ကြသည်။

"ဟုတ်တယ်. . အမေ၊ သား အောင်တယ်၊ မြန်မာစာနဲ့ သမိုင်း ဂုဏ် ထူး နှစ်ဘာသာပါတယ် သိလား"

"အမေ ထင်ပြီးသားလေ"

သားအမိနှစ်ယောက် ပြုံးရင်း အပြိုင်ကြည့်ရင်း ကျေနပ်ပီတိတွေ ဖြစ် ရင်း လောကကိုပါ မေ့နေကြသယောင်

အတော်ကြာမှ မပိုင်းစိန်က ပြောသည်။

"ဒါဆိုရင် လာမယ့်နှစ်မှာ ကိုး တန်းတက်ရတော့မယ်၊ ဒီတော့ တစ်ရွာ

www.burmeseclassic.com

ကိုသွားပြီး ကျောင်းတက်ရမှာဆိုတော့ ကော်ဘီး ဝယ်ရဦးမယ်၊ လွယ်အိတ်၊ ကျောင်းဝတ်စုံ၊ ပြီးတော့ ကျောင်းဝင်ကြေး၊ သား သုံးဖို့ မုန့်ဖိုးအထိ လိုလာပြီလေ၊ ဒါကြောင့် အမေလေ မနားဘူး သား၊ အဲဒါ သားအတွက် ပောဒီ ားလေးအတွက်"

လက်ထဲက ဓားနှင့် ပုဆိုးအစုတ် ကိုချရင်း သားကို စေ့စေ့ကြည့်ကာ ပြော နေသည့် မဝိုင်းစိန်။

တကယ်တော့ မဝိုင်းစိန်တို့ရွာမှာ မူလတန်းကျောင်းအထိသာ ရှိသည်။ လေးတန်းအောင်ပြီးသည့် သားလေး မှာ လေးမိုင်ခန့်ဝေးသည့် သရက် ချောင်းရွာရှိ အထက်တန်းကျောင်းကို သွားပြီးတက်ရရှာသည်။

ငါးတန်း တက်စဉ်ကတည်းက စက်ဘီးဝယ်မပေးနိုင်ခဲ့။ ဝယ်ပေးဖို့ ကြိုး စားပေမယ့်လည်း မအောင်မြင်။ သား လေး စိတ်ညစ်ပြီး ကျောင်းထွက်ချင်စိတ် ဖြစ်မှာသာ စိုးရိမ်ခဲ့ရသည်။

"သားလေး အမေလေ ရှေးနှစ် ဆိုရင် သူများတွေလို စက်ဘီးဝယ်ပေး မယ်နော် ကြားလား"

ရသေ့စိတ်ဖြေ စကားနှင့် ပျား ရည်နှင့် ဝမ်းချခဲ့ရပေမယ့်လည်း လက် တွေ့တွင် မဝယ်ပေးနိုင်ဘူးဆိုတာတော့ မဝိုင်းစိန် အကြွင်းမဲ့ ယုံပြီးသား။

သားလေးကလည်း သဘော ကောင်းပါသည်။ သည်တော့ ငါးတန်း ကတည်းက ရှစ်တန်းအထိ လေးနှစ် ကြာ သူများစက်ဘီးနှင့် သူတစ်လှည့် ကိုယ်တစ်လှည့်စီးရင်း ပြီးသွားခဲ့သည် ။ ခုတော့ အရင်လို အဖြစ်မခံနိုင်ပြီ။ သားလေး စက်ဘီးမဝယ်နိုင်လို့ ကူညီ ကြသည့် သား၏သူငယ်ချင်းတွေကို အားနာတင် မဆုံးတော့။

ကျော်လွန်ခဲ့သည့် အတိတ်ကို တွေးရင်း မဝိုင်းစိန် ငေးနေမိသည်။

"မပူပါနဲ့ သားရယ်နော်၊ ကျောင်း ဖွင့်ခင် အပိုင်ဝယ်ပေးမှာ၊ အမေလေ ဆေးကောက်ရတာ ပဲကောက်ရတာနဲ့ ထင်းခုတ်၊ ဟင်းရွက် ခူးရောင်းရတာ အားလုံးစုထားတယ်သိလား၊ ဘုရားခန်း ထောင့်မှာ ထောင်ထားတဲ့ ဝါးကျည် တောက်နဲ့ စုထားတာ၊ အဲဒီမှာ စက်ဘီး ဖိုးတောင် မကလောက်ဘူး၊ ကျောင်းဝင် ကြေး၊ စာအုပ်ဖိုး အားလုံးအတွက် အဆင်သင့်ရှိနေပြီ သားရဲ့"

မဝိုင်းစိန်က အိမ်လေးထဲရှိ ဘုရားစင်ထောင့် အတွင်းကျကျတွင် ထောင်ထားသည့် ဝါးကျည်တောက်ဆီ မေးငေါ့ပြရင်း ပြောနေသည်။ သားဖြစ် သူက အမေ့ကို တစ်လှည့် ဝါးကျည် တောက်ဆီ တစ်ခါကြည့်ရင်း ငေးနေ သည်။

ပြုံးရယ်ခြင်း မရှိသည့် သားကို ကြည့်ရင်း အားမလို အားမရဖြစ်နေ သူက မဝိုင်းစိန်။

"သား လူလေး"

"ဗျာ"

"သားကြည့်ရတာ တစ်မျိုးပဲ၊ ဘာပြုလို့လဲ၊ ဘာတွေ ဖြစ်နေတာလဲ ဟင်၊ ဘာလဲ အဆင်မပြေလောက်ဖူး ထင်လို့လား ဟင်၊ ပြောစမ်း သား နေ မကောင်းဘူးလား"

သားရဲ့ နဖူးကို စမ်းရင်း ပျာပျာ သလဲ မေးနေသူက မဝိုင်းစိန်။

သားဖြစ်သူ မပြုံးသေး၊ ရီဝေနေ သည့် မျက်လုံးအစုံဖြင့် ကြည့်ရင်းရှိ သည်။

"ပြောလေသား၊ သားဘာဖြစ်လို့ လဲဟင်၊ ဘာတွေ မကျေမနပ်ဖြစ်နေတာ လဲ"

မနားတမ်း မေးနေသည့် မဝိုင်း စိန်။

"အမေကလေ သားကို ဆယ် တန်းအောင်ရမယ်၊ ဘွဲ့ရပြီး ကျောင်း ဆရာဘဝနဲ့ မြင်ချင်တာ၊ ကြိုးစားစေ ချင်တာကွယ်၊ သိလား"

မိခင်စကားအဆုံး သားဖြစ်သူ မနေသာတော့ပြီ။

"အမေ"

"ပြောလေ ပြော"

"သား အမေ့ကို ခွင့်တောင်း ချင်တယ်"

"ပြော"

သားဖြစ်သူက ပြောဆိုရင်း မဝိုင်း စိန် ရှေ့မှာ ဒူးထောက်ထိုင်လိုက်သည်။ ပြီးတော့ လက်အုပ်ချီသည်။

"ပြောလေသား၊ ဘာလဲဟင်"

"သား ကျောင်းဆက်မတက် တော့ဘူး"

"ဘာ"

သားလေးရဲ့စကားက မဝိုင်းစိန် နားထဲ သံရည်ပူတွေ လောင်းထည့် လိုက်သည့်အဖြစ်မျိုး ခံစားသွားရသည်။ မူးမေ့လဲကျလုလု ဖြစ်သွားရသည်။

"ဘာ ဘာပြုလို့လဲ သားရယ်"

"သား သာသနာ့ဘောင် ဝင်ချင် လို့"

"ဟင်"

သား နှုတ်ဖျားက စကားများ သည် ကြားရသူ မဝိုင်းစိန်အတွက်တော့ ဝမ်းသာဝမ်းနည်း။ ကြည့်စမ်း ခေတ် ပညာတတ်ကြီး ဖြစ်စေချင်တာက မဝိုင်း စိန် ဆန္ဒ။ သားရဲ့ဆန္ဒက သာသနာ့ ဘောင် ဝင်ချင်သတဲ့။

"အဲဒါကြောင့် အမေ့ဆီ ခွင့် တောင်းတာပါ အမေ"

"သားရယ်"

သားရဲ့ လက်များကို ဖျစ်ဖျစ် ညှစ်ညှစ်ဆုပ်ကိုင်ထားလိုက်မိသည်။

"အမေ ဆင်းရဲတာ သားမကြည့် ရက်တာလဲ ပါတယ်၊ ပြီးတော့ သားရဲ့ စိတ်ကိုက သက်နှီးဝါဝါဆီးပြီး သာသနာ ပြုလုပ်ငန်းကိုပဲ လုပ်ချင်နေတာပါ အမေ၊ လောကမှာ အမေဖြစ်စေချင်တဲ့ အစိုးရဝန်ထမ်းဆိုတာ လူတိုင်းဖြစ်နိုင်တဲ့ အရာတွေပါ၊ ဒါပေမဲ့ သာသနာပြုဖို့ ဘာသာကို ဖြန့်ဝေဖို့ကျတော့ အားနည်း မနေပေမယ့် လိုအပ်နေသေးတယ်လို့ ထင်လို့ပါ"

"ဩော်"

"ပြီးတော့ အစိုးရဝန်ထမ်းလုပ်၊ လခတွေယူ၊ ပြည်သူ့တာဝန်တွေထမ်း



www.burmeseclassic.com

www.burmeseclassic.com

နိုင်မှ တာဝန်ကျေတာ မဟုတ်ပါဘူး၊ နိုင်ငံ့အတွက် သာသနာ့ဝန်ထမ်း လုပ်တာကလဲ. . .”

“သားရယ်”

မဝိုင်းစိန် ဘာမျှ မပြောနိုင်တော့။ ခွင့်ပြုရ အခက်၊ ခွင့်မပေးရ အခက်၊ တွေးရင်း အာစေးထည့်သည့်ပမာ မဝိုင်းစိန် နှုတ်ဆွံ့အနေမိတော့သည်။ ဘာပြောရမလဲ၊ ဘယ်လိုပြောရမလဲ၊ ဘယ်လို အဖြေပေးရမလဲ။ ငြင်းရမလား၊ လက်ခံရမလား။

သားလေးက လက်အုပ်ချီထားဆဲ။

“နော် အမေ၊ သားကို ခွင့်ပြုတယ် မဟုတ်လား”

မဝိုင်းစိန် အဖြေမပေးနိုင်သေး။ သြော် သားက သာသနာ့ဘောင်ဝင်ချင်နေပြီတဲ့။ ယောကျ်ားသားတိုင်း မဖြစ်နိုင်သည့် အလုပ်ကို လုပ်ပြတော့မည်လား။

အင်းလေ ဘဝအဆက်ဆက်က အထုံ ပါရမီကြောင့်လား၊ ဘယ်ဘဝက ဆုတောင်းခဲ့၍လား မသိနိုင်သော လက်ရှိဘဝ သားရဲ့ဖြစ်လိုစိတ်ကိုတော့ အဖြေရှာရခက် တွေးရခက်ပါဘိတော့။

“အမေ စဉ်းစားပါရစေ သားလေးရယ်”



သားလေး ပြုံးနေသည်။ ပြုံးလာသည်။

နိမ့်ပါးသည့်ဘဝကို ပိုင်ဆိုင်ခဲ့သည့် မိဘများက မွေးခဲ့သည့် ဝိုင်းစိန်မှာလည်း နိမ့်ပါးခဲ့ရသည်မှာ မဆန်း။

သို့သော် ဝိုင်းစိန်က လှသည်။ တောသူပီပီ လုံးကြီးပေါက်လှ အချိုးအဆစ်များက သူ့အလှကို ပေါ်လွင်စေခဲ့သည်က အမှန်။

ကျောင်းပညာကို လေးတန်းအထိသာ သင်ယူခဲ့ပြီး ဖခင်ဖြစ်သူ မထင်မှတ်ဘဲ ဆုံးပါးသွားသည့် အချိန်မှာတော့ ကျောင်းက အပြီးထွက်ခဲ့ရရှာသည်။ မိခင် မုဆိုးမကြီး၏ အရိပ်မှာ ခိုရင်း ဘဝဝမ်းရေးတောင့်တင်းဖို့ လူနှင့်သူနှင့် နေနိုင်ဖို့ လေ့ကျင့်ခဲ့ရသည်။

နောက်ပိုင်း မိခင်ဖြစ်သူဆီက ကောက်စိုက်ပညာ၊ မျိုးနုတ်ပညာ၊ ပဲကောက်၊ စပါးကောက်ပညာတွေ အပြင်ထင်းခုတ်၊ ဟင်းရွက်ခူးပညာတွေပါ ရခဲ့သည်ဆိုရင်လည်း မမှား။

ဘဝကို ပူလောင် ခါးသီးစွာ ရုန်းကန်ရင်းနှင့် ဝိုင်းစိန် အသက်နှစ်ဆယ်နား ရောက်လာသည့် အချိန်မှာတော့ မိခင်ဖြစ်သူ အပြင်းဖျားပြီး တိမ်းပါးခဲ့ပြန်သည်။

“ဖြစ်ရလေ အမေရယ်၊ သမီးကို စိတ်ချလို့ ထားရစ်ခဲ့ပြီလား”

အမေ့အလောင်းကို ကြည့်ရင်း သိမ်ငယ်စွာဖြင့် အားအင်ချည့်နဲ့စွာ ငိုကြွေး မြည်တမ်းခဲ့ရရှာသည့် ဝိုင်းစိန်။ အမေ့အလောင်းဘေးမှာထိုင် အမေ့မျက်နှာ အိုမင်းမှုကို ကြည့်ရင်း ဝိုင်းစိန် ဖြေဆည်မရတော့သည်က အမှန်။ နှုတ်မဆက်ဘဲ ထွက်ခွာသွားသည့် မိခင်ဖြစ်သူမှာတော့ ကျန်ရစ်သူ သမီးအတွက် စိတ်ချသွားမည်တော့ မဟုတ်ပါ။ ဘယ်မှာ စိတ်ချပါမည်နည်း။

နေ့လယ်ခင်းပိုင်းမှာ အမေ့အလောင်းကို မြေချသည်။ သရဏဂုံတင်ခဲ့သည်။ အမျှပေးဝေခဲ့သည့် ဝိုင်းစိန်။ အမျှရယ်လို့ သုံးကြိမ်ပြည့်အောင် မခေါ်နိုင်ဘဲ ပရိသတ်က သာဓုခေါ်သံ သုံးကြိမ်ဖြင့် အဆုံးသတ်ခဲ့ရသည့်အချိန်၊

ထို သာဓုခေါ်သံများက ဝိုင်းစိန်ရဲ့ ငိုသံကိုတော့ မကျော်လွှားနိုင်တာတော့ အမှန်။

အလောင်း မြေချ၊ ရက်လည်ဆွမ်းတရားနာအပြီးမှာတော့ ခိုကိုးရာမဲ့ဘဝနှင့် ဘဝသစ်ကို ခြေလှမ်းစခဲ့ရတော့သည်။ အဖေရှိစဉ်က အတွေ့အကြုံ၊ အမေရှိစဉ်က ပေးခဲ့သော တောလိုက်ပညာများဖြင့် ထင်းခုတ်၊ ဟင်းရွက်ခူးရင်း ရာသီအလုပ်များကို လုပ်ခဲ့ရသည့် ဝိုင်းစိန် ဘဝသည် ကြေကွဲမှုနှင့်အပြည့်။

လုံးကြီးပေါက်လှ၊ အချိုးကျသည့် ဝိုင်းစိန်ကို လက်တွဲလိုသူတွေကများသည်။ အထူးသဖြင့် လက်လုပ်လက်စား ဘဝတူတွေထဲက များသည်။ ဝိုင်းစိန်ကတော့ အိမ်ထောင်ပြုဖို့ စိတ်မကူးမိသေး။

သို့သော် ဝိုင်းစိန် တွေးရပြီ။

“ဟုတ်တယ် အရွယ်မလင့်ခင် အိမ်ထောင်ပြုထားမှ တော်ကာကျမယ်ငါ့မှာ အဖေ၊ အမေက မရှိဘူး၊ လူရှိသေရှင်ရှိသေ ဖြစ်အောင်တော့ ငါ ငါ”

အရွယ်ရောက်လာပြီဖြစ်သည့် ဝိုင်းစိန် တွေးရင်းနှင့် ချစ်ရေးဆိုခဲ့ဖူးသည့် ဘခင်ရဲ့ အချစ်ကို လက်ခံလိုက်သည်။

တကယ်တော့ ဘခင် ဆိုတာ ဝိုင်းစိန်တို့လို လက်လုပ်လက်စားဘဝမျိုးထဲက လူစား။ ပြီးတော့ ဝိုင်းစိန်ကို အသေအလဲ ကြိုက်နေသည့်လူ။ ဘခင်က ရိုးသားသည်။ အသောက်အစားကင်းသည်။ အလုပ်လည်းကြိုးစားသည်။ ငွေသုံးဖြုန်းခြင်းလည်း မရှိ။

ဘခင်အလုပ်က နှစ်ပြတ်အလုပ်လုပ်နေရသည့်လူ။ တစ်နှစ်ကို ဘယ်လောက်ကြေးနှင့်ယူပြီး လုပ်ခဲ့ရရှာသူ။

ဘခင်က ဝိုင်းစိန်အရွယ်ရောက်ကတည်းက ကြိုက်နေတာတဲ့။ ကြားလူလွှတ်ပြီး စာပေးခဲ့ဖူးသည်။ လိုက်ပြီး စကားပြောဖူးသည်လေ။





www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်ချစ်မရှာနဲ့၊ သူချစ်ရှာရမယ်တဲ့ သမီးရဲ့ အမေ့ကို ကြည့်လေ၊ သမီး အဖေက ငုံထားမတတ်ချစ်တာ၊ အဲဒါ သမီးအဖေက သိပ်ချစ်လို့လေ၊ မျက်စိအောက်က အပျောက်မခံတဲ့အထိ ချစ်တာ၊ သူက ချစ်နေတော့ အမေ့အတွက် စိတ်ချမ်းသာမိတာပေါ့"

အမေ ရှိစဉ်က ပြောဖူးသည့်စကား။ ထိုစဉ်က အဖေလည်းရှိသေးသည်လေ။ သည်တုန်းကတော့ ဝိုင်းစိန်နားမလည်ခဲ့။ အဖေ ရှိစဉ်ကဆိုလျှင် အမေတောလိုက်တာ၊ တပင်တပန်းလုပ်တာဆိုရင် မကြိုက်ချင်တော့။ ပြီးတော့ ထမင်းဟင်း ချက်တာအထိ အဖေက လုပ်ပေးသည်။ အမေချိုးဖို့ရေအထိ ငင်ပေးခဲ့ရှာသည့် အဖေ။

ခုတော့ ဝိုင်းစိန် အမေ့စကားကို နားလည်ခဲ့သည်။ အဖေ့အချစ်မျိုးကို သက်ခံခဲ့သည်။ အဖေရော အမေပါ မရှိတော့ပြီမို့ ဝိုင်းစိန်အနေနှင့် ကိုယ်ချစ်ရှာဘဲ သူချစ်ရှာရုံသာ ရှိတော့သည်။

"တကယ်လား မမမြရယ်၊ ကိုဘခင်က တကယ် လက်ထပ်ချင်တယ်ဆိုရင် ဝိုင်းစိန် စဉ်းစားပေးနေပါတယ်လို့ ပြောပေးပါနော်"

အောင်သွယ်တော် မမမြက ကိုဘခင်အကြောင်းပြောစဉ် ဝိုင်းစိန်က ခေါင်းမတင်ရေမကျအဖြေပေးခဲ့သည်။

"ဟဲ့ ဝိုင်းစိန်ရဲ့ ဘခင်က ညည်းကို တကယ်ချစ်နေတာ၊ အဲသလို လူမျိုးရှင် ညည်းကံကောင်းတယ်လို့ မှတ်ရမယ်၊ ရပြီးရင် ခေါင်းခေါက်ခိုင်းရုံပဲ၊ ထဘီတောင် လျှော်ပေးမယ့်လူစားမျိုး"

နောက်တော့ ကိုဘခင်နှင့် တွေ့သည်၊ ကိုဘခင်က ဝိုင်းစိန်ထက် ငါးနှစ်ခန့်ကြီးတဲ့သူ။

နှစ်ဦးသား တွေ့ကြသည်။

ဘဝရှေ့ရေးပြော အပြီးမှာတော့ လက်ထပ်ဖြစ်ခဲ့ကြသည်။ အိုးကွဲနဲ့ ဆန်ကွဲပေမယ့်လည်း သူတို့ မင်္ဂလာဆောင်ပွဲကတော့ အထိုက်အလျောက် စည်ကားခဲ့သည်။

မင်္ဂလာဆောင်အပြီးမှာတော့ ကိုဘခင်က ဝိုင်းစိန်တို့အိမ် အပြီးလိုက်လာသည်။ သူ့မိဘများကလည်း ကြည်ကြည်ဖြူဖြူ ခွင့်လွှတ်ပေးခဲ့ရှာသည်မို့ ဝမ်းသာရသည်လေ။

ရလေပြီဆိုကတည်းက ဝိုင်းစိန်ကို မျက်စိအောက်က အပျောက်မခံ။ အဖေနှင့် အမေ့အကြောင်း သတိရမိသည်။

အခုလည်း အရာရာ ဝိုင်းစိန်ကို အလိုလိုက်သည်။ ထမင်းဟင်းချက်ပေး၊ ချိုးရေခပ်ပေး၊ ထဘီလျှော်ပေးရှာသည့် ကိုဘခင်။

အပျော်ခရီးများဖြင့် ကျေနပ်ခရီးနှင်ရင်း ဝိုင်းစိန် ကိုယ်ဝန်ရှိခဲ့သည်။

"ဟုတ်တယ် ကိုဘခင်၊ ကျုပ်လေ ဟိုသင်းရှိနေပြီ၊ သုံးလတောင် ကျော်နေပြီတော့"

"ဟင် တကယ်"

"အင်း တကယ်ပေါ့"

ထိုစဉ်က ကိုဘခင်ခမျာ ဝမ်းသာအဲလဲ ဖြစ်ခဲ့ရသည်။ ဝိုင်းစိန်ကို ဘာအလုပ်မျှ မခိုင်းတော့။ ဝိုင်းစိန် အနေနှင့် ဘုရားပန်းကပ်၊ သောက်တော်ရေ မျက်နှာသစ်ရေကပ်၊ ဘုရားဝတ်ပြု ဆုတောင်းနေရုံသာ။

ရွာထဲက လူတွေကတော့ ဝိုင်းစိန်တို့ လင်မယားကို ကြည့်ပြီး အဖြစ်သည်းရန်ကောဟု မျက်စိစပါးမွေးစူးကြသည်။ အချို့က ကဲ့ရဲ့ကြသည်။ အချို့က နားလည်ပေးကြသည်။ အချို့က ဝိုင်းစိန်ကို ကံကောင်းသည်တဲ့။ အချို့ကတော့ ကိုဘခင်ကို အပြစ်ပြောကြသည်။ နွားကြီးတဲ့လေ။

ဘာပဲဖြစ်ဖြစ် ဘဝဆိုတာ မနေတတ်ရင် မြတ်တယ်။ တင်းတိမ်တတ်ရင် ကျေနပ်စရာကောင်းသည်ပဲလေ။

"အမေရယ် အမေ ပြောသလို သူချစ်ရှာခဲ့လို့ သမီးဘဝ စိတ်ချမ်းသာနေရပါပြီ အမေရယ်"

ကျေးဇူးတရား ကြီးမားလွန်းသည့် မိခင်ကို တမ်းတရင်း ကျေးဇူးတွေတင်မိရင်း မီးဖွားမည့်ရက်ကို စောင့်နေသည့် ဝိုင်းစိန်။

ကိုဘခင်မှာတော့ အရင်က အလုပ်တွေလုပ် ငွေတွေရှာရင်းရှိသည်။ အလုပ်လုပ်ရင်း အိမ်ကို အပြေးပြန်လာပြီး စကားတွေပြော၊ ကလေးအကြောင်း မေးရသည်ကလည်း အမော။

မမြင်ရသေးသည့် ကလေးအတွက် ဆုတောင်းရသည်က နှစ်ဦးစလုံး။ ကိုယ်လက်အင်္ဂါစုံဖြင့် မွေးပါစေလို့ ဆုတောင်းရသည်က အမြဲ။ ဒါက ဘယ်မိဘမဆို တောင်းသည့် ဆုမျိုး။

မကြာပါ။

ဝိုင်းစိန် မျက်နှာမြင်ခဲ့သည်။ ထိုနေ့က မျက်နှာမြင်မည့်ရက်မှန်း ဝိုင်းစိန်သိသည်။ ကိုဘခင်ကို ပြောပြသည်။ ကိုဘခင် တောမထွက်တော့။ ဝိုင်းစိန်အတွက် အရပ်လက်သည်ရော၊ ဝမ်းဆွဲဆရာမပါ အရန်သင့်ပြေးခေါ်ခဲ့လေသည်။ နောက်တော့ အခြားသူတွေပါ လာရောက်ပြီး မျက်နှာမြင်ရာမှာ ကူညီခဲ့ကြသည်။

ထိုအချိန် ကိုဘခင်ကို အလုပ်ရှင်က အလုပ်ရှိ၍ လာခေါ်သွားသည်။ ကိုဘခင်ကတော့ မလိုက်ချင်ပါဘဲ လိုက်သွားသည်။

မသွားခင် တတွတ်တွတ်မှာရင်း နောက်ဆံငင်စွာ ထွက်သွားရှာသည့် ကိုဘခင်ရဲ့ အဖြစ်။

ဝိုင်းစိန်ကတော့ မီးဖွားခန်းထဲမှာ။ ကိုဘခင် ထွက်သွားတာကို မသိခဲ့။

ဝိုင်းစိန် မျက်နှာမြင်တော့ သားလေး။ ကလေးက ထွားသည်။ အရပ်အမောင်းက ကိုဘခင်အတိုင်း၊ အသားအရေနှင့် မျက်နှာက ဝိုင်းစိန် မျက်နှာမျိုး အသားက လတ်သည်။

"ယောကျ်ားလေးဟေ့"

"ဟုတ်ပါ့တော် ချစ်စရာလေး"

ကလေးငိုသံ စကားပြောသံ တို့ဖြင့် ဆူဆူညံညံ။

"အဒေါ်ကျင် သားလေးနော်"

"ဟုတ်တယ် ဝိုင်းစိန်"





www.burmeseclassic.com

www.burmeseclassic.com

အင်အားချည့်နဲ့နေသည့် ဝိုင်းစိန်က မေးသည်။ လက်သည် ဒေါ်ကျင်နှင့် ဝမ်းဆွဲဆရာမက ဖြေသည်။

"သေချာရဲ့လား"

"အမယ်လေး ချောမှချော၊ လှမှလှ၊ ညည်းအတိုင်းပဲ"

"ဟို. . ခြေလက်အင်္ဂါ အစုံပါတယ်နော်"

"မပြောကောင်း မဆိုကောင်း စုံပါတယ် ဝိုင်းစိန်ရဲ့ ညည်းကလဲ"

ကလေးကို အနီးနှင့် ပွေ့ရင်း ဒေါ်ကျင်က ဖြေသည်။ နောက်တော့ လုပ်စရာရှိတာလုပ်။

အားလုံး တပြုံးပြုံး။

ထိုအချိန် ကိုဘခင်မှာ ရွာအေးက တမာပင်ပေါ်မှာ။ ဒီတမာပင်က အလုပ်ရှင်ကိုဘမောင် အခင်းထဲအဝင် တမာကိုင်းတစ်ကိုင်းက အပင်ပေါ်ကျနေသည်။ အပင်တွေ အရိပ်ကျနေသည်။ အသီးအနှံက ပျက်စီးသည်ဟု ကိုဘမောင် ထင်နေပြီး ကိုဘခင်ကို တက်ပြီး ခုတ်ခိုင်းခဲ့ရာ အမှတ်မထင်ဘဲ တမာပင်ပေါ်က ပြုတ်ကျပြီး တစ်ဘဝလုံးကို ပေးဆပ်လိုက်ရသည့် အဖြစ်ကတော့။

ဝိုင်းစိန်မသိရှာသေး၊ မသိသေး။ ကိုဘခင် အပင်ပေါ်က ပြုတ်ကျသေပြီ ဆိုသည့် သတင်းကိုတော့ ဝိုင်းစိန် သိခဲ့ရင် နှစ်လောင်းပြိုင် ဖြစ်သွားမည်က မလွဲ။ ယခုတော့ ဝိုင်းစိန်နှင့် ကလေးကို လှည်းနှင့်တင်၊ အလုပ်ရှင် ကိုဘမောင်နှင့် လူကြီးများတိုင်ပင်ပြီး အခြားရွာကို ပြောင်းရွှေ့ခဲ့ရသည်။ ဝိုင်းစိန်က မေးသည်ကို မပြော၊ ဘယ်သူမှ မပြောနိုင်၊ မပြောလိုကြ။

ဝိုင်းစိန် မရှိသည့်နောက်မှ ကိုဘခင်အလောင်းကို မြေချ။ ဩော် သေခြင်းတရားဆိုတာ အဘယ်အရပ်ကဖြစ်ဖြစ် ဘယ်အချိန်မှာဖြစ်ဖြစ် လာရောက်ခေါ်သွားနိုင်သည်ပဲလေ။

မဝိုင်းစိန် အတွေးများကို ဖြတ်သည်။ ထိုစဉ်က အခြားရွာမှာနေရပြီး တစ်လအကြာမှ သိခွင့်ရခဲ့သည့် မဝိုင်းစိန်။ ယူကျုံးမရဖြစ်ရင်း. . .

နောက်တော့ တရားနှင့် ဖြေခဲ့သည်။ သောကတွေ မောဟတွေကို နိုင်ခဲ့သည်ဟု ဆိုရမည်လား မသိတော့။

"ကိုဘခင်ရယ် တော့်မျက်နှာကို မမြင်လိုက်ရတာ၊ တော့်အလောင်းကို မကြည့်လိုက်ရတာ၊ တော့်အတွက် အဲဒီတုန်းက အမျှမဝေပေးလိုက်ရတာ စိတ်မကောင်းပါဘူးတော်"

ခုအချိန် တော်သာရှိရင်။

တွေးရင်းနှင့် စိတ်ကို အသိနှင့် ဖြေဆဲအချိန်၊ သားဖြစ်သူ အနားရောက်လာသည်။

ကျောင်းတွေက ဖွင့်တော့မည့် အချိန်ကလည်း နီးကပ်လာပြီလေ။ ကျောင်းထားဖို့နှင့် သာသနာ့ဘောင်ဝင်ဖို့ အဖြေမပေးရသေးသည့်အချိန်။

"အမေ"

သား အသံက မတိုးမကျယ်။ မနက်ခင်းပေမို့ အိမ်ရှေ့လမ်းပေါ်မှာတော့ ရွာဦးကျောင်းက ကိုရင်လေးများနှင့် သားအရွယ် အခန်းနေ ဦးဇင်းလေးတစ်ပါး ဆွမ်းခံကြွလာသည်ကို မြင်ရသည်။

သားက အမေ ပြင်ဆင်ထားသည့် ဆွမ်းနှင့် ဆွမ်းဟင်းများကို ယူပြီး လောင်းလှူသည်။ ကြေးစည်သံနှင့်အတူ မဝိုင်းစိန်လည်း ကျေနပ်သလိုလိုဖြစ်နေသည်။ ဆွမ်းလောင်းအပြီး သားလေး အနားရောက်လာသည်။

"ကိုရင်လေးတွေ ကြည်ညိုရတာ၊ ဦးဇင်းလေးကို ကြည်ညိုရတာ စိတ်မချမ်းသာဘူးလား"

မဝိုင်းစိန် ခေါင်းညိတ်ပြသည်။

"အခန်းနေ ဦးဇင်းလေးက သားထက် အသက်ကြီးတယ်နော်"

"သားကို အဲသလိုမျိုး မမြင်တွေ့ချင်ဘူးလား ဟင်"

မဝိုင်းစိန် မဖြေနိုင်။ ရီဝေ မျက်နှာမျက်လုံးများနှင့် သားကို စူးရဲစွာ ကြည့်မိသည်။

"သား"

"ဗျာ"

"သာသနာ့ဘောင်ကို တက ဝင်ချင်သလား"

"ဟုတ်"

"ဘာပြုလို့ သင်္ကန်းဝတ်ချ တာလဲ"

အမေးကို သားဖြစ်သူ မဖြေ

"ဖြေလေ သား"

"ဟို သင်္ကန်းကို မြင်ရင် သ စိတ်ထဲ တစ်မျိုး ခံစားရတယ်အမေ ပျော်သလိုပဲ၊ ဘယ်လိုပြောရမလဲ မ ဘူး"

အဖြေက မတိကျ၊ မရေရာ သို့သော် မဝိုင်းစိန် ကျေနပ်မိပါသည် သားရဲ့ စိတ်ထဲမှာ အကြံတစ်ခုတော့ မည်။

ရည်ရွယ်ချက်တော့ရှိမည်။ မြ မပြတတ်သေးလို့သာ မဖြေနိုင်ခြင်း လက်ခံလိုက်သည်။

နေ့စဉ်ပြောဆိုနေသည့် သား စကားသံတွေ၊ ခွင့်တောင်းနေသည့် အသံလေးတွေ။

ပြောပါများတော့ မဝိုင်းစိ စဉ်းစားရပြီ။ မှန်ပါသည်။ မစဉ်းစား မရတော့။ မိမိမွေးခဲ့သည့် တစ်ဦးတည်းသောသား၊ ထိုသားလေးက သာသနာဘောင်ဝင်ချင်သတဲ့။ ဒီတော့ ခွင့် လိုက်ပါက သာသနာ့ဘောင် ရော သွားပြီ။ ဒါဆိုရင်. . .

"သားလေး ကိုရင် ဖြစ်သွား ငါလဲ မွေးရကျိုးနပ်တဲ့ မိခင်မြတ်တစ် ဖြစ်မှာ အမှန်ပဲ"

ထင်မှတ်မထားသည့် အတွေးစက ပညာတတ်ကြီး ဖြစ်စေချင်သည့် ဆန္ဒတွေကို အနိုင်ယူသွားပြီလား မ တော့။

"ခွင့်ပြုရင် ကောင်းမလား"

"ခွင့်ပြုလိုက်ရင် ကောင်းမှာ

တွေးရင်းနှင့် အချိန်တွေ ကုန် ခဲ့သည်။ မကြာခင် အတန်းကျောင်းတွေ ဖွင့်တော့မည်။

www.burmeseclassic.com

"ကျောင်းတက်ရတော့မယ် အမေရယ်"ဟု လုံးဝမပြောသည့် သား။

"ကဲ သား"

"ဗျာ"

"မင်း အတန်းပညာ မသင်ချင်တော့ဘူးနော်"

"ဟုတ်"

"သာသနာ့ဘောင်ကို တကယ်သွားချင်တာပေါ့"

"ဟုတ်ကဲ့"

"ဒါဆိုရင် အမေ ခွင့်ပြုပါတယ် သားရယ်"

"ဟာ တကယ်"

"တကယ်"

ခေါင်းညိတ်ရင်း ခပ်တိုတို ဖြေလိုက်သည့် မဝိုင်းစိန်။ သားဖြစ်သူက မိခင်ရှေ့ ဒူးထောက် ဦးသုံးကြိမ်ချအပြီး မိခင်ရဲ့ ပါးကို ဘယ်ပြန်ညာပြန် နမ်းရှုပ်လိုက်သည့် အဖြစ်ကတော့ တစ်သက်မေ့ရက်စရာမရှိ။

နောက်ရက် ရွာထဲက လူကြီးလေးငါးဦးကိုခေါ် အကျိုးအကြောင်းတိုင်ပင်ကာ ရွာဦးကျောင်းဆရာတော်ဆီသွားပြီး လျှောက်တင်လိုက်သည်။ အလှူသဘောမျိုး ဆွမ်းကပ်၊ သင်္ကန်းကပ်ပြီးတော့ သားဖြစ်သူကို သာသနာ့ဘောင် သွင်းတော့မည်။

ဆရာတော် သတ်မှတ်ရက်ပေးသည့်အတိုင်း သား ပညာရေးအတွက် စုထားသည့် ဝါးကျည်တောက်ကိုခွဲ၊ စုထားသည့် ငွေတွေကိုထုတ်။

ပြီးတော့. . .

ပြီးတော့ လိုတာတွေဝယ်။

သားလေးအတွက် ပရိက္ခရာရှစ်ပါးက အစ ဆွမ်းကျွေးဖို့ အထိ။

"ဟင်း"

ကျော်ဖြတ်ပြီးပြီ ဖြစ်သော အတိတ်ကို ဖြတ်လိုက်ရင်း လက်ထဲက စာကို နောက်တစ်ခေါက် ပြန်ဖတ်မိသည်။ စာက မိမိရဲ့သား ဦးဇင်းလေး ရေးပေးလိုက်သည့်စာ။

သို့

*ဒကာမကြီး*

*ဦးဇင်း စာရေးလိုက်ပါတယ်။ ဒကာမကြီး နေကောင်းရဲ့လား၊ ဒကာမကြီး တစ်ယောက်တည်းနေရတာဆိုတော့ ပျင်းနေမှာတော့ အမှန်ပဲ၊ ဦးဇင်းကတော့ ရန်ကုန်မှာ အခြားဦးဇင်းတွေနဲ့ ပရိယတ္တိစာပေ အတူသင် ဆွမ်းခံအတူထွက်ရင်းနဲ့ ဘာသာရေးအလုပ်တွေ လုပ်နေပါတယ်။ ဦးဇင်းဘာဖြစ်လို့ ဒီလို လုပ်တာလဲဆိုရင် ဒကာမကြီး သိအောင် ပြောပြချင်ပါတယ်။*

*ဒကာမကြီးရေ လူတိုင်း လူတိုင်း ဘဝဆိုတာရှိတယ်။ အချိန်ဆိုတာရှိတယ်။ မွေးခြင်း၊ သေခြင်း ဆိုတာလည်း ရှိတယ်။ ပြီးတော့ အဖေ အမေဆိုတာလည်းရှိတယ်။ အဲဒီ မိဘဆိုတဲ့ အဖေ အမေရဲ့ ကျေးဇူးတွေ ချစ်ခြင်းမေတ္တာတွေဆိုတာလည်း ရှိတယ်လေ။*

*ဘယ်မိဘကမှ ဘယ်သားသမီးရဲ့ တုံ့ပြန်လာမယ့် အကျိုးတရားကို မမျှော်ကိုးကြပါဘူး။ ဘယ်သားသမီးကမှ ဘယ်မိဘရဲ့ ကျေးဇူးတရားကို ပေးဆပ်ကြဖို့ သိတတ်သူ နည်းပါးလိမ့်မယ်။ မိဘဆိုတာ ပေးဆပ်ခြင်းတွေနဲ့ပဲ ဘဝကို နိဂုံးချုပ်သွားတတ်ကြတာလေ။*

*ဒီတော့ ဦးဇင်းပြောချင်တာက ဦးဇင်းမှာ မိဘဆိုတာရှိတယ်။ ဒီမိဘကို ကျေးဇူးဆပ်ရမယ်ဆိုတာ သိပါတယ်။ ဒါကြောင့် ဦးဇင်းအနေနဲ့ သာသနာ့ဘောင်ကို ဝင်ခဲ့တယ်။ သာသနာ့ဘောင်ဝင် သာသနာပြုရင်း အမေ့ကျေးဇူးတွေ အဖေ့ကျေးဇူးတွေကို ဆပ်နေတယ်ဆိုတာ အမေ သိပေးပါလို့ ဒကာမကြီးကို ပြောလိုပါတယ်။*

*ဦးဇင်းကတော့ ဘုရားဝတ်ပြုတိုင်း ဒကာမကြီးရဲ့ ကျေးဇူးတရားတွေကို အောက်မေ့ပြီး ပေးဆပ်နေပါတယ်။ ဒကာမကြီး ကျေနပ်ပါ။*

*အဆင်ပြေရင် သင်္ကန်းတစ်စုံ လောက်ဝယ်ချင်ပါတယ်။ ဖြစ်နိုင်ရင်လည်း ငွေပေးလိုက်ပါ။ မဖြစ်နိုင်ရင်လည်း ရပါတယ်။ အရင်ရက်တွေက ဒကာမကြီးပေးလိုက်တဲ့ စာနဲ့ ပိုက်ဆံလည်း ရပါတယ်။ ဦးဇင်းပေးလိုက်တဲ့ စာနဲ့ စားစရာတွေလည်း ရလိမ့်မယ်လို့ ထင်ပါတယ်။*

*ဒါပါပဲ ဒကာမကြီး။ ကျန်းမာရေး ဂရုစိုက်ပါ။*

*ဦးဇင်း*

*ဇေယျဝတီ စာသင်တိုက်*

မဝိုင်းစိန် စာဖတ်ရင်း ပြုံးမိသည်။ အရင်ရက်တွေကတော့ မကြာခဏဆိုသလို သားဦးဇင်းဆီက စာလာသည်။ စားစရာ မုန့်ပါသည်။ အရင်က စာတွေကတော့ သာမန်ရေးခဲ့သည့်စာ။

ယခုကတော့ ထူးဆန်းနေသည်။ ဘာတဲ့ သာသနာ့ဘောင် ဝင်တာက မိဘ ကျေးဇူးဆပ်ချင်လို့တဲ့။

သားဦးဇင်း ပြောတာ မဝိုင်းစိန် လက်ခံသည်။ သာသနာပြုရင်း မိဘ ကျေးဇူးဆပ်တာ နားလည်သည်။

တကယ်တော့ သားဖြစ်သူ (၁၃) နှစ်အရွယ်မှာ ရှင်ပြုပေးခဲ့သည်။ ကိုရင်ဘဝရောက်သွားခဲ့သည့်သား အိမ်ကို ဆွမ်းခံကြွရုံသာ ကြွခဲ့သည့်သား။

အခြားကိုရင်လေးတွေ၊ အခြား ဦးဇင်းလေးတွေနှင့်အတူ သားကို မြင်ရတော့ ပီတိဖြစ်ခဲ့ရသည့် မဝိုင်းစိန်။

နောက်တော့ သားသည် အခြေခံစာပေများနှင့် ဆယ်စောင်တွဲတွေကို သင်ယူခဲ့ရသည်။ အခြေခံ ပါရမီပါသည့်သားကတော့ သာသနာ့အကျိုးအတွက် သားရဲ့ရည်ရွယ်ချက်ကိုသိထားသည့် ဆရာတော်ကြီးရဲ့ လက်ရုံးဖြစ်ခဲ့သည်ဆိုလျှင် မမှား။

နောက်ပိုင်းတွင်တော့ ရန်ကုန် ဇေယျဝတီစာသင်တိုက် ဇေယျကာရီ ကျောင်းကို ပို့ပေးခဲ့သည်။ ဆရာတော် ဦးပဏ္ဍိစ္စထံ အပ်ပေးခဲ့သည့်နောက် ပရိတ်ကြီး၊ သဒ္ဒါ၊ သင်္ဂြိုဟ် စသည့် အခြေခံပရိယတ္တိစာများ သင်ယူခဲ့သည်။

အငယ်တန်းမှာ သင်ရသည့် ဝိနည်း၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ညဝါ၊ ဗေဒ

www.burmeseclassic.com

ကထာ၊ ဇာတ်အဋ္ဌကထာတို့ သင်ယူနေရသည့်သား ဦးဇင်းလေး။

သားလေး ပထမငယ်အောင်ခဲ့သည်။ နောက်အလတ်တန်းအောင်ခဲ့သည်။ ယခု အကြီးတန်းတက်နေသည်။

သည်တော့ လိုအပ်သည်က ငွေကြေး။ သို့ကြောင့်လည်း မပိုင်းစိန်အနေဖြင့် အချိန်နှင့်အမျှ ကြိုးစားလုပ်ရင်း ရသမျှ ပိုက်ဆံကိုစု၊ သားဆီကို ပို့။

ယခုလည်း သင်္ကန်း တစ်စုံလောက် ဝယ်ချင်ပြီတဲ့။ မပိုင်းစိန် ပျော်သွားသည်။ သားအတွက် ပေးဆပ်ရသည်ပဲလေ။ ဒီပေးဆပ်မှုက ဘုရားတရား သံဃာဆိုသည့် ရတနာသုံးပါးကို ထောက်ပံ့တာနှင့် အတူတူပင်။

"ရရပါစေမယ် သားဦးဇင်းရယ်၊ အမေ ကြိုးစားပြီး ငွေရှာပါမယ်"

တွေးရင်း သားဦးဇင်းဆီက ပေးပို့သည့်စာများကို ခေါင်းအုံးအောက်ထည့်လိုက်သည်။ သားဦးဇင်းရဲ့ စာတွေက အများကြီး။

"ဟဲ့ မယ်ပိုင်းစိန် သားဦးဇင်းဆီက စာလာတယ်ဆို"

ဘေးအိမ်က မအေးမြိုင်မှ မေးလာသည်။

"ဟုတ်တယ် မယ်အေးမြိုင်ရေ စာလိုက်နိုင်တယ်၊ ရန်ကုန်မှာ ပျော်တယ်တဲ့၊ အကြီးတန်းလဲ ဖြေရတော့မယ်တဲ့လေ၊ ပြီးရင် ဘွဲ့တံဆိပ်တော်တွေရအောင် ကြိုးစားမယ်တဲ့၊ တောင်တန်းသာသနာပြုလုပ်ငန်းတွေလဲ လုပ်မယ်တဲ့"

"အေး အေး ဝမ်းသာစရာပဲ၊ ညည်းကတော့သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ဆိုသလို မွေးရကျိုးနပ်ပါပေ့အေ"

မယ်အေးမြိုင် စကားကြောင့် သားဦးဇင်းအတွက် ဂုဏ်ယူမိသည်။ ကျေနပ်မိသည်။ စုထားသည့်ငွေအချို့ကို ရေတွက်မိပြန်သည်။

အတော်အသင့်ရနေပြီ။သင်္ကန်းဖိုးရတော့မည်။ အကြီးတန်းအတွက် လိုအပ်တာတွေ ဝယ်ဖို့လည်း ပေးလိုက်ချင်သေးသည်။

သည်တော့ ထုံးစံအတိုင်း ထင်းခုတ်ပြီးရောင်းရဦးမည်လေ။ အရင်ရက်က ခုတ်ပြီးသော ထင်းတွေက ရောင်းလို့ ကုန်သွားပြီ။ အချို့စား အချို့စုရင်းနှင့် နေ့ရက်တွေကိုကျော်လွှားခဲ့ရသည့် ပိုင်းစိန်။ လင်သားရှိစဉ်က ကိုင်ခဲ့သည့် ဓားမကိုယူ လင်ဖြစ်သူ ဝတ်ခဲ့ပြီး သူမရှိသည့်နောက် ခေါင်းပေါင်းလုပ်ခဲ့သည့် ပုဆိုးအကွက်ကျားကို ယူလိုက်သည်။



နေစောင်းနေပြီ။ ဝန်းကျင်က သာယာဆဲ။ နေမင်းသည် တိမ်တိုက်တို့အကြား ဝင်ပုန်းလိုက်၊ ထွက်လာလိုက်။ ငှေ့ဗျိုင်းဖြူ တစ်အုပ်က တောင်မှ မြောက်သို့ ပျံနေကြသည်။

နေပူသည်၊မိုးအုံ့သည်က မဆန်းတော့ချေ။ မပိုင်းစိန်အတွက် မထူးခြားတော့။

ဝါရွှေရွှေ မြတ်သင်္ကန်းအစုံရုံပြီး သပိတ်ပိုက်နေသည့် သားရဲ့ ပုံရိပ်ကို မြင်မိပြန်တော့။

ထင်းခုတ်ထွက်လာသည့် မပိုင်းစိန်ရဲ့ ခြေလှမ်းတွေက ခပ်သွက်သွက်။

ရွာနှင့် အတော်ဝေးခဲ့ပြီ။

ကဇာတန်းမှာတော့ နဘူးပင်၊ မိုးနံ့ပင်၊ ချင်းရဲပင်၊ ဘောက်ခွေးပင်တွေက အပြိုင်အဆိုင်။

မပိုင်းစိန်က ထဘီကို တိုတို ပြင်ဝတ်သည်။ လက်ထဲက ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ချင်းရဲပင်၊ ဘောက်ခွေးပင်များကို ခုတ်သည်။

ပြီး အဖျားကိုင်းများကို ဓားနှင့် ပယ်လိုက်သည်။ ပြီးသည်နှင့် တစ်ပင်ချင်း တစ်ချောင်းချင်းပုံသည်။

နာရီဝက်အကြာ၊ ခေါင်းတစ်ရွက်စာ ထင်းတစ်စည်းရတော့မည်။

"လေးငါးပင် ခုတ်ပြီးရင် ပြည့်ပြီ ပြန်မှပဲ"

တွေးရင်းခုတ်နေသည့် မပိုင်းစိန်။ ဓားခုတ်သံက တဖြောင်းဖြောင်း။

"အမေ"

"ဒကာမကြီး"

ရုတ်ခြည်း ကြားလိုက်ရသည့် အသံ။

"ဟင်"

ပတ်ဝန်းကျင်ကို ကြည့်မိသည်။ တကယ်တော့ စိတ်စွဲပြီး သား ဦးဇင်းလေးက ခေါ်လိုက်သည့်အသံဟု ထင်နေမိသည်။

"ဟင်း"

သက်ပြင်းမော ချလိုက်သည်။

"သားဦးဇင်းလေး နေကောင်းရဲ့လား၊ စောစောက ငါ့နားထဲ သားဦးဇင်းလေး အသံလိုလို"

စိတ်ကို ဖြေလျှော့ရင်း ထင်းကို ဆက်ခုတ်လိုက်သည်။ ခုတ်ပြီးသား ချင်းရဲပင်ကို အခြေမှဆွဲကာ ယူလိုက်သည်။

"အား"

ချင်းရဲပင်သည် အကိုင်းအောက် သိပ်မရှိ။ သို့သော် စူးကောင်းလို့ ချွန်



www.burmeseclassic.com

www.burmeseclassic.com

ထက်သည့် အကိုင်းများပါသည်။ အရွက်ကတော့ ခပ်ကျဲကျဲ အပင်မျိုး။

ပင်စည်ခြေတွင်ရှိ အချွန်တစ်ခုက မဝိုင်းစိန်ရဲ့ မျက်လုံးကို ထိမိသွားသည်။ ယောင်ရမ်းပြီး ဘယ်ရော ညာပါ လွှတ်ချလိုက်သည်အထိ နာကျင်သွားသည်။ လက်နှင့် မျက်လုံးကို အုပ်ထားလိုက်သည်။

"ဟင်"

ခိုက်မိသည့် မျက်လုံးက မမြင်ရတော့။ အုပ်ထားသည့်လက်တွင် စွန်းထင်နေသည့် အရာများကို ကျန်တစ်ဖက်နှင့် မရဲတရဲ ကြည့်မိသည်။

"ဟင် သွေးတွေ"

မှန်သည်။

မျက်လုံးက သွေးတွေ။

"ငါ့မျက်လုံး ကန်းပြီ"

"သွားပြီ"

မဝိုင်းစိန် ဘာလုပ်ရမည်မသိ။ မျက်လုံးက မမြင်ရတော့။ သွေးတွေက ထွက်နေသည်။ ဓားနှင့် ထင်းတွေကို သတိမရနိုင်တော့။ ပုဆိုးကိုယူ မျက်လုံးတစ်ဖက်ကို ပိတ်ရင်း ရွာဆီပြန်လာခဲ့သည့် မဝိုင်းစိန်။

အတော်ကြာသည်နှင့် ရွာထဲဝင်လာသည်။

"ဟင် မဝိုင်းစိန် ထင်းလဲမပါဘူး"

"ဘာဖြစ်လာတာလဲ"

"မျက်နှာမှာလဲ သွေးတွေနဲ့"

"ကျုပ် မျက်လုံး ခိုက်မိလို့"

သည်လောက်သာ ပြောသည်။ အိမ်အရောက်မှာတော့ တစ်ယောက်စကား တစ်ယောက် သိသွားကြပြီ။ စိတ်ကောင်းစွာဖြင့် ရပ်ရွာထုံးစံအတိုင်း လာမေးကြသည်။

"ဝိုင်းစိန် မျက်လုံး ခိုက်မိလို့တဲ့"

"မျက်လုံးတစ်ဖက် ပျက်သွားပြီ"

"ဆေးရုံပို့မှ ဖြစ်မှာ"

ဘေးအိမ်ကလူတွေ၊ ဆွေမျိုးကောင်းသူတွေ ရောက်လာသည်။ အမျိုးမျိုးပြောနေကြသည်။

မဝိုင်းစိန်ကတော့ လုံးဝ မညည်းတွားခဲ့။

ရွာဦးကျောင်းဆရာတော်ပါ သိသွားပြီး အိမ်ကို ကြွလာသည်။

နောက်တွင်တော့ မြို့ဆေးရုံကို သွားဖို့ လှည်းပြင်ရသည်။ ကာလသားအချို့နှင့် မိန်းမအချို့ ဆေးရုံလိုက်ခဲ့ကြသည်။

လှည်းပေါ်အရောက် အိမ်မှာ အစောင့်အဖြစ် ကျန်ရစ်သည့် မိပြားကို မှာသူက မဝိုင်းစိန်။

"ဟဲ့ မိပြား"

"တော်"

"ငါ့ခေါင်းအုံးအောက်မှာ ပိုက်ဆံရှိတယ်၊ သား ဦးဇင်းဆီက စာတွေလဲ ရှိတယ်"

"ဟုတ်ကဲ့"

"အဲဒါ စာတွေကို လုံးဝ မထိနဲ့၊ ပြီးတော့ ရှိတဲ့ပိုက်ဆံတွေကို ရန်ကုန်ပြန်ကြွမယ့် ဦးဇင်းဆီပေးလိုက်၊ ပြီးတော့ ငါ့ကိုယ်စား သားဦးဇင်းလေးဆီ စာရေးပေးလိုက်"

"ဟုတ်ကဲ့"

မိပြားက ငေးကြောင်ကြောင် ကြည့်ရင်း ဖြေသည်။

ဘေးလူများက ရင်သပ်ရှုမောနားထောင်ရင်း မဝိုင်းစိန်၏ သားဦးဇင်းအပေါ် ထားရှိသည့် အချစ်တွေကို အဖြေရှာတွေ့နေကြသည်။

"ပြီးတော့"

"ဟုတ်ကဲ့"

"သင်္ကန်းဖိုးရော စာအုပ်ဖိုးပါ ပေးလိုက်တယ်လို့"

"ဟုတ်"

"လိုအပ်ရင်လဲ အမေ့ဆီ ငွေထပ်မှာလို့"

"ဟုတ်"

"ငါမှာတာတွေ မမေ့နဲ့နော်"

"မမေ့ပါဘူး"

"သြော် ပြီးတော့ သားဦးဇင်းကို ပြောလိုက် အမေ နေကောင်းတယ်လို့"

"ဟုတ်ကဲ့"

"အမေ့အကြောင်း ဘာကိုစွပ်ကြားကြား ရွာကို ပြန်ကြွမလာနဲ့လို့ ထည့်ရေး"

"ဟုတ်ကဲ့"

"အကြီးတန်းက သန်ဘက်ခါ ဖြေရတော့မှာ"

"စိတ်ချပါ"

"သင်္ကန်းဝယ်ဖို့ ပိုက်ဆံပို့လိုက်တာလဲ ပါပစေနော်"

မိပြားက ခေါင်းညိတ် အဖြေပေးသည်။ မဝိုင်းစိန် မမောနိုင်၊ မပန်းနိုင် ပြောနေပေမယ့် မိပြားမောနေသည်က အမှန်။ ဘေးလူတွေ ရင်မောနေသည်ကလည်း အမှန်။

"ပြီးတော့ ငါ့အမည်လဲ ရေးလိုက်နော်၊ ချစ်ရတဲ့ အမေဆိုတာထည့်ရေး"

"ဟုတ်"

မဝိုင်းစိန်ကို တင်ပြီးမောင်းသွားသည့် လှည်းကိုကြည့်ရင်း ရွာက လူတွေ ငေးပြီး ကျန်ရစ်ခဲ့ အချိန်မှာတော့ မဝိုင်းစိန်တစ်ယောက် အဝေးကို ရောက်သွားခဲ့ပြီ။

သားဦးဇင်းလေးရယ် သားဦးဇင်းလေးတောင်းတဲ့ သင်္ကန်းဖိုး လိုချင်တဲ့ ဆန္ဒထက် အမေ့နှလုံးသားထဲကသင်္ကန်းဖိုး ပေးချင်တဲ့ဆန္ဒက ပိုပြီးပြင်းထန်ပါတယ် သားရယ်။


မဝိုင်းစိန် တွေးရင်း မျက်စိကို အုပ်ကာ ကျန်တစ်ဖက်က ရွာဆီကို ကြည့်နေမိသည်။ ထိုအကြည့်ရပ်ဝန်းထဲမှာတော့ ရွာက ခပ်ရေးရေး။ သားဦးဇင်းလေးရဲ့ ပုံရိပ်က ထင်ထင်ရှားရှား။

❒ ထူးအုံ့ဝေ(ဓနုဖြူ)



www.burmeseclassic.com

www.burmeseclassic.com



ရောဝတီတိုင်းဒေသကြီး၏ ဒေသတစ်နေရာတွင် နတ်စားသော မျိုးနွယ်စုတစ်ခုရှိခဲ့၏။ ထိုမျိုးနွယ်တို့၏ ဓလေ့ရိုးရာမှာ အိမ်ထောင်ပြုပြီးသည်နှင့် ထိုဇနီးမောင်နှံတို့မှာ ရိုးရာနတ်ကို ပူဇော်တင်မြှောက်သည့် အနေဖြင့် နတ်စားကြရသည်။ နတ်စားသည်ဆိုရာ၌ အိမ်ထောင်ပြုပြီး ဇနီးမောင်နှံတို့ အိမ်ခွဲပြီးသည့်နှစ်မှာပင် ကြက်ဖို၊ကြက်မ၊

# ရဲရဲဝင်း (ဟားဗတ်)

# နတ်မစားရ၍ နတ်စားခံရသူများ



www.burmeseclassic.com

www.burmeseclassic.com

အရက်တို့ဖြင့် ရိုးရာနတ်ကို တင်မြှောက်ကြရသည်။ ထိုအမှုကို ရွာထဲရှိ နတ်ဆရာမှ လာရောက်ပသပေးရသည်။

ကြက်ဖို၊ ကြက်မ တစ်စုံကို အမွေးနုတ် ရင်ခွဲ၍ အူအသည်းထုတ်ရသည်။ ထို့နောက် အဆိုပါ ကြက်ဖို၊ ကြက်မကို ခေါင်းခြေထောက် စုံလင်စွာဖြင့် ပြုတ်ရသည်။ အသည်းကလီစာများကို ချက်ထားရသည်။ ကြက်ဖို၊ ကြက်မ နူးသည်နှင့် ဇလုံကြီးထဲတွင် အင်္ဂါအစုံ ထည့်ထားပြီး ကလီစာကို ဟင်းခွက်ဖြင့် ခပ်ထည့်ထားရသည်။

နံနက် နေထွက်ချိန်တွင် နတ်ဆရာက စားပွဲခင်း၍ ကြက်ဖို၊ ကြက်မ ပွဲနှင့် အရက်ပုလင်းတို့ဖြင့် သက်ဆိုင်ရာ ရိုးရာနတ်ကို ရွတ်ဆိုတင်မြှောက်ရသည်။

"ရိုးရာကို စောင့်ရှောက်သော နတ်ဒေဝါ အပေါင်းတို့အား ဤဇနီး မောင်နှံတို့က ထုံးတမ်းစဉ်လာ မပျက် ရိုးရာကိုတင်မြှောက်ပူဇော်ပါသည်၊ ဆန်ရေစပါး များများထွက်အောင် စောင့်ရှောက်ပေးပါ၊ ဘေးဥပဒ်အန္တရာယ်များကိုလဲ တားဆီးပေးပါ၊ နှစ်စဉ်မပျက် တင်မြှောက်ပူဇော်ပါ့မယ်၊ အို.. ရိုးရာကို ပိုင်စိုးသော အရှင်သခင် အပေါင်းတို့ခင်ဗျား"

နတ်ဆရာက ထိုသို့ရွတ်ဆို တင်မြှောက်ပြီး အရက်ပုလင်းကို မြှောက်၍ အနည်းငယ် သွန်ချလိုက်သည်။ ထိုနတ်ဆရာကို အရက်တစ်ပုလင်းနှင့် ကြက်အရှင်တစ်ကောင် ကန်တော့ရသည်။

နတ်ဆရာ ပြန်သွားပြီးနောက် အိမ်ထောင်ဦးစီးမှ ကြက်ဖို ကြက်မ အစုံကို တစ်စစီဖဲ့၍ ဇလုံကြီးထဲတွင် ကလီစာဟင်းပွဲနှင့်ရောမွှေပြီး အိမ်ရှိ မိသားစုအားလုံးဝိုင်းစားသောက်ကြသည်။ ထိုမိသားစုသည် နှစ်စဉ် မပျက်မကွက် နတ်စားကြရတော့သည်။ ထိုထုံးတမ်းစဉ်လာကို မျိုးနွယ်စုတို့က စောင့်ထိန်းလိုက်နာရသည်။ မဟုတ်ပါက နတ်များ စိတ်ဆိုး၍ အမျိုးမျိုးအနှောင့်အယှက် ပေးကြသည်ဟုလက်ခံယုံကြည်ကြသည်။

အဆိုပါမျိုးနွယ်စုမှ အိမ်ထောင်တစ်ခုသည် ဝက်မွေးပြီဆိုလျှင် ထိုဝက်ကို နတ်ဝက်အဖြစ် သတ်မှတ်၍ ဝက်သားဖြင့် နတ်စားကြရပြန်သည်။ ဝက်တစ်ကောင်ကို စတင် မွေးလာခဲ့ရာမှ နှစ်ပေါက်အရွယ်သို့ ရောက်လာလျှင် နတ်စားရန် ပြင်ဆင်ကြရသည်။ ဝက်ကို နတ်စားရာတွင် အချိန်ကာလ မသတ်မှတ်သော်လည်း ကောက်ရိတ်သိမ်းချိန်တွင် နတ်စားလေ့ရှိကြသည်။ ဝက်ကို နတ်စားမည့်နေ့တွင် အိမ်သားအားလုံး ခရီးမထွက်ကြဘဲ အိမ်တွင် လူစုံရှိနေရသည်။ ညဦးကတည်းက ဝက်ကို ရေချိုးသန့်စင်ထားပြီး အစာကောင်းမွန်စွာ ကျွေးမွေးထားရသည်။ နံနက်လင်းသည်နှင့် ထိုဝက်ကိုသတ်ရသည်။ ထို့နောက် ရေနွေးဖြင့် အမွေးခြစ်ပြီး ပြောင်စင်နေရသည်။ ထိုသန့်ရှင်းနေသော ဝက်အသေကောင်ကို စင်ပေါ်တွင်တင်၍ ပထမဦးစွာ ခေါင်းကို ဖြတ်ရသည်။ ထိုခေါင်းမှ နားရွက်၊ နှာသီးခေါင်း စသည်တို့ကို လှီးဖြတ်ယူထားရသည်။ ထိုဝက်ကို ရင်ခွဲ၍ ဝမ်းတွင်းသား ကလီစာများကို ထုတ်၍ အသည်း၊ နှလုံး စသည်ဖြင့် စုံလင်အောင် ဖြတ်လှီးယူထားရသည်။

ဖြတ်လှီးယူထားသော ခေါင်းသားနှင့် ဝမ်းတွင်းသားများကို ဆေးကြောသန့်စင်ပြီး နတ်စားရန် ပြင်ဆင်ထားရသည်။ ကျန်သော အသားများကို ရောင်းတန်ရောင်း၊ ဝေမျှတန် ဝေမျှ အလှူသဘောမျိုး ပြုလုပ်ကြသည်။

သီးသန့်ဖယ်ထားသော အသားများကို နူးနေအောင်ပြုတ်ပြီး အိမ်ထောင်ဦးစီးမှ ရိုးရာနတ်စားရသည်။ တခြားသူစိမ်း မပါဝင်စေရဘဲ မိမိတို့ အိမ်သားအားလုံး ဝိုင်းဖွဲ့၍ စားသောက်ကြသည်။ ထိုနတ်စားပြီးသည့်နောက် အန္တရာယ်ကင်းပြီဟု သတ်မှတ်ကြသည်။ နတ်ဆရာမလိုဘဲ အိမ်တွင် ဦးစီးသူက တင်မြှောက်ရသည်။ ဝက်မွေးနေသရွေ့ နှစ်စဉ် နတ်စားကြရသည်။ နတ်မစားမိပါက အန္တရာယ် တစ်စုံတစ်ရာ ကျရောက်တတ်သည်ဟု အယူရှိကြသည်။

ထို့ကြောင့် ထိုမျိုးနွယ်စုတို့သည် ရှေးရိုးစဉ်လာမပျက် ကြက်ဖို ကြက်မနှင့် နတ်စားခြင်း၊ ဝက်မွေးပါက တစ်နှစ်တစ်ကြိမ် နတ်စားခြင်းတို့ကိုလည်းမပျက်မကွက် ဆောင်ရွက်လေ့ရှိကြသည်။

အဆိုပါရွာသည် ယခင် ဖိုးခေါင်ကြီး ဆိုသူမှ စတင်ရွာတည်ခဲ့သဖြင့် ဖိုးခေါင်ကြီးရွာဟု အမည်တွင်ခဲ့သည်။ အိမ်ခြေ (၃၀)ခန့်ရှိပြီး လယ်ယာလုပ်ငန်းနှင့် ကျပန်းကြုံရာအလုပ်များဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြရသည်။ ရိုးရာဓလေ့အရ နတ်စားသည့် ရွာလည်း ဖြစ်သည်။

ဇလွန်မြို့နယ်သည် မတ်ပဲနှင့် ကိုင်းသီးနှံတို့ အထွက်များသည်။ မာန်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး ရှိသဖြင့်လည်း ထင်ရှားသော မြို့တစ်မြို့ ဖြစ်သည်။ ဖိုးခေါင်ကြီးရွာလေးမှာ ဇလွန်မြို့နှင့် အလှမ်းကွာဝေးပြီး ရိုးသားသော ကျေးရွာသူ ကျေးရွာသားတို့မှာ အေးချမ်းစွာဖြင့် နှစ်ပေါင်းများစွာ နေထိုင်လာခဲ့ကြသည်။

တစ်နေ့တွင် ဖိုးခေါင်ကြီး ရွာလေး၌ ထိတ်လန့်အံ့ဩဖွယ် ကောင်းသော ရာဇဝတ်မှုကြီးတစ်ခု ဖြစ်ပွားခဲ့သည်။ အကြောင်းမှာ သားဖြစ်သူက အမေအရင်းကို ရက်ရက်စက်စက် ရင်ခွဲသတ်သည့် အကြောင်းပင် ဖြစ်သည်။ တစ်နယ်လုံး ဟိုးဟိုးကျော်သွားခဲ့ပြီး မျက်မြင်တွေ့ခဲ့သူများကလည်း ၎င်းတို့၏ အတွေ့အကြုံကိုပြန်ပြောခဲ့ကြသည်။

ကိုစောနှင့် မနန်းတို့မှာ လက်လုပ်လက်စား ဘဝဖြင့် အချိန်တန် အရွယ်ရောက်သော် နှစ်ဦးသဘောတူ လက်ထပ်ထိမ်းမြားခဲ့ကြသည်။ ကိုစောမှာ လယ်ကူလီလုပ်ရင်း ဖားရှာငါးရှာရင်း မိန်းမကို လုပ်ကျွေးခဲ့သည်။ အိမ်ထောင်သက် ငါးနှစ်အရောက်တွင် သားတစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်ကို မွေးဖွားခဲ့သည်။ ထိုနှစ်က ရိုးရာဓလေ့ ထုံးတမ်းစဉ်လာ အရ ကြက်ဖို၊ ကြက်မနှင့် နတ်ပူဇော်ခဲ့သော်လည်း နှစ်တိုင်း နတ်မစားနိုင်ခဲ့သည့်အတွက် ကိုစောက အလုပ်ကို ပို၍ကြိုးစားလုပ်သည်။

"ငါတို့ ဝက်မွေးကြရအောင်ကွာ"

ကိုစော မနန်းကို တိုင်ပင်သည်။

"ဝက်မွေးတာတော့ ဟုတ်ပါပြီ၊ သားလေးဖိုးထောင်ကို ကျောင်းထားရဦးမယ်၊ ဘယ်မလဲ ပိုက်ဆံ၊ ပြီးတော့ ဝက်မွေးရင် နတ်စားဖို့လဲရှိတယ်၊ ယောက်ျားစဉ်းစားလုပ်နော်"

မိန်းမဖြစ်သူက အခြေအနေကို ရှင်းပြသည်။

"ဘာပဲဖြစ်ဖြစ်ကွာ၊ ငါ မွေးဖြစ်အောင်မွေးမယ်"

ဒီလိုနှင့် ကိုစောတို့မိသားစုတွင် ဝက်လေးတစ်ကောင် မွေးဖြစ်ခဲ့သည်။ ထိုဝက်မွေးပြီး တစ်နှစ်အကြာတွင် ကိုစော ကျန်းမာရေး မကောင်းသဖြင့် ဝက်ကိုရောင်း၍ ဆေးကုရသည်။ ပထမဆုံး ဝက်မွေးခဲ့သော်လည်း နတ်မစားဖြစ်ခဲ့ပေ။ ဖိုးထောင်လေးလည်း အရွယ်ရောက်လာသည့်အတွက် ကျောင်းထားပေးခဲ့ရသည်။

ကိုစောက အားမလျှော့၊ နောက်ထပ် ဝက်တစ်ကောင် မွေးပြန်သည်။ ထိုဝက်ကို ရောင်းချလိုက်ပြီး နောက်ထပ်ဝက်တစ်ကောင် မွေးပြန်သည်။ ထိုဝက်ကိုတော့ နတ်စားမည်ဟု ရိုးရာနတ်တို့ကို တောင်းပန်ထားခဲ့သည်။

သို့သော်လည်း စီးပွားရေးကျပ်တည်းပြီး ကျန်းမာရေးမကောင်းသဖြင့် ထိုဝက်ကိုလည်း ရောင်းချပစ်လိုက်တော့သည်။ ထိုနှစ်တွင် ကိုစော ကွယ်လွန်ခဲ့သည်။ ရပ်ကွက်ထဲမှ သက်ကြီးရွယ်အိုအချို့က ရိုးရာနတ် ကိုင်သည်ဟု ဆိုကြသည်။ ဖိုးထောင်သည် မိခင် မုဆိုးမကြီးကို လယ်ကူလီလုပ်ရင်း လုပ်ကျွေးခဲ့သည်။ မိခင်ကြီးဒေါ်နန်းမှာလည်း ကျန်းမာရေး သိပ်မကောင်းသဖြင့် ဆေးကုသစရိတ် ရှာဖွေမလောက် ဖြစ်ခဲ့ရသည်။

"အမေ ကျွန်တော်ဝက်မွေးမယ်"

ဖိုးထောင်၏စကားကြောင့် ဒေါ်နန်း ထိတ်လန့်သွားသည်။ သူ့အဖေကိုစော၏ မျက်နှာကိုလည်း ပြေးမြင်ယောင်မိသည်။

"ဝက်မမွေးပါနဲ့ သားရယ်၊ တို့မှာ နတ်မစားနိုင်ဘဲ ဝက်မွေးတော့ နင့်အဖေလို နတ်ကိုင်မှာ စိုးပါတယ်ကွယ်၊ မမွေးပါနဲ့နော်"

"အမေ. . ကျွန်တော်ကတော့ ဘာမှ အယုံအကြည်မရှိပါဘူး၊ အဖေသေတာကလဲ ကျန်းမာရေးမကောင်းလို့ ဖြစ်ရတာပါ၊ ကျွန်တော်ကတော့ မွေးရမှာပဲ၊ ဘာကြောက်နေရမှာလဲ"

ဖိုးထောင်က ဖွတ်တရွတ်သမားဖြစ်သည်။ ဘာကိုမှ အယုံအကြည် အကြောက်အလန့်မရှိ။ အရက်သေစာလေးကလည်း မူးလာပြီဆိုရင် ဘယ်သူ့ကိုမှ လူမထင်တော့၊ ဓားကြိမ်း ကြိမ်းနေတတ်သည်။ ဖိုးထောင် ဝက်မွေးတော့ ရွာမှလူကြီးများက ဖိုးထောင်ကို မလွဲမသွေ နတ်စားရန် ပြောကြသည်။

"အဲဒါတွေ အလကားပါဗျာ၊ ရှေးတုန်းက အယူအဆတွေပါ။ဖိုးထောင်တို့ခေတ်မှာ အဲဒါတွေမရှိတော့ဘူး၊ မပူစမ်းပါနဲ့ ဘကြီးရာ၊ ဘာမှ မဖြစ်ပါဘူး"

ဖိုးထောင်က ဘကြီး ဘထွေးများကို တုံ့ပြန်စကားဆိုခဲ့သည်။ ထိုဝက်မွေးပြီး တစ်နှစ်ခန့်အကြာတွင် ဖိုးထောင်သည် နတ်မစားဘဲ ဝက်ကိုရောင်းချလိုက်သည့်အတွက် အမေ ဒေါ်နန်းမှ ဆူပူခဲ့သည်။ ဘကြီးဖြစ်သူဦးကြီးမောင်မှ ဖိုးထောင်ကို ခေါ်၍သတိပေးပြန်သည်။

ထိုနေ့က ဖိုးထောင် စိတ်ညစ်ညစ်နှင့် အရက်သောက်လာသည်ဟု ဆိုကြသည်။ ရွာလယ်တွင် ဓားမ ခါးထိုး၍ ဆဲဆိုသွားသည်ကိုလည်း တွေ့လိုက်ရသည်။ ညနေစောင်းခဲ့ပြီ ဖြစ်၏။

"အမယ်လေး . . . လာကြပါဦး၊ ဒီမယ် ဖိုးထောင် ကျွန်မကို သတ်နေပါတယ်"

နေဝင်တော့မည် ဖြစ်သည်။

ဒေါ်နန်း၏ အော်သံကြားသဖြင့် အိမ်နီးနားချင်းများမှ မဝံ့မရဲ ချဉ်းကပ်လာကြသည်။ မြင်ကွင်းကား မမြင်ရက်၊ မကြည့်ရက်စရာ ဖြစ်သည်။

ဖိုးထောင်သည် ဓားမကြီးကို ကိုင်၍ ဒေါ်နန်းကို ခုတ်ထစ်နေသည်။ ဝက်တစ်ကောင်ပေါ် (သတ်)နေသကဲ့သို့ ဖြစ်သည်။ ဇလုံကြီးထဲတွင် ဒေါ်နန်း၏ အသည်းနှလုံးတို့ တဆတ်ဆတ် တုန်နေဆဲ ဖြစ်သည်။ တခြားဇလုံတစ်ခုတွင် ဒေါ်နန်း၏ နားရွက်၊ နှုတ်ခမ်းတို့ကို ဖြတ်တောက်ထည့်ထားသည်။

ဒေါ်နန်း၏ ရုပ်အလောင်းကား ရင်ကိုခွဲထားသော ဝက်တစ်ကောင်ကဲ့သို့ ရှိနေသည်။ ဖိုးထောင်မှာ လူစိတ်ပျောက်နေသည်။ တစ်စုံတစ်ယောက် ဝင်စီးနေသကဲ့သို့ ထင်ရသည်။

"ကိုင်း. . . မှတ်ပြီလား၊ ငါ့ကို ဘာထင်သလဲ၊ ငါ့ကို မရိုမသေလုပ်တဲ့ဟာတွေ သေစမ်း၊ သေကြစမ်း၊ ဟားဟား. . . ဟား"

အသံမှာ ဖိုးထောင်၏ နဂိုအသံမဟုတ်။ အဘွားကြီး တစ်ယောက်က ပြောနေသည့် အသံမျိုး ဖြစ်နေသည်။

တစ်ရွာလုံး ဝိုင်းအုံကြည့်နေကြသော်လည်း ဘယ်သူမှ ဝင်မဆွဲဝံ့၊မတားဝံ့ခဲ့ချေ။ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များရောက်လာပြီး ဖိုးထောင်ကို ဖမ်းဆီးခေါ်ဆောင်သွားကြသည်။ နတ်က ဖမ်းစားသွားခြင်း ဖြစ်ပေမည်။ ထိုအခါမှ ဖိုးထောင်သည် သတိပြန်ရသည့် အနေအထားဖြင့် . . .


"အမေ ကျွန်တော် လုပ်တာမဟုတ်ပါဘူး အမေ၊ ကျွန်တော် ဘာမှ မသိပါဘူး၊ အမေ. . . အမေရေ"

ဖိုးထောင်၏ နောက်ဆုံး အမေကို တမ်းတသည့် အော်ဟစ်သံသည် တစ်ရွာလုံးကို ဖုံးလွှမ်းသွားတော့သည်။

❐ ရဲရဲထွန်း(ဟသာ်တ)

မှတ်ချက်။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလတွင် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန် ဖြစ်ပါသည်။

www.burmeseclassic.com



# ချစ်ဝကွာခရီးစဉ် (၈)

ဦးသိန်းဂို (ကြို့ပင်ကောက်)

တနင်္ဂနွေနေ့တစ်နေ့။ မိုးရာသီ၏အလယ် တော်သလင်းလ မပြည့်မီ စိုစွတ် ထိုင်းမှိုင်းသလိုလိုနဲ့ ပူပြင်းမှုကို ရံဖန်ရံခါ ကျွန်ုပ် ခံစားနေရ၏။ ဥတ္တရယာဉ်စွန်းတန်း အပေါ် နေဟူသော သူရိယနေမင်းကြီး တည့်တည့်ကျရောက်ခါနီး စက်တင်ဘာ (၂၀)ရက်နေ့ ပတ်ဝန်းကျင် ဖြစ်၏။ ဖြုန်းခနဲ ရွာချင်ရွာလိုက်၊ ဖြုန်းခနဲ ရပ်ချင်ရပ်၊ ဩဇာသီးများပင် ကျွန်ုပ်တို့ဒေသမှာလှိုင်လှိုင်ပေါ်နေလေပြီ။ ရာသီဥတုနှင့် ဩကာသ လောက၏ သစ်ပင်၊ ရာသီပေါ် သီးနှံ့ငှု့ည ၌ အထူး လိုက်လျောညီထွေသော အခါသမယပင်။



www.burmeseclassic.com

www.burmeseclassic.com

နံနက်ပိုင်းဧည့်သည်များကို လက်ခံတွေ့ဆုံပြီး အနားယူလျက် နံနက်စာကို ကျွန်ုပ် အာရုံရောက်သွား၏။ အာရုံရောက်သွားသည့်အတိုင်း နံနက်စာဖြင့် ကျွန်ုပ်၏စိတ်အာရုံကို ပြောင်းလဲလိုက်၏။ တဖြည်းဖြည်း မွန်းတည့် (၁၂)နာရီ ကျော်လေပြီ။ ကျွန်ုပ်လည်း လုပ်ငန်းခွင်အနားရှိ ပက်လက်ကုလားထိုင်တွင် ခေတ္တအနားယူနေလိုက်၏။

ထိုစဉ် အိမ်ရှေ့မှာ ကားတစ်စင်း ထိုးရပ်လိုက်၏။ ပြီးနောက် ခံ့ခံ့ညားညား အမျိုးသားတစ်ဦးနှင့် အသက်ငယ်ငယ် ကလေးမလေးတစ်ဦးတို့ ဆင်းလာ၏။ သားအဖဖြစ်ဟန်တူ၏။ ကျွန်ုပ်၏လုပ်ငန်းစားပွဲသို့ ရောက်လာ၏။

"ကျွန်တော်က ရန်ကုန်ကပါ မြောက်ဒဂုံက ဦးမြင့်ကျော်နဲ့ဆက်ပြီး အရေးတကြီးကိစ္စရှိလို့ လာတာပါ။ ဦးမြင့်ကျော်က လိုက်တော့မလာနိုင်ဘူးဗျာ၊ အဲဒါခင်ဗျာ. . ."

အဆိုပါ ဧည့်သည်အမျိုးသားက စကားပလ္လင် ခံလိုက်ခြင်း ဖြစ်၏။

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

"ဒီလိုပါ ဆရာ့ကိုတော့ ဦးမြင့်ကျော်ပြောထားလို့ သိထားပါပြီ၊ ယခုကိစ္စက ကာယကံရှင်က ပါမလာဘူးဗျာ၊ ဆရာ့ကို ခုပဲ ရန်ကုန်ကို ပင့်ဖို့ပါပဲ၊ ကျွန်တော်တို့ကို ယုံပါတယ်နော်၊ ကျွန်တော့်နာမည် မြတ်စိုးပါ"

ကျွန်ုပ် စဉ်းစား၏။ မြောက်ဒဂုံက ဦးမြင့်ကျော်ဆိုတဲ့ လူရင်းကို အကြောင်းခံလာတော့ မငြင်းသာ၊ ငြင်းလည်း ငြင်းချင်၏။ ကြားဖူးနားဝအရ ကျွန်ုပ်အား မကောင်းကြံတဲ့ စိတ်နဲ့ ခေါ်တာလည်း မဟုတ်နိုင်ချေ။ ဒါပေမယ့် သူ့ကားနံပါတ် သဲလွန်စတော့ မှတ်ထားဦးမှ ဖြစ်ချေမည်။ တစ်ခါမှလည်း မြင်ဖူးတဲ့သူ မဟုတ်၊ ကိစ္စကလည်း ဘာမှန်း မသိချေ။ အတွေးဝက်ပါမှာ ချာချာလည်နေ၏။

"ကိစ္စက အရေးကြီးလို့လားဗျာ"ဟု ကျွန်ုပ်က ခပ်အေးအေးပင် မေးလိုက်၏။

"ကိစ္စကတော့ ကျွန်တော် အတွင်းကျကျ မသိဘူး၊ တကယ့်ကို အရေးကြီးတယ်တဲ့ဗျာ၊ အားတော့နာပါတယ်။ အဝေးကြီးက အားကိုးတကြီး လာရတဲ့အတွက် ကျွန်တော်တို့ကို ကူညီပါဗျာ"

သူ၏စကားမှာ တိုတိုကလေးက ထိ၏။

ကျွန်ုပ် ငြင်းဖို့ကလည်း ခက်နေ၏။ ပါလာသော ကလေးမလေးကား ဟိုကြည့်ဒီကြည့်နဲ့ စိတ်မပါသလို နေ၏။ သူမ စိတ်ပါဝင်စားနေတာက အိုက်စပ်စပ် ရာသီဥတုအတွက် အအေးဓာတ် ရလိုမှုရှိနေကြောင်း သိ၏။ မလှမ်းမကမ်းတွင် ချိတ်ထားသော ယပ်တောင်ကို အသာယူပြီး သူ့ကိုယ်သူ အအေးဓာတ် ရယူနေလေသည်။

ကျွန်ုပ်လည်း မလွှဲသာ လွှဲသာနဲ့ လိုက်လျောရန် ဆုံးဖြတ်လိုက်ရ၏။


"အေးလေ ဦးမြင့်ကျော်ဆိုတော့လဲ ကျုပ်က ငြင်းလို့မရတော့ဘူးပေါ့ဗျာ၊ လိုက်ရတော့မှာပေါ့"

"ကဲ, ဆရာ. . ဘယ်လိုမှတော့ မထင်ပါနဲ့၊ သွားဖို့စီစဉ်ပါ၊ အားလုံး ဟိုမှာ အဆင်သင့်ပါ"

သည့်ကြောင့် အိမ်က ကျွန်ုပ်လုပ်ငန်းခွင်အတွက် သားအငယ်အား လိုအပ်သလို မှာကြားပြီး ကျွန်ုပ်၏ တာဝန်ကို ယူစေလိုက်၏။ ချက်ချင်းပင် သွားရန် အသင့်ပြင်လိုက်၏။

ကျွန်ုပ်အား ကားခေါင်းရှေ့မှာထားရန် စီစဉ်လိုက်ရာ ကျွန်ုပ်က လွတ်လွတ်လပ်လပ် စဉ်းစားရန် ဆန္ဒရှိ၍ ငြင်းဆိုလိုက်ပြီး ပါလာသူ ကလေးမလေးအား ရှေ့မှစီးရန် ခွင့်ပြုလိုက်၏။ ကားပေါ် ထိုင်ချိန်မှာ မွန်းလွဲ (၁)နာရီထိုးရန် (၃) မိနစ်သာ လိုတော့ကြောင်း သတိပြုလိုက်၏။ ကျွန်ုပ်လည်း ကား၏ နောက်ခန်းမှ ကျယ်ကျယ်ဝန်းဝန်းနှင့် လိုက်ပါသွားခြင်းနှင့်အတူ ကျွန်ုပ်၏ဦးနှောက်ကို လွတ်လပ်စွာ တွေး၍ လိုက်ပါသွား၏။

ဒီနေ့ကား တနင်္ဂနွေနေ့ဆိုတော့ . . .




(သူရဇ္ဇအခါ) (ဆပ္ပတ်ကိုးခိုင်) (နေ့သုံးတန်ပေါ်နိစ်)

သူရဇ္ဇနေ့တိုင်အရ ကျွန်ုပ် စောလှ လှေဆန်ကိန်းကျနေပုံ၊ ရန်ကုန် ဟူသော ၄ဟူးသည်လည်း စတုရန်းခိုနေပုံ၊ သူရဇ္ဇ၏ နံတော်စဉ်အရ ပောက္ကက်၏ အမိပ္ပာယ်ဖွင့်ဆိုပုံ၊ စနေ အခိုက်ဖြစ်လျက် တနင်္လာ ရန်နှစ်ချက် ညှပ်ထားပုံကို သုံးသပ်၍ ယနေ့လုပ်ရတဲ့ လုပ်ငန်းဟာ နည်းနည်းတော့ ဂရုစိုက်ရမှာ ဖြစ်ကြောင်း ဆင်ခြင်နေ၏။

နက္ခတ်ကိုးခိုင် (ဝါ) ဆပ္ပတ်ကိုးခိုင်မှာလည်း စနေ ဗြိုဟ်ဝပ်နေခြင်း၊ တနင်္လာနှင့် သောကြာတို့သည် သောကနှစ်ချက် အပြန်ပြန် အလှန်လှန် ရပ်တည်နေခြင်း၊ အင်္ဂါတွင် ၄ဟူး (ညနေရာဟု) တွေ့ရ၍ 'စရေ'ပဲခေါ် ခေါ် ရန်လိုလိုမိတ်လိုလိုတစ်ချက်၊ ရာဟုတွင် ဥင်္ဂါက ခံ့ခံ့ကြီး နေရာယူနေသဖြင့် စရေ မဟုတ်ဘဲ 'ရာဇာ' ဘက်က အားများသွားသည်က တစ်ချက်၊ စနေတွင် ဗြောဝင်ခို၍ ရန်တစ်ချက်စသည့် ပြစ်ချက်များကို အလွန်မြင်သာလျက် ရှိပြီး ကြာသပတေးတွင် တနင်္ဂနွေကလေးတစ်ခုက မထင်မရှား ရပ်တည်နေတာ တစ်ချက်ပဲ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

ဤနေရာကား ကျွန်ုပ်နှင့် ကာယကံရှင်အတွက် ...ှတ်ပေါက်များ ဖြစ်လေမလား၊ ဇဝေဇဝါရှိလှ၏။ နောက် ...စ်ဖန် နေ့၏ သုံးတန်ပေါ်နိစ်အရကလည်း ကျွန်ုပ်အတွက် ...န်းစီးတစ်ချက်မှာသာ နေရာရပြီး '၀,၁,၂,၃' တို့၏ ဌာန ...အားသည် ကြိုက်ဖွယ်ရာ မရှိ။ (၁-၅) နိစ်ပြကြိုး တစ်ချက်၊ ...၏ တန်းကပ်တစ်ချက် တို့ကြောင့် ကာယကံရှင်တွင် အလှ ...ရှကြီးကြီးကျယ်ကျယ်ရှိပြီး ဒါမှမဟုတ် အပြင်မိတ် (၁-၅) ...က်၍ အပြင်လူလူယုံအသတ်ခံရပြီး ကာယကံရှင်အားလည်း ...စ်စုံတစ်ခု စွပ်စွဲလိုက်ပြီး ဖြစ်နိုင်ကြောင်းကို ခန့်မှန်းထား၏။

နောက်တစ်ချက်ကလည်း ခရီးစထွက်တာက သောရီ ...တဲ့ စနေအခါ၊ နေ့နှင့် အခါကလည်း ဓာတ်အန္တော မှန် ...သော်လည်း ကြောက်စရာတော့ ကောင်းနေ၏။

၅ —မြိတ်
၂
၆
―――
၁
―――
၄
၀
၃ ← စိုး

(နေ့တိုင်)

၄
၁
၅ —မြိတ်
―――
၀
―――
၃ ← စိုး
၆
၂

(အခါတိုင်)

၁
၀
၆
―――
၅
၄
၃
၂

(အခါတိုင်
...ုံးတန်ပေါ်နိစ်)

| | | |
|---|---|---|
| ၀ | ၅ | ၃ |
| ၁ | ၆ | ၄ |
| ၂ | ၀ | ၅ |

(ဆပ္ပတ်ကိုးခိုင်)

နေ့နဲ့အခါ အန္တောဖြစ်သလို စနေအခါ ကျွန်ုပ်၏ ...ည် ဝင်းယကြိုးဇောက်ထိုး၊ ရန်ကုန်က အပြင်အာယုကပ် ...က်ထိုး၊ သုံးတန်ပေါ်နိစ်တွင်လည်း ကျွန်ုပ်အတွက်လည်း ...ောင်းသလို၊ မသိရသေးသော ကာယကံရှင်အတွက်လည်း ...ပတေးတန်းကပ်နှင့် (၃-၀) နိစ်ပြက ကျွန်ုပ်အား ...က်လှန့်နေ၏။ နက္ခတ်ကိုးခိုင်တွင် သောကြာငုပ်နေရာ ...င်း ချောမွေ့ပါစေဟု မှန်းဆနေရ၏။ အရေးထဲ လာပင့် ...သူက 'မြတ်စိုး'။

နေ့တိုင်နဲ့ အခါတိုင်ကို ကောင်းကောင်း ဒုက္ခပေးထား ...။ သို့ဖြင့် လမ်းခရီးတွင် ချောချောမောမော ဖြစ်ဖို့က

ပထမအဆင့်။ အဓိကမှာ ကားမောင်းသူ ကိုမြတ်စိုးကား ကျွမ်းကျွမ်းကျင်ကျင် ရှိ၏။ ညင်ညင်သာသာ ရှိ၏။ ဒါကြောင့် နည်းနည်းတော့ စိတ်အေးရ၏။ တဖြည်းတဖြည်းနဲ့ မှော်ဘီ ရောက်ခါနီးလေပြီ။ ကျွန်ုပ်လည်း မှော်ဘီကျော်မှ စိတ်သက် သာမည်ဟု စဉ်းစားထား၏။ မှော်ဘီမြို့ ဝင်ခါနီးပြီ။ ရွှေလှေ ကြီး လမ်းခွဲနားနီးပြီ။

"အဖေ. . အဖေ ခဏခဏ ရပ်ဦး" ဟု ရှေ့ဘက်မှာ ကိုမြတ်စိုးနဲ့ ယှဉ်ထိုင်နေသူ ကလေးမက ကားကို ရပ်ခိုင်း၏။ သူမက ကိုမြတ်စိုးအား ကပ်ပြောလိုက်၏။

ထို့ကြောင့် ကားက လမ်းဘေးသို့ မသိမသာ ထိုးရပ် လိုက်၏။ ကလေးမလေးလည်း ပျာယာခတ်နေသည်။ ဟိုရှာ ဒီရှာ လုပ်နေ၏။ တစ်ခုခုပျောက်တာသေချာ၏။ ပိုက်ဆံ အိတ်တော့ မဟုတ်။ ကားထိုင်ခုံအောက်သို့ ငုံ့ကြည့်နေရာ ဘာမှန်းတော့ မသိ။ အဖိုးတန်ပစ္စည်း ပျောက်မှန်းတော့ သိ၏။ ကျွန်ုပ်လည်း ဗေဒင်ဆရာတစ်ဦး ပါလာပြီး ဒီလိုအဖြစ် မှာ ပြောနိုင်ဖို့ အရေးကြီးသဖြင့် မြန်မြန်ဆန်ဆန် စိတ်နှင့် အခါတိုင်ကအစ ပြည့်ပြည့်စုံစုံ စီစဉ်ရေးဆွဲပြီး ဖြစ်၏။

၂
၆
၃
―――
၅
―――
၁
၄
၀

(ဂုရုအခါတိုင်)

| | | |
|---|---|---|
| ၅ | ၃ | ၁ |
| ၆ | ၄ | ၂ |
| ၀ | ၅ | ၃ |

(ဆပ္ပတ်ကိုးခိုင်)

၃
၂
၁
―――
၀
၆
၅
၄

(ဂုရုအခါ သုံးတန်ပေါ်နိစ်)

ကျွန်ုပ်ကား မနေနိုင်တော့ဘဲ 'ဘာပျောက်တာလဲဗျာ' ဟုမေးရာ ဆွဲကြိုး၏ လော်ကက်သီး၊ ပင့်ကူပုံ လော့ကက်သီး ဖြစ်ကြောင်း သိရ၏။ ထိုကြောင့် ရွှေပျောက်တာ ဖြစ်၏။

ခက်ချေပြီ။ သူမ ဘယ်မှာ ကျပျောက်ခဲ့သလဲမသိ။ ငါ့အိမ်တုန်းကများ ဖြစ်မလား၊ အစကတည်းက မရှိတာလား စိတ်မကောင်း ဖြစ်နေမိ၏။သို့သော် ကျွန်ုပ်သည် ပညာကို အလွန် အားကိုး၏။

"ဆရာ ဆရာ့ပညာရပ်နဲ့ ကူပါဦး" ကိုမြတ်စိုးက အကူအညီတောင်းခြင်း ဖြစ်၏။ ကျွန်ုပ်က ကြိုတင်ပြင်ဆင် ထားပြီး ဖြစ်နေလေရာ. .

"ခင်ဗျား ရွှေ ဘယ်သူမှ မခိုးဘူး၊ ရှိတယ်၊ လုံခြုံတဲ့ နေရာ၊ မမြင်နိုင်တဲ့ နေရာမှာလဲ ဖြစ်နိုင်တယ်၊ စနေနံအရပ်၊ စနေနံနဲ့ နီးရာမှာ စနေသားသမီးထံမှာ ရှိနေတတ်တယ်၊ မပျောက်ဘူး၊ ပြန်တွေ့လိမ့်မယ်"

ရှာ၏။ ဘယ်လိုမှ ရှာမရ။ ကားခေါင်းထဲမှာလည်း ဘယ်ကလာပြီး စနေနံရှိမှာလဲ၊ ဖိနပ်ပဲ ရှိတာ။





www.burmeseclassic.com

www.burmeseclassic.com

ဒါကလည်း လူစီးထားတာပဲ။ ဗုဒ္ဓဟူး အခိုက်နှင့် ဗုဒ္ဓဟူးပုန်းနေသော ဆပွတ်ကိုးခိုင်ကို ကြည့်၍ ဝေဖန်ခြင်း ဖြစ်၏။ ဒီပြဿနာဟာ စနေအခါ ထွက်လာပြီး စနေ၏ဆပွတ် ၅တေး မှော်ဘီ အဝင်နား ရွှေလှေကြီး (၄-၂) လမ်းခွဲရောက် ခါနီးတွင် ဖြစ်၏။

လော့ကက်နှင့် ရွှေလှေကြီး ဆိုတာကလည်း စနေ အခါကို အပြင်အာယုကပ်အဖြစ် ဆွဲကိုင်ထား၍ မာတ်တွေ ကလည်း အတော်မိနေ၏။ သုံးတန်ပေါ်နိစ်တွင် ရွှေသည် ဝေးသော နေရာမှာရှိ၏ဟုဆိုချေ၏။ ဒါဖြင့် လက်ရှိ ကားပေါ် နှင့် လူတွေရဲ့ပတ်ဝန်းကျင်မှာ မရှိဟု ဖော်ညွှန်းနေ၏။

ဘာမျှ မတတ်နိုင်ချေ။ ကျွန်ုပ်တို့ သုံးယောက် မကြည် မလင်ကြီးနဲ့ ရန်ကုန်မြို့တွင်းသို့ ဝင်လာပြီး လမ်းတစ်လမ်းရှိ တိုက်အိမ်ပေါ်သို့ ရောက်သွားလေပြီ။ ကိုမြတ်စိုးလည်း ဟန်လုပ်ပြီးသာ စကားပြောနေရင်း ကလေးမလေးကတော့ အမူအရာပါပျက်နေ၏။ အိမ်ရှင်ဟု ယူဆရသော အမျိုးသမီး တစ်ဦးက “ဟဲ့, အေးအေးခိုင်၊ နင် ပင်ပန်းလာသလား၊ ပျော့ ဖပ်ဖပ်ကြီးနဲ့” ဟု မေးရာ ဘာမျှ ပြန်မဖြေ၊ နှုတ်ဆိတ်ဆိတ် နှင့်ပင် နေ၏။

ကျွန်ုပ်အား အိမ်ရှင်က ပျာပျာသလဲ လက်ခံ ကြိုဆို ၏။ စိတ်မဝင်စားနိုင်ပေ။ တစ်မျိုးကြီး ဖြစ်နေ၏။ နောက်တော့ ကလေးမလေးသည် ကျွန်ုပ်ထံသို့ မလာမီ ဒီအိမ်မှာ ထားခဲ့တဲ့ လွယ်အိတ်ကို လှမ်းယူလိုက်ပြီး လွယ်အိတ်အထဲက ထီး ကလေးကို ထုတ်ကိုင်လိုက်ပြီး ပြန်ထည့်လိုက်၏။

သူမ အမည်က အေးအေးခိုင် ဆိုတာ ကြားလိုက် ရပြီး လွယ်အိတ်ဆိုတာကလည်း တစ်ချက်တွေ့ပြီ၊ ထီးဆိုတာ လည်း တစ်ချက်တွေ့ပြီ၊ စနေနံအခါတိုင် ၄ဟူး အပေါ် ၁ခွေ (ပိုင်ရှင်)၊ ၄ဟူးအောက် စနေကို တွေ့ပြီ။ ဒါနဲ့ ကျွန်ုပ် သတိရ လာ၏။

“ဟဲ့ သမီးလေး”ဆိုတော့ အေးအေးခိုင်က ကျွန်ုပ်အား လှည့်ကြည့်၏။

“သမီးက အေးအေးခိုင်၊ လွယ်ထားတာက လွယ် အိတ်၊ လွယ်အိတ်ထဲမှာက ထီး၊ အဲဒီတော့ ဒီမြင်သာတဲ့ နေရာမှာ သမီးလွယ်အိတ်ကို ခါပြီး ရှာစမ်း”

အေးအေးခိုင်ကား သွက်သွက်လက်လက်နဲ့ ကြမ်းပြင် ဖယောင်းကော်ဇောပေါ်မှာ ခါလိုက်၏။

“ဟောတွေ့ပြီ. . အဖေ တွေ့ပြီ” ဆိုပြီး သူအဖေ ကိုမြတ်စိုးကို လှမ်းအော်ပြောလိုက်၏။ အိမ်ရှင် အမျိုးသမီးက ဘာမှနားမလည်၊ “ဘာတွေလဲဟဲ့” ဟု ပြောလိုက်၏။

ကိုမြတ်စိုးသည်လည်း အိမ်၏တိုက်ခန်းနောက်မှ တက်လာပြီး “ဘယ်မှာ တွေ့တာလဲ” ဟုမေးရာ. .

“ဆရာပြောတဲ့အတိုင်း ထီးထည့်ထားတဲ့ ဟောဒီ လွယ်အိတ်ထဲမှာ၊ အဲ့ပါတယ် ဆရာရယ်. . အဲ ဘာဘာရယ်. . မပျောက်ဘူးဆိုတာ တကယ် ပြန်တွေ့တယ်၊ စနေ ဆိုတာ မှန်တာပေါ့၊ ထီးထည့်တဲ့ လွယ်အိတ်ထဲမှာ အဲ့ ဆိုပြီး ကလေးမလေး၏ အမူအရာသည် ပြောင်းလဲ သွား၏။ ဖြစ်တဲ့ကိစ္စအလုံးစုံကို အိမ်ရှင် အမျိုးသ ကိုမြတ်စိုးက အသေးစိတ်ပြောပြလိုက်ရာ အိမ်ရှင် အ ကြီးကလည်း အံ့ဩနေ၏။ ကိုမြတ်စိုး ပြောလိုက်တဲ့ ပိုပြီး အံ့ဩသွား၏။

“ဟုတ်တယ် မမလေးရဲ့၊ ဆရာ ပြောတာက မပျောက်ဘူး၊ ပြီးတော့ အဝေးမှာလို့ပြောတယ်၊ ကျွ တို့ ရှာနေတာက ရွှေလှေကြီးနားမှာ၊ ရွှေက ဒီမှာ၊ နောက် စနေသားသမီး စနေနံနားမှာ ဆိုတာလေ၊ မ စနေသမီး၊ တွေတော့ ထီးနဲ့တွဲနေတဲ့ လွယ်အိတ်ထဲ ဗျာ၊ ဒါကြောင့် ကိုမြတ်ကျော်ရဲ့ အသည်းစွဲဆိုတာ ကျွ သဘောပေါက်ပါပြီ”

ခုမှပဲ အလွန်ပျော်စရာဖြစ်သွား၏။ ကျွန်ုပ် အလုံးကြီးကျသွားပြီး ကြည်လင်သွား၏။ အိမ်ရှင်ထ မပြောသေးမီ အိမ်ရှင် စနေသမီး ဟု ကြားကတည်းက စိတ်ထဲမှာရှိသော ‘စိတ်၏ အခါတိုင်နှင့် စိတ်၏ တ တွင်’ စနေဟူသောဂြိုဟ်နှင့် ဖြည့်စွက်ခြင်း၊ ပေါင်း ယှဉ်ကြည့်ခြင်း စသော အလုပ်များကို လုပ်နေ၏။

စထွက်ချိန် သောရိ စနေအခါ၏ ဆပွတ်တွင် ရှိ၍ ယခုကိစ္စမှာ သူ၏ ခင်ပွန်းကိစ္စ ဖြစ်နိုင်မည်။ အခို အရ ဗြောများ ဖြစ်လေမလား၊ ဒီအိမ်ရောက်ချိန်က အခါ၊ ၃ဂီ၊ နံတော်စဉ်ကိန်း ဟောကွက်များကို ကြိုတင်ပြင်ဆင်ထား၏။

အိမ်ရှင် အမျိုးသမီးသည် ဧည့်ဝတ်ပြုစုရန် အလုပ်ရှုပ်နေရာက ကျွန်ုပ်ရှေ့တွင် တည်ခင်း ဧည် ပြီးသော စားဖွယ်သောက်ဖွယ်များနှင့် စုံလေပြီ။ ကျွန်ုပ်အား သုံးဆောင်ရန် ဂါရဝပြုလိုက်၏။

သူမ၏လက်ထဲတွင် ကိုင်ဆောင်လာသော စာတမ်းများမှာ ကွန်ပျူတာဖြင့် စီစဉ်ထားသော ဇာ ဖြစ်ကြောင်း ကျွန်ုပ် အကဲခတ်ထား၏။

“ကျွန်မနာမည် နွဲ့နွဲ့မူပါ၊ ကျွန်မရဲ့ မိတ်ဆွေ ကျော် ကျေးဇူးကြောင့် ဆရာနဲ့ ဒီလို တွေ့ခွင့်ရတာပါ တို့ မလာနိုင်တာကို ခွင့်လွှတ်နားလည်ပေးပါ ဆရာ တို့ရဲ့ အတွင်းရေးဖြစ်နေလို့ပါ၊ ကျွန်မက သူ့အစား ရမှာပါ၊ ဆရာ အေးအေးပေါ့၊ ဒီမုန့်တွေ စားပါဦး၊ ဆရာ ကြိုက်,မကြိုက် မသိလို့ အအေးတော့ မစီ ကော်ဖီကိုပဲ စီစဉ်ထားပါတယ်”

ကျွန်ုပ်အား ကိုမြတ်စိုး လာပင့်စဉ် တ သောရိအခါတိုင်အရ စနေခိုက်နေတာမှန်ပြီဆို အ အရ သောရိ၏အခိုက် ဗြောက ဘာလဲ





www.burmeseclassic.com

www.burmeseclassic.com

ခြားမှာရှိတဲ့ လူလား ဇဝေဇဝါ ဖြစ်နေ၏။ ဒေါ်နွဲ့နွဲ့မူက
တာဖြင့် ပြုလုပ်ထားသော ဇာတာခွင်တစ်ခုကို
အား ကမ်းပေးသဖြင့် လက်ခံယူလိုက်ပြီး မကြည့်ရှုမီ. .

"ဒေါ်နွဲ့နွဲ့မူ၊ အခုကိစ္စက ခင်ဗျားရဲ့ နိုင်ငံခြားရောက်
သောကြာသားအတွက် မဖြစ်ပါစေနဲ့ဗျာ၊ မတိုက်ဆိုင်
နဲ့လို့ ဆုတောင်းပါတယ်"

ဒေါ်နွဲ့နွဲ့မူသည် မလှမ်းမကမ်းတွင် ရှိနေသော
စိုး'ကို စူးစူးဝါးဝါးကြီး ကြည့်နေလိုက်သည်ကို ကျွန်ုပ်
၏။ ကျွန်ုပ် သဘောပေါက်သွား၏။ လမ်းမှာ ကိုမြတ်
များ ကျုပ်ကို ကြိုပြောထားသလား ဆိုတာ သံသယ
ခြင်းပင်တည်း။

"ဒီမှာ ဒေါ်နွဲ့နွဲ့မူ၊ ကိုမြတ်စိုးက ခင်ဗျား ဒေါ်နွဲ့နွဲ့မူ
နာမည်ကိုလဲ မပြော၊ ဘာကိစ္စဆိုတာလဲ မသိ၊ ခင်ဗျား
တော်သလဲ ဆိုတာလဲ မသိ၊ ကိုမြတ်စိုးက သူ 'မြတ်စိုး'
ကျုပ်အိမ်တုန်းက မိတ်ဆက်လို့ သူ့နာမည်ကို သိတယ်၊
နာမည် ဒီအိမ်ရောက်တော့ ဒေါ်နွဲ့နွဲ့မူက 'အေးအေး
ခေါ်သံကို ကြားလို့ အေးအေးခိုင်မှန်း သိတယ်၊ ကျုပ်
ယုံပါသလား"

အဲဒီတော့မှ အကင်းပါးလှစွာဖြင့် ဒေါ်နွဲ့နွဲ့မူက
ကြောင်း ပြောင်း၍. . .

"ဩော်. မောင်မြတ်စိုးက ကျွန်မ မောင်အငယ်ဆုံး
အေးခိုင်က တူမလေးပါ၊ ပြီးတော့ ခုကိစ္စကလဲ ဆရာ
နဲ့ တိုက်ဆိုင်နေလို့ပါ၊ နိုင်ငံခြားမှာရှိနေတဲ့ ကျွန်မ
ကိုသန်းမောင် (ခေါ်) ကိုသန်းဖေ ကိစ္စပါရှင်"

ဟူ၍ စကားစ ဖြတ်လိုက်၏။

ထိုစဉ် ဘောမအခါ (ဥဂ်ါ အခါ)၏ ကိုသန်းမောင်
စောလှ, လှေဆန်ကိန်း မိနေပုံနှင့်တကွ တနင်္ဂနွေနေ့
ကြာသား၏အညွန့် စနေအခိုက်မိပြီး စနေအခါ
သောစဉ်) ကြော ပရိဝါရပျက်နေပုံ၊ ဥဂ်ါအခါ၏ သုံးတန်
စ်တွင် (၆-၂) နိစ်ပြကြီးမိနေပုံ၊ ၂လ်ာ အခိုက်တွင်
နေပုံကို မြင်နေရပြီ ဖြစ်၍ အောက်ပါအတိုင်း ပြောရန်
ိတ်၏။

| | |
|---|---|
| ၅ | ၄ |
| ၂ | ၀ |
| ၆ | ၅ |
| ၁ | ၀ |
| ၄ | ၃ |
| ၀ *အခိုက် | ၆ *အခိုက် |
| ၃ | ၂ |
| (သူရဿ) | (သောရီ) |

| | | |
|---|---|---|
| ၀ | | ၀ ၀ |
| ၄ | | ၆ ၆ |
| ၁ | | ၅ ၅ |
| ၃ | | ၄ ၄ |
| ၆ ← | မောင် | ၃ ၃ |
| ၂ | | ၂ ၂ |
| ၅ — | သန်း | ၁ ၁ |
| (ဘောမ) | | (ဘောမအခါ သုံးတန်ပေါ်နိစ်) |

"အေးဗျာ ကိုသန်းမောင် လူပေါင်းမှား၍ ငွေအချုံခံ
ရပြီး သူ့အပေါ် 'အိမ်တစ်ဆောင် မီးတပြောင်' ထပ်မံစိတ်ကူး
ပြီး တကယ်လုပ်နေပါတယ်လို့ သူ့အပေါ် အထင်မှား မခံရပါ
စေနဲ့လို့ ဆုတောင်းပါတယ်ဗျာ" ဟုပြောလိုက်၏။

*(မဟုတ်စကား၊ အထင်ရှားစကား၊ သတင်းမမှန်
ဆိုတာ ကြောအခိုက်ကို အကဲခတ်ပြောခြင်း ဖြစ်၏။)*

"ဟာ သူက တကယ် မဟုတ်ဘူးလား ရှင်"

၎င်းစကား မေးခွန်းကို ချက်ချင်းပြန်ဖြေဖို့ ကျွန်ုပ်
ဝန်လေးနေ၍ ထွက်ပေါက်ရှာရန် အလို့ငှာ ကျွန်ုပ်သည် သူ၏
ဇာတာခွင်ကို စီစစ်ပြီး ကာလဇာတာခွင် စီစဉ်လျက် လိုအပ်
သော တွက်ချက်မှုများဖြင့် အချိန်နည်းနည်းကြာအောင်
အချိန်ဆွဲလျက် တွက်ချက်နေလိုက်၏။

ဒေါ်နွဲ့နွဲ့မူ စိတ်လှုပ်ရှားနေသည်ကိုကား မြင်သာ၏။
သူစိတ်လှုပ်ရှားနေစဉ် အိမ်က ခရီးထွက်စဉ် စနေအခါနှင့်
ဒေါ်နွဲ့နွဲ့မူနှင့် တွေ့စဉ် ဥဂ်ါအခါ၏ နက္ခတ် ကိုးခိုင် နှစ်ခုကို
ယှဉ်၍ စဉ်းစားနေ၏။

| | | |
|---|---|---|
| ၀ | ၅ | ၃ |
| ၁ | ၆ | ၄ |
| ၂ | ၀ | ၅ |

(သောရီအခါ
ဆပ္ပတ်ကိုးခိုင်)

| | | |
|---|---|---|
| ၃ | ၁ | ၆ |
| ၄ | ၂ | ၀ |
| ၅ | ၃ | ၁ |

(ဘောမအခါ
ဆပ္ပတ်ကိုးခိုင်)

၎င်း အခါနှစ်ခါတွင် (၁နွေတွင် ၀ စနေဝင်)နှင့် (စနေ
တွင် ၁နွေဝင်) အပြန်အလှန် မြင်ကွင်းသည် စိတ်ဝင်စားဖွယ်
ဖြစ်၏။ "ဂဠုန်စောင်းလျား ကျားကားလက်ပံ"ဟူသော အဆို
အရ (၁-၀) (၀-၁)သည် ဂုရုမည်တွင် ကြွက်မင်းကို ရန်မူနေ
ခြင်းဖြစ်လေရာ၊ အဆိုပါ ကြွက်မင်းဂုရု ၅တေးသည် ဒေါ်နွဲ့နွဲ့
မူ၏ ရန်ဘက်ဂြိုဟ် ဖြစ်သဖြင့် ဒေါ်နွဲ့နွဲ့မူဘက်က ကြည့်လျှင်
အန္တရာယ်ကြီးဖွယ်ရာ ရှိနေ၏။ *(ဆက်ရန်)*

❐ ဦးညွန့်လှိုင်(ကြို့ပင်ကောက်)






www.burmeseclassic.com

www.burmeseclassic.com

ရောမခေတ်ဦးက ကယ်လီဒိုးနီးယား ဟူ၍ စကော့တလန်ကို ခေါ်ခဲ့ကြသည်။ အီဒင်ဘာရာမြို့မှာ စကော့တလန်၏ မဟာဆန်သော အလှပဆုံးသော မြို့တော်ဟု လူသိများလှသည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်က မီးတောင်မှ တောင်ကြီး ဖြစ်လာသော တောင်ထိပ်ပေါ်မှာ အီဒင်ဘာရာရဲတိုက်ကြီးကို ခံ့ထည်စွာ တည်ဆောက်ထား၏။ ဆောင်းရာသီ၌ မြေပြင်အဝေးမှ ကြည့်ပါက တိမ်တိုက်ကြားထဲ၌ လွှင့်ထူထားသော ရဲတိုက်ကြီးပမာပင် ထင်ရသည်။



www.burmeseclassic.com

နံနက်ပိုင်း နေရောင်ထွက်ပေါ်လာသည့် အချိန်မှစပြီး လှိုင်မင်းသည် လေပြင်းများ တိုက်ခတ်နေသော ရဲတိုက်ကြီး၏ မြောက်ဘက် အပေါ် မျက်နှာစာမှ အီဒင်ဘာရာမြို့လယ်ဘက်ဆီသို့ အဝေးကြည့် တယ်လီစကုပ် မှန်ပြောင်းဖြင့် ရှုခင်းကောင်းကောင်းများကို ဆွဲကြည့်နေ၏။

သည်မှတစ်ဖန် ရဲတိုက်ကြီးတောင်ဘက်ခြမ်းဆီ လျှောက်လာကာ ကျောက်တုံးကြီးများဆင့်ကာထားသော နံရံဘေးရှိ ကျောက်ခင်းလမ်းမပေါ်မှ အလွန်သာယာလှပသည့် မြို့လယ်ပန်းခြံအတွင်းရှိ ကမ္ဘာကျော် အိုင်ဗင်ဟိုဝတ္ထုကြီးကို ရေးသားခဲ့သည့် ကမ္ဘာကျော် စကော့တလန်စာရေးဆရာကြီး ဆာဝယ်လ်တားစကော့၏ အထိမ်းအမှတ်ရုပ်တုကြီးကို ငေးကြည့်ရင်းက လှိုင်မင်း အံ့အားတသင့် ဖြစ်သွားရတော့သည်။

ရုပ်တုကြီးရှိရာ အနောက်ကျောဘက်ဆီမှ လမ်းဟိုမှာဘက်ခြမ်းဆီ ကူးဖြတ်လျှောက်သွားနေသော အမျိုးသမီးငယ်တစ်ဦး လက်မှ ကလေးလေးကို တိုင်ဆွဲရင်းမှ ဂျီနီဗာဘဏ်ခွဲပေါ်တီကိုအောက်မှ ဘေးဘီသို့ ခေတ္တမျှော်ကြည့်ကာ ဘဏ်တံခါးဝကြီးထဲသို့ ဝင်ရောက်သွား၏။

ငှင်းမြင်ကွင်းမှာ လှိုင်မင်းရင်ကို လှိုင်းခတ်သွားစေတော့သည်။ လှိုင်မင်း ကျောက်လှေကားမှ အပြေးဆင်းချလာကာ မြို့လယ်ပန်းခြံထဲသို့ အပြေးတစ်ပိုင်းဖြင့် ရောက်ရှိ ကိုယ်ရှိန်သတ်၍ ပန်းခြံအကွယ်နှင့် ကပ်လျက် ထိုင်ခုံတန်းလေးတစ်ခုအပေါ် ဝင်ထိုင်၏။ ငှင်းမှ ဂျီနီဗာဘဏ်ကြီး အရှေ့ဘက်ဆီသို့ မမှိတ်မသုန် စောင့်ကြည့်နေ၏။

လှိုင်မင်း မတ်တတ်ရပ်လိုက် ပြန်ထိုင်လိုက်ဖြင့် တစ်နာရီနီးပါး ကြာသွား၏။ ဂျီနီဗာဘဏ် တံခါးဝကြီးထဲသို့ စောစောက ဝင်သွားကြသည့် အမျိုးသမီးနှင့် ကလေးငယ်တို့ ဘဏ်ထဲမှ ပြန်ထွက်လာကြသည်။ လှိုင်မင်း တာမှလွှတ်လိုက်သော အပြေးသမားနှယ် ခုံတန်းရှေ့မှ ပြေးထွက်သွားတော့၏။

"မေ. . . မေသက်ရှိ မေသက်ရှိ ဒီမှာ ဒီမှာ"

သူမ လန့်ထိတ်သလို လှည့်ကြည့်ရင်း ကလေးကို သတိဖြင့်ဆွဲကိုင်လိုက်၏။ သူမ၏ အကြည့်စိမ်းစိမ်းကြောင့် အပြေးလာခဲ့သူ လှိုင်မင်း ယိမ်းယိုင်လုမတတ် အသက်ရှူပင် ကျပ်သွားသည်။ ခပ်မဆိတ် ကြည့်နေကြရာမှ လှိုင်မင်းမှ "သား ချစ်နု ဖေဖေ့ဆီ လာပါဦး" ဆိုပြီး ဆောင့်ကြောင့်ထိုင်လိုက်ကာ ကလေးကို ပွေ့ဖက်ပြီး ပါးကိုနမ်းနေသော်လည်း သူမမှ သူ့သား လက်တစ်ဖက်ကိုပင် မဖြေလျှော့ပေးခဲ့ပါ။

လွန်ခဲ့လေသော အချိန်ကာလဝေးဝေးလောက်မှ မောင်ဟူသော ခေါ်သံအထပ်ထပ်ကို တောင်ထိပ်က ရဲတိုက်ကြီးဆီ မော်ငေးကြည့်ရင်း လေသင့်သလို ချင့်တွေးကြားယောင်မိရသည်။

"မေသက်တို့ အီဒင်ဘာရာမှာပဲလား"

လှိုင်မင်း၏ အမေးကို သူမမှ ခေါင်းညိတ်ပြသလို ထင်ရသည်။

ထိုစဉ် "သမီးအချိန်နောက်ကျနေပြီလေ" ကားပါကင်ဆီမှ သူတို့ဆီ ရှေ့တိုးလျှောက်လာသည့် သူမ၏ မိခင်က လှမ်း၍ အသံပြုနေ၏။

မေသက်ရှိမှ ရှေ့တစ်လှမ်းတိုးမယောင်နှင့် မိခင်ခေါ်သံ၏ တုပ်နှောင်မှုကို ခံရ၏။

ပြီးမှ "မေမေ ပါလာတယ်၊ သွားတော့မယ်" ဟူ၍ နှစ်သိမ့်သလို နှုတ်ဆက်ကာ သားလေးလက်ဆွဲပြီး သူမ၏ အမေရှိရာသို့ လှည့်လျှောက်သွားကြတော့သည်။

အီဒင်ဘာရာမြို့ကို မြို့ဟောင်းနှင့် မြို့သစ်ဟူ၍ ခွဲထားရာ မြို့နယ်(၇) မြို့နယ်ရှိသည်။ မြို့သစ်နှစ်မြို့ကြား၏ အလယ်မှာ ရှေးဘုရင်များနန်းတော်သို့ အဝင်အထွက် လမ်းမကြီးရှိပြီး အရှေ့ဘက်သို့ အုတ်နက်များ လျှောက်နင်းပြီး ဆင်းလာခဲ့လျှင် ရှေးဘုရင်မ မေရီနန်းတော်နှင့် အလွန်လှပသည့် စကော့တလန်တို့၏ လွှတ်တော် တည်ရှိပါသည်။

မြန်မာပိုင် လှိုင်မင်းတို့၏ ကုမ္ပဏီမှာ မြို့သစ်ဘက်ခြမ်းတွင် အရောင်းပြခန်းနှင့် တွဲလျက် ဖွင့်လှစ်ထား၏။

မြန်မာ့တွင်းထွက် အဖိုးတန်ကျောက်မျက်ရတနာများ၊ ငှင်းဖြင့်ထုဆစ်ထားသည့် ပန်းပုရုပ်တုအကြီးအသေးအပြင် တန်ဖိုးမြင့် သစ်သားပန်းပုမျိုးစုံ ခင်းကျင်းပြသ ရောင်းချပေးပါသည်။

နံရံပေါ်တွင် မြန်မာ့ပန်းချီကျော်ဆရာကြီးများ၏ ပန်းချီကားများ အစုစုမှာ ကမ္ဘာ့ပန်းချီ အနုပညာနှင့် ရင်ပေါင်တန်းလျက် နှစ်သက်တန်ဖိုးထားကြပြီး ဝယ်ယူသွားကြ၏။

အီဒင်ဘာရာတွင် လှိုင်မင်းတို့ကုမ္ပဏီနှင့် ပြခန်းမှာ ပို၍ လူသိများစည်ကားပါ၏။ မြန်မာ့စားသောက်ဖွယ်ရာ အနုပညာလက်ရာတို့က စွဲမက်စရာ ဖိတ်ခေါ်နေ၍ပင်။

တစ်ဆက်တည်း အရောင်းပြခန်းဘက် ကူးသွားကြကာ စိတ်ကြိုက်ပစ္စည်းများကို ဝယ်ယူသွားတတ်ကြသည်။

နံနက်ခင်း၏ နှင်းဖြူထု ပါးလျချိန်မှာ နေခြည်နုတို့ ဖြာလာချိန်၌ လမ်းသွားလမ်းလာများဖြင့် စည်ကားလာသည်။

ထိုအချိန်၌ လှိုင်မင်းတို့ဆိုင်ရှေ့တွင် အဖိုးတန်ကားကြီးတစ်စီး ထိုးရပ်လာ၏။ ကားရှေ့တံခါးမှ မိန်းမပျိုလေးတစ်ဦး ဆင်းလာရာဆီသို့ ဆိုင်မှ ဧည့်ကြိုလေးက မေးမြန်းကာ ဆိုင်တွင်း၌ရှိနေသော မန်နေဂျာ လှိုင်မင်းထံသို့ ဦးဆောင်ခေါ်လာသည်။

သူမတို့ မိသားစုမှာ နံနက်ခင်းတွင် သည်ဆိုင်သို့ မြန်မာ့အစားအစာ





www.burmeseclassic.com

www.burmeseclassic.com

တို့ကို လာရောက်စားသောက်လေ့ရှိကြသော မြန်မာမိသားစုများဖြစ်၍ လှိုင်မင်း မှတ်မိနေပါ၏။

သူမ၏ မိဘနှစ်ပါးအပြင် သူ့အစ်မအရင်းတစ်ယောက် ပါလာလေ့ရှိကာ ညီအစ်မ နှစ်ယောက်စလုံး အပြစ်ရှာ၍ မရအောင် ချောကြပါသည်။

"ဩော် ညီမတို့ပဲ ထိုင်ကြပါ၊ ဦးတို့ အန်တီတို့ကော မပါကြဘူးလား"

ညီမဖြစ်သူက ကားဆီလှည့်ကြည့်ရင်း "ရှင် ဟိုမှာ မမ ပါတယ်"

ဆိုရင်းမှ သူမ လွယ်အိတ်လေးထဲမှ ဖိတ်စာအိတ်လေး ရွေးထုတ်ပြီး လှိုင်မင်းကို တလေးတစားပေးသည်။

"ဆွေသက်တို့ အိမ်မှာ ဘုရားကိုးဆူ ပူဇော်ပွဲနဲ့ ဘုရားအနေကဇာတင်ပူဇော်ပွဲကို အစ်ကိုတို့ တစ်ဖွဲ့သားလုံး ဖိတ်ပါလို့ ဖေဖေက မှာလိုက်ပါတယ်ရှင်"

လှိုင်မင်းနှင့် အသက်အရွယ်ချင်း မကွာကြ။ နှစ်ဆယ်ကျော်ဝန်းကျင်များမျှကိုတပ်ခေါ် နေကြသည်။

"ဖေဖေရော မမပါ မြန်မာ့ဂီတကို သိပ်မြတ်နိုးကြတယ်၊ ဟိုဘက်ပြခန်းရဲ့ ထိပ်ဘက်မှာလေ၊ စားပွဲပေါ်တင်ထားတဲ့ မြန်မာ့စောင်းကောက်ကြီးရဲ့ ဆုတံဆိပ်တွေနဲ့ အစ်ကို့ဓာတ်ပုံ မဟုတ်လား၊ ဆိုကရေးတီး ပြိုင်ပွဲက ဆုရဓာတ်ပုံလေ"

ညီမ ဖြစ်သူ၏ အမေးကို လှိုင်မင်းက ပြုံးရယ်ရင်း ခေါင်းညိတ်ပြရသည်။

ထိုစဉ် ဆလွန်းကားကြီး ရှေ့တံခါးဖွင့်ကာ အပြုံးပန်းလေးပွင့်ကာဖြင့် သူမ၏ မမဆိုသူ ဆင်းလာ၏။

"သက်ဆွေတို့ မမလေ၊ မေသက်ရီတဲ့၊ ညီအစ်မ နှစ်ယောက်တည်းရှိတာ"

ညီမက မိတ်ဆက်ပေးမှု၌ လှိုင်မင်းမှ ငေး၍ ပြုံးနေဆဲကို ညီအစ်မနှစ်ယောက် ပြုံးရယ်လျက်မှ မေသက်ရီက . . .

"ဘုရားကိုးဆူ ပူဇော်ကန်တော့ပွဲကို ဒီက အစ်ကို့ကို ဂီတပညာရှင်မိတ်ဆွေအနေနဲ့ ဖိတ်ပါရစေရှင်၊ နောက်ပြီး"

မေသက်ရီ စကားမဆက်ဝံ့သလိုလက်ဖဝါးနုလေး နှုတ်ခမ်းပိတ်လျက် ပြုံးရယ်နေသဖြင့် ညီအစ်မနှစ်ဦးသားအတိုင်အဖောက်ညီစွာ ညီမ သက်ဆွေက ဝင်ပြော၏။

"အစ်ကို့ဆိုင်ကို သက်ဆွေတို့ လာရင် ကြားနေရတဲ့ သီချင်းခွေက အစ်ကို့ရဲ့ စောင်းလက်သံနဲ့ အဆိုကိုလေ အစ်ကိုကိုယ်တိုင် တီးပြပြီး လာချီးမြှင့်နိုင်မလားလို့ပါ"

ဘာသာရေးအတွက် လာရောက် ဖိတ်ခေါ်သည်ကို လှိုင်မင်းက တလေးတစား လာရောက်မည်ဆို၍ ဝမ်းပန်းတသာ နှုတ်ဆက်ရင်း ပြန်သွားကြ၏။

ဘုရားကိုးဆူ ပူဇော်ပွဲတည်ရာ မေသက်ရီတို့ မိသားစုမှာ အီဒင်ဘာရာမြို့၏ တောင်ဘက်ခြမ်း၌ နေထိုင်ကြသည်။ ကျောက်တုံးနံရံကြီးနှင့် ရှေးလက်ရာကို ခေတ်မီစွာ ပေါင်းစပ် ဆောက်လုပ်ထားသည့် တိုက်အိမ်ဖြစ်၏။

ညဦးယံမှာ ဘုရားကိုးဆူပူဇော်သည့် ကက်ဆက်တိပ်ခွေကို ဖွင့်၍ သပ္ပာယ်စွာ ပူဇော်ထားသော ဘုရားကျောင်းဆောင်တည်ရာ အခန်းမှာ ဂေါတမဗုဒ္ဓမြတ်စွာဘုရားအား လူမျိုးပေါင်းစုံ ကန်တော့ပူဇော်နေကြ၏။

ပူဇော်ဝတ်ရွတ်သံများ စဲလျှင် ဧည့်ခံစားပွဲဝိုင်းများတွင် မြန်မာ အစားအသောက်များဖြင့် ကျေနပ်ပီတိဖြစ်နေကြသည့် ဧည့်သည်များမှာ အရှေ့အနောက်တိုင်းသား စုံလှသည်။

လှိုင်မင်းသည် စားပွဲပေါ်တွင် တယုတယတင်ထားသည့် မှန်စီရွှေချ မြန်မာ့စောင်းကောက်ကို ပိုက်ယူထိုင်လိုက်ပြီး ညာဘက်ပေါင်ပေါ်သို့ အနေအထားမှန်စွာ တင်လိုက်သည်။

ဧည့်သည်များမှာ စိတ်ဝင်တစားဖြင့် ထွက်ပေါ်လာမည့် ဂီတသံကို ငံ့လင့်နေကြသည်။ ဆွေဆွေသက်နှင့် မေသက်ရီတို့ မိဘများမှာ ဘုရားခန်းလူကြီးများ စကားဝိုင်းတွင် အရှိန်ရနေကြ၏။ လှိုင်မင်းမှ စောင်းကြိုးတို့ကို တို့ခတ် တီးလိုက်သည်။ မေသက်ရီ အတွင်းခန်းမှ ထွက်လာ၏။

မြန်မာတို့၏ အမရပူရ ချိတ်ထဘီ ပန်းရောင်ဝတ်စုံလေးဖြင့် ကိန္နရီကိန္နရာပန်းချီကားကြီးရှေ့တွင် လာရပ်သည်။ လှိုင်မင်းအနားမှာ ထိုင်လိုက်၏။

စောင်းကြိုး ဘယ်ညာညှိနေဆဲကို ကိန္နရီ ကိန္နရာတို့၏ အကြည့်သည် အသက်ဝင်နေ၏။ ပန်းချီကား၏ အပြင်မှာ အသွင်တူ သရုပ်ဆောင်သလိုမျိုး။ ဧည့်သည်တို့က အလိုက်တသိရှိကြပါသည်။

ယောလုံချည် ပုဆိုး၊ တိုက်ပုံအင်္ကျီအဝါနု ဝတ်စုံဖြင့် လှိုင်မင်း၏ ညာဘက်လက်ချောင်းလေးများက ဘုရားရောင်ခြည်တော်ဘွဲ့၊ ထူးမခြားနား အစချီ၍ တင်ထိပ်ဦးစုံ ပူးတည်ရှိကြာမှန်ဟူ၍ အဆုံးသတ် အကွန့်အတောသံဆန်းလေးများနှင့် ပူဇော်တီးခတ်သွားခဲ့၏။

ဂုဏ်ပြုလက်ခုပ်သံများ လျှံသွားသော်လည်း မေသက်ရီ လက်ခုပ်မတီး၊ နှစ်ဦးစလုံး၏ နှလုံးသား မြည်ဟည်းသံကို ဧည့်လာတို့ သတိထား ကြားရသော်ငြား ဧည့်သည်တို့ လက်ခုပ်သံကို သူတို့မကြားတော့နိုင်။

မေသက်ရီမှ မြန်မာ့စောင်း ဂီတသင်လိုသည်ကို လှိုင်မင်းမှ အလုပ်အားလပ်ချိန်များတွင် စနစ်တကျသင်ပြပေးပါသည်။ ၎င်း၏ ညီမ ဆွေသက်အဖော်လိုက်ပါပေး၏။ လှိုင်မင်းတွင် ကုမ္ပဏီအလုပ်တစ်ဖက်နှင့်မို့ မေသက်ရီတို့သာ လာရောက်၍ ကြိုးစားသင်ယူပါ၏။

"ဟင် စောင်းကြိုးတွေ[illegible]များကြီး၊ ခက်မှာလား အစ်ကို"





www.burmeseclassic.com

www.burmeseclassic.com

မေသက်ရီမှ လှိုင်မင်း သင်ပြမှုကို သူမ မလိုက်နိုင်ဟု အတွေးဖြင့် ခက်ဟန်ရှိသည်။

“စောင်းကြိုးတွေကလေ ရှေးကတော့ ၁၃ကြိုးပါ၊ ဒီဘက်ခေတ်မှာတော့ စောင်းဆရာကြီးဦးဘသန်းက ၁၆ကြိုး တီထွင်တာကို လက်ခံခဲ့ကြတယ်”

အလျား ၂၈လက်မ၊ လက်ရုံး အရှည် ၃၉ လက်မရှိသော မှန်စီရွှေချ မြန်မာ့စောင်းကောက်မှာ မေသက်ရီ၏ ညာဘက်ပေါင်ပေါ်၌ လျောင်းစက်၏။

မြန်မာပီပီ လှသည့် ခါးသေးရင်ချီ ဆံနွယ်ရှည်နှင့် လှ၍ ယဉ်ကျေးသော မိန်းကလေးနှင့် လိုက်ဖက်နေသည်။

သီချင်းတက်သည့် ရက်မှ လသို့ ကူးလာသည်။ ဝန်ကြီး ပဒေသရာဇာ၏ တလပ်ကြီးကြိုး၊ ပုစဉ်းတောင်သံနှင့် တလပ်ငယ်ကြိုးသို့ တိုင်ခဲ့သည်။

“သာယာ သာယာ မြည်လာကြွေး၊ သာလိကာငယ်လေကျေး၊ ချည်ခင်စွပ်ကယ်က ကျူးတယ် ကျူးတယ်ကို၊ ချစ်ခင်လေ ချစ်ပါလှတယ်ရှင်၊ ချစ်ခင်လေ လွန်မြတ်နိုး ဇီတည့်ဇီဝစိုး”

လှိုင်မင်းမှ မေသက်ရီကို စောင်းကြိုး တီးခတ်ပုံပြရင်းမှ လက်ချင်းထပ်မိကြသည်လည်း ရှိ၏။

စကော့တလန်တွင် အောက်တိုဘာလမှာ လေထန်မိုးရွာသည်။ မြို့ထဲ၌ မိုးလေးတဖွဲဖွဲ ရွာကျနေသော်လည်း ရဲတိုက်ကြီးတည်ရာ တောင်ကုန်းထက်မှာ လေပြင်းတိုက်နေသည်။

“ဟိုဘက်အစွန်မှာလေ၊ ဒါလောက် လေပြင်းပြင်း တိုက်နေတာ ကောင်လေးနဲ့ ကောင်မလေး တောင်အောက်ကို မဆင်းကြသေးဘူးဗျာ”

ရဲတိုက်ရှိ လုံခြုံရေးဝန်ထမ်း တစ်ဦးက အသက်ခပ်ကြီးကြီး လုံခြုံရေးကြီးသို့ လာရောက်ပြောနေသဖြင့် လုံခြုံရေး နှစ်ဦးစလုံး ထိုစုံတွဲရှိရာဘက်သို့ လျှောက်ထွက်သွားကြ၏။

“လေက တစ်ချက် တစ်ချက် တော်တော်ပြင်းတယ် မေသက်”

လှိုင်မင်း ပြောသည်ကို မေသက်ရီက မကြားဟန်ဖြင့် အီဒင်ဘာရာမြို့၏ မြောက်ဘက်ရှိ ကာလ်တန်တောင်ကုန်းမြင့်ကြီးပေါ်မှ ရောမခေတ်က လူငါးယောက်ဖက်စာ ကျောက်တိုင်ကြီးများနှင့် ရှေးဟောင်း အဆောက်အအုံကြီးကို ငေး၍ကြည့်နေသည်။ လွမ်းမောဖွယ်ရာ ရှုခင်းပင်။ ပြီးမှ မေသက်ရီက လှိုင်မင်းကို . . .

“မောင်ကလဲ လေပြင်းတိုက်လို့ လွင့်ကျလဲ အတူတူပေါ့လို့၊ ကိန္နရီ ကိန္နရာ ချောင်းခြားသလို တကွဲတပြားစီတော့ ဝေးလို့ မကျချင်ပေါင်”

လေပြင်းတစ်ချက် ပင့်တိုက်လေတိုင်း တစ်ဦးနှင့်တစ်ဦး ပို၍တင်းကျပ်စွာ ဖက်တွယ်ထားကြသည်။

“စကော့တလန်မှာ ထင်ရှားတဲ့ အနုပညာသည်ကြီးတွေ ပေါ်ထွန်းခဲ့တယ်နော် မောင်၊ ဟိုမှာ အိုင်ဗင်ဟိုကမ္ဘာကျော်ဝတ္ထုကြီးကို ရေးခဲ့တဲ့ စာရေးဆရာကြီးရဲ့ အမှတ်တရ ရုပ်တုလေ”

“မေသက်ကလဲ သူ့လိုပဲ ကမ္ဘာကျော်ကဗျာဆရာကြီး ရောဘတ်တနားတို့၊ ဂျိန်း(စ်)ဘွန်းမင်းသားကြီး ဆီးကော်နရီ တို့ဟာ စကော့တလန်သားစစ်တွေပေါ့၊ ဆာဘွဲ့တွေတောင် ရခဲ့ကြတယ်”

ရဲတိုက်ကြီး၏ တစ်ဆင့်မြင့် လျှောက်လမ်း ကျောက်လုံးမဲကြီးများ အကွယ်တွင် လုံခြုံရေးနှစ်ဦးမှာ လှိုင်မင်းနှင့် မေသက်ရီတို့ နောက်နားမှာ ရောက်နေပြီး သူတို့ ပြောသမျှကို မြင်ကြားနေရ၏။ လုံခြုံရေးကြီးက. .

“ကောင်မလေးကို အသေအချာ မြင်ဖူးပါတယ်၊ ဩော် သူ့မိဘတွေနဲ့လဲ ခင်ပါတယ်၊ မြန်မာပြည်က ကုမ္ပဏီကြီး တစ်ခုရဲ့ ပိုင်ရှင်တွေလေ”

မှန်ပါသည်။ လုံခြုံရေးကြီး ပြောသလိုပင် မေသက်ရီ၏ မိဘများမှာ မြန်မာပြည်တွင် သတ္တုတွင်း လုပ်ကွက်များ များစွာပိုင်ထား၍ အီဒင်ဘာရာမြို့တွင် ကုမ္ပဏီ၏ အရောင်းဈေးကွက်ကြီး လာရောက်ဖွင့်ထားပါသည်။

ဆွေဆွေသက်မှ မအားလပ်သဖြင့် သူ့အစ်မနှင့်အတူ အဖော်မလိုက်ပါနိုင်တော့။ မေသက်ရီတို့ အိမ်သို့ လာရောက်ပြီး စောင်းအတီးသင်ပေးဖို့ လာရောက်ပြောထားသဖြင့် လှိုင်မင်းမှ စောင်းပိုက်ကာ ဧည့်ခန်းမှနေ၍ မေသက်ရီ ထွက်အလာကို စောင့်သည်။

လှိုင်မင်းရှိရာ ဧည့်ခန်းတွင်းသို့ သူမ၏မိခင် ဝင်လာ၍ ထိုင်သည်။

“အန်တီ နေကောင်းတယ်နော်”

လှိုင်မင်း ဂါရဝပြုနှုတ်ဆက်၏။

သူမ မိခင်မှ. . .

“အေးကွယ် ဆိုပါတော့၊ မေသက်ရီ လာပါလိမ့်မယ်၊ သူ့အဖေနဲ့ ငွေစာရင်းတွေ ပိုင်းတွက်နေလို့၊ ငွေစာရင်းတွေက များသားလေ၊ ငွေရေစက်နဲ့ ရေတွက်ထားတဲ့ ငွေတွေကို စာရင်းနဲ့ ပြန်ချုပ်ကိုင်ရတယ်ကွယ့်”

“ဟုတ် ဟုတ်ကဲ့ . . . အန်တီ”

“မောင်လှိုင်မင်းရဲ့ မြန်မာ့စောင်းဂီတ၊ အနုပညာကို အန်တီ့မိသားစုက လေးစား တန်ဖိုးထားပါတယ်၊ အနုပညာက လူမှုရေးမှာလဲ ထဲထဲဝင်ဝင် ဝင်ဆံ့ပါတယ်နော်၊ စီးပွားရေး၊ အိမ်ထောင်ရေးတို့မှာတော့ . . .”

မေသက်ရီ မိခင် ခေတ္တစကားနားကာ စောင်းကောက်ကြီးကို ကြည့်နေသည်။

ပြီးမှ “အန်တီတို့ အိမ်ထောင်ရေးမှာတော့ကွယ်၊ အခု ရွှေရတုအထိ သုခ ဆိုတာ၊ ဟဲ ဟဲ ရွှေပဲကွယ့်”

“မောင်ရင့် စောင်းဂီတသံက ဝါးတစ်ပြန်အထိသာ သာယာမှု ပေးစွမ်းနိုင်မှာပဲ၊ အန်တီတို့ စီးပွားရေးက နိုင်ငံခြားတောင် ခြေဆန့်နိုင်တယ်လေ၊ ဒါကြောင့်လဲ ရွှေရတုတို့၊ စိန်ရတုတို့ ရှည်ကြာခဲ့တာပေါ့”



www.burmeseclassic.com

www.burmeseclassic.com

"ပွင့်လင်းရအောင်၊ ကဲကဲ စောင်းဆရာလေး၊ အန်တီ့သမီး မေသက်ရီကို ဘာနဲ့ တင်တောင်းမှာလဲဟင်"

လှိုင်မင်းမှ နားနှင့် မျက်လုံးကို ဖွင့်ထားသော်လည်း ရင်ထဲက ခံစားချက်များကိုမူ ပိတ်ထားသည်။စောင်းကို ပိုက်ကာ ဧည့်ခန်းတံခါးအပြင်သို့ ထွက်သည်။ မေသက်ရီ အမေ အတွင်းခန်းသို့ ပြန်ဝင်၏။ ခြံ၏ တံခါးဝသို့ မေသက်ရီ အမိ လိုက်လာ၏။

"မောင် မေသက် အားလုံးကြားပါတယ်၊ မေမေ ပြောသွားတာတွေ"

"ထားလိုက်ပါတော့လေ၊ မေသက်တို့ မေမေက ငွေရေစက်က ငွေရေတွက်သံတွေပဲ ကြားချင်မှာပဲလေ"

လှိုင်မင်း ပြန်ပြောမိသည်။

"မောင့်အပေါ် မေမေ၊ စောင်းချိတ်ပြီး ပြောသွားတာ မေသက် သိပ်ဝမ်းနည်းရတယ် မောင်ရယ်"

"အန်တီ မောင့်ကို စောင်းချိတ်ပြောသွားတာတွေက စောင်းကြိုးသာဆိုရင် တင်းလွန်းလို့ပြတ်မယ်ထင်ပါရဲ့ မေ"

"အို မေမေတို့ဘက်က တင်းတင်း လျှော့လျှော့ မေသက်ကတော့ မောင့် အပေါ် သံယောဇဉ် တိုးလို့သာ ခိုင်မြဲသွားမယ်မောင် စိတ်ချ"

လှိုင်မင်း ကုမ္ပဏီ၏ ကားတံခါးကို ဆွဲပိတ်ရင်း မေသက်ရီသို့ စိုက်ကြည့်သွားပါ၏။

မေသက်ရီ မိခင်၏ ခွဲခြားသော စကားများနှင့် ကြုံတွေ့ရပြီး မကြာမီ လှိုင်မင်းမှာ ကုမ္ပဏီ၏ အလုပ်တာဝန်ဖြင့် ဟာဝိုင်ယီသို့ သွားရသည်။

ဟိုနိုလူလူမှာ (၆)လမျှ ကြာခဲ့သည်။ ပင်မကုမ္ပဏီတည်ရာ လှိုင်မင်း စကော့တလန်သို့ ပြန်ရောက်တော့ မေသက် အီဒင်ဘာရာမှာ မရှိတော့ကြောင်း သတင်းကြားရသည်။

တစ်ခါမျှ ဆုံရသည့် မေသက်ရီ ညီမ ဆွေသက်မှ အရေးကြီး သတင်းကြားရ၏။ လှိုင်မင်းနှင့်ရသော ကိုယ်ဝန်ဖြင့် မေသက်ရီ အိမ်မှ တိတ်တဆိတ် ထွက်ခွာသွားပြီး နိုင်ငံကြီး တစ်ခုသို့ ရောက်နေသလို၊ မြန်မာပြည်ပဲ ပြန်သွားသလို ခန့်မှန်း၍သာ သိရ၏။ နေရာ အတိအကျတော့ သူမပင် မသိသလို ဆွေသက်က ပြောသွားသည်။

သုံးနှစ်တာမျှ အဆက်အသွယ် မရခဲ့ရပေ။ မြန်မာပြည်ရှိ မေသက်ရီ၏ ဘိုးဘွားများမှ တစ်ဆင့် သူ့သားလေး ချစ်နု၊ နှစ်နှစ်သား ကျော်ကျော်လောက်မှ သူမ၏ မိဘများရှိရာ စကော့တလန် အီဒင်ဘာရာသို့ ပြန်ရောက်ခဲ့၏။

ပြီးမှ လှိုင်မင်းနှင့် ဂျိနီဗာဘဏ်ကြီးရှေ့တွင် ပြန်တွေ့ကြခြင်း ဖြစ်သည်။

ဂျိနီဗာဘဏ်ရှေ့၌ ဆုံကြပြီးနောက် မေသက်ရီနှင့် သားလေးကို ဆုံတွေ့ဖို့ လှိုင်မင်း အကြိမ်ကြိမ် ကြိုးစားခဲ့သော်ငြား တစ်ခါမျှ တွေ့ခွင့်မကြုံခဲ့။ အိပ်(စ်)ပို့ ပြည်ပပို့ကုန်ကိစ္စဖြင့် လှိုင်မင်း မြန်မာပြည်သို့ ခေတ္တပြန်ရသည်။ သည်ကြားထဲ တတ်သည့်အနုပညာဖြင့် မနေသာ လှိုင်မင်းတို့ ကုမ္ပဏီပိုင်ရှင်နှင့် ဆွေမျိုးမကင်းသော မင်္ဂလာဧည့်ခံပွဲ တစ်ခုသို့ ဆောင်းနှောင်း၏ ညဦးမှာ သွားရောက်ကာ စောင်းတီးခတ် သီဆို၍ ကူညီခဲ့ရ၏။

အိမ်ကြီး အရှေ့ဘက်မြက်ခင်းပြင်ပေါ်တွင် ရောင်စုံလျှပ်စစ်မီးနှင့် ဧည့်ခံစားပွဲ အသီးသီး ပြည့်လုနီးပါး မင်္ဂလာပွဲက သူတို့ဆီသို့ သတို့သားနှင့် သတို့သမီးတို့ သွားရောက် နှုတ်ဆက်ဂါရဝပြုနေကြသည်။

ရာသီဥတုမှာ ပွင့်လင်းသာယာခြင်း မရှိလှ။ တိမ်အုပ်ကျဲကျဲအောက်မှာ လမင်းသာသည့် အလင်းနည်းလှသည်။

စောင်းဂီတသံ သီချင်းတစ်ပုဒ်ဖြင့် လမင်းကို တိမ်ညိုအောက်မှ ဆွဲထုတ်နေသယောင်။

"ကျွမ်းရတက်နှောင်၊ လွမ်းရက်ကယ် ကြွေလေအောင်၊ ရွှေငွေတောင် မြိုင်သာဝှမ်းငယ်မှာ၊ ပူခန်းက ပြင်း"

ယိုးဒယား ပန်းချီဝန် ဦးထောင်ဘို ရေးသည့် အလွမ်းဘွဲ့ယိုးဒယားသီချင်းကို ပေါ်လာလေဦးမလားဟု ညအခင်းမှာ ငံ့လင့်နေကြဆဲ။

ဧည့်ခံပွဲခင်းအလယ် လျှောက်လမ်းမှ စောင်းပိုက်ကာ လှိုင်မင်း ပြန်ခဲ့စဉ် ကလေးငယ်လေးတစ်ဦး ပြေးလိုက်လာ၍ စောင်းအိုးကို ပုတ်ခတ်လိုက်သည်။ ကလေးကို လိုက်၍ ခေါ်သူမှာ ဆွေသက်။ မေသက်ရီက စားပွဲဝိုင်းမှ ထွက်လာကာ ကလေးကို လှမ်းချီပွေ့ယူရင်း မှင်တက်မိကာ စောင်းလုလင်နှင့် မျက်လုံးချင်း တစ်ထပ်တည်းကျနေ၏။

အပြန်ကားပေါ်တွင် ကားတံခါးစေ့ထားကာ စောင်းအိုးကို ပိုက်ရင်း လှိုင်မင်း ဒရိုင်ဘာအလာကို စောင့်ရင်း မှေးနေမိသည်။ ဆောင်း၏ညကြောင့် အေးစက်နေသော စောင်းအိုးမှာ ဆိုဖာပေါ်သို့ အသာအယာ ရောက်သွားခဲ့ရပြီး ရင်ခွင်မှာ နွေးထွေးသက်ဝင်လာသည်။

စောင်းကြိုးတို့ နေရာမှာ သံယောဇဉ်ဆံနွယ်ကြိုးတို့ တိုး၍ ဖြာကျလာသည်။

ထိုစဉ် ဟေးခနဲ ဝါးခနဲ ကားတံခါးကို ထုကာ ထုကာ သားချစ်နု၊ ညီမ သက်သက်ဆွေနှင့် နောက်ပါဒရိုင်ဘာတို့မှ လှန့်ခြောက် နောက်သံတို့ကြောင့် ရှက်စိတ်ဖြင့် လက်လေးဖက်တို့မှာ အလျင်အမြန် စောင်းကို ပိုက်ယူလိုက်ကာမှ ခေါင်းငိုက်စိုက်ကျကာ မျက်နှာချင်း တစ်ဖန် ပြန်ဆုံထိမိကြပြန်ရတော့သည်။

ကောင်းကင်ထက်မှာ မြူတိမ်ရှင်းသွား၍ လမင်းရဲ့ နောက်သို့ ကြယ်လေးတွေ တလက်လက်ဖြင့် လိုက်ပါသွားကြ၏။

❒ ဝင်းခင်လွှမ်း(မှုံ့ခမြေ)





www.burmeseclassic.com

www.burmeseclassic.com

# မြစ်ပွါးနာ(စ)ကင်ဆာအတွက် ဆေးစွမ်းထက်သည့် ဆေးဆရာတစ်ဦးပေါ်ထွက်လာခြင်း



**ကင်ဆာအထူးကုသမားတော်ကြီး**
**ဦးကိုကိုလတ်**
**သမားမှတ်ပုံတင်အမှတ် ခ/ဖ ၂၀၁**

## ကင်ဆာ၊ မြစ်ပွားနာ အထူးကုတိုင်းရင်းဆေးကုခန်း

သမားတော်အမှတ်စဉ်–ခ/ဖ ၂၀၁ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာဦးကိုကိုလတ်သည် ကင်ဆာရောဂါများဖြစ်သော သားအိမ်တွင် အနာရှိခြင်း၊ အဖြူဆင်းခြင်း၊ သွေးပုပ်ဆင်းခြင်း၊ သားအိမ်ရောင်ခြင်း၊ ဆီးစပ်ကိုက်ခြင်း၊ ဆီးခုံရောင်ခြင်း၊ သားအိမ်တွင် သွေးလုံး၊ အသားလုံး၊ အကြိတ်လုံး၊ သွေးသပျက်ခိုင်၊ သားအိမ်ခေါင်းကင်ဆာ၊ သွေးကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ အသားကင်ဆာ၊ အကြောကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသည်းတွင် ရေအိတ်တည်ခြင်း ကင်ဆာနှင့် ပတ်သက်သော အတွင်းနာမှန်သမျှနှင့် လေးဘက်နာဘီပို၊ စီပိုးရောဂါများကို သက်သာ ပျောက်ကင်းအောင် အထူးကုသပေးနေပါသည်။ ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသော ရောဂါများအနက် ကင်ဆာရောဂါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါတစ်မျိုး ဖြစ်ပါသည်။ ထိုရောဂါဖြစ်ပွားပြီး တစ်နှစ်၊နှစ်နှစ် အတွင်း ဝေဒနာကို ပြင်းထန်စွာခံစားရပြီးမှ သေဆုံးကြရသည်က များလှပါသည်။ သားအိမ်ကင်ဆာနှင့် သားအိမ်ခေါင်း ကင်ဆာတို့ကြောင့် ကမ္ဘာတစ်လွှားရှိ အမျိုးသမီးများသည် လေးမိနစ်လျှင် တစ်ယောက် သေဆုံးနေကြသည်ကို လူအများ တွေ့မြင်သိရှိကြရပါလိမ့်မည်။

ဤတိုင်းရင်းဆေးအား အသုံးပြုပြီး ရက်ပိုင်းအတွင်း ထူးခြားစွာ သက်သာပျောက်ကင်းစေပါသည်။ ကင်ဆာဆိုလျှင် ထိတ်လန့်ကြောက်ရွံ့စရာ မလိုတော့ဘဲ ဆရာထံသို့ လာရောက် ကုသနိုင်ပါသည်။ ထို့ကြောင့် ကင်ဆာရောဂါ ဝေဒနာရှင်များ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှုမှ ကင်းဝေးစေနိုင်စေရေးအတွက် ရောဂါများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာကောင်းတစ်ဦး ပေါ်ထွက်လာပြီ ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဆရာ့ထံ တွေ့လိုပါက ဖုန်းနှင့်ကြို၍ ဆက်သွယ်ပါ။

**ဆေးခန်းတည်နေရာ** – ကန်သာယာမှတ်တိုင်၊ အမှတ်– မပ/၁၆၂၊ ဥယျာဉ်သာယာလမ်း ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**လမ်းညွှန်** – ၄၈ ၊ ၂၀၂ ၊ ၁၂၄ ၊ (အထူး)ကွန်ပျူတာ၊ ၁၉၇ ၊ ၁၇၇ ၊ ၁၈၈ ရွှေပြည်သာကားများစီး၍ ကန်သာယာမှတ်တိုင်တွင် ဆင်းပါ။

**ဆက်သွယ်ရန်ဖုန်း** – ၀၉–၇၃၀၆၁၆၇၃ ၊ ၀၉–၃၁၉၃၀၇၉၆၊ ၀၁–၇၀၀၆၄၄၊


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




"ကိုသီဟရော. . ဗျို့ ကိုသီဟ၊ အစ်ကိုတို့ဘကြီး တိုက်ကြက်ကြီး ဘိုးတေ၊ ဖို့မြေလမ်းကားဂိတ်မှာ ကားပေါ်ကအဆင်းမှာ မှောက်ရက်လဲပြီး လမ်းဘေးအုတ်ခုံနဲ့ မျက်နှာရိုက်မိလို့တဲ့၊ အခုဆေးရုံကို ရောက်နေတယ်၊ အဲဒါ လာပြောတာ"



www.burmeseclassic.com

www.burmeseclassic.com

အလုပ်အားတဲ့ တနင်္ဂနွေနေ့ လယ်ခင်းလေး ထမင်းစားပြီး အေးအေးလူလူ စာအုပ်တစ်အုပ်ကို ဖတ်မယ် လုပ်တုန်း ရွာထဲက ဆိုင်ကယ်ကယ်ရီသမား တစ်ယောက်က သတင်းဆိုးတစ်ခုကို သယ်ဆောင်လာသည်။ မောင်သီဟ အဝတ်အစားပင် မလဲအား၊ စက်ဘီးပေါ်ခွ၍ ထွက်မည်အပြု . . .

"ဟဲ့သား ပိုက်ဆံနည်းနည်း ရှာသွားဦးလေ"

"အမေကလဲ ဆေးရုံကြီးမှာ တင်ထားတာလေ ပိုက်ဆံ မလိုပါဘူး၊ ကျွန်တော့်မှာ သုံးထောင်တော့ပါတယ်"

"ဟဲ့ . . ရမလား မောင်သီဟရဲ့၊ ဂွမ်းတို့ ပတ်တီးတို့ ဆေးထိုးအပ်တို့ လိုတာတွေ အပြင်က ဝယ်ရမှာလေ"

"ဩော် . . ဟုတ်လား အမေ"

"ဟုတ်တယ်၊ မင်းတို့ ငယ်ငယ်ကလို အောက်မေ့နေလို့လား"

မောင်သီဟ ငယ်ငယ်က ချူချာသည်။ သန်လျင်ဆေးရုံကြီးနဲ့ အိမ်နဲ့က အိမ်ဦးနဲ့ ကြမ်းပြင်၊ မိုးဦးကျလျှင် ချောင်းဆိုးရင်ကျပ်ဖြစ်ပြီ။ ဆေးရုံကြီးရဲ့ ပြင်ပလူနာဌာနမှာ ဆေးစာအုပ်ထပ်၊ မောင်သီဟလို့ နာမည်ခေါ်ရင် အလှည့်ကျဆရာဝန်နဲ့ ဝင်တွေ့၊ အဲဒီအချိန်က ဆေးပေးခန်းထဲမှာ မောင်သီဟ လက်တစ်ဖက်လောက်ရှိတဲ့ ပုလင်းကြီးတွေနဲ့ ဆေးရည်တွေ ထည့်ထားတာ တန်းကိုစီလို့။

ဆေးလုံး၊ ဆေးပြားတွေကလည်း တစ်ပတ်စာလောက်ပေးလိုက်တာ တစ်ထုပ်ကြီး။ ဆေးရုံထဲဝင်လိုက်တာနဲ့ ဆေးနံ့၊ အရက်ပြန်နံ့တွေဟာ ဘယ်နားမှာမှ ရှူရှိုက်လို့မရတော့ဘူး။

WARD ထဲက လူနာခုတင်တွေကလည်း လူမရှိတဲ့ခုတင်တွေများသည်။ တို့မြို့ကလူတွေ အာရောဂျံ ပရမံ လာဘံ ကျန်းမာခြင်းသုခနဲ့ ပြည့်စုံကြတယ် ထင်တယ်။

အေးလေ မစည်ကားအပ်တဲ့ အရပ်တွေမှာ မစည်ကားတာ ကောင်းပါတယ်။

တွေးရင်း ငေးရင်းနဲ့ ဘကြီးတေခုတင်ဆီ ရောက်လာတယ်။

လူနာခုတင်ထက်မှာ ပက်လက်လန်ပြီး ခြေလက်များ အကြောဆွဲကာ ပါးစပ်ထဲမှာလည်း ချွဲသလိပ်တို့ ပြည့်နှက်၍ ခလူး ခလူးနဲ့ ချွဲကျပ်နေတဲ့ ဘကြီးတေကို မြင်တော့ ကျွန်တော် မကြည့်ရဲ။

လိုက်ကာအပြာကြီး လှန်ပြီး အပြင်ထွက်လိုက်တော့ သူနာပြုဆရာမက ကျွန်တော့်အား လှမ်းခေါ်သည်။

"လူနာရှင်လား"

"ဟုတ်ပါတယ်"

"နာမည်ပြော"

"ကျွန်တော့်နာမည် ကိုသီဟပါ"

"ရှင့်နာမည်ကို မေးတာမဟုတ်ဘူး၊ လူနာ နာမည်ကို မေးတာ"

မောင်သီဟလည်း ငိုအားထက်ရယ်အားသန် ဘယ်သိပ့်မလဲ၊ သူက နာမည်ပြောဆိုတော့ ကျွန်တော့်နာမည် မေးတယ် အောက်မေ့ပြီး ဖြေတာပေါ့။

"ဦးဘိုးတေပါ"

အသက်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်စတာတွေ မေးမြန်းပြီး လူနာမှတ်တမ်းမှာ စာရင်းသွင်းပြီး စာရွက်ပိုင်းလေး တစ်ခု ကျွန်တော့်ကို ပေးတယ်။

"ဒီစာရွက်က သိမ်းထားရမှာလား ဆရာမ"

"ရှင့်ကို သိမ်းထားဖို့ အမှတ်တရပေးတဲ့စာ မဟုတ်ဘူးရှင့်၊ လူနာအတွက် လိုတဲ့ ဆေးတွေဝယ်ဖို့ ဆေးစာရွက်၊ ဆေးရုံရှေ့က ဆေးဆိုင်မှာ အဲဒီစာရွက်ပြပြီး သွားဝယ်"

ဝယ်ခိုင်းတဲ့ဆေးများ ဝယ်လာပြီး ဆရာမကို ပေးလိုက်တော့ အဲဒီထဲက ဆေးထိုးအပ်နှင့် ဆေးတစ်လုံးယူကာ ဘကြီးတေ တင်ပါးကို ထိုးလိုက်တယ်။

ဆေးထိုးပြီး ခဏအကြာမှာ ခြေလက်တွေလှုပ်ယမ်းတာ ငြိမ်ကျသွားသည်။ လည်ချောင်းထဲက ချွဲကျပ်သံကြီးကတော့ မပျောက်သေး။ နှာခေါင်းထဲက သွေးများ စီးကျနေတယ်။ မှောက်လျက်လဲပြီး မျက်နှာနဲ့ အုတ်ခုံစောင်းရိုက်မိတော့ မျက်နှာပြင်ကြီးကလည်း ယောင်ကိုင်းနေတယ်။

ဘကြီးတေကို ကြည့်ရတာ စိတ်ချမ်းသာစရာ တစ်ကွက်မှမရှိ။ ဘကြီးတေဟာ အမေ့ရဲ့ အစ်ကိုအကြီးဆုံး အရင်တုန်းက စစ်တပ်ထဲမှာ တပ်ကြပ်ကြီး အဆင့်ထိ တာဝန်ထမ်းဆောင်ဖူးလို့ တချို့က တပ်ကြပ်ကြီးဘိုးတေလို့ ခေါ်သလို ရွာထဲက လူငယ်ကာလသားတွေကတော့ သူ့ကို တိုက်ကြက်ကြီး ဘိုးတေလို့ ခေါ်တယ်။

ဘကြီးက ကြက်တိုက်တာ အရမ်းဝါသနာကြီးတယ်၊ အသက် (၇၀) ကျော်ပြီ အခုထိ ဥပုသ်စောင့်ရမှန်း မသိ၊ သီလဆောက်တည်ရကောင်းမှန်း မသိ။ ဘကြီးနဲ့ သက်တူရွယ်တူတွေ သေတဲ့သူတွေလည်း သေကုန်ပြီး ရှိတဲ့သူတွေလည်း အခုဆို ဘုရားတန်ဆောင်း ကျောင်းဇရပ်တွေမှာ ပုတီးစိပ် တရားထိုင် တမလွန်အတွက် အထုပ်အပိုးပြင်နေကြချိန်မှာ ဘကြီးဘိုးတေကတော့ ကြက်ဝိုင်းမှာ ကြက်တိုက်ကောင်းတုန်း။ ဒါကြောင့် တချို့လူတွေက သူ့ကို ကြီးမိုက်ဘိုးတေလို့ ခေါ်ကြပြန်တယ်။

ဘကြီး အသက်လည်းကြီးပြီ။ အမျှားအမြင်လည်း မကောင်းဘူး။

ဒီကြက်တိုက်တဲ့ အကုသိုလ်အလုပ်ကို မလုပ်ပါနဲ့လို့ အသိမိတ်ဆွေတွေ၊ ဆွေမျိုးနီးစပ်တွေက ပြောတော့ "ငါက အကုသိုလ်လုပ်တာ မဟုတ်ဘူး၊ သူတို့ဟာ သူတို့ နှစ်ကောင်ခွပ်ကြတာလေ၊ ငါတို့ ဘေးက ထိုင်ကြည့်တာပဲ။ ဘာ အကုသိုလ် ဖြစ်ရမှာလဲ"

အဲသလို စကားကိုကတ်ပြီး ဘုကန့်လန့် ပြောတတ်လို့ ဘုကန့်လန့်ဘိုးတေဆိုပြီး တချို့က ခေါ်ကြပြန်တယ်။ လေးမည်ရ လေးဘွဲ့ခံ ဘကြီးတေပါ။

သူကိုယ်တိုင် နေမကောင်းရင် ဆေးမြီးတိုသောက်ပြီး နေပေမယ့် သူ့တိုက်ကြက်နေမကောင်းရင် ရန်ကုန်ထိ

www.burmeseclassic.com

တက်ပြီး ကုသပေးတဲ့ ဘကြီးတေ။ ကြက်ပွဲပြီးလို့အပြန် သူ့လက်ထဲ တိုက်ကြက်ကြီးပိုက်ပြီး ပြန်လာရင် နိုင်လာပြီမှတ်။

အဲဒီအခါမျိုး "ဖေ့သားကြီး ဖေ့သားကြီး" နဲ့ ကြက်ကို အမျိုးမျိုးပြုစုနေတာ။ ပြန်လာလို့ လက်ထဲမှာ ကြက်ပြန်ပါမလာဘူးဆိုရင် ရှုံးလာပြီလို့မှတ်။ အဲဒီကြက်ကို ဝိုင်းထဲမှာတင် ရှုံးရပ်ပါ့မလားဆိုပြီး ခြေထောက်နှစ်ချောင်းဆွဲပြီး နီးရာသစ်ပင်နဲ့ ကိုင်ပေါက်သတ်တဲ့ ဘကြီးတေ။

ရက်စက်မှု အပေါင်းမှာတော့ သရဖူ ဆောင်းလောက်ပါတယ်။

အခုတော့ ဘကြီးဘိုးတေ တစ်ယောက် ဆေးရုံခုတင်ထက်မှာနှာခေါင်းထဲက သွေးများနဲ့ ပါးစပ်ထဲက ချွဲများက သုတ်ပေးလို့ မနိုင်။ မျက်နှာပြင်တစ်ခုလုံးဟာ ရောင်အန်းနေတာ ခွပ်သတ်ချထားတဲ့ ကြက်ဖကြီးအတိုင်းပဲ။

ခုတင်ပေါ်မှာ ချွဲတဟွပ်ဟွပ်၊ သွေးတပွက်ပွက်နဲ့ အကြောဆွဲနေတဲ့ ဘကြီးတေရဲ့ ရုပ်သွင်ကို ကြည့်ရင်း ကျွန်တော့်မျက်စိထဲမှာ ကောက်ရဆိုတဲ့ ကြက်ဖကြီးကို မြင်ယောင် သတိရမိတော့သည်။

ကောက်ရဆိုတဲ့ ကြက်ဖကြီးဟာ ကျွန်တော်တို့ အိမ်အနောက်ရှိ ရွာတော်ချုံ နတ်ကွန်းမှာ ယတြာချေသူ တစ်ယောက် ဘေးမဲ့ လွှတ်သွားတဲ့ ကြက်ပေါက်လေး။ နေရာသစ်မှာ လည်တလေး မော့ကာမော့ကာ အတူနေခဲ့တဲ့ အုပ်စုဖော်တွေကို ရှာဖွေနေသလားသိ။

အဲဒီအချိန်မှာ နယ်ခံကြက်ကြီးတွေရဲ့ ထိုးဆိတ်မှုက လွတ်အောင် ပြေးရင်း အိမ်ထဲကို ရောက်လာခဲ့တယ်။ အဲဒီနေ့ကစပြီး ကြက်ကလေးကို အိမ်ပေါ်မှာပဲ မွေးခဲ့တယ်။ နာမည်ကိုလည်း ကောက်ရလို့ ပေးလိုက်တယ်။ အိမ်သူအိမ်သားများနှင့် ရင်းနှီးစွာ နေလာခဲ့တဲ့ ကြက်ပေါက်လေး ကလေးငယ်မရှိတဲ့ ကျွန်တော်တို့အိမ်မှာ ကောက်ရဟာ ကလေးငယ်တစ်ဦးပမာ အိမ်သားများရဲ့ ချစ်ခင်မှုကို ရရှိခဲ့တယ်။

ကျွန်တော်အပြင်က ပြန်လာလို့ သူ့ကို မတွေ့ရလျှင် "ကောက်ရရေ ကောက်ရ"လို့ ခေါ်သံကြားလိုက်တာနဲ့ ရောက်တဲ့အရပ်က ပြေးလာတတ်တဲ့ ကြက်ကလေး။

တစ်စတစ်စနဲ့ ကောက်ရဟာ ကြက်ကလေးမဟုတ်တော့ သူ့တောင်ပံနှစ်ချပ်ကို တဖျပ်ဖျပ်ရိုက်ခတ်ပြီး လည်ဆံကိုမော့၊ ရင်ကိုကော့ကာ "အောက်အီးအီးအွတ်၊ အောက်အီးအီးအွတ်" နဲ့ တွန်သံပြုတတ်နေပြီ။

BURMESE CLASSIC

အရောင် အသွေး အမွေး အတောင်လှပပြီး ဒေါက်ဆံကောင်းတဲ့ ကြက်ဖကြီး ကောက်ရကို မျက်စိကျနေသူကတော့ ဘကြီးတေ။

အရင်တစ်လနေလို့ အိမ်ဘက်ကို တစ်ခေါက်ခြေဦးမလှည့်တဲ့ ဘကြီးတေ၊ အခုကောက်ရကို အကြောင်းပြုပြီး နေ့တိုင်းလာတယ်။ လာတိုင်းလည်း ကောက်ရကို ခေါ်ပြီး အတောင်ဖြန့်ကြည့်လိုက်၊ ခေါင်းကြည့်လိုက်၊ ခြေထောက်ကြည့်လိုက်နဲ့ ကြက်ပါဆင်နယ် အင်တာဗျူး လုပ်နေသလားမသိ။

တစ်နေ့မနက် ၇ နာရီလောက် မောင်သီဟအလုပ်သွားမယ်ပြင်နေတုန်း ဘကြီးတေနှင့်အတူ ရွာထဲမှ ကြက်သမား လေးယောက် အိမ်ကိုရောက်လာတယ်။ ဘကြီးတေမှ ဦးဆောင်ကာ "ကောက်ရ ကောက်ရ" လို့ ခေါ်ပြီး "ကစ် ကစ်. . ကစ် ကစ်" နှင့် ကြက်ခေါ်သံ ပြုလိုက်တဲ့အခါ ကောက်ရ ထိုသူတွေနား အပြေးရောက်လာတယ်။

လူတွေနဲ့ ယဉ်ပါးနေတဲ့ ကောက်ရကို ကြက်သမားအုပ်စုက အတောင်ဖြန့်ကြည့်လိုက်၊ လက်နဲ့မကာ ချိန်ဆကြည့်လိုက်၊ ခြေထောက်မှာ ရှိတဲ့ အတက်တွေကြည့်လိုက်၊ ပြီးတော့ သူတို့ထဲက ကြက်သမား ကိုမြလွင်က စကားစတယ်။

"ဦးလေးတေတူကို ရအောင်ညှိဗျာ၊ ဒီလပြည့်နေ့ ပွဲရှိတယ်၊ ပြီးခဲ့တဲ့ အပါတ်က ခွက်လက်ပြလိုက်တဲ့ မဂိုကြက်နဲ့ဆို ဒေါက်တူပဲ၊ အဲဒီပွဲကို မော်ဘီက အဖွဲ့တွေလဲ လာလိမ့်မယ်၊ အဲဒီပွဲကြရင် ဦးလေးတေ ပုံအောပြီး ရိုက်လိုက်ဗျာ၊ တစ်ချက်တည်းပွဲပြီးသွားမယ်"

မြလွင်ရဲ့ မြှောက်ပင့်မှုအောက်မှာ ဘကြီးတေ သွေးကြွနေတယ်။ မြလွင်စကားဆုံးတော့ ဘကြီးတေက. .

"မောင်သီဟ လူလေး မင်းကြက်ဖ ဘကြီးကို ရောင်းပါလား၊ ငါးထောင်ပေးမယ်"

ကျွန်တော့်လခ တစ်ရာ့ခုနစ်ဆယ်ရတဲ့ ခေတ်မှာ ကြက်တစ်ကောင် ငွေငါးထောင် ပေးတယ်ဆိုတာ မနည်းမနော၊ ဒါပေမယ့် ကျွန်တော် မမက်မောပါဘူး။

"မရောင်းပါဘူး ဘကြီးရာ"

"မရောင်းရင်လဲ ဘကြီးရာလေး စက်ဘီးပေးမယ်လေကွာ၊ အခု မင်းစီးနေတဲ့ Hero စက်ဘီးက စုတ်နေပြီ၊ ဂျောက်ဂျက် ဂျောက်ဂျက်နဲ့"

ဘကြီးတေ ပိုက်ဆံနဲ့ ဝယ်တာမရတော့ ပစ္စည်းနဲ့လဲလဲတယ်။

"ဘကြီးစက်ဘီးလဲ မယူပါဘူး၊ ကောက်ရ ဘကြီးတို့လက်ထဲရောက်ရင် တိုက်ကြမှာ၊ ကျွန်တော့် ကြက်ကလေးကို ကျွန်တော် သနားတယ်၊ သူက တိရစ္ဆာန်ဆိုပေမယ့် အလွန်လိမ္မာတာ၊ တခြားကြက်သွားဝယ်တိုက်၊ ကောက်ရကိုတော့ ရောင်းလဲ မရောင်းဘူး၊ လဲလည်း မလဲဘူး"

ကျွန်တော့်ရဲ့ ယတိပြတ်စကားကို ကြားတဲ့ ဘကြီးတေ မျက်နှာကြီး စူပုပ်ကာ. . .

"ငါ့တူတွေထဲမှာ မင်းလောက် အသုံးမကျတဲ့ကောင် တစ်ကောင်မှ မရှိဘူး၊ အဲဒါကြောင့် ရေနံ့ထဲလုပ်ပြီး စက်ဘီးဂျောက်ဂျက်က မတက်တာ"

ဘကြီးတေ သူလိုတာ မရတဲ့အတွက် ကျွန်တော့်ကို ပြောဆိုပြီး အိမ်





www.burmeseclassic.com

www.burmeseclassic.com

ထဲမှ ထွက်သွားကြတယ်။ အလုပ်သာ ဆင်းခဲ့ရတယ် ကောက်ရအတွက် စိတ်က မဖြောင့်။ ရုံးထဲရောက်တော့ ဌာနမှူးက ကျွန်တော့်ကို လက်ယပ်ခေါ်တယ်။

"ကိုသီဟ စက်ရုံပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ကျွန်းချောင်းစက်ရုံမှာ သွားပြိုင်ရမယ်၊ ပွဲစဉ် အစအဆုံးဆိုရင် (၁၅)ရက်လောက် ကြာမယ်၊ စောစော ရှုံးရင်တော့ စောစောပြန်လာရမှာပါဗျာ၊ နောက်ရောက်တဲ့ TE-21 နဲ့ ဒရိုင်ဘာသိန်းညွန့် မောင်းလိမ့်မယ်၊ လိုက်သွားပေးပါ၊ ခင်ဗျားက လူပျို လူလွတ်ဆိုတော့ ဘာမှ နောက်ဆံတင်းစရာမရှိဘူးပေါ့ဗျာ၊ ဖြစ်မလား ကိုသီဟ"

"ဖြစ်ပါတယ်ဆရာ၊ သွားရမှာပေါ့"

မဖြစ်ဘူး ပြောလို့ကော ဖြစ်မလား၊ သူ့ဆန့်စား ရဲရမယ်လေ။ ဌာနမှာ ဘယ်သူမှ မသွားချင်တဲ့အရပ် ဘယ်သူမှ မလုပ်ချင်တဲ့ အလုပ်တွေလုပ်ဖို့အတွက် မောင်သီဟကိုရွေးထားသလား ဌာနမှူးရယ်။

TE-21 ကားကြီးပေါ်မှာ ဘော်လီဘောအဖွဲ့ အုပ်ချုပ်သူနည်းပြ အပါအဝင် (၁၀) ယောက်၊ ကားဆရာသိန်းညွန့်နဲ့ စက်ပြင် မက္ကင်းနစ် မောင်သီဟ ပေါင်းလိုက်လျှင် (၁၂)ယောက် အိပ်ရာလိပ်နဲ့ အထုပ်အပိုးကိုယ်စီအပြင် ဒန်အိုး၊ ဒယ်အိုးနှင့် မီးဖိုရော၊ ယောက်မရော မီးဖိုချောင်သုံး ပစ္စည်းတွေပါ တစ်ခါတည်း ပါတယ်။

ဟိုမှာ ရက်ရှည်နေရမှာဖြစ်တဲ့အတွက် ချက်ပြုတ်စားသောက်ဖို့ စီစဉ်လာခြင်းဖြစ်တယ်။ တစ်ခါတလေ အခုလို ခရီးထွက်ရခြင်းဟာ ပျော်စရာကောင်းလှတယ်။ နိစ္စဓူဝစက်ရုံဝင်းထဲမှာ မွန်းကျပ်မှုတွေဟာ အခုလို ခရီးထွက်လိုက်တော့ လွတ်လပ်ပေါ့ပါးသွားသလို ခံစားရပြန်တယ်။

ကျွန်တော်တို့အဖွဲ့ ကျွန်းချောင်းစက်ရုံကိုရောက်တော့ မှောင်ရည်သမ်းနေပြီ။ တစ်ခါမှ မရောက်ဖူးသေးတော့ ဘယ်နေရာမှာ ဘယ်သူ့ကို သတင်းပို့ရမှန်း မသိ။ စက်ရုံနဲ့ ဝန်ထမ်းအိမ်ရာက တော်တော်ဝေးတယ်။

ဒရိုင်ဘာသိန်းညွန့်လည်း ရှိနိုင်မယ့်နေရာ ရည်မှန်းပြီး မောင်းနေတယ်။ ကုန်းနှစ်ကုန်းလောက် ဆင်းလိုက်တော့ မီးရောင်လေးတွေနဲ့ စျေးတန်းလေးတစ်ခုကို တွေ့လိုက်ရတယ်။

ဝန်ထမ်းရပ်ကွက်နဲ့ ညစျေးတန်းလေးတစ်ခု။ ဘိလိယက်ခုံနဲ့ ဗွီဒီယိုရုံနဲ့ လက်ဖက်ရည်ဆိုင်နဲ့။ ကျွန်တော်တို့ကားကြီး လက်ဖက်ရည်ဆိုင်ရှေ့ ရပ်လိုက်တော့ မျက်နှာချင်းဆိုင် ဘိလိယက်ခုံက လူတစ်ယောက် ထွက်လာတယ်။

"ဟော့ သန်လျင်အဖွဲ့လား"

"အေး ဟုတ်တယ်၊ တို့ ဘော်လီဘောအဖွဲ့"

"ဘော်လီဘော အဖွဲ့တွေအားလုံး စာသင်ကျောင်းထဲမှာ နေရာပေးထားတယ်၊ ဒီကနေ ရှေ့တည့်တည့် မောင်းသွားလိုက် တွေ့လိမ့်မယ်"

နားနေဖို့ စာသင်ကျောင်းထဲရောက်တော့ ည ၈ နာရီ ကျော်ပြီ။ ညစာကို လမ်းမှာတွေ့တဲ့ ထမင်းဆိုင်မှာ ဝင်စားပြီးခဲ့ကြလို့ ဝမ်းရေးက ပြဿနာမရှိ၊ ခရီးပန်းလာတဲ့အတွက် ရေချိုးပြီးရင် ခြေပစ်လက်ပစ် အိပ်ပစ်လိုက်မယ်ဆိုပြီး အားတင်းထားသည်။

တကယ်တမ်းကျ ဘယ်လိုမှအိပ်မရ။ ပူပြင်းတဲ့ဒဏ်ကို မခံနိုင်။ အိပ်ရာပြောင်းတာလည်းပါမယ်။ ပေနှစ်ဆယ်ပတ်လည်အခန်းထဲမှာ လူ(၁၂)ယောက် အပြင် အိုးခွက် ပန်းကန် အထုပ်အပိုးများနှင့် ပြည့်နှက်နေတယ်။

အခန်းထဲမှာ ဘယ်လိုမှ အိပ်မရတော့ ကျောင်းရှေ့ကွက်လပ်ရှိ မုန့်စျေးတန်းခုံပေါ်တွင် ခေါင်းအုံးလေးချပြီး တုံးလုံးလှဲလိုက်တယ်။

အခန်းထဲမှာ ပိတ်လှောင်နေတာထက်စာရင်တော့ တော်သေးတယ်။ လက်ထဲက နာရီကြည့်လိုက်တော့ ည ၁၂ နာရီထိုးပြီ။ ကျောင်းရှေ့ လူနေ ရပ်ကွက်ထဲမှ ကြက်တွန်သံကြားရတယ်

ဒါ သန်းခေါင်ယံကြက်ပဲ။ ကြက် တွန်သံကြားတော့ အိမ်က ကြက်ဖ တောသည်ရကို သတိရလိုက်တယ်။ ဒ လည်း ဒီအချိန်ဆို တွန်နေကြ၊ ငါမ တုန်း ဘကြီးတေ ကောက်ရကို ကြ ဝိုင်းမှာ တိုက်လိုက်ရင် ဘယ်လိုလုပ်မ စိုးရိမ်စိတ်အတွေးများက အိပ်စက်မှု တွန်းထုတ်နေတယ်။ သန်းခေါင်ကျော် ပင် အိပ်ပျော်သွားတော့တယ်။

ကျွန်တော်တို့ သန်လျင်ဘော် ဘောအဖွဲ့ နိုင်ပွဲတွေ ဆက်နေတယ် ဘေးချင်းကပ်ဘယ်ညာအခန်းမှာနေ တဲ့ မန်းသံပရာကန်၊ ဆိတ်သာ၊ တစ်ခ ကျော်က စလေ၊ ရေနံသယ်ပို့၊ ချော ရုံးချုပ်အဖွဲ့တွေ အားလုံး အရှုံးကို မှာပိုက်လို့ ပြန်ကုန်ကြပြီ။

ကျွန်တော်တို့ သန်လျင်အသ တစ်သင်းတည်းသာ ဒီကျောင်းဆော ကြီး တစ်ခုလုံးကို သိမ်းပိုက်ထားသ မနက်ဖြန် နောက်ဆုံးပွဲစဉ်မှာ အိမ်ရှ ကျွန်းချောင်းအသင်းကို အနိုင်ပုတ်ပြ ဒိုင်းဆုကြီးကို ဆုပ်ကိုင်ပြဖို့ အခုည စောင်းမှာ အသင်းအုပ်ချုပ်သူ ဦးမော စန်း၊ အသင်းခေါင်းဆောင် ဦးစိုးတင့်တို့ ဦးဆောင်မှုနဲ့ အခန်းထဲမှာ အရက်ဝိုင်းဖွဲ့ ကြတယ်။

ကျွန်းချောင်း စရောက်တဲ့နေ့ တည်းက ကျောင်းဝင်းထဲ ကားကြီး ထိုး ထားပြီး ဘယ်သွားနေမှန်းမသိတဲ့ ကား ဆရာသိန်းညွန့်လည်း ဒီညနေ ပြန် ရောက်လာတယ်။ လူစုံ ခွက်စုံရှိသ တယ်။ တစ်ခွက်က နှစ်ခွက် ဝမ်းဗိုက်ထဲ ရောက်တော့ ဇာတိတွေ ပြလာကြ တယ်။

"ကိုစိုးတင့် ပြီးခဲ့တဲ့ သံပရာကန် နဲ့ ပွဲတုန်းက ရဲကြီး တင်ပေးလိုက်တဲ့ အလုံး ခင်ဗျားရိုက်တာ ကြိုက်တယ်ဗျာ





www.burmeseclassic.com

www.burmeseclassic.com

သံပရာကန်ကကောင်မျက်နှာတည်တည့် အခွန်ကို ရိုက်ချလိုက်တာ ဒီကောင် တော်တော်အီသွားတယ်”

ကိုမောင်စန်း စကားဆုံးတော့ ကိုစိုးတင့်က. . .

“ကိုမောင်စန်း ကျွန်တော်တို့ ဘော်လီဘောကစားလာတဲ့ သက်တမ်း ကိုလဲ ပြန်ကြည့်ပါဦးလေဗျာ၊ ဒီကောင် လေးတွေက မနေ့တစ်နေ့ကမှ ကစား ခဲ့ကြတဲ့ ငချွတ်လေးတွေပါ၊ ဆိတ် သာနဲ့ ပွဲတုန်းကရော ကျွန်တော်တင် ပေးလိုက်တဲ့ အလုံးကို ကိုမောင်စန်း ရိုက်ချလိုက်တာ ကြိုက်တယ်ဗျာ”

“မကြိုက်မရှိစေရဘူး၊ ကျုပ်က ဘောလုံးနဲ့ မျက်နှာရောရိုက်လိုက်တာ၊ မျိုးအောင်နဲ့ ရဲကြီး မင်းတို့နှစ်ယောက် ကစားရင် ပျာတီပျာတာမလုပ်နဲ့ စိတ် ကို တည်တည်ငြိမ်ငြိမ်ထားပြီး ကစား၊ မင်းတို့ရတဲ့ အလုံးဆို ပိုက်တန်းပေါ် ကတင်ပေးလိုက် တစ်မှတ်ပဲ၊ မင်းတို့ ရဲ့အကြောင်း သိပါတယ်၊ ငါ ဘယ် နှနှစ်ထဲက ဘောကစားလာတယ်ဆို တာ”

“ဂလွတ် ပျပ်ပျပ် ပျပ်ပျပ်”

စကားကလည်း ပြောသည်။ အရက်ကလည်း သူကတစ်ခွက်သောက် ပြီး သူများက နှစ်ခွက်သောက်ရင် သူ့ အတွက် နစ်နာမှာစိုးတဲ့အတွက် တစ် ခွက်တုန်အောင် မော့လိုက်တယ်။

“ဆက်ပါဦးဗျ၊ ဦးစိုးတင့် စကား က တစ်ခွက်နဲ့ တစ်ခွက်ကြားမှာ ပြတ် သွားတယ်”

ဘေးကနေ အရက်မသောက်ဘဲ ကြော်လှော်ထားတဲ့ အမြည်းတွေ ထိုင် စားနေတဲ့ တရုတ်ကြီးက မြှောက်ထိုးပင့် ကော်လုပ်ပေးတယ်။

“ဒီလိုကွ တရုတ်ကြီးရ၊ အခု စားရင်း အသက်ကို (၁၀)နှစ်လောက် ပြန်ငယ်လိုက်ချင်တယ် သိလား”

ကိုစိုးတင့် စကား မဆက်ခင် သိန်းညွန့်က. . .

“ဟာ ဟုတ်တယ်၊ ဟုတ်တယ် ဦးစိုးတင့် (၁၀)နှစ်လောက်ငယ်လိုက်မှ ကျောင်းရှေ့ ထမင်းဆိုင်က ကောင်မ လေးနဲ့ ရွယ်တူဖြစ်မှာ”

သိန်းညွန့် ဝင်ထောက်လိုက် တော့ ဦးစိုးတင့် သောက်ခါနီးခွက်ကို ပြန်ချကာ. . .

“ဟေ့ကောင် သိန်းညွန့် ငါက ရိုးရိုးပဲ ခင်တာပါကွ၊ မရိုးသားတာ ငါ မဟုတ်ဘူး၊ အသင်းအုပ်ချုပ်သူ ဦးမောင် စန်းကွ၊ အချိန်ပြည့် အဲဒီဆိုင်မှာပဲ”

ကိုစိုးတင့်က ပြောင်ပြောင်တင်း တင်း စွပ်စွဲလိုက်တော့ ကိုမောင်စန်းက ပြန်တွယ်တယ်။

“ကိုစိုးတင့်ရာ လွှဲမချစမ်းပါနဲ့ ခင်ဗျား မနေ့က ကောင်မလေးကို ဘာ တွေ ပြောလိုက်လဲ”

ကိုမောင်စန်းက မေးခွန်းစထုတ် တော့ ကိုစိုးတင့်က. . .

“ဘာပြောလို့လဲပြော”

“ဟင်း ဟင်း ဟင်း ဟင်း”

ကိုမောင်စန်းက မူးလာပြီဆို ရယ်တာတောင် ရိုးရိုးမရယ် ခေတ် ဟောင်းရုပ်ရှင် ပယင်းရောင်ဇာတ်ကား ထဲက ကောလိပ်ဂျင်နေဝင်း ရယ်သလို ရယ်ပြီး ခြေဟန်လက်ဟန်တွေ သာမက မတောက်တခေါက် အင်္ဂလိပ်လိုပါ မှုတ်တတ်တယ်။

“ပြန်မယ့်ရက်က နီးပြီတဲ့၊ အညာ မြေမှာ တမာပန်းနံ့လေး ရှူရင်း တမာ တောမှာပဲ ပျော်ချင်ပါတယ်တဲ့၊ ခင်ဗျား ဗျာ ကိုယ့်အသက်အရွယ်မှ အားမနာ ကိုယ့်သမီးလောက်ရှိတာလေးကို ရည်း စား စကား သွားပြောရတယ်လို့”

လူငယ် လူရွယ်တွေဘာမှ မဖြစ် မကြီးမငယ် နှစ်ယောက် စားမာန်ခုတ် နေကြတယ်။

ထမင်းဆိုင် လူရှင်းနေချိန်မှာ ကောင်မလေးကို ပြောတဲ့စကားတွေ ကိုမောင်စန်းဆီ ဘယ်လို ရောက်နေ သလဲ၊ ဒီစကားတွေ ရှေ့ဆက်ရင် အခြား အခြားပြောခဲ့မိသော စကားတွေ ပေါ် လာတော့မယ်။

အညာစကားက အညာမှာပဲ မပျောက်ဘဲ သန်လျင်ထိရောက်ခဲ့ရင် အိမ်ကမိန်းမနှင့်ပြဿနာအကြီးအကျယ် ရှင်းရလိမ့်မယ်။ ဒါကြောင့် စကားခေါင်း စဉ်ပြောင်း လမ်းကြောင်းလွှဲလိုက်တယ်။

“သိန်းညွန့် မင်းကားခေါင်မိုးကို မနက်ရမယ့် ဒိုင်းဆုကြီး တင်လို့ရအောင် လုပ်ကွာ”

“ကိုစိုးတင့်ရာ မနက်ကစားမယ့် ပွဲကို နိုင်အောင်ပဲ ကစားပါဦး၊ ကျွန်း ချောင်းအဖွဲ့က လူညီတယ်၊ ကစား သမားတွေအားလုံး အသက် ၁၉-၂၀ တွေချည်းပဲ၊ ကျွန်တော်တို့ သန်လျင် အဖွဲ့မှာ ရဲကြီးတို့ မျိုးအောင်တို့တောင် ၃၀ နားကပ်နေပြီ၊ ဦးစိုးတင့်နဲ့ ဦးမောင် စန်းဆို ပင်စင်နားကပ်နေကြပြီ”

“ဟေ့ကောင် သိန်းညွန့်၊ ဗမာ စကားပုံရှိတယ်ကွ၊ နွားပျိုသန်လှ နွားအို ပေါင်ကျိုးဆိုတာ”

“ဟား ဟား ဟား ဟား”

ဒီနေ့ နံနက် ၈ နာရီတိတိမှာ သန်လျင်စက်ရုံဘော်လီဘောအသင်းနဲ့ ကျွန်းချောင်းစက်ရုံ ဘော်လီဘော အသင်း ဒိုင်းလုပွဲကို ယှဉ်ပြိုင်ရမှာဖြစ် တယ်။ မောင်သီဟ အခြားပွဲစဉ်တွေ သွားမကြည့်ဖြစ်ပေမယ့် ဒိုင်းလုပွဲကို တော့ ကြည့်ချင်စိတ်ရှိတာနဲ့ ပွဲမစခင် ကြိုတင်နေရာယူထားလိုက်တယ်။

စက်ရုံမှူးနဲ့ တာဝန်ရှိသူတွေ လည်း ပွဲပြီးရင် ဆုများပေးအပ်ဖို့ သတ် မှတ်နေရာမှာ ရောက်ရှိနေရာယူထား ကြပြီ။ ကစားကွင်းထဲကို ဦးစွာထွက်ရှိ လာတဲ့ ကျွန်းချောင်းစက်ရုံအသင်း ကစားသမားတွေက ညိုညိုတုတ်တုတ် ကျဲပေါက်ကြီးတွေ အတိုင်းပဲ။

ဝတ်ထားတဲ့ ယူနီဖောင်းက တော့ အဖြူရောင်ဝမ်းဆက်နဲ့ လိုက်ဖက် ပါဘိခြင်း။ ပရိသတ်ဘက်ကလည်း ဩဘာလက်ခုပ် လက်ခေါက်၊ ဝီစီမှုတ် ပြီး အားပေးသံက ကွင်းလုံးညံပေါ့။



www.burmeseclassic.com

www.burmeseclassic.com

သူတို့နောက်က သန်လျင်အဖွဲ့ ထွက်လာပါပြီ။ အသင်းခေါင်းဆောင် ဦးစိုးတင့် ယူနီဖောင်းက အဝါရောင် ဝမ်းဆက်နဲ့ ထိပ်ကြီးကပြောင်နေတော့ ဖြုန်းခနဲ ကွင်းထဲ ပရိတ်နာဖို့ ဘုန်းကြီးကြွလာသလား မှတ်ရတယ်။

သူ့နောက်က ကိုမောင်စန်း၊ ရဲကြီး၊ မျိုးအောင်တို့ကို ပရိသတ်ကလည်း အားပေးပြန်ပါတယ်။

"ဘဘကြီးတို့ လာပြီ၊ ထိပ်ပြောင်ကြီးတို့လာပြီ"နဲ့ တစ်ခဲနက် အားပေးလိုက်ကြတာ ကွင်းလုံးညံ့ပဲ။

ပွဲစတော့ ကစားလာတာ သက်မ်းရင့်နေပါပြီဆိုတဲ့ ဦးစိုးတင့်ကလည်း ကျွန်းချောင်း ရိုက်ချက်တွေကို ပြန်မဆယ်နိုင်။ သမ္မာရင့်နေပြီကွ ဆိုတဲ့ ဦးမောင်စန်းလည်း ဗြာသံပေးပြီး ခုန်သာ ခုန်နေတယ် ဘောလုံးက သူ့ဘေးနားမှာ ကပ်ကျ ကျနေတယ်။

အမှတ်တွေ တစ်မှတ်ပြီး တစ်မှတ်ပေးနေရတယ်။ သုံးပွဲကစားရာမှာ နှစ်ပွဲရှုံးနဲ့ ပွဲပြီးသွားတယ်။ ဒုတိယဆုအဖြစ် ဖယောင်းတိုင် သုံးသေတ္တာယူပြီး နေ့ခင်းပိုင်း ပွဲအပြီး ညနေ ၃ နာရီလောက်မှာ ကျွန်းချောင်းမှ ပြန်လည်ထွက်ခွာလာခဲ့ကြတယ်။

အညာနွေရဲ့ အညာနေကတော့ တံလျှပ်ထနေတဲ့ ကတ္တရာလမ်းကို အရည်ပျော်ကျမတတ်။ လမ်းခုလတ်မိတ္ထီလာလောက်မှာ တစ်ညအိပ်ပြီးမှသာ သန်လျင်ကို နောက်တစ်နေ့မှ ခရီးဆက်ရတယ်။

အပြန်ခရီးကို တတ်နိုင်လျှင် အတောင်တပ်ပြီးသာ ပျံလိုက်ချင်တယ်။ လဝက်ကျိုးလောက်အထိ တစ်ခါမှ ခရီးမထွက်ဖူးတော့ မောင်သီဟ လွမ်းတတ်လာတယ်။ အိမ်ကိုလည်း လွမ်းတယ်။ အမေ့ကိုလည်း လွမ်းတယ်။

အလုပ်ရုံကိုလည်း လွမ်းတယ်။ မနက်တိုင်း သောက်နေကျ စက်ရုံကင်တင်းက လက်ဖက်ရည်ပေါ့ကျဲကျဲကိုလည်း မသောက်ရတာ ကြာလို့လားမသိ ခံတွင်းထဲမှာ တောင့်တမိတယ်။

မနက်တိုင်း စက်ရုံကင်တင်းမှာ တွေ့နေကျ၊ တွေ့တိုင်းလည်း မျက်လုံးချင်း ဆုံနေကြ၊ ဆုံတိုင်းလည်း ရင်ထဲအသည်းနှလုံးတို့ တဆတ်ဆတ်တုန်လို့ တဖျပ်ဖျပ်ခုန်ခဲ့ရတဲ့ မ မျက်နှာလေးကိုလည်း စိတ်မှာ မြင်ယောင်မှန်းလို့ လွမ်းမိတယ်။

သန်လျင်ရောက်တော့ နေ့လယ် ၁၂ နာရီ ထိုးပြီ။ စက်ရုံထိ လိုက်မသွားဘဲ ဈေးထိပ်မှာဆင်းပြီး ဆိုက်ကားငှားကာ အိမ်ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ အမေက ဆီးကြိုတယ်။

အမေ့မျက်နှာပြုံးပြုံးရွှင်ရွှင်မရှိ။ သားတစ်ယောက် (၁၅)ရက်လောက် ခရီးထွက်ပြီး ပြန်လာတာတောင် အမေလှိုက်လှဲဝမ်းသာမှု မရှိ။

"အမေ နေမကောင်းဘူးလား"

"ကောင်းပါတယ်ကွယ်"

ဆိုက်ကားပေါ်မှ အိပ်ရာလိပ်နှင့် အညာပြန်လက်ဆောင်များသယ်ပြီး အိမ်ထဲသို့ ဝင်လိုက်တယ်။

"ကောက်ရရေ ကောက်ရ ကစ်ကစ် ကစ်ကစ်၊ အမေ ကောက်ရ ဘယ်ရောက်နေလဲ ခေါ်တာလဲ မလာဘူး"

အမေ ကျွန်တော့်အမေးကို ပြန်မဖြေ။ ခြံပြင်ဘက်ရောက်နေသလားဆိုပြီး လိုက်ရှာတော့လည်း မရှိ။

"အမေ ကောက်ရရော . . . ကောက်ရ ဘယ်မှာလဲ"

အမေ့ကို အတင်းမေးတော့မှ ပင် . . .

"မင်း နယ်သွားပြီးတဲ့ နောက်တစ်နေ့ပဲ မင်းဘကြီးတေ လာဖမ်းသွားတယ်၊ ဒီမှာ ပိုက်ဆံငါးထောင်ပေးသွားတယ်၊ ရော့ ဒီမှာ"

မောမောနဲ့ ပြန်လာတဲ့သူကို ကျောက်စက်ရည် မတိုက်ဘဲ ဝါးရင်းတုတ်နှင့် စီးရိုက်သလို ခံရခက်လှတယ်။ အမေချပေးတဲ့ ငွေ ၅၀၀၀ ကိုယူပြီး အိမ်နဲ့မလှမ်းမကမ်းတွင်နေသော ဘကြီးတေအိမ် ထွက်လာခဲ့တယ်။

သူ့အိမ်ရှေ့ရောက်တော့ အိမ် တံခါးသော့ခတ်ထားတယ်။ အိမ်ပြန်ပြီး စက်ဘီးနှင့် ရွာတောင်ဖျား ကြက်သ တို့ စုဝေးရာ ဦးထွန်းညိုခြံသို့ လိုက် သွားတယ်။ မတွေ့။ လမ်းမှာ ဦးထွန်း ညိုသား ထွန်းဝေနှင့်တွေ့တော့. . .

"အရှေ့ပိုင်းက ကိုစိုးကြီးတို့ ခြံ မှာ ဒီနေ့ ကြက်ဝိုင်းရှိတယ်၊ အဲဒီဝိုင်းမှာ ရှိလိမ့်မယ်"

ထွန်းဝေ လမ်းညွှန်မှုနဲ့ ရွာ တောင်ဖျားကနေ အရှေ့ဘက်ဆီ ခရီး ဆက်ရပြန်တယ်။ ရွာအရှေ့ဘက် ကိုစိုး ကြီး ခြံရောက်ဖို့ ဆရာတော်ဦးနန္ဒရဲ့ ကျောင်းဝင်းအတွင်းမှ ဖြတ်ခဲ့တယ်။

သစ်ပင် ဝါးပင် အုပ်ဆိုင်းနေတဲ့ ကျောင်းရဲ့ အရိပ်အာဝါသဟာ လူခန္ဓာ ကိုယ်သာမဟုတ် လူ့စိတ်ကိုပါ လန်း ဆန်းအေးမြစေတယ်။ ကျောင်းဆောင် ကြီးထဲမှာ ဆရာတော်ဦးနန္ဒနဲ့ မန္တလေး ဦးကျော်နိုင်တို့ ယောဂီများကို တရားပြ နေတယ်။

ဆိတ်ငြိမ်အေးချမ်းတဲ့ အရပ် ဒေသမှာ သူတော်ကောင်းစိတ်ရှိတဲ့သူ တွေ သူတော်ကောင်းတရား အားထုတ် နေကြချိန်မှာ ကျွန်တော့်ဘကြီးဘိုးတေ တို့လို အကုသိုလ်ကို ကန်ထရိုက်ဆွဲ ထားတဲ့သူ တစ်စုကတော့ ငရဲပြည် ရောက်မယ့် အလုပ်ကို လုပ်နေလေရဲ့။

ကိုစိုးကြီးခြံထဲရောက်တော့ အိမ် ရှေ့ သစ်တိုပင်ကြီးအောက် ကွင်းပြင် မှာ လူသုံးဆယ်လောက်ရှိလိမ့်မယ်။

တချို့က ကြက်တွေပိုက်လို့ တွန် တဲ့ကြက်ကတွန်၊ ငိုင်တဲ့ ကြက်ကငိုင်၊ ဝိုင်းထဲမှာတော့ ကြက်နှစ်ကောင် တဖြောင်းဖြောင်းနဲ့ ခွပ်နေတာ မြင်ရ တယ်။

ကျွန်တော် ဝိုင်းထဲမှာ ဘကြီး တေကို အရင်ရှာသည်။ ဟော တွေ့ပြီ၊ ရေဖလားတစ်လုံးရှေ့ချပြီး ရေတွေ ပါး စပ်ထဲ ငုံလိုက်၊ ခွပ်နေတဲ့ ကြက်ဖ နောက်မြီးလေးလှန်ပြီး ဖူးဖူးနဲ့ မှုတ်လိုက် လုပ်နေတာ။

www.burmeseclassic.com

အဲဒီကြက်ကို သေသေချာချာကြည့်တော့ ကျွန်တော့်ကြက်ဖ ကောက်ရ ဖြစ်နေတယ်။

ငယ်ရုပ်ကို မနည်းဖမ်းယူရတယ်။ နီရဲပြီး ပန်းသွေးရောင်ထနေတဲ့ ခေါင်းပေါ်က အမောက်ဟာ အခု အညို အမည်းစွဲနေပြီ။ လည်တံတစ်လျှောက်က အမွေးလှလှများလည်း မရှိတော့။ ယခင် မင်းသားလေးလိုလှပတဲ့ ကြက်ဖအခု လူကြမ်းကြီးတစ်ယောက်ပမာ။

ဘယ်အချိန်ကတည်းက ခွပ်နေကြလဲမသိ နှစ်ကောင်စလုံး ခြေကုန်မောပန်းနေကြပြီ။ ကောက်ရဟာ မောပန်းလွန်းလို့လား၊ နာကျင်လွန်းလို့လားမသိ ပြိုင်ဘက်ကြက်ရဲ့ အတောင်ကြားမှာ ခေါင်းဝင်တိုးပြီး အမောဖြေနေရှာတယ်။

ကျွန်တော် စိတ်မရှည်နိုင်။ ကောက်ရ အခွပ်ခံနေရတာကိုလည်း မကြည့်ရက် ဝိုင်းထဲက ကောက်ရကိုဝင်လုပြီး ပြေးဖို့ စိတ်ကူးတယ်။ ပြန်စဉ်းစားကြည့်တော့ မဖြစ်နိုင်။ တုတ်ပွဲ၊ ဓားပွဲဆင်နွှဲရမယ့် ကိစ္စ။ တုတ်ပွဲ၊ ဓားပွဲ ဆင်နွှဲရင် ရဲစခန်းရောက်မယ်၊ ရုံးရောက်မယ်၊ အမှုဖြစ်မယ်။

ကျွန်တော်က ဝန်ထမ်းလေ၊ အမှုဖြစ်ရင် အလုပ်ကို ထိခိုက်နိုင်တယ်။ နေပစေတော့ ပွဲပြီးမှပဲ ဘကြီးတေ ငွေငါးထောင် ပြန်ပေးပြီး ကိုယ့်ကြက်ကိုယ်ပြန်ယူတော့မယ်။ တစ်ဖက်ပြိုင်ဘက်တွေကလည်း ရိုလုံး ထေ့လုံးများဖြင့်ပြောဆိုနေကြတယ်။

"ဖေ့သားကြီး တိုင်းကျော်ရေ၊ ကောက်ရကို ဝိုင်းထဲမှာ ကောက်လိုက်ရအောင် ခွပ်လိုက်စမ်း အမွှန်ကို"

တစ်ဖက်လူရဲ့ ရိုလုံးထေ့လုံး၊ စလုံးများကြားမှာ ဘကြီးတေမျက်နှာကြီးဟာ ညိုပုပ်နေတယ်။ ဝိုင်းထဲမှာကောက်ရ အခြေအနေ မကောင်း။ ခွပ်ရင်း ခွပ်ရင်း ခြေနှစ်ချောင်းက ယိုင်နေပြီ။ မြန်မြန်ပွဲပြီးပါစေလို့ စိတ်ထဲမှာ ဆုတောင်းနေမိတယ်။

ပွဲပြီးလျှင် ကိုယ့်ကြက်ကိုယ်ယူပြီးပြန်တော့မယ်။ ပြိုင်ဘက်ကြက်ဖကြီးဟာ ကောက်ရ လည်ကုတ်ကို နှုတ်သီးနှင့်ဆိတ်ထားပြီး တစ်ချက်ပြီး တစ်ချက်ခွပ်တယ်။ မြင်ကွင်းကို ကျွန်တော် ဆက်ပြီး မကြည့်ရက်တော့။

ထိခိုက်မခံသော ကျွန်တော့်နှလုံးသားဟာ ကွဲရှလွယ်ခဲ့တယ်။ ရင်ထဲမှာ ဒေါသပဲ ဖြစ်ရမလို ကလေးတစ်ယောက်လို ရှိုက်ကာ ရှိုက်ကာ ငိုလိုက်ရမလား မဝေခွဲတတ်။ ကြက်ဝိုင်းနှင့်မလှမ်းမကမ်းရှိ သစ်ပင်အောက်ထိုင်ကာ ပွဲပြီးအောင် စောင့်တော့မည်ဟုစိတ်ပိုင်းဖြတ်လိုက်တယ်။

အပင်အောက်ထိုင်လို့ (၁၀)မိနစ်လောက်မှာ လူစုကွဲကာ ကြက်တွေ ပိုက်လို့ အလျှိုအလျှိုပြန်ကုန်ကြပြီ။

"ဦးဘိုးတေတော့ ကုန်ပြီ၊ နှစ်လေး တစ်လေး ပေးရိုက်တာ၊ သူကကျော်တင့်လို့ မြလွင်တို့ မြှောက်ပေးတဲ့အတိုင်း လိုက်လုပ်နေတာ"

"ဟုတ်တယ်၊ သူ့ကို နှစ်လေးတစ်လေးပေးခိုင်းပြီး လောင်းကြေးကိုဟိုဘက်က ပတ်ထည့်တဲ့ကောင်တွေ၊ ဘိုးတေမကုန် ဘယ်သူကုန်မှာလဲ"

ကြားရတဲ့ စကားတွေက နားချမ်းသာစရာ တစ်ခုမှ မရှိ။ လူရှင်းသွားတော့ ကြက်ဝိုင်းလုပ်ရာသို့သွားကာ ဘကြီးတေကို ရှာသည် မတွေ့။ ဒါနဲ့ကိုစိုးကြီးကို မေးလိုက်တယ်။

"ကိုစိုးကြီး ဘကြီးတေရောဗျ"

"ဟိုမှာလေကွာ မင့်ဘကြီး"

ကိုစိုးကြီး ညွှန်ရာဘက်ကြည့်လိုက်တော့ ဘကြီးတေ တစ်ယောက်ကောက်ရ ခြေထောက်နှစ်ချောင်းကိုဆွဲကာ ရှေ့တူရူရှိ သစ်ပင်ကြီးဆီ ခရီးနှင်နေပြီ။မောင်သီဟ သိလိုက်ပြီဆိုတာနဲ့တစ်ပြိုင်နက် ပါးစပ်မှလည်း. . .

"ဘကြီးတေ မလုပ်နဲ့၊ ဘကြီးတေ မလုပ်ပါနဲ့၊ ဘကြီးတေ"

မောင်သီဟ အော်နေစဉ်မှာပင်ကောက်ရကို သစ်ပင်နှင့် ရိုက်ချလိုက်တယ်။ သစ်ပင်ခြေရင်းမှာ မသေမရှင်ဖြစ်နေတဲ့ ကောက်ရကို ပြေးကောက်ပြီး

"ဘကြီးတေ တော်တော်ရက်စက်တယ်၊ လူမဆန်ဘူး၊ သူမနိုင်လို့ရှုံးတာ ဘာလို့ ရိုက်သတ်ရတာလဲ၊ ကောက်ရ မင့်အဖြစ်ဆိုးလိုက်တာကွာ၊ မင်း ဘဝတိုင်း ဘဝတိုင်း ဘကြီးတေလိုလူမျိုးနဲ့ ဘယ်တော့မှ မတွေ့ပါစေနဲ့လို့ဆုတောင်းပေးလိုက်ပါတယ် ကောက်ရရယ်"

မောင်သီဟ အသံကြားတော့ကောက်ရ မျက်လုံးလေးပွင့်လာတယ်။ ပါးစပ်ထဲမှ ချွဲများနှင့်အတူ သွေးများပါကျလာတယ်။ အတောင်တွေနှင့် ခြေထောက်တွေလည်း တဆတ်ဆတ်နဲ့အကြောဆွဲနေတာ မြင်ရက်စရာမရှိ။

"ကောက်ရ မင်းသွားလိုရာ သွားတော့ ကောက်ရရယ်၊ မင်းကို ငါ ခွင့်လွှတ်တယ် ကောက်ရ၊ မင်းသွားလိုရာသွားတော့၊ ဒီဘဝ ဒီအဖြစ်ဆိုးဟာဒီတစ်ခါ နောက်ဆုံးပဲ ဖြစ်ပါစေလို့ ငါဆုတောင်းပေးလိုက်ပါတယ် ကောက်ရရယ်"

ကျွန်တော့်စကားဆုံးတော့ မျက်လုံးလေးပိတ်ကာ ငြိမ်ကျသွားတယ်။

မနှစ်တစ်နှစ်က အဖြစ်အပျက်တွေဟာ မနေ့တစ်နေ့ကလိုပဲ ကျွန်တော့်အာရုံမှာ တရစ်ဝဲဝဲနဲ့။ အခု ကျွန်တော့်မျက်စိရှေ့တွင် ဘကြီးတေလည်း တူသော အကျိုးကို နောင်ဘဝမဟုတ် အခုဘဝမှာပင် ခံစားနေရလေပြီ။

သင်ပြုသောကံပဲ့တင်သံ သင့်ထံပြန်လာမည်ဟု ကျွန်တော် ကြားခဲ့ဖူးသော တရားစကားလေးတစ်ကြောင်းဟာ ကျွန်တော့်နားမှာ ကပ်ပြောနေသကဲ့သို့ အထပ်ထပ်ကြားယောင်ကာကျွန်တော့်မျက်စိကို အသာမှိတ်ထားလိုက်မိပါတော့တယ်။

❒ ဝင်းသီဟ(သန်လျင်)





www.burmeseclassic.com

www.burmeseclassic.com

နေရာက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၊ ကိုတာရာယာ (**KOTA RAYA**)ရှိ တရုတ်လူမျိုး အလျှောင်းပိုင် စားသောက်ဆိုင်ကြီး တစ်ဆိုင်တွင် ဖြစ်သည်။

ထိုဆိုင်တွင် ကျွန်တော်က မီးဖိုထဲတွင် တာဝန်ယူရသော စားကိုင်တစ်ဦး ဖြစ်သည်။

ကျွန်တော်နှင့်အတူ မီးဖိုထဲတွင် စားဖိုမှူး နှစ်ဦး၊ စားကိုင် ကျွန်တော် အပါအဝင် သုံးဦး၊ မီးဖိုချောင် အကူနှစ်ဦး၊ ပန်းကန်ဆေးတစ်ဦး လုပ်ကိုင်လျက် ရှိသည်။

စားဖိုမှူး နှစ်ဦးမှလွဲ၍ ကျန်လူများအားလုံးသည် မြန်မာများပင် ဖြစ်သည်။ မြန်မာနိုင်ငံသားများမှာ ကျွန်တော် ဗမာတစ်ဦး၊ ကချင်လူမျိုးနှစ်ဦးနှင့် ကရင်လူမျိုး တူဝရီးသုံးယောက်တို့ ဖြစ်သည်။ ထိုတူဝရီးသုံးယောက်မှာ ကရင်ပြည်နယ်၊ ဘားအံမြို့၊ တောင်ကလေး ကျေးရွာမှ ဖြစ်သည်၊

ကျွန်တော်တို့အားလုံးမှာ ပတ်စ်ပို့ မရှိသော Over Stay သမားများပင် ဖြစ်သည်။

# လက်ငင်းအကျိုးပေး

ရှင်ရဲထွန်း






www.burmeseclassic.com

www.burmeseclassic.com

မလေးရှားနိုင်ငံ စားသောက်ဆိုင်များ၏ထုံးစံမှာ တနင်္လာနေ့မှ သောကြာနေ့အထိ လူပါးတတ်ပြီး စနေ၊ တနင်္ဂနွေနေ့များတွင်တော့ အတိုးချကာ လူများတတ်လေသည်။ ယနေ့လည်း ဗုဒ္ဓဟူးနေ့ ဖြစ်သည်နှင့်အညီ လူပါးသည့်အလျောက် ကချင်လူမျိုးတစ်ဦးဖြစ်သူ အားပြောင်က ကျွန်တော့်အား. . .

"ရော်ဘင်၊ ငါတို့ ဒီနေ့ ကြက်သားကာလသားချက် စားရအောင်ပါ၊ စပ်စပ်ကလေးချက်မယ်၊ ရော်ဘင် နင်က ငါ့ကို ဝက်သားကြိတ်နဲ့ ခရမ်းသီးနှပ်ကျွေးပေ"

နောက်ထပ် ကချင်တစ်ဦးဖြစ်သူ ဂျွန်ကလည်း. . .

"ဟုတ်တယ် ရော်ဘင်၊ နင် ဟိုတစ်နေ့ကချက်တဲ့ ခရမ်းသီးချက်က အအား စားကောင်းတယ်ပါ၊ နင် ထပ်ချက်ပြီး ငါတို့ကို ကျွေးပါ"

"အင်းပါ၊ အားပြောင်နဲ့ ဂျွန်ရယ်၊ နင်တို့ကို ငါ ကောင်းကောင်းချက်ကျွေးပါ့မယ်"

ကျွန်တော်လည်း သူတို့နှစ်ဦး၏ ကချင်တိုင်းရင်းသားများ လေသံအတိုင်း နင်တွေ ငါတွေနှင့် ပြောမိသည်။ တိုင်းရင်းသားများ၏ လေသံဝဲဝဲကလေးများကို နားထောင်ရသည်မှာ အမိမြန်မာနိုင်ငံရှိ မိသားစုများအား အလွမ်းဖြေဆေး တစ်မျိုးပါပေ။

ကျွန်တော်တို့ဆိုင်မှာ မနက်ဆယ်နာရီမှ စတင်ကာ နေ့လယ် ဆယ့်နှစ်နာရီထိတစ်ကြိမ်၊ ညနေ သုံးနာရီခွဲမှ ည ဆယ်နာရီထိ တစ်ကြိမ် ဖွင့်လှစ်ရောင်းချသော *Sea Food* ဆိုင်ပီသစွာပင် ဆိုင်အတွင်းတွင် မှန်ကန်များနှင့် ငါးမျိုးစုံ၊ ဂဏန်းမျိုးစုံ၊ ပုစွန်မျိုးစုံ၊ ဖားမျိုးစုံ၊ ပင်လယ်ခရုနှင့် ပင်လယ်မျှော့မျိုးစုံတို့ကို နှန်လှောင်အိမ် အသီးသီးထဲတွင် ပြသထားသည်မှာ ပင်လယ်ရေသတ္တဝါပြခန်းကြီးနှင့်ပင် တူနေသေးတော့သည်။

ကြည်လင်သော ရေကန်ထဲတွင် သွားပစွာ ကူးခပ်နေကြသော ရောင်စုံငါးကလေးများသည် မကြာမီ အချိန်အတွင်းတွင် လူတို့၏ပါးစပ်အတွင်းသို့ ကြော်၍သော်လည်းကောင်း၊ ပါးပါးလှီး၍အစိမ်းသော်လည်းကောင်း ရောက်ရှိကြပေတော့မည်။

စားသုံးသူမှ ငါးကန်အတွင်းရှိ ငါးအား လက်ညှိုးထိုးလိုက်သည်နှင့် ဂျွန်မှ ထိုငါးအား ပိုက်အသေးစားနှင့် ဖမ်းကာ မီးဖိုချောင်အတွင်းသို့ ယူလာခဲ့လေသည်။ ထို့နောက် ဘောစင်ပေါ်တွင်တင်၍ ငါးခေါင်းကိုထုကာ အကြေးခွံများဖယ်ရှားခြင်း၊ပါးဟက်ဖြုတ်ခြင်း၊ အတွင်းကလီစာများအား ဖယ်ရှားသန့်စင်ခြင်းများ ပြုလုပ်ကာ ရေနွေးငွေ့ ပေါင်းဖိုအတွင်းသို့ ထည့်ရလေသည်။ သုံးမိနစ်ခန့် ပေါင်းပြီးနောက် ငံပြာရည်နှင့် ဆီချက်တို့ကို ငါးအပေါ်ဆမ်းကာ အပြင်သို့ ထုတ်ပေးလိုက်လေသည်။ တခြားမည်သည့်အစာမျှ ငါးအတွင်း ထည့်သွင်းထားခြင်းမျိုး မရှိပါချေ။ ထိုသို့သန့်ရှင်းလတ်ဆတ်သော ငါး၏သဘာဝအရသာကို တရုတ်လူမျိုးတို့သည် စွဲလမ်းစွာပင် စားသုံးကြလေသည်။

ထိုစဉ်မှာပင် ကျွန်တော်တို့ ဆိုင်ရှင်သူဌေး (ကျွန်တော်တို့ အခေါ်) ရွှေသွား ရောက်ရှိလာလေသည်။

ရွှေသွားက . . .

"ရော်ဘင်၊ ဒီနေ့အဖို့ လိုအပ်တဲ့ ငါးအော်ဒါစာရင်းနဲ့ ဝက်သားအတွက် စာရင်းလုပ်ပြီးပြီလား၊ ကြက်သား လာမပို့သေးဘူးလား" ဟု မေးမြန်းလေတော့သည်။

ကျွန်တော်တို့သည် နိုင်ငံသုံးဘာသာစကားဖြစ်သော မလေးရှားဘာသာစကားနှင့် ပြောဆိုကြခြင်းဖြစ်သည်။ ကျွန်တော်က သူ၏လက်ထဲမှ တရုတ်လိုရေးထားသော စာရွက်အား လှမ်းယူရင်း တစ်ချက်ကြည့်ပြီးနောက်. .

"ရွှေသွား၊ အဲဒီအတွက် မင်းဘာမှ ပူစရာမလိုဘူး၊ ငါ အားလုံးစီစဉ်ပြီးသွားပြီ၊ ဝက်သားရော ကြက်သားပါ လာပို့ပြီးသွားပြီ၊ မင်း မေ့နေတယ်နဲ့တူတယ်၊ ဒီနေ့ ငါတို့ ချေးငွေထုတ်တဲ့နေ့ဆိုတာ"

"အေး, ဟုတ်တယ်၊ ငါ မေ့သွားတယ်၊ ဆောရီးပဲ၊ ဘယ်လောက်စီ ယူကြမလဲ"

ကျွန်တော်က . . .

"ငါရယ်၊ အားပြောင်နဲ့ ဂျွန်က တစ်ယောက် (၃၅၀)စီရယ်၊ ကရင်ကြီးတို့က တစ်ယောက် (၂၅၀)စီ ယူမယ်"

ရွှေသွားမှ တွန့်ဆုတ်ခြင်းမရှိဘဲ ၎င်း၏ဘောင်းဘီအတွင်းမှ ပိုက်ဆံအိတ်အားထုတ်ယူကာ (၁၀)ရက်တစ်ကြိမ် ပေးနေကျဖြစ်သော ချေးငွေအား ထုတ်ပေးလေသည်။ အမှန်တကယ်တွင်တော့ ကျွန်တော်တို့မှာ ငွေကြေး လိုအပ်ခြင်း မရှိကြပါပေ။

ကျွန်တော်တို့အား စတင်ခေါ်ယူကတည်းက စရိတ်ငြိမ်း ခေါ်ယူခဲ့ခြင်းဖြစ်သည်။ သို့သော် ကျွန်တော်တို့သည် ပါမစ်မရှိသည့် Over Stay များ ဖြစ်ကြသဖြင့် လက်ထဲတွင် ငွေရှိထားမှ ဖြစ်ပေလိမ့်မည်။

သို့မှသာ အရေးအကြောင်း ရှိသောအခါတွင် လည်းကောင်း၊ ရဲများနှင့်တွေ့သောအခါတွင် လည်းကောင်း ငွေရှိမှ အဆင်ပြေမည် ဖြစ်သည်။

ထိုသို့သော အကြောင်းရင်းများကြောင့် ကျွန်တော်တို့ ချေးငွေ ယူရခြင်းဖြစ်သည်။ Kitching ထဲတွင် ကျွန်တော်၏လစာမှာ ကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ ကျွန်တော့်အား ရွှေသွားမှ ဘာသာစကားကျွမ်းကျင်မှုနှင့် တရုတ်လို ပြောတတ် ရေးဖတ်တတ်ခြင်းတို့ကြောင့် စရိတ်ငြိမ်း ရင်းဂစ် (၂၅၀၀) ပေးပြီး၊ ဂျွန်နှင့်အားပြောင်တို့က စရိတ်ငြိမ်း ရင်းဂစ် (၁၅၀၀)၊ ကရင်ကြီးတို့ သုံးယောက်မှာ တစ်ယောက်လျှင် ရင်းဂစ် (၈၀၀) စရိတ်ငြိမ်း ရရှိလေသည်။

ရွှေသွားသည် ကျွမ်းကျင်မှုနှင့် လုပ်သက်အရ လစာခွဲခြားခြင်းမှာ ကိစ္စမရှိသော်လည်း အဆင့်ခွဲခြားဆက်ဆံမှုမှာ ဆိုးရွားလှပါသည်။ Kitchingထဲတွင်





www.burmeseclassic.com

www.burmeseclassic.com

စားဖိုမှူးနှစ်ဦး ဖြစ်သော ကျွန်တော်နှင့် အားပြောင်ကိုသာ စကားပြောသည်။ ကျန်သော လေးယောက်အား စကားပြောခြင်း မပြုပါ။ ရွှေသွား၏ အပြုအမူများသည် ကျွန်တော်တို့ ရွှေမြန်မာ တိုင်းရင်းသားများအဖို့ အရက်ဝိုင်းတွင် အမြည်းစားရင်း ဟာသအဖြစ် ပြောစရာတစ်ခုထက် မပိုပါပေ။

ညနေ သုံးနာရီခွဲခန့် ရှိပြီဖြစ်၍ စားဖိုမှူးနှစ်ဦးမှာ Kitching ထဲသို့ဝင်၍ ညနေစာအတွက် စီစဉ်ချက်ပြုတ်ကြလေသည်။ ညနေစာအတွက် သူဌေးဖြစ်သူ ရွှေသွားမှ စားဖိုဆောင်အတွင်းသို့ ဝင်ရောက်စီမံလေသည်။

စားပွဲထိုး တရုတ်မ ငါးယောက်၊ အော်ဒါကောက် နှစ်ယောက်၊ မန်နေဂျာ၊ သူဌေးနှင့် စားဖိုမှူးနှစ်ယောက်တို့အတွက် ငါးနှစ်ကောင်၊ အသီးအရွက်ကြော်သုံးပွဲ၊ ဝက်ခြေထောက် တစ်ချောင်း၊ ကြက်ဥ ငါးလုံးကြော်ထားသော ပွဲကြီးတစ်ပွဲ၊ ကြက်တစ်ကောင် စသည်တို့ဖြင့် ဝေဆာမြိုင်ဆိုင်စွာ စားသောက်ကြလေသည်။

Kitching အနောက်ဘက်တွင်တော့ ကျွန်တော်တို့ ထမင်းဝိုင်းလေးက ဝေဆာမြိုင်ဆိုင်ခြင်း မရှိပေမယ့် စားကောင်းလှပါသည်။ ဆေးဘဲဥသုပ်၊ ဝက်ကလီစာချက်၊ ကုလားဆိုင်မှ ဝယ်ထားသော မဆလာနံ့သင်းသင်းလေးနှင့် ပဲဟင်းတို့မှာ လိုက်ဖက်လှပါသည်။ အအိမ်ပြေရန် ကြက်သွန်နီဥကြီးများကို ပါးပါးလှီးကာ သံပရာရည်များနှင့် သုတ်ထားသည့်အတွက် ခေါင်းမဖော်တမ်း စားမိကြသည်။

ထမင်းစားပြီးနောက် ဆေးလိပ်သောက်နေစဉ် ဂျွန်က. .

"ရော်ဘင်၊ ဒီနေ့အလုပ်ပြီးရင် အားပြောင်နဲ့ငါ အရက်သောက်မလို့ပ၊ နင် သောက်မလား၊ ငါ သွားမဝယ်လို့ပ အားညယ်"

"အေးလေ, နင်တို့သောက်မယ် ဆိုရင်လဲ ငါ့အတွက်ပါ ဝယ်ခဲ့ပေါ့ကွား ဆေးလိပ်တစ်စည်းနဲ့ ငါးပိကြော်နှစ်ဘူးပါ ဝယ်ခဲ့ကွာ၊ ရော့. . ပိုက်ဆံပါ ယူသွား"

"နေနေ ရော်ဘင် အကြွေမရှိဘူး၊ ငါ ပြန်လာမှ နင်ပြန်ပေးပ"

ထိုစဉ် အားပြောင်က. . .

"ဂျွန်၊ ခဏနေဦး၊ ပိုက်ဆံတွေ အကုန်ယူမသွားနဲ့၊ နင့်မှာ ဘယ်လောက်ရှိလဲ၊ ငါ့ပြစမ်း အားညယ်"

ဂျွန်က သူ၏ပိုက်ဆံအိတ်အား ထုတ်ကာ အားပြောင်အား ပြသလေသည်။ ထိုအခါမှ ကျွန်တော်လည်း တစ်စုံတစ်ခုအတွက် စိုးရိမ်ကာ ဂျွန်အား လှမ်းကြည့်မိသည်။

သာမန် တီရှပ်တစ်ထည်၊ စတိုင်ဘောင်းဘီ၊ ကွင်းထိုးဖိနပ်၊ (၁၂၀)တန် အပေါစားဟန်းဖုန်းတစ်ခု၊ ပိုက်ဆံအိတ်ထဲတွင်တော့ ချေးငွေထုတ်ထားသော ရင်းဂစ် (၃၅၀)နှင့်၊ လစာလက်ကျန်များ စုပေါင်းလျှင် ရင်းဂစ် (၉၀၀)ခန့်ရှိသည်။

"အားညယ် နင် ဒီလောက် ပိုက်ဆံအများကြီး ယူမသွားနဲ့ပ၊ မတော်လို့ ရဲမိရင် နင့်ပိုက်ဆံတွေ အကုန်ပါသွားမှာပေါ့ ညယ်"

"ဟုတ်တယ် ဂျွန်၊ နင် ရင်းဂစ် (၁၅၀)ပဲ ယူသွား၊ ဒါဆိုရင်တောင် အများကြီးလောက်တယ်၊ အပြန်ကျရင် တက္ကစီနဲ့ ပြန်လာခဲ့"

"နီးနီးကလေးပ၊ ငါ ဘာလို့ တက္ကစီ စီးရမှာလဲ၊ လမ်းလျှောက်ရင် ခဏလေးပဲ ညယ်"

"ဂျွန် . . နင် ရော်ဘင်ပြောတဲ့ အတိုင်းပဲလုပ်၊ မြန်မြန်သွား၊ ခဏနေရင် ဆိုင်ပြန်ဖွင့်တော့မယ်ပ"

"အေး. . ဒါဆိုရင် ငါသွားပြီပ ညယ်"

ဂျွန် ထွက်သွားမှ ကျွန်တော်နှင့် အားပြောင် သက်ပြင်းကိုယ်စီ ချမိကြသည်။

မြန်မာပစ္စည်းများ ကောင်းသော ကိုတာရာယာရှိ သိဒ္ဓိဝင်စားသောက်ဆိုင်မှာ ကျွန်တော်တို့ဆိုင်နှင့် ဆယ့်ငါးမိနစ်ခန့်သာ လမ်းလျှောက်ရသည်။ မြန်မာဆိုင်များပြားသည်နှင့်အညီ လာရောက်စားသုံးသော မြန်မာများအား ဖမ်းဆီးရန်နှင့် စစ်ဆေးရန်အတွက် ရဲပတ္တယောင်များ၊ ရဲဆိုင်ကယ်များကလည်း များပြားလှသည်။

အချိန်မှာ ညနေ လေးနာရီထိုးပြီဖြစ်၍ ဆိုင်လည်း ပြန်ဖွင့်လေပြီ။ ဂျွန် ပြန်မလာသေးသဖြင့် အားပြောင်က ဂျွန့်ကိုယ်စား ဖား၊ ငါး သတ်သည့် အလုပ်အား ခဏ ဝင်လုပ်ပေးထားသည်။ လူပါးသဖြင့် အေးအေးဆေးဆေးပင် လုပ်ကိုင်နိုင်သည်။

ညနေ ငါးနာရီထိုးပြီ။ ဂျွန် ပြန်ရောက်သင့်သည့်အချိန်ထက် တစ်နာရီခန့် နောက်ကျနေလေပြီ။

"ရော်ဘင်၊ ငါ ထင်တယ်၊ ဂျွန်တော့ ပါသွားပြီပ"

"ခဏ စောင့်ကြည့်ပါဦး အားပြောင်၊ သူငယ်ချင်းတွေနဲ့များ တွေ့လို့လားမှ မသိတာ"

"ဂျွန့်ဖုန်းကို ငါခေါ်ကြည့်လိုက်ဦးမယ် ညယ်"

"အေး, ဟုတ်တယ်၊ အားပြောင် ခေါ်ကြည့်လိုက်"

အားပြောင်က ဂျွန်၏ဖုန်းနံပါတ်အား သွက်လက်စွာနှိပ်၍ ခေါ်ကြည့်ပြီးနောက်. . .

"ဖုန်း ပိတ်ထားလိုက်ပြီပ ရော်ဘင်"

ကျွန်တော်နှင့် အားပြောင် စိတ်မအေးကြရတော့ပါ။ ခဏတာပျော်ရွှင်မှုအတွက် ဘဝတစ်ခု စတေးလိုက်မိပြီလားဟု ထင်နေမိတော့သည်။

ကျွန်တော် ဂျွန်အား တားလိုက်သင့်ပါသည်။ အနီးအနားဖြစ်၍ ပေါ့လျော့စွာပင် သဘောထားလိုက်မိသည်။

"ဟေး, ရော်ဘင်၊ ငါပြန်လာပြီပ"

"ဟာ. . . ဂျွန်၊ နင် ဘယ်ရောက်သွားနေတာလဲ၊ ငါနဲ့ အားပြောင်တို့ကို စိတ်ပူလို့ သေတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"နင် ဘယ်တွေသွားနေတာလဲ ဂျွန်၊ အားကြီးစိတ်ပူရတာပဲ ညယ်"

"ဆောရီးပဲ အားပြောင်၊ ငါ့ကို ခဲ့ဖမ်းလို့ပ ညယ်"

"ဘာ. . ."

"ပေ. . .'

ကံကောင်းလှပါသည်။

အင်မတန်မှပင် တိုက်တိုက်ဆိုင်ဆိုင် ကံကောင်းလှပါသည်။

ကျွန်တော်က. . .

"အဲဒါဆိုရင် အရက်လဲ မဝယ်ဖြစ်တော့ဘူးပေါ့၊ တော်ပါသေးရဲ့ ဂျွန်၊ နင် ပြန်ရောက်လာတာ ကံကောင်းတာပဲ"

"အရက်တော့ ပါတာပေါ့ညယ်၊ ဒါတော့ ငါ မမေ့ပ. . အား. . ညယ်"

အားပြောင်က. .

"နမ်ဖဲငိုင်. . ဆော့ရအိုင်ယော ဂျွန်"

ကျွန်တော်ကလည်း အားကျမခံ "ကျေးဂျူးကမ္ဘာဆိုင်ယော ဂျွန်"

ကျွန်တော်တို့ သုံးယောက်၏ အချင်လိုပြောရင်း ရယ်မောသံများသည် Kitching အတွင်းတွင် ဝေ့ဝဲလွင့်ပျံ့သွားတော့သည်။

ည ကိုးနာရီခွဲပြီဖြစ်၍ ကျွန်တော်နှင့် အားပြောင်တို့ (၆)ယောက်စာအတွက် ဟင်းချက်နေပြီ ဖြစ်သည်။

တရုတ်များကတော့ ည ကိုးနာရီထိုးကတည်းကပင် စားသောက်ပြီးစီးသွားပြီ ဖြစ်သည်။

အားပြောင်က ကြက် တစ်ကောင်အား ကာလသားချက် ချက်သည်။ ကျွန်တော်က ခရမ်းသီးနှပ်နှင့် ဝက်နံရိုးကြော်၊ ကြက်ဥကြော်နှင့် ခရမ်းချဉ်သီးသုပ်သည်။ ချက်ပြုတ်ပြီးစီးသည်နှင့် ထမင်းများအား ဆီစိမ်စက္ကူနှင့်ထုပ်သည်။

ဟင်းများအား ငါးဆင့်ချိုင့်ကြီးနှင့်ထည့်ကာ စားသောက်ဆိုင်အပေါ် ထပ်ရှိ ကျွန်တော်တို့ မြန်မာများ အိပ်တော်ရာအခန်းသို့ သွားထားလိုက်သည်။

ထို့နောက် ရေချိုးသည်။ K.L တွင် ရေပေးဝေးရေးစနစ်သည် ရေအားလုံးအား ကလိုရင်း ခတ်ထားခြင်းဖြစ်လေသည်။

မလေးရှားနိုင်ငံ၏ အလွန် ချီးကျူးအားကျစရာမှာ လျှပ်စစ်မီးနှင့်ဆက်သွယ်ရေးစနစ်တို့ ဖြစ်သည်။

ကျွန်တော် နေထိုင်ခဲ့သော ရှစ်နှစ်တာကာလအတွင်း တစ်နေ့တစ်ရက်မျှ မီးပျက်ခြင်း မရှိပါ။

ည ဆယ်နာရီခွဲပြီဖြစ်၍ အားပြောင်၊ ဂျွန်နှင့် ကရင်ကြီးသုံးယောက်ပါ အပေါ်ထပ်သို့ တက်လာပြီဖြစ်သည်။ အားပြောင်နှင့် ဂျွန်က ရေချိုးပြီးနောက် ကျွန်တော် အဆင်သင့်လုပ်ထားသော ဝိုင်းတွင် လာထိုင်ကြသည်။

"ဂျွန်၊ နင်က ဘယ်လိုဖြစ်ပြီး ရဲ အဖမ်းခံရတာလဲ၊ ငါ့ကို ပြောပြစမ်း"

"ပြောတာပ ရော်ဘင်၊ ငါ တောင် အံ့ဩသွားတာ ညယ်"

အားပြောင်က . . .

"ဂျွန်. . ငါ့ကို အစအဆုံးပြောပ"

"ငါဆိုင်ကထွက်သွားတော့ ငါ့နောက်မှာ ရဲကားတစ်စီး လိုက်လာတာကို ငါ သတိမထားလိုက်မိတာပ၊ တော်သေးတာက ငါ အရက်မဝယ်ခင် မိလိုက်တာပ၊ ငါ့ကို ကားပေါ်တင်ပြီးတော့ မြို့ကို ပတ်မောင်းတာပ၊ နောက်တစ်ယောက်က ငါ့တစ်ကိုယ်လုံးကို သေသေချာချာ ရှာတာ၊ ဖင်ထဲ မနှိုက်ရုံပ၊ တော်သေးတာက နင်တို့ ငါ့ပိုက်ဆံတွေကို ယူထားလိုက်တာပ"

ကျွန်တော်က . . .

"နောက်ပြီး နင့်ကို ဘယ်လိုပြန်လွှတ်လိုက်တာလဲ"

"သူတို့ ငါ့ကိုပြောတယ်၊ ပိုက်ဆံရှိသေးလားတဲ့၊ ငါက မရှိဘူး ပြောတာပ၊ နောက်ပြီး ငါ့ကို ကားပေါ်က ဆင်းတော့ ပြောတာပ၊ ငါ့ပိုက်ဆံအိတ်ရယ်၊ ပိုက်ဆံတစ်ရာရယ်၊ ဖုန်းရယ် သူတို့ ယူထားလိုက်တာပ"

"နင် ကံကောင်းတာပ ညယ်"

"ရော်ဘင်၊ မနက်ဖြန် ငါ့သူငယ်ချင်းရှိတဲ့ ရှားလမ် (Sharlam) ကိုသွားမယ်ပ၊ ပိုက်ဆံပေးပြီး ပြန်လာမှာ၊ဆယ့်နှစ်နာရီလောက် ပြန်ရောက်မှာပ"

"အေးပါ၊ ငါ သူဌေးကို ပြောပေးထားမယ်၊ နင် သတိဝီရိယနဲ့သာသွား"

"ကျေးဇူးပ ရော်ဘင်"

ဟုတ်ပါသည်။ နိုင်ငံရပ်ခြားတွင် *Over Stay* ဘဝဖြင့် နေထိုင်ရသည်မှာ ခက်ခဲလှပါသည်။ မလေးရှားရဲများက ကျွန်တော်တို့လို *Over Stay*သမားများအား ပစ်မှတ်ထား ဖမ်းဆီးကြပါသည်။

ကျွန်တော်ကိုယ်တိုင်ပင် နှစ်ခါ အဖမ်းခံရဖူးပါသည်။ ပထမတစ်ခါက ဆိုင်ကယ်နှင့်ရဲ၊ ဒုတိယအခါတွင်တော့ ကားနှင့်ရဲ။ မလေးရှား ရဲများအား ကြည့်ရုံနှင့်ပင် ဖြူသွားစေနိုင်ပါသည်။ ယူနီဖောင်း နက်ပြာရောင်၊ အီကွေ့မင့်ခါးပတ်တွင် သေနတ်၊ တုတ်၊ လက်ထိတ်၊ စကားပြောစက် စသည်များဖြင့် ပြည့်နေသည်။

ကျွန်တော့်အား ကိုတာရာယာရှိ ဇေယျာဆိုင်အနောက်ဘက်တွင် ဖမ်းမိခြင်း ဖြစ်သည်။ ရဲဖမ်းလျှင် ထွက်ပြေးခြင်း မပြုရပါ။

ကျွန်တော့်အား ဖမ်းရာတွင် ထိုရဲနှစ်ဦးစလုံး ကားပေါ်မှ မဆင်းပါ။ ကျွန်တော့်အားကားပေါ်တက်ခိုင်းသည်။ ကျွန်တော် ကားပေါ်ရောက်သည်နှင့် ပိုက်ဆံတောင်းသည်။

ကျွန်တော်က တစ်ယောက်လျှင် ရင်းဂစ် (၁၀၀)စီ ပေးလိုက်သည်။ လူရှင်းရာတွင် ပြန်ဆင်းခိုင်းသည်။ လွယ်ကူချောင်ချောင်ရှင်းလှပါသည်။

ထိုနေ့က ကျွန်တော်တို့ သုံးယောက် ည၁၂နာရီထိုးမှပင် အိပ်ရာဝင်ဖြစ်ခဲ့ကြသည်။

နောက်တစ်နေ့ မနက်တွင် ဂျွန်သည် ခုနစ်နာရီ ထိုးကတည်းက သူငယ်ချင်းရှိရာသို့ ထွက်သွားလေသည်။ မနက်ဆယ်နာရီတွင် ကျွန်တော်တို့အခန်းမှ အောက်ထပ် စားသောက်ဆိုင်ရှိရာသို့





www.burmeseclassic.com

www.burmeseclassic.com

ဆင်းကာ လုပ်စရာရှိသည်များကို လုပ်ကိုင်ကြရလေသည်။

ဂျွန် မရှိသည့်အတွက် ကျွန်တော်နှင့် အားပြောင်တို့ နှစ်ဦးတည်း ပျင်းရိစွာ လုပ်ကိုင်ကြရသည်။

ကျွန်တော်က . . .

"အားပြောင် ဂျွန်မရှိတော့ ပျင်းဖို့ကောင်းတယ်"

"ဟုတ်တယ် ရော်ဘင်၊ ဒါပေမယ့် ဒီကောင်ပြန်လာရင်တော့ ဘာတွေ ပါလာမလဲ မသိပ"

"ဟုတ်တာပ၊ ဟုတ်တာပ"

"ဟား. . ဟား. . ဟား"

ထိုစဉ် ကရင်ကြီးက. . .

"ဖိုးခွား၊ အရှေ့ဆိုင်ထဲကို ကြည့်စမ်း၊ ရဲနှစ်ကောင် ရောက်နေတယ်"

"ဟုတ်တယ် ရော်ဘင်၊ ရွှေသွားနဲ့ စကားပြောနေတာပ"

ကျွန်တော်က "ရွှေသွားကို ပိုက်ဆံလာတောင်းသလားမှ မသိတာ"ဟု ပြောလိုက်သည်။

ကျွန်တော်တို့ စကားပြောနေစဉ်မှာပင် ရွှေသွား မီးဖို Kitchen ထဲသို့ ဝင်လာပြီး. . .

"ရော်ဘင်နဲ့ အားပြောင် ခဏလိုက်ခဲ့ပါ"

ကျွန်တော်တို့က ဘာမျှ ပြန်လည်ပြောဆိုခြင်း မပြုဘဲ ရွှေသွားနောက်သို့ ထလိုက်ခဲ့ကြသည်။ ရဲနှစ်ယောက်အနက် တစ်ယောက်က. . .

"ဒီဟာ မင်းသူငယ်ချင်းရဲ့ ဓာတ်ပုံလား"

ကျွန်တော်တို့နှစ်ယောက် ရုတ်တရက် မမှတ်မိကြ။ လူတစ်ယောက်၏ အလောင်းပုံကို ရိုက်ထားခြင်းဖြစ်သည်။

ပြီးမှ ကျွန်တော်က . . .

"ဟာ. . ဒါ. . ဒါ. . ဂျွန်. . ဂျွန်ပဲ၊ အားပြောင် ဒါ ဂျွန်ဟ၊ ဟုတ်တယ် ဂျွန်"

"ဟုတ်တာပ ညယ်၊ ဒါ ဂျွန်ပ၊ ဘယ်လိုဖြစ်တာပ"

ရဲတစ်ယောက်က. . .

"မင်းတို့ သူငယ်ချင်းက လမ်းကူးရင်းနဲ့ ကားတိုက်ခံရတယ်၊ နောက်စိ ပွင့်ပြီးတော့ ပွဲချင်းပြီး ဆုံးသွားတယ်၊ သူ့ပစ္စည်းတွေကိုတော့ ငါတို့သိမ်းလိုက်တယ်၊ ရင်ခွဲပြီး အလောင်းကိုတော့ ငါတို့ မီးရှို့လိုက်မယ်၊ ဒါကို လာအကြောင်းကြားတာပါ"

"ကျွန်တော်တို့ လိုက်ကြည့်ချင်ပါတယ် ဆရာ"

"မင်းတို့က ပါမစ်မရှိဘဲနဲ့ ငါတို့ရဲတွေကြားထဲမှာ ဘယ်လိုလိုက်မလဲ"

"ကူညီပါ ဆရာရယ်၊ သူက ကျွန်တော့် ညီလေးလို ဖြစ်နေလို့ပါ၊ တောင်းပန်ပါတယ် ဆရာ၊ သူ့ကို ကျွန်တော် ကြည့်ချင်လို့ပါ"

ပြောရင်းဆိုရင်းပင် ကျွန်တော် အသံတွေတုန်ကာ မျက်ရည်များ ရစ်ဝဲလာတော့သည်။

ဟုတ်ပါသည်။ နိုင်ငံရပ်ခြား၊ မိဘနှင့်ညီအစ်ကို မောင်နှမများ၊ ဆွေမျိုးအသိုင်းအဝိုင်းများနှင့် ဝေးရာတွင် နေထိုင်ရသူများမှာ သူငယ်ချင်းအပေါင်းအသင်းများပေါ်တွင် ခင်မင်မှု လွန်ကဲတတ်လေ့ရှိကြသည်။

ဂျွန်နှင့် ကျွန်တော် ထိုဆိုင်တွင် အလုပ် လုပ်ခဲ့သည်မှာ လေးနှစ်ပင် ကျော်လွန်ခဲ့ပြီ ဖြစ်သည်။ ထို့အတွက် ခင်မင်ရင်းနှီးမှုမှာ အထူးခိုင်မြဲလှသည်။

အားပြောင်ဆိုလျှင် ပြောစရာပင် မလိုတော့ပါ။ ကချင်ပြည်နယ်၊ နမ္မားဒေသ၊ ညောင်လေးပင် ရွာသားချင်း အတူတူပင်ဖြစ်သောကြောင့် ပိုမိုခံစားရပါသည်။ မျက်ရည်များပင် ကျနေသည်ကို တွေ့ရှိရပါသည်။

မလေးရှားရဲတို့သည် ကျွန်တော်တို့နှစ်ဦး၏ မျက်ရည်များအားတွေ့၍ သနားသွားသည် ထင်သည်။ ညနေ သုံးနာရီခန့်တွင် K.L မြို့ဆေးရုံကြီး ရေခဲတိုက်တွင် ဂျွန်အား တွေ့ခွင့်ရရှိခဲ့သည်။

ဂျွန်အား ရင်ခွဲ ထားပြီးပြီဖြစ်သည်။ နောက်စေ့ကိုတော့ ပြန်ပြုပြင်ထားသည်ကို တွေ့ရသည်။ ရုပ်တော့ မပျက်ပါ။

ထိုရေခဲတိုက်ထဲတွင် ကျွန်တော် အားပြောင်အပြင် ယူနီဖောင်းဝတ် ရဲ ခြောက်ယောက်ကို ထပ်မံတွေ့ရှိရသည်။ ဂျွန်တစ်ယောက် ဝင့်လည်ခဲ့ပြီဖြစ်သည်။ ငါးများ၏ ခေါင်းကိုထုကာ သူ့အသက် သတ်ခဲ့ရသောဂျွန်၊ ဖားများအား ရင်ကို ခွဲကာ မိမိဘဝ အသက်ရှင်ရပ်တည်ရေး အတွက် သူတစ်ပါးအသက်အား သတ် ခဲ့ရသော ဂျွန်၊ အခုတော့ နိုင်ငံရပ်ခြား တိုင်းတစ်ပါးတွင် သေဆုံးခဲ့ရပါပြီ။

ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ အား ပင့်ဖိတ်၍ သေသူအတွက် အမျှ အတန်း ပေးဝေခြင်း၊ သပိတ်သွတ်ခြင်း လည်း မပြုလုပ်နိုင်ပါ။ ကျွန်တော်လည်း ဗုဒ္ဓဘာသာတစ်ဦး ဖြစ်သည်နှင့်အညီ လွန်စွာ ကြောက်မိပါသည်။

ထို့ကြောင့် ဂျွန်၏ကိစ္စပြီးလျှင် ထိုဆိုင်မှ ထွက်တော့မည်ဟု စိတ်ပိုင်းဖြတ်မိပါသည်။

နောက်တစ်နေ့တွင်တော့ ကျွန် တော်သည် ရွှေသွားထံတွင် အပ်ထား သော လစာငွေများအား ထုတ်ကာ သူငယ်ချင်းများကို နှုတ်ဆက်ပြီး ထိုဆိုင်မှ ထွက်လာလိုက်တော့သည်။

ကျွန်တော့်ထံတွင် ကျောပိုး အိတ်ကြီးတစ်လုံး၊ ဦးထုပ်တစ်လုံး၊ ရင်းဂစ်ငွေ (၂၅၀၀)။ ယခုတော့ ကျွန်တော်၏သူငယ်ချင်း တစ်ဦးဖြစ်သူ ဇေယျာမျိုး ထံသွား၍ အကုသိုလ်ကင်းရှင်းသော ဆောက်လုပ်ရေးသာ လုပ်ကိုင်ပါတော့မည်။

ထို့ကြောင့် အကုသိုလ်များနှင့် ပြည့်နှက်နေသော ရွှေသွားဆိုင်အား ကျောခိုင်းကာ ပီနန်သို့သွားရန် ကားဂိတ်သို့ သွက်လက်စွာ လှမ်းလာရင်း ဂျွန်၏ဝိညာဉ်သည် မြန်မာပြည်က ကချင်တောင်တန်းဒေသရှိ မိသားစုများထံသို့ အေးချမ်းစွာ ရောက်ရှိနိုင်ပါစေဟု ဆုတောင်းနေမိပါတော့သည်။

❑ ရှင်ရဲထွဋ်

လပြည့်ဝန်းမဂ္ဂဇင်း (ဩဂုတ်လ၊ ၂၀၁၄)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# လိပ်ပြာရယ်သံ

တွင်းကြီးသားတင်ဝင်းဦး

www.burmeseclassic.com

www.burmeseclassic.com

တစ်ပတ်ကို တစ်ရက်ဆိုသလို မိမိအလုပ်ရှိရာ မြို့ထဲကို လာခဲ့သည့် မကြေးမုံ။ ခပ်နွမ်းနွမ်း ထဘီ အင်္ကျီကို ဝတ်ရင်း သနပ်ခါး ဘဲကျားလူးလို့ လိုင်းကားစီးပြီး လာခဲ့သည်။ ထုံးစံအတိုင်း မနက်အချိန်ဆိုတော့ ကားက ကျပ်နေသည်။ ရုံးပိတ်ရက်ဖြစ်ပေမယ့် မြို့ထဲကိုတော့ အသွားအလာ မပျက်။ လူကျပ်ကားကျပ်ဒဏ်ကို ရင်ဆိုင်ရင်း လှုပ်ရှားနေကြသည့် မြို့ပြရဲ့ပြယုဂ်ကို ဖက်တွယ်ရင်း ခရီးနှင်ခဲ့သည့် မကြေးမုံ။

အသက်က ငါးဆယ်နီးပေမယ့် အရွယ်တင်ဆဲ မကြေးမုံအနေဖြင့် ပညာက ရှစ်တန်းအထိသာ သင်ခဲ့ရသူမို့ ဒီနေ့ခေတ်ကာလနှင့် ယှဉ်လိုက်လျှင် ဘာမျှ အရာမဝင်သည့် ဘဝကို ရောက်ခဲ့ရပြီ။ နည်းပညာခေတ်ကြီးမှာ နိုင်ငံခြားဘာသာစကား မဆိုထားနှင့် မိမိမြန်မာစာကိုပင် မကျွမ်းကျင်ခဲ့တဲ့သူ။ မြန်မာသဒ္ဒါကိုတောင် မကျွမ်းကျင်ခဲ့တဲ့သူ။





www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ အစိုးရဝန်ထမ်း မဆိုထားနှင့်၊ကုမ္ပဏီတွေအလုပ်ရဖို့မပြောနှင့် ဘာလုပ်ငန်း လုပ်လုပ် ပညာက မပြည့်ဝခဲ့လေတော့ သူများအိမ်ကအဝတ်လျှော် အဆင့်ဖြင့်သာ ဘဝကို ရပ်တည်ခဲ့ရသူ။

ပညာမရှိ သူ၏ဝန်ထမ်းတဲ့။ သိပ်မှန်သည့် ရှေးလူကြီးတွေရဲ့ စကား။ ဒီစကားက ဒီနေ့ခေတ်နှင့် ပိုပြီးလိုက်ဖက်သည်။ ပညာမတတ်လို့ကတော့၊ နိုင်ငံခြားဘာသာ မတတ်လို့ကတော့ နေရစ်ပေဦး သူများရဲ့နောက်ကို ဆိုသလိုမျိုး ခေတ်ကြီး။ ခေတ်ကလည်းခေတ်၊ လူတွေကလည်း လူတွေ။ မျက်စိတစ်မှိတ်အတွင်းမှာ နည်းပညာတွေက တစ်ခုပြီး တစ်ခု ပြောင်းလဲနေသည်တဲ့။ ဒီနည်းပညာတွေနဲ့ပဲ လုပ်ငန်းတွေ လုပ်နေကြသည်ဆိုတော့ မကြေးမုံ့အနေဖြင့်ကတော့ ဘယ်လိုမှ အလုပ်ထဲမှာ မဝင်ဆံ့နိုင်ပြီပဲ။

ဒီတော့ မကြေးမုံ့အလုပ်က သူများခေါ်ရင်သွား၊ သူများခိုင်းတာလုပ်၊ သူများပေးတာ ကျွေးတာ စားပြီး ဝတ်နေရသည့်အဆင့်။

ဒါပေမယ့် မကြေးမုံ့အနေနှင့် ဘဝကို လက်မလျှော့ခဲ့။ မိမိအနေဖြင့် ပညာမတတ်ခဲ့လို့ ပညာကို လိုချင်ပေမယ့် ဆုံးခန်းတိုင်တဲ့အထိ ဘွဲ့ရအောင် မသင်ကြားခဲ့ရပေမယ်လို့ ရောင့်ရဲမှုစိတ်နှင့်အတူ ဘဝကို ပျော်ပျော်နေခဲ့သည်။

မကြေးမုံ့အနေနှင့် ရိုးသားမှုဖြင့် ဘဝကို ရပ်တည်မည်။ မိမိဘဝကို စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် တည်ဆောက်နေသလို သူတစ်ပါးကိုလည်း စိတ်ကိုယ်ချမ်းသာအောင် ဆက်ဆံမည်။ ဒါက မကြေးမုံ့ရဲ့ ခံယူချက်။

ဝန်းကျင်ကိုကြည့်ရင်း၊ လိုင်းကားထက်မှာ မတ်တတ်ရပ်လိုက်ရင်း၊ မွန်းကျပ်မှုကို သည်းခံရင်း လိုက်လာခဲ့သည့် မကြေးမုံ့။ နှစ်နာရီနီးနီး အကြာမှာတော့ မြို့ထဲကို ရောက်ပြီ။ ဆင်းရမည့်မှတ်တိုင်မှာဆင်း။ ပြီးသည်နှင့် လမ်းကျယ်တစ်ခုထဲသို့ ဝင်ခဲ့သည်။

"ကြာညိုပန်း တည်းခိုခန်း"

ဆိုင်းဘုတ်ကို မြင်ရပြီ။ မကြေးမုံ့တစ်ယောက် ခပ်သွက်သွက်လှမ်းရင်း ကြာညိုပန်း တည်းခိုခန်းအတွင်း ဝင်ခဲ့သည်။

"အစ်မ ရောက်ပြီ"

မကြေးမုံ့က တည်းခိုခန်းမန်နေဂျာကို ပြောလိုက်သည်။

"ဪ . . . ဟုတ်ပြီ၊ ဒီကနေ့တော့ အတော်များများ လျှော်ရလိမ့်မယ်၊ လာ လာ"

မန်နေဂျာက ပြုံးပြုံးရင်း ဝန်ထမ်းကောင်လေးတစ်ဦးကို ခေါ်လိုက်သည်။ ကောင်လေး ရောက်လာတော့ အခန်းတွေအတွင်းမှာ အသုံးပြုထားသည့် အဖြူရောင်အိပ်ရာခင်းများ၊ ခေါင်းအုံးဖုံးများ၊ အနက်ရောင်စောင်များကို အယူခိုင်းသည်။ အတော်ကြာတော့ ကောင်လေးပြန်ရောက်လာသည်။လက်ထဲမှာတော့ အိပ်ရာခင်း၊ ခေါင်းအုံးနှင့် စောင်တွေ။

"အစ်မကိုပေးလိုက်၊ အရင်ရက်က လျှော်တဲ့ ရေချိုးခန်းအလွတ်ထဲမှာပဲ လျှော်နော်"

"ဟုတ်ကဲ့"

"ဆပ်ပြာမှုန့်ထုပ် ထုတ်ပေးလိုက်" ဟု မန်နေဂျာက ပြောတော့ ကောင်လေးက ဆပ်ပြာမှုန့် သုံးထုပ်ယူလာသည်။ မကြေးမုံ့က လျှော်စရာ အဝတ်များနှင့် ဆပ်ပြာမှုန့်ထုပ်များကို ယူသည်။ ပြီးသည်နှင့် အောက်ဆုံးမြေညီထပ်ရှိ အခန်းများ၏ နောက်ကျောဘက်တွင်ရှိသောရေချိုးခန်းထဲဝင်သည်။ အဝတ်များကို ပလတ်စတစ်ခွက်ကြီး သုံးခွက်ထဲ ရေထည့်၊ ဆပ်ပြာမှုန့်တွေထည့်ပြီး အမြှုပ်ထအောင်မွှေပြီးတော့ အဝတ်များကို စိမ်လိုက်သည်။

ပြီးသည်နှင့် အိပ်ရာခင်းများကို အရင်လျှော်လိုက်သည်။ ဒီအလုပ်က မကြေးမုံ့အတွက် တစ်ပတ်တစ်ခါ မြို့ထဲလာပြီး ကြာညိုပန်း တည်းခိုခန်းက အဝတ်များကို လျှော်ဖွပ်ရသည်။ လျှော်စရာတွေကတော့ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်နှင့် စောင်များကို လျှော်ဖွပ်ရသည့်အလုပ်။ ဒီအလုပ်တောင်မှ သူငယ်ချင်းတစ်ဦးက ဒီတည်းခိုခန်းမှာ အလုပ်လုပ်နေသည်မို့ သူငယ်ချင်းအဆက်နှင့် အလုပ်ရနေခြင်းပင်။

အဝတ်မလျှော်ရသည့် ရက်တွေဆိုရင် သီရိမင်္ဂလာဈေးသွား၊ ကုန်စိမ်းတွေ ဖောက်သည်ယူ၊ ပြီးတော့ရပ်ကွက်က လမ်းထိပ်ဈေးလေးမှာ ချပြီးရောင်း။ ဈေးရောင်းအလုပ်ကလည်း အဝတ်လျှော်စရာမရှိသည့်ရက်မှ လုပ်သည့်အလုပ်မျိုး။ တည်းခိုခန်းကအဝတ်လျှော်စရာ မရှိရင် ရပ်ကွက်ထဲရှိ ပစ္စည်းချမ်းသာသူတွေကို မိတ်ဖွဲ့ထားပြီး အဝတ်လျှော်ကြောင်းပြောပြီး အဝတ်လျှော်အလုပ်ကို လုပ်ခဲ့သည့် ကြေးမုံ့ရဲ့ဘဝ။ မကြေးမုံ့ အဝတ်လျှော်ကြောင်းသိတော့ ရပ်ကွက်ထဲက ခိုင်းကြသည်။ ပိုက်ဆံလည်းရ၊ ထမင်းလည်းကျွေးကြ။ ဒီတော့ အဆင်ပြေသည်။

ဒီတည်းခိုခန်းမှာ လာပြီး အဝတ်လျှော်ခဲ့တာ သုံးလနီးပါး ကြာလာပြီ။

"မကြေးမုံ့၊ ကျွန်တော် ဒီအနားက သူဌေးတွေကိုလဲ ပြောထားတယ်၊ အဲဒါ နောက်ရက် လျှော်စရာရှိရင် ခိုင်းမယ်တဲ့"

သူငယ်ချင်းက အရင်ရက်တုန်းက ပြောခဲ့သေးသည်။ ယခုထိတော့ မကြေးမုံ့ကို အကြောင်း မပြန်သေး။ လျှော်စရာ နေ့တိုင်းရှိရင်တော့ အဆင်ပြေတာပေါ့။ ကုန်စိမ်းယူပြီး လမ်းထိပ်မှာ ဈေးရောင်းစရာ မလိုတော့။

ယခုတော့ တည်းခိုခန်းက အဝတ်တွေကို လျှော်နေရသည့် မကြေးမုံ့။ ဒီကြာညိုပန်းတည်းခိုခန်း ဖွင့်တာ နှစ်နှစ်ကျော်ပြီ။ အရင်က ကားဂိုဒေါင်ကြီး။ စီးပွားရေးမျက်စိ ရှိသူမို့ ငွေကြေးလည်း ချမ်းသာတော့ သုံးထပ်တိုက်ကြီးဆောက်၊ အခန်းတွေဖွဲ့၊ မြေနေရာကျယ်တော့ အခန်းတွေက သုံးလေးထပ်

www.burmeseclassic.com

စလုံး ဖွဲ့ထားတာ မနည်းမနော။ လူသွားလမ်းကြားတွေ လုပ်ထားပြီး အခန်းတိုင်းရဲ့ အပေါက်မှာ နံပါတ်ပြားတွေ ချိတ်ထားသည်။ နေ့ရော ညပါ လာတည်းသူတွေက ရှိနေသည်ကိုး။ ဒီတော့ အလုပ်ဖြစ်သည်။ အခန်းတွေက အဆင့်ဆင့်သတ်မှတ်ထားပြီး ဈေးနှုန်းကလည်း မတူ။ ရေချိုးခန်းတို့ အိမ်သာတို့ တွဲပါရင်၊ အဲယားကွန်းပါရင် ဈေးမြင့်မည်။ အိမ်သာနဲ့ ရေချိုးခန်းမပါ၊ လေပန်ကာ တပ်ရင် ဈေးနိမ့်သည်တဲ့။

အခန်းတိုင်းမှာတော့ အဖြူရောင်အခင်းများ ခင်းပေးထားသည်။ အချို့အခန်းတွေမှာ အပြာရောင်အခင်းတွေ ခင်းပေးထားသည်။ စောင်ကတော့ အနက်ရောင်အမွေးပွစောင်တွေ။ ခေါင်းအုံးတွေကတော့ ပန်းပွင့်တွေပါသည့် အစတွေကို ချုပ်ထားသည်။

အရင် အပတ်တုန်းက မကြေးမုံ တစ်ယောက် အဝတ်လာလျှော်တော့ အခန်းတွေထဲဝင်ပြီး လျှော်ရမည့် အိပ်ရာခင်းတို့၊ စောင်တို့ကို ယူဖူးသည်လေ။ အချို့အခန်းမှာ လူရှိသည်။ အချို့အခန်းတတော့ အလွတ်၊ လူမရှိ။

မကြေးမုံမှာတော့ ရင်တထိတ်ထိတ်နှင့် ဖြစ်ခဲ့ရသည်။ တည်းခိုခန်းဆိုတာ အတွဲတွေ၊ ချစ်သူတွေ လာသည့်နေရာ။ ပြောရရင် အိပ်စက်ဖို့လာကြသည့်နေရာ။ သမီးရည်းစားတွေ လာသည်။ အိမ်ထောင်ရှိနှင့် အိမ်ထောင်မရှိတာတွေ လာသည်။ အိမ်ထောင်ရှိသူချင်းအဆက်ဖြစ်ပြီး လာကြသည်။ အချို့က မကောင်းသည့်မိန်းကလေးနှင့် ပျော်ပါးဖို့ လာကြသည်။

ဒီလိုနေရာမျိုးမှာ အဝတ်လျှော်ဖို့လာနေရသည့် မကြေးမုံအတွက်တော့ ရှက်လုံးမလဲဖြစ်မိတာ အမှန်။ လိပ်ပြာမသန့်ခဲ့တာ အမှန်။ အခြားလူတွေမြင်ရင် မိမိပါ မကောင်းတဲ့စာရင်းထဲ ပါသွားနိုင်သည့် နေရာ။ ဒီတုန်းက ပထမထပ်က သူလွတ်အခန်းတွေထဲဝင်ပြီး အဝတ်တွေ သူဖူးခြင်း။ တတိယထပ်ကိုတော့မတက်ဖြစ်။ မကြေးမုံကတော့ ဖွဲ့ထားသည့် အခန်းတွေအတွင်းက အပြင်အဆင်တွေ၊ ရေချိုးခန်းတွေ၊ ရေအိမ်တွေကို ကြည့်ရင်း ခေါင်းယမ်းမိခဲ့သေးသည်။

ယခု အဝတ်တွေလျှော်ဆဲဖြစ်သည့် မကြေးမုံ။ မကြေးမုံရဲ့ဘဝက မုဆိုးမ။ ပုသိမ်နယ်ဘက်က အဖော်တွေနှင့် အလုပ်လုပ်ဖို့ တက်လာရင်း ရန်ကုန်မှာ အိမ်ထောင်ကျခဲ့သည်။ သူမ နယ်မှာတုန်းကတော့ အမေ၊ အဖေနှင့် လယ်ထဲဆင်းရင်း၊ ဈေးရောင်းရင်းနှင့်မို့ ပညာကို ဆုံးခန်းတိုင်အောင် မသင်ခဲ့။ ခြောက်တန်းအရောက် အဖေဆုံး၊ ရှစ်တန်းဖြေပြီး အမေဆုံးခဲ့သည်မို့ မကြေးမုံအတွက် သိမ်ငယ်ခဲ့ရသည်က မဆန်း။

နောက်တွင်တော့ ကျောင်းမှ အပြီးထွက်၊ သူငယ်ချင်းများနှင့်ဆုံမိပြီး ရွာကိုစွန့်ခွာ အလုပ်ရှာဖို့ ရန်ကုန်ဆင်းလာသည့် မကြေးမုံ။ ရန်ကုန်ရောက်တော့ သူများအိမ်မှာ အိမ်ဖော်အဖြစ် တစ်နှစ်နီးပါးလုပ်၊ အဆင်မပြေတော့ အလုပ်ကထွက်ပြီး ထမင်းရောင်းတဲ့ဆိုင်မှာ အလုပ်ဝင်လုပ်သည်။ ဒီဆိုင်နှင့်လည်း အဆင်မပြေတော့ တစ်နှစ်ကျော်မှာ အလုပ်ထွက်ခဲ့ရပြန်သည်။

နောက်တော့ သူငယ်ချင်းတစ်ဦး၏ ကောင်းမှုကြောင့် စတိုးဆိုင်မှာ အလုပ်ဝင်ခဲ့ရပြီး နှစ်နှစ်အကြာ ကိုစိုးအောင်နှင့် ချစ်သူဖြစ်ခဲ့သည်။ ကိုစိုးအောင်က တက္ကစီကားမောင်းသမား။ ထင်မှတ်မထားပါဘဲ နဖူးစာရွာလည် ဆိုသလို မြင်မြင်ချင်း ချစ်မိကြသည်။ နောက်တွင်တော့ ကိုစိုးအောင်ရဲ့ရိုးသားမှုကို သိရပြီး လက်ထပ်ခဲ့ကြသည်။ လက်ထပ်အပြီး အိမ်ငှားကာ သီးခြားကမ္ဘာလေး ထူထောင်ခဲ့ပြီးသည့်နောက် စတိုးဆိုင်က အလုပ်ထွက်ခဲ့ရသည်။ ကိုစိုးအောင်က ကားမောင်း၊ မကြေးမုံက ဈေးရောင်း။

နောက်တွင်တော့ မကြေးမုံတွင် ကိုယ်ဝန်ရှိလာသည်။ အလုပ်မလုပ်နိုင်တော့ ကိုစိုးအောင်ကပဲ ကြိုးစားပြီး ရှာဖွေပေးခဲ့ရသည်။ မွေးချိန်စေ့တော့ ဆေးရုံတက်ပြီး ဗိုက်ခွဲမွေး။ မွေးခဲ့သည်က သားလေး မောင်မျိုးသူ။

သားဖြစ်သူ ကျောင်းနေအရွယ်ရောက်တော့ ကိုစိုးအောင် ကားမှောက်ပြီး ဆုံးပါးခဲ့သည်။ ခရီးသည်ကို လိုက်ပို့ရင်း အခြားကားတစ်စီးက မျက်နှာချင်းဆိုင်ရာအရပ်မှ ဝင်ဆောင့်လိုက်ခြင်းကြောင့် ရုပ်ပျက်ဆင်းပျက် သေခဲ့ရရှာသည်။

ကိုစိုးအောင် မရှိတော့သည့်နောက် အခက်အခဲနှင့် ရင်ဆိုင်ရသူက မကြေးမုံ။ သားတစ်ယောက်နှင့် ဘာလုပ်ရမည် မသိတော့။ အလုပ်လက်စဖြစ်သည့် ဈေးရောင်းအလုပ်ကို လုပ်ခဲ့သေးသည်။ ဈေးသည်တွေက များတာရော၊ နေရာအတွက်ရောကြောင့်အဆင်မပြေခဲ့။ နောက်တွင်တော့ အဝတ်လျှော်သည့် ဒေါ်အေးမြင့်နှင့် ဆုံခဲ့သည်။

"ဟဲ့. . ကြေးမုံ၊ သူများအဝတ်လျှော်ရတာကို နိမ့်ကျတဲ့အလုပ်လို့မထင်နဲ့၊ သိပ်အဆင်ပြေတာ၊ ထမင်းလဲစားရသေး၊ အဝတ်အစား အဟောင်းဆိုလဲ ပေးကြသေးတာ၊ လုပ်အားခအပြင် လမ်းစရိတ်တောင် ရသေးတာအေ့၊ မကြေးမုံက အခုအချိန်မှာ လင်သားကမရှိ၊ ဒီတော့ သားတစ်ဖက်နဲ့ဆိုတော့ အဒေါ်နဲ့ လိုက်ပြီးလုပ်၊ အဒေါ်စပ်ပေးမယ်၊ ကြားလား။

အဒေါ်တို့ ကြေးမုံတို့က ဆင်းရဲရင် ဆင်းရဲမယ်၊ ငတ်ရင်သာ ငတ်မယ်၊ ဘယ်တော့မှ ဘဝကို အပျက်မခံဘူး၊ အကျင့်စာရိတ္တကို ထိပါးမခံဘူး ဆိုတဲ့ စာရင်းထဲ ပါရစေ့မယ်၊ အဲဒါကြောင့်လဲ ကိုယ့်ဘဝ ကိုယ်ထိန်းကျောင်းပြီး ဒီအလုပ်ကို လုပ်လာတာ၊ ကြေးမုံကိုလဲ အဲသလို ဖြစ်စေချင်တာ"

"နားလည်ပါတယ် အဒေါ်ရယ်"

"ဟင်း. . . ငါ့တုန်းကဆိုရင် ကြေးမုံ့ဘဝလိုပဲ၊ အဲဒီအချိန် အခက်အခဲသိပ်ဖြစ်တာ၊ အဲဒါ မကောင်းတဲ့မိန်းမအချို့က ဘဝကိုရောင်းစားဖို့ မြှူဆွယ်





www.burmeseclassic.com

www.burmeseclassic.com

ကြတာ၊ ဟင်း. . . ပါးတောင်ရိုက်လွှတ်လိုက်သေးတာ"

ဒေါ်အေးမြင့်က ပြောပြလာသည်။ ဒေါ်အေးမြင့်ဆိုတာ ရွှေဘိုနယ်က ဆင်းလာသည့် အညာသူ။ အဝတ်အငှားလျှော်သည့် အလုပ်ကို လုပ်လာတာ ကြာပြီလေ။ ဒီတော့ ဒေါ်အေးမြင့်နှင့်လိုက်ပြီး အဝတ်လျှော်။ ဒေါ်အေးမြင့်က မိတ်ဆက်ပေးတော့ လူချမ်းသာတွေက ငှားပြီး လျှော်ကြသည်လေ။ နှစ်နှစ်အကြာမှာတော့ ဒေါ်အေးမြင့် သူ့ရွာကို ပြန်သွားသည်။ ဒီနေ့အထိ ပြန်မလာတော့။

မကြေးမုံကတော့ ဒီအလုပ်ရဲ့အရသာကို တွေ့သွားသည်။ အဆင်အပြေဆုံး မဟုတ်ပေမယ့် တစ်နေ့လုပ်တစ်ရက်စား အဆင့်နှင့် သားအမိနှစ်ယောက်ရဲ့ဘဝ ရပ်တည်နိုင်သည်။ သားဖြစ်သူကို ကျောင်းဆက်ထားခဲ့ရာက ဆယ်တန်းအောင်ပြီးလို့ အဝေးသင်တက်ဖို့ ဘွဲ့ယူဖို့အထိ စိတ်ကူးထားသည့် မကြေးမုံ။

လက်ရှိမှာတော့ သားဖြစ်သူက စားသောက်ဆိုင်တစ်ဆိုင်မှာ အလုပ်ဝင်လုပ်နေသည်လေ။

မိခင် အဝတ်လျှော်အလုပ်လုပ်တာကို နားလည်ခွင့်လွှတ်ပေးခဲ့သည့်သား။ အမေ့ကို သနားပါသည်ဆိုသောသား။ လိမ္မာပြီး အသောက်အစားကင်းသည့်သား။ ရသည့်လစာကို မိခင်ဖြစ်သူထံ အပ်သည့်သား။ အဝတ်လျှော်အလုပ်လုပ်တာကို မလုပ်စေချင်လို့ တားမြစ်ခဲ့သေးသည့်သား။ မိခင်က ဒီအလုပ်နှင့် ထမင်းစားခဲ့၊ သားဖြစ်သူ ဆယ်တန်းအောင်တဲ့အထိ ထားပေးနိုင်ခဲ့သည့် အကြောင်းပြောပြတော့ အလုပ်အပေါ်ရော မိခင်အပေါ်ပါ နားလည်ပေးသည့်သား။

ဘွဲ့ရအပြီး အလုပ်ဝင်ရင်တော့ ဒီအလုပ်ကို ဆက်မလုပ်ပါနဲ့ဟု တောင်းပန်သည့် သား။ မိခင်ဖြစ်သူက သားတောင်းသည့်ကတိပေးတော့ ကျေနပ်အပြုံးနှင့် အမေ့ကို ဦးချကန်တော့ခဲ့သည့်သား။

"သားရယ် အလုပ်ဆိုတာ ကိုယ့်အဆင့် ကိုယ့်ဘဝနဲ့ သင့်တော်မယ့်အလုပ်ကို လုပ်ရတာကွယ့်၊ ဘယ်သူမှ သူများရဲ့ မကောင်းမကန်းအဝတ်တွေကို လျှော်ချင်မှာလဲ၊ ဒါပေမယ့် အခြေအနေ အချိန်အခါဆိုတာ သူ့ဘဝ သူ့ကံနဲ့သူ ဖြစ်လာတာလေ၊ အမေက ရွှေဆိုင်ကြီးဖွင့်၊ အထည်ဆိုင်ကြီး ဖွင့်ပြီး ရောင်းချင်တာပေါ့၊ ဒါပေမယ့် သားရယ် အတိတ်ကံက ဒီလိုဖန်လာတော့လဲ ဒီလိုပဲ နေရတာပေါ့၊

ဘာပဲဖြစ်ဖြစ် သားရယ်၊ ဘယ်လိုပဲ ဆင်းရဲ ဆင်းရဲ ဘာပဲလုပ်ရ လုပ်ရ ကိုယ့်ဘဝကိုထိန်းသိမ်းဖို့ အကျင့်စာရိတ္တ မပျက်ပြားဖို့ လိုတာပါ၊ အကျင့်စာရိတ္တ ကောင်းနေရင်၊ စိတ်ရင်း စေတနာကောင်းနေရင် အဲဒီအကျင့်ကောင်းတွေက ထမင်းကျွေးသွားမှာပါ"

သားဖြစ်သူကို ပြောခဲ့မိသေးသည့် အဲဒီစကား။

မကြေးမုံ သူ့ဘဝ သူ့အကြောင်းတွေးရင်း အဝတ်တွေကို လျှော်ဖွပ်နေဆဲ။ တစ်နာရီခန့် လျှော်ပြီးတော့ အဝတ်တွေကို တည်းခိုခန်းဘေးက ကြိုးတန်းမှာ လှန်း။ ပြီးတော့ မန်နေဂျာထံပြောတော့ မန်နေဂျာက ကျသင့်ငွေ ရှင်းပေးရုံမက သူတို့အဝတ်အစားတွေပါ လျှော်ခိုင်းသည့် ပိုက်ဆံပေးသည်။ အားလုံးပြီးတော့ ထမင်းကျွေး၊ နောက် ခရီးစရိတ်ပေး။ နေမစောင်းခင် ပြန်ခဲ့သည့် မကြေးမုံ။

❁

"အခန်းလိုချင်လို့"

"ရေချိုးခန်း၊ ရေအိမ်နဲ့ အဲယားကွန်းပါတဲ့ အခန်းပဲ ကျန်တော့တယ်ဆရာ၊ ဈေးက မြင့်တယ်"

"ယူမယ်၊ ပေး"

အမျိုးသားတစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦး။ အမျိုးသားက အရပ်မြင့်မြင့် စတိုင်ကျကျ ဝတ်ထားပြီး အသက်က ခပ်ငယ်ငယ်၊ သုံးဆယ်ကျော်ရုံဟု ခန့်မှန်းမိသည်။ အမျိုးသမီးကြီးက ငါးဆယ်ကျော်ခန့်။

မကြေးမုံထက် လေးငါးနှစ်တော့ ကြီးမည့်ပုံ။ သို့သော် လူချမ်းသာအဆင့်ထဲက ရုပ်မျိုး။ ပါတိတ်ဝမ်းဆက် အပြာရင့်ရင့်နှင့် ပန်းခက်တွေပါသည့် အဆင်ကို ဝတ်ထားသည်။ မျက်နှာမှာတော့ အကောင်းစား မိတ်ကပ်တွေခြယ်၊ ပန်းနုရောင် နှုတ်ခမ်းဆိုးဆေး ဆိုးထားသည့် အပြင် ရွှေရောင်ကိုင်းတပ်မျက်မှန်ကို တပ်ထားသည်။ လက်ကောက်က သုံးရန်။ လက်စွပ်ကြီးက ပြူးလို့။ ဆွဲကြိုးကလည်း အတုတ်ကြီး။

"အဲဒီအခန်း လိုက်ပို့ပေးလိုက်"

မန်နေဂျာက ကောင်လေးကို ပြောသည်။ အခန်းနံပါတ်ပြောရင်းက သော့တွဲတစ်တွဲကိုပါ ပေးလိုက်သည်။ မကြေးမုံသည် မန်နေဂျာရဲ့ဘေးရပ်ရင်း ထိုစုံတွဲကို ကြည့်နေမိဆဲ။ ထိုစုံတွဲကနှစ်ဦးယှဉ်ကာ လက်တွေ ဆုပ်ကိုင်ရင်း ကောင်လေးနောက် ပါသွားသည်။

ထိုအချိန် အပေါ်ထပ်မှ အတွဲတစ်တွဲ ဆင်းလာပြန်သည်။ မကြာပါ။ နောက်ထပ်တစ်တွဲ ဆင်းလာသလို မြေညီထပ် အခန်းထဲက ခပ်ငယ်ငယ်အတွဲတစ်တွဲ ထွက်လာပြန်သည်။ အခန်းကိုပြန်အပ်သည်။ သော့တွဲကို ပြန်ပေးနေကြသည်။ ထိုစဉ်မှာပင် အခန်းလာငှားသည့် အတွဲတစ်တွဲ ရောက်လာပြန်သည်။ အခန်းသော့ယူပြီး တက်သွားကြပြန်သည်။ အပို့ခိုင်းတာကိုပင် မစောင့်။ အခန်းကို သိနေသည့်သဘော၊ လာနေကျ အတွဲလား မသိ။

ကြည့်ရင်းနှင့် မကြေးမုံ ငေးနေမိသည်။ မိမိကိုယ်မိမိ ဘာတွေးလို့ တွေးရမှန်း မသိပြီ။ တကယ်တော့ ဒီနေရာဆိုတာ မရိုးမသား အတွဲတွေလာတတ်သည့်နေရာ။ အပျော်အပါးရှာဖို့ ငွေကိုအသုံးပြုပြီး ခဏတာလာကြသူတွေပဲ သိထားသည့် မကြေးမုံ။ ဒီလိုပဲလို့ မည်ဟု နားလည်ထားသည့် မကြေးမုံ။

www.burmeseclassic.com

"အပယင်း ပယင်း. . . အားတော့ နာမိပါရဲ့၊ ကဲ ကဲ အစ်မရေ အဝတ်တွေ က ရေချိုးခန်းထဲ ရောက်နေပြီ၊ သွား လျှော်တော့"

မန်နေဂျာဖြစ်သူက အလုပ်ရှုပ် နေရင်းက ပြောလာသည်။

"အင်း အင်း. . . အစ်မ လျှော် လိုက်ဦးမယ်"

မကြေးမုံ ပြောရင်း လျှော်နေကျ ရေချိုးခန်းထဲ ဝင်ခဲ့သည်။ ဒီကနေ့က တနင်္ဂနွေနေ့ ရုံးပိတ်ရက်။

ရေချိုးခန်းထဲရောက်တော့ ဆပ်ပြာမှုန့်နှင့် ရေကိုဖျော်ပြီး အိပ်ရာခင်းများ ကိုစိမ်သည်။ ပြီးတော့ စောင်တွေ စိမ် သည်။ အတော်ကြာမှ လျှော်နေသည့် မကြေးမုံ။

စိတ်ကတော့ တောင်စဉ်ရေမရ တွေးရင်း ရင်ထဲမှာ မွန်းကျပ်နေသလို ခံစားရသည်။ ခေတ်ကာလကို မသုံးသပ် တတ်။ စနစ်ကို အဖြေမရှာတတ်သော် လည်း ဒီကနေ့ခေတ်၏ လူနေမှုအခြေ အနေတွေကိုတော့ အကဲခတ်ချင်ချင် ဖြစ်လာသည်။

သာသနာပချင်ချင်ခေတ် ဟု ဆိုရမည့် ကာလပေမို့ လူတွေ၏ အကျင့် စရိုက် စာရိတ္တတွေက ယိုယွင်းနေပြီဟု အကြွင်းမဲ့ ယုံကြည်နေမိသည်။ ခေတ် မိန်းကလေးအချို့ဆို အန္တရာယ်ကို လက် ယပ်ခေါ်နေသည့် အဝတ်အစားမျိုး၊ အနေအထိုင်မျိုးတွေနှင့်။

ပြီးတော့ အသွေးအသားကို ဈေးကစားချင်သည့် မိန်းကလေးတွေက လည်း တစ်မျိုး။ ကိုယ့်ဘာသာ ကောင်း ကောင်းကောင်းဝယ် လုပ်မစားချင်ကြဘဲ ဒီလိုမျိုး ယောက်ျားတွေ ထည်လဲတွဲရင်း အဝကို နစ်မွန်းအောင်ပြုပြီး နေတာ ကတော့ မကောင်း။

အခုလည်းကြည့်၊ ခပ်ကြီးကြီး ယောက်ျားကြီးတွေနှင့်မိန်းကလေးအချို့။ ပြီးတော့ ခပ်ကြီးကြီး မိန်းမသားအချို့ နှင့်ခပ်လတ်လတ်ယောက်ျားသားအချို့။ ငွေကြေးလိုအပ်ချက်ကို သွေးသားလို အပ်ချက်နှင့် ဖုံးလွှမ်းပြီး ခဏတာ ပျော် ပါးဖို့ အခန်းတွေအတွင်း ဝင်သွားကြပြီ။

"ဟင်း. . ."

တွေးရင်းနှင့် လျှော်လို့ ပြီးသွား သည်။ ဒီကနေ့ အိပ်ရာခင်းတွေသာ လျှော်ရသည်မို့ သိပ်မကြာ။ လျှော်ပြီး တော့ အဝတ်ကြိုးတန်းမှာလှန်း။ လှန်း ပြီးသည်နှင့် အခန်းတွေရှေ့ရှိ မန်နေဂျာ ထံ လာခဲ့သည်။ အခန်းငှားသူ သုံးလေး တွဲရှိနေ၍ မန်နေဂျာ မအား။ မကြေးမုံ ရောက်နေမှန်း သိသည်။

"အစ်ကို အခန်းအပ်မလို့"

အသံတစ်သံကြောင့် ကြည့်မိ သည်။ မကြေးမုံ အစောဆုံးတွေ့ခဲ့သည့် အတွဲ။ ခပ်ချောချော စတိုင်ကောင်း ကောင်း လူလတ်ပိုင်း ယောက်ျားသား နှင့် ပါတိတ်ဝမ်းဆက် အပြာနှင့် အမျိုး သမီးကြီး။ ယောက်ျားဖြစ်သူနောက် ကွယ်ရပ်ရင်းရှိသည့် အမျိုးသမီးကြီးကို မကြေးမုံ ကြည့်မိသည်။ ခေါင်းငုံ့ထား သည်။ မျက်နှာသုတ်ပဝါနှင့် ချွေးစက် လေးများကို သုတ်ရင်းရှိသည်။ စောစော ကလို မိတ်ကပ်ရင့်ရင့်တို့ မရှိတော့။ ပန်း နုရောင် နှုတ်ခမ်းဆိုးဆေးတွေလည်း ပြယ်ကုန်ပြီ။

မကြေးမုံက ထိုအမျိုးသမီးကြီး ကို သေသေချာချာ မှတ်မိသွားသည် အထိ ကြည့်နေမိသည်။ ထိုအမျိုးသမီး က မကြေးမုံကို မကြည့်။ အခန်းအပ် သော့အပ်အပြီး နှစ်ဦးသား လက်မောင်း ချိတ်ရင်း အခန်းအပြင်ထွက်သွားပြီ။

"အပယင်း ပယင်း. . . ဒီစုံတွဲက တစ်လနှစ်ကြိမ် သုံးကြိမ်တော့ ပုံမှန်ပဲ ဟေ့၊ ဒီလိုအတွဲတွေရှိတော့ ကိုယ်တို့ အဆင်ပြေတာပေါ့ကွာ"

မန်နေဂျာက ဝန်ထမ်းကောင် လေးနှစ်ကောင်ကို ခပ်တိုးတိုးပြောနေ ပေမယ့် ကြားနေရသူက မကြေးမုံ။

"ဆရာ၊ သူတို့က လင်မယား လား"

ကောင်လေးရဲ့ ခပ်တိုးတိုးလေး မေးသံ။

"အင်း မဖြစ်နိုင်ဘူးကွ၊ နှစ်ဦး စလုံး အိမ်ထောင်ရှိပုံရတယ်၊ ကောင် လေးက လေးငါးနှစ်တော့ ငယ်လိမ့်မယ် ထင်တယ်၊ ကိုယ့်အထင်ကတော့ အမျိုး သမီးကြီးက ကောင်လေး လိုချင်တာ အားလုံး ငွေကြေး ထောက်ပံ့နေတဲ့ သဘောမျိုးပဲ၊ အမျိုးသမီးက ချမ်းသာပုံ ရတယ်ကွ၊ ဒါကြောင့် ဟိုငနဲက အခွာ မခံတာ"

မန်နေဂျာက ပြောသည်။

မကြေးမုံ နားထောင်ရင်း ခေတ် ကာလ၏ ပျက်စီးမှုအချို့ကို အဖြေရှာ ရင်း ဝေခွဲရခက်ကာ အဖြေက ကြာလေ ဝေးလေ ဖြစ်နေဆဲ။

❁

မနေ့ညနေက သားသူငယ်ချင်း စိုးမောင် အိမ်ကိုရောက်လာပြီး သားနှင့် စကားပြောခဲ့ကြသည်။ သူတို့ စကား ပြောသည်ကို နားထောင်ရင်း သားဖြစ် သူမှာ ချစ်သူရှိနေကြောင်း မကြေးမုံ ရိပ်မိသည်။ ဒီတော့ ဒီကနေ့ညပိုင်း သား ဖြစ်သူ ပြန်လာတော့ မေးမိသည်။

"ဟုတ်လား သား၊ သားမှာ ချစ် သူရှိနေပြီဆို၊ မေမေ ဟိုနေ့က သား သူငယ်ချင်းနဲ့ စကားပြောနေတာကို ရိပ် မိလို့ မေးတာ သားရဲ့"

သားက မိခင်ကို မလိမ်။

"ဟုတ်တယ် မေမေ၊ သားတို့ စားသောက်ဆိုင်ဘေးနားကို ခေါက်ဆွဲ ကြော်လာစားရင်းနဲ့ ခင်သွားတာ၊ လာ တာက သူ့သူငယ်ချင်းတွေနဲ့လေ၊ နောက်တော့. . ."

သားဖြစ်သူက စကားပြောဖြတ် သည်။

"ဘာလဲ၊ ရည်းစားဖြစ်သွားကြ ရောပေါ့"

မကြေးမုံက ရယ်ကျဲကျဲနှင့်ပြော သည်။ သားက ခေါင်းညိတ်သည်။

"ဒါနဲ့ မိန်းကလေးရဲ့ အမည်က"

"ဖွေးနုတဲ့"

"ဩော်. . . နာမည်က သိပ်လှ ပါလားကွယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် မေမေ၊ နာမည်က လှသလို လူကလဲ ကြွေရုပ်လေးအတိုင်းပဲ၊ သိပ်လှတာ၊ ဖွေးနုကလဲ ဒီနှစ်မှ ဆယ်တန်းအောင်ပြီးတာ၊ အဲဒါ အမှတ်က ကောင်းတော့ ဆေးတက္ကသိုလ်တက်မှာတဲ့"

သားဖြစ်သူ၏ စကားကြောင့် ခေါင်းညိတ်ရင်း ရင်ထဲစိုးရိမ်စိတ်တွေ ဖြစ်လာသည်။

"သားရယ်၊ မေမေ နားလည်ပါပြီ၊ အခုကတည်းက ကိုယ့်ဘဝကိုယ် မာကျောအောင်၊ ခံနိုင်ရည်ရှိအောင် ပြင်ဆင်ထား"

"ဗျာ"

"ဒီလိုလေ၊ သားရဲ့ဘဝနဲ့ ဖွေးနုရဲ့ဘဝက သားပြောပုံအရဆိုရင် အများကြီး ကွာခြားနေပြီကွယ်၊ နောင်တစ်ချိန် သူ့မိဘတွေ သိသွားရင် ဘယ်လိုမှ အဆင်ပြေနိုင်စရာ အကြောင်းမရှိဘူး၊ ဒါကြောင့် ပြောတာသားရဲ့"

မကြေးမုံစကားကြောင့် သားမောင်မျိုးသူတွေဝေသွားသည်။ တကယ်လည်း ဘဝချင်းက မိုးနဲ့မြေ။ မိမိက ဆင်းရဲသား၊ အဝတ်အငှားလျှော်နေရသည့် မိခင်ရဲ့သား။ ဖွေးနုက ချမ်းသာသည်။ ဆေးတက္ကသိုလ် တက်တော့မည့် မိန်းကလေး။

"အသွင်တူမှ အိမ်သူဖြစ်တာ သားရဲ့၊ ဒါကြောင့် အချစ်နယ်မကျွံခင်မှာ နောက်ဆုတ်တာမျိုး၊ အသိ သတိနဲ့ ဆင်ခြင်တာမျိုး၊ အဲသလိုမျိုးတွေနဲ့ ခံနိုင်ရည်ရှိဖို့ ပြင်ဆင်ထားပါလို့ပဲ မေမေပြောချင်တာ"

"ကျွန်တော် နားလည်ပါတယ် အမေ၊ ဒါပေမယ့် ဖွေးနုကိုကြည့်ရတာ သားအပေါ် တကယ်ချစ်ခဲ့တာမေမေရဲ့၊ ပထမဆုံး ဆိုင်ကိုလာပြီးကတည်းက သားကို စိုက်ကြည့်နေတာ၊ နောက်တစ်ခေါက် ရောက်လာတော့ နာမည်မေးပြန်ရော၊ အဲ- နောက်တော့ သူက ပြုံးပြတယ်၊ နှုတ်ဆက်တယ်၊ လက်ကိုင်ပဝါလေး လက်ဆောင်ပေးတယ်၊ အဲဒါ သူ့ငယ်ချင်းတွေက စရင်းနောက်ရင်းနဲ့ ချစ်သူဘဝ ရောက်သွားတာ"

"ဩော်. . . ဒါနဲ့ သားနဲ့ဖွေးနု ချိန်းတွေ့တာမျိုး ရှိလား"

"နှစ်ခါတော့ တွေ့ဖူးပါတယ်၊ စကားပြောရင်းနဲ့ အအေးဆိုင်မှာ ထိုင်ဖြစ်ကြတာ၊ သူ့အပြောကတော့ သားအပေါ် တကယ်ချစ်တာတဲ့၊ မမုန်းကြေးလို့တောင် ပြောသေးတာ"

"အင်း. . . ဘေးပယောဂ မဝင်ခင်တော့ အဲသလိုပဲ ပြောကြတာပဲသားရယ်၊ ကဲပါ မေမေက သားကို သတိပေးတာပါနော်"

ထိုညက မကြေးမုံခမျာ တော်တော်နှင့် အိပ်မပျော်ခဲ့။ သားဖြစ်သူကတော့ အိပ်မက်လှလှတွေမက်ရင်းနှင့် အိပ်စက်နေချေပြီ။ ဘာပဲဖြစ်ဖြစ် အချစ်ဆိုတာ သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင်ဘေး လို့ပဲ မကြေးမုံ မြင်ပါသည်။ မကြေးမုံ ရင်ထဲမှာတော့ နောင်တစ်ချိန်ချိန် ဆိုသည့် အနာဂတ်ကို ကြိုတွေးရင်း လန့်နေမိသည်က အမှန်။

✿

"အဲဒါ ဖွေးနုရဲ့ ဓာတ်ပုံလေ"

သားက ဓာတ်ပုံကိုပြရင်း ပြောသည်။ မကြေးမုံက ဓာတ်ပုံကိုကြည့်ပြီး ပြောသည်။

"ဟယ်. . . ကြည့်စမ်း၊ ချောလိုက်တာ၊ ချောတာရော ယဉ်တာရော တကယ်ချစ်စရာကောင်းလိုက်တာ၊ ရုပ်ရည်က ပညာရှိ အရာရှိရုပ်မျိုးကိုး"

ဓာတ်ပုံထဲက ဖွေးနုရဲ့အလှများကို ကြည့်ရင်း မကြေးမုံ ပြောနေမိသည်။ တကယ်လည်း ဖွေးနုက လှသည်။ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ ပါးစပ်ကအစ ပြောစရာမလို။ ခေတ်ဆန်ဆန်ဝတ်ပြီး ဓာတ်ပုံရိုက်ထားသည်မို့ ဖွေးနုရဲ့အလှက ပိုပြီး ပေါ်လွင်နေသည်။

"အဲဒါ သားကိုပေးဖို့ နာမည်ကြီးဆိုင်မှာ ရိုက်ထားတာ၊ နောက်ကျောမှာ စာတောင်ရေးထားသေးတယ်၊ မေမေ ဖတ်ကြည့်လေ"

သားအပြောကြောင့် မကြေးမုံက ဓာတ်ပုံနောက်ကျောဘက်ကို ကြည့်မိသည်။

"ချစ်ရတဲ့အစ်ကို. . .

ညီမရဲ့ ချစ်လိပ်ပြာ လှလှလေး မောင့်ရင်ခွင်ထက်မှာ အမြဲနားစေဖို့ အတွက် . . .

ချစ်ရတဲ့ ဖွေးနု"

စာကို ဖတ်မိသည့် မကြေးမုံ။

ဩော်. . . ဖြူစင်တဲ့အချစ်ကို ရင်ဖွင့်ပြထားသည့် ဖွေးနုရဲ့ ချစ်စကား လှလှလေး။ ခေါင်းညိတ်ရင်း မကြေးမုံ ရင်ထဲမှာတော့ ကျေနပ်သလိုလို ရင်လေးနေသလိုလိုမျိုး။ ထိုညက မကြေးမုံ တော်တော်နှင့် အိပ်မပျော်ခဲ့။ အိပ်ပျော်ပြန်တော့ အိပ်မက်ထဲမှာ သားဖြစ်သူက ဖွေးနုကို ခိုးပြေးလာသည်။ ဖွေးနု မိဘတွေ လိုက်လာပြီး ဖွေးနုကို ဆွဲခေါ်ကြသည်။ မှိုချိုးမျှစ်ချိုး အပြောခံခဲ့ရသည်။ နောက် သားနှင့်ဖွေးနုတို့၏ အချစ်ရေးကို အပြီးခွဲခဲ့ကြပြီး ဖွေးနုကို နိုင်ငံခြားပို့လိုက်သည်။ သားဖြစ်သူမှာတော့ အသေအကျေ ခံစားရပြီး ရူးသွားသည်အထိ ဖြစ်ခဲ့ရတာတွေ။

အဲသလို အိပ်မက်မျိုး မက်ပြန်တော့ မကြေးမုံ အိပ်ရာက လန့်နိုးသွားခဲ့ရသည်။ အိပ်မက်မို့ တော်ပါသေးရဲ့ဟု ရင်ဝကို လက်နှင့်ဖိရင်း သားနှင့်ဖွေးနု အတွက် ခေါင်းခါရင်း တွေးရင်း မိုးလင်းခဲ့ရသည်လေ။

ဩော်. . . အချစ်ဆိုတာ ဘယ်တော့မှ လွယ်လွယ်နဲ့ မမွေးဖွားတတ်သလို အဆင်ပြေဖို့ဆိုတာလည်း ဘယ်တော့မှ ဖြစ်မလာနိုင်သည့် အရာမျိုး။ အနိမ့်အမြင့် ကွာဟမှုက အချစ်ဆိုတဲ့ အရာကို မာကျောအောင်၊ သွေးခဲအောင် လုပ်တတ်ကြသည် မဟုတ်လား။

✿

သားဖြစ်သူ အဝေးသင်တက်ခဲ့ပြီ။ ဖွေးနုကတော့ ဆေးတက္ကသိုလ် မှာ တက်နေသည်တဲ့။ ဒါကလည်း သားဖြစ်သူက ပြောလို့ သိရတာမျိုး။ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com

မေဂျာက မြန်မာစာ။ ဖွေးနု အမှတ်က ဘယ်လောက်ရသည် မသိ။ အမှတ်ကောင်းလို့ ဆေးတက္ကသိုလ်တက်နိုင်ခြင်းဟုတော့ မကြေးမုံ သိပါသည်။ ပြီးတော့ သူတို့ချင်းချင်း အဆက်အသွယ် ရသေးသလား၊ အဆက်ပြတ်သွားပြီလား ဆိုတာတော့ မသိ။ ဘာပဲဖြစ်ဖြစ် မမီတဲ့ပန်းတိုးခုလှမ်းနေသည့် သားအတွက်တော့ ရင်လေး ရင်ပူမိသည်ကတော့ အမှန်။

သားဖြစ်သူ အဝေးသင်တက်တော့ အလုပ်က ထွက်လိုက်ရသည်။ သားလုပ်အားခနှင့် မကြေးမုံလုပ်အားခတို့ဖြင့် အဝေးသင်တက်ခဲ့သည့်သား။ သားဖြစ်သူ အဝေးသင်တက်နေသည်ဟု သိကြတော့ အဝတ်လျှော်ခိုင်းသူတွေက မကြေးမုံကို လုပ်အားခ ပိုပေးကြသည်။ ဒီတော့ ပျော်ရသည်ပဲလေ။

သားဖြစ်သူ အဝေးသင် တစ်နှစ်ပြီးသွားသည့် အချိန်အထိ ဖွေးနုအကြောင်း မပြောမိ။ သားကလည်း ကျောင်းစာကိုသာ ကြည့်နေတာများသည်။

အနေအထိုင် ရိုးသားမှု၊ ကြိုးစားမှုတွေနှင့် နာမည်ရနေသည့် သားကို ကြည့်ရင်း မကြေးမုံ ပီတိဖြစ်နေရဆဲပင်။

ဒီကနေ့ ရုံးပိတ်ရက် တနင်္ဂနွေနေ့။ အဝတ်လျှော်စရာ ရှိသည်ဆို၍ တည်းခိုခန်းကို လာခဲ့သည့် မကြေးမုံ။ တည်းခိုခန်း ဝင်းထဲအဝင် ခေါင်းငုံ့ထားရင်း မန်နေဂျာရှိသည့် ကောင်တာဆီ လာခဲ့သည်။ ပြီးသည်နှင့် စကားပြော၊ လျှော်စရာများကိုယူပြီး ရေချိုးခန်းထဲဝင်ပြီး လျှော်သည်။ နာရီဝက်အကြာ အားလုံးလျှော်ပြီးသွားသည်။ ပြီးသည်နှင့် မန်နေဂျာက ကျသင့်ငွေကို ပေးသည်။

"အစ်မသားက ပထမနှစ် ပြီးသွားပြီပေါ့"

"ဟုတ်ကဲ့ ဆရာ"

"အင်း. . . ကောင်းပါတယ်၊ ဒါပေမယ့် ခေတ်က ပြောင်းလဲနေပြီနော်၊ အင်္ဂလိပ်စာတတ်မှ ကွန်ပျူတာကျွမ်းမှ အဆင်ပြေမှာ၊ အဲဒါတွေလဲ သင်တန်းအတက်ခိုင်းဦး"

"ဟုတ်ကဲ့ပါ ဆရာ၊ သားက ကျောင်းဆရာအလုပ် ဝါသနာပါနေတာ ဘွဲ့ယူပြီးရင် နယ်တွေမှာ ကျောင်းဆရာသွားလုပ်မယ်တဲ့"

"အဲဒါ ကောင်းတယ်၊ ဒါပေမယ့် ခေတ်နဲ့လဲ မျက်ခြည်မပြတ်စေနဲ့ပေါ့"

"ဟုတ်ကဲ့"

မန်နေဂျာ ပြောနေဆဲမှာ အခန်းထဲက အတွဲတစ်တွဲ ထွက်လာသည်။ အသေအချာကြည့်တော့ ပါတိတ်ဝမ်းဆက် ဝတ်တတ်သည့် အမျိုးသမီးကြီး။ ရွှေတွေသီးအောင် ဝတ်ထားပြီး အလှဆုံး ပြင်ထားသည့် အမျိုးသမီးကြီး။ အမျိုးသားက သော့ပြန်အပ်သည်။ အမျိုးသမီးကြီးကတော့ မျက်နှာ ခပ်တည်တည်။

"အစ်မ ပြန်ဦးမယ်"

"ဟုတ်ကဲ့"

မန်နေဂျာကို နှုတ်ဆက်ရင်း ပါတိတ်ဝမ်းဆက်နှင့် အမျိုးသမီးကို စွေခနဲ တစ်ချက်ငေးကြည့်ရင်း ထွက်လာခဲ့သည့် မကြေးမုံ။ မကြေးမုံ နောက်မှာတော့ ထိုစုံတွဲက ကပ်ပါလာသည်။

"ဒါပဲ မောင်လတ်၊ နောက်တစ်ခါ အဲသလို အငယ်လေးတွေနဲ့ ရှုပ်နေတာမျိုး ကြားရင် အစ်မနဲ့ မောင်လတ်နဲ့ အပြတ်ပဲ၊ မောင်လတ်အတွက် ဘာမှ မကူညီတော့ဘူး၊ အစ်မကတော့ အိမ်ကလူ မသိအောင် ဖုန်းလဲဝယ်ပေး၊ ရွှေဆိုလဲ ဝယ်ပေး၊ ငွေဆိုရင် သိန်းပေါင်းမနည်းတော့ဘူး၊ ပြီးတော့ ရုံးပိတ်ချိန်ဆိုရင် ဘယ်ရက်တွေ့ချင်တွေ့ချင် လာတွေ့ပေးနေတာပဲ၊ ဒါတောင် အခြားသူနဲ့ ရှုပ်နေတာတော့"

"တော်တော့ အစ်မ တော်တော့၊ ကျွန်တော် ယောကျ်ားလေးပါ၊ သူတို့က စတော့လဲ ချော်လဲ ရောထိုင် ဆက်ဆံရတာပေါ့"

"တော်စမ်းပါကွာ၊ မင်းက မင်းဆန္ဒချည်း ရှေ့တန်းတင်နေ၊ အစ်မဘက်ကိုလဲ ငဲ့ဦးမှပေါ့၊ အစ်မက အိမ်ကလူ အိမ်ကမိသားစုမသိအောင် လာပြီးတွေ့ပေးနေရတာ၊ ပြီးတော့ ချစ်လဲချစ်လို့လေ၊ မင်း အစ်မအပေါ်တော့ အခွင့်အရေး မယူသင့်ဘူး၊ အားနည်းချက်ကို အခွင့်ကောင်းယူပြီး မနှိပ်စက်သင့်ဘူး"

သူတို့ အသံတွေကြောင့် နားထောင်ရင်း မကြေးမုံခြေလှမ်းများ နှေးသွားသည်။ သူတို့စကားအရဆိုလျှင် အမျိုးသမီးကြီးမှာ အိမ်ထောင်ရှိသည်။ လင်ကြီးရှိသည်။ မိသားစုရှိသည်။ ယခု တည်းခိုခန်းမှာ လာတွေ့သူသည် အငယ်အနှောင်းသာ ဖြစ်သည်။ အမျိုးသားကို လိုချင်တာ အားလုံး ဖြည့်ဆည်းပေးနေရသည်တဲ့။ ယခု အမျိုးသားက အခြားမိန်းကလေးတွေနှင့် ခြေရှုပ်နေတာသိလို့ အမျိုးသမီးကြီးက နှာကောက်နေခြင်းပါလား။

"အင်း. . . အခု ပြန်မှာလား"

"ဟုတ်"

"အစ်မလဲ ပြန်မယ်၊ သုံးစရာငွေကော ရှိသေးလား၊ ရှိမယ်မထင်ပါဘူး၊ ရော့ နှစ်သိန်းယူသွား"

"ပေး"

အမျိုးသမီးကြီးက ငွေတွေထုတ်ပေးသည်။ အမျိုးသားက ယူသွားသည်။ လမ်းဘက်ရောက်တော့ ကားငှားပြီးပြန်သွားကြသည်။ ဘယ်ဆီသွားလို့ ဘယ်ဆီငှားကြသည်တော့မသိ။ ဩော် . . . လိုအင်ဆန္ဒတွေ အတွက် ငွေပေးပြီးတော့ ပျော်ပါးသည့်အထဲမှာ အကျင့်ပျက် အိမ်ထောင်ရှင်အမျိုးသမီးအချို့လည်း ရှိနေပါသေးကလားဟု သိလိုက်ရချိန်မှာတော့ မကြေးမုံ ခေါင်းခါရင်း တရားခံကို ရှာဆဲ။

ခေတ်လည်းမဟုတ်၊ စနစ်လည်းမဟုတ်။ အဓိကက လူ. .    ၃။

❁

ဒီကနေ့ ရုံးပိတ်ရက်။

လျှော်စရာတွေက များသည်။ နှစ်နာရီကျော်မျှ လျှော်ရသည့်အဝ ်ၾ အစားတွေ။ အိပ်ရာခင်း၊ ခေါင်းအုံ ႏစွပ်





www.burmeseclassic.com

www.burmeseclassic.com

နှင့် စောင်တွေ။ လျှော်ပြီးတော့ နေလှန်း။ နေလှန်းပြီးတော့ မန်နေဂျာထံ ငွေရှင်းဖို့ လာခဲ့သည်။

"ဆရာ လျှော်ပြီးပြီ"

"ဟုတ်ပြီ ခဏနေဉ်" ဟုပြောရင်း အခန်းငှားနေသည့် အတွဲတစ်တွဲကို သော့ပေးသည်။ အခန်းနံပါတ် ပြောသည်။ ကောင်လေးတစ်ယောက်က လိုက်ပို့သည်။ ပြီးမှ မကြေးမုံကို လျှော်ခ တွက်ပြီးပေးသည်။ ပြီးသည်နှင့် အိမ်ကို ပြန်ခဲ့သည့် မကြေးမုံ။

လိုင်းကားကို အတော်ကြာအောင်စီး၊ မှတ်တိုင်မှာဆင်း၊ အတော်ဝေးသေးသည့် နေအိမ်သို့ ခြေကျင်လာခဲ့သည်။ အိမ်ရှေ့ရောက်တော့ ကားဖြူလေး တစ်စီး။

"အစ်မကြေးမုံတို့ အိမ်ရှေ့မှာ ကားရောက်နေတယ်၊ ဧည့်သည်တွေနဲ့ တူတယ်"

"ဟုတ်လား၊ အင်း အင်း"

အိမ်ဘေးက မကျင်ယုံက ပြောသည်။ အလိုက်သင့်ပြန်ဖြေရင်း အိမ်ဆီ လာခဲ့သည်။ ကားဖြူလေးကို ကွင်းပြီး အိမ်ဆီအလာ အိမ်ထဲမှ အသံတွေကြားရသည်။ အမျိုးသမီးတစ်ဦးရဲ့ အသံ။

"မင်း အဒေါ်ပြောတာ ကြားတယ် မဟုတ်လား၊ အဒေါ့်သမီးနဲ့ အဆက်ဖြတ်ပါ၊ ဘယ်တော့မှ မဆက်သွယ်ပါနဲ့၊ အေး. . . အဒေါ့်သမီးဖွေးနုကိုလဲ အပြတ်ပြောပြီးသား၊ တကယ်လို့ မင်းနဲ့ ဆက်သွယ်နေဦးမယ်ဆိုရင် ဆေးကျောင်းကထုတ်ပြီး နိုင်ငံခြားကို အပြီး ပို့မယ်လို့ ပြောပြီးသား"

အသံကို နားစွင့်ရင်း စကားအသွားအလာကို လေ့လာကြည့်တော့ ဒါ ဖွေးနုရဲ့မိခင် ဖြစ်ရမည်။ သားကို နောက်ဆုတ်ပါတဲ့။ မဆုတ်ရင် သူ့သမီးကို နိုင်ငံခြားအပြီးပို့မယ်တဲ့။

"အဒေါ်တို့က ကိုယ့်သမီးကို ဖြူဖြူစင်စင်ထားတာ၊ အခုတော့ သမီးစာအုပ်တွေကြားထဲက မင်းရဲ့စာတွေနဲ့ ဓာတ်ပုံ တွေ့တယ်၊ ပြီးတော့ မင်းတို့ချိန်းတွေ့တဲ့ရက်တွေလဲ တွေ့ရတယ်၊ မင်းရဲ့ လိပ်စာကအစ မင်းမိဘအမည်ပါ သိခွင့်ရခဲ့တယ်၊ တကယ်တော့ မင်းက ချစ်စရာတော့ အကောင်းသား၊ ကိုယ့်မိခင်က အဝတ်အငှားလျှော်တာအထိ သမီးကို ဖွင့်ပြောထားတာကိုး၊ အဲဒါ သမီးက အားလုံးမှတ်ထားတာ၊ မင်းရဲ့ ပွင့်လင်းမှုကို မှတ်တမ်းတင်ထားတာတဲ့၊ ဟင်း ဟင်း ဟင်း. . ."

အမျိုးသမီးက ပြောရင်း ခနဲ့ပြီး ရယ်သံပြုသည်။

"ကျွန်တော် နောက်ဆုတ်ပေးပါ့မယ်၊ ဒါပေမယ့် ဖွေးနုကိုတော့ နိုင်ငံခြား မပို့ပါနဲ့ဗျာ နော်"

ဒါ. . . သားရဲ့အသံ။

"ကောင်းပြီလေ၊ မင်း စကားတည်ပါစေ၊ အဒေါ်တို့က အဝတ်အငှားလျှော်တဲ့ မိန်းမရဲ့သားနဲ့ အဒေါ့်သမီးကို ဘယ်တော့မှ မပေးစားနိုင်ဘူးဆိုတာပဲ မှတ်ထား၊ အဒေါ်တို့ လိုချင်တာက ဘဝတူ အသွင်တူတဲ့လူပဲ လိုချင်တာ၊ သမီးဘွဲ့ယူပြီးရင်လဲ ပေးစားဖို့ စီစဉ်ပြီးသား"

သားဖြစ်သူထံမှ အသံမကြားရ။ မကြေးမုံခမျာ အိမ်ထဲမဝင်သေးဘဲ အိမ်အပြင် ထရံဘေးမှာ ကပ်ရပ်ရင်း နားထောင်နေဆဲ။ မြန်မြန်ပြန်ပါစေလို့ ဆုတောင်းရင်းရှိသည်။

"မင်းအမေ ဘယ်အချိန်ပြန်လာမလဲ"

"အဲဒါ ကျွန်တော် မသိဘူး၊ လျှော်စရာများရင် မိုးချုပ်မှ ပြန်လာမှာ"

"ကောင်းပြီလေ၊ ဒါဆိုရင်လဲ ပြောလိုက်ပါ၊ ဖွေးနုအမေ လာသွားတယ်လို့၊ ဘယ်တော့မှ သဘောမတူဘူးလို့ ပြောလိုက်ပါ၊ လောကမှာ ဘယ်လိုပဲ ရိုးသား ရိုးသား ငွေမရှိရင် ဘယ်လိုမှ အသုံးမဝင်နိုင်ဘူး၊ ကဲ သွားမယ်"

အသံကြောင့် သူတို့မမြင်အောင် ကွယ်ထားသည်။ အပြင်ကို ထွက်လာပြီ။ တကယ်တော့ ဖွေးနု အဖေနှင့်အမေ။ ဖခင်ဖြစ်သူက ဘာမှ ဝင်မပြော။ မိခင်ဖြစ်သူကသာ ဒေါနှင့်မောနှင့်ပြောရင်း သမီးအတွက် စိတ်ပူနေပုံရသည်။ သူတို့ အိမ်အပြင်အရောက် ကားလေးနားရ[illegible] သည်။ ဖခင်ဖြစ်သူက ကားမောင်း၊ မိခင် ဖြစ်သူက ဘေးမှာထိုင်ဖို့ အဝင်။

"ဟင်"

မကြေးမုံ အမျိုးသမီးကို အသေ[illegible] အချာကြည့်ရင်း မျက်လုံးပြူးသွားသည်[illegible] ဒီကနေ့ ပါတိတ်ပန်းရောင်ထဲ ပန်းခတ်[illegible] ပန်းနွယ်တွေပါသည့် ဝတ်စုံကို ဝတ်ထား[illegible] သည်။

'ဟို ဟို. . . ကောင်လေးကို [illegible] ပေးပြီး'

မကြေးမုံ ပြီးအောင် မတွေးနိုင်[illegible] ကားထွက်သွားသည်အထိ ငေးကြည့်[illegible] ရင်း ရပ်နေမိဆဲ။ ဒီတော့ အဓိပ္ပာယ်[illegible] စွာ ခေါင်းညိတ်ရင်း မဲ့ပြုံးတစ်ချက် ပြုံး[illegible] လိုက်သည်။

'အဝတ်လျှော်တဲ့ မိန်းမရဲ့သား[illegible] သဘောမတူတာတဲ့လား၊ အဲဒီ အဝတ်[illegible] လျှော်တဲ့ မိန်းမက ရှင်တို့ထက် ဖြူစင်[illegible] တယ်ဆိုတာတော့ သိထားပါ၊ ရှင့်ကို[illegible] ရှင် ဖြူစင်တယ် ချမ်းသာတယ်ထင်ပြီး[illegible] ရှင်ပြောသွားတာတွေကို ကျွန်မစကား[illegible] တစ်လုံးတည်းနဲ့ အနိုင်ယူနိုင်တယ်[illegible] တာ ရှင် မသိသေးလို့ပါ၊ ဒါပေမယ့်[illegible] ကျွန်မ ရှင့်အကြောင်း လုံးဝမပြော[illegible] ရှင်ကတော့ ရှင့်လိပ်ပြာရှင် သန့်တယ်[illegible] ထင်ပြီး ချမ်းသာမှုတွေနဲ့ ဘဝင်လေ[illegible] စကား ပြောသွားပေမယ့် ရှင့်ရဲ့လိပ်ပြာ[illegible] ကတော့ ရှင့်ကို ရှင့်အတွက်. . .'

တွေးရင်း အိမ်ထဲအဝင် မျက်[illegible] ရည်ကျနေသည့်သားကို ဖက်ထား[illegible] သည်။ သားလေး အတော်ခံစားနေ[illegible] ပေလိမ့်မည်။ မကြေးမုံက သားမျက်[illegible] အိမ်မှ မျက်ရည်များကို သုတ်ပေး[illegible] အဓိပ္ပာယ်ရှိရှိ ပြုံးနေမိချေပြီကော။

ဒီအဓိပ္ပာယ်ကိုမူ သားလေး [illegible] အံ့မထင်ပါ။ တကယ်ဆိုတော့ မကြေး[illegible] ကိုယ်၌ကပင် ဖွေးနုနှင့် မိမိသားလေး[illegible] သဘောမတူနိုင်ပါ။ အဘယ်ကြောင့်[illegible] သော် ဖွေးနု အမေသည်. . .။

❒ တွင်းကြီးသားတင်ဝင်း[illegible]






www.burmeseclassic.com

www.burmeseclassic.com

## သစ္စာဦး(ဇေယျာမြေ)

# မြူးမိုး၏ဝေလာမြှုပ်နှံခဲ့သော



"ဟဲ့ခွေး၊ သွားစမ်း. သွားစမ်း၊ ဘယ်က ခွေးလေခွေးလွင့်က ရောက်လာရပြန်တာလဲ မသိပါဘူးတော်၊ တကတဲမှပဲ"

နောက်ဖေး ဝင်းထရံ ကျိုးတိုးကျဲတဲကြားမှ ခိုးချောင်ခိုးဝှက်လာသည့် ခွေးမတစ်ကောင်အား အဆင်သင့်ပင် တွေ့ရသော သစ်သားတုတ်တိုဖြင့် ပစ်ပေါက်ခြောက်လှန့်ရင်း ကျွန်မ ပြောလိုက်ခြင်း ဖြစ်၏။ ဒီခွေးမကို တွေ့မိနေသည်မှာ အတော်ကြာပြီ။ လေးငါးခြောက်ရက်ထက် နည်းမည်မထင်တော့။ ဘယ်က ဘယ်လို ရောက်လာလေသည် မသိ။



www.burmeseclassic.com

www.burmeseclassic.com

ဟိုးယခင်က ကျွန်မတို့ ရပ်ကွက်တွင် ခွေးလေခွေးလွင့် အတော်ပေါသည်။ ကားကြီးတစ်စီးဖြင့် တင်ခေါ်သွားပြီးသည့်နောက် ရပ်ကွက်ထဲ ခွေးလေခွေးလွင့် မရှိသလောက် ဖြစ်သွား၏။ ဟော, အခု ခွေးမတစ်ကောင် မျက်စိလည် လမ်းမှားကာ ရောက်လာပြန်၏။

သန့်သန့်ပြန့်ပြန့် လှလှပပလည်း မဟုတ်၊ ပိန်ညှောင်ညှောင် မွဲခြောက်ခြောက်နှင့် ဖြစ်၏။ ခန္ဓာကိုယ်က ပိန်သော်လည်း ဖောင်းမို့အိတွဲကျနေသည့် နို့အုံကို ကြည့်ခြင်းအားဖြင့် မကြာသေးခင်ကမှ ကလေး မွေးထားသော ခွေးမမှန်း သိနိုင်လေသည်။

ဘယ်အိမ်ကမှလဲ သတ်သတ်မှတ်မှတ် ကျွေးသည့်ပုံမပေါ်၊ ကြုံသော အိမ် လစ်လျှင်လစ်သလို ဝင်ဆွဲတတ်၏။ ဟိုအိမ်က မောင်းထုတ်၊ ဒီအိမ်က ရိုက်ထုတ်နှင့် အမြဲလိုလိုကြားနေရသည်။

ရိုက်ထုတ်မောင်းထုတ်သူများထဲ ကျွန်မသည် တစ်ယောက်အပါအဝင်။ ထိုသို့မလုပ်လို့မရ၊ အိမ်မှာက ခုနစ်နှစ်အရွယ် သားကြီးမောင်သူရိန်နှင့် လေးနှစ်သမီးငယ် ခင်ဖြူစင်တို့ ရှိ၏။

ခွေးသားအုပ်မ ဆိုသည်က သားစိတ်ဖြင့် မထင်လျှင် မထင်သလို ကိုက်တတ်သည့်အတွက် ကိုယ့်သားသမီးလေးများ မကိုက်မိစေရန် ကျွန်မ အမြဲသတိကြီးစွာ ထား၍ မောင်းထုတ်နေရခြင်း ဖြစ်သည်။

"ဘယ်ကများ ရောက်လာတဲ့ ခွေးမမှန်း မသိပါဘူး၊ ရင်ရင်ရယ်၊ ဟိုအိမ်ဝင်ခိုးစား၊ ဒီအိမ်ဝင်ခိုးစားနဲ့လေ၊ နို့တိုက်နေရတာဆိုတော့လဲ ဆာမှာပေါ့၊ ဟိုဓမ္မာရုံလေးနောက်မှာ သူ့ကလေးတွေရှိတယ်၊ မွေးထားလိုက်တာမှ ငါးကောင်တောင်"

ခွေးမနှင့်ကျွန်မ ဖြစ်ပျက်နေသည်ကိုကြည့်ကာ တစ်ဖက်အိမ်မှ မထွေးကြည်က လှမ်းပြောလိုက်၏။ သူသည်လည်း ထိုခွေးမအား အမြဲလိုလို တဟဲ့ဟဲ့နှင့် မောင်းထုတ်နေရသူ။

"ကလေးမွေးထားလို့ နို့တိုက်နေရပေမယ့် သနား မနေနိုင်ဘူး မထွေးကြည်ရေ၊ အိမ်မှာက ကလေးတွေနဲ့၊ ပြီးတော့ ကိုယ့်ကလေးတွေက တစ်စက်မှ အငြိမ်နေတဲ့ ဟာတွေ မဟုတ်ဘူး၊ မတော် ခွေးကိုက်ခံရမှ ဒုက္ခရောက်နေဦးမယ်"

"အို. . ဟုတ်တယ် ဟုတ်တယ်၊ အိမ်က ကလေးတွေကိုလဲ ဒါပဲ တတွတ်တွတ်ပြောနေရတာပဲလေ၊ ခွေးသားအုပ်မဆိုတာ သိတဲ့အတိုင်းမြင်သမျှ ကိုက်ချင်တဲ့ဟာမျိုး၊ ခြံထဲဝင် မလာနိုင်အောင် လုပ်ထားရင်တော့ အကောင်းဆုံးပေါ့၊ အဲ့ဒါကြောင့် အိမ်ကလူကို ခြံစည်းရိုးလေး လုံလုံခြုံခြုံ ဖြစ်အောင်ပြန်ကာဖို့ ပြောနေတာ။

အမောဆို့ မတတ် ပြောနေလဲ အေးအေးပါပဲတော်၊ အမြင်မတော်လို့ ကျွန်မဖြင့် လုံချည်ခါးတောင်ကျိုက် လုပ်ပစ်ချင်တာ၊ ခြံမလုံလို့ မဖြစ်ဘူးလေ၊ ကိုယ်ကလဲ ဒီကလေးတွေကို မျက်စိဒေါက်ထောက် ကြည့်နေနိုင်လောက်အောင် အားယားနေတာ မဟုတ်"

သူပြောမှ ကိုယ့်အိမ် ခြံစည်းရိုး ပြန်ကြည့်လိုက်မိ၏။ ရှေ့နောက် ဝဲယာ အကျိုးနှင့် အပေါက်များချည်းသာ။ ခြံစည်းရိုးအသစ် ပြန်မကာနိုင်သည်မှာ ဘယ်နှနှစ်ရှိနေပြီမှန်း ကောင်းကောင်း မမှတ်မိတော့။

ခြံစည်းရိုးကာ နိုင်လောက်သော ငွေပမာဏ မရှိခြင်းကြောင့် ထိုကိစ္စအား ခေါင်းထဲ ထည့်မနေမိသည်လည်း ဖြစ်ကောင်းဖြစ်မည်။

လင်မယားနှစ်ယောက်ရသည့် လစာငွေမှာ ကလေးနှစ်ယောက်ရပြီး ကတည်းက တစ်လမှ ပိုသည်ကို မရှိ၊ မိသားစု လေးယောက် စားစရိတ်၊ တခြားလိုအပ်သမျှ အသုံးစရိတ်တို့ကို ဝင်ငွေနှင့် လောက်ငအောင် မနည်းချင့်ချိန်ကာ သုံးစွဲနေရသည်။

တစ်ခါတလေ နေထိုင် မကောင်း၍ ဆေးဖိုးဝါးခ ကုန်ကျသည့် လမျိုးဆိုလျှင်တော့ သေချာသည်။ လမကုန်ခင် ပိုက်ဆံပြတ်သွားသည့် အတွက် ချေးရငှားရ ပေါင်ရနှံရ တစ်ခုခုကတော့ မလွဲမသွေကို လုပ်ရတော့မည်သာ။

သို့အတွက် သိပ်အရေးမကြီးဟု ယူဆရသော ကိစ္စမျိုးကို ခေါင်းထဲထည့် မနေတော့။

ဓမ္မာရုံလေးနောက်ဘက် ဆိုတော့ အိမ်နှင့်သိပ်အလှမ်းမဝေးလှ။ ဒါကြောင့် လည်း ဒီခွေးမ မကြာခဏ ရောက်လာခြင်း ဖြစ်ပေလိမ့်မည်။ ခြံမကာနိုင်ပေ တော့ ကိုယ့်ကလေးများ အန္တရာယ်မဖြစ် ရလေအောင် သတိထားကာ မောင်း ထုတ်နေရုံသာ ရှိတော့၏။

လမ်းထိပ်တွင် ရပ်ပေးနေကျ ဒိုး ကားပေါ်မှ အဆင်း လမ်းထဲတွင် လူ လေးငါးဆယ်ယောက်ခန့် ရုံးစု ရုံးစု ဖြစ်နေကြသည်ကို လှမ်းမြင်လိုက်ရ၏။

ဘာများ ဖြစ်နေကြသည်မသိ၊ မီးခိုးတွေ ဘာတွေ မတွေ့မမြင်ရသည့် အတွက် မီးလောင်တာတော့ မဖြစ်နိုင်၊ ပုံမှန်ထက် မြန်အောင်လျှောက်ရင်း မျက်နှာချင်းဆိုင်မှ လာနေသည့် သက်သက်ကို မေးလိုက်ရ၏။

"သက်သက် သမီး၊ လမ်းထဲမှာ ဘာဖြစ်နေတာလဲ၊ လူတွေ ရုံးစု ရုံးစုနဲ့"

"ကောင်ကလေး တစ်ယောက် ခွေးကိုက်ခံရလို့တဲ့ အန်တီ၊ ကလေးတွေ မွေးထားတဲ့ ခွေးမကြီးလေ သူကိုက်လိုက် တာတဲ့"

"ဟယ်, ဘယ်ကောင်ကလေးကို ကိုက်တာလဲတဲ့၊ သမီး သိလားဟင်၊ တော်တော်များသတဲ့လား"

"အဲဒါတော့ သက်သက်လဲ မသိဘူး၊ အကိုက်ခံရတဲ့ ကောင်ကလေးကို လမ်းထဲက လူကြီးတွေ ဆေးခန်းခေါ် သွားကြတယ်တဲ့ အန်တီရဲ့"

"ဘုရား. . ဘုရား အိမ်ကကောင် များလား"

ကျွန်မ ဘုရားတလိုက်ပြီး အိမ်ရှိ ရာသို့ မပြေးရုံတစ်မည် လျှောက်ကာ





www.burmeseclassic.com

www.burmeseclassic.com

သွားလိုက်၏။ ဒီအချိန်ဆိုလျှင် အိမ်မှာ သားကြီးတစ်ယောက်သာ ရှိသည်။

ရင်းနှီးနေသော အိမ်နီးနားချင်း ကျောင်းသားမိဘများက သူတို့သားသမီးကို ကြိုရင်း တစ်တန်းတက်နေပြီ ဖြစ်သည့် သားကြီး မောင်သူရိန်ကိုပါ ကြိုလာကာ အိမ်ပေါ် ပို့ပေးထားကြ၏။

လူခွဲမရှိသောကြောင့် အိမ်နီးနားချင်းများကို အားကိုးနေရသည့်အဖြစ်။ သမီးလေး ခင်ဖြူစင်ကတော့ မူကြိုကျောင်း ပို့ထားသည့်အတွက် ကိုယ်ရောက်မှ သွားကြိုရသည်။ ကျွန်မ ပြန်ရောက်သော အချိန်အထိ သားကြီး မောင်သူရိန်က အိမ်ရှေ့ဝရန်တာလေးတွင် ဆော့ကစားရင်း စောင့်နေကျဖြစ်၏။

အိမ်တံခါးမကြီး သော့ခတ်ထားခြင်းကြောင့် သူ့ခမျာ အိမ်ထဲသို့လည်း မဝင်နိုင်။ သူတို့ အဖေ အားကိုးလို့လည်း မရ။ ရုံးပြန်ချိန်က ကျွန်မထက်တောင် နောက်ကျနေသေး၏။

ဒီကလေး ဝရန်တာတွင် မဆော့ဘဲ ခြံဝင်းထဲ ပြေးလွှား ဆော့နေခြင်းကြောင့် ခွေးကိုက်မိလေသလား မပြောတတ်တော့။

"မေမေရေ"

"ဟယ်. . သား၊ သားကြီး"

ခြံဝင်းထဲ လှမ်းအဝင် သားကြီးက အိမ်ရှေ့လှေကားမှ ပြေးဆင်းလာရင်း ကျွန်မကို လှမ်းခေါ်လေသည်။

သက်ပြင်းတစ်ချက်ကို ချလိုက်ကာ ကျွန်မ သားကြီးကို ထွေးပွေ့လိုက်မိ၏။ အတ္တကြီးသူဟု ဆိုချင်ဆိုကြစေတော့၊ ခွေးကိုက်ခံရသူမှာ ကိုယ့်သားသမီး မဟုတ်သည့်အတွက် အတော်ကြီးကို စိတ်သက်သာရာ ရသွားသည်ကတော့အမှန်ပင်။

ကိုယ့်ရင်မှ ဖြစ်သော သားသမီးများကို ခလုတ်မထိ ဆူးမငြိစေလိုသည့် စေတနာမှာ ဘယ်မိဘပင် ဖြစ်ပါစေ အတူတူ ဖြစ်ပေလိမ့်မည်။

"ကလေးတွေကို ဂရုစိုက်ဦးကွ၊ မင်း ဂရုမစိုက်လို့ ကလေးတွေဒီလောက် ချူချာနေတာ၊ အဖျား ၁၀၃ တောင် ရှိနေတယ်၊ နည်းတာမဟုတ်ဘူး၊ မင်းသာ ကိုယ့်သားသမီး ဂရုတစိုက်ရှိမယ်ဆိုရင် နည်းနည်းပါးပါး မအီမသာဖြစ်ကတည်းကသိမှာ"

"ရှင်၊ အဲဒီလို မပြောနဲ့လေ ကိုကျော်စိုး၊ ကျွန်မ သားသမီးတွေကို ဂရုမစိုက်ဘဲ နေမလား၊ ကျွန်မက ဝမ်းနဲ့လွယ်မွေးထားရတဲ့ အမေရှင့်၊ နေ့လယ် မူကြိုရောက်မှ ဖြစ်တာတော့၊ ဘယ်တတ်နိုင်မလဲ။

မနက်က အကောင်းကြီး၊ တစ်နေ့လုံး သူတို့ကို ထိုင်ကြည့်နေလို့ဖြစ်မလား၊ ကျွန်မလဲ အလုပ်သွားရသေးတယ်၊ ရှင်ပြောလေ၊ ကလေးတွေကို ရင်အုပ်မကွာ ကြည့်ရှု စောင့်ရှောက်နိုင်အောင် အိမ်စရိတ်ပြည့်စုံသည်အထိ ရှာပေးမယ်လို့၊ အဲဒီလိုသာဆိုရင် ကျွန်မ ရုံးက. . ."

"တယ်၊ ငါလဲ အတတ်နိုင်ဆုံး ရှာနေတာပဲကွ၊ ဒီ့ထက်ရှာရရင်လဲ ထွက်ဓားပြတိုက်ရုံပဲရှိတော့တယ်၊မင်းအတော်လောဘကြီးပါလား၊ ကိုယ့်ယောကျ်ားတောင် ဒုက္ခရောက်အောင် လုပ်မယ့်မိန်းမ "

"ဟင်း၊ ကျွန်မက လောဘကြီးလို့ ပြောနေတာ မဟုတ်ဘူးလေ၊ ရှင့်ကို ဓားပြတိုက်ဖို့ ပစ္စည်းခိုးဖို့ ဘယ်တုံးက ပြောဖူးလို့လဲ၊ ရှင် ရှာပေးသလောက် ယူနေတာပဲ၊ အိမ်စရိတ် ရှင် တစ်ယောက် ရှာရုံနဲ့မလောက်လို့ ကျွန်မလဲ အလုပ်လုပ်ပြီး၊ ဝင်ငွေရှာရတာပဲလေ၊ မဟုတ်တမ်းတရမ်း ပြောနေတာကို"

ညနေ ရုံးဆင်း သမီးလေး ခင်ဖြူစင်ကို သွားခေါ်တော့ ကလေးက ဖျားနေသည်။ အန်လည်း အန်သည်။ ချက်ချင်း ဆေးခန်းပြေးရတော့၏။

သားသမီးများ နေထိုင်မကောင်းလျှင်ဖခင်တို့ဖြစ်တတ်သည့်ထုံးစံအတိုင်း ကိုကျော်စိုးက အပြစ်တွေ အားလုံး ကျွန်မအပေါ် ပုံချကာ မပြီးနိုင် မစီးနိုင်သူ ပြောနေလေသည်။ မဟုတ်တမ်းတတ်သည့် ကျွန်မကလည်း အိမ်ဦးနတ်တွေ ဘာတွေ စဉ်းစားမနေတော့၊ သူတစ်ပြန် ကိုယ်တစ်ပြန် ပြောကြရင်း ရန်ပွဲတစ်ပွဲ ဆင်နွှဲရလေတော့သည်။

နောက်တစ်နေ့ နံနက် ကျောင်းရောက်သည်အထိ သမီးလေးမှာ အဖျား သိသိသာသာ ကျမသွားသေး၊ အအန်ရပ်သွား၍ တော်ပေသေး၏။ အဖျားသွေးကြောင့် ကလေးက နုံးခွေနေပြီး တစ်ချိန်လုံး အိမ်ရာပေါ်တွင်သာမှိန်းနေရှာသည်။

"မင်းရုံးမှာ ခွင့်များများတင်လိုက်၊ ကလေးကို တစ်ချိန်လုံး စောင့်ကြည့်နေ၊ သွေးလွန်တုပ်ကွေးလဲ ဖြစ်နေဦးမယ်၊ ဘာမှတ်နေလဲ၊ အဖျား မကျသေးရင် ဆေးခန်းထပ်သွား၊ ပိုက်ဆံနှမြောပြီး မသွားဘဲမနေနဲ့၊ ဒီလောက်ပြောထားတဲ့ကြားက ငါ့သမီး တစ်ခုခုဖြစ်ရင် မင်း သေဖို့သာပြင် "

"သိတယ်. . ဆေးခန်း သွားမှာ၊ ကျွန်မမှာ ပိုက်ဆံနည်းနေပြီ၊ ရှိတာပေးထားခဲ့. . ."

"ဟာ၊ လကုန်ခါနီး၊ ငါ့မှာလဲ သိပ်မရှိတော့ဘူး၊ ရော့ရော့ ရှိတာယူထားလိုက်၊ ငါရုံးက ရှာလာခဲ့မယ်၊ ကလေး အားရှိအောင် ကြက်သားစွပ်ပြုတ်လေး ဘာလေးလုပ်ကျွေးလိုက်ဦး "

ကိုကျော်စိုး ပေးထားခဲ့သော ငွေလေးထောင်ထဲမှ စွတ်စွတ်ရွတ်ရွတ် ကြက်သားငါးဆယ်သားဝယ်လိုက်သည်။ နှစ်ထောင်ကုန်သွား၏။ မတတ်နိုင်။

ဒီရက်ပိုင်းအတွင်းတော့ ကလေး အားရှိအောင် ကြက်သားဆန်ပြုတ်၊ ကြက်သားစွပ်ပြုတ်တို့ကို တစ်လှည့်စီ မျှကျွေးမှဖြစ်မည်။ လူခွဲမရှိ၍ ခဏခဏလည်း ဈေးမသွားနိုင်၊ တစ်ခါတည်းသာ ခပ်များများဝယ်ထားလိုက်ရ၏။

ကြက်သားကို အရင်ဆုံး ဆား၊ နနွင်း၊ အချိုမှုန့်တို့ဖြင့် သမအောင်နယ်ပြီးပြုတ်ကာ အအေးခံထားလိုက်၏။ အေးသွားမှ အသားလေးတွေ နွှင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ကြက်သား ဆန်ပြုတ်လေး လုပ်ပေးရမည်။ ကြက်သား အအေးခံထားရင်း ထည့်ရမည့်ချင်း၊ ကြက်သွန်ဖြူ အစရှိသည်တို့ကို အနည်းငယ်စီ ထောင်းထုကာ အဆင်သင့် လုပ်ထားလိုက်၏။

“မေမေ. . ဖေဖေ”

“ဟေ၊ သမီးလေး၊ မေမေဒီမှာ ရှိတယ်၊ လာပြီနော် မေမေ လာပြီ ”

အိပ်ပျော်နေရာမှ နိုးလာသည့် သမီးငယ်၏ ခေါ်သံကြောင့် လုပ်လက်စအလုပ်တို့ကို ပစ်ချကာ အိပ်ခန်းထဲ အမြန်သွားလိုက်ရ၏။

သမီးလေးခင်ဖြူစင်က မအေကို စောင့်ရင်း အိပ်ရာပေါ်တွင် ငုတ်တုတ်လေးထိုင်နေလေသည်။

“ရေသောက်မယ် မေမေ”

“ဩော်, သောက်ရမယ်နော်သမီး၊ ဒီမှာ မေမေက သမီးလေးသောက်ဖို့ ရေတွေ အများကြီး ယူထားတယ်”

ကျွန်မ ပြောရင်းဆိုရင်းစားပွဲပေါ်မှ ရေကျက်အေးပုလင်းကို ယူကာ ခွက်ထဲအနည်းငယ်ထည့်၍ တိုက်လိုက်၏။ သမီးငယ်လေး ဘယ်လောက်တောင် ရင်တွေပူနေသည် မသိ၊ ကျွန်မ တိုက်သော ရေကို အငမ်းမရသောက် နေလေသည်။

“အများကြီး ထည့်ပေးဦးမေမေ၊ မဝသေးဘူး”

“အေးအေး အများကြီးထည့်ပေးမယ်နော်၊ သောက်သောက် ဝအောင်သောက် သမီးလေး”

နောက်ထပ် ရေကျက်အေး ခွက်တစ်ဝက်လောက်ကုန်သည်အထိသောက်နေသည့် သမီးခင်ဖြူစင်ကို ကရုဏာသက်စွာ ကြည့်ရင်. . .

“မေမေ သမီးအတွက် ဆန်ပြုတ်လေးလုပ်နေတယ်၊ ကြက်သားဆန်ပြုတ်လေ၊ သောက်မယ် မဟုတ်လား သမီး”

“ဟင့်အင်း, ဆန်ပြုတ်သောက်ချင်ဘူး၊ ကြက်သားပဲ စားမယ်”

“ဩော်, သမီးကလဲ၊ ဆန်ပြုတ်ချည်း မဟုတ်ဘူးလေ၊ ဆန်ပြုတ်ထဲကို မေမေက ကြက်သားတွေ၊ အများကြီး ထည့်ပေးထားမှာ”

“ဒါဆိုစားမယ်မေမေ အခုယူပေး”

“အခု မကျက်သေးဘူး သမီးရဲ့၊ ခဏလေးနေရင် ကျက်ပြီ၊ အိပ်ပြီးစောင့်နေနော်”

ကျွန်မ စကားတောင် မဆုံးသေး၊ သူ့အိပ်ရာလေးပေါ် သမီးလေးက လှဲအိပ်ပြီးနေလေပြီ။

သမီးလေး ခင်ဖြူစင်က အလွန်လိမ္မာရေးခြား ရှိလှ၏။ သားကြီးမောင်သူရိန်ကမှ တစ်ခါတစ်ရံ ဂျစ်ကန်ကန် လုပ်တတ်သေးသည်။

သမီးလေးကတော့ ထိုသို့မဟုတ်၊ မိဘနှစ်ပါးပြောသည့် စကား၊ သူ့မူကြို ဆရာမပြောသည့် စကားတစ်လုံး မကျန် နားထောင်တတ်ပြီး အလွန်ချစ်စရာကောင်းလှသည့် ကလေး။

သမီးလေး ခန္ဓာကိုယ်ပေါ် စောင်မထူမပါးလေးတစ်ထည် ခြုံပေးထားခဲ့ပြီး ဆန်ပြုတ် ဆက်ပြုတ်၍ မီးဖိုခန်းရှိရာ သွားလိုက်၏။

“ဟယ်,အောင်မယ်လေး ကုန်ပါပြီတော်”

မီးဖိုခန်းထဲလှမ်းအဝင် တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ဖိကာ ကျွန်မ အလန့်တကြား အော်လိုက်မိ၏။

တခြားကြောင့် မဟုတ်၊ ကျွန်မ အအေးခံထားခဲ့သော ကြက်သားပြုတ်များကို ခွေးမက စိတ်တိုင်းကျ စားနေလိုက်သည်မှာ ခေါင်းပင် မဖော်နိုင်။

ကျွန်မ အော်လိုက်သောအသံ အတော် ကျယ်သွားသည့်အတွက် ဒီခွေးမ မကြားဘဲ နေလိမ့်မည် မဟုတ်။ ဒါတောင် ထွက်မပြေးသေးဘဲ အငမ်းမရ စားနေလိုက်သေးသည်။

နေမကောင်း ဖြစ်နေသော သမီးငယ်အတွက် မရှိမဲ့ရှိမဲ့နှင့် ဝယ်ထားရသည့် ကြက်သားကိုမှ အားပါးတရ ခိုးစားနေသော ခွေးမအား ကျွန်မ ဒေါသဖြစ်လှစွာဖြင့် လက်တစ်ကမ်း၌ အဆင့်သင့်ရှိနေသည့် ဖူဂျီဆပ်ပြာဘူးနှင့် ပစ်ပေါက်လိုက်၏။

“သေစမ်းဟာ၊ ဒီလောက်ဇတ်ကြီးကျတဲ့ ခွေးစုတ်မ”

“ကိန့်. . ငိန့်. . . ငိန့်”

ဒေါသထွက်ထွက်နှင့် ပစ်ပေါက်လိုက်သည့်အတွက် အတော်အထိနာသွားပုံ၏။ နာကျင်စွာ အော်ညည်းရင်း ထော့နဲ့ထော့နဲ့နှင့် ခွေးမ ထွက်ပြေးလေသည်။

ခြေထောက်တစ်ဖက် ထိသွားခြင်း ဖြစ်ပုံရ၏။ ကျွန်မ ကြက်သားအိုးရှိရာ အမြန်ပြေးသွားကာ ကြည့်လိုက်သည်။

“ဟင်”

ကြက်သားပြုတ် အိုးကိုကြည့်ပြီးမှ ကျွန်မ ဒေါသက ငယ်ထိပ်အထိတက်လေတော့သည်။ မတက်ခံနိုင်ရိုးလား၊ ငါးဆယ်သားခန့် ဝယ်၍ ပြုတ်ထားသောအိုးထဲတွင် ကျန်နေသေးသည်က ထောင့်တစ်နေရာတွင် ကပ်နေသည့် တောင်ပံလေးတစ်ခုနှင့် အသားစ အဖွဲ့ အဖွဲ့လေး အနည်းငယ်မျှသာ။

“သေဖို့သာပြင်ပေတော့ ခွေးစုတ်မ၊ ငါ့သမီးလေးအတွက် ခြစ်ခြုတ်ဝယ်ထားတဲ့ကြက်သားတွေ၊ ငွေနှစ်ထောင်ဖိုးကြီးများတောင် အကုန်ပြောင်ပြီ၊ ဒီတစ်ခါ နင်သေပြီလို့သာ မှတ်လိုက်တော့ ”

ကျွန်မ စိတ်ကို ဘယ်လိုမှ ထိန်းချုပ်မရတော့၊ အခန်းထောင့်တွင် ကြွက်ရိုက်ရန် ထောင်ထားသော တောင်ဝှေးကို တင်းတင်းဆုပ်ကိုင်ထားပြီး ကျွန်မ ရင်သွေးလေး စားမည့် အစားအစာ ခိုးစားသည့် ခွေးမကို အသေဆော်ရန် လိုက်သွား၏။

တွေ့ပါပြီ။

ဓမ္မာရုံလေး၏ နောက်ဘက်ထင်းတိုထင်းစများ ထားသည့် ချောင်လေး တစ်နေရာတွင် ကျွန်မကို ကျောပေးကာ ငုတ်တုတ်ထိုင်နေသော ခွေးမကြီး၏ တကွိကွိ တကွကွ အော်နေကြသည့် ခွေးပေါက်စလေးများ။

www.burmeseclassic.com

သားသည်အမေ ဆိုလျှင် လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ သနားညှာတာရတယ်ဆိုသော အသိလည်း ကျွန်မတွင် လုံးလုံး မရှိတော့။ သမီးလေး စားရန် လုပ်ထားသည့် ကြက်သားကို ကုန်လုနီးနီး ခိုးစားသွားသော ခွေးမအား စိတ်ရှိလက်ရှိ ရိုက်နှက်ရန်လက်ထဲမှ တောင်ဝှေးကို အားကုန် လွှဲပစ်လိုက်၏။

"ဟင်. . ."

ကွက်ကွက်ကွင်းကွင်း မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် ကျွန်မနှုတ်ဖျားမှ ဟင်ခနဲ အာမေဍိတ်အသံ ခပ်ကျယ်ကျယ် ထွက်သွား၏။

အားကုန် လွှဲမိုးထားသည့် တောင်ဝှေးကြီးသည်လည်း ခွေးမကြီး၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်မသွားဘဲ လေထဲတွင် ရပ်တန့်၍ နေလေသည်။

ကြည့်နေရင်း ကျွန်မ ရင်ထဲတွင် ဖော်ပြ၍ မရနိုင်လောက်သော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရ၏။ ဒေါသ ဖြစ်ဖြစ်နှင့် အသေရိုက်နှက်ရန် ပြင်ထားသည့်တောင်ဝှေးမှာ တဖြည်းဖြည်းချင်း မြေသို့ ခသွားလေတော့သည်။

တခြားသော အကြောင်းကြောင့်တော့ မဟုတ်။ ခွေးမကြီးသည် သူ့ကို မီးထတောက်မတတ် မျက်လုံးအစုံဖြင့် ကြည့်နေသည့် ကျွန်မအား ကြောက်ရွံ့စိတ် အနည်းငယ်တောင် ရှိပုံမပေါ်။ သူ၏အသက်နှင့် ခန္ဓာကိုယ်အိုးစာကွဲသွားသည်အထိ ရိုက်နှက်ရန် ပြင်ထားသောတောင်ဝှေးကြီးကိုလည်းနည်းနည်းတလေးမျှ ဂရုစိုက်ခြင်း မရှိ။

သူ လုပ်နေသည်က တလှုပ်လှုပ်တရွရွရှိနေကြသည့် သူ့သားသမီးလေးများရှေ့တွင် အားပါးတရ အန်ထုတ်နေခြင်း ဖြစ်၏။

တစ်ကြိမ်လည်း မဟုတ်၊ နှစ်ကြိမ်လည်း မဟုတ်၊ ကျွန်မထံ ခိုးစားသွားသော ကြက်သားပြုတ်များသူ့အစာအိမ်အတွင်းနှင့် အစာအိမ်သို့ သွားရာ လမ်းတစ်လျှောက်တစ်စက်ကလေးမျှတောင် ကျန်တော့လောက်သည်အထိ အကြိမ်ကြိမ်အခါခါ သူ အန်ထုတ်ထားသော ကြက်သားပြုတ်ဖတ် မကြေ့တကြေများကို သူ့သားသမီး ခွေးပေါက်လေးငါးကောင်က လုယက်ကာ အားပါးတရ စားနေကြ၏။

တအီအီနှင့်လည်း ပျော်ရွှင်မြူးထူးစွာ အော်မြည် နေလိုက်ကြသေးသည်။ အန်စရာ မရှိတော့သည့်အခါ အအန်ရပ်လိုက်ကာ ခွေးမကြီးကသူ့ သားသမီးလေးများကို ငုတ်တုတ်ထိုင်ပြီး ကြည့်နေ၏။ ဝမ်းသာပီတိ ကြီးစွာ ဖြစ်နေပုံပင်။

ကျွန်မ စဉ်းစားကြည့်မိ၏။

ကျွန်မက ကိုယ့်ရင်သွေးလေးကို ကျွေးရန် ပြင်ဆင်ထားသော ကြက်သားပြုတ်များအား ခိုးယူစားသောက်သွားသည့် ခွေးမကြီးကို အသေဆော်ချင်နေသူ။

ကိုယ့်ရင်သွေးလေး မစားလိုက်ရတော့သည့်အတွက် တရားခံခွေးမကြီးအား အကြီးအကျယ် ဒေါသူပုန်ထနေသူ။ ခွေးမကြီးကတော့ သူ့ရင်သွေးလေးများကို ကျွေးမွေးလိုသည့် ဆန္ဒဖြင့် သူ့အသက်အန္တရာယ်တိုင်ပင် ဂရုမစိုက်နိုင်ဘဲ ကြက်သားပြုတ်များအား ခိုးယူလေသည်။

လူသားများကဲ့သို့ လက်ဖြင့် ဆောင်ယူနိုင်စွမ်း မရှိသည့်အတွက် အာခံတွင်း ထဲသွင်းခဲ့သမျှ အစားအစာများကို တဝေါ့ဝေါ့နှင့် အကြိမ်ကြိမ် အခါအခါ အန်၍ ကျွေးလေတော့သည်။

လူနှင့်တိရစ္ဆာန်သာ ကွာခြား၏။ မိမိရင်သွေးလေးများအပေါ် ထားရှိသော မေတ္တာစေတနာတို့မှာ အတူတူပင် ဖြစ်သည်ကို ကျွန်မ ကောင်းစွာ နားလည်သဘောပေါက်လိုက်ရလေသည်။

တော်ရုံတန်ရုံ ဝတ္တရားကျေရုံမျှ မေတ္တာစေတနာမျိုး မဟုတ်၊ အလွန့်အလွန် ကြီးကျယ် မြင့်မားလွန်းလှသည့် မေတ္တာစေတနာတို့ပင်။

အင်မတန်ကြီး ကျယ်မြင့်မားလှပါသည် ဆိုသော မြင်းမိုရ်တောင်ကြီးဖြစ်စေ၊ မိဘ၏ မေတ္တာ စေတနာနှင့် နှိုင်းယှဉ်လိုက်လျှင် စာဖွဲ့လောက်စရာအကြောင်းမရှိနိုင်တော့ဟု ဆိုရမည်ဖြစ်၏။

ခွေးမသားအမိကို ငိုင်တွေတွေ ရပ်ကြည့်နေမိရင်း ငယ်စဉ်ဘဝက ပုံရိပ်အချို့ ပြန်လည် မြင်ယောင်လာလေသည်။

အရသာရှိသည့် အစားကောင်းအသောက်ကောင်းလေးများ ရှိလျှင် ကျွန်မတို့မောင်နှမတစ်စု ပျော်ရွှင်စွာ စားသောက်နေကြသည်ကို ဘေးနားမှာ ထိုင်ကြည့်ပြီး ဝမ်းသာ ကြည်နူးနေတတ်သော အမေ။

"အမေရော စားလေ"ဟု သားသမီးများက ပြောလျှင် "အမေ စားပြီးပါပြီကွယ်၊ သားတို့သမီးတို့သာ ဝအောင်စားကြ" ဟု အမြဲဆိုတတ်သော အမေ။

တကယ်တော့ အမေ မစားရသေးသည်ကို ကောင်းကောင်းကြီးသိနေပါလျက် ကျွန်မတို့ မောင်နှမများ လုကာယက်ကာ တပျော်တပါး စားနိုင်ခဲ့ကြသည်။

အမေကတော့ သူ့သား သမီးများ အားပါးတရ ဝဝလင်လင် စားသောက်နေသည်ကို ကြည့်နေရရုံမျှဖြင့် ဝမ်းဝနေတတ်စမြဲ ဖြစ်၏။

ဆို့နှင့်သော ဝေဒနာတစ်ရပ်နှင့် အတူ ပါးပြင်နှစ်ဖက်ပေါ်သို့ မျက်ရည်စတို့ စီးကျလာလေသည်။ အမေ့ထံ မရောက်ဖြစ်တာ တစ်နှစ်နီးပါးတောင် ရှိနေပြီဖြစ်၏။

ညီမငယ် တာဝန်ယူပြီး ပြုစုစောင့်ရှောက်နေသည် ဆိုသော အသိဖြင့် တာဝန်ကင်းမဲ့စွာ မေ့မေ့လျော့လျော့ နေခဲ့မိသည့် ကျွန်မအဖြစ်။

အနီးကပ် ပြုစုစောင့်ရှောက်နိုင်ခြင်းမရှိတောင် အဝေးမှ ဉစ္စာပစ္စည်း၊ ငွေကြေးကအစ တတ်နိုင်သလောက် ထောက်ပံ့ဖို့သင့်သည်။

အခုတော့ ဉစ္စာ ငွေကြေးတို့နှင့်လည်း ဟုတ်တိပတ်တိ ထောက်ပံ့နိုင်စွမ်းမရှိသည့် အခြေအနေ၊ဒီအသက်အရွယ်



www.burmeseclassic.com

www.burmeseclassic.com

ရောက်သည့်တိုင်အောင် မိဘအပေါ် သားသမီးဝတ္တရား ကျေပွန်အောင် ဘာတစ်ခုမှ စွမ်းဆောင်နိုင်ခြင်း မရှိသေးချေ။

မည်သို့ပင်ဖြစ်စေ အမေကတော့ သားသမီးတို့၏ ချို့ယွင်းချက်မှန်သမျှကို အပြစ်မမြင်ဘဲ အပြုံးမပျက် ခွင့်လွှတ်နေတတ်သည်သာ။

"ငါ မုဆိုးမဘဝနဲ့ နဖူးကချွေးခြေမ ကျတဲ့အထိ ပင်ပင်ပန်းပန်း ရုန်းကန်ပြီး မင်းတို့မောင်နှမတွေကို ကျွေးခဲ့ မွေးခဲ့ ပညာသင်ပေးခဲ့တာ၊ မင်းတို့ ပြန်ကြည့်ရမယ့် အလှည့်ကျတော့"ဟု အဓိပ္ပာယ် ကောက်ယူနိုင်သည့် စကားမျိုး လေသံတောင်မဟခဲ့။ သားသမီးများအတွက် အမြဲထာဝစဉ် အနစ်နာခံနိုင်လွန်းသော အမေပင်။

ဖြစ်များ ဖြစ်နိုင်မည်ဆိုလေလျှင် အမေရှိသည့် နေရာဆီသို့ ချက်ချင်းအပြေးလေးသွားလိုက်ချင်သည်။ အမေ့အနားတွင် နေပြီး စိတ်ရှိလက်ရှိ ခြေဆုပ်လက်နယ် ပြုစုပေးလိုက်ချင်သည်။

သို့သော်လည်း လက်ရှိ အခြေအနေက စိတ်သွားတိုင်း ကိုယ်မပါနိုင်။ တစ်နေ့ထက်တစ်နေ့ တစ်ရစ်ပြီး တစ်ရစ် ချည်နှောင်ခံနေရသော သံယောဇဉ်ကြိုးများမှ ရုန်းထွက်ဖို့ အခက်ကြီး ခက်နေ၏။ အတတ်နိုင်ဆုံး ကြိုးစားပြီး အမေ့ဆီ မရောက်ရောက်အောင်တော့ သွားရဦးမည်။

ဘယ်နေ့၊ ဘယ်ရက်၊
ဘယ်ကာလ၊
ဆိုသည်ကတော့. . . ။

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအား
အစဉ်ဂါရဝပြုလျက် . . .

❒ သစ္စာဦး(ဇေယျာမြေ)

နှစ်ခါပြန် လှည့်ကြည့်သည်အထိဟု မဆိုနိုင်သော်လည်း ဝင်းဝင်းမာ၏ အလှက အတော်စွဲမက်ဖွယ်ကောင်း၏။ အသက်ကလည်း နှစ်ဆယ်ဝန်းကျင် ကယုကယင် အပြုအမူ အပြောအဆိုတို့နှင့် ကြုံတွေ့ဖန်များလာသည့်အခါမှာတော့ ကိုသူရတစ်ယောက် ဘာသားနှင့် ထုထားသူဖြစ်၍ ခံနိုင်တော့မည်နည်း။

ဝင်းဝင်းမာ အလိုက်သင့် ခင်းပေးထားသောလမ်းပေါ် တည့်တည့်မတ်မတ်ကြီး လျှောက်လှမ်းဝင်ပါတော့သည်။

ဖြစ်ချင်သည့် အနေအထားတစ်ခုကို မဖြစ်ဖြစ်အောင် လုပ်ယူသောနေရာမှာတော့ ဝင်းဝင်းမာက နှစ်ယောက် မရှိလောက်အောင် ထူးချွန်သူပင်။

ယခုလည်း ကြည့်။ သူဆန္ဒရှိသည့်အတိုင်း ကိုသူရကို အမိအရ ဖမ်း၏။ သူမျှော်လင့်ထားသည့်အတိုင်းပင် ကိုသူရက စိတ်ကူးယဉ်အိပ်မက်တို့ကို အတတ်နိုင်ဆုံး အကောင်အထည်ဖော်ပေးသည့်အတွက် ဝင်းဝင်းမာ တစ်ယောက် သူလုပ်ရပ်ကို ကျေနပ်၍ မဆုံးနိုင်အောင် ဖြစ်နေလေသည်။

ယခုလည်းကြည့်။

အိမ်ထောင်ကျ၍ (၂)နှစ် မပြည့်ခင်မှာပင် လင်သားဖြစ်သူ လူအေး ကိုသူရကို အစိုးရဝန်ထမ်းဘဝမှ နုတ်ထွက်စေကာ သင်္ဘောလိုက်ဖို့ ဆွဲဆောင်နိုင်ခဲ့သည်။

ပံ့ပိုးမှုတွေလည်း လုပ်ခဲ့သည်။ ရှိုးဂျော့ကို မလုပ်ပါနှင့်။ သင်္ဘောသားပဲလုပ်ပါဟု ဂိုက်လိုင်းချပေးခဲ့သူမှာ ဝင်းဝင်းမာ။

ကိုသူရမှာလည်း တကယ်တော့ သင်္ဘောသား အလုပ်ကို ဝါသနာပါသည်။ နိုင်ငံခြားမှာ တခြားအလုပ်တွေလုပ်ရင်း ငွေစုတာထက် သင်္ဘောသားလုပ်ရင်း ငွေရှာချင်သည်။

တကယ်တော့ အလွန်ပင်ပန်းပါသည်။ ပထမဆုံး လှိုင်းလေထဲမှာ တလှုပ်လှုပ်ဖြစ်နေသည့် သင်္ဘောပေါ်မှာ မမူးအောင် မအန်အောင် နေနေရသည်မှာ မလွယ်ပါ။

သည်ကြားထဲ ကိုသူရတို့ မြန်မာသင်္ဘောသားများကို သင်္ဘောပေါ်တွင် နိုင်ငံခြားသားများက သိပ်နှိမ်ပါသည်။ ဒါက ကိုသူရ၏ အတွေ့အကြုံတွေပါ။ ကိုသူရ သင်္ဘောစတက်ရသည်မှာ ဂရိသင်္ဘောဆိုတော့ ပိုဆိုးပါသည်။

ကိုသူရတို့ အခက်အခဲက ဘာသာစကား အခက်အခဲ ကွာဟမှုဟုလည်း ပြောနိုင်ပါသည်။ ပြီးတော့ ယဉ်ကျေးမှု ကွာဟချက်၊ ရာသီဥတု အစရှိသဖြင့် ကိုသူရတို့ အန်တုရတာတွေက အများကြီးပင် ဖြစ်ပါသည်။

တစ်ယောက် ပြောတာ တစ်ယောက်နားမလည်တာကတော့ ပထမဆုံး အဆင်မပြေမှုပင်။ ဥပမာ ဂရိသင်္ဘောမှာဆိုလျှင် သူတို့၏ အင်္ဂလိပ်အသံထွက်နှင့် ကိုသူရတို့၏ အင်္ဂလိပ်စကား အသံထွက်က မတူပါချေ။

ခိုင်းတော့လည်း ခြေထောက်နှင့် ထိုးပြပြီး ခိုင်းတာမျိုးပင်။ နောက်တော့လည်း ကိုသူရလည်း ခြေထောက်ထိုးပြတတ်လာပါသည်။ ဒါကို သူတို့စိတ်မဆိုးပါ။ သူတို့ ဘာသာဓလေ့ပင် ဖြစ်ပါလိမ့်မည်။

ဘယ်လောက်ပဲ မိုးတွေရွာနေပါစေ၊ နှင်းတွေ ကျနေပါစေ၊ ခိုင်းတာကတော့ အသေအလဲပါပဲ။ တစ်ခါတလေလည်း ပြန်အော်မိတာမျိုး ရှိပါသည်။ မဖြစ်လို့သာ ဘာမှမလုပ်ဘဲ နေနေရတာကိုး။ ပင်လယ်ထဲမှာဆိုရင် လူတွေက စိတ်ရောလူရော ပင်ပန်းတဲ့အတွက် သိပ်ခင်ခဲ့တဲ့ သူငယ်ချင်းတွေတောင်မှ အချင်းချင်း မညှာနိုင်ကြပါချေ။

အဲသည်တော့ မတရားသည်ပန်းတယ်လို့ ထင်ရင် ပြန်လုပ်တာမျိုးလည်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်သာကြပါသည်။ ကိုသူရတို့က ပင်ယ်ကြောင် ကြောင်တယ်ဟု ပြောကြပါသည်။

သဘော်သားဆိုတာ ဥရောပတ်စုံနှင့် လေယာဉ်က ဆင်းလာတာကိုကြည့်ပြီးအားကျလို့မဖြစ်ပါချေ။တကယ်တော့ သဘော်သားဘဝမှာ ပင်ပန်းကြမ်းတမ်းပါသည်။ အစားအသောက်လည်း သိပ်ဆင်းရဲပါသည်။

သဘော်လိုင်းချင်း မတူရင်တော့ မသိပါချေ။ ကိုသူရတို့ ကြုံဆုံခဲ့ရသည်မှာ အသားကို အတုံးသေးသေးကလေးတွေတုံးပြီး ဟင်းသီးဟင်းရွက်နှင့် ကြော်လှော်ထားတာကို ဟင်းကောင်းလုပ်ပြီး စားခဲ့ရပါသည်။

အလုပ် လုပ်ရသည်မှာလည်း အန္တရာယ်များလှပါသည်။ ကိုသူရဆိုလျှင် ပေါ်တူဂီ ဆိပ်ကမ်းတစ်ခုတွင် သံကြိုးကြီး ပြတ်တောက်ကာ တစ်စိတ်တစ်ပိုင်း လူကိုရိုက်မိပြီး လဲသွားတာကို ခံရပါသည်။

ပြီးတော့ သံကြိုးနှင့်အတူ ရစ်ပြီး ပါသွားတာ။ သဘော်လက်ရန်းနှင့် ငြိနေပေလို့၊ နို့မို့ရင် ရေထဲကျပြီး သေမှာဖြစ်သည်။ ကိုသူရမှာ သတိလစ်သွားပါသည်။ သတိရတော့ တစ်ကိုယ်လုံး နာကျင်နေပါသည်။ မျက်နှာကို မှန်လဲ



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်တော့ ရောင်ကိုင်းနေတာ မျက်နှာကြီးမှာ အကြီးကြီး ဖြစ်လို့ပါ။

သင်္ဘောကပွတိန်ကလည်း ကိုသူရအတွက် ဟယ်လီကော်ပတာ ခေါ်ပေးမယ်၊ ဆေးရုံတက်နေခဲ့ပါလို့ ပြောပါတယ်။ ဒါပေမယ့် ကိုသူရဆီမှာ အဲဒီတုန်းက စုငွေက နည်းနည်းကလေး ရှိတာ။

ဆေးရုံတက်နေခဲ့ရင် ပိုက်ဆံက နည်းနေသေးတဲ့အပြင် နေကောင်းတာနဲ့ အိမ်ကိုပြန်ရမယ်ဆိုတာ တွေးမိတော့ "ကျွန်တော် ဆေးရုံမတက်ချင်ပါဘူး" လို့ ပြောပြီး သင်္ဘောနဲ့ ဆက်လိုက်ခဲ့ပါသည်။ တကယ်တော့ ကိုသူရမှာ နှာခေါင်းရိုး ကျိုးသွားတာပါ။

ကိုသူရက သူ့နှာခေါင်းတစ်ဖက်ကိုခွဲစိတ်ထားပေမယ့် အရိုးက အပေါက်နားမှာ တစ်နေပါသည်။ နှာခေါင်းတစ်ဖက်တည်းကိုသာ လက်သန်းကလေး သွင်းကြည့်ရင် ရပါသည်။

သူ့နှာခေါင်းကို ပြပြီး ပြောနေတဲ့ ကိုသူရမှာ သနား ကြင်နာစရာကောင်းပါသည်။

သင်္ဘောကုမ္ပဏီကတော့ အက်ဆီးဒင့်(မတော်တဆ) ဖြစ်တယ်ဆိုတာ သူ့အိမ်ကို သံကြိုးရိုက်လိုက်ပါသည်။ ကိုသူရ အမေမှာ တစ်ငိုတည်းငိုပြီး နေ့စဉ် လေယာဉ်ကွင်းကို ဆင်းကြိုနေပါတော့သည်။

ကိုသူရဇနီး ဝင်းဝင်းမာကတော့ ပြန်လာပါဟုလည်း မပြော။ မပြန်လာပါနဲ့ဟုလည်း မပြောဘဲ မောင့်သဘောဟုသာ ဆိုနေပါသည်။

ကိုသူရမှာ ဆေးမပါ ဝါးမပါတဲ့ သင်္ဘောပေါ်မှာ မသက်မသာကြီး လိုက်သွားရပါသည်။ ပြီးတော့ အလုပ်မလုပ်ရင် ပြန်ပို့မှာစိုးလို့ အလုပ်တွေထပြီး လုပ်ပါသည်။ ကိုသူရတို့ကို အလုပ်တာဝန်တွေ ချထားပေးရတဲ့ ကူလီခေါင်းခေါ် အလုပ်ကြပ်ခေါ် ဘိုဆင် (ဂရိလူမျိုး)က "မင်း ဘာလို့ အလုပ်တွေ လုပ်နေရတာလဲ" ဟု မေးတော့. . .

ကိုသူရက . . .

"ကျွန်တော် အလုပ်မလုပ်ရင် ပြန်ပို့မှာ မဟုတ်လား၊ အဲဒါကြောင့် အလုပ်လုပ်နေတာပါ" ဟု ပြောတော့ သနားသွားပုံရပါသည်။

ဘိုဆင်က ကိုသူရခေါင်းကလေးကို ပွတ်ပြီး . . .

"ပြန်မပို့ပါဘူးကွာ၊ မင်းဘာသာ မင်းနားနေပါ" ဟု ပြောပါတော့သည်။

နောက်ဆိပ်ကမ်း တစ်ခုသို့ ရောက်မှပဲ ကိုသူရက သူ့အမေနှင့် သူ့မိန်းမဆီကို ဖုန်းဆက်ပြီး နေကောင်းတယ်ဆိုတာ ပြောပြရပါသည်။

တကယ်တမ်းတော့ ကိုသူရရဲ့ သင်္ဘောသားဘဝမှာ အားကျစရာ မကောင်းလှပါ။ သူတို့ သင်္ဘောတွေပေါ်မှာ မြန်မာသင်္ဘောသားများကို လုပ်အားခ လျှော့ပေးတာမျိုးတင်မကဘဲ အိုဗာတိုင်တွေကိုလည်း ခိုးတတ်ကြပါသေးသည်။

မနက် ၆ နာရီ ည ၆ နာရီ လုပ်ပေးရပြီး လုပ်ခရှင်းတော့ မနက် ၈ နာရီ ညနေ ၄ နာရီပဲ ခိုင်းတာပါလို့ ဖွတ်ငြင်းတာမျိုး လုပ်တတ်ကြပါသေးသည်။

ဝါနာနိုင်ငံသား အာဖရိကန်တွေတောင်မှ ကိုသူရတို့ထက် လုပ်အားခ များပါသေးသည်။ အခုတော့ ကိုသူရက သာမန်သင်္ဘောသားမဟုတ် ဒုတိယအရာရှိ ဖြစ်နေပါပြီ။

ဒါပေမယ့် မြန်မာဒုတိယအရာရှိကို မထီလေးစားလုပ်တတ်ကြတဲ့ နိုင်ငံခြား သင်္ဘောသားတွေလည်း ရှိပါသေးသည်။

ဗဟုသုတအဖြစ် ပြောပြရပါဦးမည်။ ကိုသူရမှာ ပနားမား ဒုတိယအရာရှိလက်မှတ်ကို ကိုင်ဆောင်တဲ့သူဖြစ်ပါသည်။ ထိုလက်မှတ်ထက်ပိုပြီး နိုင်ငံတကာ သင်္ဘောသားလောကမှာ နာမည်ကြီးတာက မြန်မာ ဒုတိယအရာရှိလက်မှတ် ဖြစ်ပါသည်။

မြန်မာလက်မှတ်ကို ကိုင်ဆောင်တဲ့သူနဲ့ အခြားလက်မှတ်ကိုင်ဆောင်တဲ့သူနှစ်ဦး ယှဉ်ပြိုင် အလုပ်လျှောက်[illegible] မြန်မာလက်မှတ် ကိုင်ဆောင်တဲ့သူ[illegible] အလုပ်ခန့်လေ့ ရှိပါသည်။

သင်္ဘောသားတွေ အိမ်သို့ [illegible] များများ ပြန်ပို့နိုင်တယ်ဆိုတာ နိုင်ငံခြား[illegible] မှာ မစားရက် မသောက်ရက် စုထား[illegible] ပို့နိုင်ကြတာပါ။ တကယ်လို့ ဆိပ်ကမ်း[illegible] တွေမှာ ဆင်းပြီးလည်ရင်း သုံးကြ၊ ဖြုန်း[illegible] ကြလုပ်ရင် ဘယ်မှာပို့နိုင်မလဲလို့။

ကိုသူရ အိမ်သို့ ငွေပို့တာ [illegible] နှစ်အကြာတွင် ငွေလာပို့သော ဆိုင်[illegible] ကယ်စီး ရှိုးကျကျ ငနဲသားနှင့် ဝင်[illegible] ဝင်းမာတို့ ငြိသွားကြသည်။ ဝင်းဝင်းမာ[illegible] မှာ ငနဲသားနောက် လိုက်ပြေးသွား[illegible] သည်။

ကိုသူရ ဒီသင်္ဘောပေါ် (၅)[illegible] ကြာပြီးနောက် ရန်ကုန် ပြန်ရောက်[illegible] သည်။ ပြီးနောက် ပြည်မြို့သို့ သွားလ[illegible] စဉ် ဝင်းဝင်းမာကို ပန်းကုံးစွပ်ကာရာ[illegible] ကေ ဆိုင်ကြီးတွင် တွေ့လိုက်ရသည်။

မည်သို့ မည်ပုံ တွေ့ကြသ[illegible] မသိ။ တတိယမြောက် သူမ၏ [illegible] သားမှာ ကာရာအိုကေ ဘီယာဆိုင်[illegible] ပိုင်ရှင်ကြီးဟု သိရသည်။ သမီး [illegible] ယောက်ပင် ရနေပြီဟု သိလိုက်ရသည်။

သူ့ဘဝ ကောင်းစားရေးအတွက် [illegible] ခြံခုန်တတ်သော ညဉ်ဆိုးမှာ ဝင်းဝင်း[illegible] အတွက် အထူးအဆန်းမဟုတ်ဟု ဆို[illegible] ပေမည်။ ဝင်းဝင်းမာ တစ်ယောက်[illegible] ရည်မှန်းချက်သို့ ရောက်လောက်ပါပြီ[illegible] မောပန်းခြင်းမှ အနားယူနေပြီဟု ထင်[illegible] ပါသည်။

မည်သို့ဆိုစေ ဝင်းဝင်းမာ [illegible] ယောက် တည်ငြိမ်သော ဘဝကို [illegible] သွားပြီဟု ကိုသူရ နားလည်နေမိ[illegible] သည်။

❒ သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်)





www.burmeseclassic.com

www.burmeseclassic.com



# မနုတ်မြန်တွေ အများကြီးကျန်သေးတယ်

## ရွှေနေရောင်ခြည်

ကျုပ်နာမည်ရင်းက ကိုကိုအောင်ပါ။ ကလောင်နာမည်ကိုတော့ စာဖတ်ပရိသတ်က စာရေးဆရာနာမည်ကို ဖတ်လိုက်တာနဲ့ စိတ်ဝင်စားသွားအောင် မိုးတိုက်ထိမ်(စိတ်ပညာ)လို့ ရွေးပေးထားတယ်။ ကျုပ်က လူမှန်းသိစ အရွယ်လောက်ကတည်းက စာရေးစာဖတ် ဝါသနာပါတယ်။

ကာတွန်းပုံလေးတွေ ရေးတယ်။ တစ်ခါတလေ ကျောင်းဆုပေးပွဲတွေမှာ ကဗျာဆုရတယ်။ စာစီစာကုံးဆုရတယ်။ ဒီလိုနဲ့ ဆယ်တန်းအောင်လို့ တက္ကသိုလ်ရောက်တော့ ကျောင်းမဂ္ဂဇင်းမှာ ကဗျာတိုလေး၊ ဝတ္ထုတိုလေးတွေ ရေးရင်း စာပေဝါသနာပိုး ထကြွလာတယ်ပေါ့။





www.burmeseclassic.com

www.burmeseclassic.com

ကြားဖူးထားတာက စာရေးဆရာ ဆိုတာ ဆင်းရဲတယ်၊ ကဗျာဆရာဆို ပိုမွဲတယ်လို့ ကြားဖူးပေမယ့် ကိုယ်တိုင်ကြုံမှ ယုံတတ်တဲ့ ကျုပ်က နာမည်ကြီးမဂ္ဂဇင်းတချို့ရဲ့ ကလောင်သစ်ကဏ္ဍမှာ ကဗျာစာမူလေးတွေ စမ်းပို့ကြည့်တယ်။

ကံကောင်းထောက်မတယ်လို့ ဆိုရမလား၊ ကျုပ်ကိုယ်တိုင်ကပဲ စာပေဘက်မှာ ပါရမီထူးလာတာလား မသိဘူး စမ်းပို့လိုက်တဲ့ နှစ်ပုဒ်စလုံးဟာ မဂ္ဂဇင်းနှစ်စောင်မှာ တစ်လတည်း တစ်ပြိုင်တည်း ပါလာခဲ့တယ်။

စိုးတိမ်တိုက်(စိတ်ပညာ)ဆိုတဲ့ ကျုပ်ကလောင်နာမည်လေးကို တစ်နေ့တည်းမှာ ဘယ်နှကြိမ်မြောက်မှန်း မသိလောက်အောင် ဖတ်ပြီး ရင်ထဲမှာ အတိုင်းအဆမဲ့ ကြည်နူးရတယ်။

အဲဒီမှာပဲ ကျုပ်ရဲ့ စာရေးဆရာဘဝ စတယ်လို့ ပြောရမှာပဲ။ ဒီနေရာမှာ အလျဉ်းသင့်လာလို့ ကျုပ်ရဲ့ ဇီဇစိတ်အကြောင်းလေးကို နည်းနည်းတော့ ထည့်ပြောပြချင်တယ်။

ကျုပ်က ကိုကိုအောင် ဆိုပေမယ့် တနင်္ဂနွေသား။ ဘယ်လိုအချိန် ဘယ်လိုနက္ခတ်နဲ့ ယှဉ်မွေးလို့လဲတော့ မသိဘူး။ ကျုပ်က တစ်စုံတစ်ခုကို ယုံကြည်မိရင် ဒါပဲ။ ဘယ်သူ ဘာလာပြောပြော ကျုပ်ခံယူချက်ကို မပြောင်းလဲဘူး။ ဒါကိုလည်း တချို့က ခေါင်းမာတယ်တဲ့။ ဒီ့ထက် အပြောရက်စက်တဲ့ သူဆိုရင် ဘုကန့်လန့်ကောင်တဲ့။ ထောင့်ကို မကျိုးဘူးတဲ့။ ထားပါတော့လေ ဒါတွေက လူ့သဘာဝပါပဲ။

ကျုပ်ကတော့ တတိယနှစ်စာမေးပွဲ သုံးကြိမ် ကျပြီးကတည်းက တက္ကသိုလ်ကျောင်းသားဘဝကနေ နုတ်ထွက် စာရေးဆရာဘဝထဲကို ဘယ်သူ့တိုက်တွန်းချက်မှ မပါဘဲ ဒိုင်ပင်ပစ်ထိုးဆင်းခဲ့တယ်။

ကလောင်သစ်ရဲ့ ဘဝ အစကတော့ အားလုံး သိတဲ့အတိုင်းပါပဲ။ ပထမဆုံးပို့တာ တစ်ပုဒ်နှစ်ပုဒ် ဆက်တိုက်ဖော်ပြကြပေမယ့် နောက်ပို့သမျှတွေက ဘယ်နားငုပ်သွားမှန်း မသိလို့ ကျုပ်ဆို တုတ်တုတ်မှ မလှုပ်နိုင်ခဲ့ဘူး။

အိမ်က ရသမျှ မုန့်ဖိုးငွေတွေဟာ အေဖိုး စာရွက်ဝယ်ရ၊ ဘောပင်ဝယ်ရ စာတိုက်ပို့ခတွေနဲ့ အားလုံးကုန်ရတာပါပဲ။ ဒါပေမယ့် ကျုပ်မမှုပါဘူး။

စာပေလမ်းဟာ ပန်းခင်းလမ်းမှ မဟုတ်တာဘဲ။ တွေ့ကြုံလာရသမျှ အခက်အခဲကို ဇွဲရှိရှိနဲ့ ရင်ဆိုင်မယ်ဆိုတဲ့ စိတ်နဲ့ ကျုပ် စာတွေ လှိမ့်ဖတ်တယ်။ တွေးတယ်။ ရေးတယ်။

ဘော်ဒါ တချို့ကတော့ "စိုးတိုက်တိမ် ပေါက်ပါစေ၊ ပုဆိုး ပုဆိုးမီးပေါက်ပါစေ" လို့ ဆေးလိပ်ဖွာရင်း စာရေးတတ်တဲ့ ကျုပ်ကို ဝိုင်းအော်ကြတယ်။ အော်ပါစေ၊ အော်ပါစေ၊ အောင်မြင်တဲ့ တစ်နေ့ကျမှ တွေ့ကြသေးတာပေါ့။

စာမူ ဆယ့်လေးငါးပုဒ် ပါပြီးချိန်မှာ ကျုပ်အဖေ ရုတ်တရက် လေဖြတ်ပြီး ဆုံးသွားတယ်။ အိမ်မှာ ကျုပ်ရယ်၊ ပထမနှစ်ကျောင်းသူ ညီမလေးရယ်၊ အသက်ခြောက်ဆယ်ကျော်အမေရယ် သုံးယောက်တည်း။

ကျုပ်က အလုပ်မရှိပေမယ့် အမေက ကုန်စုံဆိုင်လေး ချောက်ချီချောက်ချက် ဖွင့်ပြီး သုံးယောက်စာ စရိတ် ကာမိအောင် ကြိုးစားပေမယ့် လပိုင်းလောက်မှာ အရင်းပြုတ် ငုတ်တုတ်မေ့ရတယ်ဗျာ။

အမေက "ကိုကိုအောင် နင် စာချည်းရေးတော့မှာလား၊ အလုပ်တစ်ခုခု လုပ်ပါလား" လို့ တိုက်တွန်းပေမယ့် ကျုပ် အဖြေမပေးခဲ့ဘူး။ စိတ်ထဲမှာတော့ လုံးချင်းလောကဆီ အရောက်လှမ်းဖို့ စိတ်အား ထက်သန်နေတယ်။ ကျုပ်ဆီမှာ ရေးပြီးသား လုံးချင်း ငါးအုပ် ရှိနေတယ်လေ။

ဒါတွေကို စာပေတိုက်ပို့ထားပြီး သူတို့ဆီက ပြန်လာမယ့် အဖြေကို စောင့်နေတာ။ ကျိန်းသေအဆင်ပြေ လိမ့်မယ်လို့လည်း ကျုပ်ယုံတယ်။ အမေနဲ့ ညီမကတော့ ပြန်မပြော နားမထောင် ကျုပ်အကြောင်းသိထားလို့ ဘာမှ ဆက် မပြောတော့ဘဲ အတွင်းပစ္စည်းလေးတွေ ထုခွဲပြီး ငွေတိုးချပြီး စားစရိတ် ရလို ရငြား ကြိုးစားကြတာ စိတ်မကောင်းပေ မယ့် လုံးချင်းပေါက်ခဲ့ရင်ဆိုတဲ့ အတွေး လေးနဲ့ ဖြေသိမ့်နေရတဲ့ အနေအထား ပေါ့။

"ဇွဲစာပေ" "ဗညားစာပေ" "သိ စာပေ" ဆိုတဲ့ ကလောင်သစ်ထုတ်ပေး တဲ့ စာပေတိုက်တွေဆီ ခြေကုန်လျှောက် လှည့်လည်ခဲ့ပေမယ့် "အစကောင်း ပေမယ့် အဆုံးမလှဘူး" "အဖျားရှူး တယ်" ဆိုတဲ့ ဝေဖန်ချက်လေးတွေပဲ ရခဲ့လို့ စာမူထုပ်ကိုပိုက်ပြီး ကျုပ် အိမ် ပြန်လာရတယ်။

စိတ်ဓာတ်တွေ ကျတယ်ဆိုတာ မှ အဝီစိအောက်မှ ချီးကပ်လော အောင်ကို ကျတာ။ အိမ်စီးပွားရေး လည်း လုံးဝအဆင်မပြေ။ စာမူကလည်း မထုတ်ဖြစ်။ စိတ်ဓာတ်တွေ ညစ်လာ တော့ ကျုပ်ခြေလှမ်းတွေက CS-2A လို့ အများခေါ်ကြတဲ့ အဖြူဆိုင်လေးထဲ ဝင်ခဲ့တယ်ပေါ့။

ကျုပ် စာရေးဆရာလို့ ကိုယ် ကိုယ်ကိုယ် ခံယူပြီးကတည်းက ဒီလိုဆိုင် ထဲမှာ ထိုင်ဖြစ်တယ်။

ပထမတော့ ရေးဖော်ရေးဖက် တွေနဲ့ အပျော်သဘောပေါ့။ နောက် တော့ ညနေစောင်းတိုင်း ရေးဖော်ရေး ဖက် (အင်း သောက်ဖော် သောက်ဖက် လို့ ပြောရင် ပိုမှန်မလားဘဲ) တွေနဲ့ တစ်ကျိုက်မော့လိုက် ကဗျာအကြောင်း စာအကြောင်း လေကန်ရင်း ဆွေးနွေး ငြင်းခုံရတဲ့ အရသာလေးကို စွဲလမ်း လာတယ်။





www.burmeseclassic.com

www.burmeseclassic.com

အမေတို့က ဒီသတင်းကို ကြားတော့ "နင့်အသက်အရွယ်နဲ့ သောက်စရာလား"လို့ သတိပေးလည်း ကျုပ်နားမဝင်ဘူး။ "ဒါ စာရေးဆရာဘဝပဲဗျ" လို့ တစ်ဖက်သတ်အတွေးလေးနဲ့ ခေါင်းမာခဲ့တယ်။ သောက်မြဲဆက်သောက်လို့ ရပ်ကွက်က ဖိုးသမားဘွဲ့ တိတ်တိတ်ဝိုင်းပေးတဲ့အထိ အခြေအနေရောက်လာတယ်။ စာမူတွေ မပါတဲ့ လဆို အမေ့ဆီက စာအုပ်ဝယ်ဖို့ ဘာညာနဲ့ လိမ်တောင်းပြီး သွားသောက်တယ်။

အမေက ဆူရင်တော့ ညီမလေးဆီပေါ့။ အဝေးသင်တက်ရင်း ကျူရှင်ပြတဲ့ ညီမလေးရဲ့ မဖြစ်စလောက်ဝင်ငွေလေးနဲ့ မိသားစု ရပ်တည်ရတဲ့ ဘဝကို သိပေမယ့် ကျုပ်ဆုံးဖြတ်ချက်ကို မပြင်နိုင်ခဲ့ဘူး။

ဒီလိုနဲ့ အတိုချုပ်ရရင် ညီမလေးလည်း ကျောင်းပြီးပြီးချင်း ရန်ကုန်က ကျောင်းနေဖက်ကောင်လေးတစ်ယောက်နဲ့ အိမ်ထောင်ကျသွားတယ်။ ကောင်လေးကတော့ ကုမ္ပဏီတစ်ခုရဲ့ ဝန်ထမ်း၊ ညီမလေးကတော့ အလုပ်မရသေးဘဲ ယောက္ခမတွေနဲ့ အတူနေရတယ်။

အမေနဲ့ ကျုပ်ကတော့ အိမ်မှာ နောက်ဆုံးကျည်ဆန် ငွေတိုးလေး မဖြစ်စလောက်ရတာကို ခြိုးခြံသုံးရတယ်ပေါ့။

အမျိုးတွေက . . .

"ဟဲ့ ကိုကိုအောင် နင်နဲ့ ကိုက်မယ့် အလုပ်တစ်ခုလောက် ရှာပါလား" လို့ပြောရင် ကျုပ် ငြင်းတုန်းပဲ။

"ကျုပ်က အများက ဆရာခေါ်ရတဲ့ဘဝမျိုး လုပ်မှာ" လို့ ရင်ကော့ဖြေရင် "ဒီကောင် အသောက်လွန်လို့ ကြောင်သွားပြီ" "ဂေါက်ကြီး" ဆိုတဲ့ နာမည်ပေါင်းစုံ ပြောတာပြန်ကြားလဲ "တစ်နေ့ကျ ငါ့အကြောင်းပြရသေးတာပေါ့" လို့ အံကြိတ်တွေးမြဲ တွေးခဲ့တယ်။

အဲဒီအချိန်မှာ ကျုပ်ရေးထားတဲ့ လုံးချင်းကလည်း ရှစ်ပုဒ်စာ ရနေပြီ။ ထုတ်ဝေသူတစ်ယောက်နဲ့လည်း တွေ့ကာ အဆင်ပြေလုတဲတဲ။

တကယ်လို့များ ပြေခဲ့ရင်တော့ ရသမျှတွေ အမေ့ကို ကန်တော့မယ်။ ညီမလေးကိုလည်း အရင်းအနှီးလေး ပေးမယ်ဆိုတဲ့ စေတနာတွေလည်း ထားခဲ့ပါတယ်။ ဒါပေမယ့်ဗျာ ကျုပ် ကံမကောင်းဘူး။ တော်တော့်ကို ကံမကောင်းတာ။ ကျုပ် လုံးချင်းတွေ ထုတ်ပေးမယ့်ထုတ်ဝေသူက သားလုပ်တဲ့သူက အရေးတကြီးခေါ်လို့ ဂျပန်ကို လိုက်သွားရာက ပြန်မလာဖြစ်တော့ဘူး။

အဲဒီနေ့ အဲဒီအချိန်ကစပြီး ကျုပ်စိတ်ညစ်ညစ်နဲ့ ပိုသောက်ဖြစ်တယ်။ မောနင်းပက် အဆင့်ထိ ရောက်လာတော့ အမေနဲ့ နေ့တိုင်း ရန်ဖြစ်ရတယ်။

"နင် ပိုက်ဆံပြန်မပေးနိုင်လဲ ငါဘာမှ မပြောဘူးနော် ကိုကိုအောင်၊ ခုနင်လုပ်ပုံက ရပ်ကွက်ထဲ ရှက်စရာကောင်းနေပြီ၊ စာမူလေးမဖြစ်စလောက်ပါပြီး သောက်တာက"

"တော်တော့ဗျာ အမေ တစ်နေ့တစ်နေ့ ပြောဆိုနေတာတွေနဲ့တင် ကျွန်တော်နားညည်းလှပြီ၊ လူဆိုတာ ဒီအတိုင်းမနေပါဘူးဗျာ တစ်နေ့နေ့"

"နင့် တစ်နေ့နေ့ ဆိုတာက နောက်၊ အခု နင်ဘဝပျက်မှာက အရင်"

"တော်ပြီဗျာ အမေတော်တော့"

တစ်ယောက်တစ်ခွန်း စကားများဖြစ်ရင် ကျုပ် စိတ်ဆိုးဆိုးနဲ့ အဖြူဆိုင်ဘက် ရောက်တော့တာပဲ။ ဝင်ငွေကလည်း မရှိ၊ သောက်ကလည်း အရမ်းသောက်ချင်တော့ ရှက်ရှက်နဲ့ပဲ အကြွေးမှတ်ခိုင်းပြီး မျက်စိမှိတ် မျိုချရတော့တာပဲ။ အဲဒီလို အမေ့ဆီက တောင်းမရမှန်းသိတော့ ကျုပ် ညီမလေးဆီ သွားတယ်။ သူတို့ မိသားစုက အပြေလည်ကြီး မဟုတ်ပေမယ့် ကျုပ်တို့ထက်တော့ သာသေးတယ်ပေါ့။

ရန်ကုန် တာမွေမှာရှိတဲ့ ညီမလေးဆီသွားတော့ သူ့ယောက္ခမတွေကလည်း ခင်ခင်မင်မင် ကြိုဆိုပါတယ်။ ငယ်ငယ်လေးနဲ့ စာရေးဆရာဆိုတော့ ချီးကျူးတယ်လို့လည်း ပြောပါတယ်။

ပထမ တစ်ကြိမ်၊ နှစ်ကြိမ်မှာပေါ့။ ကျွန်တော် ပြန်ခါနီးတိုင်း ညီမလေးက အိမ်ပေါက်ဝထိ လိုက်ပို့ပြီး "ဒီငွေတွေက သမီးစျေးဖိုးထဲက စုထားတာ၊ အမေ့ကို မုန့်လေး ဝယ်ကျွေးလိုက်ပါနော်" လို့ အနားကပ်ပြီး ကျစ်ကျစ်လိပ်ထားတဲ့ ပိုက်ဆံထောင်တန်လေး သုံးလေးရွက်ကို လက်ထဲထည့်ပေးတတ်ပါတယ်။

ကျုပ်အတွက်တော့ စိုင်ကော်လို့ ချိုပေါ်ရောက်တာပဲပေါ့။ အမေ့ဆီက ဆို ငါးရာတစ်ထောင်ရဖို့ မလွယ်ပေမယ့် ညီမလေးကတော့ အနည်းဆုံး သုံးထောင်ပဲ။ ဒီအကြောင်း အမေ့ကိုလည်း မပြောဘဲ ကျုပ် တစ်ယောက်တည်း အတွက်(သောက်ဖို့ အဓိက) သုံးပစ်လိုက်တယ်။ သောက်တော့မူး၊ မူးတော့ စာတွေမထွက်၊ စာမထွက်တော့ ထပ်မော့၊ ထပ်မော့တော့မူးနဲ့ ကျုပ် ချာလည်လိုက်နေတယ်။

အာရုံတွေက မလန်းဆန်းတော့ စာမရေးနိုင်ဘဲ လူက ညှဉ်းသိုးသိုး။ အဆိုးတကာ့ အဆိုးဆုံးက နံနက်လင်းတာနဲ့ လက်တွေတုန်ပြီး သောက်ချင်စိတ်တွေ တားမရအောင် ဖြစ်လာတာပဲ။ အကြွေး သွားသွားတောင်း သောက်ရတာလည်း ရှက်လှပြီ။ နောက်ဆုံးတော့ ကျုပ်အသိ ဘော်ဒါတစ်ယောက်ဆီက ကားခတစ်ထောင် ချေးပြီး ရန်ကုန်သွားတယ်။ နေ့ချင်းပြန်စီးနိုင်လို့ သိပ်တော့ မဝေးဘူးပေါ့။ ညီမလေးဆီ တစ်လကို အနည်းဆုံး နှစ်ခေါက် ပုံမှန်ရောက်ဖြစ်တယ်။ ဒီတစ်ခါနဲ့ဆိုရင်တော့ တစ်လတည်းမှာ သုံးခေါက်ပေါ့။ ညီမလေးကို အားနာပေမယ့် တောင်းစရာနေရာက သူပဲရှိတာဆိုတော့။

"ညီမလေး ဒီတစ်ခါ အစ်ကို့ကို ငါးထောင်လောက်ပေးပါဟာ၊ စာရွက်လေးတွေ ဝယ်ချင်လို့ ကူညီပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဟိုလေ"

"လုပ်ပါဟာ နောက်တစ်ခါမလာတော့ပါဘူး၊ အသုံး အရမ်းလိုနေလို့ပါ"

"အင်း ဒုက္ခပဲ၊ ညီမလေး စုထားတာ နှစ်ထောင်ပဲ ရှိတော့"

"နင် ချေးဖိုးရထားတဲ့ အထဲက ခဏစိုက်ပေးပါလား"

". . . ."

ကျုပ်အဲဒီလို အပူတပြင်း အကူအညီတောင်းတော့ ညီမလေး မျက်နှာမကောင်းစွာနဲ့ နက်ဖြန်ချေးဖိုးပေးထားခဲ့တဲ့ အထဲက သုံးထောင်ထပ်ယူလာပြီး လက်ထဲ ထည့်ပေးစဉ်မှာ သူ့ယောက္ခမဖြစ်သူ ဒေါ်နှင်းဆီ တွေ့သွားတယ်။

"ဩော် ညီမလေးက အစ်ကိုစာရေးဆရာကြီးကို မုန့်ဖိုးပြန်ပေးနေရတာကိုး၊ ပြောင်းပြန်တွေ ဖြစ်ကုန်ပါလားနော်"

ဒေါ်နှင်းဆီ အသံက ခနဲ့တဲ့တဲ့ဖြစ်နေလို့ ကျုပ် နားထင်တွေ ရှိန်းခနဲထူပူသွားပြီး မြန်မြန်ထပြန်တော့ အသံလှိုင်းတချို့ နောက်က ကပ်ငြိလိုက်ပါလာတယ်။

"မသူဇာ ညည်းကို ပြောမယ်ပြောမယ်နဲ့ အားနာလို့ မပြောဖြစ်ဘူး၊ ခုတော့ သတိပေးရတော့မယ်၊ တို့တွေမှာလဲ သားလေး လုပ်ခတစ်ခုတည်းကိုပဲ မှီခိုနေရတာ၊ ခု ညည်းအစ်ကိုက ခဏခဏလာပြီး စားရုံသောက်ရုံမက လမ်းစရိတ် လေးငါးထောင်ပေးရအောင် ငါတို့က ဘယ်လောက်ချမ်းသာနေလို့လဲ"

". . . . ."

ကျုပ်ကြားအောင် တမင်အော်ပြောနေလို့ ခြေလှမ်းတွေ ရပ်တန့်သွားရတယ်။

"ဟုတ်ပ့ါ စာရေးဆရာ ဆိုပြီး စောစောစီးစီး မူးနေတာ ပြောကို မပြောချင်ဘူး"

"တစ်လ တစ်ခါလောက်ဆို မပြောပါဘူး၊ ခုတော့ ခဏခဏ ညီမဖြစ်သူကို ဒုက္ခလာပေးနေတာ ကြားထဲ ငါ့အစ်ကိုက အလုပ်ကို ဖတ်ဖတ်မောအောင်လုပ်ပြီး ယောက်ဖကို ခွဲကျွေးရသလို ဖြစ်နေပြီ"

နောက်ထပ် နောက်ထပ် စကားတွေက ညီမလေးရဲ့ ယောက်မ ကျောင်းသူနှစ်ယောက်ရဲ့ မဲ့ရွဲ့ ပြောသံတွေ။ သူတို့တွေ သူစိမ်းတွေရဲ့ အလယ်မှာ ညီမလေး ဘာဆို ဘာမှ မပြောနိုင်ဘဲ ခေါင်းငုံ့ မျက်ရည်ဝဲနေရလောက်ပြီဆိုတဲ့ အသိက ကျုပ်ရင်ကို မိုးကြိုးပစ်သလို ဒိုင်းခနဲ ထိမှန်တယ်။

သားတစ်ယောက် ဖြစ်ပါလျက်၊ အစ်ကို တစ်ယောက် ဖြစ်ပါလျက်၊ ယောကျ်ား တစ်ယောက် ဖြစ်ပါလျက် အိမ်တာဝန်ကို ဘာဆို ဘာမှ မယူနိုင်ဘဲ "ငါ စာရေးဆရာဟ"ဆိုတဲ့ တစ်ဖက်သတ် သွေးနားထင်ရောက် လူမိုက်ဟာ ကျုပ်ပဲ။ ခုရွယ်ထိ အမေဆီက လက်ဖြန့်တောင်း မရတော့ အိမ်ထောင်သည် ညီမလေးဆီကိုသွား အရက်ဖိုး မရမကတောင်း နောက်တော့ မူးပြီးမှောက်။

ကျုပ် ကျုပ် တာဝန် သိပ်မဲ့နေပြီပေါ့။ ကျုပ်ကြောင့် အမေ့ခမျာလည်း မျက်နှာငယ်၊ ညီမလေးလည်း အပြောအဆို အနှိမ်ခံရ။

". . . . ."

နာကြည်း ခံခက်စိတ်နဲ့ အံကို တင်းတင်းကြိတ်ထားတော့ နှုတ်ခမ်းက သွေးစတွေတောင် စီးကျလာတယ်။ ကျုပ် ကျုပ် သိပ်မှားပြီ။ ကျုပ် နောင်တတွေ အသုံးဝင်ပါဦးမလား။

စာပေသမားဆိုတဲ့ ဂုဏ်ပုဒ်ကို အရက်နဲ့ရောပြီး သိက္ခာကျဆင်းအောင် ကျုပ် ဖန်တီးမိပြီ။ ကျုပ် မှားပြီ။ ဒါပေမယ့် ကျုပ်အသက် (၂၆) နှစ်။

ကျုပ်အမှားတွေ ပြင်ရင် အချိန်မီသေးတယ်။ ကျုပ် အချိန်မီဦးမှာပဲ။ ဒီနေ့ ဒီရက်ကစပြီး ကျုပ်ရဲ့ မိုက်မဲမှုတွေကို အသန့်စင်ဆုံး ဆေးကြောပစ်ရမယ်။ အမေ့အတွက် ညီမလေးအတွက်၊ ကျုပ်နဲ့ ကျုပ်ချစ်တဲ့ စာပေလောကကြီး အတွက်ပေါ့။

❒ ငွေနေရောင်ခြည်

၁၉၄၂ ခုနှစ်၏ ကာလတစ်ခုတွင် ဖြစ်သည်။

ထိုအချိန်တွင် ဗိုလ်နေဝင်းအမှူးပြုသော တော်လှန်ရေးရဲဘော်တစ်စုသည် ကျုံဒါးရွာဘက်ကမ်းမှ ကူးလာခဲ့ပြီး ဒေးဒရဲမြို့အပိုင် ကျုံကနန်ရွာသို့ ရောက်နှင့်နေပါသည်။

ထိုရွာတွင် အခြေစိုက်၍ ဂျပန်တော်လှန်ရေးအတွက် မြေအောက်လှုပ်ရှားမှုများကို ဆောင်ရွက်နေကြပါသည်။

ကျုံကနန်ရွာသူကြီး ဦးရွှေမျိုးသည် ဗိုလ်နေဝင်းတို့အား ရှာသည့်အကြောင်းကို ကိုဒေါင်းပြောပြ၍ သိသည်နှင့် ကျုံကနန်ရွာဘက်ကိုလည်း လာမည်မှာ သေချာသည်ကို သိကြသည်။

ထိုကြောင့် ဗိုလ်နေဝင်းတို့အား တပ်ဖျောက်ရန် စီစဉ်ရတော့သည်။

ကိုဒေါင်း၏ နောက်ကိုလည်း ဂျပန်များ ခြေရာခံ လိုက်နိုင်သဖြင့် ညတွင်းချင်း ကွမ်းခြံကုန်းမြို့ဘက်ဆီသို့ လှေနှင့် ကူးပို့လိုက်ပြီး လူရောင်ဖျောက်ထားလိုက်တော့သည်။

သူကြီးဦးရွှေမျိုးသည် လယ်ဧကများစွာလုပ်သည်။ လယ်ပွဲ သုံးလေးပွဲရှိသည်။ "သဲကန်" လယ်ပွဲလည်းပါသည်။ "သဲကန်" လယ်ပွဲသည် ရွာနှင့်အတန်လှမ်းပါသည်။ သဲကုန်းတန်းလေးတစ်ခုလည်း ရှိပါသည်။


"သဲကန်" ဟုခေါ်ကြခြင်းမှာ သဲကုန်းတန်းပေါ်တွင် တူးဖော်ထားသောရေကန်ဖြစ်သောကြောင့် "သဲကန်"ဟု ခေါ်ကြပါသည်။ ထိုသဲကန်သည် မိုးတွင်းအခါတွင် ရေပြည့်သော်လည်း နွေအခါရောက်သည်နှင့် ရေခန်းပါတော့သည်။

"သဲကန်"၏ ပတ်ဝန်းကျင်တွင် သစ်ပင်ကြီးငယ်များ ပေါက်ကြပါသည်။ ကန်ပေါင်ပေါ်တွင်လည်း ချုံနွယ်များပေါက်ပါသည်။ ထိုသဲကန်လယ်ပွဲတွင်



www.burmeseclassic.com

www.burmeseclassic.com




လယ်သိမ်းရန် ဆောက်ထားသည့် တဲ တစ်လုံးသာရှိပါသည်။ ရွာနှင့်ဝေးသောကြောင့် လူသူလည်းအရောက်အပေါက်နည်းပါသည်။

ဗိုလ်နေဝင်းတို့အား ထိုသဲကန်သို့ ပို့ထားလိုက်ပါသည်။ ဗိုလ်နေဝင်းတို့ကို စောင့်ရှောက်ရန် အတွက် ညီဖြစ်သူ ဦးလှမောင်အား ပို့ထားပါသည်။

ဦးလှမောင်သည် ရေခန်းပြီဖြစ်သော သဲကန်၏ ကန်ပေါင်အား ရေကန်၏အတွင်းဘက်မှ ဥမင်လိုဏ်ခေါင်းတူး၍ ဗိုလ်နေဝင်းတို့ကိုထည့်ထားပါသည်။

ညဘက်မှာသာ ထွက်၍ လူနေတဲပေါ်တွင် နေရပါသည်။ နေ့ဘက်ဆိုလျှင် တစ်နေ့လုံး ဥမင်လိုဏ်ခေါင်းထဲတွင် ဝင်နေရပါသည်။

ထိုရက်အတွင်းမှာပင် ကျုံကနန်ရွာသို့ ဂျပန်လွှတ်လိုက်သော ဆက်သားတစ်ယောက် သူကြီးဦးရွှေမျိုးအား စာလာပေးသွားပါသည်။ မနက်ဖြန်တွင် ဂျပန်များလာမည်ဖြစ်ကြောင်း ထမင်းဟင်းလျာများ ချက်ထား၍ အသင့်စောင့်နေရန်ဟူ၍ ဖြစ်ပါသည်။ ထိုစာကိုရသည်နှင့် သူကြီးဦးရွှေမျိုးသည် ချက်ချင်းပင် ရွာသူရွာသားများအား ဆင့်ခေါ်လိုက်သည်။ ရွာသားများ စုံညီသောအခါ သူကြီးက အောက်ပါအတိုင်း ပြောပါသည်။

"အားလုံး နားထောင်ကြပါ၊ မနက်ဖြန်မှာ ငပုတွေ တို့ရွာကို လာလိမ့်မယ်၊ မကြောက်ကြပါနဲ့၊ ခါတိုင်းလို နေမြဲတိုင်းနေ၊ စားမြဲတိုင်းစား၊ သွားမြဲတိုင်း သွားကြပေါ့၊ ကွက်ခြွေမပျက်ကြဖို့ အရေးကြီးတယ်၊ ကိုယ်နဲ့မဆိုင်တဲ့စကား မပြောပါနဲ့၊ ကိုယ့်အလုပ်ကိုယ် လုပ်နေပါ၊ တို့တစ်မျိုးသားလုံး ဂျပန်တွေကို မောင်းထုတ်ဖို့ ပြင်ဆင်နေကြတယ်ဆိုတာ သိထားကြပါ၊ ကိုယ့်ရွာ၊ ကိုယ့်မြေ၊ ကိုယ့်လူမျိုးအပေါ်မှာ သစ္စာ



www.burmeseclassic.com

www.burmeseclassic.com

ရှိကြပါ၊ ဂျပန်တွေကမေးရင် လုံးဝ မပြောပါနဲ့၊ အသေခံရမယ်၊ ညီညွတ်ကြပါ၊ ကြားတယ် မဟုတ်လား. . .”

“ကြားပါတယ်” ရွာသားများက ပြန်ဖြေကြသည်။

“အေး၊ နိဂုံးချုပ်အနေနဲ့ ငါပြောချင်တာကတော့ အကယ်၍ သစ္စာဖောက်ရင်တော့ ဖောက်တဲ့သူဟာ သူထိုက်နဲ့ သူ့ကံပဲ ရှိလိမ့်မယ်၊ အဲဒီကျရင်တော့ ငါလဲ ကယ်နိုင်မှာ မဟုတ်ဘူး၊ အားလုံးလိမ္မာကြပါ၊ ဟုတ်လား. . .”

“ဟုတ်ကဲ့ပါ”

“ကဲ ကောင်းပြီ၊ အားလုံးပြန်နိုင်ပါပြီ၊ ကျေးဇူးတင်တယ်”

ရွာသားများအားလုံး ပြန်သွားကြပါသည်။ ဂျပန်များ ချိန်းထားသောနေ့သို့ ရောက်ခဲ့ပါသည်။

သူကြီးဦးရွှေမျိုးသည် အားလုံးစီစဉ်ထားပြီး စောင့်နေသော်လည်း နေသာကုန်သွားသည် ကိုရွှေငပုတို့ မလာပါ။ တစ်ရက်၊ နှစ်ရက်၊သုံးရက်။

မျှော်ပါသေးသည် မလာပါ။ သည်လိုနှင့် လေးငါးခြောက်ရက် ခုနစ်ရက် ပြည့်သွားပါတော့သည်။ မလာသောကြောင့် စိတ်အေးသလို ရှိသွားပါသည်။ ဗိုလ်နေဝင်းတို့လည်း ဥမင်လိုဏ်ခေါင်းထဲတွင်နေရပါသည်။ ထမင်းနှင့်ဟင်း ဟူ၍ မည်မည်ရရ မစားရဘဲ ဝက်စာသာသာ ဖြစ်သလိုစားကြရပါသည်။

ကျုံကနန်ရွာနှင့် သဲကန်ကိုလည်း လုံးဝ အဆက်ဖြတ်ထားရသည့်အတွက် စားနပ်ရိက္ခာ မပို့ရဲပါ။ ထို့ကြောင့် မသေထမင်း မသေဟင်းမျှသာ စားနေရပါသည်။ စစ်သားတွေမို့သာ ခံနိုင်ကြသည်။ သာမန်လူတွေသာ ဆိုလျှင် မလွယ်လောက်ပေ။

သည်ရက်လောက်မှာမှ မလာလျှင်တော့ လာချင်မှလာတော့မည်ဟု တွေးကာ ပေါ့ပေါ့လျော့လျော့ဖြစ်သွားပါသဖြင့် ဦးရွှေမျိုးသည် ဗိုလ်နေဝင်းတို့အား ကျုံကနန်ရွာသို့ ခေါ်ယူကာ တိုင်ပင်ဆွေးနွေးရင်းနှင့် ထမင်းများ ကျွေးမွေးနေပါသည်။

ဗိုလ်နေဝင်းတို့မှာ သူကြီးအိမ်ရောက်သည်နှင့် လယ်ကူလီများ ဝတ်သော လယ်ဝတ်အင်္ကျီနှင့် လယ်ဝတ်ပုဆိုးကို ဝတ်ကြပါသည်။ (လယ်ဝတ်အင်္ကျီဆိုသည်မှာ သစ်ခေါက်ပြုတ်ရည်ဆိုးသော ညိုညိုမည်းမည်း ဖြစ်နေသည့် အင်္ကျီနှင့်ပုဆိုးကို ခေါ်ပါသည်) ဦးခေါင်းများကိုလည်း အဝတ်များနှင့် အုပ်၍ ပေါင်းထားပါသည်။

သို့မှသာ သူ၏ လယ်ကူလီ အလုပ်သမားများနှင့်ရောသွားပြီး ဂျပန်များတွေ့ခဲ့သော် ရုတ်တရက် မှတ်မိနိုင်မည် မဟုတ်ပါ။

ဦးရွှေမျိုးသည် သတိအမြဲရှိသူဖြစ်သည်။ ကျုံကနန်ရွာသည် ချောင်းရွာဖြစ်သောကြောင့် ဂျပန်တို့သည် ရေလမ်းမှလည်း အလွယ်တကူ လာနိုင်သည်။ ရွာ၏နောက်ကျောဘက် လယ်ကွင်းဆီမှလည်း အချိန်မရွေးလာနိုင်သည်။ ထို့ကြောင့် အလစ်ပေး၍ မရပါ။ အချိန်တိုင်း သတိနှင့် အဆင်သင့် ဖြစ်နေရန် စီစဉ်ထားလေသည်။ လုံးဝမှား၍ မဖြစ်ပေ။ တစ်ရွာလုံးလည်း သူနေရာနှင့်သူ ကင်းများ အမြဲမပြတ် စောင့်ကြပ်စေပါသည်။

သည်နေ့သည် ဂျပန်များလာမည်ဟု ချိန်းထားသော ခုနစ်ရက်မြောက်သောနေ့ ဖြစ်ပါသည်။ ဗိုလ်နေဝင်းတို့သည် ဦးရွှေမျိုး၏ အိမ်သို့ရောက်၍ ထမင်းစားနေကြပါသည်။ သဲကန်၏ ဥမင်လိုဏ်ခေါင်းထဲတွင် အောင်းခဲ့ရသည်မှာ ရက်ကြာပြီဖြစ်သောကြောင့် အစားဆင်းရဲ အနေဆင်းရဲဖြစ်ကာ ပင်ပန်း နွမ်းနယ်နေကြသည်ကတစ်ကြောင်း၊ ထမင်းကောင်းဟင်းကောင်း မစားရသည်မှာ ကြာပြီဖြစ်သည်ကတစ်ကြောင်း တို့ကြောင့် ဂျပန်များလာမည်ကိုပင် သတိမရတော့ဘဲ ထမင်းကို ခေါင်းမဖော်ဘဲ စားနေကြပါသည်။ သဲကန်ထဲတွင် ငတ်ခဲ့သမျှ နံကျွံအောင် စားကြတော့သည် ထင်ပါသည်။

ထမင်းစားပြီးသောအခါ အချိန်သည် နံနက်ဆယ့်တစ်နာရီကျော်သွားပေပြီ။ ဗိုလ်နေဝင်းတို့သည် သူကြီးနှင့် ဆွေးနွေးစရာရှိသည်များကို ဆွေးနွေးကြရင်း အေးအေးပင် လက်ဖက်ရည်ကြမ်း သောက်နေကြပါသည်။

ထိုအချိန်တွင် ရွာထဲ၌ရှိသော ခွေးများသည် မဟောင်စဖူး ထူးထူးခြားခြားဟောင်ကြသည်။ ကျီးများလည်း ရုတ်ရုတ်သဲသဲနှင့် ပျံကြ အော်ကြသည်။ တစ်ရွာလုံးလည်း ဆူဆူညံညံအသံတွေနှင့် ယောက်ယက်ခတ်နေကြသည်။

ထိုအချိန်မှာပင် ကင်းသမားတစ်ယောက်သည် သူကြီးအိမ်ထဲသို့ ပြေးဝင်လာပြီး အော်ပြောလိုက်ပါသည်။

“သူကြီး. . သူကြီး ဂျပန်တွေလာကုန်ပြီ” ဟူ၍ ဗလုံးဗထွေးပြောလိုက်သောအသံကို ဗိုလ်နေဝင်းတို့ ကြားလိုက်ပါသည်။ ထို့ကြောင့် သူကြီးဦးရွှေမျိုးက ကင်းသမားကို မေးလိုက်ပါသည်။

“ဘယ်မှာလဲ. . ဘယ်က လာတာလဲ”

“ချောင်းထဲက လှေနဲ့လာတာ ရွာထိပ်ရောက်နေပြီ”

“သေချာရဲ့လား”

“သေချာပါတယ်”

“သေချာရင်သွားပြီး ကြိုလာခဲ့”

သူကြီး၏ စကားဆုံးသည်နှင့် ကင်းသမားလည်း ထွက်သွားပါတော့သည်။ သူကြီးဦးရွှေမျိုးသည် ခပ်အေးအေးပင် ရှိနေပါသည်။ ဗိုလ်နေဝင်းတို့သည် ထိုင်နေရာမှ ထလိုက်ကြပြီး တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်းကြည့်လိုက်ကြပြီး သူကြီးဦးရွှေမျိုး၏မျက်နှာကိုလည်း လှမ်းကြည့်လိုက်ကြပါသည်။

“ဗိုလ်နေဝင်းတို့ ဘယ်မှမသွားနဲ့ ခြေတွေ လက်တွေကို ရွှံ့တွေသုတ်ပါ ခမောက်တွေဆောင်းပြီး ထင်းခွဲနေပါ





www.burmeseclassic.com

www.burmeseclassic.com

နောက်မှ မီးရိပ်မီးစဉ် ကြည့်လုပ်ရပါမယ်"

ဗိုလ်နေဝင်းတို့လည်း ပုဆိန်များ၊ ဓားများနှင့် လွှများကိုယူပြီး ထင်းခွဲသူကခွဲ၊ ထင်းစိတ်သူက စိတ်နေကြပါသည်။ ကြည့်လိုက်လျှင် လယ်ကူလီတွေနှင့် မခြား တူလှပါသည်။

တစ်အောင့်ကြာလျှင် ဂျပန်များ ရောက်လာပါသည်။

သူကြီးသည် ဂျပန်များကို ခရီးဦးကြိုဆိုပြီး နေရာထိုင်ခင်းများပေး၍ ပျူပျူငှါငှါ ဆက်ဆံပါသည်။ တည်ငြိမ်စွာ ဂျပန်ဗိုလ်နှင့် စကားပြောပါသည်။ ထမင်းကျွေးမွေးရန် စီစဉ်ဖို့အတွက် အိမ်သူများကို ပြောသောကြောင့် ချက်ချင်းပင် ချက်ကြပြုတ်ကြ လုပ်ရပါတော့သည်။

ဂျပန်များသည် ခရီးပန်းလာကြပြီး နေအတော်မြင့်မှ ရောက်လာကြသောကြောင့် ဆာလောင်မွတ်သိပ်၍ နေကြသည်မှာ မျက်နှာများတွင် အထင်းသားပေါ်လွင်နေပါသည်။ သူကြီးဦးရွှေမျိုးသည် ဤအခွင့်အရေးကို ဗိုလ်နေဝင်းတို့ လွတ်မြောက်ရေးအတွက် ကောင်းကောင်းအသုံးချလေတော့သည်။

ဂျပန်များသည် လောလော ဆယ်ဆယ် အနေအထားတွင် မည်သည့်ကိစ္စ မည်မျှပင် အရေးကြီးသည်ဖြစ်စေ၊ ထမင်းနာ မိနေသောကြောင့် (ထမင်းအဆာလွန်၍ အသားတွေတုန်နေခြင်းကို ထမင်းနာမိသည်ဟု ခေါ်ပါသည်။) ဘာကိုမျှ စိတ်ဝင်စားခြင်းမရှိ ဖြစ်နေသည်။

ထမင်းစားပြီးမှသာ သူတို့လုပ်စရာများကိုဆက်လုပ်နိုင်မည်ကိုသိသော သူကြီးဦးရွှေမျိုးသည် ထမင်းဆာလွန်း၍ လဲလုမတတ်ဖြစ်နေကြသော ဂျပန်များအား ထမင်းဝိုင်းကို ပြင်ဆင်ပြနေခြင်းဖြင့် အာရုံ ပြောင်းထားလိုက်ပြီး ဗိုလ်နေဝင်းတို့ ရှောင်နိုင်ရန်အတွက် အကွက်ကောင်းကို စောင့်ကြည့်နေပါသည်။

ထိုအချိန်တွင် အလွန်အကင်းပါးသော သူကြီးဦးရွှေမျိုး၏ ညီဖြစ်သူ ဦးလှမောင် (သဲကန်)သည် ရုတ်တရက် သူကြီးနှင့် ဂျပန်စစ်ဗိုလ်တို့ စကားပြောနေသော အိမ်ထဲသို့ ဝင်လာပြီး သူ၏ အစ်ကိုဖြစ်သူ သူကြီးဦးရွှေမျိုးအား လှမ်းပြောလိုက်ပါသည်။

"အစ်ကိုရေ ကျွဲတွေ မတွေ့တာ နှစ်ရက်ရှိသွားပြီတဲ့၊ ကျွဲတွေပျောက်နေတယ် လူငှားတွေ ရှာခိုင်းဦးမှဖြစ်မယ်"

သူကြီးဦးရွှေမျိုးသည် ဂျပန်စစ်ဗိုလ်နှင့် စကားပြောဖြတ်ကာ ဦးလှမောင် (သဲကန်) ကို လှမ်းကြည့်ပြီး မေးလိုက်သည်။

"ကျွဲတွေ မတွေ့ဘူးဟုတ်စ"

"ဟုတ်တယ် အစ်ကိုကြီး. . ."

ဦးလှမောင်က အသံကျယ်ကျယ်နှင့် ပြန်ပြောပါသည်။

ဦးရွှေမျိုးသည် ဦးလှမောင်၏ စကားဆုံးသည်နှင့် အိမ်နှင့်စပါးကျီ၏ အကြားတွင် ထင်းခွဲနေကြသော ဗိုလ်နေဝင်းတို့ဘက်သို့ လှည့်ကာ အသံခပ်ကျယ်ကျယ်နှင့် လှမ်းအော်ပြောလိုက်ပါသည်။

"ကဲဟေ့. . . ကူလီသမားတွေ ကျွဲတွေမတွေ့ဘူးတဲ့၊ ထင်းကို နောက်မှပဲ ခွဲကြ၊ အခု ကျွဲသွားရှာကြဟေ့၊ မြန်မြန်သွား ကျွဲတွေခရီးလွန်ကုန်မယ် လူစုခွဲပြီး တွေ့အောင်ရှာကြ သွား. . . သွား. . ."

သူကြီးဦးရွှေမျိုးသည် ဒေါနှင့်မောနှင့် မာန်ပါပါပြောလိုက်ရာ ဗိုလ်နေဝင်းတို့လည်း ထင်းပေါက်သည့်နေရာမှ ပုဆိန်များ၊ ဓားများကို ထားခဲ့ကာ ခပ်သွက်သွက် ထွက်သွားပါတော့သည်။

ဤအဖြစ်ကို ဂျပန်များ သတိထားမိပုံ မရပါ။ သူတို့သည် ထမင်းဝိုင်းပြင်နေသည်ကို ကြည့်၍ မျက်စိမခွာနိုင်ကြပါ။ ထမင်းစားဖို့ကိုသာ စိတ်စောနေသောကြောင့်လည်း ဖြစ်နိုင်သည်။ ကူလီသမားများနှင့် တူနေသော ဗိုလ်နေဝင်းတို့ကိုလည်း လုံးဝသံသယမဖြစ်ပါ။ ထို့ကြောင့်လည်း ဗိုလ်နေဝင်းတို့သည် ကျုံကနန်ရွာရှိ ဂျပန်များကို ပိပိရိရိနှင့် လှည့်ထွက်နိုင်ခဲ့ပါသည်။

ဂျပန်စစ်သားများသည် ထမင်းစားပြီးသောအခါ သူတို့အလိုရှိသူများကို အရိပ်အယောင်ပင် မတွေ့ရသောကြောင့် ပြန်သွားပါတော့သည်။

ဂျပန်စစ်သားများသည် ချောင်းကြီးရွာနှင့် ကျုံကနန်ရွာအား အခေါက်ခေါက်အခါခါ လာ၍ရှာပါသော်လည်း ဗိုလ်နေဝင်းတို့အား လုံးဝ တွေ့မသွားခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ချောင်းကြီးတွင်ရှိသော ဦးမြကြီး၊ ဦးဒေါင်းနှင့် ရွာသူရွာသားများသည်လည်းကောင်း၊ ထို့အတူ ကျုံကနန်ရွာတွင်ရှိသောသူကြီး ဦးရွှေမျိုး(သဲကန်)၊ ဦးလှမောင်နှင့် ရွာသူရွာသားတို့သည် သစ္စာရှိခြင်း၊ သတ္တိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ တာဝန်ကျေခြင်းတို့ကြောင့် ဗိုလ်နေဝင်းတို့ တော်လှန်ရေး ရဲဘော်များသည် ဘေးမသီရန်မခ မြန်မာ့လွတ်လပ်ရေးအတွက် အထိရောက် အအောင်မြင်ဆုံး စွမ်းဆောင်နိုင်ခဲ့ကြပါသည်။

တစ်နည်းဆိုရပါမူ ထိုပုဂ္ဂိုလ်များသည် တိုင်းပြည်အတွက် လွတ်လပ်ရေးအတွက် သယ်ပိုးဆောင်ရွက်သူများဖြစ်သည်ဟု ဆိုရမည် ဖြစ်ပါသည်။

ဗိုလ်နေဝင်း သမ္မတဖြစ်သောအခါ ဒေးဒရဲမြို့နယ် ချောင်းကြီးကျေးရွာတွင် နေထိုင်သော ဦးမြကြီးနှင့် ဦးဒေါင်းတို့အား လာတွေ့ပါသည်။ ကျုံကနန်ရွာတွင်ရှိသော ဦးရွှေမျိုး(သဲကန်)၊ ဦးလှမောင်တို့အားလည်း လာတွေ့သည့်အပြင် ဦးရွှေမျိုး မသေမီအချိန်အထိ စစ်သားများချထား၍ လုံခြုံရေးပေးထားပြီး စောင့်ရှောက်ထားပါသည်။

❒ **နှဲ့ဦးမွန်(ကျုံအိုး)**

**မှတ်ချက်။** ဤစာစုသည် ၁၉၄၂ ခုနှစ် တော်လှန်ရေးကာလတစ်ခု၏ ဖြစ်ရပ်မှန် ဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

မိုးသည် တစိမ့်စိမ့် တသိမ့်သိမ့် ရွာနေ၏။ မိုးလရာသီ ဖြစ်သည်နှင့်အညီ လူအသွားအလာ ကျဲ၏။ အရောင်းအဝယ် ပါးသည်။ ဝါဆို၊ ဝါခေါင်လများသည် လယ်ကွင်းထဲတွင် ရေဖွေးဖွေးနှင့် ပြည့်နေသည်မဟုတ်၊ မြို့တွင်း လမ်းမပေါ်တွေမှာပင် ရေမြောင်းများ ပြည့်လျှံတာ ရေတွေ ဖွေးဖွေးလှုပ်ခတ်နေသည်။

တစ်ခုသော ရွှေဆိုင်အတွင်းတွင် ရွှေဆိုင်ပိုင်ရှင် ဦးအောင်ထွန်းသည် မဂ္ဂဇင်းတစ်စောင်ဖတ်ရင်း စဉ်းစားခန်းတွေ ဝင်နေလေသည်။ သမီးနှစ်ယောက်ရှိသည့်အနက် သမီးအကြီး ကေသွယ်မှာ မန္တလေးသွား၍ သမီးအငယ် ဟန်နီမှာ ကျောက်ကိစ္စနှင့် မိုးကုတ်တက်သွားသည်။ မိုးတွင်းပဲလေ၊ အရောင်းအဝယ်ပါးတယ်ပဲလေဆိုပြီး ရွှေဆိုင်ကို ပိတ်ထား၍မရ၊ လုပ်ငန်းတာဝန်အရ ဖွင့်ထားရမြဲ ဖြစ်သည်။

တစ်ခါတလေ မဟုတ်တာလေးနှင့်လည်း မြိုးမြိုးမြက်မြက် ရတတ်သည့်သဘောရှိသည်။ ဒါကလည်း ကံတရားနှင့်ဆိုင်သည်။

"ဒေါင်. . ဒေါင်. . ဒင်. . ဒင်"

နံရံကပ် သံပတ်ပေးနာရီကြီးမှ ညနေ လေးနာရီထိုးသည့် အချက်ပေးသံဖြစ်သည်။ မိုးကလည်း တဖြောက်ဖြောက်ရွာနေပြီမို့ ဆိုင်သိမ်းရန် ဟန်ပြင်လိုက်သည်။ ရုတ်တရက် ထိုအခိုက် အဘိုးကြီးတစ်ယောက် ရောက်လာပြီး-

"မောင်ရင် ဒီပစ္စည်းလေး အပ်ချင်လို့ပါ"

"ဗြော်, ဟုတ်ကဲ့ ဟုတ်ကဲ့၊ ဘာများလဲ မသိဘူး"

ထိုအခါ အဘိုးကြီးမှ အနက်ရောင်နှင့်ရောထွေးကာ ဘော်ငွေရောင်သန်းနေသော ငါးရတီခန့်ရှိ ကျောက်ကိုးလုံးနှင့် အဆက်များ ပြတ်တောက်နေသော ဆွဲကြိုးတစ်ကုံးကို ထုတ်ပြသည်။

"အဲဒါလေးကို စနစ်တကျ ပြန်လုပ်ချင်တယ်ကွယ်"

ရွှေဆိုင်ပိုင်ရှင် ဦးအောင်ထွန်း စိတ်ဝင်စားသွားသည်။ အောက်လင်းမီးရောင်အောက်တွင် အနက်ရောင်နှင့် ရောထွေးကာ ဘော်ငွေရောင်သန်းပြီး လင်းလက်တောက်ပနေသော ကျောက်မျက်များ။

သူသည် ဘိုးစဉ်ဘောင်ဆက် ရွှေဆိုင် ဖွင့်လာခဲ့တာ ကြာပြီ၊ ဒီလိုကျောက်မျိုး တစ်ခါဖူးမျှ မမြင်ဖူးခဲ့ချေ။ မိုးကုတ်တွင်းထွက်ကျောက်မျက်ရတနာများအပြင် အခြားခြားသော ကျောက်မျက်များကိုလည်း သိကျွမ်းဖူး၏။ သို့သော် သည်ကျောက်က ဘာကျောက်လဲဆိုတာ အမျိုးအစား ခွဲခြားလို့မရ။

"အဘိုး . . ဒါ ဘာကျောက်လို့ခေါ်ပါသလဲ"

"မောင်ရင်. . အဘိုးလဲ မသိဘူး၊ အဘိုးလက်ထဲမှာတင် နှစ်ပေါင်းသုံးဆယ်ကျော်ပြီ၊ စစ်ကြီးဖြစ်တုန်း ပြေးရင်းလွှားရင်း ရခဲ့တာ၊ တိုက်ပွဲတွေဖြစ်တော့ ရွာကို စွန့်ခွာထွက်ပြေးရတာ၊ အဘိုးရဲ့ကြီးတော်ကြီး မဒေါင်းက သေနတ်ဒဏ်ရာနဲ့ မသေခင် 'ပိုင်ရှင် လာယူလိမ့်မယ်၊ ပြန်ပေးလိုက်စမ်းပါ'လို့ သုံးကြိမ် သုံးခါ ပြောတော့ အဘိုးလဲဘုမသိဘမသိ ယူထားလိုက်ပြီး 'ဟုတ်ကဲ့ ဟုတ်ကဲ့'လို့ ကတိစကား ပေးလိုက်မိတယ်၊ ဘာပဲဖြစ်ဖြစ်လေ ပိုင်ရှင်ဆိုတာ ရှိနေမှာပါ၊ လောကမှာ ပိုင်ရှင်မဲ့ ပစ္စည်းဆိုဟာ မရှိပါဘူး၊ ဟုတ်တယ် မဟုတ်လား မောင်ရင်"

"ဟုတ်ပါတယ် ဟုတ်ပါတယ်"

ဦးအောင်ထွန်းမှ ဂါရဝတရားရှေ့ထားကာ ယဉ်ယဉ်ကျေးကျေးနှင့် ပြန်ဖြေလိုက်သည်။

"အဘိုးက ဘယ်လိုပုံစံမျိုး ပြန်ပြင်ချင်တာလဲ"

ထိုအခါ သူ့အကျႌအိတ်ကပ်ထဲမှ လေးထောင့်ပုံစံ ရွှေပြားလေးထုတ်ကာ-

"အဲဒီ ဆွဲပြားထဲမှာ သုံးလုံးတစ်တန်း သုံးလုံးတစ်တန်းစီပြီး ထည့်ချင်တယ် မောင်ရင်၊ အမှန်ကို ပြောရရင် ပေးတုန်းက အကောင်းပါ၊ တိုက်ပွဲဖြစ်တော့ ပြေးရင်းလွှားရင်းနဲ့ ပြုတ်ပျက်ထွက်ကုန်တာပါ၊ ဒါကို ပြန်ပြင်တာပါပဲ၊ မူလပိုင်ရှင်ကိုလဲ သူ့နဂိုအတိုင်း ပြန်ပေးချင်လို့ပါ"

ဦးအောင်ထွန်းမှ အဆက်များ ပြတ်တောက်နေသော ဆွဲကြိုးကို ချိန်တွယ်ခြင်း၊ ရွှေပြားထဲတွင် ကျောက်များ နေရာသွင်းခြင်း၊ ပန်းထိမ်အပ်ရမည် ဖြစ်သဖြင့် အလျှော့တွက် လက်ခများတွက်ခြင်း၊ ကျသင့်ငွေများကို တွက်ခြင်းများ ပြီးသောအခါ. . .

"အားလုံး သုံးဆယ့်သုံးကျပ် ကျပါတယ်"

အဘိုးကြီးမှ သူ ဘယ်တုံးက အနှစ်နှစ်အလလ စုဆောင်းထားသည်မသိ၊ ပဲစေ့ပြားစေ့ ကျပ်စေ့များကို ရေတွက်ရင်း ပေးသည်။ ကျောက်များကိုလည်း သူ့နေရာနှင့်သူ သုံးလုံးတစ်တန်း နေရာချပေးသည်။ ပြီး နှုတ်မှလည်း-

"မောင်ရင်, ဒါလေးတွေတော့ နေရာမမှားအောင် အစီအစဉ်အတိုင်း ထည့်ပေးပါ"

ဦးအောင်ထွန်းမှ စဉ်းစားရင်း-

"ဘာဖြစ်လို့လဲ အဘ၊ ကျောက်တွေက အတူတူပဲ မဟုတ်ဘူးလား"

"မတူဘူး မောင်ရင်၊ ဒီကျောက်တွေမှာ လျှို့ဝှက်သင်္ကေတတွေ ရှိတယ်၊ ကျောက်မျက်နှာပြင်မှာလဲ ဖွဲ့စည်းတည်ဆောက်ပုံချင်း မတူဘူး၊ ကျောက်တွေကို အထက်အောက် မှားထည့်လို့ မရဘူး၊ မှားထည့်လိုက်ရင် နောင်တစ်ချိန် ပိုင်ရှင်အတွက် အခက်အခဲ အများကြီး ဖြစ်နိုင်တယ်၊ ကျသင့်ငွေကိုလဲ မောင်ရင် တောင်းတဲ့အတိုင်း အတိအကျပေးပြီးပြီ၊ အဘိုး ပြောတဲ့အတိုင်း စနစ်တကျ ဆောင်ရွက်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com

ပြောလာသော စကားများကြောင့် ဦးအောင်ထွန်း တစ်ယောက် လုံးဝနားမလည်နိုင်အောင် ဖြစ်ရသည်။ သို့သော်လည်း အလုပ်လက်ခံပြီးပြီမို့ ဘာမှ စကားကြောမရှည်တော့။

"စိတ်ချပါ၊ စိတ်ချပါ၊ အဘိုးပြောတဲ့အတိုင်း ဖြစ်ရပါစေမယ်၊ ပန်းထိမ်က ကျွန်တော့်အပိုင်ပါ၊ ကျောက်တွေထည့်တဲ့အချိန်မှာ အစဉ်အတိုင်းဖြစ်အောင် ဆောင်ရွက်ပေးပါ့မယ်"

"မောင်ရင် အဲဒီလို ပြောလိုက်မှပဲ စိတ်အေးရတယ်"

ဦးအောင်ထွန်းသည် ဘောက်ချာစာရွက်တွင် လိုအပ်သည်များ ထည့်သွင်းရေးထည့်လိုက်သည်။

"ဩော်, ဒါနဲ့ အဘိုး နာမည်နဲ့ နေရပ်လိပ်စာ ပြောပါဦး၊ အပ်ထည်ကိုတော့ သုံးလအတွင်း လာယူပါနော်"

"ဦးဖိုးကံ၊ တောင်သာရပ်ကွက်၊ မနောဟရီလမ်းပါ"

"ဩော်, ကျွန်တော်တို့နဲ့ နှစ်ရပ်ကွက်ပဲ ခြားတာနော်"

"ဟုတ်တယ် ဟုတ်တယ်"

ထွက်ခွာသွားသော ဦးဖိုးကံ၏ ကျောပြင်ကိုကြည့်ရင်း အတွေးသံသရာထဲ နစ်မြောနေမိသည်။

xxx

တစ်လခန့် ကြာသော် သတင်းထူး တစ်ခုကို ကြားရသည်။ ကောင်းသော သတင်းတစ်ခုတော့ မဟုတ်၊ သမီးအကြီး ကေသွယ် ပြောသော စကား။

"ဖေဖေ, တောင်သာရပ်ကွက်က ဦးဖိုးကံကြီး ဆုံးသွားပြီ၊ ရက်တောင်လည်ပြီးသွားပြီလို့ ပြောတယ် ဖေဖေ၊ အဲဒါ ဖေဖေ သူ့အပ်ထည်တွေကို ဘယ်လိုလုပ်မတုံး"

ရုတ်တရက်မို့ ဦးအောင်ထွန်း အံ့အားသင့်သွားသည်။

"ဟေ, ဟုတ်လား၊ အဲဒါဆိုရင်တော့ သူ့အိမ်သွားအကြောင်းကြားပြီး ပစ္စည်း လာယူဖို့ပြောရမှာပေါ့၊ ငွေလဲ အပြီးချေပြီးသားဆိုတော့ လာယူရုံပဲလေ၊ ပြီးတော့ သူများအပ်ထည်တွေကို အကြာကြီး သိမ်းဆည်းရတဲ့ ဒုက္ခက မသေးဘူးလေ"

"ဒါဆိုလဲ သမီးနဲ့ဖေဖေ တစ်ခါတည်းသွားလိုက်ရအောင်"

"ကောင်းသားပဲ၊ အလုပ်တစ်ခုပြီးသွားတာပေါ့"

ကေသွယ်မှ ညီမဖြစ်သူ ဟန်နီအား . . "ဟန်နီရေ ဆိုင်စောင့်လိုက်ဦးဟေ့၊ မမတို့ သွားစရာရှိလို့"

ဦးဖိုးကံ နေသွားသော အိမ်ကလေးမှာ ပျဉ်ထောင်သွပ်မိုး၊ တစ်ထပ်အိမ် သပ်သပ်ရပ်ရပ်လေးဖြစ်ပြီး နေချင်စဖွယ်လေးဖြစ်သည်။ ခြံဝန်းမှာ ပေတစ်ရာပတ်လည်ဖြစ်ပြီး အလှစိုက်ရောင်စုံ ပန်းပင်များနှင့် ပြည့်နှက်နေသည်။

အိမ်ရှေ့မျက်နှာစာတွင် သက်တမ်းရင့် ပိန္နဲ၊ သရက်၊ တညင်းပင်များလည်းရှိသည်။ အိမ်ရှေ့သို့ ဝီလီဂျစ်ကားဆိုက်သည်နှင့် အမျိုးသမီးကြီးတစ်ဦး ခရီးဦးကြိုပြုသည်။

"ကြွပါရှင်၊ ကြွပါ၊ အဖေရဲ့ ရင်းနှီးတဲ့ မိတ်ဆွေတွေ ထင်ပါတယ်"

အိမ်ရှေ့ဧည့်ခန်းတွင် နေရာထိုင်ခင်းပေးသည်။

ဦးအောင်ထွန်းမှ . . .

"ကျွန်တော်တို့က သီရိရတနာ ရွှေဆိုင်ကပါ၊ အဘိုးအပ်ထားတဲ့ ဆွဲကြိုးတစ်ကုံး ရှိပါတယ်၊ ငွေလဲ ချေပြီးသားပါ၊ ပြီးလဲပြီးနေပါပြီ၊ အဲဒါ လာယူဖို့ လာအကြောင်းကြားတာပါ"

"ရှင်"

ဦးအောင်ထွန်း ပြောလာသော စကားစုများကြောင့် အလွန်အမင်း အံ့ဩသွားဟန်ရှိသည်။

"ကျွန်မ နာမည် မလှမေပါ၊ ဦးဖိုးကံရဲ့ သမီးအကြီးဆုံးပါ၊ အဖေ တစ်ခါမှ ဒီအကြောင်း မပြောဖူးပါလားရှင်၊ လူမှားနေပြီ ထင်ပါတယ်"

ဦးအောင်ထွန်းရော ကေသီပါ ယောင်ဝါးဝါးဖြစ်သွားသည်။ ဦးအောင်ထွန်းမှ ငွေးကိစ္စကို အစမှအဆုံး ရှင်းပြရသည်။ ထိုအခါ မလှမေဆိုသူမှ . .

"ဘယ်လိုမှ စိတ်မရှိပါနဲ့ရှင်၊ ဦးလေးပြောတဲ့ ကျောက်တွေ ကြိုးတွေကို တစ်ခါမှလဲ မမြင်ဖူး မတွေ့ဖူး၊ အဖေကလဲ တစ်ခါမှ မပြောဖူးတော့ ကျွန်မတို့နဲ့ မသက်ဆိုင်ဘူး ထင်ပါတယ်၊ အဖေမှာတာ တစ်ခုပဲ ရှိတယ်၊ သူသေရင် အကြွေးတွေရှိရင် လာယူဖို့ အသံချဲ့စက်ကြီးနဲ့ ကြေညာဖို့ပြောပါတယ်၊ အဲဒါကိုတော့ ကျွန်မတို့ အတိအကျလုပ်ပေးရတယ်၊ ကျန်တာကိုတော့ ဘာကိုမှ မမှာခဲ့ဘူးရှင်"

ကျန်ရစ်သူဆိုစကားအရ အခြေအနေ အရပ်ရပ် ဘာဆိုဘာမှ စဉ်းစားစရာမလို ရှင်းနေပြီ ဖြစ်သည်။

သို့သော် ပဟေဠိဆန်သော ပုစ္ဆာတစ်ပုဒ်လို အဖြေထုတ်ရ ခက်လှသည်။ အဖေ ဦးအောင်ထွန်းအား သမီး ကေသွယ်က အဓိပ္ပာယ်ရှိရှိ ကြည့်လိုက်သည်။ ဘာဆိုဘာမှ ဆက်ပြောစရာ မလိုတော့။

"ကဲ. . အဲဒါဆိုလဲ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ ဟုတ်ကဲ့ရှင်၊ ကော်ဖီတွေ မုန့်တွေ သုံးဆောင်သွားပါဦးရှင်၊ အခုလို တလေးတစား လာပြောတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် အဖေက လုံးဝမမှာခဲ့တဲ့အတွက် ကျွန်မတို့နဲ့ မသက်ဆိုင်ဘူးထင်ပါတယ်"

"ကျွန်တော်တို့ကလဲ တာဝန်အရ လာအကြောင်းကြားတာပါ"

"ဟုတ်ကဲ့ရှင်၊ အခုလို လာပြောတဲ့အတွက်လဲ အထူးကိုကျေးဇူးတင်ပါတယ်၊ နောင်ကြုံရင်လဲ ဝင်လည်နိုင်ပါတယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

သည်လိုနှင့်ပင် ဆွဲကြိုးကိစ္စမှာ တစ်ခန်းရပ်သွားတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

ဆိုင်၏အရောင်းကောင်တာ မှန်ဘောင်ထဲတွင် ၎င်းဆွဲကြိုး နေရာယူလာခဲ့သည်မှာ နှစ်ပေါင်း မနည်းတော့ပြီ။ မည်သူမျှလည်း စိတ်ဝင်စားမှုမရှိ ဝယ်သူလာသော်လည်း ကိုင်တောင်မကြည့်၊ တခြားကျောက်မျက်နှင့် စီခြယ်ထားသည့် လက်စွပ်၊ လက်ကောက်၊ ဆွဲကြိုးများကိုသာ ဝယ်ယူလေ့ရှိကြသည်။

ထူးခြားမှု တစ်ခုတော့ရှိသည်။ ၎င်းမှာ အရောင်းအဝယ် သိသိသာသာ အားကောင်းလာခြင်းပင်။ ဘေးနားမှ ရွှေဆိုင်များပင် မနာလိုဖြစ်ကြသည်။ သူတို့မှာ ဘာကောင်းတဲ့ အဆောင်တွေ ရှိသလဲဆိုပြီး စပ်စပ်စုစု လုပ်လာကြသည်။ ဘာတစ်ခုမှ တိကျတဲ့ အဖြေကို မရရှိခဲ့ကြ။

ဦးအောင်ထွန်း မိသားစုတို့ကလည်း ၎င်းဆွဲကြိုးကိစ္စကို အထူးလျှို့ဝှက်ထားခဲ့ကြသည်။ ယခုလို စီးပွားရေး တရိပ်ရိပ်တက်လာသည်ဆိုလျှင် လိုချင်မျက်စိ ရှိပေလိမ့်မည်။ နည်းလမ်းမျိုးစုံနှင့် လာယူမှာ သေချာသည်။

သို့သော်လည်း နှစ်ပေါင်းမည်မျှပင် ကြာစေ၊ ပိုင်ရှင်အစစ်ကိုတွေ့လျှင် ပြန်ပေးမည်ဟု အားလုံးက ဆုံးဖြတ်ထားကြသည်။

◉

အလွန်သာယာသော နံနက်ခင်း တစ်ခုတွင် ချစ်စရာကောင်းသော လိုက်ဖက်သော ဇနီးမောင်နှံ စုံတွဲတစ်တွဲ ရောက်လာသည်။ မှန်ဘောင်ထဲမှ ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ဖွဲ့စည်းပုံဖော်ထားသော ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများကို တစ်ခုချင်း လိုက်ကြည့်ကြသည်။ တစ်စုံတစ်ရာကို လက်ညှိုးထိုးလျက် ထိုအမျိုးသမီးမှ . . .

"အန်ကယ် အဲဒီ ဆွဲကြိုးလေး ပြစမ်းပါ"

ဦးအောင်ထွန်းအပါ သမီးအကြီး ကေသွယ်၊ သမီးငယ် ဟန်နီတို့ အားလုံး မျက်လုံးပြူးသွားကြသည်။ အဘယ်ကြောင့်ဆိုသော် ရောင်းသူဝယ်သူ ရာပေါင်းထောင်ပေါင်းများစွာထဲမှ ထူးခြားသောအမျိုးသမီး ဖြစ်သည်။

ထိုအမျိုးသမီးမှ . . .

"မောင်. . ဒီဆွဲကြိုးလေး သဲအရမ်းကြိုက်တယ်၊ လှလို့ မဟုတ်ဘူး၊ ရင်ထဲမှာ စွဲလမ်းတာ"

ထိုအခါ ခင်ပွန်းဖြစ်သူမှ. .

"အဘရသေ့ မှာတာ ဒီပစ္စည်း မဟုတ်ဘူးလေ၊ ဂမ္ဘီရဆန်တဲ့ တွင်းထွက်ကျောက်မျက်ရတနာ ကိုးမျိုးနဲ့ စီခြယ်ထားတဲ့ ဆွဲကြိုးကို ပြောတာ"

"ဟုတ်တယ်နော် မောင်"

သို့သော်လည်း သူမသည် ဆွဲကြိုးကို တယုတယ ကိုင်တွယ်ကာ အတော်အတန် ကြိုက်နှစ်သက်ပုံရလေသည်။ မပေးချင် ပေးချင်နှင့် ဦးအောင်ထွန်းအား ပြန်ပေးသည်။ အချိန်အတော်ကြာအောင်လည်း စိုက်ကြည့်လျက်ရှိသည်။

များပြားလှစွာသော ကျောက်မျက်ရတနာထဲမှ ၎င်းဆွဲကြိုးကို စိတ်ဝင်စားမှု ရှိနေခြင်းကလည်း အဆန်း။

"အန်ကယ် ကျောက်ကိုးမျိုးနဲ့ စီခြယ်ထားတဲ့ ဆွဲကြိုးလိုချင်လို့၊ အဲဒါ အဆင်သင့်ရှိရင် လိုချင်တယ်"

ထိုအခါ ဦးအောင်ထွန်းမှအသင့်ရှိသော ဆွဲကြိုးကုံးများကို ထုတ်ပြသည်။ ထိုအမျိုးသားမှ စိတ်ကြိုက် တွေ့ဟန်မတူ၊အတော်အတန်လည်းကျောက်အကြောင်းကို နားလည်ထားပုံရသည်။

ထိုအခါ ဦးအောင်ထွန်းမှ. .

"မောင်ရင်. . . လိုချင်တာက ဘယ်လိုကျောက်အမျိုးတွေလဲ"

"အဲ, ပတ္တမြားကြီး၊ကျောက်စိမ်း၊ ဂေါ်မိတ်နီ၊ ကြောင်မျက်ရွဲ ... ကြက်သွေး၊ ခရမ်းစွဲ၊ မြ၊ စိန်၊ ဂေါ်မိတ်နီ၊ နဂါးသွဲ့၊ ပုလဲပြာ ကိုးမျိုးသော ကျောက်တွေနဲ့ စီခြယ်ထားတဲ့ ဆွဲကြိုးကို ပြောတာ၊ ကျွန်တော့်အမျိုးသမီး ကိုယ်ဝန်ရှိစဉ်မှာ ဝတ်ဆင်ဖို့ ပြုလုပ်တာပါ"

"အဲဒါဆိုတော့ ကျောက်တွေ ရှာသွေးရမှာ၊ ဆွဲကြိုးနဲ့ ကျောက်သွင်းပုံစံ ဒီဇိုင်းပြောခဲ့လေ"

"အဲဒါဆိုရင် နောက်တစ်ပတ် တနင်္ဂနွေ ထပ်လာခဲ့မယ်၊ အဲဒီ ကျောက်တွေထဲမှာ လိုအပ်တာကို အန်ကယ် ရှာထားလိုက်လေ၊ ကျသလောက် ရှင်းပေးပါ့မယ်"

အရပ်အမောင်းကအစ အတော်လိုက်ဖက်သော ဇနီးမောင်နှံ ဖြစ်သည်။ သူတို့တွေ ပြန်ထွက်ခွာသွားတော့ သမီးငယ်ဟန်နီမှ . . .

"ဖေဖေ . . ထူးတော့ ထူးဆန်းနေတယ်နော်၊ ဒီအမျိုးသမီးကို ကြည့်ရတာ တစ်မျိုးကြီးပဲ၊ အဲဒီဆွဲကြိုးကိုမှ တအား စိတ်ဝင်စားနေတယ်"

"ဟုတ်တယ် သမီး၊ ဖေဖေလဲ သူ့ကို အကဲခတ်နေတာ"

"တကယ်လို့ ကြိုက်တယ်ဆိုပြီး ဈေးဖြတ်ပါဆို ဖေဖေ ဘယ်လိုဖြေရှင်းမလဲ"

ထိုအခါ သမီးအကြီးကေသွယ်မှ

"ဟုတ်တယ် ဖေဖေ၊ ခုကတည်းက တိတိကျကျ တိုင်ပင်ထားဦး၊ ဖေဖေ့မှာ အဲဒီဆွဲကြိုးနဲ့ပတ်သက်ပြီး မတင်မကျ စိတ်တွေ ရှိနေတယ်"

"ဖေဖေ မရောင်းပါဘူး သမီးရယ်၊ ဖေဖေ ဆုံးဖြတ်ပြီးပါပြီ"

ဦးအောင်ထွန်းတစ်ယောက် ခိုင်မာသော ဆုံးဖြတ်ချက် ချလိုက်သည်။

ထုံးစံအတိုင်း လိုက်ဖက်သော ဇနီးမောင်နှံသည် တနင်္ဂနွေနေ့ နံနက် ကိုးနာရီထိုးသည်နှင့် ရောက်လာသည်။ ဆွဲကြိုးထဲ ထည့်မည့် ကျောက်များကို အသေအချာ စိစစ်ပြီး ကျသင့်ငွေများကို ပေးချေသည်။ အားလုံး ပြီးစီးသွားသည့်အခါ ပြန်ခါနီး မှန်ဘောင်ထဲမှ အနက်ရောင်နှင့် ရောထွေးကာ ဘော်ငွေရောင်သန်းနေသော ကျောက်ကိုးလုံးနှင့်ဆွဲကြိုးကို ထုတ်ပြခိုင်းပြီး တယုတယ ကိုင်ကြည့်ပြန်သည်။

ဒုတိယအကြိမ်မြောက် ဖြစ်သည်။ ထိုအခါ သူ့အမျိုးသားမှ . .

"ဒီဆွဲကြိုးကို တော်တော်လေး သဘောကျနေတယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ရွှမ်းလဲ့သော မျက်တောင်ကော့ကြီးများနှင့် ကြည့်ရင်း အသာအယာ ခေါင်းညိတ်ပြ၏။

ဦးအောင်ထွန်းမှ . . .

"ဝါဆို လပြည့်နေ့ဆို ရက်လဲကောင်းတယ်၊ကြာသပတေးနေ့ဆိုတော့ နံနက် ၉ နာရီလောက် လာယူပါ"

"ဟုတ်ကဲ့ အန်ကယ်၊ ဟုတ်ကဲ့"

၎င်းဇနီးမောင်နှံ ပြန်သွားပြီးနောက် သမီးငယ်ဟန်နီမှ . . .

"ဖေဖေ . . အဲဒီကျောက်ကို ကျောက်အမျိုးမသိသေးဘူးနော်၊ ဖေဖေ့ဆီကိုလဲ ကျောက်မျက်ရတနာ ပညာရှင်တွေ လာတာ မနည်းဘူး၊ ဖေဖေ ဘာဖြစ်လို့ အမျိုးအစား အတိအကျ သိရအောင် မစမ်းသပ် မစစ်ဆေးခိုင်းတာလဲဟင်"

သမီးငယ် ဟန်နီ၏ အမေးကို သေသေချာချာ စဉ်းစားပြီးမှ ပြန်ဖြေသည်။ သည်ဆွဲကြိုးနှင့် ပတ်သက်ပြီး စဉ်းစား၍ မရနိုင်သော မေးခွန်းပေါင်းစုံ ရှိနေသည်။

"လောကမှာ အခြေအနေအရ ဘယ်သူ့ကိုမှ အသိပေးပြီး ထုတ်မပြသင့်တဲ့အရာတွေ အများကြီးရှိတယ် သမီး၊ သမီးက ငယ်သေးတော့ ဘာမှ မသိသေးဘူးပေါ့၊ နောင်တစ်ချိန် သမီး သိလာပါလိမ့်မယ်"

ဝါဆိုလပြည့်နေ့ ကြာသပတေးနေ့ရောက်သော် ကျောက်မျက်ရတနာ ကိုးမျိုးနှင့် စီခြယ်ထားသော ဆွဲကြိုးကို လာယူသည်။ သို့သော် အမျိုးသမီးတော့ မပါလာ။ ဦးအောင်ထွန်းမှ စိတ်ဝင်စားစွာဖြင့် . . .

"သမီးလေး ပါမလာဘူးလား"

"ဟုတ်ကဲ့ မပါလာဘူး၊ ဒီနေ့ ကိုယ်ဝန်စစ်ဆေးချက် သွားယူတယ်လေ"

သူ့အမျိုးသမီး မပါလာသော်လည်း မှန်ဘောင်ထဲမှ ၎င်းဆွဲကြိုးကို ထပ်ကြည့်သွားသေးသည်။

နွေ၊ မိုး၊ဆောင်း အလီလီပြောင်းခဲ့လေပြီ။ လောက၏ နိယာမအရ အဟောင်းအဟောင်းများ ချုပ်ငြိမ်းပြီး အသစ်အသစ်တို့ ပြန်လည်အစားထိုးဝင်ရောက်လာသည်။ ထို့အတူ ဦးအောင်ထွန်း၏ခန္ဓာတွင်လည်း ရောဂါပေါင်းစုံ ဝေဒနာပေါင်းစုံ နှိပ်စက်ကလူ ပြုလာသည်။ ကျောက်အမျိုးအမည် မသိရသေးသော ဆွဲကြိုး ရောက်ရှိလာပြီး ဆယ်နှစ်ကျော်ကာလအတွင်း မထင်မှတ်လောက်အောင် စီးပွားတရိပ်ရိပ်တက်လာသည်မှာလည်း အံ့သြစရာ။ တစ်ဖက်မှာလည်း အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ ရောဂါဝေဒနာများ ဖိစီးနှိပ်စက်လာသည်။ သွေးတိုးရောဂါများ၊ အသည်းရောဂါ၊ နှလုံး၊ အဆုတ်နှင့် ပတ်သက်သော လူကြီးရောဂါများပင် ဖြစ်သည်။

၎င်းရောဂါနှင့် ပတ်သက်သော ဝေဒနာများ အပြင်းအထန် ခံစားနေရချိန်၊ အိမ်ရှေ့ဧည့်ခန်းတွင် ပက်လက်ကုလားထိုင်နှင့် သက်သောင့်သက်သာ ထိုင်နေချိန်အတွင်း မထင်မှတ်သော ဧည့်သည်များ ရောက်လာသည်။

သမီးအကြီးကေသွယ်မှ. . .

"ဖေဖေ. . ဖေဖေနဲ့တွေ့ချင်လို့တဲ့၊ ဧည့်သည်တွေ ရောက်နေတယ်၊ ဖေဖေ လွှတ်လိုက်ရမလား"

ဦးအောင်ထွန်း နှုတ်မှ မပြော၊ အသာအယာ ခေါင်းညိတ်ပြလိုက်သည်။ ရုတ်တရက် ဝင်လာသော ဧည့်သည်များကို မမှတ်မိ။ ၎င်းထဲတွင် ဒေါက်ချာနှင့် ရသေ့ကြီးတစ်ပါးလည်း ပါလာသဖြင့် ဝေခွဲ၍မရနိုင်။

အားလုံးမှာ လေးယောက်ဖြစ်ပြီး ကိုးနှစ်သား ကလေးတစ်ယောက်လည်း ပါလာသည်။ ထိုအထဲမှ အသက်သုံးဆယ်ခန့် အမျိုးသားတစ်ဦးမှ . . .

"အဘ. . . ကျွန်တော်တို့ကို မမှတ်မိဘူးထင်တယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ကျောက်မျက်ရတနာ ကိုးမျိုးနဲ့ ဆွဲကြိုးလာလုပ်တာလေ"

ထိုအခါမှ ဦးအောင်ထွန်းလည်း အနည်းငယ်စဉ်းစားပြီး . . .

"ဪ, အေးအေး၊ဟုတ်တယ်၊ အမျိုးသမီး ကိုယ်ဝန်ဆောင်ဝတ်ဖို့ ဆိုတာလေ"

"ဟုတ်တယ် အဘ၊ ဒီသားလေးပဲ၊ နာမည်က မောင်ကောင်းဇံလို့ခေါ်တယ်၊ မပီကလာ ပီကလာ စကားပြောတတ်ကတည်းက အဘဆီ သွားမယ်လို့ ခဏခဏ ပြောနေတာ၊ အဲဒါ ဟောဒီအဘရသေ့က သွားမပို့နဲ့ဦး၊ အချိန်မကျသေးဘူးဆိုလို့ အချိန်ကို စောင့်နေခဲ့ရတာ"

ထိုအခါကျမှ ဦးအောင်ထွန်း ဆွဲကြိုးကို စိတ်ဝင်စားစွာ နှစ်ကြိမ်ကိုင်ကြည့်သွားသော ကလေးအမေကို မှတ်မိလာသည်။ မည်သို့ဆိုစေ သူ စဉ်းစား၍မရနိုင်သေးသော အကြောင်းအချက်တချို့ ရှိနေသေးသည်ကတော့ အမှန်။

ပါလာသော ရသေ့ကြီးမှ. .

"ဒကာကြီး၊ ဒီနေ့ ဒီနေရာကို လာတာဟာ ခိုင်လုံတဲ့ အကြောင်းအရာတစ်ခုကို သန္ဓေတည်ဖို့ပါ၊ အခု မရှင်းပေမယ့် ဒကာကြီး နောက်တော့ ရှင်းသွားပါလိမ့်မယ်"

ရသေ့ကြီးက ကလေးငယ်လေး မောင်ကောင်းဇံဆိုသူအား. . .

"ဒကာလေး ပြောစရာ ရှိတာ ပြောလိုက်လေ"

ထိုအခါ မောင်ကောင်းဇံက တည်ကြည်လေးနက်သော အသံဖြင့် ပြောလာသည်မှာ အံ့သြစရာပင်ဖြစ်သည်။

"အဘိုးဆီမှာ အပ်ထားတဲ့ ကျွန်တော့်ဆွဲကြိုး လာပြန်ယူတာပါ"

ဦးအောင်ထွန်းမှ ယုံကြည်မှုကင်းမဲ့သော အသံဖြင့် . . .

"ဘာဆွဲကြိုးလဲကွ၊ ဒီလို တောင်းရုံနဲ့ အလွယ်ပေးလို့ ဘယ်ဖြစ်ပါ့မလဲကွာ"

"သားမှာ ခိုင်လုံတဲ့အကြောင်းအချက်တွေရှိပါတယ်၊ တစ်ခုချင်း ရှင်းပြပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်ထွန်းမှ သမီးအကြီးရော အငယ်ပါ လှမ်းခေါ်လိုက်သည်။

"သမီးတို့ရေ ဆိုင်တံခါးပိတ်ပြီး ဒီကိုလာခဲ့ကြတော့"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဧည့်ခန်းတွင် ထိုင်ခုံကိုယ်စီနှင့် သက်ဆိုင်သူအားလုံး ရှိနေကြသည်။ စိတ်ဝင်စားစရာလည်း အလွန်ကောင်းသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်က ဖြစ်ခဲ့သော အကြောင်းတရားများသည် ယခုအထိ မပြီးဆုံးသေး။

ဦးအောင်ထွန်းမှာလည်း သူ သေခင် ရှင်းရှင်းလင်းလင်း ဖြစ်စေချင်သည်မှာ သူ့ဆန္ဒ။ သူများပစ္စည်းကိုလည်း အချောင်မလိုချင်၊ သူသေပြီးနောက်ပိုင်း သူ့သမီးများ ဦးနှောက်ခြောက်ခံပြီး ဖြေရှင်းရမှာကိုလည်း သူ မလိုလား။

ဦးအောင်ထွန်းမှ အလွန်တရာ ချည့်နဲ့သောလေသံဖြင့်. . .

"ကဲ, သားလေး ရှင်းပြမယ်ဆို အဘိုး သေသေချာချာ နားထောင်မယ်၊ အကုန်လုံး တိကျခိုင်လုံရင်တစ်ခါတည်း ပြန်ပေးလိုက်မယ်၊ သမီးတို့ကလဲ စနစ်တကျစိစစ်ပြီး ဆောင်ရွက်ပေးလိုက်ပါ"

ကလေးငယ် မောင်ကောင်းဇံသည် သွက်လက် ချက်ချာစွာဖြင့် အောက်ပါအတိုင်း ပြောလေတော့သည်။

"ကျောက်မပါဆွဲကြိုးရဲ့ အလေးချိန်က တစ်ကျပ်ခွဲသားတိတိ ဖြစ်ပါတယ်၊ ကျောက်က ကိုးလုံးဖြစ်ပြီး တစ်လုံးမှာ ငါးရတီတိတိပဲ ရှိပါတယ်၊ ကျောက်ရဲ့အရောင်က အနက်ရောင်နဲ့ ရောထွေးပြီး ဘော်ငွေရောင် သန်းနေပါတယ်၊ ကျောက်ထည့်တဲ့ ဆွဲပြားက လေးထောင့်ဖြစ်ပြီး အလေးချိန် တစ်မတ်သား ရှိပါတယ်၊ ကျောက်က သုံးလုံးတစ်တန်းဖြစ်ပြီး ပထမအတန်းမှာ အားလုံး စေတီပုံပေါ်နေပါတယ်၊ ဒုတိယအတန်းမှာ ကြာပုံပေါ်နေပါတယ်၊တတိယအတန်းမှာ ကြာဖူးပုံပေါ်ပါတယ်၊ အာကာသဓာတ်၊ တေဇောဓာတ်၊ ပထဝီဓာတ်၊ အာပေါဓာတ်၊ စကြဝဠာရှိ ဓာတ်ကြီးငါးပါးနဲ့ တည်ဆောက်ထားတဲ့ ကျောက်မျက်ရှင်လို့ ခေါ်ပါတယ်"

ကလေးငယ် မောင်ကောင်းဇံသည် ပြောနေရာမှ ခဏနားလိုက်ပြီး ဦးအောင်ထွန်းကို အကဲခတ်ပြီး ကြည့်နေသည်။

ဦးအောင်ထွန်းမှ . . .

"သမီး ကေသွယ်သွား၊ ဆွဲကြိုးရယ်၊ ကျောက်ကြည့်မှန်ဘီလူးရယ်၊ ချိန်ခွင်ယူလာခဲ့၊ ကလေးပြောတဲ့အတိုင်း စစ်ကြည့်လို့ အားလုံးမှန်ရင် ပြန်ပေးလိုက်"

ကေသွယ်နှင့် ဟန်နီတို့မှာ ကလေး မောင်ကောင်းဇံ ပြောသည့်အတိုင်း အတိအကျဖြစ်နေ၍ အလွန်အမင်း အံ့ဩမိသည်။ သူတို့၏ရွှေဆိုင် အရောင်းကောင်တာ မှန်ဘောင်ထဲတွင် ဆယ်နှစ်ကျော်ကြာအောင် သိုဝှက်သိမ်းဆည်းထားသည့် ဆွဲကြိုးရှိကျောက်၏ လျှို့ဝှက်ချက်များကို မသိခဲ့။

ယခု သူတို့ထက် အဆများစွာ ငယ်သည့် ကလေးငယ်က အကုန်လုံး သိသည်ဆိုတော့ . . .

"ဖေဖေ. . အကုန်လုံး တိတိကျကျ မှန်နေတယ်"

ဦးအောင်ထွန်းမှာ အင်အား ချည့်နဲ့သော လေသံဖြင့်. . .

"ဖေဖေတို့ ကတိကဝတ်အတိုင်း ပြန်ပေးလိုက်ပေါ့ သမီးရယ်၊ ဖေဖေလဲ သိပ်အကြာကြီး နေရတော့မှာ မဟုတ်ဘူး၊ ကိစ္စတစ်ခုတော့ ပြီးပြတ်သွားတာပေါ့"

သမီးအကြီး ဒေါ်ကေသွယ်မှ ရသေ့ကြီးအား မေးခွန်းတစ်ခွန်း မေးလာသည်။

"ဒါနဲ့ ဒီကိစ္စ ရသေ့ကြီးနဲ့ ဘယ်လိုများ ပတ်သက်ဆက်စပ်နေပါသလဲ၊ ဟို. . ဘယ်လိုမှ မထင်ပါနဲ့၊ အကျိုးအကြောင်း သိချင်လို့ပါ၊ ဒီကျောက်ဆွဲကြိုးကိုလဲ တစ်ခါတည်း ပေးလိုက်မှာပါ"

"ရသေ့ကြီးက တောင်ငါးလုံးစခန်းကပါ၊ ကျောက်ဆစ်တောင်မှာ သီတင်းသုံးပါတယ်၊ အဲဒီတောင်ပေါ်မှာ 'လာဘသိဒ္ဓိ'ဆိုတဲ့ စေတီတည်ဖို့ရှိတယ်၊ အကုန်လုံးလဲ အဆင်သင့်ဖြစ်နေပါပြီ၊ သီတင်းကျွတ်လပြည့်နေ့ညမှာ အိပ်မက်တစ်ခုပေးတယ်၊ မိမိကို ဆွမ်းကွမ်းအမြဲ လှူနေတဲ့ ဒကာမမှာ ကိုယ်ဝန်ရှိလိမ့်မယ်၊ အဲဒီ ကိုယ်ဝန်ရှိချိန်မှာ ကျောက်မျက်ရတနာကိုးမျိုးနဲ့ စီရင်ပြီး ဆွဲကြိုးဝတ်ဆင်ခိုင်း၊ ပြုလုပ်ရမည့်ဆိုင်က သီရိရတနာ ရွှေဆိုင်ဖြစ်တယ်။

ယောကျ်ားလေး မွေးဖွားလိမ့်မယ်၊ ဘဝဟောင်းက သူအပ်နှံထားခဲ့တဲ့ ကျောက်မျက်ရှင် ကိုးလုံးရှိတယ်၊ အဲဒီ ကျောက်မျက်ရှင် ကိုးလုံးဟာ 'လာဘသိဒ္ဓိ' စေတီရဲ့ ဌာပနာအစစ်ပဲ၊ အဲဒီ ကျောက်ရဲ့ပိုင်ရှင်အစစ်ဟာလဲ သူပဲ၊ လူဘဝကို ပြန်လာတာလဲ ဒီအကြောင်း စင်စစ်ပဲ၊ ဒကာမကြီး ရှင်းပြီလား"

အားလုံးက မှင်တက်သလို ငေးမော နားထောင်ရင်း ခေါင်းညိတ်ကြသည်။ လောကကြီးတွင် ထူးဆန်းအံ့ဩဖွယ်ရာများနှင့် ပြည့်နှက်နေလေတော့သည်။

တည်ခင်း ဧည့်ခံထားသော ကော်ဖီနှင့် မုန့်များကိုပင် မစားနိုင်၊ နှုတ်ဆက်စကားဆို၍ ကျောက်မျက်ရှင် ဆွဲကြိုးကိုယူပြီး ရွှင်လန်းတက်ကြွစွာ ပြန်သွားကြသည်။

ဦးအောင်ထွန်း တစ်ယောက် မှေးစင်းသော မျက်လုံးများနှင့် ထူးဆန်းသော ရသေ့ကြီး၊ မောင်ကောင်းဇံတို့ မိသားစုများကို မြင်ကွင်းတစ်ဆုံး လိုက်ကြည့်နေမိသည်။


ပြီး. . မျက်တောင် မခတ်တော့၊ နှလုံးသွေးရပ်ကာ ဘဝတစ်ပါးသို့ ကူးပြောင်းသွားလေတော့သည်။

❒ မင်းဟန်(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ကျွန်ုပ်၏ ဟောခန်းအတွင်းသို့ လွန်စွာကြည့်ကောင်းသော အသက်လေးဆယ်ဝန်းကျင် အမျိုးသမီးတစ်ဦး ဝင်ရောက်လာသည်။

"လက္ခဏာမေးချင်လို့ပါ ဆရာ"

ဟု ပြောလည်းပြော ထိုင်လည်း ထိုင်လိုက်လေသည်။ ကျွန်ုပ်က Date of Birth မွေးသက္ကရာဇ်ကို မေးလိုက်သည်။

အသက်လေးဆယ်ကျော်ရုံ။ သို့သော် အရွယ်တင်သည်။ သူမရုပ်ရည်နှင့် ခန္ဓာကိုယ် အချိုးအစားက လေးဆယ်ကျော်ဟု မထင်ရ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က သူမရဲ့ လက်ဝါးနှစ်ဖက်စလုံးကို အသေအချာ စစ်ဆေးလိုက်သည်။ ထို့နောက် ကောက်ချက်ချနိုင်ရန်အတွက် . . .

"အိမ်ထောင်ရှိတယ် မဟုတ်လား" ဟု မေးလိုက်သည်။

သူမက. . .

"အိမ်ထောင်ရှိပါတယ် ဆရာ" ဟု တရိုတသေ ပြန်ဖြေသည်။

လက်ဝါးပြင် နှစ်ဖက်စလုံးက အိမ်ထောင်ရှိကြောင်း၊ သားသမီးလည်း ရှိကြောင်း ညွှန်ပြနေသည်။

ဟောပြောရမည့်အချက် ပိုမိုခိုင်လုံစေရန်အတွက် . . .

"လက်ရှိအိမ်ထောင်က ဒုတိယအိမ်ထောင်မဟုတ်လား" ဟု ထပ်မံမေးလိုက်ရာ "ဟုတ်မှန်ကြောင်း" ဖြေလေသည်။

သို့နှင့် ကျွန်ုပ်က သူမကို ဤသို့ဟောလိုက်လေသည်။

"လက္ခဏာရှင် အနေနဲ့ ယခု လက်ရှိအိမ်ထောင်နဲ့ ပေါင်းဖက်နေရတဲ့ အတောအတွင်းမှာပဲ ချစ်သူရလိမ့်မယ်၊ ဒီတစ်သက်မှာ နောက်ဆုံးမှ တွေ့ရတဲ့ ချစ်သူလဲဖြစ်မယ်၊ သူ့နောက်မှာ နောက်ထပ်ချစ်ရမယ့်သူ မရှိသလို အရင်ကလဲ ချစ်သူဆိုတာ မရှိခဲ့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဆိုလိုတာက သင်ဟာ ဘယ်ယောက်ျားကိုမှ ချစ်ပါတယ်လို့ နှုတ်ကဖွင့်ဟ ဝန်ခံခဲ့ခြင်း မရှိခဲ့ပါဘူး၊ လင်သားနှစ်ယောက်စလုံးကိုလဲ ချစ်လို့ လက်ထပ်ခဲ့တာ မဟုတ်ဘူး။

အကယ်၍များ လင်သား နှစ်ယောက်စလုံးကို ချစ်ခဲ့မယ်ဆိုရင်တောင် သူတို့ထက် အချစ်ကြီး ချစ်ရတဲ့သူပါ။ နောင်ဘဝတွေ ရှိဦးမယ်ဆိုရင် သူနဲ့ပဲ ဆုံချင်လိမ့်မယ်၊ စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာကို အသက်လေးဆယ်ကျော်မှ ရမယ်လို့ ဆိုချင်ပါတယ်။

သူဟာ သင့်ထက် အလွန်ငယ်လိမ့်မယ်၊ မ နဲ့ မောင်လေးဆိုတာမျိုးပေါ့၊ ဘာကြောင့် သူ့ကို အခုမှ တွေ့ရတာလဲလို့ ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်နေလိမ့်ဦးမယ်။

သူ့ကို မမြင်ရရင် မနေနိုင်သလို သင့်ကို မမြင်ရရင် သူကလည်း မနေနိုင်တဲ့ ချစ်ခြင်းမေတ္တာမျိုးပါ။

အကြောင်း အမျိုးမျိုးကြောင့် သူနဲ့ လက်ထပ်ရမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် သင်ဟာ သင်အချစ်ရဆုံး ချစ်သူရဲ့လက်ပေါ်မှာပဲ အသက်သေဆုံးရလိမ့်မယ်၊ ဒါကလဲ တိတ်တဆိတ် လူသတ်သမားကြောင့်ပဲ"

ဟု ကျွန်ုပ်က ရှည်လျားစွာ ဟောလိုက်လေသည်။

သူမ အနည်းငယ်တုန်လှုပ်သွားဟန်ရှိသည်။ ပင့်သက်ရှိုက်သံနှင့် သက်ပြင်းချသံကို မရှေးမနှောင်းကြားလိုက်ရပြီး . . .

"အသက် ဘယ်လောက်မှာလဲ ဆရာ" ဟုမေးလေသည်။ ကျွန်ုပ်က. .

"အဲဒီနှစ်ကို မသိရင် ပိုကောင်းမယ်" ဟု ပြောစဉ်၌ပင် . . .

"ကျွန်မ မကြောက်တတ်ပါဘူး ဆရာ"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း သူမ၏ လက်ဝါးအပြင်၊ ဂဏန်းဗေဒင်၊ အနောက်တိုင်း နက္ခတ်ဗေဒင် (သာယာန)စနစ်ကို ပေါင်းစပ်လိုက်ပြီး. . .

"သင့်ရဲ့ အသက်(၄၄)နှစ်ပြည့်ပြီး ဇန်နဝါရီလရဲ့ နေ့တစ်နေ့မှာ ဖြစ်လိမ့်မယ်၊ အဲဒီနေ့က စနေနေ့လဲ ဖြစ်မယ်"

ဟု သူမ၏ အမေးကို ပြန်လည်ဖြေကြားလိုက်သည်။

(၈)ရက်၊ (၁၇)ရက်၊ (၂၆)ရက် နေ့ကိုလည်း သတိထားရန် ပြောခဲ့၏။ သူမ တွေဝေနေသည်။

အတန်ငယ် ကြာမှ. . .

"လူသတ်လို့ သေတာကို ပြောတာလား ဆရာ" ဟုမေးသောကြောင့် ကျွန်ုပ်ကလည်း. . .

"သင့်ရဲ့ အသက်လမ်းကြောင်းဟာ အသက်(၄၄)နှစ်နားမှာ တုံးတိတိနဲ့ ရပ်နေပါတယ်၊ ဒါကိုလဲ လက်ဝါးပြင်နှစ်ဖက်စလုံးမှာ တွေ့ရတာပါ၊ အသက်လမ်းကြောင်းဟာ တစ်စုံတစ်ဦးက ဓားနဲ့ခုတ်ဖြတ်ထားသလိုမျိုး ပြတ်ပြီး ရပ်နေတာပါ။

အရန် အသက်လမ်းကြောင်းက ကယ်မ, မထားသလို ကံလမ်းကြောင်းကလဲ ကျားကန်ပေးမထားပါဘူး၊ သက်တမ်းပြတ်မယ်ဆိုတာ သေချာပါတယ်။

အသက်လမ်းကြောင်းက တုံးတိတိနဲ့ ဆုံးနေရင် ဥပစ္ဆေဒကကံနဲ့ သေဆုံးမယ်လို့ ဆိုလိုပါတယ်။

နှလုံးလမ်းကြောင်းကို စစ်ဆေးတော့လဲ အသက် (၄၄)လောက်ဆီမှာ ကျိုးပြတ်နေတာကို တွေ့ရပါတယ်။

ဥပဒ်လမ်းကြောင်း တစ်ခုကလဲ စနေဂြိုဟ်ခုံပေါ် ရောက်နေတဲ့အပြင် အသက် (၄၄)နှစ်မှာပဲ ကံလမ်းကြောင်းကို ဖြတ်တောက်ထားပြန်တယ်။

ဒါတွေကို ပေါင်းစပ်လိုက်ရင် အသက် (၄၄)နှစ်ပြည့်ပြီးလောက်မှာ သက်တမ်းပြတ်မယ်လို့ ဆိုပါတယ်။

ဒါကလဲ တိတ်တဆိတ်လူသတ်သမား (Silence Killer) ကြောင့်ပဲ ဖြစ်မယ်"

"တိတ်တဆိတ်လူသတ်သမား ဆိုတာ ဆေးပညာအရ နှလုံးရောဂါသို့မဟုတ် သွေးတိုးရောဂါတို့ကို ဆိုလိုတာပါ၊ သင့်ရဲ့လက်သည်းတွေက တိုပြီး ပြားကပ်နေတာက နှလုံးရောဂါကြောင့် သေဆုံးရမယ် ဆိုတာကို ပြနေတယ်၊ ဒါပေမဲ့ လူသတ်မှုမြောက်တာမျိုး ဖြစ်နိုင်တယ်" ဟုပြောချလိုက်လေသည်။

သူမ အနေဖြင့် စိတ်မသက်မသာ ဖြစ်ရတော့သည်။ ဤသို့သော အဟောမျိုးကို မဟောချင်။ သူမတောင်းဆိုသဖြင့် ဟောရခြင်းဖြစ်သည်။

"ဆရာပြောတာ သိပ်မရှင်းဘူး ဆရာ၊ လူသတ်လို့ သေတယ်လို့ဟောရင်ဟော၊ ဒါမှမဟုတ် နှလုံးရောဂါကြောင့် သေမယ်လို့ ဟောရင်ဟော၊ တစ်မျိုးတည်းပဲ ဟောသင့်တယ် မဟုတ်လား" ဟု သူမက ကျွန်ုပ်၏ အဟောကို ထောက်ပြလာပါသည်။

သူမ ပြောတာလည်း ဟုတ်ပါသည်။ ကျွန်ုပ်၏ အဟောကလည်း ဒီအတိုင်းပဲ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် ဦးနှောက်ကို ညှစ်လိုက်ပြီး Logic ယုတ္တိဗေဒနည်းဖြင့် စဉ်းစားသုံးသပ်ကာ အောက်ပါအတိုင်း ဟောလိုက်လေတော့သည်။

"အားမနာတမ်း ဟောရမယ်ဆိုရင် မေထုန်သံဝါသမှုကို ဖောဖောသီသီ ကျင့်သုံးလိုက်လို့ နှလုံးခုန်မြန်ပြီး အသက်ရှူရပ်ရာက သေဆုံးသွားမယ်လို့ ဆိုချင်တယ်၊ ဒီအဟောဟာ သင့်ဘဝရဲ့ အရေးကြီးတဲ့ သော့ချက်ပဲ"

သူမရဲ့ မျက်နှာက ရှက်သွေးဖြန်းသကဲ့သို့ ရှိနေသည်။ ခေါင်းကို အနည်းငယ်ငုံ့ထားသည်။ ဟုတ်ပါတယ်။ လက္ခဏာဆရာတစ်ယောက် အနေဖြင့် အချိန်တိုအတွင်း ယဉ်ကျေးသိမ်မွေ့သော၊ လှပသော စကားလုံးများကို ရွေးချယ်သုံးသင့်သည် မဟုတ်သလော။

သို့သော် သည့်ထက် သင့်တော်မည့် စကားလုံးလည်း ရှိနိုင်တော့မည် မဟုတ်ချေ။

"ကျွန်မမှာ နှလုံးရောဂါရှိတာတော့ အမှန်ပါ၊ ဒီလိုကိစ္စမျိုးကို ရောဂါ

www.burmeseclassic.com

ကြောင့် အတတ်နိုင်ဆုံး ရှောင်ရှားထားပါတယ် ဆရာ၊ ကျွန်မ ခင်ပွန်းကလဲ အသိတရားနဲ့ ရှောင်ပါတယ်၊ သူကလဲ ကျွန်မအပေါ် ကာမ တဏှာထက် ကျွန်မရဲ့ ချစ်ခင်ယုယမှုကိုပဲ လိုချင်သူပါ” ဟု သူမနှင့် ခင်ပွန်းတို့၏ သဘောထားကို အလေးအနက် ပြောပြလေသည်။

“ဆရာ့အဟောအရဆိုရင် သင်ဟာ မလွဲမသွေ ချစ်သူရမယ်၊ သင့်ထက်လဲ အများကြီးငယ်မယ်၊ ဒီတော့. . .”

ကျွန်ုပ်ဆက်၍ ပြောရန် မသင့်တော်တော့ချေ။

သူမကလည်း အလေးအနက် စဉ်းစားနေပုံရသည်။

ပြီးတော့မှ. . .

“ကျေးဇူးတင်ပါတယ်ဆရာ၊ ပြန်ခွင့်ပြုပါဦး”

ဟု နှုတ်ဆက်ကာ ကျသင့်ငွေရှင်းပြီး၊ ကျွန်ုပ်၏ ရှေ့မှ ပျောက်ကွယ်သွားလေသည်။

❁

တစ်နေ့။

ထိုတစ်နေ့သည်ကား ကျွန်ုပ်ထံ ဗေဒင်၊ လက္ခဏာ မေးမြန်းသူများနှင့် ပြည့်နှက်နေသော နေ့ဖြစ်သည်။ သူမက ကျွန်ုပ်နှင့် ဆွေးနွေးရန် စိတ်ရှည်စွာ စောင့်ဆိုင်းပြီး ဧည့်ရှင်းသည်နှင့် တစ်ပြိုက်နက် ဧည့်ကုလားထိုင်ပေါ် ဝင်ရောက်နေရာယူလိုက်သည်။

သူမက. . .

“မှတ်မိသလား ဆရာ” ဟု မေးသည်။ ကျွန်ုပ်လည်း ခေါင်းညိတ်ကာ အဖြေပေးလိုက်သည်။

“ကျွန်မ အသက်(၄၄)နှစ်ထဲ ရောက်လာပြီ၊ ဆရာ့အဟော ပြောင်းဦးမလား သိချင်လို့ လာမေးတာပါ။

ဆရာ ဟောလိုက်တဲ့အတိုင်း တစ်သက်မှာ တစ်ခါသာ ချစ်ရတဲ့ ချစ်သူတစ်ယောက်ကို ရခဲ့တယ်၊ ကျွန်မထက် အသက်(၁၄)နှစ်လောက် ငယ်တယ်၊ ငယ်ချစ်လို့ ပြောရမလားပဲဆရာ” ဟုဆိုသည်။

ကျွန်ုပ်က သူမ ဆက်ပြောနိုင်ရန် လမ်းခင်းသောအနေဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လျက် နားထောင်ပေးလိုက်သည်။

“ကျွန်မ အသက်(၄၄) နှစ်ထဲ ရောက်ပြီ ဆရာ”

ဒီစကားကို ဒုတိယမွှ ထပ်မံပြီး သူမ ပြောသည်။ ကျွန်ုပ်ကလည်း ထပ်မံပြီး ခေါင်းညိတ်ရသည်။

“ဆရာက ကျွန်မ အသက်(၄၄) နှစ်ပြည့်ပြီး ဇန်နဝါရီလထဲက စနေနေ့ တစ်နေ့မှာ သေဆုံးမယ်လို့ ဟောခဲ့တယ်၊ အဲဒါ ထပ်ပြီး အတည်ပြုချက် ရချင်လို့ပါ ဆရာ” ဟုပြောသည်။

ထို့ကြောင့် ကျွန်ုပ်သည် သူမ၏ လက္ခဏာကို ထပ်မံစစ်ဆေးလိုက်ပြီး ယခင်က ဟောခဲ့သည့် စကားရပ်များကို မပြောင်းလဲနိုင်ကြောင်း အတည်ပြုပေးလိုက်သည်။ ပြီးလျှင်. . .

“သင်ဟာ (၂၆)ရက်နေ့မှာ မွေးတဲ့ (၈)ဂဏန်းပိုင်ရှင် တစ်ဦးပါ၊ အသက်လမ်းကြောင်းက (၄၄)နှစ်မှာ တုံးတိတိ ဖြစ်နေတာမို့ (၈)ဂဏန်း ကျရောက်တဲ့ အသက်ကို ဆိုချင်ပါတယ်၊ (၈)ဂဏန်းဟာ စနေဂြိုဟ်စိုးမိုးတဲ့ ဂဏန်းဖြစ်လို့ စနေဂြိုဟ်စိုးမိုးတဲ့ ဇန်နဝါရီလ(သို့မဟုတ်) ဖေဖော်ဝါရီလ တစ်လရဲ့ (၈)ရက် (၁၇)ရက်၊ (၂၆)ရက်လဲဖြစ်၊ စနေနေ့လဲဖြစ်တဲ့ နေ့မှာ သေဆုံးမှာဖြစ်ပါတယ်၊ စနေဂြိုဟ်ခုံမှာလဲ စနေဂြိုဟ်ကွင်းပါနေတယ်၊ အဲဒီနေ့ တစ်နေ့မှာ သေမင်းတမန်က သင့်အသက်ကို ယူဆောင်သွားလိမ့်မယ်”ဟု ရှင်းပြဟောဆိုလိုက်ပါသည်။

“အဲဒီနေ့မှာ မသေခဲ့ရင် ကျွန်မ အသက်ရှည်မလား ဆရာ”

ဟု သူမက စိုးရိမ်ကြောင့်ကြမှုများစွာဖြင့် မေးလေသည်။ ကျွန်ုပ်ကား တုဏှိဘာဝေ။ စကား ဆက်မပြောဖြစ်ကြ။ အတန်ငယ် တိတ်ဆိတ်နေသည်။

ထိုတိတ်ဆိတ်နေမှုကို သူမက ဤသို့ ဖြိုခွင်းလိုက်သည်။

“မောင်. . သိပ်ချစ်တာပဲ မောင်ရယ်”

သူမက သတိလက်လွတ်သကဲ့သို့ ကျွန်ုပ်ရှေ့တွင်ပင် တိုးတိုးကလေး ညည်းညူနေသည်။ မျက်လုံးအိမ်ထဲတွင်တော့ မျက်ရည်အပြည့်နှင့်။

“ကျွန်မ ဘဝမှာ ကျွန်မက ချစ်ရမှ မောင်လို့ ခေါ်မယ်ဆိုတဲ့ ပေါ်ဒီဝေါဟာရကို ကျွန်မ ခေါ်ခွင့်ရပြီ ဆရာ။

ပထမ အိမ်ထောင်က ချစ်လို့ကြိုက်လို့ လက်ထပ်ခဲ့တာ မဟုတ်ပါဘူး၊ အပျိုဘဝမှာ ချစ်တဲ့၊ ကြိုက်တဲ့သူတွေ ဝိုင်းဝိုင်းလည်ခဲ့ပါတယ်၊ အဲဒီအထဲမှာ ပထမ အိမ်ထောင်သည်ရော၊ ဒုတိယ အိမ်ထောင်သည်တို့လဲ ပါ,ပါတယ်။

ပထမ အိမ်ထောင်က မိဘတွေ သဘောတူပြီး ပေးစားခဲ့တာပါ၊ ဒါပေမယ့် သူကတော့ ကျွန်မကို အသေရရ၊ အရှင်ရရ လိုချင်သူပါ၊ ကျွန်မကိုလဲ သိပ်ချစ်ပါတယ်၊ ကျွန်မကသာ သူ့ကို မချစ်မနှစ်သက်ပဲ လက်ထပ်ခဲ့ရတာပါ။

မိဘတွေက နောက်တော့လဲ ချစ်သွားမှာပါဆိုပြီး ဇွတ်အတင်းစီစဉ်ခဲ့တာပါ၊ မိဘနှစ်ပါးကို ကျေးဇူးဆပ်ခွင့်ရတဲ့ အနေနဲ့ သူ့ကို လက်ထပ်ခဲ့ပါတယ်၊ ဒါပေမယ့် သူ့ကို လုံးဝမချစ်ခဲ့ဘူး၊ လင့်ဝတ္တရား မပျက်ယွင်းအောင် ကျွန်မ တတ်နိုင်သလောက် ဆောင်ရွက်ပေးခဲ့တယ်၊ ကျွန်မက သူ့ကို မချစ်ဖူးဆိုတာကို ကာလရှည်ကြာတော့ သူလဲ သိလာတယ်၊ ကျွန်မတို့ရဲ့ ဆက်ဆံရေးဟာ တဖြည်းဖြည်း ယိုယွင်းလာတယ်၊ သူ့နှလုံးသားလဲ အေးစက်လာပါတယ်၊ တစ်စတစ်စနဲ့ ကျွန်မတို့ရဲ့ အိမ်ထောင်ရေးဟာ အသက်မပါသလို ဖြစ်သွားတယ်”

စကား တော်တော်ပြောလိုက်ရ၍ မောသွားပုံရသည်။ အသင့်ပါလာသော ရေသန့်ဘူးကို ဖွင့်ပြီး ရေသောက်လိုက်သည်။

“အဲဒီနောက် ကျွန်မမှာ မိန်းမရောဂါရလာတယ်၊ ရောဂါကြောင့် နဂို





www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရည်နဲ့ မတူအောင် ပိန်ကပ်သွားတယ်၊ ကျွန်မရုပ်ကို အတော်ဖမ်းယူရတယ်လို့ ဆိုတယ်၊ အရိုးပေါ် အရေတင်ပဲ ကျန်တော့တယ်၊ သေလူပဲပေါ့။

ဒီမှာတင် ကျွန်မရဲ့ ပထမ အိမ်ထောင်က အမျိုးသမီးတစ်ဦးနဲ့ ဖောက်ပြန်ပါတယ်၊ ကျွန်မက သိတော့ မင်းလို မီးယပ်ပိန်၊ မီးယပ်ခြောက်ကို ဆက်မပေါင်းချင်တော့ဘူး၊ ကွာရှင်းချင်တယ်လို့ ပြောလာတယ်၊ ဒါနဲ့ ကျွန်မတို့ ကွာရှင်းလိုက်ကြတယ်၊ မကြာခင် သူက နောက်တစ်ယောက်နဲ့ လက်ထပ်လိုက်တယ်၊ ဟုတ်ပါတယ်၊ ကျွန်မလို မီးယပ်ပိန်၊ မီးယပ်ခြောက်ကို သူ ဘယ်ဆက်ပေါင်းချင်ပါ့မလဲ၊ ကျွန်မ မိဘအိမ်ကို ပြန်ခဲ့တယ်၊ ကလေး မရတာကိုဘဲ အတော် ကံကောင်းလှပါတယ်။

မိဘတွေက ကျွန်မကို ဆေးကုပေးပါတယ်၊ သေဖို့ကံကလဲ မပါတော့ ဆေးတွေ့ပြီး ကျွန်မရောဂါ ပျောက်ကင်းလာပါတယ်၊ အရင်လို ဆွဲဆောင်အားရှိလာပါတယ်။

အဲဒီမှာပဲ ပထမ အိမ်ထောင်က ကျွန်မကို ပြန်ကပ်လာတယ်၊ ဒါနဲ့ ကျွန်မလဲ အပျိုဘဝတုန်းက ကျွန်မကို ပထမ အိမ်ထောင်နဲ့အပြိုင် ပိုးပန်းခဲ့ဖူးတဲ့ ကျွန်မကိုလဲ သိပ်ချစ်တဲ့ အိမ်နီးနားချင်း သက်တူရွယ်တူ လူပျိုလူလွတ် တစ်ယောက်နဲ့ လက်ထပ်လိုက်ပါတယ်။

ပထမအိမ်ထောင်ရန်က ငြိမ်းအေးသွားတာ မှန်ပေမယ့် လက်ရှိ လင်သားကိုလဲ နှလုံးသားနဲ့ မချစ်ခဲ့ပါဘူး၊ ဘဝလုံခြုံမှုအတွက် ကျွန်မကိုယ်တိုင် မချစ်မနှစ်သက်တဲ့သူကို လက်ထပ်မိသလို ဖြစ်သွားတယ်၊ သူ့အပေါ် စိတ်မကောင်းမိသလို ဖြစ်မိတာ အမှန်ပဲ။

သူနဲ့ သားတစ်ယောက် သမီးတစ်ယောက် ထွန်းကားခဲ့တယ်၊ သမီးအငယ်ကို မွေးပြီးတဲ့ နောက်ပိုင်းမှာ နှလုံးရောဂါရလာတယ် ဆရာ။

ပါရဂူကြီးတွေက နောက်ထပ် သားသမီး မယူဖို့နဲ့၊ လင်သားနဲ့ပါ ကင်းကင်းရှင်းရှင်းနေဖို့ ဆေးပညာအရ အကြံပေးပါတယ်။

ဒါပေမယ့် ဆရာရယ်၊ ကျွန်မ သိပ်ချစ်ရတဲ့ သူ့ကို အသက် (၄၄)နှစ်ထဲမှာမှ တွေ့ရတယ်လို့၊ ရှက်လဲ မရှက်တော့ပါဘူး ဆရာ၊ ကျွန်မ သူ့ကို သိပ်ချစ်တယ်။

ဘဝကို စတေးပြီး ချစ်ရတဲ့သူပါ၊ သူက လူပျိုလူလွတ် တစ်ယောက်ဖြစ်နေပေမယ့် ကျွန်မကို အသည်းနင့်အောင် ချစ်တဲ့သူပါ၊ ကျွန်မရဲ့ အချစ်က အရွယ်လွန်မှ ပေါက်ဖွားခဲ့ရတယ်။

သူ့ကို အသက်တမျှ ချစ်နေရပေမယ့် လက်ရှိလင်သားကို သစ္စာဖောက်ဖို့ မကြိုးစားပါဘူး၊ သူ့ကို ချစ်ရတဲ့ အချစ်က စင်ကြယ်တဲ့ အချစ်ပါ။

သူက ကျွန်မကို ချစ်ခဲ့ပေမယ့် ကျွန်မရဲ့ အသက်နဲ့ အရှက်ကို ငဲ့ညှာသူပါ။ ကျွန်မရဲ့ ရောဂါအခြေအနေနဲ့ ပါရဂူကြီးတွေရဲ့ မှာကြားချက်ကို သူလည်း သိနေပါတယ်။

သူကလည်း ဆရာဝန် တစ်ယောက်ပါ။ သူက ကျွန်မကို ကာမတဏှာရစ်ပတ်ဖွဲ့နှောင်မှုကင်းတဲ့ သန့်ရှင်းစင်ကြယ်တဲ့ မေတ္တာနဲ့ ချစ်လေ ကျွန်မ နှလုံးသားမှာ ခံစားရလေပဲ။

ဘာကြောင့် သူ့ကို အခုမှ သတိထားမိရတာလဲ ဆရာ၊ တကယ်တော့ ကျွန်မရဲ့အချစ်စစ်က ကျွန်မရဲ့ မျက်စိအောက်မှာ ရှိနေတာ မသိခဲ့ပါလား"

ဟု ရှည်လျားထွေပြားစွာ ပြောပြလေသည်။

"သူက ကျွန်မလို ဟောင်းနွမ်းနေတဲ့ မိန်းမတစ်ယောက်ကို တန်ဖိုးထားချစ်လေလေ ကျွန်မ ခံစားရလေပဲ ဆရာ၊ အညွန့်အဖူးလေးတွေကို ဆွတ်ခူးနိုင်တဲ့ သူတစ်ယောက်က ဆွေးမြည့်ခြောက်သွေ့နေတဲ့ သစ်ငုတ်ကထွက်မယ့် အညွန့်အညှောက်ကို မျှော်ကိုးနေသလိုရှိတဲ့ သူ့ကို သိပ်သနားမိတယ် ဆရာ၊ ဆရာကော ဘယ်လိုမြင်သလဲ"

ဟု မေးသည်။

ကျွန်ုပ်က မဖြေဘဲ ငြိမ်နေလိုက်သည်။ သူမကပဲ ဆက်ပြီး. . .

"သူက ကျွန်မကိုချစ်တာ ၅၂၈ မေတ္တာသက်သက် မဟုတ်ပေမယ့် ၁၅၀၀ ကိလေသာသက်သက်လဲမဟုတ်ဘူးလို့ ဆိုတယ်၊ ခန္ဓာကိုယ် အသွေးအသားကို တပ်မက်ပြီး ချစ်တာမဟုတ်ဘူးလို့ ဆိုပေမယ့် သူက ကျွန်မကို ပိုင်ဆိုင်ချင်တယ်လို့လဲ ဆိုပြန်တယ်။

မောင်နဲ့ကျွန်မ ဘုရားမှာ သစ္စာတိုင်ပြီး ချစ်ခဲ့ရတဲ့ အချစ်ပါ၊ မောင်က ကျွန်မကို ချစ်တယ် ချစ်တယ်လို့ ပြောပေမယ့် ကျွန်မရဲ့ လက်ဖျားထိပ်ကလေးတောင် မထိဝံ့သူပါ၊ နောင်လဲ ဘယ်တော့မှ မပြစ်မှားဘူးလို့ ဘုရားမှာ သစ္စာထားတယ်လေ။

သူတစ်ပါးရဲ့ မယားကို ချစ်မိခဲ့ပေမယ့် ချစ်ခွင့်ပန်ခဲ့မိပေမယ့် ကာမေသု ကိစ္စကို ဘယ်တော့ (ဘယ်တော့)မှ မပြု ဘူးလို့ သစ္စာဆိုသေးတယ်လေ။

အဲဒီတုန်းက ကျွန်မ မျက်ရည်တွေ တွေတွေ ကျဆင်းတော့တာပဲ သနားလိုက်တာ မောင်ရယ်၊ ဘာပြုလို့ များ ဒီလိုအဖြစ်မျိုးကို မောင်ကျမှ ကြုံရ တာလဲ၊ မောင့်ရဲ့နူနယ်တဲ့ နှလုံးသားက သစ္စာတရားကြီးမားပုံကို ပြခဲ့တာ ကျွန်မ အတွက် ရင့်နင့်ရတယ်လေ"

သူမရဲ့ မျက်လုံးများက ရီဝေ လာပါတယ်။ အတန်ငယ်နားပြီးနောက်

"မောင်. . ." (နှုတ်ခမ်းကလေး လှုပ်ရှဲ)

"သစ္စာရှင်ရယ်" (တိုးညင်းစွာ ဖြင့်)

"မောင်က ကျွန်မ မျက်ရည်တွေ တော့ မြေမကိုင်မိ လက်မကိုင်မိ ဖြစ် သွားတယ်၊ ကျွန်မ မျက်ရည်တွေကို သူ ကိုယ်တိုင် သုတ်ပေးရမယ့်အစား ကျွန်မ ဘာသာသုတ်နိုင်အောင် လက်ကိုင်ပဝါ လေးပဲ ထုတ်ပေးခဲ့တယ်၊ ဘာတစ်ခုမှ အခွင့်အရေး မယူခဲ့ဘူး။

မောင်က ကျွန်မကို သိပ်ချစ်တာ ကလွဲလို့ သစ္စာစောင့်သိတတ်တဲ့သူပါ





www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့်များ ရှေးရေစက်က မောင်နဲ့ ကျွန်မကို ဒီလိုတားထားသလဲ မသိဘူး၊ မြန်စဉ်းစားမိလိုက်တော့လဲ ကျွန်မတို့ ချစ်ရတဲ့ အချစ်က ကိလေသာတဏှာ တင်းမဲ့တဲ့ အချစ်ဆိုတာ သိလိုက်ရတယ်"

ကျွန်မအသက် (၄၄)နှစ်ပြည့်ခဲ့ပြီ၊ မောင်နဲ့ ကျွန်မရဲ့ ချစ်သက်တမ်းတလဲ (၈)လဲ ရှိနေပြီ။ ဩဂုတ်. . ၂၀၁၁ ထဲတောင် ရောက်လာပြီကိုး။

နှစ်သစ်ကူးတဲ့နေ့မှာ မောင်က ကျွန်မကို နှစ်သစ်ကူး အထိမ်းအမှတ်အနေနဲ့ ရေခဲမုန့်လိုက်ကျွေးတယ်၊ ဒီလိုဆောင်းတွင်းကြီးမှာ ရေခဲမုန့်လိုက်ကျွေးရတာလဲ နှစ်ယောက်တည်း အေးအေးဆေးဆေး စကားပြောချင်လို့တဲ့။

ဆရာဟောတဲ့ ၂၀၁၁ ခုရယ်၊ ဇန်နဝါရီလရယ်၊ စနေနေ့ (၈)ဂဏန်းတွေက ကျွန်မ ခေါင်းထဲပေါ်လာတယ်၊ ဒီတနေ့က စနေနေ့ပဲ၊ ကျွန်မ ခေါင်းကြီးသွားတယ်။

အသက်(၄၄)နှစ် ပြည့်ပြီး ဇန်နဝါရီလ စနေနေ့၊ ကျွန်မကို စိုးမိုးနေတဲ့ ဂဏန်းက (၈)ဂဏန်း၊ (၄)ဂဏန်းကလဲ ခြယ်လှယ်နေတယ်၊ စိုးမိုး အရောင်က အနက်ရောင်။

ကျွန်မက အနက်ရောင် သိပ်ကြိုက်တာပဲ၊ ဒီအနွေးထည် အနက်ရောင်ကလေးကလဲ ကျွန်မနဲ့ သိပ်လိုက်တယ်လို့ လင်တော်မောင်က ပြောဖူးသလို မောင်ကလဲ ပြောတယ်လေ။

ကျွန်မ ရေခဲမုန့်စားရင်း ရင်တွေပူလာတယ်၊ လက္ခဏာဆရာဟောတာတွေကို မြင်ယောင်လာတယ်၊ ဒါပေမယ့် ဒီနေ့က ၂၀၁၁ ခုရဲ့ ဇန်နဝါရီလ (၁)ရက်နေ့ပဲလို့ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်လိုက်တယ်၊ မျက်နှာအနေအထားက ပြောင်းသွားတယ်လို့ ထင်ပါတယ်၊ မောင်က ကျွန်မ မျက်နှာမကောင်းလို့ မေးတယ်။

အဲဒါနဲ့ပဲ ဆရာရယ်၊ ဆရာဟောတဲ့ ဖြစ်ကြောင်းရယ်တဲ့ ကုန်စင်ကို ပြောပြလိုက်တယ်၊ မောင်က ပျာပျာ

> နှစ်ယောက်တည်း အခြေအနေမှာတောင် ချစ်ရတဲ့ သူရဲ့လက်ကို ကိုင်ခွင့်မရတဲ့ မောင့်အဖြစ်ကို ကြည့်ပြီး အသည်းနာလိုက်တာ မောင်ရယ်

သလဲပဲ၊ ဒီကိစ္စမျိုးကို သူကျူးလွန်မှာ မဟုတ်ကြောင်း ထပ်တလဲလဲ ပြောတယ်၊ မျက်လုံးကို မှိတ်၊ လက်အုပ်ချီပြီး ဘုရားကို တိုင်တည်ပြီး သစ္စာဆိုပြန်တယ်၊ မောင်က သူ အပြစ်ကင်းစင်ကြောင်း သက်သေပြမယ်လို့ ကတိပေးတယ်၊ မောင့်ကြောင့် ကျွန်မ မသေရဖူးလို့ ပြောလဲပြော၊ ငိုလဲငိုတယ်။

ရေခဲမုန့်ဆိုင်ရဲ့ ထောင့်နေရာလေးဖြစ်ပြီး လမ်းမဘက်ကို ကျောပေးထားတာဆိုတော့ မောင်ငိုတာကို ဘယ်သူမှ မမြင်ဘူး၊ လူကလဲ ရှင်းတယ်လေ၊ ဖြစ်ရလေ မောင်ရယ်၊ မောင် ငိုတာ မြင်တော့ ကျွန်မလဲ ငိုချင်လာတယ်။

ဒါနဲ့ ကျွန်မလဲ မောင့်လက်ကို နွေးထွေးစွာ ကိုင်လိုက်တယ်၊ မောင့်လက်တွေက အေးစက်နေတယ်၊ မောင်က သတိဝင်လာပြီး ကျွန်မလက်ကို အသာအယာ ဖယ်ထုတ်လိုက်တယ်။

မောင့်ရဲ့ သန့်စင် ဖြူဖွေးတဲ့ မေတ္တာကို ပြချင်တာနဲ့ မောင်က ကျွန်မလက်ကို ဖယ်ထုတ်လိုက်တာကို နားလည်ခွင့်လွှတ်နိုင်ပေမယ့် နှစ်ယောက်တည်း အခြေအနေမှာတောင် ချစ်ရတဲ့ သူရဲ့ လက်ကို ကိုင်ခွင့်မရတဲ့ မောင့်အဖြစ်ကို ကြည့်ပြီး အသည်းနာလိုက်တာ မောင်ရယ်။

ကျွန်မ မောင့်လက်ကို ကိုင်ခဲ့တာ ခွင့်လွှတ်ဖို့ ပြောလိုက်တယ်၊ မောင်က နားလည်ပုံရတယ်၊ ခွင့်လွှတ်မှုလဲ ရှိတော့ ကျွန်မ နှလုံးသားတွေ ကြေကွဲရပြန်ပြီပေါ့။

ကျွန်မ မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်လျှံလာတယ်၊ မျက်ရည်တွေ ပါးပေါ်မစီးဆင်းခင် တွဲရရွဲရှိနေတုန်း ကျွန်မရဲ့ လင်တော်မောင်က ဖြုန်းခနဲ ရောက်လာတယ်။

ကျွန်မ ကြက်သေ သေသွားတယ်၊ မောင်က နောက်ကို လှည့်ကြည့်လိုက်တယ်၊ လင်တော်မောင်က နှုတ်ခမ်း တဆတ်ဆတ်တုန်နေတယ်၊ သူ ပြောချင်တဲ့စကား ပြောထွက်ပုံ မရဘူး။

လင်တော်မောင်က ကျွန်မလက်ကို ရုတ်တရက်ဆိုသလိုပဲ ဆတ်ခနဲ ဆောင့်ဆွဲလိုက်တယ်၊ ဘာရယ်ကြောင့်မှန်းမသိ၊ ကျွန်မလဲ အလိုက်သင့်ထပြီးသား ဖြစ်သွားတယ်၊ ဘာမပြော ညာမပြောနဲ့ လင်တော်မောင်က ကျွန်မကို ဆွဲခေါ်သွားတယ်၊ ပြီးတော့ ကားနောက်ခန်းတံခါးကို ဖွင့်ပေးတယ်၊ ကျွန်မလဲ ဝင်ထိုင်လိုက်တယ်။

မောင် တစ်ယောက်တည်း ရပ်ပြီး ကျန်နေခဲ့တယ်၊ ကျွန်မ မောင့်ကို ကားထဲကနေ လှမ်းကြည့်လိုက်တယ်၊ လင်တော်မောင်က နောက်ကြည့်မှန်ကနေ ကျွန်မကို အကဲခတ်နေတယ်၊ မောင်က ကျသင့်ငွေကို ရှင်းနေတယ်။

လင်တော်မောင်က ကားစက်ကို နှိုးလိုက်တယ်၊ မောင်က ကျွန်မတို့ ကားရှိရာကို ကသောကမျော ပြေးလာတယ်၊ လင်တော်မောင်က ဂီယာသွင်းလိုက်တယ်ဆိုရင်ပဲ မောင်က လင်တော်မောင်ရှိရာကို ရောက်လာတယ်၊ ခဏ ခဏ ဆိုပြီး လင်တော်မောင်ကို ပြောတယ်။

လင်တော်မောင်က မောင့် မျက်နှာကို မကြည့်ဘူး၊ ကားကို လီဗာတင်ပြီး ထွက်လိုက်တယ်၊ ပြောလို့မရမှန်းသိတော့ မောင်က သူ့ကားဆီ သွားတယ်။

ကျွန်မက နောက်လှည့်မကြည့်ဘဲ ကားနောက်ကြည့်မှန်ကနေ မောင့်ကို လှမ်းကြည့်တယ်၊ လင်တော်မောင်က ခေါင်းပေါ်မှာရှိတဲ့ဘက်မှန် (နောက်ကြည့်မှန်)ကနေ ကျွန်မကို ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ကျွန်မက မရှက်နိုင်တော့ဘူး၊ လင်တော်မောင်ကို ကားရပ်ပေးဖို့ ပြောလိုက်တယ်။

ကျွန်မကို သိပ်ချစ်ပြီး သိပ်မြတ်နိုးတန်ဖိုးထားတဲ့ လင်တော်မောင်က ကားကို လမ်းဘေး ထိုးရပ်လိုက်တယ်၊ မောင်က ကျွန်မတို့ ကားကိုကျော်ပြီး ထိပ်က ပိတ်ရပ်လိုက်တယ်။

ကျွန်မကို သိပ်ချစ်တဲ့ လင်တော်မောင်ရယ်၊ ကျွန်မက သိပ်ချစ်ရတဲ့ မောင်ရယ်၊ ကျွန်မရယ်။

မောင်က ကားထဲဆင်းပြီး ကျွန်မတို့ဆီ လာတယ်၊ လင်တော်မောင်က မောင့်ကို မကြည့်ဘဲ ရှေ့တူရူကိုသာ ကြည့်နေတယ်၊ မောင်က လင်တော်မောင်ကို စကားပြောလို ကြောင်းတောင်းဆိုလိုက်တယ်၊ လင်တော်မောင်က အင်း မလှုပ်၊ အဲ မလှုပ်။

မောင်က အကြံအိုက်သွားတဲ့ပုံ၊ ကျွန်မက မောင်နဲ့ စကားပြောဖို့ လင်တော်မောင်ကို ပြောလိုက်တယ်၊ ဒါပေမယ့် လင်တော်မောင်က တုတ်တုတ်မျှ မလှုပ်၊ မောင်က လင်တော်မောင်ကို ရှင်းပြဖို့ ထပ်မံ တောင်းဆိုလိုက်တယ်။ လင်တော်မောင်ကတော့. . .

ပတ်ဝန်းကျင်မှာ ဘာမှ မရှိတဲ့ပုံစံမျိုး။

မောင်က ကျွန်မတို့ မိသားစု အခါအားလျော်စွာ ညစာစားတဲ့ စားသောက်ဆိုင်ကိုချိန်းပြီး ကားကို မောင်းပြီး ထွက်သွားတယ်။

လင်တော်မောင်က မလှုပ်သေး၊ ကျွန်မက လင်တော်မောင်ကို မောင့်ဆီ လိုက်သွားဖို့ ပြောလိုက်တယ်၊ ကျွန်မကို ချစ်တဲ့ လင်တော်မောင်က ကျွန်မ စကားကို အသိအမှတ်ပြုတယ်၊ ဒါပေမယ့် မသွားချင် သွားချင်တဲ့ ပုံစံမျိုးနဲ့ မောင် ချိန်းထားတဲ့ စားသောက်ဆိုင်ဆီ လိုက်သွားကြတယ်။

မောင်က သီးသန့်စားသောက်ခန်းလေးထဲက စောင့်နေရှာတယ်၊ စကားပြောရင် ပတ်ဝန်းကျင်က မကြားနိုင်တဲ့ အခန်းကို ရွေးထားတာ။ စားပွဲထိုး လမ်းညွှန်လိုက်လို့ လင်တော်မောင်နဲ့ ကျွန်မ အဲဒီအခန်းထဲကို ရောက်ခဲ့ကြတယ်။

ကျွန်မရဲ့ လင်တော်မောင်နဲ့ မောင်က ညီအစ်ကိုအရင်း၊ ညီအစ်ကို သုံးယောက်ရှိတယ်၊ အလတ်က နိုင်ငံခြားမှာ မောင်က ညီအငယ်ဆုံး။

မောင်က သူ့အစ်ကို အကြီးဆုံးမို့ ကိုကိုကြီးလို့ ခေါ်တယ်၊ ကျွန်မက ကိုကြီးလို့ပဲ ခေါ်တယ်၊ အားလုံးက မောင့်ကို အထွန်းလို့ ခေါ်တယ်။

စားပွဲဝိုင်းမှာ ထိုင်လိုက်ကြတယ်၊ လင်တော်မောင်နဲ့ မောင်က မျက်နှာချင်းဆိုင်၊ မောင်က ကျွန်မရဲ့ ညာမျက်စောင်းထိုးမှာ။

မောင်ကပဲ စပြီး သူ့ကိုကိုကြီးကို လက်အုပ်ချီ ကန်တော့တယ်၊ ကျွန်မနဲ့ မောင်တို့ နှစ်ဦးကို တလွဲမထင်ဖို့ ပြောတယ်၊ လင်တော်မောင်က မျက်နှာ သိပ်မကောင်းလှ၊ သိပ်ချစ်ရတဲ့ ညီအငယ်ဆုံးနဲ့ သိပ်ချစ်ရတဲ့ တစ်ပတ်နွှမ်းဇနီး။

ဒီနှစ်ဦးကြားမှာ သူ. . . ။

မောင်က ကြေကွဲစွာနဲ့ စတင်ပြီး ပြောတယ်။

ကျွန်တော် မမကို ဘယ်လောက်ချစ်တယ်ဆိုတာ ကိုကိုကြီး အသိဆုံးပါ၊ ဒါပေမယ့် သန့်စင်မွန်မြတ်တဲ့ မေတ္တာနဲ့ ချစ်ခဲ့ရတဲ့ ချစ်ခြင်းပါ။ မမကို ချစ်ရတဲ့



အချစ်မှာ ကာမတဏှာရစ်ပတ်မှု မရှိခဲ့ပါဘူး၊ မမက ကျွန်တော့်ကို ချစ်တာလဲ စကားမပီကလာ ပြောတတ်တဲ့ ဟိုးငယ်ငယ်ကလေးကပါ၊ စက်ဆုပ်ရွံ့ရှာစရာကောင်းတဲ့ တောထဲ မမကို ဘယ်တော့မှ ခေါ်ဆောင်မသွားဘူးဆိုတာ ကိုကိုကြီး သိစေချင်တာပါ။

ကိုကိုကြီးက ကျွန်တော့်ကို ညီအငယ်ဆုံးမို့ သိပ်ချစ်တယ်ဆိုတာ ကျွန်တော်သိပါတယ်၊ မမနဲ့ ကျွန်တော့်အပေါ် သဘောထား မသေးသိမ်ဘူးဆိုတာလဲ သိပါတယ်၊ ကနေ့တော့ ဗျာ ကျွန်တော်သိပ်ချစ်ရတဲ့ ကိုကိုကြီးက ကျွန်တော့်ရှေ့မှာပဲ မမရဲ့လက်ကို။

မောင်က စကားမပြောနိုင်တော့ပဲ မျက်ရည်တွေ သွန်ချလိုက်သလို ဒလဟောကျလာတယ်၊ ဝမ်းနည်းပက်လက်ပုံစံမျိုးနဲ့။

စိတ်ပျော့လိုက်တာ မောင်ရယ်၊ ကျွန်မစိတ်ထဲက ရေရွတ်မိတယ်။

ဒီတော့မှ လင်တော်မောင်က ထိုင်ခုံမှ ကပျာကယာထပြီး မောင့်ဆီကို သွားတယ်။

"အထွန်းကလဲကွာ၊ ကိုကိုကြီး ဒီလိုစိတ်ထားမျိုးနဲ့ လုပ်ခဲ့တာ မဟုတ်ပါဘူး၊ အထွန်းရဲ့အကြောင်းကို ကိုကိုကြီး အသိဆုံးပါ၊ အထင်အမြင်လွဲတဲ့စိတ်နဲ့ အထင်သေးတဲ့စိတ်နဲ့ လုပ်တာမဟုတ်ဘူးဆိုတာ အထွန်းသိ စေချင်တယ်ကွာ။

အထွန်းနဲ့ မတို့ရဲ့ အကြောင်းကို လူတကာပြောမယ်၊ ကဲ့ရဲ့မယ်ဆိုရင် ကိုကိုကြီး ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး၊ အထွန်းရဲ့ ကိုယ်ကျင့်တရားနဲ့ သိက္ခာကို သိတယ်၊ နားလည်တယ်၊ သံသယစိတ်လဲ လုံးဝမရှိဘူး၊ ဒါပေမယ့် ပတ်ဝန်းကျင် ဝေဖန်ပြောဆိုလာမယ့် လမ်းကြောင်းကို ပိတ်ချင်လို့ ဒီလို လုပ်လိုက်မိတာပါကွာ"

ဟုတောင်းပန်သလို ချော့သလို မျိုး ပြောလေသည်။ အထွန်းက ခေါင်းငုံ့ထားပြီး ငိုဆဲ။ လက်ဖမိုးနဲ့ရော၊ လက်ဖဝါးနဲ့ပါ မျက်ရည်များကို သုတ်နေရှာတယ်။ ကလေးလေး ကျနေတာပဲ။

www.burmeseclassic.com

လင်တော်မောင်က မ လည်း ခင်ပြောပါဦးဆိုတဲ့ သဘောနဲ့ မျက်နှာ အမူအယာပြပြီး ကျွန်မကို တောင်းဆိုလိုက်ပါတယ်။

ဒီတော့မှ ကျွန်မက. . .

"အထွန်း ကိုကြီးရှင်းပြတာကို လက်ခံလိုက်ပါ၊ ကိုကြီးက အထွန်း မျက်နှာ အငြိုအငြင်ကို ဘယ်ခံချင်ပါ့မလဲ"

အနည်းငယ်ကလေး ပြောလိုက်တာနဲ့ပဲ ကျွန်မရဲ့စကားက အောင်သွားတယ်။ အငိုတော့ရပ်သွားတယ်၊ ရှိုက်သံတော့. . .။

အားလုံး အတွေးကိုယ်စီနဲ့ ငြိမ်ထိုင်လိုက်ကြတယ်။ အခန်းထဲမှာ ခေတ္တတိတ်ဆိတ်နေတယ်။

မောင်က ခေါင်းငုံ့ရာမှ ခေါင်းမော့လာပြီး လင်တော်မောင်ကို ကြည့်လိုက်တယ်။ ပြီးလျှင် ကျွန်မဘက်ကို လှည့်လိုက်တယ်။

"ကျွန်တော် မမကို သိပ်ချစ်တယ် ကိုကိုကြီး"ဟု မဆိုင်းမတွ ပြောလိုက်တယ်။ ရင်ထဲက လာတဲ့ စကား မခမ်းနားပေမယ့် ဆန်းပြားတယ်။

ကဗျာလေးတစ်ပုဒ်ကို ဖတ်ဖူးတယ်မောင်။ ခေါင်းစဉ်ကလေးက ငှက်တေလေနဲ့ အကြွေပန်းရဲ့ ကဗျာကလေးက တိုတိုလေးပါ။

ငှက်တေလေနဲ့ အကြွေပန်း
မခမ်းနားပေမယ့်
Heart ထိတယ်. . . တဲ့။

"ကျွန်တော် လေးနှစ်သားအရွယ်တုန်းက မှတ်မိနေသေးတယ်၊ မူကြိုကျောင်းစတက်တဲ့နေ့၊ မူကြိုကျောင်းဝတ်စုံနဲ့ သနပ်ခါး အဖွေးသား။

မေမေက ကျွန်တော့်ကို မူကြိုပို့မယ့်အချိန်မှာ မမ ရောက်လာတယ်၊ အထွန်းက လှလိုက်တာဆိုပြီး ကျွန်တော့်ပါး နှစ်ဖက်ကို မမက ထိုင်ပြီး နမ်းလိုက်တယ်။

မမကို ချစ်လားလို့ မေးတော့ ကျွန်တော်က ခေါင်းညိတ်လိုက်တယ်၊ မမကိုချစ်ရင် အာဘွားပေးလို့ ပြောတော့ ကျွန်တော်က အာဘွားပေးလိုက်တယ်၊ မမက သိပ်ကျေနပ်သွားပြီး ကျွန်တော့်ကို ထပ်ပြီး နမ်းပြန်တယ်။

အဲဒီတုန်းက ကျွန်တော်က (၄) နှစ် မပြည့်သေးသလို မမကလည်း (၁၈)နှစ် မပြည့်သေးဘူး၊ တက္ကသိုလ်တက်နေတုန်း။

ကျွန်တော့်ကို မမနမ်းတာတွေ၊ ကျွန်တော်က ပြန်ပြီး အာဘွားပေးတာတွေ အရင့်အရင်တုန်းက ရှိခဲ့ပေမယ့် အဲဒီနေ့ကျမှ မမကို ကျွန်တော်ချစ်ခဲ့မိတာ။ မူကြိုကျောင်း သွားချိန်ဆိုရင် မမကို ရှာကြည့်မိတယ်၊ မမ လာမလားဆိုပြီး။

တွေ့တဲ့အခါတိုင်း မမက နမ်းတယ်၊ ကျွန်တော်က အာဘွားပေးရတယ်။ မမက အထွန်းကြီးရင် ဘာလုပ်မလဲလို့ မေးရင် ဆရာဝန်လုပ်မယ်လို့ ကျွန်တော်က အမြဲပြောတယ်၊ မမကို ဆေးထိုးပေးမယ်လို့လဲ အမြဲပြောတယ်၊

မမက သဘောကျပြီး ရယ်တယ်။ မမရယ်တဲ့ အသံလွင်လွင်လေးကို ကျွန်တော် သိပ်သဘောကျတယ်၊ မမနှုတ်ခမ်းကလေး လှုပ်ရှားသွားတဲ့ ရယ်တဲ့ဟန်ကိုလည်း ခဏခဏ မြင်ချင်တယ်။

မမက အထွန်းကြီးရင် မိန်းမ ယူမှာလားလို့ အမြဲမေးတယ်၊ ကျွန်တော်က ယူမယ်လို့ အမြဲ ပြန်ဖြေတယ်။ မမက သိပ်သဘောကျပြီး စကားသိပ်တတ်တာပဲလို့ပြောပြီး ပါးကိုဖွဲ့ပါတယ်။

တစ်ရက်မှာ. . .

အဲဒီရက်က ကျွန်တော့်ရဲ့ (၅) နှစ်မြောက်မွေးနေ့ပွဲ။

မမက ကျွန်တော့်ရှေ့ တည့်တည့်မှာ ဒူးတုပ်ထိုင်လိုက်ပြီး ပြုတ်နေတဲ့ အင်္ကျီကြယ်သီးကို တပ်ပေးတယ်၊ ကျွန်တော်က မတ်တတ်ရပ်နေရာက မမရင်ခွင်ထဲကို ထိုင်လိုက်တယ်။

ဒါပေမယ့် မမက ကျွန်တော့်ကို သူ့ရှေ့တည့်တည့် ရပ်ခိုင်းပြီး အသင့်ပါလာတဲ့ ဘီးနဲ့ ကျွန်တော့်ဆံပင်ကို ဖြီးပေးတယ်။

ပြီးတော့ အထွန်းက မိန်းမ ယူမှာလား လို့မေးရင်၊ ယူမယ်လို့ အမြဲ ပြောတယ်၊ ဘယ်သူကို ယူမှာလဲလို့ ရယ်ရယ်မောမောနဲ့ မေးတယ်။

ကျွန်တော်က ပြန်မဖြေဘူး။ ကောင်ကလေး စကားမပြောတတ်တော့ဘူးလို့ မမက ကျီစယ်တယ်။

မမကို ယူမယ်လို့ ကျွန်တော်က ရုတ်တရက် ပြောလိုက်တယ်၊ မမက သိပ်အံ့ဩသွားတယ်၊ နောက်တော့မှ ကိုယ်ကလေးကို သိမ့်သိမ့်တုန်အောင် လှုပ်ပြီး ဟက်ဟက်ပက်ပက် ရယ်တယ်၊ မျက်ရည်ကျမတတ်ပဲ။

ပြီးတော့ ချစ်တယ် လို့ပြောပြီး ပါးကို ဖွဲ့လိုက်တယ်၊ ချက်ချင်းဆိုသလိုပဲ ကျွန်တော့်ရှေ့က ထွက်ပြေးသွားတယ်။

မမထွက်ပြေးသွားတဲ့ ယိမ်းနွဲ့နွဲ့ အမူအရာလေးက ကျွန်တော့်ရင်ထဲ စွဲကျန်နေတယ်၊ ကနေ့ထိပဲ။

အဲဒီကတည်းက ကျွန်တော့်ရဲ့ အချစ်ကို မမ လက်ခံခဲ့တယ်လို့ ကျွန်တော်ထင်ခဲ့တယ်။

ဒါကို အနီးအနားမှာ ရှိနေတဲ့ ကိုကိုကြီးလည်း မြင်တယ်၊ ကြားတယ်၊ အထွန်းက အဲဒီကတည်းက မမကို ချစ်ခဲ့တာ၊ မမကလည်း အဖြေပေးခဲ့တာပဲ၊ ဒါပေမယ့် ကလေးဆိုတဲ့ သဘောနဲ့လားပဲ။

ကိုကိုကြီးက မမကို ဒီလိုမပြောရဘူးလို့ ဆုံးမတယ်၊ ကျွန်တော်က ကြီးလာရင် မမကို ယူမယ်လို့ ကိုကိုကြီးကို ထပ်ပြီး ပြောခဲ့တယ်။

ကိုကိုကြီးကလည်း ရယ်တော့တာပဲ။ နှုတ်က "အာဂကလေးပဲ" လို့ ရေရွတ်လိုက်သေးတယ်။

အဲဒီအချိန်ကတည်းက မမကို ချစ်ခဲ့တာ၊ မြတ်နိုးခဲ့တာ၊ မမပြောခဲ့တဲ့ ချစ်တယ် ဆိုတဲ့ စကားကို ကျွန်တော့်ရင်ထဲ ဒီကနေ့အထိ သိမ်းထားခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com

မမကတော့ သိမ်းထားသလား မသိဘူး၊ သူငယ်နှပ်စား အရွယ်ကလေး တစ်ယောက်ကို မမ လှည့်စားတာ မဟုတ်လောက်ပေမယ့် ပေါ့ပြက်ပြက် များ ပြောသွားသလားဆိုတာ အခုမှ ပြန်တွေးခဲ့မိတယ်။

သူငယ်တန်း တက်ရတော့မှာ မို့လို့ မမက အားရင် ကျွန်တော့်ကို စာ သင်ပေးတယ်၊ အိမ်ရှေ့ရေကန်ငယ် ကလေးထဲမှာ ဘဲတွေရော၊ ငန်းတွေ ရော ရေကူးနေကြတယ်။

ဘဲငယ်ကလေးတွေလဲပါတယ်၊ မမက ဒါကလေးကို နှုတ်တိုက် သင်ပေး တယ်၊ ကဗျာဆန်တဲ့ စာသားလေးဆို တော့ ကျွန်တော်အလွတ်ရသွားတယ်၊ ကနေ့ထိပဲ။

ရေကန်ထဲက ဘဲကလေး
ဆူဆူညံညံ အသံပေး၏
အစာစားရန် လာနေသည်
လူကလေး မဖမ်းရ။ . . . တဲ့

ဒါပေမယ့် ကျွန်တော်က လူက လေး အဖမ်းရလို့ လိုက်ဆိုတယ်။ မမက မှားနေတာကို ပြင်ပြီး သင်ပေးတယ်။ မ နဲ့ အ မကွဲတဲ့ ကျွန်တော့်ကို. .

“ဘယ်လိုသင်သင် လူကလေး အဖမ်းရလို့ပဲ ဆိုတယ်” လို့ပြောပြော ဆိုဆို ပါးကလေးကို အသာအယာဖွဲ့ပြီး

“ချစ်လိုက်တာ” ဆိုပြီး နမ်းပြန် တယ်၊ ကျွန်တော်စားအံ့တာကို ပြုံးပြုံးနဲ့ သိပ်သဘောကျနေကဲ့ မမကို ကနေ့ ထက်ထိ မျက်လုံးထဲမှာ စွဲထင်နေသေး တယ်၊ အရေးအခင်းဖြစ်တော့ ကျောင်း တွေပိတ်လိုက်ရတယ်၊ မမတို့တက္ကသိုလ် လည်း ပိတ်ထားတယ်။

မမ အိမ်ထောင်ပြုတော့ ကျွန် တော် ကျိတ်ငိုခဲ့ရတယ်။ မင်္ဂလာပွဲမှာ သတို့သမီး ဝတ်စုံနဲ့ လှချင်တိုင်းလှနေ တဲ့ မမရဲ့လက်ကို တွဲပြီး သတို့သားနဲ့ အတူ လိုက်ခဲ့တယ်၊ မမက ဧည့်ခံနေ ပေမယ့် ကျွန်တော့်လက်ကို မဖြုတ် သလို ကျွန်တော်ကလည်း မမလက်ကို မဖြုတ်ခဲ့ဘူး။

တစ်ဖက်က သတို့သားက မမရဲ့ လက်ကို ဆုပ်ကိုင်ထားတယ်။ ကြာတော့ မမရဲ့ သတို့သားက ငြိုငြင်လားသလား မသိ၊ ကျွန်တော့်လက်ကို အတင်းဆွဲ ဖြုတ်တယ်၊ မမက စိတ်ဆိုးသလို ကျွန် တော်ကလည်း ကျုံကျုံပါအောင် ငို တယ်။

ကိုကိုကြီးက အပြေးအလွှား လာပြီး ကျွန်တော့်ကို ချော့တယ်။ ဒါပေ မယ့် မမရဲ့ သတို့သားကို ကျေနပ်ပုံ မရဘူး၊ သူတို့က မမကို ပြိုင်တူ ပိုးပမ်း ခဲ့ကြတာဆိုတော့ ကိုကိုကြီး မကျေနပ် တာကလဲ သဘာဝကျပါတယ်။

အဲဒီကတည်းက မမနဲ့ ကျွန် တော် လက်တွဲပြုတ်ခဲ့ကြတယ်။ မမက သျှောင်နောက်ဆံထုံးပါ ဆိုသလို သူ့ ခင်ပွန်းသည်နောက် လိုက်သွားတယ်။

မမကို တစ်နေ့မှ မေ့မရခဲ့ဘူး။ နုနယ်တဲ့ နှလုံးသားလေးမှာ အချစ်ဆို တဲ့ သန္ဓေတည်ခဲ့တာ တော်တော်ထူး ဆန်းပါတယ်။

လူကြီးတွေ ပြောစကားအရ မမရဲ့ အိမ်ထောင်ရေး ပြိုကွဲသွားတယ် ဆိုတာ သိလိုက်ရတယ်။ ကျွန်တော် စိတ်မကောင်း ဖြစ်ရတယ်။ အရွယ် ရောက်ရင် မမကို လက်ထပ်မယ်လို့ ထပ်ပြီး သန္နိဋ္ဌာန်ခိုင်ခိုင် ချလိုက်တယ်။

အိမ်ချင်းကပ်ရက် ဆိုတော့ ကျွန်တော်တို့ အိမ်ကို မမက လည် တယ်။ ကျွန်တော် သိပ်ပျော်မိတယ်။ ဒါပေမယ့် ငယ်ငယ်ကလို မမက မနမ်း တော့ဘူး။

“အထွန်းက ထွားလာလိုက်တာ၊ လူပျိုကြီး ဖြစ်နေပြီ” ဆိုပြီး ရယ်တယ်။ ဒါပေမယ့် ကျွန်တော့်ကို ကြင်ကြင်နာ နာနဲ့ ဆက်ဆံတယ်။

ကျွန်တော် (၁၀)တန်းမဖြေခင် မှာပဲ မမက ကိုကိုကြီးနဲ့ အိမ်ထောင်ပြု လိုက်တယ်။

ကျွန်တော့်နှလုံးသားတွေ ကြေမွ သွားသလို ကျွန်တော့်ရည်မှန်းချက် တွေလည်း ပျက်ပြယ်ကုန်တယ်။ ဒါပေ မယ့် ကျွန်တော်သိပ်ချစ်ရတဲ့ ကိုကိုကြီးနဲ့ လက်ထပ်လိုက်တယ်ဆိုတော့ ခံသာ တယ်ဆိုပြီး နေလာခဲ့တယ်။

ကိုကိုကြီးက အိမ်ခွဲနေလိုက် တယ်။ မမနဲ့ သိပ်မတွေ့ဖြစ်ပြန်တော့ ဘူး။ ဒါပေမယ့် မမကို ချစ်တဲ့စိတ်က ရင်ထဲမှာ အစိုင်အခဲတစ်ခု ဖြစ်နေပြီ။

နှလုံးသားကို လောကဓံတရား က ဘယ်လောက်ပဲ ရိုက်ပုတ်ထုထောင်း ပေမယ့် မမကို ချစ်တဲ့စိတ်က တဖြည်း ဖြည်း ရင့်သန်လာခဲ့တယ်။ ရည်မှန်းချက် ဖြစ်တဲ့ ဆရာဝန်လည်း ဖြစ်ခဲ့ပြီ။ နယ် ဆေးရုံတွေမှာ အချိန်ကုန်ခဲ့ပြီး မန္တလေး ကို ပြန်ရောက်လာတယ်။

ကိုကိုကြီးက အစုရှယ်ယာတစ်ခု အတွက် သူ့ရဲ့တိုက်ကို ရောင်းပြီး ကျွန် တော်တို့တိုက်ကို ပြောင်းလာခဲ့တယ်။

အနီးကပ်နေခွင့်ရမှ မမနဲ့ ကိုကို ကြီးရဲ့ အိမ်ထောင်ရေးက နှလုံးသားမပါ တဲ့ အိမ်ထောင်ရေးဆိုတာ သိခဲ့ရတယ်။ လင်က လင့်ဝတ္တရားကျေပွန်ပြီး မယား က မယားဝတ္တရားကျေပွန်တာလောက် ပဲရှိတာ။

မမက ကိုကိုကြီးကို ချစ်လို့ လက်ထပ်တာမဟုတ်ဘူးဆိုတာ ထင် ရှားလာတယ်။ ကိုကိုကြီးကတော့ မမကို တကယ်ချစ်တယ်ဆိုတာကို သိခွင့်ရခဲ့ တယ်။

နိစ္စဓူဝ မြင်တွေ့နေရတဲ့ အိမ် ထောင်ရေးနဲ့ အသက်မပါတဲ့ မမရဲ့ နှလုံးသားကို မြင်တွေ့ရတယ်။ ဒီတော့ မမကို သနားစိတ်ဝင်လာမိပြန်တယ်။

နှလုံးသားက အချစ်သန္ဓေစိတ် ရင့်သန်တာရယ်၊ သနားတာရယ်ပေါင်း စပ်ပြီး အရွယ်ရောက်ရင် လက်ထပ်မယ် လို့ (၄)နှစ်သားကတည်းက သန္နိဋ္ဌာန်ချ ထားတာ အားလုံးကို မမဆီ ရင်ဖွင့်မိခဲ့ တယ်။

မမက ရှက်တာကလွဲရင် ဘာမှ ပြန်မပြောပါဘူး။ အချိန်တွေလည်း တော်တော် ကြာညောင်းလာတယ်။ ဒါပေမယ့် သိပ်မကြာတဲ့ ကာလတစ်ခု



www.burmeseclassic.com

www.burmeseclassic.com

မှာတော့ မမရဲ့ မျက်ဝန်းထဲမှာ ကျွန်တော့်ကို ချစ်တယ်ဆိုတဲ့အရိပ်အယောင်ကို တွေ့လိုက်ရတယ်။ မမက ဘယ်လောက်ပဲ ဟန်ဆောင် ဟန်ဆောင် မျက်လုံးတွေက ဟန်ဆောင်လို့ မရပါဘူး။

ဒါကြောင့် မမကို ကျွန်တော်ရဲရဲတင်းတင်း ချစ်ရေးဆိုခဲ့တယ်။ မမရင်တွေ ခုန်နေတယ်ဆိုတာ သိရတယ်။ မမနှုတ်က ဖွင့်မပြောပေမယ့် မျက်လုံးတွေက ချစ်တယ်လို့ ပြောနေတယ်။

ရှက်သွေးဖြာပြီး ပန်းနုရောင်ပြေးနေတဲ့ ပါးပြင်က မမရဲ့မျက်နှာကို အလှပဆုံး ဆေးရောင်ခြယ်လိုက်တယ်။ အဲဒီအချိန်မှာ မမက သိပ်ပြီးလှနေတယ်။ ဘယ်ပန်းချီဆရာမှ မမရဲ့ အလှအပကို ရေးဆွဲနိုင်မှာ မဟုတ်သလို ဘယ်စာဆိုတော်မှလည်း မမရဲ့အလှကို ရေးဖွဲ့နိုင်မှာ မဟုတ်ပါဘူး။

မမရဲ့ နှုတ်ခမ်းလေးတွေတုန်နေတယ်။ မမက တစ်ခုခုကို ပြောဖို့ဟန်ပြင်နေတယ်။ မျက်ဝန်းအိမ်ထဲမှာ ချစ်မျက်ရည်လေးတွေ လွှမ်းနေတယ်။ မျက်လုံးဟာ တဖိတ်ဖိတ်တောက်လာတယ်။

ဖြောင့်စင်းနေတဲ့ မျက်တောင်လေးတွေလည်း ကော့တက်လာတယ်။ မျက်ဝန်းဟာလည်း တဖြည်းဖြည်း ပြာလာတာကို တွေ့လိုက်ရတယ်။

ပြီးတော့မှ "အထွန်းကို မမ သိပ်ချစ်တယ်" လို့ပြောပြီး မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ငိုလိုက်တယ်။ ပြီးတော့ အခန်းထဲကို ဝင်သွားတယ်။ နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာက လာတဲ့ စကားဆိုတာ သိလိုက်ရတယ်။ ကျွန်တော်ကတော့ ဧည့်ခန်းထဲမှာ။

သိပ်ပြီး ဝမ်းသာခဲ့ပေမယ့် မမငိုတာမြင်လိုက်ရတော့လည်း ဝမ်းနည်းသလို ဖြစ်သွားတယ်။ ဝမ်းနည်းခြင်းဟာ ဝမ်းသာခြင်းနဲ့ ဆန့်ကျင်ဘက်ဆိုပေမယ့် အခုတော့ အဲဒီနှစ်ခုဟာ ပေါင်းယှက်နေတယ်။

မမပြောလိုက်တဲ့ . . .

"အထွန်းကို မမ သိပ်ချစ်တယ်" ဆိုတဲ့ စကားသံက ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်တူရိယာသံနဲ့မှ နှိုင်းလို့ မရအောင် သာယာလွန်းတယ်၊ ချိုလွင်လွန်းတယ်လို့ ခံစားရတယ်၊ ဖရဏာပီတိ ဝမ်းဆိုတိဆိုတာ ဒါမျိုးပဲ ထင်တယ်။

ပူလောင်တဲ့ နှလုံးသားဟာ ကြည်လင်အေးမြတဲ့ စမ်းရေကြည်နဲ့ ထိလိုက်လို့ လန်းဆန်းတက်ကြွသွားသလို ကမ္ဘာပေါ်မှာ အပျော်ဆုံးလူသား ဖြစ်ခဲ့တယ်။

မမနဲ့ ကျွန်တော့်ရဲ့ အချစ်က တဖြည်းဖြည်း ခိုင်မာရင့်သန်လာခဲ့တယ်၊ ကိုကိုကြီးက မမကို မြတ်နိုးပေမယ့် သိပ်ချစ်ပေမယ့် မမက ကိုကိုကြီးကို ချစ်လို့ လက်ထပ်တာ မဟုတ်ဘူးဆိုတာ တိတိကျကျ သိလိုက်ရတယ်၊ မမရဲ့ နှလုံးသားက အချစ်စစ် အချစ်မှန်နဲ့ တွေ့လို့ ရေထိကြာလို လန်းဆန်းခဲ့ပြီ၊ ဖူးခဲ့ပြီ၊ ပွင့်ခဲ့ပြီ။

ကျွန်တော့်ရဲ့ အသက်(၃၀)ဆိုတဲ့ အရွယ်က မငယ်တော့ပါဘူး၊ ကျွန်တော် ဘာပြုလို့ ရှူးရှူးမိုက်မိုက် ဆုံးဖြတ်ရတာလဲ ဆိုတာ ကျွန်တော် မသိဘူး။ ကျွန်တော်သိတာက မမကို ချစ်တာပဲ သိတာ။

မမရဲ့ မျက်နှာကို နေ့စဉ် မြင်နေရလို့ ပျော်ခဲ့တယ်၊ မမလဲ ပျော်နေတယ်ဆိုတာ သိရတယ်၊ ကိလေသာ တဏှာပေမ မပါပေမယ့် မမကိုတော့ ပိုင်ဆိုင်ချင်တယ်၊ ဒါပေမယ့် ကျွန်တော် သိပ်ချစ်ရတဲ့ ကိုကိုကြီးရဲ့ ရင်ခွင်ထဲက မမကို အတင်းဆွဲထုတ်မှာ မဟုတ်ပါဘူး။

ကျွန်တော် မမကို ချစ်တယ်ဆိုတာ မမသိဖို့နဲ့ မမက ကျွန်တော့်ကို ချစ်တယ်ဆိုတာ ကျွန်တော်သိဖို့ပဲ၊ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် မေးဖက်ညီရင်း ချစ်ဖို့ပါပဲ။

"ဒါကြောင့် ကိုကိုကြီး ကျွန်တော့်ကို ခွင့်လွှတ်ပါ မမကိုလဲ ခွင့်လွှတ်ပါ" လို့ တောင်းပန်ခဲ့တယ်။

လင်တော်မောင်ရဲ့ ပါးပြင်ပေါ်မှာ မျက်ရည်တွေ စီးကျလာတယ်။ ပူလောင်တဲ့ မျက်ရည်လားတော့မသိ။ မျက်ရည်စီးကြောင်း စီးဆင်းတဲ့ ပါးပြင် ကနီရဲနေသယောင် တွေ့လိုက်ရတယ်။

သိပ်ချစ်တဲ့ မယားနဲ့ သိပ်ချစ်တဲ့ ညီငယ်ကြောင့် လင်တော်မောင်ဟာ ဘယ်လိုမှ ဆုံးဖြတ်ချက် မချနိုင်သလိုပါပဲ။ ခေါင်းကို ငုံ့ပြီး ဘေးဘယ်ညာ ရမ်းနေခဲ့တယ်။

သူမက သုံးပွင့်ဆိုင် ခရီးကြမ်းကို ရှည်လျားစွာ ပြောလိုက်ရသောကြောင့် အတန်ငယ် မောသွားဟန် ရှိသည်။ ရေသန့်ဘူးကို ဖွင့်ပြီး ရေအနည်းငယ် သောက်လိုက်သည်။

"ထူးဆန်းတာကတော့ လက်ထပ်ခဲ့တဲ့ လင်သားနှစ်ဦးစလုံးကို ချစ်ပါတယ်လို့ ဘယ်တုန်းကမှ ကျွန်မ မပြောခဲ့ဖူးဘူး" ဟု သူမက ထပ်မံ၍ ပြောသည်။

ပြီးလျှင် သူမ၏ ချစ်သူ အထွန်း၏ ဘွဲ့ဓာတ်ပုံနှင့် သူမတို့ မိသားစုလေး ယောက်ရိုက်ထားသည့် ဓာတ်ပုံကို ကျွန်တော့်အား ပြသခဲ့သည်။

"၂၀၁၁ ခု၊ ဇန်နဝါရီလ (၈)ရက် စနေနေ့ပဲ ဆရာ" ဟု သူမက ပြောသည်။ ကျွန်ုပ်က ခေါင်းညိတ်လိုက်သည်။

ထို့နောက် သူမသည် ကျသင့်ငွေရှင်းပြီး ကျွန်ုပ်၏ ဟောခန်းမှ ထွက်ခွာသွားလေသည်။ သူမ ပြောချင်သော စကားများကို ကျွန်ုပ်ထံ ရင်ဖွင့်လိုက်ရသဖြင့် ပေါ့ပါးသွားဟန်လည်း တူသည်။

ကျွန်ုပ်သည် သူမ ပြောခဲ့သည့် အဖြစ်အပျက် တစ်ခုလုံးကို MP3ဖြင့် အသံသွင်းထားခဲ့သည်။ သို့သော် ထိုကိစ္စကို သတိမရတော့သလို မေ့လျော့နေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏ အလုပ်ခန်း၌ နေ့စဉ်နေ့တိုင်း စဉ်ဆက်မပြတ် ဧည့်သည်များဖြင့် ဝိုင်းဝိုင်းလည်နေသောကြောင့်ပင် ဖြစ်သည်။

✿



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုသော နံနက်ခင်း၌

ကျွန်ုပ်ထံသို့ လူထူးလူဆန်းတစ်ယောက် ရောက်လာသည်။ သူမောင်းနှင် စီးနင်းလာသည့် ကားက တန်ဖိုးကြီးသော်လည်း ရိုက်သိမ်းပြုပြင်ထားခြင်းမရှိသော နှုတ်ခမ်းမွေး ကျိုးတိုးကျဲတဲ၊ မုတ်ဆိတ်မွေး ဗလဗျစ်၊ ဖြီးလိမ်းခြင်းမရှိသော ဆံပင်၊ တွန့်ကြေသော အဝတ်အစားတို့က လိုက်ဖက်ခြင်းမရှိပေ။

ထိုသူက သူ့ကိုယ်သူ မိတ်ဖွဲ့ပြီး ကျွန်ုပ်အား ပုံပြင်တစ်ပုဒ် ပြောလေသည်။ ထိုပုံပြင်တစ်ပုဒ်တည်းကိုသာ နေရာတကာ၌ ပြောခဲ့သည်ဟုလည်း ဆိုသည်။ သူပြောသည့် ပုံပြင်ကား. . .

မမ, အထွန်းနှင့် ကိုကိုကြီးတို့၏ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းအလုံးစုံပင်။ ကျွန်ုပ်သိထားသည့် အချက်များအပြင် ကျွန်ုပ်သိလိုသော အချက်များကို သူက ဤသို့ ပြောလေသည်။

၂၀၁၁ ခု၊ ဇန်နဝါရီလ (၈)ရက် စနေနေ့။

"ကျွန်တော့်လုပ်ငန်း အောင်မြင်မှုအထိမ်းအမှတ်အဖြစ် လုပ်ဖော်ကိုင်ဖက်တွေနဲ့ စားသောက်ဆိုင်တစ်ခုမှာ ပါတီပွဲလေး လုပ်ဖြစ်ခဲ့တယ်၊ ကျွန်တော် အရက် ကြိုက်တဲ့သူ မဟုတ်ပါဘူး၊ အပေါင်းအသင်း စုံရင်တော့ ဘီယာ နည်းနည်းပါးပါး သောက်ဖြစ်ပါတယ်။

ဒါပေမယ့် ဒီကနေ့တစ်နေ့လုံး ကျွန်တော့်ရင်တွေ ပူလောင်နေတယ်လေ၊ မနေ့ညကပဲ ကျွန်တော့်ချစ်မယားက ကျွန်တော့်ညီအငယ်ဆုံး အထွန်းကို သိပ်ချစ်တယ်လို့ ကိုယ်တိုင် နှုတ်က ဖွင့်ဟလာတယ်။

တစ်သက်မှာ တစ်ခါသာ ချစ်ခဲ့တဲ့ အချစ်လို့ သူကဆိုတယ်၊ ကျွန်တော် ဘယ်လောက်ခံစားရသလဲဆိုတာ ပြောနေစရာတောင် မလိုဘူး၊ အထွန်းကို ဘယ်လောက်ချစ်ချစ် ကျွန်တော့်ကိုတော့ ဒီလို ပြောမပြသင့်ဘူး"

ဟု ပြောပြောဆိုဆို ယောကျ်ားတန်မဲ့ မျက်ရည်တောက်တောက်ကျအောင် ငိုလေသည်။ ထို့နောက်. . .

"ဒီပုံပြင်ကို ပြောပြတိုင်း ဒီနေရာရောက်ရင် ကျွန်တော် ငိုနေကျပဲ ဆရာ၊ ကျွန်တော့်မျက်ရည်တွေကလဲ ကုန်ကို မကုန်နိုင်ဘူး၊ နောက်လဲ ငိုရဦးမှာပဲ ဆရာ"

ဟုပြောရင်း တရှုပ်ရှုပ် ငိုနေလေသည်။

ထို့နောက် ငိုသံပါကြီးဖြင့် ဤသို့ ဆက်ပြောသည်။

"ဒါနဲ့ အဲဒီညမှာ ကျွန်တော် အရက်အလွန်အကျွံသောက်လိုက်တယ်၊ တစ်သက်နဲ့တစ်ကိုယ် ဒါ ပထမဦးဆုံး အရက်ပြင်းကို သောက်ဖြစ်တာပါ၊ အရက်မူးလွန်လို့လားမသိ၊ မျက်စိထဲမှာ ဘာမှ မမြင်ရတော့ဘူး၊ မျက်စိကန်းသွားပြီထင်လို့ အော်ငိုလိုက်တယ်။

သူငယ်ချင်း အပေါင်းအသင်းတွေက နားထဲကို သံပရာရည်ညှစ်ထည့်ပေးတယ်၊ ပါးစပ်ထဲလဲ သံပရာရည်တွေ တိုက်တယ်၊ အမူးပြေသွားအောင်ပေါ့၊ အတော်ကြီးစားကြည့်မှ မှုန်တုန်တုန် ဝါးတားတား မြင်လာတယ်၊ အသိစိတ်တော့ မပျောက်ပါဘူး။

ကားကို ကိုယ်တိုင် မမောင်းနိုင်တော့လို့ သူငယ်ချင်းတွေက ကျွန်တော့်ကားကို မောင်းပြီး အိမ်လိုက်ပို့ပေးတယ်၊ တော်တော့်ကို မူးတာ၊ ဒါပေမယ့် အိမ်ထဲကို တန်းတန်းမတ်မတ် ဝင်နိုင်ခဲ့တယ်။

အိမ်ဖော် အဒေါ်ကြီးက တွဲပေးမယ်ဆိုတာတောင် တွဲစရာမလိုအောင်ပါပဲ။ ဧည့်ခန်းဆိုဖာပေါ်မှာ ခဏထိုင်လိုက်တယ်။

အဒေါ်ကြီးက သံပရာရည် တစ်ခွက်လာချပေးလို့ သောက်လိုက်တယ်၊ အဒေါ်ကြီးကို ထမင်းမစားတော့ကြောင်း ပြောလိုက်တယ်၊ သူလည်း သူ့အခန်းထဲ ပြန်ဝင်သွားတယ်။

အိမ်ကို ကျွန်တော် ပြန်ရောက်တော့ ညဥ့်နက်နေပြီ၊ ဆောင်းတွင်းဆိုတော့ စောစောအိပ်ကြတာ ထင်ပါတယ်၊ အိမ်ဖော်ကလွဲပြီး ဘယ်သူမှ မနိုးကြဘူး။

သံပရာရည် သောက်လိုက်လို့ နည်းနည်းလေး အမူးပြေလာတာနဲ့ အိမ်အပေါ်ထပ်ကို တက်ခဲ့တယ်၊ လှေကားလက်ရန်းကို ကိုင်ပြီး တက်တာတောင် မတက်နိုင်အောင် ဖြစ်နေတယ်။

ဒါနဲ့ အိမ်ပေါ်ကို လေးဖက်ထောက်ပြီး တစ်ထစ်ချင်း တက်မှ အပေါ်ထပ်ကို ရောက်ခဲ့တယ်၊ အရက်က အဲဒီလောက်ကို စွမ်းတာပဲ၊ အစက မသိခဲ့ဘူး။

ကျွန်တော်တို့ လင်မယားက ကိုယ့်အခန်းနဲ့ ကိုယ်နေကြတယ်၊ သားနဲ့ သမီးလဲ သူ့အခန်းနဲ့သူပဲ၊ အထွန်းကလဲ သီးသန့်အခန်းနဲ့ နေပါတယ်။

ဖေဖေနဲ့ မေမေက အိန္ဒိယနိုင်ငံမှာ ဖွင့်တဲ့ ဆရာကြီး ဂိုအင်ကာရဲ့ တရားစခန်းမှာ (၁၀)ရက်စခန်း ဝင်နေတယ်၊ ကျွန်တော့် နံဘေးချင်းကပ်လျက် အခန်းက မရဲ့ အခန်းပဲ။

အိမ်အပေါ်ထပ်လဲ ရောက်ရော ကျွန်တော်အခန်းဆီကို တန်းတန်းမတ်မတ်သွားခဲ့တယ်၊ အခန်းထဲဝင်ဖို့ တံခါးလက်ကိုင်ဘုကို လှည့်ပြီး ဝင်မယ့်အချိန်မှာပဲ မရဲ့ အခန်းထဲ အထွန်းရောက်နေမလားဆိုပြီး သံသယစိတ်နဲ့အတူ မနာလိုဝန်တိုစိတ်တွေ ဝင်ခဲ့တယ်။

ဒါနဲ့ မရဲ့အခန်းကို ဖွင့်လိုက်တော့ အလွယ်တကူ ပွင့်သွားပါတယ်၊ Lock ချမထားဘူး၊ ည ၁၁ နာရီခွဲ ကျော်နေပြီ၊ မ,က သူ့အိပ်ရာပေါ်မှာ ပုဆစ်တုပ်ကလေးထိုင်ပြီး တရားမှတ်နေတာကို တွေ့လိုက်ရတယ်၊ သူက ကျွန်တော်ဝင်လာတာကို သိဟန်မပေါ်ပါဘူး၊ သူ့နောက်ကျောကို အတန်ကြာ စိုက်ကြည့်နေမိတယ်။

အဲဒီလို ကြည့်နေရင်း စိတ်တွေ ဖောက်ပြားလာတယ်၊ ဒါနဲ့ မရဲ့ အနား ကို တိုးသွားလိုက်တယ်။

မက ခြေသံ ကြားလို့ပဲ၊ ဒါမှ မဟုတ် အရက်နံ့ကြောင့်လားတော့





www.burmeseclassic.com

www.burmeseclassic.com

မသိ၊ နောက်ကို လှည့်ကြည့်လိုက်တယ်။

ပုံပျက် ပန်းပျက် ဖြစ်နေတဲ့ ကျွန်တော့်ကို ရုတ်တရက် မြင်လိုက်တော့ လန့်သွားတယ်၊ နှလုံးရောဂါက လည်း ရှိတော့မယ် ရင်ဘတ်ကလေး ဖိပြီး ရှေ့ကို ကုန်းကုန်းကလေးဖြစ်ပြီး ပြန်ထလိုက်တယ်။

အဲဒီမှာပဲ ကျွန်တော်က အဗြဟ္မစရိယ အကျင့်မှားကို ပြုမိလိုက်တော့တယ်၊ သူ ပျော့ခွေသွားတယ်၊ တော်တော်လည်း မောနေရှာတယ်၊ အသက်ရှူမဝသလို ဖြစ်နေတယ်၊ အမောဖောက်ပြီး မျက်ဆန်က လန်လန်လာတယ်၊ ကျွန်တော်လဲ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတယ်၊ မူးတာတောင် ပြေသွားတယ်။

ဒါနဲ့ အထွန်းကို ကမန်းကတန်း နှိုးလိုက်တယ်၊ အထွန်းလဲ ဆေးအိတ် ယူပြီး လိုက်လာတယ်၊ ခုတင်ပေါ်မှာ ပွံ့ပွံ့ကလေး လဲနေတဲ့ မကို အထွန်းက ပွေ့လိုက်ရင်း "မမ မမ" နဲ့ ခေါ်လိုက်တယ်။

မ,က အထွန်း လက်ပေါ်မှာ မျက်လုံးကလေးအနည်းငယ် ပွင့်လာပြီး "အထွန်း" လို့ လေသံပျော့ပျော့လေးနဲ့ အားယူပြီး ခေါ်လိုက်တယ်၊

ကျွန်တော့်နားထဲကို မိုးကြိုးပစ်လိုက်တဲ့ အသံလို့ ထင်ရတယ်၊ မ က ကျွန်တော့်ဘက်ကို ကြည့်လိုက်တယ်၊ မျက်လုံးက မပွင့်တပွင့်၊ စကားပြောချင်ပုံရတယ်၊ ဒါပေမယ့် နှုတ်ခမ်းကို အင်မတန် လေးလံတဲ့ အရာဝတ္ထုတစ်ခုက ဖိထားသလိုပဲ။

"ခွင့်လွှတ်ပါ" ဆိုတဲ့ စကားပဲ ဖြစ်မယ်၊ မျက်လုံးက တောင်းပန်နေတဲ့ ပုံစံ၊ လက်အုပ်ချီဖို့ ကြိုးစားနေတယ်၊ ဒါပေမယ့် လက်က ပြုတ်ကျသွားတယ်၊ ဘယ်လိုခေါ်ခေါ် ဘယ်လောက်ခေါ်ခေါ် သူ ပြန်မထူးနိုင်တော့ဘူး။

ကျွန်တော်လည်း မ ရဲ့ နာမည်ကို ကျယ်ကျယ်အော်ခေါ်လိုက်တယ်။ မ မကြားတော့ဘူး၊ ထပ်ခေါ်တယ်၊ အချည်းနှီးပဲ။

ကျွန်တော့်ရင်ထဲက အစိုင်အခဲ က ပေါက်ကွဲသွားသလိုပဲ ကျွန်တော် အော်ပြီး ငိုမိတယ်၊ ဒါပေမယ့် ကျွန်တော် သိပ်ချစ်တဲ့ မ က ကျွန်တော့်ခေါ်သံကို မကြားတာလား၊ မကြားချင်တာလား မသိတော့ဘူး။

မ, ဆုံးပြီး တစ်လလောက် အကြာမှာ ရှေ့ဆင့်နောက်ဆင့်ဆိုသလို အထွန်း ဆုံးသွားတယ်။

မ က အထွန်းကို ခေါ်သွားတယ်၊ ဒီကောင့်ကိုတော့ ထားခဲ့တယ်"

ဟု ရင်ဘတ်ကို ပုတ်ပြီး ပြောလိုက်တယ်။

"ထားခဲ့မှာပေါ့ဗျာ"

ဟု ကြေကွဲသံက ထပ်မံထွက်ပေါ်လာသည်။

ထို့နောက် အတန်ငယ် တိတ်ဆိတ်သွားသည်။

"သူတို့နှစ်ဦး ဘဝဆက်တိုင်း ပေါင်းရစေသားလို့ကျွန်တော်ဆုတောင်းပေးလိုက်ပါတယ်၊ သူတို့က တကယ့်ချစ်သူတွေပါ" ဟု တမ်းတမ်းတတ ဆွေးဆွေးမြည့်မြည့် ပြောလေသည်။

သိပ်ထူးဆန်းတာက ကျွန်တော့်ကို "ချစ်ပါတယ်"လို့ နှုတ်က တစ်ကြိမ် တစ်ခါမှ မပြောခဲ့ဖူးဘူး၊ သူနောက်ဆုံး ပြောခဲ့တဲ့ ချစ်တယ်ဆိုတဲ့ စကားကလဲ ကျွန်တော့်အတွက် မဟုတ်ဘူး၊ ဒီကိစ္စကို ရင်နဲ့အမျှ ခံစားရတယ်၊ ကျွန်တော်ဟာ အချစ်ရဲ့ကျေးကျွန်များလားဆရာ"

သူ၏ လက္ခဏာတွင် ဦးခေါင်း လမ်းကြောင်း၏ အဖျားသည် ပြယ်နေသည်။

လက်မက စိတ်ကျရောဂါတစ်ခုကို ခံစားနေရကြောင်း ပြဆိုနေသည်။ သူကား စိတ်ဝေဒနာ စွဲကပ်နေလေပြီ။

သူသည် ကျွန်ုပ်အား အလုံးစုံ ခရေစေ့တွင်းကျ ပြောပြပြီးသည့်နောက် လက်အုပ်ချီ ကန်တော့ကာ ပြန်သွားလေသည်။

တစ်နေ့သ၌ တောင်သမန်အင်းထဲတွင် လူသေအလောင်းတစ်လောင်းကို လူအများ တွေ့ကြရသည်။

သိပ်မကြာခင် ကာလကတည်းက ဦးပိန်တံတားအပေါ်တွင် မကြာခဏ သူ့ကို တွေ့ရသည်ဟု ပြောကြသည်။

ထိုလူသေ ရုပ်အလောင်းကို အမှတ်မထင် ကျွန်ုပ်မြင်တွေ့ခဲ့ရသည်။ ကျွန်ုပ်၏ ဟောခန်းနှင့် သိပ်မဝေးလှသော တောင်သမန်အင်းစောင်း၌ ဖြစ်သည်။

ထိုသူကား သေဆုံးသွားသည့် တိုင်အောင် ပလတ်စတစ်လောင်းထားသည့် သူ့မိသားစု ဓာတ်ပုံကို မြဲမြံစွာ ဆုပ်ကိုင်ထားသည်။

ထိုဓာတ်ပုံကား . . .

"ဒီပုံပြင်ကို ပြောပြတိုင်း ဒီနေရာရောက်ရင် ကျွန်တော် ငိုနေကျပဲ ဆရာ၊ ကျွန်တော့်မျက်ရည်တွေကလဲ ကုန်ကို မကုန်နိုင်ဘူး၊ နောင်လဲ ငိုရဦးမှာပဲ ဆရာ" ဟူသော သူ၏ စကားကို ကြားယောင်နေသည်။

အချို့သည် အချစ်အတွက် လက်ထပ်ကြသည်။

အချို့ကား ဂုဏ်ပကာသနကြောင့် လက်ထပ်ကြသည်။

အချို့အချို့သော မိန်းကလေးများမှာမူကား ဘဝလုံခြုံရေးအတွက် လက်ထပ်ကြသည်။

"အကြင် တရားစုတို့သည် အကြောင်းသာလျှင် အမွန်အစ ရှိကြကုန်၏"

ယောဓမ္မာဟေတုပ္ပဘဝါ။

❒ **ဆရာရွှေမင်း(တောင်သမန်)**

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"ဘုရားထံသွားပြီး ဆုတောင်းရုံနဲ့ တန်ခိုးတော်နဲ့ ထပြီး မ,မယ့်ဘုရားလို့ ဗုဒ္ဓဘာသာဝင်တွေ ခပ်များများက ဦးပဋ္ဌင်းတို့ ဘုရားကို ယုံကြည်ယူဆနေကြတယ်၊ အဲဒါဟာ ဗုဒ္ဓဘာသာဝင်တွေအတွက် အင်မတန် ဘေးဥပဒ်အန္တရာယ် ကြီးမားတဲ့ အယူအဆကြီးပဲ၊ တန်ခိုးနဲ့ မ,တဲ့ ဘုရားပဲလို့ ယုံကြည်စွဲမှတ်ထားပြီးတော့ ဘုရားမှာ သွားပြီး ဆုတောင်းရော၊ ကိုယ်လိုတာကို ကံအားလျော်စွာ ရတဲ့အခါလဲ ရှိမယ်၊ မရတဲ့အခါလဲ ရှိမယ်၊ အကယ်၍ မရဘူးဆိုရင် ဘုရားက မ,မဘူးဆိုပြီး ဘုရားအပေါ်မှာ ယုံကြည်တဲ့ သဒ္ဓါတရားဟာ လျော့နည်းသွားတတ်တယ်။

တစ်ခါတုန်းက လူတစ်ယောက်ဟာ ဒီလိုပဲ ဘုရားမှာ ရေချမ်း၊ ဆွမ်း၊ ဆီမီးကပ်ပြီး ဆုတောင်းတယ်၊ သူလိုချင်တာကို မရဘူး၊ ဒီတော့ သူက ဘုရားအပေါ်မှာ သဒ္ဓါတရားတွေ လျော့သွားပြီးတော့ ဆွမ်းတော်ပွဲတွေ လွှင့်ပစ်၊ ရေချမ်းဖန်ခွက်တွေ ရိုက်ခွဲနဲ့ လုပ်ပစ်တယ်လို့ ကြားဖူးတယ်၊ ဒါကြောင့် ဘုရားအကြောင်းပြောရင် ဘေးဥပဒ်အန္တရာယ် ကြီးမားတဲ့ အယူအဆကြီးအကြောင်းကို ရှေးဦးစွာ ပြောသင့်တယ်လို့ ဦးပဋ္ဌင်း ယုံကြည်ပါတယ်"

●

ထိုကောက်နုတ်ချက် တရားတော်သည် အရှင်ဓမ္မဓဇ ဟောကြားတော်မူသော "အမြတ်ဆုံးသုံးဆူ" တရားတော်ထဲမှ ဖြစ်ပါသည်။ အရှင်ဓမ္မဓဇ၏ အမြတ်ဆုံးသုံးဆူ တရားတော် စာအုပ်သည် ပထမတွဲနှင့် ဒုတိယတွဲ နှစ်တွဲဖြစ်ပြီး စာမျက်နှာ စုစုပေါင်း ၉၂၀ ရှိပါသည်။

အမြတ်ဆုံးသုံးဆူ တရားတော်နှင့်ပတ်သက်၍ အရှင်သောဘန (အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်)မှ ဤသို့ သဘာပတိမိန့်ခွန်းတော် မိန့်မြွက်တော်မူပါသည်။

"ယနေ့ စပြီး ဟောပြောမည့် တရားပွဲကတော့ သံဝေဂရဟန်းတော် ရှင်မမ္မဓဇ ဟောပြောမည့် 'အမြတ်ဆုံးသုံးဆူ' တရားပွဲဖြစ်တယ်၊ အမြတ်ဆုံးသုံးဆူ ဆိုတာလဲ တခြားမဟုတ်ဘူး၊ ဗုဒ္ဓသာသနာဝင်တွေ အမြတ်ဆုံးအဖြစ်နဲ့ ကိုးကွယ်ဆည်းကပ်နေတဲ့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးပဲဖြစ်တယ်၊ ဒီဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအကြောင်းဟာ လူတိုင်း လူတိုင်း သိသင့်သိထိုက်တယ်၊ ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တွေအနေနဲ့ ဆိုရင်တော့ သာပြီးသိသင့်သိထိုက်ပေတယ်၊ ဘာကြောင့်လဲဆိုရင် ဒီရတနာမြတ်သုံးပါးဟာ ဗုဒ္ဓဘာသာဝင်တွေရဲ့ အမြတ်ဆုံးအနေနဲ့ သိမ်းပိုက်ထားတဲ့ ရတနာမြတ်အစစ်တွေ ဖြစ်နေလို့ပါပဲ" ဟူ၍ ဖြစ်ပါသည်။

ထို'အမြတ်ဆုံးသုံးဆူ' တရားတော်ကို ဟောကြားတော်မူသည့် သံဝေဂရဟန်းတော် အရှင်ဓမ္မဓဇသည် 'သခင်နု' ဖြစ်ပါသည်။

သခင်နုသည် မြန်မာနိုင်ငံတော် လုံးဝလွတ်လပ်ရေးရရှိပြီးသောအခါ မြန်မာနိုင်ငံတော်၏ ပထမဆုံး ဝန်ကြီးချုပ်အဖြစ် နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်နေစဉ် တပ်မတော်သည် နိုင်ငံတော်အာဏာကို သိမ်းယူပြီး ၁၉၆၂ ခုနှစ် မတ်လ ၂ ရက် နံနက်တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမောင် (မန်းဝင်းမောင်)နှင့် ထိပ်တန်းအစိုးရအဖွဲ့ဝင် ၅၂ ဦး အပါအဝင် နိုင်ငံရေးသမား များစွာကို ဖမ်းဆီးထိန်းသိမ်းခဲ့ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည် အမှတ်စဉ်-၂ ပုဂ္ဂိုလ်အဖြစ် အဖမ်းခံခဲ့ရပါသည်။

ဦးနုသည် နိုင်ငံရေး အကျဉ်းသားအဖြစ် လေးနှစ်ကျော်ကျော် အထိန်းသိမ်းခံခဲ့ရပြီးနောက် ၁၉၆၆ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင် လွတ်မြောက်ခဲ့လေသည်။

ထိုသို့ လွတ်မြောက်လာပြီးနောက် မြန်မာနှစ် ၁၃၂၈ ခု နတ်တော်လပြည့်ကျော် ၈ ရက်၊ ခရစ်နှစ် ၁၉၆၇ ခု ဇန်နဝါရီလ ၄ ရက်၊ ၁၉ ကြိမ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့တွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ဆရာတင်ပြီး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသက အနုသာသကနှင့် ပထမကမ္မဝါဆရာအဖြစ် ဆောင်ရွက်တော်မူကာ ကာရကသံဃာ ၁၅ ပါးတို့၏ ချီးမြှောက်ထောက်ပံ့မှုကို ရခဲ့သောကြောင့် သံဝေဂရဟန်းတော် ဖြစ်တော်မူလာသည်။ ရဟန်းဘွဲ့ အရှင်ဓမ္မဓဇ ဖြစ်ပါသည်။

အရှင်ဓမ္မဓဇသည် ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်မွှာရုံ၌ 'အမြတ်ဆုံးသုံးဆူ' တရားတော်ကို စတင်ဟောကြားတော်မူပါသည်။ အရှင်ဓမ္မဓဇသည် လူဝတ်ကြောင်ဘဝဖြင့် အကျဉ်းကျခံနေရစဉ် 'အမြတ်ဆုံးသုံးဆူ' တရားတော်အပါအဝင် 'အမြတ်ဆုံးရွှေပြည်'၊ 'အမြတ်ဆုံးအောင်နိုင်ခြင်း' စသည့် တရားတော်များကို ရေးသားပြုစုခဲ့ခြင်း ဖြစ်လေသည်။

ထို့အတူ တရားတော်စာအုပ်များ ရေးသားပြုစုရခြင်းနှင့် စပ်လျဉ်း၍ သခင်နုက ဤသို့ ပြောပြခဲ့လေသည်။

"ဤစာအုပ်ကို ကျွန်တော် ရေးချင်နေသည်မှာ ကြာပါပြီ၊ ရေးချင်သည်မှာလည်း အကြောင်းရှိပါသည်။ ဤအကြောင်းကို ရှေးယခင်အခါကလည်း အကြိမ်ကြိမ် ပြောခဲ့ဖူးပါပြီ။ သို့သော်လည်း ယခုကဲ့သို့ အခွင့်ကောင်းရတုန်းမှာ တစ်ကြိမ်ထပ်မံ၍ ပြောလိုပါသေးသည်။

ကျွန်တော်သည် မြန်မာတစ်နိုင်ငံလုံးရှိ အရပ်ဒေသတော်တော်များများကို အနှံ့အပြား ခရီးထွက်ခဲ့ဖူးပါသည်။ ခရီးထွက်သည့်အခါ ရောက်သည့်နေရာတိုင်းလိုလိုပင် စုံစမ်း



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ဖူးပါသည်။ ကျွန်တော် စုံစမ်းကြည့်သည့်အခါတိုင်း လူပေါင်းတစ်ရာလောက်မှာ ငါးပါးသီလကိုသိတဲ့လူပေါင်းဟာ အများဆုံး နှစ်ဦး သုံးဦးလောက်သာ ရှိသည်ကို တွေ့ရပါသည်။ ငါးပါးသီလသည် ဗုဒ္ဓဘာသာကို ကိုးကွယ်သူတိုင်း အနည်းဆုံး သိထိုက်သောတရား ဖြစ်ပါသည်။ ငါးပါးသီလ တရားမျှလောက်ကိုတောင်မှ ဗုဒ္ဓဘာသာဝင် အတော်များများက မသိကြတော့ဘူးဆိုလျှင် . . .

၁။ ဘုရားဟာ ဘယ်လို ဘုရားမျိုးလဲ။

၂။ တရားဟာ ဘယ်လို တရားမျိုးလဲ။

၃။ သံဃာဟာ ဘယ်လို သံဃာမျိုးလဲ။

ဆိုတာကို မျှော်မှန်းကြည့်နိုင်ကြဖို့ အတော်ကြီးခက်လှပါပြီ။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်နှင့် အဝေးကြီး ဝေးနေကြသော ဗုဒ္ဓဘာသာဝင်တွေကို . . .

၁။ ဘုရားဟာ ဘယ်လို ဘုရားမျိုးလဲ။

၂။ တရားဟာ ဘယ်လို တရားမျိုးလဲ။

၃။ သံဃာဟာ ဘယ်လို သံဃာမျိုးလဲ။

ဆိုတာကို မျှော်မှန်းကြည့်နိုင်အောင် အခြေခံပေးနိုင်မည့် ကျမ်းစာကလေးတစ်စောင်ကို ပြုစုစီရင် ရေးသားချင်သည့် ဆန္ဒတွေ ကျွန်တော့်မှာ တဖွားဖွား ပေါ်ပေါက်ခဲ့ပါသည်။ လေးနှစ်ကျော် အဖမ်းခံနေရသည့် ကာလအတော အတွင်း၌ ကျွန်တော်သည် ဤဆန္ဒတွေကို အကောင်အထည် ဖော်ပေးဖို့ အခွင့်အလမ်း အများကြီး ရခဲ့ပါသည်။ ဘုရား၊ တရား၊ သံဃာ တည်းဟူသော အမြတ်ဆုံးသုံးဆူနှင့်စပ်၍ ပြောရမည်ဆိုလျှင် ပြောစရာတွေ မြောက်မြားစွာ ရှိနေပါသည်။ ဤကျမ်းငယ်၌ ပြောထားသည်မှာ သမုဒ္ဒရာအတွင်းရှိ များစွာသော ရေအစုထဲမှ ရေစက်ကလေးတစ်စက်သာသာ ရှိပါသည်။"

ထိုကဲ့သို့ အရှင်ဓမ္မဓဇ ဘွဲ့အမည်တော်ဖြင့် ရဟန်းရှင်လူ ပရိသတ်ကြီးအား တရားတွေ ဟောပြောပြသ ဓမ္မဒါန ပြုနေသော ပုဂ္ဂိုလ်မြတ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှု နိုင်ငံရေးသမိုင်းမော်ကွန်းတွင် ဗိုလ်ချုပ်အောင်ဆန်းပြီးလျှင် အရှိန်အဝါ ဩဇာအကြီးမား အတောက်ပြောင်ဆုံး၊ ဂုဏ်သိက္ခာအဆင့်အတန်း အမြင့်မားဆုံး ပုဂ္ဂိုလ်ကြီးဟု ဆိုရပေမည်။ သူ၏အမည်ကို 'မောင်နု' ဟူ၍ လက်မှတ်ရေးထိုးဖော်ပြလေ့ရှိသော 'ဦးနု'အား ဖခင်ဦးစံထွန်း၊ မိခင်ဒေါ်စောခင်တို့မှ ၁၉၀၇ ခုနှစ်၊ မေလ ၂၅ ရက်၊ စနေနေ့တွင် ဧရာဝတီတိုင်း ဝါးခယ်မမြို့တွင် မွေးဖွားခဲ့သည်။ စနေသားဖြစ်သောကြောင့် 'တ၊ ထ၊ ဒ၊ ဓ၊ န' နေ့သင့် နံသင့်အရ 'မောင်နု'ဟု အမည်ပေးသည်။ 'မောင်ဥ' အမည်ရှိ ညီငယ်တစ်ယောက်ရှိသည်။ အထက်တွင် 'ဗိုလ်ချုပ်အောင်ဆန်းပြီးလျှင် အရှိန်အဝါ ဩဇာအကြီးမားဆုံး အတောက်ပြောင်ဆုံး၊ ဂုဏ်သိက္ခာအဆင့်အတန်း အမြင့်မားဆုံး' ဟု ဖော်ပြထားချက်ကိုကြည့်၍ ဦးနုသည် ဘုရားအလောင်း သူတော်ကောင်းကြီးဟူ၍ တစ်ဖက်သတ် ပြောဆိုခြင်း မဟုတ်ပါ။ 'လိမ်၍မရသော သမိုင်း'အရ ကောက်ချက်ချခြင်း ဖြစ်ပါသည်။

ဦးနုသည် သူ၏ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိဟု ဆိုအပ်သော 'တာတေ စနေသား' (Saturday's Son) ကို အခန်း(၁) မွေးဖွားချိန်မှစတင်၍ အခန်း(၃၁) အာဏာသိမ်းခံ အကျဉ်းစံဖြစ်သည်အထိ ရေးသားထားသည်။

ကလေးဘဝတွင် မောင်နုတစ်ယောက် တာတေလန်အောင် ဆိုးမိုက်ပုံမှ စတင်သည်။ အဘိုးဖြစ်သူမှ မြေးချစ်ကို အလိုလိုက် အကြိုက်ဆောင်ရာမှ ကမ်းကုန်အောင် ဆိုးသွမ်းလေတော့ရာ 'တာတေစနေသား' ဘွဲ့ကို ရရှိသွားသည်။ 'တာတေစနေသား' ဟု ဆိုလိုက်သည်နှင့် ဦးစံထွန်း၊ ဒေါ်စောခင်တို့၏သား အကြီးကောင် မောင်နုမှန်း သိကြသည်။

မောင်နုကလေးသည် ပြည့်စုံကြွယ်ဝသော မိဘနှင့် မွေးစားမိခင် အဒေါ်တို့၏ လက်ပေါ်တွင် ကြီးပြင်းလာရသူ လေးပီပီ လုပ်ချင်တာ အကုန်လုပ်လေသည်။

၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ် ဖြစ်လာချိန်တွင် မောင်နုသည် ပဥ္စမတန်းကျောင်းသား ဖြစ်နေပြီ။ ထိုအချိန်၌ ဆယ့်သုံးနှစ်သားအရွယ် ရှိသေးသော မောင်နုသည် ထောင်ပေါင်းများစွာသော ကျောင်းသားများနှင့်အတူ သပိတ်တိုက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သည်။

"ကျွန်တော့် နိုင်ငံရေးဘဝကို ပုံသွင်းပေးတဲ့ စောစောပိုင်း ဩဇာသက်ရောက်မှုဟာ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ် ဖြစ်တယ်။ ကျွန်တော်ဟာ အဆိုပါသပိတ်ကြောင့် နေ့ချင်း ညချင်း နိုင်ငံရေးစိတ်ဓာတ် နိုးကြားလာခဲ့တယ်။ ထိုစဉ်က ကျွန်တော့်အသက် ၁၃ နှစ်သာ ရှိသေးတယ်။ ဗြိတိသျှထမ်းပိုးအောက်မှ လွတ်မြောက်ရေး တောင်းဆိုသံတွေက ကျွန်တော့်ကို ရင်ဖိုလှုပ်ရှားစေခဲ့တယ်" ဟူ၍ ဦးနုကိုယ်တိုင် ပြောခဲ့လေသည်။

ဦးနုသည် ၁၉၂၂ ခုနှစ်တွင် ဝါးခယ်မ အမျိုးသားကျောင်းမှ သတ္တမတန်း စာမေးပွဲကို ဂုဏ်ထူးများဖြင့် အောင်မြင်ပြီး ရန်ကုန်မြို့ မြို့မ အမျိုးသားကျောင်းသို့ရောက်သည်။ ဝါးခယ်မမြို့မှ ရန်ကုန်မြို့ မြို့မ အမျိုးသားကျောင်းသို့ လာရောက် ပညာသင်ကြားသော ပထမဦးဆုံး ဝါးခယ်မမြို့သား ဖြစ်လာသည်။

မြို့မကျောင်းသားဘဝ အတွေ့အကြုံတစ်ရပ်ကို ဦးနုမှ ဤသို့ ပြောပြခဲ့လေသည်။

"မြို့မကျောင်းမှာ တက်စဉ်တုန်းက ကျွန်တော်ဟာ ပျော်ပျော်နေသေခဲ့ဆိုတဲ့ လူတစ်ယောက်အဖြစ်ပဲ ရှိပါသေးတယ်။ အားနည်းသူတွေနဲ့ အနိုင်ကျင့်ခံရတဲ့လူတွေ ဘက်ကနေ ရပ်တည်ကာကွယ်ပေးချင်စိတ်က ကျွန်တော့်နှလုံးထဲမှာ ပြင်းပြင်းပြပြ ပေါ်ပေါက်လာတယ်။ တင်တင်စီးစီးလုပ်တဲ့သူ



www.burmeseclassic.com

www.burmeseclassic.com

မတရားလုပ်တဲ့သူမှန်ရင် ကျောင်းသားပဲဖြစ်ဖြစ်၊ အရပ်သားဖြစ်ဖြစ်၊ ဗလချင်းယှဉ်နိုင်သူပဲဖြစ်ဖြစ်၊ မယှဉ်နိုင်သူပဲဖြစ်ဖြစ် နှုတ်ရေးအရရော လက်ရေးအရပါ တိုက်ခိုက်တဲ့အလုပ်ကို ကျွန်တော့်တာဝန်လို့ ကိုယ့်ကိုယ်ကိုယ် ပြဋ္ဌာန်းထားတယ်။ အဲဒါက ကျွန်တော့်ရဲ့ အဓိက ဝါသနာပဲ"

ဦးနုသည် မြန်မာစာပေနှင့် သမိုင်းဘာသာရပ်တို့ကို အထူးနှစ်သက် ဝါသနာပါပြီး အင်္ဂလိပ်စာတွင်မူ ထူးချွန်သူတစ်ဦးဖြစ်သည်။ ဦးနုသည် လက်ဝှေ့အားကစားနှင့် ဘောလုံးအားကစားကို အထူးဝါသနာပါသည်။

မြို့မကျောင်းမှ ထွက်လာသောအချိန်တွင် ဦးနု၏ အသက်သည် (၁၈)နှစ်ရှိပေပြီ။ မောင်နုဘဝမှ 'ကိုမနုတနု' ဘဝသို့ ပြောင်းခဲ့ပြီ။ သူ၏ ငယ်ဘဝ စရိုက်ဆိုးများသည် အတော်အတန် ပြောင်းလဲခဲ့လေပြီ။

ထို့ကြောင့် တက္ကသိုလ်ကျောင်းသား ဖြစ်လာသောအခါ သူ့တွင် ဘွဲ့သစ်တစ်ခု ထပ်တိုးလာသည်။ 'ဖီလော်ဆော်ဖာ ကိုနု' ဟူ၍ ဖြစ်သည်။ ထိုဘွဲ့နှင့်ပတ်သက်ပြီး ဦးနုနှင့် ကျောင်းနေဖက် (နောင်အခါ သမိုင်းနှင့် နိုင်ငံရေးသိပ္ပံ ပါမောက္ခ)ဦးဘညွန့်က "ကျွန်တော်တို့ သူ့ကို ဖီလော်ဆော်ဖာ ကိုနုလို့ ခေါ်တာ သူက အတွေးအခေါ် သမားဖြစ်လို့ မဟုတ်ပါဘူး၊ နေရာတကာ လေးလေးနက်နက် ရှိလွန်းလို့ ခေါ်ကြတာပါ" ဟု ရှင်းပြဖူးသည်။

ဦးနုသည် တက္ကသိုလ်ကျောင်းသားဘဝတွင် 'ဖီလော်ဆော်ဖာကိုနု' ဘွဲ့အပြင် 'ဒွန်' ဟူသောဘွဲ့ကိုလည်း ရခဲ့သေးသည်။ စပိန်စာရေးဆရာ ဆာဗင်တီး၏ 'ဒွန်ကွီးဇုတ်' ဝတ္ထုထဲမှ ဇာတ်ဆောင်နာမည် ဖြစ်သည်။ အင်မတန် ကြီးကျယ်ခမ်းနားသော စကားကြီး စကားကျယ်များကို ပြောတတ်ပြီး သူတကာနှင့်မတူသော အတွေးအခေါ်များနှင့် ပြည့်ဝနေသော လူထူးလူဆန်းတစ်ဦး ဖြစ်သည်။ အမနာပ ပြောသူများကမူ ဒွန်ကွီးဇုတ်အား 'ခပ်ကြောင်ကြောင်'ဟူ၍ အခေါ်တူးကြသည်။ ဦးနုသည် ဘီအေဘွဲ့ရပြီးနောက် ရန်ကုန်မှာပင် ဆက် လက်နေထိုင်သည်။ ၁၉၃၁ ခုနှစ်တွင် ဖွဲ့စည်းလိုက်သော 'ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်အဖွဲ့ချုပ်' တွင် တက်ကြွသော အဖွဲ့ဝင်တစ်ဦး ဖြစ်လာသည်။

ထိုအချိန်တွင် ပန်းတနော် အမျိုးသားကျောင်း၏ ကျောင်းအုပ်ကြီးဖြစ်လာသော ဦးသန့်သည် ဦးနုအား ကျောင်းတာဝန်ခံ အုပ်ချုပ်ရေးမှူးရာထူး ခန့်အပ်ရန် ခေါ်ယူလိုက်သည်။ ဦးနုသည် ကျောင်းတာဝန်ခံအုပ်ချုပ်ရေးမှူး ဘဝတွင် အင်္ဂလိပ်စာ၊ မြန်မာစာ၊ အင်္ဂလိပ်ရာဇဝင်တို့ကိုပါ သင်ပြပေးသည်။ ထိုသို့ ထမ်းဆောင်နေစဉ် ကျောင်းကော်မတီဥက္ကဋ္ဌ၏ သမီး မမြရီနှင့် လက်ထပ်ပြီး သုံးခွမြို့တွင် နေထိုင်သည်။ သုံးခွမြို့ အမျိုးသားကျောင်းတွင် ကျောင်းဆရာဝင်လုပ်သည်။ ယောက္ခမများက ဦးနုအား အစိုးရဝန်ထမ်း ဖြစ်စေချင်သောကြောင့် ရန်ကုန်သို့ စေလွှတ်သော်လည်း ဦးနုသည် ရန်ကုန်တက္ကသိုလ်တွင် ဥပဒေသင်တန်းတက်ရန် ရွေးချယ်ခဲ့သည်။

ဥပဒေသင်တန်း တက်ခြင်းနှင့် စပ်လျဉ်း၍ ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး ဒီဂျေစလော့ထံ ပေးပို့သော အိတ်ဖွင့်စာထဲတွင် ဦးနုက ဤသို့ ရေးသားခဲ့သည်။

"ကျွန်တော် တက္ကသိုလ်ပြန်တက်တာက ကျွန်တော့်အတွက် မဟုတ်ပါ။ ကျွန်တော့်နိုင်ငံသားတွေအတွက် ဖြစ်ပါတယ်။ သူတို့ကို လည်ပင်းလှီးနေသူ အများစုဟာ နာမည် နောက်မှာ ဝတ်လုံတော်ရ ဒါမှမဟုတ် ဥပဒေဝိဇ္ဇာဘွဲ့ပါတဲ့ လူတွေဖြစ်ပေမယ့် သူတို့မှာတော့ ခေါင်းဆောင်မရှိကြဘူး။ ကျွန်တော့်ရဲ့ အကြီးမားဆုံး ရည်မှန်းချက်တစ်ခုက ကျွန်တော့် နိုင်ငံသားတွေရဲ့ ခေါင်းဆောင်ဖြစ်ဖို့ပဲ။ ဒါဟာ ဝင့်ဝါချင်လို့ မဟုတ်ဘူး။ သူတို့ကို ဒုက္ခတွင်းထဲက ကယ်တင်ချင်လို့ ကျွန်တော် ဥပဒေဝိဇ္ဇာဘွဲ့ရ တစ်ယောက်ဖြစ်ပြီး သူတို့လိုအပ်နေတဲ့ ခေါင်းဆောင်မှုကိုပေးဖို့ ကျွန်တော် ကြိုးစားနေခြင်းဖြစ်ပါတယ်"

ရန်ကုန်တက္ကသိုလ်သို့ ဦးနု ပြန်ရောက်လာချိန်သည် ၁၉၃၄ ခုနှစ် ဖြစ်သည်။ တို့ဗမာအစည်းအရုံးသည် အမျိုးသားနိုင်ငံရေး၌ အရှိန်အဟုန်ဖြင့် ချီတက်နေချိန်လည်း ဖြစ်သည်။ ကိုအောင်ဆန်း၊ ကိုကျော်ငြိမ်း၊ ကိုသိန်းဖေ၊ ကိုအုန်း၊ အမ်အေ ရာရှစ်တို့နှင့် ပေါင်းမိရာ ဦးနု၏ နိုင်ငံရေးစိတ်ဓာတ်များ တဟုန်းဟုန်းတောက်လောင်လာသည်။

ဦးနုသည် သူတို့အုပ်စုတွင် အသက်အကြီးဆုံးဖြစ်လေရာ သူ့ကို 'ကိုကြီးနု' ဟုခေါ်ကြသည်။ ဦးနုသည် သူ့ထက် အသက် ရှစ်နှစ်ခန့်ငယ်သော ကိုအောင်ဆန်းကို ညီငယ်တစ်ယောက်လို ချစ်ခင်ပြီး ကိုအောင်ဆန်းနှင့်ပတ်သက်၍ မကောင်းကြောင်း ပြောသည်ကို မကြိုက်သကဲ့သို့ ကိုအောင်ဆန်းကို ထိလျှင်လည်း သည်းမခံပေ။

၁၉၃၅-၃၆ ခုနှစ်သို့ ရောက်သောအခါ ဦးနုသည် ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ဖြစ်လာသည်။ တက္ကသိုလ်အာဏာပိုင်များကလည်း ဦးနုကို စောင့်ကြည့်လာရသော အခြေအနေဖြစ်လာသည်။ ထို့ကြောင့် ဦးနုအား နိုင်ငံခြားပညာတော်သင် အဖြစ် ရွေးချယ်လိုက်သည်။ အဓိကရည်ရွယ်ချက်မှာ ဦးနုအား မြန်မာနိုင်ငံ၌ မရှိစေချင်၍ ဖြစ်သည်။

ဦးနုကလည်း 'နယ်ချဲ့အာဏာပိုင်များ၏ လာဘ်ထိုးခြင်းကို ခံယူမည်မဟုတ်' ဟု ကြေညာကာ ငြင်းပယ်လိုက်သည်။ နောက်ဆုံးတွင် တက္ကသိုလ်အာဏာပိုင်များသည် အကြောင်းအမျိုးမျိုးပြပြီး ဦးနုကို ကျောင်းထုတ်လိုက်သည်။ ဒုတိယမွိ ကျောင်းထုတ်ခံရသူမှာ အိုးဝေမဂ္ဂဇင်းအယ်ဒီတာ ကိုအောင်ဆန်း ဖြစ်သည်။

ထိုသို့ ဦးနုနှင့် ကိုအောင်ဆန်းတို့ကို ကျောင်းထုတ်လိုက်သောအခါ ကိုကျော်ငြိမ်းနှင့် အခြားကျောင်းသားခေါင်း

www.burmeseclassic.com

ဆောင်များက သပိတ်မှောက်ရန် စည်းရုံးလှုံ့ဆော်ပြီး သပိတ်မှောက်ကောင်စီကို ဖွဲ့စည်းလိုက်ကြသည်။ ထိုကောင်စီတွင် ဦးနုက ဥက္ကဋ္ဌ၊ ကိုရာရှစ်က ဒုတိယဥက္ကဋ္ဌ၊ ကိုအောင်ဆန်းက အတွင်းရေးမှူး ဖြစ်သည်။ ထိုသပိတ်ကြီးသည် နယ်အသီးသီးရှိ ကျောင်းပေါင်း ၄၇ ကျောင်းသို့ ကူးစက်ပျံ့နှံ့သွားလေတော့သည်။ ဤသို့ဖြင့် သပိတ်ကြီးပြီးသွားသောအခါ ဦးနုသည် ဒီးဒုတ်ဦးဘချို၏ ဒီးဒုတ်သတင်းစာတွင် အလုပ်ဝင်လုပ်သည်။ ထိုအချိန်တွင် ကိုအောင်ဆန်းသည် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဦးဆောင်နေသည့် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ပြီး ဦးနုကိုလည်း စည်းရုံးသည်။

ထိုအခါ . . .

"ဟေ့ ဖိုးအောင်ဆန်း၊ ငါက နိုင်ငံရေးသမားမဟုတ်ဘူး၊ တစ်ပွဲတိုးသမား"

ဟူ၍ ပြောဆိုငြင်းဆန်သည်။ ကိုအောင်ဆန်းကလည်း အမျိုးမျိုး အကြောင်းပြပြီး ဖျောင်းဖျစည်းရုံးသည်။ သူတို့နှစ်ဦး အချီအချ ပြောဆိုကြပုံမှာ ဤသို့ ဖြစ်ပါသည်။

"ငါ့နာမည်ရှေ့မှာ သခင်တပ်ပြီး 'သခင်နု'လို့ ခေါ်ရမှာ ရှက်သကွာ"

ထိုသို့ ဦးနုက ပြောလေရာ ကိုအောင်ဆန်းက . . .

"'ကျွန်နု' လို့ ခေါ်ခံရတာထက်စာရင် 'သခင်နု'က ပိုမကောင်းဘူးလား"ဟူ၍ ဘုကျကျ ခပ်ထန်ထန်ပြောတော့မှ ဦးနုလည်း မည်သို့မျှ ဆင်ခြေပေးရန် မတတ်သာတော့သည်နှင့် 'သခင်နု' ဖြစ်ခဲ့ရတော့သည်။

သခင်နုသည် 'သခင်'ဖြစ်လာသော်လည်း သခင်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်စိုး စသော သခင်များကဲ့သို့ အပြင်းအထန် လှုပ်ရှားမှုများ မပြုလုပ်ချေ။ ဒီးဒုတ်ဦးဘချို စီစဉ်ပေးသော 'စမအင်း' များသောက်ပြီး အမိဋ္ဌာန်ကျင့်စဉ်စခန်းများ ဝင်ရောက်နေလေသည်။ ရန်ကုန်မှာ အမိဋ္ဌာန်လုပ်ငန်းများ ဆောင်ရွက်ရသည်မှာ စိတ်မဖြောင့်သောကြောင့် တောင်စွန်းဘက်သို့ တိတ်တဆိတ် ထွက်ခွာသွားပြီး အားရပါးရ ပရိတ်ရွတ်၊ ပုတီးစိပ် အမိဋ္ဌာန်များကို ပြုလုပ်နေပါသည်။

ထိုသို့ လုပ်နေစဉ်မှာပင် ဦးနုသည် တို့ဗမာအစည်းအရုံး၏ ဥက္ကဋ္ဌရာထူးကို ငြင်းပယ်ပြီး (ထိန်းစရာမရှိသော) ငွေထိန်းတာဝန်ကို ယူလေသည်။ အင်္ဂလိပ်နယ်ချဲ့၏ ရန်ကုန်တက္ကသိုလ်အား အန်တုဘက်ပြိုင်သောအားဖြင့် အမျိုးသားကောလိပ်ကို တည်ထောင်သည်။ အမျိုးသားကောလိပ်သည် ငွေကြေးအခက်အခဲကြောင့် တစ်နှစ်ခန့်အကြာတွင် ရပ်သွားသည်။ ထို့နောက် သခင်သန်းထွန်း၊ သခင်အုန်းခင်တို့ ပါဝင်သော 'နဂါးနီ'စာအုပ်အသင်းကို ထူထောင်သည်။

ဦးနု(သခင်နု)သည် နဂါးနီစာအုပ်အသင်းအတွက် စာအုပ်ပေါင်းများစွာကို ဘာသာပြန်ပေးခဲ့သည်။ ထင်ရှားသော ဦးနု၏ လက်ရာတစ်ခုမှာ ဒေးကာနက်ဂျီ၏ စာအုပ်ကို ဘာသာပြန်သော 'မိတ္တဗလင်္ဂကာ' ဖြစ်သည်။ ထိုစာအုပ်သည် စတင်ထုတ်ဝေစဉ်၌ "လူပေါ်လူဇော်လုပ်နည်း" ဟူ၍အမည်ပေးခဲ့ပြီး နောက်မှ "မိတ္တဗလင်္ဂကာ" ဟု အမည်ပြောင်းခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်တွင် ကမ္ဘာ့နိုင်ငံရေး အခြေအနေတို့သည် တစ်နေ့ငွေ တစ်နေ့ရွှေ ဆိုသကဲ့သို့ တိမ်တောင်သဖွယ် မင်းရေးကြွယ်လျက်ရှိသည်။ ထိုသို့ ဥရောပနှင့် အရှေ့တောင်အာရှတွင် နိုင်ငံရေးနှင့် စစ်ရေး ရှုပ်ထွေးနေချိန်၌ ဦးနုသည် ချန်ကေရှိတ်၏ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး အပြန်တွင် 'ဂန္ဓာလရာဇ်' စာအုပ်ကို ရေးသားထုတ်ဝေခဲ့လေသည်။

ဦးနုသည် ၁၉၄၀ ပြည့်နှစ်တွင် သခင်သန်းထွန်း၊ သခင်စိုး၊ ဒေါက်တာဘမော်၊ ကိုကျော်ငြိမ်းတို့နှင့်အတူ အဖမ်းခံရပြီး အင်းစိန်ထောင်တွင် နှစ်နှစ် နေခဲ့ရသည်။ ထိုသို့အဖမ်းခံနေရစဉ် အင်းစိန်ထောင်ထဲ၌ 'ရက်စက်ပါပေ့ကွယ်' ဝတ္ထုကို ရေးသားခဲ့သည်။ ထိုဝတ္ထုသည် ဦးနုရေးခဲ့သော ဝတ္ထုများအနက် စိတ်ထိခိုက်ဖွယ် အကောင်းဆုံးဝတ္ထု ဖြစ်သည်ဟု မှတ်ချက်ပေးကြသည်။ နောက်ထပ် ဦးနု၏ ထင်ရှားသော ဝတ္ထုတစ်ပုဒ်မှာ 'ငရဲဆိုတာ ချိုနဲ့လား' ဖြစ်သည်။

[မှတ်ချက် - နိုင်ငံကျော် စာရေးဆရာမကြီး 'ခင်နှင်းယု' သည် ဦးနု၏ နှမဝမ်းကွဲ တော်စပ်ပါသည်။]

ထိုအချိန်၌ သခင်အောင်ဆန်းသည် ရဲဘော်သုံးကျိပ်နှင့် ဟိုင်နန်ကျွန်းသမိုင်းကို စ,ရေးနေပြီ။ ထို့ကြောင့်လည်း ဦးနု ထောင်မှလွတ်လာသောအခါ 'သူ့ ဖိုးအောင်ဆန်း' ကို 'ဗိုလ်ချုပ်အောင်ဆန်း'အဖြစ် တွေ့မြင်ရတော့သည်။ ထိုအချိန်၌ ဗိုလ်ချုပ်အောင်ဆန်း နာမည်သည် မိုးမြေသိမ့်သိမ့်တုန်နေသည်။

ထို့ကြောင့် ဦးနုသည် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌ ဖြစ်လာရလေသည်။

ထိုသို့ ဖြစ်လာရသော်လည်း ဦးနုသည် နိုင်ငံရေးကို မလုပ်လိုတော့ချေ။ အေးအေးဆေးဆေး ပုတီးစိပ်၊ တရားထိုင်၊ စာကလေး ပေကလေး ရေးသားပြီး နေချင်တော့သည်။ ဇနီးသည် ဒေါ်မြရီနှင့် လက်ထပ်ပြီးကတည်းက ပျားရည်ဆမ်းခရီးဆိုသည်မှာ ဝေလာဝေး သံပရာရည်လေးပင် အေးအေးဆေးဆေးမသောက်နိုင်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းအား ဦးနုက ပြောသည်။

"ဟေ့ ဗိုလ်ချုပ်၊ ငါ နိုင်ငံရေးထဲ မဝင်ချင်ဘူး"

ဗိုလ်ချုပ်အောင်ဆန်းကလည်း ဤသို့ ပြန်အော်သည်။

"လွတ်လပ်ရေးရပြီးရင် ခင်ဗျား သဘော"

ဤကြားထဲ သဘောမှောက်ပြီး ကွယ်လွန်သွားသော ဖြိတ်အမတ် ဦးခင်နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲ



www.burmeseclassic.com

www.burmeseclassic.com

လုပ်ရာ ဦးနု အရွေးခံရပြီး တိုင်းပြုပြည်ပြုလွှတ်တော် 'နာယကနု' ဖြစ်သွားတော့သည်။

ကံကြမ္မာ ဖန်လာပုံက ဆန်းသည်ဟုပင် ဆိုရချေတော့မည်။ ထိုသို့ 'နာယကမနုတနု' လုပ်နေချိန်မှာပင် ဗိုလ်ချုပ်အောင်ဆန်းတို့တစ်ဖွဲ့လုံး ဖြုန်းခနဲ လုပ်ကြံခံလိုက်ရသည်။ ပြောကြသည်မှာ ထိုအချိန်တွင် ဦးနုသည် အခန်းတံခါးပိတ်ပြီး ပုတီးစိပ်နေပါသတဲ့။

ထားတော့။ ဤသို့ဖြင့် 'နု-အက်တလီ'စာချုပ်ကြီးဖြင့် မြန်မာပြည် လုံးဝလွတ်လပ်ရေးရပြီး ဦးနုလည်း လွတ်လပ်သော မြန်မာပြည်၏ ပထမဆုံး ဒီမိုကရေစီ ဝန်ကြီးချုပ်ဖြစ်လာသည်။ ပထမဆုံး ဒီမိုကရေစီ ဝန်ကြီးချုပ်သည် ဝန်ကြီးချုပ်ရုံးခန်းထဲ၌ ပထမဆုံး ထိုင်ရသောအချိန်၌ ပထမဆုံး မည်သို့တွေးမိသည် ထင်ပါသနည်း။

"ဩော် . . . ငါတော့ ရေတိုင်ကီ၊ ဓာတ်ဆီတိုင်ကီနဲ့ ရှေ့ဘီးတစ်လုံး နောက်ဘီးတစ်လုံးပေါက်ပြီး ချုံးချုံးကျနေတဲ့ မော်တော်ကားစုတ်ကြီးကို ကားမောင်းတတ်ဖို့ ဝေးစွ၊ ကားကို တောင် တစ်ကြိမ်၊ နှစ်ကြိမ်လောက် မြင်ဖူးတဲ့ တောသားက အင်မတန်ကြမ်းတဲ့ လမ်းဆိုးကြီးပေါ် တက်မောင်းရမယ့်ဘဝမျိုး ရောက်နေပါပေါ့လား" ဟူ၍ တွေးမိလေသတဲ့။

မည်သို့ဆိုစေ ဗိုလ်မှူးချစ်ကောင်း ရေးသားပြုစုခဲ့သော 'နိုင်ငံရေးအဘိဓာန်' ၏ 'နု၊ (ဦးနု)၊ U Nu' အခန်းတွင် ဖော်ပြချက်အား ဖတ်ကြည့်စေလိုပါသည်။

"ဗမာပြည်လွတ်လပ်ရေး ရပြီးနောက် ၁၄ နှစ်တိုင် (ကြားတွင် နှစ်ကြိမ်သာ ပြတ်သည်) ဝန်ကြီးချုပ်ဖြစ်ခဲ့သည်။ ၁၉၀၇ ခု မွေးသည်။ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့သည်။ ၁၉၃၆ တွင် သူနှင့် ကျောင်းသားကိုအောင်ဆန်း (နောင်တွင် ဗိုလ်ချုပ်အောင်ဆန်း)တို့အား တက္ကသိုလ် အာဏာပိုင်များက အရေးယူမှုစ၍ ကျောင်းသားသပိတ် ဖြစ်ခဲ့သည်။

ဘီအေဒီဂရီကို ပြန်အပ်ခဲ့သည်။ တို့ဗမာအစည်းအရုံးတွင် 'ဘုံဝါဒသမား' ဖြစ်ခဲ့သည်။ ဂျပန်ဝင်ခါနီးတွင် အင်္ဂလိပ်၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ဂျပန်ဝင်လာသောအခါ လွတ်သည်။ ဂျပန်ခေတ် ဒေါက်တာဘမော်အစိုးရတွင် နိုင်ငံခြားရေးဝန်ကြီး ဖြစ်သည်။

စစ်ပြီးနောက် ဖဆပလ ဒုတိယဥက္ကဋ္ဌ ဖြစ်သည်။ (ဥက္ကဋ္ဌမှာ ဗိုလ်ချုပ်အောင်ဆန်း)။ ၁၉၄၇ တိုင်းပြုပြည်ပြုလွှတ်တော်ဥက္ကဋ္ဌ ဖြစ်သည်။ ၁၉၄၇၊ ဇူလိုင် ၁၉ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီးနောက် ဖဆပလဥက္ကဋ္ဌ ဖြစ်သည်။ ၁၉၄၇ အောက်တိုဘာ ၁၇ လန်ဒန်တွင် ဗမာပြည်လွတ်လပ်ရေးအတွက် 'နု-အက်တလီစာချုပ်' ချုပ်ဆိုခဲ့သည်။ ၁၉၄၈ ဇန်နဝါရီ ၄ လွတ်လပ်ရေးရပြီးနောက် ဝန်ကြီးချုပ်ဖြစ်သည်။ ၁၉၅၆ ဇွန်မှ ၁၉၅၇ မတ်ထိ ဝန်ကြီးချုပ်အဖြစ်မှ ထွက်ပြီး (ထိုအချိန်၌ ဦးဘဆွေ ဝန်ကြီးချုပ် ဖြစ်သည်။) ဖဆပလ စည်းရုံးရေးကို ကိုင်ခဲ့သည်။

၁၉၅၈ ဇွန်တွင် ဗိုလ်ချုပ်ကြီးနေဝင်းအား အာဏာလွှဲပြောင်းပေးခဲ့သည်။ ၁၉၆၀ ဖေဖော်ဝါရီ ရွေးကောက်ပွဲတွင် ဦးနု၏ သန့်ရှင်းဖဆပလက အနိုင်ရပြီး ဦးနု ဝန်ကြီးချုပ် ပြန်ဖြစ်ခဲ့သည်။ သန့်ရှင်းဖဆပလကို ပြည်ထောင်စုအဖွဲ့ချုပ် (ပထစ) အဖြစ် ပြောင်းလဲထူထောင်ခဲ့သည်။ ၁၉၆၂ မတ် ၂ ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးအစိုးရ တက်လာသောအခါ ဖမ်းဆီးခြင်း ခံခဲ့ရသည်။

သခင်နု အကြောင်းနှင့်စပ်လျဉ်းပြီး "Weekly" ၃၊ ၉၊ ၂၀၁၃၊ အတွဲ ၉၊ အမှတ် ၂၁၊ စာမျက်နှာ ၂၁ မှာ 'ဆရာသံ့လူ' ရေးသားထားသော **'ဦးနု၏ တာတေစနေသားကို ခံစားကြည့်ခြင်း'** ဆောင်းပါးထဲ၌ ဤသို့ ဖော်ပြခဲ့လေသည်။

"မြန်မာ့လွတ်လပ်ရေးတိုက်ပွဲမှာ ဘယ်နေရာကမှမပါဘဲ လွတ်လပ်ရေးရတော့ စိုင်ကော်လို့ ချူပေါ်ရောက်ပြီး ဝန်ကြီးချုပ် တက်ဖြစ်တဲ့လူ၊ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာလို့ ကြေညာတဲ့လူ၊ လူတစ်ကိုယ် တိုက်တစ်လုံး ကားတစ်စီး လခ ရှစ်ရာ ဆိုတဲ့ ပေါကြောင်ကြောင် ပြည်တော်သာစီမံကိန်းကို အကောင်အထည်ဖော်ဖို့ ကြိုးစားတဲ့လူ၊ သူ့ကိုယ်သူ ဘုရားလောင်းလို့ အရှက်မရှိ ကြွေးကြော်ခဲ့တဲ့လူ၊ ၁၉၄၈ ကနေ ၁၉၆၂ထိ တိုင်းပြည်ကို ချောက်ထဲချည်း ဆွဲဆွဲချနေလို့ နောက်ဆုံး ဗိုလ်ချုပ်ကြီးနေဝင်းက အကြင်နာကြီးစွာနဲ့ အာဏာသိမ်းပြီး အနားယူစေတာတောင် လက်နက်ကိုင် ပုန်ကန်ဖို့ ကြိုးစားခဲ့တဲ့လူ၊ 'တိုင်းပြည်ကို လက်ညှိုးထိုးရောင်းစားနေသော ဦးနုနှင့် အပေါင်းအပါများ' လို့ တံဆိပ်ကပ် ခံခဲ့ရသူ၊ ၁၉၈၈ အရေးအခင်းမှာ တစ်ဖန်ပြန်လည်ထကြွလို့ ကျွန်တော်သာလျှင် ကမ္ဘာ့ဆုံးတိုင် ဝန်ကြီးချုပ်လို့ တုန်တုန်ယင်ယင်နဲ့ ထအော်လို့ ရယ်သွမ်းသွေး ခံခဲ့ရတဲ့သူ။

စာရေးသူအပေါ် ဒီလိုအမြင်တွေနဲ့ သူ့ရဲ့ တာတေစနေသားကို စဖတ်မိပါတယ်။ စာရေးသူ ဦးနုဟာ ဒီစာအုပ်ကို ဘယ်တုံးက ရေးခဲ့တယ်ဆိုတာ မဖော်ပြထားခဲ့ဘူး။ သူ့စာအသွားအလာတွေ အရတော့ ၁၉၆၇ နဲ့ ၁၉၇၄ ကြား ရေးခဲ့တယ်လို့ ထင်ရတယ်။ သူ့ရဲ့ ပင်ကိုရေး အတ္ထုပ္ပတ္တိမှန်းတော့ သိပါရဲ့။ ဒါပေမယ့် ဒီငနဲကြီးဟာ ဘုရားရှိခိုး အမျိုးမျိုးနဲ့ ထုံမွမ်းပြီး သူ့အကြောင်းသူ အမွှမ်းတင်ထားမှာပဲလို့ မဖတ်ခင်က ကြိုပြီးအထင်သေးထားမိတာတော့ အမှန်ပဲ။

စဖတ်ဖတ်ချင်း 'ဟဲ့ . . . တစ်မျိုးပါလား' လို့ စိတ်ထဲဖြစ်သွားမိတယ်။ ချက်ချင်းပဲ သဘောပေါက်သွားပြီး 'ဩော် . . . ဒီပုဂ္ဂိုလ်ကြီး မဆိုးဘူးဟ' လို့ သဘောကျချင်ချင် ဖြစ်သွားတယ်။ ဦးနုဟာ သူ့ရဲ့အတ္ထုပ္ပတ္တိကို ဖွဲ့တဲ့နေရာမှာ တယ်လိမ္မာပါးနပ်သကိုး။ ဝါးခယ်မဇာတိ သူ့အဖေ ကိုစံထွန်းဟာ သူဝင်ထားတဲ့ ပုညကုသလ ဘာသာရေးအသင်းက သူ



www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေ ကိုနုရဲ့ နာမည်ကိုကြိုက်လို့ သူ့သား စနေသား အထွန်းဖွားကလေးကို 'မောင်နု' လို့ နာမည်ပေးတယ်။

ဒီလိုနဲ့ ဝါးခယ်မမြို့ခံ ကိုနုက သူနဲ့နာမည်တူ မောင်နုကလေးရဲ့ ဘဝဖြစ်စဉ်ကို 'တာတေစနေသား' နာမည်နဲ့ မှတ်တမ်းတင်တယ်လို့ ဒီလိုဇာတ်ကို ပျိုးယူတာကိုးဗျ။ ဒါပေမယ့် ရှေ့ဖုံးနောက်ပေါ် ဆိုသလို ဒီစာအုပ်ဟာ မင်းတို့အတွက် တမင်သက်သက် ရေးလိုက်တဲ့စာအုပ် ဖြစ်တယ်လို့ သူ့သားသမီးတွေ နာမည်တပ်ပြီး ရေးသားပြန်တယ်။ ရှေးလူကြီးပီပီ သံဝေဂလိုလို ဘာဂလိုတိုတိုလေးတွေကလည်း ထည့်ချင်တဲ့ ဝါသနာအရ သတိပေးတေးထပ် ဆိုသဟာကိုလည်း ရှေ့ဆုံးက ရေးပြန်သေးတာပေါ့။

ဦးနုဟာ သူ့ရဲ့ အတ္ထုပ္ပတ္တိကို အခန်း(၁)မွေးချိန်က စလို့ အခန်း(၃၁) အာဏာသိမ်းခံ အကျဉ်းစံဖြစ်သည်အထိ ရိုးရိုးပဲ ရေးထားပါတယ်။ အဲဒီ အခန်း(၁)ကနေ (၃၁)အထိ အစဉ်လိုက်ဖတ်ရင်း ကြက်သီးတွေ ထလာတယ်။ ဦးနုအပေါ်ထားတဲ့ သဘောထားဟာ ဖြည်းဖြည်းချင်း ပြောင်းလာလိုက်တာ နောက်ဆုံး စာအုပ်လည်းဖတ်ပြီးရော မူလသဘောထားနဲ့ လုံးလုံးလျားလျား ဆန့်ကျင်တဲ့ အခြေအနေကို ရောက်သွားခဲ့တယ်၊ စိတ်ထဲမှာ ဦးနုဟာ အင်မတန် သတ္တိရှိတဲ့လူလို့ မြင်လာတယ်"

အထက်ပါ ဖော်ပြချက်သည် ဦးနု (သခင်နု) နှင့် စပ်လျဉ်း၍ 'ဆရာသင့်လူ'၏ သုံးသပ် ဆုံးဖြတ်ချက် ဖြစ်လေသည်။ အကယ်၍ ဝန်မလေးဘူး ဆိုပါလျှင် ဦးသန့် (ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်) ရေးသားပြုစုသော 'ပြည်တော်သာခရီး' စာအုပ်ကြီးကို ဖတ်ရှုစေလိုပါသည်။

ထိုသို့ဖတ်ရှုခြင်းဖြင့် ဦးနု ဖြတ်သန်းခဲ့ရသော 'အင်မတန်ဆိုးတဲ့ နိုင်ငံရေးလမ်းကြမ်းကြီး'ကို သိမြင်ခံစားနိုင်ပေမည်။ ဦးနု (သခင်နု)နှင့် စပ်လျဉ်း၍ ရေးသားရန် အချက်အလက်များသည် ဆယ်မိုး ဆယ်နွေ ထိုင်ရေးလျှင်ပင် ကုန်ဆုံးနိုင်ဖွယ် မမြင်ပါ။ ဤနေရာတွင် ဤမျှနှင့်သာ ကျေနပ်ကြစေလိုပါသည်။

ဦးနုသည် ၁၉၈၉ ဒီဇင်ဘာ ၂၉ ရက်တွင် နေအိမ်အကျယ်ချုပ်ချထားခြင်းခံရပြီး ၁၉၉၂ ခု၊ ဧပြီ ၂၃ ရက်တွင် လွတ်မြောက်ခဲ့သည်။ ဦးနုသည် ဘဝ၏ နောက်ဆုံးနေ့ရက်များတိုင် သူချစ်မြတ်နိုးသော မြန်မာနိုင်ငံတော်တွင် ဒီမိုကရေစီဝါဒ ထွန်းကားရေးအတွက် တိုက်ပွဲဝင်ခဲ့သော အာဇာနည်တစ်ဦးပင် ဖြစ်သည်။ ၁၉၉၅ ဖေဖော်ဝါရီ ၁၄၊ အသက် (၈၈) နှစ် အရွယ်တွင် ကွယ်လွန်ရှာသည်။

မြန်မာပြည်လူထုကြီးအတွက် မဆုတ်မနစ် ကြိုးစားအားထုတ်ခဲ့သည့် သခင်နုသည် ကမ္ဘာဆုံးတိုင် နုပျိုနေမည် ဖြစ်ပါသတည်း။

အလေးပြုလျက်. . .

❒ **ထွန်းလင်းသူ**




ဦ အရဟံ မေတ္တာ လာဘံ

**နတ်မျက်စိ** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

• • • • • • • • • • • • • • • • • • • • • • • •

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဗိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ၊ ထိရောက်သော ယတြာများဖြင့် (၂၅)နှစ်တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

**အောင်မြင်သူတို့ ဆုံကြရာ**

| | |
|---|---|
| ဟောခန်းတည်နေရာ ➽ | အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ |
| လမ်းညွှန် ➽ | အမိပမိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။ |
| ဟောပြောချိန် ➽ | နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။ |
| ဆက်သွယ်ရန် ဖုန်း ➽ | ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၇၃၂၄၄၈၉၇ ။ |
| မှတ်ချက် ➽ | *ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။* ကျေးဇူးတင်ပါသည်။ |

www.burmeseclassic.com



"ဂျိမ်း. . ."

"အူ. . . အူ. . . ဝူး"

လရောင်ကင်းမဲ့ပြီး မှောင်မည်းနေသော ကောင်းကင်ပေါ်က ရွာချလိုက်သော မိုးနှင့်အတူ မိုးခြိမ်းသံကြားဆွဲငင်အူသည့် ခွေးတစ်အုပ်အသံက ထိတ်လန့်စရာကောင်းသည်။ လေအေးတွေကတိုက်ပြီး ပတ်ဝန်းကျင်က တိတ်ဆိတ်လျက် တစ်အိမ်လုံး အိပ်မောကျနေသော်လည်း နှင်းတစ်ယောက်တည်း အိပ်မပျော်နိုင်ပါ။ ဘေးမှအိပ်ပျော်နေတဲ့ သားလေး လန့်နိုးမှာစိုးလို့ ရင်ဘတ်ပေါ် စောင်ဖြင့် ဖိထားလိုက်သည်။ စားပွဲမှာ ထောင်ထားသော မောင့်ဓာတ်ပုံကို ကြည့်ပြီး ရင်ထဲ ဝမ်းနည်းလာမိသည်။

လမ်းခွဲပေါင်း များစွာထဲက နှင်းတို့သားအမိနဲ့ နောက်ထပ်ပြန်မဆုံနိုင်တဲ့ သံသရာခရီးကို ထွက်သွားသော မောင့်ကို သတိရလျက်ပါ။

အချိန် နာရီ ရက်လတွေ ကုန်လွန်လာလိုက်တာ နောက်နှစ်ရက်ဆိုရင် မောင်ဆုံးတာ တစ်လတောင်ပြည့်တော့မယ်။ ကံကြမ္မာအလှည့်အပြောင်းဆိုတာ အင်မတန်မှ ကြောက်စရာ ကောင်းပါတယ်။ မိဘတွေသဘော မတူတဲ့ကြား တည်ဆောက်ထားသော အိမ်ထောင်ရေးမှ ရာသက်ပန်ရိုးမြေကျ မပေါင်းရဘဲ လမ်းတစ်ဝက်မှ ခွဲခွာခဲ့ရသည်။

သေခြင်းတရားဆိုတာ သူမတို့လူသားတွေအားလုံး ဘာမှမတတ်နိုင်တဲ့ အရာပဲပေါ့။ ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက်တာကို သဘာဝလို့ ဆိုကြပေမယ့် နှင်းအတွက်တော့ ရက်စက်လွန်းလှပါတယ်။ မောင့်ကို သတိရလို့ အိပ်မက်ထဲမှာ တစ်ခါလောက်တော့ တွေ့ချင်လိုက်တာ။ တဖြည်းဖြည်း မိုးသည်း

www.burmeseclassic.com

လာတာနဲ့ ကောင်းကင်က လျှပ်စီးတွေလက်၊ လေတိုက်တဲ့အရှိန်ကြောင့် ခေါင်းရင်းက သစ်ပင်က တံခါးကို တဖျပ်ဖျပ် လာရိုက်နေသည်။

"ဝုန်း"ဆိုပြီး ပစ္စည်းပြုတ်ကျတဲ့ အသံက တစ်အိမ်လုံး တိတ်ဆိတ်နေတာကြောင့် အကျယ်ကြီး ကြားလိုက်ရတယ်။ အိမ်ထဲ သူခိုးဝင်တာများလား။ နှင်း ဓာတ်မီးယူကာ ဖေဖေအခန်းတံခါး သွားခေါက်တော့ မိုးအေးအေးနဲ့ အိပ်မောကျနေတာကြောင့် နိုးမရခဲ့ပေ။

"ဝုတ် . . . ဝုတ်"

ခွေးတွေကလည်း နောက်ဖေး တံခါးနားလာပြီး သဲကြီးမဲကြီး လာဟောင်နေတော့ နှင်း အခန်းထဲပြန်မဝင်ဘဲ မီးဖိုချောင်အပြင်ကနေ ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ လျှပ်စီးလက်တဲ့ အလင်းရောင်နဲ့ ခြံစည်းရိုး မန်ကျည်းပင်အောက်မှာ တစ်ကိုယ်လုံး မိုးရေတွေ ရွှဲပြီး အင်္ကျီအဖြူလေး ဝတ်ထားတဲ့ ရပ်နေသော မောင့်ကို ရုတ်တရက် တွေ့လိုက်ရသည်။ နှင်း မောင့်ကို သတိရတဲ့ စိတ်ကြောင့် ထင်ယောင်ထင်မှားတွေ မြင်နေတာလား။ မောင်ဆုံးတော့ နှင်း ကိုယ်တိုင် အင်္ကျီအဖြူလေး ဝတ်ပေးလိုက်တာ သေချာ မှတ်မိနေသည်။ နှင်း စိတ်ထဲသိချင်တာကြောင့် တံခါးဖွင့်ပြီး အပြင်ထွက်လိုက်ချိန် မျက်နှာကို လေ အေးတစ်ချက် တိုက်သွားခဲ့သည်။

ခြံစည်းရိုး မန်ကျည်းပင်အောက် မှာ မြင်လိုက်သော မောင်တစ်ယောက် အရိပ်ကလေးတောင် မတွေ့တော့ဘဲ ပျောက်သွားခဲ့သည်။ တစ်ကိုယ်လုံး ကြက်သီးထလာတာတောင် ကြောက်ရကောင်းမှန်း မသိတော့ပေ။

ဘေးပတ်ဝန်းကျင်ကို ကြည့်သော်လည်း ဘာမှမရှိဘဲ အပုပ်နံ့ရလာခဲ့သည်။

နှင်းတစ်ကိုယ်လုံး မိုးရေတွေ အေးလာတော့မှ အသိပြန်ဝင်ပြီး တံခါးပိတ် အခန်းထဲဝင်လိုက်သည်။ အင်္ကျီအမြန်လဲကာ အိပ်ပျော်နေသောသား လေးကို ဖက်ထားပြီး မျက်လုံးမှိတ်ထားခဲ့သည်။မိုးသည်းထဲက ခွေးတွေကလည်း ခေါင်းရင်းတံခါးနားလာပြီး ဆက်တိုက် ဟောင်နေလိုက်တာ အပြင်ဘက်ကနေ လူကိုမမြင်ရပေမယ့် အရိပ်လိုမျိုး နှင်းတို့ သားအမိကို လှမ်းကြည့်နေသလို စိတ်ထဲခံစားမိသည်။

ရင်တွေ တုန်နေတာကြောင့် မောင့်ကိုမစဉ်းတော့ဘဲ အိပ်ပျော်အောင် ကြိုးစားခဲ့ရသည်။ တစ်ညလုံး အိပ်မပျော်ခဲ့တော့ မနက် မိုးလင်းတဲ့အခါ ခေါင်းတွေမူးပြီး လူက ပင်ပန်းနေသည်။ ခဏကြာတော့ နိုးလာသော သားလေးကို မျက်နှာသစ် မုန့်ကျွေးနေတုန်း နှင်းကိုကြည့်ကာ မေးလိုက်သော စကားကြောင့် ရင်ထဲ ဝမ်းနည်းခဲ့ရတယ်။

"ဖေဖေ ဘယ်သွားလဲဟင် . . သားတို့ အိမ်ပြန်ရအောင်နော်"

အိမ်ထောင်ရေး အဆင်မပြေမှုတွေ့ကြောင့် မိဘဆီပြန်သွားတဲ့အချိန်၊ မောင် ရုတ်တရက်ဆုံးတုန်းက နှင်းတို့ သားအမိ အနားမှာမရှိတော့ သားလေး မျက်နှာတောင် တွေ့မသွားရပေ။

မောင်ရဲ့ နောက်ဆုံးခရီးမှာ သားလေးကို အမေတို့နှင့် ထားခဲ့ပြီး နှင်းတစ်ယောက်တည်း လိုက်ပို့ခဲ့သည်။ မောင် လောကကြီးမှာ မရှိတာကို သားလေးမသိခဲ့တော့ နှင်း အမှန်အတိုင်း ပြောရင် ဝမ်းနည်းမှာစိုးလို့ ညာပြောလိုက်ရသည်။

"ဖေဖေက ဟိုအဝေးကြီးကို ခရီးသွားနေတာ၊ ကြာဦးမှာလေ၊ ဖေဖေ ပြန်လာရင် အိမ်ပြန်ကြမယ်နော်"

"မေမေက အလုပ်သွားတော့ အိမ်ကလူကြီးတွေက သားနဲ့အတူ ဆော့မပေးဘူး၊ သားအနားမှာ ဖေဖေ ရှိရင် ဘောလုံးကစားပေးတယ်"

"ညနေ သားလေးနဲ့အတူ ဆော့ရအောင် မေမေ အစောကြီး ပြန်လာခဲ့မယ်"

နှင်းပြောလိုက်တဲ့စကားကို သားလေးမျက်နှာက ပြုံးရွှင်မှုမရှိဘဲ ခေါင်း ညိတ်ပြီး အိမ်ရှေ့မှာ တစ်ယောက်တည်း ထွက်ဆော့နေသည်။ နှင်းရင်ထဲ စိတ်မကောင်းလွန်းလို့ မျက်ရည်တွေကျမလာအောင် အားတင်းထားခဲ့ရတယ်။

သားလေးကို အမေတို့နှင့် ခဏထားခဲ့ပြီး ဆိုင်မသွားသေးဘဲ အိမ်လေး ရှိရာလှမ်းလျှောက်လာခဲ့သည်။ လူမနေတာ ကြာပြီဆိုတော့ အိမ်က တိတ်ဆိတ်ပြီး ခြံဝင်းထဲမှ သစ်ပင်တွေနှင့် အုပ်ဆိုင်းနေတယ်။ မောင် မရှိတဲ့ အိမ်ကို နှင်း မရောက်တာတောင် ကြာခဲ့ပြီ။

မပြုပြင်တာကြာတော့ ယိုင်နဲ့နေသော ခြံစည်းရိုးတံခါးသော့ကို ဖွင့်ပြီး ဝင်လိုက်ချင်ပေမယ့် အိမ်ထဲဝင်ရင် မောင့်ကို ပိုသတိရမှာစိုးလို့ ခြံထဲက အမှိုက်တွေကို တံမြက်စည်းဖြင့် လှည်းနေခိုက် ဒေါ်လေးမြ အိမ်ထဲဝင်လာခဲ့သည်။

"အသံကြားလို့ နှင်းတို့သားအမိ အိမ်ပြန်လာတယ် ထင်နေတာ"

"သားလေး ကျောင်းတက်တော့မှပဲ ပြောင်းလာနေတော့မယ်၊ သူမရှိတော့ နှင်းတို့သားအမိ နှစ်ယောက်တည်း မနေချင်ဘူး"

"ဒါနဲ့ အောင်ကြီးက သမီးကို အိပ်မက်ပေးတာမျိုးတွေ ရှိလား"

"သူ့ကို အိပ်မက်တော့ မမက်ဘူး ဒေါ်လေး၊ ဘာဖြစ်လို့မေးတာလဲ"

"ညဆိုရင် သမီးတို့ အိမ်ထဲမှာ လူမနေဘဲ အသံတွေကြားနေရတယ်၊ ခြံထဲ အောင်ကြီး သွားလာနေတာကို ဒေါ်လေးကိုယ်တိုင် တွေ့လိုက်တယ်၊ မကျွတ်သေးတော့ သူ့အတွက် ကောင်းမှုကုသိုလ်လုပ်ပေးပေါ့"

"သူဆုံးတာ တစ်လပြည့်တဲ့နေ့မှာ ဘုန်းကြီးဆွမ်းကပ်ပေးမလို့ ဒေါ်လေးလဲ လာခဲ့နော်"

နှင်းတို့သားအမိကို စိတ်စွဲနေလို့ မောင်မကျွတ်နိုင်ဘဲ ဘဝမကူးသေးတာလား။ ညက မန်ကျည်းပင်အောက်မှာ တွေ့လိုက်တာ မောင့်ဝိညာဉ်ဟာ ဘဝမကူးသေးကြောင်း နှင်းကိုလာအသိပေး

www.burmeseclassic.com

တာပဲ ဖြစ်ရမယ်။ မောင် ကောင်းတဲ့ဘဝ မရောက်သေးတော့ စိတ်ထဲမကောင်းလို့ ဒေါ်လေးမြ ပြန်သွားပြီး သန့်ရှင်းရေး ဆက်မလုပ်တော့ဘဲ အိမ်ရှေ့ခုံတန်းလေးမှာ ထိုင်လိုက်မိသည်။

အဝေးတစ်နေရာက မောင်နဲ့ နှင်းတို့ရဲ့ ပျော်ရွှင်ခဲ့သော အတိတ်ပုံရိပ်တွေ ပြန်မြင်ယောင် စဉ်းစားမိသည်။

▲

မောင်က နှင်းထက် တစ်နှစ်ငယ်သော်လည်း တစ်ရပ်ကွက်ထဲ အိမ်ချင်းဝေးပြီး အတန်းမတူ သူငယ်ချင်းအဖြစ် ခင်မင်လာခဲ့ကြတယ်။ မောင့်မိဘတွေက ရန်ကုန်-နယ် အဝေးပြေးကားထောင်ထားတော့ ပိုက်ဆံရှိပြီး အစ်ကို အစ်မကြား အငယ်ဆုံးမို့ အားလုံးက အလိုလိုက်ထားကြသည်။

ရပ်ကွက်ထဲ အပေါင်းအသင်းတွေနှင့် ရန်ဖြစ်ရင် ထိပ်ဆုံးက ပါတတ်သောမောင့်ကို ပတ်ဝန်းကျင်က ဆိုးတဲ့သူလို့ ပြောဆိုခဲ့ကြတယ်။ ပညာရေးကိုလည်း စိတ်မဝင်စားတော့ ဒုတိယနှစ်အရောက်မှာ မောင် ကျောင်းဆက်မတက်ဘဲ အဝေးပြေးကား ကိုယ်တိုင်မောင်းပြီး စီးပွားရှာခဲ့သည်။

အချိန်ရာသီ ကြာလာတာနှင့် နှင်းနဲ့မောင်ကြား သူငယ်ချင်းသံယောဇဉ်ထက်ပိုတဲ့ ချစ်ခြင်းတွေ ပြောင်းလာပြီး ချစ်သူဖြစ်တာကို နှင်းမိဘတွေသိတော့ သဘောမတူဘူးလို့ ပြောပြီး အဆက်အသွယ် ဖြတ်ခိုင်းခဲ့တယ်။

အပေါင်းအသင်းတွေနဲ့ တစ်ခါတလေ သောက်တာကလွဲရင် ရည်းစားများဘဲ ရိုးသားပြီး နှင်းအပေါ် သစ္စာရှိသော မောင့်ကို မိဘတွေ ကန့်ကွက်သမယ့် လမ်းမခွဲခဲ့ပေ။

ချစ်သူ သက်တမ်း ကြာလာတော့ လက်ထပ်ရန်အတွက် မောင်အရင်လို မသောက်တော့ဘဲ အလုပ်ကြိုးစား ပိုက်ဆံစုပြီး နှင်းလည်း ကျောင်းဆက်တက်ခဲ့တယ်။ တဖြည်းဖြည်း ရာသီတွေ ပြောင်းလဲလာလိုက်တာ နှင်းကျောင်းပြီးလို့ မောင် စီးပွားရေး အခြေချတော့ ဘဝတစ်ခု တည်ဆောက်ရန် မင်္ဂလာကိစ္စကို မိဘတွေ သဘောမတူမှန်းသိသော်လည်း ဖွင့်ပြောလိုက်သည်။

"သမီးတို့နှစ်ယောက် လက်ထပ်ဖို့ကို အမေတို့ သဘောတူပေးပါနော် အိမ်ထောင်ရေးမှာ ချစ်တဲ့လူနဲ့ပဲ သမီး တည်ဆောက်ချင်တယ်"

"အဖေကတော့ အောင်ကြီးနဲ့ ဘယ်လိုမှ သဘောမတူနိုင်ဘူးလို့ တားနေတဲ့ကြား ယူခဲ့ရင် သမီးအဖြစ် အသိအမှတ်မပြုဘူး၊ အိမ်ကိုလဲမလာတော့နဲ့"

"ကိုယ့်သားသမီး ပျော်ရွှင်တာကို မိဘတွေက မြင်ချင်တာပေါ့၊ လူအကျင့်ဆိုတာ ဖျောက်လို့မရဘူး၊ သောက်တတ်တဲ့ အောင်ကြီးကိုယူရင် နောင်တစ်ချိန် သမီးပဲ စိတ်ဆင်းရဲလိမ့်မယ်၊ သမီးအဖေက အောင်ကြီး အိမ်ရှေ့ဖြတ်လျှောက်သွားရင်တောင် အကောင်းမမြင်တာ မျက်နှာချင်းဆိုင်လို့ ပိုဆိုးမှာပေါ့"

အဖေက မောင်နှင့် ပတ်သက်လာရင် ပြောတဲ့အတိုင်းလုပ်တတ်တော့ နှင်းကိုတောင် စကားမပြောမှာ သေချာတယ်။ မောင့်မိဘတွေက နှင်းကို ကြည်ဖြူသော်လည်း အဖေသဘော ထားကြောင့် နှစ်ယောက်သား ဝေးကွာရမှာ စိုးမိသည်။

"အောင်ကြီးကို လမ်းခွဲလိုက်တာ အကောင်းဆုံးပဲလို့" ပြောတဲ့ မိဘတွေကို စိတ်ဆင်းရဲအောင် မလုပ်ချင်ပေ။ အဖေက တစ်သက်လုံး သဘောမတူမှာကို သိနားလည်သော မောင်က နှင်းနဲ့ မခွဲချင်လို့ ပျော်ရွှင်အောင်ထားပါမယ် ပြောသောစကားကို မငြင်းရက်တာကြောင့် မိဘတွေကျောခိုင်းပြီး ခိုးရာလိုက်ခဲ့သည်။

မောင့်ကိုယူရင် သမီးလို့ မသတ်မှတ်ဘူးလို့ ပြောတဲ့ စကားအတိုင်း မင်္ဂလာဖိတ်စာယူပြီး အိမ်သွားတော့ အဖေက နှင်းကို မြင်တာနဲ့ မသိချင်ယောင်ဆောင်ကာ စကားမပြောဘဲ အပြင်ထွက်သွားခဲ့သည်။

အမေ့ စိတ်ထဲမှာ မောင့်ကို သဘောမကျသော်လည်း နှင်းနဲ့ပတ်သက်လာတော့ စကားခေါ်ပြောဆက်ဆံခဲ့တယ်။ မင်္ဂလာဆောင်မှ မောင့်မိဘဆွေမျိုးမတွေ့ချင်လို့ အဖေမလာဘဲ နှင်းဘက်က အမေတစ်ယောက်တည်း ဧည့်ခံတာမြင်ရတော့ ရင်ထဲဝမ်းနည်းမိသည်။

နှင်းအပေါ်ကို မောင်ဂရုတစိုက်ရှိတာတွေ နှစ်ယောက်သား ရန်မဖြစ်ဘဲ သံယောဇဉ်ချစ်ခြင်းမေတ္တာတွေက အိမ်ထောင်ရေး သာယာခဲ့သည်။ ကိုယ်ဝန်ရှိလာတော့ အဖေက မောင် ပါရင် အိမ်မလာနဲ့လို့ ပြောတာကြောင့် အိမ်သွားတိုင်း နှင်းကို လိုက်ပို့ပေးပြီး အထဲမဝင်ဘဲ လှည့်ပြန်ခဲ့တယ်။

အဖေက မောင်နဲ့ပတ်သက်ပြီး အကောင်းမမြင်ပြောဆိုနေတာကို ပြန်ကြားတော့ မတည့်ကြတဲ့ နှစ်ဖက်မိဘတွေ ဆက်ဆံရေး ပိုဆိုးလာခဲ့သည်။ သမီးတစ်ယောက်လို ချစ်ခင်ခဲ့သော မောင့်အမေကလည်း နှင်းအပေါ် ချွေးမဆိုသော သဘောမျိုးဖြင့် ဘာပဲလုပ်လုပ် အပြစ်မြင်နေတော့တယ်။

မောင့်မိဘအိမ် သွားလည်တိုင်း နှင်းကို မျက်နှာတည်ထားပြီး စကားသိပ်မပြောတာကြောင့် ကိစ္စရှိမှပဲ ယောက္ခမဆီကိုသွားလာခဲ့သည်။

မောင်နဲ့ အဆင်ပြေပေမယ့် ယောက္ခမကတစ်မျိုး၊ အဖေရဲ့သဘောထား တင်းမာမှုတွေကြောင့် စိတ်ညစ်ရပေါင်း များပြီ။ မောင့်အဖေ ဆုံးသွားတော့ ယောက္ခမနဲ့အစ်မက အဝေးပြေးကား လုပ်ငန်းအကြောင်းကို နားမလည်တာကြောင့် အိမ်စီးပွားရေး ဦးဆောင်လုပ်ကိုင်ဖို့ ဖြစ်လာခဲ့သည်။ နယ်ကိုကားထွက်ရင် မောင်ကိုယ်တိုင် လိုက်သွားရတာ မကြိုက်လို့ မလုပ်စေချင်တဲ့ အကြောင်း ပြောသော နှင်းစကားကို နားမထောင်ခဲ့ပေ။

"နှင်းကတော့ မောင့်ကို ကားနောက်မလိုက်စေချင်ဘူး၊ အစ်မကြီးကို





www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းအကြောင်း သင်ပေးလို့ရတာပဲ၊ မောင်ခရီးသွားရင် အိမ်မှာ နှင်းတစ်ယောက်တည်း ကျန်ခဲ့တာကို စိတ်ချလား"

"ဒါက မောင် ကျွမ်းကျင်တဲ့အလုပ်လေ၊အစ်မကြီးကကားအကြောင်းမှ နားမလည်တာ၊ မိန်းကလေးဆိုတော့ နယ်လိုက်သွားလို့မရဘူး၊ မောင်ခရီးသွားတဲ့အချိန် နှင်းမိဘအိမ် ပြန်နေပေါ့"

"ကားမောင်းတာ နှင်းမကြိုက်လို့ မောင့်ကို ပြောနေတာ၊ အမေ့မှာ သားသမီးအများကြီးရှိတာပဲ၊ အိမ်စီးပွားရေးမှာ အစ်မကြီးကို သူတို့ဝိုင်းကူညီခိုင်းပေါ့၊ မောင်လုပ်ရမယ်လို့ သတ်မှတ်ထားလား"

"အစ်ကိုတွေမှာ တခြားအလုပ်နဲ့မအားတော့ ကားအကြောင်းသိတဲ့ မောင့်ကို အမေက လုပ်စေချင်တာကို မိဘစကား ငြင်းလို့မကောင်းဘူးကွ"

နှင်းမလုပ်စေချင်လို့ပြောသော စကားကို မောင်နားမထောင်ဘဲ အစ်ကိုတွေမအားတဲ့ အကြောင်းပြချက်ပြောနေတော့ စိတ်ဆိုးပြီး ဆက်မပြောခဲ့ပေ။ ကားနောက်လိုက်ရင် အပေါင်းအသင်းတွေနဲ့ သောက်လာမှာကို စိတ်ပူသော်လည်း မောင့်အမေက လုပ်ခိုင်းနေတာကြောင့် နှင်းယောက္ခမနှင့် ဆက်ဆံရေးအဆင်မပြေတဲ့ကြား သွားပြောလို့ ပိုမုန်းမှာ သေချာတယ်။

မိဘတွေ စိတ်ညစ်အောင်လုပ်ပြီး သဘောမတူတဲ့ကြား နှစ်ယောက်သား ချစ်လို့ယူခဲ့သော အိမ်ထောင်ရေးက မောင် နယ်ကို ကားနှင့်လိုက်သွားချိန်မှစပြီး ပျော်ရွှင်ချမ်းမြေ့မှုတွေ ဝေးကွာလာခဲ့သည်။ မောင်ခရီးသွားတိုင်း နှင်းတစ်ယောက်တည်း အားငယ်စိတ်တွေကြောင့် မိဘအိမ် ပြန်နေလိုက်တယ်။ နှင်း ထင်ထားတဲ့အတိုင်း မောင် အလုပ်ပင်ပန်းတယ်ဆိုပြီး အပေါင်းအသင်းတွေနဲ့ သောက်လာလို့ စကားများ ရန်ဖြစ်ခဲ့ရတာ များပြီ။ ချစ်ခြင်းမေတ္တာတွေနဲ့ တည်ဆောက်ထားသော ဘဝလေးက သားလေး မွေးပြီးတော့ မောင့်ကို အရက်မသောက်ဖို့ နှင်း ဘယ်လောက်ပဲပြောနေပါစေ ဖြတ်မရဘူးဆိုတဲ့စကားကြောင့် အိမ်ထောင်ရေးအဆင်မပြေ ဝမ်းနည်းမှုတွေ ကြုံလာခဲ့ရသည်။

"အောင်ကြီး နောင်တစ်ချိန် အရက်ပြန်သောက်မှာပဲ၊ အဲဒီအခါကျရင် သမီး စိတ်ဆင်းရဲလိမ့်မယ်" အမေပြောသော စကားတွေက မှန်နေပြီ။

မောင့် အကြောင်းသိတဲ့ မိဘတွေက နှင်းတို့သားအမိကို မောင်နဲ့ခွဲပြီး အိမ်ပြန်လာနေလို့ ပြောခဲ့တယ်။

နှစ်ယောက်သား စိတ် အခန့်မသင့်လို့ စကားများတဲ့အခါ ရှိသော်လည်း သားလေးကို မောင်က မျက်စိအောက် အပျောက်မခံနိုင်အောင်ချစ်ပြီး သားလေးဂျီကျရင်တောင် နှင်းကိုမထိန်းခိုင်းဘဲ သူကိုယ်တိုင် စိတ်ရှည်စွာ ချော့သိပ်ခဲ့သည်။

မောင်က သူငယ်ချင်းတွေနှင့် သောက်တတ်တဲ့အကျင့်ကလွဲရင် နှင်းတို့သားအမိကို တန်ဖိုးထားချစ်ပြီး သားလေးပူဆာသော ပစ္စည်းမှန်သမျှ အလိုလိုက် ဝယ်ပေးခဲ့တယ်။ အချိန်ရာသီ နေ့ရက်တွေ ကုန်လွန်လာလိုက်တာ။ သားလေးက စကားတွေလည်းပြော၊ ပြေးလွှားဆော့ကစားတတ်သောအရွယ် ရောက်ခဲ့ပြီ။

လူ့အကျင့်ဆိုတာ ပြင်လို့မရဘူးဆိုတဲ့အတိုင်း အရင်လို သောက်နေသော မောင့်အကျင့်ကြောင့်အိမ်ထောင်ရေးပြဿနာတွေ ကြုံလာတော့ နှင်း စိတ်ညစ်မခံနိုင်ဘဲ သားလေးကို ခေါ်ပြီး မိဘဆီ ပြန်နေလိုက်သည်။ သားလေးကို သတိရလို့ မောင်က အိမ်ပြန်လာဖို့ခေါ်သော်လည်း နှင်းလိုက်မသွားခဲ့ပေ။ နှစ်ယောက်သား ခွဲနေကြပေမယ့် မောင်ခရီးမသွားတဲ့နေ့ဆိုရင် အိမ်လာပြီး သားလေးနှင့် တစ်နေကုန်အတူ ဆော့ပေးပြီ ညနေစောင်းတော့မှ ပြန်သွားခဲ့တယ်။

မောင့်အနားမှာ နှင်းတို့ သားအမိ မရှိတော့ အရင်ထက် ပိုသောက်လာပြီး နောက်ဆုံးအသည်းရောဂါဖြစ်နေတာကို နှင်းကို မပြောပြဘဲ ကျန်းမာရေးကောင်းတဲ့ လူတစ်ယောက်လို သွားလာနေခဲ့သည်။

အကောင်းကြီးကနေ သိပ်မကြာလိုက်တဲ့အချိန်အတွင်း မောင့်မိဘအိမ်မှာ ရုတ်တရက် အသည်းအသန်ဖြစ်ပြီး နှင်းတို့သားအမိမျက်နှာကို မတွေ့မြင်လိုက်ဘဲ လူ့လောကကြီးက ထွက်သွားရသည်။ မောင်ဆုံးခါနီးတောင် နှင်းဆီဖုန်းဆက်မပြောသော ယောက္ခမကို စိတ်နာလို့ အဆက်အသွယ် မလုပ်တာကြာပြီ။

အတိတ်ကအကြောင်းကို ပြန်စဉ်းစားရင်း အချိန်တွေကုန်သွားမှန်းမသိ။ နေ့လယ်ရောက်တော့မှ ခြံတံခါးသော့ခတ်ထွက်လာပြီး ဆိုင်သွားဖွင့်လိုက်သည်။ တစ်နေကုန် အလုပ်တွေပြီးတဲ့နောက် ညနေစောင်းရောက်လာပြန်ပြီ။

နှင်းအိမ်ပြန်လာတော့ ခြံထဲမှာတစ်ယောက်တည်း ဘောလုံးကန်နေသော သားလေးနဲ့အတူ လိုက်ဆော့ပေးတော့ ပျော်ရွှင်နေတဲ့ သားမျက်နှာကိုကြည့်ပြီး စိတ်ပင်ပန်းတာတွေပျောက်သွားခဲ့တယ်။ တဖြည်းဖြည်း နေလုံးကွယ်ပျောက်သွားပြီး မှောင်စပျိုးလာတာကြောင့် သားလေးကို နှင်း အိမ်ထဲ ဝင်ခိုင်းတာကို ဘယ်လိုမှ ပြောမရဘဲ ဆော့နေခဲ့သည်။

မှောင်လာတော့ ဆော့နေသော သားလေးက ခြံတံခါးနားသွားပြီး အပြင်ကို လက်ညှိုးထိုးပြောလိုက်သောစကားကြောင့် "မေမေ အပြင်မှာ လူကြီးတစ်ယောက်ရပ်နေတယ်" တဲ့။

နှင်း ခြံအပြင်ထွက်ကြည့်သော်လည်း ဘယ်သူမှမရှိ၊ ကလေးဆိုတာ ကံနိမ့်တတ်တော့ မကျွတ်သေးတဲ့ဝိညာဉ်တွေ သွားလာနေလို့ သရဲကို လှမ်းမြင်လိုက်တာလား။





www.burmeseclassic.com

www.burmeseclassic.com

နှင်းတို့အိမ်က လမ်းကြားလေးထဲ ဘေးပတ်ဝန်းကျင်သစ်ပင်တွေ ပိုမှောင်နေတော့ သားလေးကိုချီပြီး အိမ်ထဲဝင်ခဲ့သည်။ ချွေးတွေထွက်အောင်ဆော့ထားသောသားကို ကိုယ်လက်သန့်စင်ပေး ထမင်းကျွေးပြီး ချော့သိပ်ရင်း နှင်းလည်း အိပ်ပျော်သွားတယ်။

အိပ်ပျော်တစ်ဝက် နိုးတစ်ဝက်ရုတ်တရက် စူးစူးဝါးဝါးဟောင်နေသောဘိုကျားကြောင့် လန့်နိုးလာပေမယ့် နှင်းကြောခင် ပြန်အိပ်ပျော်သွားပြီး အိပ်မော် မက်ခဲ့သည်။ အရှေ့တံခါး ခေါက်သံ လေးချက်တိတိခေါက်သံက အောင်အိမ်ပြန်ချိန်နောက်ကျတိုင်း ခေါက်နေကျ အသံပါလား။ တဖျပ်ဖျပ် လျှောက်လာသည့်ခြေသံကို ကြားလိုက်ရပြီး နှင်းခုတင်ဘေးမှာ ရပ်တန့်သွားခဲ့သည်။

"ဟင်, မောင် နင်သေပြီးပြီလေ ဒီအိမ်ထဲဝင်လာလို့ မရဘူး၊ နှင်းလဲကြောက်တယ် သားကြောက်သွားလိမ့်မယ် ထွက်သွားပါတော့ မောင်ရယ်"

ငါသေသွားမှန်းသိတာပေါ့၊ နှင်းနဲ့သားကို စောင့်ရှောက်ပြီး အနားမှာနေချင်ပေမယ့် အောင်အိမ်ထဲဝင်ခွင့်မရှိတော့ သားဆော့နေတာကို မြင်ရဲ့သားနဲ့ ဘဝခြားပြီး ပွေ့ဖက်ချီလို့ မရဘူး၊ အတယ်တမ်း မောင်ကိုယ်တိုင် ဒုက္ခတွေရောက်နေလို့ နှင်းဆီကို လာပြောရတာပါ"

မျက်ရည်ဝဲနေသော အောင့်မျက်လုံးတွေက သက်မဲ့မှန်းသိသော်လည်း နှင်း တစ်ချက်လှမ်းကြည့်တော့ မျက်နှာဖြူဖပ်ဖြူရော်နှင့် ဖွေးဆွတ်နေတာကြောင့်ရုတ်တရက်လန့်သွားမိသည်။

"နှင်း မောင့်အတွက် ဘာလုပ်ပေးရမလဲ၊ ဖြစ်ချင်တာကို ပြောလေ၊ သားကို စိတ်စွဲမနေနဲ့"

သူ လူ့ဘဝတုန်းက မိဘတွေကို လုပ်ကျွေးနိုင်ခဲ့လို့ သားတစ်ယောက်အာဝန်မကျေခဲ့သလို နှင်းမကြိုက်တဲ့အရက်ကို သောက်ပြီး သားလေးကိုလည်း သေချာမစောင့်ရှောက်ပေးခဲ့ဘူး၊ အိမ်မှာ မွေးထားသော ခွေးမကြီးကိုအရက်မူးတိုင်း ကန်ကျောက်မောင်းထုတ်ပြီး စားနေတဲ့ ထမင်းပန်းကန်တွေခြံစည်းရိုးနားရောက်အောင် လွှင့်ပစ်ခဲ့တယ်။ အလှူဒါနနည်းပြီး တရားမရှိတော့၊ သူ မကျွတ်သေးသည့်ဘဝမှာ သူများတွေ စားစရာကို လမ်းကြိုလမ်းကြား အိမ်နောက်ဘက်တွေမှာ တွေ့ပေမယ့် သူသွားရင် မောင်းထုတ်ကြသည်။ မိုးရွာလို့ ခိုနားစရာဇရပ် သစ်ပင်ရိပ်အောက်သွားတာတောင် အနေမခံဘဲ မောင်းထုတ်တယ်။

"နှင်း မောင်တို့ မိသားစုတွေခေါ်ပြီး ဘုန်းကြီးဆွမ်းကပ် တရားနာရအောင် လုပ်ပေးပါ၊ အမေ့ဆီမှာရှိတဲ့ မောင့်အဝတ်အစားတွေ မရှိတဲ့လူတွေ ပေးလိုက်ပါ၊ အိမ်က ခွေးမကြီးနဲ့ ရပ်ကွက်ထဲက ခွေးတွေကို နှင်း တတ်နိုင်သလောက် အစာကျွေးပေးပါ၊ မောင်ချစ်သောလူတွေနဲ့ အတူတကွ ပြန်မနေနိုင်တာ သိတဲ့နောက် သံယောဇဉ်စွဲလမ်းတာတွေ မထားတော့ပါဘူး၊ နောင်ဘဝမှာ ပြန်လည်တွေ့ရမယ်ဆိုရင် နှင်းတို့သားအမိကို ဒီထက်မကချစ်ပြီး အသက်ရှည်စွာဖြင့် မခွဲခွာဘဲနေပါ့မယ်၊ တရားနာတဲ့အခါ နှင်းဘေးမှာ မောင့်အတွက် တစ်နေရာပေးပါ။ဆက်ဆက်အမှတ်ပေါ့"

ငိုရင်းနဲ့ ပြန်ထွက်သွားသော မောင့်နောက်ကို ခွေးတွေကလည်း ဟောင်လိုက် အူလိုက်ကြတာ နှင်း သတိမေ့ဧးကြည့်ခိုက် လန့်နိုးလာခဲ့သည်။ ဒါဟာ အိပ်မက်ဆိုပေမယ့် နှင်းပါးပြင်ပေါ်မှာ မျက်ရည်တွေဟာ တကယ်ရှိခဲ့တာပါ။

▲

ဘယ်လိုပဲ ဒေါသတွေ အတ္တတွေ ကြီးရှိနေပေမယ့်လည်း သမီးနှင့်မြေးမျက်နှာကြောင့် နှင်းမိဘတွေ သူတို့မျက်နှာချင်း မဆိုင်ချင်သော မောင့်အမေနဲ့အတူ တရားနာဖြစ်လာခဲ့သည်။ မောင့်စကားအတိုင်း ရပ်ကွက်ထဲက ခွေးတွေနဲ့ အိမ်ရှိခွေးမကြီးကို နှင်းအစာကျွေးပြီး အဝတ်အစားတွေကို မရှိတဲ့လူကို ပေးလိုက်သည်။ မနက်ဖြန် ဘုန်းကြီး ဆွမ်းကပ်ရန်အတွက် အိမ်မှာ ချက်နေကြတုန်း ဆေးကြောထားသည့် အိုးခွက်ပန်းကန်တွေ လူမကိုင်ဘဲ ပြုတ်ကျသွားပြီး သားလေးလည်း ရုတ်တရက်အလန့်တကြား ငိုခဲ့သည်။ ခွေးတွေကလည်း စူးစူးဝါးဝါး ထအူနေတာကြောင့် အိမ်သားအားလုံး မီးဖိုထဲမနေရဲတော့။

နှင်းစိတ်ထဲ မောင်များ ခြောက်လှန့်နေတာများလားလို့ ထင်မိသည်။ ညဘက် နှင်းအိပ်မက်ထဲကို အောင်ထပ်ရောက်လာပြန်သည်။ "သားရှင်ပြုဖို့အတွက် ထပ်ခိုးကြားမှာနှင်းမသိအောင် စုထားသည့်ပိုက်ဆံတွေနဲ့ သား ကိုရင်ဆီးတာကို အောင်မြင်ချင်တယ်တဲ့လေ"

မနက်မိုးလင်းလို့ နှင်းအိမ်သွားပြီး အောင်ပြောတဲ့နေရာကိုကြည့်တော့ စာအိတ်ထဲမှာ တစ်ထောင်တန်တွေ စီထည့်ထားတယ်၊မောင်ရှာဖွေစုဆောင်းထားသော ပိုက်ဆံတွေကို သက်နှင်းဝယ်ပြီး အမြန်ဆုံး ရှင်ပြုပေးလိုက်ကြတယ်။ ဒီအလှူလေးက မောင် ဘဝကူးကောင်းအောင် ကူညီပါလိမ့်မယ်။

တရားနာရန် ဘုန်းကြီးမကြွခင် နှင်းဘေးမှာ တစ်နေရာစာထားတော့ ခြံဝင်းတံခါးကို အကြိမ်ကြိမ်ခေါက်ရင်း အသံပေးပြီး မောင် ရှိကြောင်း ဝင်ခွင့်တောင်းနေသလားလို့ ထင်မိသည်။ အမျှဝေ သာဓုခေါ်ချိန်မှာ နှင်းလက်မောင်း လာကိုင်တာကို အောင်မှန်းသိလိုက်တော့ မျက်ရည်ကျပြီး ကောင်းရာဘဝ ရောက်ပါစေလို့ ဆုတောင်းပေးခဲ့သည်။ ကျွတ်သွားလို့လားမသိ မောင်နဲ့ပတ်သတ်ပြီး အိပ်မက်အရိပ်အယောင်လုံးဝမတွေ့ရတော့ပေ။မသိမ [illegible] ကြားတော့ဘဲ သံသရာခရီးရှည်ကြီးကို [illegible] ခရီးဆက်သွားပြီလားဆိုတာ နှင်းသေချာမသိနိုင်တော့ပါ။ နှင်းတို့သားအမိနဲ့ မေတ္တာကမ္ဘာခြား သွားပေမယ့် မောင့်ကို မေ့နိုင်ဖို့ ခက်ခဲပါတယ်။

❒ မိုးနှင်းဆီ





www.burmeseclassic.com

www.burmeseclassic.com

ရာသီကား ဆောင်းဦးပေါက် ဝင်ရောက်ပြီဖြစ်ပေမယ့် ယခင်နှစ်များကဲ့သို့ ချက်ချင်းအအေးမပိုလာသေး။ နေလို့ထိုင်လို့ကောင်းတုန်းပင် ရှိသေး၏။

ထိုဆောင်းရာသီ၏ တစ်ရက်သော နေ့လယ်ပိုင်း၌ အစ်ကိုဖြစ်သူ ဦးမောင်မောင်အေးသည် အိမ်ကို လာရောက် လည်ပတ်ရင်း စပ်မိစပ်ရာ စကားစမြည် ပြောဆိုနေရာမှ စကားလမ်းကြောင်း ပြောင်းလျက် သရဲအခြောက်ခံရသည့် အတွေ့အကြုံများအကြောင်းသို့ ဦးလည်သွားကာ ဘိုကလေးမြို့မှ သူ၏ သူငယ်ချင်းဖြစ်သူ မောင်မောင်မြင့် သရဲ ခြောက်ခံရပုံကို ရယ်မောလျက် ပြောပြလေသည်။

အကြောင်းအရာက သိပ်မထူးဆန်းပေမယ့် အစ်ကို့သူငယ်ချင်း၏ ဖြစ်အင်ကဆန်းဆန်းကြယ်ကြယ် ဖြစ်နေသည်မို့ စိတ်ပါဝင်စားကာ နားထောင်ဖြစ်၏။ ပြီးသွားသောအခါ အစ်ကိုက စာရေးသူကို ရေးဖို့တိုက်တွန်းသဖြင့် အောက်ပါဇာတ်လမ်းကို ဖွဲ့သီလိုက်မိပေတော့သတည်း။

✤



မောင်မောင်မြင့်သည် ကျုံမငေး
မြို့အနီးအနားရှိ ရွာကလေးတစ်ရွာတွင်
နေထိုင်သူဖြစ်၏။

သူကိုယ်သူ အမြင်ကျယ်သည့်
လူတစ်ယောက်အဖြစ် ခံယူကာ မိဘ
တို့၏ လက်ငုတ်လက်ရင်း လယ်ယာ
အလုပ်ကိုစွန့်၍ ဘိုကလေး မြို့ပေါ်သို့
တက်၍ ပညာတစ်ခုခုသင်ယူရန် မိဘ
နှစ်ပါးအား နားပူနားဆာ ပြောလွန်း
သဖြင့် မိဘများမှာ တစ်နယ်တစ်ကျေး
အရပ်တွင် မိမိတို့၏ ရင်ဝယ်သားကို





www.burmeseclassic.com

www.burmeseclassic.com

စိတ်မချနိုင်လင့်ကစား သား ဖြစ်သူ စိတ်ချမ်းသာစေရေးအတွက် ခွင့်ပြုလိုက်ရှာလေသည်။

ဤသို့ဖြင့် မောင်မောင်မြင့် တစ်ယောက် ဘိုကလေးမြို့ရှိ ဦးလေးဖြစ်သူအိမ်၌ တည်းခိုကာ အိုးအိမ် တည်ဆောင် ဝမ်းစာရေးနှင့် အသက်မွေးဖို့ အတတ်သင်လေ ဟူသည့် ဆိုစကားအတိုင်း ပညာသင်ယူရန် ကြိုးစားလေတော့သည်။

သူသည် တောသား ဖြစ်ခြင်းကြောင့် ခန္ဓာကိုယ်တုတ်ခိုင်ကြီးထွားကာ သကောင်း၏။ အရပ်ပု၏။ မျက်ခုံးသည် ထူထဲမှောင်မည်းကာ ထင်ရာကို တစ်ရှူးထိုး ဇွတ်တရွတ်ပြုလုပ်မည့်သူဖြစ်ကြောင်း မြင်ရုံနှင့် သိနိုင်၏။

ယင်းကြောင့် မောင်မောင်မြင့်ကို ကြည့်လျှင် ခွန်အားကို ပိုမိုအားကိုး၍ ပြုလုပ်မည့်သူမှန်း သိသာလှပေသည်။

မြို့သို့ရောက်ပြီး မကြာခင် ဆံပင်ညှပ်သင်၏။ အစပိုင်း၌ လိုလိုလားလားဖြင့် သင်ယူချင်သော ထိုပညာကို ရက်အများစွာ ဖွဲ့နပဲကြီးကြီးနှင့် လုပ်ကိုင်ပါသော်လည်း ပညာပါရမီနည်းခဲ့သည်မို့ အချိန်ကြာလာသည်နှင့်အမျှ စိတ်ကုန်မှု ပြုလာ၏။

(ပညာရပ် တစ်ခုသည် တတ်သည့် လူက ပြုလုပ်လျှင် အလွန်လွယ်သည်ဟု ထင်မှတ်ရ၏။ ကိုယ်တိုင်လုပ်ကြည့်မှ လွန်စွာ ခက်ခဲလှကြောင်း တွေ့ကြရလေသည်။

ထို့ကြောင့် ဉာဏ်ပညာ အားနည်းသူများ၊ ငွေကြေးမြင်၍ ရေပေါ်ဆီ အလွယ်လိုက်ချင်သူများအတွက်မူ ပညာရပ် တစ်ခုသည် အချိန်နှင့်အမျှ ဒုန်ကရိုဏ်းမကျဖြစ်ကာ စိတ်မရှည်ခြင်း အနစ်နာမခံနိုင်ခြင်းများ မွမ်းထုံပြီး စိတ်ပျက်ဖွဲလျှော့ကာ ကျောခိုင်းသွားကြလေတော့သည်။)

ထိုအတောအတွင်း ဆံပင် လာညှပ်သူ တစ်ဦး၏ နားရွက်ကို လက်ကတ်ကြေးဖြင့် ကိုက်မိသဖြင့် နားရွက်များ အတော်ကြီးပါသွား၍ မျက်ကလူးဆန်ပျာ တောင်းပန်ခဲ့ရပြီး နောက်ပိုင်း မောင်မောင်မြင့်တစ်ယောက် ဆံပင်ညှပ်ပညာကို အိန္ဒြိယပြည်၊ ကာလကတ္တားမြို့မှ မျက်လှည့်ဆရာတစ်ဦးက မြွေတစ်ကောင်ကို ဖျောက်ပြလိုက်ဘိသကဲ့သို့ သူ၏စိတ်ကူး၌ လုံးဝပျောက်ကွယ်သွားလေတော့သည်။

သို့နှင့် မောင်မောင်မြင့်သည် ရှေ့တွင်ဆိုခဲ့ပြီးသည့်အတိုင်း ဉာဏ်နည်းပါးသူဖြစ်ရကား သူ၏နဂိုမူလခွန်အားကို အသုံးပြု၍ ဦးလေးဖြစ်သူ၏ ဆိုက္ကားတစ်စီးကိုယူပြီး နင်းလေသည်။

ထိုခေတ်က သူ၏အရွယ်နှင့် အလုပ်မရှိခဲ့လျှင် ပတ်ဝန်းကျင်က ကဲ့ရဲ့တတ်သောကြောင့်လည်း ဖြစ်၏။

တစ်နေ့၌ ဘိုကလေးမြို့ရှိ လွတ်လပ်ရေးကျောက်တိုင် အားကစားကွင်းရှိ (ဘောကွင်းဟု အခေါ်များပါသည်။ ယင်းကြောင့် နောက်ပိုင်းရေးမည့် အခန်းများတွင် ဘောကွင်းဟုသာ သုံးနှုန်းပါတော့မည်။) အောင်မင်္ဂလာဇာတ်ရုံ၌ ပွဲသွင်း၏။ ပွဲလမ်းသဘင်ဖြစ်ခြင်းကြောင့် မောင်မောင်မြင့်တို့လို ဆိုက္ကားသမားတွေအတွက် အလုပ်ဖြစ်သော အချိန်များပင်။

တချို့ ဆိုက္ကားသမားတွေဆိုလျှင် မိုးလင်းပေါက် ဆိုက္ကားဆွဲကြ၏။ ဤသို့ထဲတွင် မောင်မောင်မြင့် တစ်ယောက် ပါဝင်ဆင်နွှဲမည်ဆိုခြင်းကို အထူး ရေးသားဖော်ပြရန် မလိုတော့ပေ။

ညဉ့်နက်လာသည်နှင့် အမျှ ဘောကွင်း၌ လူသွားလူလာ ဖြောက်တောက် ဖြောက်တောက်လောက်သာ ရှိတော့၏။ ယင်းအချိန်နှင့်အညီ မောင်မောင်မြင့်မှာ ခရီးသည်စောင့်ရင်း အိပ်ငိုက်စပြုလာ၏။

ထို့ကြောင့် ဆောင်းထားသည့် စစ်ဦးထုပ်ကို မျက်နှာအုပ်သည်အထိ ဆွဲချလိုက်ပြီး အိပ်လို့ ကောင်းစေရန် ကိုယ်နေဟန်ကိုပြင်၍ ဆိုက္ကားပေါ်၌ပင် မှေးလိုက်၏။ ဘောကွင်းကို ဖြတ်တိုက်လာသည့် လေပြည်က ညင်သာစွာ ယပ်ခပ်ပေးနေသကဲ့သို့ ရှိပြန်ရာ မောင်မောင်မြင့်မှာ မှေးခနဲ အိပ်ပျော်သွားလေသည်။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ၊ ဆူညံ ပွက်ညံအသံများကြောင့် ဖျတ်ခနဲ လန့်နိုးသွား၏။

အိပ်ချင်မပြေသေးသော မျက်လုံးနှင့် ဇာတ်ရုံဘက်ကို လှည့်ကြည့်လိုက်တော့ ရှေ့ပိုင်းပြီးလို့ အားလပ်ချိန်ပေးနေသည်ကို တွေ့လိုက်ရသည်။

သို့ဖြစ်၍ အိပ်ချင်ပြေသွားစေရန် မျက်လုံးများကို ပွတ်သပ်လိုက်ပြီး၊ ဇက်ကြောကို ပျောက်ခနဲ ပျောက်ခနဲ မြည်အောင်ချိုးလျက် ကပိုကရို ဖြစ်နေသော အင်္ကျီနှင့်လုံချည်ကို ပြင်ဝတ်လိုက်ကာ ဆိုက္ကားငှားမည့်သူကို မျှော်လင့်တကြီး စောင့်နေမိလေသည်။

အကြောင်းမူ ဤသို့အချိန်များတွင် တချို့က နောက်ပိုင်းကို ဆက်မကြည့်ဘဲ ပြန်တတ်ခြင်းကြောင့်ဖြစ်၏။ စောင့်မျှော်ရကျိုး နပ်သည်လို့ပဲ ဆိုရမည်။

လွန်စွာ ချောမောသော အမျိုးသမီးနှစ်ယောက် သူ့ဆိုက္ကားရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လှမ်းလာသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

အနီးသို့ရောက်လျှင် အကြီးဟု ယူဆရသော မိန်းမပျိုက. . .

"ဆိုက္ကား အားလားရှင်"

ညင်သာနူးညံ့၍ တိုးညင်းသော အသံလေးက ကြိမ်နှုန်းတူစွာ ပြုလုပ်ထားသော ဂီတသံစဉ် တစ်ခုအလား မောင်မောင်မြင့်နားထဲသို့ သာယာစွာ စီးဝင်သွား၏။ ထို့ကြောင့်ပင် ဝမ်းသာအားရ တုံ့ပြန်ဖြစ်သည်။

"အားပါတယ်ခင်ဗျာ၊ အားပါတယ်"

"ဒါဆို တော်သေးတာပေါ့၊ ဟိုဘက်က ဆိုက္ကားတွေက သူတို့လူနဲ့





www.burmeseclassic.com

www.burmeseclassic.com

သူတို့စောင့်နေကြတော့ ကျွန်မတို့ ငှားတာကို မလိုက်နိုင်ကြဘူး၊ အဲဒါကြောင့် ကျွန်မက မေးမိတာပါရှင်”

အားနာဟန်ဖြင့် ရှင်းပြနေသော အမျိုးသမီးကိုကြည့်ပြီး မောင်မောင်မြင့်က. . .

“ဆိုက္ကားသမားတွေရဲ့ ဘဝက ဒီလိုပါပဲ အစ်မတို့ရယ် ရိုးနေပါပြီ၊ ကျွန်တော်တို့လို ဖောက်သည် မရှိတဲ့သူတွေသာ စီးမယ့်သူကို မျှော်နေရတာ ဟင်း. . . ဟင်း. . . ဟင်း”

ပွဲနေပွဲထိုင်လာကြသည်မို့လား မသိ၊ ၎င်းအမျိုးသမီး နှစ်ဦးစလုံးထံမှ ထိုခေတ်အခါက သုံးစွဲသော ပပဝတီ ပေါင်ဒါနံ့များ သင်းပျံ့နေသည်။ ယင်းအချိန်က နာမည်ကြီးသော ဘိုင်စကုတ်မင်းသမီး ကြည်ကြည်ဌေး၊ မေရီမြင့်တို့ကဲ့သို့ပင် ဝတ်စားဆင်ယင်ထားကြ၏။

မောင်မောင်မြင့်က သူမတို့ကို ဆိုက္ကားပေါ် တက်ခိုင်းလိုက်ပြီး ဘောကွင်းမှ နင်းထွက်ခဲ့လေသည်။ ပြီးလျှင် လေးဖြတ်လမ်းခေါ် ရွှေလဝင်းရုံလမ်းမှ ဆိုက္ကားကို နင်းခဲ့ပြီး သချိုင်းကုန်းထိ ပေါက်သော တတိယလမ်းမကြီးအတိုင်း သာသာယာယာပင် နင်းလာခဲ့၏။

ရဲတန်းလျားရပ်ကွက်ကို ကျော်လာခဲ့ပြီး တတိယလမ်းထောင့်နှင့်ဆေးရုံလမ်းထောင့်ရှိ ရင်ခွဲရုံကို ဖြတ်အနင်း၌ အမျိုးသမီး နှစ်ဦးထံမှ ခပ်ညင်းညင်း ရယ်သံ တိုးလျှစွာ ထွက်ပေါ်လာသည်။

မောင်မောင်မြင့်စိတ်ထဲ၌ ဇာတ်ထဲမှ လူပြက် (ထိုအချိန်က ယခုခေတ်အခေါ် လူရွှင်တော်ကို လူပြက်ဟုသာ ခေါ်ပါသည်။) တွေ၏ ပြက်လုံးများကို တွေးမိပြီး သဘောကျ ရယ်မောနေသည်ဟု ထင်မိလေသည်။

ဇာတ်ပွဲကောင်း၏၊ မကောင်း၏ ဆိုသည်ကို မေးမြန်းဖို့ စိတ်ကူးလိုက်သေး၏။ သို့သော် မေးဖို့စကားစ,က ချက်ချင်းထွက်မလာ။

တစ်ခုထူးခြားနေသည်က တချို့ ပွဲလမ်းသဘင်မှ ပြန်လာလျှင် တစ်စုံတစ်ခုတော့ ဝယ်ခြမ်းပါလာတတ်စမြဲ။ ယခုမူ ၎င်းအမျိုးသမီးနှစ်ယောက်ထံ၌ မည်သည့်ပစ္စည်းမျှမတွေ့။ လက်ချည်းသာ။ များသောအားဖြင့် မိန်းကလေးများဇာတ်ပွဲသို့ လာကြည့်လျှင် မုန့် လက်ဖက်၊ အချဉ်ဆီးထုပ်နှင့် ဓာတ်ဘူးများ ပါလာတတ်၏။ သို့တိုင် ထိုအမျိုးသမီးနှစ်ယောက်ကား ယင်းသို့သော အနေအထားမျိုးလည်း မရှိ။

ထို့ကြောင့် အနည်းငယ်တော့ အံ့ဩမိနေတာအမှန်။ ဤသို့စဉ်းစားမိသဖြင့် မောင်မောင်မြင့်မှာ ဇာတ်ပွဲကောင်း၊ မကောင်းအကြောင်းကို စုံစမ်းဖို့ပင် မေ့သွား၏။

ယေဘုယျအားဖြင့် ဘိုင်စကုတ်မင်းသမီးနီးပါးမျှ ချောမောလှပသော ယင်းအမျိုးသမီးနှစ်ဦးသည် ညဥ့်နက်သန်းခေါင်း အဖော်သဟဲကင်းစွာဖြင့် လာကြည့်ကြခြင်းမှာ အလွန် ထူးဆန်းဖို့ကောင်းနေသည်။

သို့ပေမယ့် ဩော် သူမတို့က သတ္တိကောင်းလို့ပဲဟု စိတ်ထဲဖြေတွေးရင်း ပါးစပ်မသရမ်း၊ လက်မသရမ်းရဲ။ တော်ကြာ စေတနာက ဝေဒနာဖြစ်၍ မိန်းမတို့၏ မာယာမှော်ဝန်းထဲ ဝင်မိသွားလျှင် အခက်။

ယခုမှ မိမိတလူပို့စစ်စစ်။ အခန့်မသင့်လို့ ပြဿနာတက်ပြီး အရှက်တကွဲ အကျိုးနည်းဒ ဖြစ်သွားခဲ့လျှင် ကျုံမငေးသား ဘိုကလေးမြို့ပေါ် လာပြီး မတော်တရော်တွေ လာလုပ်သည်ဟု ကျော်မကောင်း၊ ကြားမကောင်း သတင်းထွက်လျက် ဦးလေးနှင့် အဝေးနေမိဘနှစ်ပါးအပြင် ဆွေမျိုးများပါ သိက္ခာကျကြပေလိမ့်မည်။

မောင်မောင်မြင့် တစ်ယောက် ကြောင်းကျိုးရှေ့နောက် စဉ်းစားလျက် အမျိုးသမီးနှစ်ဦးအကြောင်းကို ခေါင်းထဲမထည့်တော့ဘဲ ဆိုက္ကားကိုသာ အားစိုက်နင်းလိုက်လေသည်။

ရင်ခွဲရုံကို ဖြတ်ကျော်လာပြီးသည့်အချိန်၌ ရုတ်ခြည်းဆိုသလို သတိတစ်ခု ရသွား၏။ သူသွားနေသည့် လမ်းကြောင်းသည် ဝါးလုံးတန်းနှင့် အ[illegible] ပိတ်ထားတတ်သော စစ်တပ်ဂိတ်ဆီသို့

၎င်းဂိတ်သည် ဤကဲ့သို့ ည[illegible] အချိန်မတော်များတွင် မြို့ပေါ်သို့ တ[illegible] ၍ မီးရှို့ကာ ပစ္စည်းများ လုယက်ခြင်း ကြောင့် မြို့တွင်း မြို့ပြင် လုံခြုံရေး အတွက် အစောင့်ချထားသော ဂိတ်ဖြစ်၏။

မည်သူ တစ်ဦးတစ်ယောက်မှ ဖြတ်သန်းခွင့်မရှိ။ ယင်းကြောင့် အမျိုး သမီးများကို မေးဖြစ်လိုက်သည်။

“အစ်မတို့၊ ဒီစစ်တပ်ဂိတ်က ဘယ်သူမှဖြတ်လို့မရဘူးဗျ၊ ကျွန်တော် လမ်းမှားပြီး နင်းလာမိပြီနဲ့တူတယ်”

မောင်မောင်မြင့်က စိုးရိမ်တကြီး ပြောလိုက်ပေမယ့် နောက်ခုံတွင် ထိုင် လာသော အမျိုးသမီးငယ်က အေးအေး ဆေးဆေးပင် ပြန်ဖြေ၏။

“နင်းမှာသာ နင်းစမ်းပါရှင် စစ်မယ့်ဆေးမယ့်သူလဲ ရှိမှာမဟုတ် ပါဘူး၊ ရဲရဲသာ နင်းစမ်းပါရှင်”

ရဲရဲဝံ့ဝံ့ပင် အာမခံပြောနေခြင်း ကြောင့် မောင်မောင်မြင့် စိတ်ထဲ၌ ဤအမျိုးသမီးများသည် ဘိုကလေးမြို့ ၏ မြို့မျက်နှာဖုံးများ ဖြစ်ကြပေလိမ့် မည်ဟု တွေးမိလျက် ဆိုက္ကားနင်းရင်း အဝေးမှပင် စစ်တပ်ဂိတ်ကို လှမ်းမျှော် ကြည့်မိသည်။

အံ့ဩဖို့ကောင်းသည်မှာ ဂိတ်၌ အမြဲတမ်းပိတ်ထားသော ဝါးလုံးတန်း သည် အဖျားအပေါ်သို့ထောင်ပြီး ပွင့် လျက်ရှိ၏။ စိတ်၌ အမျိုးသမီး ပြော စကားနှင့် ဂိတ်အခြေအနေက ကွက်တိ ဖြစ်နေခြင်းကြောင့် မည်သည့်သံသယ မျှမဝင်ဘဲ နင်းလာခဲ့သည်။

သူမတို့ ပြောသည့်အတိုင်း လူ မရှိ။ အစစ်အဆေး မရှိ။ သို့ဖြစ်၍ မောင်မောင်မြင့်မှာ လေကလေးပင် ချွန်လာလိုက်သေးသည်။

ဂိတ်ကိုဖြတ်ကျော်ပြီး ဒေါင် သပြေ လမ်းမကြီးအတိုင်း နင်းလာစဉ်

www.burmeseclassic.com

မောင်မောင်မြင့်စိတ်ထဲ တစ်မျိုးကြီး ဖြစ်လာ၏။

ထိုအခိုက် ရုတ်တရက်ဆိုသလို ငှက်ဆိုးတစ်ကောင်၏ စူးစူးဝါးဝါး အော်မြည်လိုက်သောအသံကို ကြောက်ခမန်း လိလိ ကြားလိုက်ရသည်။

"ဂိုး"

ကျောချမ်းသွားသော မိမိအဖြစ်ကို သတိထားမိရင်း အမျိုးသမီးနှစ်ယောက်ထံသို့ စိတ်က အထင်ကရ ရောက်သွား၏။

တစ်လမ်းလုံး သူမတို့သည် မည်သည့်စကားမျှမပြောကြ။ အမှန်ဆိုလျှင် ဘယ်မင်းသား၊ ဘယ်မင်းသမီးက အကကောင်းသည်။ အဆိုကောင်း၍ အသံအောင်သည်။ ညှို့မာတ်ရှိသည် စသည်ဖြင့် ပြောဆိုရမည်။ လူပြက် (လူရွှင်တော်) များက ဘယ်သို့ ဘယ်ချမ်းသာသော မှတ်ချက်တို့လည်း ရှိရမည်။

ယခုမူကား ဆိတ်ကွားပေါ်၌ တိတ်ဆိတ်စွာ လိုက်ပါလာခြင်းကို အနည်းငယ်တော့ အံ့ဩစပြုလာ၏။ မိမိက ပြီး စကားပြောရအောင်လည်း သူမတို့၏ အနေအထိုင် ဣန္ဒြေရှိမှုတို့က မောင်မောင်မြင့်ကို အာစေးထည့်ထားသကဲ့သို့ ဖြစ်နေ၏။

သို့တစေ မိမိအလုပ်ကို မိမိလုပ်ရင်း မတ်တတ်ရပ်ကာ အားစိုက်နင်းလိုက်ပြန်သည်။ အောင်သပြေလမ်းရှိ သေးလမ်း၊ ငါးလမ်းများသို့ ရောက်လာသလေ ဆိုက္ကားမှာ တဖြည်းဖြည်း လေးလံလာလေ ဖြစ်နေသည်။

ဤသို့ ဖြစ်ရခြင်းမှာ ဆိုက္ကားနင်းသူများလျှင် နင်းအားများကျကာ ရံဖန်ရံခါ ဖြစ်တတ်သောကြောင့် စိတ်စနိုးစနောင့် မဖြစ်။ ယင်းကြောင့် နင်းမြဲနင်းလျက် နင်းလာမိပြန်သည်။

တဒင်္ဂအတွင်း ခြေများ အတော်ပင် ညောင်းညာနေကြောင်း မှတ်မှတ်ရရ သတိထားမိလာ၏။

ရှေ့ကို မျှော်လိုက်သောအခါ သချိုင်းကုန်းသို့ပင် ရောက်တော့မည်။

ထိုသို့ဖြစ်နေခိုက် မြုန်းဆို အရေးကြီးသော မေးခွန်းတစ်ခုက ဆောင့်ကြီးအောင့်ကြီး ထွက်ပေါ်လာသည်။ ၎င်းမှာ အစ်မတို့ ဘယ်သွားမှာလဲဟူသော ခရီးသည် သွားလိုရာအရပ်။ ကနဦးတည်းက မေးရမည့် စကား။

ယခုတော့ မောင်မောင်မြင့်မှာ ဣန္ဒြေပင် မဆည်နိုင်တော့ဘဲ ပျာယာခတ်ကာ ဝရုန်းသုဉ်းကား မေးလိုက်သည်။

"အစ် . . . အစ်မတို့ကို. . . ဘယ်. . . ဘယ်ပို့ရမှာလဲ"

မောင်မောင်မြင့်နှုတ်မှ အထစ်ထစ်အငေါ့ငေါ့ဖြင့် ထွက်လာသော မေးခွန်းသံကြောင့် အမျိုးသမီးအကြီးက ခပ်သာသာရယ်လျက်. . .

"သြော်၊ ရပါပြီရှင်၊ ကျွန်မတို့လဲ ပြောဖို့ မေ့သွားတယ် ခစ် . . . ခစ် . . . ခစ်"

ဤစကားကြောင့် မောင်မောင်မြင့်မှာ စိတ်အေးသွားကာ ဆိုက္ကားရပ်ရင်းဖြင့် လွန်စွာ ချောမောလှပသော အမျိုးသမီးနှစ်ဦးကို တစ်ဝကြီး ကြည့်လိုက်မည်ဟု အားခဲလျက် ခေါင်းကို စောင်းငဲ့အကြည့် မောင်မောင်မြင့် တစ်ယောက် ကိုယ့်ပါးစပ်ကိုယ်လန့်၍ မအော်မိအောင် မနည်းထိန်းထားလိုက်ရသည်။

အဘယ်ကြောင့်ဆိုသော် အင်မတန်ချောပေ့၊ လှပေ့ဆိုသော အမျိုးသမီးနှစ်ယောက်၏ မျက်နှာများသည် ရုပ်ပျက်ဆင်းပျက် ဖြစ်လုနီးပါး လျှပ်တစ်ပြက် တွေ့မြင်လိုက်ရသောကြောင့် ဖြစ်၏။

အမျိုးသမီးတွေ ပြန်ပြီး ကြည့်လိုက်ချိန်၌ နဂိုအတိုင်း ချောမောသယောင် ဖြစ်သွားပေမယ့် အရယ်ရပ်လိုက်သောအခါ စောစောက မြင်တွေ့လိုက်ရသော သူမတို့၏ အော့နှလုံးနာစရာမျက်နှာများကို ပိုးတိုးဝါးတား ရိပ်ခနဲ ပြန်လည် မြင်တွေ့လိုက်ရခြင်းကြောင့် ထပ်ပြီးမကြည့်ရဲတော့။

ဝိသေသထူးခြားစွာ ကြက်သီးဖြန်းဖြန်းထလာသည်။ ဆံပင်တွေပင် အပေါ်သို့ ထောင်နေသယောင်။

ထို့ကြောင့် သရဲခြောက်ခံနေရပြီဆိုကာ တစ်ခဏချင်းပင် သိလိုက်သည်။ ယင်းသို့သိပေမယ့် အချိန်က နှောင်းနေပြီ။ ဤနေရာ၌ သူတစ်ဦးတည်း။ ကျီးလန့်စာစား တောင်ကြည့်၊ မြောက်ကြည့်။ ရုတ်ခြည်းဆိုသလို ဇောချွေးများ ဒလဟော ထွက်လာသည်။ ဆိုက္ကားနင်းလာစဉ်က ချွေးသိပ်မထွက်။ ယခုမှ။

တော်ရုံတန်ရုံ အသည်းငယ်သူဖြစ်ပါက ဤနေရာမှာပင် လန့်၍ မေ့သွားနိုင်သလို အကြောက်လွန်၍ သွေးတက်ကာ သေဆုံးသွားနိုင်သော အနေအထားပင်။

ပတ်ဝန်းကျင်ကို မျက်စိ ကစားကြည့်တော့ မှောင်မည်း တိတ်ဆိတ်လျက်။အဝေးဆီက ဓာတ်မီးတိုင်အလင်းက မထင်ပိုးတဝါး။ မောင်မောင်မြင့်မှာ တဗုန်းဗုန်း လဲပြိုနေသော သူ၏စိတ်ကို ပွဲကိုင်ကာ ထိန်းချုပ်လျက် အမျိုးသမီးတို့၏ ပိုက်ဆံပေးချေနေမှုကို မျိုသိပ်အောင့်အည်းကာ ကြောက်ကြောက်နှင့် စောင့်ယူနေရသည်။

ရသည်နှင့် ရေတွက်မနေတော့ဘဲ အိတ်ကပ်ထဲ အတင်းထိုးထည့်ကာ သုတ်ခနဲ နင်းထွက်လာခဲ့သည်။ မည်းမှောင်နေသော ပတ်ဝန်းကျင်တွင် ဓာတ်မီးတိုင်တို့၏ အလင်းကွက်ကျားများမှလွဲ၍ လူသူဟူ၍ အရိပ်အယောင်တောင်မမြင်။

သည်ကြားထဲ အဝေးဆီမှ ခွေးအူသံကြောင့် ကျန်သည့်ခွေးများပါ လှိုင်းလုံးကြီးများ လှိမ့်ဆင်းလာဘိသကဲ့သို့ ဆင့်ကဲဆင့်ကဲ လိုက်အူကြသဖြင့် မောင်မောင်မြင့်အနီးတစ်ဝိုက်တွင် ခွေးအူသံများ ပြောင်းဆန်သွားတော့သည်။

ထိုအသံများကြောင့် အားယူ၍ မွေးမြူထားသောရဲစိတ်သည် ဦးစောက်ပြောင်းပြန် လည်ပတ်လျက်ရှိ၏။

www.burmeseclassic.com

ယင်းကြောင့် အမျိုးသမီးနှစ်ယောက်နှင့် ဝေးသည်ထက်ဝေးရာသို့ ခြေကုန်သုတ်နင်းလာမိသည်။ လမ်း၌ဆောင်းထားသော စစ်ဦးထုပ်ကို တစ်စုံတစ်ယောက်က ဆောင့်ဆွဲယူလိုက်သကဲ့သို့ဖြစ်သွားကာ ကျွတ်ကျန်ခဲ့ခြင်းကြောင့် အားတင်းထားသောစိတ်မှာ ပျာလောင်ခတ်သွားပြန်၏။ ပြန်ကောက်ဖို့ စိတ်ကူးမရှိ။ စစ်တပ်ဂိတ်ကိုရောက်တော့ အလာတုန်းကလိုပင် အစစ်အဆေးမရှိ ဖြတ်နင်းလာနိုင်ခဲ့သည်။ ရင်ခွဲရုံနှင့် နီးကပ်လာသောအခါ မောင်မောင်မြင့် တစ်ယောက် ရုတ်တရက် ကျောချမ်းသွားမိ၏။

အလာတုန်းက အဖော်နှင့်ဆိုသည့်အသိက ရဲဆေးထိုးသွင်းထားသကဲ့သို့ ရှိပေမယ့် လက်ရှိအချိန်တွင် တစ်ယောက်တည်း ဖြတ်နင်းရမည်မို့ သွေးပျက်ချင်သလိုလို ဖြစ်သွား၏။

ထို့အတူ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားသော သူမတို့၏ မျက်နှာများကို ကွက်ခနဲ ပြန်မြင်မိသွားသဖြင့် သူ၏ အားတင်းထားသော စိတ်များသည် ဖုတ်ကြည်းသဖြိုဟ်လိုက်သကဲ့သို့ မည်းနက်ရှုံ့တွသွားလေသည်။ အခြားလမ်းကလည်းမရှိ။ ရှိပြန်တော့လည်း တစ်ကွေ့တစ်ပတ်ကြီး။ မဖြစ်နိုင်။

မောင်မောင်မြင့် တစ်ယောက် ဘာမှဆက်တွေးမနေတော့ဘဲ မျက်စိစုံမှိတ်ကာ ရင်ခွဲရုံကို ဖြတ်နင်းလိုက်၏။ ယင်းသို့ ဖြတ်နင်းချိန်၌ ဤနေရာတွင် အမျိုးသမီးတို့၏ ခပ်ညင်းညင်းရယ်သံကို ကံဆိုးလှစွာ သွား၍ အမှတ်ရမိလိုက်သည်။ ကြောက်စိတ်မှာ ပိုပြီးကြီးထွားသန်မာလာ၏။ ရင်ခွဲရုံ၏ အမှောင်ရိပ်ကလည်း မကောင်းဆိုးဝါးတစ်ကောင် ဆောင့်ကြောင့်ထိုင်နေဘိသကဲ့သို့။

အမှောင်ကို ဖြတ်သန်းဖို့ ခြေကို အားစိုက်အနင်း ခြေချော်ပြီး ဘယ်ဘက်ခြေနင်းပြားက ရေကြီးသုတ်ပျာ ပြုတ်ထွက်သွားသည်။

"ကတောက်. . . ကတောက်"

ပယ်လည်ပြားနှင့် လမ်းမတို့၏ ထိတွေ့ နှုတ်ဆက်သံက တိတ်ဆိတ်သော ညဥ့်ယံမှာ ကျယ်လောင်စူးရှစွာ ထွက်ပေါ်လာသည်။

"အရေးထဲကွာ"

မောင်မောင်မြင့်မှာ မကျေမချမ်းဖြင့် နှုတ်ထွက်စကားဆိုလိုက်ရင်း အရှေ့ကို ရောက်လိုသော ဆန္ဒများနှင့် ရင်ခွဲရုံကျော်အောင် ကသောကမျော နင်းလိုက်လေသည်။ ပယ်လည်ပြားကို ပြန်ကောက်ယူဖို့ စိတ်ကူးမရှိ။ ဘောကွင်းကို ခပ်မြန်မြန်ရောက်ဖို့ အာသီသ တစ်ခုတည်းသာ။

ဦးထုပ်ကျွတ်လိုက်၊ ပယ်လည်ပြားပြုတ်ထွက်လိုက် ဖြစ်နေခြင်းကြောင့်လည်းကောင်း၊ သရဲအခြောက်ခံနေရပြီဟု သိနေခြင်းကြောင့် လည်းကောင်း ကြောက်စိတ်များလွန်ကဲကာ မကြောက်သည့်စိတ်များသည် ကြိုးပြေလျော့နေသော ထင်းစည်းကဲ့သို့ ဖရိုဖရဲ ပြုတ်ကျလျက်သာ ရှိနေပေတော့သည်။

ဤကဲ့သို့သောစိတ်များကို အနိုင်နိုင် ထိန်းချုပ်ရင်း ဆိုက္ကားကို မြန်သည်ထက် မြန်အောင် နင်းမိခြင်းကြောင့် ရဲတန်းလျားရပ်ကွက်အလွန်၌ ဆိုက္ကားမှာ ဘေးသို့ တိမ်းမှောက်တော့မလိုလို ဖြစ်သွားသေး၏။ ကြိုးစားထိန်းလိုက်နိုင်၍သာ ကျွမ်းထိုးမှောက်ခုံ ဖြစ်မသွားခြင်းပင်။

ရှေ့တူရှုရှိ တွေ့မြင်နေရသော လမ်းဘေးဝဲယာရှိ သက်ကြီးကုက္ကိုပင်တွေ၏ သစ်ရွက်များက ညဥ့်လေပြည်နှင့်အတူ သောသောညံလျက် သူ့ကို ခြိမ်းခြောက်နေသယောင်ယောင်။

အမြင် အာရုံကို စူးစိုက်နေဆဲ ရုတ်တရက် ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြောင့် ခေါင်းနားပန်းကြီးသွားလျက် ဘေးဘီဝဲယာ၌ ပွဲပြန်သူ သို့မဟုတ် ကိုယ်လိုနင်းဖော်များ တွေ့မိလေမလားဟု အားကိုးတကြီးဖြင့် ကြီးကန်းတောင်းမှောက် ရှာဖွေမိပြန်၏။ ကံမကောင်း၍လား၊ အမျိုးသမီးတွေ၏ အစွမ်းကြောင့်လား မဆိုတတ်၊ အဖော်ဆိုလို့ ရိုးတိုးရိပ်တိတ်တောင် မခြင်၊ ဂျုံးဂျုံးကျနေသော စိတ်ဖြင့် ဆိုက္ကား အူယားဖားယား နင်းလာရင်း လေးဖြ လမ်းသို့ရောက်လျှင် အရှိန်မသတ် ချိုးကွေ့ဝင်လိုက်သည်။

မောင်မောင်မြင့်၏ စိတ်သန္တာ ၌ ကြောက်စိတ်ဖိအား မည်မျှကြီးမား နေသနည်းဟူမူ ဆိုက္ကားကို ရှိသည့်အ နှုန်းထက် ပိုမြန်ချင်နေမိသည်။

ထို့ကြောင့် မတ်တတ်ရပ် အာ စိုက်နင်းလိုက်စဉ် ခြေနင်းပြားပြုတ်သ ဘယ်ခြေမှသူ၏ ဂျပန်ဖိနပ်သည် မကောင်းကြီးစွာ ကျွတ်ကျခဲ့ပြန်သည်။

"ဖုတ်"

"အာ. . . ဒီဖိနပ်နှယ်၊ နေကွာ"

ဒေါသတစ်ဖက် ကြောက်စိ တစ်ဝက်နှင့် မြည်တွန်တောက်တီးလို ရင်း ဘောကွင်းသို့ ရောက်ဖို့သာ အမြ နင်းလိုက်၏။ ဘောကွင်းသို့ရောက်လျှ ပွဲကြည့်ပရိသတ်များမှာ ဇာတ်ရုံအတွ သို့ ပြန်လည်ဝင်ရောက်သွားကြပြ ဖြစ်သဖြင့် ခြောက်ကပ်ကပ်သာ တွေ့ မြင်လိုက်ရလေသည်။

သို့သော် မသိမ်းသေးသော ဆို အချို့နှင့် သူလိုနင်းသားသမားတွေ ရှိ ခြင်းကြောင့် ဆိုက္ကားကို ဖြစ်သလိုထိုး လိုက်ပြီး ဖျာပုံတွေထပ်ခင်းထားသော အပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက် တော့သည်။ တစ်ကိုယ်လုံးလည်း ရေချိုး ထားဘိသကဲ့သို့ ရွှဲရွှဲစိုနေ၏။ တခြား ဆိုက္ကားသမားတွေက စူးစမ်းသည့် အကြည့်ဖြင့် လှမ်းကြည့်နေကြ၏။

မောင်မောင်မြင့်မှာ ထိုသူများ အသိအမှတ်ပြုသည့်အနေဖြင့် လ ကလေးသာ ထောင်ပြနိုင်ပြီး သူကြုံ ရသော အဖြစ်အပျက်ကို စဉ်းစားကာ နားကြောစိမ့်အောင် လန့်နေမိတော့ သည်။ နှလုံးခုန်နှုန်းကား တဒိတ်ဒိတ်

❒ သ



www.burmeseclassic.com

www.burmeseclassic.com

နေရောင်က ခေါင်းရင်းပြတင်းအံခါးကနေ တော်တော်ပူနေပြီ။ တိုင်မှာကပ်ထားတဲ့ နာရီကိုကြည့်တော့ ဆယ့်တစ်နာရီ ခွဲတော့မည်။ ဒီအချိန်အထိ ဒေါ်ရိုင်းအနားမှာ ရေသန့်ဘူးနဲ့ ရေခွက်ကလွဲပြီး ဘာမှ မရှိ။

ဆာလောင်မှုကြောင့် ခေါင်းတွေသည်း မူးနောက်နေပြီ။ တစ်အိမ်လုံး နာရီသံကလွဲပြီး တိတ်ဆိတ်မှုက ဒေါ်ရိုင်းတစ်ယောက်တည်း ကျန်ခဲ့တာသေချာသည်။

ခုတင်ဘေးက တုတ်ကောက်ကို ဆွဲထောက်ပြီး လမ်းထိပ်က မုန့်ဆိုင်နားရောက်အောင် ဖြည်းဖြည်းချင်း လျှောက်လာခဲ့သည်။ သူများဆယ်လှမ်းလျှောက်မှ သူမ တစ်လှမ်းလှမ်းနိုင်ရုံသာ သွားနိုင်သည်။

"ရိုရို ဘာလို့ တစ်ယောက်တည်း ထွက်လာတာလဲ၊ ကလေးတစ်ယောက်ယောက် လွှတ်လိုက်ရောပေါ့"

"ဘယ်. . သူမှ မရှိ. . ဘူး မုန့် . . တစ်ပွဲပြင်. . ပြင်ပေး. . ပါ"

တခြားလူတွေနဲ့ ဝေးရာစားပွဲမှာ ထိုင်လိုက်သည်။ ရေမွှေးနံ့တွေနဲ့ အမြဲမွှေးကြိုင်နေတတ်တဲ့ ဒေါ်ရိုင်း ကိုယ်က ချွေးနံ့ချဉ်စူးစူးနဲ့ သေးစော်နံနေတာကြောင့် စားလက်စလူတွေက နှာခေါင်းရှုံ့ကာ ထသွားကြသည်။ ညက ဝတ်ထားတဲ့ အဝတ်အစားကလည်း ကြေမွတွန့်ကြေပြီး မျက်နှာက အဆီတဝင်းဝင်းနဲ့ ဒေါ်ရိုင်းမှ ဟုတ်ပါလေစလို့ ကြည့်




www.burmeseclassic.com

www.burmeseclassic.com

သွားကြတာကို သိပေမယ့် ခေါင်းငုံ့ပြီး မှုန့်သာ ပြီးအောင်စားနေသည်။

အနီးကပ်ပြုစုပေးဖို့ ခေါ်ထားတဲ့ ကောင်မလေး ရှာပြန်သွားကတည်းက ခုလို ညစ်ညစ်ပတ်ပတ်နေရတာ အကျင့်ဖြစ်နေပြီ။ သမီးနှစ်ယောက် သားတစ်ယောက်မွေးထားပေမယ့် အလုပ်များနေသလိုလို ဟိုအကြောင်းပြ ဒီအကြောင်းပြကာ အနားကပ်ဖို့ နေနေသာသာ အခန်းဝမှာတောင် ခဏသာ လာရပ်ကြည့်ကြသည်။

ဒေါ်နီဝင်းရဲ့ ချစ်လှစွာသော ယောကျ်ားကတော့ အငယ်ဆုံးသားလေးမွေးပြီးတည်းက အိမ်ကထွက်သွားပြီး သူမ ခုလို လေဖြတ်သွားတဲ့အချိန်မှာ မိန်းမငယ်လေးတစ်ယောက်ကို လက်တွဲပြီး အိမ်ပေါ်ပြန်တက်လာခဲ့သည်။

စကားကလည်း ပီပီ မပီသ တောင်ရပ်ဖို့ အားမရှိတဲ့ သူမအတွက် ယောကျ်ားနဲ့ နောက်မိန်းမက ဘယ်လို အချိုးပဲဖြစ်ဖြစ် ကြည့်နေရုံသာ တတ်နိုင်သည်။ သားသမီးတွေကလည်း မွေးထားပေမယ့်လည်း ရောဂါသည် အမေရင်းထက် အစေအရာရာ ကူညီလုပ်ကိုင်ပေးတဲ့ မိထွေးကို ပိုခင်ကြသည်။

“အမေ့ကို အောက်ထပ်က စတိုခန်းထဲမှာ နေရာပြင်ပေးလိုက် လှလှ၊ အန်တီလှိုင်ကတော့ ဖေဖေနဲ့ ဒီအိပ်ခန်းမှာနေပေါ့၊ ဒီကျွန်းခုတင်ကတော့ ဒီတိုင်းထား၊ အိပ်ရာခင်းနဲ့ စောင်ကတော့ အသစ်ဝယ်ရမယ်၊ ဘာနံ့တွေမှန်းကို မသိဘူး၊ နံတယ်”

သမီးအကြီးရဲ့ စကားကြောင့် ဒေါ်နီဝင်း မျက်ရည်ကျနေပေမယ့် ကျန်တဲ့ သမီးတွေကလည်း ဘာမှမပြောကြဘဲ ငြိမ်နေကြသည်။ ဘသက်ရှင်ရက်နဲ့ သေလူတစ်ယောက်လို ဆက်ဆံခံနေရမယ့်အစား တကယ်သာ သေပစ်လိုက်ချင်သည်။ မျက်နှာတွေကို သေချာလိုက်ကြည့်ရင်း ငါ ပြုစုစောင့်ရှောက်ခဲ့တဲ့ ကလေးတွေမှ ဟုတ်ရဲ့လားလို့ သံသယဝင်စရာကောင်းသည်။ သားသမီးအရင်းတွေကတောင် ဂရုမစိုက်ချင်တော့ အိမ်မှာလုပ်တဲ့ အိမ်ဖော်တွေကလည်း ဒေါ်နီဝင်းထက် ကြူလှိုင်ဆိုတဲ့ နာမည်ကြားတာနဲ့ အပြေးအလွှား နာမည်ကောင်းယူလုပ်ပေးချင်ကြသည်။

“ရေ. . ရေသောက်ချင်တယ်”

“လုပ်ပြန်ပြီ၊ ခုနတင် တိုက်ထားတယ်လေ၊ ကျွန်မမှာ တစ်နေ့တစ်နေ့ ဈေးကျူးလိုက်၊ သေးဝတ်ချေးလိုက်နဲ့၊ ကိုယ့်ဟာကိုယ်လဲ မလုပ်နိုင်ဘဲနဲ့ တစ်ချိန်လုံး တောင်းနေတာပဲ၊ သိပ်ဆာမှပဲ တိုက်မယ်”

တစ်နေ့ တစ်နေ့ သူ့ဘေးမှာ အဝတ်လဲ ထမင်းကျွေးတဲ့ လှလှကလဲ တစ်ခါတစ်ခါ စိတ်မရှည်ဘဲပြောသမျှကို သည်းခံနေရသည်။ အရင်က အကျင့်အတိုင်းဆို ဒီဟာတွေက သူ့ခြေဖဝါးအောက် ပြားပြားမှောက်နေအောင်ကို ဩဇာညောင်းခဲ့တဲ့ အချိန်တွေသာ ပြန်လှည့်ပြလိုက်ချင်သည်။

ခြေလက်တွေသာ ပြန်လှုပ်နိုင်လို့ကတော့ သင်းကို အရင်ကိုင်ဆောင့်ပစ်မှာ သေချာသည်။ ခုတော့ ရေခွက်ကိုတောင် ကိုင်သောက်နိုင်ဖို့ မနည်းကြိုးစားနေရတဲ့ ဘဝမို့ သူမ လုပ်ပေးသမျှကိုသာ ငြိမ်ခံနေရသည်။

ဆရာဝန်ကို နှစ်လ တစ်ခါလောက် အိမ်ပင့်ပြီး ဆေးကုပေးတာကိုပဲ ကျေးဇူးတင်ရမည်။ နှစ်ထပ်တိုက်ကြီးမှာ ဇိမ်ခံပစ္စည်း အပြည့်အစုံ၊ လက်ဝတ်ရတနာတွေဆိုတာ မီးခံသေတ္တာထဲ အပြည့်ဖြစ်အောင် ဒေါ်နီဝင်း ရှာဖွေခဲ့တဲ့အရာအားလုံးက သူမနဲ့ ဘာမှမဆိုင်အောင် ဝေးကွာခဲ့ပြီ။

ဆီးမနိုင်၊ ဝမ်းမနိုင်တဲ့ လူနာဆိုတဲ့ အကြောင်းပြချက်နဲ့ ခေတ်ပေါ်အင်္ကျီလှလှလေးတွေသာ ဝတ်တတ်တဲ့ ဒေါ်နီဝင်းကိုယ်ပေါ်မှာ ပုံပျက်ပန်းပျက် အရောင်မွဲမွဲ ဂါဝန်အင်္ကျီပွပွကြီးတွေ ဝတ်ရမယ်လို့ အိပ်မက်တောင် မမက်ခဲ့ပါဘူး။

“ရီရီ နှင်. . နီဝင်း မဟုတ်လား”

ရင်းနှီးတဲ့ အသံနဲ့ အတူ ... မွေးကြိုင်လှတဲ့ ရေမွှေးနံ့တွေကြောင့် ဒေါ်နီဝင်း ခေါင်းမော့ကြည့်လိုက်သည် ... အသားဖြူဖြူ အရပ်မြင့်မြင့် ပြင်ထား... အပြင်အဆင်ကြောင့် ဘယ်သူမှန်း မသိ... မြင်ဖူးသလိုလို မမြင်ဖူးသလိုလို ဖြစ်နေ... သည်။

“ဘယ်လိုဖြစ်တာလဲ ဘယ်၊ ငါ... နှင် လေဖြတ်သွားတာတော့ ဒီလို... တယ်၊ ဒီလောက် ဆိုးမယ် မထင်ဘူး... အခု ငါ နှင့်သမီးမင်္ဂလာဆောင်က ပြန်... လာတာ၊ ကြူလှိုင်ကတော့ ပြင်ထ... လိုက်တာများ မင်းသမီး ရှုံးတယ်တ... နှင်ကတော့. . .”

“ဘာ. . ဘာ. . ပြော. . ”

လက်ထဲရောက်လာတဲ့ မင်္ဂလာ... ဖိတ်စာပန်းရောင်လေးကို မျက်ရည်တွေ... ကြားမှာ ဖတ်လိုက်စဉ် အမေ နေရာမှာ... ဒေါ်နီဝင်းအစား ဒေါ်ကြူလှိုင်ဆိုတဲ့... နာမည်ကိုကြည့်ရင်း ဝမ်းနည်းမှုက ဇ... မရအောင် ငိုပစ်လိုက်သည်။

“ငါ. . ဖိတ်စာ ရကတည်းက... အံ့ဩနေတာ၊ ထင်တဲ့အတိုင်းပါပဲလား... ရီရီရယ်၊ ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်... အရိပ်လို လိုက်တတ်တယ်၊ တုံ့ပြော... အကျိုးပေးတတ်တယ်လို့ တစ်ချိန်က... ပြောတုန်းက နှင်မှ နားမထောင်ခဲ့တာ”

ဘေးက ပြောနေတဲ့ စကားတွေ... က ဒေါ်နီဝင်းနားထဲ တစ်ခုမှမဝင်တော့... ဒီဘဝ ဒီအခြေအနေနဲ့ သူမ နေသင့်တဲ့... နေရာ၊ မနေသင့်တဲ့နေရာကို ကွဲပြားစွာ... သိသွားခဲ့ပြီး လေးတွဲ့သော ခြေလှမ်း... က နေရာတစ်ခုဆီကို ရောက်အောင်... သွားခဲ့သည်။

*

ရိပ်သာ ... ကျောင်းအဝင်ဝတွင်... နှုတ်ဆက်ပေးတဲ့ ဦးပဥ္စင်းကို လက်အုပ်... မိုးရှိခိုး... မျက်ရည်က တန်းကျလာ... သည်။

ဘယ်သူဘယ်ဝါလို့ ထုတ်ပြော... ချင်ပေမယ့် တကယ်တမ်း ပါးစပ်က... ပြောမထွက်ရဲလောက်အောင် တစ်ချိန်...





www.burmeseclassic.com

www.burmeseclassic.com

က ဦးသွယ်အပေါ်လိုက်ခဲ့တဲ့ ဒေါ်နိုင်း ရဲ့အပြစ်တွေက အတော်များခဲ့တာကိုး။

"ရှိပ်. . သာမှာ . . တပည့်. . တော်. . ခဏနိုဝင်ချင်လို့ပါ ဘုရား"

"ရပါတယ်၊ ဦးဇင်းတို့ရိပ်သာမှာ ဒကာမကြီးတို့လို အကူအညီလို နေထိုင် လိုသူတွေအတွက် ဟိုဘက်လေးထပ် ဆောင်မှာ စာရင်းသွားပေးလိုက်ပါ"

"ကျေးဇူးတင်ပါတယ်ဘုရား"

ဒေါ်နိုဝင်းလို ဒုက္ခရောက်နေတဲ့ သူတွေ များလွန်းမယ် ပြောရမလားဘဲ၊ လေးထပ်အဆောင်မှာတောင် နေရာ ပြည့်နေသည်။ ဒါပေမယ့် စာရေးလေးရဲ့ သနားမှုကြောင့် အခန်းကျဉ်းကျဉ်းလေး တစ်ခုတော့ နေထိုင်ခွင့်ရခဲ့သည်။

"လာ. . အန်တီ၊ အခု လော လောဆယ်တော့ အဘွားနေခဲ့တဲ့ အခန်း မှာ အရင်နေလိုက်ပါ"

လေးတွဲတဲ့ ခန္ဓာကိုယ်ကြီးကို မနည်းအားယူပြီး အခန်းထောင့်ကို အရင်ရှင်းလိုက်စဉ် တိုင်ကြားလေးထဲမှာ ညှပ်ထားတဲ့ အထုပ်လေးတစ်ခု ထွက် ကျလာသည်။ ပန်းနုရောင် ပဝါစလေး တစ်ခုအတွင်းမှာရှိတဲ့ ပုတီးလေးကြောင့် ပိတောက်သားပုတီးလေးကို အမြဲစိပ် တတ်တဲ့ အမေ့ကို အရင်ဆုံး သတိရမိ သွားသည်။

နောက်ထပ် ထွက်ကျလာတာ က ဓာတ်ပုံလေးတစ်ပုံ။ သိမ်းထားတာ အတော်ကြာနေပြီဖြစ်တဲ့ ဒီပုံလေးကို ကြည့်ပြီး ဒေါ်နိုဝင်း ကမ္ဘာကြီး ချာချာ လည်သလို ဖြစ်သွားသည်။

"ဒါ. . ဒါ. . အ. . မေ. . မေ"

ဖြစ်ရလေအမေရယ်။ ဒီမိသားစု သုံးယောက် ရိုက်ထားတဲ့ ဓာတ်ပုံလေး ကို ယူသွားတာတောင် မသိခဲ့ပါလား။ ဒါဆို ဒီအခန်းမှာရှိတဲ့ ပုတီးလေးရဲ့ နောက်ကြောင်းရာဇဝင်ကို ဒေါ်နိုဝင်း တစ်ယောက်သေချာသိသလို၊ ဒီရာဇဝင် ရဲ့ အဓိကဇာတ်ဆောင်က သူမကိုယ် တိုင်ဖြစ်နေလို့ပါပဲ။

*

အစိုးရောင်ရှိ့ တစ်ဦးဖြစ်ခဲ့ ဦးကောင်းကျော်နဲ့ ဒေါ်နွယ်ဝင်းတို့ရဲ့ တစ်ဦးတည်းသော သမီးဖြစ်တဲ့ နိုဝင်း ရဲ့ဘဝမှာ လိုတရဖြစ်ခဲ့သည်။ ဦးကောင်း ကျော်က ခေတ်ဆန်သလောက် အနေ အေးပြီး ရိုးအ,တဲ့ ဒေါ်နွယ်ဝင်းကတော့ ဘုရား တရားနဲ့ အိမ်မှုကိစ္စကလွဲရင် ဘာမှမသိတာကြောင့် အိမ်မှာသာ နေ တာများသည်။ သမီးလေး မွေးလာလို့ အဖော်ရပြီဆိုပြီး ဝမ်းသာခဲ့ပေမယ့် တကယ်တမ်းကျတော့ ဒေါ်နွယ်ဝင်း ထင်သလို အမေအပေါ် ချစ်ခင်တွယ် တာတဲ့ သမီး မဟုတ်ခဲ့။ အမေကို တုံးလွန်း အ,လွန်းသည်ဟုဆိုကာ ဘယ် ကိစ္စမဆို အပြစ်တင် ပြောဆိုတတ်တဲ့ နိုဝင်းကို ဒေါ်နွယ်ဝင်း အပြစ်မတင်ဘဲ-

"သမီး စိတ်ချမ်းသာရင် ပြီးတာ ပဲ"ဆိုတဲ့ စကားသာဆိုသည်။ အမေကို လူကြားထဲမှာလည်း ခေါ်ပြောနှုတ်ဆက် ရမှာ အမေလို့ ပြောရမှာ ရှက်သည်။

"နိုဝင်း နင့်အမေ မပါဘူးလား"

"အမေ အိမ်မှာ မအားဘူး"

"ဒါဆို ဟိုအဒေါ်ကြီးက ဘယ် သူလဲ"

"ငါ့အဒေါ်လေ"

အမေအပေါ် ပြောချင်တိုင်း ပြောတာကို ငယ်တုန်းက အပြစ်မဟုတ် ပေမယ့် အရွယ်တဖြည်းဖြည်း ကြီးလာ တာနဲ့ နိုဝင်းအကျင့်က ပိုဆိုးလာသည်။ အပေါင်းအသင်းတွေလည်း များတော့ ပိုက်ဆံသုံးဆွဲတာလည်းများပြီး လူကြီး တွေအပေါ် ခပ်ရှိုင်းရှိုင်းပြော ဆင်းရဲတဲ့ သူတွေအပေါ်လည်း နိုင်ထက်စီးနင်း လုပ်တတ်သည်။

"အမေ ပြောတာနဲ့ ကျွန်မက လူဆိုးမ ကျနေတာပဲ၊ ဒီလိုလူတွေက စကားအသုံးအနှုန်း ယဉ်ကျေးနေလို့ မရ ဘူး။ နားမလည်ရင်လဲမကြားချင်ယောင် ဆောင်နေပေါ့ အမေရယ်၊ ကိုယ့်အလုပ် ကိုယ်လုပ်စမ်းပါ"

တစ်နေ့တော့ ဒေါ်နွယ်ဝင်း ရုတ် တရက် သွေးတိုးပြီး လေဖြတ်သွား သည်။ စကားလည်းမပြောနိုင် လမ်း လည်းမလျှောက်နိုင်တဲ့ အမေ့အနားကို သူနာပြုတစ်ယောက် ခေါ်ထားပေးပြီး နိုဝင်း အနားတောင်မကပ်ခဲ့။ လူနာစော် နံတယ်ဆိုပြီး အခန်းရှေ့ကတောင် ဖြတ် မသွားတဲ့အတွက် သမီးမျက်နှာ မမြင် ရသလို၊ ယောကျ်ားကလည်း အလုပ် အကြောင်းပြကာ ဒေါ်နွယ်ဝင်း နေ မကောင်းတဲ့ အချိန်ကစပြီး ခရီးထွက် သွားခဲ့သည်။

အမေ အပေါ်သာ ဂရုမစိုက် ဝေမယ့် မိန်းမငယ်ငယ်လေးယူပြီး အိမ် ပေါ်တက်လာတဲ့ အဖေ့ကို ဝမ်းသာစွာ နဲ့ဆီးကြိုတဲ့ နိုဝင်းကို ဘေးပတ်ဝန်း ကျင်က ပြောတဲ့ "အမေအပေါ် မပြစ် မှားနဲ့၊ တစ်နေ့ ဒုက္ခရောက်လိမ့်မယ်" ဆိုတဲ့စကားကို ဂရုမစိုက်တဲ့အပြင်. .

"အမေ. . အဖေ မိန်းမယူတာ အပြစ်တင်စရာ မလိုပါဘူး။ လေဖြတ်နေ တဲ့ မိန်းမနား ဘယ်ယောကျ်ားမှ ကပ် ချင်မှာ မဟုတ်တာ၊ ကိုယ့်ရောဂါ ကိုယ် ပဲပျောက်အောင် အရင်ကြိုးစားလိုက်ပါ ဦး၊ အခု ကျွန်မ ဝေယျာဝစ္စတွေကို အဖေ့နောက်မိန်းမ လိုက်လုပ်ပေးနေလို့ တော်သေးတယ်"

နေမကောင်းတဲ့ လူနာနားမှာ လာပြောသွားတဲ့ နိုဝင်းစကားတွေက ဘေးကလူကြားရင် ရင်နာစရာ စိတ်ဆိုး စရာဖြစ်ပေမယ့် ဒေါ်နွယ်ဝင်းကတော့ ဘာမှမပြောဘဲ ငြိမ်နားထောင်နေရင်း လက်တစ်ဖက်က ပုတီးစိပ်မပျက်။

"ရှိလေး အခုတစ်လော ကိုကြီး က ခဲနားနေတယ်၊ အဲဒါ မသဲတို့အပေါ် ထပ် ပြောင်းရင် ကောင်းမလားလို့၊ အပေါ်ထပ်မှာနေတဲ့ လူနာကို. . "

"ကိုဒေါင်ထဲရွှေ့လိုက်ပေါ့၊ အပေါ် ထပ်မှာ လူနာနေခိုင်းတာ လာဘ်လဲ ပိတ်တယ်၊ ပြီးတော့ သူ့စရိတ်တွေက တစ်လနှစ်လ နည်းတာ မဟုတ်ဘူး၊ နှစ်လသ ဒီလကစပြီး မခေါ်တော့ဘူး"

နောက်တစ်နေ့မှာတော့ အိမ်ရဲ့ ဘေး ဂိုဒေါင်ဘေးက အခန်းထဲကို





www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နွယ်ဝင်း ပြောင်းနေခဲ့ရသည်။ ဘေးပတ်ဝန်းကျင်ရဲ့ အပြောအဆို ခံရမှာလည်း မလိုလားတဲ့အတွက် ဒေါ်နွယ်ဝင်းဆီ လူနာသတင်း လာမေးတဲ့သူတိုင်းကို ဘယ်သူမှ အတွေ့မခံခဲ့။

ငယ်ငယ်က မျက်နှာတစ်ချက်မညိုးအောင် စောင့်ရှောက်လာခဲ့တဲ့ အမေအပေါ် အပြင်မှာ တစ်ခုခုကို စိတ်ဆိုးပြီး ပြန်လာတိုင်း အိမ်မှာရှိတဲ့ အမေကို ရန်လုပ်တတ်သည်။ ရီဝင်း ဘယ်လိုဆိုးဆိုး အပြောအဆို ဘယ်လောက်ကြမ်းတမ်းပါစေ မေတ္တာမပျက်ဘဲ ဒေါ်နွယ်ဝင်း ဘာမှ အပြစ်မပြောခဲ့ပါ။

ဒါပေမယ့် မိဘတွေရဲ့ မေတ္တာအတိုင်း သူမသာ ဒီအိမ်မှာ ဆက်နေရင် ရီဝင်းရဲ့အပြစ်တွေ ကြီးမားမှာစိုးတာကြောင့် ခြေထောက်တွေ ထောက်လို့ရပ်လို့ရတဲ့ အချိန်မှာ ဒေါ်နွယ်ဝင်း ဆုံးဖြတ်ထားသည့်အတိုင်း ဘယ်သူမှ မသိအောင် အဝတ်ထုပ်ဆွဲ ထွက်သွားတော့သည်။

"နင့်အမေ လူမမာကြီး ဘယ်ထွက်သွားပြန်ပြီလဲ၊ ဘေးက မြင်ရင်ငါတို့ပဲ မကောင်းပြောခံရမှာ၊ လိုက်ရှာကြဦး၊ သေလဲ အိမ်ထဲမှာပဲ သေပါစေ"

"တော်သေးတာပေါ့၊ ဘွားတော်က မင်္ဂလာဆောင်ခါနီး အချိန်ကိုက်ထွက်သွားတာ၊ မဟုတ်ရင် ဆေးရုံသွားပို့ထားရမှာ၊ ဒီအိမ်ထက် ပိုကောင်းတဲ့နေရာ သူ့အားကိုးစရာလူရှိလို့ သွားတာနေမှာ၊ ဟိုတလောက လူမမာလာမေးတဲ့ ဘုန်းကြီးနဲ့တောင် ကင်းရဲ့လားမသိဘူး၊ ကိုအောင့်ကို အမေက ဒီလိုရောဂါသည်ပါလို့ ပြောစရာမလိုတော့ဘူးပေါ့၊ အမေနာမည်နေရာမှာ မသဲကို ထည့်ထားမယ်"

လက်သည်းနီဆိုး မပျက် ပြောနေတဲ့ ရီဝင်းပုံစံက အမေနဲ့ ပတ်သက်ပြောတာမဟုတ်ဘဲတခြားလူအကြောင်းကိုပြောသလို ခပ်ပေါ့ပေါ့အမူအရာဖြင့် ပြောလိုက်တာကြောင့် ဦးကောင်းကျော်အံ့အားသင့်သွားသည်။

အိမ်မှာသာ နောက်ယူတဲ့ မိန်းမနဲ့ သူ့ကို လက်ခံထားပေမယ့် ရီဝင်းနဲ့ပတ်သက်ပြီး ကောင်းတယ်၊ ဆိုးတယ် အဖေတစ်ယောက်အနေနဲ့ ဆုံးမပိုင်ခွင့်မရှိတာ တော်တော်ကြာပြီ။ သူမ မှန်တယ်ထင်ရင် နောက်မဆုတ်ဘဲ လုပ်ချင်ရာ လုပ်တတ်သည်။ ခုလည်း သူမထက် အများကြီးငယ်ပြီး ပတ်ဝန်းကျင်မှာ နာမည်ပျက်ရှိတဲ့ ကောင်လေးနဲ့ယူမယ်ဆိုတော့လည်း ဘယ်သူမှ တားမရ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး နည်းနည်းပြောမိရင် "အိမ်ပေါ်မှာ ဆက်နေချင်သေးရင် ကျွန်မ ပြောသလိုနေပါ အဖေ၊ ခုချိန်မှာ အဖေ ဆုံးမဖို့ အခွင့်အရေးမရှိတော့ဘူးဆိုတာ သိထားပေးပါ"တဲ့။

ဒီလို သမီးမျိုးကို ယုံကြည်မှုမထားသင့်ဘူး၊ လက်ဦးမှု ကြိုယူသင့်တယ်လို့ ပြောတဲ့ သဲသဲစကားက တော်တော် မှန်နေပြီ။

တကယ်တမ်း ဦးကောင်းကျော်တွေးထားတာထက် လက်တွေ့မှာ ရီဝင်းက ငွေဆယ်သိန်းပေးပြီး သူတို့လင်မယားကို အိမ်ပေါ်က ဆင်းခိုင်းလိုက်သည်။ လူကြီးတွေမရှိဘဲ သူမ သဘောအတိုင်း ယောကျ်ားငယ်ငယ်လေးယူပြီး ရီဝင်း စီးပွားတွေတက်ကာ တိုက်တွေပြင်ဆောက်၊ ကားတွေ တစ်စီးပြီးတစ်စီးနဲ့ အောင်မြင်စိတ်ချမ်းသာမှုက ဘယ်လောက်ကြာရှည်မလဲဆိုတာ အချိန်က အဆုံးအဖြတ်ပေးခဲ့တာသိပ်မကြာလိုက်။

❋

ပြီးခဲ့တဲ့ အကြောင်းအရာတွေကို ပြန်စဉ်းစားရင်း ရီဝင်း ရင်ထဲက စူးခနဲအောင့်လာသည်။ နဂိုက နှလုံးရောဂါအခံရှိတဲ့အပြင် ဆေးလည်းမရှိ တစ်နေ့တစ်နေ့ အခန်းထဲက မထွက်ဘဲ အစားလည်း ပုံမှန်မစားဖြစ်။

တစ်ချိန်တုန်းက ရောဂါသည်အမေ အိမ်ကထွက်သွားတုန်းက ဝမ်းသာမိပြီး လိုက်မရှာခဲ့သလို အခုလည်း သူ့သားသမီးတွေ လိုက်ရှာမယ်၊ စိတ်ပူလိမ့်မယ်လို့ မမျှော်လင့်ပါ။

ဒီနေ့ညမှာတော့ ရင်ထဲမှာ ပို၍စူးအောင့်လာသည်။ မျက်လုံးထဲမှာလည်း ဘာမှ သဲကွဲစွာမမြင်ရတော့ပါ။ ခဏအိပ်မယ်လို့ ငြိမ်သက်စွာ လှဲအိပ်မိတော့သည်။ နောက်တစ်နေ့ မနက်ဒေါ်ရီဝင်းကို ဘုရားဝတ်လည်းမတက်၊ ဓမ္မာရုံဘက်ကို ရောက်မလာသောကြောင့် စာရေးမလေးက သွားကြည့်ချိန်မတော့အသက်မဲ့နေသောရုပ်အလောင်းက တောင့်တင်းပြီး ခပ်ကွေးကွေးလေးစောင်းအိပ်နေသလို အနေအထားအတိုင်းပဲ တွေ့လိုက်ရသည်။

လက်ထဲမှာ ပိတောက် ပုတီးလေးကိုတော့ ပြုတ်မကျအောင် ဆုပ်လျက်သား။ ဒေါ်ရီဝင်းအိမ်ကို သိတဲ့ ဦးဇင်းက သွားအကြောင်းကြားပေမယ့် အလှူငွေထည့်ကာ "ဦးဇင်းတို့ ကောင်းသလိုသာ ကြည့်စီစဉ်ပေးပါ" ဆိုပြီး အလုပ်အကြောင်းပြကာ ခဏသာ လာကြည့်ကြသည်။

သင်္ဂြိုဟ်ပြီးသည်အထိ နောက်တစ်ခေါက် ထပ်မလာကြသော သားသမီးတွေကို ဆွမ်းသွတ်မှ ပြန်တွေ့ရချိန်မှာ တခြားယောဂီတွေကတော့ "ဒီလိုသားသမီးမျိုး ရှိသေးပါလား၊ ဒါကလဲ သူလုပ်ခဲ့တဲ့ ကံအတိုင်း အစဉ်အဆက်ပြန်ပြီး အကျိုးခံစားရတာ၊ ဒီကလေးတွေလဲ ဒီလိုမျိုး ပြန်လည်ခံရဦးမှာ သေချာတယ်"လို့ အားမနာတမ်း ပြောကြသည်။

ပိတောက် ပုတီးလေးကတော့ ဒေါ်ရီဝင်း နေသွားတဲ့အခန်းထဲမှာ ချိတ်ဆွဲထားသည်။ ဒီပုတီးကို မြင်တဲ့သူတိုင်း သံဝေဂယူစရာ အမှတ်ရစရာ အဖြစ်ဆရာတော်ဘုရားကိုယ်တိုင် ပိတောက်ပုတီးရာဇဝင်လေးကို တစ်ဆင့်စကားပြောကြဖို့ မှာထားသည်။ ခင်ပွန်းကြီးဆယ်ပါးထဲမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ မိဘတွေကို ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် မပြစ်မှားကြဖို့ ဒီပိတောက်ပုတီးရာဇဝင်လေးကို ရေးပြလိုက်ရပါ၏။

❒ ထိုက်သင်

လပြည့်ဝန်းမဂ္ဂဇင်း (ဩဂုတ်လ၊ ၂၀၁၄)

www.burmeseclassic.com

အချိန်က တော်လှန်ရေးကောင်စီခေတ် အနှောင်းပိုင်းကာလ။ ကျွန်တော်တို့တစ်တွေက ဟိုမရောက် သည်မရောက်အရွယ်။ လူကြီးလည်း မဟုတ်၊ ကလေးလည်း မဟုတ်။ တချို့က လူပျိုပေါက်စတွေဟု တစ်မျိုး၊ ကာလသားပေါက်တွေဟု တစ်သွယ် ခေါ်ကြသည်။ သို့သော် ကျွန်တော်တို့က မြောက်ကြွမြောက်ကြွ မနေကြ။ နေရာတကာ စပ်စပ်စုစုတော့ ရှိကြသည်။ ရပ်ရေးရွာရေး၊ သာရေး နာရေး ကျွန်တော်တို့ မပါလျှင်မပြီး။ လုပ်စရာ မရှိကြလျှင် ကတ္တရာလမ်းမပေါ်ထွက်၍ ဘောလုံးကန်ကြသည်။

ထိုစဉ်က ကျွန်တော်တို့လမ်းတွင် နှစ်ထပ်အိမ် တစ်လုံးစ နှစ်လုံးစ ရှိပြီး ကျန်အိမ်များမှာ မြေစိုက် သွပ်မိုး ပျဉ်ကာနှင့် ဝါးထရံကာ မနီမိုးအိမ်များသာ ဖြစ်သည်။ ကတ္တရာလမ်းရှိသည့်တိုင် တစ်နေ့လုံး ကားတစ်စီးပင် အဝင်အထွက်မရှိ။ နွေဦးပေါက်သည်နှင့် မီးကင်းစောင့်ကြရသည်။ မည်သူ့ကင်းအလှည့်ရောက်ရောက် ကျွန်တော်တို့က ကင်းတဲတွင် အချိန်ကုန်စမြဲ။ မိုးချုပ်သည်နှင့် ကတ္တရာလမ်းမပေါ် ဖျာခင်းကြသည်။ ရောက်တတ်ရာရာ စကားဝိုင်းဖွဲ့သည်။ ငိုက်လာလျှင် အိမ်ပြန် မအိပ်ကြ။ ကင်းတဲမှာပင် စုအိပ်ကြသည်။

တစ်ရက်။ ကင်းတဲပေါ်တွင် ကုလားအဘိုးကြီးတစ်ယောက် လာအိပ်နေလေသည်။ မိုးချုပ်သော်လည်း ထပြန်ခြင်း မရှိ။ ပေတေအိပ်နေသဖြင့် မနည်းနှိုးရသည်။ အကျိုးအကြောင်းမေးမြန်းကြည့်ရာ ပြန်စရာအိမ်မရှိဟု ဆိုသည်။ သားမယား ဆွေမျိုးမရှိသည့် တစ်ကောင်ကြွက်ဖြစ်ကြောင်း သိရသည်။

ကျွန်တော်တို့အုပ်စု၏ စေတနာဗရပွကြောင့် ကုလားအဘိုးကြီးသည် ကင်းတဲအနီး အုတ်ထရံကိုမှီ၍ အဖီတဲတစ်ခု ရသွားလေသည်။ ကျွန်တော်တို့ ကျွေးသည့် ထမင်းကိုမစား။ သူ့အလုပ် သူလုပ်၍ ရသည့်ငွေဖြင့် ထမင်းချက်စားသည်။ သူ့အလုပ်က သမ္မာအာဇီဝ အလုပ်။ အမှိုက်ပုံးများတွင် ပစ်ထားသည့် သစ်တိုသစ်စများ၊ အုန်းလက်၊ ထန်းလက်များ၊ အိမ်များမှ ခုတ်ပစ်သည့် သစ်ကိုင်း သစ်ခက်များကို ထင်းအဖြစ် ခွဲစိတ်ပြီး ထင်းစည်း၍ ရောင်းသည်။

တိုရှည်ရောင်းသည့် ကုလားမများနှင့် အကြော်သည်များက ဝယ်ယူကြသည်။ လမ်းဘေး ရေဘုံဘိုင်တွင် ရေချိုးသည်။ အဝတ်လျှော်သည်။ လမ်း

# မြယာငြ
## ဖိုးရှင်းမပေးတဲ့ပစ္စည်း






www.burmeseclassic.com

www.burmeseclassic.com

ဘေးတွင်နေသည့် ကုလားအဘိုးကြီးနှင့် လမ်းပေါ်ပျော် ကျွန်တော်တို့ မကြာမီ ရင်းရင်းနှီးနှီးဖြစ်သွားကြသည်။

ကုလားအဘိုးကြီးကို ကျွန်တော်တို့က "မာမူကြီး" ဟု ခေါ်ကြသည်။ မာမူကြီးက ထင်းရောင်းကောင်းသည့်နေ့များတွင် ကျွန်တော်တို့ကို လက်ဖက်ရည်ဝယ်တိုက်သည်။ ဗယာကြော်ဝယ်ကျွေးသည်။

ကုလား မီးနင်းပွဲတော်ရက်အတွင်း အကြော်သည်များ ထင်းအဝယ်များသောကြောင့် မာမူကြီး ပိုက်ဆံများများရ၍ ဈေးမှ သရက်သီးမှည့်များ ဝယ်လာသည်။ မာမူကြီးသည် ထမင်းစားရာတွင် သရက်သီးမှည့်ဖြင့် စားရသည်ကို ပိုနှစ်သက်ပုံရပါသည်။ သူကိုယ်တိုင်အဝစား၍ ကျွန်တော်တို့ကိုလည်း ခွဲကျွေးပါသည်။

ထိုနေ့ ညနေပိုင်းတွင် ထုံးစံအတိုင်း လမ်းမပေါ်တွင် ကျွန်တော်တို့အုပ်စု ဘောလုံးကန်နေကြသည်။ ထိုစဉ်ဆိုက်ကားသမားနှစ်ယောက် အပြေးအလွှားရောက်လာပြီး မာမူကြီးတဲထဲတွင် သတိလစ်လဲနေကြောင်း ပြောသဖြင့် ဘောလုံးပွဲရပ်ပြီး မာမူကြီးဆီပြေးကြသည်။ မာမူကြီးသည် အကြိမ်များစွာ ဝမ်းသွားထားပုံရသည်။ လုံချည်တစ်ခုလုံး အညစ်အကြေးများဖြင့် စိုရွှဲနေပြီး တဲထဲတွင်လည်း မစင်များ ပြန့်ကျဲလျက် ရှိသည်။

ကျွန်တော်တို့သည် လမ်းဘုံဘိုင်မှ ရေများခပ်၍ မာမူကြီးကို ဆေးကြောသုတ်သင်၍ သန့်ရှင်းသော အဝတ်များဝတ်ပေး၍ သုံးဘီးကားဖြင့် ဆေးရုံသို့ပို့လိုက်ကြပါသည်။

ထိုအချိန်က "ကူးစက်ရောဂါကုဆေးရုံ" မှာ ကန်တော်ကလေး အောင်ဆန်းကွင်းနှင့် မျက်စောင်းထိုးတွင်ရှိပြီး အများက ကျောက်ဆေးရုံဟု ခေါ်ကြသည်။ ကျွန်တော်တို့သည် မာမူကြီးကို ဆေးရုံပို့ပြီးသည့်အခါ အစစအရာရာဂရုစိုက်စေရန် ဆေးရုံစောင့်ကို ငွေအနည်းငယ်ပေးပြီး အပ်ထားခဲ့သည်။ ညနေပိုင်း ဧည့်သည်တွေ့ချိန်များတွင် ကျွန်တော်တို့ မာမူကြီးကို သွားကြည့်ကြသည်။

လေးငါးရက်အတွင်း မာမူကြီးဆေးရုံမှ ဆင်းရပါသည်။ ဆေးရုံမှဆင်းပြီးစ အချိန်တွင် မာမူကြီးကို အလုပ်မလုပ်စေဘဲ တဲထဲတွင် နားနားနေနေ နေခိုင်းထားပါသည်။ စားရေး သောက်ရေးကို ကျွန်တော်တို့က တာဝန်ယူကြပါသည်။ သို့ရာတွင် မာမူကြီးကို ကြည့်ရသည်မှာ မျက်နှာ သိပ်မကောင်း။ စားရေး သောက်ရေးအတွက် အားနာနေပုံရသည်။

သည်လိုနှင့် တစ်ရက်တွင် မာမူကြီးကို တဲထဲတွင် မတွေ့၍ ဟိုဟိုသည်သည် သွားသည်ဟုထင်ရသော်လည်း အချိန်ကုန်သည်အထိ ပေါ်မလာတော့ပါ။ ပျောက်ခြင်းမလှ ပျောက်သွားချေပြီ။ ဟိုနားသည်နား စုံစမ်းကြည့်သော်လည်း သတင်းအစအနပင်မရ။ ရက် အနည်းငယ်ကြာလာသည့်အခါ မာမူကြီးကို ကျွန်တော်တို့ မေ့မေ့ပျောက်ပျောက် ဖြစ်လာကြပါသည်။ အမှတ်မထင် ကြုံတွေ့ရသည့် သံယောဇဉ်သည် မမှတ်မထင်ပင် ပြတ်တောက်သွားပြီ ထင်ပါသည်။

တစ်ညနေ ကျွန်တော်တို့ ဘောလုံးကန်နေကြစဉ် လူတစ်ဦး အပြေးအလွှား ရောက်လာပါသည်။ မျက်စိပျက် မျက်နှာပျက်နှင့် တစ်စုံတစ်ရာကို စိုးရိမ်နေပုံရပါသည်။ ကျွန်တော်တို့အားလုံး သူ့ကို မှတ်မိကြသည်။ ကူးစက်ဆေးရုံမှ ဆေးရုံစောင့်ဖြစ်ပါသည်။ သူ့ထံမှ သိရသည်မှာ မာမူကြီးသည် ကူးစက်ဆေးရုံတွင် ကွယ်လွန်သွားကြောင်း သတင်းဖြစ်သည်။ နောက်ဆက်တွဲကြားရသည့် သတင်းက ပို၍ တုန်လှုပ်ဖွယ်ကောင်းသည်။

မာမူကြီး နောက်တစ်ကြိမ်ဆေးရုံတက်သည်မှာ တရားဝင်မဟုတ်။ ဆေးရုံစောင့်နှင့် ယခင်ကသိကျွမ်းဖူးသည်ဖြစ်၍ နားလည်မှုဖြင့် ဆေးရုံပေါ်နေထိုင်ခြင်း ဖြစ်သည်။ ဆေးရုံအထာနပ်သဖြင့် ဆရာဝန်စစ်ဆေးချိန်များတွင် ဟိုရှောင် သည်ရှောင်ဖြင့် နေလာခြင်းဖြစ်ပါသည်။ သို့ရာတွင် ရုတ်တရက် မာမူကြီး သေဆုံးသောအခါ ဆေးရုံစောင့် ပြဿနာတက်ပြီဖြစ်သည်။

တာဝန်ခံဆရာဝန်က သူနှင့်မဆိုင်ဟု ငြင်းသည်။ အလောင်းကို ညတွင်းချင်းရှင်းပေးရန် ဖိအားပေးသည်။ ဆေးရုံစောင့်မှာ အကျပ်အတည်း ဖြစ်ခြင်းကို မဖြေရှင်းနိုင်သဖြင့် ကျွန်တော်တို့ကို အကူအညီတောင်းခြင်းဖြစ်သည်။ ဆေးရုံစောင့်ကို မသနားသော်လည်း မာမူကြီး၏ နောက်ဆုံးခရီးဖြစ်၍ လုပ်သင့် မလုပ်သင့် မစဉ်းစားကြဘဲ ကူညီကြမည်ဟု ကတိပေးလိုက်ကြသည်။

ညဥ့်နက်ချိန်လောက်တွင် ဆေးရုံရှိ အလောင်းထားရုံအတွင်းဝင်၍ မာမူကြီးအလောင်းကို ရှာကြသည်။ မီးခြစ်အလင်းရောင်ဖြင့် မြင်ရသည့် မာမူကြီးအလောင်းတွင် အဝတ်မရှိ၊ ဗလာနတ္ထိ။ အနီးရှိ အခြားအလောင်းတစ်ခုတွင် အကျႌ၊ လုံချည်အစုံရှိသည်။ ကျွန်တော်တို့ စဉ်းစားရန် အချိန်မရှိ၊ ထိုအလောင်းမှ အဝတ်များကို ချွတ်၍ မာမူကြီးကို ဝတ်ပေးလိုက်ကြပြီး အဆင်သင့် စောင့်နေကြသည်။

ကျွန်တော်တို့သည် အဖွဲ့ (၂)ဖွဲ့ခွဲ၍ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ ဆေးရုံရှိ အလောင်းကို ထုတ်ရန် စီစဉ်နေစဉ် တစ်ဖွဲ့မှာ ကန်တော်ကလေး ဘီလူးမဈေး (သိမ်ဖြူဈေး)နှင့် မျက်စောင်းထိုးတွင်ရှိသည့် မွတ်စလင်သင်္ချိုင်းမှ သင်္ချိုင်းစောင့်နှင့် ဆက်သွယ်ပြီး သင်္ချိုင်းကို ပို့ကြသည်။ ကျွန်တော်တို့သည် ထိုနည်းဖြင့် မာမူကြီး၏ နောက်ဆုံးခရီးကို ကူညီဆောင်ရွက်လိုက်ကြပါသည်။

မာမူကြီးကိစ္စ ဆောင်ရွက်ပြီးနောက်ပိုင်း ကျွန်တော်တို့အုပ်စု အသင်းလုံးမှု လျော့နည်းလာကြောင်း ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော် သတိပြုမိသည်။ မည်သည့်အကြောင်းကိစ္စကြောင့်ဟု မခန့်မှန်းနိုင်သော်လည်း ကျွန်တော့်ကို ခပ်တန်းတန်း ဆက်ဆံလာကြသည်ကို ရိပ်မိပါသည်။ ကျွန်တော်လည်း အိမ်ထဲမှ အိမ်ပြင် မထွက်တော့။ အိမ်ထဲတွင် အားအားရှိတိုင်း စာအုပ်များ၊ သတင်းစာများနှင့်သာ အချိန်ကုန်လျက်ရှိသည်။

တစ်ရက်။

ကျွန်တော်တစ်ယောက်တည်း အိမ်၌ရှိနေစဉ် ကျွန်တော်တို့ အုပ်စုမှ ကျွန်တော်နှင့် အရင်းနှီးဆုံးဖြစ်သူ မူဆာ ရောက်လာသည်။ လူလည်း အတော်ချောင်ကျသွားသည်။ မျက်နှာလည်း သိပ်မကောင်း။ တစ်စုံတစ်ခုကို စိုးရိမ်နေပုံရသည်။

"ငါ့ကို ခွင့်လွှတ်ပါကွာ"

မူဆာက အထစ်ထစ် အငေါ့ငေါ့ဖြင့် ချိန်ဆပြီး ပြောသည်။

"ဒီမှာ မူဆာ၊ မင်းနဲ့ ငါဟာ အားလုံးထဲမှာ အချစ်ဆုံး သူငယ်ချင်းပဲ၊ မင်းပြောချင်တာကို ခွင့်တွေ ဘာတွေ တောင်းနေဖို့ မလိုပါဘူးကွာ၊ မင်းရင်ထဲမှာရှိသလောက် ပွင့်ပွင့်လင်းလင်းသာ ပြောပါကွာ"

မူဆာ ပြောရဲဆိုရဲ ရှိစေရန် ကျွန်တော် လမ်းဖွင့်ပေးလိုက်ခြင်း ဖြစ်သည်။

"ဒီကိစ္စက မင်းကလွဲပြီး ငါတို့အားလုံး လုပ်ခဲ့တဲ့ ကိစ္စပဲ၊ မင်း မှတ်မိမယ်ထင်တယ်၊ မာမူကြီးရဲ့ အလောင်းကို သွားထုတ်တုန်းက မာမူကြီးက ကိုယ်လုံးတီးကြီး ဖြစ်နေလို့ အနီးက အလောင်းက အဝတ်တွေချွတ်ပြီး မာမူကြီးကို ဝတ်ပေးလိုက်တဲ့အချိန်မှာ အဲဒီအကျႌအိတ်ထဲမှာ လက်စွပ်တစ်ကွင်းတွေ့တာနဲ့ ငါယူထားလိုက်တယ်၊ အဲဒီအချိန်မှာတော့ ငါတစ်ယောက်တည်းပဲ သိထားတာကွ၊ နောက် ငါပန်းထိမ်ကို ပြကြည့်တော့ လက်စွပ်က ရွှေနည်းပေမယ့် ကျောက်က ပတ္တမြားအစစ်တဲ့၊ ကာလတန်ဖိုး တစ်သိန်းဝန်းကျင်ရနိုင်တယ်တဲ့၊ ဒါနဲ့ ငါလဲ ရောင်းမယ်လို့ လုပ်တဲ့အချိန်မှာ . . ."

"အဲဒီအချိန်မှာ ဘာဖြစ်လို့လဲ ပြောမှာသာ ပြောပါကွာ"

မူဆာ စကားကို ချိန်ဆနေ၍ ကျွန်တော်က တွန်းအားပေးလိုက်သည်။

"ငါ့ မျက်လုံးထဲမှာလေ အဲဒီအလောင်းကောင်ကြီးကို မြင်လိုက်သလိုဖြစ်ပြီး ငါ့ကို လက်ညှိုးတငေါက်ငေါက်နဲ့ မင်းရောင်းရဲရင် ရောင်းကြည့်လိုက်လို့ ပြောသံလိုလို ငါ့နားမှာ ကြားလာသလို ဖြစ်လို့ ငါ မရောင်းဖြစ်ခဲ့ဘူး၊ ဒါပေမယ့် ငါကိုယ်တိုင် မရောင်းဖြစ်တာကို ငါတို့အုပ်စုထဲက တစ်ဦးပြီးတစ်ဦး ရောင်းခိုင်းပေမယ့် သူတို့လဲ ငါ့လိုပဲ ဖြစ်လာကြလို့ နောက်ဆုံး ငါ့လက်ထဲပဲ ပြန်ရောက်လာတယ်ကွ"

ကျွန်တော်တို့အုပ်စု၏ စည်းလုံးညီညွတ်မှုမှ မူဆာတို့ကို သွေးခွဲသပ်လျှိုပြီး စိတ်ဝမ်းကွဲပြားအောင် လုပ်သည့် တရားခံကို ကျွန်တော် သိလိုက်ပါပြီ။ ပတ္တမြားလက်စွပ် ဟူသည့် လောဘ ဖြစ်ပါသည်။

လောဘသည် ကြောင်းကျိုးတရားကို မမြင်ဟု တရားစာအုပ် တစ်အုပ်တွင် ဖတ်ခဲ့ဖူးသည်။ တကယ်တော့ မူဆာတို့သည် "ဖွတ်ကို မရသည့်အပြင် ဓားမပါ ဆုံးရတော့မည့်ကိန်း ဆိုက်နေလေပြီ"

"ဒီမှာ မူဆာ၊ ငါတို့ ဗုဒ္ဓဘာသာမှာ အခြေခံစောင့်ထိန်းရမယ့် ငါးပါးသီလဆိုတာ ရှိတယ်၊ အဲဒီငါးပါးသီလရဲ့ ဒုတိယမြောက် သီလက အဒိန္နဒါနာ သိက္ခာပုဒ်ပဲ၊ အဓိပ္ပာယ်ကတော့ ပိုင်ရှင်က ကြည်ဖြူစွာ မပေးတဲ့ ပစ္စည်းကို ခိုးယူခြင်း၊ တိုက်ယူခြင်း၊ နှိုက်ယူခြင်း၊ အကျပ်ကိုင်၍ယူခြင်း၊ ပရိယာယ်အမျိုးမျိုးဖြင့် လှည့်ပတ်ယူခြင်းလို့ ဆိုလိုတာဖြစ်တယ်၊ တိုတိုပြောရရင်ပေါ့ ဒါဟာ ခိုးတာပဲကွ"

"ဒါကတော့ကွာ ပိုင်ရှင်ဆိုတဲ့ ပုဂ္ဂိုလ်က သေနေပြီပဲ၊ ဘယ်လိုလုပ်ပြီး ခွင့်တောင်းလို့ ရမှာလဲ၊ ငါ မယူလဲ တစ်ယောက်ယောက် ယူမှာပဲကွ"

မူဆာက စောဒကတက်သည်။

"ဒီမှာ မူဆာ၊ မင်းအထင်နဲ့ လျှောက်ပြောမနေနဲ့၊ မင်းလဲ သိတဲ့အတိုင်း အဲဒီအလောင်းက အကျႌကို ငါတို့ ချွတ်ယူပြီး မာမူကြီးကို ဝတ်ပေးခဲ့တယ်လေကွာ"

"အေး ဒါတော့ ဟုတ်တယ်၊ ဒီကိစ္စမှာ ငါလဲပါတယ်၊ ငါတို့အားလုံးရဲ့ အပြစ်ပဲကွ"

"ဒါဆို ငါတို့ ဘယ်လို ဆက်လုပ်ကြမလဲ"

မူဆာက စိုးရိမ်တကြီး မေးလိုက်သည်။

"ငါ စဉ်းစားမိတာ တစ်ခုရှိတယ်ကွ၊ အခုအချိန်မှ အဲဒီအလောင်းရဲ့ပိုင်ရှင်ဆိုတာကိုလဲ ဘယ်လိုမှ ရှာနိုင်တော့မှာ မဟုတ်တဲ့အပြင် ပြဿနာ ပိုရှုပ်လာနိုင်တယ်ကွ၊ တကယ်တော့ ပြစ်မှုဆိုတာ သိလို့ပဲဖြစ်ဖြစ် မသိလို့ဘဲဖြစ်ဖြစ် ကျူးလွန်မိရင် ပြစ်မှုမြောက်တယ်ကွ၊ ဒီတော့ ဒီလက်စွပ်ကို သေဆုံးသွားတဲ့ ပိုင်ရှင်အတွက် ရည်စူးပြီး သူ့ကိုယ်စား ဘုရားမှာ သွားလှူမယ်၊ ကုသိုလ်ကောင်းမှုအတွက် အမျှပေးဝေမယ်၊ ခေါင်းလောင်းထိုးသံရဲ့ အဆုံးမှာ အဲဒီလူ သာဓုခေါ်နိုင်မယ်ဆိုရင် လက်ရှိနိမ့်ပါးတဲ့ ဘုံဘဝက မြင့်မြတ်တဲ့ ဘုံဘဝကို ကူးပြောင်းနိုင်လိမ့်မယ်၊ ဒီလိုလုပ်ပေးတဲ့တွက် ငါတို့အားလုံးကို ကျေးဇူးတင်ဝမ်းမြောက်နေလိမ့်မယ်လို့ ငါ ထင်တယ်ကွ"

ကျွန်တော့် စကားအဆုံးတွင် မူဆာသည် ရွှင်လန်းတက်ကြွသွားပြီး စကားတစ်ခွန်းကို ကျယ်လောင်စွာ ပြောလိုက်ပါတော့သည်။

"အခုပဲ ငါတို့အုပ်စုကို ခေါ်ပြီး ဘုရားကို သွားကြမယ်ဟေ့"

❐ မြယာငြ





www.burmeseclassic.com

www.burmeseclassic.com




# မင်းတိုင်ပင်

မြကျွန်းမြေ

## ဖုတ်တို့၏မာယာ

မိမိပြုသောကံ မိမိခံရမည်။

ကောင်းမှုပြုလုပ်က ကုသိုလ်၊ မကောင်းမှုပြုက အကုသိုလ်၊ သုဂတိ နှင့် ဒုဂ္ဂတိ ဆိုပါ၏။

သုဂတိသည်၊ လူ၊ နတ်၊ နိဗ္ဗာန် သို့လားရောက်ရာဌာန၊ ဒုဂ္ဂတိသည် အပါယ်လေးဘုံ သွားရောက်ရာဌာန၊ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန် အသူရကာယ်။ မြတ်ဗုဒ္ဓ ဟောကြားခဲ့တဲ့ တရားတော်ထဲမှာ ကေန်တည်ပါ၏။ မိမိမသေခင်က ကုသိုလ်ကောင်းမှုနှင့် အကုသိုလ်တရားတို့သည် တမလွန်ရောက်မှ အကျိုးပေးတတ်သည် မဟုတ်၊ ယခုဘဝပင်လျှင် အကျိုးပေးတတ်ပါ၏။





www.burmeseclassic.com

www.burmeseclassic.com

မျက်မြင်ဆိုတော့ ငြင်းဖွယ်ရာ ရှိနိုင်မှာတော့ မဟုတ်။ ကျွန်ုပ်ကိုယ်တွေ့ ပြိတ္တာဟု ဆိုအပ်သောဘုံသည် လူ့ဘုံ၌ မှီတင်းနေရပါ၏။

သီးခြားဘုံတော့ မရှိပေ။ သရဲ သဘက်၊ ဖုတ်၊ ပြိတ္တာ၊ ဘီလူး တို့သည် တစ်ဘုံတစ်ဘဝ နေထိုင်ကြရ၏။ ထို အထဲတွင် ဖုတ်ဆိုသည်မှာ မသေမီ လူနာ(သို့မဟုတ်)သေပြီးသူ၏ခန္ဓာကိုယ် အလောင်းကောင်အတွင်း ဝင်ရောက် ပူးကပ် စားသောက်နေသည်ကို ခေါ် ပါ၏။

ကာယကံရှင်၏ ဇနီး၊ သားသမီး ဆွေမျိုးများက လူနာ ဟုထင်ကာ တောင်းသမျှပေး၊ စားချင်သမျှ ကျွေးရ သော အခါမျိုး ဖြစ်လေ၏။

၁၉၉၀ ပြည့်နှစ်ကာလက ကျွန်ုပ် တို့နေထိုင်ရာ ရပ်ကွက်အတွင်း၌ ဗေဒင် နှင့် ဓာတ်ဗိန္ဒောကုသသည့် ဆေးဆရာ ဇနီးမောင်နှံတို့ ရှိပါ၏။ ဆရာကြီး ဆိုသူ သည် အသက် (၆၀) ကျော်ခန့် အသား ညိုညို အရပ်ပုပု ကိုယ်ပြားပြား တိုက်ပုံ အင်္ကျီအဖြူရောင်နှင့် ဆေးလွယ်အိတ် ကို အမြဲတမ်းလွယ်လျက် တွေ့ရ၏။

ထိုဆရာကြီးသည် အပေါ်နှုတ် ခမ်းကွဲထားသဖြင့် မျက်လုံးက ပြူးနေ၏။ သွားများက သွားရင်းထိ ပေါ်နေ၏။

ထိုနှုတ်ခမ်းကွဲခြင်းမှာ နှစ်ခြမ်း ဖြစ်၍ သွားနှစ်ချောင်းက ငေါ၍ အစွယ် ထွက်သည်နှင့် တူပါ၏။ သူ့အမည်က ဆရာထူးဟု ခေါ်ကြပါသည်။ သူ့ဇနီး ဆရာကတော်က အထွေးဟုခေါ်ပါ၏။ သျှောင်နောက်ဆံထုံးပါ၊ အမြဲတမ်း စွယ် တော်ရွက်ပါပဲ။ ဆရာကြီး၏ ဒုတိယ အိမ်ထောင်ဟု သိရပါ၏။

ဆရာကြီး၏ ရေပူရေအေးပါရမီ ဖြည့်ဖော်၊ သမ္မုလလို မိန်းမပါပဲ။ ဒီလို အရုပ်ဆိုး အကျည်းတန်တဲ့ လူကြီးကို သူနှစ်သက်မြတ်နိုး၊ ဘာကြောင့် ချစ်ကြိုး သွယ်နေတာလဲလို့ သိချင်ကြလိမ့်မည်။

မှန်ပါ၏ ဆရာထူးသည် ပြုစား တတ်သူ၊ ဖမ်းစားတတ်သူ၊ စုန်းကဝေ မှော်အတတ်၊ အောက်လမ်းအတတ်တွေ တတ်သည်ဟု ဆိုကြပါ၏။ အချို့က တော့ ဆရာထူးခြေထောက်မှာ ဘုရား ရုပ်ပွားတော်ပုံ ရှိတယ်လို့တောင် ပြော ကြတယ်။

နောက်ဆရာထူးက ဗေဒင်တွက် တယ်။ သူ့အကောင်တွေ ခေါ်မေးပြီး တော့ ပြောတယ်။ သိပ်မှန်တာပဲလို့ လူတွေက ထောက်ခံကြတယ်။ နောက် ပြီး ဆရာထူး အဆောင်ယတြာတွေ၊ ပီယသိဒ္ဓိ၊ ကာယသိဒ္ဓိဆေးတွေ ထိုးကြ၊ အောက်မဟုတ် အထက်မဟုတ်လည်း လုပ်တယ်။

သူ့ဇနီးက သူခိုင်းသမျှ လုပ်ပေး ရတယ်။ ယခုဆို ဆရာထူးတို့ စက် ဟောင်းကြီးနောက်က ရိုးကမ်းနဖူးမှာ တဲထိုးနေကြတယ်။

သူနေတဲ့နောက် မန်ကျည်းပင် တွေက အစီအရီရှိတော့ အရိပ်ကောင်း ကောင်းနှင့် ရှိပါ၏။ အဲဒီမန်ကျည်းပင် တန်းမှာ သူမွေးထားတဲ့ အစိမ်းသရဲ ကောင်တွေကို ထားတယ်။ ညဆို သူ့ အကောင်တွေက တအုန်းအုန်းတသဲသဲ၊ စက်ထဲဝင်၊ သွပ်ပေါ်တက်ပြေး၊ ဝုန်း၊ ဒိုင်း၊ ဂျလောင်းနဲ့ ပြေးကြတော့ ပတ် ဝန်းကျင်က လူတွေက ကြောက်ကြ တယ်။ ဆရာထူး မာန်လိုက်ရင် ငြိမ်ကျ သွားတယ်။

ဆရာထူးက သူပြုစားသူကို သူ ပြန်ကုမှ ပျောက်တယ်၊ နောက်မို့ဆို ဘယ်ဆရာ ကုကု မပျောက်ဘူးတဲ့။ ဒီလိုနဲ့ ဆရာထူး ကျန်းမာသန်စွမ်းတုန်း ကတော့ အိမ်ကပ်တယ်မရှိ၊ နယ်လှည့် ဗေဒင်တွက် ဆေးကုနဲ့ နေကြတာ။ အချိန်တွေက မအားမလပ် တရွေ့ရွေ့ ကုန်လာတာကို ဆရာထူး သိဟန်မတူ။

ဇရာအို အရွယ်ရောက်တော့ ခါးကလည်း ကုန်းလာပြီ၊ နားကလည်း ထိုင်း၊ ဆံပင်ကဖြူ ပါးရေကတွန့် နဂိုက အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ၊ စကားက မပီ၊ ယခုဆိုလျှင် လေတောင် ပုံမှန်မဟုတ်၊ ချောင်းကလည်း တဟွပ်ဟွပ်၊ ဟက် လိုက်ရင် သွေးစသွေးနတွေကို တွေ့ လာရပြီ။

"ဟယ် . . အစ်ကိုထူး ပါးစပ်က သွေးတွေတော်"

"ငါ ချောင်းသိပ်ဆိုးတယ်၊ ဆေး လိပ်လျှော့မှဖြစ်မယ် အထွေး"

"ဟုတ်တယ်၊ ရှင်က ဆေးလိပ် တယ်သောက်တာကိုး"

"ကဲ ငါ့ ငန်းဆေးပေးစမ်း"

"ရှင် ဘုမ္မိကျနေတယ်၊ အဲဒါ ယတြာချေရင် ရပါတယ်တော်"

ဆေးဆရာ ဇနီးက ဆေး အကြောင်း၊ ဗိန္ဒောယတြာအကြောင်း သူ ပြော၏။

နတ်ဝင်သည်ဇနီးဆိုလည်း နတ် အကြောင်းတော့ ရေရေလည်လည် ပြောတတ်မှာသေချာ၏။

သူ့လင်အကြိုက် သူပြောတတ် ၏။ ဒါတော့ ဓမ္မတာပဲ မဟုတ်ပါလား။

ဆရာထူးရောဂါက ဆေးမြီးတို တွေ သောက်လည်း မသက်သာ။ သူ့ ဓာတ်ရိုက်ဓာတ်ဆင် ယတြာချေလည်း ဘာမှ မထူးခြား။ လေးစင်တိုင် ပြိုကျ သလို အိပ်ရာထဲမှာ ဗုန်းဗုန်းလဲတော့ လုံးဝမထနိုင်။

တစ်ညမှာ သူ့အိမ်နားက မန် ကျည်းပင်ကြီးပေါ်မှာငှက်ဆိုးတစ်ကောင် က တကီးကီး တဂွတ်ဂွတ်နှင့် အားလုံးကို ရန်စောင်နေ၏။ ညတိတ်ဆိတ်မှုကို လည်း သူတစ်ကောင်တည်းက ဆူညံ စွာ ဖြိုခွင်းနေ၏။

ဆရာထူး၏ ရင်ခေါင်းသံပါတဲ့ ငယ်သံပါကြီးက ဝူး အမယ်လေး ဝူး ဝါး နှင့်အော်၏။

မျက်လုံးပြူး မျက်ဆန်ပြူး ခြေ ကားရား လက်ကားရားနှင့် . . .

"ဟယ် . . အစ်ကိုထူး သတိထား သတိထား၊ ဘာကိုလန့်အော်တာတုံး"

"ဟယ် ဟယ် ဟား ဟား ဟား ဟား ဟား ဝူး ဝူး ဝူး . . ဟဲ ဟဲ ဟဲ"

"ကဲတော် အိပ်တော့ . . ဘာ တွေယောင်ရယ်နေတာတုံး"



www.burmeseclassic.com

www.burmeseclassic.com

" ငါ ကြက်သားစားချင်တယ်၊ ဟဲ ဟဲ ဟဲ ဟဲ"

"ရှင်စားချင်ရင် မနက်ခါ ချက်ကျွေးမယ်နော်၊ အိပ်တော့ အိပ်တော့"

"ငါ ခုစားချင်တယ်"

"ဟယ်. . ညချင်းမင်းကြီးတော် မိန်းမပြောတာ နားထောင်ပါတော်"

"ငါ စားချင်တယ် ဟဲ ဟဲ. . နားမထောင်ချင်ဘူး"

"ကဲတော် ခက်ပြီ၊ ဘယ်ရမှာတုံး"

"ဟိုနောက်ဘက်ကကြက် ငါစားချင်တယ်"

ထိုအချိန် အိမ်နောက်ဘက် တဲနောက်နားက ကုလားလေးတို့အိမ်က ကြက်မကြီးက ကတော် ကတော် ဗျန်း ဗျန်းနှင့် အော်ပါတော့၏။ အထွေး ဘာလုပ်ရမှန်းမသိ ဆရာထူး ငြိမ်ကျသွားပါတော့၏။

မိုးလင်းတော့ ဆရာထူး မျက်စိကြောင်တောင်နှင့် မေးမရ၊ ခေါ်မရ အသက်တော့ ပုံမှန်ရှူနေပါ၏။ သူ့ဇနီးက အိပ်နေသည်ထင်၍ မနိုးပေ။ အိပ်ရာကနိုးတော့ ကြည်ကြည်လင်လင်နှင့်ဆိုတော့ အထွေး စိတ်ချမ်းသာရ၏။ သူ ပထမယောကျ်ားနှင့်ရသည့် သမီးကြီး ကြည်ပြာကို လှမ်းခေါ်တော့ ရောက်လာ၏။

"အမေ. . အဖေက တော်တော်ကောင်းသွားပြီပဲ"

"အေး. . ဟုတ်တယ် ငါနေကောင်းပြီ သမီး"

"အဖေနေကောင်းအောင် သမီး ဘာကျွေးရင်ကောင်းမလဲလို့ စဉ်းစားနေတာ"

"ကြက်သား၊ ကြက်သားကျွေး ငါစားချင်တယ် ဟဲ ဟဲ ဟဲ ဟဲ"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့ပါ"

"ငါလေ . . . တစ်ဝကြီးစားမှာ၊ ပလုတ်ပလောင်းစားမှာ ဟဲ ဟဲ ဟဲ ဟဲ"

ထိုနေ့ ကြည်ပြာက ကြက်သား ၅၀ သားဝယ်ပြီး ဆီပြန်ချက်ကာ ပထွေးကြီး ဆရာထူးကို ကိုယ်တိုင်ကျွေး၏။

"ငါ့သမီး အဲဒါစားနေရင် အဖေမသေတော့ဘူး"

"စားပါအဖေ. . ဝအောင်စား"

"ပေးဦး. . ပေး. . ငါစားမယ်၊ အကုန်စားမယ်၊ အကောင်လိုက်ကို စားချင်တယ်"

ဆရာထူး ထမင်းနှင့်ကြက်သား စားနေသည်မှာ ပလုတ်ပလောင်း အရိုးတွေဝါးသည်မှာ ကျွတ်ကျွတ်နှင့် အို. . ဝေသာလီပြည် ဘီလူးကျနေသလို ကြည်ပြာ ခံစားနေရ၏။

"အမေ. . အမေ. . အဖေက ချက်ထားတဲ့ကြက်သား အကုန်စားပစ်တယ်"

"နင့်အဖေ ခံတွင်းတွေ့လို့ပေါ့ အေ့"

"အမေ ဟုတ်ပါ့မလား၊ ရောဂါစားနေသလား မသိဘူး"

"တယ်. . ဒီကလေးမ၊ နာလန်ထဆိုတာ တအားစားတာဟဲ့"

စားပြီးကတည်းက ဆရာထူးကြီး အိပ်လိုက်တာ အသေကောင်အတိုင်းပဲ၊ မိုးချုပ်မှ နိုးတယ်။ တစ်ခါ ထမင်းစားပြီး ပြန်အိပ်၊ ည ၁၂ နာရီကျော်ရင် တချွတ်ချွတ်နဲ့ အိမ်ပေါ် ဟိုစမ်း ဒီစမ်းနှင့် ထသွားတောင် ပုဆိုးတခြား စောင်တခြား ကိုယ်လုံးတီးက များ၏။

"ဟယ်. . အဖေ. . အဖေ. . ဘာလုပ်တာလဲ"

"ငါ. . ငါ. . ထမင်းစာလို့"

"ရှင်ကလဲ နိူးပါလား. . အချိန်မရှိ"

"အေး. . အေးပါဟယ်. . . ငါ ထမင်းနဲ့ကြက်သားဟင်း"

ဆရာထူး နေ့ခင်း ထမင်းစားပြီးကတည်းက အိပ်၊ ညဆို မအိပ်တော့၊ ခြံထဲမှာလည်း အသံတွေက တဒုန်းဒုန်း၊ အဲဒီအသံကြားရင် အိပ်ရာကထ နောက်ဖေးဘက်ဆင်း၊ စကားတွေဖောင်ဖွဲ့အောင် ပြောတော့၏။

တစ်ညမှာ ဆရာထူး အိပ်ရာထဲမှာမရှိ။ သူ့သမီးက လိုက်ရှာတော့ ခြံထဲမှာ ငုတ်တုတ်ကြီး၊ စကားပြောသံကြားနေရ၏။ ဆရာထူး မျက်နှာကို ကြည့်လိုက်တော့ မျက်လုံးက နီရဲပြီး သရဲပုံပေါက်နေလို့ . . .

"အမယ်လေး. . . သရဲ. . . သရဲတော်" ဟု အော်ပါတော့သည်။

အေးအိမ်မှ လူတွေ နိုးလာပြီး ဝိုင်းလာကြတော့ ဆရာထူး ငုတ်တုတ်ကြီး ထိုင်နေ၏။ သူ့သမီးနှင့် ဇနီးသည် အထွေးက တွဲခေါ်ရင်း ဆရာထူး သတိမရတော့ပေ။ ထိုနေ့မှစ၍ ဆရာထူး သတိပြန်မလည်တော့၊ အသက်သာ ရှူနေတော့၏။

သမီးက ဆရာထူးဖြစ်အင်ကို ကြောက်တဲ့စိတ်တွေ စိုးရိမ်စိတ်တွေနဲ့ ရပ်ကွက်ထဲက ဗေဒင်ဆရာမ အမေညိ ဆီ ပြေးကာ အကူအညီတောင်းရပါတော့၏။

"ကဲ သမီး ဒီလိုဆို အမေညို မြင်တာက. . . သမီးတို့အဖေ မဟုတ်တော့ဘူးကွဲ့"

"ဟာ ဆရာမ ဟုတ်ပါ့မလား"

"မအံ့သြနဲ့ကွဲ့၊ သမီးအဖေက ဖုတ်ဝင်နေတာ၊ အယောင်ဆောင်နေတာ၊ သူသေတာကြာပြီ"

"အမေညို သမီးကို ကယ်ပါဦး ဟီး ဟီး ဟီး ဟီး"

"ဒီလိုလုပ်. . ဟောဒီ ရေမန်းယူသွား၊ သူ့ကို ပက်ကြည့်၊ အမေ ဘုရားအာရုံပြု မေတ္တာပို့မယ်၊ သူတဖြည်းဖြည်း ခွာသွားပါလိမ့်မယ်၊ ဒီလို ဖုတ်ဆိုတာ အမျိုးအစား ၆၀ လောက် ရှိတယ်။

လူကို ပူးကပ်တဲ့ ဖုတ်က ၂၁ ကျော်တယ်ကွဲ့ သမီးရဲ့၊ ဒါဟာ သူ့ မကောင်းတဲ့ပညာနဲ့ သူ့ကိုဝိညာဉ်ပူးနေတာ၊ အယောင်ဆောင်နေတာ၊ သေပြီးပြီ၊ အဲဒီ အလောင်းကောင်ထွက်သွားရင် ညည်းအဖေရဲ့ခန္ဓာကိုယ်ဟာ အမြန်ကျ၊ ပုပ်စော်နံနေလိမ့်မယ်၊ အမေညို ကယ်လိုက်မယ်ကွယ်"

www.burmeseclassic.com

"ဟုတ်ကဲ့ပါ အမေ၊ ကျေးဇူးတင်ပါတယ်"

"ဟုတ်ပြီ၊ အစ်ကိုထူး သင့်ခန္ဓာကိုယ်ထဲ ပူးကပ်နေတဲ့ အစိမ်းသရဲကောင်အားနှင်ပါ၊ လက်မခံပါနဲ့မြတ်စွာဘုရားငါးဆူ၏အမိန့်၊ အထက် ပုဂ္ဂိုလ်များ၏ အာဏာအတိုင်း. . တည်စေတည်စေ"

ထိုနေ့ည မိုးချုပ်သည့်အချိန် ဆရာထူးခန္ဓာကိုယ်ကြီး လှုပ်လာ၏။ ဗူး. . ဝါး. . အီး. . ဝူး. . နှင့် တရစပ် အော်နေ၏။ ကြည်ပြာသည် ဆရာမအမေညီ့ပြောသည့်အတိုင်း သူ၏ခန္ဓာကိုယ်ကြီးမှာ တလူးလူး တလွန့်လွန့်နှင့် လှုပ်ရှားကာ ငယ်သံပါအောင် အော်လာတော့၏။

လာကြည့်ကြသော လူအများ ဝိုးရွံ့ထိတ်လန့်နေကြ၏။ ကလေးများ မလာဖို့လည်း မေတ္တာရပ်ခံထားရ၏။ ဒီညတော့ ဖုတ်နှင်တဲ့ည၊ ဖုတ်ကောင်နှင်တဲ့ည။

ဆရာထူး၏ ခန္ဓာကိုယ်ကြီးက အငြိမ်မနေ အသက်ဝင်နေသည့် ကော်ရုပ်ကြီးပမာရှိနေ၏။ သို့သော် ဇနီးသည် အထွေးက သူ့ချစ်လင်၏ ဖြစ်အင်ကို မကြည့်ရက် ငိုနေပါ၏။

ညသည် ပိန်းပိန်းမှောင်နေရာ ကြယ်အလင်းရောင်ကလေးတောင်မရှိ၊ ဆရာထူးတို့အိမ်မှာတော့ မီးတိုင်ကလေးနှင့် ထိုသေပြီး ဖုတ်ကောင်ဝင်နေသည့် အလောင်းကောင်ကြီးကို စောင့်ကြည့်နေကြရ၏။

သန်းခေါင်ကျော်လာပြီ။ ပုရစ်သံ၊ ပုစဉ်းရင်ကွဲသံတွေက ဆူညံလာ၏။ ငှက်တွေ လန့်လန့်ပျံနေ၏။ မကြာမီ မန်ကျည်းပင်ပေါ်က သူမွေးထားသော အကောင်များက ဝိုင်း၍ ဆူညံစွာအော်တော့၏။ ဝူး. . ဝူး. . ဝါး. . အား. . . ဆရာထူးလည်း ငယ်သံပါအောင် ကြုံးဝါးနေပါတော့၏။

"ဝါး. . ဝါး. . ဝူး ဝူး ဝူး အား အား အပူတယ် ပူတယ် အား. . ဝူး. ."

ခန္ဓာကိုယ်ကြီး ငြိမ်ကျသွားပြီး လုံးဝ မလှုပ်တော့၊ အပုပ်နံ့ကြီးက စူးစူးဝါးဝါးနံ၏။

"ဟာ. . သေပြီ. . ဆုံးပြီ. . . ဖုတ်ထွက်သွားပြီ၊ နံလိုက်တာ ဝေါ့. . ထွီ. ."

"အမယ်လေး ဆရာထူး ကျေးဇူးရှင်ကြီးရေ၊ ထားခဲ့ပြီလားတော့ ဟီး. . ဟီး. . ဟီး. ."

ဆရာထူး၏ အလောင်းခုံတင်ရန် ဝါးကပ်ပေါ် မတော့ အရိုးပေါ် အရေတင် ပုပ်စော်နံသည့် ခန္ဓာကိုယ်ကြီး။ သူ၏သွားတွေက ဂျလောက် ဂျလောက်နှင့် ကျွတ်ကျကုန်တော့၏။

အားလုံးဝိုင်းကြည့်ကြတော့-

"ဟာ. . . ဟာ. . . ဟာ"

"အစ်ကိုထူးရေ၊ ရှင့်ကို ဖုတ်ဝင်စီးတာ မာယာများလှချေလားတော့်၊ ဟီး. . ဟီး. . ဟီး. . ဟီး"

❒ မင်းတိုင်ပင်(မြရောင်မြေ)


**ဆရာဦးခင်းထွန်း** D.B.B.W - C.T (Med)

**အုန်းချောင်း** တိုင်းရင်းဆေးကုခန်း

**အထူးကုသသောရောဂါများ**

နှလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကျိတ်၊ မှိုနာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေးဖက်နာရောဂါ၊ အဆုတ်နာ၊ ခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သူငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ➽ နေ့စဉ် နံနက် (၇)နာရီမှ ည (၇)နာရီအထိ

လိပ်စာ ➽ အမှတ် (၆၇၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး


☎ ➽ ၀၉-၇၃၁၃၆၄၁၄

လမ်းညွှန် ➽ ၁၉၉၊ ၁၁၁ (အဝါ)၊ ၉၉၊ ၉၇၊ ၇၁၊ ၄၄၊ ၁၇၄၊ ၁၆၇၊ ၄၇ (အထူး)၊ ၂၀၂ (အထူး)၊ ၄၇ ကားလေးစီး၍ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။




www.burmeseclassic.com

www.burmeseclassic.com



အချိန်က ညရှစ်နာရီခန့်။

ဒီအချိန်က တာရာတို့ သူငယ်ချင်းများ၏ ဆုံစည်းကာ အပန်းဖြေနေကျအချိန်မို့ ချိန်းဆိုထားရာ ဘီယာဆိုင်သို့ ကားမောင်းကာ ထွက်လာခဲ့သည်။

ချိန်းထားရာသို့ မရောက်မီမှာပင် တာရာ့ကားက ဘီးပေါက်သွားပါတော့သည်။ အဖော် ခေါ်လာတဲ့ တပည့်ကောင်လေးကို ဘီးလဲခိုင်းနေဆဲမှာပင် တာရာဆီသို့ အာကာနှင့် ဖိုးတာရဲ့ဖုန်း ဝင်လာပါတော့သည်။

"ဟယ်လို, ဟော့ကောင် အစုတ်ပလုတ်၊ မင်း အလုပ်လုပ်နေတုန်းပဲလား"


"ဟာ, ဘယ်ကလာကွာ၊ ဒီမှာကားဘီးပေါက်နေလို့ကွ၊ မောင်ထွေး လဲနေတယ်"

"ဘယ်နားမှာလဲ"

"xxxxx"

www.burmeseclassic.com

www.burmeseclassic.com



# မိုးမြင့်

## ရေကြည်တဲ့လရိပ်ပြာ

“အဲဒီနားမှာ ဘီယာဆိုင်ရှိလား”

“အေးကွ၊ ရှိတယ်၊ ဒါပေမယ့် သေးသေးလေးကွ”

“သေးတာ ကြီးတာ အရေးမကြီးဘူးကွ၊ စင်တင်ပါရဲ့လား”

“လခွတ်လိုပဲ၊ အရေးထဲ နှာကြောကထနေပြန်ပြီ၊ ပါပါတယ်၊ နှာဘူးထွက်ခေါင်းကြီး ခင်ဗျ”

“အိုကေ, မင်းမလာနဲ့၊ ငါတို့လာခဲ့မယ်၊ မင်းက စင်နဲ့အနီးဆုံးခုံမှာ သွားပြီးနေရာဦးထားနှင့်၊ ဒါမှ အမြင်ရှင်းမှာ၊ ဟာ. . ဟ”

“ဒါဆိုလဲ ပြီးရောကွာ၊ ဆီကုန်သက်သာတယ်၊ မင်းတို့သာ မြန်းခဲ့ကြပေတော့”



www.burmeseclassic.com

www.burmeseclassic.com

အပေါင်းအသင်းများရဲ့ အသံက အတော်ကောင်းနေပြီထင်သည်။

တာရာ၊ အာကာနှင့် ဖိုးတာတို့က အထက်တန်းကျောင်းသားဘဝက တည်းက တွဲလာခဲ့သည့် သူငယ်ချင်းများ ဖြစ်ကြသည်။ တက္ကသိုလ်တက်တော့ မေဂျာကွဲပေမယ့် သူတို့ အတွဲမပျက်ခဲ့ ကြ။ ဘွဲ့အသီးသီးရပြီး ကိုယ်ပိုင်လုပ်ငန်း ကိုယ်စီနှင့် ဘဝကို ရပ်တည်နေနိုင်တဲ့ အထိလည်း အတွဲမပျက်ခဲ့ကြ။

အာကာကို ခြေငြိမ်အောင် သူ့မိဘတွေက အတင်း မိန်းမပေးစားခဲ့ပေမယ့် ထိုမိန်းမလည်း သူတို့တွေကို ခွဲလို့ မရခဲ့ပါ။

ဖိုးတာကတော့ ချစ်သူ ဝေဝေ ရှိသည်။ မကြာခင် လက်ထပ်တော့မည့် သူမလည်း သူတို့သုံးဦး ပေါင်းမိလျှင် ဘေးရောက်သွားစမြဲပင်။ ချစ်သူလည်း မရှိ၊ မိန်းမလည်း မရသေးသော တာရာ ထက် ဒီနှစ်ကောင်က ပို၍ငမ်းကြောထ ကြစမြဲ ဖြစ်သည်။

ဘီယာဆိုင်ထိုင်၊ ကောင်မလေးတွေ ပန်းကုံးချ၊ စကားခေါ်ပြော အရသာခံတတ်တာလည်း ဒီနှစ်ကောင်ပဲဖြစ်သည်။ တာရာကတော့ တရားပေါက်နေတာမဟုတ်ပေမယ့် ယခု အသက်သုံးဆယ်နား နီးလာခဲ့သည့်တိုင်အောင် ထိုကဲ့သို့သော အီစီကလီရော၊ အတည်ပါ ရှာဖို့ စိတ်ကူး မရှိခဲ့သေးပါ။

တာရာ့မှာ တာရာ့ကို သိပ်ချစ်သည့် အမေရှိသည်။ တာရာ့ဘဝက အလုပ်နှင့်အမေပဲ ရှိသည်။ အပေါင်းအသင်းများ အလိုကျ ညစဉ်တွေ့ဆုံကာ ရယ်မောရင်းဖြင့် အချိန်တွေက တရွေ့ရွေ့ကုန်ဆုံးခဲ့သည်။

မောင်ထွေးကို ကားဘီးလဲပြီး လျှင် လိုက်ခဲ့ရန် မှာခဲ့ပြီး လမ်းတစ်ဖက်ကမ်းက မှုန်ကုပ်ကုပ် ဘီယာဆိုင်လေးဆီကို ကူးလာခဲ့သည်။ ဆိုင်ထဲဝင်တော့ ဝိတ်တာလေးများ အပြေးလာကြိုကြသည်။ ဆိုင်လေးက အပြင်က ကြည့်တော့ မှုန်ကုပ်ကုပ်ပေမယ့် အတွင်းမှာတော့ သပ်ရပ်ပြီး ထိုင်ချင်စဖွယ်ပင်။

ဟို နှာဘူးနှစ်ကောင်အတွက် မြင်ကွင်းကောင်းနိုင်မည့် ထိပ်ဘက်ထောင့် စားပွဲမှာ ထိုင်လိုက်သည်။ သူရောက်ပြီး သိပ်မကြာခင် ဟိုနှစ်ယောက် ကားကိုယ်စီနှင့် ရောက်ချလာပါတော့သည်။

ဝင်လာသည်နှင့် ဖိုးတာက ပန်းကုံးထားရာ စင်တန်းသို့ တန်းသွားပြီး သီချင်းဆိုနေသော အဝါရောင် ကိုယ်ကျပ်အင်္ကျီနှင့် ကောင်မလေးကို ပန်းကုံး သွားချပါတော့သည်။

ဖိုးတာ စားပွဲမှာ ဝင်ထိုင်တာနှင့် တာရာက ပျစ်ပျစ်နှစ်နှစ် မေတ္တာပို့ပါတော့သည်။

"မသာ. . ဖင်တောင် မထိုင်နိုင်ဘူး၊ ငန်းကြောက တန်းထတာပဲ"

"ဟဲဟဲ, ဒါမျိုးက လက်နှေးလို့ မရဘူးကွ၊ကောင်မလေးက လှတယ်ကွ"

"ခြောက်ဆယ် ခြောက်ဆယ် မြင်စေချင်လိုက်တာ"

"ဟေ့ကောင်၊ မင်းပါးစပ်ကြီးက အဲဒီလို အော်မနေနဲ့၊ ဗီးလ်အောက်တယ်ကွ"

"ဟား. . ဟား. . ဟား"

သူငယ်ချင်းတွေ အားလုံး ပေါ့ပါးစွာ ရယ်ကြသည်။

ဖိုးတာကောင်မလေး ဝေဝေကို သူတို့က ကွယ်ရာမှာ ခြောက်ဆယ် ခြောက်ဆယ်ဟု နာမည်ပြောင်ခေါ်ကြသည်။

ဒီအချိန်မှာပဲ ဆိုင်ထဲကို နိုင်ငံခြားသားနှစ်ယောက်နှင့် မြန်မာတစ်ယောက် ဝင်လာတာ တွေ့လိုက်ရသည်။ ကောင်မလေးတွေ တစ်ယောက်ပြီးတစ်ယောက် သီချင်းတက်ဆိုနေကြပေမယ့် အာကာတစ်ယောက် ငြိမ်နေပါသည်။ ဖိုးတာကတော့ အဝါရောင်မလေးနှင့်အတူ စကားတွေ ဖောင်နေပါတော့သည်။

"ဟေ့ကောင် အာကာ၊ ငြိမ်လှချေလားကွ"

"ဟဲဟဲ, လူစုံအောင် စောင့်နေတာ၊ ပြီးမှ ခေါင်ထည်ကလေးကို ရွေးမှာ၊ ဟေ့ကောင်မလေး ညည်းတို့ဆိုင်မှာ အားလုံး အဆိုတော် ဘယ်နှယောက်ရှိသလဲ၊ ဘယ်သူ အချောဆုံးလဲ"

"အားလုံး ဆယ့်နှစ်ယောက်ရှိတယ်၊ အားလုံးချောတယ်"

"အမယ် ကြော်ငြာနေပြန်ပြီ၊ ငါကြည့်နေတာ ဒီတစ်ယောက်နဲ့ဆို ဆယ်တစ်ယောက်ပဲ ရှိတယ်"

ဒီအချိန်မှာ တာရာ သိပ်ကြိုက်တဲ့ More Than I Can say သီချင်းကို အင်္ဂလိပ်လို ပီသချောမွေ့စွာ သီဆိုရင်း စင်ပေါ်ကို ကောင်မလေးတစ်ယောက် တက်လာပါသည်။ အသားလေးဖြူဖြူ ဆံပင် တိုကပ်ကပ်နှင့် ဂျင်းဘောင်းဘီ ရှည်၊ ရှပ်အင်္ကျီနှင့် လုံခြုံစွာ ဝတ်ဆင်ထား၍ တာရာ သဘောကျမိသည်။

ကျန်တဲ့ ကောင်မလေးများက မလုံ့တလုံ၊ကျပ်ကျပ်ညပ်ညပ်တွေကိုသာ ဝတ်ဆင်ကြတာ များပါသည်။

ဒီအချိန်မှာပဲ နိုင်ငံခြားသားများက ပန်းကုံးသုံးကုံး ချပါတော့သည်။

အာကာ ရုတ်တရက် ထသွားပြီး ပန်းကုံးငါးကုံးယူကာ ကောင်မလေးဆီ သွားချပါတော့သည်။ ပန်းကုံးများနှင့် ကောင်မလေး မျက်နှာကလေး မြုပ်လုလု ဖြစ်လို့နေသည်။ ပြန်လာတော့ အာကာ့မျက်နှာ ပြုံးဖြဲဖြဲနှင့်. . .

"ဟဲဟဲ. . ခေါင်ထည်လေး တော့ တွေ့ပြီဆရာ၊ အနီးကပ်ကြည့်လိုက်မှ တော်တော် လှတာကွ"

"သူက ဝိုင်းကို လာမှာ မဟုတ်ဘူး ကိုကြီးရဲ့"

"ဟမ်. . ဘာလို့ မလာတာလဲ"

"သူက ဝိုင်းကို ဘယ်တော့မှ ဆင်းထိုင်နိုင်းလို့ မရဘူး"

"ဟ,ညည်းတို့ကျတော့ ဆင်းထိုင်ရပြီး၊ သူ့ကျတော့ ဆင်းမထိုင်တော့ ဆိုင်ရှင်ကကော သူ့ကို ဘာမှမပြောဘူးလား

www.burmeseclassic.com

ကျန်တဲ့အဆိုတော်တွေကကော လက်ခံကြလား"

"ဟုတ်၊ သူက သီချင်းဆိုတာ အရမ်းတော်တဲ့အပြင် ဂျပန်၊ ပြင်သစ်၊ ကိုးရီးယား၊ တရုတ်သီချင်းတွေလဲ အားလုံး ရတယ်လေ၊ ဝိုင်းကို ဆင်းမထိုင်တဲ့ အတွက်ကို သူကလစာမယူဘူး၊ ပန်းကုံးကြေးပဲ ယူတယ်၊ အဲဒါ ကျန်တဲ့အဆိုတော်တွေကတော့ လစာပါ လိုချင်ကြတော့၊ အားလုံး ကျေကျေနပ်နပ်နဲ့ပဲ ဧည့်သည်နဲ့ ဝိုင်းထိုင်ကြတယ်လေ"

အဝါရောင် ကောင်မလေးရဲ့ စကားဆုံးတော့ အာကာ အတော်နင် သွားသည်။

တာရာ ကတော့ ဒီကောင်မလေးရဲ့မူကို အလွန်သဘောကျသွားမိသည်။ အာကာကတော့ ဘီယာလည်း အတော်မူးနေပြီမို့ စတင်ကာ ရစ်ပါတော့သည်။ စားပွဲထိုးကောင်လေးတွေလည်း မျက်နှာငယ်နှင့် တောင်းပန်ရှာပါသည်။

"မရဘူးကွာ၊ အဲဒီကောင်မလေးကို ရအောင်ခေါ်ပေး၊ မရရင် ငါ့ပန်းကုံးကြေး ရှင်းမပေးဘူးလို့ သွားပြောလိုက်သွား"

"ဆရာရယ်၊ တောင်းပန်ပါတယ်ခင်ဗျာ၊ တခြား ကောင်မလေး တစ်ယောက် ကျွန်တော် ခေါ်ပေးပါ့မယ် ဆရာရယ်၊ သူ့ထက်သာစေရပါမယ်ဗျာ"

"မရဘူးကွာ၊ သူ့ကိုပဲ တွေ့ချင်တာ၊ ခဏလေးပဲ စကားပြောမယ်ကွာ၊ ငါးမိနစ်ပဲ၊ သူနဲ့ပြောရမှ ငါ ဘေလ်ရှင်းမယ်၊ မပြောရရင် မရှင်းဘူးကွာ"

ဝိတ်တာကောင်လေး ဖင်ကုတ် ခေါင်းကုတ်နှင့် ပိုက်ဆံရှင်းသည့် ကောင်တာကို သွားပြီး သူတို့ခေါင်းချင်းဆိုင်တုန်ကြသည်။ ပြီးတော့ ကောင်တာက မန်နေဂျာ အဆိုတော် အခန်းအတွင်း ဝင်သွားတာကို တွေ့ရသည်။

တာရာ စိတ်ဝင်စားစွာ စောင့်ကြည့်နေမိသည်။ ခဏနေတော့ မန်နေဂျာ ပြန်ထွက်လာပြီး ဝိတ်တာကောင်လေးကို တစ်ခုခု ပြောလိုက်သည်။ ကောင်လေး ခေါင်းကုတ်ပြီး ကျွန်တော်တို့ဝိုင်းကို ပြန်ရောက်လာသည်။

အာကာက တဗျစ်တောက်တောက်၊ ဒီကောင်မူးလာရင် ဒီလိုပဲ ရစ်လေ့ရှိတာ အကြောင်းသိမို့ တာရာ့အတွက် မထူးဆန်းတော့။ ဒါပေမယ့် ဒီတစ်ခါတော့ တာရာကိုယ်တိုင် ဘာဖြစ်လာမလဲဆိုတာ စိတ်ဝင်စားနေမိသည်။ ဝိတ်တာကောင်လေး ပြန်ရောက်လာတော့ အာကာက စိတ်မရှည်စွာဖြင့်-

"ဟေ့ကောင် ဘာတဲ့လဲ"

"ဟိုလေ. . အခုနကကောင်မလေးက အစ်ကိုတို့ဝိုင်း ဘေလ်မရှင်းချင်ရင် သူ ရှင်းပေးပါ့မယ်တဲ့၊ ဝိုင်းတော့ လာမထိုင်ဘူးတဲ့ ခင်ဗျ"

"တောက်, ကြီးကျယ်လို့ကွာ၊ ဒါဆိုရင်လဲ တို့ဝိုင်းဘေလ်ကို ရှင်းလိုက်တော့လို့နေ၊ ဟေ့ကောင်တွေ ထကွာ၊ သွားတော့မယ်၊ ဒီနေ့ည ငါ့ကောင်းမှုနဲ့ မင်းတို့ ဘီယာ အလကားသောက်ရတယ်လို့ မှတ်လိုက်၊ ဟင်း. . ."

ပြောပြီး အာကာ စိတ်ဆိုးမာန်ဆိုးနှင့် ထသွားပါတော့သည်။ ဖိုးတာကတော့ အဝါရောင်မလေးကို မခွဲချင်ခွဲချင်ဖြင့် ထလိုက်လာပါသည်။ ဆိုင်ပြင်ရောက်တော့ အာကာက သူ့ကားပေါ်ရောက်နေပြီ။

"ဟေ့ကောင် အာကာ၊ ကားကို ဖြည်းဖြည်းလဲ မောင်းဦး"

"အေးပါကွာ၊ ငါ မမူးသေးပါဘူး၊ လစ်ပြီဟေ့ ဂွတ်နိုက်၊ အဲ့, မဟုတ်ဘူးကွ၊ ဒီနေ့ညတော့ ငါ့အတွက်တော့ ဂွတ်မနိုက်ဘဲဟေ့၊ မင်းတို့လဲ သွားကြတော့လေ၊ ငါ နောက်ဆုံးမှ ထွက်မယ်"

စိတ်တိုနေသော သူ့အလိုကျ ဖိုးတာနှင့် ကျွန်တော် ကားကိုယ်စီ မောင်းပြီး အရင်ထွက်ခဲ့ရသည်။

အာကာနှင့် ဖိုးတာတို့က လမ်းတစ်ကြောတည်းမို့ ရှေ့ဆင့်နောက်ဆင့် ထွက်သွား[illegible]ါသည်။ ကျွန်တော် ကားကို အတော်ဝေးဝေးလေးရောက်မှ ပြန်ကွေ့လိုက်တော့ မောင်ထွေးက အံ့အားသင့်စွာဖြင့် . . .

"ဆရာ၊ ဘယ်သွားဦးမလို့လဲ"

"ဆိုင်မှာ အာကာ ရစ်နေလို့ကွာ၊ ငါတို့ဝိုင်း ဘေလ်မရှင်းခဲ့ရဘူးကွ၊ အဲဒါ သွားပြန်ရှင်းမလို့"

တာရာ ဆိုင်ထဲ ပြန်ဝင်လာတာ မြင်တော့ ဝိတ်တာ ကောင်လေးက ထိတ်ထိတ်ပျာပျာ ဖြစ်လို့နေသည်။

"မဟုတ်ပါဘူးကွ၊ တို့ဝိုင်းဘေလ် ငါ လာရှင်းတာပါ၊ မင်းတို့ မန်နေဂျာကိုလဲ ငါ့သူငယ်ချင်းအတွက် တောင်းပန်တယ်လို့ ပြောလိုက်ပါကွာ၊ ငါ့ကောင်က မူးရင် ဒီလိုပဲ ရစ်တတ်တယ်ကွ"

"လာ. . ဆရာ၊ ကောင်တာကို လိုက်ခဲ့ပါ"

ထိုညက သူ ကောင်တာမှာ ပိုက်ဆံရှင်းပြီး ထွက်လာတော့ ဝိတ်တာ ကောင်လေးက စာရွက်လေးတစ်ရွက် လာပေးပါသည်။

အဆိုတော်မလေးက ပေးခိုင်းလိုက်တာတဲ့။ သူ ဖွင့်ကြည့်လိုက်တော့ Thank You ဆိုတဲ့ စာလေး တစ်ကြောင်း ပါလာသည်။ သူ ပြုံးလိုက်မိသည်။

ထိုအဖြစ်အပျက်များ ဖြစ်ခဲ့ပြီး နှစ်ပတ်ကြာသောအခါ တာရာ အိမ်က ထွက်လာကတည်းက ရှေ့ဘီးက လေလျော့သည်မို့ နီးစပ်ရာ လေထိုးဆိုင်မှာ ဝင်ထိုးရန် ကားကို ရပ်လိုက်သည်။

လေထိုးဆိုင်က ကားဝပ်ရှော့နှင့်ပါ တွဲဖွင့်ထားသည်မို့ ဆိုင်ထဲမှာ ကားတစ်စီးကို ငုံ့ပြင်နေသော ကောင်လေးကို သူ ဟွန်းတီးပြီး အသံပေးလိုက်တော့ ခေါင်းမော့လာပြီး သူ့ကားဆီ လှည့်ကြည့်လိုက်မှကောင်မလေးတစ်ယောက် ဖြစ်လို့နေသည်။

သူ အံ့အားသင့်သွားမိရသည်။ မိန်းကလေးတစ်ယောက် ကားပြင်နေတာကို သူ ပထမဆုံး မြင်ဖူးတာကိုး။ ပြီးတော့လည်း ငယ်ငယ်ရွယ်ရွယ်လေး။



www.burmeseclassic.com

www.burmeseclassic.com

အဲ၊ ဒီကောင်မလေးကို ဘယ်မှာ မြင်ဖူးပါလိမ့်။ သူ အပြေးအလွှား စဉ်းစားသည်၊ စဉ်းစားလို့မရ။ ကောင်မလေးက ဆိုင်ထဲက လိုအပ်သည့်ကိရိယာများ ဆွဲကာ ထွက်လာနေပါပြီ။ သူ့ကားရဲ့ ညာဘက်ဘီးကို လက်ညှိုးထိုးပြတော့ ကောင်မလေး ခေါင်းညိတ်ပြပြီး ကားဘီးကို ကျွမ်းကျင်စွာ လေထိုးနေပါသည်။ ကားပေါ်ကနေ ထိုင်ပြီး ကောင်မလေး လုပ်ကိုင်နေသမျှကို ကြည့်ငေးနေမိပြီး တာရာ့ဦးနှောက်တွေ အပြေးအလွှား အလုပ် လုပ်နေကြပေမယ့် အဖြေက ထွက်မလာပါ။ လေထိုးပြီးတော့ ကောင်မလေးက လက်ညှိုးတစ်ချောင်း ထောင်ပြသည်မို့ သူ တစ်ရာတန်တစ်ရွက် လှမ်းပေးလိုက်သည်။

"thank You"

ပိုက်ဆံကိုယူပြီး ပြောလည်းပြော၊ လှည့်လည်းထွက်သွားတော့မှ သူ့ခေါင်းထဲက အဖြေတစ်ခု ခုန်ထွက်လာခဲ့သည်။ ဟိုလွန်ခဲ့တဲ့ နှစ်ပတ်ကျော်က အာကာနှင့် ပြဿနာဖြစ်ခဲ့သည့် ဘီယာဆိုင်က အဆိုတော်ကောင်မလေးပဲ။

ဒါပေမယ့် ဖြစ်နိုင်ပါ့မလား။ အဆိုတော်မလေးတစ်ယောက်က နေ့ခင်းဘက် ကားဝပ်ရှော့ဆိုင်မှာ အလုပ်လုပ်နိုင်မလား။ သူ့အတွေးများ တသီတတန်းနှင့် ကားမောင်းထွက်လာခဲ့သည်။ ကောင်မလေးကတော့ သူမ ပြင်လက်စ ကားခေါင်းထဲမှာ ခေါင်းစိုက်ပြီး အလုပ်ပြန်လုပ်ကာ ကျန်ရစ်ခဲ့သည်။

တာရာ ထိုအကြောင်းကို အာကာနှင့် ဖိုးတာကို ပြန်မပြောဘဲ ထိမ်ချန်ထားလိုက်မိသည်။ တော်ကြာ ကောင်မလေးကို သွားနှောင့်ယှက်နေမှဖြင့် အခက်မဟုတ်လား။ ဟိုက အဆိုတော်မလေးပေမယ့် လုံးဝမကလက်တဲ့ တည်ငြိမ်သူလေး ဖြစ်သည်။

နောက်နေ့ နောက်နေ့များမှာ ထိုဝပ်ရှော့ရှေ့က ဖြတ်သွားတိုင်း သတိတရ လှည့်ကြည့်ပေမယ့် မတွေ့ရတော့ပြန်ပါ။ တစ်နေ့မှာတော့ သူ ကုမ္ပဏီမှာ အလုပ်လုပ်နေတုန်း မေမေ ဖုန်းဆက်လာပါသည်။

"သားရေ. . မော်ဘီက မေမေတို့ခြံကိုရောင်းဖို့ အကျိုးဆောင်အပ်ထားတာလေ၊ အဲဒါ အဲဒီအကျိုးဆောင်က ဓာတ်ပုံလေး လာရိုက်ချင်လို့တဲ့၊ အဲဒါ သား သွားလိုက်ပါကွယ်၊ မေမေ ညနေ ၄ နာရီ ချိန်းလိုက်တယ်"

"ဟုတ်ကဲ့ မေမေ၊ သား သွားလိုက်ပါ့မယ်"

မော်ဘီက မေမေ့ခြံက အကျယ်ကြီးပါ၊ သို့သော် သူကလည်း စိုက်တာပျိုးတာ ဝါသနာမပါသူမို့ နှစ်ပေါင်းများစွာ ခြံစောင့်နှင့်ပစ်ထားခဲ့ရာမှ ယခု ခြံမြေဈေးများ တစ်ရှိန်ထိုးတက်ကာ အဝယ်လိုက်လာသောကြောင့် မေမေက ရောင်းပစ်ရန် သူနှင့်တိုင်ပင်ခဲ့သည်။ သူကလည်း သဘောတူခေါင်းညိတ်ခဲ့သဖြင့် မေမေက အကျိုးဆောင် အပ်ခဲ့ပါသည်။

ထိုနေ့က အာကာနှင့် ဖိုးတာတို့က သူတို့လည်း မော်ဘီခြံကို လိုက်ခဲ့မည်ဟုဆိုကာ သူတို့ကားများကို တာရာ့ကုမ္ပဏီရှေ့ ရပ်ထားခဲ့ပြီး တာရာ့ကားနှင့်လိုက်လာကြသည်။ သူတို့သုံးယောက် တစ်ခါတလေ ပျင်းလျှင်လည်း မော်ဘီခြံကို သွားပြီးလည်ပတ်နေကျမို့ ခြံစောင့်လင်မယားနှင့်လည်း ရင်းနှီးခင်မင်နေကြပြီဖြစ်သည်။

သူတို့ မော်ဘီခြံရောက်တော့ အကျိုးဆောင်လုပ်ငန်းမှ အမျိုးသမီးနှစ်ဦးက ရောက်နှင့်နေကြပြီ။ တာရာတို့ ကားလေး ဝင်လာတာမြင်တော့ ခြံစောင့်လင်မယားနှစ်ယောက် ထွက်လာကြိုသည်။

အိမ်ရှေ့ကွပ်ပျစ်လေးမှာ ထိုင်နေသော အမျိုးသမီးနှစ်ဦးအနက် တစ်ဦးမှာ အဆိုတော်စက်ပြင်မလေး ဖြစ်လို့နေသဖြင့် အာကာနှင့် ပြဿနာထပ်တက်လေမလား စိုးရိမ်သွားမိသည်။

အာကာကို အကဲခတ်တော့ မှတ်မိပုံမရပါ။ သို့မှသာ တာရာတစ်ယောက် သက်ပြင်းမောကို ခိုးချရသည်။

"ဟော့ကောင် တာရာ၊ ငါ့ထဲ အကျိုးဆောင်လုပ်ငန်း အပ်ရင် ကောင်း မယ်ထင်တယ်"

အာကာရဲ့ စပ်ဖြဲဖြဲအပြော ဖိုးတာက အသောဝင်ဖောက်သည်၊

"မင်းလဲ မင်းမိန်းမကြီးကို ဈေးချပြီး ရောင်းပစ်မလို့လား"

"ရှူးတိုးတိုး. . ဒီလိုနေရာ ဒါတွေ မပြောရဘူး၊ ဟော့ကောင် တာရာ မင်းအကျိုးဆောင်မလေးတွေနဲ့ ကို မိတ်ဆက်ပေးဦးနော်"

"ဟော့ကောင်တွေ၊ တည်တည် တံ့တံ့ နေကြစမ်းကွာ"

သူတို့သုံးယောက် ကွပ်ပျစ် ရောက်တော့ ကောင်မလေးနှင့် အ သမီး သက်လတ်အရွယ်လောက် ထဖို့ဟာန်ရေးပြင်သည်။

တာရာက. . .

"ဆောရီးပါနော်၊ ကျွန်တော် နည်းနည်းနောက်ကျသွားတယ်"

"နည်းနည်းလေး ဟုတ်လား အစ်ကိုတို့ နောက်ကျတာ တစ်နာ မိနစ်နှစ်ဆယ် ကြာတယ်၊ ဒီအချိန် လေးဟာ ဘာမှမပြောပလောက်ဘူး ထင်ထားတာလား"

ကျွန်တော့်ကို လေအေးအေး ပြန်ပြောလိုက်တဲ့ အဆိုတော်စက်ပြင် အကျိုးဆောင်မလေးကို ရုတ်တရ ဘာပြန်ပြောရမည်မသိ ဖြစ်သွားစဉ် ဖိုးတာက ဝင်၍ . . .

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ လုပ်ငန်းရှင်တွေပါ၊ အချိန်ကို တို့ တန်ဖိုးထားတတ်ပါတယ်၊ ဒီက ညီမ အစ်ကိုကပဲ ကြားကထပ်ပြီး တောင်းပ ပါတယ်"

ဖိုးတာရဲ့ အပြောကို ကျေနပ် တယ်လည်း မပြောဘဲ သူ့လက်ထဲ ကင်မရာလေးကိုင်ပြီး သူ့ကို ကြည့်တ ခွင့်တောင်းသံဖြင့်. . .





www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ကျွန်မ ဓာတ်ပုံရိုက်တော့မယ်နော်"

ပြောပြောဆိုဆို ထွက်သွားတဲ့ သူမ ခြေလှမ်းက မာန်ပါလှသည်။ ဘေးကအဖော်ပါလာတဲ့ အမျိုးသမီးက အားတုံ့အားနာဖြင့် . . .

"တောင်းပန်ပါတယ်နော်၊ သူက လေ. . ဒီလိုပဲ. . ဟို. . ."

"ရပါတယ် အစ်မ၊ ကိစ္စမရှိပါဘူးဗျာ၊ အစ်မတို့ လုပ်စရာရှိတာသာ လုပ်ကြပါ"

သူတို့သုံးယောက် ကွပ်ပျစ်မှာ ထိုင်နေကြစဉ် သူမက ခြံကို ရှုထောင့်မျိုးစုံ ဓာတ်ပုံရိုက်နေသည်။ ဒီအချိန်မှာ အာကာ့စကားကြောင့် တာရာ့ရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။

"ကောင်မလေးက တော်တော် တော့ လှတယ်နော်၊ ငါ့စိတ်ထဲမှာ သူ့ကို မြင်ဖူးနေသလိုပဲ"

"ဟေ့ကောင် အာကာ၊ အပိုတွေ လုပ်မနေနဲ့၊ မင်းရဲ့မာယာတွေ ရိုးနေပြီ နော်၊ ဪ, တာရာ၊ ငါတို့နဲ့ နာမည် လေး ဘာလေး သိရအောင် မိတ်ဆက် ပေးဦးလေကွာ"

ဖိုးတာပြောမှ သူလည်း သတိရသည်။ ဟုတ်သားပဲ၊ အခုထိ ဒီကောင်လေး နာမည်ကို သူတို့မသိသေးပါ။ ဘီယာဆိုင်မှာတုန်းကလည်း သတိထားမိခဲ့။ သူမလေး နာမည် ဘယ်သူ ပါလိမ့်၊ တွေးရင်း သူမဆီ မသိမသာ လှမ်းကြည့်တော့ အမျိုးသမီးကို သူမက စကားပြောနေတာကို မြင်ရသည်။ သူတို့ဘာတွေ ပြောနေကြသည် မသိ ပေမယ့် သူမ စကားပြောနေပုံကတော့ အတော်လေးကို ကြည့်၍ကောင်းနေပါ သည်။

ထိုနေ့က ကုမ္ပဏီကို ရောက် တော့ ည ၇ နာရီခန့် ရှိပြီဖြစ်သည်။ ဆရာတစ်ယောက် လျှို့ဝှက်အကြံ အစည် ရှိနေသောကြောင့် ဟိုနှစ် ယောက်ကို အမေက စောစောပြန်လာ ခဲ့ မှာလိုက်၍ ဒီနေ့တော့ ဘီယာဆိုင် မထိုင်ဘဲ ပြန်ကြရအောင်ဟု ပ,ထုတ် လိုက်သည်။

ပြီးတော့ သူ့ရဲ့ကားလေးသည် ကောင်မလေး၏ဘီယာဆိုင်ကို ဦးတည် သွားနေပါတော့သည်။

သူ ဆိုင်ထဲဝင်တော့ ဟိုတစ်ခါ ဝိတ်တာလေးက သူ့ကို. . .

"ဟာ. . ဆရာပါလား၊ ဟိုဆရာ တို့ကော မပါဘူးလား"

"အေး. . မပါဘူးကွ"

ထိုင်ဖူးတဲ့ ထောင့်ခုံလေးမှာပဲ ဝင်ထိုင်ကာ ဘီယာတစ်ခွက်ကို ဇိမ်ဆွဲ သောက်ရင်း ကောင်မလေး အလှည့်ကို စောင့်နေမိသည်။ ဒီလိုနှင့် လေးငါး ယောက်ဆိုအပြီးမှာ တာရာ မျှော်နေမိ သော ကောင်မလေးသည် ခင်မောင်တိုး ၏ပန်းချစ်သူ သီချင်းဖြင့် သူ့နှလုံးသား ကို တံခါးလာခေါက်နေပြီဟု သူ ခံစား မိသည်။

"အဲဒီကောင်မလေး နာမည် ဘယ်လိုခေါ်သလဲကွ"

"သံစဉ်ချိုတဲ့ ဆရာ၊ ပန်းကုံးချ မလို့လား၊ ဒါပေမယ့် သူက. . ."

"ငါ သိပါတယ်ကွာ"

သူ ဘီယာနှစ်ခွက် ကုန်တော့ ထထွက်လာခဲ့သည်။ ကားပေါ်တက်၍ စက်နှိုးတော့ ကားက တုတ်တုတ်မလှုပ်၊ သူ ချွေးပြန်သွားသည်။ အရှက်တော့ကွဲ ပြီ။ သူက ကားသာမောင်းတတ်ပြီး ကား ဘီးပင် မလဲတတ်။ ဝိတ်တာလေးများက ဝိုင်းကူနှိုးတော့လည်း မနိုးပေ။

"ကား. . ဘာဖြစ်သွားလို့လဲ"

အသံအေးအေးနှင့် မေးလာသူ ကြောင့် တာရာ့ရင်တွေ အခုန်မြန်ကုန် သည်။

ဂျင်းဘောင်းဘီအရှည်နှင့် စပို့ ရှပ်အစိမ်းရင့်ရောင်ပြောင်လေးနှင့် ည မီးရောင်အောက်က သူမအလှကြောင့် ရုတ်တရက် ဆွံ့အသွားသည်။

"ဘောနက်အဖုံး ဖွင့်လိုက်လေ"

သူ ယောင်နနနှင့် ကားဘော နက်. . ဖုံးကို ဖွင့်ပေးလိုက်တော့ အသင့် ယူလာတဲ့ ဓာတ်မီးနှင့်ထိုးပြီး သူမ ကား ကို ကလိနေပါသည်။

ငါးမိနစ်လောက်ကြာတော့. .

"အစ်ကို နှိုးကြည့်ပါဦး"

သူ ကားသော့ကို လှည့်ပြီး စက် နှိုးလိုက်တော့ ကားက ခုနက သူမဟုတ် သလို ဝူးခနဲ နိုးသွားသည်။ သူလည်း ဝမ်းသာအားရဖြင့်. . .

"ရပြီ ရပြီ"

သူ့ကားနားကို လာရပ်သော ကောင်မလေးကို သူ ဘာဆက်ပြောရ မည်မသိဘဲ ကြောင်ပြီးကြည့်နေမိသည်။ ကောင်မလေးက ပြုံးစစနှင့် သူ့ကိုကြည့် ကာ . . .

"ကဲ. . ကားတော့ ကောင်းသွား ပြီ၊ ကားပြင်ခ ပေးလေ"

"ဪ, ဟုတ်ကဲ့၊ အဲ. . ဘယ် လောက်ပေးရမလဲ"

"နောက်ထပ် ငါးည ဆက်တိုက် ဒီဆိုင်မှာ ဘီယာလာသောက်လေ၊ အဲဒါ ကားပြင်ခပဲ"

"သံစဉ်ချိုနော်၊ ဟိုတလောက ဝပ်ရှော့မှာတွေ့တာ မင်း မဟုတ်လား၊ တို့ကားကို လေလာထိုးတာလေ"

"ဟုတ်တယ်လေ"

"တို့ကို မမှတ်မိဘူးလား"

"မှတ်မိပါတယ်၊ ဒါပေမယ့် သံစဉ်က သူများကို စပြီး နှုတ်ဆက်လေ့ မရှိဘူး"



www.burmeseclassic.com

“ဒီနေ့ မှော်ဘီခြံထဲမှာ တွေ့တော့ကော”

“မှတ်မိပါတယ်၊ တော်သေးတယ်နော်၊ ဟိုလူကြီးက သံစဉ်ကို မမှတ်မိလို့”

“သံစဉ်က ကြောက်လို့လား”

“မကြောက်ပါဘူး၊ ဒါပေမယ့် စကားများများ မပြောချင်လို့”

“အစ်ကိုနာမည်က တာရာမင်းနောင်ပါ”

“ဟုတ်ကဲ့၊ မောင်းတော့လေ၊ သံစဉ်လဲ အထဲဝင်တော့မယ်”

“ဒါနဲ့ ကားဝပ်ရှော့မှာ မတွေ့တော့ဘူးနော်”

“ဟုတ်တယ်၊ သင်တန်းတစ်ခု တက်နေလို့ တစ်ပတ် နှစ်ရက်လောက်ပဲ လာဖြစ်တယ်”

“ဘယ်နေ့တွေလဲ”

“ဒါ လျှို့ဝှက်ချက်ပဲ”

ကြော်ငြာထဲကလို ပြောပြီး ဆိုင်ထဲကို ပြန်လှည့်ဝင်သွားတဲ့ သူမကို သူ လိုက်ကြည့်လိုက်ပြီး ပြုံးလိုက်မိသည်။

မိန်းကလေးများနှင့် ပတ်သက်လာလျှင် သူမနှင့်တွေ့မှ သူ ပြုံးတတ်နေခဲ့တာ အတော်များနေပြီ ထင်သည်။ သူ့ဘာသာ တစ်ယောက်တည်း ပြုံးမိနေ



ရင်းမှ ဘေးက ဝိတ်တာကောင်လေးကို သတိရပြီး သူ ရှက်သွားသည်။

ကား ဝိုင်းတွန်းပေးကြသော ကောင်လေးများကို မုန့်ဖိုးထုတ်ပေးပြီး ကားလေးကို မောင်းထွက်ခဲ့သည်။ အပြန်လမ်းမှာ သူပျော်နေမိသည်။ ဆိုင်ရှေ့မှာ ကားစပျက်တော့ ရှက်ပြီး ကားကို ကျိတ်ပြီး ကြိမ်ဆဲနေမိခဲ့ပေမယ့် အခုတော့ ဒီကားလေးကြောင့် သံစဉ်ချိုနှင့် သူ ရင်းနှီးခွင့်ရခဲ့ပြီ။

“ဟော့ကောင် တာရာ၊ မင်းကလဲ ကွာ. . ဘာတွေ နောက်ဆံငင်နေသလဲ၊ နာရီတကြည့်ကြည့်နဲ့”

ကောင်မလေး နှစ်ယောက်နှင့် အဆင်ပြေ တွတ်ထိုးနေကြသော အာကာနှင့် ဖိုးတာ သူ့ကို သတိထားမိသွားပုံရသည်။ သူကလည်း သူပင်၊ လုံးဝ သူတို့ပြောစကားများကို အာရုံဝင်စားလို့ မရနိုင်။ သူ့စိတ်တွေ တစ်စုံတစ်ယောက်က စိုးမိုးလွှမ်းနေတာတော့ အမှန်ပင်ဖြစ်ပါသည်။

“မဟုတ်ပါဘူးကွာ၊ ဒီလိုပဲ ဘာရယ်မဟုတ် နာရီကို ကြည့်မိတာပါ”

“ဟော့, အပိုတွေ မပြောနဲ့၊ ဘာရယ်မဟုတ်ဘဲ မင်း နာရီကို နာရီဝက်အတွင်း အကြိမ်နှစ်ဆယ်လောက် ကြည့်မှာမဟုတ်ဘူး၊ ပြောစမ်း မင်း ငါတို့ကို ကျော်ပြီး ဘာတွေ ဇယားခင်းနေတာလဲ”

“ဟား. . ဟား. . ငါက ဘာ ဇယားခင်းရမှာလဲ”

“အေး, မင်း ဘူးခံငြင်းဦးပေါ့ကွာ၊ လက်ဆုပ်လက်ကိုင် မမိသေး သရွေ့တော့ နေဦးပေါ့”

ဒီနှစ်ကောင်က သူ့လို မဟုတ်၊ ပါးတာမှ လျှပ်နေသည်။ သေချာသည်၊ ဒီကောင်တွေ သူ့ကို အလစ်မပေးဘဲ စောင့်ကြည့်နေတော့မှာ။ သံစဉ်ချိုရှိရာ ဆိုင်ကို သူ နှစ်ရက် ဒီကောင်တွေ မသိအောင် အလစ်ထွက်ခဲ့သည်။ ထုံးစံအတိုင်း ပန်းကုံးပေးခဲ့ပေမယ့် Thank You ဆိုတဲ့ စာလေးကလွဲပြီး တွေ့ခွင့် မရခဲ့ပါ။ ကားကို ပျက်ပါစေ ဆုတောင်းတော့လည်း ဘသားချောက အခုမှ ကျန်းမာရေးတွေ ဇွတ်ကောင်းပြနေပါသည်။ ဝပ်ရှော့နားက ဖြတ်တိုင်းလည်း မတွေ့ရနှင့်မို့ သူ တော်တော်လေးကို အနေရခက်နေပါတော့သည်။

သူမလေးရဲ့ ဒါလျှို့ဝှက်ချက်ပဲ ဆိုတဲ့ ဟန်ကလေးက မျက်လုံးထဲ တဝဲလည်လည်၊ မိန်းကလေးတစ်ယောက်ကို ပထမဦးဆုံးအကြိမ် သတိရတမ်းတမိခြင်းပင်။

ဒါကို အချစ်ဟု ကင်ပွန်းတပ်မည်ဆိုလျှင်တော့ သေချာပါသည်၊ တာရာ သံစဉ်ချိုဆိုတဲ့ ကောင်မလေးကို ချစ်မိသွားပြီပေါ့။ ဟိုနှစ်ကောင်ကို လန့်သည့်စိတ်နှင့် ထိုညက သူ သံစဉ်ချိုတို့ဆိုင်ကို မရောက်ဖြစ်ခဲ့ပါ။

သံစဉ်ချိုဆီ မရောက်တာ နှစ်ရက်ရှိသွားခဲ့ပြီ။ သူ့ရင်ထဲက အလွမ်းများက တနင့်တပိုး။ သူမလေးကကော သူ့ကို သူ့လိုပဲ လွမ်းနေလေမလား၊ အလုပ်လုပ်နေတော့လည်း စိတ်ကမပါ၊ ဒီအချိန် မေမေ ဖုန်းဆက်လာပါသည်၊

“သားရေ မေမေ့မိတ်ဆွေတစ်ယောက် မနက်ဖြန် နိုင်ငံခြားသွားမှာမို့ လက်ဆောင်ပေးရအောင် ခြင်းတစ်ခြင်း လောက်သွားဝယ်ပေးခဲ့စမ်းပါကွယ်နော်”

“ဟုတ်ကဲ့ မေမေ၊ သား ဝယ်ခဲ့ပါ့မယ်”

“သား ဝယ်ခဲ့ပါ့မယ် မလုပ်နဲ့၊ အခု သွားဝယ်ပြီး မောင်ထွေးကို ပြန်ပို့ခိုင်းလိုက်၊ မေမေ ဒီညနေကို သွားတွေ့မှာ”

“ဟုတ်ကဲ့ ကောင်းပါပြီ မေမေ”

သူ မောင်ထွေးကို ခေါ်ပြီး ချက်ချင်းထွက်လာခဲ့ရတော့သည်။ အပြင်မှာ နေက ချစ်ချစ်တောက်နေအောင် ပူလှသည်မို့ လက်ဆောင်ခြင်းဝယ်ပြီး သူ ကော်ဖီဆိုင်ထဲ လှမ်းဝင်လိုက်တော့ တာရာ့ရင်ထဲမှာ လမင်းတစ်ရာ သာသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကော်ဖီဆိုင်ထဲမှာ လက်ပ်တော့တစ်လုံးနှင့် သဲကြီးမဲကြီး အလုပ်ရှုပ်နေပါသော သံစဉ်ချို။ သူ ကော်ဖီအေးတစ်ခွက်ယူပြီး သံစဉ်ချိုနောက်ကနေအသာလေးသွားချောင်းမိသည်။ သူ့ အထင်က ဂိမ်းပဲ ကစားနေလား၊ ဒါမှမဟုတ် အီးလ်မေး၊ ဂျီမေးလ်များဖြင့် အလုပ်ရှုပ်နေသလားလို့။ ဒါပေမယ့် သူ့အထင် ပါစင်အောင်လွဲပါသည်။ သူမက မြန်မာစာလုံးများ စာရိုက်နေခြင်း ဖြစ်ပါသည်။

"သံစဉ်. . ."

"ဟင်၊ ဪ. . ကိုတာရာ၊ တစ်ယောက်တည်းလား"

"မဟုတ်ဘူးဗျ၊ ကျွန်တော့် တပည့်လေးပါတယ်၊ သံစဉ်ကော ကော်ဖီလာသောက်တာလား"

"အင်း. . . ဆိုပါတော့"

သူ့ကို ပြန်သာပြောနေသည်။ သူမလက်ချောင်းများက လှုပ်ရှားနေဆဲ။ မျက်လုံးက လက်တော့ပ်ကနေ မခွာပါ။ သူ နည်းနည်းတော့ ကွဲပြီးတိုသွားရသည်။ ဒီကတော့ ဝမ်းသာအားရ၊ သူက တော့ စာတောင်အရိုက်မပျက်။

"ဟေ့ကောင် မောင်ထွေး၊ မင်း ခြင်းကို အမေ့ဆီသွားပို့၊ ပြီးရင် ငါ့ကို ဒီဝင်ခေါ်၊ ငါ ဒီက စောင့်နေမယ်"

"ဟုတ်ကဲ့ ဆရာ"

မောင်ထွေးကို မဆီမဆိုင် လှည့်ပြောတော့ မောင်ထွေးမှာ ကော်ဖီကို ကမန်းကတန်း မော့ပြီး ခြင်းဆွဲကာ ထွက်သွားပါတော့သည်။ ဒီအချိန်မှာပဲ သံစဉ်ချိုက သူမ စာရိုက်လက်စသတ်ကာ လက်တော့ပ်ပိတ်ပြီး သူ့ကို မော့ကြည့်လာပါသည်။ ဒီမျက်ဝန်းကို လွမ်းခဲ့ရတာ သေလုနီးပါး၊ သင်းကလေးကတော့ အေးဆေးတည်ငြိမ်စွာပင်။

"ကိုတာရာ ဈေးလာဝယ်တာလား"

"ဟုတ်တယ်၊ သံစဉ်ရော"

"သံစဉ်ကလား၊ အဟဲ. . ပူလို့ အဲယားကွန်းခန်းထဲမှာ ကော်ဖီလာသောက်ရင်း အလုပ်လာလုပ်တာ"

"ဒါန ခုနက ဘာတွေရိုက်နေတာလဲ"

"ဝတ္ထုရေးနေတာလေ"

"ဟင်၊ သံစဉ်က ဝတ္ထုလဲ ရေးတယ်ဟုတ်လား"

"အင်း၊ ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"သံစဉ်ရဲ့ အဓိကလုပ်ငန်းက ဘာလဲ၊ ကျွန်တော် သံစဉ်ကို ကားဝပ်ရှော့မှာလဲ တွေ့တယ်၊ အိမ်ခြံမြေအကျိုးဆောင်မှာလဲတွေ့တယ်၊ ဟော၊ အခု ဝတ္ထုလဲရေးတယ်ဆိုတော့ ပိုက်ဆံတွေထားစရာနေရာကော ရှိသေးရဲ့လား၊ ကျွန်တော်ကတော့ ဆောက်လုပ်ရေးကုမ္ပဏီ ထောင်ထားတယ်"

"အဲဒီ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုတည်းလုပ်ရတာ မငြီးငွေ့ဘူးလား"

"အင်း၊ ဟုတ်တော့ ဟုတ်တယ်၊ တစ်ခါတလေ ငြီးငွေ့မိတာ အမှန်ပဲ"

"သံစဉ်က အလုပ်တွေ အမြဲတမ်းလုပ်နေရတာကို သဘောကျတယ်လေ၊ ပြီးတော့ အချိန်တိုင်းမှာ အတတ်ပညာတွေ တစ်ခုပြီးတစ်ခု မရိုးရအောင် သင်ယူချင်တာလဲ သံစဉ်ရဲ့ ဝါသနာပဲ၊ ပြီးတော့ တတ်ပြီးတဲ့ အတတ်ပညာတိုင်းကိုလဲ အကျိုးရှိအောင် ပြန်အသုံးချရမယ်၊ အကျိုးအမြတ်ရှိမှ ကိုယ်သင်ထားတဲ့အတတ်ပညာက တန်ဖိုးရှိမှာပေါ့၊ ကားဝပ်ရှော့က ဦးလေးပိုင်တာလေ၊ သံစဉ် ဆယ့်လေးနှစ်သမီးလောက်ကတည်းက ကားပြင်တာကို သင်ခဲ့တာ၊ သုံးနှစ်လောက် သင်ခဲ့ရတယ်၊ အခုဆို သံစဉ် အလုပ်အားတာနဲ့ ဝပ်ရှော့ရောက်ပြီ၊ ကားပြင်ရင် ဦးလေးက သံစဉ်ကို ပိုက်ဆံရှင်းပေးတယ်"

"အကျိုးဆောင် အလုပ်ကရော"

"အဲဒါက အမေ့သူငယ်ချင်းလေ၊ သွားရင်းလာရင်း ရောင်းချင်ဝယ်ချင်တဲ့ လူတွေနဲ့တွေ့ရင် သံစဉ်က လှမ်းချိတ်ပေးလိုက်တာပဲလေ၊ အဲဒီလို ချိတ်ပေးလိုက်လို့ အရောင်းအဝယ်ဖြစ်သွားရင် သံစဉ့်ကို ကော်မရှင်ပေးတယ်"

"အင်း၊ သံစဉ့်ကိုတော့ ကျွန်တော် တကယ်ချီးကျူးပါတယ်၊ ဒါနဲ့ဝတ္ထုရေးတာကော အောင်မြင်နေပြီလား"

"ဝတ္ထုကို သံစဉ်က အရှည်ကြီး မရေးနိုင်ဘူး၊ ဝတ္ထုတိုပေါ့၊ ရေးပြီး မဂ္ဂဇင်းတွေလဲ ပို့တယ်၊ အပယ်ခံရတာတွေလဲရှိတယ်၊ နောက် ကာတွန်းဆရာတွေကိုလဲ ရောင်းတယ်"

"ဪ"

"ဒါနဲ့ သံစဉ် သွားစရာလေးရှိလို့ သွားလိုက်ဦးမယ်နော်"

"ဘယ်ကိုသွားမှာလဲ၊ ဒီလောက် နေပူနေတာ ကျွန်တော် လိုက်ပို့မယ်လေ"

"Thank You၊ ဒါပေမယ့် သံစဉ် ဘယ်သူ့ကိုယ်ပိုင်ကားနဲ့မှ လိုက်မစီးတတ်ဘူး"

သံစဉ်ချိုသည် တာရာ မြင်ဖူးခဲ့သော အဆိုတော်မလေးများနှင့် လုံးဝမတူဘဲ အဆန်းကျင်ကြီးကို ဆန့်ကျင်နေပါသည်။ အာကာတို့ ဖိုးတာတို့နဲ့ အမြဲတွဲထိုင်လေ့ရှိသော ကောင်မလေးများသည် ဖုန်းနံပါတ်တွေ တောင်းကြသည်။ မိုးချုပ်တာနှင့် ဆိုင်ကိုလာခဲ့ဖို့ တကျီကျီ လှမ်းခေါ်လေ့ရှိသည်။

ပြီးတော့ နေ့ခင်းဘက်တွေမှာလည်း အပြင်ကိုချိန်းပြီး မုန့်ဝယ်ကျွေးခိုင်း၊ အကျီဝယ်ခိုင်းနှင့် တွေ့လိုက်ရင်လည်း စကားပြောရင် ခရာတာတာ ညှတုတုနှင့်မို့ တာရာ လုံးဝကြည့်လို့မရခဲ့ပါ။ သို့သော် ဒါကိုပင် အာကာနှင့်ဖိုးတာတို့က သဘောတွေကျနေကြသည်မို့ သူငယ်ချင်းများကို ဘာမှမပြောခဲ့ပါ။

သံစဉ်ချိုကတော့ ဒီလိုမျိုးတွေ လုံးဝမလုပ်ပါ။ သူ့ဖုန်းနံပါတ်တောင်းဖို့ ဝေးလို့ သူ့နာမည်တောင် သူက ဖွင့်ပြောပြရသူမို့ တာရာ့အနေနှင့် သဘောကျမိသည်။ ပြီးတော့ အားလပ်သည့်အချိန်တိုင်းကိုလည်း အကျိုးရှိစွာ အမြဲတမ်း အသုံးချတတ်တာကိုလည်း လေးစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com

နေ့ဘက် တွေ့ချိန်မှာရော၊ ညဘက်သီချင်းဆိုနေတဲ့ အချိန်များမှာပါ ဂျင်းဘောင်းဘီရှည်၊ တီရှပ်၊ စပို့ရှပ်၊ ရှပ်အင်္ကျီများကို လုံခြုံစွာ ဝတ်ဆင်တတ်တာကလဲ တခြားကောင်မလေးများနှင့် လုံးဝကို ဆန့်ကျင်နေပါသည်။

ဒီကောင်မလေး အကြောင်းတွေ တာရာ့အတွေးထဲ အမြဲလိုပင် ရောက်နေတတ်ခဲ့ပြီ။ သူမလေးရဲ့ ခပ်အေးအေး စကားပြောပုံတွေ၊ မျက်ခုံးမျက်လုံးနက်နက်လေးတွေ၊ ပြီးတော့ ဖွေးနုနေတဲ့ အသားနဲ့ ဖူးဥနေတဲ့ မျက်နှာလေးနဲ့ မလိုက်စွာ လမ်းလျှောက်လျှင် ဆတ်တောက်ဆတ်တောက်နှင့်အမြန်လျှောက်တတ်ပုံလေးတွေ ဒါတွေအားလုံးက နှလုံးသားမှာ အလိုလိုမိတ္တူပွားပြီး ကြည့်လေရာရာ သူ့ပုံလွှာတွေချည်းပဲ စိုးမိုးနေပြန်တော့ မခက်ပါလား။ ဖျောက်ဖျက်ပစ်လည်း ခဏ၊ မောင်းထုတ်လည်းခဏ ဆိုသလို အလိုလိုဝင်လာတဲ့ သူမကို တာရာ မတားလိုတော့ပါ။မတားလိုတာ မဟုတ်ပါ၊ မတားနိုင်ခြင်း ဖြစ်ပါသည်။

တစ်နေ့သော မနက်ခင်းမှာ တာရာတစ်ယောက် ဖိုးတာနှင့်အတူ ဆောက်လုပ်ရေး မြေနေရာ လျာထားသော မြေကွက်သွားကြည့်ပြီး အပြန် ထောက်ကြန့် မြို့ရှောင်လမ်းမကြီးကို ဖြတ်မောင်းလာခဲ့သည်။ ဒီအချိန်မှာပဲ လမ်းဘေးသချိုင်းလေးက ဖြည်းလေးစွာ တက်လာတဲ့ အရိပ်ကလေးကို လှစ်ခနဲ လှမ်းအတွေ့ တာရာ့ခြေထောက်က အလိုလို ဘရိတ်နင်းပြီးဖြစ်သွားရသည်။

"ကွိ"

"ဟဲ့၊ ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ ဟေ့ကောင်"

"ဩော်၊ ငါ အသိတစ်ယောက် လှမ်းတွေ့လိုက်လို့ကွ"

"ဟိုမှာလေ အနောက်မှာ"

တာရာတို့ ကားလေးဘက်သို့ လေးကန်နေသော ခြေလှမ်းများဖြင့် ခေါင်းငုံ့လျှောက်နေတဲ့ သူမကို ဖိုးတာ နောက်လှည့်ကြည့်ပြီး ချက်ချင်းမှတ်မိသွားသည်။

"အဲဒါ အကျိုးဆောင်က ကောင်မလေး မဟုတ်လား၊ ဒီလမ်းက လိုင်းကား ရှိတာ မဟုတ်ဘူး၊ လမ်းကြုံခေါ်တင်လိုက်လေ၊ ဟဲဟဲ"

သံစဉ်အကြောင်းကို သိပြီးသားသူက ခေါ်လည်း လိုက်မှာ မဟုတ်တာကို သိနှင့်လို့နေပြီး ဖြစ်သည်။

သူ နားမလည်တာက ဒီမြို့ပြင်သချိုင်းမှာ ဒီလိုမနက်ခင်း ဘာလာလုပ်ပါလိမ့်၊ ဒီအချိန်မှာ သူ့ကားလေးဘေးက ဖြတ်လာသည့် သူ့ကို မြင်ပုံမရ။

"သံစဉ်"

"ဟင်. . ကိုတာရာ"

ခေါ်လိုက်ပြီးမှ သူ အလွန်အားနာသွားပါသည်။ အဘယ်ကြောင့်ဆိုသော် သူမလေးရဲ့မျက်ဝန်းမှာ မျက်ရည်စတို့ မခြောက်သေး။ ဖြူသော မျက်နှာပေါ် နှာသီးဖျားလေးမှာ ရဲနေပါသည်။ သူမ ငိုထားတာပဲ၊ ဒီလိုအခြေအနေမှာ သူ မနှုတ်ဆက်သင့်ပါ။ သို့သော် အသိကား နောက်ကျသွားပါပြီ။

သူ ကားတံခါးကိုဖွင့်ပြီး အလိုလို အောက်ရောက်သွားပါတော့သည်။ ဘာဖြစ်လာမှန်းလဲ မသိဘဲ သူ ဘယ်လို နှစ်သိမ့်ပေးရမည်မသိစွာ သူမ မျက်နှာလေးကို ကရုဏာသက်စွာ ငေးကြည့်နေမိသည်။

သူမကလည်း သူ့ကိုဟန်ဆောင်ပြုံး၊ အားနာပြုံးလေးပင် ပြုံးမပြနိုင်ရှာဘဲ တွေငေးစွာ ပြန်ကြည့်နေပါသည်။

"သံစဉ် ကျွန်တော် ဘာကူညီပေးရမလဲ ဟင်"

"ကျေးဇူးတင်ပါတယ် ကိုတာရာ၊ ဒီနေ့ဟာ မေမေဆုံးတာ (၁၂)နှစ်ပြည့်လို့ မေမေ့အုတ်ဂူကို လာကန်တော့ရင်း မေမေ့ကို သတိရလို့ ငိုခဲ့မိတာပါ၊ တခြားဘာကိစ္စမှ မရှိပါဘူး"

"ဩော်. ."

"သံစဉ်ကို ခွင့်ပြုပါဦးနော်"

"ဟုတ်ကဲ့၊ ဩော်၊ ဒါနဲ့လေ. . အင်း. . ဘာမှ မဟုတ်တော့ပါဘူး"

သံစဉ်ချိုက သူ ဘာကိုပြောလိုမှန်း နားလည်စွာ အပြုံးယဲ့ယဲ့တစ်ခုပြုံးပြီး ခေါင်းညိတ် နှုတ်ဆက်ကာ ထွက်သွားပါတော့သည်။

ထွက်သွားတဲ့ ကျောပြင်လေးကို ရပ်ငေးနေမိရင်း ရင်မှာ ကရုဏာက တိုး၍လာကာ ကားပေါ်ပြန်တက်လိုက်ပေမယ့် သူ ချက်ချင်းမထွက်ဖြစ်ပါ။ နံဘေးက ဖိုးတာကလည်း သူ့ကိုအကဲခတ်ကာ ငြိမ်နေပါသည်။

တရွေ့ရွေ့သွားနေတဲ့ သူမကို ကားပေါ်ကနေ မမှိတ်မသုန် ကြည့်နေမိသည်။

သူ့ရင်ဘတ်တွေက မခံနိုင်တော့ပါ။ နံဘေးက ဖိုးတာကို သူ လှည့်ကြည့်လိုက်တော့ ဖိုးတာက တည်ငြိမ်စွာ. .

"မင်း. . ငါ့ကို ရင်ဖွင့်ချင်ရင် ဖွင့်လို့ရတယ် တာရာ၊ မင်းရဲ့မျက်လုံးထဲက တနင့်တပိုး သယ်ဆောင်ထားတဲ့ ခံစားချက်တွေကို မင်း သက်သာသွားအောင် ငါ နားထောင်ပေးလို့ရပါတယ်"

"ငါ. . ငါ. . သူ့ကို သိပ်ချစ်နေမိပြီ ဖိုးတာ"

"အဲဒါ ငါ နားလည်ပြီးသွားပဲ မင်း ဘဝရဲ့ ပထမဆုံးရင်ခုန်သံကို မင်း အသက်သုံးဆယ်နားနီးမှ မင်းတွေ့ခဲ့ရတာလေ၊ ကောင်မလေးက အကျိုးဆောင်လုပ်ငန်း လုပ်တာဆိုတော့ မဆိုးပါဘူးကွ"

"မင်း. . သူ့ကို တကယ် မမှတ်မိဘူးလား ဖိုးတာ"

"မှတ်မိတယ်လေ၊ မော်ဘီ ခြံထဲမှာ တွေ့ခဲ့တာလေ"

"မဟုတ်ဘူးကွ၊ အဲဒီအရင်က တို့ ဆုံခဲ့ဖူးသေးတယ်"

"ဟုတ်လား၊ ဘယ်မှာ ဆုံဖူးတာလဲ"

"ငါ့ကား ဘီးပေါက်သွားတဲ့ညက တို့ ဝင်သောက်တဲ့ ဘီယာဆိုင်မှာလေကွာ"



www.burmeseclassic.com

www.burmeseclassic.com

"အင်း. ."

"အာကာ ပန်းကုံးတက်ချပြီး ဝိုင်း မလာလို့ ကွိုင်တက်တဲ့ အဆိုတော်မလေးကွာ"

"အာ. . ငါမှတ်မိပြီ၊ အင်္ဂလိပ်သီချင်းဆိုသွားတာ၊ ငါက အဝါရောင်မလေးကို အာရုံစိုက်နေမိတော့ကွာ၊ သိပ်သတိမထားလိုက်မိဘူး၊ အဲဒါ ဒီကောင်မလေးလား"

"အေး. . ဟုတ်တယ်ကွ"

"ဒါဆိုရင်တော့ မင်းဟာ ရှော့ခ်ရှိတယ်နော်၊ မင်းရဲ့အသိုင်းအဝိုင်းက ဒီလိုလောကက မိန်းကလေးမျိုးကို လက်သင့်ခံပါ့မလား။

အဓိကက မင်းမားသားကြီးက မင်းနဲ့ပတ်သက်လာရင် အရမ်းကို မျှော်လင့်ချက်ထားခဲ့တာ မင်းအသိပဲ၊ ဟိုတစ်လောက မင်းတို့ရပ်ကွက်က မိန်းမတစ်ယောက်က ကျောင်းဆရာမနဲ့ လာစပ်တာတောင် သူ့သားနဲ့ တူသလားတန်သလားနဲ့ ပြောလွှတ်ခဲ့တာ"

"ငါလဲ သိပါတယ်ကွာ၊ ဒါကိုသိလို့ ငါအတတ်နိုင်ဆုံး ကြိုးစားပေမယ့် ငါ မတားနိုင်ဘူးကွာ"

"ဒါတော့ ငါလဲ ခန့်မှန်းမိပါတယ်ကွာ၊ မင်းမျက်ဝန်းတွေရဲ့ လေးနက်မှုကို ငါ ခံစားလို့ရပါတယ်"

"ငါ ဘာဆက်လုပ်ရမလဲ သူငယ်ချင်းရယ်"

"မင်းကို မတားရက်သလို၊ အားပေးလို့ကလဲ မဖြစ်တော့ မင်းဘာသာမင်း ဆုံးဖြတ်ပါကွာ"

ဒီနေ့မှ မိုးလင်းကတည်းက မိုးက တဖွဲဖွဲ ရွာနေလေတော့သည်။

တာရာတစ်ယောက် အလုပ်စားပါမှ ထကာ မှန်ကာထားသော နံရံမှ တစ်ဆင့် မိုးဖွဲများဝေးရင်း ကော်ဖီပူလေးကို သောက်တော့ အဲယားကွန်းအခန်းထဲမှ ကော်ဖီအေး ထိုင်သောက်တတ်သော သူမလေးကို လွမ်းမိရပြန်သည်။

သံစဉ်ချိုဆီကို မရောက်ဖြစ်တာ တစ်ပတ်လောက်ပင် ရှိရော့မည်။

သိပ်လွမ်းတာပဲ ကောင်မလေးရယ်။ ရင်မှာ တမ်းတမ်းတတ သတိရမိစိတ်က ယခု ချက်ချင်းပင် တွေ့ချင်မြင်ချင်လာမိတဲ့စိတ်က ဘယ်လိုမှ ထိန်းလို့မရတော့ပါ။ နာရီကို ငုံ့ကြည့်မိလိုက်တော့ အခုမှ နေ့လယ်တစ်နာရီပဲ ရှိသေးပါသည်။ ဒီအချိန် သူမကို ဘယ်မှာများသွားရှာရပါ့မလဲ၊ ဟုတ်ပြီ၊ ကားဝပ်ရှော့မှာများ ရှိနိုင်မလား။တာရာတစ်ယောက်နှလုံးသားအလိုကျ အချစ်ရှာပုံတော်ဖွင့်ဖို့ ဆုံးဖြတ်လိုက်တော့သည်။

စားပွဲပေါ်က ဖုန်းခလုတ်ကို နှိပ်လိုက်တော့ အတွင်းရေးမှူးမလေး အပြေးဝင်လာပါသည်။

"ဒီနေ့ ချိန်းထားတဲ့ဧည့်သည် ရှိသေးလား"

"မရှိပါဘူး ဆရာ"

"အေး. . ငါ အပြင်သွားလိုက်ဦးမယ်၊ အကြောင်းကိစ္စရှိရင် ဖုန်းခေါ်လိုက် ဟုတ်လား"

"ဟုတ်ကဲ့ ဆရာ"

မိုးရွာထဲ ကားလေးမောင်းပြီး ဝပ်ရှော့အရှေ့က ဖြတ်မောင်းတော့ အရိပ်အယောင်ပင် မတွေ့ရ။ သူရင်မောသွားရသည်။ တွေ့ချင်လွန်းလို့ လိုက်ရှာမိကာမှ ပုန်းများနေသလားကောင်မလေး။ သူ့ဖုန်းထဲက သံစဉ်ချို အလုပ်လုပ်လေ့ရှိသော အကျိုးဆောင်လုပ်ငန်းဖုန်းကို လှမ်းခေါ်လိုက်မိပြန်သည်။

"ဟဲလို°. . ရွှေစံအိမ် အကျိုးဆောင်လုပ်ငန်းကပါရှင်"

"ဪ, ကျွန်တော် သံစဉ်ချိုနဲ့ စကားပြောချင်လို့ပါ"

"ဘယ်သူ. . ."

"သံစဉ်ချိုပါ ခင်ဗျ"

"ဒီမှာတော့ အဲဒီနာမည်မျိုး မရှိဘူးရှင့်"

ပြောပြီးတာနှင့် ဂွပ်ခနဲ ဖုန်းချသွားပြီ။ သူ တော်တော် စိတ်ညစ်သွားမိသည်။ ဘယ်လိုလုပ်ရမလဲ၊ တွေ့ချင်ပါတယ်ဆိုကာမှ ဘယ်လိုမှ အစအန ရှာလို့မရ၊ ခက်တော့နေပါပြီ။

သူ စိတ်ပျက်စွာ ကားလေးကို သံစဉ်ချို့ဆိုင်ကို ဦးတည်ပြီး မောင်းခဲ့သည်။

သူ ဆိုင်ထဲဝင်လာတော့ မှတ်မိနေပြီဖြစ်သည့် ဝိတ်တာကောင်လေးက အံ့သြစွာ ပြေးလာကြိုသည်။

"ဟာ, ဆရာ၊ စောလှချေလား"

"အေးကွ၊ လမ်းကြုံတာနဲ့ ဝင်လာတာ၊ ငါ့ကို ဘီယာတစ်ခွက်နဲ့ အာလူးကြော်ပေးကွာ"

"ဟုတ်ကဲ့ ဆရာ".

တစ်ဆိုင်လုံးက မိုးအေးအေးနှင့်မို့ တိတ်ဆိတ် ငြိမ်သက်နေပါသည်။ တချို့ကောင်လေးတွေ အိပ်တောင်နေကြပါသည်။

သူထိုင်နေကျ ထောင့်စားပွဲလေးမှာ ထိုင်နေမိရင်း စင်မြင့်ထက်ကို ကြည့်မိတော့ အလွမ်းတွေက ပိုလို့တိုးလာရပြန်ပါသည်။

ခဏနေတော့ ဘီယာခွက်နှင့် အာလူးကြော်ပန်းကန်ကို လာချပေးပါသည်။

"ဟေ့. . ချာတိတ်၊ မင်းနာမည် ဘယ်လိုခေါ်သလဲကွ"

"ကျွန်တော့်နာမည် မင်းမင်းပါ ခင်ဗျ"

"လာကွာ၊ ငါနဲ့ လာထိုင်စမ်းပါ၊ ငါ ပျင်းလို့ထွက်လာတာကွ၊ ဒီနေ့ မိုးကလဲရွာနေတော့ ညတောင် ဆိုင်ကို လူဝင်နည်းမယ်နဲ့တူတယ်"

"ဟေ့ကောင် မင်းမင်း အဆိုတော်တွေက ဘယ်အချိန်လာလဲကွ"

"ဟုတ်ကဲ့၊ သူတို့က ခြောက်နာရီလောက်မှ လာကြတာ ဆရာရဲ့၊ အင်း, မချိုလေးကဆို ခုနစ်နာရီခွဲလောက်မှ လာတတ်တယ် ဆရာ"

ဝိတ်တာကောင်လေးက သူဘာကို သိလိုမှန်း အလိုက်သိစွာ ဖြေပါသည်။ နာရီကို မသိမသာ ငုံ့ကြည့်တော့ လေးနာရီပဲ ရှိသေးသည်။





www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ကွာ၊ မင်းတို့ မချိုလေးမှာ ဘဲတွေဘာတွေ ရှိသလား"

"တစ်ခါမှတော့ သူ့ကို အတွဲနဲ့ မမြင်ဖူးတာတော့ အမှန်ပဲဆရာ၊ မချိုလေးက တခြားကောင်မလေးလို မဟုတ်ဘူးဆရာရဲ့၊ ကျွန်တော်တို့ ဝိတ်တာလေးတွေနဲ့လဲသိပ်အရောမဝင်ဘူး၊ ဒါပေမယ့် ပြီးခဲ့တဲ့ အပါတ်က ကျွန်တော့်အမေ နေမကောင်းလို့ ညီမ လိုက်လာပြီး ပိုက်ဆံ တောင်းတယ်။

ကျွန်တော့်မှာလဲ ပိုက်ဆံက များများမရှိလို့ မန်နေဂျာဆီက လစာလေး ကြိုထုတ်ပေးဖို့သွားပြောတာမရဘူးလေ၊ ဘယ်ဝန်ထမ်းကိုမှ လစာကြိုမထုတ်ပေးဘူးတဲ့၊ တစ်ယောက်ကို ပေးလိုက်ရင် နောက်လူတွေကပါ လိုချင်ကြလိမ့်မယ်တဲ့၊ ကျွန်တော်ကလဲ အမေနေမကောင်းလို့ပါလို့ တောင်းပန်တာလဲ မရဘူး၊ ဒါကို မချိုလေးက အနားကနေ ဖြတ်သွားရင်းနဲ့ ကြားသွားတယ် ဆရာ၊ ကျွန်တော်လဲ စိတ်ညစ်ပြီး ကျွန်တော့်ညီမကို ရှိတဲ့ ပိုက်ဆံလေး နှစ်ထောင်ပေးပြီး ပြန်လွှတ်ဖို့ပြောနေတုန်း မချိုလေး ရောက်လာတယ်။

ပြီးတော့ ကျွန်တော့်ကို ပိုက်ဆံ တစ်သောင်း ပေးတယ်ဆရာ၊ 'မင်းရဲ့ အမေကို ဆေးကုဖို့ သူက လှူတာပါ'တဲ့၊ ကျွန်တော်လဲ အရမ်းကို အံ့ဩဝမ်းသာ မိပြီးမျက်ရည်တောင်ကျမိတယ်၊ပြီးတော့ သူက ပြောသေးတယ် ဆရာ၊ 'မိဘကို လုပ်ကျွေးတဲ့ သားသမီးဆိုတာ ဘယ်တော့မှ ဒုက္ခမရောက်ပါဘူး'တဲ့၊ 'သူ့အမေဆုံးတဲ့ နှစ်ပတ်လည်နေ့မှာ ဒီလိုမျိုးအလှူကို သူ လုပ်ခွင့်ရလို့ ကျွန်တော့်ရဲ့အမေကို ကျေးဇူးတင်ကြောင်း ပြောပေးပါ'လို့ ပြောသွားတယ် ဆရာ"

တာရာ့မျက်စိထဲမှာ အငိုမျက်ဝန်းလေးများနှင့် သူမလေးရဲ့ မျက်နှာလေးက ပေါ်လာခဲ့ပါသည်။

ပြီးတော့လည်း သူမလေးရဲ့ စိတ်ဓာတ်ကလေးကို သဘောကျမိသည်။

"သူ ဘယ်မှာနေလဲဆိုတာ မင်းသိလား"

"ဟင့်အင်း, မသိပါဘူးဆရာ"

"မင်းတို့ဆီမှာ ကားမောင်းတဲ့ ဒရိုင်ဘာတော့ သိမှာပေါ့၊ သူက အပြန်ကျရင် လိုက်ပို့တာ မဟုတ်လား"

"အား. . . ဟုတ်တယ် ဆရာ၊ ကျွန်တော် မေးပေးပါ့မယ် စိတ်ချ၊ ဒါနဲ့ ဆရာက မချိုလေးကို သဘောကျလို့လား၊ စိတ်တော့ မဆိုးနဲ့နော်၊ ဆရာ့မှာ မိန်းမတွေ ဘာတွေ. . ."

"မရှိပါဘူးကွာ၊ ငါ လူပျိုလူလွတ်ပါ"

"မချိုလေးကို ကျွန်တော်တော့ သိပ်သဘောကျတယ်ဗျ၊ ပိုက်ဆံပေးလို့ ပြောတာ မဟုတ်ဘူးနော်၊

သူက သီချင်းဆိုတာလဲ အရမ်း တော်တယ်ဗျ၊ ကျွန်တော်တို့ ဆိုင်ရှင် အစ်မဆိုရင် သူ သီချင်းဆိုရင် ထွက်ပြီးကို နားထောင်တာ၊ ဧည့်သည်တွေထဲက စီးရီးထုတ်ပေးဖို့ ကမ်းလှမ်းရင်လဲ ဝါသနာပါလို့ သီချင်းဆိုတာ၊ အောင်မြင်ကျော်ကြားဖို့ မဟုတ်ဘူးလို့ ငြင်းလိုက်ရောဗျ"

"ငါ သူ့ကို အခုတွေ့ချင်တယ်ကွာ၊ အဲဒါ မင်း ကူညီနိုင်မလား"

"အဲဒါတော့ ကျွန်တော်လဲ မတတ်နိုင်ဘူး ဆရာ၊ နေ့ခင်းဘက် သူ ဘယ်မှာ ရှိနေမယ်ဆိုတာကို ဘယ်သူမှ မသိတာ အမှန်ပဲ"

"အေးကွာ၊ ညဘက်ကျတော့လဲ သူက ဝိုင်းဆင်းမထိုင်တော့ စကား အေးအေးဆေးဆေး မပြောရဘူး၊ ငါ သူနဲ့ အေးဆေး စကားပြောချင်တယ်ကွာ၊ ဘယ်လိုလုပ်ရင် ကောင်းမလဲ ပြောပါဦး"

"ဆရာ့ကို သူလဲ မှတ်မိနေတာပဲ၊ ဆရာ့ဖုန်းနံပါတ် ရေးပေးလိုက်လေ၊ ည သူလာရင် ကျွန်တော် ပေးပေးပါ့မယ်"

"အေး, အဲဒါကောင်းတယ်၊ ဒါပေမယ့် သူက ပြန်ဆက်ပါ့မလား"

"အဟင်း, သူ ပြန်ဆက်တော့လဲ အမြတ်ပေါ့ ဆရာရယ်၊ ကျွန်တော့်အထင်ပြောရရင်တော့ သူ ဆက်မယ် မထင်ဘူး"

မင်းမင်း စကားကြောင့် သူ စိတ်ဓာတ်ကျသွားမိသည်။ သို့သော် သူ မင်းမင်းကို စာရွက်ပိုင်းလေး ပေးခဲ့မိသည်။ စာထဲမှာတော့ သူ့ဖုန်းနံပါတ်နှင့်အတူ ဖုန်းဆက်ဖြစ်အောင် ပြန်ဆက်ပေးပါ၊ အရေးကြီးကိစ္စပြောစရာရှိသည်၊ ကိုတာရာဆိုပြီး သူ ထည့်ရေးပေးခဲ့မိသည်။

ထိုနေ့ညက မိုးရွာနေသည်မို့ သူ ငယ်ချင်းချင်းလည်း မဆုံဖြစ်ခဲ့ဘဲ အိမ်ကို စောစောပြန်ခဲ့သည်။ ဘယ်အချိန် ဖုန်းလာလေမလဲဆိုပြီး ဖုန်းသံမြည်ဆိုင်း မျှော်လင့်ခဲ့ရပေမယ့် သူမလေးဆီက မဟုတ်ခဲ့ပါ။ သူ ညဥ့်တော်တော်နက်သည်အထိ အိပ်လို့မပျော်ဘဲ ဖုန်းမျှော်နေမိသည်။ နေနိုင်ရက်ပါပေ့ ကလေးမရယ်ဟု ညည်းတွားရင်းဖြင့်သာ ညဥ့် ၂ နာရီ လောက်မှ အိပ်ပျော်သွားခဲ့ရသည်။

အိပ်မက်တွေထဲမှာလည်း သူမကို ရှာဖွေနေမိဆဲ၊ ရင်မောကာ လွမ်းနေရမိဆဲပါ။

ကျွန်တော် ကားဝပ်ရှော့အရှေ့က အဖြတ်မှာ သူမအရိပ်ကို လှမ်းမြင်လိုက်တာမို့ ဘရိတ်ကို ခပ်ကြမ်းကြမ်း နင်းမိသွားရသည်။ ကျွိခနဲ ကားဘရိတ်အုပ်သံကျယ်ကြောင့် ပတ်ဝန်းကျင်က လူများနည်းတူ သူမကပါ အထိတ်တလန့် လှမ်းကြည့်လာပါတော့သည်။

ကျွန်တော် လွမ်းဆွတ်ခဲ့ရသော မျက်ဝိုင်းလေးက ဝိုင်းပြီး အံ့ဩသွားပုံရသည်။ ကားက ဝပ်ရှော့အရှေ့ အနည်းငယ်လွန်သွားတာမို့ သူ ကားကို နောက်ပြန်ဆုတ်လာခဲ့မိသည်။

"သံစဉ်"

"ကိုတာရာ ဘာဖြစ်လို့လဲဟင်"

(ရှေ့လ ဇာတ်သိမ်း)

မိုးမြင့်



www.burmeseclassic.com

www.burmeseclassic.com


# အောင်မြင်မှု နဲ့ တစ်နှစ်သက်တမ်းပြည့်




## ဆဋ္ဌမအာရုံ
မဂ္ဂဇင်း

ဆဋ္ဌမအာရုံမဂ္ဂဇင်းသည် တစ်နှစ်သက်တမ်းပြည့်ပါပြီ။

အစဉ်တစိုက်ဖတ်ရှုသော ပရိသတ်များ၏အားပေးမှုကြောင့် အောင်မြင်မှုမှတ်တိုင်ကို ည်း စိုက်ထူနိုင်ခဲ့ပါပြီ။

သို့ပါသောကြောင့် ဆဋ္ဌမအာရုံမဂ္ဂဇင်းနှင့်အတူ ဆဋ္ဌမအာရုံစာပေတိုက်မှ ဆက်လက်ပြီး သတ်အတွက် တစ်အုပ်ထက်တစ်အုပ် ပိုမိုကောင်းမွန်သောစာအုပ်များကို ထုတ်ဝေဖြန့်ချိ းမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆဋ္ဌမအာရုံစာပေတိုက်

အမှတ်(၁၇၀-၁၇၂)၊ လမ်း(၅၀) အထက်၊ ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉ ၃၀၀ ၅၀ ၁၆၀၊ ၀၉ ၇၃၁ ၇၆၆၅၀၊ ၀၉ ၃၁ ၉၀၆ ၁၀၇။
























www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com



www.burmeseclassic.com



ရေနံစိမ်း လိုအပ်မှုကြောင့် ကမ္ဘာပေါ်ရှိ တော... မြေရိုင်း တစ်နေရာသည် အကျပ်အတည်းတွင် ရှိနေသ... ကမ္ဘာပေါ်တွင် ကျန်ရှိနေသော တောရိုင်းမြေရိုင်းများအ... အမေဇုံမိုးသစ်တောသည် ရေနံလိုအပ်မှုကြောင့် ခြိမ်းခြော... ခံရလျက် ရှိနေသည်။ ဤမိုးသစ်တောတွင်းသို့ စာရေး... Scott wallace၊ ဓာတ်ပုံပညာရှင်များနှင့် သိပ္ပံပညာရှင်မ... ပါဝင်သောအဖွဲ့သည် ခရီးနှင်လျက် ရှိနေကြသည်။



လွန်ခဲ့သောညက မိုးရွာသွန်းခဲ့ခြင်းကြောင့် မိုးစက်မ... သည် သစ်ရွက်များမှ ကျနေသည်။ မိုးလင်းခါစဖြစ်၍ ... များနှင့် မျောက်များ၏ အော်မြည်သံများကို ကြားနေရသ... ပရိုင်းမိတ်များကို အထူးလေ့လာသော သိပ္ပံပညာရှင် And... link သည် ဝမ်းဖြူပင့်ကူမျောက်များကို သုတေသနပြ... ဤတောနက်ထဲသို့ ရောက်နေခြင်းပင် ဖြစ်သည်။

တောနက်ထဲတွင် မြေထောက်မြစ်များ ပါရှိသေ... လဲမှိုပင်များနှင့် အခြားသော အကိုင်းအခက်များ ပေါ... သော သစ်ပင်ကြီးများတွင် သစ်ခွပင်မျိုးစုံနှင့် ပိုးကောင်မ... ငှက်များနှင့် နို့တိုက်သတ္တဝါများ ပေါ်မြူးလျက်ရှိနေကြသ...

စူးစမ်းလေ့လာရေး အဖွဲ့သားများသည် Yas... အမျိုးသားဥယျာဉ်ပါဝင်သည့် Tiputini ဇီဝမျိုးခွဲစခန်း... ရောက်နေကြသည်။ စုစုပေါင်း ၃၈၀၀ စတုရန်းမိုင် ကျ... သည့် မိုးသစ်တောသည် Ecuador's နိုင်ငံ၏ အရှေ့... ရှိသည်။ Link ၏ ပြောကြားချက်အရ ဤမိုးသစ်တော... တစ်သက်တာ စူးစမ်းလေ့လာစရာများ ရှိသည်။ တွေ့သ...

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာနှင့် အဆက်အသွယ် မပြုလိုသဖြင့် မိမိတို့ကိုယ်မိမိ ကာကွယ်ရန် လူသူအရောက်နည်းသောဒေသတွင် နေထိုင်သွားလာ ကျက်စားလျက်ရှိနေကြသည်။ သူတို့သည် သူတို့နေထိုင်ရာဒေသ ပြင်ပတွင် သစ်ခုတ်လှဲသူများနှင့် အခြားအတည်တကျ နေထိုင်သူများ ခိုက်ရန်ဖြစ်တတ်ကြသည်။


Yasuni ဒေသဟွင် ဖော်ထုတ်ခြင်းမရှိသေးသော ရေနံသည် သန်းပေါင်းရာချီ၍ ရှိသဖြင့် ဤရတနာသိုက်ကြီးသည်လည်း ခြိမ်းခြောက်ခံရလျက်ရှိနေသည်။ ဤဒေသအား ကာကွယ်စောင့်ရှောက်ခြင်းထက် စီးပွားရေးလိုအပ်ချက်များကြောင့် ရေနံတူးဖော်ရှာဖွေရန် လိုက်လျောမှုများ ရှိခဲ့သည်၊ ထို့ကြောင့် ဤအမျိုးသားဥယျာဉ်၏ မြောက်ပိုင်းတွင် ရေနံရှာဖွေတူးဖော်ရန် ခွင့်ပြုချက် ငါးခု ပေးခဲ့ပြီးဖြစ်သည်။

သည်လည်း စူးစမ်းဖွယ်ရာများပင် ဖြစ်သည်။ ဤတောနက်ထဲတွင် မြင်တွေ့နိုင်သော ငှက်၊ လင်းနို့နှင့် ဖားများသည် တောင်အမေရိကတွင် တွေ့နိုင်သော ကောင်ရေများထက် ပို၍များပြားသည်။ တစ်သက်တာတွင် တွေ့နိုင်သောပိုးကောင်မျိုးစိတ်များသည် အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံ နှစ်နိုင်ငံပေါင်းတွင် တွေ့နိုင်သော ပိုးမွှားမျိုးစိတ်ထက် သာ၍များသည်။


ဤတောနက်သည် အီကွေတာ Andes တောင်တန်းနှင့် အမေဇုံဒေသတို့ စုံရာနေရာတွင် တည်ရှိနေသဖြင့် သစ်ပင်ပန်းမာန်၊ ကုန်းနေ ရေနေ သတ္တဝါများ၊ ငှက်များနှင့် နို့တိုက်သတ္တဝါမျိုးစုံ တွေ့နိုင်သော တောနက်ပင်ဖြစ်သည်။ နေ့တိုင်းလိုလိုပင် မိုးရွာသွန်းသဖြင့် စိမ်းလန်းလျက်ရှိနေသည်။

ဤအမေဇုံဒေသတွင် Kichwa နှင့် Waorani မည်သော ဒေသခံတိုင်းရင်းသားများသည် လမ်းမများနှင့် မြစ်များတစ်ဝိုက်တွင် အတည်တကျ နေထိုင်ကြသည်။ ၁၉၅၀ ပြည့်နှစ်များက Protestant သာသနာပြုများမှ ပထမဦးဆုံး Waorani လူမျိုးများနှင့် ထိတွေ့ခဲ့ကြသည်။ ယခုအခါတွင်မူ Waorani လူမျိုးစုသည် ပြင်ပကမ္ဘာနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသည်။

၎င်းတို့၏ တစ်ချိန်က ရန်သူများဖြစ်သော Kichwa လူမျိုးများလည်း ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများ ပြုလုပ်နေကြသည်။ သို့ပေမယ့် Waorani လူမျိုးစုမှ Tagaeri နှင့် Taromenane မည်သော တိုင်းရင်းသားများမှာမူ ပြင်ပ



www.burmeseclassic.com



Ecuador နိုင်ငံသည် ဆင်းရဲသည့်နိုင်ငံ ဖြစ်သည်နှင့်အမျှ ရေနံတူးဖော်ခြင်းလုပ်ငန်းကို လွယ်လင့်တကူ မတွန်းလှန်နိုင်ပါ။ ယခုအခါ နိုင်ငံ၏ ပြည်ပပို့ကုန်မှ ရရှိသောဝင်ငွေ၏ ထက်ဝက်သည် ရေနံတင်ပို့မှု ရရှိနေသည်။

Ecoador သမ္မတ Rafael Correa ၏ ၂၀၀၇ ခုနှစ် တင်ပြချက်အရ Yasuni ဒေသ၏ အရှေ့မြောက်နေရာမှ သန်းပေါင်း ၈၅၀ ရရှိမည့် အကွက်အား နဂိုအတိုင်း ထားရန် ပင်ဖြစ်သည်။ ဤကဲ့သို့ သဘာဝသစ်တောများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ရုပ်ကြွင်းလောင်စာမှ ထွက်ရှိသည့် ကာဗွန်ဓာတ်ငွေ့ ခန့်မှန်း ၄၁၀ မက်ထရိုတန်အား တားဆီးခြင်းအတွက် နစ်နာကြေး ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံအား ကမ္ဘာ့နိုင်ငံများမှ ပေးရန် တောင်းဆိုခဲ့သည်။ ဤငွေကြေးအား သယံဇာတတို့ကို အန္တရာယ်မပြုသော နေရောင်ခြည်၊ လေ၊ ရေ စသည်တို့မှ စွမ်းအင်ထုတ်၍လည်းကောင်း ပြည်တွင်း လူနေမှုအဆင့်အတန်း မြှင့်တင်ရန်၊ သုံးစွဲရန်ပင်ဖြစ်သည်။

သမ္မတ၏ တင်ပြချက်အား တိုင်းသူပြည်သားများမှ ထောက်ခံခဲ့ကြသော်လည်း အပြည်ပြည်ဆိုင်ရာမှ ဤအဆိုပြုချက်အား ထောက်ခံအားပေးလိုစိတ် နည်းခဲ့သည်။ ၂၀၁၂ ခုနှစ်လယ်အထိ နစ်နာကြေးအဖြစ် သန်း ၂၀၀ ခန့်သာ ရရှိထားသဖြင့် သမ္မတ Correra မှ ဒေါသဖြင့် ရာဇသံများပင် ပေးခဲ့သည်။

ဤကဲ့သို့ အကောင်အထည်ဖော်မှု နှောင့်နှေးလျက်ရှိနေချိန်တွင် နိုင်ငံ၏ အရှေ့ဘက်တွင် ရေနံတူးလုပ်ငန်းများ တစ်နေ့တခြား တိုးပွားလာလျက်ရှိရာ နေ့စဉ်လိုလိုပင် တော မျာ းပြုန်းလျက်ရှိနေသည်။ ထိုင်းစိတ်ပညာရှင် Link နှ အဖွဲ့သားများသည် Yasuni အမျိုးသားဥယျာဉ်ရှိ TBC သုတေသနလုပ်ငန်း ဓာတ်ခွဲခန်းမှ ထွက်လာ၍ တစ်နာရီခ အကြာတွင် Link ရှာနေသည့် ဝမ်းဖြူပင့်ကူမျောက်မျ ရှိနိုင်ခြေရှိသည့် နေရာသို့ရောက်သော် မျောက်များကို လုံး မတွေ့ခဲ့ရပါ။ ဤမျောက်များအား ဂျာဂွါသစ်များမှ ဖမ်းစ ခြင်းထက် သူတို့၏ နေထိုင်ကျက်စားရာ ဒေသများ ရေ ရှာဖွေခြင်းကြောင့် ပျောက်ကွယ်လျက်ရှိနေသည်။ ကြေးင တောရိုင်းတိရစ္ဆာန် ကာကွယ်ခြင်းထက် ရေနံလိုအပ်မှုသည် ပို၍အလေးသာလျက် ရှိနေသည်။

TBC သုတေသန လုပ်ငန်းအား စတင်ခဲ့သည့် ဒါရိုက်တာ Relly Sung ၏ ပြောကြားချက်အရ ရေနံတူးဖော် ခြင်းလုပ်ငန်းများသည် သူတို့၏ဌာနနှင့် တဖြည်းဖြည်း နီးကပ် လာလျက်ရှိသည်။ အနီးဆုံး ရေနံထုတ်လုပ်သည့် လုပ်ငန်း သည် ရှစ်မိုင်ခန့်သာ ဝေးသဖြင့် မီးစက်များ၏ အသံများကိုပင် တောထဲမှ ကြားနိုင်သည်။

ရေနံလုပ်ငန်းမှ အသုံးပြုသော ရဟတ်ယာဉ်များသည် အနိမ့်တွင် ပျံသန်းသဖြင့် ၎င်းတို့ လေ့လာသော ငှက်များနှင့် အခြားသတ္တဝါများမှ ကြောက်လန့်ထွက်ပြေးကြရသည်။ သမ္မတ၏ အဆိုပြုချက် မအောင်မြင်ဖြစ်ပါက ရေနံတူးဖော် ခြင်းလုပ်ငန်းများသည် Yasuni ဒေသ၏ တောင်ဘက်ပိုင်း သို့ပင် ချဉ်းကပ်လာဖွယ်ရှိသည်ဟု Swing က စိုးရိမ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ပြောပြခဲ့သည်။ အကြောင်းမူကား ရေနံရှာဖွေခွင့် ပြုလိုက်သည်နှင့် ထိုနေရာမှတစ်ဆင့် အခြားတစ်နေရာသို့ ဆက်သွားသဖြင့် နယ်မြေကျယ်ဝန်းလာသည်။

Ecoador အာဏာပိုင်များအနေဖြင့် ရေနံရှာဖွေ တူးဖော်ရေးလုပ်ငန်းများအား တာဝန်ယူလုပ်ဆောင်နိုင်သည်ဟု ဆိုကြသည်။ လောလောဆယ် ဆောင်ရွက်နေပုံများသည် ၁၉၇၀ ပြည့်နှစ်များက ပတ်ဝန်းကျင် ညစ်ညမ်းစေသည့် နည်းများထက် ညစ်ညမ်းမှုပမာဏ လျော့နည်းခြင်းကြောင့် တိုးတက်မှုရှိသည်။ ထိုစဉ်က Texacd နှင့် Chevron ရေနံကုမ္ပဏီများ ရေနံရှာဖွေမှု လုပ်ငန်းကြောင့် မြေနေရာများ လွန်စွာညစ်ညမ်းမှုကြောင့် ဒေသခံများနှင့် တရားရင်ဆိုင်ခဲ့ရပြီး ဒေါ်လာကုဋေပေါင်းများစွာ နစ်နာကြေးအဖြစ် ပေးခဲ့ရသည်။ Swin ၏ ပြောပြချက်အရ ပတ်ဝန်းကျင်ညစ်ညမ်းမှု နည်းပါးသော်လည်း ဓာတ်ငွေ့များ လောင်ကျွမ်းခြင်းကြောင့် သန်းပေါင်းများစွာသော ပိုးမွှားများ မီးလောင်သေကြရသည်။

ရက်အတန်ကြာသောအခါ စာရေးသူနှင့် အဖွဲ့သားများသည် တောရိုင်းတိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့ဝင်များနှင့်အတူ ရေယာဉ်ဖြင့် Tiputini မြစ်၏ အရှေ့ဘက်သို့ သွားကြသည်။ မြစ်၏ တစ်ဖက်တစ်ချက်တွင် သစ်ပင်များဖြင့် စိမ်းလန်းလျက်ရှိပြီး လူသူကင်းမဲ့လျက် ရှိနေသည်။ များမကြာသောအချိန်တွင် မြစ်၏ အကွေ့တစ်နေရာတွင် စက်တပ်ဝမ်းပြားရေယာဉ်တစ်စင်းကို တွေ့ခဲ့ကြသည်။

အလုပ်သမားများစွာရှိပြီး မြေကြီးအား ကော်ထိုးစက်များဖြင့် ရှင်းလင်းထားသဖြင့် နီညိုရောင်သန်းလျက် ရှိသည်။ မြစ်၏ အခြားဘက်ကမ်းသည်လည်း နီညိုရောင်ရှိနေပြီး လမ်းမကြီးတစ်ခုသည် အမျိုးသားဥယျာဉ်ဘက်သို့ ဦးတည်လျက်ရှိနေသည်။

၎င်းလုပ်ကွက်အား Petroamazonas မှ တာဝန်ယူဆောင်ရွက်လျက်ရှိနေသည်။ လွန်ခဲ့သော နှစ်အနည်းငယ်က Petrobas မည်သော ရေနံကုမ္ပဏီမှ ၎င်းလမ်းမ ဖောက်ခြင်းအား နိုင်ငံတော်အစိုးရ အာဏာပိုင်များမှ တားဆီးပိတ်ပင်ခဲ့စဉ်က ပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့ဝင်များမှ သဘောကျခဲ့သော်လည်း ယခုအခါတွင်မူ ၎င်းလုပ်ကွက်အား Petro-amazonas ကုမ္ပဏီသို့ ပေးခဲ့သဖြင့် ကိုးမိုင်ရှည်လျားသော ၎င်းလမ်းမကြီးအား ဖောက်လုပ်ခဲ့ကြခြင်းဖြစ်သည်။

ပို၍ဆိုးသောအချက်မှာ မြေထိုးစက်များသည် တောတွင်းသို့ဝင်၍ တောရှင်းလျက်ရှိနေကြသည်။ ၎င်းလုပ်ကွက်မှ အမှန်တကယ်တော့ ရေနံစည်ပေါင်း ၄၅ သန်းသာ ရရှိမည်ဖြစ်၍ ၎င်းမျှလောက်ကြီးမားသော ရင်းနှီးမြှုပ်နှံမှုနှင့် မမျှကြောင်းကို ဝေဖန်သူများမှ မှတ်ချက်ပြုကြသည်။

တကယ်တော့ ၎င်းလုပ်ကွက်အမှတ် (၃၁)မှ ITT လုပ်ကွက်သို့ ခြေချရန် ရည်ရွယ်ကြခြင်းပင်ဖြစ်သည်။ အကယ်၍ ၎င်းစီမံကိန်းကို အကောင်အထည် ဖော်မည်ဆိုက တောရိုင်းတိရစ္ဆာန်များအတွက် အန္တရာယ်ပေးနိုင်သည့်အပြင်



www.burmeseclassic.com

ဒေသခံတိုင်းရင်းသားများ၏ ဘဝကိုလည်း ခြိမ်းခြောက်ရာ ရောက်နိုင်သဖြင့် နိုင်ငံတော်အစိုးရမှ တာဝန်ယူ ကာကွယ်ပေးရလိမ့်မည်။

မြစ်ကြောင်းတစ်လျှောက်သွားရင်း Kichwa လူမျိုးစုမှ Yana yaku လူနည်းစုများ နေထိုင်ရာနေရာသို့ ရောက်ခဲ့ကြသည်။ ဤလူနည်းစု၏ ခေါင်းဆောင် Cesar Aliarado ၏ ပြောပြချက်အရ သူငယ်စဉ်က ရေနံကုမ္ပဏီလုပ်သားများ ရောက်လာခဲ့ကြပြီး သစ်ပင်ကြီးများကို မြေထိုးစက်များဖြင့် လှဲခဲ့ကြပြီး လုပ်သားများအတွက် နေအိမ်များ တည်ဆောက်ခဲ့ကြရာ ထိုနေရာသည် မြို့ငယ်လေးသဖွယ် ဖြစ်ခဲ့သည်။ သူတို့သည် ဖော်ရွေကြပြီး ဒေသခံများသို့ သူတို့မှ ပါလာသော အစားအစာများကို ကျွေးခဲ့ကြသည်။


ထို့နောက် Cesar Alvarado သည် ယခု သူ၏အသက်မှာ (၄၉)နှစ်ရှိနေပြီး ထိုစဉ်က ရေနံလုပ်သားများ ထားခဲ့သည်များကို ပြသခဲ့သည်။ ပိုက်ခွင် ပိုက်ဆက်ပစ္စည်းများသည် တောင်လိုပုံထားလျက်ရှိသည်ကို တွေ့ခဲ့ရသည်။ အကယ်၍ ရေနံကုမ္ပဏီလုပ်သားများ နောက်ထပ်တစ်ကြိမ် ရောက်လာပါက Alvarado ၏ တုံ့ပြန်မှု မည်သို့ရှိမည်ကို မေးကြည့်ရာတွင် သူတို့လူမျိုးစုအတွက် ကျန်းမာရေးနှင့် ပညာရေးကိုပေး၍ ပတ်ဝန်းကျင်ကို ထိန်းသိမ်းမည်ဆိုပါက သူသည် ဝမ်းသာမည်ဟု ပြောကြားခဲ့သည်။

Waorani မည်သော ဒေသခံတိုင်းရင်းသားများမှာမူ ရေနံတူးဖော်ခြင်းလုပ်ငန်း အားလုံးကို လက်မခံနိုင်ကြပါ။ ဤလူမျိုးစုမှ Taronenane နှင့် Tagaeri လူနည်းစုများသည် အခြားကမ္ဘာနှင့် ဆက်သွယ်မှုကင်းဝေးပြီး တသီးတခြား နေထိုင်လျက်ရှိနေကြသည်။ သူတို့နေထိုင်ရာ ရွာများသို့ သွားရာလမ်းတွင် ရေနံတူးစင်များကို တွေ့နိုင်သည်။ လမ်း၏ အဆုံးတစ်နေရာတွင်မူ Waorani ရွာသို့ ရောက်ခဲ့သည်။

ရွာသူကြီး Nenguiho Nihua ၏ ပြောပြချက်အရ သူတို့လူမျိုးစုသည် ပြင်ပကမ္ဘာမှ သူတို့နေထိုင်ရာဝန်းကျင်တွင် လာရောက်ရေနံတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းသည် အလွန်မှ အန္တရာယ်ပေးသော လုပ်ရပ်ဖြစ်သည်။ သူတို့၏ လုပ်ရပ်ကြောင့် အနီးဝန်းကျင်ရှိ ပြင်ပကမ္ဘာနှင့် အဆက်အသွယ် လုံးဝမရှိသော သူတို့လူမျိုးစုများမှ ဒေါသဖြင့် ပြန်လည် တုံ့ပြန် တိုက်ခိုက်ကြလိမ့်မည်။ ရေနံတူးဖော်ခြင်းလုပ်ငန်းကြောင့် သူတို့နေထိုင်ရာ မြေနေရာသည် တဖြည်းဖြည်းကျဉ်းလာနေသည်ဟု ဆိုသည်။

သူဆက်လက်ပြောပြသည်မှာ ဤနေရာဒေသတွင် လှည့်လည်ကျက်စားနေသော အခြားသော လူနည်းစုလူမျိုးများလည်း ရှိကြပြီး အလွန်အန္တရာယ်ပေးနိုင်ကြသည်။ သူတို့အနေဖြင့် အခြားသော အရပ်ဒေသမှ သူတို့နယ်မြေသို့ ကျူးကျော်လာသူများကို တိုက်ခိုက်ရန် အသင့်အနေအထားတွင် ရှိနေကြသည်။ သူတို့အနေဖြင့် ရေနံတူးဖော်ခြင်းလုပ်ငန်း၊ သစ်ခုတ်လုပ်ငန်း၊ နယ်မြေချဲ့ခြင်းများကို လုံးဝ လက်မခံကြောင်း ပြောခဲ့သည်။

လမ်းမကြီးအဆုံး တစ်နေရာတွင် လှေငယ်များဖြင့် Shiripuno မြစ်ကြောင်းအတိုင်း သွားခဲ့ရာ ပြင်ပကမ္ဘာနှင့် အဆက်အသွယ် ကင်းမဲ့သော ဇုန်သို့ ရောက်ခဲ့ကြသည်။





www.burmeseclassic.com

www.burmeseclassic.com



ဤဒေသသို့ ဒေသခံလမ်းညွှန်မရှိဘဲ သွားလာ၍ မရပါ။ Otobo Bashoa မည်သော Waorani ဧည့်လမ်းညွှန်သည် သူတို့ အတည်တကျနေထိုင်ရာ နေရာသို့ ခေါ်ဆောင်သွားသည်။ လူမျိုးစုခေါင်းဆောင်များသည် စုရုံး၍ အစည်းအဝေး ပြုလုပ်နေကြသည်။

Otobo ၏ ပြောပြချက်အရ ၎င်းတို့ နေထိုင်သွားလာရာ နေရာဒေသအား နိုင်ငံတော်အစိုးရမှ အသိအမှတ်ပြုထားသော အထောက်အထားများ မရှိသဖြင့် သူတို့၏နယ်မြေသည် ရေနံတူးဖော်သည့်အကွက်များ အဖြစ်သို့ ပြောင်းသွားမည်ကို စိုးရိမ်လျက် ရှိနေကြသည်။

သူတို့၏နယ်မြေသို့ Shell ရေနံကုမ္ပဏီလုပ်သားများမှာ ၁၆၄၀ ပြည့်နှစ်များက ရောက်ခဲ့စဉ်က ရွာသားများသည် ရေနံလုပ်သားများအား ချုံခိုတိုက်ခိုက်ခဲ့ကြသဖြင့် ယခုအခါ ပြင်ပကမ္ဘာမှ အဆက်အသွယ် လုံးဝကင်းမဲ့လျက်ရှိသည်။ သို့သော် ပတ်ဝန်းကျင် လေ့လာရေး ခရီးသွားလုပ်ငန်းကိုတော့ ဆောင်ရွက်လျက် ရှိနေကြရာ ဧည့်လမ်းညွှန်များမှ လှည့်လည်ပြသခြင်းဖြင့် ဝင်ငွေရလျက်ရှိနေကြသည်။

အကယ်၍ ရေနံတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ရေနံလုပ်သားများ ရောက်လာမည်ဆိုပါက မည်သို့ဆောင်ရွက်မည်ဟု မေးရာတွင် ၎င်းတို့၏ ဘိုးဘေးများနည်းတူ သူတို့၏နယ်မြေထဲ ဝင်လာသမျှသောသူတို့အား သတ်ဖြတ်မည်ဟု ဖြေကြားခဲ့သည်။

Yasuni ဒေသတွင် ရက်သတ္တ သုံးပတ်ကြာ သွားလာလေ့လာခြင်း ပြီးဆုံးသော် စာရေးသူသည် မြို့တော် Guito တွင် Ecuador သမ္မတ Correa နှင့် တွေ့ခဲ့သည်။ သမ္မတ၏ ပြောပြချက်အရ Yasuni ITT စီမံကိန်းသည် ယခုအထိပင် အကောင်အထည်ဖော်ရန် ရှိနေသေးသည်။ ပြင်ပကမ္ဘာမှ သူတို့ပေးထားသည့်ကတိအတိုင်း နစ်နာကြေးကို အချိန်မီ ပေးဆောင်ခြင်း မရှိက သူ့အနေဖြင့် ပတ်ဝန်းကျင်အား အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ပြီး ရေနံတူးဖော်ခြင်းလုပ်ငန်းများ ခွင့်ပြုရန်သာ ရှိတော့ကြောင်း ပြောခဲ့သည်။

Ecuador နိုင်ငံသည် ဆင်းရဲသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ကလေးသူငယ်များ ပညာရေး လိုအပ်လျက်ရှိနေကြသည်။ ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်နေကြသည်။ သင့်တင့်သော အိုးအိမ်များ လိုအပ်လျက်ရှိနေသည်။ အကယ်၍သာ ရေနံတူးဖော်မည်ဆိုက ဤပြဿနာများကို အထိုက်အလျောက် ပြေလည်စေနိုင်မည်။ သို့ပေမယ့် ရေနံကြောင့် ကမ္ဘာကြီး ပူနွေးလာမှုကို အားပေးရာ ရောက်နိုင်သဖြင့် ပြဿနာနှစ်ရပ်ကြားမှာ မည်သို့ဆောင်ရွက်သင့်သနည်း ဟူသော အခက်အခဲရှိနေသည်။

စာရေးသူနှင့် တွေ့ဆုံမှု အပြီးတွင် သမ္မတ Correa အနေဖြင့် အခြားသော တိုင်းနိုင်ငံများကဲ့သို့ သူ၏နိုင်ငံတွင်လည်း ရေနံတူးဖော်ရေးလုပ်ငန်းအား လုပ်ဆောင်သွားမည်ဟု ပြောခဲ့သည်။ သူ၏ပြောပြချက်အရ ရွှေပုံကြီးပေါ် ထိုင်၍ အခြားနိုင်ငံများမှ ငွေကြေးထောက်ပံ့ရန် လက်ဖြန့်တောင်းနေစရာ မလိုပါ။ သို့သော် သူ ဤသို့ဆောင်ရွက်ရန် ပြည်သူလူထု၏ ဆုံးဖြတ်ချက်ကို ရယူမည်။

❐ မြူးခေ



www.burmeseclassic.com

www.burmeseclassic.com

# သုတစုံဖြာ ကမ္ဘာ့ကျော်

ဖိုးရွှေလမင်း



## လူသားဆန်ခြင်းတဲ့

မီးခိုးရောင်သရဖူဆောင်းထားသည့် အသွင်သဏ္ဌာန်ရှိသော ကြိုးကြာငှက်အမျိုးအစားသည် ကြိုးကြာငှက် မိသားစုထဲတွင် ရှေးအကျဆုံး သက်ရှိမျိုးနွယ်တစ်စုဖြစ်သည်။ EOCENE အချိန်ကာလ ကျောက်ဖြစ်ရုပ်ကြွင်း မှတ်တမ်းများအရ ရှေးကျသော အမျိုးအစားဖြစ်သည်။ ကြိုးကြာငှက် အမျိုးအစားထဲတွင် သစ်ပင်များတွင် အသိုက်ပြုလုပ်နေထိုင်သည်။ သူ၏ နောက်ဘက်ခြေချောင်းများသည် သန်မာဖွံ့ဖြိုးသည်။ တစ်လင် တစ်မယားစနစ်ကိုသာ ကျင့်သုံးလေ့ရှိသော ကြိုးကြာငှက်မောင်နှံသည် အသိုက်၏ ဝန်းဝိုင်းသောအခင်းကြမ်းပြင်ကို အတူတကွပြုလုပ်လေ့ရှိသည်။ အသိုက်ကို စနစ်တကျတည်ဆောက်ပြီးသောအခါ ငှက်မက ဥလေသည်။ ထို့နောက် အထီးရော အမပါ တစ်ယောက်တစ်လှည့်စီ ဥများပေါ်တွင် ဝပ်၍ ကိုယ်ငွေ့ပေးလေ့ရှိသည်။ ၃၁ ရက်တိုင်တိုင် စိတ်ရှည်လက်ရှည်ဝပ်၍ ကိုယ်ငွေ့ပေးပြီးသောအခါကျမှ ပေါက်ဖွားလာသော ကြိုးကြာငှက်ငယ်များကို အထီးတစ်လှည့် အမတစ်လှည့် အစာရေစာ ရှာဖွေကျွေးမွေးကြသည်မှာ (အခြားငှက်များနှင့် မတူသော) လူသားဆန်ခြင်း ဟူ၍ ယူဆဖွယ်ဖြစ်လေသည်။

## သုံးကောင်ပေါင်းမှ တစ်ကောင်




ကမ္ဘာတစ်လွှားမှာ ရှာမှရှားတဲ့ တိရစ္ဆာန်တစ်ကောင်ကို ပြပါဆိုလျှင် ပူးတွဲပါပုံထဲက တိရစ္ဆာန်ကိုသာ ပြလိုက်ပါ။ ဒါပေမယ့် အဲဒီတိရစ္ဆာန်က အင်မတန်ရှက်တတ်သတဲ့။ သူ့ကို သေချာစူးစိုက်ကြည့်ရင် ချက်ချင်းမျက်နှာလွှဲသွားလေ့ ရှိတယ်။ သူ့အမည်က 'အာဖရိကန် ဟာဘီဗိုး' ဖြစ်ပါတယ်။ နောက်ပြီး အာဖရိကတိုက် အလယ်ပိုင်းမှာသာ ကျက်စားလေ့ရှိတဲ့ အမျိုးအစားထဲကဖြစ်ပြီး ဖမ်းဆီးရမိဖို့လည်း အင်မတန်ခဲယဉ်းတယ်လို့ တောလိုက်မုဆိုးကျော်များက မှတ်ချက်ချကြသတဲ့။ ဟာဘီဗိုးရဲ့ ဦးခေါင်းက သစ်ကုလားအုတ်နဲ့တူတယ်။ ကိုယ်ခန္ဓာက မြင်းပါပဲ။ အစင်းအကြောင်းတွေကတော့ မြင်းကျားလိုပါပဲ။ သူ့ရဲ့လျှာဟာ အပြာရောင်ဖြစ်ပြီး အဲဒီလျှာနဲ့ သူ့ဘာသာသူ နားရွက်ထဲကို သွင်းပြီး နားရွက်အတွင်း၊ အပြင် သန့်ရှင်းရေးလုပ်လေ့ရှိကြောင်း မှတ်တမ်းတင်ထားပါတယ်။ ယခုအချိန်ကာလအထိ ဟာဘီဗိုးအကောင်အရေအတွက် စုစုပေါင်း ၁၅၀၀၀ ခန့်ရှိမယ်လို့ ခန့်မှန်းကြပါတယ်။ လူတွေကို အမြဲတမ်း ရှောင်ပြေး ပုန်းအောင်းနေကြတဲ့အတွက် တိတိကျကျ မသိနိုင်ကြဘူးလို့ ဖော်ပြထားပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

## အရောင် ပြောင်းတတ်သူ



အများအားဖြင့် တစ်ပေမျှရှည်လျားသော CRAY FISH ဆိုတဲ့ ကျောက်ပုစွန်တွေဟာ ကလော့စ်ထရယ်လ် တောင်ကြားဒေသရဲ့ စမ်းရေစီးကြောင်းထဲမှာဆိုရင် တခြားရေသတ္တဝါတွေထက်ပိုပြီး အရှောင်အတိမ်း ကောင်းပါသတဲ့။ နောက်ပြီး အဲဒီကျောက်ပုစွန် အမျိုးအစားတွေရဲ့ အရောင်အဆင်းကို ဒေသခံတိုင်းရင်းသားတွေက ယက်ဘိုင်း (YAB-BIES) လို့ ခေါ်ဝေါ်သမုတ်ကြပါတယ်။ ဒါဟာ ပဟေဠိတစ်ခုလိုပါပဲ။ ဘာကြောင့်လဲဆိုတော့ အဲဒီပုစွန်တွေဟာ တချို့စမ်းချောင်းတွေထဲမှာဆိုရင် လိမ္မော်ရောင်ဖြစ်နေကြပါသတဲ့။ တခြားစမ်းချောင်းတွေထဲကို ရောက်သွားတဲ့အခါကျတော့ အပြာရောင် ပြောင်းလဲသွားပါတယ်။ ဒါကြောင့် အဲဒီကျောက်ပုစွန် အရောင်ပြောင်းခြင်း ခြားနားချက်ကို ရှာဖွေစူးစမ်း လေ့လာကြတဲ့အခါ တစ်ချက်ကတော့ ရေရဲ့သန့်စင်မှုပေါ်မှာ မူတည်နေတာကို တွေ့ရပါတယ်။ ဥပမာအားဖြင့် ကျောက်ပုစွန်တွေ အပြာရောင်ဖြစ်သွားတဲ့ စမ်းရေဟာ အကြည်လင်ဆုံး ဖြစ်နေတာကို သတိပြုမိကြပါတယ်။




## အတွေ့အကြုံ

အတွေ့အကြုံများသော လမ်းပြတစ်ဦးဖြစ်သူ ဂျွန်ရိုဘင်စ် (ပုံ၏လက်ဝဲဘက်)သည် ရွှဲရွှဲစိုနေသော အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်၍ CLAUSTRAL CANYON တောင်ကြားဒေသသို့ ရေညှိများ ထူထပ်သိပ်သည်းစွာ ဖုံးလွှမ်းပေါက်ရောက်နေသော ဖြတ်လမ်းမှ ခေါ်ဆောင်ခဲ့သည်။ သူတို့၏ ထွက်ပေါက်မှ နာရီပေါင်းအတော်ကြာကြာ ခြေကျင်လျှောက်ခဲ့ကြရသည်။ နက်ရှိုင်းသော ချောက်ကမ်းပါး တောင်ကြားလမ်းများကို လေ့လာရေးခရီးအဖြစ် စွန့်စားသွားလာကြသူများသည် စူးစမ်းရှာဖွေခြင်း၏ အကျိုးသက်ရောက်မှုအတွက် ဖြစ်ကြသည်။ ဂျွန်ရိုဘင်စ် (လမ်းပြဖြစ်သူ)က ထိုဖြစ်ရပ်နှင့်ပတ်သက်၍ သူကိုယ်တွေ့ဖြစ်ရပ်ကို ဤသို့မှတ်ချက်ချသည်။ သင့်အနေနဲ့ မိုင်ပေါင်းအတော်များများ ခြေကျင်ခရီးသွားနေချိန်မှာ ရုတ်တရက်ချက်ချင်း သင့်ကိုယ်သင် 'အံ့သြဖွယ်ရာ ထူးခြားဆန်းပြားတဲ့ ကြည်နူးစရာ မော်ကမ္ဘာ တစ်နေရာ' ကို ရောက်နေတယ်လို့ တွေ့လိုက်ရလိမ့်မယ်ဟူ၍ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## လျှပ်စစ်ကား

TESLA MODELS မှ ဘက်ထရီအားသုံး လျှပ်စစ်အပျော်စီးပြိုင်ကား အမျိုးအစားကို မကြာသေးမီက တီထွင်ဆန်းသစ်မှု ပြုလုပ်ခဲ့သည်။ ထိုလျှပ်စစ်အပျော်စီးပြိုင်ကားကို အမေရိကန်နိုင်ငံတွင် အပြည့်အဝ ဒီဇိုင်းရေးဆွဲ ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။ ပထမဆုံးသော ALL ELECTRIC ကား ဖြစ်ပြီး သပ်ရပ်သားနားလှပ၍ လူငါးယောက် စည်းစိမ်ကျကျ စီးနင်းလိုက်ပါနိုင်စေရန် ပြုလုပ်ထားသည်။ ထိုကား၏လီဗာကို နင်းလိုက်သောအခါ ၈၅ ကီလိုဝပ် သိုလှောင်နှုန်းရှိသော ဘက်ထရီသည် ၂၇၀ ကီလိုဝပ် အားရှိသော လျှပ်စစ်ကို နောက်ပိုင်းတွင် တပ်ဆင်ထားသည့် AC INDUCTION MOTOR သို့ ပို့ဆောင်ပေးသည်။ မြင်းကောင်ရေ ၄၁၆ ပါဝါ နှင့် TORQUE 600 Nm ထုတ်ပေးသည်။ ထို့ကြောင့် သုညမှအစပြု၍ တစ်နာရီ မိုင်ခြောက်ဆယ်နှုန်းသို့ ၄ ဒသမ ၂ စက္ကန့်အတွင်း ရောက်ရှိနိုင်လေသည်။

## ကျား ဘက်တော်သား



ကမ္ဘာတစ်ဝန်းမှာ ကျားတွေဟာ စုစုပေါင်း ၃၀၀၀ ခန့်သာ ရှိတော့တယ်လို့ WWF INTERNATIONAL GREATER MEKONG PROGRAMME စီမံကိန်းတာဝန်ခံ အကြီးအကဲက ခန့်မှန်းပါတယ်။ အထူးသဖြင့် တရုတ်ပြည်ဟာ ကျားရိုးကို လူတွေလိုအပ်တဲ့ ခွန်အားအတွက် ဆေးဖက်ဝင်တယ်ဆိုပြီး ကျားပစ်မုဆိုးတွေဆီက ဈေးကောင်းပေးကာ ဝယ်ယူဆေးဖော်ကြပါတယ်။ ကျားရဲ့ အရေခွံဟာလည်း အလွန်တရာ လှပတဲ့အတွက် တန်ဖိုးကြီးမားပါတယ်။ ဒါကြောင့် ကျားတစ်ကောင်ရဲ့ တန်ကြေးဟာ ဒေါ်လာ သိန်း တစ်ရာ ဝန်းကျင်အထိ ဖြစ်နေပါသတဲ့။ ဟောလိဝုဒ်ရုပ်ရှင်မင်းသား လီယိုနာဒိုဒီကာပရီယိုဟာ သူ့ရဲ့ဖောင်ဒေးရှင်းမှ ကျားကောင်ရေ ပြန်းတီးမှု ကာကွယ်ထိန်းသိမ်းရေးအဖွဲ့ (WWF) အတွက် မကြာသေးမီက ဒေါ်လာ သုံးသန်း လှူဒါန်းခဲ့ပါတယ်။ ကျားတွေ ကျက်စားတဲ့နေရာများ ဖျက်ဆီးခံရခြင်း၊ တရားမဝင်ဖမ်းဆီးမှု မြင့်တက်လာခြင်းကြောင့် ကမ္ဘာတစ်လွှားရှိ ကျားအရေအတွက် သုံးထောင်ခန့်ဟာ ဘေးအန္တရာယ် သင့်နေတဲ့အတွက် ကျားကောင်ရေ နှစ်ဆ တိုးမြှင့်ရန် ဆောင်ရွက်နေလေပြီ။




www.burmeseclassic.com

www.burmeseclassic.com

## အဆန်းတကြယ်



တချို့သော တီထွင်သူများသည် ထူးခြားဆန်းကြယ်သော အတွေးအခေါ်များ ရှိကြသည်။ တစ်နည်းအားဖြင့် စိတ်ကူးကွန့်မြူးမှု လွန်ကဲသူများဟူ၍ သတ်မှတ်ရမည်ဖြစ်သည်။ လပေါ်သို့ ပထမဆုံးရောက်ရှိခဲ့တဲ့ အာကာသခရီးမှာ အာကာသယာဉ်မှူး နေးလ်အမ်းစထရောင်း သယ်ယူခဲ့တဲ့ လကမ္ဘာပေါ်က ဖုန်မှုန့်တွေကို နာရီဒိုင်ခွက်ထဲကိုထည့်လျက် ထိုနာရီတွင် အသုံးပြုသော သံမဏိ STEEL သည် လပေါ်သို့ ရောက်ရှိခဲ့သော အပိုလို ၁၁ (APOLLO 11)မှ စတီး ဖြစ်သည်။ ထိုလကမ္ဘာနာရီ (MOON DUST WATCH)ကို အမေရိကန်နိုင်ငံ ROMAIN JEROMEမှ အမှတ်တရ အထိမ်းအမှတ်တစ်ခုအတွက် တီထွင်ဖန်တီးခဲ့ခြင်း ဖြစ်သည်။ ယင်းသို့ ပထမအကြိမ် စတင်ပြသစဉ်က တန်ဖိုးမှာ ယူအက်စ်ဒေါ်လာ လေးသိန်းခွဲ ဖြစ်သော်လည်း ယခုလက်ရှိဈေးကွက်တွင် ဒေါ်လာသန်းနှင့်ချီ၍တန်သော နာရီဖြစ်လိမ့်မည်ဟု ဈေးကွက်ကျွမ်းကျင်သူများက ခန့်မှန်း ထုတ်ဖော် ပြောပြသည်။




## အကျိုးရှိသော တီထွင်မှု

မျက်မှောက်ခေတ်မှာ မော်တော်ကားဆိုတာ မရှိမဖြစ် အသုံးဝင်ပစ္စည်းတစ်ခုလို့ ပြောရင်လည်း ရပါမယ်။ ဒါပေမယ့် မော်တော်ကားနဲ့ ဆက်စပ်ပတ်သက်နေတဲ့ လောင်စာဆီ ဈေးနှုန်းကြီးမြင့်တဲ့ ပြဿနာကို ကျော်ဖြတ်နိုင်ပုံ နေရောင်ခြည်စွမ်းအင်သုံး ကားလေးတွေကို တီထွင်ထုတ်လုပ်လာကြပါတယ်။ ပုံထဲမှာတွေ့ရမှာကတော့ ကမ္ဘာ့အမြန်ဆုံး နေရောင်ခြည်စွမ်းအင်သုံး STELLA ကားလေး ဖြစ်ပါတယ်။ နယ်သာလင်နိုင်ငံ EINDOVEN တက္ကသိုလ်က ကျောင်းသား ကျောင်းသူ ၂၂ ယောက်ပါဝင်တဲ့ SOLAR TEAM EINDOVEN က တီထွင်ဖန်တီးခဲ့ပါသတဲ့။ ကားရဲ့ အမိုးတစ်ပြင်လုံးကို အပြာရောင်ဆိုလာပြားတွေနဲ့ ဖုံးအုပ်ထားလို့ အမြင်ဆန်းနေပါတယ်။ ကာဗွန်ဖိုင်ဘာနဲ့ အလူမီနီယံ ကိုယ်ထည်ကြောင့် ပေါ့ပါးနေမှာပါ။ စွမ်းအင်အပြည့်သွင်းထားရင် မိုင်သုံးရာကျော် မောင်းလို့ရပါတယ်။ တစ်နာရီမှာ ၁၁၀ ကီလိုမီတာအထိ အမြန်နှုန်းမောင်းနိုင်ပါသတဲ့။


www.burmeseclassic.com

www.burmeseclassic.com



## အားကျစရာပါ

စာရေးဆရာမ ဆူဇန်နီကောလင်း၏ ဝတ္ထုဇာတ်လမ်းကို အခြေတည်၍ ရိုက်ကူးထားသော THE HUNGER GAMES; CATCHING FIRE ဇာတ်ကားသည် လွန်ခဲ့သော ၂၀၁၂ ခုနှစ်က ပြသခဲ့သော THE HUNGER GAMES ၏ ဝင်ငွေစံချိန်ကို မီနိုင်လိမ့်မည်ဟု ယူအက်စ်လိုင်းယန်းဂိတ် စတူဒီယိုက ခန့်မှန်းခဲ့သည်။ ၂၀၁၂ ခုနှစ်က ဖြန့်ချိခဲ့သော ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းတွင် ဝင်ငွေ ယူအက်စ်ဒေါ်လာ ၆၉၃ သန်း ရရှိခဲ့သည်။ ထိုရုပ်ရှင်ဇာတ်ကား နှစ်ကားစလုံးတွင် အမျိုးသမီးသရုပ်ဆောင်အဖြစ် ပါဝင်ခဲ့သူ မင်းသမီး ဂျနီဖာလောရင့်စ်က "ဒီရုပ်ရှင်ဇာတ်ကားရဲ့ ပဓာနအကျဆုံးအချက်က ကျွန်မတို့ရဲ့ အနာဂတ်လူ့အဖွဲ့အစည်းကို ပုံဖော်တည်ဆောက်ရာမှာ လူငယ်မျိုးဆက်သစ်တွေဟာ အရေးပါအရာရောက်ဆုံး ဆိုတာကို ဖော်ညွှန်းထားတာ ဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။ ထိုဇာတ်ကား၏ အပိုင်း(၁)နှင့် အပိုင်း(၂)ကို ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်တွင် ပြသရန် စီစဉ်ခဲ့သည်။



## ဘယ်လို အချစ်မျိုးလဲ

အညိုရောင်ဖျော့ဖျော့ လောင်းကုတ်ကြီး ဆင်မြန်းထားပြီး ရွှေဝါရောင်ဆံကေသာနဲ့ အမျိုးသမီးရဲ့ ဘယ်လက်ထဲမှာ မီးခိုးရောင် သက္ကလပ်ဦးထုပ် ကိုင်ထားသူဟာ မျက်မှောက်ခေတ် အနောက်တိုင်း မော်ဒယ်လ်လောကကို ခါးစောင်းတင်ထားထဲ့ စူပါမော်ဒယ်လ် ကင်မ်ကာဒက်ရှန် ဖြစ်ပါတယ်။ သူမနဲ့ ယှဉ်တွဲရပ်နေတဲ့ မဲမဲပြုပြု ဘုတ်ပွကြီးကတော့ ကန်ယီးဝက်စ်လို့ ပြောကြပါတယ်။ ရုပ်ရည်ချင်း လိုက်ဖက်မညီတဲ့ အမျိုးသားကြီးဟာ လာမယ့် မေလ ၂၄ ရက်နေ့ကျရင် ပြင်သစ်နိုင်ငံမှာ မင်္ဂလာဧည့်ခံပွဲ ကျင်းပတော့မယ်တဲ့။ အဲဒီမင်္ဂလာဧည့်ခံပွဲ ကျင်းပမယ့်နေရာကတော့ ပြင်သစ်နိုင်ငံမှာ အဓိက အကြီးကျယ် အခမ်းနားဆုံးဖြစ်တဲ့ ဗာဆိုင်းနန်းတော်ကြီးမှာတဲ့။ ကဲ. . . ဒီလောက်တောင် သုံးစွဲပြီး ဧည့်ခံပွဲကျင်းပနိုင်လောက်အောင် ချမ်းသာကြွယ်ဝနေသူဟာ ဘယ်လောက်ပဲ ရုပ်ဆိုးဆိုး၊ ဘယ်လောက်ပဲ ပုံပျက်ပျက် လက်ထပ်ဖို့ လက်ခံကြမှာပါ။ သူ ဘယ်သူလဲ။ ရက်ပ် တေးဂီတလောကမှာ နာမည်ကျော်အဆိုတော် ကန်ယီးဝက်စ် တဲ့။ ဘယ်လိုအချစ်မျိုး ဖြစ်ပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



## ကျော်ကြားခြင်း

၂၀၁၄ ခုနှစ်တွင် ကင်ညာအမျိုးသမီး ရုပ်ရှင်သရုပ်ဆောင်ဖြစ်သူ LUPITA NYONG သည် ဆက်တိုက် ကံကောင်းလာသည်ဟု ဆိုရလိမ့်မည်။ လွန်ခဲ့သော ၂၀၁၃ ခုနှစ်အတွင်းက ကင်ညာ ဆယ်ကျော်သက်မိန်းကလေး ဖြစ်သည့် လူပီတာ ပါဝင်သရုပ်ဆောင်ခဲ့သော TWELVE YEARS AS A SLAVE ရုပ်ရှင်ဇာတ်ကားကို ဟောလိဝုဒ်၏ အော်စကာဆုပေးပွဲတွင် ထူးချွန်ဆု ခုနစ်ဆု ရရှိခဲ့ရာ လူပီတာသည် အမျိုးသမီး ဇာတ်ပို့ထူးချွန်ဆုကို ဆွတ်ခူးခဲ့သည်။ ယခုအခါတွင် သူမအနေနှင့် ပြင်သစ်အလှကုန်ပစ္စည်း LANCOME ၏ ပထမဆုံး လူမည်းအလှကုန် သံတမန် တစ်ဦးအဖြစ် ခန့်ထားခြင်းခံရသည်။ ကင်ညာရုပ်ရှင်လောကတွင်လည်း ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ရိုက်ကူးရန် ကမ်းလှမ်းခြင်း ခံရသည်။



## ကြော်ငြာဆန်း

စီးပွားရေးသမားများထဲတွင် LOTTE ပီကေကုမ္ပဏီက ကြော်ငြာအသစ်အဆန်းတစ်ခုကို မကြာသေးမီက ထုတ်ဖော်ပြသ ကြော်ငြာလိုက်သောကြောင့် လူကြိုက်များကာ အခြားပီကေအမျိုးအစား ကြော်ငြာများထက် နှာတစ်ဖျား သာသွားလေသည်။ ဂျပန်နိုင်ငံသုံး အင်တာနက်ပေါ်တွင် လူသားများ၏ အချစ်တော်အဖြစ် မွေးမြူလေ့ရှိသော ကြောင် ကလေးကို လူထက်အဆပေါင်းများစွာ ကြီးမားသည့်ကြောင်ကြီးအဖြစ် သရီးဒီလှုပ်ရှားမှုပုံရိပ် ထည့်သွင်းကြော်ငြာ ခဲ့သည်။ မြေအောက်ဘူတာရုံတစ်ခုတွင် ရထားအလာကို စောင့်နေသော အလုပ်သမားတစ်ယောက်သည် ပျင်းရိသဖြင့် LOTTE ပီကေကို စားလိုက်ရာ ချစ်စဖွယ် ဧရာမကြောင်ကြီးတစ်ကောင် ရုတ်တရက် ပေါ်လာပြီး ထိုအလုပ်သမားကို ချီ၍ ကျောပေါ်သို့တင်ကာ ခေါ်ဆောင်သွားသည်။ ကြောင်ကြီး၏ ကျောပေါ်တွင် ဇိမ်ကျကျ လိုက်ပါသွားရပုံဖြစ်သည်။

❒ မိုးရွှေရောင်

www.burmeseclassic.com

www.burmeseclassic.com



# စာရေးသူနှင့် သရဲများ

ဒေါက်တာချစ်ဝေ (ဒုသနာ)

အပိုင်း (၁)

## အစွမ်းသတ္တိသူရဲကောင်း

စာရေးသူကတော့ ဒီအဆင့် ရောက်အောင် တော်တော်ကြိုးစားဖြတ် သန်းခဲ့ပါတယ်။ အခုအဆင့်ကတော့ အများကြီး တည်ငြိမ်သွားတယ်လို့ ဝန်ခံ ရမှာပါပဲ။

ဒီလိုတည်ငြိမ်မှုရအောင် ကြိုးစား ခဲ့တဲ့ လမ်းခရီးမှာ အထိုက်အလျောက် ဖြတ်သန်းရတတ်တယ် ဆိုတာကတော့ အားလုံးသိမှာပါ။ ပထမဆုံး ကျွန်တော် တင်ပြချင်တာကတော့ အမြင်ဆိုတာ ရှိတယ်ဆိုတဲ့ သဘောပါပဲ။ မျက်လုံးမှ အပ အခြားအရာနဲ့လည်း မြင်နိုင်တယ် ဆိုတာလေးကို အစီရင်ခံချင်တာပါ။

ကျွန်တော်ကိုယ်တိုင်လည်း ဖြတ် သန်းတွေမြင်လာရရင်တော့ ဒါ သတင်း ပေးတယ် ဆိုရင်လည်း မမှားဘူးပေါ့။ ကျွန်တော်ကတော့ တစိုက်မတ်မတ် ကျင့်ကြံအားထုတ်ခဲ့ဖူးပါတယ်။ တစ်ချိန် ကပေါ့နော် (အခုတော့ ဒီအခွင့်အရေး တွေ မရနိုင်ဘူး)။ ကျွန်တော် မန္တလေး မြို့အဝင် ဆင်ဖြူကန်သချိုင်းမှာ ဖြစ်ပါ တယ်။ စာရေးသူအနေနဲ့ သီလ၊ သမာဓိ၊ ပညာ တိုးတက်အောင် အာရုံစိုက်ချိန် မှာ သရဲကြီးတစ်ကောင် လာတယ်။

သူက သရဲမကြီးအရုပ်ကလည်း ရှုည်သလား မမေးနဲ့၊ ထန်းပင်လောက် မြင့်တယ်။ ကျွန်တော်က သီလ၊ သမာဓိ အထိုက်အလျောက် ရနေပြီဆိုတော့ ကျွန်တော် မော့မကြည့်ဘဲနဲ့ သူ့အရုပ် ကို မြင်ပါတယ်။ သိပါတယ်။ သူက ခါး ထောက်တယ်။ ဖိနပ်မြင့်မြင့် စီးထား တယ်။ သူက ပြောတယ်။

သရဲမ - နယ်လွန်ပယ်လွန် သမား တွေ သတိထားပါ။

ဒီလိုပြောတော့ စာရေးသူလည်း တရားထိုင်ရင်းနဲ့ စဉ်းစားဆင်ခြင်ကြည့် ပါတယ်။

စာရေးသူ - နယ်လွန်ပယ်လွန် ဆိုတာ တော့ မှားတယ်လို့မဆိုသာ ဘူးပေါ့။ ကျွန်တော်ပိုင်တဲ့ နယ်က ကျွန်တော့်ဘုရား ခန်းပဲ ဖြစ်ချင်ဖြစ်မှာပေါ့။ အခုဟာက သုသာန်လာ ထိုင်တော့ နယ်လွန်ပယ် လွန်လို့သတ်မှတ်တာလည်း ဟုတ်ချင်ဟုတ်မှာပေါ့။

ဒီအချိန်မှာ သူက ရှိုးရှိုးသား သား မဟုတ်ဘဲ ခြိမ်းခြောက်လိုတဲ့လေ သံနဲ့ . . .

သရဲမ - ဒီက အသည်းနှလုံးသား တွေကို စားနေတာ မသိ သေးဘူး ထင်တယ်။

လို့ ပြောပါတယ်။ စာရေးသူ အနေနဲ့လည်း သီလ၊ သမာဓိ အထိုက် အလျောက် ရှိနေပြီဆိုတော့ . . .

စာရေးသူ - လောကကြီးမှာ ကိုယ် ကြိုက်တာကိုယ် လိုက်ပြ တာ အစဉ်အလာပဲနော့တူ ရဲ့၊ ကိုယ်ကြိုက်တာကိုယ် စားကြ၊ ကိုယ်ကြိုက်တာ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ် လိုက်ကြပေါ့၊ ကျွန်တော်ကတော့တရားကြိုက်တော့ တရားလိုက်တာပါပဲ၊ တရားလိုက်သူတစ်ယောက်ပါ။

ဒီလို ပြောတော့ သူက သိပ်မကျေနပ်ဘူး၊ အံ့ကြိတ်တယ်။ ခါးထောက်ပြီး ခြေကိုဆောင့်နင်းပြီးတော့ နောက်တစ်ခါ ဒါမျိုးလာလုပ်လို့တော့ မရဘူးဆိုတဲ့ အမူအရာပြပြီးတော့ လှည့်ထွက်သွားပါတယ်။

ဒီတော့ ကျွန်တော်လည်း သတိထားလိုက်ပါတယ်။ အခုဟာတော့ သူ့နယ်မြေပဲဆိုတော့ ကျွန်တော့်အလုပ်ကျွန်တော်ပြီးအောင် လုပ်လိုက်တယ်။ လုပ်ပြီးတဲ့နောက် ကျွန်တော် ကိုယ့်နယ်မြေ ကိုယ်ပြန်ရောက်တဲ့အခါကျတော့ သစ္စာအဓိဋ္ဌာန်ပြုပြီး ကျွန်တော် ရှင်းထုတ်လိုက်တယ်။

လောကကြီးမှာ ဒီလိုပဲ လုပ်ရတာပါပဲ။ အနှောင့်အယှက်ဆိုရင် ရှင်းတာပဲ။ ကျွန်တော်တို့ ရှင်းတယ်ဆိုတာလေးကို အဓိပ္ပာယ်ရှိရှိ ပြောရရင်တော့ နှောင့်ယှက်သူကိုရှင်းပါတယ်။ဒီလောက်ပါပဲ။ ဘယ်သူ့ကို ရှင်းပါတယ်။ ဘယ်ဝို့ကို ရှင်းပါတယ်မဟုတ်ပါဘူး။ နှောင့်ယှက်သူကို ရှင်းပါတယ်။ နှောင့်ယှက်သူဟာ သူနှောင့်ယှက်တဲ့ သူ့လမ်းသူ သွားပါစေလို့ ဓိဋ္ဌာန်ပြုတာပါပဲ။ ဒီနည်းနဲ့ အဲဒီအဆင့်ကို အောင်မြင်တဲ့အကြောင်း သတင်းကောင်းပေးပါတယ်။

## အပိုင်း (၂)

## ထူးဆန်းသောသဘာဝဟု ယူဆလျှင် ယူဆနိုင်သော ဖြစ်ရပ်တစ်ခု

မေး - ဆရာက သရဲတွေအကြောင်းကို ရေးတာ ဆရာကိုယ်တိုင် သရဲကို တကယ်မြင်ဖူးပါသလား။

စာရေးသူ - မြင်ဖူးတာပေါ့၊ ကျွန်တော်မြင်ဖူးလို့ ရေးတာပေါ့၊ ကျွန်တော်က တကယ် မြင်ဖူးတော့ တကယ်ရေးတတ်တယ်၊ ကျွန်တော်ရေးတာတွေက တကယ့်သဘာဝတွေပါပဲ။

မေး ။ တချို့ကတော့ သရဲရှိတယ်လို့တောင် လက်မခံကြဘူးဗျာ။

စာရေးသူ ။ ဩော်. . . ဒါတော့ သူတို့မှ မတွေ့ဖူးတာကိုး၊ မတွေ့ဖူးတဲ့ဟာကို မရှိဘူးလို့ ဒီလိုတော့လည်း အောက်မေ့လို့ မရဘူး၊ လောကကြီးမှာ ကိုယ် မတွေ့ဖူးတာတွေ အများကြီးရှိတယ်၊ ကိုယ့်အတွေ့အကြုံကကျဉ်းကျဉ်းလေးပဲ၊ လောကကြီးရဲ့ ဖြစ်ရပ် ဖြစ်စဉ်တွေက အလွန်ကျယ်ပြောတာပဲ၊သူမတွေ့ဖူးလို့ မယုံတာလည်းအပြစ်ပြောဖို့တော့ မလိုပါဘူး၊ ဒါမတွေ့သေးတာကိုး၊ တွေ့တဲ့အခါကျတော့ ယုံမှာပေါ့၊ ဒါပေမယ့်လည်း တွေ့ဖူးတဲ့ ပုဂ္ဂိုလ်က ဂယနဏ ပြောရင်လည်း စိတ်ဝင်စားစရာပေါ့၊ ကျွန်တော်ကတော့ တွေ့ဖူးတော့ ဂယနဏ ပြောလေ့ရှိပါတယ်။

စာရေးသူသည် ရွာဟိုင်းသုသာန်၌ တရားထိုင်သည်။ တရားများကို ကြိုးစားထိုင်သည်။ သစ်ကိုင်းကျိုးကျမှုများ၊ ရှဉ့်ကလေးများ ကိုင်းခုန်ကူးသည်များ တွေ့ရသည်။ သို့သော် စာရေးသူသည် တည်တည်ငြိမ်ငြိမ် ကြိုးစားရှုပါသည်။ ပုရစ်ကလေးတစ်ကောင် လက်မောင်းပေါ် လာနား၍ ပျံသွားသောအခါ စူးသွားခဲ့ဖူးသည်။ သို့သော် သည်းခံ၍ ထိုင်ပါသည်။

ထို့နောက် တရားထိုင်၍ကောင်းသဖြင့် အားလုံးကို အမျှမေတ္တာပေးဝေသည်။ ပတ်ဝန်းကျင်လည်း ကြည်လင်သွားသည်ဟုယူဆသည်။ မိုးလင်းသောအခါ မိမိဌာနသို့ ပြန်လာ၍ ပင်ပန်းသဖြင့် ခြေပစ်လက်ပစ် အိပ်လိုက်သည်။ အိပ်၍ မပျော့်တပျော် အချိန်လောက်တွင် သရဲတစ်အုပ်စုက ခြေထောက်လာဆောင့်ဆွဲသည်။ ထိုအခါ မိမိက. .

စာရေးသူ - ဟာ. . . ဘာလုပ်ကြတာလဲ

ဟုမေးလိုက်သည်။

သရဲများ - မျှမျှတတ လုပ်ပါ၊ ကျွန်တော်တို့ အဝေးသွားနေတုန်းကို ကျွန်တော်တို့ မိတ်ဆွေများကို မေတ္တာပို့တာ သူတို့က အဆင့်တက်သွားပြီ၊ အခု ကျွန်တော်တို့က အဆင့်နိမ့်ကျန်ခဲ့ပြီ၊ ဒီလိုတော့ မဖြစ်သင့်ပါ၊ ကျွန်တော်တို့ကိုလည်း မေတ္တာပို့ပါ၊ ဒါကြောင့် ယခုပဲ သချိုင်းကုန်း လိုက်ခဲ့ပါ၊

ဟု ခေါ်သည်။

စာရေးသူ - ဟာ. . . ဘယ်ဖြစ်မလဲ၊ ငါ ပင်ပန်းနေပြီ၊

ဟု ပြန်ပြောလိုက်သည်။

သရဲများ - မဖြစ်လို့ မရဘူးလေ၊ ကျွန်တော်တို့က သူတို့ထက် နိမ့်ကျတယ်ဆိုတာ ဒါကဟုတ်မှမဟုတ်ဘဲ၊ နဂိုကဆိုရင် ကျွန်တော်တို့က အထက်ကပဲ၊ အခုတော့ ကျွန်တော်တို့က နိမ့်ကျသွားပြီ၊ ဒီလို မဖြစ်သင့်ဘူး၊

လို့ ပြောသဖြင့် စာရေးသူသည် အကြံထုတ်ကာ . .

စာရေးသူ - ကောင်းပြီ၊ ဒီနေရာလေး ထိုင်လိုက်၊ ကဲ မေတ္တာပို့လိုက်မယ်၊

ဟု အကြံပေးလိုက်သည်။

သူတို့လည်း ထိုင်ကြည့်ဦးမည်ဟု နောက်ဆုံး သဘောတူကြသည်။ စာရေးသူသည် သူတို့အား မေတ္တာပို့လိုက်ရာ သူတို့လည်း အများနည်းတူ

www.burmeseclassic.com

ကြည်လင်သွားသည်။ သူတို့သည် ကျေနပ်သဖြင့် . . .

သရဲများ - အင်း. . . ဒီလိုဆိုရင် ရပြီ၊ ပြီးတာပဲ၊

ဆိုပြီး ပြန်သွားကြသည်။

ထိုဖြစ်ရပ်မျိုးလည်း ကြုံခဲ့သည်။ ထူးဆန်းသည်ဟု ဆိုလျှင်လည်းရသည်။ သူတို့၏ စိတ်ကူးစိတ်သန်းများ ပြောပုံဆိုပုံများမှာ အခါအားလျော်စွာ စာရေးသူကိုယ်တိုင် မမျှော်မှန်းသောစကားများကို ကြားခဲ့ရခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ ထူးဆန်းသော၊ မမျှော်လင့်သော အသုံးအနှုန်းနဲ့ ဖြစ်ရပ်များ၊ စကားများကို အလျဉ်းသင့်သောအခါ ဆက်လက်တင်ပြပါဦးမည်။

## အပိုင်း (၃)

## ထူးဆန်းသော တစ္ဆေတစ်ကောင်

မေး - ဆရာ သရဲတွေကိုမြင်တာ မျက်စိနဲ့မဟုတ်ဘူးနော်။

စာရေးသူ - မျက်စိနဲ့ မဟုတ်ဘူး၊ သီလ၊ သမာဓိ၊ပညာလို့ခေါ်မလား မသိဘူး၊ အဲဒီသမာဓိအရာနဲ့ မြင်တာပါ။ မျက်စိနဲ့ မြင်ရတာမဟုတ်ဘူး၊ ဟဒယနဲ့ မြင်တယ်လို့တောင် ပြောရင် ရတယ်၊ အသိပညာဉာဏ်နဲ့မြင်တဲ့သဘောပါပဲ၊ သူတို့ရဲ့ ဖွဲ့စည်းမှုက သိပ်နုးညံ့တော့ ရိုးရိုးမျက်လုံးနဲ့တော့ မြင်ဖို့ရာခက်တယ်၊ အင်မတန်ကို တိုက်ဆိုင်ကြုံကြိုက်မှ မျက်လုံးနဲ့မြင်တဲ့အခါ မြင်ရတာ၊ မရှိဘူးတော့ မဟုတ်ပါဘူး၊ ရှိပါတယ်၊ကျွန်တော်ကအတွေ့အကြုံ အများကြီးရှိတယ်၊ ဒီရုပ်လွန်ကမ္ဘာရဲ့အကြောင်းကို ကျွန်တော်က တော်တော်မြင်တယ်၊ ကျွန်တော် ကျင့်ခဲ့တာလည်းကြာပြီလေ။

မေး - ဒါနဲ့ ဆရာ့အတွေ့အကြုံလေးတစ်ခု ပြောပြပါလား။

စာရေးသူ - ပြောပြမယ်၊ ထူးထူးဆန်းဆန်း တစ္ဆေတစ်ကောင်ကို တွေ့ခဲ့ရဖူးတယ်၊ အဲဒါကတော့ အမရပူရမြို့ တောင်သမန်အင်း၊ မယ်ဇယ်တန်းတစ်ဝိုက်မှာဖြစ်တယ်။

တစ်ခါက မယ်ဇယ်တန်းရေကြီးတဲ့အခါမှာ အရက်မူး တံငါသည်တစ်ယောက်ဟာ ငါးများကို ဖမ်းရင်းနဲ့ တစ္ဆေ၊ သရဲများက လုလုစားတယ်လို့ သူ နားလည်လာတယ်။

ဒါကြောင့် သူက ကြွေးကြော်လိုက်တယ်။

"ကဲ. . . သရဲများ၊ တစ္ဆေများ မင်းတို့ စားချင်သောက်ချင်ရင် ငါ့ပိုက်ထဲကို ငါးတွေ မောင်းသွင်းပေးကြ၊ မောင်းလို့ရရင် မင်းတို့ကို မီးဖုတ်ကျွေးမယ်" လို့ အဲဒီလို ကြွေးကြော်လိုက်ပြီး ရေထဲဆင်း၍ ပိုက်ကိုဖွင့်ထားရာ ငါးများသည် အမောင်းခံရသကဲ့သို့ သူ့ပိုက်ထဲကို အလုအယက် တိုးဝင်လာကြလေသည်။

ထိုအခါ ငါးများကို ဆယ်ယူပြီး အနီးရှိ သစ်ကိုင်းခြောက်များနှင့် မီးဖိုကာ ငါးများကို တင်သည်။ တချို့သည် ကင်သည်ကို ပြီးအောင်မစောင့်နိုင်ဘဲ နှိုက်နှိုက်စားကြသည်ဟု ထိုတံငါသည်က ဆိုသည်။ "မင်းတို့ ကျက်အောင်စောင့်ကြဦးလေ" ဟု မကြာခဏ တားရသည်ဟု မှတ်တမ်းရှိလေသည်။

ထိုနေရာ၌ စာရေးသူတို့သည် တရားသွားထိုင်ကြသည်။ တရားသွားထိုင်သောအခါ တစ္ဆေ၊ သရဲများ ဝိုင်းအုံလာသဖြင့် အမျှမေတ္တာပေးလိုက်ရာ အားလုံး ကြည်လင်သွားသည်ဟု နားလည်လိုက်သည်။ ထိုအခါ တစ္ဆေတစ်ကောင်က အင်္ဂါနံဘက်သို့ စူးစူးထွက်သွားသည်။ ထိုအခါ . . .

စာရေးသူ - ဟော့ကောင် ဒီမှာ မေတ္တာပို့နေတာ မသိဘူးလား။

ဟု မေးလိုက်ရာ . . .

တစ္ဆေ - သိပါတယ်။

ဟု ပြန်ဖြေသည်။

စာရေးသူ - သိရင် မင်း ဘာဖြစ်လို့ မေတ္တာ မခံယူရတာလဲ၊ တစ်ပါးသူတွေ မေတ္တာခံယူလို့တောင်မှ ကြည်လင်နေပြီ၊ မင်းက ဘယ်လိုလဲ။

ဟု ဆိုလိုက်ရာ . . .

တစ္ဆေ - ကျွန်တော် ခင်ဗျားပို့တဲ့ မေတ္တာကို မခံယူချင်လို့ မကြည်လင်ချင်လဲ နေလို့ ထွက်သွားခဲ့တဲ့ သဘောပဲဗျာ၊ ခင်ဗျားက သဘောပေါက်ပေါ့၊ တစ်လောကလုံးက ခင်ဗျားမေတ္တာချည်း ခံယူချင်နေကြတယ်လို့တော့ မသိမ်းပိုက်ပါနဲ့။

ဟု ပြန်ပြောသွားသည်။

စာရေးသူလည်း တော်တော်လေးတော့ အောင့်သီးအောင့်သက်တော့ဖြစ်သည်။ သို့သော် အင်မတန် ထူးဆန်းသော တစ္ဆေ၊ သရဲ အမျိုးအစားပဲဟု သတ်မှတ်လိုက်သည်။ ကောင်းမှန်းသိပါလျက်နဲ့ ကောင်းသည်ကို ဝန်ခံပြီးတော့မှ ကောင်းအောင်မလုပ်ခြင်း ဖြစ်သည်။

ဤအတွေ့အကြုံကား တောင်သမန်အင်း၊ ယခု ယိုးဒယားဘုရင့်အရိုးတော် အုတ်ဂူရှိသည်ဟု ယူဆခြင်းခံရသော နေရာတစ်ဝိုက်၌ တရားအားထုတ်စဉ်က ဖြစ်ခဲ့ကြောင်း သတင်းပေးအပ်ပါသည်။

(ဆက်ရန်)

❐ ဒေါက်တာချစ်ငယ် (ဒဿန)



www.burmeseclassic.com

www.burmeseclassic.com

# အကျိုးပေးမည့် လဂ်

# ရွေးချယ်လုပ်ကိုင်တတ်ကြပါစေ

**မဟိဒ္ဓိ ကျော်ခေါင်**

တစ်နှစ်တာကာလ၌ မိဿလဂ်၊ ပြိဿလဂ်၊ မေထုန်လဂ်၊ ကြဋ္ဋလဂ်၊ သိဟ်လဂ်၊ ကန်လဂ်၊ တူလဂ်၊ ဗြိစ္ဆာလဂ်၊ ဓနုလဂ်၊ မကာရလဂ်၊ ကုံလဂ်၊ မိန်လဂ် ဟူ၍ လဂ်ပေါင်း (၁၂)လဂ် ရှိကြ၏။

မိမိတို့အဖို့ ကျရောက်ရာလဂ်ကို ဆန်းစစ်၍ အကျိုးပေးမည့်အလုပ်များကို ရွေးချယ်လုပ်ကိုင်ခြင်းဖြင့် လောကီဆိုင်ရာ အကျိုးတရားတို့ တိုးပွားခံစားနိုင်ကြပါလိမ့်မည်။

**၁။ မိဿလဂ်၌ ကျရောက်သူများ**

ယာဉ်ရထားထောင်ခြင်း၊ စီးပွားပြိုင်ဘက်များနှင့် မဟာမိတ်ဖွဲ့ခြင်း၊ ရန်သူနှင့် စေ့စပ်ပြေငြိမ်းခြင်း၊ စစ်တိုက်ခြင်း၊ အဝတ်တန်ဆာ၊ (သတ္တုတွင်း၊ ရတနာသိုက်၊ ဘဏ္ဍာသိုက်) တို့ ရှာဖွေခြင်း၊ စစ်ထိုးခြင်း၊ အမှုကိစ္စများကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

**၂။ ပြိဿလဂ်၌ ကျရောက်သူများ**

လောကီမင်္ဂလာအမှုများ ပြုလုပ်ခြင်း၊ တည်မြဲစွာ နေရသောအရပ်၊ အိမ်သစ်တက်ခြင်း၊ အိမ်ဆိုင်ရာအမှုကိစ္စ၊ လယ်ယာကုန်သွယ်ခြင်း၊ တိရစ္ဆာန်တို့နှင့်ပတ်သက်သော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

**၃။ မေထုန်လဂ်၌ ကျရောက်သူများ**

အနုပညာ၊ ဝိဇ္ဇာအတတ်ပညာ၊ သိဒ္ဓိပေါက်ခြင်း၊ အဝတ်အစားတန်ဆာ၊ စစ်တိုက်ခြင်း၊ မှိုနိုဆည်းကပ်နေထိုင်ခြင်း၊ ဆင် (ယာဉ်)ရောင်းဝယ်ခြင်း၊ လက်ထပ်ခြင်း၊ ဘိသိက်သွန်းခြင်း စသည်တို့နှင့် သက်ဆိုင်သော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

**၄။ ကြဋ္ဋလဂ်၌ ကျရောက်သူများ**

ရေတွင်း၊ ရေကန်၊ တစ်ဖက်ဆည် ကန်၊ အင်း၊ ဆည် စသည်တို့ တူးဖော်ဆောက်လုပ်ခြင်း၊ ရေမြောင်းဖြင့် ရေလွှတ်ခြင်း၊ တိရစ္ဆာန်မွေးမြူခြင်း၊ စာပေရေးသားပြုစုခြင်း၊ ပန်းချီရေးဆွဲခြင်း စသည်များကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

**၅။ သိဟ်လဂ်၌ ကျရောက်သူများ**

ကြံပင်၊ ကောက်စပါးတို့ စိုက်ပျိုး ရောင်းချခြင်း၊ ကုန်သွယ်ခြင်း၊ ဈေးဆိုင်၊ လယ်ယာ၊ မှိုဝဲဆည်းကပ်ခြင်း စသည့် တည်ငြိမ်စွာ လုပ်ဆောင်ရသည့် အလုပ်များ၊ လျင်မြန်ရဲရင့်စွာ ပြုလုပ်ရသည့် အမှုများဖြစ်သည့် စစ်တိုက်ခြင်း၊ မင်းမှုကိစ္စနှင့် ပတ်သက်သည့် အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

**၆။ ကန်လဂ်၌ ကျရောက်သူများ**

ဝိဇ္ဇာအတတ်ပညာ၊ သိပ္ပံအတတ်ပညာ၊ ဆေး၊ ဝတ်စားတန်ဆာ၊ လှည့်လည်သွားလာရသည့်အလုပ်၊ တည်ငြိမ်စွာ လုပ်ရသည့်အလုပ်၊ မွေးမြူခြင်း၊ အလုံးစုံသော မင်္ဂလာအမှုနှင့် ပတ်သက်သည့် အလုပ်များကို လုပ်ကိုင်နိုင်ပါသည်။

**၇။ တူလဂ်၌ ကျရောက်သူများ**

လယ်ယာလုပ်ငန်း၊ လယ်ထွန်ခြင်း၊ ကုန်သွယ်ခြင်း၊ ယာဉ်ရထား၊ တိရစ္ဆာန် သားကောင်၊ လက်ထပ်ခြင်း၊ ထိန်းချုပ်မှု "တပ"အကျင့်စသည့် ချိန်ခွင်-ချိန်တွယ်ခြင်း၊ အိုးခွက်တို့နှင့် ပတ်သက်သည့် အမှုကိစ္စများကို ဆောင်ရွက်လုပ်ကိုင်နိုင်ပါသည်။

**၈။ ဗြိစ္ဆာလဂ်၌ ကျရောက်သူများ**

တည်ငြိမ်စွာ ပြုလုပ်ရသည့်အမှုအားလုံး၊ မင်းကို မှီဝဲဆည်းကပ်ခြင်း၊ ဘိသိက်သွန်းခြင်း အစရှိသည့် အမှုကိစ္စများကို ဆောင်ရွက်လုပ်ကိုင်နိုင်ပါသည်။

**၉။ ဓနုလဂ်၌ ကျရောက်သူများ**

ထိန်းချုပ်မှု "တပ"အကျင့်၊ လက်ထပ်ခြင်း၊ တရားကျင့်ခြင်း၊ အနုပညာဖြင့် လှည့်လည်စီးပွားရှာခြင်း၊ အနုပညာ ကို အများသိအောင်လုပ်ခြင်း၊ လေးမြား အတတ်တို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါ သည်။

**၁၀။ မကာရလဂ်၌ ကျရောက်သူများ**

တံတားတည်ဆောက်ခြင်း၊ ရေမြောင်းသွယ်၍ ရေလွှတ်ခြင်း၊ လေးမြား၊ တောင်ယာအလုပ်၊ ကုလားအုတ် စသည့် တိရစ္ဆာန်တို့နှင့် ခရီးသွားခြင်း၊ တိရစ္ဆာန်မွေးမြူခြင်း စသည်တို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

**၁၁။ ကုံလဂ်၌ ကျရောက်သူများ**

လယ်ယာအလုပ်၊ ကုန်သွယ်ခြင်း၊ တိရစ္ဆာန်မွေးမြူခြင်း၊ ရေလုပ်ငန်း၊ စက်မှု လက်မှု သိပ္ပံဆိုင်ရာအလုပ်၊ အနုပညာအလုပ်၊ ရေလမ်းခရီးသွားခြင်း၊ လေးမြားတို့ ပြုလုပ်ခြင်းတို့ ဆောင်ရွက်နိုင်ပါ သည်။

**၁၂။ မိန်လဂ်၌ ကျရောက်သူများ**

ထိန်းချုပ်မှု အကျင့်ကျင့်ခြင်း၊ လက်ထပ်ခြင်း၊ ဘိသိက်သွန်းခြင်း၊ ရေလုပ်ငန်း၊ အိမ်သစ်တက်ခြင်း၊ ဝတ်စားတန်ဆာ၊ ရေအိုးရေခွက် ရောင်းခြင်းတို့ ပြုလုပ်နိုင်ပါသည်။

❒ မဟိဒ္ဓိကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## ရောဂါပျောက်ရာ ဆေးနည်းမြားမြား

**သုနန္ဒာစိုး (ရွှေရင်အေး)**

### အသားများကွက်၍ယားလျှင်

"မမိုးရေ တို့ ဆေးမြီးတိုတွေရေးလာတာ အက္ခရာစဉ် နောက်ဆုံးရောက်လာပြီ မဟုတ်လားကွယ်"

"ဟုတ်ပါတယ် ဆရာမ၊ အ အက္ခရာထဲက ဆေးမြီး တိုတွေ မှတ်သားပါရစေ၊ အင်း ခန္ဓာကိုယ်အသားတွေ ကွက် ကွက်ပြီး ယားမယ်ဆိုရင် ဘယ်လိုဆေးဝါးနဲ့ ကုသပျောက် ကင်းနိုင်တယ်ဆိုတာ မှတ်ပါရစေရှင့်"

"ကောင်းပါပြီ၊ မခက်လှပါဘူး၊ နလင်ကျော်တုံး ရအောင်ရှာပါ၊ ကျောက်ပျဉ်သန့်သန့်မှာ ရေနဲ့ မပျစ်မကျဲသွေး ပါ၊ ရလာတဲ့ သွေးပြီးသားအရည်တွေကို အကြမ်းပန်းကန်လုံး ထဲ ထည့်ပါ၊ နောက် ဆားအနည်းငယ်ထည့်မွှေပြီး ဝေဒနာ ဖြစ်တဲ့ အရေပြားပေါ်မှာ ခပ်ပါးပါးလူးပေးပါ၊ အလွန်အစွမ်း ထက်တဲ့ လိမ်းဆေးဖြစ်ပါတယ်၊ မကြာမီ သက်သာပျောက် ကင်းသွားပါမယ်"

### အနာရွတ်အကွက်တွေ ဖြူနေလျှင်

"ပြီးတော့ဆရာမ၊ ခန္ဓာကိုယ်မှာ ထိခိုက်ရှနာကြောင့် ပဲဖြစ်ဖြစ်၊ တခြားအနာပေါက်လို့ပဲဖြစ်ဖြစ် အနာပျောက်သွား ရင် အဖြူကွက် အနာရွတ်ကျန်တော့တာပဲ၊ အဲဒါ ပျောက် အောင် ဘာဆေးနဲ့ကုသတယ်ဆိုတာ မှတ်ပါရစေ"

"ဒါလဲ မခက်ပါဘူး မမိုးရယ်၊ ကြိတ်မှန်ရွက်ကို ရအောင်ရှာပါ၊ မိုးနှောင်းနဲ့ မိုးဦးကျ နေရာတော်တော်များ များ လမ်းဘေးတွေမှာ ရနိုင်ပါတယ်၊ ရပြီဆိုရင် သတ္တုရည် ရအောင် နယ်ဖတ်ပြီး အရည်ညှစ်ပါ၊ ကြိတ်ပါ၊ အရည်ရပြီ ဆိုရင် ထိုအနာရွတ် အဖြူကွက်များကို ဆွတ်ဆွတ်ပေးပါ၊ အစွမ်းအာနိသင်ကြောင့် အနီကွက် အဖြူကွက်တွေ ပျောက် ကင်းသွားပါလိမ့်မယ်"

### အသည်းရောင် အသားဝါ

"ယောက်ျား မိန်းမ မရွေး အသက်အန္တရာယ်ကို ဖြစ် စေတတ်တဲ့ အသည်းရောင် အသားဝါရောဂါများဖြစ်လာရင် သက်သာစေမယ့်နည်းလမ်း သိချင်ပါတယ် ဆရာမ"

"မခက်ပါဘူး၊ ပရဆေးဆိုင်မှာ မက်လင်ချဉ်ခေါက် ၁၅ ကျပ်သား၊ ထန်းလျက် ၂၅ ကျပ်သား ဝယ်ပါ၊ ပြီးလျှင် သုံးခွက်တစ်ခွက်တင် ကျိုပြီး အအေးခံ၊ နှစ်ခုရောစပ်ပါ၊ အချဉ်ဖက် အချိုဖက် မျှအောင်စပ်ပြီး ပုလင်းနဲ့ထည့်ထား၊ တစ်နေ့ နံနက် နေ့လယ် ည တစ်ပုလင်းစီ၊ စုစုပေါင်း သုံး ပုလင်း သုံးရက် ဆက်သောက်ပါ၊ အသားဝါ အသည်းရောင် ပျောက်ကင်းသွားပါလိမ့်မယ်၊ ဆရာမကိုယ်တွေ့ သောက်ပြီး ပျောက်ဖူးခဲ့ပါပြီ"

### အဖျားတက် အပူရှိန်ကြီး

"ဆရာမ လူတစ်ယောက် အဖျားတက်ပြီး အပူရှိန် များလာတယ်ဆိုရင် ဘယ်လိုလုပ်မှ သက်သာပျောက်ကင်း မယ်ဆိုတာ သိချင်ပါတယ် ဆရာမ"

"အဲဒီလိုဖြစ်ရင်တော့ မခက်လှပါဘူး၊ နံ့သာဖြူကို ဆန်ဆေးရည်နဲ့သွေးပါ၊ တစ်ကိုယ်လုံးကို မကြာခဏ လိမ်း ပေးပါ၊ ကိုယ်ပူ လျော့ကျသွားပါလိမ့်မယ်၊ ဦးစွာ နံ့သာဖြူသွေး ရည်ကို လိမ်းကျံခြင်းမလုပ်မီ လူနာကို နံ့သာဖြူသွေးရည်နဲ့ တောက်ပေးရပါမယ်၊ လူနာ ဆတ်ခနဲ တွန့်သွားပါက လိမ်း ကျံမပေးပါနှင့်ဦး၊ ခဏစောင့်ပြီး ထပ်မံ၍ နံ့သာဖြူသွေးရည် နှင့် တောက်ကြည့်ပါ၊ ဆတ်ခနဲ တွန့်သွားခြင်း မရှိတော့ပါမှ တစ်ကိုယ်လုံးကို လိမ်းကျံပေးပြီး စောင်ပါးပါးလေး လွှမ်းထား ပေးပါ၊ အဖျားလဲ ကျသွားပါလိမ့်မယ် (ယားယံမယ်ဆိုရင် နံ့သာဖြူကို သံပရာရည်နဲ့သွေး၍ လိမ်းကျံပေးနိုင်ပါသည်)"

### အင်ပျဉ်ပေါက်လျှင်

"အရေပြားပေါ်မှာ အဖုအပိမ့်တွေ ထွက်လာတတ်ပြီး ယားယံတတ်တဲ့၊ ဓာတ်မတည့်တာကြောင့်လဲ ဖြစ်တတ်တဲ့ အင်ပျဉ်များ ရုတ်တရက် ဖြစ်လာရင် ဘယ်လိုကုသရမယ်ဆို တာ အမိန့်ရှိပါဦး ဆရာမရယ်"

"အင်း ဒါလဲ ခက်စရာမရှိပါဘူး၊ ပဲပင်ပေါက်ထုပ်


www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## ဆေးဖက်ဝင်

## ဒန့်ကျွဲပင် (ခေါ်) မိုးကျလက်ဖက်ပင်

**သမုဒယ**

သစ်ပင်ကြီးငယ် အမျိုးမျိုးသည် ဆေးဖက်ဝင်သော အနိသင်နှင့် ကိုယ်စီရှိနေသည်ကို လေ့လာနိုင်မှသာ သိကြမှာ ဖြစ်ပါသည်။

ထို့ကြောင့် သစ်ပင်၊ သစ်ရွက်၊ သစ်မြစ်များကို 'ဆေး' အဖြစ် ရေလဲသုံးနိုင်ရန် ရှေးလူကြီးသူမ ဗဟုသုတကြွယ်သူများမှ ကိုယ်တွေ့ရှာဖွေ တွေ့ရှိခဲ့ကြပြီး ဖြစ်ပါသည်။ နှောင်းခေတ်အခါ၌ ထိုအတွေ့အကြုံများကို ဆရာတင်ရင်း တိုင်းရင်းဆေးအဖြစ် အသုံးပြုခဲ့ကြ၏။

'နွယ်မြက်သစ်ပင် ဆေးဖက်ဝင်' ဟု ဆိုစကား လက်ကိုင်ထား၍ ဆေးဝါးဖော်စပ်ခြင်း၊ တွဲဖက်စားသုံးခြင်းများသည် တိုင်းရင်းဆေးဝါးများတွင် အရေးပါမှုများ ရှိခဲ့သလို ယခု သစ်ပင်၊ နွယ်ပင် အပါအဝင် အပွင့်၊ အဖူး၊ အညွန့်၊ အမြစ်များကို အစီအမံ အပြုအပြင်မရှိ အသုံးပြုခြင်းဖြင့် ဆေးဖက်ဝင်မှုများလည်း များစွာရှိနေပါသည်။ ထိုအပင်များတွင် မြေပြင်တွင် ပင်သေးအဖြစ် ပေါက်တတ်သော ဒန့်ကျွဲပင် ခေါ် မိုးကျလက်ဖက်ပင်၏ ဆေးဖက်ဝင်မှုများကို လေ့လာမိသမျှ၍သို့တွေ့ရမှာ ဖြစ်ပါသည်။

မိုးရွာသွန်းသော ရာသီကာလများတွင် ဒန့်ကျွဲပင်များသည် မြက်ပင်ငယ်များကြား၌ တလူလူ ရှင်သန်လာတတ်ပါသည်။ အလေ့ကျပေါက်သော အပင်မျိုးဖြစ်ပြီး စိုစွတ်သော အာဟာရကို ကြိုက်သောကြောင့် မိုးလအခါများတွင် အထူးအဖြင့် ရှင်သန်ကြီးထွားတတ်ပါသည်။

ကျေးရွာမလေ့အရ အတို့အမြုပ်ပြုကာ ထမင်းစားဝိုင်း၏ အလယ်တည် တို့စရာအဖြစ် စားလေ့ရှိပြီး လုံမပျိုကလေးများက ဒန့်ကျွဲရွက်ကို ရေဆူဆူမှာပြုတ်ကာ အကြော်စုံဖြင့် ရောမွှေလျက် အသုပ်ပမာ စားလေ့ရှိသောကြောင့် မိုးကျလက်ဖက်သုပ်ဟုလည်း အမည်တွင်ခဲ့ပါသည်။

မိုးအခါသာမက ရာသီမရွေးလည်း ပေါက်တတ်သောကြောင့် အချိန်အခါမရွေး တွေ့နိုင်၏။ ဒန့်ကျွဲရွက်၏ အာနိသင်မှာ အေး၊ ခါး၊ စိမ့်၊ ဖန် ဟူသော အရသာရှိသောကြောင့် ပထဝီ၊ အာပေါဓာတ်များ ပါဝင်နေ၏။ ထို့ကြောင့် စားသုံးသူအတွက် အပူဓာတ်လွန်ကဲမှုကို ကာကွယ်ပေး၏။ ကုန်ခန်းသွားသော အားအင်ကို ပြန်လည်ဖြစ်ထွန်းစေ၏။ ရုပ်ဓာတ်ခိုင်မာတောင့်တင်းမှုကို ဖြစ်စေနိုင်၏ဟု ရှေးတိုင်းရင်းဆေးစားသုံးသူများက ဆိုပါသည်။

ဒန့်ကျွဲပင်ကို ဆေးအဖြစ်သာမက အစာအာဟာရအဖြစ် ပုံမှန်စားသုံးသူများက ကိုယ်လက်အင်္ဂါ ညောင်းညာကိုက်ခဲမှုကို ပြေစေသလို အိပ်မပျော်သူ၊ ရင်ပူ၍ ရေငတ်တတ်သူများအတွက် များစွာအကျိုးပြုသည်ဟု ဆိုကြ၏။ အထူးသဖြင့် အိပ်မပျော်သူများက လက်ကိုင်အာဟာရပမာ စားသုံးသောကြောင့် အိပ်ဆေးဟုလည်း အမည်ပြောင်းခေါ်တတ်ပါသည်။

ဒန့်ကျွဲရွက်သည် စားကောင်းသောအရွက် ဖြစ်သဖြင့် လွန်လွန်ကဲကဲ စားမိသော် ကိုယ်အလေးချိန် လျော့ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ သွေးလေ အသွားအလာ နည်းပါးခြင်း၊ ဆီးဝမ်းချုပ်ခြင်း၊ ခေါင်းအုံဇက်လေး အကြောတက်ခြင်း၊ ချွေးထွက်နည်းခြင်း ဟူသော ဆိုးကျိုးကို ဖြစ်စေသောကြောင့် သတိပြု စားသုံးဖို့ လိုပါသည်။

တန်ဆေး လွန်ဘေး ဆိုသလို စားတတ်လျှင်ဆေး မစားတတ်လျှင်ဘေး ဖြစ်စေနိုင်သည်မှာ မည်သို့သော အစားအစာပင်ဖြစ်စေ သတိပြုကြရမှာဖြစ်၏။

မိုးရာသီကို ကြိုက်နှစ်သက်သော်လည်း ရာသီမရွေး ပေါက်သော ဒန့်ကျွဲပင်သည် အပင်တစ်ပင်လုံး အသုံးဝင်ပါသည်။

ထို့ကြောင့် မြန်မာ့တိုင်းရင်းဆေးဝါး မျိုးနွယ်အဖြစ် ဖော်ပြထားသည်မှာ ဒန့်ကျွဲရွက်သည် အေး၏၊ ခါးသက်၏၊ အနည်းငယ်ဖန်၏၊ ဆီးဝမ်းကို ရှင်စေ၏၊ လေနှင့် သလိပ်ကို နိုင်သောကြောင့် နှလုံးကို အကျိုးပြု၏။





www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးများ မီးယပ်ဖြူဆင်းရောဂါကို နိုင်၏၊ အစာကို ကြေညက်လွယ်စေပြီး အိပ်ပျော်စေသော သဘောရှိ၏။ ပွေး၊ ဝဲ၊ ယားနာ၊ မျက်စိနာ ဝေဒနာကိုလည်း ကာကွယ်နိုင်၏ဟု ဆိုထား၏။

ဒန့်ကျွဲပွင့်မှရသော ဒန့်ကျွဲစေ့သည် ပူသော၊ ခါးသော အရသာ နှစ်မျိုးရှိပြီး အဆိပ်သင့်နာ၊ ယားယံသောအနာ၊ ချောင်းဆိုး ပန်းနာရောဂါများကို ပျောက်ကင်းစေ၏ဟုလည်း ဆိုရိုးရှိသောကြောင့် ဆေးဖက်ဝင်မှုအမျိုးမျိုးသဘောရှိသော ဒန့်ကျွဲတစ်ပင်လုံးသည် တိုင်းရင်းဆေးဆရာကြီးများမှ ဤသို့ အသုံးပြုခဲ့ကြပါသည်။

* ဒန့်ကျွဲရွက်ပြုတ်ရည်တွင် သကြားအနည်းငယ် ခတ်၍ သောက်သော် အိပ်မပျော်ခြင်းကို ကာကွယ်၏။ အိပ်မပျော်သူတွင် ဖြစ်တတ်သော ရင်ပူ၍ လေပူထခြင်းကို နိုင်သဖြင့် သောက်သုံးနိုင်၏။

* ကိုယ်လက်ယားယံ၍ အဖုအပိမ့်ထွက်သူများသည် ဟင်းလျာအဖြစ် စားသုံးနိုင်၏။

* ဒန့်ကျွဲစေ့ကို ဖန်ခါးသီး၊ ကန့်ချုပ်နီတို့နှင့် အညီအမျှ အမှုန့်ပြုကာ ကြိတ်မှန်ရွက် သတ္တုရည်နှင့် ရောစပ်၍သောက်သော် မီးယပ်ရောဂါသည်နှင့် သင့်၏။

မျက်စိဝေဒနာသည်များ ဒန့်ကျွဲစေ့ကို သွေး၍ မျ… တွင်ကွင်းသော် မျက်စိယားယံခြင်း၊ မျက်ပိုးထခြင်း၊ မျက်… ကျခြင်း၊ မျက်ဝတ်ထွက်ခြင်းများကို ကာကွယ်၏။

* ဒန့်ကျွဲမြစ်ကို ဆန်ဆေးရည်နှင့်သွေး၍ သကြား… ရည်နှင့် ရောစပ်သောက်လျှင် မီးယပ်ဖြူဆင်းရောဂါ ပျော… ကင်းသက်သာ၏။

ကလေးများ ဆီးသွားနည်းသော် ဒန့်ကျွဲမြစ်ကို ဆ… ဆေးရည်နှင့်သွေး၍ ကလေး၏ ဆီးစပ်တွင် လိမ်းပေး… ဆီးမှန်စေနိုင်၏။

ထို့ကြောင့် တိုင်းရင်းဆေးတွင် ဒန့်ကျွဲတစ်ပင်… ဆေးဝါးသာဖြစ်၏ဟု တိုင်းရင်းဆေးဆရာများမှ အ… လက်စွဲသုံးခဲ့ကြသည်။

စာရေးသူအားလည်း ဒန့်ကျွဲရွက်ကို အခါအား… စွာ စားသုံးမိခဲ့သော်လည်း ဆေးဝါးအဖြစ် အသုံးဝင်မှု… ဤကဲ့သို့ လေ့လာ မှတ်သားမိသောအခါမှသာ သိရှိခဲ့… သည်။

❐ သစု…

ရေးဖြေ နှုတ်ဖြေ အင်တာဗျူးမှန်သမျှ အောင်မြင်စေဖို့

❁ နိုင်ငံခြားပညာတော်သင် ရွေးချယ်ခံရဖို့၊ နိုင်ငံခြားမှာ သွားရောက်လုပ်ကိုင်ခွင့်ရဖို့။
❁ နိုင်ငံခြားမှာ အလုပ်အကိုင်ကောင်း ရရှိဖို့၊ ပြည်တွင်းမှာ အရာရှိ ရာထူးဝင်စာမေးပွဲတွေ အောင်မြင်ရွေးချယ်ခံရဖို့။
❁ အထက်တန်းအဆင့်နဲ့ တက္ကသိုလ်အဆင့် စာမေးပွဲတွေမှာ အမှတ်ကောင်းကောင်းနဲ့ ထူးချွန်စွာ အောင်မြင်ဖို့။။

ဂမ္ဘီရပညာနဲ့ ကူညီပံ့ပိုးမှုကို ယုံကြည်အားကိုးရင် လာခဲ့ပါ။

ဆရာဦးပိုင်ဇအောင် ( ဝိဇ္ဇာဘွဲ့ )
လက္ခဏာဗေဒင်ယတြာအစီအရင်
ပိတ်ရက် မရှိပါ

အခန်း (B-1)၊ မြေညီထပ်၊ တိုက် (၄၀)၊ မဟာမြိုင်အိမ်ရာထိပ် (မဟာရန်ကုန်ဆိုင်အနီး)၊ ဦးဝိစာရလမ်း၊ (၄၁) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၇၉၁



www.burmeseclassic.com

www.burmeseclassic.com

# လက်ဖက်ရည်နှင့် ဆေးပညာ

လျှမ်းထက်




လွန်ခဲ့သော နှစ်ပေါင်း(၆၀)ခန့်က ရန်ကုန်မြို့ လတ္တာလမ်း(ယခု လသာလမ်း) ပလက်ဖောင်းပေါ်တွင် ဆိုင်ခင်း၍ ရောင်းသော အဖန်ရည် (လက်ဖက်ရည်ကြမ်း) ဆိုင်ကလေးကို ယနေ့ထိ သတိရနေသည်။ တသသလည်း ဖြစ်နေမိသည်။ ထိုစဉ်က ကျွန်တော်တို့မှာ ရန်ကုန်တက္ကသိုလ် ပညာရေး မဟာဌာန (ယခု ပညာရေးတက္ကသိုလ်)တွင် ပညာရေးဘွဲ့လွန်သင်တန်း တက်နေသော ကျောင်းသားကြီးများ ဖြစ်ကြသည်။

ကျောင်းပိတ်ရက် ညဦးပိုင်းများတွင် ကျွန်တော်တို့သည် တကောင်းကျောင်းဆောင်မှ အထက်ဖော်ပြပါ အဖန်ရည်ဆိုင်ကလေး ရှိရာသို့ မကြာခဏသွားရောက်၍ လက်ဖက်ရည်ကြမ်းသောက်လေ့ရှိ၏။ လက်ဖက်ရည် ပန်းကန် သေးသေးကလေးများနှင့် ချထားသော စားပွဲဝိုင်းကလေးတွင် နာမည်ကျော် မျောက်တံဆိပ်လက်ဖက်ခြောက် ခတ်ထားသည့် လက်ဖက်ရည်ကြမ်းနှင့် တရုတ်ပဲမုန့်များကို စကားတပြောပြောနှင့် သောက်စားနေကြသည်။ တရုတ်အဘိုးကြီးများကို အားကျသဖြင့် ထိုအဖန်ရည်ဆိုင်ကလေး ရှိရာသို့ မကြာခဏ ခြေဦးလှည့်ခဲ့ကြခြင်းဖြစ်သည်။

ထိုစဉ်ကာလက ကျွန်တော်တို့သည် တရုတ်အမျိုးသား ကမ္ဘာကျော် စာရေးဆရာကြီး ဒေါက်တာလင်ယူတန် ရေးသော "လူ့ဘဝ အရသာ" (The importance of Living) ဟူသော အရောင်းရစံချိန်တင်သည့် စာအုပ်ကို ဖန်တစ်ရာတေအောင် ဖတ်ရှုခဲ့ကြပြီး တရုတ်လူမျိုးတို့၏ လက်ဖက်ရည် ယဉ်ကျေးမှု ဓလေ့ထုံးစံကို အားကျနေကြသည့်အချိန် ဖြစ်သည်။

ထိုစဉ်ကာလက တရုတ်အမျိုးသား ကမ္ဘာကျော်စာရေးဆရာကြီး လင်ယူတန်သည် အရှေ့တိုင်း မျိုးဆက်သစ် လူငယ်များပေါ်တွင် ဩဇာလွှမ်းမိုးခဲ့သော အောင်မြင်ပေါက်ရောက်သည့် စာရေးဆရာတစ်ယောက် ဖြစ်သည်သာမက အနောက်တိုင်းစာပေလောကတွင်လည်း အထိုက်အလျောက် ထင်ရှားသော စာရေးဆရာတစ်ယောက် ဖြစ်နေသည့်အချိန် ဖြစ်၏။

သူ့အကြောင်းနှင့် သူ့စာအုပ်များအကြောင်း မြန်မာစာဖတ်ပရိသတ် သိရှိအောင် ပြုလုပ်ခဲ့သူမှာ ကွယ်လွန်သူ စာရေးဆရာကြီးတင့်တယ် ဖြစ်ပါသည်။ ထိုကာလက စာရေးဆရာကြီးတင့်တယ်အား စာပေအကဲဖြတ်သူများက နှုတ်ခမ်းနီတို့၏ အသည်းစွဲ စာရေးဆရာကြီးဟု ကင်ပွန်းတပ်ခဲ့ကြသည်။

သူ့ဝတ္ထုများ၊ သူ့ဆောင်းပါးများသည် ကျွန်တော်တို့အား ဩဇာလွှမ်းမိုးနေချိန် ဖြစ်သည်။ စာရေးအားကောင်းသူ တစ်ယောက်လည်း ဖြစ်ရကား ကလောင်ခွဲအမျိုးမျိုးဖြင့် ဝတ္ထု၊ ဆောင်းပါးများကို စက်ဖြင့်လှည့်ထုတ်သကဲ့သို့ ရေးသားနိုင်သူဖြစ်၏။

သူသည် ရှုမဝမဂ္ဂဇင်းကြီးတွင် အထက်ဖော်ပြပါ တရုတ်အမျိုးသား စာရေးဆရာ လင်ယူတန်အကြောင်းနှင့် သူ၏အရောင်းရစံချိန်တင်သော "လူ့ဘဝ အရသာ" စာအုပ်အကြောင်း ရေးသားခဲ့ရာမှ ကျွန်တော်တို့သည် လင်ယူတန်၏ လူ့ဘဝအရသာ စာအုပ်ကို လက်လှမ်းမီသလောက် ရှာဖွေဖတ်ရှုခဲ့ကြရ၏။

လင်ယူတန်၏ အဆိုအရ အဖန်ရည် သို့မဟုတ် လက်ဖက်ရည်ကြမ်း သောက်သည့်ဓလေ့သည် တရုတ်လူမျိုးတို့ထံမှ ဆင်းသက်လာသည်ဟုဆိုသည်။





www.burmeseclassic.com

www.burmeseclassic.com

အထက်ဖော်ပြပါ သူ၏ လူ့ဘဝအရသာ စာအုပ်တွင် အဖန်ရည်သောက်နည်းနှင့် ပတ်သက်၍ ထူးထူးခြားခြား လက်တစ်ဆုံးနှိုက်လေ့လာပြီးရေးသားခဲ့သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် လက်ဖက်ရည် ဒဿနကို ရေပက်မဝင်အောင် အသေးစိတ်ရေးခဲ့သည်။

လက်ဖက်ရည်ကို မည်သည့်ရေဖြင့် ကျိုရမည်။ လက်ဖက်ရည်အိုးကို မည်သည့်အိုးကို အသုံးပြုရမည်။ လက်ဖက်ခြောက်ကို တရုတ်နိုင်ငံ မည်သည့်ပြည်နယ်မှ ထွက်သည်ကို အသုံးပြုရမည်။ လက်ဖက်ရည်ကြမ်း မွှေးရန် မည်သည့်အနံ့ ထည့်ရမည်။ သောက်သည့်အခါ မည်သည့်ပန်းကန်ကို အသုံးပြုရမည်။ လက်ဖက်ရည်ဝိုင်းတွင် မည်သည့်အမြည်းတွေနှင့် မြည်းရမည်။ စကားပြောကြရာတွင်ပင်မည်သည့်အကြောင်းအရာတွေကိုပြောရမည်ဟု အသေးစိတ်ရေးသားဖော်ပြခဲ့သဖြင့် ကျွန်တော်တို့သည် မကြာခဏဆိုသလို လတ္တာလမ်း (လသာလမ်း)က အဖန်ရည်ဆိုင်ကလေးသို့ မကြာခဏ ခြေဦးလှည့်ခဲ့ကြသည်။

မှန်ပါသည်။ တရုတ်လူမျိုးတို့၏ လက်ဖက်ရည် ယဉ်ကျေးမှုသည် အံ့ဖွယ်ဖြစ်၏။ တရုတ်ဂန္ထဝင်ဝတ္ထုကြီးဖြစ်သော "The dream of red chambers" (ယင်းဂန္ထဝင်ဝတ္ထုကြီးကို ဆရာမြသန်းတင့်က ခန်းဆောင်နီအိပ်မက် အမည်ဖြင့် တိုက်ရိုက်မြန်မာဘာသာ ပြန်ဆို ထုတ်ဝေပြီးဖြစ်သည်။) ခန်းဆောင်နီအိပ်မက် ဝတ္ထုကြီးတွင်လည်း လက်ဖက်ရည်သောက်နည်း ဒဿနကို ဖတ်ရှုခဲ့ကြရသည်။

တရုတ်နိုင်ငံမြောက်ပိုင်း ဆွမ်မူတောင်ပေါ်မှာပေါက်သော ဆီးတော်ပင်များ၏ အရွက်များတွင် တင်နေသောနှင်းရည်များကို ကြွေအိုးနှင့်ထည့်၍ မြေတွင် ငါးနှစ်တိတိ မြှုပ်ခဲ့ပြီးမှ ယင်းရေဖြင့် လက်ဖက်ရည်ကျိုရမည်ဖြစ်၏။ လက်ဖက်ရည်သောက်ရာတွင် ပထမခွက်သည် မြည်းရန်ဖြစ်ပြီး ဒုတိယခွက်သည် လူမိုက်များကို ရေငတ်ပြေစေရန်ဖြစ်၏။ တတိယခွက်သည် နွားတစ်ကောင် ရေချိုးပေးရန် ဖြစ်၏။

အဓိပ္ပာယ်မှာ လက်ဖက်ရည်ကောင်းကောင်းဆိုလျှင် တစ်ခွက်တလေသာသောက်ရသည်။ များများမသောက်ရ။ တရုတ်သမိုင်းသုတေသီတို့၏ အဆိုအရ လက်ဖက်ရည် သို့မဟုတ် အဖန်ရည် သောက်ခြင်းဓလေ့ကို တရုတ်လူမျိုးတို့သည် ခရစ်တော်မပေါ်မီ ဘီစီ ၆၀၀ ခန့်က စတင်ခဲ့သည်ဟု ဆို၏။

တာအို ခေါ် တောက်တဲ့ကျင့်ဝါဒကို ဟောပြောပို့ချခဲ့သော မဟာပညာရှင် လောင်ရှုသည် လောကီ လူ့ဘောင် အရှုပ်အထွေးကို စိတ်ကုန်ခန်းသဖြင့် တောရပ်မှီရန် ခွန်လွန်တောင်ရိုးသို့ ကျွဲစီး၍ ထွက်ခဲ့သည်ဟု ဆိုသည်။ ထိုစဉ်ကာလက ခွန်လွန်တောင်တန်းတွင် မယ်တော် ဆီဝှမ်းမူ ရှိခဲ့ပြီး တရုတ်နိုင်ငံမှ ထွက်ရပ်လမ်းလိုက်သည့် ဂန္ဓာရီပညာရှင်များ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များအားလုံး စုဝေး၍ တရားသဘင် ကျင်းပလေ့ရှိသည်ဟု ဆိုကြသည်။

သို့ဖြစ်၍ လောင်ရှုသည် ခွန်လွန်တောင်တန်းသို့ ဂန္ဓာရီခရီး ထွက်ခဲ့ခြင်း ဖြစ်သည်။ ဤတောင်ကြားတွင် လောင်ရှုသည် ယင်စီ ဆိုသူနှင့်တွေ့၏။ ယင်စီ ဆိုသူမှာ ခွန်လွန်တောင်ကြားကို စောင့်ရှောက်သူဖြစ်သည်။ ယင်စီက လောင်ရှုအား လက်ဖက်အဖန်ရည်ဖြင့် ဧည့်ခံသည်။ ထိုအချိန်မှစ၍ တရုတ်လူမျိုးတို့သည် လက်ဖက်ရည်ကြမ်း အဖန်ရည်ဖြင့် ဧည့်ခံသောဓလေ့ ရရှိလာသည်ဟု ဆိုသည်။

ကျွန်တော်တို့ မြန်မာပညာရှိများ၏ အယူအဆမှာ ပုဂံမင်းဆက် အလောင်းစည်သူမင်းကြီးသည် ငှက်တစ်ကောင်၏ အစာအိမ်အတွင်းမှ ထူးဆန်းသော သစ်စေ့တစ်စေ့ကို ရရှိသည်ဟုဆိုသည်။ ထိုသစ်စေ့ကို ရှမ်းပြည်တောင်ပိုင်း တောင်ရိုးတွင်နေထိုင်သူ လူမျိုးများကို စိုက်ပျိုးစေခဲ့သည်။ ထိုသစ်စေ့ကို တောင်ပေါ်သားတို့က လက်တစ်ဖက်ဖြင့် ခံယူသည်ကို အစွဲပြု၍ လက်တစ်ဖက်မှ လက်ဖက်ဖြစ်လာသည်ဟု အဆိုရှိသည်။

လက်ဖက်ကို ပလောင်လူမျိုးတို့၏ ဘာသာစကားဖြင့် "ပြန်" ဟုခေါ်သည်။ ရှမ်းဘာသာစကားဖြင့် "နိမ့်" ဟုခေါ်သည်။ အဓိပ္ပာယ်အားဖြင့် "စလုတ်" ဟူ၏။ အလောင်းစည်သူမင်းကြီးက ငှက်စလုတ်တွင်းမှ ရသော သစ်စေ့ကို ပေးအပ်သည် ဟူသော ဖြစ်စဉ်နှင့် ညီညွတ်သည်ဟု အများကဆိုကြသည်။

လက်ဖက်ရည်ကို အိန္ဒိယဘာသာစကားအားဖြင့် "ချာရေး" ဟုခေါ်ပြီး ဂျပန်ဘာသာအားဖြင့် "အိုချာ" ဟုခေါ်သည်။ တရုတ်တို့သည် လက်ဖက်ရည်ကို Ocha ပြည်နယ်တွင် စတင်တွေ့ရှိရခြင်းဖြစ်ရာမှ ထိုဝေါဟာရကို သုံးစွဲဟန်ရှိသည်ဟု ဆိုကြသည်။

အချို့ကမူ လက်ဖက်ခြောက် "Tea" ဟူသော ဝေါဟာရမှာ တရုတ်နိုင်ငံ တောင်ပိုင်း ဖူကင်ပြည်နယ်တွင် တေ "Tay" ဟု ခေါ်ဝေါ်ရာမှ ဆင်းသက်လာဟန်ရှိသည်ဟု ဆိုကြသည်။ ယင်းလက်ဖက်ခြောက်ကို မလေးကျွန်းဆွယ်တွင် လာရောက်နေထိုင်ကြသည့် တရုတ်လူမျိုးတို့က စတင်သုံးစွဲခဲ့ရာတွင် ထိုဓလေ့ကို အာရပ်ကုန်သည်များက အားကျခဲ့ရာ လက်ဖက်ခြောက်အား ပါရှားနှင့် အာရေဗျနိုင်ငံများသို့ပါ တင်သွင်းခဲ့ကြသည်။

ပါရှားနှင့် အာရေဗျ စူလတန်ဘုရင်များကလည်း ဤတရုတ်အဖန်ရည်သည် စိတ်ကို ရွှင်လန်းစေသည့် အဖျော်ရည်ဟု ယူဆကြ၏။ ထိုမှတစ်ဆင့် ခရစ်နှစ် ၁၇၄၅ ခုတွင် အင်္ဂလန်နိုင်ငံသို့ အာရပ်ကုန်သည်များသည် လက်ဖက်ခြောက်တင်ပို့ခဲ့ကြ၏။

ဤတွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဘုရင့်ကုန်သွယ်ရေးဌာနမှ အရှေ့တိုင်းမှ လက်ဖက်ခြောက်များကို ဝယ်ယူ၍ အနောက်ဥရောပတိုက် နိုင်ငံများသို့ဖြန့်ဖြူးခဲ့ရာမှ လက်ဖက်ရည်သောက်



www.burmeseclassic.com

www.burmeseclassic.com

မလေ့သည် ကမ္ဘာ့တစ်နံတစ်လျား ကူးစက်သွားခဲ့သည်ဟု သုတေသီများက ယူဆကြသည်။

အမေရိကန် ပြည်ထောင်စုသမိုင်းတွင် မိခင် အင်္ဂလန်နိုင်ငံမှ လက်ဖက်ခြောက် တင်သွင်းမှုအပေါ် အခွန်တော်တို့ ကောက်ခဲ့ရာမှ စစ်မက်ဖြစ်ပွားခဲ့ရသည်ကို ကမ္ဘာ့သမိုင်းတွင် မှတ်တမ်းတင်ထားခဲ့၏။ လက်ဖက်ခြောက်သုတေသီများ၏ မှတ်တမ်းအရ ဗြိတိသျှ အမျိုးသားများသည်လက်ဖက်ရည်အသောက်ဆုံး လူမျိုးများ ဖြစ်သည်ဟု သိရ၏။ ဗြိတိသျှအမျိုးသား တစ်ဦးလျှင် ပျမ်းမျှ တစ်နေ့လျှင် လက်ဖက်ခြောက် ကိုးပေါင်နှင့် ကိုးအောင်စ သောက်သည်ဟု သိရ၏။

အခြားသော လက်ဖက်ရည်အသောက်ဆုံး နိုင်ငံများမှာ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဩစတေးလျနိုင်ငံနှင့် အခြားအာရှတိုက်နိုင်ငံများ ဖြစ်သည်ဟု လက်ဖက်ခြောက်သုတေသီများက ဆိုကြ၏။

မှတ်တမ်းများအရ လက်ဖက်ရည် သောက်သုံးမှုနှင့် ပတ်သက်၍ စနစ်တကျ သုတေသနပြုခဲ့သော နိုင်ငံမှာ ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ (ယနေ့ ရုရှား)မှ ပညာရှင်များဖြစ်သည်။ ယူကရိန်းပြည်နယ် ကိဗ်မြို့ တက္ကသိုလ်ကျောင်းတိုက်ကြီး ရူပဗေဒဌာနတွင် ကြွက်ကလေးများကို လက်ဖက်ရည်တိုက်၍ လက်ဖက်ရည်၏ အာနိသင်ကို စမ်းသပ်ခဲ့ကြသည်။

ပထမ ကြွက်များကို ရေဒီယံဓာတ်ပြု၍ သွေးနီဥနည်းသော ရောဂါဝေဒနာ စွဲကပ်စေခဲ့သည်။ ယင်းကြွက်များကို အုပ်စုခွဲပြီး တစ်အုပ်စုကို လုံးဝမည်သည့်ဆေးမျှ ပေးခြင်းမပြုခဲ့။ တစ်အုပ်စုကိုမူ လက်ဖက်ခြောက်အဆီကို ကိုယ်တွင်းသို့ ထိုးသွင်းပေးသည်။ လက်ဖက်ခြောက်အဆီ ထိုးပေးသော ကြွက်များသည် အခြားသောကြွက်များထက် အသက်ပိုရှည်သည်ဟု ဆိုသည်။

ရှေးအစဉ်အလာအရ လက်ဖက်ရည်ကို အိပ်ရာဝင်စ သောက်သုံးပါက အိပ်မပျော်သော ရောဂါဝေဒနာ စွဲကပ်သည် ဟူ၍လည်းကောင်း၊ လက်ဖက်ရည်အချိုအား စွဲစွဲမြဲမြဲ ထာဝစဉ်သောက်သုံးပါက လေထိုး လေအောင့် အစာမကြေသောရောဂါဝေဒနာ စွဲကပ်သည်ဟု ယူဆခဲ့ကြ၏။

သို့သော် ယနေ့သုတေသီအများ၏ သုတေသနပြုချက်များအရ ဆိုရသော် လက်ဖက်ရည်ကို စွဲစွဲမြဲမြဲသောက်သုံးခြင်းဖြင့် ကင်ဆာရောဂါ ဝေဒနာဖြစ်ပွားမှုကို အထိုက်အလျောက် ကာကွယ်နိုင်သည်ဟု ဆိုသည်။ ယခင်ဆိုဗီယက်ပြည်ထောင်စု သမ္မတနိုင်ငံ (ယနေ့ ရုရှား)သုတေသီများ၏ ထုတ်ဖော်ပြောဆိုချက်အရ ဆိုရသော် လက်ဖက်ရည်ကို စွဲစွဲမြဲမြဲ သောက်သုံးခြင်းဖြင့် သွေးတိုးရောဂါ၊ အသည်းရောင်ရောဂါ၊ အဆစ်အမြစ်ကိုက်ခဲသော ဝေဒနာများကို သက်သာစေသည်ဟု ဆိုသည်။

လက်ဖက်ရည် သောက်ခြင်းအားဖြင့် ချွေးထွက်များစေ၏။ ဤသို့ ချွေးထွက်များစေခြင်းဖြင့် လူ့ခန္ဓာကိုယ်ရှိ အရေပြား အပေါက်ကလေးများကို သန့်ရှင်းစေရာ အရေပြားပေါ်တွင် အဖုအပိမ့်ဖြစ်ခြင်းကို ကာကွယ်သည်ဟု သိရ၏။ တရုတ်လူမျိုးတို့၏ ခရစ်တော်မပေါ်မီ ဘီစီ ၃၀၀၀ ခန့်က ရေးသားပြုစုခဲ့သည်ဟု ဆိုသော 'ပင်ဆောင်' အမည်ရှိ ဆေးကျမ်းကြီးတွင်မူ လက်ဖက်ပင်၊ လက်ဖက်ရွက် ပဥ္စင်းပါး၏ အာနိသင်ကို အသေးစိတ် ရေးသားဖော်ပြခဲ့သည်။

လက်ဖက်ရည်သောက်သုံးခြင်းဖြင့် အသားအရေကို တင့်တယ်လှပစေသည်ဟုဆိုသည်။ ထိုစဉ်ကာလက နန်းတွင်းသူများအား အသားအရေ လှပစေရန် လက်ဖက်ရည်ကို ထာဝစဉ်သောက်သုံးစေသည်ဟု သိရ၏။

မြန်မာ့ဆေးကျမ်း ဓာတ်ကျမ်းများတွင်လည်း လက်ဖက်ရည်နှင့် လက်ဖက်အား ဆေးဖက်တစ်ခု ဖြစ်ကြောင်း ပြဆိုထားသည်။ သာဓကအားဖြင့် သွားများ ရေစီးကမ်းပြိုရောဂါ စွဲကပ်ပါက လက်ဖက်ခြောက်၊ မဖောက်ထုံး၊ ဒုတ္ထာတို့အား စုပေါင်းအမှုန့်ကြိတ်၍ သွားများကို လိမ်းပေးပါက ရေစီးကမ်းပြိုဝေဒနာမှ သက်သာစေသည်ဟု ဆိုသည်။ ဝမ်းဖော ဝမ်းရောင် ရောဂါဝေဒနာများကိုလည်း လက်ဖက်ရည်က သက်သာစေသည်ဟု သိရ၏။

လက်ဖက် သို့မဟုတ် အဖန်ရည်နှင့် ပတ်သက်၍ ဓာတ်စာရေးထုံးကျမ်းများတွင် လက်ဖက်သည် အအေးလွန်ကဲသည်။ ဖန်သည်။ လေကို ရှင်စေသည်။ ဆီးဝမ်းလေ ချုပ်လျှင် သို့မဟုတ် အောင့်လျှင် လက်ဖက်စိမ်းရည်နှင့် သနပ်ခါးကို အမျှယူ၍ ဆားစိမ်း၊ ဆားမီးဖုတ် သင့်ရာနှင့်ရော၍ သောက်ပါက ရောဂါဝေဒနာများမှ ကင်းဝေးစေသည်ဟု အဆိုရှိ၏။

ရှုတော်မူ ဆေးအဘိဓာန်ကျမ်းတွင်မူ လူတို့တွင် အာပေါဓာတ်ငုပ်ပါက ကိုယ်လက်နွမ်းနယ်ခြင်း၊ မောပန်းခြင်း၊ အိပ်မပျော်ခြင်း၊ ခံတွင်းခါးခြင်းများ ဖြစ်တတ်၏။ ဤသို့ဖြစ်လျှင် လက်ဖက် ဆီဆမ်းစားခြင်း၊ သခွား၊ ဖရဲကို သကြားနှင့် စားပေးခြင်းဖြင့် သက်သာစေသည်ဟု ဆိုသည်။

လက်ဖက် သို့မဟုတ် လက်ဖက်ရည်သည် မြန်မာ့ဆေးကျမ်း ဓာတ်ကျမ်းများတွင် ရောဂါဝေဒနာ သက်သာစေသောဆေးကောင်းတစ်လက်ဖြစ်ကြောင်း ပြဆိုခဲ့သည်သာမက ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော တရုတ်ဆေးကျမ်းများနှင့် ဂျပန်ဆေးကျမ်းများတွင် လက်ဖက်ရည်သောက်ခြင်းသည် ဦးနှောက်ကြည်လင်၍ ထိုင်းမှိုင်းခြင်းကို ပျောက်စေပြီး မျက်စိအကြည်ဓာတ်ကို ကောင်းစေသည်ဟု အဆိုရှိပါကြောင်း။

❐ လှမျိုးထက်

ကျမ်းကိုး: (1) Important of living By Lin Yutan. (2) TEA CHINGS



www.burmeseclassic.com

www.burmeseclassic.com

# အသင့် ဗိုက်နာသောအခါ သတိရပါ

**ဒေါက်တာ ခိုက်တင်ဇေးလ်**

သူရှိနေတဲ့အခါ သူ့မှာရှိသမျှ ခွန်အားလေးနဲ့ နိုင်သလောက် အလုပ်လုပ်ပေးပြီး သူမရှိလည်း ဘာမှမဖြစ်ပါဘူးဆိုတဲ့ အင်္ဂါအစိတ်အပိုင်း တစ်ခု ကျွန်မတို့ရဲ့ခန္ဓာကိုယ်ထဲမှာ ရှိနေပါတယ်။


တစ်ခါတစ်ရံ အိမ်ထဲမှာနေရင်း ဖြစ်တတ်သလို တစ်ခါတလေ ခရီးသွားရင်း ရုတ်တရက် ကောက်ကာငင်ကာ ဖြစ်တတ်တာမို့ ခရီးသွားဖော်တွေကို အထိတ်တလန့် ပျာယာခတ်စေတာဟာလည်း သူပါပဲ။

ဗိုက်နာတယ်ဆိုပြီး လူးလှိမ့် အော်ဟစ် ညည်းညူကြရတဲ့ ရောဂါဝေဒနာများစွာ ရှိတဲ့အနက် တစ်မျိုးကတော့ အူအတက်ရောင်ခြင်းပါပဲ။

အူအတက်ဆိုတာ ကျွန်မတို့ရဲ့ ခန္ဓာကိုယ်မှာ အစကတည်းက ရှိပြီးသားပါ။ လူတိုင်းမှာ အူအတက် ပါပါတယ်။ ဆေးပညာအရ Vermiform Appendix လို့ ခေါ်ပါတယ်။ သူဟာ သန္ဓေသား ဖွံ့ဖြိုးချိန်မှာ ဆင့်ကဲတိုးတက်ပြောင်းလဲမှု Evolution နဲ့ ဆိုင်တာပေါ့။ သတ္တဝါတွေ အဆင့်ဆင့်ပြောင်းလဲလာပြီး လူရယ်လို့ ဖြစ်လာရင် ပိုပြီး အဆင့်အတန်းမြင့်တဲ့ သတ္တဝါအနေနဲ့ အဲဒီမှာ အူအတက်လေးက ကျန်နေပါတယ်။

ဒါကြောင့်မို့ လူတိုင်းမှာ အူအတက်လေးက ရှိနေပါတယ်။

များသောအားဖြင့် အူအတက်က ဘယ်မှာရှိသလဲဆိုတော့ ဗိုက်ခေါင်းထဲမှာ အူသိမ်ပိုင်းနဲ့ အူမကြီးပိုင်းဆိုတာ ရှိတဲ့နေရာမှာ အူသိမ်နဲ့ အူမကြီး ဆုံတဲ့နေရာ အူမကြီးရဲ့ပထမဆုံးအပိုင်းနားမှာ ကပ်ပြီးတော့ အူအတက်လေးက ရှိနေပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်အတွက် အူအတက်ဟာ ဘာမှအသုံးမဝင်တဲ့ အင်္ဂါတစ်ခု ဖြစ်တယ်လို့ ယူဆချက် ရှိပါတယ်။ အဲဒီလိုတော့လည်း မဟုတ်ပါဘူး။ အူအတက်က လူအတွက် အလုပ်လုပ်ပေးတဲ့အထဲမှာ ပါပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ သူက အူထဲမှာရှိတဲ့ Lymphoid တစ်သျှူးတွေ။ Lymphoid တစ်သျှူးဆိုတာ ခန္ဓာကိုယ်မှာ အလွန်အရေးကြီးပါတယ်။ ကိုယ်ခံအားနဲ့ ပတ်သက်ပါတယ်။ အူနဲ့ပတ်သက်တဲ့ ကိုယ်ခံအားနဲ့လည်း သက်ဆိုင်ပါတယ်။

ဒါပေမယ့် အူအတက်လေးက အရွယ်အစားအားဖြင့် သေးသေးလေးဆိုတော့ သူ့မှာပါတဲ့ Lymphoid တစ်သျှူးက များများစားစားကြီးတော့ မဟုတ်ပါဘူး။ ဒီတော့ ကိုယ်ခန္ဓာထဲက အူအတက်ကို ဖယ်ထုတ်လိုက်လို့လည်း ဘာမှဖြစ်မသွားဘူးပေါ့။

အရေးပေါ် ခွဲစိတ်ကုသမှု အားလုံးမှာ နံပါတ်(၁) အများဆုံးက အူအတက်ရောင်ရောဂါပါ။ ဘာကြောင့် အူအတက်ရောင်ရောဂါ ဖြစ်ရသလဲဆိုတာ သိထားသင့်ပါတယ်။

အူအတက်လေးက သေးသေးလေး ဖြစ်တဲ့အတွက်ကြောင့် တစ်ခါတစ်ခါကျရင် အထဲကို တစ်ခုခုဝင်ပြီး ပိတ်ဆို့တတ်လို့ပါပဲ။ မစင်တုံးလေး သေးသေးလေးဝင်ပြီးတော့ ပိတ်တာလည်း ဖြစ်နိုင်ပါတယ်။ တစ်ခါတလေမှာ သန်ကောင်ကြောင့် ပိတ်တာလည်း ဖြစ်နိုင်ပါတယ်။ တစ်ခါတလေကျတော့ အူအတက်ထဲကို ဘာမှ ဝင်ပိတ်တာမဟုတ်ဘဲနဲ့ အူအတက်နံရံက Lymphoid တစ်သျှူးက ကြီးလာပြီး သူ့ဘာသာသူ ပိတ်သွားတာလည်း ဖြစ်နိုင်တာပါပဲ။

ဘာကြောင့်ပဲဖြစ်ဖြစ် အူအတက်ရဲ့အဝ ဒါမှမဟုတ် သူ့ရဲ့ပြွန် တစ်နေရာရာမှာ ပိတ်ဆို့မှုဖြစ်ရင် သူ့အထဲက အရည်တွေဟာ အပြင်မထွက်နိုင်တော့ပါဘူး။ အူအတက်က အူမကြီးနဲ့ တိုက်ရိုက်ဆက်နေတာမို့ သူ့အထဲမှာ ရောဂါပိုးတွေက အပြည့်ရှိပါတယ်။ အဲဒီတော့ ရောဂါပိုးတွေက ပွားလာပြီး အူအတက်ရောင်လာတာ ဖြစ်နိုင်ပါတယ်။

သုတေသန မှတ်တမ်းတွေအရ တချို့တလေ အူအတက်က အနည်းငယ်ပဲ ရောင်တာပါ။ ပိတ်တာလည်း သိပ်မများဘူးဆိုရင် ပြန်ကောင်းသွားနိုင်ပါတယ်။ တစ်ခါတစ်ခါ ကိုယ်ခံအားတော်တော်ကောင်းတဲ့သူဆိုရင် သူဟာသူ ပြန်ကောင်းသွားတာလည်း ရှိပါတယ်။ ဒါပေမယ့် ဒီလိုကောင်းတယ်ဆိုတဲ့သူဟာ များသောအားဖြင့် ငါးယောက်မှာ တစ်ယောက်လောက်ပဲ ရှိပါတယ်။

တစ်ခါတစ်ခါကျရင် အူအတက်က ပြန်ကောင်းမသွားဘဲ အထဲမှာရှိတဲ့ အရည်တွေက တအားများလို့ ဖိအားတက်လာပြီး အူအတက်တစ်ခုလုံး ပုပ်သွားတတ်ပါတယ်။ ဖိအားတအားများတဲ့အခါ အူအတက်က ပွင့်ထွက်သွားတတ်ပါတယ်။ အဲဒီအခါ ဗိုက်ထဲမှာရှိတဲ့ အူဖုံးအမြှေးတွေ၊ အတွင်းအင်္ဂါတွေကို ရောင်စေပါတယ်။

အူဖုံး အမြှေးရောင်ပြီး ဗိုက်တစ်ခုလုံး ရောင်ရင် ကိုယ်ခန္ဓာကနေ ပိုးကို ပြန်တိုက်ဖျက်တဲ့အခါ စစ်ပွဲဖြစ်တာပေါ့။ အဲဒါကို Severe Sepsis လို့ ခေါ်ပါတယ်။ အရင်တုန်းကတော့ Septicaemia လို့ ခေါ်တာပေါ့။ အဲဒီလိုဖြစ်ရင် အသက်ဆုံးရှုံးဖို့ အလားအလာ ပိုများပါတယ်။

ဘယ်လောက်အထိ ဖြစ်သလဲဆိုရင် တချို့နေရာတွေမှာ အဲဒီလိုလူနာ (၁၀)ယောက်မှာ သုံးယောက်လောက် အသက်ဆုံးတာ တွေ့ရပါတယ်။

အခြေအနေ ပိုဆိုးပြီး ဆေးရုံရောက်လာတာလည်း နောက်ကျတယ်ဆိုရင် (၁၀)ယောက်မှာ (၇)ယောက်နှုန်း သေဆုံးနိုင်ပါတယ်။ ဒါက အူအတက်ရောင် ရောဂါရဲ့ အစွန်းနှစ်ဖက် အခြေအနေပါ။

**အူအတက်လေးက သေးသေးလေး ဖြစ်တဲ့အတွက်ကြောင့် တစ်ခါတစ်ခါကျရင် အထဲကို တစ်ခုခုဝင်ပြီး ပိတ်ဆို့တတ်လို့ပါပဲ**

နည်းနည်းပါးပါး အူအတက်ရောင်တာ (Mild Appendicitis) ဆိုရင် သူ့ဘာသာသူ ပျောက်ကင်းတတ်ပါတယ်။ ဗိုက်ခေါင်းထဲ ပေါက်ထွက်တဲ့ အူအတက်ရောင်တာ (Burst Appendicitis (or) Perforated Appendicitis) ဆိုရင်တော့ သေနှုန်းက သိပ်များပါတယ်။ ဒီအစွန်းနှစ်ဖက်ရဲ့ကြားထဲမှာ အဆင့်ဆင့် ဖြစ်တတ်ပါတယ်။

တချို့လူငယ်၊ လူရွယ်ပိုင်း ကိုယ်ခံအားလည်း ကောင်းတယ်။ ကိုယ်ခန္ဓာအင်္ဂါတွေက အလုပ်အပြည့် လုပ်ကြတော့ တစ်ခါတစ်ခါမှာ ဗိုက်ထဲမှာရှိတဲ့ အဆီပြင်က အူအတက်ကို သွားပြီး ဖုံးအုပ်ပေးပါတယ်။ အူအတက်ပေါက်ရင်တောင်မှ အူဖုံးမြှေးတွေ မရောင်သွားအောင် ကာကွယ်ထားပေးတာပါ။ ဒါကို Appendicular Mass လို့ခေါ်ပါတယ်။ အဲဒါမျိုးအခြေအနေဖြစ်သွားရင် လူနာ ကံကောင်းတယ်လို့ ပြောနိုင်ပါတယ်။

များသောအားဖြင့် အူအတက်က အင်မတန် ရောင်နေပေမယ့် ကံကောင်း ထောက်မလို့ ကိုယ်ခံအားကောင်းတော့ သွားထိန်းလိုက်တာမို့ အူအတက်က အရမ်းကြီး မပွင့်ထွက်သွားဘူးပေါ့။ ဒါက ကြားအခြေအနေပါ။ အဲဒီလို အခြေအနေမှာ ကုထုံးက နည်းနည်းပြောင်းသွားတာ ရှိပါတယ်။

အသက် နည်းနည်းကြီးတဲ့ လူတွေ ဥပမာအားဖြင့် အသက် ၅၅၊ ၆၀ နှစ်ပတ်ဝန်းကျင်နောက်ပိုင်း လူကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com

မှာ အူအတက်ရောင်ပြီဆိုရင် များသောအားဖြင့် သူ့ရဲ့အောက်ခံအကြောင်းရင်းဟာ အူအတက်ရောင်တာ မဟုတ်ဘဲ အူအတက်ရောင်တာက ဟန်ပြပဲပေါ့။ သူတို့ရဲ့ တကယ့်ရောဂါက အူကင်ဆာ ဖြစ်ရင်ဖြစ်နေတတ်ပါတယ်။

အူကင်ဆာက အူအတက်ကို ပိတ်နေတာကြောင့်လည်း အူအတက်ရောင်တယ်ဆိုရင် အရေးကြီးပါတယ်။ ချက်ချင်းမခွဲသေးရင်တောင် တစ်ချိန်ချိန်မှာ ခွဲဖို့ပြင်ဆင်ရပါတယ်။ ဆေးရုံတက်သင့်တာပေါ့။ ရောဂါကို ပိုပြီးသေချာအောင် စမ်းသပ်စစ်ဆေးမှုတွေ အသေးစိတ် ပြုလုပ်ဖို့ စီစဉ်ရပါတယ်။

အူအတက်ရောင် ရောဂါက ဘယ်အရွယ်မှာ ဖြစ်သလဲဆိုရင် ဆယ်ကျော်သက်ကစပြီး အသက် ၆၀၊ ၇၀ ကျော်အထိ ဖြစ်တတ်ပါတယ်။ တစ်ခါတစ်ခါလည်း အသက်ငယ်ငယ်လေးနဲ့ ဖြစ်နိုင်ပါတယ်။ များသောအားဖြင့် လူငယ်၊ လူလတ်ပိုင်းမှာ အဖြစ်များပါတယ်။ အသက် ၃၀၊ ၄၀ ပတ်ဝန်းကျင်မှာ အဖြစ်များတာပေါ့။

အင်း. . . ယောကျ်ားနဲ့ မိန်းမ ဘယ်သူ ပိုဖြစ်သလဲနှိုင်းယှဉ်ကြည့်မယ်ဆိုရင် သုတေသန မှတ်တမ်းများအရ ယောကျ်ားမှာ နည်းနည်းပိုအဖြစ်များပါတယ်။ မိန်းမတွေမှာကျတော့ တစ်ခါတစ်ခါကျရင် အူအတက်ရောင်တာလို့ ထင်ပြီး ခွဲစိတ်လိုက်တဲ့အခါ အူအတက်ရောင်တာ မဟုတ်ဘဲ တခြားရောဂါကြောင့်ဆိုတာ တွေ့ရတတ်ပါတယ်။

ဘာဖြစ်လို့လဲဆိုရင် မိန်းကလေးတွေမှာ သားဥအိမ်တို့၊ သားဥပြွန်တို့လို မျိုးပွားအင်္ဂါပတ်ဝန်းကျင်မှာဖြစ်တဲ့ရောဂါက အူအတက်ရောင်တာနဲ့ အတော်လေး ဆင်တူတာမို့ တစ်ခါတလေမှာ အူအတက်ရောင်တာ မခွဲခင် ရာခိုင်နှုန်းပြည့်သေချာအောင်လုပ်ဖို့ဆိုတာ တချို့တော်တော်လေးခက်ပါတယ်။ အဲဒီအခါ စိတ်ချရအောင် ခွဲစိတ်ပါတယ်။ ခွဲတဲ့အခါ တစ်ခါတလေ အမျိုးသမီးရောဂါ ဖြစ်နေတာ တွေ့ရတတ်ပါတယ်။

အူအတက်ရောင်ရင် ဘယ်လို လက္ခဏာတွေ ပြလေ့ရှိသလဲဆိုတော့ အဓိကလက္ခဏာကတော့ ဗိုက်နာတာပါပဲ။ တချို့ကျတော့လည်း ဒီလိုမဟုတ်ပါဘူး။ တစ်ခါတလေကျတော့ တော်တော် ခက်ခဲပါတယ်။

ရောဂါဖြစ်စဉ် သေချာတဲ့ လူကျတော့ ဘယ်လိုလက္ခဏာ ပြသလဲဆိုရင် ပထမတစ်ရက်မှာ ဗိုက်ထဲက နေလို့ မကောင်းဘူး။ ဗိုက်နာတယ်။ ဘယ်နေရာမှာနာသလဲဆိုတော့ တစ်ခါတစ်ခါ ရင်ခေါင်းက နာသလိုလို၊ များသောအားဖြင့် နေ့တစ်ဝက်လောက် ခြောက်နာရီ၊ ခုနစ်နာရီ ကြာကြာနာတာကနေ ညာဘက်ပိုင်းကို ရောက်သွားတတ်ပါတယ်။ ဗိုက်ရဲ့ ညာဘက်အောက်ပိုင်း ရောက်သွားပြီး အဲဒီမှာ ဆက်နာပါတယ်။ အနာရှိန်က လျော့သွားတယ် မရှိဘဲ ပိုဆိုးလာပါတယ်။

တစ်ခါတလေ စ,ဖြစ်တဲ့အခါမှာတော့ နည်းနည်းပါးပါး ပြတ်တောင်းပြတ်တောင်း နာပြီး နောက်ပိုင်းမှာ ဆက်တိုက်ကို နာလာပါတယ်။ များသောအားဖြင့် အိပ်ရာထဲမှာ ငြိမ်ငြိမ်လေး အိပ်နေချင်ပါတယ်။ ညာဘက်ဒူးလေးကို အပေါ်နည်းနည်း ကွေးထားလိုက်ရင် နည်းနည်း ပိုသက်သာလာတယ်။ အဲဒါမျိုးလက္ခဏာ ခံစားရတယ်ဆိုရင် အူအတက်ရောင်တာ တော်တော်လေး သေချာပါတယ်။ နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်က လက်နဲ့ စမ်းသပ်ကြည့်ရင် ပိုသေချာတာပေါ့။

အဲဒီလို ပြရိုးပြစဉ် လက္ခဏာ မပြဘဲ ဗိုက်ဘယ်နေရာနာမှန်း တိတိကျကျ မပြောနိုင်တဲ့လူတွေလည်း ရှိပါတယ်။ ဗိုက်နာတာနဲ့ တွဲနေတဲ့လက္ခဏာ တစ်ခုက အန်တာပါ။ အန်တာက သိပ်အများကြီး မဟုတ်ဘဲ တစ်ခါတစ်ခါ အန်ချင်သလိုလို စိတ်ထဲကဖြစ်လာတာပါ။ ဒါပေမယ့် အမြဲတမ်းလိုလိုနာတာက စတင်ပါတယ်။

နာတာက မစဘဲ အန်တာ
စတယ်ဆိုရင် အူအတက်မဟုတ်တာ
သေချာသလောက်ရှိပါတယ်။ ဒါပေမ
နာတာကစပြီး တဖြည်းဖြည်းနဲ့ အန်ချ
သလိုဖြစ်တယ်။ တစ်ခါလောက် အ
တတ်ပါတယ်။ တချို့လူနာတွေမှာ
ဝက်လောက်၊ တစ်ရက်လောက်ကြာ
ငွေ့ငွေ့လေး အဖျားတက်ပါတယ်
ဒါပေမယ့် အူအတက်ရောင်ရောဂါမှာ
အပြင်းဖျားတာမျိုး မရှိတတ်ပါဘူး
အလွန်ဆုံး ငွေ့ငွေ့ဖျားလောက်ပါ

တစ်ခါတစ်ခါမှာ သူတို့နဲ့
တတ်တဲ့ လက္ခဏာတွေလည်း ရှိတ
ပါတယ်။ တချို့ ဝမ်းချုပ်ပါတယ်
မရောင်ခင် တစ်ရက်နှစ်ရက်ကတည်
ကစပြီး ဝမ်းချုပ်တာလည်း ရှိပါတ
ဝမ်းပုံမှန်သွားပြီး အူအတက်ရောင်
လူတွေလည်း အများကြီး တွေ့ရ
တယ်။

တစ်ခါတစ်ခါကျရင် အူသိ
အနောက်ပိုင်းမှာ အူအတက်ရှိတဲ့
ကျတော့ အူအတက်ရောင် ရော
ကြောင့် ဝမ်းက ပုံမှန်ထက်ပိုသွား
တယ်။ ခဏခဏ သွားတယ်။ အ
တွေ သွားတယ်။ ဝမ်းကိုက်သလိုလို
ပါတယ်။

အူအတက်က ဝမ်းဗိုက်ညာ
ဘက်မှာ နာတယ်ဆိုပေမယ့် တ
တစ်ခါ ဘယ်ဘက်မှာ နာတာလည်း
တွေ့ဖူးပါတယ်။ ညာဘက်မှာပဲ န
မယ်လို့ ပုံသေကားချ ပြောလို့မရတာ
ပါဘူး။

တစ်ခါတလေ တချို့လူတွေ
ကိုယ်ခန္ဓာထဲမှာရှိတဲ့ အင်္ဂါတွေအား
ပြောင်းပြန်ဖြစ်နေတာ တွေ့ရဖူးပါတ
အသည်းက ညာဘက်မှာမရှိဘဲ ဘ
ဘက်မှာ ရောက်နေပါတယ်။အူအတ
ကလည်း ညာဘက်မှာ ရှိရမယ့်အစ
ဘယ်ဘက်မှာ ရှိနေပါတယ်။ အဲဒီ
အူအတက်ရောင်ရင် ညာဘက်မှာ
မယ့်အစား ဘယ်ဘက်မှာ နာတာ
ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုလူနာမျိုး ဆေးရုံ၊ ဆေးခန်းကို ရောက်ရှိလာတဲ့အခါ ဆရာဝန်၊ ဆရာများက အဓိက လုပ်လေ့ရှိတာက သွေးဖြူဆဲလ် အရေအတွက် (WBC Count)တိုင်းပါတယ်။ များသောအားဖြင့် အူအတက်ရောင်တဲ့လူမှာ သွေးဖြူဆဲလ် အရေအတွက် ပိုများလာတတ်ပါတယ်။

ဒါပေမယ့် သွေးဖြူဆဲလ် များတိုင်း အူအတက်ရောင်ရောဂါလို့ သေချာပေါက် ပြောလို့ မရပါဘူး။ တီဗွီဓာတ်မှန်လို့ခေါ်တဲ့ Ultrasound ရိုက်ကြည့်နိုင်ပါတယ်။ Ultrasound မှာလည်း ရိုးရိုး Ultrasound ရှိတယ်။ ဖိအားအမျိုးမျိုးပေးပြီး အူအတက်ရှိတဲ့ နေရာကို ဖိပြီးစမ်းသပ်တဲ့ Ultrasound ရှိတယ်။ အဲဒါအပြင် ကွန်ပျူတာဓာတ်မှန် CT Scan လုပ်တာရှိပါတယ်။

တချို့ဆေးရုံတွေမှာ အူအတက်ရောင်ရောဂါလို့ ပြောဖို့ခက်တဲ့အခါမျိုးမှာ ကွန်ပျူတာဓာတ်မှန် ရိုက်ပါတယ်။ သူလည်း ရာခိုင်နှုန်းပြည့်မှန်မယ်လို့တော့ အထစ်ချ မပြောနိုင်ပါဘူး။

တစ်ခါတစ်ခါကျရင် ဓာတ်မှန် ရိုက်ကြည့်ပါတယ်။ တချို့အူအတက်ရောင်ရောဂါတွေက အူသိမ်ပေါက်တဲ့ရောဂါ လက္ခဏာနဲ့ ဆင်တူတယ်ဆိုရင် ဓာတ်မှန်ရိုက်ကြည့်ပါတယ်။ တစ်ခါတလေမှာ အူအတက်နေရာလောက်မှာ ကျောက်ကလေးတွေ တွေ့ရတတ်ပါတယ်။ တစ်ခါတစ်ခါ အူအတက်ထဲမှာ ပင်တွေတွေ့ရပါတယ်။ ဒါမျိုးက လူနာ ၇၀၀၊ ၈၀၀ လောက်မှ တစ်ယောက်လောက် တွေ့ရတာပါ။ အင်မတန်တွေ့ရခဲပါတယ်။

နောက်တစ်မျိုးက Laparoscopy ဗိုက်ဖွင့်ကြည့်တာပါပဲ။ ဒါက ရောဂါရှာဖွေခြင်းအတွက်လည်း အသုံးချတယ်။ ပြီးတော့ အူအတက်ရောင်တာကိုတွေ့ရင် တစ်လက်စတည်း ဖြတ်ထုတ်ပစ်နိုင်တာပေါ့။ အူအတက်ရောင်တဲ့ လူနာတွေမှာ တချို့လူနာတွေဆိုရင် ဘာမှလုပ်ပေးစရာမလိုဘဲ ဒီအတိုင်း ကောင်းသွားတတ်တာရှိသလို တချို့လူနာတွေကျတော့ အသက်အန္တရာယ် ဒုက္ခပေးတဲ့အထိ ဖြစ်ပါတယ်။

အဲဒီလို လူနာမျိုး(၁၀)ယောက်မှာ (၃)ယောက်လောက်အထိ ကြုံရတာ သုတေသနမှတ်တမ်းအရ သိရပါတယ်။ ဒီအဆင့်နှစ်ခုကြားထဲမှာ တော်ရုံတန်ရုံနဲ့ ပြီးသွားတာက (၁၀)ယောက်မှာ (၅)ယောက်လောက် ရှိပါတယ်။ ဒါကတော့ အများစုပေါ့။

လူနာတစ်ယောက်ကို စမ်းသပ်စစ်ဆေးပြီးတဲ့အခါ ဒီလူနာဟာ လုံးဝပြန်ကောင်းလာမလား။ ပိုပြီးဆိုးသွားမလားဆိုတာ များသောအားဖြင့်တော့ ပြောနိုင်ပါတယ်။

အူအတက်ရောင်တဲ့ လက္ခဏာတွေ့တဲ့လူနာမှာ အားလုံးကို ခွဲစိတ်ကုသမှုခံယူဖို့ တိုက်တွန်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အူအတက်ရောင်ရောဂါဟာ အခန့်မသင့်ရင် အသက်ကို ဒုက္ခပေးတတ်ပါတယ်။ အူအတက်ကို ခွဲစိတ်ထုတ်လိုက်ခြင်းအားဖြင့် ကိုယ်ခန္ဓာအတွက် ထိခိုက်ချို့တဲ့မှု ပြောပလောက်အောင် မရှိနိုင်ပါဘူး။ ဒါကြောင့်မို့ ခွဲစိတ်ဖို့တိုက်တွန်းတာပါ။ များသောအားဖြင့် ခွဲရတာလည်း ခက်ခက်ခဲခဲအလုပ် မဟုတ်ပါဘူး။

တချို့လူတွေမှာ အကြောင်းအားလျော်စွာ အစိုင်အခဲကလေး ဖြစ်သွားတာမျိုးရှိတယ်။ မခွဲခင်ကတည်းက အလုံးအခဲ Mass ဖြစ်မှန်းသိရင် မခွဲတော့ပါဘူး။ မခွဲဘဲနဲ့ ပဋိဇီဝဆေးအဓိက ပေးပါတယ်။ ပါးစပ်က အစားမစားခိုင်းဘဲ လိုတဲ့အရည်ကို IV Drip အကြောဆေးနဲ့ ထည့်ပေးပါတယ်။ အနားသက်သာအောင်လုပ်ပေးပါတယ်။ ပြီးတော့ ၄-၅-၆ ရက် စောင့်ကြည့်ပါတယ်။ လူနာသက်သာရင် ကောင်းတဲ့အထိ ကုသပေးပြီး အိမ်ပြန်လွှတ်ပါတယ်။ လူနာအဆင်ပြေတဲ့အခါ ပြန်ခွဲဖို့ တိုက်တွန်းပါတယ်။

ဘာဖြစ်လို့ ခွဲဖို့တိုက်တွန်းတာလဲဆိုတော့ အူအတက်ရောင်ပြီး အလုံးအကျိတ်ဖြစ်သွားတဲ့ လူနာဟာ သာမန်လူထက်စာရင် နောင်တစ်နှစ်အတွင်းမှာ အူအတက်ရောင်တာ ပြန်ဖြစ်ဖို့ တော်တော်လေး နီးစပ်ပါတယ်။ အကြမ်းဖျင်းပြောရရင် နှစ်ယောက်မှာ တစ်ယောက်ပြန်ဖြစ်ပါတယ်။ ဒါကြောင့် တင်မဖြစ်ခင်ကြိုတင်ထုတ်ပစ်ဖို့ လိုအပ်ပါတယ်။ ပြန်ဖြစ်တော့မှ ထုတ်မယ်ဆိုရင် ခွဲစိတ်ဖို့အတွက် အဆင်ပြေတဲ့နေရာမှာ အဲဒီလူနာက ရှိချင်မှရှိမှာပါ။ အဲဒါကြောင့် ခွဲစိတ်ဖို့ တိုက်တွန်းရတာဖြစ်ပါတယ်။

အသက်ကြီးတဲ့ လူနာတွေ အူအတက်ရောင်ရင် တစ်ခါတစ်ခါမှာ ချက်ချင်းခွဲစရာမလိုဘဲ အခုပြောသလို အလုံးအခဲဖြစ်နေရင် စအိုထဲကနေ မှန်ပြောင်းနဲ့ စစ်ဆေးကြည့်ဖို့ လိုအပ်ပါတယ်။ အူမကြီးကင်ဆာ ဖြစ်နေတတ်လို့ပါပဲ။

အူမကြီးမှာ ကင်ဆာရှိနေတယ်ဆိုရင် သူ့အဆင့်အလိုက် ခွဲစိတ်ဖြတ်ထုတ်ပြီး ကုသနိုင်ပါတယ်။

ဗိုက်နာတယ်ဆိုရင် ဗိုက်ကိုနှိပ်တတ်တယ်။ ခါးနာရင် ခါးနှိပ်သလိုပေါ့။ ဗိုက်ခေါင်းထဲမှာ အရေးကြီးတဲ့ အင်္ဂါတွေ ရှိပါတယ်။ ဗိုက်နာရင် ဗိုက်ကိုနှိပ်လိုက်လို့ အခန့်မသင့်ရင် ရောင်နေတဲ့ အူအတက် ပေါက်ထွက်ပြီး အသက်အန္တရာယ်ရှိနိုင်တာကြောင့် ဆင်ခြင်သင့်ပါတယ်။

အူအတက် ရောင်တဲ့အချိန်မှာ ဝမ်းချုပ်တဲ့လက္ခဏာပေါ်ရင် တချို့လူနာတွေက ဝမ်းနုတ်တယ်။ ဝမ်းချုတယ်။ ဒါဟာ အန္တရာယ်ကြီးမားတဲ့ လုပ်ရပ်တစ်ခုပါ။

နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

❒ ဒေါက်တာနိုင်တင်ဝေးဇော်



www.burmeseclassic.com

www.burmeseclassic.com



# ဝေကျော်မြင့် [ငှက်ဖျား]

# ဆေးဝါးသုံးလျှင်သတိယူ

"ဆေးမှီဝဲသူ ကျန်းမာ ချမ်းသာမည်၊ ဦးချိန်တီ ဦးချိန်တီ"

ကလေးများ ပါးစပ်ဖျားတွင် ရေပန်းစားခဲ့သော ကြော်ငြာတစ်ခုမှာ ဦးချိန်တီအစာကြေဆေးလုံးဖြစ်ပါသည်။ ကြော်ငြာ၏ ကာရံနဘောနှင့် စည်းဝါးမှာ မြန်မာနားတွင် ယဉ်ပါးလှသဖြင့် စွဲလမ်း နှစ်ခြိုက်ဖွယ်ဖြစ်ပါသည်။ သို့ရာတွင် စာရေးသူ၏ အတွေးတွင်မူ အခြားဆေး ဝါးများနှင့်ပတ်သက်၍ "ဆေးမှီဝဲသူတိုင်း ကျန်းမာပါ၏လော" ဟု တွေးတောမိပါ သည်။

မှန်ပါသည်။ ကမ္ဘာနှင့်တစ်ဝန်း ခြိမ်းခြောက်လျက်ရှိသော ဆေးဝါးအတု များ ပြဿနာမှာ ကြီးထွားလျက်ရှိပါ သည်။ လွန်ခဲ့သော နှစ်အနည်းငယ်က နိုက်ဂျီးရီးယားနိုင်ငံတွင် သွားကိုက်သက် သာစေသော ဆေးကြောင့် ကလေးငယ် ရှစ်ဆယ်ကျော် သေဆုံးခဲ့ရပါသည်။ ၂၀၀၆ ခုနှစ်က အဆီတာမင်နိုဖင် (ACTETAMINOPHEN)ဆေးပေးအပြီး ကလေးငယ် နှစ်ဆယ်ကျော် သေဆုံးခဲ့ ပါသည်။ အမေရိကတွင် စီမံ အကောင် အထည်ဖော်ခဲ့သော ကာကွယ်ဆေးထိုး လုပ်ငန်းကြီးတွင် ထိုးဆေးအတုများ သုံးမိခဲ့သည့် သာဓကများ ရှိခဲ့ပါသည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ဆေးဝါးအတုများ အန္တရာယ်သည် အာဖရိက၊ အာရှနှင့် လက်တင်အမေရိ ကတွင် အလွန်ဆိုးရွားကြောင်း ပြောပါ သည်။ ဈေးကွက်အတွင်းရှိ ဆေးဝါးများ ၏ ၃၀ ရာခိုင်နှုန်းမှာ အတုများဖြစ်နေ ပါသည်။ ထို့ပြင် စက်မှုထွန်းကားသော ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း ပြဿနာ လုံးဝမရှိဟု မပြောနိုင်ပါ။ အင်တာနက် သည်လည်း မျက်မှောက်ခေတ် ကမ္ဘာ ကြီးတွင် အသုံးဝင်သော တိုးတက်မှု တစ်ရပ် ဖြစ်ပါသည်။ သို့ရာတွင် ဆေး ဝါးအတုများ အလွယ်တကူ ဖြန့်ဖြူးရန် လည်း အသုံးချနေကြပါသည်။

ယခင်က ဆေးဝါးအတုဆိုလျှင် တံဆိပ်၊ ဘူးခွံနှင့် ဆေးလုံးထည့်သော ခဲစက္ကူများမှာ အစစ်နှင့်နှိုင်းယှဉ်လျှင် ညံ့ဖျင်းသည်ဟုသာ လက်ခံယုံကြည် ထားကြပါသည်။ ယခုခေတ် ဆေးဝါး အတုများမှာ ထုပ်ပိုးမှုတွင် အစစ်နှင့် မခြားနားသည့်အပြင် ဆေးဝါးအရောင် အဆင်း အနံ့အရသာသည်လည်းအတူ တူပင် ဖြစ်နေပါသည်။ ခြားနားသည်မှာ ဆေးအာနိသင်ရှိသော ဓာတ်ပစ္စည်း (ACTIVE INGREDIENT) မပါဝင် ခြင်းသာ ဖြစ်ပါသည်။ ထိုသို့ အရေးကြီး သော ဓာတ်ပစ္စည်း မပါဝင်မှုကြောင့် သုံးစွဲရသော ဆေးဝါး၏ အကျိုးကျေးဇူး လုံးဝမရရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ပြည်သူလူထု အကျိုးကို ရှေးရှု၍ အစားအစာနှင့် ကွပ်ကဲရေးဌာန (FDA) က မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော ဆေးဝါးများကို အမြဲဖော်ထုတ်ရှာဖွေ စမ်းသပ်လျက်ရှိပါသည်။ အန္တရာယ်ရှိသော ဆေးဝါးများ တွေ့ရှိပါက သတင်းစာမှတစ်ဆင့် ပြည်သူလူထုအား အသိပေးပြီး တရားမဝင်ရောင်းဝယ် ဖောက်ကားသူများအား ဥပဒေအရ တားမြစ်ခြင်းများ (LAW ENFORCEMENT) ပြုလုပ်လျက်ရှိပါသည်။

ကျန်းမာရေး ဌာနတွင်လည်း ဂျပန်နိုင်ငံမှ JICA အဖွဲ့နှင့် ပူးပေါင်း၍ ဆေးဝါးအတုများ ရှာဖွေစမ်းသပ်ခဲ့ပါသည်။ စမ်းသပ်ချက်မှာ အလွှာပါးစက္ကူ (THIN LAYER CHROMATOG-RAPHY) နည်းပညာ အခြေခံသော စမ်းသပ်သေတ္တာ (TEST KIT) ကို အသုံးပြုရပါသည်။ အခြေခံစမ်းသပ်ချက်များဖြစ်ပြီး FDA မှ နည်းပညာလောက် အဆင့်မမြင့်ပါ။ ထို့ပြင် ဥပဒေအရ အရေးယူနိုင်ခြင်းလည်း မရှိပါ။

သို့ရာတွင် ဆေးဝါးအတုများ ပျံ့နှံ့လျက်ရှိသော ဒေသမှ ပြည်သူလူထုအား သတင်းပေးနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။ FDA တွင် စမ်းသပ်လိုလျှင် ဆေးလုံး ၁၅၀ ပေးပို့ရန်လိုအပ်ပါသည်။ ဥပမာအားဖြင့် ငှက်ဖျားဆေးတစ်မျိုးဖြစ်သော အာတီစူနိတ် ဆေးတစ်ကတ်တွင် ဆေးလုံး ၁၂ လုံး ပါပါသည်။ ဝေးလံသော ဒေသများမှ ဆေးဆိုင်များတွင် ဆိုင်ရှိအကုန် ဝယ်မည်ဆိုလျှင်ပင် အလွန်ဆုံး ဆေးငါးကတ် အလုံးရေအားဖြင့် ၆၀ သာရနိုင်ပေမည်။ ထို့ကြောင့် စမ်းသပ်သေတ္တာသုံး၍ စမ်းသပ်ခဲ့ရပါသည်။

တရုတ်ပြည်မှ ထုတ်လုပ်သော တောင်တံဆိပ် (GUILIN) အာတီစူနိတ်မှာ အရည်အသွေးကောင်း၍ နာမည်ကျော်ပါသည်။ သို့ရာတွင် အတုအပများစွာထွက်ရှိနေကြောင်းသိခဲ့ရပါသည်။ AA Pharmacy မှ တင်သွင်းသော AA Artesunate မှာ ဗီယက်နမ်နိုင်ငံမှ ကုန်ကြမ်းကို အသုံးပြုထားပြီး အတုအပ မရှိသေးပါ။

ဆေးဝါးအတု မဟုတ်သော်လည်း ဆေးဝါးပြဿနာတစ်ခုမှာ စံချိန်မမီသော ဆေးဝါးများ ဖြစ်ပါသည်။ ဆေးဝါးအတု (FAKE DRUG) နှင့် စံချိန်မမီဆေးဝါး(SUB STANDARD) မှာ ခြားနားပါသည်။ စံချိန်မမီဆေးဝါးတွင် အဓိက ဓာတုပစ္စည်းမှာ ဆေးဝါးအစစ်အတိုင်း ပါဝင်ပါသည်။ ကုန်ကြမ်းဓာတုပစ္စည်း၏ သန့်စင်မှုအဆင့် နိမ့်ကျခြင်းနှင့် သတ်မှတ်ထားသော ပါဝင်မှုအလေးချိန်မပြည့်ခြင်းတို့ကြောင့် အကျိုးကျေးဇူး မရှိလှပါ။ စာရေးသူတို့ မြန်မာနိုင်ငံ ဆေးဝါးစက်ရုံ (BPI) မှ ဆေးဝါးများသည် စံချိန်စံညွှန်း ပြည့်မီသည်ဟု တစ်ချိန်က နာမည်ရခဲ့ပါသည်။

ယခုခေတ်အခါ ဆေးဝါးအများအပြား ဝင်ရောက်လာပါသည်။ တစ်ချိန်က ဆေးလုံးတစ်လုံးအား ယူ၍ ဆေးရုံသို့သွားပြလျှင် မည်သည့်ဆေးဝါး ဖြစ်သည်ကို ပြောပြနိုင်ပါသည်။ ဆေးအမျိုးအစားအလိုက် အရောင်အသွေးနှင့် ပုံသဏ္ဌာန် သတ်မှတ်ချက်များ ရှိခဲ့ပါသည်။ ယခုအခါ နိုင်ငံအမျိုးမျိုး ကုမ္ပဏီအမျိုးမျိုးမှ တင်သွင်းထားသောကြောင့် ဆေးတစ်မျိုးတည်းတွင် အရောင်ကွဲအမျိုးမျိုး ရှိနေခြင်းနှင့် အရောင်တူသောဆေးများတွင် ဆေးအမျိုးအစား ကွဲပြားခြားနားနေခြင်းများတွေ့ရှိလာရပါသည်။

ဆေးဝါး သုံးစွဲမှီဝဲတော့မည်ဆိုလျှင် တရားဝင်တင်သွင်းလာသောဆေး ဟုတ်၊ မဟုတ်နှင့် FDA ၏ အသိအမှတ်ပြုချက်ကို စိစစ်ရပေမည်။ ထိုသို့ပြုလုပ်လျှင် ဆေးဝါးအတုနှင့် စံချိန်မမီသော ဆေးဝါးအန္တရာယ်ကို ကာကွယ်နိုင်ပေသည်။ တိုင်းရင်းဆေးများ အသုံးပြုမည်ဆိုလျှင်လည်း သတိပြုရန် လိုပါသည်။ မကြာသေးမီက တိုင်းရင်းဆေးမျက်စဉ်းတစ်မျိုးမှာ FDA အသိအမှတ်မပြုကြောင်း တွေ့ရှိရပါသည်။ စာရေးသူကိုယ်တိုင်ပင် မသိခင်က သုံးစွဲမိပါသည်။ လူတိုင်းအတွက် ဆေးဝါးဆိုလျှင် ကုန်ကျစရိတ် ရှိပါသည်။ ငွေကုန်ခံ၍ အန္တရာယ်ကို မဝယ်သင့်ပါ။

အမှတ်တမဲ့ ထားသဖြင့် အရေးမကြီးဟု ထင်ရသောကိစ္စတစ်ခုမှာ ဆေးဝါး၏သက်တမ်း သို့မဟုတ် ကုန်ဆုံးရက်ကို စိစစ်ရန်ဖြစ်ပါသည်။ သိက္ခာရှိသော ဆေးဝါးကုမ္ပဏီကြီးများသည် အာမခံနိုင်သော ကာလထက်လျော့၍ ကုန်ဆုံးရက် (Expiry date) ကို သတ်မှတ်ကြပါသည်။ ယေဘုယျအားဖြင့် သတ်မှတ်ကာလ အနည်းငယ်ကျော်ရုံဖြင့်ပြဿနာ မရှိနိုင်ပါ။ သို့ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သယ်ယူပို့ဆောင်မှုနှင့် သိုလှောင်မှုများတွင် စနစ်တကျမရှိလှပါ။ ထို့ကြောင့် လိုရင်းတိုရှင်း ရေးရလျှင် ရက်လွန်ဆေးများ စိတ်မချရပါ။

ထို့ပြင် လူအများ၏ သာမန်အတွေးတွင် ရက်လွန်ဆေးများ၏ စွမ်းရည် (POTENCY) ကျဆင်းလာပေမည်။ ထို့ကြောင့် ဆေးကို ပုံမှန်ပမာဏထက် အနည်းငယ်ပို၍ သုံးစွဲလျှင် ပြေလည်မည်ဟု ထင်မှတ်မှားခဲ့ကြပါသည်။ အမှန်စင်စစ် ဆေးဝါးများသက်တမ်းကျော်လွန်လာလျှင် မူလဓာတုပစ္စည်း (ACTIVE INGREDIENT) မှာ ပြိုကွဲ၍ ဓာတ်ပြောင်းလဲလာပြီး အကျိုးဆက်ဓာတ်ပစ္စည်း (DEGRADATION) များဖြစ်ပေါ်လာပါသည်။ ထိုအကျိုးဆက်ဓာတ်ပစ္စည်းများတွင် မူလဆေးဝါး၏ ဂုဏ်သတ္တိနှင့် စွမ်းရည်မရှိတော့ပါ။ အချို့ဆေးဝါးများ၏အကျိုးဆက်ပစ္စည်းမှာ လူကို အန္တရာယ်ဖြစ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ "ဆေးမှီဝဲသူ ကျန်းမာ ချမ်းသာစေ" ရန် ရည်သန်၍ ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။

❒ ထော်မြင့် (ဖုတ်ဖျား)



www.burmeseclassic.com

www.burmeseclassic.com



စိန်ဝင်းဖေ

# ကျန်းမာရေးအတွက် နောက်ဆုံးတွေ့ရှိချက်များ

အာဟာရ၊ ကိုယ်လက်ကြံ့ခိုင်မှု၊ အိပ်ခြင်း၊ ကျောနာခြင်း အစရှိသည်တို့နှင့် ပတ်သက်၍ နောက်ဆုံးသုတေသနတွေ့ရှိချက်များ၊ ပါရဂူတို့နှင့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်ခဲ့ပါသည်။ ရှေးယခင်က လက်ခံထားခဲ့သောအကြံပြုချက်များအနက် မည်သည်တို့ကို စွန့်ပယ်သင့်ကြောင်းနှင့် ပိုမိုကောင်းမွန်သော သိပ္ပံနည်းကျ ကျောထောက်နောက်ခံပြုထားသော လက်တွေ့အသုံးကျသည့်အကြံပေးစကားများဖြင့် အစားထိုးသင့်သည်များကို ဆက်လက်ဖတ်ရှုကြပါကုန်။

အစားအစာ စားပြီးသည်နှင့် သွားတိုက်ရန် သွားဆရာဝန်များက အကြံပြုတတ်ကြသည်။ သွားအခေါင်းပေါက်ဖြစ်စေတတ်သော ချိုးကပ်မှုကို ဖယ်ရှားပစ်ရန် အရေးကြီးကြောင်း အယူရှိခဲ့ကြသည်။

နောက်ဆုံး တွေ့ရှိချက်အရ အစားစားပြီးသည်နှင့် ချက်ချင်း ရေဖြင့်ပလုတ်ကျင်းရပါမည်။ မိနစ် ၃၀ မျှ စောင့်ပြီးမှသွားတိုက်ရပါမည်။ ချက်ချင်းသွားတိုက်ပါက မုန့်နှင့် အဖျော်ယမကာများ (ရှောက်၊ သံပရာမျိုးဝင် အသီးများ၊ ရှာလကာရည်၊ ပုံးရည်နှင့်အချိုရည်များ)မှ ထွက်ရှိသည့် အက်ဆစ်များကို သွားများအတွင်း ပွတ်တိုက်ဝင်ရောက်စေသဖြင့် သွား၏ အပေါ်ကြွေရည်နှင့်အတွင်းအမာခံတို့ကို ထိပါးပျက်စီးစေကြောင်း အမေရိကန် အခြေစိုက် သွားဘက်ဆိုင်ရာ အကယ်ဒမီမှ "စတီဗင်ဂါးရိဘ်" က ပြောပါသည်။

ထိခိုက်ရှနာ အပွန်းအပဲ့များကို ပိုးသတ်သန့်ရှင်းရန် ဟိုက်ဒရိုဂျင်ပါအောက်ဆိုက် (Hydrogen peroxide) သို့မဟုတ် အရက်ဖြင့်ဆေးရန် အယူအဆဟောင်း ရှိသည်။

နည်းလမ်းသစ်မှာ အထက်ပါတို့အစား အနာကို ဆပ်ပြာနှင့်ရေကို အသုံးပြု ဆေးကြောပါ။ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်နှင့် အရက်တို့က အနာကျက်မှုကိုနှေးကွေးစေပါသည်။ အသား၊ အာရုံကြော စသည့်အင်္ဂါအစိတ်အပိုင်းတို့ ပါဝင်သည့် ဇီဝကလာပ်စည်းအစုကိုပါ ပျက်စီးစေပါသည်။

ပိုမိုကောင်းမွန်သော ရှေးဦးသူနာပြုနည်းမှာ အနာကို ဆပ်ပြာ(အပျော့စား)နှင့် ရေဘုံဘိုင်မှ ရေတို့ဖြင့် သုံးမိနစ်မှ ငါးမိနစ် ဆေးကြောပါ။ ထို့နောက် အနာရင်းမှုကို ကာကွယ်ရန် ပင်နီဇီဝ လိမ်းဆေးကို ပါးပါးလိမ်းပါ။ ပြီးလျှင် ထိခိုက်သောနေရာကို သန့်ရှင်းစေရန်နှင့် စိုနေစေရန် ပတ်တီးစည်းထားပါ။ လေသလပ်ခံခြင်းက ကလာပ်စည်းပျက်စီးစေနိုင်ပြီး အနာမေးက အနာရွတ်ဖြစ်စေနိုင်ပါသည်။ မြန်မြန်ပျောက်စေရန် အနာကို ဖုံးအုပ်ထားရပါမည်။

၁၉၇၀ ပြည့်နှစ်များမှစ၍ နှလုံးဆရာဝန်များက ဥ၏အနှစ်များသည် ကိုလက်စထရောများပြီး သွေးကြောများပိတ်စေကာ နှလုံးရောဂါ ဖြစ်စေနိုင်သည်ဟု သတိပေးခဲ့ကြသည်။ ဥများကသင့်နှလုံးကို စီးကရက်များနီးပါး ဒုက္ခပေးနိုင်သည်ဟု ယူဆခဲ့ကြသည်။

နောက်ဆုံးပေါ် သုတေသနပြုဖော်ထုတ်ချက်များအရ ဥစားခြင်းမြင့်ကျန်းမာသူတစ်ဦးအတွက် နှလုံးရောဂါအန္တရာယ်မရှိကြောင်း တွေ့ရသည်။ အခြားသုတေသနပြုချက်အရ ကိုလ... စထရော မြင့်နေသူများပင် ...ဥတစ်လုံး စိတ်ချစွာ စားနိုင်ကြောင်း တွေ့ရှိရသည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဩဂုတ်လ၊ ၂၀၁



www.burmeseclassic.com

www.burmeseclassic.com

အမှန်တကယ် ကိုလက်စထရော တက်စေသော တရားခံများမှာ ကြေလွယ်သော အဆီဓာတ်နှင့် အဆီအအိမ့်များဖြစ်သည်။ ၎င်းတို့က သင်၏အသည်းကို ကိုလက်စထရောအား စက်နှင့်လှည့်ထုတ်ဘိသို့ ထုတ်စေသည်။

[သာမန် ဥတစ်လုံးတွင် ကိုလက်စထရော ၁၆၄ မီလီဂရမ်သာ ပါရှိရာ အမေရိကန် နှလုံးရောဂါအသင်း၏ ထောက်ခံချက်ဖြစ်သော တစ်နေ့တာ ၃၀၀ မီလီဂရမ် သတ်မှတ်ချက်ဘောင် အတွင်း၌ရှိနေပါသည်။ နှလုံးရောဂါရှင်များအတွက် သတ်မှတ်ချက်မှာ ၂၀၀ မီလီဂရမ် ဖြစ်ပါသည်။]

ဥ၏အနှစ်မှာ အရေးပါသော အာဟာရဓာတ်များ ပါဝင်ပါသည်။ ဦးနှောက်ကို ကာကွယ်ပေးပြီး စက္ခုအာရုံ ကောင်းစေပါသည်။

ကိုယ်အလေးချိန် လျှော့ချရန် အစာကို နည်းနည်းစီခွဲ၍ တစ်နေ့လျှင် ငါးကြိမ် ခြောက်ကြိမ် စားရန် အဆိုရှိခဲ့သည်။ အင်္ဂလန်နှင့် အမေရိကန် ဆေးပညာရှင်များကလည်း အစာနည်းနည်း မကြာမကြာ စားပေးခြင်းဖြင့် ဆာလောင်မှု၊ သွေးအတွင်း သကြားဓာတ်နှင့် ကိုလက်စထရောတို့ကို ထိန်းပေးသည်ဟု အဆိုပြုခဲ့ကြသည်။ အပိုကိုယ်အလေးချိန်ကို ကျစေသည်ဟု ယူဆခဲ့ကြသည်။

သို့သော် နောက်ဆုံးသုတေသနပြုချက် အရ ကယ်လိုရီနည်းနည်း၊ အသားဓာတ်များများ ပါသောအစာကို တစ်နေ့ ခြောက်ကြိမ်ခွဲ၍ နည်းနည်းစီ အကျွေးခံရသူများက ပိုမိုဆာလောင်ကြကာ ကိုယ်အလေးချိန် မကျကြောင်း တွေ့ရသည်။ တစ်နေ့ကို သုံးကြိမ်မျှ အစားပြည့်ဝစွာ စားသုံးကာ မွန်းလွဲပိုင်းတွင် ပရိုတိန်းပါဝင်သော မုန့်အနည်းငယ် (ဥပမာ ပန်းသီးစိတ်များ၊ ဘယ်ရီသီး၊ ဒိန်ချဉ်) ဖြည့်စွက်စားပေးခြင်းက ပိုကောင်းကြောင်း အမေရိကန် မီဆိုရီ တက္ကသိုလ်မှ အာဟာရနှင့် ဇီဝကမ္မဗေဒ လက်ထောက်ပါမောက္ခ ဟီသာလိုင်ဒီက ရှင်းပြသည်။

သင်၏ကျောရိုးကို တည့်မတ်စွာထား၍ ထိုင်ခြင်းသည် ကိုက်ခဲမှုကို ကာကွယ်ပြီး အခြားသော ကျောပိုင်းဆိုင်ရာ ပြဿနာ မဖြစ်ပေါ်စေနိုင်ဟု အယူအဆဟောင်း ရှိခဲ့သည်။

စကော့တလန်နှင့် ကနေဒါမှ သုတေသီများ၏ သုတေသနပြုချက် အရ ကိုယ်ကို ၁၃၅ ဒီဂရီ အနေအထားလှန်ထားခြင်းသည် ၉၀ ဒီဂရီထက် ကျောရိုးကို ဖိအားပေးခြင်း လျော့နည်းစေကြောင်း တွေ့ရသည်။ စားပွဲတွင်ထိုင်စဉ် ဦးခေါင်းကို သင်၏ပခုံးနှင့်တင်ပါးတို့နှင့် တပြေးညီထားလျက် ကိုယ်ကိုအနောက်သို့ အနည်းငယ်လှန်ပါ။ ကုလားထိုင်က သင့်ကျောကို မှီထောက်ပေးထားပါစေ။ ၁၂၀ ဒီဂရီသည်ပင်လျှင် ကျောကို ဖိအားလျော့စေပါသည်။

ကိုယ်အလေးချိန် လျှော့ချရန် အပြင်းအထန် လေ့ကျင့်ခန်းပြုလုပ်ရန် မလိုပါ။ ဩစတေးလျနိုင်ငံ နယူးဆောက်ဝေးလ် တက္ကသိုလ်၏ သုတေသနပြုချက်အရ အမျိုးသမီးများသည် မိနစ် ၂၀ မျှ အားကစားရုံတွင်းရှိ ရွေ့လျားခြင်းမရှိသော စက်ဘီးကို ၈ စက္ကန့်မျှ အပြင်းအထန်နင်းပြီး ၁၂ စက္ကန့် ဖြည်းညင်းစွာ နင်းကာ အမောဖြေသော အချိန်ကို အစိတ်အပိုင်းလေးများခွဲလျက် နင်းခြင်းဖြင့် တစ်ပတ်လျှင် သုံးခါ ပြုလုပ်ရာ မိနစ် ၄၀ မျှ သင့်တင့်စွာ စက်ဘီးနင်းသူများထက် သုံးဆနီးပါး အဆီများချနိုင်ကြောင်း တွေ့ရသည်။

အားကစားရုံတွင် အချိန်တိုလေးများခွဲ၍ လေ့ကျင့်ခြင်းက နောက်ပိုင်းတွင် အစားကြူးခြင်း ဖြစ်ပေါ်စေရန် အခွင့်အလမ်း နည်းပါးသည်။ အမေရိကန်တွင် သုတေသနပြုချက်အရ တစ်နေ့လျှင် တစ်နာရီမျှ လေ့ကျင့်ခန်းယူသူများအနေနှင့် ထက်ဝက်မျှ လေ့ကျင့်ခန်းယူသူတို့သည် ကိုယ်အလေးချိန် တန်းတူလျော့ကျကြောင်း တွေ့ရသည်။

ဘယ့်အတွက်ကြောင့်ဆိုသော် ကြာရှည်လေ့ကျင့်ခန်း ပြုလုပ်သူများ အနေဖြင့် များများစားပြီး ကြာကြာအနားယူတတ်ကြသောကြောင့် ဖြစ်ပါသည်။

အကောင်းဆုံး ရလဒ်အတွက် ကြားကာလတွင် အားအင်သုံးရသော လေ့ကျင့်ခန်း (ဥပမာ အလေးမခြင်း) ပြုလုပ်ပေးခြင်းဖြင့် ကြွက်သားများ ကျစ်လစ်မှု များလာပြီး "Metabolism" ခေါ် သက်ရှိကိုယ်တွင်းရှိ အစာခြေဖျက်မှု၊ ကြီးထွားမှု၊ စွန့်ထုတ်မှု စသည်တို့နှင့် သက်ဆိုင်သော ဓာတုဖြစ်စဉ် အစုစု (ဇီဝတွင်းဖြစ်ပျက်မှု) ကို မြှင့်တင်ပေးသည်။

အိပ်ရေးပျက်လွန်းလျှင် ကျန်းမာရေးကို ထိခိုက်လာနိုင်သည်။ အဝလွန်ခြင်း၊ နှလုံးရောဂါနှင့် ဆီးချိုရောဂါများ ဖြစ်တတ်ပါသည်။ သို့အတွက် အိပ်ရေးပျက်မှုကို အစားထိုးအိပ်ပါဟု ရှေးဦးအယူအဆ ရှိခဲ့ပါသည်။

အယူအဆသစ်မှာ နေ့စဉ် အိပ်ရာမှ ထနေကျအချိန်၏ တစ်နာရီအတွင်း ထပါ။ စနေနေ့များတွင် မွန်းတည့်ချိန်ထိ နှပ်နေခြင်းက ကြားနေ့များအတွင်း အိပ်ရေးပျက်ခဲ့မှုအတွက် အစားထိုး ဖြည့်ဆည်းမပေးနိုင်ပါ။

အိပ်သည့် အလေ့အထသစ်ကို ပြုလုပ်ရန်မှာ နံနက်လင်းသည်နှင့် ကန့်လန့်ကာများကို ဖွင့်လိုက်ပါ။ အလင်းရောင်က သင့်ကို နိုးထစေပါမည်။ ညဘက်တွင် ညောင်းညာအိပ်ချင်သည်နှင့် အိပ်လိုက်ပါ။ ဖြစ်နိုင်သည်က အိပ်ရာဝင်ချိန် စောလာပါမည်။ သို့နှင့် ရက်အနည်းငယ်အတွင်း အိပ်ရေးပျက်မှုများကို ထေမိသွားပါလိမ့်မည်။

❒ စိန်ဝင်းမော်

Ref: နိုဝင်ဘာ ၂၀၁၃ ထုတ် Reader's Digest ပါ Sharon Lia0 ရေး When doctors don'r know best ကို ထုတ်နုတ်ပြန်ဆိုသည်။


www.burmeseclassic.com

www.burmeseclassic.com



# ဆီငွေ

## မွေးကင်းစကလေးငယ်များနှင့် အသားဝါရောဂါ

မွေးကင်းစအရွယ် ကလေးငယ်များဟာ ရောဂါကင်းပါမှ ကျန်းမာစွာဖြင့် ကြီးပြင်းလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် မွေးကင်းစအရွယ် ကလေးများကို သေချာစွာဂရုစိုက်နိုင်ဖို့ မွေးကင်းစအရွယ်မှာ ဖြစ်တတ်တဲ့ ရောဂါများကို သိထားရန် လိုအပ်ပါတယ်။ မွေးကင်းစအရွယ်မှာ အဖြစ်များတဲ့ရောဂါကတော့ ဂျွန်းဒစ် (Jaundice) လို့ခေါ်တဲ့ အသားဝါရောဂါပဲ ဖြစ်ပါတယ်။

မွေးကင်းစကလေးများရဲ့ ၆၀ ရာခိုင်နှုန်းကျော်ကျော်ဟာ အသားဝါရောဂါ ဖြစ်တတ်ပါတယ်။ အသားဝါခြင်း အကြောင်းရင်းမှာ မွေးခါစက ပါလာတဲ့ သွေးနီဥများ (RBCS) ပေါက်ကွဲပျက်စီးခြင်း၊ ကလေးငယ်များရဲ့ သွေးနီဥသက်တမ်းဟာ လူကြီးများလောက် သက်တမ်းမရှည်တဲ့အတွက် သွေးနီဥပျက်စီးမှုများခြင်း၊ မွေးကင်းစကလေးငယ်များရဲ့ အသည်းဟာ လုပ်ငန်းတာဝန်များကို ပြည့်စုံစွာ မဆောင်ရွက်နိုင်သေးတဲ့အတွက် ဘီလီရူဘင် (Bilirubin) ဓာတ်များ များပြားကာ အသားဝါခြင်းကို ဖြစ်စေပါတယ်။

တချို့သော ကလေးငယ်များဟာ မွေးပြီးနောက် ၂၄ နာရီ မပြည့်ခင်မှာ အသားဝါလာပါတယ်။ အသားဝါခြင်းဟာ ပထမဦးစွာ မျက်စိရှိ အဖြူရောင်သူငယ်အိမ်ရဲ့ထောင့်က စတင်ဝါလာပါတယ်။ အသားဝါနေတဲ့ကလေးကို ကုသမှုမပြုရင် ခန္ဓာကိုယ်တစ်ခုလုံး နနွင်းခဲလို ဝါထိန်သွားပါတယ်။ အဲဒီလိုဖြစ်ရင် ကလေးငယ်ကို ကုသရန်နောက်ကျတဲ့အခြေအနေ ဖြစ်သွားပါပြီ။ ၂၄ နာရီအတွင်း အသားဝါသောကလေးများဟာ . . .

* မိဘနှင့် ကလေးရဲ့သွေးအုပ်စု (ABO) တိုက်ဆိုင်မှုမရှိခြင်း၊

* မိဘနှင့် ကလေးရဲ့ မျောက်သွေးအုပ်စု (Rh factor) တိုက်ဆိုင်မှုမရှိခြင်း

* မွေးရာပါ သွေးအတွင်း အင်ဇိုင်းဓာတ်များ ချို့တဲ့ခြင်း စတာတွေကြောင့် ဖြစ်တတ်ပါတယ်။

* တချို့သော ကလေးငယ်များကတော့ မွေးပြီး သုံးလေးရက် သို့မဟုတ် တစ်ပတ်၊ နှစ်ပတ်ကျော်မှ အသားဝါ



www.burmeseclassic.com

www.burmeseclassic.com

ခြင်း ဖြစ်တတ်ပါတယ်။ ဒီလိုဖြစ်စေတဲ့ အကြောင်းရင်းများမှာ . . .

* ကလေးငယ်ရဲ့ ဇီဝကမ္မဖြစ်စဉ် အရ သွေးနီဥများ ပြိုကွဲပျက်စီးခြင်း၊
* ဆီးလမ်းကြောင်း ပိုးဝင်ခြင်း၊
* သိုင်းရွက်ဂလင်း၏ လုပ်ဆောင်မှု အားနည်းခြင်း၊
* အူလမ်းကြောင်း အထက်ပိုင်းနှင့် သည်းခြေရည်ပြွန် ပိတ်ဆို့ခြင်းတို့ကြောင့် ရောဂါဖြစ်ပွားစေနိုင်ပါတယ်။
* မွေးကင်းစဥ် ပြုစုစောင့်ရှောက်မှု ပုံစံမမှန်၍ ကိုယ်တွင်းရေဓာတ်ဆုံးရှုံးမှုကြောင့် အသားဝါခြင်း။

## အသားဝါခြင်း

အသားဝါခြင်းဆိုသည်မှာ သွေးအတွင်း၌ အကြောင်းအမျိုးမျိုးကြောင့် အသားဝါဓာတ် ခေါ် ဘီလီရူဘင်ဓာတ်များပြားစွာ ရောက်ရှိလာတဲ့အတွက် မွေးကင်းစ ကလေးငယ်များမှာ အသားဝါခြင်း ဖြစ်လာပါတယ်။

ဒီရောဂါဟာ ရောဂါဖြစ်စမှာ ကြပ်ကြပ်မတ်မတ် ကုသပေးမှုသာလျှင် ပျောက်ကင်းစေနိုင်ပါတယ်။

ရောဂါဖြစ်နေတဲ့ ကလေးငယ်ကို ဂရုမစိုက်ဘဲ နောက်ကျမှ ဆေးရုံ ဆေးခန်းသို့ ပို့မည်ဆိုလျှင် အသက်ဆုံးရှုံးနိုင်ပါတယ်။

ဒါကြောင့် မွေးကင်းစအသားဝါရောဂါဟာ အန္တရာယ်ကြီးမားတဲ့ရောဂါ ဖြစ်ပါတယ်။

## အသားဝါမဖြစ်စေရန် ကိုယ်ဝန်ရှိစဉ်၌ ကာကွယ်ခြင်း

* ကိုယ်ဝန်ရှိစဉ်၌ ကိုယ်ဝန်အပ်နှံပြီးနောက် မိဘနှစ်ပါးရဲ့ သွေးအုပ်စု (A, B, O, AB) စစ်ဆေးပါ။
* မိဘနှစ်ပါးရဲ့ မျောက်သွေးအုပ်စု (Rh) ကို (+) လား (-)လား ဆိုတာ စစ်ဆေးပါ။ အကယ်၍ မိခင်ဟာ (Rh -) ဖြစ်နေပြီး ဖခင်ဟာ (Rh+) ဖြစ်နေပါက မွေးကင်းစကလေးငယ်၌ အသားဝါရောဂါ ဖြစ်စေနိုင်ပါတယ်။
* ထို့ပြင် လိင်မှတစ်ဆင့် ကူးစက်တတ်တဲ့ ရောဂါဖြစ်တဲ့ (VDRL, HIV, HBs Ag, Hepatitic test) စစ်ဆေးပါ။
* သားဦးကိုယ်ဝန်မှ မွေးဖွားသော ကလေးငယ်ဟာ အသားဝါဖြစ်ဖူးပါက နောက်ကိုယ်ဝန်ဆောင်ချိန်တွင်အထက်ပါဖြစ်စဉ်ကို ဆရာဝန်အား ပြောပြထားရပါမယ်။

## ကလေးမွေးဖွားပြီးနောက် ကာကွယ်ခြင်း

* မွေးဖွားပြီးစ ကလေးငယ်ကို မိခင်ရဲ့ နို့ဦးရည် စောစီးစွာ တိုက်ကျွေးပါ။ ရိုးရိုးမွေးပါက မွေးပြီး နာရီဝက်အတွင်း မိမိရဲ့နို့ဦးရည် ဝင်အောင်တိုက်ပါ။ အကယ်၍ ခွဲစိတ်မွေးဖွားပါက မွေးဖွားပြီး တစ်နာရီအတွင်း မိခင်နို့ စတိုက်ပါ။ ဤသို့လုပ်ပေးခြင်းဖြင့် ကလေးငယ်တွင် ကိုယ်တွင်းရေဓာတ်ဆုံးရှုံးမှု နည်းပါးကာ အသားဝါဖြစ်နှုန်း လျော့နည်းစေပါတယ်။
* မွေးကင်းစကလေး ဖျားနာပြီး နို့မစို့နိုင်ပါက ရေဓာတ်လျော့နည်းကာ အသားဝါဖြစ်စေနိုင်သဖြင့် ဆေးရုံ ဆေးခန်းသို့ အမြန်ဆုံး ကုသမှုခံယူပါ။
* မွေးကင်းစ ကလေးငယ်များတွင် ပေါင်မပြည့်သော ကလေးငယ်များနှင့် လမစေ့သော ကလေးငယ်များ၌ အသားဝါရောဂါ ဖြစ်နိုင်သဖြင့် ဂရုတစိုက် စောင့်ကြည့်ရပါမယ်။
* ထိုကလေးငယ်များ ဖျားခြင်း၊ နို့မစို့နိုင်ခြင်း၊ တက်ခြင်းတို့ဖြစ်လျှင် ကလေးအထူးကုဆေးရုံကြီးသို့ အမြန်ဆုံးလာရောက်၍ ကုသမှု ခံယူရပါမယ်။
* သားဦးကလေး၌ အသားဝါဖြစ်ဖူးခြင်း ရှိပါက နောက်မွေးတဲ့ကလေးငယ်များကို အသားမဝါတဲ့တိုင်အောင် ဂရုပြု စောင့်ကြည့်ရပါမယ်။
* ကလေးငယ်ရဲ့ အသားရောင်ဟာ နနွင်းကဲ့သို့ ဝါထိန်နေပြီး တစ်ကိုယ်လုံး တောင့်တင်းနေခြင်း၊ မကြာခဏ တက်ခြင်းတို့ဖြစ်လျှင် ဆေးရုံကြီးသို့ အမြန်ဆုံးရောက်အောင်ပို့ပြီး ကုသမှု ခံယူပါ။
* တစ်ကိုယ်လုံး ဝါထိန်အောင် အသားဝါနေတဲ့ ကလေးဟာ ရောဂါ အခြေအနေပြင်းထန်နေပါပြီ။ထိုကလေးမျိုးဟာ နောက်ကျပြီးမှ ရောက်လာတဲ့ ကလေး ဖြစ်ပါတယ်။ ဒီကလေးမျိုးဟာ အသက်အန္တရာယ်ရှိပါတယ်။
* ကလေးငယ်ကို အသားဝါစ အခြေအနေမှာ ဆေးရုံသို့ လာရောက်ပြသရမှာ ဖြစ်ပါတယ်။

ထိုသို့ ဆေးရုံကြီးသို့ လာပြတဲ့ အသားဝါရောဂါရှိတဲ့ ကလေးငယ်ကို ဆေးရုံမှ ဆရာဝန်များက လိုအပ်တဲ့ ကုသမှုကို ဆောင်ရွက်ပေးပါတယ်။

* ကလေးငယ်၌ အသားဝါဓာတ် ခေါ် ဘီလီရူဘင်ဓာတ်ပမာဏ သွေးထဲ၌ မည်မျှရှိသည်ကို စစ်ဆေးပေးခြင်း။

## နေရောင်ပြပေးခြင်း

နေရောင်ပြတဲ့အခါမှာ ကလေးငယ်ရဲ့ မျက်လုံးနှစ်ဖက်စလုံးကို ပိတ်စ မျက်မှန်ဖြင့်ပိတ်ထားရပါတယ်။

အကယ်၍ ပိတ်မထားပါက နေရောင်မှာပါတဲ့ ခရမ်းလွန်ဓာတ်ဟာ မျက်စိအကြည်လွှာကို ထိခိုက်မိတဲ့အတွက် ငယ်ငယ်ရွယ်ရွယ်နဲ့ မျက်စိမှုန်တတ်ပါတယ်။

## မီးကင်ပေးခြင်း

* မီးကင်ပေးခြင်း ဆိုတာက ကလေးငယ်ကို အထူးပြုလုပ်ထားတဲ့ မှန်သေတ္တာထဲတွင် ထားပြီး မီးချောင်း ထွန်းပေးထားခြင်း ဖြစ်ပါတယ်။ ထိုမီးကင်ထားတဲ့ အချိန်မှာ မျက်စိ၌ အဝတ် မျက်မှန် ကာထားရပါမယ်။

## သွေးလဲလှယ် ကုသခြင်း

* အချို့သော ကလေးငယ်များဟာ တစ်ကိုယ်လုံး ဝါထိန်ပြီး ဘီလီရူ



www.burmeseclassic.com

www.burmeseclassic.com

ဘင်မာတ်များ များပြားနေလျှင် ရောဂါရင့်တဲ့အခြေအနေဖြစ်ပြီး ကုသရန်ခက်ခဲပါတယ်။ ထိုအခါ ကလေးငယ်မှာ သွေးလဲရန် လိုအပ်နေပြီဟု ဆုံးဖြတ်ချက်ချကာ သွေးအသစ်ဖြင့် လဲလှယ်ပေးပါတယ်။ ဒီလို သွေးလဲလှယ်ခြင်းအားဖြင့် မကောင်းတဲ့ သွေးအညစ်အကြေးများ ဖယ်ရှားပစ်ပြီး ရောဂါမရှိတဲ့ ကျန်းမာသောသူ၏ သွေးများဖြင့် အစားထိုးကုသတဲ့အတွက် ရောဂါရှိတဲ့ ကလေးငယ် အတော်များများရဲ့ အသက်အန္တရာယ်မှ ကယ်တင်နိုင်ပါတယ်။

## အသားဝါကလေးငယ်များနဲ့ နောက်ဆက်တွဲရောဂါများ

* ကလေးများဟာ နုနယ်သေးတဲ့အရွယ်ဖြစ်လို့ ရောဂါရဲ့ ပြင်းထန်တဲ့ဒဏ်ကို မခံနိုင်ကြပါ။ မွေးကင်းစအရွယ်ကလေးငယ်များဟာ အသားဝါခြင်း အဆိုးဆုံးအဆင့်ဖြစ်တဲ့ တစ်ကိုယ်လုံးဝါထိန်နေတဲ့ အခြေအနေဖြစ်သွားလျှင် ဒီအဝါဓာတ်ဟာ ဦးနှောက်အတွင်းသို့ စိမ့်ဝင်ပြီး ဦးနှောက်ထိခိုက်ပျက်စီးကာ သေဆုံးနိုင်ပါတယ်။

ကုသလို့ရတဲ့တိုင်အောင် ရောဂါအဆင့် မြင့်တက်သွားပါက အဝါရောင်ဓာတ်ဟာ ဦးနှောက်အတွင်းသို့ စိမ့်ဝင်သွားတဲ့အတွက် ဦးနှောက်ဖွံ့ဖြိုးမှုနောက်ကျပြီး ဉာဏ်ရည်မမီတဲ့ကလေးငယ်များနဲ့ မသန်စွမ်းတဲ့ကလေးငယ်များအဖြစ်သို့ ရောက်ရှိပြီး တစ်သက်လုံး လူညွန့်တုံးကာ ဒုက္ခိတဘဝသို့ ရောက်သွားစေနိုင်ပါတယ်။

တချို့သော ကလေးငယ်များဟာ ချက်တိုင်မှာ ပိုးဝင်ပြီး ချက်ပုပ်ရောဂါဖြစ်ကာ ဖျားခြင်း၊ နို့မစို့နိုင်ခြင်း၊ ချက်ကိုက်၍ တကျီကျီနှင့် ငိုနေခြင်းတို့ကြောင့် ရေဓာတ်ကုန်ခန်းကာ အသားဝါ ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် ချက်တိုင်မှာ အနာဖြစ်တဲ့ကလေးငယ်များကိုလည်း အသားဝါရောဂါ မဖြစ်အောင် ကြိုတင်ကာ ဆေးရုံ ဆေးခန်းသို့ပြသပြီး ကုသမှု ခံယူရမှာဖြစ်ပါတယ်။

အသားဝါရောဂါဟာ ကလေးငယ်များအတွက် အသေအပျောက်နှုန်းများစေတတ်တဲ့ ရောဂါဖြစ်လို့ ကိုယ်ဝန်ရှိစဉ်အခါမှာပင် ကြိုတင်သွေးစစ်ကာ လိုအပ်တဲ့ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားပါ။ အသားဝါရောဂါဟု သံသယရှိလျှင် ဆေးရုံ ဆေးခန်းသို့ ဆောလျင်စွာ လာရောက်ပြသပြီး ကုသမှုကို ခံယူပါ။

တစ်ကိုယ်လုံး နန္တင်းလို အသားဝါခြင်း၊ မကြာခဏတက်ခြင်း၊ တစ်ကိုယ်လုံး တောင့်တင်းနေခြင်းတို့ဖြစ်လျှင် ရောဂါရင့်တဲ့ အခြေအနေဖြစ်လို့ အဲဒီလို လက္ခဏာများမပြမီ လိုအပ်တဲ့ စစ်ဆေးမှု၊ ကုသမှုတို့ကိုခံယူသင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။

❒ ရှိရှိဌေး

Ref : Jaundice in Infant from internet.


# ဆရာမ ဒေါ်အေးလာဘ်ချမ်း

## လက္ခဏာဗေဒင် + ယတြာအစီအရင် (အမျိုးသမီး သီးသန့်ဗေဒင်တောခန်း)

- သားသမီး အချစ်ရေး၊ စေ့စပ်၊ လက်ထပ်မင်္ဂလာကိစ္စများ အဆင်ပြေစေဖို့။
- အိမ်မှာမနေ အပြင်မှာ အပေါင်းအသင်းများနှင့် ပျော်ပါးနေသော သားသမီးကို အိမ်ပြန်လာစေ (သို့) အိမ်မြဲစေဖို့။
- ပညာရေးထက် အချစ်ရေးဦးစားပေးနေသော သားသမီးကို ဖျောင်းဖျနားဝင်စေဖို့။
- ရည်မှန်းထားသော ပညာရေး/သင်တန်းများ အောင်မြင်ထူးချွန်စေဖို့။
- မိဘ ဘာပြောပြော နားမဝင် ကလန်ကဆန်လုပ်နေသော သားသမီးအပေါ် ပြောစကားအောင်မြင်စေဖို့။
- မိန်းကလေးတန်မဲ့ ယောကျာ်းလေးများနှင့်ယှဉ်ကာ အပျော်အပါး အသောက်အစား ဖက်နေပါသလား။

**ပိတ်ရက် မရှိပါ။ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဟောခန်းဖွင့်ပါသည်။**

အခန်း (B-1)၊ တိုက် (၃၉)၊ မဟာမြိုင်အိမ်ရာ၊ ဦးဝိစာရလမ်းမ၊
(၄၁) ရပ်ကွက်၊ အုံမြို့သစ်မြောက်ပိုင်း ရန်ကုန်။ ၀၉-၅၀၉၃၇၆၈၊ ၀၉-၇၃၀၄၃၇၃၃




www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာရေးအတွက် သရက်သီးဓာတ်စာ

ဒေါက်တာခင်မြ

(ကချင်မြေ)



### အသီးမှာသရက်

မြန်မာမှုတွင် အသီးမှာသရက်၊ အသားမှာဝက်၊ အရွက်မှာလက်ဖက် ဟူ၍ လူတိုင်းသိထားပြီး ဖြစ်လေ၏။ ဆိုရိုးစကား မှန်၏။ သရက်သီးသည် အနံ့အရသာကောင်းသော ဓာတ်စာသီး ဖြစ်ပြီး ဝက်သားသည် သံဓာတ်ကြွယ်ဝပြီး စား၍ကောင်းသော အစားအစာဖြစ်ကာ ကျန်းမာ သွေးအားကောင်းစေနိုင်သည်။ လက်ဖက်အရွက်၊ လက်ဖက်အကြမ်းသည်လည်း ကျန်းမာရေးကို အကျိုးပြုစေပါသည်။

အနံ့ အရသာကောင်းပြီး လူကြိုက်များသော သရက်သီးများသည် အပူပိုင်းဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သော အသီးပင်မျိုးဖြစ်ပြီး သရက်သီး၏ ဇာတိမြေသည် အိန္ဒိယနိုင်ငံ ဖြစ်နိုင်ခြေရှိသည်။ ရှည်သွယ်သောအရွက်ချွန်များရှိပြီး အခိုင်လိုက် ပွင့်တတ်သော အပွင့်များစု၍ ပွင့်ဖူးဝေဆာနေတတ်သည်။ သရက်သီးမျိုးရင်းပေါင်း မြောက်မြားစွာရှိကာ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင် ပေါပေါများများ တွေ့မြင်နိုင်ပါသည်။

မိုးရာသီကာလတွင် လှိုင်လှိုင်သီး၍ ဆောင်းဦးဝင်သည်ထိ ဖောဖောသီသီ စားသုံးနိုင်ပြီး မြန်မာတို့ အလွန်နှစ်သက်သော ဓာတ်စာသီးမျိုး ဖြစ်လေသည်။

ရှေးလူကြီးများ အဆိုအရ ရာသီသဘာဝအလိုက်သီးသော ရာသီပေါ်သစ်သီးများကို သူ့ရာသီချိန်နှင့်သူ ပေါပေါများများ စားသုံးပေးလျှင် ဘေးဥပဒ်ကင်းဝေးစေ၍ လိုအပ်သော ဆေးဝါးအာဟာရဓာတ်များကို ပြည့်ပြည့်ဝဝရရှိစေနိုင်ပြီး ကျန်းမာအသက်ရှည်စေနိုင်သည်ဟုဆိုသည်။

သဘာဝအလျောက် ရင့်မှည့်လာသော သရက်သီးများသည် အလွန်အနံ့အရသာ ကောင်းမွန်သဖြင့် အသီးမှာ သရက်ဟူသော ဆိုရိုးစကား ထွန်းကားခဲ့ဟန်ရှိ၏။ သရက်မျိုးရင်းလိုက်၍ အနံ့၊ အရသာ၊ အရောင်အဆင်း၊ အချိုအချဉ်ဓာတ်၊ လုံးကြီး လုံးသေး ကွာခြားမှု ရှိတတ်သည်။ သရက်သီးမျိုးရင်းကြောင့် အာဟာရဓာတ်ပါဝင်မှု အနည်းအများ ကွာခြားနိုင်ပါသည်။

အသီးကင်းများကို ငါးပိတို့စရာအဖြစ် စားသုံးနိုင်ပြီး မရင့်သေးသော အပွင့်နုနုလေးများကို ချဉ်ဖတ်ထည့်၍ စားသုံးနိုင်သည်။ ရာသီပေါ် အသီးအနှံများကို လုံလောက်စွာ စားသုံးပေးခြင်းဖြင့် တစ်နှစ်စာအတွက် ကျန်းမာရေး အာဟာရဓာတ်စာများကို ရရှိစေနိုင်





www.burmeseclassic.com

www.burmeseclassic.com

သည်။ ထို့ပြင် မှော်ဝင်သဘာဝ နတ်ပေးဆေးကို ထိုက်ထိုက်တန်တန် စားသုံးမှီဝဲပေးခြင်းဟု ဆိုရမည်ဖြစ်ပါသည်။

## ဆေးအာနိသင်

သရက်သီးများတွင် ဗီတာမင်အေဓာတ် ကြွယ်ဝသောကြောင့် မျက်စိအမြင်ကို ကြည်လင်ကောင်းမွန်စေနိုင်သည်။ ထို့ပြင် မျက်စိခြောက်သွေ့ခြင်း၊ မျက်စိနီရဲခြင်း၊ ကြက်မျက်သင့်ခြင်း၊ မျက်စိယားယံခြင်း အစရှိသော မျက်စိရောဂါများမှ ကာကွယ်ပေးနိုင်သည်။ သရက်သီးများတွင် အစာခြေအင်ဇိုင်းများ ပါဝင်နေသဖြင့် အသားဓာတ်များကို ခြေဖျက်ပေးနိုင်သည်။

အစာအိမ်ထဲတွင် အက်စစ်ဓာတ် လွန်ကဲမှုမဖြစ်အောင် တားဆီးပေးနိုင်သောကြောင့် အစာအိမ် အနာမဖြစ်အောင်ကာကွယ်ထိန်းပေးနိုင်သည်။ Fiber အမျှင်ဓာတ်များ အများအပြားပါဝင်နေသဖြင့် ဝမ်းချုပ်ခြင်းကင်းစေပြီး ဓာတ်လေးပါးကို မှန်စေနိုင်သည်။

သရက်သီးများတွင် ဂလူတာမင့်အက်စစ် (Glutamic acid) ဓာတ်မျိုး ပါဝင်နေသောကြောင့် ကလေးငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးကို ပိုမိုထက်မြက်စေနိုင်သည်။ ပင်မှည့်သရက်သီးများကို စားသုံးပေးလျှင် အသားအရေများကို ဝင်းဝါလှပစေပြီး သဘာဝအလှကျက်သရေတိုးစေနိုင်သည်ဟု ဆိုသည်။ သရက်သီးကို ပါးပါးလေးဖြစ်အောင် စိတ်လွှာပြီး မျက်နှာပြင်ပေါ် ဆယ်မိနစ်ခန့် ကပ်ပေးထားလျှင် ချွေးပေါက်ပိတ်ခြင်းမှ ကာကွယ်ပေးနိုင်သောကြောင့် ဝက်ခြံဖုထွက်ခြင်း၊ အလုံးအပိမ့်ပေါ်ခြင်း ဝေဒနာတို့မှ ကင်းစေနိုင်သည်။ အသားအရေကို နူးညံ့ဝင်းပစေပြီး မူလအလှပေါ် အလှတရားများ ဆင့်စေနိုင်သည်။

## သရက်သီးမှည့်ရည်

သရက်သီးမှည့်သည် လူ့ကျန်းမာရေးအတွက် လွန်စွာအရေးပါသော ပရိုတိန်းဓာတ်၊ ကစီဓာတ်၊ ကယ်လ်စီယမ်ဓာတ်၊ သံဓာတ်၊ သတ္တုဓာတ်နှင့် ဗီတာမင်သက်စောင့်ဓာတ်များ စုံလင်စွာပါဝင်သဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော အသီးဖြစ်သည်။ အချို့နိုင်ငံများ၌ သရက်သီးမှည့်ရည်ကို ဓာတ်စာသီးရည်အဖြစ် မှီဝဲသောက်သုံးကြသည်။

သရက်သီးမထွက်သော နိုင်ငံများတွင် သရက်သီး ဖျော်ရည်ဘူး၊ သရက်သီးစည်သွတ်ဘူး၊ သရက်သီးယိုစုံ စသော တာရှည်ခံ သရက်သီးအစားအစာများနှင့် သရက်သီးအာဟာရဓာတ်စာ အမျိုးမျိုးကို ထုတ်လုပ်ရောင်းဝယ်ကြရာ၌ အလွန် လူကြိုက်များကြပြီး အနှုတ်အသိမ်းသွက်လက်၍ ရောင်းပန်းဝယ်ပန်း ကောင်းလျက်ရှိသည်။ သရက်သီးမှည့်ရည်များထဲတွင် အများဆုံးပါဝင်သော ဓာတ်သည် ဘီတာကယ်ရိုတင်းဓာတ် (Beta carotene) ဖြစ်သည်ဟု ဆိုသည်။ ဘီတာကယ်ရိုတင်းဓာတ်သည် စားသုံးသူများ၏ ခန္ဓာကိုယ်ထဲ ရောက်ရှိသွားသည့်အခါ ဘီတာမင်အေဓာတ်အဖြစ် အသွင်ပြောင်းလဲသွားပြီး ခန္ဓာကိုယ်၏ လိုအပ်သော သဘာဝစွမ်းအားများကို ဖြည့်ဆည်းပေးသည်။ ခန္ဓာကိုယ် ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေပြီး ရောဂါဘယ ကာကွယ်ပေးရာတွင် စွမ်းအား မြင့်မားစေပါသည်။

ထို့ပြင် ဘီတာကယ်ရိုတင်းဓာတ်သည် အလွန်ထိရောက်သော ကျန်းမာရေး အကျိုးပြုဓာတ် (Anti oxidants) လည်းဖြစ်ပြီး ခန္ဓာကိုယ်တွင်းရှိ ဘေးဥပဒ်ဖြစ်စေနိုင်သည့် အဆိပ်အတောက်များကို တိုက်ထုတ်ဖယ်ရှားပေးသည်။ ဘီတာကယ်ရိုတင်းဓာတ်သည် အသားအရေ စိုပြည်လှပမှု၏ လျှို့ဝှက်ချက်ဖြစ်သည်ဟူ၏။ သရက်သီးမှည့်ရည်များတွင် ဗီတာမင်စီဓာတ် ကြွယ်ဝသဖြင့် အဆီများသည့် အစားအစာများမှတစ်ဆင့်ဖြစ်ပေါ်စေသောဓာတ်တိုးအန္တရာယ်ကို ကာကွယ်ပေးသည်။ အိုမင်းရင့်ရော်လာခြင်းကို ကာကွယ်တားဆီးပေးနိုင်သည်။ ခန္ဓာကိုယ်တွင်းရှိ မကောင်းသော Free Radicals များကိုလည်း ဆေးကြောသန့်စင် ရှင်းလင်းပေးနိုင်သည်။

သို့ဖြစ်၍ ဘီတာကယ်ရိုတင်းဓာတ် ပါဝင်သော သရက်သီးမှည့်ရည်ကို သောက်သုံးမှီဝဲပေးခြင်းဖြင့် ကြောက်စရာကောင်းသော နာတာရှည် ဒုက္ခပေးတတ်သည့် ရောဂါဆိုးများဖြစ်သည့် သွေးကြောကျဉ်းရောဂါ၊ ကင်ဆာရောဂါ၊ လေဖြတ်၊ လေသင်တုန်းရောဂါနှင့် အဆိပ်အတောက်များကြောင့် ဖြစ်စေတတ်သော ရောဂါဘယများကို ကင်းဝေးပပျောက် ရှင်းလင်းစေနိုင်သည်။

ထို့ပြင် ဆေးပညာရှင် သုတေသီတို့၏ အဆိုအရ သရက်သီးမှည့်ရည်သည် သွေးတိုးကိုကျစေနိုင်ပြီး အပူအမော်ကို ပြေပျောက်စေနိုင်သည်။ အစာကြေစေပြီး ဆီး၊ ဝမ်း၊ ဓာတ်လေးပါးကို မှန်စေနိုင်သည်။ ကင်ဆာအကင်ဖြစ်စေနိုင်သော ဓာတ်ပြုမှုများကို တားဆီးကာကွယ်ပေးနိုင်ပြီး အားအင်ချည့်နဲ့သူများကို ပြည့်ဖြိုးကျန်းမာ အားသစ်ရစေနိုင်သည်ဟု ဆိုသည်။ ဘီတာကယ်ရိုတင်းဓာတ် ကြွယ်ဝသော သီးနှံများမှာ သင်္ဘောသီး၊ ကန်စွန်းဥ၊ ကိုက်လန်၊ ခုံလာဥနီ၊ ဟင်းနုနယ်များ ဖြစ်လေသည်။

## ဆေးအာနိသင်

သရက်သီး၏ အာနိသင်များသည် စားသုံးကြသူများကို အားအင်စွမ်းအား ပြည့်ဖြိုးစေနိုင်၏။ အစဉ်ကျန်းမာနုပျို အရွယ်တင် အလှကျက်သရေ တိုးစေနိုင်၏။ သွေးသားလည်ပတ်မှုကို ကောင်းစေ မှန်စေပြီး လန်းဆန်းတက်ကြွစေနိုင်၏။ ခန္ဓာကိုယ်သွေးသားများကို သန့်ရှင်းစင်ကြယ်စေပြီး အသားအရေများကို စိုပြည်လှပ ဝင်းဝါနူးညံ့စေ၍ သဘာဝအလှ တိုးစေနိုင်သည်။

ခန္ဓာကိုယ်ထဲ လျော့နည်းလိုအပ်နေသော ဗီတာမင်ဓာတ်များနှင့် သတ္တုသက်စောင့်ဓာတ်များကို ဖြည့်ဆည်းပေးနိုင်၏။ ထိနာ ရှနာ၊ မြုနာ၊ ရင်နာ၊ ငုပ်





www.burmeseclassic.com

www.burmeseclassic.com

နာ၊ ဒဏ်နာများကို အမြန်ပျောက်ကင်းလွယ်စေနိုင်သည်။ ဟင်းသီးဟင်းရွက် စိမ်း မစားရသဖြင့် ဖြစ်တတ်သော ရောဂါများနှင့် အချဉ်ဓာတ်လို၍ ဖြစ်တတ်သော စကာဗီရောဂါများအတွက် အားထားရသည့်နတ်ဆေးတစ်ပါးလည်း ဖြစ်သည်။

သရက်သီးမှည့်ရည်ကို ပျားရည် (သို့) တင်လဲရည်တစ်မျိုးမျိုးနှင့်ရောစပ်သောက်သုံးပေးလျှင် အားအင်ဆုတ်ယုတ်ကုန်ခန်းသွားခြင်းကြောင့် ဖြစ်လာတတ်သော ရောဂါများနှင့် အစာမကြေလေအောင့်လေနာ လေရောဂါများကို သက်သာကောင်းစေနိုင်သည်။ သွေးအားနည်း၍ မူးမော်နုံးချည့်နေတတ်သူများသည် သရက်သီးဖြင့် ပြုလုပ်ထားသော အစားအစာများကို စားသုံးပေးသင့်သည်။

## ဆေးညွှန်းများ

သရက်သီးထဲတွင် ပါဝင်သော အာဟာရဓာတ်ပေါင်းများသည် လူကို ကျန်းမာအသက်ရှည်စေနိုင်သည့်အပြင် ကျန်းမာရေးအတွက် အစွမ်းထက်သော ဆေးတစ်ပါးလည်း ဖြစ်လေ၏။ သရက်ရွက်နုနုကိုကျိုသောက်ပေးလျှင် အဆုတ်ပွန်နှင့်ဆိုင်သော ရောဂါများ၊ ပန်းနာရင်ကျပ်ဝေဒနာနှင့် အသက်ရှူခက်သောရောဂါတို့ကို သက်သာပျောက်ကင်းစေနိုင်သည်။

သွားဖုံးရောင်ရောဂါအတွက် သရက်ရွက်ပြုတ်ရည်နှင့် ဆေးကြောငုံပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်၏။ အတွင်းကြေဒဏ်ရောဂါ၊ အတွင်းကြေဒဏ်ရာနှင့် ထိရှနာများအတွက် သရက်ရွက်ပြုတ်ရည်ကို သောက်ပေး ချိုးပေးသော် ပျောက်ကင်းသက်သာစေနိုင်၏။ တက်ဖျား ကျဖျားနှင့် နာတာရှည်အဖျားရောဂါများအတွက် သရက်ခေါက်ပြုတ်ရည်ဖြင့် ရေချိုးပေး သောက်သုံးပေးခြင်းဖြင့် ပျောက်နိုင်၏။ သရက်ခေါက် သုံးခွက်တစ်ခွက်တင်ပြုတ်ရည်သည်အဖျားရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။

သရက်ပင်စည်မှ ထွက်သော သရက်စေးများသည် အရေပြားနှင့်ဆိုင်သော ရောဂါများအတွက် အလွန်အစွမ်းထက်သော ဆေးကောင်းတစ်လက်ဖြစ်သည်။ သရက်သီးဓာတ်စာသည် အစာကို ကြေလွယ်စေနိုင်သဖြင့် အစာကြေဆေး၊ ဝမ်းပျော့ဆေးအဖြစ် စားသုံးနိုင်သည်။ ထမင်းစားပြီးတိုင်း အချိုစာအဖြစ် စားသုံးပေးပါက အစာကြေဝမ်းမှန်စေ၍ ဓာတ်လေးပါးကို ကောင်းစေနိုင်ပါသည်။

သို့ဖြစ်၍ သောက်သုံးရခက်ခဲသော ဆေးခါးများကို မမှီဝဲရဘဲ အာဟာရလည်းဖြစ် ဆေးဓာတ်စာလည်းမည်၍ ချိုမြိန်မွှေးကြိုင် အနံ့အရသာပြည့်စုံလှသည့် သရက်သီးများကို ရာသီပေါ်ချိန်၌ ဝဝလင်လင် စားသုံးပေးကြခြင်းဖြင့် ၉၆ ပါးသောရောဂါများမှ ရောဂါအချို့ကို ပျောက်ကင်းချမ်းသာရစေနိုင်၏။ ထိုသို့ စားသုံးပေးခြင်းဖြင့် တစ်နှစ်စာလိုအပ်သော စွမ်းအား အာဟာရဓာတ်၏ လိုအပ်ချက်များကို ရရှိသိုမှီး စုဆောင်းထားနိုင်ပြီး လိုအပ်သလိုသုံးစွဲနိုင်သဖြင့် ကျန်းမာခွန်အား ပြည့်ဖြိုးစေ၍ ကိုယ်စိတ်ရွှင်လန်း ချမ်းမြေ့စေနိုင်သည်။

## ရှိုးရှာဆေးနည်း

သရက်သီးမှည့်သည် ဗီတာမင်အေဓာတ် ကြွယ်ဝသဖြင့် စားသုံးပေးလျှင် မျက်စိဝေဒနာအမျိုးမျိုးကို ကုစားနိုင်ပြီး နှာပိတ်ခြင်း၊ နှာရည်ယိုခြင်းများကို သက်သာစေနိုင်သည်။

သရက်သီးစိမ်းများတွင် ဗီတာမင်စီဓာတ် ပါဝင်နေသောကြောင့် အတို့အမြှုပ်ပြုလုပ်၍ဖြစ်စေ၊ သရက်သီးလက်သုပ် လုပ်၍ဖြစ်စေ စားသုံးပေးပါက သွေးမသန့်သော ဝေဒနာ၊ သွေးမတိတ်ရောဂါ၊ သွား၊ သွားဖုံးနှင့် ပတ်သက်သောရောဂါ၊ အနာမကျက်သော ရောဂါများကို သက်သာစေနိုင်ပါသည်။

သရက်သီးစိမ်းကို ပျားရည်၊ ငရုတ်ကောင်းမှုန့် သင့်ရုံဖြင့် ရောစားပေးမည်ဆိုပါက သည်းခြေကို ကောင်းစေနိုင်၏။ သရက်သီးစိမ်းအနုကို ပျားရည်၊ ဆားတို့ဖြင့် တို့စားပေးလျှင် ဝမ်းချုပ် ဝမ်းကိုက်ဝေဒနာ၊ အစာမကြေလေရောဂါ၊ လိပ်ခေါင်းရောဂါများ ပျောက်စေနိုင်သည်။

သရက်သီးကင်းစေ့ကို သကြားသင့်ရုံထည့်၍ ပြာရည်ကြည်နှင့် ရောကျိုကာ သောက်သုံးပေးသော် အပူရှပ်၍ဖြစ်သောရောဂါများကို ပျောက်ကင်းစေနိုင်၏။ သရက် အစေ့ခြောက်ကို အမှုန့်ပြုလုပ်၍ ရွှေးလေးခန့်ကို ပျားရည်နှင့် ရောစားပေးလျှင် ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဝမ်းမကောင်းဖြစ်၍ အောင့်ခြင်း၊ နာခြင်း၊ ချုပ်ခြင်းများကို သက်သာကောင်းမွန်စေနိုင်သည်။

သရက်သီးမှည့်ကို ဖျော်ရည်လုပ်သောက်ပေးခြင်းဖြင့် အားအင်ကုန်ခန်းအစားအသောက်ပျက်ခြင်း၊ နုံးချည့်မူးမော်၊ မလုပ်ချင် မကိုင်ချင်ဖြစ်ခြင်းများကို ကောင်းစေနိုင်သည်။ သရက်ခေါက်မနုမရင့် အနေတော်ကို ရေနှင့်သွေးယူ၍ လည်ပင်းနှင့် အဆစ်အမြစ်များပေါ် လိမ်းကျံပေးပါက လည်ပင်းနာရောဂါနှင့် ဆုံဆို့နာရောဂါများကို ပျောက်စေနိုင်သည်။ သရက်စေး လတ်လတ်ဆတ်ဆတ်ကို လိမ်းကျံပေးသည်ရှိသော် ကင်းဆိပ်၊ ပျားဆိပ်၊ တိရစ္ဆာန်ငယ်များ၏ အဆိပ်များကို ပြယ်ပျောက်စေနိုင်ပြီး အနာကို မရင်းစေဘဲ ပျောက်ကင်းစေနိုင်သည်။ ဆင်ခြင်ရမည်မှာ အမှည့်လွန် မလတ်ဆတ်သော သရက်သီးများကို အလွယ်စားသုံးခြင်းဖြင့် ဝမ်းရောဂါပွားစေနိုင်သောကြောင့် ကောင်းမွန်လတ်ဆတ်သော သရက်သီးများကိုသာ ရွေးချယ်စားသုံးကြရမည် ဖြစ်သည်၊

❒ အောင်ဘုန်းမြင့်(ကချင်ပြည်)



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ပြုံးရယ်ရယ်မောဖွယ် ဟာသများ




**သေချာပေါက်**

တောင်သူလယ်သမားကြီး တစ်ဦးသည် သူ၏ လယ်ယာခြံမြေအား မီးအာမခံ ရရန်အတွက် ရောက် လာကာ လိုအပ်သောပုံစံများစွာ၌ ဖြည့်စွက်လက်မှတ် ထိုးပြီးနောက် တာဝန်ရှိသူ အရာရှိအား မေးလိုက် သည်။

"အားလုံး ပြည့်စုံပါပြီနော်"

"အင်း. . . ရပါပြီ၊ ပြည့်စုံပါပြီ"

"ဒါဆို ဒီည ကျွန်တော့်ခြံတွေ မီးလောင်သွား ခဲ့ရင် အာမခံ ဘယ်လောက်ရနိုင်မလဲခင်ဗျ"

"သေချာတာက မီးပေါ့ဆမှုနဲ့ အနည်းဆုံး ငါးနှစ် ပဲခင်ဗျ"

"အမ်"

❒ စောနိုင်ထူး

**ခန့်လိုက်ပြီ**

အတိုင်အတော ဝါသနာပါသော လူ့ဂွစာတစ်ဦးသည် လျှပ်စစ်ဓာတ်အားပေး ဌာနသို့ ဒေါသတကြီး ဖုန်းဆက်လိုက် သည်။

"ကျုပ်တို့လမ်းထိပ်က ဓာတ်တိုင် ဘယ်လိုဖြစ်ရတာလဲ၊ ညနေဆို မီးလာချိန် မလာဘူး၊ ဓာတ်တိုင်ကို ခြေထောက်နဲ့ ခပ်ပြင်းပြင်းကန်မှ လာတယ်၊ အဲဒါ ဘာသဘောလဲ၊ ခင်ဗျား တို့ ရုံးက တာဝန်ရှိသူတွေကို လွှတ်ပြီး ပြင်ခိုင်းလိုက်စမ်းပါ"

တစ်ဖက်မှ တာဝန်ရှိသူသည် ခေတ္တမျှ အသံတိတ် သွားပြီး နောက်မှ . . .

"အင်း. . . ခင်ဗျား ပြောသလိုဆိုရင် ဒီကိစ္စက မခက် ပါဘူးခင်ဗျာ၊ ရုံးမှာက အလုပ်ကိုယ်စီနဲ့ ဘယ်သူမှ အားကြ တာ မဟုတ်တော့ ဒီတော့ ခင်ဗျားကို ကျုပ်တို့ အလုပ်ခန့် လိုက်မယ်၊ ခင်ဗျား တစ်ခုပဲ လုပ်ပေးရမယ်၊ ညနေ မှောင်တဲ့ အချိန် မီးလာချိန်ရောက်တိုင်း အဲဒီဓာတ်တိုင်ကို ခပ်ပြင်းပြင်း ကလေး ကန်ကန်ပေး၊ ဟုတ်ပြီလား"

"အမ်"

❒ စောနိုင်ထူး






www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ

**သူမှန် နေရာမှန်**

ကုမ္ပဏီကြီး တစ်ခုတွင် ပိုင်ရှင်ဖြစ်သူမှ သူ၏ အမျိုးသမီးဝန်ထမ်းတစ်ဦးအား ရုံးခန်းတွင်း ခေါ်၍ ပြောလိုက်သည်။

"ဒီလိုကွယ်၊ တို့ကုမ္ပဏီမှာ အလုပ်သမား ဝန်ထမ်း ဘယ်နှယောက်ရှိလဲ၊ သိလား"

"သိပါတယ်ရှင့်၊ အားလုံး ၄၃၆ ယောက် ပါ"

"အေး. . . အဲဒီဝန်ထမ်းအားလုံးဟာ နင့် ရည်းစားအကြောင်း ကကြီးကနေ အအထိ သိနေ ကြလို့ နင့်ကို ဒီနေ့ကစပြီး ငွေစာရင်းဌာနကနေ ကြော်ငြာဌာနကို ပြောင်းလဲခန့်အပ်လိုက်ပြီ"

"ရှင်"

❒ စောနိုင်ထူး







**သေချာတာက**

မြေပိုင်ရှင်သူဌေးကြီး တစ်ဦးသည် အိမ်၌ ခိုင်းစေသောသူနှင့် ပတ်သက်၍ လွန်စွာမှ စိတ်ပျက် ကာ ပြောလိုက်သည်။

"မင်းကွာ၊ ဘာပဲခိုင်းလိုက် ခိုင်းလိုက် အရာ ရာနဲ့ အကြောင်းကြောင်းချည်းပဲ၊ ခေါင်းကလေး ဘာလေး သုံးမှပေါ့ဟ၊ အင်း. . . မင်းနဲ့ငါနဲ့ မင်းပဲ ရူးနေသလား၊ ဒါမှမဟုတ် ငါပဲ ရူးနေသလား"

"ဟုတ်ကဲ့ခင်ဗျ၊ သေချာတာတစ်ခုက ရူးတဲ့ သူကို ဆရာကြီးအနေနဲ့ အိမ်မှာ ခေါ်ခိုင်းမှာမဟုတ် ဘူးခင်ဗျ"

"ဟေ"

❒ စောနိုင်ထူး


www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ

**မှားတတ်ပလေ**



မလွန်ရွာသည် ကုန်းဘောင်ခေတ်က သမိုင်းဝင်မြို့တစ်မြို့ ဖြစ်ခဲ့သည်။ ညီတော် မိုးနဲမင်းသား သစ်တုံးခံတပ် သစ်တပ်စွဲရာ မြို့တစ်မြို့ ဖြစ်သည့်ပြင် နောက်ဆုံး မြို့ဝန်ဦးကို လက်ထက်အထိ နေပြည်တော်၏ တိုက်ရိုက်အုပ်ချုပ်မှု အောက်တွင် ရပ်တည်ခဲ့သော မြို့ဖြစ်သည်။ ခေတ်ကာလ ပြောင်းလဲလာသည်နှင့် မြို့ပြတစ်ခုမှ ကျေးရွာဘဝသို့ ရောက်ခဲ့ရလေသည်။ မလွန်ရွာတွင် အခုအခါ အမှတ်-၂ စက်မှုဝန်ကြီးလက်အောက်ရှိ စက်ရုံတစ်ရုံဖြစ်သော လယ်ယာသုံးပစ္စည်း စက်ရုံနှင့် အမှတ်-၂ ကာကွယ်ရေးပစ္စည်းစက်ရုံ၊ မီးရထားဘူတာ၊ မြစ်ကူးတံတား (တည်ဆောက်ဆဲ)တို့ဖြင့် မြို့မကျ တောမကျ အခြေအနေသို့ ရောက်ရှိနေပေပြီ။

မလွန်ရွာတွင် ဈေးတစ်ခုရှိသည်။ ထိုဈေးတွင် ဆိုင်ခန်းများဖြင့် တိုးတက် စည်ကားလျက်ရှိသည်။ ဝန်ထမ်းဘဝဖြင့် အငြိမ်းစားယူသူများလည်း မိမိဒေသသို့ မပြန်ကြတော့ဘဲ ထိုဈေးလေးအတွင်း ဈေးရောင်းရင်း ဘဝကို ရပ်တည်သူများ လည်း ရှိသည်။



ထိုအထဲတွင် က. ပ. စ ၂ မှ အရာခံဗိုလ်ဘဝဖြင့် အငြိမ်းစားယူခဲ့သော ကျော်အေးက ဈေးထဲတွင် နာရီပြင်ဆိုင်ဖွင့်ကာ ဝယ်ရောင်းလုပ်နေသည်။ ထိုဈေး တွင် နာရေးကူညီမှု အသင်းတစ်သင်းဖွဲ့ကာ အလှူရှင်ဦးနေမျိုးက ကားတစ်စီး လှူဒါန်းထားသည်။ အလှူရှင်တစ်ဦးက အလူမီနီယံအခေါင်းတစ်လုံး လှူသည်။ ထို့ကြောင့် မလွန်သည် မြို့ပြစရိုက်နှင့် အတော်နီးစပ်လာသည်ဟု ပြောရပေမည်။

ကျော်အေးက နာရေးကူညီမှု အသင်းရဲ့ အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ သူ့နာရီပြင်ဆိုင်က 'ကျော်' နာရီပြင်ဆိုင် ဖြစ်သည်။

တစ်နေ့ သူ့'ကျော်'နာရီပြင်ဆိုင် ဆိုင်းဘုတ်ကို အသစ်ရေးဆွဲရန် သူ့မိတ်ဆွေ ပိုင်သုဟန် ဆိုသော က. ပ. စ မှ သူ့သူငယ်ချင်းကို အပ်လိုက်သည်။ ထိုအချိန်တွင် နာရေးကူညီမှုအသင်းကလည်း (နာရေးကူညီမှုအသင်း) ဆိုင်းဘုတ်ရေးဆွဲရန် အပ်ထားသည်။ ပိုင်သုဟန်က ညနေဆိုလျှင် အမြဲတမ်းသောက်သည်။ ကျော်အေး ကလည်း မနက် အပြီးလိုချင်သည်။ ထို့ကြောင့် ပိုင်သုဟန်က "ကဲ မနက်အပြီး ရေးထားမယ်၊ လာယူ"ဟု ပြောလိုက်သည်။ နောက် ဆိုင်းဘုတ်နှစ်ခုစလုံးကို မူးမူး နှင့် ရေးဆွဲပြီးသွားသည်။



နောက်တစ်နေ့မနက် နာရေးကူညီမှုအသင်းကလည်း သူ့ဆိုင်းဘုတ် လာ ယူပြီး ဆိုင်းဘုတ်တင်ပွဲ(ဖွင့်ပွဲ)ကျင်းပသည်။ ကျော်အေးကလည်း သူ့ဆိုင်းဘုတ်လေး ဆိုင်ရှေ့ အသာထောင်တင်ပြီး နာရေးအသင်းကိစ္စ လာကူညီသည်။

နောက် သူ့ဆိုင်ဘက်သို့ ပြန်လာသည်။ ထိုအခါ သူ့ဆိုင်ရှေ့မှ ဖြတ်သွား သောလူများက သူ့နာရီပြင်ဆိုင် ဆိုင်းဘုတ်ကို လက်ညှိုးထိုးပြီး တဝါးဝါး ရယ်မော သွားကြသည်။ ထိုအခါ ကျော်အေး သတိရသွားပြီး သူ့ဆိုင်းဘုတ်ကို ထွက်ကြည့်ကာ ဖတ်လိုက်သည်။ စာတန်းဆုံးသည်နှင့် ကျော်အေးတစ်ယောက် ပိုင်သုဟန်ကို တစ်တစ်ခွခွ ငါနှင့်ကိုင်တုတ်ကာ ကော်ဆဲတော့သည်။

ပန်းချီဆရာ ပိုင်သုဟန် ရေးပေးလိုက်သော ဆိုင်းဘုတ်မှာ. . .

"ကျော် နာရေးပြင်ဆိုင်" ဟူသတည်း။

❐ ထပ္ပိုထမောင်ပိုင်း

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



**တွေ့မှ သိမယ်**

အဘိုးအို ။ ။ ဒီရုံးမှာ ဂျွန်ဆိုတဲ့ သူငယ်ကလေး အလုပ်လုပ်နေပါတယ်။ သူ့ကို တွေ့ချင်ပါတယ်။ ကျုပ်က သူ့ရဲ့ တစ်ဦးတည်းသော အဘိုးပါ။

စာရေး ။ ။ သူ ရုံးမှာ ခွင့်ယူထားပါတယ်။ သူ့အဘိုး အသုဘအတွက် တဲ့။

**ကောင်းပါမေ့**

လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီရှိ ပြခန်းကြီးအတွင်း၌ ပြသထားသော လေယာဉ်များကိုကြည့်ကာ လေယာဉ်ဝယ်ယူမည့်သူက မန်နေဂျာအား လေယာဉ်တစ်စင်းကိုပြကာ . . .

ဝယ်သူ ။ ။ ဒီလေယာဉ်က စိတ်ချရပ့ါမလား။

မန်နေဂျာ ။ ။ မြေပြင်မှာတော့ စိတ်အချရဆုံးပါပဲ။



**မသိလို့ပါ**

မြင်းပြိုင်ပွဲတစ်ခုတွင် . . .

မြင်းစီးသမား ။ ။ ကျွန်တော် နောက်ဆုံးမှ ပန်းဝင်တာမဟုတ်ပါဘူး။ ကျွန်တော့်နောက်မှာ မြင်းနှစ်ကောင်တောင် ကျန်နေပါသေးတယ်။

မြင်းပိုင်ရှင် ။ ။ (စိတ်ဆိုးစွာဖြင့်) ဟေ့ကောင်၊ မင်းနောက်က မြင်းနှစ်ကောင်ဟာ နောက်ပြိုင်ပွဲအတွက် နေရာယူမယ့်မြင်းတွေကွ၊ သိရဲ့လား။

**ဒါကြောင့်ပါ**

သား ။ ။ ဖေဖေ ရေတစ်ခွက်လောက် ပေးပါဦး။

ဖခင် ။ ။ (အံ့အားသင့်စွာဖြင့်) နောက်တစ်ခွက် ဟုတ်လား။ သောက်လှချေလား။ ၁၀ ခွက်တောင်ရှိပြီ။

သား ။ ။ မဟုတ်ဘူးဖေဖေ၊ ကျွန်တော့်အခန်း မီးလောင်နေလို့ပါ။

ဖခင် ။ ။ ဟေ . . . ။



**သိပြီလား**

ရထားတွဲစောင့် ။ ။ ကျေးဇူးပြုပြီး ပြတင်းပေါက်အပြင်ဘက်ကို လူကြီးမင်း ခေါင်းမထုတ်ထားပါနဲ့။

ခရီးသည် ။ ။ ဘာဖြစ်လို့ပါလဲ။

ရထားတွဲစောင့် ။ ။ (စိတ်အချဉ်ပေါက်ကာ) တံတားဘောင်နဲ့ ခင်ဗျားခေါင်း တိုက်မိပြီး တံတားဘောင် ပျက်စီးသွားမှာစိုးလို့ပါ။

❒ မောင်ဇေယျာထွန်း



www.burmeseclassic.com

www.burmeseclassic.com

# ကိုဖြူဝတောသား

## ခေတ်သစ် ဇီဝက



ဒီမန်ကျည်းတော ကျေးရွာမှာတော့ ဗိန္ဒောဆရာ ဦးအောင်ကြီး ဆိုသည်မှာ နာမည်တစ်လုံးနှင့်ဟု ဆိုရမှာပါခြိမ့်။ မန်ကျည်းတော ကျေးရွာသူကျေးရွာသားများသာမက ရွာနီးချုပ်စပ်ကပါ ကျန်းမာရေးနှင့် ပတ်သက်လာလျှင် တကယ့်ကို အားကိုးအားထားပြုရသူ ဖြစ်၏။

ဦးအောင်ကြီး၏ အိမ်သူဇနီး မလှရီကား တကယ့်ကို ပါရမီဖြည့်ဖက်ကောင်း တစ်ဦးဖြစ်၏။ လင်တော်မောင် ဆေးဖော်စပ်မည်ဆိုလျှင် လိုအပ်သော သီးရွက်မြစ်ခေါက်၊ သစ်ဥ၊ သစ်ဖုတို့ကို ရှာဖွေပေး၏။ ဆေးဖော်စပ်နေလျှင် လိုအပ်သည့် အကူအညီကို ပေး၏။ ရပ်ထဲရွာထဲမှာတော့ တက်ညီလက်ညီရှိသည့် စုံပြလင်မယားဆိုလျှင် မမှား။

"ရောဂါနဲ့ဆေး တည့်အောင်ပေးက ပျောက်ရေးဘယ်မှာ မခက်ပါ. . တဲ့ကွာ၊ ရောဂါ ဝေဒနာသည် တစ်ယောက်မှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတာရှိတယ်၊ ဒါကိုလဲ ဝေခွဲပိုင်းခြားတတ်ရမယ်၊ လူတစ်ယောက် ကျန်းမာရေးကောင်းမွန်တယ်ဆိုတဲ့နေရာမှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုတဲ့ဓာတ်ကြီးလေးပါးက အခြေခံပဲ၊ အဲဒီ အခြေခံဓာတ်ကြီးလေးပါး ညီညွတ်မျှတနေမယ်ဆိုရင် ဥပစ္ဆေဒက ကံသာ မထိုက်နဲ့၊ ကျန်းမာရေးဆိုတာ ဒေါင်ဒေါင်မြည်ပဲဟေ့၊ အဲ, တစ်ပါးပါး ချွတ်ယွင်းဖောက်ပြန်လို့ကတော့ ကျန်းမာရေး ချို့တဲ့ပြီလို့သာ မှတ်လိုက်ပေတော့"

ဒါက ရံဖန်ရံခါဆိုသလို ပြောလေ့ ဆိုလေ့ရှိသော သူ၏ လက်သုံးစကား။ မလှရီကတော့ ကြားရဖန်များ၍ နားရည်ဝနေသည်။

"လူမမာတစ်ယောက်ကို ကုသပေးရမယ် ဆိုကြပါစို့၊ အချို့ ဓာတ်စာကျွေးရုံနဲ့ ဝေဒနာသက်သာပျောက်ကင်းတာမျိုး ရှိတယ်၊ 'အစာလဲလေး ဆေးလဲအစာ' ဆိုတဲ့စကားလဲ အရှိသားလား အဲ. . . အချို့လူမမာကျပြန်တော့ ဘယ်ဓာတ်စာဆေးဝါးမှ မလိုဘဲ သူ့ဘာသာသူ အချိန်တန်ရင် ဝေဒနာသက်သာပျောက်ကင်းတာမျိုးလဲ ရှိပြန်တယ်၊ ဒီတော့ အရေးကြီးဆုံးက ဆေးဆရာတစ်ယောက်အနေနဲ့ ကိုယ့်လူနာရဲ့အနေအထားကို အကဲခတ် ဆုံးဖြတ်ချက်ချတတ်ဖို့ လိုတယ်"

မလှရီခများမတော့ လင်တော်မောင် ဗိန္ဒောဆရာထံမှ 'ဆေးဝါးစကားနေ့တိုင်းကြားက ထူးခြား သေချာအတတ်ပညာ တိုးသည်သာတည်း'။

ထို့ကြောင့်ပင် လင်တော်မောင် ဆေးကုထွက်နေပါက အိမ်သို့ "ဗိုက်နာလို့ပါ" "ချောင်းဆိုးလို့ပါ" "ဝမ်းတွေ ဒလဟော သွားနေလို့ပါ" "ကျောပူခေါင်းပူဖြစ်လို့ပါ" အစရှိသဖြင့် အပရိကရေး ဝေဒနာရှင်တွေ လာရောက်သည်ရှိခဲ့သော် "ဒါလေးများ က[illegible]အေးသွား"





www.burmeseclassic.com

www.burmeseclassic.com

ဆိုသကဲ့သို့ သူမကိုယ်တိုင်ဆေးဝါးအချို့ကို စပ်ဟပ်ပေးလိုက်သည်ချည်း။

သူမ စပ်ဟပ်ပေးလိုက်သမျှ ဆေးဝါးတွေကလည်း ရောဂါနှင့်ဆေးတည့်စပ်သွား၍ထင့် သက်သာပျောက်ကင်းသွားကြသည်ချည်းသာ။ ဒီတော့လည်း ဗိန္ဒောဆရာဦးအောင်ကြီးတို့ လင်မယား ရှိနေခြင်းသည် မန်ကျည်းတောရွာအတွက်တော့ ခေတ်သစ်ဇီဝကရှိနေခြင်းပဲဟု မှတ်ယူထားခဲ့ကြသည်။

တစ်ခါ တစ်ခါကျတော့လည်း ဦးအောင်ကြီးက အရွှန်းဖောက်တတ်သည်။ တစ်ခါက ၎င်းထံ ဘုန်းကြီးလူထွက် ကိုထွားကြီးနှင့် သားတော်မောင် ချက်စူတို့ ရောက်လာ၏။ ကိစ္စက ချက်စူတစ်ယောက် အိပ်ရာထဲယောင်ယမ်းပြီး သေးပေါက်ချတတ်သည့်ကိစ္စ။

"ကူညီပါဦး ဆရာဦးအောင်ကြီးရယ်၊ ကျုပ်ဒကာမ မလုံးတင်ခမျာမလဲ နေ့တိုင်းကို သေးဝတ်လျှော်နေရတော့ လက်မောင်းနှစ်ဖက်လုံး ဝိတ်သမားရဲ့ လက်မောင်းလို တုတ်တုတ်ခဲခဲကြီး ဖြစ်နေပြီ၊ သေးကလဲ ဘယ်လောက်တောင်ပြင်းသလဲမသိဘူး၊ စောင်တွေ အိပ်ရာခင်းတွေဆိုတာ သေးစားတာနဲ့ ခဏကလေးကို ဆွေးကုန်ပါလေရောဗျာ"

"မပူပါနဲ့ ကိုထွားရယ်၊ ရောဂါနဲ့ဆေး တည့်အောင်ပေးလိုက်ရင်အားလုံး အဆင်ချောသွားမှာပါ၊ ဒီလိုလုပ် ဒီလိုလုပ်"

သို့စကားခံပြီး လူရိုး လူအကြီး ကိုထွားကြီးအား နည်းလမ်းတစ်ခုပေးလိုက်သည်။ ကိုထွားကြီးလည်း အိမ်ပြန်ရောက်တော့ အဆိုပါနည်းကိုသုံးရန် အပ်ချည်ကြိုးကို ရှာရလေသည်။ ရလာသောအခါ ချက်စူအိပ်ရာဝင်တော့မည့် အချိန်၌ ၎င်း၏ရွှေပန်းထိပ်ကလေးအား အပ်ချည်ကြိုးဖြင့် ခပ်တင်းတင်းကလေး ရစ်ပတ်ပေးလိုက်တော့၏။

"တယ်တော်တဲ့ ဗိန္ဒောဆရာပဲကွာ၊ ဒါကြောင့်လဲ တို့တစ်ရွာလုံးသာမက ရွာနီးချုပ်စပ်ကပါ အပင့်ခံနေရတာပေါ့၊ ခုလဲကြည့်စမ်း၊ ခုလိုမျိုးပိတ်ဆို့လိုက်တော့ ဘယ်လိုလုပ် ဆီးသွားနိုင်တော့မှာလဲ၊ မနက်ကျမှ ပြန်ဖြေပေးလိုက်မယ်၊ မင်းလဲ သေးစိုအထည်တွေကို လျှော်စရာမလိုတော့ဘူးပေါ့"

မလုံးတင်ကတော့ ဘာမျှမပြောဖန်၊ လင်တော်မောင် လုပ်ကိုင်သမျှကိုသာ ခေါင်းတဆတ်ဆတ်ညိတ်ရင်းကြည့်နေလေသည်။

အစပိုင်းတော့ အဟုတ်သား။ သန်းခေါင်ကျော်လောက်မှာတော့ ချက်စူခမျာ ဆီးကြောတွေ တောင့်တင်းလာသည်။ ခါတိုင်းပေါက်နေကျ အချိန်ရောက်လာ၍ သေးကလည်း ပေါက်ချင်လာသည်။ သို့ရာတွင် ရွှေပန်းထိပ်၌ ကြိုးသေသေချာချာ ချည်ထားလေတော့ သေးက ဘယ်လိုမှ ထွက်မလာခဲ့။ ဤ၌ တစ်ကိုယ်လုံး စပ်ဖျဉ်းဖျဉ်းဖြစ်ကာ ကြက်သီးမွေးညင်းများပင် ထလာလေသည်။

"အား. . . အမယ်လေး သေသေပါတော့မယ်ဗျို့ လုပ်ကြပါဦး၊ သေပါတော့မယ်"

ချက်စူတစ်ယောက် အိပ်ရာထက် ထထိုင်ကာ စူးစူးဝါးဝါး အော်ဟစ်ပါလေတော့သည်။ ၎င်း၏ စူးစူးဝါးဝါး အသံကြောင့် လင်မယားနှစ်ယောက်စလုံး အိပ်ရာမှ နိုးလာခဲ့သည်။

"ချက်စူ သား သားလေး၊ ဘာဖြစ်တာတဲ့တုံး၊ အမေ့ကိုပြောစမ်း၊ အမေ့ကိုပြောစမ်း"

မလုံးတင်ခမျာ ပြူးပြူးပျာပျာဖြစ်သွားရတော့သည်။ မဖြစ်ဘဲကော နေပါမည်တဲ့လား။ ကြိုးတောင့်ကြီးမားကျကာမှ ရှားရှားပါးပါး ထွန်းကားလာသော သားရတနာလေးကိုဖြင့် မည်သည့်နည်းနှင့်မျှ ဘေးမသီရန်မခစေချင်ခဲ့။

"ပြောလေ ပြောလေ၊ ဘာဖြစ်လို့လဲ"

"သေး. . သေးပေါက်ချင်တယ် အမေ၊ အဖေ ကြိုးနဲ့ချည်ထားလို့ ဘယ်လိုမှ ပေါက်လို့မရတော့ဘူး၊ ဆီးခုံကြီးကွဲထွက်တော့မယ်"

"ဟယ်. . . ဖြစ်ရလေ၊ ကိုထွားသားကို ကြိုးမြန်မြန်ဖြေပေးလိုက်ချေ"

"အေး. . . အေးပါကွာ"

ဖခင်ကိုထွားကြီးလည်း ကမန်းကတန်းဆိုသလို ချက်စူ၏ ရွှေပန်းထိပ်မှ ကြိုးစကလေးကို အလျင်အမြန် ဖြေချပေးလေ၏။

ချက်စူက မတ်တတ်။ ၎င်းက ချက်စူရှေ့မှောက်၌ ဒူးထောက်လျက်သား။ ဤ၌ ဘယ့်ကလောက်တောင် အောင့်အည်းထားရလေသည် မသိ။ အပြင်သို့ အလွန်တရာ ထွက်ချင်လှစွာသော ဆီးတို့သည် ရွှေပြွန်မှတစ်ဆင့် ပြွန်တံထိုးချလိုက်သည့်အလား အရှိန်ပြင်းစွာ ပန်းထွက်လာခဲ့ရာ ပါးစပ်အဟောင်းသားဖြစ်နေသော ကိုထွားကြီး၏ ခံတွင်းသို့လည်းကောင်း၊ မျက်နှာတစ်ပြင်လုံးသို့လည်းကောင်း သေးမိုးဖျန်းခြင်း ခံလိုက်ရလေသတတ်။

ဒီကတည်းက ဗိန္ဒောဆရာ ဦးအောင်ကြီး အချွန်နှင့် မလိုက်သည့် ဒဏ်ကို ကိုထွားကြီးခမျာ ကောင်းကောင်းကြီး ခံစားခဲ့ရပါချေ၏။ သို့ပါသော်ငြား ကင်းအောင်နေ၍လည်းမဖြစ်နိုင်သည်မို့ အလိုက်သင့် အလျှားသင့် ခေါ်ပြောဆက်ဆံ နေရပါတော့သည်။

ဆရာဦးအောင်ကြီးကား သာရေး နာရေးအိမ်များ၌ လူငယ်တွေနှင့်ဆုံရပြီဆိုလျှင် ဂေါတမဘုရားရှင်ခေတ်အခါက ဆေးကုသရာ၌ နာမည်ကျော်လှသော သမားတော်ကြီး ဇီဝက၏ အကြောင်းကို ပြောလေ့ရှိ၏။

"မင်းတို့ သမားတော်ကြီးဇီဝကဆိုတာ ကြားဖူးကြတယ် မဟုတ်လား၊ လောကမှာ နွယ်မြက်သစ်ပင်မှန်သမျှ သူ့နေရာနဲ့သူ အစွမ်းထက်တဲ့အကြောင်း သာဓကပြခဲ့တဲ့ ဒိတ်ဒိတ်ကြဲသမားတော်ကြီးပဲပေါ့၊ သူ့ခေတ် သူ့အခါမှာ သူလဲ အသက်နဲ့ရင်းပြီး ဆေးဝါးကုသခဲ့ရဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား၊ မကြားဖူးသေးဘူးဗျာ၊ လုပ်ပါဦးဆရာဦးအောင်ကြီးရယ်"

ဗဟုသုတ လိုလားကြကုန်သော လူငယ်ကာလသားအချို့၏ တိုက်တိုက်တွန်းတွန်းစကားကြောင့် ဦးအောင်ကြီးလည်း အာပေါင်အာရင်း သန်ရပါချေပြီ။

"အေး. . မကြားဖူးသေးရင်လဲ ပြောပြရတာပေါ့ကွာ၊ တစ်ခါတုန်း ဟိုသင်းဟိုတ္တာ တိုင်းပြည်မှာ ဟိုသင်းဟိုတ္တာ ဘုရင်ကြီး အုပ်ချုပ်တုန်းကပေါ့"

"တိုင်းပြည်နာမည်နဲ့ ဘုရင်ကြီးရဲ့နာမည်ကလဲ တစ်မျိုးကြီးပါပဲလား၊ ဟိုသင်းဟိုတ္တာတဲ့လား"

"အေးကွာ၊ ငါလဲ ဦးနှောက်ထဲမှတ်ရတာတွေ များနေလို့ လျှံထွက်ကုန်ပြီ၊ ထားလိုက်ပါတော့ကွာ၊ တိုင်းပြည်တစ်ပြည်က ဘုရင်တစ်ပါးလို့ပဲ၊ အေး အဲဒီဘုရင်ကြီးမှာ ခေါင်းခဲနာဝေဒနာ စွဲနေတယ်ဆိုပဲ၊ သူ့တိုင်းပြည်က သမားတော် သမားကျော်ကြီးတွေ ကုသပေးကြပေမယ့် မပျောက်ဘူးဖြစ်နေတယ်။

ဘုရင်ကြီးက ထောပတ်ဆိုရင် သိပ်မုန်းတဲ့သူ၊ အနံ့ခံဖို့ မပြောနဲ့၊ ထောပတ်ဆိုတဲ့ အသံတောင် မကြားချင်တဲ့သူ၊ တကယ်တော့ ဘုရင်ကြီးရဲ့ ဝေဒနာပျောက်ဖို့ဆိုရင် ထောပတ်မပါလို့ မရဘူး၊ ဘုရင်ကြီးက ဆေးကုရာမှာ နာမည်ကျော်တဲ့ ဇီဝကကိုပင့်ပြီး ကုသစေခဲ့တယ်၊ ဇီဝကလဲ ထောပတ်နဲ့ဆေးဖော်ပြီး ထောပတ်မပါတဲ့အကြောင်း လိမ်ညာတိုက်လိုက်တယ်၊ တိုက်ပြီးတာနဲ့ အသင့်စီမံထားတဲ့ ဆင်နဲ့ တိုင်းပြည်က လွတ်အောင်ပြေးရတော့တာပဲ။

ဘုရင်ခမျာ ဆေးသောက်ပြီး ကြို့ထိုးတဲ့အခါ ထောပတ်နံ့က ထောင်းခနဲဆိုသလို ထွက်လာတယ်၊ ဝေဒနာကတော့ ချက်ချင်းကို ပျောက်ပါရဲ့၊ ဒါပေမဲ့ သူအလွန်အင်မတန် မုန်းတီးတဲ့ ထောပတ်ကို ဆေးအဖြစ် လိမ်ညာပြီး တိုက်ရပ့ါမလားဆိုပြီး အမျက်ဒေါသ ချောင်းချောင်းထွက်လို့ ဇီဝကကိုသတ်ရအောင် လိုက်ဖမ်းတယ်ဆိုပဲ၊ ဒါပေမဲ့ ဇီဝကဟာ အကွက်ကျကျ စီမံထားတာမို့ အသက်ဘေးက လွတ်သွားတယ်ဆိုပဲ"

ဒီလိုမျိုး အကြောင်းအရာတွေကို စီကာပတ်ကုံး ပြောဆိုတတ်၍လည်း ဗိန္ဒောဆရာ ဦးအောင်ကြီးဆိုသည်မှာ နာမည်တစ်လုံး ရခြင်းပေတကား။

ခုလည်း ဒေါင့်ကွေးရွာက လူမမာတစ်ဦးအတွက် ၎င်းအား ဆေးဆရာ လာပင့်ခဲ့သည်။ ကိုထွားကြီးကလည်း ဒေါင့်ကျေးရွာ၌ မျိုးစပါးဖိုး ငွေချေရမည်မို့ နှစ်ဦးသား တစ်ဦးကိုတစ်ဦး အဖော်သဟဲပြုရင်း လာပင့်သူနှင့်အတူ ဒေါင့်ကျေးရွာသို့ လိုက်ပါသွားခဲ့လေ၏။

လူမမာကား အသက်(၆၀)ခန့်ရှိမည့် အဘိုးကြီးတစ်ဦး။ နာမည်က 'ဒေါင့် ကွေးသန့်'တဲ့။ သူ့ရပ်သူ့ရွာအပေါ် အလွန်မတန် ချစ်၍ထင့်။ မှည့်ခေါ်ထားသော အမည်၌ ရွာနာမည်က ရှေ့တန်းမှာ ပါနေသည်။

"အဘ ဒေါင့်ကွေးသန့်က နာမည်နဲ့လိုက်အောင် အသန့်အပြန့်သိပ်ကြိုက်တာ ဆရာရဲ့၊ သူ့ရှေ့မှာ ရွံစရာကိစ္စတွေ သွားမပြောလိုက်နဲ့၊ ချက်ချင်းကို အန်ထုတ်တော့တာပဲ၊ ဒါသကလဲ အရွယ်နဲ့မလိုက်အောင် သိပ်ကြီးပြန်သေး"

လူနာလာပင့်သူ၏ ပြောစကားကြောင့် လူမမာ၏စိတ်ထားအခြေအနေကိုကြိုသိရသည့်အတွက် အားရကျေနပ်ခြင်း ကြီးစွာဖြင့် ဆရာဦးအောင်ကြီးလည်း ခေါင်းတဆတ်ဆတ် ညိတ်နေလေသည်။ လူမမာနှင့်တွေ့တော့ ပြောသည့်အတိုင်းပင် လူရည်က ခပ်သန့်သန့်ဝတ်စားထားသည်ကလည်း ဖြူဖြူစင်စင် ကြော့ကြော့မော့မော့။

လူမမာကို သေသေချာချာ ဆန်းစစ်ကြည့်လိုက်တော့ ဖြစ်ပွားနေသည့် ရောဂါဝေဒနာက ခွဲကျပ်သလိပ်ကပ်သည့် ဝေဒနာ။ လည်ချောင်းတစ်လျှောက် ချွဲသလိပ်တွေက ပျစ်ခဲနေသည်ဆိုတော့လည်း အသက်ရှူသံသည် ဖြောင့်ဖြောင့်စင်းစင်းမဟုတ်၊ တခွီးခွီးနှင့်၊

တစ်ခါတစ်ရံ မြွေတွန်သံအလားတရှီရှီနှင့် မြည်နေလိုက်ပြန်သေး။

"ညညဆို ပက်လက်လှန်နေလို့မရဘူး၊ ဖင်ဘူးတောင်းထောင်ပြီးနေရတယ်၊ အသက်ရှူလို့လဲ ဝတယ်မထင်ဘူး"

"ရင်ခေါင်းနဲ့ လည်ချောင်းထဲမှာ ချွဲသလိပ်တွေ ရှိနေလို့ပေါ့ အဘရယ်၊ အဲဒီ ချွဲသလိပ်တွေ အပြင်ကိုထွက်တ





www.burmeseclassic.com

ကုန်မှ အဘရဲ့ရောဂါ သက်သာသွားမှာ၊ ဒီတော့ ကျွန်တော်ပေးတဲ့ဆေးကို အဘ သောက်ရမယ်၊ ဆေးသောက်ပြီးတာနဲ့ သိပ်မကြာခင်မှာ ယူပစ်လိုက်သလိုကို ပျောက်သွားရမယ်"

ဆရာဦးအောင်ကြီး၏ စကားကြောင့် ရင်ကျပ်ပန်းနာသည် ဘကြီး ဒေါင့်ကွေးသန့်၏ မျက်နှာမှာ လန်းရွှင်သွားလေ၏။ ဆေးဆရာတစ်ယောက်၏ စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုကား လူမမာအတွက်တော့ ဝမ်းမြောက်ပီတိ ဖြစ်ဖွယ်ပင်။

"ကိုထွားရေ ကျုပ်ကို ဆေးအိတ်ပေးဗျာ"

ဦးအောင်ကြီးလည်း ဆေးလွယ်အိတ်ကိုယူကာ အိမ်အောက်သို့ ခဏ ဆင်းသွားပြီး အတော်ကလေးကြာမှ ပြန်တက်လာလေသည်။ ဧကန္တ အိမ်အောက်ဆင်းပြီး လင်းလင်းကျင်းကျင်း၌ ဆေးစပ်ခြင်း ဖြစ်ပေလိမ့်မည်။

"ကိုင်း. . . အဘ၊ တစ်ခါတည်း ဝါးစားပြီး ရေနဲ့မျှောလိုက်ပေတော့"

ကိုထွားကြီး လှမ်းမြင်လိုက်ရသည်က ဖန်ဂေါ်လီအရွယ် မရှိတရှိ မည်းမည်းအလုံးကလေးဖြစ်၏။ အဘိုးကြီး ဒေါင့်ကွေးသန့်လည်း ဆေးလုံးကို လှမ်းယူပြီး အမှာစကားအတိုင်း ဝါးမြို ချလိုက်သည်။

"အရသာ ဘယ်လိုရှိတုံး အဘ"

"အေးကွာ၊ တစ်မျိုးကြီးမှတစ်မျိုးကြီးပါပဲ၊ မာတဲ့နေရာမာ ပျော့တဲ့နေရာ ပျော့နဲ့၊ ပြီးတော့လဲ ငန်ကျိကျိကြီး၊ ပြီးတော့လဲ မောင်ရင့်ဆေးက ဘယ်လို ဆေးကြီးမှန်း မသိဘူး"

"အင်မတန် အစွမ်းထက်တဲ့ ဆေးပေါ့ အဘရယ်၊ အဘအတွက် အထူးရှယ်ဖော်စပ်လိုက်တဲ့ ဆေးခင်ဗျ၊ တော်လေးကြာရင်တော့ ရင်ခေါင်းထဲမှာ ဒုက္ခပေးနေတဲ့ ချွဲသလိပ်တွေ အပြင်ကို အန်ထွက်ကျလာစေရမယ်"

"ဟေ. . . ဟုတ်လား"

"သေချာတာပေါ့ အဘရယ်၊ ဒါထက် အဘကို မေးရဦးမယ်၊ အဘကို ကြည့်ရတာလဲ အင်မတန် သန့်ပြန့်နေတာပဲ၊ အဘက သိပ်ရှိတတ်တာပဲဆို"

"အမှန်ပေါ့ကွာ၊ ငါက ရှိတတ်တဲ့ နေရာမှာတော့ နှစ်ယောက်မရှိတဲ့ နိုးတူးပဲကွ"

"ဒါဆို ဟုတ်ပြီ၊ ကိုင်း. . . အဘ သေသေချာချာ နားထောင်ပေတော့၊ ကျွန်တော် အဘကို ခုနကတိုက်တာ တကယ့်ဆေး မဟုတ်ဘူးခင်ဗျ"

"ဟေ . . . ဆေးမဟုတ်ဘူး၊ ဟုတ်လား၊ ဒါဖြင့် အဲဒါ ဘာလဲ"

"အဲဒါ ကျွန်တော့်နှာခေါင်းထဲက နှပ်ချေးဖတ်တွေခွာပြီး တံတွေးနဲ့ လုံးထားတာ"

သို့ကလို ပြောဆိုပြီးသကာလ ဗိန္ဒောဆရာဦးအောင်ကြီးလည်း ကိုထွားကြီးအား မျက်နှာရိပ် မျက်နှာကဲပြလျက် ဆေးလွယ်အိတ်ကို ကောက်ကိုင်ကာ နေအိမ်ပေါ်မှ ဒိုင်းခနဲ ပြေးဆင်းသွားလေတော့၏။

"တောက်. . . ခွေးမသား ဆေးဆရာ၊ သေပေတော့"

အဘိုးကြီးဟာ ဒေါသတွေ အလိပ်လိုက်ထလျက် အနီးတွင်ရှိသော ကွမ်းအစ်ဖြင့် လှမ်းပေါက်လိုက်လေ၏။ ကံအားလျော်စွာပင် အပြေးမြန်လှစွာသော ဆေးဆရာနှင့် ကိုထွားကြီးကို မထိဘဲ ကွမ်းသီးပင်နှင့် သွားထိပြီး သကာလ ထုံးဘူးမှာ လွင့်ထွက်သွား၏။ ကွမ်းသီးစိတ်များ ပြန့်ကျဲသွား၏။ ဆေးရွက်ကြီးများမှာ ဖွာထွက်သွား၏။ ကွမ်းရွက်များ ပလူပျံသွား၏။

"ငါ့. . . ငါ့ကို ညစ်တီးညစ်ပတ်တွေ ညာကျွေးသွားတယ်၊ အောင်မယ် လေးလေး ရွံစရာကောင်းလိုက်လေခြင်းဗျာ၊ ဝေါ့. . . အဲ့. . . ဝေါ့ ဝေါ့"

ထွေးခံကို ကောက်ယူ၍ အန်ချလိုက်ရာ ရင်ခေါင်းထဲမှ ချွဲသလိပ်ခဲများသည် အထွေးလိုက် အထွေးလိုက် ထွက်ကျကုန်တော့၏။

ဒီကုထုံးကား ထိရောက်လှပါဘိ။ အဘဒေါင့်ကွေးသန့် တစ်ယောက် အဲဒီနေ့မှစ၍ ရင်ကျပ်ပန်းနာဝေဒနာ အရှင်းကြီးပျောက်သွားကာ အိပ်ပျော်စားဝင် ကျန်းမာရွှင်လန်းလာပါလေတော့၏။

ဇာတ်လိုက်ကျော် ဗိန္ဒောဆရာ ဦးအောင်ကြီးလည်း ထိုနေ့ ထိုရက်မှစ၍ "ခေတ်သစ်ဇီဝကကြီး" ဆိုသည့် ဂုဏ်ထူးဝိသေသ ရရှိသွားပါလေတော့၏။

မြို့မေတ္တာခံယူမယ့်. . .

❐ ကိုရွှေတောသား





www.burmeseclassic.com

www.burmeseclassic.com

# ဖူးစာရှင်က ပုလင်းကြော်ငြာရှင်ကိုး



ဟန်သီဇင်

ဒီနေ့ လေအန်ကုန်းဒေး ဖြစ်သည်။ ထုံးစံအတိုင်း စာရေးဆရာကြီး၊ လတ်၊ ငယ်များနှင့် ဆရာမအချို့ စုံလင်လှသည်။ နမော်နမဲ့ခင် ကတော့ မပေါ်လာသေးပါ။ ခင်မင်သူအချို့က ခင့်အားမျှော်ကြသည်။ တောင်ဘက်အရပ်မှ အကြော်ထုပ် ဆွဲလာမလား၊ မြောက်အရပ်မှ ဘိန်းမုန့်ထုပ် ဆွဲလာမလား ဟူ၍။

သို့သော် အသက်ကြီးကြီး လူတစ်ဦးကတော့ လာမေးလေ၏။

"စာရေးဆရာမ နမော်နမဲ့ခင် ရောက်ပြီလား"

"မလာသေးဘူး ခင်ဗျ၊ ကျွန်တော်လဲ မျှော်နေတာ"

ဆရာကြီး ဇင်ဒေါင်း စကားကြောင့် လူကြီးက ဘုကြည့်ကြည့်ကာ-

"ခင်ဗျားက ဘာဖြစ်လို့ မျှော်ရတာတုံး" ဟု မေးလေရာ . . .

"ဒီလိုပါ၊ သူက လေအန်ကုန်းရဲ့ အလှူ့ဒါနရှင်မို့ပါ၊ ဆရာကကော ကိစ္စရှိလို့လား ခင်ဗျာ"

"ကျုပ်က သူ့အစ်ကိုကြီးပါ၊ အိမ်မှာ သော့ခတ်ထားလို့ ဒီလိုက်လာတာ"

"ဒါဆို ထိုင်စောင့်ပါ ခင်ဗျာ"

ဆရာဇင်ဒေါင်းကတော့ ညှော်ဝတ်ကျေပွန်စွာ ထိုင်ခုံရှာပေးကာ ထိုင်စေသည်။

ခဏအကြာ ဂုရုကြီး မောင်သာယာ၏ အိတ်ကပ်ထဲမှ ဖုန်းမြည်လာလေသည်။

"တန် တန် တန်"

"ဟလို ပြောပါ"

"ဆရာ. . . ခင်ပါ"

"ဟေ. . . ပြော၊ ငါ့ညီမ"

"ခင့်အစ်ကိုဆိုတာ ရောက်နေလား၊ ခင်ဖုန်းဆက်တာ မသိပါစေနဲ့"

"ငါ့ညီမ ဘာပြဿနာလုပ်ပြန်ပြီလဲ၊ ရောက်နေတယ်"

"ဒါဆို ခင် နောက်မှရှင်းပြမယ်နော်၊ ဒီနေ့တော့ မလာဖြစ်တော့ဘူးနော်၊ တာ့တာ"

ခင် တစ်ယောက် ဖုန်းချလိုက်ပြီမို့ ဂုရုကြီးမောင်သာယာ ပြုံးနေလိုက်သည်။ နမော်နမဲ့ခင် စာမူတစ်ပုဒ်တော့ ရပေဦးမည်ဟု။

*

ခင်က ဆွေမျိုးတွေရဲ့ ကယ်တင်ရှင်ကြီးလေ။

တောမှာနေတဲ့ အစ်ကိုကြီးရဲ့ သမီး အထွေးဆုံးလေး ဆယ်တန်းအောင်ချိန်ကစပြီး မြို့မှာရှိသော ခင့်ထံ ရောက်ရှိလာပြီး. . .

"ငါ့သမီးကို ဆယ်တန်းအောင်တော့ ဘွဲ့ရစေချင်တယ်ဟာ၊ အလုပ်လေး ဘာလေး လုပ်စေပြီး အဝေးသင်တက်ခိုင်းချင်လို့"

"ဟို ဟိုလေ. . ."

ခင့်ရဲ့ နှုတ်ထွက်စကားကို သဘောပေါက်ဟန်တူရဲ့။

"ငါသိပါတယ်၊ နင်လဲ ငွေရှိတာ မဟုတ်ဘူး၊ သူ့အတွက် ကျောင်းစရိတ် နေစရိတ် စားစရိတ် ငါထောက်ပံ့ပါ့မယ် အဆောင်တွေ ဘာတွေ မထားချင်ဘူး အဲဒါ နင်လဲ အဖော်ရ၊ ငါ့သမီးကိုလဲ ကူညီစောင့်ရှောက်ပေး ဟုတ်ပြီလား"

အစ်ကိုကြီး ဆိုတော့လည်း ချစ်ကြောက် ရိုသေရသဖြင့် ခေါင်းညိတ်လက်ခံခဲ့သည်။ ခင့်အတွက်လည်း တိုးတိုးဖော် တူမလေးရောက်လာပြီဟု ဝမ်းသာမိသည်။ရောက်ကတည်းကအလိုက်သိတတ်စွာ နေထိုင်ပြီး သူ့ဘဝအတွက် ကြိုးစားရှာပါသည်။ အလုပ်အကိုင်ရ စေရန် ဒီပလိုမာသင်တန်းလွှတက် အလုပ်ရပြန်တော့ အဝေးသင်တက်တာ

www.burmeseclassic.com

www.burmeseclassic.com

ဘွဲ့ရအောင် ပညာကြိုးစားသင်ရပြန်ပါသည်။

ရန်ကုန်မြို့မှာ အနေကြာလာသဖြင့် တောသူအသွင်ပျောက်ပြီး ပြင်တတ် ဆင်တတ်၊ ရန်ကုန်မြို့သူ ကိုရီးယားစတိုင်ရုပ်မျိုး ဖြစ်လာရသည်။ အလုပ်ကလည်း ရာထူးရ၊ မကြာမီ ဘွဲ့ရတော့မည့် ဒီအရွယ်မှာ အမြီးပေါက်ကြတာချည်းမို့ တူမလေးကို စိတ်ဝင်စားသူများ ရှိလာသည်။

"အန်တီခင်၊ သမီး ဘယ်သူ့ကို ရွေးရမှာလဲဟင်"

ဒီလို အဒေါ်နဲ့တူမက ရင်းနှီးပွင့်လင်းစွာ တိုင်ပင်ဖက်များ။

တူမချောကို စိတ်ဝင်စားသူများအား နည်းလမ်းမျိုးစုံဖြင့် ယောက်ျားကောင်းအရည်အချင်း စစ်ဆေးကြပြီးသောအခါမှာ . . .

"အန်တီခင် အားလုံးထဲမှာ ကိုမင်းချစ်ဦးမောင်က အမှတ်အများဆုံးပဲနော်"

"အေး၊ အန်တီခင်လဲ အတူတူပဲ"

ဒီလိုနှင့် ပညာတတ် ဘွဲ့ရ၊ တစ်လ ဝင်ငွေ ငါးသိန်းရ မန်နေဂျာကြီး ကိုမင်းချစ်ဦးမောင်အား တူမချောလေး အတွက် ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ခဲ့ကြလေသည်။ ကောင်လေးကလည်း ရိုသေကျိုးနွံရှာသည်။ ဂါရဝတရားလည်း နားလည်သည်။

အင်း. . . ခင်လည်း တွေးရသည်။ ဒီခေတ်ကလေးတွေက ချစ်လို့ အတူတွဲသွားလာတာ ဆိုပေမယ့် မိန်းကလေးရှင် အနေနဲ့ စိတ်ပူပန်ရတာ အမှန်။ တူမချောရဲ့ မိဘကိုယ်စား ခင်က အုပ်ထိန်းနေရတာ တာဝန်ကြီးလှသဖြင့် . . .

"သမီးရဲ့အဖေကို သမီးတို့ကိစ္စ ဖွင့်ပြောပြီးလူချင်းတွေ့ပေးကြရအောင်"

"ဖြစ်ပါ့မလား အန်တီခင်ရယ်၊ သမီးကြောက်တယ်"

"မကြောက်ပါနဲ့အေ၊ အန်တီခင် တစ်ယောက်လုံး ရှိပါတယ်"

အဒေါ်ဖြစ်သူက ဒီလို ရဲဝံ့စွာ ပြောလာမှတော့ တူမချောက သဘောတူခေါင်းညိတ်ကာ တောက အဖေဖြစ်သူကို လှမ်းခေါ်ကာ အကြောင်းစုံ ဖွင့်ပြောပြလိုက်ရာ . . .

"ကောင်လေးက ပညာရော၊ အလုပ်ရော၊ မိဘမျိုးရိုးရော ပြောစရာမရှိဘူး၊ အစ်ကို့သမီးတစ်ယောက်တည်း ဦးနှောက်နဲ့ ဆုံးဖြတ်ထားတာ မဟုတ်ဘူး၊ ခင်ကိုယ်တိုင် လေ့လာပြီးမှ ဆုံးဖြတ်ရွေးချယ်ခဲ့ကြတာပါ၊ စိတ်ချ"

ခင့်ရဲ့ ဤလို အာမခံစကားလုံးများကြောင့် အစ်ကိုကြီးသဘောကျကာ သမက်လောင်းနှင့် တွေ့ဆုံစကားပြောခဲ့သည်။ ရုံးပိတ်ရက်များတွင် အစ်ကိုကြီး သွားလိုသော ဘုရားများ၊ လည်စရာ ပတ်စရာများသို့ တူမချောစုံတွဲက လိုက်ပို့ပေးကြသည်။ ဓာတ်ပုံတွေ အတူရိုက်ကြသည်။ သမက်လောင်းရဲ့ပုံကိုပြပြီး အစ်ကိုကြီး ရွာမှာ ကြွားဦးမှာမြင်ယောင်နေမိသည်။ ဒီလိုနှင့် တူမချော ဘွဲ့ယူပြီးလျှင် လက်ထပ်ကြရန် ခွင့်ပြုခဲ့လေတော့သည်။ လူကြီးမိဘများ ခွင့်ပြုပြီမို့ တူမချောတို့ကလည်း မင်္ဂလာခန်းဝင် ပစ္စည်းများ စုဆောင်းကြလေပြီ။

အစ်ကိုကြီး ရွာသို့ ပြန်သွားပြီးနောက် ရွာမှလူကြုံများနှင့်ဆုံတွေ့လျှင်

"ဟဲ့ မခင်၊ နင့်အစ်ကိုက သူတော်ရမယ့် သမက်ရဲ့ဓာတ်ပုံကို တစ်ရွာလုံး လိုက်ပြ ကြွားနေတာဟ" ဟူ၍ ပြန်ကြားရသဖြင့် ခင် ပြုံးမိလေသည်။

*

"တန် တန်. . . တန် တန်"

ဖုန်းမြည်သံကြောင့် ခင်ကြည့်လိုက်ရာ အစ်ကိုကြီးဆီမှ ဖြစ်နေသဖြင့်

"ပြော အစ်ကိုကြီး"

"ဟဲ့ မိခင်ခင်၊ နင် ဝိုင်းကူရွေးပေးတဲ့ ရွှေသမက်လောင်းကြောင့် ငါ ရွာမှာ သောက်ရှက်ကောင်းကောင်းကွဲပြီဟဲ့၊ သိရဲ့လား"

ငိုသံပါကြီးနှင့် ဖုန်းဆက်လာသော အစ်ကိုဖြစ်သူရဲ့ စကားကြောင့် ခင် နားရှုပ်သွားကာ. . .

"အစ်ကို့သမက်လောင်းက ရန်ကုန်မှာရှိနေတာ ရွာမှာ ဘယ်လိုအရှက်ကွဲရတာတုံး"

"ဟင်. . . နင် နင်တို့ရန်ကုန်နေပြီး စာရေးဆရာမဖြစ်ပြီး ဂျာနယ်မဖတ်ဘူးမို့လား"

"ဂျာနယ်နဲ့ အစ်ကို့သမက်နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ်ဟဲ့၊ ဘယ်၊ ဂျာနယ်ထဲမှာ သူ့ဓာတ်ပုံနဲ့ နာမည်နဲ့ ထင်ထင်ရှားရှားကြီး ပါလာတာများ ရွာထဲက လူတွေ လာပြလို့ သိရတာလေ၊ ငါ့မှာတော့ ကြွားထားလိုက်တာ၊ ရွာက လူတွေက ခင်ဗျားပြောတော့ သမက်လောင်းက လူတော် မန်နေဂျာကြီးဆို၊ ခုတော့ ခင်ဗျားသမက်က အရက်သမားစစ်စစ်ကြီးကိုးဆိုပြီး ဝိုင်းလှောင်ခံရတယ်လေ၊ အရက်ပုလင်း ကံထူးရှင်မဲပေါက်လို့ ကြော်ငြာထားတာ၊ အဲဒါ ကျွန်တော် အရက်သမားကြီးပါဗျာလို့ တစ်တိုင်းပြည်လုံးသိအောင် ကြေညာလိုက်တာဟဲ့၊ သိပြီလား၊ နင့်တူမကို အရက်သမား မယားတော့ အဖြစ်မခံနိုင်ဘူး၊ ဒီလိုသောက်ကောင်မျိုးနဲ့ သဘောမတူဘူး၊ ငါ အခုချက်ချင်း လာခဲ့မယ်၊ ဒါပဲ"

*

အဲ. . . အဲသလို အရက်ပုလင်းကံထူးရှင် စာရင်းဝင်မို့ သူ့သမီးနဲ့သမက်ကို မပေးစားဘူး။ ပြီးတော့ ဖူးစာရှင်ရွေးပေးတဲ့ ခင့်မှာလည်း အပြစ်ရှိတယ်ဆိုပြီး ဆုံးမ မလို့တဲ့။

ဒါကြောင့် ခင့်တို့ တူဝရီးနှစ်ယောက် စတေးရှောင်နေရပါတယ်ရှင်။ ဒါပေမယ့် သူတို့ လက်မှတ်ထိုးပြီးရင် ခင့်တာဝန် ပြီးပြီနော်။

အရက်ကံထူးရှင် မော်တော်ကားကို ယောက္ခမဖြစ်သူကို ကန်တော့မယ်တဲ့။ အဲဒီအခါကျရင် အစ်ကိုကြီးရဲ့ မျက်နှာကို ဘယ်လိုဖြစ်သွားမလဲဆိုတာ စာဖတ်ပရိသတ် သိချင်မှာပဲနော်။

❒ ဖာန်သီ[illegible]





www.burmeseclassic.com

www.burmeseclassic.com

# ဒေါ်ပေါက်ပေါက်ရဲ့ စီးပွားရေး မဟာဗျူဟာ

ပန်းတနော်နောင်လတ်




( ၁ )

တစ်ရွာလုံးမှာမှ ကြီးကြီးမားမား ရှိတာက 'ပေါက်' ထုတ်ကုန် သွင်းကုန် ရောင်းဝယ်ရေးဆိုင်ကြီးတစ်ဆိုင်တည်း။ ဆိုင်ပိုင်ရှင်က အပျိုကြီး၊ နာမည်က ဒေါ်ပေါက်ပေါက်။

ဒေါ်ပေါက်ပေါက်က သူ့ဆိုင်က ထုတ်ကုန်တွေကို ရောင်းတယ်။ မီးဖိုချောင်သုံးပစ္စည်းတွေ၊ အိမ်သုံးပစ္စည်းတွေ၊ ပလတ်စတစ်ပစ္စည်းတွေ၊ အဝတ်အထည်စတဲ့ပစ္စည်းတွေကို ဒေါ်ပေါက်ပေါက်က မြို့တက်ဝယ်ပြီး ရွာမှာ ပြန်ရောင်းတာ။ ဒီပစ္စည်းတွေကိုပဲ သူက ပြန်ဝယ်တာ။

သူ့ပစ္စည်းတွေကို သူရောင်းပြီး သူပြန်ဝယ်တယ်ဆိုတာက ဒီလို။

"ဟဲ့ ထူးကျော်၊ ဟိုကောင်လေး ဈေးမဝယ်ဘဲ ဆိုင်ထဲဝင်လာပြီး ဘာစာလာပေးတာလဲ"

ဆိုင်ရှင်အပျိုကြီး ဒေါ်ပေါက်ပေါက်က လျှင်တယ်။ ဆိုင်ထဲဝင်လာသူတွေကို အကဲခတ်တတ်တဲ့အတတ်ပညာ သူ့မှာ ကျွမ်းကျင်တယ်။ ဒါကြောင့် ထူးကျော်ဆိုတဲ့ အလုပ်သမားကို သူက မေးတာ။

"အကြွေးတောင်းတဲ့စာပါ ဒေါ်လေး"

ထူးကျော်က စောစောက ရလိုက်တဲ့စာကို ရိုရိုသေသေ ပေးပါတယ်။ သူပေးတဲ့စာက မင်္ဂလာဆောင်ဖိတ်စာ။

"ရွာတောင်ပိုင်းက သောင်းမြင့်နဲ့ ရွာလယ်ပိုင်းက ခင်စိန်တို့ မင်္ဂလာဆောင်ပဲ၊ တစ်ရွာတည်းသားတွေဆိုတော့ သွားရမယ်၊ သွားရမယ်"

ဒေါ်ပေါက်ပေါက်ရဲ့ သွားရမယ် သွားရမယ် ဆိုတဲ့စကား ကြားတော့ ဆိုင်အလုပ်သမားတွေက ပြုံးတယ်။

"နင်တို့ ဘာပြုံးတာလဲ"

သဲမမောင်က ဒေါ်ပေါက်ပေါက်ရဲ့ တူဝမ်းကွဲ။ ဒါကြောင့် ရဲရဲတင်းတင်း သူပဲ ပြန်ပြောရဲတယ်။

"သောင်းမြင့်တို့ မင်္ဂလာဆောင်မှာ ဒံပေါက်ကျွေးမှာတဲ့ ဒေါ်လေးရဲ့ ဒေါ်လေးနဲ့ ဒံပေါက်နဲ့ မတည့်ဘူးဆို တာ သိထားလို့ ကျွန်တော်တို့ ပြုံးတာ ပါ"

"မတည့်လဲ တစ်ခါတလေ စား တာပဲ၊ ဘာဖြစ်လဲ"

"ဒါဆိုလဲ ပြီးရော ပြီးရော"

"ဟင်း. . . နင်တို့ ဘာလို့ပြုံး တယ်ဆိုတာ ငါသိတယ်နော်"

( ၂ )

မင်္ဂလာဆောင် သွားတဲ့ ဒေါ် ပေါက်ပေါက် ယူသွားတဲ့ လက်ဖွဲ့ပစ္စည်း က ပါကင်ထုပ်ပြီးသား ပန်းကန်ပြား ချပ်။ စက္ကူဖာကြီးထဲမှာ စက္ကူတ ခံပြီး ပါကင်ထုပ်ထားလို့ ပစ္စည်းအ ကြီးလို့ ထင်ရတာ။

www.burmeseclassic.com

“ကြွပါခင်ဗျာ၊ ကြွပါ”

သတို့သားနဲ့ သတို့သမီးရဲ့ မိဘတွေကလှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်။ ဒေါ်ပေါက်ပေါက်က ရွှေမျက်နှာဖုံးဆိုတော့ ဒီလောက်တော့ ရှိတာပေါ့။

“နှစ်ပြန်ကြော်နဲ့ ရေနွေးကြမ်း သုံးဆောင်ပါဦး ဒေါ်ဒေါ်”

လူငယ်တစ်ယောက်က နှစ်ပြန်ကြော်တစ်ပွဲနဲ့ သကြားလုံးတစ်ပွဲ ချပေးတယ်။ မိန်းကလေးတစ်ယောက်က လက်ဖက်သုပ်တစ်ပွဲ လာချပေးတယ်။

“ဒေါ်လေးကလေ လက်ဖက်နဲ့ မတည့်ဘူးကွဲ့၊ လက်ဖက်ရည်အချို တစ်ပန်းကန်လောက် ရရင်တော့”

ဒေါ်ပေါက်ပေါက်ရဲ့စကား မဆုံးသေးပါဘူး။

“ရတယ်ခင်ဗျာ၊ ရပါတယ်၊ ဟဲ့ အေးအေးဝင်း၊ လက်ဖက်ရည် တစ်ပန်းကန်နဲ့ ကိတ်မုန့်တစ်ပန်းကန် မြန်မြန်သွားယူ”

အေးအေးဝင်းဆိုတဲ့ မိန်းကလေးက သတို့သားရဲ့တူမ။ ဦးလေးဖြစ်တဲ့ သတို့သားအဖေရဲ့စကား ဆုံးတာနဲ့ ဟုတ်ကဲ့ဆိုပြီး လှစ်ခနဲထွက်သွားခဲ့တယ်။

မင်္ဂလာဆောင်မှာ ဒေါ်ပေါက်ပေါက် စားခဲ့တာက လက်ဖက်ရည်အချို တစ်ပန်းကန်နဲ့ ကိတ်မုန့်တစ်ပန်းပန်၊ မတည့်လို့ မစားတာဆိုတဲ့ လက်ဖက်ပွဲလည်း ပြောင်လို့။ အိမ်ကို ပြန်ယူလာတာက ပန်းကန်ထဲထည့်ထားတဲ့သကြားလုံးတွေနဲ့ ပါကင်ဘူးနဲ့ ထည့်ထားတဲ့ ကြက်သားဒံပေါက် တစ်ထုပ်။

( ၃ )

ဒံပေါက်ထဲ ပါတာက ကြက်ပေါင်တစ်ချောင်းနဲ့တောင်ပံတစ်ချောင်း။ ကြက်ပေါင်က အသားတွေကို ဒေါ်ပေါက်ပေါက်က ခွာယူတယ်။ ယူမှန်းမသိအောင် အရိုးနဲ့ကပ်နေတဲ့ အသားတော့ နည်းနည်းချန်တယ်။ ဒံပေါက်ထမင်းတော့ လုံးဝမစားဘူး။ တောင်ပံကိုလည်း မကိုင်ဘူး။

“ဒံပေါက် ပြန်ရောင်းမယ်ဟေ့ ငါးရာ၊ ဘယ်သူဝယ်မလဲ”

သဲအောင်က . . .

“ကျွန်တော်ဝယ်မယ် ဒေါ်လေး၊ ငါးရာများတယ်၊ သုံးရာထား”

“မရဘူး၊ ဒံပေါက် တစ်ပွဲကို တစ်ထောင်ကျော် နှစ်ထောင်ရှိတာ၊ နင်သိတယ်၊ ငါးရာနဲ့ ရောင်းတာတောင် ဈေးနည်းသေးတယ်၊တစ်ထောင်နဲ့ရောင်းရမှာ”

“တော်ပါတော့ ဒေါ်လေးရာ၊ ငါးရာကို သုံးရာထားပါပြောမှ ဒေါ်လေးက တစ်ထောင်လိုချင်တယ်၊ ဆွေမျိုးချင်းပဲ၊ အလကားတောင်ပေးသင့်တယ်”

“အောင်မယ်၊ ပေးနိုင်ပါဘူးတော်၊ ဆွေမျိုးက ဆွေမျိုး၊ ငါက လက်ဖွဲ့ပစ္စည်းပေးလို့ ဒီဒံပေါက်ရတာ၊ ငါးရာက မလျှော့ဘူး”

“ဒေါ်လေး မလျှော့ရင်နေ၊ ကျွန်တော်ကလဲ မဝယ်ဘူး”

ဝယ်တဲ့သူက တစ်ယောက်တည်း။ ဈေးပြိုင်ဝယ်တဲ့လူ မရှိဘူး။ ဒီတော့မှ ဒေါ်ပေါက်ပေါက်က သုံးရာဆိုလည်း မနည်းပါဘူးဆိုတဲ့ သဘောနဲ့ ရောင်းတာ။ ဒါတောင် စကားက တင်စီးစီး။

“ပေး သုံးရာ၊ ရော့ ဒံပေါက်၊ ဒါနင့်ကို ဆွေမျိုးမို့ စားပါစေတော့ဆိုပြီး လျှော့ပေးတာ၊ တစ်ခါတလေ စားရတာ စား”

အဲဒီလို ဒေါ်ပေါက်ပေါက်။

( ၄ )

မင်္ဂလာဆောင်ပြီး နောက်နေ့မှာ ကိုသောင်းမြင့်နဲ့ မခင်စိန်တို့ ပေါက်ထုတ်ကုန်သွင်းကုန် ရောင်းဝယ်ရေးဆိုင်ကြီးကို ရောက်ခဲ့တယ်။ ဝယ်ဖို့လာတာ မဟုတ်ဘူး၊ ရောင်းဖို့လာတာ။

“ဒါတွေကို ပြန်ရောင်းချင်တယ် ဒေါ်လေး”

ဒါတွေဆိုတာက မင်္ဂလာဆောင်မှာ ရခဲ့တဲ့ လက်ဖွဲ့ပစ္စည်းတွေ။ ပုဆိုး၊ ထဘီ၊ အင်္ကျီပိတ်၊ ခတ်ဘူးကအစ ဒေါ်ပေါက်ပေါက် လက်ဖွဲ့ခဲ့တဲ့ ပန်းကန်ပြားအထိ။ ပလတ်စတစ်ပစ္စည်းတွေကတော့ အများဆုံး။

အဲဒီ ပစ္စည်းအားလုံးက ဒေါ်ပေါက်ပေါက်ရဲ့ဆိုင်က ဝယ်သွားကြတာချည်းပဲ။ ဝယ်တုန်းက ဒေါ်ပေါက်ပေါက်ရဲ့ ရောင်းဈေးက မြင့်တယ်။ တစ်ခွန်းဆိုင်ဆိုပြီး ဈေးမလျှော့ဘူး။

သူ့ပစ္စည်းကို သူပြန်ဝယ်တော့ သူ့ရောင်းဈေးရဲ့ သုံးပုံနှစ်ပုံ၊ တချို့ပစ္စည်းဆို ထက်ဝက်ကျော်ရုံလေး။

“ဈေးနည်းနည်း တိုးပေးပါ ဒေါ်လေးရယ်၊ ဒီပစ္စည်းတွေက ဒေါ်လေးရဲ့ဆိုင်က ဝယ်သွားကြတာတွေပါ”

“ငါသိပါတယ် မောင်သောင်းမြင့်ရဲ့၊ ပစ္စည်းတွေမှာ ငါ့ဆိုင်ကအမှတ်အသားတွေရှိတာ ငါသိတာပေါ့”

“ဟုတ်ကဲ့ပါ ဒေါ်လေး၊ အဲဒါ ဈေးနည်းနည်းတိုးပေးဖို့”

“မပေးနိုင်ဘူး၊ ဒါတွေက စားကုန်မဟုတ်ဘူး၊ အရင်းအနှီးနဲ့ မြှုပ်နှံထားရတဲ့ သိုလှောင်ကုန်တွေ၊ ငွေအိပ်တယ်၊ မင်းတို့ ရောင်းနိုင်ရင် ထားခဲ့၊ ငွေလက်ငင်းချေမယ်၊ မရောင်းနိုင်ရင် ပြန်ယူသွား၊ ဝယ်တာတောင် တစ်ရွာတည်းသားချင်းမို့ ဝယ်တာ”

ဒါနဲ့ပဲ ကျေးဇူးတင်ပါတယ် ဒေါ်လေးဆိုပြီး ရတဲ့ဈေးနဲ့ပဲ ကိုသောင်းမြင့်တို့က ရောင်းခဲ့ရတယ်လေ။

( ၅ )

ဈေးကွက်စီးပွားရေးမှာ ဈေးကွက်တွက်နည်းနဲ့ တွက်ပြီး စီးပွားဖြစ်နေတဲ့၊ ကြီးပွားနေတဲ့ ဒေါ်ပေါက်ပေါက်ရဲ့ ‘ပေါက်’ထုတ်ကုန်သွင်းကုန် ရောင်းဝယ်ရေးဆိုင်ကြီးက ဒီရွာမှာ အကြီးဆုံး။

ဒေါ်ပေါက်ပေါက်ရဲ့ ဈေးတွက်တွက်နည်းက မပိုင်လားဗျာ။

❐ ပန်းတနော် နောဝိဇိတ်



www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆုံးစကားတစ်ခွန်း

တင်အေးကျော်
(အောင်လံ)



ကျွန်တော်တို့ ငယ်ရွယ်စဉ်ကလေးဘဝက ညအိပ်ရာဝင်ချိန်တွင် အဘွားနှင့်အမေတို့ ပြောပြလေ့ရှိသော အိပ်ရာဝင်ပုံပြင် ဇာတ်လမ်းလေးများထဲတွင် ယခုထက်တိုင်အောင် ကျွန်တော် စွဲစွဲမြဲမြဲ မှတ်မိနေသော ဇာတ်လမ်းလေးတစ်ခု ရှိခဲ့ပါသည်။

လူ ဆိုသည်က သာမန်အချိန်များတွင် သွားလာလှုပ်ရှား ပြောဆိုမှုများကိုသတိထားမိတတ်ကြသော်လည်း ရုတ်တရက် အရေးကိစ္စပေါ်လာသည့်အခါများတွင်တော့ သတိမထားမိကြတော့ဘဲ တစ်သက်လုံးဖုံးထားသမျှ ပေါ်လာတတ်ကြသည်မှာ ဓမ္မတာပင် ဖြစ်သည်။

အချို့သော စာဖတ်ပရိသတ်များ ကြားဖူးကောင်း ကြားဖူးကြမည်ထင်သော်လည်း မကြားဖူးသေးသောသူများအတွက် ပြောပြရမည်ဆိုပါလျှင် ဇာတ်လမ်းကလေးကအောက်ပါအတိုင်းဖြစ်ပါသည်။

တစ်ခါက မြို့လေးတစ်မြို့တွင် မွေးရာပါ အင်္ဂါချို့ယွင်းပြီး စကားပြောမပီသသော အပျိုကြီးတစ်ယောက်ရှိသည်။ သို့ရာတွင် ထိုအပျိုကြီး စကားပြော မပီကြောင်း အတူနေသူငယ်ချင်းများနှင့် အိမ်နားနီးချင်းများသာ သိကြသည်။

အဘယ်ကြောင့်ဆိုသော် အပျိုကြီး စကားပြောလျှင် အေးအေးဆေးဆေးနှင့် ထိန်းထိန်းသိမ်းသိမ်း ပြောဆိုတတ်သောကြောင့် သာမန်ခဏ တွေ့သူများ မရိပ်မိကြ။

တစ်နေ့တွင် ထိုမြို့လေးသို့ ပြောင်းလာသည့် လူပျိုကြီးတစ်ယောက်နှင့် အပျိုကြီးတို့ တွေ့ဆုံချစ်ကြိုက်မိကြလေသည်။ သူ စကားမပီမှန်း လူပျိုကြီး ရိပ်မိသွားမည်ကို ကြောက်သောကြောင့် အတတ်နိုင်ဆုံး သိုသိုသိပ်သိပ် ပြောဆိုနေထိုင်ခဲ့၍ လူပျိုကြီးလည်း မရိပ်စားမိခဲ့ပေ။

ဤသို့ဖြင့် နောက်ဆုံးတွင် နှစ်ဖက်မိဘများကလည်း သဘောတူကြသဖြင့် အပျိုကြီးနှင့် လူပျိုကြီး မင်္ဂလာဆောင်ဖြစ်သွားခဲ့ကြသည်။ ထိုအချိန်ထိ အပျိုကြီး စကားမပီမှန်း လူပျိုကြီး မသိသေးပေ။ မနက်ပိုင်း မင်္ဂလာအခမ်းအနားပြီးဆုံး၍ သတို့သား၊ သတို့သမီးတို့နှင့် နှစ်ဖက်မိဘ မိတ်သင်္ဂဟ ဆွေမျိုးများ စုပေါင်းဝိုင်းဖွဲ့ကာ စားသောက်ကြသည့်ထမင်းဝိုင်းကျမှ ပြဿနာပေါ်လာခဲ့သည်။

သတို့သားနှင့် နှစ်ဖက်မိဘဆွေမျိုးများရှေ့တွင်အရှက်အကြောက်ကြီးလှသော သတို့သမီး အပျိုကြီးသည် ထမင်းမစားသေးမီ ရှက်ရှက်နှင့် အရင်ဦးဆုံး ဟင်းချိုပန်းကန်ထဲမှ ဟင်းချိုတစ်ဇွန်းကို ခပ်ကာ ရုတ်တရက် သောက်လိုက်မိလေသည်။

ဟင်းချိုက အငွေ့မထွက်သော်လည်း အပူကြီး ရှိသေးသောကြောင့် အပျိုကြီးခမျာ ပါးစပ်တစ်ခုလုံး အပူလောင်သွားကာ ရုတ်တရက် ယောင်ပြီး လန့်အော်မိလိုက်တော့သည်။

"အား. . . ဟင်းချိုကလဲ ဝူလိုက်တာ"

ဟင်းချို ပူသည်ကို စကားမပီသောကြောင့် ရုတ်တရက် သတိလက်လွတ်ဖြစ်သွားကာ ဝူသည်ဟုအော်လိုက်မိခြင်း ဖြစ်သည်။

ထိုအခါ အပျိုကြီးအနားတွင် အရိပ်တကြည့်ကြည့်နှင့် ရှိနေသော သတို့သား လူပျိုကြီးကလည်း စိတ်ပူသွားကာ စိုးရိမ်တကြီးပြောလိုက်သည့် စကားတစ်ခွန်းကြောင့် အပျိုကြီးလည်း စိတ်သက်သာရာ ရသွားခဲ့သလို အနား

www.burmeseclassic.com

တွင် ရှိနေကြသည့် လူအားလုံးလည်း ဇာတ်ရည်လည်သွားတော့သည်။

"ဟာ. . . မင်းကလဲ ဟင်းချို ဒီလောက်ဝူနေတာ ဝုတ်တောက်မှပေါ့"

အမှန်တွင် လူပျိုကြီးကလည်း စကားမပီသဖြင့် ထိန်းပြောနေကြောင်း အပျိုကြီး သတိမထားမိခဲ့ဘဲ ယခုလို ရုတ်တရက် အရေးပေါ်ကိစ္စဖြစ်လာမှ နှစ်ဦးစလုံး စကားမပီကြောင်း သိသွားခဲ့ခြင်း ဖြစ်သည်။

ယခု ကျွန်တော် ရေးသားတင်ပြမည့် အကြောင်းအရာကလေးကလည်း ထိုကဲ့သို့ပင် ရုတ်တရက်အရေးကြီးသည့် ကိစ္စ ပေါ်လာမှ စကားမပီကြောင်း သိခဲ့ကြရသည့် အဖြစ်အပျက်ကလေးတစ်ခု ဖြစ်ပါသည်။

✿

ကျွန်တော် ဝန်ထမ်းဘဝ သီးနှံဝယ်ယူကြိတ်ခွဲထုတ်လုပ်သော စက်ရုံကြီးတစ်ခုတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ဖြစ်သည်။ အခြားစက်ရုံများလို သာမန်ကြိတ်ခွဲရေးသာ လုပ်ဆောင်ရမည့် စက်ရုံတစ်ရုံ မဟုတ်ဘဲ သီးနှံစတင်ဝယ်ယူသည်အချိန်မှစ၍ နောက်ဆုံး အခြားစက်ရုံများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချပေးနိုင်သည့် အဆင့်အထိ အဆင့်ဆင့်လုပ်ဆောင်ရသည့် လုပ်ငန်းကြီး ဖြစ်သောကြောင့် တာဝန်များလှသည်။

ထို့အပြင် သီးနှံကို သက်ဆိုင်ရာ နယ်မြေများအလိုက် အဝယ်ဒိုင်များ ဖွင့်လှစ်ကာ ဝယ်ယူရသောကြောင့် လာရောက်ရောင်းချသည့် တောင်သူများကို ပြန်လည်ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ဌာနမှ ထွက်ရှိသော အထည်အလိပ်အမျိုးမျိုး၊ လူသုံးကုန်ပစ္စည်း အမျိုးမျိုးတို့ကို ပြန်လည်ကာ ရောင်းချပေးသည်။

ကျွန်တော် တာဝန်ထမ်းဆောင်ရသည်က ထိုကဲ့သို့ ပစ္စည်းအမျိုးမျိုး ပြန်လည် ရောင်းချပေးသော ဌာနစိတ်၏ တာဝန်ခံတစ်ဦးဖြစ်ပြီး ကျွန်တော့်လက်အောက်တွင် ပစ္စည်းစာရင်းကိုင်ရသော ဝန်ထမ်းတစ်ဦးနှင့် ပစ္စည်းဂိုဒေါင်ကိုင်ရသော ဝန်ထမ်းတစ်ဦး စုစုပေါင်းဝန်ထမ်း နှစ်ဦးရှိသည်။

ပစ္စည်းစာရင်းကိုင်ရသော ဝန်ထမ်းမှာ ကျွန်တော်နှင့် သက်တူရွယ်တူ သူငယ်ချင်းတစ်ဦးဖြစ်သော အပျိုကြီး မမတစ်ဦးဖြစ်သူ ဒေါ်ခင်သက်ထား ဖြစ်ပြီး ပစ္စည်းဂိုဒေါင်မှူးမှာ ကျွန်တော်တို့ထက် အသက်ငါးနှစ်ကျော်ငယ်သော ကိုမျိုးခိုင် ဖြစ်သည်။

နှစ်ဦးစလုံး စကားပြောလျှင် အနည်းငယ်မပီသော်လည်း စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောဆိုကြသဖြင့် စကားမပီမှန်း အကြောင်းသိ ဓာတ်သိသူများမှလွဲ၍ မသိကြပေ။

အပျိုကြီးက စကားပြောလျှင် ရကောက်နှင့်စလုံး မသဲကွဲဘဲရှိ 'ရှိတယ်' ဟု ပြောလျှင် 'စိတယ်'ဟု မပီသသလို ကိုမျိုးခိုင်ကလည်း ရကောက်နှင့် ခကွေး မသဲကွဲဘဲ 'ရှိတယ်' ဟုပြောလျှင် 'ချိတယ်' ဟု အနည်းငယ်လွဲတတ်သည်။

တစ်နေ့ ကျွန်တော် ရုံးကိစ္စတစ်ခုဖြင့် အပြင်သို့ခဏသွားနေခိုက် ရုံးချုပ်မှ ပစ္စည်းလက်ကျန်စာရင်း အရေးတကြီး ဖုန်းဆက်တောင်းတော့သည်။ သီးနှံဝယ်ယူသည့် ရာသီချိန် နီးနေပြီဖြစ်၍ လိုအပ်သောပစ္စည်းများ ထပ်မံဖြည့်တင်းပေးရန် ဖြစ်သည်။

ခါတိုင်းတွင် ကျွန်တော့်ဆီ ဖုန်းဆက် တောင်းနေကျဖြစ်၍ ပြဿနာမရှိသော်လည်း ထိုနေ့က ကျွန်တော့်စာရင်းဇယားများကို ရုံးအံဆွဲထဲ သော့ခတ်၍ သိမ်းထားမိခဲ့သည်။ ထို့ကြောင့် ဒေါ်ခင်သက်ထားနှင့် ကိုမျိုးခိုင်တို့နှစ်ဦး ၎င်းတို့ကိုင်သော လယ်ဂျာစာရင်းစာအုပ်များဖြင့် လက်ကျန်ပစ္စည်းစာရင်း အမြန်တိုက်ကြရတော့သည်။ စာရင်းကိုက်သည့် ပစ္စည်းရှိသလို စာရင်းမကိုက်သည့် ပစ္စည်းစာရင်းကလည်း ရှိသောကြောင့် နှစ်ဦးသား ရှိတယ်၊ မရှိဘူး ငြင်းခုံကြတော့သည်။

လက်ကျန်စာရင်းကို အမြန်ဆက်ပေးပါဟု ဆိုထား၍ ရုံးခန်းထဲမှ မန်နေဂျာကလည်း "မရသေးဘူးလား" ဟု ခဏခဏ မေးနေသောကြောင့် နှစ်ဦးသား ဇောချွေးပြန်ကာ ငြင်းခုံသံများကြောင့် သူတို့နှစ်ဦးမှာ စကားမပီမှန်း တစ်ရုံးလုံး သိသွားကြတော့သည်။

တစ်ရုံးလုံး "စိတယ်၊ မစိဘူး" "ချိတယ်၊ မချိဘူး"ငြင်းခုံသံများကြောင့် အသံထွက်ရယ်ချင်ကြသော်လည်း ရုံးခန်းထဲမှ ဆရာသမားက စာရင်းမရ၍ စိတ်တိုနေသဖြင့် ပြုံးစိစိ ဖြစ်ကုန်ကြတော့သည်။

ကံကောင်းထောက်မစွာ ရုံးသို့ ကျွန်တော်အချိန်မီပြန်ရောက်လာသောကြောင့် အံဆွဲကို သော့အမြန်ဖွင့်ကာ အဆင်သင့်လုပ်ပြီးသား ပစ္စည်းလက်ကျန်စာရင်းကို ရုံးချုပ်သို့ ဖုန်းဆက်ပေးလိုက်သဖြင့် လောလောဆယ် အဆင်ပြေသွားခဲ့သည်။

သို့သော်လည်း ထိုကိစ္စက မပြီးနိုင်သေးဘဲ နေ့လယ်စာ ထမင်းစားချိန်တွင် ပါလာသည့် ထမင်းဘူးများဖွင့်ကာ ဝိုင်းဖွဲ့စားကြရင်း ထမင်းဝိုင်းတွင် မနက်ပိုင်းကကိစ္စကို ဆက်ကြပြန်သည်။

"ခင်ဗျားက စကားမပီဘူး"

"ငါက စကားပီတယ်၊ နင်က စကားမပီတာ" စသဖြင့် အပျိုကြီးနှင့် ကိုမျိုးခိုင်တို့ ငြင်းကြပြန်သည်။

နောက်ဆုံး မနေသာတော့ဘဲ ကျွန်တော် ကြားဝင်ပြောရတော့သည်။

"ကဲ သူစကားမပီဘူး၊ ငါစကားမပီဘူး ငြင်းမနေကြနဲ့တော့၊ ဒီလိုလုပ်ကြမင်းတို့နှစ်ယောက် တစ်ယောက် တစ်လှည့်စီ ကြိုက်တဲ့စကားကို ခပ်မြန်မြန်ပြောခိုင်း၊ ပြောခိုင်းတဲ့စကားကို ပီပီသသနဲ့ မြန်မြန်မပြောနိုင်တဲ့သူက အရှုံးပဲ၊ ရှုံးတဲ့သူက အခုဒီမှာရှိနေတဲ့သူတွေကို ထမင်းစားပြီးရင် လက်ဖက်ရည် လိုက်တိုက်ရမယ်၊ ဘယ်လိုလဲ၊ ငါပြောတာ သဘောတူလား"

"ဟုတ်တယ်၊ နင်ပြောတာတော့ သဘာဝကျတယ်၊ ဘယ်လိုလဲ သဘောတူလား"

www.burmeseclassic.com

အပျိုကြီး ဒေါ်ခင်သက်ထားက အပိုင်တွက်ထားပုံနှင့် ကျွန်တော့်စကားကို ခပ်မြန်မြန်ထောက်ခံလိုက်ပြီး ကိုမျိုးခိုင်ကို မေးလိုက်သောကြောင့် ကိုမျိုးခိုင်ကလည်း အားကျမခံ ပြန်ပြောလိုက်သည်။

"စိန်လိုက်ဗျာ၊ တစ်ခုတော့ ရှိတယ်၊ ရှုံးတဲ့သူက တကယ်လက်ဖက်ရည် တိုက်ရမှာနော်၊ ရှုံးသွားမှ ဟိုဟိုဒီဒီ လျှောက်မပြောနဲ့"

"ကဲပါကွာ၊ ငါတို့ ဒိုင်လုပ်ပါ့မယ်၊ မင်းတို့သာ မေးရမယ့်စကားကို သေသေချာချာ စဉ်းစားထားကြ၊ စကား ပီမပီ ငါတို့ဆုံးဖြတ်ပါ့မယ်၊ ကဲ ဘယ်သူ အရင်စမေးမလဲ"

မည်သူရှုံးရှုံး မည်သူနိုင်နိုင် ကျွန်တော်တို့ကတော့လက်ဖက်ရည်သောက်ရဖို့ သေချာနေတာကြောင့် အရှုံးမရှိနိုင်ပေ။

အပျိုကြီးက စတင်ပြောခိုင်းပြီး တစ်ယောက်တစ်လှည့်စီ ပြောခိုင်းလာလိုက်ကြရာ နောက်ဆုံး အပျိုကြီး၏ အလှည့်တွင် စကားတစ်ခွန်းကို ထုံးစံအတိုင်း ရကောက်နှင့်စလုံး မပီသသဖြင့် ရှုံးသွားခဲ့သည်။

ထို့ကြောင့် ကျွန်တော်တို့ ဒိုင်လုပ်သည့် အဖွဲ့ကလည်း လက်ဖက်ရည် အလကားသောက်ရတော့မည် ဖြစ်၍ ဝမ်းသာအားရဖြစ်နေစဉ်မှာပင် ကိုမျိုးခိုင်ကလည်း အားရဝမ်းသာ ထအော်လိုက်သည့် စကားတစ်ခွန်းကြောင့် ထိုနေ့က လက်ဖက်ရည် မသောက်ရဘဲ ငတ်ခဲ့ရတော့သည်။

ကိုမျိုးခိုင် အားပါးတရ ထအော်လိုက်ပုံက . . .

"ဟားဟားဟား ခင်ဗျား အခု ဘာပြောဦးမလဲ၊ ချူးဘီမဟုတ်လား" တဲ့ဗျာ။

❒ တင်ခအေးကျော် (အောင်လံ)

## လရောင်အောက်က အနက်ရောင်ဂျာကင်

လူတိုင်း လူတိုင်းမှာ အကျင့်တစ်ခုစီ မွေးရာပါ ဗီဇတစ်မျိုးစီ ပါလာတတ်ကြသည်။ ကောင်းတဲ့အကျင့်တွေက တစ်ခါတစ်ရံ မပေါ်တတ်ပေမယ့် မကောင်းတဲ့အကျင့်လေးတွေကတော့ ဘယ်လောက်ဖုံးဖုံး ပေါ်တတ်တာတော့ ဓမ္မတာ ဖြစ်သည်။

ဒီလိုပဲ လှဝင်းမှာလည်း အကျင့်တစ်ခု ရှိသည်။ အိမ်က ထွက်သွားတာနဲ့ လမ်းမှာတွေ့တဲ့ ဘယ်ပစ္စည်းမဆို ဘေးမှာပါတဲ့ လွယ်အိတ်ထဲ ကောက်ထည့်တတ်တဲ့ အကျင့်ကြောင့် ရွာကလူတွေက "တွေ့ကောက် လှဝင်း"လို့ နာမည်ပြောင် ပေးထားသည်။ သူ့ကြောင့်လည်း ရွာသားတွေ စည်းကမ်းမရှိ ဖြစ်ကုန်ကြသည်။

"ဟဲ့ နင်တို့ လမ်းမှာ ဘာမှမကျနဲ့နော်၊ ခဏနေ လှဝင်း ဈေးသွားတော့မှာ"

"ကျလဲ အမေရယ် အချိန်တန် လှဝင်းဆီသွားတောင်းလို့ ရတာပဲလေ"

ခိုးချင်ဝှက်ချင်တာတော့ မဟုတ်ပေမယ့် ငယ်ငယ်ကတည်းက ပါလာတဲ့ ဒီအကျင့်ကြောင့် အိမ်မှာ အမြဲအရိုက်ခံရတာလည်း အမှတ်မရှိ ယူလာတတ်သည်။ လှဝင်းကောက်လာတဲ့ ပစ္စည်းတွေကို ပိုင်ရှင်လာတောင်းရင် ပြန်ပေးရတာ မနက်ဆို အလုပ်တစ်ခုလိုဖြစ်နေသည်။

ဘယ်သွားသွား အိမ်ကို လွယ်အိတ်တစ်လုံးနဲ့အပြည့် ပါလာတဲ့ပစ္စည်းတွေကို ကြည့်ပြီး စိတ်ညစ်ရတာကြောင့် လှဝင်းကို ဘာအလုပ်မှ မလုပ်ခိုင်းဘဲ အိမ်မှာပဲ နေခိုင်းတာ များသည်။

"လှဝင်း၊ မင်း ဒီတစ်ခေါက် ဟိုဘက်ရွာက ပွဲမှာ ဈေးသွားမရောင်းဘူးလား၊ ဒီနှစ် တော်တော်စည်မှာတဲ့"

"သွားချင်တာပေါ့ဗျာ၊ ဈေးရောင်းလို့ ပိုက်ဆံလဲရ ပစ္စည်းကောင်းတွေလဲ အများကြီးရမှာဗျ"

အမေနဲ့ အစ်မက ဘယ်လိုတားတား ဈေးရောင်းတဲ့ကားပေါ် အတင်းလိုက်သွားတဲ့ လှဝင်းကို ပါးစပ်ကနေ တတွတ်တွတ်မှာနေတာကတော့ . . .

"မောင်လေး၊ နင် လမ်းမှာတွေ့တဲ့ပစ္စည်း ကောက်တတ်တဲ့အကျင့် ပြင်ရင်ပြင် မပြင်ရင် တစ်နေ့ ဒုက္ခရောက်လိမ့်မယ်" တဲ့။

ဒီစကားတွေကို အမြဲကြားနေရတဲ့ လှဝင်းကတော့ ခေါင်းညိတ်ပြီး လက်ပြ နှုတ်ဆက်ခဲ့သည်။

❒

မြူနှင်းတွေကြားထဲက ဘုရားပွဲတော်ကလည်း ကြက်ပျံမကျအောင် စည်ကားလှသည်။ တဖြည်းဖြည်း ညဉ့်နက်လာတာနဲ့ အအေးဓာတ်က ပိုကဲလာသည်။ အုပ်စုလိုက်ဈေးရောင်းနေတဲ့ လှဝင်းတို့လည်း ပစ္စည်းတွေက ရောင်းကုန်သလောက် ဖြစ်နေပြီ။

လူစည်ကားတဲ့အချိန်မှာ ချမ်းတာမသိပေမယ့် လူနည်းသွားတာနဲ့ အရိုးထဲထိစိမ့်အောင် အေးလာသည်။ ရွာရှစ်ရွာ တစ်အုပ်စုခွဲပြီး ဘုရားပွဲကို တစ်နှစ်မှာ တစ်လှည့်စီလုပ်ရတာကြောင့် ဘယ်ဇာတ်လာလာ ထိုင်စရာနေရာမရှိအောင် မြူတွေကြားမှာ စောင်ခေါင်းမြီးခြုံ ကြည့်ကြသည်။

အရင်စိတ်နဲ့သာဆို လှဝင်းလည်း ဒီလိုကြည့်မှာဆိုပေမယ့် ခုတော့ ဒီညမှ အိမ်ပြန်မရောက်ရင် အဖေ့တုတ်ကြောက်လို့ ဘေးကသူငယ်ချင်းတွေကို အတူပြန်ဖို့ ပြောလိုက်သည်။

→→

www.burmeseclassic.com

# လရောင်အောက်က အနက်ရောင် ဂျာကင်

ဇင်ကိုသက်



"မင်းကလဲ ဒီအချိန်ပြန်ရင် ကား မရှိတော့ဘူးကွ၊ မနက်မှ ပြန်လာခေါ် မှာ၊ နေလိုက်ပါဦးကွာ၊ ခဏနေ မိုးလင်း တော့မှာပဲ"

"မဖြစ်ဘူးကွ၊ ငါ့အမေနဲ့ အစ်မ က မလွှတ်တာကို အတင်းလိုက်လာ တာဆိုတော့ သူတို့မှာတဲ့အတိုင်း ပြန်မှ ဖြစ်မှာ၊ ငါနဲ့ အဖော်လိုက်ခဲ့တဲ့သူကို ဘီယာအဝတိုက်မယ်ကွာ၊ ဘယ်လိုလဲ"

ကားလမ်းအတိုင်းဆိုရင် သိပ် ကြောက်စရာမရှိပေမယ့် လှဝင်းလို သရဲ ကြောက်တတ်တဲ့သူကတော့ အဖော် မပါရင် ပြန်ဖို့မလွယ်။ အဖော်လိုက်တာ လူများလေ ကောင်းလေမို့ ရောင်းရ သမျှငွေတွေကိုဒကာခံတိုက်လိုက်သည်။

တောင်ပေါ်ဒေသမို့ ည ၈ နာရီ လောက်ဆိုလျှင် လမ်းမှာအသွားအလာ မရှိတော့။ လရောင်ကလည်း တောင် တွေပေါ် ကျော်တက်ပြီး ထွက်လာတာ ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး သေချာ မြင်ရပေမယ့် တိတ်ဆိတ်နေတဲ့အတွက် ကြောက်စိတ်မဝင်အောင် တစ်ယောက် တစ်မျိုး ရောက်တတ်ရာရာ စကားတွေ ပြောရင်း လျှောက်လာကြသည်။

"ဒီည လတော်တော်သာတယ် နော်၊ ဒါကြောင့် အအေးပိုတာဖြစ်မယ်"

"အေးကွာ၊ အရမ်းအေးတာပဲ၊ ဒီလောက်အထပ်ထပ် ဝတ်ထားတာ တောင် ချမ်းနေသေးတယ်"

"ဟေ့ကောင် လှဝင်း၊ ခုချိန်မှာ ဘာပစ္စည်းကောက်ဖို့တွေ့ရင်အပျော်ဆုံး ဖြစ်မလဲ"

"မင်းကလဲ မေးစရာ လိုသေး လားကွာ၊ ခုချိန် ရွှေလဲမလိုဘူး၊ ပိုက်ဆံ လဲ မကောက်ဘူး၊ အနွေးထည် တစ် ထည်သာ အဖိုးတန်ဆုံးဖြစ်မှာကွ"

"အေး၊ အဲဒါ ငါလဲ ထောက်ခံ တယ်၊ ဒါပေမယ့် သူများဝတ်ပြီးသားကြီး တော့ မလိုချင်ပါဘူး၊ ရွံတယ်"

တစ်ယောက်တစ်ပေါက် အသံ တွေပြောရင်း လျှောက်လာတာ သူတို့နဲ့ မလှမ်းမကမ်းမှာ တွေ့လိုက်တဲ့ပစ္စည်း ကြောင့် အားလုံးတစ်ပြိုင်နက် အော် လိုက်ကြသည်။

"ဟာ . . . ဟိုမှာ နိုင်ငံခြားဖြစ် အနက်ရောင်ဂျာကင်ကြီး"

"ဟုတ်တယ်ဟေ့၊ ဒီတစ်ခါ ဦးတဲ့ သူ ယူကြေးနော်"

လရောင်အောက်က လမ်းလယ် ကောင်မှာ သေချာထင်ရှားနေတဲ့ ဂျာ ကင်ကြီးဆီ လှဝင်း တစ်ယောက်တည်း မဟုတ်ဘဲ အားလုံး ဦးဆုံးရောက်ဖို့ အား ကုန်ပြေးကာ အနားရောက်လို့ ဆွဲယူဖို့ ပြင်တဲ့အခါမှာတော့ ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် နောက်ပြန် လှည့်ပြေးခဲ့ရတော့သည်။

"ဝုတ် ဝုတ် . . . ဂီး ဂဲ"

"အမယ်လေး . . အားလုံးပြေး ကြဟေ့၊ နောက်ကျတဲ့သူ အရေခွံဆုတ် မယ်နော်၊ ကယ်ကြပါဦး အမေရေ၊ ပြေး ပြေး"

ရွာရောက်မှ တကယ်တမ်း လ ရောင်အောက်မှာ သူတို့ တွေ့ခဲ့တာ အနက်ရောင်ဂျာကင်မဟုတ်ဘဲ ခွေးနက် အကြီးကြီးတစ်ကောင်ဆိုတာကို တစ်ရွာ လုံးသိကာ ရယ်မောမဆုံး ဖြစ်ကုန်ကြ သည်။ ထိုအချိန်မှစ၍ လှဝင်းလည်း လမ်းမှာတွေ့တဲ့ ပစ္စည်းဆို ဘယ်ခါမှ မကောက်တော့ပါ။

❐ ဇင်ကိုသက်



www.burmeseclassic.com

www.burmeseclassic.com



လတ်

# တတ်လည်းတတ်နိုင်ပါပေ့ ဆရာသော်တာဆွေရယ်

**တေးသံရှင် ဂီတာမင်းမင်းဦး [ဂီတနက်သန်]**

ဆရာကြီး သော်တာဆွေကို ကျွန်တော် မမြင်ဖူးလိုက်ပါ။

သို့သော်လည်း ဆရာကြီး ရေးသားခဲ့သော စာအုပ်၊ စာပေများကိုတော့ ရင်းနှီးကျွမ်းဝင်မှု အနည်းငယ်ရှိခဲ့ပါသည်။

ဆရာကြီး ဖြတ်သန်းခဲ့ရသော စာပေခရီး၊ ရင်ဆိုင်ကြုံတွေ့ ကျော်ဖြတ်ခဲ့ရသော ဘဝအတွေ့အကြုံ အခက်အခဲများ၊ စာရေးဖော် ရေးဖက် မိတ်ဆွေများအပေါ် ထားရှိတတ်သော စိတ်ရင်းစေတနာများကိုတော့ ဆရာကြီးသော်တာဆွေ၏ တပည့်ရင်း ဆရာသုဝဏ္ဏကျော်စိန် ကမကထ ကျင်းပပြုလုပ်သော ဆရာကြီး သော်တာဆွေကွယ်လွန်ခြင်း အမှတ်တရ ဂါရဝပြုပွဲကျမှ သိရှိလာခဲ့ရခြင်း ဖြစ်ပါသည်။

ပထမ အကြိမ်က (၁၈)ကြိမ်မြောက်ဖြစ်၏။ ထိုစဉ်က ဆရာမှော်ဝန်းကြည်မြတ် ကျေးဇူးဖြင့် မမျှော်လင့်ဘဲ ရောက်ရှိခဲ့ရခြင်းဖြစ်၏။ ယခုအကြိမ်သည် အကြိမ်(၂၀)မြောက်ဖြစ်၏။ ကမကထ ပြုလုပ်သူကိုယ်တိုင် ဖိတ်စာကမ်းထားသည့်အတွက် တက်ရောက်မည့်အကြောင်းနှင့်အတူ အမှတ်တရဂါရဝပြုပွဲ အထမြောက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရည်သန်၍ ကျွန်တော်တတ်အားသရွေ့ အလှူငွေအနည်းငယ်ပင် ထည့်ဝင်လိုက်နိုင်ခဲ့ပါသည်။

ဆရာကြီးသော်တာဆွေ ရေးသားခဲ့သော စာအုပ်စာတမ်းများ မည်ရွေ့မည်မျှ ရှိသည်ကို ခန့်မှန်းခြင်းငှာမတတ်စွမ်းသာပါ။ သို့သော်လည်း တစ်ပုဒ်တည်းသော အကြောင်းအရာတစ်ခုကိုဖြင့် ၁၉၆၆ ခုနှစ်က ဖတ်ခဲ့ရဖူးသည်။ ၎င်းတစ်ပုဒ်ဆိုသော တစ်ပုဒ်သည်ပင်လျှင် ကျွန်တော့်ဘဝအတွက် အမှတ်ထင်ထင်ရှိရန် အကြောင်းတရားများအဖြစ် ထင်ကျန်ရစ်ခဲ့ပေတော့သည်။

ထိုအရာကား “ဘကြီးမွှန်းပြောသော ဆီးတော်သီးပုံပြင်” ဟူသတတ်။

ယခုလည်း ၎င်း အကြောင်းအရာများကို စဉ်းစား စားမြုံ့ပြန်နေရင်းတောင်မှ ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားရသည်အထိပင် ဖြစ်တော့၏။

*

တစ်ခါက ရွာတစ်ရွာမှာ သူကြီးတစ်ယောက်ရှိတယ်တဲ့။ သူ့သားသမီးမြေးတွေကို ရှင်ပြု ရဟန်းခံ နားသအလှူတော်မင်္ဂလာပွဲရှိတယ်။ အငြိမ့်တောင်ပါသေး ဆိုပဲ။

www.burmeseclassic.com

ဒါနဲ့ အငြိမ့်အဖွဲ့တွေ လာရင် တည်းရန်၊ ရေချိုး ထမင်းစားရန်၊ နောက်ဆုံး အလေး၊ အပေါ့ သွားဖို့ပါ စီစဉ်ထားတာတဲ့။ ဒါနဲ့ အဲဒီအငြိမ့်အဖွဲ့တွေပါတဲ့ ကားကြီး သူကြီးအိမ်ရှေ့ ဆိုက်လာပါလေရောတဲ့။

သူကြီးလည်း ခရီးဦးကြိုပြုပြီး စောစောကပြောတဲ့ နေရာထိုင်ခင်းတွေ လိုက်ပြသတဲ့။ သူကြီးပဲကွာ ရွာခံလူတွေနဲ့ ခိုင်းလိုက်ရင်လည်း ရတာပဲဟာကို။ အလှူရှင်မှန်းသိအောင် မဏ္ဍပ်တိုင်တက်ဆိုတာ ဒါမျိုးနေမှာပေါ့ကွာ။

ဒါနဲ့ ဇာတ်အဖွဲ့ တာဝန်ခံကလည်း မှတ်သားပြီး ဇာတ်စင်ဘက် ပြန်သွားသတဲ့။ အဲဒီအချိန်မှာ မျှော်လင့်မထားတဲ့ ပြဿနာတစ်ခုက ဗြုန်းစားကြီး သူကြီးဆီ ရောက်လာပါလေရောတဲ့။

နေရာက အလေး၊ အပေါ့သွားမယ့် အိမ်သာနဲ့ မလှမ်းမကမ်း တောချုံစပ်မှာ ဆိုပဲ။ အိမ်သာတံခါးရွက်ကသည်အတိုင်းလည်း ပိတ်လျက်ပဲတဲ့။

"အိမ်ပြန်ရင်လဲ အိမ်နဲ့က မနီး၊ ပြန်သွားရင်လဲ လမ်းတင်ထွက်ကျမယ့်ကိန်း၊ အိမ်သာထဲ လူရှိ မရှိဆိုတာလဲ မသိရ၊ ငါ့မှာလဲ ငါ့ဒုက္ခနဲ့ငါ၊ ဟယ် တတ်နိုင်ဘူး" ဆိုကာ နီးစပ်ရာချုံထဲဝင်ပြီး ကိစ္စရှင်းလိုက်ရောတဲ့။

အိမ်သာ လှမ်းကြည့်ရင်လည်း မမြင်တမြင်ဆိုပဲ။ စိတ်ကလည်း မဖြောင့်တဖြောင့်နဲ့ အခင်းသွားနေရတဲ့ သူကြီးဒုက္ခကလည်း မသေးလှဘူးဟေ့။

ဒီအချိန်မှာ လားလား. . . သူ့ရှေ့က နောက်ချေးပုံပေါ်မှာ (နောက်ချေးဆိုတာ နွားတွေယိုတဲ့ မစင်ကို ပြောတာကွ) တင်နေတဲ့ ဆီးတော်သီးကြီးက စားချင်စဖွယ် ဝင်းအိနေတာပဲတဲ့ကွ။ အေး- တောသူတောင်သားနဲ့ နောက်ချေးဆိုတာတွေဟာ အဆန်းမှမဟုတ်တာကွာ။ ပြီးတော့ ကျန်းမာရေးနဲ့လည်း ညီညွတ်တာကွ။ နွာခေါင်းသွေးလျှံရင် အဲဒီနောက်ချေးခြောက်သာ ရှူလိုက်ချက်ချင်းယူပစ်သလိုပျောက် မောင်။ အဲဒီလောက်စွမ်းတဲ့နောက်ချေး သူတို့အတွက် ဆေးတစ်ပါးဆိုလည်း ဟုတ်သပေါ့ကွာ။

ဒါနဲ့ ကောက်ပြီး လုံ့ချည်ပွတ်စားလိုက်သတဲ့။ တစ်အောင့်လောက်ကြာတော့ သူ့အရေးအခင်းပြီးလို့ သူ့အိမ်သူ ပြန်သွားတာပေါ့ကွာ။

ညကျတော့ အငြိမ့်ထွက်ဖို့ ဆိုင်းတို့ ဘာတို့ပျိုး၊ အဖွဲ့သားတွေလည်း ဝတ်ကြစားကြ ဖြီးကြ လိမ်းကြပေါ့။ သူကြီးက အငြိမ့်စင်ရဲ့ဘယ်ဘက်ထောင့်မှာ ပက်လက်ကုလားထိုင်နဲ့ ဟန်ကျပန်ကျပေါ့။ သူကြီးကတော်နဲ့ သူ့မိသားစုကတော့ ကွပ်ပျစ်ပေါ်မှာ နေရာယူထားကြတယ်။

အငြိမ့်စထွက်ပါပြီ။ ထုံးစံအတိုင်း လူပြက်တွေ ထွက်နှုတ်ဆက် ဂါရဝပြု၊ ရှေ့ထွက်မင်းသမီးအရင်စထွက်၊ နောက်ပြန်ဝင်သွားပေါ့။ အဲဒီအထိ ပကတိ နဂိုနေ စိုပြည်ပဲတဲ့။ ငါ့လူရေ အဲ ခေါင်းဆောင်မင်းသမီးလည်းထွက် သီချင်းလည်းစဆိုရော သူကြီး ပြဿနာစတက်တော့တာပဲတဲ့။

"ခေါင်းဆောင်မင်းသမီး သီချင်းဆိုတာနဲ့ သူကြီးက ဘာကိစ္စပြဿနာတက်ရတုံး" လို့ အမေးရှိလိမ့်မယ်။ ရှိပြီလားကွာ။ ဆိုတဲ့ သီချင်းလည်း မင်း နားထောင်ကြည့်ဦးလေ ငါ့လူရဲ့။ ဘာတဲ့။

"ညနေက အကြောင်းတွေနော် ××× လူတွေအကုန်လုံးသိအောင် ပြောလိုက်မှာနော် ××× အစ်ကို အစ်ကို×××" ဆိုပြီး သူ့လက်ညှိုးလေးက ဇာတ်စင်ရဲ့ ညာဘက်ကနေ ဝေ့ကာဝိုက်ကာ ထိုးထိုးလာလိုက်တာ အဲဒီသူကြီးရှေ့ ရောက်တာနဲ့ ရပ်သွားသတဲ့။ နောက်တစ်မျိုးထပ်ဆို ထပ်ကပြန်ရောတဲ့။ စောစောကအတိုင်းပဲ လက်ညှိုးအထိုးက မပြောင်းဘူးတဲ့။ ဒါနဲ့ သူကြီးလည်း ဂနာမငြိမ်ဖြစ်ပြီး ပက်လက်ကုလားထိုင်ပေါ် ငုတ်တုတ်ထထိုင်မိတဲ့အထိ ဣန္ဒြေပျက်နေဆိုပဲ။

"ဟ. . . ဘယ့်နှာတုံး၊ ညနေကအကြောင်းတွေလဲဆိုရဲ့၊ ပြီး လက်ညှိုးက ငါ့နားမှာပဲ ရပ်ရပ်သွားတယ်၊ တန်တော့ ဒီမင်းသမီး ငါ ညနေက ဆီးသီးကောက်စားတာ မြင်သွားပုံရတယ်၊ ဟုတ်ပါပြီ၊ အိမ်သာတံခါးပိတ်နေတာလဲ ငါ့ကိစ္စပြီးသည်အထိ ဒီအတိုင်းပဲ၊ ဒါကို သီချင်းလုပ်ဆိုပြီး လူပုံအလယ် အရှက်ကွဲအောင် လုပ်တာနေမှာ"

မလုံမလဲဖြစ်၊ ဘေး ဘယ်ညာလည်း ပြူးတူးပြဲတဲကြည့် ဖြစ်လို့ပေါ့။ ဆိုးတာက ပက်လက်ကုလားထိုင်ပေါ် ငုတ်တုတ်ကြီး ထိုင်နေတဲ့ကိစ္စ။ အဲဒါ သူကြီးကတော်မြင်တော့ . . .

"သူကြီး တော် ဘာဖြစ်နေတာလဲ၊ ဘယ့်နှယ် ပက်လက်ကုလားထိုင်ပေါ် ငုတ်တုတ်ကြီး ထိုင်ရတယ်လို့၊ လူမြင်လို့မှမတော်၊ တော့်ဥစ္စာ" ဆိုတော့-

"မင်းမသိပါဘူးကွာ" လို့ မျက်စိမျက်နှာပျက်နဲ့ ပြန်ပြောသတဲ့။

"ဘယ့်နှယ် မင်း မသိရမှာလဲ၊ တော့်အဖြစ်လဲ တော်ကြည့်ဦး" ဆိုလေ သူကြီး အနေရခက်လေ။ ပရိသတ်ကလည်း ဒီသီချင်းပဲကြိုက်လို့ ပွဲတောင်းလေ။ ဇာတ်အရှိန်ကလည်း အတော်တက်နေချိန်ဆိုပဲ။

"ကြာရင် ငါတော့ မလွယ်တော့ဘူး၊ ဒီမင်းသမီးလုပ်ပုံနဲ့ ငါတော့ အရှက်ကွဲရချေရဲ့. . ."

ထင်ပြီး အရှက်တွေ အကြောက်တွေ၊ သူကြီးဆိုတဲ့ ဂုဏ်သိက္ခာတွေ ဘေးချိတ်၊ တစ်ခါတည်း မတ်တတ်ရပ်ပြီးတော့ . . .

"ဟေ့ ဟေ့. . . ရပ်လိုက်စမ်း၊ အခုရပ်လိုက်စမ်း" လို့ အော်သတဲ့။

ရုတ်တရက်ဆိုတော့ လူပြက်တွေလည်း ကြောင်ကုန်ကြတာပေါ့။ မင်းသမီးဆို ပိုဆိုးသေး။ ကရင်း ဆိုရင်း တန်းလန်းက ဘာဆက်လုပ်ရမှန်းမသိတော့လောက်အောင် ဖြစ်သွားရတာတဲ့။ အငြိမ့်တစ်ဖွဲ့လုံးလည်း ငြိမ်ကျသွားတာပဲတဲ့။





www.burmeseclassic.com

www.burmeseclassic.com

သားသမီးမြေးမြစ်တို့ကို သိပ်ချစ်တတ်သော မိဘဘိုးဘွားများအတွက်

❁ ပညာကြိုးစား၊ ဆရာမိဘပြောစကား နားထောင်၊ လိမ္မာယဉ်ကျေး၊ ကျန်းမာဘေးကင်း၊ အောင်မြင်ကျော်ကြား၊ ကြီးပွားတိုးတက်မည့် နာမည်မှန် နာမည်ကောင်း ရွေးချယ်ပေးနိုင်ပါသည်။ နာမည်ပေးနည်း မှားလို့ဖြစ်စေ၊ နာမည်ညံ့လို့ဖြစ်စေ၊ ဉာဏ်ရည်ထုံထိုင်း၊ ပညာ မထူးချွန်၊ မကြိုးစား၊ ဆရာမိဘ ပြောစကား နားမထောင်၊ ရောဂါချူချာ၊ ဘေးဥပဒ်များပြား ဖြစ်နေတဲ့ ကလေးမျိုးအတွက်လည်း နာမည်မှန်၊ နာမည်ကောင်း ရွေးချယ်ပေးပါတယ်။ ကံကောင်းစေတဲ့ ထီးမြလက်မှတ် ရွေးချယ်ပေးနိုင်တယ်။

[ရာနှုန်းပြည့်နီးပါးမှန်ကြောင်း အာမခံနိုင်သော အဟောလက်ဆောင် ထည့်ဟောပေးသည်။ ရပ်ဝေးနယ်မြို့များမှလည်း ဆက်သွယ်နိုင်သည်။]

ဆရာကြီးဦးအောင်မြိုင်( ဥပဒေတွဲ့ )

လက္ခဏာဗေဒင်ပညာသုတေသီ

❁ ယုံကြည်အားကိုးမှသာ လာခဲ့ပါ ❁

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

၀၁-၅၈၆၇၀၄၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၆၂၂၊ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိသာ

သူကြီးကတော်ကလည်း သူ့ယောက်ျားကြည့်လိုက်၊ ဇာတ်အဖွဲ့သားတွေဘက် ကြည့်လိုက်နဲ့ အံအားသင့်နေတာပေါ့။ ရွာသူရွာသားတွေဆိုရင် အပ်ကျသံတောင် ကြားရလောက်အောင် ငြိမ်ကျသွားသတဲ့။ သူကြီး နောက်ထပ် ဘာပြောလေမလဲလို့ နားစွင့်သူကစွင့်။

ဒီမှာတင် သူကြီး ပြောချလိုက်ပုံက . . . "ငါ့ဟာငါ နောက်ချေးပုံပေါ်က ဆီးသီးကောက်စားတာ ဘာဖြစ်သေးသလဲ၊ ဒါအဆန်းလား၊ ဒါကို သီချင်းလုပ်ဆိုပြီး လူပုံလယ် အရှက်ကွဲအောင် လုပ်တာပေါ့လေ၊ နင့်လက်ညှိုးက ငါ့ဆီပဲ ရောက်ရောက်နေတာ ငါသိတယ်၊ နောက်တစ်ခါဆို ငါ့နာမည်ပါ တပ်ဆိုမလား မသိဘူး" လို့ ပြောတော့ ကြားရသူအားလုံးလည်း ငိုအားထက်ရယ်အားသန် ဆိုတာလို မှင်တက်နေကြတာပေါ့။

"မဟုတ်ရပါဘူး သူကြီးရယ်၊ ပေးချင်တဲ့သစ္စာ ပေးပါ၊ ကျွန်တော်တို့ ကျိန်ဝံ့ပါတယ်၊ ဒီသီချင်းကို အနယ်နယ် အရပ်ရပ် ကပြဖျော်ဖြေလာခဲ့တာ သုံးနှစ် သုံးမိုးတောင် ရှိခဲ့ပါပြီ၊ သူကြီးအရှက်ရအောင် ခုမှစပ်ဆိုတဲ့ သီချင်းလည်း မဟုတ်ရပါဘူး" လို့ ပြန်ပြောပြသတဲ့။

ငါ့လူရေ မင်းအဖြစ်ကလည်း ငါပြောတာနဲ့ တူနေလို့ပါကွာ။ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ ဆိုတာလေး ထားသင့်တယ်ဆိုတဲ့ သဘောပေါ့ကွာ။ တကယ်ဟုတ်သည့်တိုင်အောင် ဣန္ဒြေမပျက်နေရင် သူကြီး ဒီလို ဘယ်အရှက်ကွဲပါ့မလဲကွာ။ ခု သူပြောလိုက်ခါမှ တစ်ရွာလုံးသိ တစ်နယ်လုံးသိ ဆိုတာတွေ ဖြစ်ကုန်တာပေါ့။ ဒါကြောင့် ဟန်ကိုယ်ဖို့ သိပ်အရေးကြီးတယ်။ ဤမျှသာ . . .။

ဆရာကြီး သော်တာဆွေ ရေးသည့်အတိုင်း ကျွန်တော် ပြန်ရေးမပြနိုင်ပါ။ ဆရာကြီးနှင့် ကျွန်တော်ဆိုတာ ဆီနှင့်ရေ၊ မိုးနှင့်မြေပမာလို ကွာခြားလွန်းလှပါသည်။ မှတ်မိသရွေ့ ရေးရခြင်းသာ ဖြစ်ပါသည်။ ထိုအကြောင်းအရာများကို ရေးသွားသည်မှာ အင်မတန် အနုစိတ်လှပါသည်။ ရေးအားလည်း အလွန်မှကောင်းပါသည်။

ဆရာကြီး၏ စာကို ဖတ်နေရင်းမှ တစ်ခါ တစ်ခါ ကိုယ်တိုင်သူကြီးဖြစ်သွားလိုက်၊ ဇာတ်ခုံပေါ် ရောက်သွားလိုက်၊ လူပြက်တွေ တက်ဖြစ်လိုက်၊ တော်ကြာ သူကြီးကတော်ဆီ ရောက်လိုက်။ စာဖတ်သူကို နေရာအသီးသီး ဇာတ်ကောင်စရိုက် အမျိုးမျိုးဖြစ်အောင် ရေးသားဆွဲဆောင်သွားနိုင်တာ ဆရာကြီး၏ ရသဂုဏ်ကျေးဇူးများပင် ဖြစ်ပါတော့သည်ဟုသာ ဆိုပါရစေတော့။

❒ တေးသံရှင် ဂီတမင်းခေါင်ဦး
(ဝိုင်းနတ်သမီး)

www.burmeseclassic.com

# အင်းဝိဇ္ဇာဆရာတော်ကြီး ဦးကုဏ္ဍာစရိယ ၏ အင်းချစီရင်နည်းနှင့် အစွမ်းထက်ဂါထာတော်များ

ကိုသက် (ဇီးကုန်း)



အင်းဝိဇ္ဇာဆရာတော်ကြီး ဦးကုဏ္ဍာစရိယ

အင်းဝိဇ္ဇာ ဆရာတော်ကြီးတစ်ပါး ဖြစ်တော်မူသော ဆရာတော် ဦးကုဏ္ဍာစရိယသည် ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ ဘန့်ဘွေးကုန်းကျေးရွာ လေသာကျောင်းကို အမှီပြုလျက် (၁၂၈၀-၁၃၅၇)ကာလအတွင်း အင်းအတတ်ဖြင့် လူသားများ၏ ကောင်းကျိုး၊ သတ္တဝါများအကျိုးတို့အတွက် ကယ်တင်စောင့်ရှောက်သွားတော်မူခဲ့ပါသည်။

ဆရာတော်၏ အင်းပညာ လေ့လာလိုက်စားမှုကို အထင်အမြင်သေးခဲ့ကြသောသူများသည် ဆရာတော် ပျံလွန်တော်မူသောအခါကျမှသာ နောင်တရပြီး ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ထူးနှင့် အတူနေပြီးခါမှ အလွဲကြီးလွဲခဲ့ကြရသူ အများအပြားရှိခဲ့သည်။ ဆရာတော်နှင့် ဆွေမျိုးရင်းချာ မိသားစုဝင်များသည်ပင်လျှင် ရိပ်မိရုံသာ ရိပ်မိကြပြီး ဦးလေး၊ ဘကြီး ဘုန်းကြီးတစ်ပါးကို သာမန်ဘုန်းတော်ကြီးအဖြစ်သာ ရှုမြင်ခဲ့ကြလေသည်။ နှစ်ပေါင်း (၇၀)ကျော် ကျင်လည်နေသောကာလအတွင်း ဆရာတော်သည် အရှုးစခန်းကို ဝင်နေသည့်အခါ ပိုမိုအထင်သေးခံခဲ့ရသည်။ မည်သို့ပင် ဆိုစေကာမူ ဆရာတော်၏ ဇွဲသတ္တိ၊ လုံ့လဝီရိယအားတို့ကြောင့် သက်တော် (၆၀)ကျော်အချိန်တွင် ဘဝ၏ ထူးခြားသော အကျိုးထူးပေးမှုများကို စတင်ခံစားလာခဲ့ရပါသည်။

(၂) စမဝိဇ္ဇာမိုရ် ပထမံဘိုးဘိုးအောင်သည် ကြေးနီပုရပိုက်ကို ရရှိပြီးနောက် အင်းအတတ်ပညာပိုင်း လေ့လာကြိုးစား အားထုတ်ခဲ့ရာ ထင်ရှားသော အင်းဝိဇ္ဇာ ဖြစ်လာခဲ့သည်။ နောင်တွင် အင်းဝိဇ္ဇာတစ်ပါး ဖြစ်လာတော့မည့် ဆရာတော် ဦးကုဏ္ဍာစရိယသည် အဘဘိုးဘိုးအောင်ခေတ်ကို မမီခဲ့သော်ငြားလည်း ဗားမဲ့ဆရာတော်၊ မူလကူဖြူထောင်ကျောင်းဆရာတော်၊ ဦးသီလာစာရတို့ထံမှ အင်းစမအတတ်ပညာရပ်များကို ဆရာထား၍ လေ့လာသင်ယူ တတ်မြောက်ခဲ့သည်။

ဆရာတော်သည် အင်းအတတ်ကို လိုက်စားစဉ် အဘဘိုးဘိုးအောင် ချီးမြှင့်သော ဘိုးဘိုးအောင်ကိုယ်ပွား ရုပ်ပွားတစ်ခု ရရှိခဲ့ပါသည်။ ဆရာတော်သည် ထိုဘိုးဘိုးအောင်ရုပ်တုတော်လေးအား သွားလေရာ ဆောင်ယူ၍ ရာသက်ပန်ကိုးကွယ်ခဲ့ပါသည်။

စာကြွင်း - ရှားပါးသော ပဥ္စလောဟာဖြင့် ထုလုပ်သော ဘိုးဘိုးအောင်ရုပ်တုတော်အား ဓာတ်ပုံဖြင့် သီးခြားဖော်ပြထားပါသည်။

အင်းဝိဇ္ဇာဆရာတော်ကြီး သင်ယူလေ့လာ လိုက်စားခဲ့သော (၁) အင်းချခြင်းပညာ (၂) မန္တန်စိပ်ခြင်း (၃) လက်ဖွဲ့ထိုးခြင်း လောကီအစီအရင်များကို ဆက်လက်တင်ပြလိုပါသည်။ အထက်ပါ လောကီအစီအရင် သုံးမျိုးအား အားထုတ်ကြိုးပမ်းဆောင်ရွက်မည့် ပါရမီရှင် သူတော်စင်များသည် ကမ္မဋ္ဌာန်းတရား အားထုတ်သော ယောဂီပုဂ္ဂိုလ်များပမာ -

(၁) မိမိကိုယ်ကို သန့်ရှင်းစင်ကြယ်စေရန် အဝတ် သင်္ကန်းအသစ်များ လဲလှယ်ဝတ်ဆင်ခြင်း။

(၂) ဆိတ်ငြိမ်၍ သမာဓိရှိသော နေရာတွင် ချမ်းသာစွာနေကြရမည်။

(၃) မိမိဆောင်ရွက်မည့် ကိစ္စကို ယုံကြည်လေးမြတ်စွာရှိပြီး သဘောကို နားလည်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးအောင် ချီးမြှင့်ခဲ့သော ပဥ္စလောဟာ
ဓာတ်သားငါးမျိုး ထုလုပ်ထားသော ဘိုးတော်ပုံတော်

(၄) အနန္တငါးပါးအား ရိုသေစွာ ရှိခိုးခြင်း။
(၅) နတ်တို့အား ပူဇော်ပသခြင်း။
(၆) မတရားသော အမှုကို မပြုခြင်း။
(၇) သစ္စာတရားကို စိတ်၌ မြဲမြဲစွာထား၍ မတရားသော အမှုကို မပြုခြင်း တို့ဖြစ်သည်။

အင်းများစီရင်ရာတွင် နံနက်မွန်းမတည့်မီ နေဘက်ကို မျက်နှာမူ၍လည်းကောင်း၊ မွန်းလွဲနေပါက နေကို မျက်နှာမူ၍လည်းကောင်း (တစ်နည်း)အရိပ်မကွယ်ရအောင် သတိထား ဆောင်ရွက်ရပါသည်။ အထူး နေကိုကျောပေး၍ မစီရင်ရချေ။ တစ်စုံတစ်ခုသော ဒွါရကိုမျှ ပိတ်မထားရပါ။ စကားလုံး၀ မပြောဆိုရပါ။ စီရင်နေစဉ် ဟိုဟိုဒီဒီ ထမသွားရ။ တခြားသော အာရုံတစ်ခုသို့ စိတ်မရောက်စေရ။ အင်းတစ်ဆူလျှင် ဘုရားတစ်ဆူ တည်ထားကိုးကွယ်ရသကဲ့သို့ ယုံကြည်လေးစားတိကျစွာ ဆောင်ရွက်ရလေသည်။


အင်းစီရင်ရာတွင် အင်းပေါက်ခြင်း ခုနစ်ပါးရှိရာ. .
(၁) အင်းဘောင်တစ်ခုနှင့်တစ်ခု ထိစပ်ခြင်းမရှိစေရ။
(၂) အင်းဘောင်ကို ကျော်လွန်ခြင်း မရှိစေရ။
(၃) အင်းချရာတွင် မှန်ကန်မှု မရှိခြင်း။
(၄) အင်းဆန်သွင်းသော အက္ခရာဂဏန်း မမှန်ခြင်း၊ မပီသခြင်း မရှိရ။
(၅) ဂဏန်းဒေါင့်မကိုက်ခြင်း (ဒေါင်လိုက် ကိုက်ညီရမည်)
(၆) အင်းကွက်များ ညီညာမှုမရှိခြင်း။

အင်းကန်းခြင်း ခြောက်ပါးရှိရာ . . .
(၁) နက္ခတ် မမှန်ခြင်း
(၂) အသွားမမှန်ခြင်း
(၃) အက္ခရာ ဂဏန်း ညီညွတ်မှု မရှိခြင်း
(၄) ကိုယ်ဝန်ဆောင်မိန်းမ စသော မသန့်ရှင်းသူများကို ကိုင်တွယ်ခြင်း
(၅) အင်းချသူကိုယ်တိုင် ညစ်ပေခြင်း
(၆) ဂါထာဗန္ဓ မမှန်ကန်ခြင်း


အင်းကျိုးခြင်း ခုနစ်ပါးရှိရာ . . .
(၁) အင်းစီရင်ရာ၌ နေရာလွဲခြင်း
(၂) စီရင်နေစဉ် စကားပြောခြင်း
(၃) လူလဲ၍စီရင်ခြင်း
(၄) စီရင်မပြီးမီ ထသွားထလာခြင်း
(၅) အင်းအုံပြတ်ခြင်း
(၆) စတုရန်း လေးမျက်နှာက ဝိုင်းမိအောင်မထားဘဲ အစဉ်အတိုင်းသာထားခြင်း
(၇) အင်းဘောင်ရွေ့ခြင်း တို့ပါဝင်သည်။

* အင်းဘောင်ချစဉ် ရွတ်ဆိုရမည့် မန္တန်မှာ "စတုသစ္စံ မဟာရဋ္ဌံ"

* အင်းဆန်ဂါထာ၊ အက္ခရာအား သွတ်သွင်းသောအခါ



ဆရာတော်ကြီး၏ လက်ကိုင်ပဝါအင်း



ဆရာတော်ကြီး၏ ကျောက်သင်ပုန်းအင်း

www.burmeseclassic.com

တွင် အောက်ပါ မန္တန်အား ရွတ်ဆိုရပါမည်။

"အဋ္ဌမဂ္ဂင်္ဂါနို၊ တိပိဋကတ္တယံ သုည်ဝေဝ ဘဝိဿတိ"

* အင်းဆန်ဂဏန်း ရေးသွင်းစီရင်ရာ၌ ရွတ်ဖတ်ရန်မှာ

၁ ဟုရေးလျှင် ဧကမေရုပပ္ပတာ

၂ ဟုရေးလျှင် ဒွေးစန္ဒသူရိယာ

၃ ဟုရေးလျှင် တေ ပိဋကမဓမ္မက္ခန္ဓာ

၄ ဟုရေးလျှင် စတုလောက မဟာဒီပ

၅ ဟုရေးလျှင် ပဉ္စသီလ သဗ္ဗသော

၆ ဟုရေးလျှင် ဆကာမာဝစရော

၇ ဟုရေးလျှင် သတ္တမေဝ ဗောဇ္ဈင်္ဂေါ

၈ ဟုရေးလျှင် အဋ္ဌမေဝ အရဟန္တာ

၉ ဟုရေးလျှင် နဝဗုဒ္ဓဂုဏော

စီရင်ထားသော အင်း၊ လက်ဖွဲ့များ၊ အဆောင်အမျိုးမျိုးတို့အား မသန့်ပြန့်သော နေရာများ (အသုဘအိမ်၊ မီးနေသည်အိမ်) သို့ ယူဆောင်သွားမိပါက အောက်ပါဂါထာအား ကိုးခေါက်ရွတ်ဖတ်ရ၏။

"ဦ သန သန၊ မဟာသန၊ သနအပေါင်း ထောင်သောင်းမက ကျေဆရာ ကျေ"

အင်းလက်ဖွဲ့ စီရင်ရာတွင် နက္ခတ်၊ အချိန် မတွက်ချက်ဘဲ စီရင်လိုပါက အောက်ပါဂါထာ ကိုးခေါက် ရွတ်ဆိုရမည်။

"သုနက္ခတ္တံ၊ သုမင်္ဂလံ
သုပ္ပဘာတံ၊ သုဟုဋ္ဌိတံ
သုခဏော၊ သုမုဟုတ္တောစ
သုယိဋ္ဌံ၊ ဗြဟ္မစာရိသု"

## အခါယူနည်း

ေအာင်သာ နေမွန်းတည့် ၁၂ နာရီ
ငါ့ရှင် သုံးချက်တည်း ညနေ ၃ နာရီ
ဆွေပြည် တက်တုံးခါ နံနက် ၉ နာရီ
နံလာ နေထွက်ဝင် နံနက် ၆ နာရီမှ ညနေ ၆ နာရီ

## ဂြိုဟ်တို့၏ အက္ခရာ

တနင်္ဂနွေ - အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အံ၊ အား (၁၂) လုံး။

တနင်္လာ - က၊ ခ၊ ဂ၊ ဃ၊ င (၅)လုံး။

အင်္ဂါ - စ၊ ဆ၊ ဇ၊ ဈ၊ ည (၅)လုံး။

ဗုဒ္ဓဟူး - ယ၊ လ၊ ဝ (၃)လုံး။

ကြာသပတေး - ပ၊ ဖ၊ ဗ၊ ဘ၊ မ (၅)လုံး။

သောကြာ - သ၊ ဟ (၂)လုံး။

စနေ - တ၊ ထ၊ ဒ၊ ဓ၊ န၊ ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ (၁၀)လုံး။

ရာဟု - ရ၊ ဠ (၂) လုံး

နက္ခတ်ကို နေ့အလိုက် လင်္ကာ၊ သင်္ချာအရ တည်ထားတွက်ချက်ရသည်ကို သတိပြုရ၏။

| | | | |
|---|---|---|---|
| တနင်္ဂနွေ | - | ရဝိသောဠမ | ၁၆ |
| တနင်္လာ | - | စန္ဒရာဝီသဥ္စ | ၂၀ |
| အင်္ဂါ | - | ဘောမတေးဝီသ | ၂၃ |
| ဗုဒ္ဓဟူး | - | ဗုဒ္ဓစတု | ၄ |
| ကြာသပတေး | - | ဂုရုသုံည် | ၀ |
| သောကြာ | - | ဘဂုရု အဋ္ဌ | ၈ |
| စနေ | - | သောရီဒွါဒသ | ၁၂ |

အင်းဆွဲခြင်း၊ အင်းချခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ မန္တန်တော်များ ရွတ်ဖတ်ခြင်းဖြင့်သာ အချိန်ကုန်လေ့ရှိသော ဆရာတော်ကြီး၏ အခန်းလေးတွင် အင်းဆွဲရာ၌ အသုံးပြု၍ ကျန်ရစ်ခဲ့သော ခဲတံတိုလေးများကို အိတ်ဖြင့်ထည့်ထားရာ ထောင်ဂဏန်းမက တွေ့ရှိခဲ့ရသည်။ ဆရာတော် အမြဲရွတ်ဖတ်ပူဇော်ခဲ့သော ဂါထာတော်များအနက် အချို့ကို အင်းလိုင်းနှင့် ဆက်စပ်အသုံးပြုခဲ့သည်။

## ကိုယ်ပျောက်မန္တန်ဂါထာ

ဦ မိတိညာ၊ ညာမိတိ၊ မိတိညာ ဦ။

ဦ ဂေါနပုတ္တံ၊ ဝနေဇယံ ဘယံ နတ္ထိသွားဟ။

## ပြောဆိုသမျှ အောင်မြင်စေရာ အောင်ဂါထာ

သုဂတော သုဂတဍ္ဍာနံ၊ သုဂတော သုန္ဒယံပိစ

နိဗ္ဗာနံ သုဂတော ယာတံ၊ သုဂတော တေ နမော နမာ။

ဆရာတော် ဦးဣန္ဒာစရိယ သိဒ္ဓိပေါက်သွားသော ကာလလတွင် မြောက်မြားစွာသော နယ်လေးရပ်မှ သူရှူးများ၊ ပယောဂဝေဒနာ ခံစားရသူများမှာ ၎င်းတို့ခံစားနေရသော ဝေဒနာအပေါင်းတို့မှ ပျောက်ကင်းခဲ့ကြပါသည်။ အချို့တပည့်များမှာ နဂိုမူလ အခြေအနေထက် ထူးခြားစွာ ကြီးပွားချမ်းသာသွားကြပါသည်။ ဆရာတော်ကြီးသည်ကား မည်သူ့ကိုမဆို မေတ္တာမပျက် စိမ်းစိမ်းကျက်ကျက် ဆယ်နှစ်ကျော်တိုင် ကယ်တင်စောင့်ရှောက်ပေးသွားခဲ့ပါသည်။

ဆရာတော်၏ ဘဝတစ်လျှောက် စေတီပုထိုးနှင့် သာသနိက အဆောက်အအုံများ တည်မသွားစေကာမူ သတ္တဝါဝေနေယျအပေါင်းအား လောကီကြီးပွား ချမ်းသာရေး၊ ကျန်းမာ အသက်ရှည်စေရေးတို့အတွက် မိမိ၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ဖြင့် ကယ်တင်စောင့်ရှောက်ပေးခဲ့ခြင်း အထိမ်းအမှတ်အဖြစ် ယနေ့တိုင် တပည့် ဒကာရင်းများထံတွင် ရှိနေဆဲဖြစ်သော အင်းချပ်ကလေးများမှ အစဉ်သတိပေးစကားများ ပြောကြားနေလိမ့်မည်ဖြစ်ပါကြောင်း ဆရာတော်၏ဂုဏ်ကို ဦးညွှတ်လျက်။

❒ ကိုသက် (ဖီးကုန်း)

[မှတ်ချက်- ဆရာတော်၏ ညီရင်းဖြစ်သူ ကူဖြူကျေးရွာ ဦးတင်ရွှေ + ဒေါ်တင်လှ မိသားစုအား ထိုဆောင်းပါး ဖြစ်မြောက်အောင် ကူညီပေးသည့်အတွက် မှတ်တမ်းတင်ပါကြောင်း၊ စာရေးသူ]





www.burmeseclassic.com

www.burmeseclassic.com



# မီးဘေးက လွတ်မြောက် အခက်အခဲ ပျောက်သွားပြီ မဟုတ်လား

## နတ်မျက်စိ ဆရာအောင်စိုး

စာရေးသူသည် မော်လမြိုင်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး ပေါခန်း စတင်ဖွင့်လှစ်ချိန်မှစ၍ မြောက်ဥက္ကလာပ နွယ်သာကီ ၃ လမ်း၊ အမှတ် - ၅၉၉နေ ပုတီးဆရာကြီး ဦးသောင်းဆွေနှင့် ရင်းနှီးခွင့်ကြုံရသည်။ ဆရာကြီးသည် ဟိတ်ဟန်မရှိ၊ ပကတိ ရိုးသားဖြူစင်သော စိတ်ထားတို့ကြောင့်၊ လေးစားမှု အားကိုးရမှုတို့ကြောင့် မိဘသဖွယ် ဆရာသဖွယ် ဝင်ထွက်သွားလာခဲ့သည်။

ဆရာကြီးထံတွင် အမြဲတမ်း ပရိသတ်မပြတ်သလို ထိုအထဲတွင် ဆရာတော်ကြီးများ၊ ပုတီးသမားများ၊ ဗေဒင်ပညာရှင်များ၊ ဂမ္ဘီရပုဂ္ဂိုလ်များနှင့် စာရေးဆရာမျိုးစုံ တွေ့ရသောကြောင့် ဆရာကြီးအိမ်မှာ ပညာရှာရာမကဘဲ ဗေဒင်ဆရာကြီးများ သာသနာပြုပုဂ္ဂိုလ်များနှင့် ရင်းနှီးခွင့်ရပေသည်။

ထိုအချိန် ဆရာကြီးသည် ပုတီးပုဂ္ဂိုလ်များအား 'နမောသိဒ္ဓိ မန္တန်တော်' အား အထူးရွတ်ဖတ် ပူဇော်စေသည်။ မနက် သို့မဟုတ် ညပိုင်း ၄၉ ခေါက် ပူဇော်ရန်ဖြစ်သည်။ နတ်များချစ်ခင်ပြီး လောကီကိစ္စပြည့်စုံကြောင်း ဆို၏။

### နမောသိဒ္ဓိ မန္တန်တော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
ဝမ္မာ တရဒ္ဓ ဂသမော အမ္ဗုဘတော နတော သဿဟာဿ၊
သတော တမ္ဗုဟ ဂနမ္မာ အဿဒ္ဓတော ဝမော သရ ဘဿ၊
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

◆

နောက် နှစ်များအကြာမှာ မြတ်စွာဘုရားရှင်ထံ ပါဒစက်တော်ရာနှင့် ၁၀၈ စက်လက္ခဏာ ဘုရားရှိခိုးကို ပူဇော်ကြရန် တိုက်တွန်းပြန်သည်။ စက်လက္ခဏာတော်ကို ပူဇော်ရသဖြင့် အကျိုးကျေးဇူးများမှာ . . .

(၁) အခြံအရံ ပရိသတ်ပေါ်များခြင်း
(၂) ခရီးသွားလာရာ၌ အန္တရာယ်ကင်းခြင်း
(၃) ဂြိုဟ်စီးဂြိုဟ်နင်း အတိုက်အခိုက်ဆိုး အန္တရာယ်ဆိုးမှ လွတ်မြောက်ခြင်း။
(၄) ရေဘေး၊ မီးဘေး၊ လေဘေး စသော သဘာဝဘေးမှ လွတ်မြောက်ခြင်း။
(၅) စက်လက္ခဏာတို့ကို ကျက်မှတ်ရွတ်ဆို ပွားများပုတီးစိပ်စဉ် စကြဝတေးမင်းကဲ့သို့ ဟိတ်ဟန်ပြည့်စုံစေခြင်း။
(၆) စက်လက္ခဏာတော်ကို ရွတ်ဆိုကျင့်ကြံ ပူဇော်သူများအား ခြေတော်ရာစက်ကို စောင့်ရှောက်သော နတ်နဂါးများက ကြည့်ရှုစောင့်ရှောက်ပေးခြင်း။
(၇) အပါယ်လေးပါး မကျရောက်နိုင်ခြင်း။
(၈) နိဗ္ဗာန်သို့ မရောက်မီ လူ့ပြည် နတ်ပြည်တို့သာလျှင် စုန်ဆန်ကျင်လည်ရခြင်း။
(၉) စကြဝတေးမင်း ဖြစ်နိုင်ခြင်း။
(၁၀) စက်လက္ခဏာ တစ်ကွက်စီမှာရှိသော သိဒ္ဓိများရရှိနိုင်ခြင်း။
(၁၁) နောက်ဆုံးဘဝ၌ အာသဝေါတရား ကုန်ခန်းသော ရဟန္တာအဖြစ်သို့ ရောက်ရှိနိုင်ခြင်း။

စသော အကျိုးများကို ရရှိနိုင်ပါသည်။

(အပါဒါန်ပါဠိတော်)

ဆရာကြီး အောင် ၁၀၈ ချက်နှင့် နမောသိဒ္ဓိဂါထာတို့ကို ထုံစွဲရွတ်ဖတ်လေ့ ရှိသဖြင့် . . .

* ဗုဒ္ဓဂယာသို့ နှစ်ခေါက်အပြင် နောက်များတွင်သွားရန် ဒကာခံမည့်၊ ကုသိုလ်ယူမည့် တပည့်များက အဆင်သင့်။
* အာရုံကြောပိုင်းဆိုင်ရာ ဝေဒနာဖြစ်ပေါ်စဉ် ဆရာဝန်ကောင်း၊ ဆေးကောင်းတို့နှင့်တွေ့ပြီး လူကောင်းပကတိ





www.burmeseclassic.com

www.burmeseclassic.com

အလား လှုပ်ရှားသွားလာ စားသောက်နိုင်ခြင်း။

* ထူးခြားသော ဂမ္ဘီရပညာရှင်များနှင့် ဆုံစည်းရခြင်း၊ ဂမ္ဘီရပညာများ ရရှိခြင်း။
* နေ့စဉ်နှင့်အမျှ လာဘ်ဝင်ခြင်း။
* သာသနာပြုကိစ္စများ ဦးဆောင်ရခြင်း၊ ပါဝင်ခွင့်ရခြင်း။
* မိမိ၏ နှုတ်ထွက်မန္တန်များ ထက်မြက်လာခြင်း။
* စေတနာမှန်၊ ကျင့်နည်းမှန်၊ ပညာမှန်၍ ပုတီးကိစ္စ အပြင် အခြားလူမှုအခက်အခဲများ အနှောင့်အယှက်များကို မေတ္တာမှန်ဖြင့် ဆောင်ရွက်နိုင်ခြင်း။
* စိတ်တိုင်းကျ လှူဒါန်းနိုင်ခြင်း။

ဆရာကြီးအနေဖြင့် ထိုထက်ထူးခြားမှု လက်တွေ့ခံစားရပုံမှာ ၂၅. ၃. ၁၄ နေ့ အင်္ဂါနေ့နံနက် ၄ နာရီအချိန်မှာ မိမိအိမ်နှင့် တစ်အိမ်ကျော်မှ စတင်၍ မီးလောင်မှုကြီး ဖြစ်တော့သည်။ ဆရာကြီးမှာ လူသာကိုယ်လွတ်ရုန်းပြီး မိသားစုနှင့်အတူ လမ်းထိပ်သို့ ရှောင်နေပြီး နှုတ်မှ နမောသိဒ္ဓိမန္တန်နှင့် ၁၀၈ ချက် စက်လက္ခဏာ ဘုရားရှိခိုးကြီးကို အားကိုးရွတ်ဖတ်သရဇ္ဈာယ်နေမိသည်။

အံ့ဩဖွယ်ကောင်းလေစွ။ မိမိအိမ်အနားရောက်ပြီးမှ လုံးဝဝပ်စင်း မီးညွန့်ကျိုးသွားခြင်းကို မျက်ဝါးထင်ထင် တွေ့ရှိနေရသည်။ အိမ်သို့ သတင်းမေးလာကြသော ပုတီးစိပ်မိတ်ဆွေများမှာ ပါးစပ်အဟောင်းသားဖြင့် မယုံကြည်နိုင်အောင်ဖြစ်နေကြတော့သည်။ ဆရာကြီးအိမ်တွင် ပူဇော်ထားသော ဘော်ပြဒါးစုံ၊ ဘင်ပြဒါးစုံ၊ နာပြဒါးစုံ၊ သွပ်ပြဒါးစုံ၊ သံပြဒါးစုံ၊ ဆေးဒါန်း မြင်းသီလာ ပြဒါးစုံ၊ ဟင်းရိုင်းပြဒါးစုံ ထိုခုနစ်ဖုံနှင့် ကန့်၊ ဒုတ္ထာ၊ တ သ ည ခ ခေါ် မင်းကြီးလေးကြီးထပ် ဓာတ်ပေါင်းစပ်၍ ၁၀၈ ကွက် ဗုဒ္ဓဘုရား၏ ပုံတောင်းစက်ခေါ် ခြေဖဝါးတော်ကို အနန္တစကြာအမှတ်တံဆိပ် ခတ်နှိပ်ဖော်ထုတ်ပြုလုပ်ပူဇော်ထားသော ပါဒစေတီ ခေါ် မဟာခြေဖဝါးတော်စက်ကို လက်စုံမိုး၍ ရှိခိုးနေကြတော့သည်။

ကြည်နူးမဆုံး ပီတိဖုံးသော မျက်နှာများကို တွေ့မြင်ရပေတော့သည်။

အောင် ၁၀၈ ကွက် ဗုဒ္ဓစက်ဘုရားရှိခိုးကို ပူးတွဲဖော်ပြလိုက်ပါသည်။ တစ်ခုသတိပြုရန်မှာ စက်များကို ဖော်ပြရာတွင် စက်တစ်ခုချင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရမည်ဖြစ်သည်။ အားထုတ်လိုသူများသည် ထိုအဓိပ္ပာယ်ကို ရွတ်ရန်မလိုဘဲ ဗဟုသုတအဖြစ် တင်ပြခြင်းဖြစ်သည်။


ဥပမာ - သတ္တိစက် = လှံမပုံတွင် လှံမပုံကို ရွတ်ဆိုရန်မလိုဘဲ သတ္တိစက်ကိုသာ ရွတ်ဆိုပါ။ ပုတီးအနေဖြင့် စက်တစ်ကွက်ကို ပုတီးတစ်လုံးချပါ။ ၁၂ ပတ်စိပ်ပါ။

## စက်မဖွင့်မီ ခေါင်းဆောင်က ရွတ်ဆိုရန် စက်နိူးဂါထာတော်

**ပါဒစက္ကံ ပဝတ္တန္တော ယော လောကိယေသု ဉာဏေ**
**ဓမ္မစက္ကံ ပဝတ္တန္တော လောကုတ္တရေ သုဉာဏေ**
**ဒွိစက္ကဝတ္တိရာဇာ သော ဇေတ္ထုဂ်ရတနသာမိကော**
**နလာဋေ မေ ပါဒစက္ကံ ပဝတ္တေတု ပဒက္ခိဏံ။**

**ယောဘဂဝါ** - သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားသည်၊ **ပါဒစက္ကံ** - တစ်ရာ့ရှစ်ကွက် စက်လက္ခဏာအစုံပါသော ခြေတော်ရာအစုံ ကြာပဒုံကို၊ **ပဝတ္တန္တော** - ဖြန့်ချိတော်မူလျက်၊ **လောကိယေသု** - လောကီဘုံသား သတ္တဝါများအပေါ်

## ပြဒါးစက်တော်ရာများ



www.burmeseclassic.com

၌၊ **ဣဿရော** - ကိုယ်တော်အလိုအတိုင်း လိုက်စေခြင်းဖြင့် အစိုးရတော်မူ၏၊ **သောဘဂ္ဂါ** - ထိုမြတ်စွာဘုရားသည်၊ **ဓမ္မစက္ကံ** - လေးပါးသစ္စာ တရားစကြာကို၊ **ပဝတ္တေသ္တော** - ၄၅ ဝါကာလ ကြာအောင် နေ့ညမပြတ် ဟောကြားတော်မူလျက်၊ **လောကုတ္တရေသု** - လောကုတ္တရာတရားတို့၌၊ **ဣဿရော** - အစိုးရတော်မူ၏၊ **ယောဘဂ္ဂါ** - အကြင်မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ **ဟေတ္ထုဂ်ရတနသာမိကော** - ဟေဖျှင်ခုနစ်ဖြာ ရတနာကို အစိုးရတော်မူသော၊ **သော ဒွိစက္ကဝတ္တိရာဇာ** - ထိုစကြာနှစ်ဖြာကို ဖြစ်စေတော်မူသော တရားမင်းမြတ်သည်၊ **မေ** - ဘုရားတပည့်တော်၏၊ **နလာဋေ** - အမြတ်ထွတ်တင် နဖူးပြင်၌၊ **ပဒက္ခိဏံ** - လက်ယာလှည့်၍၊ **ပဝတ္တတု** - ရှင်ပင်မြတ်စွာ သာသနာကို ကမ္ဘာတစ်ဝန်း ပြန့်နိုင်စွမ်းဖို့ ဘုန်းတန်းက္ကဒ္ဓိ မဟိဒ္ဓိနှင့် သိဒ္ဓိတော်ဓာတ် တံဆိပ်ခတ်၍ လှည့်ပတ်စေသား မိန့်မြွက်ကြားလျက် စက်အားနှိုးဖွင့်တော်မူပါ အရှင်မြတ်ဘုရား။

## စက်ဖွင့်ပူဇော်ပုံ စာတန်း

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ နှစ်ဖက်သော ခြေဖဝါးတော်အပြင်တို့၌ တစ်ထောင်သော အကန့်အကွက် အကွပ် တံကူ ပုံတောင်းချက်မနှင့်တကွ ဖြစ်ကုန်သော ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံကုန်သော ၁၀၈ ကွက် စက်လက္ခဏာများ ဖြစ်ကြကုန်သော ပုံတော်များမှာ . . .

၁။ သတ္တိစက် - လှံမပုံ
၂။ သိရိဝစ္ဆစက် - အိမ်မွန်ပုံ
၃။ နန္ဒိယာဝဋ္ဋစက် - ဇလပ်ပန်းပွင့်ပုံ
၄။ သောဝတ္တိကစက် - လည်ရေးသုံးဆင့်ပုံ
၅။ ဝဋံသကစက် - ဦးဆောက်ပန်းပုံ
၆။ ဝဍ္ဍမာနကစက် - ထမင်းပွဲပုံ
၇။ ဘဒ္ဒပီဌစက် - အင်းပျဉ်ဝန်း ခေါ် ရွှေသလွန်တော်ပုံ
၈။ အင်္ကုသစက် - ချွန်းတောင်းပုံ
၉။ ပါသာဒစက် - ပြာသာဒ်ပုံ
၁၀။ တောရဏစက် - တံခါးတိုင်ပုံ
၁၁။ သေတစ္ဆတ္တစက် - ထီးဖြူပုံ
၁၂။ ခဂ္ဂစက် - သန်လျက်ပုံ
၁၃။ တာလဝဏ္ဋစက် - ထန်းရွက်ယပ်ဝန်းပုံ
၁၄။ မယူရဟတ္ထစက် - ဥဒေါင်းမြီးယပ်ပုံ
၁၅။ ဥဏှီသစက် - သင်းကျစ်ပုံ
၁၆။ မဏိစက် - ပတ္တမြားပုံ
၁၇။ ပတ္တစက် - သပိတ်ပုံ
၁၈။ သုမနဒါမစက် - မြတ်လေးပန်းဆိုင်းပုံ
၁၉။ နီလုပ္ပလစက် - ကြာညိုပန်းပုံ
၂၀။ ရတ္တုပ္ပလစက် - ကြာနီပန်းပုံ
၂၁။ သေတုပ္ပလစက် - ကြာဖြူပန်းပုံ
၂၂။ ပဒုမစက် - ပဒုမ္မာကြာပန်းပုံ
၂၃။ ပုဏ္ဍရီကစက် - ပုဏ္ဍရိက်ကြာပန်းပုံ
၂၄။ ပုဏ္ဏဃဋစက် - ရေပြည့်အိုးပုံ
၂၅။ ပုဏ္ဏပါတိစက် - ရေပြည့်ဖလားပုံ
၂၆။ သမုဒ္ဒစက် - သမုဒ္ဒရာပုံ
၂၇။ စက္ကဝါဠပဗ္ဗတစက် - စကြဝဠာတောင်ပုံ
၂၈။ ဟိမဝန္တပဗ္ဗတစက် - ဟိမဝန္တာတောင်ပုံ
၂၉။ မေရုပဗ္ဗတစက် - မြင်းမိုရ်တောင်ပုံ
၃၀။ သူရိယမဏ္ဍလစက် - နေဝန်းပုံ
၃၁။ စန္ဒမဏ္ဍလစက် - လဝန်းပုံ
၃၂။ နက္ခတ္တာနိစက် - နက္ခတ်တာရာများပုံ
၃၃။ ပုဗ္ဗဝိဒေဟစက် - အရှေ့ကျွန်းပုံ
၃၄။ အပရဂေါယာနစက် - အနောက်ကျွန်းပုံ
၃၅။ ဇမ္ဗူဒီပစက် - ဇမ္ဗူဒီပါတောင်ကျွန်းပုံ
၃၆။ ဥတ္တရကုရုစက် - မြောက်ကျွန်းပုံ
၃၇။ စက္ကဝတ္တိစက် - စကြဝတေးမင်းပုံ
၃၈။ ဒက္ခိဏာဝဋ္ဋသင်္ခစက် - လက်ယာရစ်ခရုသင်းအဖြူပုံ
၃၉။ သုဝဏ္ဏမစ္ဆယုဂဠစက် - ရွှေငါးကြင်းအစုံပုံ
၄၀။ စက္ကာဝုဓစက် - စက်လက်နက်ပုံ
၄၁။ လဝဏသီတာစက် - ဆားငံရည်သီတာပုံ
၄၂။ ဥစ္ဆုသီတာစက် - ကြံရည်ချိုသီတာပုံ
၄၃။ သုရာသီတာစက် - သေရည်သီတာပုံ
၄၄။ သာဓိသီတာစက် - အမှုခပ်သိမ်းပြီးသော သီတာပုံ
၄၅။ ဒဓိသီတာစက် - နို့ဓမ်းသီတာပုံ
၄၆။ ဒုဒ္ဓသီတာစက် - နို့ရည်သီတာပုံ
၄၇။ ဇလသီတာစက် - ရေချိုသီတာပုံ
၄၈။ ယုဂန္ဓရစက် - ယုဂန္ဓရတောင်ပုံ
၄၉။ ဤသန္ဓရစက် - ဤသန္ဓရတောင်ပုံ
၅၀။ ကရဝိကစက် - ကရဝိကတောင်ပုံ
၅၁။ သုဒဿနစက် - သုဒဿနတောင်ပုံ
၅၂။ နေမိန္ဓရစက် - နေမိန္ဓရတောင်ပုံ
၅၃။ ဝိနတကစက် - ဝိနတကတောင်ပုံ
၅၄။ အဿကဏ္ဏစက် - အဿကဏ္ဏတောင်ပုံ
၅၅။ အနောတတ္တစက် - အနောတတ္တရေအိုင်ပုံ
၅၆။ ကဏ္ဏမုဏ္ဍစက် - ကဏ္ဏမုဏ္ဍရေအိုင်ပုံ
၅၇။ ရထကာရစက် - ရထကာရရေအိုင်ပုံ
၅၈။ ဆဒ္ဒန္တစက် - ဆဒ္ဒန္တရေအိုင်ပုံ
၅၉။ ကုဏာလစက် - ကုဏာလရေအိုင်ပုံ
၆၀။ မဏ္ဍာကိနီစက် - မဏ္ဍာကိနီရေအိုင်ပုံ
၆၁။ သီဟပ္ပပါတစက် - သီဟပ္ပပါတရေအိုင်ပုံ
၆၂။ သုပဏ္ဏရာဇာစက် - ဂဠုန်မင်းပုံ


www.burmeseclassic.com

www.burmeseclassic.com

၆၃။ သံသုမာရစက် - မိကျောင်းမင်းပုံ
၆၄။ ဓဇောစက် - တံခွန်လျားပုံ
၆၅။ ပဋ္ဌာကစက် - တံခွန်ကုက္ကားပုံ
၆၆။ သုဝဏ္ဏသိဝိကာစက် - ရတနာသံလျင်းပုံ
၆၇။ သုဝဏ္ဏဝါဠဗီဇနီစက် - ရွှေစာမရီသားမြီးယပ်ပုံ
၆၈။ ကေလာသပဗ္ဗတစက် - ကေလာသငွေတောင်ပုံ
၆၉။ သီဟရာဇာစက် - ခြင်္သေ့မင်းပုံ
၇၀။ ဗျဂ္ဃရာဇာစက် - ကျားမင်းပုံ
၇၁။ ဝလာဟကအဿရာဇာစက် - ဝလာဟကမြင်းပျံပုံ
၇၂။ ဥပေါသထဆဒ္ဒန္တ ဟတ္ထိရာဇာစက် - ဥပေါသထ ဆဒ္ဒန်ဆင်မင်းပုံ
၇၃။ ဗာသုကီနာဂရာဇာစက် - ဗာသုကီနဂါးမင်းပုံ
၇၄။ ဟံသရာဇာစက် - ဟသ်ာမင်းပုံ
၇၅။ ဥသဘရာဇာစက် - နွားလားဥသဘမင်းပုံ
၇၆။ ဧရာဝဏဟတ္ထိရာဇာစက် - ဧရာဝဏ်ဆင်မင်းပုံ
၇၇။ သုဝဏ္ဏမကာရစက် - ရွှေမကာရ်းပုံ
၇၈။ သုဝဏ္ဏနာဝါစက် - မုခ်ဦးလေးခုရှိသော ရွှေလှေပုံ
၇၉။ ဗြဟ္မရာဇာစက် - ဗြဟ္မာမင်းပုံ
၈၀။ သဝစ္ဆကာဓေနုစက် - နို့တိုက်နေသော နွားသားအမိပုံ
၈၁။ ကိံပုရိသကိံပုရိသီစက် - ကိန္နရာအဖိုနှင့် ကိန္နရီအမပုံ
၈၂။ ကရဝိကရာဇာစက် - ကရဝိက်ငှက်မင်းပုံ
၈၃။ မယူရရာဇာစက် - ဥဒေါင်းမင်းပုံ
၈၄။ ကောဉ္စရာဇာစက် - ကြိုးကြာငှက်မင်းပုံ
၈၅။ စက္ကဝါကရာဇာစက် - စက္ကဝတ်ငှက်မင်းပုံ
၈၆။ ဇီဝကရာဇာစက် - ဇီဝဖိုးငှက်မင်းပုံ
၈၇။ စတုမဟာရာဇိကာစက် - စတုမဟာရာဇ်နတ်ဘုံပုံ
၈၈။ တာဝတိံသာစက် - တာဝတိံသာဘုံပုံ
၈၉။ ယာမာစက် - ယာမာနတ်ဘုံပုံ
၉၀။ တုသိတာစက် - တုသိတာနတ်ဘုံပုံ
၉၁။ နိမ္မာနရတိစက် - နိမ္မနရတိနတ်ဘုံပုံ
၉၂။ ပရနိမ္မိတ ဝသဝတ္တိစက် - ပရနိမ္မိတဝသဝတ္တိနတ်ဘုံပုံ
၉၃။ ဗြဟ္မပါရိသဇ္ဇာစက် - ပါရိသဇ္ဇာဗြဟ္မာဘုံပုံ
၉၄။ ဗြဟ္မပုရောဟိတာစက် - ပုရောဟိတဗြဟ္မာဘုံပုံ
၉၅။ မဟာဗြဟ္မာစက် - မဟာဗြဟ္မာဘုံပုံ
၉၆။ ပရိတ္တာဘာစက် - ပရိတ္တာဘာဗြဟ္မာဘုံပုံ
၉၇။ အပ္ပမာဏာဘာစက် - အပ္ပမာဏာဘာဗြဟ္မာဘုံပုံ
၉၈။ အာဘဿရာစက် - အာဘဿရာဗြဟ္မာဘုံပုံ
၉၉။ ပရိတ္တသုဘာစက် - ပရိတ္တသုဘာဗြဟ္မာဘုံပုံ
၁၀၀။ အပ္ပမာဏသုဘာစက် - အပ္ပမာဏသုဘာဗြဟ္မာဘုံပုံ
၁၀၁။ သုဘကိဏှာစက် - သုဘကိဏှာဗြဟ္မာဘုံပုံ
၁၀၂။ ဝေဟပ္ဖလာစက် - ဝေဟပ္ဖိုလ်ဗြဟ္မာဘုံပုံ
၁၀၃။ အသညသတ္တာစက် - အသညသတ်ဗြဟ္မာဘုံပုံ
၁၀၄။ အဝိဟာစက် - အဝိဟာဗြဟ္မာဘုံပုံ
၁၀၅။ အတပ္ပါစက် - အတပ္ပါဗြဟ္မာဘုံပုံ
၁၀၆။ သုဒဿာစက် - သုဒဿာဗြဟ္မာဘုံပုံ
၁၀၇။ သုဒဿီစက် - သုဒဿီဗြဟ္မာဘုံပုံ
၁၀၈။ အကနိဋ္ဌာစက် - အကနိဋ္ဌာဗြဟ္မာဘုံပုံ

အတိုင်းမသိ ကျေးဇူးရှိသည့် မုနိသကျ ရှင်တော်ဂေါတမ၏ ပါဒမြတ်ကျော် ဖဝါးတော်၌ ထွန်းပေါ်ကျစ်လျစ် (၁၀၈)နှင့် ပုံတောင်းစက်ခေါ် ခြေဗွေတော်ကို နဖူးနှင့်တိုက် ဦးညွှတ်ခိုက်လျက် မိမိတို့လိုရာ ဆုတောင်းယူကြစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု။

◆

စက်တော်ရာ (ဝါ) ခြေတော်ရာ (ဝါ) ပါဒစေတီတော်များတွင် သောကအပေါင်းကင်းငြိမ်းလျက် စိတ်ချမ်းသာမှုရစေရန်၊ ခရီးသွားကိစ္စအောင်မြင်ရန်၊ ယာဉ်ရထားဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ ရန်ကင်းခြင်း၊ ရန်အောင်ခြင်း၊ ရန်ပြေခြင်း၊ ငြိမ်းအေးခြင်း အကျိုးတရားရရှိစေရန် . .

(၁) သရဏဂုံသုံးပါး ရွတ်ဆိုပါ။
ဗုဒ္ဓေါမေသရဏံ အညံနတ္ထိ၊ ဗုဒ္ဓံသရဏံဂစ္ဆာမိ
ဓမ္မောမေသရဏံ အညံနတ္ထိ၊ ဓမ္မံသရဏံဂစ္ဆာမိ
သံဃောမေသရဏံ အညံနတ္ထိ၊ သံဃံသရဏံဂစ္ဆာမိ
(၂) ဂုဏ်တော်ကိုးပါးကို ကိုးခေါက်
(၃) အောင်ခြင်းရှစ်ပါးဂါထာကို ရှစ်ခေါက်
မာရံ ယက္ခံ ဂဇံ စောရံ
စိဥ္စမာဏဉ္စ သစ္စကံ
နာဂံ ဗကံ ဇိနော ဇိနိ
ဟောတုမေ ဇယ မင်္ဂလံ။
(၄) သုဂတောဂါထာ ကိုးခေါက်
သုဂတော သုဂတဋ္ဌာနံ
သုဂတော သုဒရမ္ပိစ
သုဂတော နိဗ္ဗာနံ ယာတိ
သုဂတောတေ နမော နမာ။
(၅) ဝိဇ္ဇာစရဏ သမ္ပန္နော ပုတီး တစ်လုံး၊ ဗုဒ္ဓေါ ပုတီး တစ်လုံး၊ ဘဂဝါ ပုတီး တစ်လုံးချပြီး ပုတီးခြောက်ပတ် စိပ်သင့်ပါကြောင်း။

**ရည်ညွှန်း ။** ။ ပုတီးဆရာကြီး ဦးသောင်းဆွေနှင့် ဇနီး ဒေါ်မာမာ မိသားစုမှ ဓမ္မဒါနပြုသော မြတ်စွာဘုရားရှင်၏ ပါဒစက်တော်ရာ စက်ဖွင့်ပူဇော်ပုံ စာအုပ်နှင့် ဆရာကြီး၏ ပြန်လည်ပြောပြချက်များ။

❒ နတ်မျက်စိ ဆရာအောင်စိုး



www.burmeseclassic.com

www.burmeseclassic.com



# ဆရာအောင်ကျော်မြိုင်

## ဝင်ချိန်ထွက်ချိန် သိမှတ်စရာ

"ဆရာ ခင်ဗျာ"

"ဆရာကြီး မင်းသီဟရာဇာပါလားဗျာ၊ ဘာလဲ ဒီလမှာ ခင်ဗျား ကတ်သီးကတ်ဖဲ့ဖြစ်နေတဲ့ကုန်ပစ္စည်းတွေကို နာမ်ညှပ် (ဆပွတ်နဲ့စတုရန်း) ရိုက်တဲ့ ဓာတ်ဆင်ရိုက်နည်းကို ရေးတော့မယ်ဆိုတဲ့ သဘောလား၊ စောစောရောက်လာပုံထောက်တော့"

"သေချာတာပေါ့ဗျာ၊ ပြီးခဲ့တဲ့လက ကုန်ပစ္စည်းထွက်စေချင်တဲ့ အရောင်းသမားတွေ တော်တော်အဆင်ပြေသဗျာ၊ ဆရာ့ကို ကျွန်တော် လေးစားသွားပြီဗျာ"

"အရင်တုန်းကတော့ မလေးစားသေးဘူးဆိုတဲ့ သဘောလား"

"အာ. . . အဲဒီလိုမဟုတ်ပါဘူး ဆရာရယ်၊ ကျွန်တော် ပိုပြီးတော့ကာ လေးစားတဲ့အကြောင်း ပြောတာပါ၊ ကဲ လက်ဖက်ရည်လဲ ရောက်ပါပြီ၊ သောက်လိုက်ပါဦး၊ မုန့်လဲ စားပါဦး၊ စေတနာရင်းနဲ့ပါ"

"ဟုတ်လား၊ အခုလ မုန့်တော့တိုးလာတယ်ပေါ့၊ ကဲထားပါတော့၊ ဒီလ ရောင်းကုန်တွေ ဘယ်လိုကပ်မနေနိုင်အောင် မှိုတက်နေပါစေ၊ အမြန်ရောင်းထွက်တဲ့ ကျမ်းလာနည်းတွေ ရေးကြစို့ စာရေးဆရာရေ"

"ကောင်းပါပြီ၊ အဆင်သင့်ပါခင်ဗျာ"

"ကဲ. . . ဒါဆို စလိုက်ကြရအောင်၊ အင်္ဂဝိဇ္ဇာတိုင်ထူပြီး ရှင်းတာ ပိုကောင်းမယ်ဗျ"

၅ — "တနင်္ဂနွေနံ အုန်းသီးအမြန်ရောင်း
၂ — ထွက်စေချင်တယ်ဆိုရင် အုန်းသီးပေါ်
၆ သက် — မှာ အထွက်အက္ခရာ 'ဒု' ကို ရေးရမယ်
၁ အုန်းသီး — ရန်ဘက်ဖြစ်တဲ့ အင်္ဂါအခါမှာ အရှေ့
၄ ရင်း — တောင်အရပ်ကို မျက်နှာမူပြီးတော့
၀ — အုန်းသီး မြန်မြန်ရောင်းထွက်ပါစေ
၃ — လေးလေးနက်နက် ရွတ်ဆိုရမယ်၊

အဲ. . . ပြီးတာနဲ့ တနင်္ဂနွေတိုင်မှာကြည့်၊ ဆပွတ်ဖြစ်

www.burmeseclassic.com

တဲ့ သောကြာနဲ့ စတုရန်းဖြစ်တဲ့ ဗုဒ္ဓဟူးကို တွဲလိုက်တဲ့အခါ အရွှေ့၊ အခက်အနေနဲ့ (သက်ရင်း)အကိုင်း ရတယ်၊ အဲဒီ အကိုင်းနဲ့ ခြောက်ချက်ရိုက်ပြီး အဲဒီအကိုင်းကို ကုန်ပစ္စည်းပေါ် တင်ထားမယ်ဆိုရင် ဒီပစ္စည်း မဖြစ်မနေ အမြန်ထွက်တော့ တာပဲလေ"

"ဩော်. . . ဒီတစ်ခါ မူလအလယ်အချာဂြိုဟ်ကို အပေါ်အောက်ညှပ်ရိုက်တဲ့နည်းပဲကိုး၊ ကောင်းဗျာ"

"ရှင်းရဲ့မဟုတ်လား"

"သိပ်ရှင်းတာပေါ့ ဆရာရယ်"

"ကဲ ဒါဆို တနင်္လာတိုင် ထူလိုက်ပါဦးဗျာ"

"ဟုတ်ကဲ့၊ ထူပြီးပါပြီ"

၆ "တနင်္လာနံ ကြံ အမြန်ရောင်းထွက်လို
၇ တယ်ဆိုပါစို့၊ ကြံပေါ်မှာ 'န'အက္ခရာ
၀ နု ရေးပြီး ရန်ဘက်ဖြစ်တဲ့ ကြာသပတေး
၂ ကြံ အခါမှာ အနောက်အရပ်ကို မျက်နှာမူ
၅ ဘဲ ပြီးတော့ ကြံအမြန်ရောင်းထွက်ပါစေ
၁ လို့ လေးလေးနက်နက် ရွတ်ဆိုပြီး နဘဲ
၄ သားနဲ့ ဖြစ်စေ၊ ဓားမသားနဲ့ ဖြစ်စေ

ခုနစ်ချက် ရိုက်ရပါမယ်၊ ပြီးရင် ကုန်ပစ္စည်းပေါ်တင် ထားမယ်ဆိုရင် အဲဒီကုန်ပစ္စည်း ဘယ်နည်းနဲ့မှ ကပ်မနေဘဲ ထွက်တော့တာပဲဗျာ"

"ဟုတ်ကဲ့၊ နောက်တစ်တိုင် ထူလိုက်မယ်"

၀ "အင်္ဂါနံ ဆီအမြန်ရောင်းထွက်လိုတယ်
၄ ဆိုပါတော့၊ အဲဒီဆီပုံးပေါ်မှာ 'ဩ'
၁ အင် အက္ခရာရေးပြီးတော့ ရန်ဘက်ဖြစ်တဲ့
၇ ဆီ တနင်္ဂနွေအခါမှာ အရှေ့မြောက်အရပ်
၆ သား ကို မျက်နှာမူပြီးတော့ ဆီမြန်မြန်ရောင်း
၂ ထွက်ပါစေလို့ လေးလေးနက်နက်ပြော
၅ ဆိုပြီး အင်းသားနဲ့ တစ်ချက်ရိုက်ပြီး

ဆီပုံးပေါ် တင်ထားမယ်ဆိုရင် အဲဒီဆီ အမြန်ရောင်း ထွက်တော့တာပဲ"

"တော်တော်လေးတော့ ရှင်းလာပြီဆရာရေ"

"လေးလေးနက်နက် ပြောဆိုပြီး ရိုက်ရမှာနော်၊ သတိ ထားမိလားဗျာ"

"ဟုတ်ကဲ့၊ နောက်တစ်တိုင် ထူပါပြီ"

၁ "ဗုဒ္ဓဟူးနံ ဝါးအမြန်ရောင်းထွက်စေလို
၅ သော် အဲဒီဝါးပေါ်မှာ 'င'အက္ခရာရေး
၂ ခံ ပြီး ဗုဒ္ဓဟူးအခါမှာ တောင်အရပ်ကို
၄ ဝါး မျက်နှာမူပြီး ဝါးများ မြန်မြန်ရောင်း
၀ တက် ထွက်ပါစေလို့ လေးလေးနက်နက်ဆိုပြီး
၇ တော့ ခံတက်သားနဲ့ နှစ်ချက်ရိုက်ရပါ
၆ မယ်၊ ရိုက်ပြီးတာနဲ့ အဲဒီဝါးပေါ်မှာတင်

ထားရပါမယ်၊ ဒါဆို ဝါးတွေ အမြန်ရောင်းထွက်ပြီ"

"အား တော်တော်ဟုတ်တာပဲဗျာ"

၂ "ကြာသပတေးနံ ပဲအမြန်ရောင်းထွက်
၆ စေလိုသော် ပဲအိတ်ပေါ်မှာ 'ည' အက္ခ
၇ ဆား ရာရေးပြီး ရန်ဘက်ဖြစ်တဲ့ တနင်္လာ
၅ ပဲ အခါမှာ အရှေ့အရပ်ကို မျက်နှာမူပြီး
၁ အိတ် ပဲ မြန်မြန်ရောင်းထွက်ပါစေလို့ လေး
၄ နက်စွာ ဆုတောင်း ရွတ်ဆိုပြီး ဆား
၀ အိတ်ငယ်ငယ်နဲ့ သုံးခ[illegible]က်ရပါမယ်၊

ပြီးရင် အဲဒီဆားအိတ်ကို ပဲအိတ်ပေါ် [illegible]ထားလိုက် မယ်ဆိုရင် သေချာပေါက် ပဲအိတ်တွေ ရောင်းထွက်ပါပြီ"

"ဆရာက အင်္ဂဝိဇ္ဇာတိုင်နဲ့ပါ ရှင်းပြတော့ ကျွန်တော် သာမကဘူး၊ စာဖတ်တဲ့သူတွေလဲ အလွယ်တကူ လုပ်ဆောင် နိုင်ကြမယ်လို့ ထင်တယ်"

"အေး. . . ဒီလောက်ရှင်းတာမှ မရှင်းသေးဘူးဆိုရင် ကိုစိုးနိုင်"

"ဗျာ"

"လုပ်မနေနဲ့တော့ပေါ့ဗျာ၊ ဟုတ်လား"

၇ "သောကြာနံ သွပ်အမြန်ရောင်းထွက်
၀ လိုသော် သွပ်ပေါ်မှာ 'စ' အက္ခရာရေး၊
၄ လက် ရန်ဘက်ဖြစ်တဲ့စနေအခါမှာ အနောက်
၆ သွပ် တောင်ထောင့်ကို မျက်နှာမူပြီးတော့
၂ ခုပ် သွပ်မြန်မြန်ရောင်းထွက်ပါစေလို့ဆိုပြီး
၅ တော့ လက်ခုပ်ကိုင်းနဲ့ လေးချက်ရိုက်
၁ ပြီး အဲဒီသွပ်ပေါ်မှာ လက်ခုပ်ကိုင်းကို

တင်ထားလိုက်မယ်ဆိုရင် သွပ် မြန်မြန်ရောင်းထွက် မှာ သေချာပါတယ်"

"ဟုတ်ကဲ့၊ မှတ်မိပါပြီ ဆရာ၊ အပင်ကတော့ နည်း နည်းရှာရမှာပေါ့နော်၊ ဒါမှမဟုတ် နှစ်နံ့စပ် လုပ်သင့်လုပ်ရ မှာပေါ့"

"မှန်တယ်၊ ကြံဆပြီးလုပ်ရတဲ့ ပညာခန်းတွေဆိုတော့ သေချာအောင်တော့ စိစစ်ပေါ့၊ ကဲ နောက်တစ်တိုင် ထူလိုက် ပါဦး"

"ဟုတ်ကဲ့ ဆရာ၊ ထူပါပြီ"

၄ "စနေနံ ထန်းလျက် အမြန်ရောင်းထွက်
၁ စေလိုတဲ့အခါ ထန်းလျက်သေတ္တာပေါ်
၅ ပင် မှာ 'မ'အက္ခရာရေးပြီး ရန်ဘက်ဖြစ်တဲ့
၀ ထန်းလျက် သောကြာအခါမှာ မြောက်အရပ်ကို
၇ စိမ်း မျက်နှာမူပြီး ထန်းလျက်မြန်မြန်ရောင်း
၆ ထွက်ပါစေလို့ လေးလေးနက်နက်ဆိုပြီး
၂ ပင်စိမ်းကိုင်းနဲ့ ငါးချက်ရိုက်ရပါမယ်၊

ပြီးရင် အဲဒီပင်စိမ်းကိုင်းကို ထန်းလျက်သေတ္တာပေါ်



www.burmeseclassic.com

www.burmeseclassic.com

တင်ထားလိုက်မယ်ဆိုရင် ခပ်မြန်မြန်သုတ်သုတ် ထွက်သွားမှာ စကေန်ပါပဲ ကိုစိုးနိုင်ရေ”

“ကဲ ခုနစ်နံပြည့်သွားပြီဆရာ၊ သေသေချာချာ လုပ်မယ်ဆိုရင် တော်တော်ကောင်းတဲ့ အစီအရင်တွေဆိုတာ ကိုယ်တိုင်လုပ်တဲ့ ပုဂ္ဂိုလ်တွေ သိရပါလိမ့်မယ်ပေါ့နော် ဆရာ”

“ဒါပေါ့ ဆရာ၊ အရင်လုပ်ကြည့်လေဗျာ”

“ကျမ်းဆရာကတော့ အဲဒီဓာတ်ရိုက်နည်းဟာ ကုန်သည်များအတွက် လွန်စွာကျေးဇူးများလှပါတယ်လို့ ရေးထားတယ် ဆရာ”

“ကဲ အချိန်ရှိတုန်း ကဏ္ဍလေးတစ်ခုပါ ရေးကြရအောင်၊ ကောင်းစားစေလိုသော် ဒီလိုလုပ်ဆိုတာမျိုးပေါ့၊ လင်္ကာက ‘မိတ်ဓာတ်နှစ်ပါး ရောကြငြား၊ နေ့သားကောင်းမည်ပိုက်၊ အရင်းမိတ်ပါ ဖွားဓာတ်ရှာ သင့်ရာနံပင်စိုက်’

လင်္ကာရဲ့ အဓိပ္ပာယ်က မိတ်နဲ့ဓာတ်ကို ရောယှက်ကြံစည်ရာမှာ အရင်းကမိတ် အဖွားကဓာတ်ဖြစ်တဲ့ သစ်ပင်ကို မိတ်အခါမှာ မိမိတို့ရဲ့ အရပ်ကနေ စိုက်ပျိုးမယ်ဆိုရင် ကောင်းစားနိုင်ပါတယ်လို့ ဆိုထားတယ်”

“ဟုတ်ကဲ့ ဆရာ၊ အမိန့်ရှိပါ”

“အခုဟာကတော့ ရှင်းပါတယ်ဗျာ”

**တနင်္ဂနွေသား**

ကောင်းစားစေလိုသော် မိတ်ဖြစ်သော ကြာသပတေးအခါတွင် အရှေ့မြောက်အရပ်က ပိတောက်ပင်စိုက်ပါ။

**တနင်္လာသား**

ကောင်းစားစေလိုသော် မိတ်ဖြစ်သော ဗုဒ္ဓဟူးအခါတွင် အရှေ့အရပ်မှာ လဖက်ပင်စိုက်ပါ။

**အင်္ဂါသား**

ကောင်းစားစေလိုသော် မိတ်အခါဖြစ်သော သောကြာအခါတွင် အရှေ့တောင်အရပ်က သရက်ပင်စိုက်ပါ။

**ဗုဒ္ဓဟူးသား**

ကောင်းစားစေလိုသော် မိတ်အခါဖြစ်သော တနင်္လာအခါတွင် တောင်အရပ်မှာ ကသစ်ပင်စိုက်ပါ။

**ကြာသပတေးသား**

ကောင်းစားစေလိုသော် မိတ်အခါဖြစ်သော တနင်္ဂနွေအခါတွင် အနောက်အရပ်မှာ အင်ကြင်းပင်စိုက်ပါ။

**သောကြာသား**

ကောင်းစားစေလိုသော် မိတ်အခါဖြစ်သော အင်္ဂါအခါတွင် မြောက်အရပ်မှာ ဇလပ်ပင်စိုက်ပါ။

**စနေသား**

ကောင်းစားစေလိုသော် မိတ်အခါဖြစ်သော ဗုဒ္ဓဟူးအခါမှာ အနောက်တောင်အရပ်မှာ ဥသျှစ်ပင်စိုက်ပါ။

**ရာဟုသား**

ကောင်းစားစေလိုသော် မိတ်ဖြစ်သော စနေအခါတွင် အနောက်မြောက်အရပ်မှာ တဗွတ်ပင်စိုက်ပါ။

စသဖြင့် အကျယ်တဝင့် ဖော်ပြထားပါတယ်။

“မှတ်ချက်အနေနဲ့ စနေသားစိုက်ရမယ့် သစ်ပင်မှာ အရင်းကဓာတ် အဖွားကမိတ် ဖြစ်တဲ့အတွက် အပြန်အလှန်ကျနေတာ တွေ့ရမယ်၊ အဲဒီနည်းကိုထောက်ပြီး ကျန်နေ့တွေကိုလည်း အပြန်အလှန် ရနိုင်တယ်ဆိုတာ သိထားဖို့လိုပါတယ်၊ ကြံဆကြပေါ့နော်”

“ဟုတ်ကဲ့ဆရာ၊ တော်တော်လဲ ရှင်းပါပြီခင်ဗျာ”

“ကဲ ကိုစိုးနိုင်ရေ နောက်လကျမှ ကျွန်တော်တို့ခြံထဲမှာ မစိုက်ကောင်းတဲ့အပင်၊ စိုက်ကောင်းတဲ့အပင်၊ မစိုက်ကောင်းတဲ့အပင်ကြောင့် ခြင်္သေ့တွေ မွေးထားသလို ဒုက္ခရောက်တတ်ပုံ ရေးကြရအောင်”

“ဟုတ်ကဲ့ ဆရာ၊ ဒါဆို နားကြစို့၊ ဆရာ လက်ဖက်ရည်သောက်လိုက်ပါဦး၊ အေးတောင်နေပြီ”

“ကောင်းပါပြီဗျာ”

❒ ဆရာအောင်ကျော်နိုင် (ရွှေစေတီ)

**ကျမ်းကိုး**

ဗေဒမကုဋ္ဌမာလာဗေဒင်ခေါင်းဆောင်ကျမ်း

နန္ဒဝန်ကျောင်းဆရာတော်


**စီးပွားရေးလုပ်ငန်းရှင်များ**

**လပြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။**

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊

(၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း - ၂၅၀၆၆၈




www.burmeseclassic.com

www.burmeseclassic.com



# ဒေါက်တာနန်းမြင့်(ကချင်မြေ)
# လောကစကြာဒေါက်ယကြာ

## လောကစကြာ

ကမ္ဘာလောကကြီးကို သူရဇ္ဇနေမင်းကြီးက ဦးဆောင်လည်ပတ် အလင်းပေး၍ နေ့၊ လ၊ နှစ် ဟူ၍ ရာသီစက်ဝန်းကို ဖြစ်ပေါ်လာစေပြီး ဩကာသလောက၊ သတ္တလောက၊ သင်္ခါရလောက တည်းဟူသော လောကကြီးသုံးပါးကို ဖြစ်ပေါ်တည်မြဲစေခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ရှေးကလူတို့သည် နေမင်းကြီးကို ကိုးကွယ်ရာ တန်ခိုးရှင်အဖြစ် ရှိခိုးပူဇော်ခဲ့ကြသည်။

ထိုနေမင်းကြီးသည် လုံးဝန်းဝိုင်းစက်သော စကြာအဝိုင်းပုံသဏ္ဌာန်ကို ကိုယ်စားပြုလေ၏။ သူရဇ္ဇနေမင်းပုံစံလေကစကြာအဝိုင်းကို စတင်အသုံးပြုခဲ့ကြသူများမှာ ဘီစီ ၁၀၀၀ နှင့် ၁၅၀၀ ခန့်အတွင်းက အိန္ဒိယနိုင်ငံ အတွင်းပိုင်းသို့ ချင်းနင်းဝင်ရောက် အခြေချနေထိုင်လာခဲ့ကြသော အာရိယန်လူမျိုးများဖြစ်ကြသည်။ နောင်အခါ အိန္ဒိယနိုင်ငံတော်အထိမ်းအမှတ် ဖြစ်လာခဲ့ပါသည်။

အိန္ဒိယနိုင်ငံ သမိုင်းဦးတွင် အသစ်ဝင်ရောက်လာသော အာရိယန်လူမျိုးများနှင့် ဌာနေဒရာဗီဒီယာန်လူမျိုးနှစ်မျိုးတို့၏ ယဉ်ကျေးမှုများ ရောယှက်သွားပြီး နတ်ဘုရားကိုးကွယ်မှု ထွန်းကားလာခဲ့၏။ ထိုမှတစ်ဆင့် ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ၊ ဂျိန်းဘာသာ၊ မဟာဝီရဘာသာနှင့် အခြားကိုးကွယ်ယုံကြည်မှု ဘာသာအယူအဆ အမျိုးမျိုး ဆက်လက်စည်ပင် ထွန်းကားလာခဲ့ပြီးလျှင် ဘီစီ ၆၀၀ ခန့်နောက်ပိုင်းတွင် အာရိယာန်နွယ်ဝင်တို့သည် ဗုဒ္ဓဘာသာကို ယုံကြည်လာကြပြီး ထူပါရုံပုံ၊ ခြေတော်ရာပုံ၊ မဟာဗောဓိပုံနှင့် ဓမ္မစကြာပုံများကို ကျယ်ကျယ်ပြန့်ပြန့် ကိုးကွယ်သုံးစွဲလာကြ၏။

နောင်အခါ ရုပ်ပွားတော်များကို ထုဆစ်ကိုးကွယ်ကြသည့်အခါ စကြာပုံသည် မင်္ဂလာအထိမ်းအမှတ် ပစ္စည်းတစ်ခုအဖြစ် လက်ဆက်တွဲဖက် သုံးစွဲလာခဲ့ကြပြီး ထိုမှတစ်ဆင့် စကြာသုံးစွဲအသုံးပြုသည့် ဓလေ့အယူအဆသည် ကမ္ဘာကုန်ကျယ်သရွေ့ ပျံ့နှံ့ထွန်းကားလာခဲ့ခြင်း ဖြစ်ပါသည်။

## ဘဝစကြာ

သက်ရှိလောကကြီး၌ သတ္တဝါမစဲ သံသရာလည်ရသော ဘဝစကြာပုံကို ကြက်နီ၊ မြွေစိမ်း၊ ဝက်နက် ဟူသော သတ္တဝါသုံးကောင်ဖြင့် သရုပ်ဖော်ထား



www.burmeseclassic.com

www.burmeseclassic.com

လေ၏။ ကြက်နီသည် ဒေါသ၊ မြွေစိမ်းသည် လောဘ၊ ဝက်နက်သည် မောဟဟူသော အချက်များကြောင့် ဘဝကံဇာတိသည် မရပ်မနားတမ်း သံသရာစကြာရဟတ်ဘီး လည်ပတ်နေခြင်းဖြစ်သည်ဟူ၏။ တားရော့ ဖဲဗေဒင်ကတ်တွင် ဂဏန်းစဉ် နံပါတ် ၁၀ ကတ်ကို ဘဝကံကြမ္မာလှည်းဘီး "The wheel of fortune" ဟူ၍ စကြာပုံအဝိုင်းနှင့် ပုံဖော်ထားပြီး အကောင်းဘက်သို့ ဦးတည်လာခြင်း ဖြစ်သည်ဟူ၍လည်းကောင်း၊ ဘဝကံကောင်းလာပြီဟူ၍လည်းကောင်း အနက်အဓိပ္ပာယ် ဖွင့်ဆိုဟောပြောကြသည်။

ဘဝစကြာကို အခန်း လေးခန်းဖွဲ့ဆိုထားခြင်းသည် အာပေါရေဓာတ်၊ ဝါယောလေဓာတ်၊ တေဇောမီးဓာတ်၊ ပထဝီမြေဓာတ် ဟူ၍ မဟာဘုတ်ကြီးလေးခုကို အခြေခံ၍ ဖော်ပြထားခြင်းဖြစ်သည်။ သတ္တဝါအပေါင်းတို့သည် ထိုသို့သော ဘဝစကြာထဲတွင် တဝဲလည်လည်နှင့် သံသရာလည်နေကြခြင်းကို ပဋိစ္စသမုပ္ပာဒ် စကြာစက်ဝိုင်းတရားဖြင့် အနားကွပ်၍ ဖော်ပြကြသည်။ ရုပ်ပုံဖြင့် အဆင့်ဆင့်ဖော်ပြထားသည်မှာ လွန်စွာရှင်းလင်းလှပါသည်။

သင်္ခေပမျှ တင်ပြရလျှင် . . .

(၁) မသိမမြင်ခြင်း၏ အဝိဇ္ဇာကို စမ်းတဝါးဝါးသွားနေသောလူကန်းပုံ
(၂) သင်္ခါရကို အိုးထိန်းစက်လည်နေပုံ
(၃) ဝိညာဏကို ၁ာစ်ပင်တက်နေသော မျောက်ပုံ
(၄) နာမရူပကို ၊ လှေတစ်စင်းဖြင့် ချောင်းကူးနေပုံ
(၅) သဠာယတနကို တံခါးခြောက်ပေါက်တပ်ဆင်ထားသောအိမ်ပုံ
(၆) ဖဿကို လူရွယ်နှစ်ဦး ဖက်နေကြပုံ
(၇) ဝေဒနာကို မြားထိမှန်နေပုံ
(၈) တဏှာကို ရေငတ်၍ ရေသောက်နေပုံ
(၉) ဥပါဒါန်ကို ပန်းဆွတ်ခူးနေပုံ
(၁၀) ဘဝကို ကိုယ်ဝန်ဆောင်ထားသော မိန်းမပုံ
(၁၁) ဇာတိကို ကလေးမွေးဖွားပုံ
(၁၂) ဇရာကို သေသူကို ကျောပိုးထားပုံများဖြင့် ဖော်ပြထားသည်။

အတိုချုပ်ရလျှင် အဆုံးအစမရှိ သံသရာလည်ခြင်းကို တင်ပြထားခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ ဘဝ မည်သည်မှာ စက်ဝိုင်းသုညမှအစပြု၍ စက်ဝိုင်းကြောထဲတွင် သံသရာလည်နေရမည်ဟူသော ဘဝစကြာပုံ၏သဘောသဘာဝ ဆောင်ပါသည်။ လူ့ဘဝသည် သံသရာစကြာနှင့် ကင်းနိုင်မည် မဟုတ်ပါ။

## စက္က သို့မဟုတ် စကြာ

စကြာသည် ပါဠိဘာသာ စက္ကနှင့် သက္ကတဘာသာ စကြ ဟူသော အသုံးအနှုန်းတို့မှ ဆင်းသက်ခြင်းဖြစ်ပြီး အလုံး၊ ဘီးလုံး၊ အဝန်းအဝိုင်း၊ ရဟတ်စက်၊ အာဏာစက်၊စွမ်းအားတန်ခိုးစက်၊ သုညစက်ဟူသော အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြသည်။ ဘီးလုံးသည် စက်မှုခေတ်၏ အစောဆုံး အောင်မြင်မှုကြီးဖြစ်ပါသည်။

ဘီစီ ၃၅၀၀ ခန့်က ဆူမာရီယန်လူမျိုးတို့၏ ပန်းချီလက်ရာများတွင် ဘီးတပ်ဝေါယာဉ်များ ပါဝင်နေသဖြင့် တိုးတက်မှုကို ဦးဆောင်ခဲ့သည်ကို သိနိုင်ပေသည်။ ၂၁ ရာစုထိပင် ဘီးလုံးစက်ဝိုင်းသည် အရာရာကို ဦးဆောင်လျက်ရှိနေပြီး ဘီးလုံးမပါလျှင် မည်သည့်စက်ယာဉ်ကမျှ လှုပ်ရှားနိုင်မည် မဟုတ်ပါ။

ဟိန္ဒူဘာသာဝင်တို့သည် စက်ဝိုင်းကို အလွန်ထက်မြက်သော စကြာလက်နက်အဖြစ် မှတ်ယူကြ၏။ ဗိစ္စနိုး (ဗိဿနိုး) ဟိန္ဒူနတ်ဘုရားသည် လက်လေးဖက်ရှိရာ ရှေ့ယာဘက်လက်တွင် စကြာလက်နက်ကို အမြဲ ကိုင်ဆောင်ထားလေ့ရှိသည်။ အိန္ဒိယနိုင်ငံတော်အလံတွင် စကြာအဝိုင်းကို နိုင်ငံတော်အထိမ်းအမှတ် သင်္ကေတအဖြစ် အသုံးပြုထားသည်ကို တွေ့နိုင်ပေလိမ့်မည်။

သို့ဖြစ်၍ စကြာအဝိုင်းသည် သူရဇ္ဇနေမင်းကြီး၏ အတိုင်းအဆမရှိသော အလင်းဘုန်းရောင် ကိန်းဝပ်နေပြီး အရာရာတိုင်းကို စွမ်းဆောင်နိုင်သော တန်ခိုးဣဒ္ဓိပါဒ်ဖြင့် သက်ဝင်လှုပ်ရှားနေခြင်း ဖြစ်သည်ဟု ဆိုသည်။

ပုရာဏကျမ်းမြတ်တော် အလိုအရ မည်သူမဆို လက်ဝါးပြင်ပေါ်တွင် မဟာဗိစ္စနိုးနတ်ဘုရား၏ နေစကြာစက်ဝိုင်း အမှတ်အသား ပါရှိ၍ မွေးဖွားလာသူဖြစ်ပါက စကြဝတေးမင်း ဧကန်ဖြစ်ရမည်ဟူသော ဗျာဒိတ်တော်ရှိထားသည်။ ထို့ကြောင့် စကြဝဠာကို ပိုင်စိုးထားသော မင်းဧကရာဇ်များကို စကြဝတေးမင်းဟု ခေါ်ဆိုကြပြီး စကြာစက်ဝိုင်းသည်လည်း စကြဝတေးမင်း၏အာဏာတည်သော အစိတ်အပိုင်းတစ်ခု ဖြစ်လာပါတော့သည်။

## လက်ဝဲလက်ယာစကြာ

စ်က္က ဟူသော ဝေါဟာရတွင် အောင်မြင်ခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်းနှင့် ကြီးပွားပြည့်စုံခြင်း ဟူသော အနက်အဓိပ္ပာယ်များ ပါဝင်သည်ဟုဆိုသည်။ ထို့ကြောင့် သူရဇ္ဇနေမင်း၏ သင်္ကေတကို စက်ဝိုင်းဖြင့် ပုံဖော်ကြပြီး အောင်အတိတ် အောင်နိမိတ်နှင့် ကောင်းခြင်းမင်္ဂလာအပေါင်းကို ယူဆောင်ပေးသော တန်ခိုးတော်အဖြစ် အသိအမှတ်ပြုကြသည်။ ကောင်းခြင်းမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ထိုစကြာပုံတော်ကို ဟိန္ဒူဘာသာ၊ မဟာဝီရဘာသာ၊ ဂျိန်းဘာသာဝင်တို့က ဘာသာရေးဆိုင်ရာ အထိမ်းအမှတ်များတွင် အသုံးပြုကြသည်။

နောင်အခါ ဓမ္မ ဟူသော ဝေါဟာရနှင့် စကြာကိုတွဲဖက်၍ အသုံးပြုလာရာမှ ဓမ္မစကြာ ဟူသော အသုံးအနှုန်း ထွန်းကားလာခြင်းဖြစ်သည်။ ဟိန္ဒူဘာသာဝင်တို့၏ အယူအဆတွင်





www.burmeseclassic.com

ကောင်းသောအတိတ်နိမိတ်ကို ဆောင်သော လက်ယာစကြာနှင့် မကောင်းသော အပျက်သဘောကိုဆောင်သည့် လက်ဝဲစကြာဟူ၍ အဖိုဓာတ်နှင့် အမဓာတ် နှစ်မျိုးရှိသည် ဟူ၏။ လက်ယာရစ်စကြာသည် ပုရိသ အဖိုသဘောကို ဆောင်၍ မဟာဂနစ်ချ် (မဟာပိန္နဲ) နတ်မင်းကြီးကို ပြဆိုထားပြီး နေ့အလင်းကို ပိုင်စိုးသည်။ လက်ဝဲရစ်စကြာသည် ဣတ္ထိယ အမသဘောဆောင်၍ ကာလီမယ်တော်ကြီးကို ညွှန်းဆိုထားပြီး အမှောင်ထုကြီးကို စိုးမိုးထားသည်ဟု ဆိုသည်။

ဓမ္မကို စက်ဝိုင်းစကြာနှင့် တွဲဖက်တင်စားထားပုံများကို ရှေးဟောင်း ဟိန္ဒူဘာသာ အယူအဆများနှင့် ယဉ်ကျေးမှု အနုပညာ လက်ရာများတွင် အထင်အရှား တွေ့မြင်နိုင်မည်ဖြစ်သည်။ အာရှောကာ (အသောကမင်း ASOKA BC 300-232)မင်းကြီး၏ ရုံးတံဆိပ်များ၊ အထိမ်းအမှတ်များ၊ အလံတော်များတွင် စကြာစက်ဝိုင်းကို အသုံးပြုထားသည်ကို တွေ့ရပါသည်။အထူးသဖြင့် အသောကကျောက်တိုင်၏ တိုင်ထိပ်တွင် ဓမ္မစကြာပုံကို မြင်တွေ့နိုင်သည်။ အောင်မြင် သာယာ ဝပြောစည်ပင်မှုကို ကိုယ်စားပြုထားခြင်း ဖြစ်ပါသည်။

## စကြာ၏ သိဒ္ဓိတန်ခိုး

ဗုဒ္ဓဘာသာဝင်တို့သည် စကြာပုံတော်ကို ဘုရားရှင်၏ ခြေတော်ရာတွင် ရေးခြယ်ပူဇော်ကြ၏။ ဟိန္ဒူဘာသာဝင်များက ဗစ္စနိုးနတ်ဘုရား၏ ဘုန်းစကြာလက်နက်အဖြစ် ယုံကြည် အသိအမှတ်ပြုကြပြီး ဂနစ်ချ်နတ်မင်း၏ ကိုယ်ပွားတော် သင်္ကေတ အမှတ်အဖြစ် ပူဇော်ကြသည်။ မဟာဝီရဘာသာဝင်များကမူ ဘုရားကျောင်းကန် စေတီပုထိုးများတွင် ရောင်ခြည်တော်အဖြစ် ပူဇော်သက္ကာရပြုကြပြီး ဂျိန်းဘာသာဝင်တို့က သတ္တမမြောက် ဘုရားရှင်၏ အမှတ်သင်္ကေတဖြစ်သည်ဟု ဆိုသည်။

ဤသို့ ဘုန်းကျက်သရေမင်္ဂလာ သုတိချမ်းသာ အဖြာဖြာတို့နှင့် ဝေဖြာပြည့်စုံနေသော စကြာအဝိုင်းကိုဖြစ်စေ၊ စကြာလေးထောင့်ကိုဖြစ်စေ ဘုရားရှင်အား ပူဇော်လျှင် ခပ်သိမ်းသော ဘေးအန္တရာယ် ရန်စွယ်အပေါင်းတို့မှ ဖယ်ရှားကာကွယ်ပေးနိုင်မည်။ အလုံးစုံသော အောင်မြင်မှု သုခချမ်းသာများနှင့်ပြည့်စုံစေနိုင်မည် ဖြစ်သည်။ ဆိုင်ရာဆိုင်ရာ သိကြား၊ ဗြဟ္မာ၊ နတ်ကောင်းဒေဝတာ၊ ဘိုးတော်၊ မယ်တော်အပေါင်းတို့အား ပူဇော်လျှင် အောက်လမ်းမိစ္ဆာ စုန်းကဝေ အင်းတိုက် နတ်တိုက် မန္တန်အတိုက်အခိုက်တို့မှ ကင်းလွတ်စေနိုင်ပြီး မကောင်းသော နာနာဘာဝ ဝိနာဘာဝတို့မှ ကာကွယ်တားဆီးပေးနိုင်ပါလိမ့်မည်။

ခုနစ်ရက်သားသမီး မည်သူမဆို ပုံတော်အဖြစ် ဆောင်ထားလျှင် ပြဿနာအခက်အခဲများကို ကျော်လွှားနိုင်ကြပြီး ရန်သူအတိုက်အခိုက်များကို ချေမှုန်းသုတ်သင် အောင်မြင်နိုင်မည်။

သို့ဖြစ်၍ အရာရာတိုင်း၌ ထင်တိုင်းမပေါက် ကြံတိုင်းမအောင် လုပ်တိုင်းမမြောက် ဒုက္ခဆင်းရဲ အနှောင့်အယှက် အခက်အခဲ ပတ်လည်ဝိုင်းနေလျှင်၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အညံ့ ကြုံတွေ့နေရလျှင် လက်ယာစကြာ အဝိုင်းတစ်လက်ကို အိမ်ရှေ့မျက်နှာစာ၏လက်ယာဘက်နှင့် လက်ဝဲစကြာတစ်လက်ကို အိမ်ရှေ့မျက်နှာစာ လက်ဝဲဘက်တွင် အသီးသီးစိုက်ထူလည်ပတ်စေခြင်းဖြင့် ဘေးဘယာမှန်သမျှ လွင့်စဉ်ကင်းပျောက်စေ၍ လိုရာဆန္ဒ သုခချမ်းသာ ဝေဖြာပြည့်စုံစေလိမ့်မည်။ သို့ဖြစ်၍ စကြာတော်ကို ယုံယုံကြည်ကြည် စနစ်တကျ အသုံးပြု၍ လာဘ်ပွင့် ကံကောင်း အကျိုးရောက်ကြပါစေ ဟူ၍။

❐ အောင်ဘုန်းမြင့်(ကချင်မြေ)

**စာမူ ပေးပို့ခြင်း**

စာပေ ဝါသနာရှင်များ မိမိစာမူများကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

**အထူးသတိပြုချက်**

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး၊ တစ်နှစ်အတွင်း တခြားမဂ္ဂဇင်းတိုက်များတွင် အသုံးပြုပြီးသော စာမူများကို ထပ်မံပေးပို့ခြင်းများ မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

စာမူများ ပေးပို့ကြရာတွင်လည်း လက်ရေးလှရမည်ဟု မဆိုလိုပါ၊ သို့သော် အယ်ဒီတာများ၊ စာစီသမားများ ဖတ်ရှုနိုင်မည့်အရေးအသားမျိုး ဖြစ်ရပါမည်။

လက်ရေးညံ့သော စာမူဖြစ်ပါက မည်မျှပင် မိုးပျံအောင်ကောင်းစေကာမူ မည်သည့်နည်းနှင့်မျှ ရွေးချယ်လိမ့်မည် မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪

ဒေါဖြူအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၂၁၆၆၆၈



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

အောင်ကြည်သန်း
(တောင်ကြီး)

# ထိတ်လန့်ငိုတတ်သည့် ကလေးများအတွက် လိပ်ပြာချော့



ညဦးကာလ ဆယ်နာရီခွဲကျော်လောက် မိုးကောင်းကင်မှာ ဖိုးရွှေလက မသာတသာ၊ ငွေကြယ်လေးများက မှိတ်တုတ်မှိတ်တုတ်ဖြင့် အိပ်ငိုက်နေကြသယောင်ရှိ၏။ အိမ်ခေါင်းရင်းဘက်ရှိ ညောင်ပင်ကြီးက အိမ်ခေါင်မိုးပေါ် ထီးမိုးသကဲ့သို့ အုပ်ဆောင်းထားသည်။ ညောင်ပင်ပေါ်မှ ညဥ့်ငှက်များ ညောင်သီးစားရင်း ကွိ ကွိ . . . အု အု . . . အောက် အောက် . . . ကစ် ကစ် အသံတွေထွက်ပြီး အော်နေကြသည်။ ညောင်သီးတွေက အိမ်ခေါင်မိုးပေါ်သို့ ကြွေကျနေသဖြင့် တဒုတ်ဒုတ်မြည်နေသည်။ ပုစဉ်းရင်ကွဲ အော်သံများကိုလည်း တစ်ချက် တစ်ချက် ကြားနေရသည်။ လေအဝှေ့တွင် ပြတင်းပေါက်မှ လေနုအေးလေးတွေ တိုးဝင်လာသည်။ ညောင်ပင်မှ ညောင်ရွက်လေးတွေ တဖျပ်ဖျပ် လှုပ်ယမ်းနေကြသည်။

ကျွန်တော် အိပ်မပျော်ဘဲ ဘယ်လိုမှ်ညာလိုမှ်ဖြင့် ရှာထောင့် ရေကန်ပေါင်ထောင့်က ဗောဓိညောင်ပင်အောက်ရောက်နေသလို စိတ်ထဲမှာ ခံစားနေရသည်။ ရှာကို လွမ်းနေမိသည်။ တစ်ဆက်တည်း ငယ်ချစ်ဦး အဆင့်ကို သတိရနေဆဲ လက်ကိုင်ဖုန်းမှ ဥသြ ဥသြ ဥသြဟု အသံမြည်လာသဖြင့် လွမ်းစိတ် သတိရစိတ်လေးတွေ လွင့်ပျောက်သွားသည်။ ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို . . . ဟယ်လို"

"ဆရာ ခင်နှင်းယုပါ။ ကျွန်မညီမ ဇင်ဖြူနွယ်ရဲ့သမီးလေး ဝမ်းတွေသွားလို့ ပါရမီဆေးရုံမှာ တင်ထားရတယ်၊ ကလေးက အိမ်မှာကတည်းက လန့်လန့်ပြီး ငိုနေတယ်ဆရာ၊ ဆေးရုံမှာလဲ လန့်လန့်ပြီး ငိုနေတုန်းပဲ၊ ပယောဂ အနှောင့်အယှက်များ ရှိနေသလား မသိဘူး ဆရာ၊ အဲဒါကြောင့် ဆေးရုံမှာ လာကြည့်ပေးပါဦး၊ ဆရာ တက္ကစီနဲ့ပဲလာခဲ့နော်၊ မြောက်ဒဂုံက ပြောနေတာ၊ ကားလာကြိုနေရင် ကြာနေမှာစိုးလို့"

"အေး အေး. . . ဆရာ လာခဲ့ပါ့မယ်" ဟု ပြောလိုက်ရာ တစ်ဖက်မှ ဖုန်းချသွားသည်။

မခင်နှင်းယုက ဘီလူးကျွန်း ချောင်းဆုံမြို့နယ်၊ ကလော့ရှာဇာတိတွင် ကျွန်တော် အလုပ်တာဝန်ကျစဉ်က ရုံးပိတ်ချိန်များတွင် ဗေဒင်ပါ ဟောသည်။ မခင်နှင်းယု ဗေဒင်လာမေးရင်း သားသမီးရင်းချာကဲ့သို့ ခင်မင်ခဲ့ကြသည်။ မောင်လွင်နှင့် လက်ထပ်ရန် တိုင်ပင်သဖြင့် လက်ထပ်ခိုင်းလိုက်သည်။ လက်ထပ်ပြီး ကလော့ရှာမှ ရန်ကုန်သို့ ပြောင်းသွားကြသည်။ ကျွန်တော် အလုပ်တာဝန်ဖြင့် ရန်ကုန်သို့ ပြောင်းလာခဲ့ရာ မခင်နှင်းယုတို့နှင့် ပြန်ဆုံကြရပြန်သည်။ ကိုသက်ပိုင်နှင့် ဇင်ဖြူနွယ်တို့ လက်ထပ်ထိမ်းမြား မင်္ဂလာကိစ္စမှာလည်း ဆွေးနွေး အကြံပေးခဲ့ရသေးသည်။

ကျွန်တော် နိုင်လွန်ကြိုးတစ်ပင်ကို ကလေးလည်ပင်းတွင် ဆွဲရန် အလောတော်လောက် မှန်းဖြတ်ပြီး လိပ်ပြာချုပ်တစ်ခု အမြန်လုပ်လိုက်သည်။ ပြီးလျှင် . . .

"ကဲ မအေကြီးရေ. . . ပါရမီဆေးရုံ သွားမလို့ အဖော်လိုက်ခဲ့ပါဦး" ဟု ဇနီးသည်အား ပြောလိုက်သည်။ ပါရမီဖြည့်ဖက် ဇနီးမတင်တင်ဦးလည်း လိုက်ခဲ့ပေးသည်။ ရန်ကင်းမှ တက္ကစီဖြင့် ပါရမီဆေးရုံသို့ လာခဲ့သည်။ ကားက ကန်တော်ကြီးဘက်မှ ပတ်မောင်းလာသည်။ လမ်းမီးရောင်များ ဖြာထွက်နေပြီး ကားရှင်းသဖြင့် မကြာခင် ဆေးရုံသို့ရောက်လာခဲ့သည်။

မဇင်ဖြူနွယ်၏ သမီးလေးအသက်က အခါလည်ကျော်ကျော်လောက်ရှိမည်။ ခုတင်ပေါ်တွင် ပက်လက်လန်လေး၊ မျက်စိက ဟိုကြည့် ဒီကြည့် လိုက်ကြည့်နေသည်။

www.burmeseclassic.com

ကျွန်တော် အသင့်ယူလာသော လိပ်ပြာချုပ်ကြိုးလေးကို ကလေးလည်ပင်းတွင် ဆွဲချည်ပေးလိုက်သည်။ ခဏကြာလျှင် ကလေးက ပြုံးရယ်လာသည်။ မခင်နှင်းယုနှင့် ကလေး၏ အဘွားပါ ရောက်လာကြသည်။ မခင်နှင်းယု၏ အမေကို. . .

"ဘယ်တုံးက ရန်ကုန်ရောက်နေလဲ" ဟု နှုတ်ဆက်ရင်း မေးလိုက်သည်။

"မြေးလေး ဆေးရုံတင်ထားရတယ်လို့ သမီးကြီး ဖုန်းဆက်လို့ ကလော့ရွာကနေ ရန်ကုန်ကို ချက်ချင်းတက်လာခဲ့တာ၊ ဒီညပဲ ရောက်တာ"

"အစ်ကိုကြီး ဦးချင်းစိန်ကော နေကောင်းလား၊ ရွာမှာပဲလား"

"နေကောင်းပါတယ်၊ ရွာမှာပဲ အိမ်စောင့်နေခဲ့တယ်"

"ကလေး မငိုတော့ပါဘူး၊ စိတ်မပူပါနဲ့၊ ကောင်းသွားမှာပါ"

"ဟုတ်ကဲ့၊ ကျေးဇူးပဲ ဆရာ"

ချောင်းဆုံမြို့တွင် တာဝန်ကျစဉ်က ခင်နှင်းယုက သူ့အိမ်မှာ ထမင်းဖိတ်ကျွေးသည်။ ထမင်းစားပြီး အိမ်မှာ ဗေဒင်တစ်နေ့လုံးဟောနေရသဖြင့် မခင်နှင်းယု၏ မိဘများနှင့်ပါ ခင်မင်ခဲ့သည်။

"ကလေးလဲ နေကောင်းသွားမှာပါ၊ ပြန်လိုက်ဦးမယ် နော်"ဟု ကိုသက်ပိုင်၊ မဇင်ဖြူနွယ်နှင့် မခင်နှင်းယုတို့ကို နှုတ်ဆက်လိုက်သည်။ ကိုသက်ပိုင်က . . .

"ဟုတ်ကဲ့ ဆရာ၊ ကျေးဇူးပါ" ဟုပြောပြီး ဆေးရုံအောက် လိုက်ဆင်းကာ ကားလမ်းအထိ လိုက်ပို့သည်။

ကျွန်တော်နှင့် ချစ်ဇနီးလည်း တက္ကစီဖြင့် အိမ်သို့ပြန်လာခဲ့ကြသည်။ နောက်သုံးရက်ခန့်အကြာတွင် မဇင်ဖြူနွယ် ဖုန်းဆက်လာသဖြင့် ကလေးနေကောင်းသွားပြီး ဆေးရုံမှဆင်းခဲ့ကြောင်း သိလိုက်ရသည်။

အကြောင်းအမျိုးမျိုးကြောင့် ထိတ်လန့်ပြီး ငိုတတ်သည့်ကလေးများအတွက် မထိတ်မလန့်စေရန် လိပ်ပြာချုပ်စီရင်နည်းများကို ဖော်ပြလိုက်ပါသည်။

အရေးပေါ်ကိစ္စများတွင် အလွယ်ဆုံး လိပ်ပြာချုပ်ပြုလုပ်နည်းကို ဦးစွာဖော်ပြပါမည်။ ချည်ကြိုး သို့မဟုတ် နိုင်လွန်ကြိုးကို ကလေးလည်ပင်းမှာ ချည်နိုင်မည့်အရှည် မှန်းပြီးဖြတ်ပါ။ ကြိုးကို အလယ်မှခေါက်ပြီး တစ်လက်မ အစွန်းထွက်ထားကာ ဘယ်လက်မ၊ လက်ညှိုးဖြင့် ဖိပြီးကိုင်ထားပါ။ ထွက်နေသည့်ကြိုးကွင်းလေးကို ညာလက်မ၊ လက်ညှိုးဖြင့် ဖိပြီး ရှေ့သို့ပွတ်လိုက်ပါ။ သုံးခါ ပွတ်ပါ။ ကြိုးကျစ်သလိုလိမ်သွားမည်။ ဘယ်လက်မ၊ လက်ညှိုးဖြင့် အလိမ်မပြေစေရန် ထိန်းထားပါ။

ကြိုးပွတ်ရာတွင် "ဗုဒ္ဓေါ၊ ဓမ္မော၊ သံဃော" ဟု ရွတ်ဆိုရမည်။ ပြီးလျှင် ကြိုးစတစ်ခုကို ထိပ်ဘက်ကွင်းထဲသို့ ထိုးသွင်းပြီး ကြိုးစနှစ်ခုကို ဆွဲဆန့်လိုက်ပါ။ ကြိုးအလယ်တွင် လိပ်ပြာပုံပါသော လိပ်ပြာချုပ်ကြိုးလေး ရရှိလာပါမည်။

လိပ်ပြာချုပ်လေးကို "ဉုံ ဗုဒ္ဓံချုပ်၊ ဓမ္မံချုပ်၊ သံဃံချုပ်၊ ဗြဟ္မာချုပ်၊ ဒေဝါချုပ်၊ ယက္ခာချုပ်၊ ချုပ်ဆရာချုပ်" ဂါထာနှင့် ခုနစ်ခေါက်ရွတ်ဆိုပြီး သိဒ္ဓိတင်ပေးရပါသည်။ ကလေးလည်ပင်းတွင် ဆွဲပေးရန် လိပ်ပြာချုပ်လေး ဖြစ်သွားပါပြီ။

ဒုတိယနည်းမှာ လိပ်ပြာချုပ်လက်ဖွဲ့ စီရင်နည်းဖြစ်သည်။ ရွှေပြား၊ ငွေပြား သို့မဟုတ် ကြေးပြားတို့တွင် စီရင်နိုင်ပါသည်။ ကိုးကွက်အင်း လိပ်ပြာချုပ်လက်ဖွဲ့ ဖြစ်သည်။ ထိတ်လန့်ပြီး ငိုတတ်သည့်ကလေးများအပြင် မာတြာအစွဲရှိသော ကလေးများကိုလည်း လည်ပင်းမှာ ဆွဲချည်ပေးထားလျှင် ကျန်းမာလာစေပါသည်။ အင်းဆန်မှာ . . . "ဉုံ ယက္ခ ယက္ခာ ဖလာ ယန္တိ" ဖြစ်သည်။ မြင်းသွားချရသည်။ ပြီးလျှင် အင်းဆန်ဂါထာနှင့်ပင် (၃၇)ခါရွတ်ဆိုပြီး သိဒ္ဓိတင်ရသည်။ အင်းပြားကိုလိမ်ပြီး ကြိုးအနီလေးတပ်ကာ လိပ်ပြာချုပ် လက်ဖွဲ့လုပ်ရသည်။

လိပ်ပြာချုပ် ပုံစံ

| | | |
|---|---|---|
| ဉုံ | ယ | လာ |
| ဖ | န္တိ | ယ |
| က္ခ | ယ | က္ခာ |

တတိယနည်းမှာ ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ သတ္တုပြား တစ်မျိုးမျိုးတွင် စီရင်နိုင်ပါသည်။ စတုရန်းပုံ လေးထောင့်ပြားလေးတွင် စဓဗဝ ကို ညာဘက်ထောင့်မှစပြီး လက်ယာရစ် ခရုပတ် ချရေးရမည်။ အလယ်တွင် ငှုကို ရေးရပါမည်။ ပြီးလျှင် ကြိုးလိပ်ပြာချုပ်မှာ သိဒ္ဓိတင်သကဲ့သို့ပင် "ဉုံ ဗုဒ္ဓံချုပ်၊ ဓမ္မံချုပ်၊ သံဃံချုပ်၊ ဗြဟ္မာချုပ်၊ ဒေဝါချုပ်၊ ယက္ခာချုပ်၊ ချုပ်ဆရာချုပ်" ဂါထာကို ခုနစ်ခေါက်ရွတ်ဆိုပြီး သိဒ္ဓိတင်ရမည်။ ပြီးလျှင် အင်းပြားကို လိပ်ပြီး ကြိုးနီကလေးတပ်ကာ လိပ်ပြာချုပ်လက်ဖွဲ့ လုပ်ရသည်။

လိပ်ပြာချုပ် ပုံစံ

| | | |
|---|---|---|
| စ | | ဓ |
| | ငှု | |
| ဝ | | ဗ |

လိပ်ပြာချုပ်လေး စီရင်ကာ ကလေးလည်ပင်းတွင် ဆွဲချည်ပေးထားခြင်းဖြင့် မမြင်ရသော သရဲ၊ တစ္ဆေ၊ ပြိတ္တာ အစရှိသော ပယောဂအနှောင့်အယှက်များကို ကြိုတင်ကာကွယ်ထားနိုင်ပါသည်။ ကလေးများ ထိတ်လန့်ကာ ငိုခြင်းမှ ကင်းဝေးနိုင်ကြပါလိမ့်မည်။

ကလေးအားလုံး ကျန်းမာရွှင်လန်းကြပါစေ။

❐ အောင်ကြည်သန်း(ဖောင်တော်ဦး)



www.burmeseclassic.com

www.burmeseclassic.com

# ယောမနေသေး ဝိဝိရှုန်းကြောယတြာ

## အဂ္ဂမျိုး



မြင်စိုင်းလမ်း၊ ရွှေပေါက်ကံရှိ စာရေးသူ၏နေအိမ်သို့ တူမလေး နှစ်ယောက်တို့ ရောက်လာကြ၍ ဟောပြောခြင်း နားရက်မဟုတ်သော်လည်း ထိုအချိန်သည် ဆွမ်းခံကြွချိန်ဖြစ်ရာ ပေဒင်ပရိသတ်တို့ မရောက်လာတတ်သော အချိန် ဖြစ်လေ၏။ တူမတို့မှာ အဝေးသင်တက္ကသိုလ် တက်ရောက်နေကြသူများဖြစ်ပြီး ဂန္ဓာရီ၊ ဝမ္ဘီရ စာအုပ်တို့အား စိတ်ပါဝင်စားသူများလည်း ဖြစ်ကြ... ၏။ ကျွန်တော်က စ၍ . . .

"ငါ့ညီမတစ်ယောက်လဲ မရောက်လာတာ ကြာပြီ၊ နေကောင်းရဲ့လား" ဟု မေးရာ တူမကြီး မေမြတ်သူက . . .

"ဖေဖေလဲ နေကောင်းတယ်၊ မေမေလဲ နေကောင်းတယ်၊ သမီးတို့လဲ နေကောင်းကြတယ်၊ ဘဘကော နေကောင်းတယ် ဟုတ်လား၊ ဖေဖေက တော့ ပြောပါတယ်၊ အစ်ကို့ဆီကို မရောက်တာလဲ ကြာပြီ၊ သူကော နေမှကောင်းရဲ့လား မသိဘူး၊ နင်တို့သွားကြည့်ကြဦးလို့ ပြောတာနဲ့ သမီးတို့လဲ ခုလိုရောက်လာဖြစ်တာ၊ အိမ်မှာကလဲ လက်ဖက်ရည်ဆိုင် ဖွင့်ထားတော့ အားကြရတယ် မရှိလှဘူးလေ"ဟု ပြောလေ၏။

"အေးပါ၊ နေကောင်းကြတယ် ဆိုရင် ပြီးတာပါပဲ၊ နင်တို့အဖေလဲ ပြောလိုက်ဦး၊ ငါက မှာတယ်လို့၊ အသက်အရွယ်တွေ ရလာပြီ၊ စီးပွားရေးချည်း လုပ်မနေနဲ့ဦး၊ သေရင် ကိုယ့်နောက်ပါမယ့် ကုသိုလ်တရားတွေ သစ္စာတရားတွေ လေ့လာအားထုတ်ဦးလို့ ပြောလိုက်ကြ"

ညီအစ်မနှစ်ယောက်က ကိုယ်စီခေါင်းညိတ်ပြကြလေ၏။ တူမငယ် မေထက်သူက မေမြတ်သူကို လက်တို့ကာ

"...ကြီးကိုမေးဖို့ရှိတာ မေးတော့လေ၊ တော်ကြာ ပေဒင်မေးမယ့်သူတွေ ရောက်လာရင် မမေးဖြစ်ဘဲနေဦးမယ်" ဟုဆိုရာ ယင်းတို့နှစ်ယောက်စလုံးက ကျွန်တော့်အား အကဲခတ်လျက်ရှိကြ၏။

www.burmeseclassic.com

ကျွန်တော်က . . .

"မေးစရာများရှိရင် မေးပါ၊ အဘက သိတာ ဖြေမှာပေါ့၊ မသိတော့လဲ နောက်တစ်ခါလာရင် ရှင်းပြနိုင်အောင် ကြိုလေ့လာထားပေးမှာပေါ့"

ထိုအခါ မေမြတ်သူက . . .

"ဂါထာတွေ၊ မန္တန်တွေရဲ့အစမှာ ဥုံတို့၊ ဩောင်းတို့ ပါနေတာ ဘာအဓိပ္ပာယ်ပါလဲ၊ ဂါထာဆိုတာရယ်၊ မန္တန်ဆိုတာရယ်ကကော ဘယ်လိုများ အနက်အဓိပ္ပာယ်ရှိလဲ သိချင်ပါတယ် အဘရယ်"

"ကောင်းပြီ၊ အဘ လေ့လာမှတ်သားဖူးတယ်၊ ကြာလှပြီမို့ တချို့တလေ သိပ်မမှတ်မိတော့ဘူးကွဲ့၊ မှတ်သားမိသရွေ့ ပြောရရင် ဂါထာဆိုတာ ပါဠိတို့၊ အဋ္ဌကထာတို့၊ ဋီကာကျမ်းစာတို့က လာသမျှကို ဂါထာလို့ ခေါ်တယ်လို့ မှတ်မိနေတယ်"

ကျွန်တော်က ဆက်လက်ရှင်းပြရန် စဉ်းစားနေစဉ်မှာ မေထက်သူက. .

"မန္တန်ဆိုတာကကော" ဟု မေးလာ၏။ ကျွန်တော်က . . .

"အဘ စဉ်းစားနေတာပါကွယ်၊ အဲ မန္တန်ဆိုတာတော့ တချို့က ဥုံကစတာမှန်သမျှ မန္တန်၊ ဩောင်းကစတာ မှန်သမျှ မန္တရားရယ်လို့ ခွဲခြားထားတယ်၊ ဥုံပဲဖြစ်ဖြစ်၊ ဩောင်းပဲဖြစ်ဖြစ် အဓိပ္ပာယ် အတူတူပဲကွဲ့၊ 'ပြီးစီး အောင်မြင်စေသတည်း' အဓိပ္ပာယ်ရတယ်လို့ ဖတ်ရှုမှတ်သားမိတယ်ကွဲ့" ဟု ရှင်းပြလေရာ သူတို့က မှတ်စုဖြင့်မှတ်ယူကြလေ၏။

မေမြတ်သူက. . .

"နောက်မေးစရာက သွားဟ၊ သွားဟုံဟုံ ဆိုတာကကော"

"ဩော်. . . ဒါက သွားကြ၊ သွားလေကြကုန်လို့ မောင်းထုတ် နှင်ထုတ်တဲ့သဘော မဟုတ်ဘူးကွဲ့၊ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြစေသတည်းလို့ အဓိပ္ပာယ်ရတယ်၊ တစ်ဆက်တည်း မှတ်သွားဖို့က ဟုံ ဆိုတာက ကောင်းတဲ့ အတိုက်အခံကိစ္စတွေမှာ မန္တန်ရဲ့ ရှေ့က ခံပြီး သုံးရတယ်၊ အင်အားနှစ်ဆရှိဖို့ ဟုံဟုံ လို့သုံးကြတယ်၊

ဖွ ဆိုတာကျတော့ ဖောက်ထွင်းစေလို့တဲ့ ကိစ္စမျိုးတွေမှာ မန္တန်ရဲ့ရှေ့က ခံပြီး သုံးကြတယ်၊ တို့မြန်မာတွေ မန်းကြမှုတ်ကြတဲ့အခါ ဥုံဖွ ဆိုတာ ကြားဖူးမြင်ဖူးကြတယ် မဟုတ်လား၊ အမှန်က ဟုံဖွ ဖြစ်တယ်၊ ဟုံနဲ့ ဖွ တွဲသုံးလိုက်တဲ့အခါ စင်ကြယ်စေလို့တဲ့ မကောင်းတဲ့ အပြစ်ဒေါသတွေ ပျက်ပြယ်စေလို့တဲ့၊ အများချစ်စေလို့တဲ့ ကိစ္စတွေမှာ သုံးတယ်ကွဲ့"

ဟု မှတ်သားထားမိသ၍တို့အား ရှင်းပြခဲ့ရလေသည်။ သူတို့က သိချင်သောအကြောင်းအရာတို့အား သိခွင့်ရလေသောကြောင့် များစွာပျော်ရွှင်လျက်ရှိကြကုန်၏။ သူတို့၏ အပျော်ဓာတ်သည် ကျွန်တော်၏ နှလုံးသားဆီသို့ ကူးဝင်လာချေပြီ။ ကျွန်တော်ကိုယ်တိုင်လည်း ပီတိရွှန်းဖြာခဲ့ရသည်။

သူတို့က တခြားသော မေးစရာရှိသေးဟန် ပြသော်လည်း ဗေဒင်မေးမည့် ဧည့်သည်သုံးဦးတို့ ရောက်ရှိလာသဖြင့် ကျွန်တော့်အား နှုတ်ဆက်စကားဆိုကြလေ၏။ ကျွန်တော်က ပြန်လည်ပြုံးပြရင်း ခေါင်းညိတ်ပြလိုက်သည်တွင် ပြန်လည်ထွက်ခွာသွားကြတော့သည်။

မေမြတ်သူတို့ ညီအစ်မ ထွက်သွားသည်နှင့် အသက်လေးဆယ်ကျော် ငါးဆယ်နှစ်အတွင်းရှိမည့် အမျိုးသမီးတစ်ဦး ဟောခန်းအတွင်း ဝင်လာလေ၏။ သူမ၏အဖော် အမျိုးသမီးတို့မှာ ဧည့်ခန်းတွင် ကျန်ရစ်ခဲ့ကြ၏။ သူမက ကျွန်တော့်အလုပ်စားပွဲရှေ့တွင် ကျုံ့ကျုံ့ကလေး ထိုင်လျက် . . .

"ဆရာ ကျွန်မ မိသားစုအခက်အခဲကို တွက်ကြည့်ပြီး လိုတာကို ကူညီပါရှင်၊ ကျွန်မမှာ ခေါင်းမီးတောက်နေပြီရှင့်"

"ခင်ဗျားစကားကြီးကလဲဗျာ၊ အရင်းမရှိ အဖျားမရှိ သေသေချာချာ ပြောပြမှ ကျွန်တော် ကူညီလို့ရမှာပေါ့"

"ဟုတ်ပါရဲ့ရှင်၊ ကျွန်မ စိတ်လောသွားလို့ပါ၊ ခွင့်လွှတ်နော်၊ ကန်တော့ ကန်တော့"

သူမက ထွက်ကျလာသော နှာရည်တို့ကို ပဝါဖြင့်သုတ်လိုက်၏။ နှာခေါင်းဝကို လက်ခုံစောင်းဖြင့် ပွတ်လိုက်လေ၏။

"ဒီလိုဆရာရဲ့၊ ပြည်ပနိုင်ငံတစ်ခုမှာ အလုပ်နေရာကောင်း လစာဝင်ငွေကောင်းကောင်းရမယ်ဆိုလို့ ခြံနဲ့အိမ်ကို ပေါင်နှံပြီး ရင်းလိုက်တာ မှန်းချက်နဲ့ နှမ်းထွက် မကိုက်ဘူးဖြစ်နေတယ်ဆရာ၊ မိဘထံပြန်လာချင်တဲ့သားကို ပြန်လာဖို့ စရိတ်တောင်မှ မပို့နိုင်ဘူး ဆရာ၊ သားလေးလဲ သူ့ခမျာ အတော်စိတ်ဆင်းရဲနေမှာပဲ၊ လောဘကြီးမိတာကိုက ကျွန်မရဲ့အပြစ်ပါရှင်"

"ဒီမယ် ကျွန်တော် သဘောပေါက်ပြီ၊ ဒါမျိုးတွေက ဒီလိုမျိုးလဲဖြစ်တတ်ပါတယ်၊ ဒီလိုအကျဉ်းအကျပ်တွေ့သူတိုင်းကို ကျွန်တော် ကူညီတဲ့အခါတိုင်း များသောအားဖြင့် အဆင်ပြေသွားကြတာ မျက်မြင် နားကြားပဲမို့ ဒီနည်းကိုပဲ ညွှန်ပြရပေလိမ့်မယ်၊

ဗုဒ္ဓဘာသာဝင်တိုင်း သိရှိပြီးသား ဂါထာတစ်ပုဒ်ပဲ၊ 'ဖုဋ္ဌဿလောကဓမ္မေဟိ' အစချီတဲ့ ဂါထာပေါ့၊ လူတိုင်းသိတဲ့ ဂါထာဆိုပြီး ပေါ့ပေါ့ဆဆ မမှတ်ယူနဲ့၊ လေးစားယုံကြည်စွာ လုပ်ဗျာ၊ တစ်နေ့ကို ၁၀၈ လုံးပါတဲ့ ပုတီးနဲ့ ဂါထာကို ပုတီး ကိုးပတ်စိပ်ဗျာ၊ ငါးပါးသီလကို ဆောက်တည်ထားရမယ်၊ အဓိဋ္ဌာန်ကာလကို ကိုးရက်သတ်မှတ်ဗျာ၊ ယုံကြည်တာနဲ့အမျှ ထူးခြားတာ ခင်ဗျားကိုယ်တိုင် သိလာလိမ့်မယ်၊ ဂါထာတော်ကိုရော အနက်အဓိပ္ပာယ်ကိုပါ ကျွန်တော် ရေးပေးလိုက်ပါ့မယ်"

ဟုဆိုကာ အောက်ပါအတိုင်း ရေးပေးလိုက်ရလေသည်။

ဖုဋ္ဌဿ လောကဓမ္မေဟိ
စိတ္တံ ယဿ နကမ္ပတိ
အသောကံ ဝိရဇံ ခေမံ



www.burmeseclassic.com

www.burmeseclassic.com

ဇတံ မင်္ဂလ မုတ္တမံ။

အနက်အဓိပ္ပာယ်မှာ . . .

လောကဓမ္မေဟိ = ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာ အရှင်မြတ်၊ နတ်နှင့် တကွသော လူအပေါင်းတို့ အကြောင်း အားလျော်စွာ တွေ့ကြုံမြဲ ဓမ္မတာဖြစ်သော လာဘော၊ အလာဘော၊ ယသော၊ အယသော၊ နိန္ဒာ၊ ပသာသံ၊ သုခံ၊ ဒုက္ခံ တည်းဟူသော လောကဓံ ရှစ်ပါးတို့နှင့်၊ ဖုဋ္ဌဿ = အကုသလ ဝိပါက် ကုသလဝိပါက် ငြိယှက်ထိုက်လိုက် တိုက်ဆိုင် တွေ့ကြုံသော၊ ယဿ= အကြင် ရဟန္တာပုဂ္ဂိုလ်၏၊ စိတ္တံ = စိတ်သည်၊ နကမ္ပတိ = လာဘ်ရခြင်း၊ အခြံအရံများခြင်း၊ သူ တစ်ပါးတို့ ချီးမွမ်းခြင်း၊ ချမ်းသာသုခနှင့် ပြည့်စုံခြင်းတည်း ဟူသော ဣဋ္ဌ လောကဓံလေးရပ်၊ လာဘ်ပါးရှားခြင်း၊ အခြံ အရံနည်းပါးခြင်း၊ သူတစ်ပါးတို့ ကဲ့ရဲ့ရှုတ်ချခြင်း၊ ဆင်းရဲဒုက္ခ နှင့် တွေ့ကြုံခြင်းတည်းဟူသော အနိဋ္ဌလောကဓံ လေးလီ ဤရှစ်ပါးသော ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတို့ကြောင့် တစ်စုံတစ်ခုမျှ တုန်လှုပ်ခြင်း မရှိသည်လည်း တစ်ပါး၊ အသောကံ = ဉာတိ ဗျသန စသည့် အမျိုးမျိုး မီးပြင်းထိုးသကဲ့သို့ ညှိုးတမှိန်မှိန် ခိုးအရှိန်ကြောင့် စိုးရိမ်ကြောင့်ကြမရှိခြင်းလည်း တစ်ပါး၊ ဝိရဇံ = ရဿ ဒေါသ မောဟ တို့ကို မြူဟုဆိုသဖြင့် ထိုမြူရစ်ထွေး ညစ်အကြေးတို့ လေးပါးသော မင်္ဂရေစင်ဖြင့် သုတ်သင်ဆေး လျှော်ရကား ကြေးညှော်ဟူသော မြူကိလေသာ မရှိခြင်း လည်း တစ်ပါး၊ ခေမံ = ဝဋ်ဥဿမပြတ်ယှဉ်စေတတ်သော လေး ရပ်သော ယောဂကင်းသဖြင့် အချင်းခပ်သိမ်း ငြိမ်းပြီးသော ဘေးရန်ရှိခြင်းလည်း တစ်ပါး၊ ဇတံ = ကျန်လေးပါးသော တရားတို့သည်၊ မုတ္တမံ = မြတ်သော၊ မင်္ဂလံ = မင်္ဂလာ ဖြစ် ပေသည်။

သူမက ကျွန်တော်ရေးပေးသည့် ဂါထာနှင့် အနက် အဓိပ္ပာယ်ပါသော စာရွက်ကို တုန်ယင်သော လက်နှစ်ဖက် ဖြင့် ရိုသေစွာ ယူလေ၏။ ကျွန်တော် မှာကြားသည့်အတိုင်း အတိအကျ လိုက်နာလုပ်ဆောင်ပါမည်ဟု ကတိအတန်တန် ပေးကာ ပြန်လည်ထွက်ခွာသွားခဲ့လေသည်။

၂၅ ရက်ခန့် အလွန်တွင် သူမ တစ်ဦးတည်း ထပ်မံ ရောက်ရှိလာ၏။ ဤအခါတွင် ရွှင်လန်းအားရ တက်ကြွ လန်းဆန်းလျက် ရှိသည်ကို ဝမ်းသာဖွယ်ရာ တွေ့ရလေ၏။ သူ့လက်ထဲမှ တပွေ့တပိုက် မုန့်ထုပ်များဖြင့် ကျွန်တော့်အား ကန်တော့လေတော့သည်။

သူမ၏ သားကလေးမှာ မူလနေရာထက် သာလွန် ကောင်းမွန်သော အလုပ်တစ်ခုတွင် အေးချမ်းပျော်ရွှင်စွာ လုပ်ကိုင်ခွင့်ရပြီ ဖြစ်ကြောင်းကိုလည်း ပြောပြရာ ကျွန်တော့် ရင်တွင် ပီတိများ ဝေဆာခဲ့ရလေတော့သတည်း။

❒ အဝ္ဂမျိုး

## ကောင်းသောနိမိတ်နှင့် ဆိုးသောနိမိတ်

ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း နိမိတ်ထွန်းဆို၍ နိမိတ်၊ တဘောင်၊ စနည်းတို့ကို ယုံကြည်ကြပါသည်။

အာရုံခြောက်ပါး နိမိတ်ကောင်း၊ နိမိတ်ဆိုးတို့ကို တင်ပြ ပါမည်။ မိမိကိုယ်တိုင် မြင်လိုက်၊ သိလိုက်သော နိမိတ်သည် အဆိုးလော၊ အကောင်းလော ခွဲခြားသိရှိနိုင်ရန် ဖြစ်ပါ၏။


### (က) ရူပါရုံနိမိတ်

**ဣဋ္ဌနိမိတ်များ**

(၁) ဘုရားပင့်၊ နတ်ရုပ်ပင့်တာကို မြင်လျှင်
(၂) ထီးဖြူ တံခွန်၊ မျက်နှာကြက်၊ တန်ဆောင်းကိုမြင်လျှင်
(၃) နွားလားဥသဘလှည်းယာဉ်ကို မြင်လျှင်
(၄) ပဒေသာပင်ကြီး သီးနေသည်ကို မြင်လျှင်
(၅) ရွှေလှေ၊ ရွှေလောင်းကို လှော်ခတ်နေသည်ကို မြင် လျှင်
(၆) စည်ကားနေသည့် ရေဆိပ်ကို မြင်လျှင်
(၇) ရွှေ ငွေ၊ စိန် ကျောက်မျက်ရတနာများကို မြင်လျှင်
(၈) ပျော်ပွဲစားသွားသည်ကို မြင်လျှင်
(၉) ကြက်ဥ၊ ဘဲဥ၊ နွားနို့သောက်ရသည်ကို မြင်လျှင်
(၁၀) အစာချီလာသည့် ငှက်ကို မြင်လျှင်
(၁၁) သန့်သောနေရာတွင် ပိုးလောက်တွယ်နေသည်ကို မြင်လျှင်
(၁၂) အရွယ်လွန်သောခွေး နို့စို့နေသည်ကို မြင်လျှင်
(၁၃) ကိုယ်ဝန်ရင့်နေသည်ကို မြင်လျှင်
(၁၄) အသီးသီးနေသော သစ်ပင်ကိုမြင်လျှင်
(၁၅) သားပေါက်သည်ကို မြင်လျှင်
(၁၆) ကြာငါးမျိုး မြင်ရလျှင်
(၁၇) ကြည်လင်သောရေထဲတွင် ငါးများ ကူးခပ်နေသည်ကို မြင်ရလျှင်
(၁၈) လတ်ဆတ်သည့် မစင်ကို မြင်လျှင်
(၁၉) အရွယ်ရောက်သော ယောက်ျား၊ မိန်းမတို့၏ အင်္ဂါကို မြင်လျှင်
(၂၀) လတ်ဆတ်သော အသီးအနှံကို မြင်လျှင်
(၂၁) လူငယ်များ ပျော်ပျော်ပါးပါး ကစားနေကြသည်ကို မြင်လျှင်
(၂၂) ညောင်ရေအိုး၊ ပန်းအိုး မြင်လျှင်

→→

www.burmeseclassic.com



## ဘုန်းမြင့် (စက်မှုတက္ကသိုလ်)

# ကောင်းသောနိမိတ်နှင့် ဆိုးသောနိမိတ် နိမိတ်ဟောကိန်းများ

(၂၃) ရေပြည့်သောအိုး၊ ခရုသင်း၊ ဆံထိုး၊ ဆံကျင်ကို မြင်လျှင်
(၂၄) အဝတ်ဖြူ ဝတ်စားထားသည်ကို မြင်လျှင်

အထက်ပါ နိမိတ်များအားလုံးသည် ကောင်းသော နိမိတ်များ ဖြစ်ကြပါသည်။

**အနိဋ္ဌနိမိတ်များ**

(၁) ဘုရားပုထိုး ပြိုကျသည်ကို မြင်လျှင်
(၂) ဘုရားရုပ်တု၊ နတ်ရုပ်တု ကျိုးပဲ့သည်ကို မြင်လျှင်
(၃) တောင်ကမ်းပါးပြတ်ကို မြင်လျှင်
(၄) ရေနောက်သည်ကို မြင်လျှင်
(၅) လင်းတ စသည့် ငှက်ဆိုးကို မြင်လျှင်
(၆) ရေမရှိသော အိုးကို မြင်လျှင်
(၇) အိုးခေါင်းပြတ်သည်ကို မြင်လျှင်
(၈) နားနှစ်ဖက်တွင် ပန်းပန်ထားသည်ကို မြင်လျှင်
(၉) ပိုးကျသည့် သစ်ပင်ကို မြင်လျှင်
(၁၀) ကန်တော့ပွဲထဲက ပျော့နေသည့် ငှက်ပျောသီးကို မြင်လျှင်
(၁၁) အနီရောင်အဝတ်စ၊ အရောင်များကို မြင်လျှင်
(၁၂) ဆေးနီ၊ ဆေးနက်ကို မြင်လျှင်
(၁၃) ကြက်ခွပ်ခြင်း၊ ခွေးအချင်းချင်းကိုက်ခြင်းကို မြင်လျှင်
(၁၄) လူနှစ်ယောက် အားရပါးရရန်ဖြစ်နေသည်ကို မြင်လျှင်
(၁၅) ငန်းမြွေ၊ မြွေဟောက်တို့ကို မြင်လျှင်
(၁၆) ပခြုပ်ထဲတွင် မီးတောက်နေသည်ကို မြင်လျှင်
(၁၇) ထမ်းစင်ပေါ်တွင် ကျီးနားသည်ကို မြင်လျှင်
(၁၈) ခြေပြတ်၊ လက်ပြတ်၊ ခေါင်းပြတ် အရုပ်ကို မြင်လျှင်
(၁၉) စပ်ယှက်နေသည်ကို မြင်လျှင်
(၂၀) ပုလင်းကွဲနေသည်ကို မြင်လျှင်
(၂၁) မှိုင်တွေပြီး ငိုယိုနေသည်ကို မြင်လျှင်

အထက်ပါ နိမိတ်များအားလုံးသည် မကောင်းပါ။ သတိပြုရပါမည်။

### (ခ) သဒ္ဒါရုံနိမိတ်

**ဣဋ္ဌနိမိတ်များ**

(၁) ခေါင်းလောင်းသံ၊ ကြေးစည်သံ ကြားလျှင်
(၂) တူရိယာတီးမှုတ်သံ ကြားလျှင်
(၃) ပရိတ်ရွတ်သံ ကြားလျှင်
(၄) ဒေါင်း၊ ကြိုးကြာ၊ ရွှေပြည်စိုး ငှက်သံများ ကြားလျှင်
(၅) သာဓုခေါ်သံ ကြားလျှင်
(၆) ပြောက်အိုး၊ အမြောက်သံ ကြားလျှင်



www.burmeseclassic.com

www.burmeseclassic.com

(၇) ဇီးကွက်မြည်သံ ကြားလျှင်

အထက်ပါ နိမိတ်များအားလုံးသည် ကောင်းသော နိမိတ်များ ဖြစ်ကြပါသည်။

**အနိဋ္ဌနိမိတ်များ**

(၁) ခွဲခွဲပျစ်ပျစ်ငိုသံ ကြားရလျှင်
(၂) ညည်းညူသံ ကြားရလျှင်
(၃) ရှိုက်ကြီးတငင်ငိုသံ ကြားရလျှင်
(၄) နာကျင်၍ အော်ဟစ်သံ ကြားရလျှင်
(၅) တိုင်းထွာဆဲဆိုသံများ ကြားရလျှင်
(၆) တစ်တီတူး စသည့် ငှက်ဆိုးသံ ကြားရလျှင်

အထက်ပါ နိမိတ်များအားလုံးသည် မကောင်းပါ။ သတိပြုရပါမည်။

### (ဂ) ဂန္ဓာရုံနိမိတ်

**ဣဋ္ဌနိမိတ်များ**

(၁) နံ့သာတုံး၊ နံ့သာဆီ၊ ရေမွှေးအနံ့ကို ခံရလျှင်
(၂) မွှေးသောပန်း၊ နှစ်သက်သောအနံ့ ခံရလျှင်

အထက်ပါ နိမိတ်များအားလုံးသည် ကောင်းသော နိမိတ်များ ဖြစ်ကြပါသည်။

**အနိဋ္ဌနိမိတ်များ**

(၁) အပုပ်နံ့ကို ရခဲ့လျှင်
(၂) ပုပ်ညှီနံစော်နေသော အနံ့ရခဲ့လျှင်
(၃) မီးနေသည်အနံ့ ခံရလျှင်
(၄) နှလုံးနာစရာအနံ့မျိုး နံစော်လျှင်

အထက်ပါ နိမိတ်များအားလုံးသည် မကောင်းပါ။ သတိပြုရပါမည်။

### (ဃ) ရသာရုံနိမိတ်

**ဣဋ္ဌနိမိတ်များ**

(၁) ထောပတ်ထမင်း၊ အုန်းထမင်း စားရလျှင်
(၂) ယိုမျိုးစုံ၊ မုန့်မျိုးစုံ၊ သစ်သီးကြီးငယ် စားရလျှင်
(၃) သကြား၊ ပျားရည်၊ ထန်းလျက် စားရလျှင်
(၄) ဖျော်ရည်မျိုးစုံ သောက်ရလျှင်
(၅) အထက်ပါ ပစ္စည်းများ လက်ဆောင်ရလျှင်

အထက်ပါ နိမိတ်များအားလုံးသည် ကောင်းသော နိမိတ်များ ဖြစ်ကြပါသည်။

**အနိဋ္ဌနိမိတ်များ**

(၁) မကောင်းသော အစားအစာကို စားရလျှင်
(၂) ညှံ့သည့်အစားအစာ၊ အရည်တို့ကို စားသောက်ရလျှင်

အထက်ပါ နိမိတ်များအားလုံးသည် မကောင်းပါ။ သတိပြုရပါမည်။

### (င) ဖောဋ္ဌဗ္ဗာရုံနိမိတ်

**ဣဋ္ဌနိမိတ်များ**

(၁) ကော်ဇော၊ မွေ့ရာ၊ ဖျာကောင်းများ ရရှိလျှင်
(၂) လုံချည်၊ ပုဆိုး၊ အင်္ကျီအသစ်များ ရရှိလျှင်
(၃) ထီး၊ ဦးထုပ်၊ ခေါင်းပေါင်း ရခဲ့လျှင်
(၄) သင်္ကန်း လက်ဆောင် ရခဲ့လျှင်

အထက်ပါ နိမိတ်များအားလုံးသည် ကောင်းသော နိမိတ်များ ဖြစ်ကြပါသည်။

**အနိဋ္ဌနိမိတ်များ**

(၁) ကြွက်ကိုက်သော အိပ်ရာ၊ အဝတ်အစား ရခဲ့လျှင်
(၂) မီးလောင်သော အိပ်ရာ၊ အဝတ်အစား ရခဲ့လျှင်
(၃) စုတ်ပဲ့သော အိပ်ရာ၊ အဝတ်အစား ရခဲ့လျှင်

အထက်ပါ နိမိတ်များအားလုံးသည် မကောင်းပါ။ သတိပြုရပါမည်။

### (စ) ဓမ္မာရုံနိမိတ်

**ဣဋ္ဌနိမိတ်များ**

(၁) စိတ်ကြည်လင်နေလျှင်
(၂) ပျော်ရွှင်လျှင်
(၃) ကခုန်မြူးထူးလျှင်
(၄) ဝမ်းသာဝမ်းမြောက်ရှိမည်ဆိုလျှင်

အထက်ပါ နိမိတ်များအားလုံးသည် ကောင်းသော နိမိတ်များ ဖြစ်ကြပါသည်။

**အနိဋ္ဌနိမိတ်များ**

(၁) အလကားနေရင်း ငိုချင်နေလျှင်
(၂) စိတ်လေးလျှင်
(၃) ဝမ်းနည်းနေလျှင်
(၄) စိတ်မချမ်းမသာ ဖြစ်နေလျှင်

အထက်ပါ နိမိတ်များအားလုံးသည် မကောင်းပါ။ သတိပြုရပါမည်။

ကောင်းသောနိမိတ်ကိုတွေ့လျှင် စိတ်ချမ်းသာမှုများကို ဖြစ်ပေါ်စေပြီး မကောင်းသောနိမိတ်များကို တွေ့လျှင် စိတ်ညစ်ရလိမ့်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

❒ ညွန့်လွင်(စိတ်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# ပုတီးစိပ်ခြင်းနှင့် အကျိုးကျေးဇူး

မောင်မောင်မိုးအောင်



ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် အခါအားလျော်စွာ ပုတီးစိပ်လေ့ရှိကြသည်။ ပုတီးနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာ၌ (၃၂)ကောဋ္ဌာသကိုရည်၍ (၃၂)လုံး၊ ဗုဒ္ဓနှင့် သံဃာ့ဂုဏ်ကို ရည်စူး၍ (၉)လုံး၊ ဓမ္မဂုဏ်ကို ရည်စူး၍ (၆)လုံး၊ ဗုဒ္ဓမြတ်စွာ၏ စက်လက္ခဏာတော်ကို ရည်စူး၍ (၁၀၈)လုံး စသည်ဖြင့် အသီးသီး ပြုလုပ်လေ့ရှိကြသည်။

သို့သော် ပုတီးလုံးရေ မည်မျှ မည်မျှ ပြုလုပ်ရမည်ဟူ၍ကား ပညတ်ချက် ကန့်သတ်ချက် မရှိပေ။

ပုတီးအကြောင်းကို အနည်းငယ်သိရှိပြီးသောအခါ ပုတီးကို မည်ကဲ့သို့ စိပ်ကြမည်နည်း။

အဘယ်ကို အာရုံပြု၍ အဘယ်ကို ရွတ်ဆို၍ ပုတီးစိပ်ကြမည်နည်း ဟူသော အမေး၏ အဖြေကို သိထားသိပေသည်။ သို့မှသာ ပုတီးစိပ်ခြင်း၏ အကျိုးကို ခံစားရမည် ဖြစ်ပေသည်။

ပုတီးစိပ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကုသိုလ်ရရန်ပင်ဖြစ်သည်။ သို့သော် ပုတီးစိပ်ခြင်းအလုပ်သည် အပြစ်ကင်း၍ ပုတီးစိပ်စဉ် အာရုံစူးစိုက်နေခိုက် စိတ်ချမ်းသာနေလိမ့်မည်။ ဘေးအန္တရာယ်ကင်းခြင်း၊ သိဒ္ဓိအမျိုးမျိုးကို ရရှိခြင်း၊ အကျိုးကျေးဇူးများကိုလည်း ရရှိနိုင်ပေသည်။

ပုတီးစိပ်ခြင်းတွင် နှလုံးသွင်းဆင်ခြင်ပွားများမှု ဟူသော အရာ၌ မိမိတို့ နှစ်သက်အားသန်ရာကို အာရုံပြု နှလုံးသွင်းနိုင်ကြပါသည်။ အချို့လည်း ဗုဒ္ဓါနုဿတိဂုဏ်တော်၊ အချို့လည်း ဓမ္မာနုဿတိဂုဏ်တော်၊ အချို့လည်း သံဃာနုဿတိဂုဏ်တော်၊ အချို့လည်း (၃၂)ကောဋ္ဌာသ လက္ခဏာရေးသုံးပါး၊ ဗောဓိပက္ခိယတရား (၃၇)ပါး၊ သစ္စာလေးပါး စသည်ဖြင့် အမျိုးမျိုး အာရုံပြု နှလုံးသွင်းကြပါသည်။

ဗုဒ္ဓဘာသာဝင် အများအပြားတို့ကမူ များသောအားဖြင့် ဂုဏ်တော်များကိုသာ အာရုံပြု နှလုံးသွင်းရွတ်ဆိုကြသည်သာ များပါသည်။ ဗုဒ္ဓဘာသာဝင်တို့ ပုတီးစိပ်ပုံ အများဆုံးမှာ အောက်ဖော်ပြပါ ပုတီးစိပ်ပုံ (၂)မျိုးဖြစ်သည်။

(၁) သာမန်ပုတီးစိပ်ခြင်း

(၂) အဓိဋ္ဌာန်ပုတီးစိပ်ခြင်း

(၁) သာမန် ပုတီးစိပ်ခြင်းဆိုသည်မှာ ကုသိုလ်ရနိုင်သည့် အခွင့်အရေးကောင်းကို လက်လွှတ်မခံဘဲ နေရာမရွေး၊ အချိန်မရွေး ပုတီးစိပ်ခြင်းမျိုးကို ဆိုပါသည်။

(၂) အလုပ်ခွင်ချ၍ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း ဆိုသည်မှာ ပုတီးစိပ်ခြင်းကို သီးခြားလုပ်ငန်းတစ်ခုအဖြစ် သတ်သတ်မှတ်မှတ် အချိန်ပေးပြီး အဓိဋ္ဌာန်၍ ကျကျနန စိပ်ခြင်းမျိုးဖြစ်ပါသည်။

ဤသို့ စနစ်တကျ ပုတီးစိပ်ကြမည်ဆိုလျှင် အောက်ဖော်ပြပါ အချက် (၁၁)ချက်ကို လက်တွေ့ ဆောင်ရွက်ရန် လိုအပ်ပေသည်။

**ပုတီးမစိပ်မီ ကျင့်ဝတ် (၁၁)ပါး**

(၁) ဆာလောင် မွတ်သိပ်မှု ကင်းအောင် တစ်ခုခု စားထားပါ။

(၂) ကိုယ်ခန္ဓာနှင့်အဝတ်အစား သန့်ပြန့်ပါစေ။





www.burmeseclassic.com

www.burmeseclassic.com

ပုတီးစိပ်သော နေရာကိုလည်း သန့်ရှင်းပါစေ။

(၃) မိမိနှင့် သင့်လျော်သော အချိန်ကို ရွေးပါ။

(၄) နေရာစနစ်တကျယူပြီးမှ ပုတီးစိပ် အလုပ်ခွင်စပါ။

(၅) သရဏဂုံ သီလခံယူ ဆောက်တည်ပါ။

(၆) အနန္တငါးပါး ကန်တော့ပါ။

(၇) မေတ္တာပို့ပါ။

(၈) မေတ္တာပို့ပြီးနောက် ဘုရားပင့်ပါ။

(၉) ဘုရားရှင်ထံ မိမိခန္ဓာကိုယ်ကို လှူဒါန်းပါ။

(၁၀) ပုတီးစိပ်ရန် ကမ္မဋ္ဌာန်း တောင်းပါ။

(၁၁) မိမိတတ်နိုင်သလောက် အဓိဋ္ဌာန်ပြုပါ။

**ပုတီးစိပ်စဉ် ကျင့်ဝတ် (၅)ပါး**

(၁) ကိုယ်ကို မတ်၍ တင်ပျဉ်ခွေ သို့မဟုတ် ပုဆစ်ဒူးတုပ်ထိုင်ပါ။

(၂) ပုတီးကို လက်နှစ်ဖက်ဖြင့် ကိုင်၍ စိပ်ပါ။

(၃) ယုံယုံကြည်ကြည် စိပ်ပါ။

(၄) ပုတီးစိပ်နေဆဲ ကာလတွင် အကျိုးတရားကို မျှော်လင့်သည့် လိုချင်စိတ် လုံးဝမထားရပါ။

(၅) မဆိုင်သည့် စိတ်ကူးများ ဝင်လာလျှင် အမြန်ဖယ်ရှားပစ်ပါ။

**ပုတီးစိပ်ပြီးနောက် ကျင့်ဝတ်(၂)ပါး**

(၁) ပုတီးစိပ်ခဲ့သည့် လုပ်ငန်းကို ပြန်လည်သုံးသပ် ဆင်ခြင်ပါ။

(၂) နိဗ္ဗာန်ကို ဆုတောင်းပါ။

**ပုတီးစိပ်ခြင်း၏ အကျိုး**

ကိစ္စတိုင်းတွင် အကြောင်းနှင့် အကျိုး ရှိရစမြဲဖြစ်သည်။ ဤပုတီးစိပ်ခြင်း ဟူသော အကြောင်းတွင်လည်း အကျိုးတရားများ ရှိရမည် အမှန်ပင်။ အကျိုးမရှိသော အကြောင်း မရှိနိုင်သကဲ့သို့ အကြောင်းမရှိဘဲလျက်လည်း အကျိုး မပေါ်ထွန်းနိုင်ပေ။

ထို့ကြောင့် ပုတီးစိပ်ခြင်း၏ အကျိုးဖော်ပြရန် လိုအပ်ပေသည်။ ပုတီးစိပ်ခြင်း အကျိုးကား များပြားလှသည့်အတွက် အမြွက်မျှ အနည်းငယ်တင်ပြလိုက်ပါသည်။

ပုတီးစိပ်ခြင်း၏ အကျိုးကို ဖော်ပြရမည်ဆိုလျှင် မည်သည်ကို အာရုံပြု၍ မည်သည်ကို ရွတ်ဆို၍ ပုတီးစိပ်သည်ကို အခြေခံရမည်ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာဂုဏ်တော်ကို အာရုံပြု၍ ရွတ်ဆိုပြီး ပုတီးစိပ်လျှင် ဂုဏ်တော်ကို ပွားများရကျိုး ရရှိနိုင်မည် ဖြစ်ပေသည်။ ထိုနည်းတူ တရားဂုဏ်တော်ကို အာရုံပြု၍ ရွတ်ဆိုလျှင်လည်း တရားဂုဏ်တော်ပွားများရွတ်ဆိုရကျိုး၊ သံဃာ့ဂုဏ်တော်ကို အာရုံပြု၍ ရွတ်ဆိုလျှင်လည်း သံဃာ့ဂုဏ်တော်ပွားများ ရွတ်ဆိုရကျိုးစသည်ဖြင့် သက်ဆိုင်ရာ ဂုဏ်တော်များအလိုက် အကျိုးကျေးဇူးများ ရရှိခံစားရမည် ဖြစ်ပေသည်။

အလားတူပင် (၃၂)ကောဋ္ဌာသကို အာရုံပြုရွတ်ဆို ပုတီးစိပ်လျှင် (၃၂) ကောဋ္ဌာသကာယဂတာနုဿတိအကျိုး၊

သမထ ဝိပဿနာ ပုတီးစိပ်နည်းကို အာရုံပြုရွတ်ဆို ပုတီးစိပ်လျှင်လည်း သမထ ဝိပဿနာပွားများရကျိုး၊

အန္တရာယ်ကင်း ဂါထာများ စသည်ကို အာရုံပြုရွတ်ဆို ပုတီးစိပ်လျှင်လည်း အန္တရာယ်ကင်းခြင်း စသော အကျိုးများကို ရရှိခံစားရမည် ဖြစ်ပေသည်။

ထို့ကြောင့် ပုတီးစိပ်ခြင်းအကျိုးကို ဖော်ပြပါဟုဆိုလျှင် မဆုံးနိုင်သော မရေတွက်နိုင်သော အကျိုးကျေးဇူးများ ရရှိနိုင်ပေသည်ဟု ဖော်ပြရမည် ဖြစ်ပါသည်။ ဝိပဿနာ ပုတီးစိပ်နည်းဖြင့် စိပ်လျှင်ကား ဈာန်မဂ်ဖိုလ်သို့ ဆိုက်ရောက်နိုင်မည် ဖြစ်ပေသည်။

ပုတီးစိပ်ခြင်း အကျိုးများစွာအနက် ဘုရားဂုဏ်တော် ကိုးပါးကို အာရုံပြုရွတ်ဆို ပုတီးစိပ်ခြင်း၏ အကျိုးကို သဘောမျှ ဖော်ပြပါမည်။ ဂုဏ်တော်ပုတီးစိပ်ခြင်းအကျိုးနှင့် စပ်လျဉ်း၍ စိတ်အခြေအနေ အဆင့်ဆင့် တိုးတက်လာခြင်းကိုလည်း လေ့လာ မှတ်သားလက်တွေ့ ခံစားသင့်ကြပေသည်။

ဂုဏ်တော်ကို ပွားများလျှင် မည်သူမဆို . . .

(၁) ရတနာသုံးပါးအပေါ် သက်ဝင်ယုံကြည်မှု သဒ္ဓါလည်းရှိသည်။

(၂) မိမိကိုယ်မိမိ ခွင့်မလွှတ်နိုင်လောက်အောင် (သို့မဟုတ်) သံသယ ကုက္ကုစ္စ နောင်တကြီးစွာ အမြဲဖြစ်နေလောက်အောင် ကိုယ်ကျင့်တရား ပျက်စီးခဲ့မှုလည်းမရှိအခြေခံသီလအထိုက်အလျောက် လုံခြုံသည်။

(၃) ဂုဏ်တော်ပါဠိအနက်ကို အလွတ်ရပြီး အဓိပ္ပာယ်ကိုလည်း သိရှိနားလည်သည်။

ဖော်ပြပါ အင်္ဂါသုံးရပ်နှင့်ပြည့်စုံလျှင် ထိုသူသည် ဂုဏ်တော်တစ်ပါးစီကို အာရုံစိုက်၍ စွဲစွဲမြဲမြဲ ပွားများအပ်ပေသည်။

ယင်းသို့ ပွားများသောအခါ ပွားများသည့်သူ၏ စိတ်အစဉ်သည် ဖော်ပြပါအတိုင်း အဆင့်ဆင့်တိုးတက်လာပေလိမ့်မည်။

(၁) ရာဂစိတ်သည် လုံးဝ သန့်စင်နေခြင်း

(၂) ထိုင်းမှိုင်းမှု၊ စိတ်မငြိမ်သက်မှု၊ ယုံမှားသံသယဖြစ်မှုများ ကင်းခြင်း

(၃) ဂုဏ်တော်နှင့် မိမိစိတ် အဆက်မပြတ်စေရန် ကြံစည် သုံးသပ်မှု မပြတ်ပြုနေခြင်း။

(၄) ဂုဏ်တော်၌ ကျေနပ်နှစ်သိမ့်မှု ပီတိဖြစ်ပေါ်လာခြင်း

(၅) စိတ်ရောကိုယ်ပါ အေးငြိမ်းလာခြင်း

(၆) အေးငြိမ်းမှုထက် သာလွန်သော ချမ်းသာသုခ ဖြစ်ပေါ်လာခြင်း



www.burmeseclassic.com

www.burmeseclassic.com

(၇) နောက်ဆုံးတွင် သမာဓိ (စိတ်၏တည်ကြည်မှု) သည် အထွတ်အထိပ်(ခေါင်ဖျား)သို့ ရောက်ရှိလာခြင်း

ဤနောက်ဆုံး စိတ်အခြေအနေရှိသူကို "ဥပစာရစျာန်စိတ်ကိုရသူ" ဟု ဝိသုဒ္ဓိမဂ်တွင် ဖွင့်ဆိုထားပေသည်။

ဘုရားဂုဏ်တော်ကို စွဲစွဲမြဲမြဲ ဆင်ဆင်ခြင်ခြင် ပွားများသည်ရှိသော် ဖော်ပြပါ အကျိုးတရားများကို မုချမသွေ ရရှိနိုင်ပါသည်။

(၁) မြတ်စွာဘုရားအပေါ် ကိုင်းညွတ်သောစိတ် အမြဲရှိလာခြင်း
(၂) ယုံကြည်မှု လေးနက်လာခြင်း
(၃) သတိပို၍ ကောင်းလာခြင်း
(၄) ပညာဉာဏ်ထက်မြက်လာခြင်း
(၅) ကောင်းမှု တိုးပွားလာခြင်း
(၆) စိတ်ညစ်မှုကင်းပြီး နှစ်သက်ကြည်နူးစွာ နေထိုင်ရခြင်း
(၇) ကြောက်ရွံ့ထိတ်လန့်ဖွယ် ကြုံရလျှင် မကြောက်မလန့် စိတ်တည်တံ့ခြင်း
(၈) မတော်တဆ ဆင်းရဲဒုက္ခ တွေ့လျှင် သည်းခံနိုင်ရည်ရှိခြင်း
(၉) မြတ်စွာဘုရားနှင့် အတူနေရဘိသကဲ့သို့ စိတ်တွင် ထင်မှတ်လျက်ရှိခြင်း
(၁၀) ဗုဒ္ဓါနုဿတိ ဘာဝနာ အစွမ်းကြောင့် မိမိကိုယ်သည် စေတီထိုက်၍ သူတစ်ပါးတို့၏ ပူဇော်မှု၊ ချီးမြောက်မှုကို ကောင်းစွာခံယူနိုင်ခြင်း
(၁၁) မိမိစိတ်သည် သမ္ဗောသမ္ဗောဓိဉာဏ်၌ ကိုင်းညွတ်လာခြင်း
(၁၂) မကောင်းမှုကို ကျူးလွန်ရန် ပက်ပင်းကြုံရသောအခါမျိုးတွင် မိမိကိုယ်ကို ကောင်းစွာ စောင့်စည်း ထိန်းသိမ်းနိုင်ခြင်း
(၁၃) သေလျှင်လည်း အပါယ် လေးပါးမှ ကင်း၍ လူ့ပြည် နတ်ရပ် ကောင်းမြတ်သော သုဂတိဘုံ သုဂတိ ဘဝကို ရရှိခြင်း

ဘုရားဂုဏ်တော်ကို ဆင်ခြင်ပွားများ၍ စိတ်ကို ဆောက်တည်သည့် အလေ့အကျင့်ရနေသူသည် ဝိပဿနာအလုပ်သို့ ကူးပြောင်းလျှင် လူစိမ်းတစ်ယောက်ထက် ပို၍ လွယ်ကူလေသည်။ ဤအနုဿတိကို ပွားများလျက်ပင် ရရှိသော ပီတိတို့ကို ပယ်ခွာ၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး သုံးပါးသို့ ကူးပြောင်းလိုက်ပါက ဝိပဿနာ ဖြစ်သွားပေသည်။

ရှေးအခါက ဂမိယတိဿ အမည်ရှိသော မထေရ်တစ်ပါးသည် ပဌာန်းကျမ်းနှင့်စပ်လျဉ်း၍ ဘုရားဂုဏ်ကို အာရုံပြုပြီး ဖြစ်ပေါ်လာသော ပီတိကို ပယ်ခွာ၍ ဝိပဿနာရှုသဖြင့် ရဟန္တာဖြစ်ခဲ့ဖူးလေသည်။

အမှန်စင်စစ် မြတ်စွာဘုရားသည် အစိန္တေယျ (လူသာမန်တို့စိတ်ဖြင့် ကြံစည်တွေးဆ၍ မရနိုင်သူ) ဖြစ်သည့်နည်းတူ အစိန္တေယျ မြတ်စွာဘုရား၌ ကိုးစား ကြည်ညိုသူများ ရနိုင်သည့် ကောင်းကျိုးသည်လည်း အစိန္တေယျပင်ဖြစ်ပေ၏။

တရားတော်၏ဂုဏ်၊ သံဃာတော်၏ဂုဏ်များကို ကိုးစား ကြည်ညိုသူများ ရရှိနိုင်သည့် ကောင်းကျိုးသည်လည်း အနန္တပင် ဖြစ်ပေသတည်း။

❒ မောင်မောင်မိုးအောင်

မှိုငြမ်း

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနထုတ် ဗုဒ္ဓဘာသာ ကောင်းတစ်ယောက်

## ကြံစည်တိုင်းအောင် ဒီအရုပ်ဆောင်

စီးပွားရေးကိစ္စဖြစ်စေ၊ လူမှုရေးကိစ္စဖြစ်စေ အဆင်ပြေအောင်မြင်မှု ရရှိဖို့ဆိုသည်မှာ ကြိုတင်ကြံစည်မှုတွေရှိ ဖို့လိုအပ်မည်သာဖြစ်သည်။ ဒီအတွက် လုပ်ရည်၊ ကိုင်ရည်၊ အရည်အသွေးတွေ မရှိမဖြစ်။ ထို့အတူ လောကီပညာရပ်များကလည်း တစ်ဖက် တစ်လမ်းမှ အထောက်အကူ ပြုနိုင်သည်သာပင်။ ပမာအားဖြင့် ကြံစည်တိုင်း အောင်မြင်ရလေအောင် မိမိတို့ နေ့နံ၏ တိရစ္ဆာန်အသားကို သက်ဆိုင်ရာ အရုပ်ထုလုပ်ပြီး ဆောင်ထားဖို့ပင် ဖြစ်၏။

၁။ တနင်္ဂနွေဖွားအတွက် စိန်ပန်းသားကို မြင်းရုပ်ထုလုပ်ဆောင်ပါ။

၂။ တနင်္လာဖွားအတွက် လောက်သေသားကို သိမ်းငှက်ရုပ် ထုလုပ်ဆောင်ပါ။

၃။ အင်္ဂါဖွားအတွက် ပိတောက်သားကို နဂါးရုပ်ထုလုပ်ဆောင်ပါ။

၄။ ဗုဒ္ဓဟူးဖွားအတွက် သစ်အယ်သားကို သိုးရုပ်ထုလုပ်ဆောင်ပါ။

၅။ ကြာသပတေးဖွားအတွက် ဒန်းကြီးသားကို ဘုရားရုပ်ပွားတော် ထုလုပ်ဆောင်ပါ။


၆။ သောကြာဖွားအတွက် ဩဇာသားကို စင်ရော်ရုပ်ထုလုပ်ဆောင်ပါ။

၇။ စနေဖွားအတွက် ခရေသားကို ယောက်မရုပ် ထုလုပ်ဆောင်ပါ။

ဆောင်ရမည့်အရုပ်ကို ထုလုပ်ပြီးစီးပါက မွေးနေ့ရက်၌ အိမ်က ဘုရားထံ ဆွမ်းပွဲ (၉)ပွဲ၊ ပန်း (၉)ပွင့်၊ အမွှေးတိုင် (၉)တိုင်တို့အား ဆက်ကပ်ပူဇော်ပါ။ ထုလုပ်ထားသောအဆောင်ရုပ်အား နံ့သာရည်စိမ်ပေးပါ။ ဂုဏ်တော် (၉)ပါးကို (၉)ခေါက်တိတိ ရွတ်ဖတ်သရဇ္ဈာယ်ပြီး ဆောင်ထားပါက ကြံစည် စိတ်ကူးသမျှ အောင်မြင်အထမြောက်လိမ့်မည် ဖြစ်ကြောင်း လေ့လာ တင်ပြလိုက်ရပါသည်။

❒ မန်းသိုက်ဝင်

www.burmeseclassic.com




**Inventive Genius, Practical**

**လက်တွေ့တီထွင်နိုင်သည့် ဉာဏ်ရည်ထက်မြက်မှု**

(၁) ဉာဏ်စွမ်းလမ်းကြောင်းသည် ကောင်းမွန်ပြီး အနည်းငယ် နိမ့်ကျနေခြင်း၊

(၂) ဉာဏ်စွမ်းလမ်းကြောင်း အဆုံးတွင် သုံးခွသဏ္ဌာန်ရှိခြင်း၊

(၃) ဗုဒ္ဓဟူးဂြိုဟ်ခုံနှင့် တနင်္လာဂြိုဟ်ခုံတို့ ပေါ်လွင်နေကြခြင်း၊

(၄) လက်မ ရှည်ခြင်း၊

(၅) လက်သန်းသည် သာမန်ထက်ရှည်ခြင်း၊

(၆) လက်ချောင်းများရှည်၍ အဆစ်ကြီးခြင်း၊

(၇) လက်သည်းများ တိုခြင်း၊

(၈) လက်ဖဝါးပြင် နူးညံ့ခြင်း။

**Inventive Genius, Unpractical**

**လက်တွေ့မကျသည့် တီထွင်နိုင်သည့် ဉာဏ်ရည်**

(၁) တနင်္ဂနွေဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံတို့ပေါ်တွင် အောက်သို့ စိုက်ဆင်းနေသည့် အရေးအကြောင်းများ ရှုပ်ထွေးနေခြင်း၊

(၂) ဉာဏ်စွမ်းလမ်းကြောင်းသည် တနင်္လာဂြိုဟ်ခုံပေါ်သို့ စိုက်ကျနေခြင်း၊

(၃) လက်ချောင်းများတွင် အဆစ်များ မြင့်နေခြင်း။

လပြည့်ဝန်းမဂ္ဂဇင်း (ဩဂုတ်လ၊ ၂၀၁၄)

www.burmeseclassic.com

www.burmeseclassic.com

## Irony, Gift of
**ခနဲ့တဲ့တဲ့နှင့် သရော်တတ်သည့် ဉာဏ်မျိုးရှိခြင်း**

(၁) လက်သည်းများ တိုခြင်း၊
(၂) လက်ဖဝါးပြင် နူးညံ့ခြင်း၊
(၃) ဗုဒ္ဓဟူးဂြိုဟ်ခုံ ပေါ်လွင်ခြင်း၊
(၄) နှလုံးလမ်းကြောင်း မကောင်းခြင်း။

## Irresponsibility
**အားကိုးထိုက်မှုကင်းခြင်း**

(၁) လက်ညှိုးသည် အလွန်တိုခြင်း၊
(၂) လက်မ၏ ပထမအဆစ်သည် သာမန်ထက်တိုခြင်း၊
(၃) အင်္ဂါဂြိုဟ်ခုံများ ထူးခြားမှုကင်းခြင်း၊
(၄) ဉာဏ်စွမ်းလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် အတော်အသင့်ကွာဟ၍ အစပြုခြင်း။

## Irritability
**အရေပါးခြင်း (အဖြစ်သည်းခြင်း)**

လူတစ်ယောက်သည် လက်သည်းများကို ပါးစပ်ဖြင့် ကိုက်ဖဲ့နေတတ်သူဖြစ်လျှင် ထိုသူသည် အဖြစ်သည်းပြီး စိတ်လှုပ်ရှားလွယ်သည့် စိတ်မျိုးရှိသူဖြစ်၏။

သူ၏အပြုအမူများသည် ကလေးဆန်၍ ထိုသို့သော သူ၏လက်တွင် အောက်ပါ အမှတ်လက္ခဏာများကို တွေ့ရတတ်မည် ဖြစ်သည်။

(၁) အင်္ဂါလမ်းကြောင်းသည် နီကြင်ကြင်ရှိခြင်း၊
(၂) အသားအရေ နီခြင်း၊
(၃) အင်္ဂါလွင်ပြင်နှင့် အင်္ဂါဂြိုဟ်ခုံတို့ ကျယ်ပြန့်ခြင်း၊
(၄) လက်ဆစ်များ အားလုံးပေါ်တွင် အမွေးအမှင်များ ရှိခြင်း၊
(၅) လက်ဝါးပြင် ထူထဲမာကျောခြင်း၊
(၆) လက်သည်းများတို၍ ကျယ်ပြန့်ကာ နီနေတတ်ခြင်း။

## Island
**ကျွန်း**

ကျွန်းသဏ္ဌာန် တစ်ခုသည် ချွတ်ယွင်းချက်ရှိသည့် အမှတ်လက္ခဏာ တစ်ခုပင် ဖြစ်သည်။

ချွတ်ယွင်းချက် အတိုင်းအတာသည် ကျွန်း၏အနေအထားအလိုက် ဖြစ်သည်။

## Islanded Affection Line
**အိမ်ထောင်ပြုရေးလမ်းကြောင်းပေါ်တွင် ကျွန်းရှိခြင်း**

အိမ်ထောင်ပြုရေး လမ်းကြောင်းပေါ်တွင် ကျွန်းရှိခြင်းက ချစ်ခရီးလမ်းတစ်လျှောက် အနှောင့်အယှက်များ ...ဟတ် စိတ်မချမ်းမြေ့စရာများကို ညွှန်ပြ၏။ အကယ်၍ ကျွန်းတစ်ခုထက်မက ပို၍ရှိနေလျှင် အိမ်ထောင်ဖက် ရွေး...ချယ်ရာတွင် တစ်ဖက်မှ တုံ့ပြန်ချက်သည် ရေရေရာရာ မရှိခြင်းကို ပြဆိုနေခြင်းဖြစ်၏။

## Islanded Fate Line
**ကံလမ်းကြောင်းတွင် ကျွန်းရှိခြင်း**

ဤအမှတ်လက္ခဏာ ရှိသူသည် သူ့ဘဝ၏ အသက်မွေးမှုအလုပ်အကိုင်တွင် ယုံကြည်မှု ကင်းမဲ့ခြင်းနှင့် အကျင့်သီလ မရှိခြင်း စသည့် သူ၏ဆိုးသွမ်းမှုတို့ကြောင့် အဟန့်အတားဖြစ်ရခြင်းကို ပြဆို၏။

## Islanded Influence Line
**ကျွန်းခံနေသည့် ပယောဂလမ်းကြောင်း**

ကျွန်းခံနေသည့် ပယောဂလမ်းကြောင်း တစ်ခုသည် အဓိကလမ်းကြောင်း တစ်ခုနှင့် ပြိုင်၍ ဖြစ်ပေါ်နေလျှင် ကာယကံရှင်၏ အရှိန်အဩဇာသည် အတော်အတန် ထိရောက်မှု မရှိဘဲ ဖြစ်မည်။

အကယ်၍ အရေးအကြောင်းတစ်ခုသည် ကြယ်၊ အစက်၊ ကြက်ခြေ သို့မဟုတ် ကြက်ခြေဖြတ်တစ်ခုခုတွင် ဆုံးလျှင် အရှိန်အဩဇာသည် လုံးဝမရှိတော့ကြောင်းကို ပြ၏။

## Islanded Mercury Line
**ဗုဒ္ဓဟူးလမ်းကြောင်းတွင် ကျွန်းရှိခြင်း**

ဤအနေအထားမျိုးရှိခြင်းသည် ကြီးမားသည့် ... ယွင်းချက်ကို ဖြစ်စေ၏။ ၎င်းသည် အပင်ဒီဆိုက်တက် (Appen dicitis) ခေါ် အူရောင်ခြင်း သို့မဟုတ် ...များ ဝမ်းရောဂါများ ပြင်းထန်စွာ ဖြစ်ပေါ်တတ်ခြင်းကို ပြဆို၏။

ထို့ပြင် ဦးခေါင်း၊ နှလုံးနှင့် အခြားအရေးကြီးသည့် အစိတ်အပိုင်းများ ချွတ်ယွင်းနေခြင်းကိုလည်း ပြ၏။

## Islands, Qualities of
**ကျွန်းများ၏ အရည်အချင်းများ**

(၁) အသက်လမ်းကြောင်းပေါ်တွင်ရှိလျှင် အကြီးအကျယ် နာမကျန်းဖြစ်ခြင်း၊
(၂) ပယောဂလမ်းကြောင်း တစ်ခုခုပေါ်တွင် ရှိလျှင် ကြေကွဲဝမ်းနည်းရခြင်း၊
(၃) အသည်းလမ်းကြောင်း ခေါ် ကျန်းမာရေးလမ်းကြောင်းပေါ်တွင်ရှိလျှင် အတွင်းဝေဒနာ တစ်ခုခုဖြစ်တတ်ခြင်း၊
(၄) အောင်မြင်ရေးလမ်းကြောင်းပေါ်တွင်ရှိလျှင် ငွေကြေးဆုံးပါးခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

(၅) ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင်ရှိလျှင် သွေးလေချောက်ချားခြင်း၊

(၆) နှလုံးလမ်းကြောင်းပေါ်တွင်ရှိလျှင် နှလုံးရောဂါဖြစ်ခြင်း၊

(၇) ကံလမ်းကြောင်းပေါ်တွင်ရှိလျှင် စိတ်ဆင်းရဲစရာသံယောဇဉ်ပြိုကွယ်မှု ဖြစ်ခြင်း။

**J**

## Jack of all Trades
### တိုစပ်စပ် သည့်စပ်စပ်လုပ်တတ်သူ

လက်မများ၏ တည်နေပုံမှာ လက်ထဲတွင် အလွန်တို၍နိမ့်နေပါက ထိုသူသည် အလုပ်စုံလုပ်တတ်ပြီး မည်သည့်အလုပ်တွင်မှ ကျွမ်းကျွမ်းကျင်ကျင် မရှိဘဲဖြစ်မည်။

## Jaundice
### အသားဝါရောဂါ

(၁) ဗုဒ္ဓဟူးဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊

(၂) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် အရေးကြောင်းများစွာရှိခြင်း၊

(၃) တနင်္လာဂြိုဟ်ခုံပေါ်တွင် အမည်းစက် သို့မဟုတ် ကြယ်အမှတ်အသားရှိခြင်း။

## Jealousy
### မနာလိုဖြစ်ခြင်း၊ သဝန်တိုခြင်း

(၁) နှလုံး(မေတ္တာ) လမ်းကြောင်း ရှည်ခြင်း၊

(၂) တနင်္လာဂြိုဟ်ခုံ မို့မောက်ခြင်း၊

(၃) သောကြာခါးပတ် ပါရှိခြင်း။

## Judge's Hand
### ပိုင်းခြားဝေဖန်မှုရှိသည့်လက်

(၁) ဦးခေါင်း(ဉာဏ်စွမ်း)လမ်းကြောင်း ကောင်းခြင်း၊

(၂) လက်ချောင်းများ ရှည်၍သွယ်လျလျရှိခြင်း၊

(၃) လေးထောင့်လွင်ပြင် ကျယ်ပြန့်ခြင်း၊

(၄) ဗုဒ္ဓဟူးလက်ချောင်း၏ ပထမအဆစ်ရှည်ခြင်း၊

(၅) တနင်္ဂနွေဂြိုဟ်ခုံ အားကောင်းခြင်း၊

(၆) ကြာသပတေးလက်ချောင်း ဖြောင့်တန်းခြင်း။

## Jupiterian Type
### ကြာသပတေးဂြိုဟ်ခုံ အားကောင်းသူ

ကြာသပတေးဂြိုဟ်ခုံ ပေါ်ပေါ်လွင်လွင် ရှိနေပါက ကြာသပတေးဂြိုဟ်ခုံအားကောင်းသူဟု သတ်မှတ်၏။ ထိုလူမျိုးသည် ရည်မှန်းချက်ကြီးမားသော်လည်း အလွန်နှစ်လိုဖွယ်ကောင်းသည့် လူမျိုးဖြစ်သည်။ သူသည် သွက်သွက်လက်လက် ရွှင်ရွှင်ပျပျနှင့် မိမိကိုယ်ကိုယ် ယုံကြည်မှုရှိသူဖြစ်သည်။

ထိုသူသည် အားကောင်းပြီး ကိုယ်လုံးကိုယ်ထည်ကောင်းမည်။ အခြေခံအားဖြင့် ရိုးသား၏။ ဘဝနှင့်ပတ်သက်ပြီး စိတ်ကူးစိတ်သန်းကောင်းများရှိ၏။ သူတို့သည် ဦးစီးဦးရွက်ပြုရန် မွေးဖွားလာကြသူများ ဖြစ်သည်။ စီးပွားရေးလုပ်ငန်း၊ နိုင်ငံရေးနှင့် စစ်ဘက်ဆိုင်ရာတို့တွင် ထက်မြက်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်ကြသည်။

## Jupiter, Qualities of the Mount
### ကြာသပတေးဂြိုဟ်ခုံ၏ အရည်အချင်းများ

(၁) သာမန်အနေအထားဖြစ်လျှင် . . .

စိတ်ပိုင်းဆိုင်ရာ ကြံစည်စိတ်ကူးမှု၊ ဖြူစင်သည့်မာန၊ အထူးတလည် စွန့်စားရသည့်အလုပ်မျိုးကို နှစ်သက်ခြင်း၊

(၂) သာမန်ထက်ထူးခြားလျှင် . . .

အစွဲအလမ်းကြီးခြင်း၊ အနုပညာဆိုင်ရာတွင် မိမိကိုယ်ကို အထင်ကြီးမှု၊ ဝါကြွားခြင်း၊ သွေးနားထင်ရောက်ခြင်း၊

(၃) သာမန်ထက် သေးငယ်ကျဉ်းမြောင်းလျှင် . . .

ဘာသာတရားကို ကိုင်းရှိုင်းမှုမရှိခြင်း၊ အခြားသူများကို မထိလေးစားပြုခြင်း၊ မိမိသိက္ခာကို မစောင့်စည်းခြင်း။

**K**

## Key to Character
### စရိုက်၊ လက္ခဏာ ဂုဏ်အင်္ဂါရပ်၏သော့ချက်

ဂြိုဟ်ခုံတစ်ခုခုသည် အခြားဂြိုဟ်ခုံများထက် သိသိသာသာ မြင့်တက်နေပါက ကာယကံရှင်၏ သဘာဝစရိုက်တို့ကို သိစေနိုင်သည့် သော့ချက်ကို ဖော်ပြနေခြင်းဖြစ်၏။

ဤအဓိကကျသည့်ဂြိုဟ်ခုံကို အထောက်အကူပြုသော အကူအညီဂြိုဟ်ခုံတစ်ခုနှင့်အတူ သုံးသပ်ရမည်။ ဆိုလိုသည်မှာ အရွယ်တူ၊ အနေအထားတူဂြိုဟ်ခုံနှစ်ခု သို့မဟုတ် ၂-ခုထက်ပိုသည့် ဂြိုဟ်ခုံများကိုယှဉ်ပြီးသုံးသပ်၍ ထိုသုံးသပ်ချက်တို့ကို ထုတ်ယူရပေမည်။

သဘောပေါက်ထားရမည့်အချက်မှာ ဤနည်းဖြင့် လက်ကို သင့်တော်သည့်လက်အမျိုးအစားအဖြစ် သတ်မှတ်ပြီး အသိဉာဏ်နှင့်ယှဉ်သည့် အဆုံးအဖြတ်ကို ချမှတ်ရန်ဖြစ်သည်။

အဲလစ်ဒင်တန်ဂျာနင်း
(Alice Denton Jennings)

www.burmeseclassic.com



## Kidney Trouble
**ကျောက်ကပ်ရောဂါဖြစ်ခြင်း**

(၁) ရေကြောင်းနှင့် ပတ်သက်သည့် အရေးအကြောင်း တစ်ခုသည် အဆုံးတွင် ခက်ရင်းခွသင်္ကေတန်ဖြစ်နေခြင်း၊
(၂) ထိုရေကြောင်းခရီးဆိုင်ရာ အရေးအကြောင်းသည် အသက်လမ်းကြောင်းနှင့် ထိစပ်နေခြင်း၊
(၃) တနင်္လာဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊
(၄) တနင်္လာဂြိုဟ်ခုံပေါ်တွင် အရေးအကြောင်း များစွာရှိခြင်း၊
(၅) တနင်္လာဂြိုဟ်ခုံပေါ်တွင် ကြက်ခြေခတ်ရှိခြင်း။

## Knotted Fingers
**အဆစ်များပေါ်လွင်နေသည့် လက်ချောင်းများ**

(၁) အဆစ်များပေါ်လွင်ကာ ခပ်ချွန်းချွန်း ဖြစ်နေသည့် လက်ချောင်းများရှိသူသည် တီထွင်လိုစိတ်ပြင်းပြခြင်း၊
(၂) အဆစ်များပေါ်လွင်ကာ သွယ်လျလျရှိသည့် လက်ချောင်းများရှိသူသည် အကြောင်းအချက်နှင့် စပ်ဆိုင်သည့်ပညာရပ်ကို အမှီပြုသော ထူးခြားသည့် အသိဉာဏ်ရှိခြင်း။
(၃) အဆစ်များပေါ်လွင်နေသည့် လေးထောင့်ပုံစံ လက်ချောင်းများရှိသူသည် ငွေကြေးကိစ္စများတွင် ကျွမ်းကျွမ်းကျင်ကျင်ရှိခြင်း၊
(၄) လက်ချောင်းများ လေးထောင့်စပ်စပ် ခပ်ပြားပြားရှိကာ အဆစ်များပေါ်လွင်ခြင်းရှိသူသည် အားကစားသမား ဖြစ်ခြင်း။

## Knotty-Fingered People
**အဆစ်များပေါ်လွင်နေသည့် လက်ချောင်းရှိသူများ**

ဤလက်အနေအထားရှိသူများကို အမှန်တရားရှာဖွေသူများအဖြစ်လည်းကောင်း၊ အတွေးအခေါ်ကောင်းသူများအဖြစ်လည်းကောင်း မှတ်တမ်းတင်ထား၏။

သူတို့သည် သေးနုပ်သိမ်မွေ့သည့် ရည်ရွယ်ချက်အကြောင်းများကို အလေးထားခြင်းမရှိတတ်ကြဘဲ အချက်အလက်နှင့် လိုရင်းကို ဦးတည်လိုစိတ်ရှိကြသည်။

သူတို့သည် ချောမွေ့သည့် လက်ချောင်းရှင်များကဲ့သို့ မြန်မြန်ဆန်ဆန် တုံ့ပြန်တတ်ကြပုံ မရဘဲ အမြဲသတိပြုရမည့်အချက်မှာ သူတို့သည် ပြဿနာအရင်းအမြစ်ကိုလိုက်ကာ အခြေအနေ အကြောင်းအချက်များအရ ဖြစ်ပေါ်မှုတိုင်းအပေါ် စုံစမ်းတွေ့ရှိချက်များသည် ရက်စွဲ၏လမ်းညွှန်မှုအတိုင်း ရှိကြပေလိမ့်မည်။

**(-Willim G-Benham)**

## Lady Luck
**မြာစွံခြင်း (မိန်းမကံကောင်းခြင်း)**

အောင်မြင်ရေးလမ်းကြောင်း သန့်ရှင်းအားကောင်းခြင်းသည် စီးပွားချမ်းသာ၊ ဓနဥစ္စာ၊ ကုသိုလ်ကံကောင်းခြင်းနှင့် မြာစွံခြင်းတို့ကို ညွှန်ပြပြီး တစ်ဖန် ထိုအခြေအနေကပင် ကျန်းမာခြင်းနှင့် စိတ်ချမ်းသာခြင်းတို့ကို ပေါ်ပေါက်စေ၏။

## Late Success
**အသက်ကြီးပိုင်းရောက်မှ အောင်မြင်ခြင်း**

တြိဂံနယ်မြေ၏ အောက်ပိုင်းဘေးတွင် ကြက်ခြေသင်္ကေတန်တစ်ခုရှိခြင်းသည် အသက်ကြီးပိုင်းရောက်ရှိမှ အောင်မြင်မည်ကို ပြဆိုနေခြင်းဖြစ်၏။

## Law, Success in
**ဥပဒေပညာတွင် အကျိုးပေးခြင်း**

လက်ဖနောင့်မှ တက်နေသော အရေးအကြောင်းတစ်ခုသည် ကြာသပတေးဂြိုဟ်ခုံသို့ ရောက်ရှိနေခြင်း။

## Lawyer, Qualities of
**ရှေ့နေဖြစ်မည့်သူ၏ အမှတ်လက္ခဏာများ**

(၁) ဦးခေါင်း(ဉာဏ်စွမ်း)လမ်းကြောင်းနှင့် အသက်လမ်းကြောင်းသည် အစပြုရာတွင် ကွာဟနေခြင်း၊
(၂) ဦးခေါင်း(ဉာဏ်စွမ်း)လမ်းကြောင်း၏အဆုံးတွင် ခက်ရင်းခွသင်္ကေတန် ရှိနေခြင်း၊
(၃) ဗုဒ္ဓဟူးဂြိုဟ်ခုံနှင့် အင်္ဂါဂြိုဟ်ခုံတို့ ကျယ်ပြန့်နေခြင်း၊
(၄) လက်မ၏ ဒုတိယအဆစ် ရှည်ခြင်း၊
(၅) လက်သန်းသည် သိသိသာသာရှည်နေခြင်း၊
(၆) လက်သည်းများ တိုနေခြင်း၊
(၇) လက်မသည် ရှည်၍ဖြောင့်တန်းနေခြင်း၊
(၈) လက်ချောင်းများရှည်၍ ပူးကပ်စွာတည်ရှိနေခြင်း၊
(၉) ဦးခေါင်း(ဉာဏ်စွမ်း)လမ်းကြောင်း ဖြောင့်တန်းနေခြင်း၊
(၁၀) လက်ဝါးပြင်သည် ပြေပြစ်နေခြင်း။

## Laziness
**ပျင်းရိခြင်း (ပျင်းရိသူ)**

(၁) ဦးခေါင်း(ဉာဏ်စွမ်း)လမ်းကြောင်း စိုက်ဆင်းနေခြင်း၊
(၂) လက်မ၏ပထမအဆစ်သည် တိုခြင်း၊
(၃) တနင်္လာဂြိုဟ်ခုံ၊ သောကြာဂြိုဟ်ခုံနှင့် တနင်္ဂနွေဂြိုဟ်ခုံတို့သည် ပေါ်လွင်နေခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

(၄) လက်ချောင်းများသည် သွယ်လျ၍ တိုနေခြင်း၊
(၅) လက်သည် ထူထဲ၍ နူးညံ့ခြင်း၊
(၆) လက်ဝါးပြင်သည် လက်ချောင်းများထက် ကြီးမားနေခြင်း။

**Legacies**

**ရှာဖွေရရှိခြင်း**

(၁) လက်ကောက်ဝတ်၏ ပထမအရစ်ပေါ်တွင် ကြယ်အမှတ်အသားရှိခြင်း၊
(၂) သောကြာဂြိုဟ်ခုံပေါ်ရှိ ကြယ်လက္ခဏာန် တစ်ခုမှ ပယောဂလမ်းကြောင်းတစ်ခု တွယ်ကပ်နေခြင်း၊
(၃) တနင်္လာဂြိုဟ်ခုံမှ ပယောဂလမ်းကြောင်းတစ်ခုသည် ထွက်နေခြင်း။

**Legs, Wounds on**

**ခြေထောက်များပေါ်တွင် ဒဏ်ရာအနာတရဖြစ်ခြင်း**

(၁) စနေဂြိုဟ်ခုံပေါ်တွင် အလွန်သေးငယ်သည့် အရေးအကြောင်းများ ရှိခြင်း၊
(၂) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် အဖြတ်အရေးအကြောင်းများ ရှိခြင်း၊
(၃) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် အနက်စက်များရှိခြင်း၊
(၄) စနေဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊
(၅) စနေဂြိုဟ်ခုံတွင် အရေးအကြောင်းများစွာရှိခြင်း၊
(၇) စနေဂြိုဟ်ခုံအောက်တည့်တည့်တွင်ရှိသည့် ဦးခေါင်း(ဉာဏ်စွမ်း)လမ်းကြောင်း ကျိုးပျက်နေခြင်း။

**Length of Hand**

**လက်၏အတိုင်းအဆ**

(၁) လက်ချောင်းများသည် လက်ဝါးပြင်ထက်တိုနေလျှင် စိတ်အလို လိုက်ခြင်း၊ ပျင်းရိခြင်း၊ လေထဲတိုက်အိမ်ဆောက်သည့်စိတ်ကူး (Idle Dreaming) ရှိခြင်း၊
(၂) လက်ချောင်းများနှင့် လက်ဖဝါးပြင် အတိုအရှည် ညီနေလျှင် စိတ်ကူးနှင့်လက်တွေ့ မျှတခြင်း၊
(၃) လက်ချောင်းများထက် လက်ဖဝါးပြင်တိုနေလျှင် စိတ်ကူးအကြံဉာဏ်ကို အဓိကထားလေ့ရှိခြင်း။

**Length of Life**

**သက်တမ်း**

လူတိုင်းလိုလို ယူဆနေသည့်အချက်မှာ အသက်လမ်းကြောင်းသည် အသက်ရှည်ရန်အတွက် သက်သေပြမှုတစ်ခုဟူ၍ ဖြစ်သည်။

ဤအယူအဆသည် မှားယွင်း၏။ ဤနေရာတွင် အခြားအချက်အလက်များကိုလည်း သုံးသပ်ဖို့ လိုအပ်မည် ဖြစ်သည်။

**Lethargy**

**လေးလံထိုင်းမှိုင်းခြင်း**

(၁) အင်္ဂါလွင်ပြင် နိမ့်ပါးချိုင့်ခွက်နေခြင်း၊
(၂) အသက်လမ်းကြောင်း မှေးမှိန်နေခြင်း၊
(၃) နှလုံး(မေတ္တာ)လမ်းကြောင်း အားနည်းခြင်း၊
(၄) လက်ဖနောင့်အောက်မှ လက်ကောက်ဝတ်လမ်းကြောင်း တစ်ကြောင်းတည်းရှိခြင်း။

**Liar**

**လိမ်လည်သူ**

(၁) ဦးခေါင်း(ဉာဏ်စွမ်း)လမ်းကြောင်းသည် စိုက်ဆင်းနေခြင်း၊
(၂) ဦးခေါင်း(ဉာဏ်စွမ်း)လမ်းကြောင်းသည် ခက်ရင်းခွသဏ္ဌာန် ဖြစ်နေခြင်း၊
(၃) ကြာသပတေးဂြိုဟ်ခုံ ပြားချပ်နေခြင်း၊
(၄) လက်သန်း ကွေးကောက်နေခြင်း၊
(၅) တနင်္လာဂြိုဟ်ခုံ ကျယ်ပြန့်နေခြင်း၊
(၆) ဗုဒ္ဓဟူးဂြိုဟ်ခုံ အရောင်အသွေးကောင်းခြင်း၊
(၇) ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်တွင် ကြက်ခြေရှိနေခြင်း။

**Liberality**

**ပေးကမ်းကူညီတတ်ခြင်း**

(၁) ကြာသပတေးဂြိုဟ်ခုံ အထူးပေါ်လွင်ခြင်း၊
(၂) သောကြာဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊
(၃) လက်ဖနောင့် အနေအထားကောင်းမွန်ခြင်း၊
(၄) လက်ချောင်းထိပ်များ လေးထောင့်သဏ္ဌာန်ရှိခြင်း၊
(၅) လက်မ အားကောင်းခြင်း၊
(၆) တြိဂံလွင်ပြင် အနေအထားကောင်းခြင်း၊
(၇) ဦးခေါင်း(ဉာဏ်စွမ်း)လမ်းကြောင်း ရှည်ခြင်း၊
(၈) အသက်လမ်းကြောင်းနှင့် ဦးခေါင်း(ဉာဏ်စွမ်း)လမ်းကြောင်းတို့သည် အနည်းငယ်ကွာဟ၍ အစပြုခြင်း၊
(၉) အသက်လမ်းကြောင်းသည် ခက်ရင်းခွသဏ္ဌာန်ဖြစ်နေခြင်း။

**Licentiousness**

**ကာမဂုဏ်လိုက်စားခြင်း**

ကျန်းမာရေးလမ်းကြောင်း ခေါ် အသည်းလမ်းကြောင်း၏ အရန်လမ်းကြောင်းတစ်ခုသည် လိင်ကိစ္စနှင့်ဆိုင်သက်ပြီး စည်းကမ်းမရှိခြင်းနှင့် ဒေါသစိတ်လွန်ကဲမှုကိုပြ၏။



www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ ကာမဂုဏ်လမ်းကြောင်းသည် အသက်လမ်းကြောင်းကို ဖြတ်သွားပါက ကာမဂုဏ်ကိစ္စ လွန်ကဲစွာ လိုက်စားမှုကြောင့် သေဆုံးနိုင်ခြင်းကို ပြ၏။ ကာမဂုဏ်လမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် ပူးကပ်နေပါကလည်း ကာမဂုဏ် လိုက်စားခြင်းကြောင့် အသက်တိုနိုင်၏။

**Life Line, Law of**
**အသက်လမ်းကြောင်း၏ ဥပဒေ**

ယေဘုယျ ပြောဆိုချက်တစ်ရပ်အနေဖြင့် အသက်လမ်းကြောင်းရှည်လျှင် အသက်ရှည်လိမ့်မည်ဟူ၍ ဖြစ်သည်။ ထိုလမ်းကြောင်းတိုလျှင် အသက်တိုမည်ဟူ၏။

**(-Willim G-Benham)**

**Life Love-Lorn**
**အချစ်နှင့်ပတ်သက်၍ ဒုက္ခတွေ့ရသည့်ဘဝ (ချစ်ဒုက္ခခံရသူ)**

သောကြာဂြိုဟ်ခုံအတွင်းမှ အရေးအကြောင်းများသည် အသက်လမ်းကြောင်း၊ ဦးခေါင်း(ဉာဏ်စွမ်း) လမ်းကြောင်းနှင့် နှလုံး(မေတ္တာ) လမ်းကြောင်းတို့ကို ဖြတ်သန်းသွားခြင်း စသည့်အနေအထားရှိပါက ထိုသူသည် ချစ်သူ၏ စွန့်ပစ်ခြင်းကို ခံရသူဖြစ်မည်။

**Life, Map of**
**ဘဝမြေပုံ**

အသက်လမ်းကြောင်းသည် လက္ခဏာရှင်၏ ဘဝခရီးတစ်လျှောက် သဘာဝမြေပုံပင် ဖြစ်၏။ အသက်လမ်းကြောင်း မပါခြင်းက ကာယကံရှင်၏ အသက်သည် ဆံခြည်မျှင်နှင့်ပင် ကြိုးဆွဲချသေနိုင်ပြီး ထိုသူတို့၏ သေဆုံးခြင်းသည် လျှပ်တစ်ပြက်အတွင်း သေမင်းနှင့် တွေ့ဆုံနိုင်ခြင်းဟု ဆိုနိုင်စရာရှိ၏။

**(-Willim G-Benham)**

**Life, Measurement of**
**အသက်ပိုင်းတိုင်းနည်း**

အသက်လမ်းကြောင်းကို လက်ညှိုး၏ အောက်ခြေနေရာမှ လက်ကောက်ဝတ်သို့ ချည်မျှင်တစ်ခုနှင့် တိုင်းပါ။ အကယ်၍ အသက်လမ်းကြောင်းသည် လက်ကောက်ဝတ်ထိ မရောက်လျှင် ထိုနေရာအထိ တိုင်းပါ။

ထို့နောက် ချည်မျှင်စကို ၂ ဆလုပ်ပြီး အလယ်နေရာကို မင်ဖြင့်မှတ်သားထားပါ။ ပြီးလျှင်တစ်ဝက်စီကို အညီအမျှ (၅) ပိုင်းပိုင်းပါ။ ထိုပိုင်းထားသည့်အမှတ်အသားများက အောက်ပါအသက်အပိုင်းအခြားများကို ညွှန်ပြ၏။

| | | | |
|---|---|---|---|
| (၁) | ပထမအမှတ်အသား | - | ၆ နှစ် |
| (၂) | ဒုတိယအမှတ်အသား | - | ၁၂ နှစ် |
| (၃) | တတိယအမှတ်အသား | - | ၁၈ နှစ် |
| (၄) | စတုတ္ထအမှတ်အသား | - | ၂၄ နှစ် |
| (၅) | ပဉ္စမအမှတ်အသား | - | ၃၀ နှစ် |
| (၆) | ဆဋ္ဌမအမှတ်အသား | - | ၃၆ နှစ် |
| (၇) | သတ္တမအမှတ်အသား | - | ၄၃ နှစ် |
| (၈) | အဋ္ဌမအမှတ်အသား | - | ၅၁ နှစ် |
| (၉) | နဝမအမှတ်အသား | - | ၆၀ နှစ် |
| (၁၀) | ဒသမအမှတ်အသား | - | ၇၀ နှစ် |

**Life, Readings from the Line of**
**အသက်လမ်းကြောင်းအပေါ် ဟောဆိုချက်များ**

(၁) လက်ဖဝါးပြင်ပေါ်တွင် စက်ဝိုင်းခြမ်းကဲ့သို့ ဝေ့ဝိုက်တည်ရှိနေလျှင်- အသက်ရှည်မည်။

(၂) လက်နှစ်ဖက်စလုံးရှိ အသက်လမ်းကြောင်းများ တိုနေလျှင်- အသက်တိုမည်၊

(၃) အသက်လမ်းကြောင်းပေါ်တွင် သံကြိုးကွင်းဆက်များရှိနေလျှင်- အာရုံကြောရောဂါ ဖြစ်မည်၊

(၄) အသက်လမ်းကြောင်း အရောင် ညိုမည်းနေလျှင်- အတည်တကျမရှိဘဲ ဘဝအထိုင်မကျ ဖြစ်မည်

(၅) အလွန်စောက်နက်နေလျှင်- ဖျတ်ဖျတ်လတ်လတ်ရှိမည်၊

(၆) စောက်နက်၍ နီမြန်းနေလျှင်- စိတ်ပြင်းထန်ခြင်း (ခက်ထန်ခြင်း)ရှိမည်၊

(၇) သေးသေးသွယ်သွယ်ဖြစ်နေလျှင်- ကျန်းမာရေးညံ့မည်၊

(၈) လမ်းကြောင်းအစတွင် နှစ်ခွဖြစ်နေလျှင်- ဖြောင့်မက်မည်၊

(၉) လမ်းကြောင်းအဆုံးတွင် မသပ်မရပ်ဖြစ်နေလျှင်- ရုတ်တရက်သေဆုံးမည်၊

(၁၀) ဦးခေါင်း(ဉာဏ်စွမ်း)လမ်းကြောင်းနှင့် ကွာဟ၍ အစပြုနေလျှင်- အစွန်းရောက်သောသဘောရှိမည်။

(၁၁) ကြာသပတေးဂြိုဟ်ခုံမှ အစပြုလျှင်- ရည်မှန်းချက်ကြီးကြီးမားမားထားတတ်မည်၊

(၁၂) အသက်လမ်းကြောင်းမှ အပေါ်သို့တက်နေသည့် လမ်းကြောင်းခွဲများရှိလျှင်- ကျန်းမာရေးကောင်းသည့် အထောက်အပံ့များရမည်၊

(၁၃) အကျိုးအပြတ်များရှိလျှင်- အကြီးအကျယ် နာမကျန်းဖြစ်မည်၊

(ဆက်ရန်)

❒ ဆရာဦးခန့်[illegible]



www.burmeseclassic.com

www.burmeseclassic.com

# နှောကုန်း သစ္စာမိဋ္ဌာန်မုနိဟန် ရုပ်ရှင်တော်မြတ်ကြီးသို့ အဓိဋ္ဌာန်ခရီး

ဆရာကြီး ဦးအောင်မြင့်



နှောကုန်းဘုရားကြီးအား အနီးကပ်ဖူးမြော်ရပုံ

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ထင်ပေါ်ကျော်ကြားသော ဗုဒ္ဓရုပ်ပွားတော်များသို့ အဓိဋ္ဌာန်ခရီးစဉ်၏ အစိတ်အပိုင်း တစ်ခုဖြစ်သော မြန်အောင်မြို့နယ်မှ အနောက်တောင်ဘက် သုံးမိုင်ခန့်အကွာ မြန်အောင်-အင်္ဂပူ ကတ္တရာကားလမ်း အနီးရှိ နှောကုန်းရွာ သစ္စာမိဋ္ဌာန်မုနိဟန် ရုပ်ရှင်တော်မြတ်ကြီးသို့ အဓိဋ္ဌာန်ခရီးကို လမ်းညွှန်တင်ပြပေးပါမည်။

မြန်အောင် - အင်္ဂပူ ကတ္တရာကားလမ်းအတိုင်း မြန်အောင်မြို့မှ ထွက်ပြီး မကြာမီပင် ဝဲဘက်လမ်းဘေးမှာ မုခ်ဦးဆိုင်းဘုတ်ကြီးကို တွေ့မြင်ရပါမည်။

"သစ္စာမိဋ္ဌာန် မုနိဟန် ရုပ်ရှင်တော်မြတ်ကြီး"

ထို မုခ်ဦးဆိုင်းဘုတ်အောက်ရှိ မြေနီလမ်းအတိုင်း နှစ်ဖာလုံခန့် သွားသောအခါ သစ္စာမိဋ္ဌာန်မုနိဟန် ရုပ်ရှင်တော်မြတ်ကြီး ပူဇော်ခဲ့ရာ ရွှေကျောင်းတော် ဂန္ဓကုဋိတိုက်ကြီးကို ရောက်ရှိပါသည်။ ရွှေကျောင်းတော်ရှေ့ မျက်နှာစာတွင် ထိုရုပ်ပွားတော်ကို မန္တလေးမြို့မှ ပင့်ဆောင်ခဲ့သော ဆရာတော် ဘဒ္ဒန္တ သီလာစာရ၏ ရုပ်တုတော်ကို ဖူးမြင်ရပါသည်။ ဆရာတော်မှာ ၁၃၄၆ ခုနှစ်က ပျံလွန်တော်မူခဲ့ပြီးဖြစ်သည်။

ဆရာတော် ပျံလွန်တော်မမူစဉ် တစ်နှစ်ခန့်အလိုဘွင် . . .


"ဒီနေရာမှာ နောင်အခါ ကြက်ပျံမကျ စည်ကားမယ်" ဟု ကြိုတင် မိန့်ကြားခဲ့ဖူးသည်။ ထိုစဉ်အခါက ဤနေရာမှာ တောချုံများနှင့် ဖုံးလွှမ်းနေသောနေရာ ဖြစ်သည်။

ကျွန်ုပ် ရွှေကျောင်းတော်အတွင်း ဝင်သွားသောအခါ အလှူခံဌာနမှာ ဂေါပကအဖွဲ့ဝင်အချို့နှင့် အလှူထည့်ဝင်နေသော ဘုရားဖူးအချို့ကို တွေ့မြင်ရသည်။ ထိုနေရာတွင် ရွှေဆိုင်း များ ရောင်းချပေးပြီး အမျိုးသားများက သစ္စာမိဋ္ဌာန်မုနိဟန် ရုပ်ရှင်တော်မြတ်ကြီးမှာ ကိုယ်တိုင်ကိုယ်ကျ ရွှေချလို့ရကြောင်း သိရသည်။

ကျွန်ုပ်လည်း ရွှေဆိုင်းအချို့ ဝယ်ယူပြီး မှန်ကျောင်းဆောင်နှင့် ကာရံထားသည့် ရုပ်ရှင်တော်မြတ်ကြီးထံ သွားရောက်ခဲ့သည်။ ဘုရားဖူး အမျိုးသားအချို့ ရွှေချနေသည်ကို တွေ့ရသည်။ ဂေါပကအဖွဲ့ဝင်တစ်ဦးက လိုက်ပါလာပြီး ရွှေချလိုသောနေရာကို သစ်စေးသုတ်ပေးသည်။

"တချို့က အဓိဋ္ဌာန်နဲ့ ရွှေချတယ်၊ ဥပမာ ကျန်းမာရေး ညံ့သူက ရင်ဘတ်အောင့်နေရင် ရင်ဘတ်ကို

www.burmeseclassic.com




သစ္စာဓိဋ္ဌာန်မုနိဟန် ရုပ်ရှင်တော်မြတ်ကြီးတွင် ရွှေချနေသော ဘုရားဖူးအချို့

ရွှေချတယ်၊ ခေါင်းကိုက်သူက ခေါင်းတော်ကို ရွှေချတယ်၊ ဗိုက်အောင့်သူက ဝမ်းဗိုက်တော်ကို ရွှေချတယ်၊ ခရီးသွားချင်သူ နိုင်ငံခြားသွားချင်သူက ခြေဖဝါးကို ရွှေချတယ်၊ စာမေးပွဲ လွယ်ကူစွာ ဖြေဆိုအောင်မြင်လိုသူက လက်ချောင်းတော်နဲ့ ဦးခေါင်းတော်ကို ရွှေချတယ်"

ဂေါပက အဖွဲ့ဝင် တစ်ဦးက ပြောပြသဖြင့် ကျွန်ုပ်က ခရီးများများ သွားနိုင်အောင် ခြေဖဝါးတော်တွင် ရွှေချခဲ့ပါသည်။ ရုပ်ရှင်တော်မြတ်၏ရှေ့တွင် အသီးအနှံ၊ မုန့်မျိုးစုံ၊ ပန်းမျိုးစုံ လှူဖွယ်ဝတ္ထုများ ပြည့်လျှံနေအောင် တွေ့ရှိရသည်။ ထိုနေ့က သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ ဖြစ်ပါသည်။ ဘုရားဖူး ပရိသတ် အတော်များများ တွေ့ရသည်။ နှောကုန်းရွာခံ ဝတ်ရွတ်အဖွဲ့မှ ပရိတ်တော်၊ ပဋ္ဌာန်းတော်များ ရွတ်ပွားပူဇော်နေကြသည်။

ဤရုပ်ပွားတော်ကြီးမှာ မူလက မန္တလေး မင်းနေပြည်တော်တွင် ပူဇော်ခံထားသော နန်းဦးဘုရားတစ်ဆူ ဖြစ်သည်။

မြန်အောင်မြို့နယ် မန်ကျည်းကွင်းရွာ ဇာတိဖြစ်သော အရှင်သီလာစာရသည် မင်းတုန်းမင်းလက်ထက်က မန္တလေးနေပြည်တော်မှာ ပရိယတ္တိစာပေ သင်ကြားပို့ချခဲ့ပြီး သီပေါမင်းလက်ထက်၌ အောက်မြန်မာပြည် သာသနာပိုင်အဖြစ် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံခဲ့ရသည်။

သက္ကရာဇ် ၁၂၂၆ ခုနှစ်တွင် ဆရာတော်ဦးသီလာစာရက နန်းဦးရုပ်ပွားတော်ကို ပင့်ဆောင်ခဲ့ပြီး မြန်အောင်မြို့နယ် ထန်းသုံးပင် အလယ်ကျောင်းကို တည်ထောင်၍ ထိုကျောင်းမှာ ပူဇော်ခံထားခဲ့သည်။

ထန်းသုံးပင် အလယ်ကျောင်းကြီး ဟောင်းနွမ်းဆွေးမြည့်သည်ကို




သစ္စာဓိဋ္ဌာန်မုနိဟန် ရုပ်ရှင်တော်မြတ်ကြီးကို လှူဒါန်းထားသော လှူဖွယ်ပစ္စည်းများ


www.burmeseclassic.com

ပြန်လည် ပြုပြင်စဉ် ထိုရုပ်ပွားတော်ကြီးကို ကျောင်းရှေ့ရှိ တန်ဆောင်းကြီးတစ်ခုအတွင်း ရွှေ့ပြောင်း ပူဇော်ခံခဲ့သည်။ ထိုတန်ဆောင်းတော်ကြီး ထပ်မံပြိုကျ ပျက်စီး၍ သစ်ပင်ချုံနွယ်များဖုံးအုပ်ကာ နှစ်အတော်ကြာ ပြုပြင်သူမရှိဘဲ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည်။

သက္ကရာဇ် ၁၂၈၀ ခန့်တွင် စိတ်မနှံ့သော ဦးပဉ္စင်း တစ်ပါးက ချုံနွယ်ဖုံးအုပ်နေသော ဘုရားကြီးက သူ့အားပြုံးပြသည်ဆိုကာ ဓားဖြင့် ခုတ်ရာမှ လူသိများလာခဲ့သည်။ ၁၃၄၇ ခုနှစ်တွင် ထန်းသုံးပင်ရွာနှင့် နှောကုန်းရွာတို့ ညှိနှိုင်းပြီး ထိုဘုရားကြီးကို နှောကုန်းရွာသို့ ပင့်ဆောင်ခဲ့ကြသည်။

ဘုရား ရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးရန် ပေ ၁၀၀ ပတ်လည်ရှိ ဂန္ဓကုဋိတိုက်ကြီး ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။

၁၉၉၂ ခု နိုဝင်ဘာ ၉ ရက် တနင်္လာနေ့မနက် ၉ နာရီမှာ ပန္နက်တင်မင်္ဂလာပြုခဲ့ပြီး ၁၉၉၂ ခု ဒီဇင်ဘာလ ၉ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီ ၁၅ မိနစ် အုတ်မြစ်စီမင်္ဂလာ ပြုခဲ့သည်။ ၁၉၉၄ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီအချိန်တွင် အထက်နဝင်းစေတီကို ထီးတော်တင်လှူခဲ့သည်။




သစ္စာမိဋ္ဌာန်မုနိဟန် ရုပ်ရှင်တော်မြတ်ကြီး ပူဇော်ခံရာ ရွှေကျောင်းတော်ကြီးနှင့် ဆရာတော် ဘဒ္ဒန္တသီလာစာရ ရုပ်တုတော်

ဤနန်းဦးဘုရားကြီးမှာ သစ္စာဆို၍ အောင်မြင်မှု အမျိုးမျိုးရရှိခြင်း၊ မိဋ္ဌာန်၍ အောင်မြင်မှုအမျိုးမျိုးရရှိခြင်း၊ မုနိဘုရားရှင် ကိုယ်တော်မြတ်ကြီး ဂန္ဓကုဋိတိုက်တွင်း သီတင်းသုံးနေသော ဟန်နှင့်တူခြင်း၊ သေချာစွာ ဘုရားရှင်မျက်နှာတော်ကို ဖူးပါက မျက်နှာတော်ပုံသဏ္ဌာန်အမျိုးမျိုး ဖူးမြင်ရခြင်း စသည့် ထူးခြားချက်များကြောင့် သစ္စာမိဋ္ဌာန်မုနိဟန် ရုပ်ရှင်တော်မြတ်ကြီးဟု ဘွဲ့တော် ဆက်ကပ်ရခြင်း ဖြစ်သည်။

ထို့ပြင် နှောကုန်းကျေးရွာတွင် သီတင်းသုံး ပူဇော်ခံသဖြင့် နှောကုန်းဘုရားကြီးဟုလည်း လူသိများ ထင်ပေါ်ကျော်ကြားရခြင်း ဖြစ်ပါသည်။

နှောကုန်းဘုရားကြီး ခေါ် သစ္စာမိဋ္ဌာန်မုနိဟန် ရုပ်ရှင်တော်မြတ် ဘုရားကြီးတွင် အဓိဋ္ဌာန်ဝင်ပုံမှာ အောက်ပါ ပိဋကတ်အနှစ် ဓမ္မက္ခန်တော်ကို သက်စေ့ရွတ်ပွား ပူဇော်ခြင်း သို့မဟုတ် ကိုးလုံး မွေးနံ့သားပုတီးဖြင့် ကိုးပက် စိပ်ပွားခြင်း ပြုကြသည်။

### သစ္စာမိဋ္ဌာန်မုနိဟန် မြတ်စွာဘုရားကြီး ပိဋကတ်အနှစ် ဓမ္မက္ခန်တော်

စတ္တာရိ အရိယသစ္စာနိ၊ စတ္တာရော သတိပဋ္ဌာန၊ စတ္တာရော သမ္မပ္ပဓာနာ၊ စတ္တာရော ဣဒ္ဓိပါဒါ၊ ပဉ္စိန္ဒြိယာနိ၊ ပဉ္စဗလာနိ၊ သတ္တဗောဇ္ဈင်္ဂါနိ၊ အဋ္ဌမဂ္ဂင်္ဂါနိ၊ သဗ္ဗဗုဒ္ဓေဟိ၊ ဘာသိတာ၊ ဧတေန သစ္စ ဝဇ္ဇေန၊ သဗ္ဗဇယော ဟောတု၊ သဗ္ဗလာဘော ဟောတု၊ သဗ္ဗသုခေါ ဟောတု၊ သဗ္ဗဒုက္ခာဝိနဿတု"

စာဖတ်ပရိသတ်များ တစ်ခါတစ်ခေါက် သွားရောက် အဓိဋ္ဌာန်ဝင် ဖူးမြော်နိုင်ကြစေရန် လမ်းညွှန်ပြလိုက်ပါသည်။

❒ ဆရာကြီး ဦးအောင်မြိုင်




ရွှေကျောင်းတော်အတွင်း ဂေါပကအဖွဲ့ဝင်များ၏ အလှူခံဌာနမှာ ပါဝင်လှူဒါန်းနေကြသော ဘုရားဖူးအချို့



www.burmeseclassic.com

www.burmeseclassic.com

## ၁၂ နှစ် ရက် သား သ မီး များ အ တွက်

## ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



### တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိ ဌာနနှစ်ပါးစလုံးတွင် ကောင်းအားများ ကြုံသဖြင့် ယခင်လထက် ကံဇာတာ တက်လာပြီဖြစ်၏။ အတွေးသစ် အကြံသစ် အလုပ်သစ်များတွေ့မည်။ ထင်ပေါ်ကျော်ကြားမည်။ သို့သော် မအားလပ်မှုကြောင့် စိတ်ပင်ပန်းမည်။ ငွေရွှင်မည်။ ရပ်ဝေးဆွေမျိုးများ ရောက်မည်။ မဟုတ်မမှန်သော သတင်း အလွှင့်ခံရတတ်၏။ သောကြာနံ သက်ရှိ သက်မဲ့ကြောင့် သောကအနည်းငယ်ရှိ၏။ ပြည်ပ ရေးရာကိစ္စများ အဆင်မပြေသေးပါ။ ဝန်ထမ်းများ နေရာအပြောင်းအရွှေ့ရှိ၏။

ယတြာ - ရေသတ္တဝါ အစာကျွေးပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - ခါး၏အထက်ပိုင်း အရိုးအဆစ်တွင် ဥပဒ်ရှိ၏။

ယတြာ - နွားအစာကျွေး ရေတိုက်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္လာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၂)ဂဏန်းနှင့် တနင်္လာနေ့ ကောင်းပြီး (၇)ဂဏန်းနှင့် စနေနေ့သည် ညံ့၏။

***မှတ်ချက်။*** အခွင့်ကောင်းတစ်ရပ်ကို မဆုံးရှုံးစေသင့်။

### တနင်္လာသားသမီးများ



(က) **စီးပွား/လူမှု** - မူလဌာနတွင် ကောင်းအားရှိသော်လည်း ပဝတ္တိဌာန ဆိုးအားကြောင့် အစစအရာရာ တွေဝေစိတ်များ ဖြစ်တတ်၏။ ဆွေမျိုး သို့မဟုတ် စနေနံသားသမီး တစ်စုံတစ်ဦးကြောင့် အကြံဉာဏ်ကောင်းများ ရတတ်၏။ ယာဉ်ရထား လဲလှယ်ရတတ်၏။ ယာဉ်အသစ်ဝင်မည်။ ထိပေါက်တတ်၏။ မွေးနေ့တွင် နံနက် ၁၁ နာရီနှင့် ၁၂ နာရီကြား '၇'အစ '၇'အဆုံး ထီကံစမ်းပါ။ ပစ္စည်းဥစ္စာ အထားမှားတတ်၏။

ယတြာ - ဘုရားပလ္လင်တော်နှင့် ရင်ဘတ်တော်တွင် ရွှေသင်္ကန်းကပ်လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - အသက်ရှူပြခြင်းနှင့် အဆုတ်တွင် ဥပဒ်ရှိ၏။

ယတြာ - လူသွားလမ်း သဲခင်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၇)ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၅)ဂဏန်းနှင့် ကြာသပတေးနေ့ ညံ့၏။

***မှတ်ချက်။*** မိတ်ကောင်းဆွေကောင်းကို အားကိုးပါ။

www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - မူလကောင်းအားကို ပဝတ္တိဆိုးအားက ဖျက်ဆီးသဖြင့် အတွေးအခေါ် အကြံအစည်များ နောက်ကျခြင်း၊ မိမိအကြံကို သူတစ်ပါးက လက်ဦးသွားခြင်း ဖြစ်တတ်၏။ စကားချွဲချွဲနှင့် သောကြာ သားသမီး ဒုက္ခပေးတတ်၏။ စိတ်ဓာတ်များ ကျဆင်းနေတတ်၏။ ငွေပူများ ဝင်တတ်၏။ အများပိုင်ငွေ၊ သာသနိကပိုင်ငွေများအတွက် သောကရှိ၏။ နာမကျန်းဖြစ်နေသူ အကြီးအကဲကြောင့် သောကရှိ၏။ တနင်္လာနံ ဝင်ကိန်းရှိသည်။ သောကြာနံ သက်ရှိ သက်မဲ့ ထွက်ကိန်းရှိ၏။ ဝန်ထမ်းများ ပူးတွဲတာဝန်များ ထမ်းရတတ်၏။

**ယတြာ** - အရုဏ်ဆွမ်း ဝတ်အသင်းတွင် ပါဝင်ဆောင်ရွက်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - လေ၊ လေငန်းရောဂါ ဂရုပြုပါ။

**ယတြာ** - ရေလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္လာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၂)ဂဏန်းနှင့် တနင်္လာနေ့ ကောင်းပြီး (၇)ဂဏန်းနှင့် စနေနေ့ ညံ့၏။

***မှတ်ချက်။*** သူတစ်ပါးစကားကို အယုံမလွယ်သင့်။

## ဗုဒ္ဓဟူးသားသမီးများ



(က) **စီးပွား/လူမှု** - မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားက ထိန်းညှိထားသဖြင့် အကောင်းဘက်သို့ ဦးတည်လျက်ရှိ၏။ ငွေကြေး အဖတ်မတင်ရှိ၏။ အကုန်အကျများ၏။ ကြာသပတေးသားသမီး၏ မမှန်စကားကြောင့် ဖြေရှင်းမှုအလီလီရှိ၏။ ထိပေါက်တတ်၏။ '၇'အစ '၆'အဆုံး ဂဏန်းဖြင့် ကံစမ်းပါ။ စနေနံသားသမီး၏ အကူအညီဖြင့် အကြံကောင်း ဉာဏ်ကောင်း ရမည်။ ခရီးဝေး အပျော်ခရီး မသွားသင့်။ ဝန်ထမ်းများ အလုပ်တွင် အခက်အခဲ အကျပ်အတည်းရှိမည်။

**ယတြာ** - နေအိမ် ဘုရားကျောင်းဆောင် သန့်ရှင်းရေးလုပ်ပါ။ ဘုရား ရေသပ္ပာယ်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - ငှက်ဖျားရောဂါ ကပ်ငြိတတ်၏။

**ယတြာ** - ကြံပန်း၊ ကံ့ကော်ပန်း ဘုရားကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၇)ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၁)ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။

***မှတ်ချက်။*** အချောင်ရသောငွေကို မမက်မောပါနှင့်။



## ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာနနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် အဆိုးများနှင့်ကြုံနေ၏။ သတိ ဝီရိယကြီးကြီးနှင့် လှုပ်ရှားဆောင်ရွက်ပါ။ လမ်းမှား ရောက်နိုင်၏။ အမှုအခင်း ဖြစ်တတ်၏။ ရှုံးနိမ့်တတ်၏။ ဝင်သမျှငွေ ဒလဟော ထွက်နေ၏။ အပျော်အပါးကြောင့် ဒုက္ခတွေ့မည်။ ဆွေမျိုးနှိပ်စက်မည်။ လက်အောက်ငယ်သားများကြောင့် သောကရှိမည်။ တနင်္လာသားသမီးကြောင့် စိတ်ချမ်းသာရမည်။ အလုပ်အကိုင် တန့်နေ၏။ ခရီးဝေး မသွားသင့်။ စကားမကျွံသင့်။ ဝန်ထမ်းများ လုပ်ငန်း အမှားအယွင်းရှိ၏။ သတိပေးခံရတတ်၏။

**ယတြာ** - ဓမ္မာရုံတွင် တံမြက်လှည်းပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - သင့်၏။

**ယတြာ** - ဆေးလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္လာနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၂)ဂဏန်းနှင့် တနင်္လာနေ့ ကောင်းပြီး (၆)ဂဏန်းနှင့် သောကြာနေ့ ညံ့၏။

***မှတ်ချက်။*** အပျော်အပါး ရှောင်ပါ။


www.burmeseclassic.com

www.burmeseclassic.com



## သောကြာသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးတွင် ကောင်းအားများ ပြည့်နေသဖြင့် အချိန်ရှိခိုက် လုံ့လစိုက်၍ ကြိုးစားပါ။ ဆန့်ကျင်ဘက်လိင်များ ကျေးဇူးပြုမည်။ ထီပေါက်မည်။ အမွေရမည်။ လုပ်ငန်းသစ်တစ်ခုအတွက် ရင်းနှီးမြှုပ်နှံရကိန်း ရှိ၏။ ပြည်ပခရီး သွားရကိန်းရှိ၏။ လူယုံ ဒုက္ခပေးမည်။ ရွှေထွက်မည်။ လယ်ထွက်မည်။ ရွှေ လယ်နှင့်ပတ်သက်၍ ခိုက်ရန်ရှိ၏။ ဝန်ထမ်းများအချင်းချင်း မနာလိုမှု ရှိမည်။

ယတြာ - ဘုန်းတော်ကြီး သင်္ကန်းလှူပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - သင့်၏။ အိမ်ထောင်ပျက်များ ဒုက္ခပေးတတ်၏။

(ဂ) **ကျန်းမာရေး** - အရိုးကျိုးတတ်၏။

ယတြာ - စနေနံ တိရစ္ဆာန်ကို အစာကျွေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၇)ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၄)ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

***မှတ်ချက်။*** အချင်းချင်း စာနာပါ။



## စနေသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားက ပံ့ပိုးပေးသော်လည်း အင်အားမတူသဖြင့် အဆိုးဘက်သို့ ယိမ်းယိုင်လျက်ရှိ၏။ ယင်းကြောင့် သူတစ်ပါး၏ဒုက္ခ ကိုယ့်ဒုက္ခဖြစ်တတ်၏။ ရှောင်တိမ်းတတ်ပါစေ။ မင်းစိုးရာဇာ အကြီးအကဲ၏ ဩဇာ ဘုန်းကံရိပ်ကို မှီခိုပါ။ အချင်းချင်း သစ္စာမဲ့တတ်၏။ ဆန့်ကျင်ဘက်လိင် တစ်စုံတစ်ဦးကြောင့် လုပ်ငန်းသစ်တစ်ခု တွေ့မည်။ ငွေကြေး အလိမ်ခံရတတ်၏။ ဝန်ထမ်းများ တာဝန်ပေါ့ဆမှုကြောင့် အရေးယူခံရတတ်၏။

ယတြာ - ပရဟိတလုပ်ငန်းအတွက် ကာယဒါန တစ်ခုခုလုပ်ပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - ပုံမှန်ရှိ၏။

(ဂ) **ကျန်းမာရေး** - အသည်းတွင် ဥပဒ်ရှိ၏။

ယတြာ - မွေးနံထောင့် ဘုရားတွင် တံမြက်လှည်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၁)ဂဏန်းနှင့် တနင်္ဂနွေနေ့တို့ အကျိုးပြု၍ (၂)ဂဏန်းနှင့် တနင်္လာနေ့တို့ ညံ့၏။

***မှတ်ချက်။*** သူတစ်ပါး၏ ပျော့ကွက် ဟာကွက်ကို မနင်းချင်ပါနှင့်။

**မေတ္တာပန်းနှင့်ရှင်လန်းချမ်းမြေ့ကြပါစေ။**
**ဦးညွန့်လှိုင်** (ကြို့ပင်ကောက်)
တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၅၀၀၉၃၃
နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ
[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။
ဟောစာဝင်များအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ လက်ခံဆောင်ရွက်ပါသည်။]
*စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊ ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်* ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ရာသီခွင်နှင့် ဩဂုတ်လ ဟောကိန်းများ

ဆရာဦးခန့်ကျော် (အဘိဓာန်ကျမ်းပြုပညာရှင်)



## CAPRICORN
## မကာရရာသီ

(ဒီဇင်ဘာ - ၂၂ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

ယခုကာလအတွင်း မကာရ ရာသီဖွားများအနေဖြင့် မျှော်လင့်မထားသော ကိစ္စရပ်များ ပေါ်ပေါက်တတ်ခြင်း၊ ရည်ရွယ်ချက်မရှိဘဲ လုပ်ငန်းသစ်များ အကောင်အထည်ဖော် လုပ်ကိုင် ဆောင်ရွက်ရခြင်းများ ဖြစ်တတ်မည်။ ကံကုသိုလ်ကောင်းသည့် အချိန်ကာလဖြစ်၍ အကူအညီပေးမည့်သူများနှင့်လည်း တွေ့ကြုံရတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းမှုရှိသော်လည်း အိမ်ထောင်ဖက်၏ ကျန်းမာရေး ညှဲ့ဖျင်းမှုကြောင့် စိုးရိမ်ပူပန်ရခြင်း၊ ငွေကုန်ကြေးကျများရတတ်ခြင်းများ ရှိမည်။ ဝန်ထမ်းဖြစ်ပါက အဆင်မပြေမှုများ ရှိနေမည်ဖြစ်သော်လည်း ၎င်းအဆင်မပြေမှုသည် ခေတ္တခဏသာ ဖြစ်လိမ့်မည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေး ကံကောင်းမည်။ မိမိရည်ရွယ်ထားသည့်အတိုင်း ဖြစ်ရတတ်မည်။ ပြည်တွင်းသာမက ပြည်ပသို့ သွားရောက်ပညာသင်ကြားရန် အခွင့်အလမ်းများ ရရှိနိုင်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစာအဆိပ်ဖြစ်တတ်ခြင်း၊ သွေးအဆိပ်ဖြစ်တတ်ခြင်းများအတွက် အထူးသတိထားပါ။ သင်သည် ထီပေါက်ခြင်း သို့မဟုတ် ထီပေါက်သကဲ့သို့ ငွေကြေးများ အစုလိုက် အပြုံလိုက်ဝင်တတ်မည်ဖြစ်၍ ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုနိုင်သည်။ ထီထိုးမည်ဆိုပါက (၁၊ ၀၊ ၄၊ ၉) ဂဏန်းများပါသော ထီကို ထိုးပါ။



## AQUARIUS
## ကုံ့ရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ကုံ့ရာသီဖွားများအနေဖြင့် ယခုလအတွင်း စီးပွားရေး လုပ်ငန်းနှင့်ပတ်သက်၍ ရွှေ၊ ငွေ၊ ရတနာ ကျောက်မျက် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက မျှော်လင့်ထားသည်ထက်ပိုမိုသော အကျိုးအမြတ်များရရှိလိမ့်မည်။ သို့သော် အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အဆင်မပြေမှုများ၊ ရန်ပြဿနာများ၊ ရုံးပြင်ကနား သွားရောက်ဖြေရှင်းရတတ်ခြင်းများလည်း ဖြစ်တတ်သည်ကို အထူးသတိထားပါ။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ လစာတိုးခြင်း၊ လက်ရှိနေရာထိုင်ခင်းမှ ပြောင်းရွှေ့ရခြင်းများရှိမည်။ တော့တော့ဆိုင်ဆိုင် ပြောဆိုထားသော အိုးအိမ်ခြံမြေ အရောင်းအဝယ်ကိစ္စများ ယခုလအတွင်း အဆင်ပြေမည်ဖြစ်သော်လည်း အခက်အခဲလေးများနှင့် စိတ်အနှောင့်အယှက် ဖြစ်ရတတ်မှုများ ရှိလိမ့်မည်။ ငယ်ရွယ်သူဖြစ်ပါက အချစ်ရေး စန်းပွင့်နေမည်။ သို့သော် သူငယ်ချင်း အပေါင်းအသင်းကြောင့် ရန်ပြဿနာဖြစ်ရခြင်းနှင့် အရှက်တကွဲ ဖြစ်ရတတ်ခြင်းများ ရှိမည်ကို အထူးသတိထားပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အဆုတ်ပွန်ရောင်ခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ကုံ့ရာသီဖွားများ ထီထိုးမည်ဆိုပါက (၅၊ ၄၊ ၀၊ ၈)ဂဏန်းများပါသော ထီကိုထိုးပါ။



## PISCES
## မိန်ရာသီ

(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

မိန်ရာသီဖွားများသည် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ဆေးနှင့် ဆေးဝါးပစ္စည်းရောင်းဝယ်ခြင်းဖြင့် ဝင်ငွေကောင်းနေတတ်မည်။ သို့သော် ယခုလအတွင်း တန်ဖိုးကြီးကြီးမားမားပစ္စည်း မေ့ကျန်ခြင်း၊ ကျပျောက်ခြင်း၊ အနိုက်ခံအလုခံရတတ်ခြင်း၊ အလိမ်ခံရတတ်ခြင်းများအတွက် အထူးသတိထားရန်လိုအပ်ပါသည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာမှ စေလွှတ်သောခရီးများ သွားရခြင်း၊ သင်တန်းများတက်ရခြင်းရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေးအဆင်မပြေမှုများ ရှိမည်။ စိတ်ညစ်ရမည်။ ယခုကာလအတွင်း အိုးအိမ်ပြောင်းရွှေ့ရခြင်း၊ လက်ရှိနေအိမ်ကို ပြန်လည်ပြုပြင်ရခြင်း တစ်ခုခုရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် ကြားလူအဝင်မခံပါနှင့်။ ကြားလူကြောင့် ချစ်သူချင်း အဆင်မပြေမှုများ



www.burmeseclassic.com

www.burmeseclassic.com

ပေါ်ပေါက်တတ်မည်။ ကျန်းမာရေးမှာ မတော်တဆ ထိခိုက်အနာတရ ဖြစ်တတ်ခြင်း၊ ဦးခေါင်းပိုင်းတွင် ပြင်းထန်သော ထိခိုက်ခံရမှုအတွက် အထူးသတိထားရန်လိုမည်။ ဤကာလအတွင်း မိန်ရာသီဖွားများအနေဖြင့် ပတ္တမြား သို့မဟုတ် ကျောက်နီကို မိမိနှင့်အတူဆောင်ထားပေးနိုင်ပါက အကောင်းဆုံးဖြစ်မည်။ ထီထိုးမည်ဆိုပါက (၂ ၇၊ ၀၊ ၁) ဂဏန်းများဖြင့် ထီထိုးကံစမ်းနိုင်သည်။



## ARIES
## မိဿရာသီ

**(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)**
**(မြန်မာလို တန်ခူးလမွေး)**

မိဿရာသီဖွားများအနေဖြင့် ယခု ကာလအတွင်း ငွေကြေးကိစ္စများ အဆင်ပြေပြီး စီးပွားရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်လိမ့်မည်။ ရင်းနှီးမြှုပ်နှံထားသော ငွေကြေးများမှ အမြတ်အစွန်းများရရှိမည်။ မိမိ၏ပတ်ဝန်းကျင်တွင် မိမိအားအနှောင့်အယှက်ပြုလိုသူ၊ အပြိုင်အဆိုင် လုပ်လိုသူများ ရှိနေတတ်သည်ကို အထူးသတိထားပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဖက်နှင့် အကြောင်းအမျိုးမျိုးကြောင့် ခွဲခွာနေရတတ်ခြင်းများ ရှိမည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိလုပ်ငန်းမှ မိမိအတွက် အကျိုးရှိမည့် အခွင့်အလမ်းများ ရရှိမည်ဖြစ်သော်လည်း လုပ်ငန်းမှ ပြောင်းလဲလုပ်ကိုင်လိုသော ဆန္ဒများ ပြင်းပြနေတတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် ပျော်ရွှင်ရမှုများရှိမည်။ ကျန်းမာရေးမှာ သွေးနှင့်ပတ်သက်သောဝေဒနာများ ဖြစ်တတ်ခြင်း၊ မျိုးပွားအင်္ဂါတွင် အနာဖြစ်တတ်ခြင်းများရှိမည်။ ဤကာလအတွင်း ကံကုသိုလ်ကောင်းစေရန်အတွက် ကျောက်စိမ်း သို့မဟုတ် မြကို ဝတ်ဆင်ခြင်း၊ ဆောင်ထားခြင်း ပြုပေးပါ။ မိဿရာသီဖွားများ ထီထိုးမည်ဆိုပါက (၁၊ ၅၊ ၄၊ ၉) ဂဏန်းများပါသော ထီကိုထိုးပါ။



## TAURUS
## ပြိဿရာသီ

**(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို ကဆုန်လမွေး)**

ယခုကာလအတွင်း ရွှေ့ပြောင်း၍ မလွယ်ကူသော ပစ္စည်းများ၊ သိုလှောင်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အရောင်းအဝယ် အဆင်ပြေမှုများ ရှိမည်။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ တစ်ဦးတစ်ယောက်နှင့် စပ်တူရှယ်ယာလုပ်ကိုင်ခြင်းမျိုးကို ရှောင်ပြီး မိမိကိုယ်ပိုင် ကြိုးစားလုပ်ကိုင်မည်ဆိုပါက အတွေးအခေါ်ကောင်းများ၊ နည်းလမ်းကောင်းများ ရရှိပြီး ပို၍အဆင်ပြေမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းသာယာမှုရှိမည်။ မိမိအိမ်ထောင်ဖက်နှင့်ပတ်သက်၍လည်း အမွေအနှစ်များ ရရှိတတ်မည်။ ဝန်ထမ်းဖြစ်ပါက အမှုဖြစ်တတ်ခြင်း၊ အမှုပတ်တတ်ခြင်းများ ရှိမည်ဖြစ်၍ တစ်ဦးတစ်ယောက်အတွက် တာဝန်ယူခြင်း၊ အာမခံပေးခြင်းများနှင့် အပျော်အပါးကိစ္စ၊ အလောင်းအစားကိစ္စများကို အထူးရှောင်သင့်သည်။ ငယ်ရွယ်သူများ အချစ်ရေးနှင့်ပတ်သက်၍ ညှို့နေမည်၊ ချစ်သူနှင့် လမ်းခွဲရတတ်ခြင်း၊ စေ့စပ်ကြောင်းလမ်းရန် ရက်ရွှေ့ဆိုင်းရခြင်းများ ဖြစ်တတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အာရုံကြောဆိုင်ရာ ဝေဒနာများ ဖြစ်တတ်မည်။ ခန္ဓာကိုယ်ညာဘက်တစ်ခြမ်း လေဖြန်းတတ်ခြင်းကို အထူးသတိထားပါ။ ထီထိုးမည်ဆိုပါက (၆၊ ၂၊ ၉၊ ၀) ဂဏန်းများဖြင့် ထီထိုး ကံစမ်းနိုင်သည်။



## GEMINI
## မေထုန်ရာသီ

**(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို နယုန်လမွေး)**

မေထုန်ရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ယခုကာလအတွင်း လုပ်ငန်းများ ကြီးကြီးမားမား အပြောင်းအလဲများ ဖြစ်တတ်မည်။ လက်ရှိလုပ်ငန်းအပြင် လုပ်ငန်းသစ်များ တိုးချဲ့လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်တတ်မည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၄၊ ၇၊ ၁၀၊ ၁၃၊ ၁၆၊ ၂၂၊ ၂၅)ရက်များသည် သင့်အတွက် ကံအထူးကောင်းစေသော ရက်များဖြစ်၍ ထိုရက်များနှင့် တိုက်ဆိုင်ပြီး လုပ်ငန်းကိစ္စအဝဝကို ဆောင်ရွက်လုပ်ကိုင်သင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းသာယာမည်။ မိသားစု အလှူအတန်းကုသိုလ်များလည်း ပြုရမည်။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်း အဆင်ပြေမည်။ ဝင်ငွေကောင်းလိမ့်မည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ မိမိချစ်သူအပေါ် စိတ်မချဘဲ ဖြစ်နေတတ်မည်။ ပညာသင်ကျောင်းသား ဖြစ်ပါက ကျောင်းအပြောင်းအရွှေ့ ရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အဆစ်အမျက်များ ရောင်ရမ်းခြင်း၊ သွေးအားနည်းခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း ဝေဒနာများ ခံစားရတတ်သည်။ မေထုန်ရာသီဖွားများအနေဖြင့် ငွေအစုလိုက်, အပြုံလိုက်ဝင်ခြင်း၊ ထီပေါက်ခြင်းတစ်ခုခု ရှိမည်ဖြစ်၍ ဝါသနာပါလျှင် ထီထိုးပါ။ ထီထိုးမည်ဆိုပါက (၉၊ ၁၊ ၀၊ ၆)ဂဏန်းများပါသော ထီကိုထိုးပါ။

www.burmeseclassic.com

www.burmeseclassic.com



## CANCER
## ကရကဋ်ရာသီ

**(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို ဝါဆိုလမွေး)**

ကရကဋ်ရာသီဖွားများ အနေဖြင့် စီးပွားရေးလုပ်ငန်းတွင် လူမျိုးခြား၊ ဘာသာကွဲများ၊ လိင်မတူသူများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်း၊ ၎င်းတို့ထံမှ အကူအညီများ ရယူလုပ်ကိုင်ခြင်းဖြင့် အဆင်ပြေအောင်မြင်မှုများ ပိုမိုရရှိနိုင်မည်။ သင့်အနေဖြင့် လုပ်ငန်း နှစ်ခု၊ သုံးခုကိုလုပ်ကိုင်နိုင်ပြီး ဝင်ငွေနှစ်ခု၊ သုံးခု ရရှိတတ်ခြင်းများ ရှိမည်။ အရေးကြီးကိစ္စများ ဆောင်ရွက်မည်ဆိုပါက ပန်းနုရောင်၊ မိုးပြာရောင် အဝတ်အစားများကို ဝတ်ဆင်ပြီး ဆောင်ရွက်ပါ။ ဝန်ထမ်းဖြစ်ပါက ကံအခွင့်အလမ်းကောင်းများ ရရှိနိုင်မည်။ သတင်းစကား ကောင်းများလည်း ကြားရလိမ့်မည်။ အလုပ်အကိုင် ရှာဖွေသူဖြစ်ပါက ယခုလအတွင်း အဆင်ပြေနိုင်မည်။ မိမိအိမ်ထောင်ဖက်နှင့် မယ်တစ်ရွာ၊ မောင်တစ်မြို့ ခွဲခွာနေရသော အိမ်ထောင်ရှင် ဖြစ်ပါက မိသားစုနှင့်အတူ ပြန်လည်နေထိုင်ရတတ်မည်။ ငယ်ရွယ်သူ အချစ်မရှိသေးသူများ ချစ်သူရတတ်မည်။ လူပျိုကြီး၊ အပျိုကြီးများလည်း မိမိရည်ရွယ်သည့်သူနှင့် အမြန်ဆုံး နီးစပ်ရလိမ့်မည်။ ကျန်းမာရေးမှာ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းတွင် ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။ မထင်မှတ်ဘဲ ခွဲစိတ် ကုသခံရတတ်မှုများလည်း ရှိလိမ့်မည်။ ကရကဋ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၃၊ ဝ၊ ၁၊ ၆) ဂဏန်းများပါသော ထီကိုထိုးပါ။

## LEO
## သိဟ်ရာသီ



**(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)**
**(မြန်မာလို ဝါခေါင်လမွေး)**

သိဟ်ရာသီဖွားများအနေဖြင့် ယခု ကာလအတွင်း ကံကောင်းခြင်း၊ စီးပွားဝင်ငွေကောင်းခြင်းများ ရှိမည်။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ တနင်္လာ၊ အင်္ဂါသားသမီးများနှင့် ပြောဆိုတိုင်ပင်ခြင်း၊ ၎င်းတို့ထံမှ အကြံဉာဏ်များ တောင်းခံခြင်း၊ ၎င်းတို့ထံမှ ငွေကြေးအနည်းငယ်ကို ထည့်ဝင်လုပ်ကိုင်စေခြင်းဖြင့် အကျိုးအမြတ်များရရှိနိုင်မည်။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်း အပြောင်းအလဲ၊ အပြောင်းအရွှေ့များ ရှိမည်။ မမျှော်လင့်ဘဲ ခရီးသွားရခြင်းများလည်း ရှိမည်။ သို့သော် ဗုဒ္ဓဟူးနေ့မျိုးတွင် ခရီးစတင်ထွက်ခွာခြင်းအတွက် ရှောင်နိုင်လျှင် ကောင်းမည်။ အိမ်ထောင်ရှင်ဖြစ်ပါက သုံးတောင်ဝတ်အနှောင့်အယှက်များကြောင့် အိမ်ထောင်ရေး ပဋိပက္ခများ ရှိမည်။ ငယ်ရွယ်သူများ မိမိချစ်သူနှင့် အိုးအိမ်ထူထောင်ရမှုများ ရှိမည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးနှင့်ပတ်သက်၍ ကံအထူးကောင်းလိမ့်မည်။ ဘာသာရပ်ဆိုင်ရာ သင်တန်းများလည်း တက်ရောက်ရတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အထူးဂရုစိုက်ရန်လိုမည်။ ဝမ်းဗိုက်ပိုင်းဆိုင်ရာတွင် ခွဲစိပ်ကုသမှုခံရတတ်ခြင်းများ ရှိမည်။ ဤကာလအတွင်း မီးအန္တရာယ်ကြုံရတတ်သည်ဖြစ်၍ သတိထားပါ။ သိဟ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၇၊ ၃၊ ဝ၊ ၈)ဂဏန်းများ ပါသော ထီကို ထိုးပါ။



## VIRGO
## ကန်ရာသီ

**(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တော်သလင်းလမွေး)**

ကန်ရာသီဖွားများ အနေဖြင့် ယခုကာလအတွင်း သောကြာ သားသမီးများနှင့် ပတ်သက်၍ စိတ်အနှောင့်အယှက် ဖြစ်ရတတ်ခြင်း၊ ငွေအကုန်အကျ များရတတ်ခြင်းများ ရှိမည်။ စီးပွားရေးလုပ်ငန်းအနေဖြင့် လိင်မတူသူများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် လုပ်ငန်းတိုးတက်အောင်မြင်မှုကို ရရှိနိုင်မည်။ ယခုကာလအတွင်း မြုပ်နေသော ငွေကြေးများ ပြန်လည်ပေါ်လာခြင်း၊ ရင်ဆိုင်နေရသော အမှုအခင်းများ အောင်မြင်ပြီးပြတ်သွားခြင်းရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေးအဆင်ပြေမည်။ ရပ်ဝေးနေဆွေမျိုးများလည်း သင့်အိမ်သို့ အလည်အပတ်ရောက်လာလိမ့်မည်။ အချစ်ရေးတွင် အိမ်ထောင်မရှိသေးသူများ အိမ်ထောင်ကျတတ်မည်။ အချစ်မရှိသေးသူများလည်း ချစ်သူ,ရည်းစား ရတတ်မည်။ ပညာရေးတွင် အပြောင်းအလဲတစ်စုံတစ်ရာ ဖြစ်ပေါ်လိမ့်မည်။ သို့သော် ထိုအပြောင်းအလဲသည် ကောင်းသော အပြောင်းအလဲဖြစ်မည်။ ကျန်းမာရေးမှာ အရိုးအဆစ်များ နာကျင်ကိုက်ခဲခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။ ကန်ရာသီဖွားများ ထီပေါက်ခြင်း (သို့) ထီပေါက်သကဲ့သို့ ငွေကြေးအလုံးအရင်းနှင့် ဝင်တတ်ခြင်းများ ရှိမည်ဖြစ်၍ ဝါသနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ထီထိုးပေးပါ။ ထီထိုးမည်ဆိုပါက (၁၊ ၇၊ ဝ၊ ၅)ဂဏန်းများပါသော အောင်ဘာလေ ထီကို ထိုးပါ။

www.burmeseclassic.com

www.burmeseclassic.com



## LIBRA
## တူရာသီ

**(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို သီတင်းကျွတ်လမွေး)**

ယခုကာလအတွင်း တူရာသီဖွားများအနေဖြင့် ငွေကြေးကိစ္စနှင့် အခြားကြိုးစားထားသောကိစ္စများ အဆင်ပြေမည်။ မိမိ၏ အရေးကြီးကိစ္စများကို စနေသား အကြီးအကဲ ပုဂ္ဂိုလ်နှင့် တိုင်ပင်, ပြောဆို အကြံဉာဏ်ယူ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အဆင်ပြေအောင်မြင်မှုများ ရရှိနိုင်မည်။ သင့်အနေဖြင့် အများ၏ရိုသေလေးစားမှုကို ခံရတတ်မည်။ လိင်တူ, လိင်ကွဲများ၏ စိတ်ဝင်စားမှုကို ခံရတတ်မည်။ ဝန်ထမ်းဖြစ်ပါက မထင်မှတ်ဘဲ ရာထူးတိုးခြင်း၊ လစာတိုးခြင်း၊ ဝင်ငွေတိုးခြင်းများရှိမည်။ အလုပ်အကိုင် ရှာဖွေသူများ အခက်အခဲရှိနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းသာယာမည်။ မိသားစု အလှူအတန်း ကုသိုလ်များလည်း ပြုရတတ်မည်။ ငယ်ရွယ်သူများ အချစ်အတွက် စွန့်စားရမှုများရှိမည်။ ပြဿနာ ကြီး,ငယ်ပေါ် ပေါက်တတ်မည်။ ပညာသင် ကျောင်းသားဖြစ်ပါက ပညာရေးကံ အသင့်အတင့်ရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အာရုံကြောအားနည်းခြင်း၊ ထုံနာကျဉ်နာ ဖြစ်တတ်ခြင်းတို့အတွက် သတိထားပါ။ တူရာသီဖွားများ ထီထိုးမည်ဆိုပါက (၃၊ ၅၊ ၀၊ ၈) ဂဏန်းများ ပါပါစေ။ အစစအရာရာ အဆင်ပြေမှုများ ရရှိနိုင်ရန်အတွက် မိမိအိမ်သို့ ဆွမ်းခံကြွသော ဘုန်းကြီးအား ဒံပေါက်ဆွမ်း လောင်းလှူလိုက်ပါ။



## SCORPIO
## ဗြိစ္ဆာရာသီ

**(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တန်ဆောင်မုန်းလမွေး)**

ယခုကာလအတွင်း ဗြိစ္ဆာရာသီဖွားများ အနေဖြင့် စီးပွားဝင်ငွေ ညံ့နေလိမ့်မည်။ စီးပွားရေးနှင့်ပတ်သက်၍လည်း အပြိုင်အဆိုင်၊ အတိုက်အခံများ ရှိနေတတ်မည်။ အပြောအဆို သတိထား ဆင်ခြင်သင့်သည်။ မိမိအပြောကြောင့် တစ်ဖက်လူ၏အငြိုးအတေးပြုခြင်း၊ အမုန်းပွားခြင်း ခံရတတ်မှုကို သတိထားပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး ပူညံပူညံရှိမည်။ ဝန်ထမ်းဖြစ်ပါက တစ်ခါတစ်ရံ ဌာနအတွင်း အဆင်ပြေသော်လည်း တစ်ခါတစ်ရံတွင် တစ်ပါးသူ၏ သံသယဖြစ်ခြင်း၊ အထင်မြင်လွဲမှားခြင်းကိုလည်း ခံရတတ်သည်။ အလုပ်အကိုင် ရှာဖွေသူဖြစ်ပါက ဤလအတွင်း မိမိဆန္ဒရှိသော လုပ်ငန်း၌ အဆင်မပြေနိုင်သေးပါ။ အချစ်ရေးနှင့်ပတ်သက်၍ မိမိမျှော်လင့်ထားသည်များ ဖြစ်မလာဘဲ၊ မမျှော်လင့်သည်များ ဖြစ်လာတတ်မည်။ စိတ်ညစ်ရမည်။ ပညာရေးလိုက်စားသူများအနေဖြင့် ကံကောင်းမည်။ မိမိရည်ရွယ်ထားသလို ဖြစ်လာမည်။ လျှို့ဝှက်နက်နဲသော ပညာရပ်များကိုလည်း စိတ်ပါဝင်စားလာမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အသည်းရောင်အသားဝါခြင်း၊ နှလုံးအားနည်းခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ သင့်အနေဖြင့် ထီထိုးမည်ဆိုပါက (၉၊ ၅၊ ၀၊ ၇)ဂဏန်းများပါသောထီကို ထိုးပါ။



## SAGITTARIUS
## ဓနုရာသီ

**(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို နတ်တော်လမွေး)**

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ စီးပွားဝင်ငွေ ကောင်းနေမည်ဖြစ်သော်လည်း အပြောင်းအလဲ တစ်စုံတစ်ရာ ရှိနိုင်မည်။ မည်သည့်အရေးကြီးလုပ်ငန်းကိစ္စအတွက်ကိုမဆို တနင်္လာသား ပုဂ္ဂိုလ်တစ်ဦးဦးနှင့် တိုင်ပင်လုပ်ကိုင်ခြင်းဖြင့် အဆင်ပြေ အကျိုးပေးမှုများ ခံစားရတတ်မည်။ ဤကာလအတွင်း ထူးထူးခြားခြား အိပ်မက်များ မြင်မက်ခြင်း၊ ဘုရားဖူးခရီးထွက်ခြင်း၊ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များကို ဖူးတွေ့ရခြင်းများရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းသာယာမည်။ မိသားစု အလှူအတန်း ကုသိုလ်များလည်း ပြုရတတ်မည်။ ဝန်ထမ်းဖြစ်ပါက လုပ်ငန်းခွင်အတွင်းမှ လက်အောက်ငယ်သားတစ်ဦးကြောင့် စိတ်အနှောင့်အယှက်ဖြစ်စရာနှင့် ကြုံတတ်မည်။ ငယ်ရွယ်သူများ မိမိချစ်သူနှင့်အတူ အပျော်ခရီးထွက်ရတတ်မည်။ ပညာရေးနှင့်ပတ်သက်၍ ကံကောင်းမှုများရှိမည်။ မိမိမျှော်မှန်းထားသည်များ ပြည့်ဝရတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ အစာအိမ်အူလမ်းကြောင်းဆိုင်ရာ ဒုက္ခပေးခြင်းများ ဖြစ်တတ်မည်။ သင့်အနေဖြင့် ထီထိုးမည်ဆိုပါက (၈၊ ၉၊ ၃၊ ၀)ဂဏန်းများပါသော ထီကို ထိုးပါ။

**ဆရာဦးခန့်ကျော်**
(အဘိဓာန်ကျမ်းပြုပညာရှင်)

အမှတ်(၂၇)၊ရွှေဘုန်းပွင့်ဘုရားရှေ့တန်း၊(၉)ရပ်ကွက်၊
ရွှေကျင်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉-၅၁၃၉၂၂၇၊ ၀၉-၄၂၁၀၄၅၃၅



www.burmeseclassic.com